www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

****

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

မြို့မစာအုပ် – ၃၄

# ရတနာပုံ၏နိဒါန်းနှင့်နိဂုံး

ဒဂုန်ခင်ခင်လေး

တော်ဝင်မြို့မ စာအုပ်တိုက်

အမှတ် (၇၇/ခ)၊ ၃၈–လမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၃၇၉၅၇၃

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၈၁/ ၂၀၀၃ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၈၀/ ၂၀၀၃ (၁၀) |
| စီစဉ်ထုတ်လုပ်သူ | – | ကိုမိုး |
| ထုတ်ဝေသူ | – | ဦးလှိုင်ဝင်းမိုး (ယာယီ–၇၃၇)<br>အမှတ် (၇၇/ခ)၊ ၃၈ လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | – | ဦးဇော်ဝင်းထွန်း(ဝင်းမြင့်ပုံနှိပ်တိုက်)<br>အမှတ်၂၄၆၊ လမ်း–၄၀၊<br>ကျောက်တံတားမြို့နယ်။ |
| အတွင်းဖလင် | – | ကိုဦး |
| စာအုပ်ချုပ် | – | ကိုမြင့် |
| ပုံနှိပ်ခြင်း | – | ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ<br>အုပ်ရေ (၁၀၀၀) |
| တန်ဖိုး | – | ၂၀၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com



# ဒဂုန်ခင်ခင်လေး (၁၉၀၄-၁၉၈၁)

*'၂၀ ရာစု မြန်မာစာပေလောကတွင် ပထမဦးဆုံးသော အမျိုးသမီးစာရေးဆရာမ၊ ယုဝတီကလောင်ရှင် စာရေးဆရာမများကို မွေးထုတ်ပေးသူ၊ အမျိုးသမီးကလောင်ရှင်အဖွဲ့ကို ဦးဆောင်ခဲ့သူ၊ မြန်မာစာရေးဆရာမများ၏ မိခင်အဖြစ် ထင်ရှားသည်။ အထူးသဖြင့် အမျိုးသမီးတစ်ယောက် ဝတ္ထုဖတ်ခြင်းကို လူကြီးမိဘများက ပိတ်ပင် တားဆီးသည့်ခေတ်တွင် ရဲရဲရင့်ရင့် ဝတ္ထုရေးခဲ့သူ၊ စာရေးဆရာမ ရုပ်ရှင် ဇာတ်ညွှန်းရေးသူအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သူ၊ မှူးမတ်မျိုးနွယ် ဖြစ်သော်လည်း ငယ်စဉ်ကပင် ဖခင်ကွယ်လွန်၍ ကိုယ်ထူးကိုယ်ချွန် စာရေး၍ စာရေးဆရာမအဖြစ် ရပ်တည်ခဲ့သူဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ နဂါးနီမှ ဖြန့်ချိခဲ့သည့် စစ်ရောင်ခြည်၊ ကမ္ဘာ့ရန်သူကဲ့သို့ ဖက်ဆစ်ဆန့်ကျင်ရေးစာပေများ ရေးသားခဲ့သူ၊ စာမျိုးစုံ အမြောက်အမြားရေးသားခဲ့ရုံမျှမက ယုဝတီဂျာနယ်၊ ယုဝတီသတင်းစာ၊ ဗမာ့ခေတ်သတင်းစာများကိုလည်း ထုတ်ဝေခဲ့သည်။ မြန်မာစာရေးဆရာမများ၏ ရှေ့ဆောင်လမ်းပြ စာပေမိခင်ကြီးတစ်ဦးအဖြစ် သတ်မှတ်ခံရပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



၁၉၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ စနေနေ့တွင် မန္တလေးမြို့၌ ဖွားသည်။ ဖခင် ဦးမြတ်ကျော်ခေါ် ဦးမောင်မောင်ကျော်၊ မိခင် ဒေါ်ခင်ခင်လတ် ဖြစ်သည်။ မွေးချင်းနှစ်ယောက်တွင် အကြီးဆုံးဖြစ်၍ မောင်ငယ်မှာ မောင်မောင် ဖြစ်သည်။ ငယ်မည် ခင်လေးခင်ဖြစ်သည်။ ဖခင်မှာ မြို့အုပ်၊ နောင် ပုလိပ်အင်စပက်တော် ဖြစ်သည်။ မိခင်ဘက်မှ အဘိုးမှာ ဝက်မစွတ် ဝန်ထောက်မင်း ဖြစ်သည်။

၁၉၁၀ ခုနှစ်တွင် ကျောက်ပန်းတောင်းမြို့၊ အလယ်တန်း မြန်မာစာသင် ကျောင်းတွင် စတင်ပညာသင်သည်။ တတိယတန်းကို စကောလားရှစ်နှင့်အောင် သည်။ ၁၉၁၄ ခုနှစ်တွင် ဖခင်ကွယ်လွန်၍ ကျောင်းထွက်ခဲ့ရသည်။ အိမ်တွင် အဘိုးဖြစ်သူ မြန်မာပညာရှိ ဝက်မစွတ်ဝန်ထောက်မင်းထံ ပညာဆက်လက်သင်ယူ ခဲ့သည်။

အသက် ၁၄ နှစ်အရွယ် ၁၉၁၇ ခုနှစ်တွင် သူရိယဝတ္ထုတိုပြိုင်ပွဲတွင် 'နွဲ့နွဲ့'ဝတ္ထုဖြင့် ဆုရသည်။ ဒဂုန်မဂ္ဂဇင်းဝတ္ထုတိုပြိုင်ပွဲတွင်လည်း 'အလင်းရောင်'၊ 'ရွှေဒေါင်းညို'ဝတ္ထုများဖြင့် ဆုရ၍ ဒဂုန်မဂ္ဂဇင်းတွင် ပင်တိုင်ရေးကာ ကလောင် အမည် 'ဒဂုန်ခင်ခင်လေး' ဖြစ်လာသည်။ ၁၉၂၀ ခုနှစ်၊ ကျောင်းသားသပိတ်တွင် ဝံသာနုနိုင်ငံရေးဆောင်းပါးများ၊ ဗန္ဓုလဂျာနယ်၊ ဗဟိုရ်စည် ဂျာနယ်၊ ဟုမ္မရူးသတင်း စာများတွင် ရွှေကလောင်၊ မြကလောင်အမည်ကွဲများဖြင့် ရေးသားခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မန္တလေးမြို့မှ ၁၅ ရက် တစ်ကြိမ်ထုတ် 'ကြည်တော်ဆက်'မဂ္ဂဇင်းကို ကိုယ်တိုင်ဦးစီးထုတ်ဝေသည်။ ခြောက်လအကြာ ဆရာတော် ဦးဥတ္တမ မန္တလေးကြွ အလာ 'အဓိကရုဏ်း' ဖြစ်ပွားရာ မဂ္ဂဇင်း အပိတ်ခံရသည်။ ထို့နောက် မန္တလေးဆိုင်း တန်းရပ် ဝဇီရာမဏ္ဍလ ပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်ရွက်နှင့်ပူးပေါင်း၍ နေရှင်နယ်ဂျာနယ် ကို ထုတ်ဝေသည်။ ထုတ်ဝေသူနှင့် အယ်ဒီတာအဖြစ် တာဝန်ယူ၍ အယ်ဒီတာ ချုပ်မှာ ကျောက်မြောင်းအတွင်းဝန်၏သား ဦးခင်မောင်ကြီး ဖြစ်သည်။ ၁၉၂၃ ခုနှစ် တွင် မြန်မာအဆွေကုမ္ပဏီအတွက် စိမ်းရောင်စို၊ ပလုတ်တုတ်၊ စကြာရှင်၊ မြှားနတ် မောင် ဇာတ်ညွှန်းများ ရေးသားခဲ့သည်။

၁၉၂၆ ခုနှစ်တွင် အိမ်ထောင်ကျ၍ ရန်ကုန်သို့ ပြောင်းရွှေ့သည်။ စာပေ ရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ ၁၉၃၀ ခုနှစ်မှစတင်၍ အေဝမ်း ရုပ်ရှင်ကုမ္ပဏီတွင် ဇာတ်ညွှန်းများ ရေးသားခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် အိမ်ထောင်ကွဲ သည်။ ၁၉၃၇ ခုနှစ်တွင် နယ်ချဲ့ဆန့်ကျင်ရေးကိုဖော်ကျူးသည့် 'တောတွင်းသူပုန်' ဝတ္ထုအတွက် အင်္ဂလိပ်အစိုးရ၏ သတိပေးခြင်းခံရသည်။ ၁၉၃၉ ခုနှစ်တွင် ခြေလျင်ဦးအုန်းခင်နှင့် ဒုတိယအကြိမ် အိမ်ထောင်ထူသည်။ တိုင်းပြုပြည်ပြု ပုံနှိပ်တိုက်နှင့် ဒဂုန်ခင်ခင်လေး စာအုပ်တိုက်များတည်ထောင်၍ စာပေထုတ်ဝေရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းလုပ်ကိုင်သည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် ယုဝတီဂျာနယ်ကို ဦးဆောင်ထုတ်ဝေသည်။ ဗမာ့ခေတ်သတင်းစာကို ဒေါက်တာဘမော်အစိုးရထံမှ လွှဲပြောင်းယူ၍ ဆက်လက်ထုတ်ဝေရာ အောင်မြင်ခဲ့သည်။ ခြေလျင်ဦးအုန်းခင် အမည်ထက် ဗမာ့ခေတ်ဦးအုန်းခင်ဟု လူသိများခဲ့သည်။

၁၉၆၀ ခုနှစ်တွင် ဦးအုန်းခင်နှင့်ကွာရှင်း၍ ၁၉၆၁ ခုနှစ်တွင် ဗမာ့ခေတ် သတင်းစာကို ရပ်ဆိုင်းခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ယုဝတီနေ့စဉ် သတင်းစာကို တာဝန်ခံအယ်ဒီတာအဖြစ် ထုတ်ဝေသည်။ ၁၉၆၉ ခုနှစ်တွင် ယုဝတီဂျာနယ်ကို ပြန်လည်ထုတ်ဝေခဲ့သည်။

စာရေးဆရာအသင်း အဖွဲ့ဝင်လူကြီး (၁၉၄၂)၊ အမျိုးသမီးကလောင်ရှင် အဖွဲ့ဥက္ကဋ္ဌ(၁၉၄၈)၊ မြန်မာစာကော်မရှင်အဖွဲ့ဝင်(၁၉၇၁)၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင် အဖြစ် တာဝန်ယူခဲ့သည်။ ပြည်တွင်းပြည်ပခရီးသွား၍ ဒေသန္တရဗဟုသုတ ရှာမှီးခဲ့သည်။ ၁၉၅၂ ခုနှစ်နှင့် ၁၉၅၄ ခုနှစ်တွင် နှစ်ကြိမ်တိုင်တိုင် ကမ္ဘာတစ်ပတ် ခရီးထွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် အာရှတိုက် ခရီးကို တစ်ဦးတည်းခြေဆန့်ခဲ့ သည်။ ၁၉၅၇ ခုနှစ်တွင် အိန္ဒိယနှင့် သီဟိုဠ်သို့ ဘုရားဖူးခရီးသွားခဲ့သည်။ ပြည်တွင်းတွင်လည်း နိုင်ငံအနှံ့ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ လှျပ်စစ်မီး၊ သာသနာရေး အလှူဒါနများစွာ ပြုလုပ်လှူဒါန်းသည်။

စာရေးဆရာအဖြစ် စာပေမျိုးစုံရေးခဲ့သည်။ ယနေ့တိုင် သူ့လောက် စာရေးနိုင်သူ အမျိုးသမီးစာရေးဆရာမ မြန်မာစာပေလောက၌ မပေါ်သေးချေ။ ကလောင်အမည်ကွဲ ၁၆ မျိုးရှိ၍ အထင်ရှားဆုံးမှာ ဒဂုန်ခင်ခင်လေးဖြစ်သည်။ ဝတ္ထုပေါင်း ၅၀ ကျော်ရေးသားကာ အထင်ရှားဆုံးမှာ 'စာဆိုတော်' (၁၉၃၅) ဖြစ်သည်။ အခြားထင်ရှားသော ဝတ္ထုအချို့မှာ 'ချစ်အဏ္ဏဝါ'(၁၉၄၀)၊ 'ဂုဏ်မြင့်သူ' (၁၉၄၀)၊ 'ဂုဏ်နိမ့်သူ'(၁၉၄၀)၊ 'ရွှေစွန်ညို'(၁၉၄၀)တို့ဖြစ်သည်။ ကိုကိုလေး ကလောင်အမည်ဖြင့်ရေးသားသည့် 'မှော်ဆရာမှတ်တမ်း'(၉-တွဲ)မှာလည်း လူကြိုက်များ သည်။ 'ဝတ္ထုတိုညွှန့်ပေါင်း'(၁၈ အုပ်)နှင့် ခရီးသွားမှတ်တမ်း လေးအုပ်၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ တစ်အုပ်၊ အမျိုးသမီးအနုပညာရှင်များ(၁၉၆၇)တို့မှာ လူသိများ ၍ စုစုပေါင်းစာအုပ် ၇၀ နီးပါးခန့် ထုတ်ဝေနိုင်ခဲ့သည်။

၁၉၈၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ ည ၇း၃၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း၊ အမှတ်(၁၁၉)နေအိမ်၌ ကွယ်လွန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# စာရေးဆရာမကြီး ယုဝတီခင်ခင်လှိုင် ၏အမှာစာ

## "အကျော်ဒေးယျ စာရေးဆရာမကြီးဖြစ်ခဲ့ရ"

မင်းကြီးမင်းတင်မဟာစည်သူ ဝက်မစွတ်မြို့စားမင်း ဝန်ထောက်တော် ဦးလတ်၏ နေအိမ်ကြီးကား မန္တလေးမြို့ ယောက်ျားလေး ဝက်စလီကျောင်းအနီး (ဟေမာဇလ)ရပ်ကွက်ရှိ ငါးဧကခန့်ကျယ်ဝန်းသော ဝိုင်းကျယ်ကြီးဖြစ်ပါသည်။

အရှင်နှစ်ပါး ပါတော်မူပြီးသည့်နောက် ကျန်ရစ်ကြသော မှူးတော်၊ မတ်တော်၊ ဝန်ကြီးမင်းများကို ကြီးငယ်မဟူ မြန်မာလူထုကြီးတစ်ရပ်လုံးက ပို၍ချစ်ကြပြီး ပို၍လည်း ရိုသေကြပါသည်။ မန္တလေး(တစ်ပြ)သည် အလွန်ရှည်ဝေးလှသဖြင့် ဝက်မစွတ် ဘိုးဘိုးဘုရားဝိုင်းထဲမှ ဖြတ်၍ဖြတ်၍သွားလေ့ရှိကြပါသည်။ ထိုသို့ ဖြတ်သန်းသွားကြသူတိုင်း မည်သူ့တိုက်တွန်းချက်၊ ဆော်ဩချက်မျှမခံယူရဘဲ ကိုယ့်အသိ၊ ကိုယ့်ဆန္ဒကလေးများနှင့် အားလုံးဖိနပ်ကလေးချွတ်၍ ဘုန်းကြီးကျောင်းဝိုင်းထဲသို့ ဖြတ်ဘိသကဲ့သို့ ခါးကလေးညွတ်၍ပင် ရိုရိုသေသေ ဖြတ်သန်းသွားကြပါသည်။

ဝက်မစွတ်ဘိုးဘိုးကြီး၏ ကျွန်းအိမ်ကြီးသည် အိမ်ထောင်ခွဲမိသားစု ငါးအိမ်ထောင်ခန့်မျှ နေ၍ရနိုင်လောက်အောင် ကျယ်ဝန်းပါသည်။

ဘုရားခန်းကမူ စုလစ်မွန်းချွန် ရွှေထီးအထွတ်တင်ကာ အဆောင်သီးသန့်ထုတ်၍ သဘော်ဆေးအဖြူများသုတ်ထား၍ အလွန်ကြီးမားလှသော ကျွန်းအိမ်ကြီး၏ ကျက်သရေကို ပို၍ဆောင်လျက်ရှိပါသည်။ ဝက်မစွတ်ဘိုးဘိုးတွင် မြေးပေါင်းများစွာ အရွယ်ရွယ်အစားစားရှိသည့်အနက်၊ ဆယ်ကျော်သက်အရွယ် မြေးမလေးများက ခြောက်ဦးခန့်ရှိပါ၏။ ဒီအထဲတွင် ခင်လေးခင်ခေါ် ဒဂုန်ခင်ခင်လေးဖြစ်လာမည့် မြေးမလေးလည်း ပါပါသည်။ နံနက်(၅)နာရီဆိုလျှင် မြေးမလေးခြောက်ဦးတို့သည် ထိပ်တည့်တည့်တွင် တစ်ပတ်လျှိုဆံထုံးထုံး၍ ပခုံးပေါ် ဆံမြိတ်တဝဲဝဲနှင့် ဖြီးလိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ပြီးကြပါပြီ။ မှန်နံရံအပြည့်နှင့် အခန်းကြီးတစ်ခုကလည်း ခမ်းနားလိုက်သည် ဖြစ်ခြင်း၊ မှန်တင်ခုံများပေါ်တွင် ရွှေဘိုသနပ်ခါး ပြုတ်တုံး-ပြုတ်ခေါက်များအပြင် ရွှေမှုန့်ရောထားသော သနပ်ခါးအစစ်မှုန့်များ၊ (ပွန်ပီယာ)ဟုခေါ်သော ဂျပန်ဖြစ် ဈေးကြီးလှသည့် ပေါင်ဒါများ၊ ထောလပတ်ရွက်နှင့်ပြုလုပ်ထားသည့် မျက်ခုံးမွေးဆွဲ ဆေးများ စုံနေတော့သည်။ သူတို့မိန်းကလေးများသည် ဘုရားခန်းသို့ အချိန်မီဝင် ကြရပါသည်။ ဝက်မစွတ်ဘိုးဘိုးကြီး ဘုရားကန်တော့ပြီးသည်နှင့် သူတို့လေးခြောက် ဦးသည် တဘက်ကလေးများ ပခုံးတင်၍ ပရိတ်ကြီး(၁၁)သုတ် ရွတ်ဖတ်ကြရသည်။ ပြီးလျှင် ဓမ္မစကြာကို ဆက်၍ရွတ်ကြရသည်။ တစ်လုံးတလေမှား၍ဖြစ်စေ၊ ဆိုပုံ မညီ၍ဖြစ်စေ ဘိုးဘိုးဘုရားလှည့်ကြည့်လိုက်လျှင် ညီမခြောက်ယောက် ပြာနှမ်းသွား အောင် ကြောက်ကြရပါသည်။ စာသားမမှားရ၊ မတိုးမကျယ် ကြည်ညိုဖွယ် ရွတ်ဆို ကြရသည်။

ဝက်မစွတ်ဘိုးဘိုးသည် မြေးမလေးကိုမဆိုလေနှင့် မြေးယောကျ်ားလေးများ ကိုပင် ပတ္တမြားလက်စွပ်တစ်ကွင်းစီပေး၍ ဓမ္မစကြာအလွတ်ကျက်ကြရသည်။

ဤအိမ်ကြီး၏ ထူးခြားချက်မှာ တစ်နေ့တစ်နေ့ ရပ်ထဲရွာထဲမှ ကိစ္စဝိစ္စများ လုံးဝပြောဆိုခြင်းမရှိကြဘဲ၊ နန်းတော်ထဲမှ အောက်မေ့ဖွယ်ရာများ၊ မင်းတုန်းမင်း တရားကြီးလက်ထက်တော်မှ သီပေါမင်းတရားလက်ထက်တော်လေးကအကြောင်း တွေ၊ မိဖုရားခေါင်ကြီးစုဖုရားလတ်အကြောင်း၊ အပျိုစင် မိဖုရားစုဖုရားကြီးအကြောင်း တွေ၊ ရမည်းသင်းစုဖုရားလေးအကြောင်းတွေ၊ သီပေါမင်းနှင့် စုဖုရားလတ်တို့ စုလျား ရစ်ပတ်လက်ထက်မင်္ဂလာအခမ်းအနား၌ ဒိုင်းခင်ခင်က ပူဇော်ပွဲအုပ်ကိုင်ရပုံတွေ၊ ရနောင်မောင်မောင်တုတ်၊ မောင်မောင်ဗျောင်းတို့ ညီအစ်ကိုအကြောင်းတွေ၊ ဝန်ကတော်တွေ နှစ်စဉ်မသိုးသက်န်း ရက်ပြိုင်ပွဲဝင်ရပုံတွေ၊ ဗိုင်းငင်မှု မကျွမ်းကျင်၍ ချည်ခင်တွေ ခိုးလာခဲ့သူကိုမိသဖြင့် အိုးစည်ဗုံမောင်းနှင့် နန်းတော်ကို(၇)ပတ် ပတ်က ရပုံတွေ၊ တစ်ယောက်တစ်မျိုး ပြောနေကြပါတော့သည်။ တစ်အိမ်လုံး မိသားစုတွေ အများကြီးပါ။ အရီးဖုရားကြီး၊ အရီးဖုရားလတ်၊ အရီးဖုရားလေး၊ ဒေါ်ဒေါ်ခင်ကြီး၊ ဒေါ်ဒေါ်ခင်ငယ်၊ ဒေါ်ဒေါ်သန်း အမျိုးတွေက အများကြီးပါ။

ပြောလိုက်ကြပြန်တော့လည်း နန်းတော်ထဲက ဝက်သားနီထိုးနည်း၊ ခနုံတုပ် လုပ်နည်း၊ ဆံထုံးထုံးနည်း၊ ဝတ်လဲတော်ရင်စီး အနို့တပ်၊ ထိုင်မသိမ်းနှင့် လိုက်ဖက် အောင် မင်းသမီးများဗိုက်ထွက်မခံ ကိုယ်ကာယ ထိန်းသိမ်းနည်း၊ အစားစားပုံ အလွန်နည်း၍ ယဉ်ကျေးကြပုံများ တစ်ယောက်တစ်မျိုး ပြောကြားနေကြစဉ် . .

ပိဋကတ်တော်အုပ်ဝိုင်းနားတွင် သီးသန့်အိမ်တစ်လုံးနှင့်နေသော ဒေါ်ဒေါ်မျိုး ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်မျိုးကား ညှိုညှိုမြင့်မြင့် ထိပ်တည့်တည့်တွင် ဘီးဆံပတ်နှင့်ထုံး၍ အလွန်နန်းဆန်ဆန် ယဉ်ကျေးလှသော်လည်း စကားပြောလျှင် ဟန်အမူအရာတွေနှင့် အားရပါးရ ပြောတတ်လှသည်။

ယခုလည်းရောက်သည်နှင့် ကလေးနို့တိုက်နေသော တူမတစ်ဦးဘက်လှည့်၍ 'ခင်တို့များ ဒုက္ခခံပြီး ဆင်းရဲသားတွေလို ကလေးကို ကိုယ်နို့ကိုယ်တိုက်တာကိုး' ဟု အစချီပြီး သူ့စကားတွေက နန်းတော်ထဲရောက်သွားရသည်။ မိဖုရားကြီးများ ပတ္တမြားရွှေကြုတ်နှုတ်ငုံတော် ကြွကြွရှိပြီးဆိုတာနဲ့ပဲ နို့ထိန်းကို အခမ်းအနားနဲ့ ရွေးတော့တာပဲလေ။ အသက်(၂၅)နှစ်နဲ့ (၃၅)ကြားပေါ့ကွယ်။ နို့တိုက်လက်စ သုံးလသား မိခင်ဖြစ်ရမယ်။ ကျန်းမာသန့်ရှင်းရမယ်။ ကိုယ်ဟန်ဖိုင့်ဖိုင့်ရှိရမယ်။ ဘာလို့လဲဆိုတော့ သားတော်၊ သမီးတော်များ နို့စို့ရင် ဇိမ်ရှိအောင်ပေါ့ကွယ်။ အရိုးပဒေသာဆိုရင် မပါရဘူး။ သတ်မှတ်ထားတဲ့အချိန်ရောက်တော့ နို့ထိန်းအရွေးခံမယ့် အမျိုးသမီးတွေဟာ ရင်တထိတ်ထိတ်နဲ့ တန်းစီပြီးထိုင်စောင့်နေကြတယ်။ ငါမှရပ့်မလားလို့လည်း စိတ်ပူကြပေ့ါလေ။ နို့ထိန်းအရွေးခံရတာ နည်းတဲ့ဂုဏ်မှ မဟုတ်တာ။ မြို့တွေ၊ ရွာတွေ အပိုင်စားရတယ်။ လစဉ်လစာတော်အပြင် ဆုတော်လာဘ်တော်တွေကလည်း ခဏခဏရသေးတယ်လေ။

ကိုယ့်နို့တိုက်ခွင့်များရကြလို့ ဒီသားတော်သမီးတော်တွေ၊ ဘုရင်တွေ၊ မိဖုရားတွေ ဖြစ်လာလို့ကတော့ (နို့မယ်တော်)ဆိုပြီး တစ်ဆောင်တစ်ယောင်နေရတာကလား။ အဲ့ . . အဲ နို့တိုက်မယ်တော် ရွေးနည်းကလေး ပြောရဦးမယ်။

အဲဒီ နို့ထိန်းရွေးပွဲကို ကမကထ ဦးဆောင်ရသူကတော့ ဝါရင့်လှပြီဖြစ်တဲ့ အထိန်းတော်ကြီးတစ်ဦးကွဲ့။ ဒီအချိန်မှာ အပျိုတော် ခပ်ငယ်ငယ်တစ်ဦးက ရွှေဖလားလေးကိုင်ပြီး နို့ထိန်းအရွေးခံမယ့် အမျိုးသမီးတွေ တန်းစီထိုင်နေတဲ့အထဲက ထိပ်ဆုံးက အမျိုးသမီးရဲ့နို့ကို ရွှေဖလားထဲ ညှစ်ကြည့်လိုက်တယ်။ အားလုံးက ကြည့်နေကြရတယ်။ နို့တန်းဟာ အောက်စိုက်မသွားဘဲ ရွှေဖလားထဲက ရေထဲမှာပဲ ကွေ့ကောက်ပြီး ကူးသွားသလိုမျိုးဆိုရင် ပယ်ပါတယ်။ နို့ငန်းတော်ကျားတဲ့ ကလေး မတိုက်သင့်ပါဘူးတဲ့ကွယ်။

ဟော့ . . တချို့ အမျိုးသမီးတွေက သက်ပြီးနို့တွေ တပေါက်ပေါက် ကျနေပေမယ့် အပျိုတော်လေးက ရွှေဖလားထဲ နို့ညှစ်ချလိုက်တာနဲ့ နို့ကတစ်စက်မှ မထွက်တော့ပါဘူးတဲ့။ အဲဒါလည်းပယ်ပါတယ်။ နို့ကပ်စေးနည်းတဲ့။ အဲ့ . . နို့ဟာ ညှစ်ချလိုက်တာနဲ့ ရေအောက်ကို စုကျသွားတာကိုတော့ နို့အမျိုးအစား အလွန်အင်္ဂါကောင်း၍ ရွေးပါသတဲ့ကွယ်။ ဒေါ်ဒေါ်မျိုးက ပါးစပ်ကချည်း ပြောသည်မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဟန်အမူအရာအပြည့်အဝ လုပ်ပြသွား၍ အားလုံးရှက်ပြုံးသဘော အပြုံးကလေးများနှင့် ရှိကြစဉ် . .

'ခင်လေးခင် ဘိုးဘိုးဘုရား ခေါ်နေပါတယ်'

ဟူသော အသံတစ်ခုကြောင့် သူထ၍လာခဲ့ရသည်။ ဒေါ်ဒေါ်မျိုး စကားဝိုင်းက ကောင်းတုန်းပါ။ နို့လည်းကောင်း၊ နို့ထိန်းအရွယ်လည်းကောင်းပါတယ်။ ဒါပေမဲ့ သူကနို့ပျဉ်းကျပြီကွဲ့။ ပေါင်ရောက်တယ်။ သားတော်သမီးတော်ကလေးများ နို့စို့ရခက်မည်။ "ပယ်"

ဒေါ်ဒေါ်မျိုးက အက်ရှင်အပြည့်လုပ်ပြနေလို့ စကားပွဲက တအုန်းအုန်းဖြစ်ကျန်ရစ်ကြစဉ် ခင်ခင်လေးကား အိမ်ရှေ့ဧည့်ခန်းမကြီးသို့ ထွက်လာရသည်။

ဧည့်ခန်းထဲတွင် ရည်ရည်မွန်မွန် ဧည့်သည်ကြီးတစ်ဦး ရောက်ရှိနေသည်။ 'ဒါ. . ဥပဒေအရာရှိ ဦးမောင်မောင်ဆင်တဲ့ သံတော်ဆင့်မင်းရဲ့ မြေးပဲကွဲ့။ အဲဒါ ပုဂံခေတ်တရားစီရင်ပုံကို လိုချင်လို့တဲ့ ငါ့မြေးက ပုရပိုဒ်တွေထဲ ရှာပေးပြီး ကူးထားပေးနော်။ ဦးမောင်မောင်ဆင်က အရေးကြီးလို့ပါတဲ့ မနက်ဖြန် ဒီလိုအချိန်လာယူမယ်တဲ့ကွယ် မြေးကလေး ကူညီလိုက်ပါနော်'

အမိန့် . . အမိန့်

ဒါကတော့ ဘိုးဘိုးဘုရား အမိန့်ပါ။ ခင်လေးခင်ခမျာ ပုရပိုက်ဘီရိုကြီးတွေထဲ ခေါင်းထိုးပြီး ရှာရပါတော့သည်။

ခင်လေးခင်သည် နောက်တစ်နေ့တွင် လက်တွေ စာကူးရလွန်း၍ ကိုက်ခဲနေသော်လည်း တာဝန်တစ်ခုပြီးစီးသွားရ၍ ပေါ့ပါးသွားရသည်။ ထိုအခါ လှေကားမှ ခရုသင်းမှုတ်သံကြား၍ လှမ်းကြည့်လိုက်ရာ ပုဏ္ဏားသုံးဦးဖြစ်နေသည်။ ဖြူစင်သော အဝတ်များနှင့် သပြေခက်နှင့် ငွေဖလားထဲမှ အမွှေးနံ့သာနှင့် ပက်ဖျန်းရင်း ခရုသင်းမှုတ်ရင်းနှင့်တက်လာပြီး ဝက်မစွတ်ဘိုးဘိုးဘုရားကို ကန်တော့ကြသည်။

'မင်္ဂလာပါ ဘုရား'

မင်္ဂလာပါဘုရားနှင့် ဆုမွန်ကောင်းများ တောင်းကြပါသည်။ ခင်လေးခင်သည် ကိုယ်နှင့်မဆိုင်ဘူးထင်၍ လိုက်ကာနောက်ကွယ်မှကြည့်နေစဉ် ဘိုးဘိုးဘုရားက ခေါ်ပါတော့သည်။

ပုဏ္ဏားတော်ကြီး၏ သားမြေးများဖြစ်ကြောင်း၊ သားတော်သမီးတော်များကို စုလျားခြယ်၍ လက်ထပ်ခြင်းမင်္ဂလာအခမ်းအနားတွင် ရွတ်ဖတ်သရဇ္ဈာယ်ရသည့် မင်္ဂလာ(၁၂)ခန်းကို ပေပုရပိုက်ထဲက ကူးပေးနော် မြေးလေး။

ခင်လေးခင် မနေ့ကကဲ့သို့ ပုရပိုက်ဘီရိုဆီ ဦးခေါင်းတိုးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တလောကလည်း အရေးပိုင်ကြီး ဦးဖိုးသာက မြင်းရေး(၃၇)ချင်း လိုချင်သည်ဆို၍ ကူးပေးခဲ့ရသည်။ ဘိုးဘိုးဘုရားသည် ဤသို့ပါပင် လူကို မည်မျှခင်မင်သည်ဖြစ်စေ၊ ပုရပိုက်များ ငှားလိုက်ရိုးထုံးစံမရှိပါ။ ခင်လေးခင်မြေးမလေးမှတစ်ဆင့် အားလုံး ကူးပေးခဲ့ရသည်။ ဒီပေမူ ကူးယူမှုတွေကလည်း နေ့တိုင်းနေ့တိုင်း စကားအသိုင်းအဝိုင်းကလည်း စက္ကန့်မလပ် ဧကရာဇ်ခေတ်သို့ ရုပ်ရှင်ကြည့်ရဘိသကဲ့သို့ ရှိခဲ့ရသော ဤဆယ်ကျော်သက်မလေးသည် မည်မျှ ဗဟုသုတစွယ်စုံရခဲ့သည်မသိ။ နောက်တစ်နေ့တွင် မြန်မာပြည်၌ 'အကျော်ဒေးယျ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး'ဖြစ်လာပါတော့သည်။ ဤရတနာပုံနိဒါန်းနှင့်နိဂုံး သည်လည်း ပညာမျိုးစုံ ရေသောက်မြစ်ကြီးမှ ဆင့်ပွားဆင်းသက်လာရခြင်းပင် ဖြစ်ပါသည်ဟူ၍ ကျွန်မယူဆမိပါသည်။

"မြင်ကြားသိရသမျှ
မှတ်သားဖြည့်စွက်
ပညာ - တက်
ထိုမှတစ်ဆင့်
စာကောင်းပေမွန်ထွက်"

**ယုဝတီခင်စိန်လှိုင်**



www.burmeseclassic.com

www.burmeseclassic.com

# စီစဉ်သူ၏အမှာ

မြန်မာစာပေ မိခင်ကြီး ဒဂုန်ခင်ခင်လေး၏ လက်ရာမွန်တစ်ရပ်ဖြစ်သည့် 'ရတနာပုံ၏နိဒါန်းနှင့်နိဂုံး'စာအုပ်ကို တော်ဝင်မြို့မစာအုပ်တိုက်မှ ထုတ်ဝေခွင့်ရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ရတနာပုံ၏နိဒါန်းနှင့်နိဂုံး စာမူကြီးကို ယုဝတီဂျာနယ်၊ အတွဲ-၃၊ အမှတ်-၁၄ (နိုဝင်ဘာ ၁၉၇၁)မှစတင်၍ အပတ်စဉ် အခန်းဆက်ဖော်ပြခဲ့ပါသည်။ ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါမင်းလက်ထက် နန်းတွင်းရေးမှတ်တမ်းကြီးဖြစ်သည်။ ယုဝတီဂျာနယ်တွင် အစမှအဆုံးတိုင် အပြည့်အစုံ ပုံနှိပ်ဖော်ပြခဲ့သော်လည်း လုံးချင်းစာအုပ်အဖြစ် စုစည်း၍ တစ်ကြိမ်မျှ ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပါ။

ယခုအခါ ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ ရာပြည့်အမှတ်တရအဖြစ် ဆရာမကြီး၏ အဆက်အနွယ်များ၏ ခွင့်ပြုချက်အရ ပထမအကြိမ် ထုတ်ဝေလိုက်ပါသည်။

ရတနာပုံ၏ နိဒါန်းနှင့်နိဂုံးကို စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးသည် အဘိုးတော်သူ ဝက်မစွတ်ဝန်ထောက်မင်း၏ နေ့စဉ်မှတ်တမ်းကိုအခြေခံ၍ ရာဇဝင်တွင် စာတင်ခြင်းမခံရသော ဖြစ်ရပ်များကို ရသမြောက်ရေးဖွဲ့ထားပါသည်။

ရာဇဝင် သုတေသီ ဆရာကြီးရွှေပြည် ဦးဘတင် မိန့်ဆိုသည့် 'ရာဇဝင် အစောင်စောင်ကို မီးရှို့ပြာချ၍ လျက်စားလုပ်စားလျှင်တောင် ကျွန်တော်ပြောခဲ့တဲ့ အချက်အလက်တွေ ရာဇဝင်မှာ မတွေ့နိုင်ပါဘူး'ဟူသောစကားအတိုင်း ကုန်းဘောင်ခေတ် ရာဇဝင် အစောင်စောင်တွင် မတွေ့နိုင်သည့် ရာဇဝင်ဖြစ်ရပ်များကို 'ရတနာပုံ၏နိဒါန်းနှင့်နိဂုံး'တွင် တွေ့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်မြို့မစာအုပ်တိုက်အနေဖြင့် 'ရတနာပုံ၏နိဒါန်းနှင့်နိဂုံး'ပထမပိုင်းကို ယခု ထုတ်ဝေလိုက်ပါပြီ။ ယုဝတီဂျာနယ်၊ အတွဲ-၃၊ အမှတ်-၁၄ (နိုဝင်ဘာ ၁၉၇၁) မှ အတွဲ-၈၊ အမှတ်-၂၀ (ဖေဖော်ဝါရီ ၁၉၇၇)ထိ ဖော်ပြခဲ့သော 'ရတနာပုံ၏နိဒါန်း နှင့်နိဂုံး'ကို ပထမပိုင်းအဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ဒုတိယပိုင်းကို မကြာမီ ဆက်လက်ထွက်ရှိမည်ဖြစ်ပါသည်။

ရတနာပုံ၏ နိဒါန်းနှင့်နိဂုံး (ပထမပိုင်း)ကို ထုတ်ဝေနိုင်ရေးအတွက် စာမူထုတ်ဝေခွင့်ပေးသည့် ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ အဆက်အနွယ်များဖြစ်သည့် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်၊ အန်တီ ဒေါ်တင်တင်မ၊ ဒေါ်ခင်ဥမ္မာ တို့နှင့် အဘက်ဘက်မှ အကူအညီပေးခဲ့သည့် တကောင်းစာပေမှ ကိုနေမျိုးသူရတို့ကို အမှတ်တရ ကျေးဇူးစကားဆိုပါ၏။

စာပေမိခင်ကြီး ဒဂုန်ခင်ခင်လေး၏ကျေးဇူးကို အစဉ်အောက်မေ့၍ ဂုဏ်ပြု ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

**ရှင်လန်းချမ်းမြေ့ပါစေ**
**တော်ဝင်မြို့မစာအုပ်တိုက်**



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- မင်းတို့စကားမိုးကြိုးသွား ၁၇
- ပုဂံမင်းသားအိမ်ရှေ့ထား ၂၂
- ရွှေဘိုမင်းနတ်ရွာစံသော် ၂၆
- ဘိုင်ဆပ်တို့စခန်းထခြင်း ၃၆
- ဘိုင်ဆပ်တို့သွားရာလမ်း ၅၂
- ဂုံးကောင်များ ၆၁
- လှိုင်ထိပ်ထား ၇၀
- သခင်ရွှဲ ၈၉
- အခါပေးစုပုရားကြီး ၉၉
- သူ့ရဲကောင်းရွေးပွဲ ၁၀၃
- ရတနာသိင်္ယမြို့ကိုရပြီ ၁၀၆
- ရာထူးဌာနတွေပေးခြင်း ၁၀၇
- တိုက်ပွဲများ ၁၁၀
- အမရပူရသို့ချီတက်စေ ၁၁၃
- ပုဂံမင်းနန်းကျပြီ ၁၁၇
- မင်းညီနောင်၏အောင်မြင်မှု ၁၂၁
- အမျှော်စိုက်၏အစ ၁၂၆
- လက်ထပ်မင်္ဂလာတော် ၁၃၁
- မင်းတုန်းမင်းတရားအစီအမံများ ၁၃၅
- ရတနာပုံမြို့တည် ၁၄၅
- မုဒ္ဒါဘိသိက်ခံခြင်း ၁၅၀
- မဟာမိတ်စာချုပ် ၃၃၆
- အိမ်ရှေ့နှင်းအမိန့်တော် ၃၈၈


www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မင်းတို့စကားမိုးကြိုးသွား

သာယာဝတီမင်းခေါ် ရွှေဘိုမင်းတရားကြီးသည် အနောက်နန်းမိဖုရား မမြကလေးကို ရာဇဝတ်ပြစ်ဒဏ်ပေးပြီးနောက် စိတ်တော်များ ပိုမိုဖောက်ပြန်လာ သော အချိန်အခါ ဖြစ်ပါသည်။

'မင်း'တို့စကား မိုးကြိုးသွား၊ ထွက်ပြီးသောဆင်စွယ် ဝင်တယ်လို့မရှိစကောင်း သော ဓမ္မတာအတိုင်း ရွှေဘိုမင်းတရားမှာ မင်းတို့၏ လက္ခဏာအင်္ဂါရပ်အတိုင်းသာ ရပ်တည်ရမည် ဖြစ်ပါသည်။

အဇ္ဈတ္တစိတ်အတွင်းသဏ္ဌာန်၌ ဘာတွေပင်ဖြစ်နေပစေ ပြင်ပအမူအရာမှာ ဧကရာဇ်တစ်ဆူပီပီ တည်ကြည်ခန့်ညားစွာပင် ရှိနေရမည်ဖြစ်သည်။ စိတ်ဝေဒနာ ဓာတ်ခံကြောင့် တစ်ခါတစ်ရံ အမူအရာပြောင်းလဲလာတတ်သော်လည်း ဘုရင် မင်းကြီးအပါးတွင် အမြဲအမှုထမ်းနေသူ သမားတော်ကြီးများနှင့် မိဖုရားခေါင်ကြီးတို့၏ အကာအကွယ် အဖေးအမတို့ကြောင့် အစစအရာရာအဆင်ပြေလျက် ဟန်အမူ အရာ ကာယိန္ဒြေ ချို့ယွင်းပျက်ကွက်ခြင်းများကို မနီးစပ်သော နန်းတော်သူနန်းတော် သားတွေက တွေ့မြင်ရမှု နည်းပါးခဲ့လေသည်။

ရှင်းရှင်းဖွင့်ဆိုရလျှင် ရွှေဘိုမင်းတရားကြီးသည် ချစ်စွာသော အနောက်နန်း မိဖုရား မြကလေးမရှိတော့သည့်နောက် စိတ်တော်ကယောက်ကယက်ဖြစ်လာတိုင်း နန်းလေသာ တံခါးမှနေပြီး အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးကို နောက်ခံပြုထား သော ဇောင်းကလောကန်ဦးရှိ သူ၏ကောင်းမှုတော် လောကမဏိစူဠာစေတီတော်ကြီး ကို လှမ်းမျှော်ဖူးမြင် ဦးတင်ရှိခိုးလေ့ရှိသည်။ စေတီတော်ကြီးကို ဗဟိုပြု၍ထောင့် လေးမျက်နှာရှိ စေတီရံများကိုလည်း ထုံးစံအတိုင်း အာရုံဝင်စားသည်။ အာရုံဝင်စား တိုင်းလည်း အနောက်မြောက်ထောင့်က စေတီရံ၏ ဒါယိကာမ မြကလေး ကိုပြေး၍ သတိရမိသည်။ ဤအခါ စိတ်တော်မသက်မသာ ရှိရပြန်သည်။ ယင်း လောက မဏိစူဠာစေတီကြီးမှာသာမက ၎င်း၏ အရှေ့ဘက်တံတိုင်းအပြင်၌လည်း ရွှေဘိုမင်း



www.burmeseclassic.com

www.burmeseclassic.com



တရားကြီး ကောင်းမှုတော်တစ်ခုဖြစ်သော ကုသိန္နာရုံ ပြာသာဒ်တော်ကြီးနှင့် သတ္တဌာနစေတီတော်များကလည်း ထီးထီးမားမား တွေ့မြင်ရှုစားနေရပေသေးသည်။ ယင်းကုသိန္နာရုံပြာသာဒ်နှင့် သတ္တဌာနစေတီတော်ကို စိတ်ဝင်စားခိုက်မှာမူကား အနောက် နန်းမိဖုရားကိုမေ့ပြီး မြတ်စွာဘုရားကိုယ်တော်ကြီး ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူပြီးနောက် သတ္တဌာန၌စံနေတော်မူခိုက် ဖြစ်စဉ်တို့ကို စိတ်ကူးရေလျှင်တွင် ထင်မြင်ပေါ်ပေါက်ကာ သဒ္ဒါကြည်ညိုစိတ်တော်ပိုကဲလာမြဲ ဖြစ်သည်။ စိတ်၏ တည်ငြိမ်သက်သာမှုရခြင်းသည် တဒင်္ဂတစ်ခဏမှာပင် ကြည်လင်ရွှင်လန်းခွင့်ရစမြဲဖြစ်ပါသည်။

ဤသို့လျှင် ရွှေဘိုမင်းတရားကြီး၏ ကောင်းမှုတော်ဖြစ်သော ဇောင်းကလောကန်ဦးရှိ လောကမဏိစူဠာစေတီတော်များသည် နှစ်တစ်ရာကျော်မျှသာရှိသေးသော်လည်း ယခုအခါ၌ ပျက်စီးချို့ယွင်းစောင့်ရှောက်သူကင်းမဲ့နေလေသည်။

ရှေးအခါက ကြည်လင်သာယာ ကြာမျိုးငါးပါးတို့ ငွားငွားစွင့်စွင့် ဖူးပွင့်ဝေဝေရှိခဲ့သော ဇောင်းကလောကန်ရေပြင်သည်လည်း ခန်းခြောက်လျက် ကန်ကောကန်ပျက်သဖွယ် မတင့်မတယ်တွေ့မြင်နေရတော့သည်။ ကန်ဘေးပတ်လည်မှာရှိသော လယ်ကွင်းပြောင်းခင်းတို့က စိမ်းလန်းစိုပြည်နေသော်လည်း မိုးအခါမှာပင် ဇောင်းကလောကန်တွင်းတွင်ဖြင့် ကန်ရေမရှိ ညှိုးခြောက်နေတော့၏။

စင်စစ်အားဖြင့် ဇောင်းကလောကန်ဆိုသော်လည်း အင်းပြင်ကျယ်ကြီးတစ်ခုဖြစ်ခဲ့ဖူးသည်။ သူ့အရှေ့ဘက်က အောင်ပင်လယ်ကန်၊ နန္ဒာကန်၊ သူ့အနောက်ဘက်က တောင်သမန်အင်းကြီးရှိသည်။ သို့ကြောင့် တောင်သမန်အင်းနှင့် ဇောင်းကလောအင်းတို့သည် ယနေ့အမြင် မန္တလေး-ရန်ကုန်သွား ကားလမ်းမြေပေါင်တစ်ခုသာခြား၍ တည်ရှိသည်။ သို့သော် တောင်သမန်အင်း၌ ရေအပြည့်ရှိ၍ သာယာရှုမောဖွယ်ဖြစ်နေသလောက် ဇောင်းကလောအင်းက အင်းကောကန်ကောတစ်ခုသဖွယ် ရေနှင့်ကင်းဝေးလျက်ရှိသည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်အချိန်၌ တောင်သမန်အင်းရေစပ်သည် ကားလမ်းမြေအောက်သို့ ရိုက်ခတ်မိသည့်တိုင်အောင် ဇောင်းကလောအင်းမှာတော့ ရေကနတ္တိခြောက်သွေ့လျက်ရှိ၏။

ယင်းနေရာတစ်ဝိုက်တွင် ရှေးယခင်က သာယာတင့်မောဖွယ်ရာ ရှုခင်းတစ်ရပ်ဖြစ်ခဲ့သလောက် ယနေ့တော့ သွေ့ခြောက်ခြောက် ခရောင်းတောနှင့် ကန်တော်ကြီးဘဝသို့ ကျရောက်ခဲ့ရှာသည်။

ရှေးခေတ် အမရပူရမြို့ ကောင်းစားစဉ်အခါက ရေးသားထားခဲ့သော 'ထောင်ရောင်နေ' ခေါ် ဘွဲ့ကြိုးတစ်ပုဒ်ကိုဖော်ပြရလျှင် ယခင်အာရုံဟောင်းများ တစ်စိတ်တစ်ဒေသ တွေးဆထင်မြင်နိုင်လိမ့်မည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အမရပူရမြို့ဘွဲ့ကြိုး

ထောင်ရောင်နေ မှောင်မှောင်ခြွေ အမရရွှေဘုံမြေ၊ ရဝေရဝေ ရဝေနန်းမ၊ ဘုန်းတော်ရောင်ထွန်းပပါလို့လေး။ သကယ်မဥ္စူ မွှေးတည့်သာမွှေးလှိုင်ကြူ ဇမ္ဗူခွန်ယူ၊ ဝှန်ဆူဖြန့်မိုး၊ အုံးပင်အုံးခြိမ့်စိုးပါလို့လေး။ သာမိုးသာမိုးခြံရံ တောင်တည့် တောင်သမန်။ ဆဒ္ဒန်ဆဒ္ဒန်ဆဒ္ဒန် ကြာတော ရေကြည်ဇောင်းကလော ငယ်နှင့်လေး။ အံ့သြကုန်နိုင်ဖွယ်လေးတည့်မှ၊ ကန်ကြီးအောင်ပင်လယ်။ ရှုဖွယ်နက်ကျယ်၊ ရှုဖွယ်သာခင်း၊ နန္ဒာမြအဆင်းငယ်နှင့်၊ မြစ်မင်းဧရာ ရံလေတည့်မှ၊ ပျော်ခင်းသည်မှာဆုံ၊ သောင်းလုံးလုံးကြေးမှုံ၊ ရွှေဘုံအောင်ခန်းသော်တာထက် သစ်ဆန်းသည်သို့ မင်းခမ်းရွှေညီလာလေတည့်မှ မင်းခမ်းရွှေညီလာ။

ဤကြိုးဘွဲ့သည် အမရပူရမြို့ကြီး စည်ကားကြီးကျယ်စဉ်အခါက ရှုခင်းတစ်ပုဒ်ကို ဂီတပန်းချီနှင့် ရေးခြယ်စီကုံးထားခဲ့ခြင်းဖြစ်သည်။

ဇောင်းကလောအင်းကြီးအတွက်လည်း သာယာခံ့ထည်ခဲ့ပုံကို ဇောင်းကလောပြွန် ရေဆင်းကြိုးဟူ၍ ကြိုးဘွဲ့တစ်ရပ် စီကုံးစပ်ဆို ပန်းချီခြယ်ပြထားခဲ့ပေသေး သည်။ ထိုကြိုးဘွဲ့ကို လေ့လာဖတ်ရှုခြင်းအားဖြင့်လည်း ဇောင်းကလောအင်းကြီး၏ ကြီးကျယ်နက်ရှိုင်းခဲ့ပုံနှင့် ကန်ရေဆင်းပြွန်ကပင် မည်မျှသာမောဖွယ် ဖြစ်ခဲ့ကြောင်း တို့ကို ထင်မြင်ချင့်ဆနိုင်လေသည်။

## ဇောင်းကလောပြွန်ရေဆင်းကြိုး

စံရာဘုံမြင့်ညီးလင်း၊ ဝေယံနူန်းမယွင်း၊ ရာပြည့် ပြည့်မင်းမှန်ကူ၊ ထွတ်ထိပ် သဃမ္ဗူ စံတော်မူလျှံလူအောင် မြေကျွန်းဝယ်ပလေ၊ ရှုညောင်းမအီ ရွှေဆီပုပ္ပါ စွန်းမှာကဲ့လေး၊ ဖြူဝန်း ပြာချေ ဝါရွှေစိမ်းစို၊ ခိုလဲ့လဲ့ညိုနွဲ့နွဲ့အိုဘယ့် ကြာမျိုး၊ မောက်ဖြိုးထူးတဆန်း၊ တင်းကြမ်းမြရည်ရောင် ငှက်တည့်ငှက်မယ်မောင်။ သာခေါင် ကြေအညာလေ တည့်မှယာဉ်ဘောင်ရေသီတာ၊ သံသာဖိုမအေး စင်ရော်ကျူးရင့် ကြွေး၊ မြစ်ထွေး တွန်သံသာချည့်လေး၊ ချစ်ရေးမတူမကွာတည့်လေး။ ဖွေးဖွေးရေအ လျှံ၊ လှိုင်းတည့် လှိုင်းပေါ်စံ။ ငါးတန်ငါးတန်းငါးတန် ငါးကြင်း၊ ငါးဖယ် ငါးပြာစင်း ငယ်နှင့်လေး။ ပြွန်ရင်းပြွန်ရင်း ဆိုက်ခါခါချင်းတို့ လိုက်ဘာသာ။ မြူးပျော်ခါ ယှဉ်ပြိုင် သွား၊ ငှက်စုံရွှေလိပ် ငါး။ စီးထွေထွေသားငယ်နှင့် ရေပေါ်မှာသွားပါလို့များတောင်းပင် လေလေတည့်များတောင်းပင်။

ငါးတန် ငါးကြင်းများပင် မြူးပျော်နေထိုင် ပေါက်ပွားနိုင်သော အင်းရေမှာ နည်းနည်းနောနော ကျယ်ပြောရုံမျှနှင့် မရနိုင်ပါ။ တောင်သမန်အင်းရေသည် ဒုဋ္ဌဝတီမြစ်ငယ်ရေနှင့် ဧရာဝတီမြစ်ရေတို့ တစ်ပြိုင်နက်တိုးလာသောအခါ တောင်

www.burmeseclassic.com



သမန်အင်းကြီး၌ ရေဖွေးဖွေးပြည့်လာသည်။ ငါးတန် ငါးကြင်းတို့သည် ဧရာဝတီမြစ်ရေတွင်း၌ ပျော်ပါးမြူးရွှင်လိုက်လာပြီး တောင်သမန်အင်းကြီးအတွင်း၌ ကျက်စားနေထိုင်ကြမည်။ တောင်သမန်အင်းရေပြည့်လျှင် အရှေ့ဘက်က ဇောင်း ကလောအင်းကြီးမှာလည်း ထိုအခါက တစပ်တည်းဖြစ်၍ ရေပြည့်လာသည်။ ငါးကြင်း ငါးတန်များလည်း တောင်သမန်အင်းမှတစ်ဆင့် ဇောင်းကလောအင်းသို့ ချဉ်းနင်းဝင်ရောက်သွားနိုင်ကြသည်။ မြစ်ရေကျဆင်းသွားသောအခါမှ အင်းရေများ လည်း တစ်စတစ်စလျော့ကျလာသည်။ ဤတွင် ဇောင်းကလောကန်၌ ကျန်ရစ်သော ငါးကြင်း ငါးတန်တို့မှာ အင်းရေပွန်ပေါက်မှ လိုက်ပါစုန်ဆင်းကြရပြန်သည်။

ရေကတွတ်ပေါက်မှ ဗျိုင်းအောက်တို့သည် ငါးများကိုစောင့်၍ စားနေကြဖြစ်သည်။ ဗျိုင်းငှက်များနည်းတူ ယဉ်ဘောင်စာခေါ် ငါးသေးငါးငယ်များကို စားလေ့ရှိသော ဘောင်ငှက်များ၊ ရေကြက်ရေဝမ်းဘဲ၊ မယ်ညိုဟသ်ာ သောင်းတင်ပိန်ညင်းမဖိုစသော ငှက်ပေါင်းစုံတို့သည် ရေလိပ် ငါးတို့ပျော်စံမြူးရွှင်ရာဖြစ်သော ဇောင်းကလောပွန်ဝ၌ လာရောက်စုဝေး၍ သူတို့ဝမ်းရေးကို ရှာကြံဖြည့်တင်းကြရသည်။ ဒါကိုဂီတအနုပညာသည်တို့က စာပန်းချီခြယ်သထားခဲ့ကြသည်သာ ဖြစ်ပါသည်။

ယင်းဖြင့် ရှေးအခါက ဇောင်းကလောကန်ကြီး သာယာကြီးကျယ်ပုံကို ငုံမိ အောင်သိရှိနိုင်ကြပေသည်။ ယနေ့ ဇောင်းကလောကန်ကြီး တိမ်ကောသွားရခြင်းမှာ လည်း မန္တလေး-ရန်ကုန်ကားလမ်းအတွက် မြေတောင်မြှင့်ဖို့ပေးရခြင်းကြောင့် တောင်သမန်အင်းနှင့် ဇောင်းကလောအင်းတို့ ရေချင်းအဆက်အသွယ် ပြတ်ခဲ့ရ သည်။ တောင်သမန်အင်းဘက်က ရေမဝင်ရသောအခါ ဇောင်းကလောအင်းမှာ အင်းဘဝမှရွေ့လျားပြီး ကန်အဖြစ်နှင့် ရေကျန်ရေကြွင်းကလေးများသာရှိတော့သည်။

မိုးခေါင်ရေရှား အပိုင်းဖြစ်သောကြောင့်လည်း ကန်အတွင်းသို့ မိုးရေများ အလုံအလောက်မဆင်းနိုင်ခြင်းက ကန်ကိုပင် တစ်စတစ်စ တိမ်ကောစပြုလာရလေသည်။ ရန်ကင်းတောင်ခြေက အောင်ပင်လယ်ကန်ကြီးပင်လျှင် ယနေ့လယ်ကောကြီး ဘဝသို့ ရောက်နေရသေးလျှင် ဇောင်းကလောကန်မှာ အဘယ်ဆိုဖွယ်ရှိမည်နည်း။

ဇောင်းကလောကန်က ရေခြောက်ခန်းနေသလို ရှေးအခါက ထီးချယားသီးမှ နေ၍ မြေသို့အထိ ရွှေရောင်တွေ ဝင်းအိနေသော လောကမဏိစူဠာစေတီတော်ကြီး မှာလည်း မဟာရံတံတိုင်းကြီးနှစ်ထပ်၏အတွင်းမှ ရွှေသင်္ကန်းရောင်နှင့် ကင်းဝေးခဲ့ရလေသည်။ ရွှေသင်္ကန်းမဆိုထားနှင့် ထုံးသင်္ကန်းဖြူဖြူဖွေးဖွေးကလေးမျှပင် ကပ်လှူမပေးနိုင်ကြတော့သောအဖြစ်နှင့် ကြုံတွေ့နေရလေ၏။

ဤသို့ဖြစ်ရခြင်းမှာ လမ်းပန်းဆက်သွယ်မှုညံ့ဖျင်းခြင်းကလည်း အကြောင်းခံ တစ်ရပ်ဖြစ်နေပြန်သည်။ မန္တလေး-ရန်ကုန် ကားလမ်းပေါ်မှနေကြည့်လျှင် ဇောင်းက



www.burmeseclassic.com

www.burmeseclassic.com



လောကန်ပေါင်ရိုးရှိ လောကမဏိစူဠာစေတီတော်ကြီးမှာ အရံစေတီ(၄)ဆူနှင့်တကွ ထုထည်ကြီးမားလှသော မဟာရံတံတိုင်းကြီး၏ အလယ်ဗဟို၌ ထင်ထင်ရှားရှားကြီး တွေ့မြင်နေရပါလျက် ကားလမ်းဘေး သိပ်မဝေးလှသောနေရာတွင် တည်ရှိနေပါသော်လည်း ဘုရားဆီရောက်အောင် သွားစရာလူသွားစရာ ကားလမ်းက လုံးဝမရှိပါ။ လယ်ကန်သင်းနှင့် ယာခင်းကြိုယာခင်းကြားကကွေ့ဝိုက်ပြီး ခြေလျင်သို့မဟုတ် နွားလှည်းနှင့် သွားတတ်ပါမှ ရောက်ရမည်ကဲ့သို့ ဖြစ်နေပါသည်။

မန္တလေးမြို့ကြီးနှင့်လည်း တစပ်တည်းလိုရှိသည်။ ဘာကြောင့်များ ဒီဘုရားကြီးကို လူသူမရောက်ရှိ ဖြစ်ရလေသည်မသိ၊ အမြင်နီးလျက် ခရီးဝေးသလို ဖြစ်နေတော့ ရွှေသက်န်းကပ်မည့်သူမဆိုထားဘိ၊ ထုံးသက်န်းဖွေးဖွေးကလေးမှ ကပ်လှူပေးမည့်သူ မရှိအောင် ကြုံတွေ့ရသည်။

ဘုရားကြီး အနီးအပါးတွင် ရွာသုံးရွာခန့်တော့ ရှိသည်။ မွေတော်ရွာ၊ ကျီကုန်းရွာ နှစ်အုပ်စုတို့ဖြစ်၍ ၎င်းရွာ၌ရှိသော ရွာသူရွာသားတို့မှာ အလွန်တစ်ရာရိုးသား၍ အနီးအပါးက လယ်ယာများကို လုပ်ကိုင်စားသောက် နေထိုင်ကြသူများ ဖြစ်သည်။ ပင်ပန်းဆင်းရဲရှာကြသည်။ လယ်ယာမှထွက်သော ကောက်ပဲသီးနှံများ ဈေးကောင်း ရသော်လည်း စားဝတ်နေရေးက စရိတ်ကြီးလေးလှသောကြောင့် အနိုင်နိုင်ရယ်။ ပိုပိုလျှံလျှံရှိမှ လှူရေးတန်းရေးကို သတိရနိုင်မည်။

ဒါတောင်မှ တစ်နှစ်တစ်ခါ ရမိရရာစုဆောင်းပြီး ဘုရားကြီးအား တပို့တွဲလတွင် ဆွမ်းတော်ကြီးကပ်လှူပွဲ ပြုလုပ်ကြသေးသည်။ ငွေရှင်တဲ့နှစ်ဆိုရင်လည်း ဇာတ်ပွဲ ကလေးများတောင်ပါလိုက်သေးရဲ့ဟု သိခဲ့ရသည်။

သည်လို ဆင်းဆင်းရဲရဲနှင့် ရွာခံလူတွေက နွဲ့နေခဲ့ရသည့်အထဲမှာ ဟိုတစ်ချိန်က ဘုရားဥပနာလာပြီးဖောက်သွားတာ ခံလိုက်ရသေးသည်ဟု ဆိုပါသည်။ ဘုရားတွေကို ဥပနာလိုက်ဖောက်စားနေသော သူယုတ်မာများကလည်း ရှိသေးသည်။

သူတို့သည် ချောင်ကျကျဘုရားမှန်သမျှ မျက်စလိုက်ပစ်နေကြသူများ ဖြစ် သည်။ မန္တလေးရွှေမြို့တော်ကြီးနှင့် ဒါလောက်နီးနေပါလျက် ဒီဘုရားကြီးကို ဥပေက္ခာ ပြုထားကြသည်မှာတော့ မတော်လွန်းဘူးလို့ ဆိုချင်ပါသည်။

လောကမဏိစူဠာဘုရားကြီးထက် ဝါတော်ရင့်သော အရင်ကျသော တောင်မြို့ ကျောက်တော်ကြီးဘုရားနှင့် ပုထိုးတော်ကြီး ဘုရားများပင် မပျက်မစီးတွေ့ရလျှင် သည်ဘုရားကြီးကိုလည်း မပျက်မစီး မတိမ်မမြုပ်စေရန် စောင့်ရှောက်ထိန်းသိမ်း ပြုပြင်သင့်လှပါသည်။ မွေတော်ရွာ၊ ကျီကုန်းရွာသားများအားလည်း တတ်အား သမျှနှင့် ဘုရားကို စောင့်ရှောက်ကြသဖြင့် ချီးကျူးသင့်လှပါသည်။

အထူးသဖြင့် ဝမ်းနည်းစရာကောင်းသော မြင်ကွင်းမှာ အနောက်မြောက်ထောင့်



www.burmeseclassic.com

www.burmeseclassic.com



က အနောက်နန်းမိဖုရား မြကလေးစေတီနှင့် အရှေ့မြောက်ထောင့်က စုဖုရားကြီး (စကြာဒေဝီ) တို့ စေတီနှစ်ဆူမှာ ထီးတော်ဖြုတ်ခိုးခံရ၍ ပျက်စီးနေသည်။

အရှေ့တောင်ထောင့် မိဖုရားခေါင်ကြီးစေတီနှင့် အနောက်တောင်ထောင့် ဗန်းမော်မိဖုရားတို့ စေတီနှစ်ဆူမှာ မပျက်စီးသေးပါ။

အနောက်နန်းမတော် မြကလေးကိုချစ်သော အနုပညာ ကဗျာဂီတ ဝါသနာအိုးတို့က ဘုရားပြုပြင်ရန် ယနေ့ အလှူရှင်များအဖြစ် ပေါ်ပေါက်လာပြီး ထီးတော်သစ်တင်နိုင်စေကြောင်း ဆုတောင်းမိပေသည်။

## ပုဂံမင်းသားအိမ်ရှေ့ထား

ရွှေဘိုမင်းတရားကြီးသည် သားတော် ပုဂံမင်းသားအား အိမ်ရှေ့အရာအပ်နှင်းရန် ရည်ရွယ်ခဲ့ပြီးဖြစ်သည့်အတိုင်း ယခင်က အမိန့်တော်ရှိခဲ့၍ အိမ်ရှေ့အိမ်တော်ဆောက်လုပ်စေခဲ့သည်။

အိမ်ရှေ့အိမ်တော်ကြီးကျယ်စွာဆောက်လုပ်စေခဲ့သူ ဝန်ထောက်သုံးဆယ်ကင်းစား မင်းကြီးမင်းလှမဟာ သီဟသူ၊ သစ်တောဝန် နေမျိုးသူရနော်ရထာ၊ အသုံးစာရေးတို့သည် အိမ်ရှေ့ဝင်းတော်ရာ၌ အိမ်ရှေ့အိမ်တော်ကိုကြီးကြပ်၍ ဆောက်လုပ်ခဲ့ရာ ယခုအခါတွင် ပြီးစီးနေပြီဖြစ်သည်။

ရွှေဘိုမင်းတရားကြီး၌ စိတ်တော်မတည်မငြိမ် ကိုယ်တွင်းလည်း နာမကျန်းဖြစ်လာလျက် ရေးကထက် အခြေအနေဆိုးလာသည်တွင် နန်းတွင်းရေးရာတို့ကို လုံးဝစွန့်ပစ်ထားရသောကြောင့် မိဖုရားခေါင်ကြီးနှင့်တကွ မှူးတော်မတ်တော်များ စုဝေးတိုင်ပင် ညှိနှိုင်းကြပြီးလျှင် အိမ်ရှေ့လောင်းလျာဖြစ်သူ သားတော်ပုဂံမင်းအား တိုင်းပြည်နိုင်ငံတော်ကို အုပ်စိုးရန် သက္ကရာဇ် ၁၂၀၇ ခုနှစ် တန်ဆောင်မုန်းလဆန်း (၅)ရက် အင်္ဂါနေ့၌ အိမ်ရှေ့အိမ်တော်သို့ ပြောင်းရွှေ့စံမြန်းစေလျက် အိမ်ရှေ့မင်းတို့အစီးအနင်း အဆောင်အရွက်နှင့်တကွ ခန့်ထားအပ်နှင်းကြလေသည်။

ညီတော် မင်းတုန်းမင်း သီရိသုမဟာဓမ္မရာဇာကိုလည်း ဝန်ကြီးအတွင်းဝန်တို့နှင့် တိုင်းရေးပြည်မှုအစုစုတို့ကို တိုင်ပင်ဆွေးနွေး ကြည့်ရှုစီရင်စေရလေသည်။

သို့ကြောင့် အိမ်ရှေ့မင်းဖြစ်သူ ပုဂံမင်းသည် အိမ်ရှေ့မင်းတို့ ဝတ္တရားကို ညီတော် မင်းတုန်းမင်းသားနှင့်အတူ ဆောင်ရွက်ရလေသည်။ မင်းတုန်းမင်းသားမှာလည်း လွှတ်တက်မင်းသားကြီးအဖြစ်နှင့် တန်ခိုးအာဏာများ တိုးတက်လာလေသည်။

သို့တိုင်းရေးပြည်မှု ကြည့်ရှုစီရင်နေရာမှလည်း ခမည်းတော် ရွှေဘိုမင်းတရားကြီး ကျန်းခန့်တော်မမူသည်ကို မိဖုရားခေါင်ကြီးအား လျှောက်ထားတိုင်ပင်လျက်



www.burmeseclassic.com

www.burmeseclassic.com



သင့်လျော်သော ဆေးဝါးများနှင့် တိုက်ကျွေးဆက်သကူမလျက် ရှိကြလေသည်။

သို့သော် ပုဂံမင်းသည် မူလကပင် တိုင်းရေးပြည်ရာထက် ဝါသနာအရ အပျော်အပါးဘက်က အလေးသာလျက်ရှိသည်။ အိမ်ရှေ့မင်းရာထူးစည်းစိမ်ကို လက်ခံသိမ်းပိုက်၍ တိုင်းရေးပြည်မှု၌ အုပ်ချုပ်စီမံရသော်လည်း အခါများစွာတို့တွင် ညီတော်မင်းတုန်းမင်းသားကသာ ရွက်ဆောင်ခွင့်များနေပေသည်။

ပုဂံမင်းသား၏ နောက်တော်ပါ အိမ်တော်ပါ ကျေးကျွန်တပည့်တပန်းများသည်လည်း ပုဂံမင်းသား အိမ်ရှေ့ဥပရာဇာအဖြစ်သို့ ရောက်ရှိလာသောအခါတွင် ယခင်ကထက် ကျေးကျွန်ရင်းများမှာ တန်ခိုးအာဏာမြင့်၍ လာကြပါသည်။ ထိုကျေးကျွန်ရင်းများအထဲတွင် ပုဂံမင်း၏စိတ်ကြိုက်ကို လိုက်လျောညီထွေ ထမ်းရွက်နေကြသော တပည့်တပန်းတို့အနက်မှ ကျွန်တော်မျိုး ပသီကုလား ဘေဒိုင်ဆပ်သည် အထူးသဖြင့် အခွင့်အရေးပိုမိုရရှိလာသူတစ်ဦး ဖြစ်နေပါသည်။

သာသနာရေးအရဆိုရပါလျှင် မင်္ဂလာအိမ်တော်၌ စံနေတော်မူစဉ်က သွန်သင်ပြသ ဩဝါဒအဆုံးအမခံယူပြီး ကိုးကွယ်တော်မူရင်းဖြစ်သော ဗားကရာဆရာတော်ဘုရားကြီးကိုလည်း နိုင်ငံတော်အတွင်းရှိ ရဟန်းသံဃာတော်တို့အား ဝိနည်းဓမ္မကံ တရားနှင့်အညီ စီရင်ဆုံးမရန်ရှိသမျှကို ဆုံးမစီရင်စေရန် သံဃာရာဇာဓိပတိအဖြစ်ဖြင့် သာသနာပြုရန် အပ်တော်မူပါသည်။

ပုဂံမင်း အိမ်ရှေ့အရာလွှဲအပ်ပြီးနောက် (၄)လမျှကြာသောအခါ သက္ကရာဇ် ၁၂၀၈ ခုသို့ ရောက်ခဲ့သည်။ မင်းဧကရာဇ်တို့၏ နှစ်စဉ်လျှုဒါန်းမြဲ ဖြစ်သော ၁၂ ရာသီ အလှူပွဲတို့၌ အတာသဘင်နှင့် စပ်ဆိုင်ရာအလှူပွဲကြီး များကိုလည်း မပျက်မကွက်စေရဘဲ ဆင်နွဲကျင်းပခဲ့သည်။

ထိုနှစ်ဝါဆိုလဆန်းတွင် ရွှေဘိုမင်းတရားကြီး၏ တောင်ဆောင်တော် မိဖုရားကြီးတစ်ပါးဖြစ်သော ကျောက်မော်မြို့စား သီရိသုစန္ဒာမလ္လာမဟေ ကံတော်ကုန်ပြန်ပါသည်။ ယင်းမိဖုရားကြီးသည် မင်းတုန်းမင်း၊ ကနောင်မင်းတို့၏ မယ်တော်ဖြစ်ပါသည်။ မင်းတုန်းမင်းသားကြီးသည် မယ်တော်အား အထူးချစ်ခင်မြတ်နိုးတော်မူသော သားတော်တစ်ပါးဖြစ်သည့်အားလျော်စွာ အခမ်းအနားကြီးစွာနှင့် ကောင်းမွန်စွာ သင်္ဂြိုဟ်တော်မူခဲ့လေသည်။

နောက်တစ်ဖန် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့၌ ရွှေဘိုမင်းတရားကြီး၏ နောင်တော် နန်းကျဘုရင် (ဘကြီးတော်ဘုရား) သည် နတ်ရွာစံခဲ့ပြန်သည်။ ဘကြီးတော်ဘုရားသည် ရတနာပူရစတုတ္ထမြို့တည်နန်းတည် ဘုရင်မင်းတစ်ပါးဖြစ်သည့်အားလျော်စွာ ညီတော်ရွှေဘိုမင်းတရားကြီးနှင့် တူတော်အိမ်ရှေ့စံ ပုဂံမင်းတို့က ရှေးစကြာမန္ဒာတ်မင်းတို့ကို သင်္ဂြိုဟ်သောနည်းအတိုင်း အခမ်းအနားကြီးကျယ်စွာ



www.burmeseclassic.com

www.burmeseclassic.com



သင်္ဂြိုဟ်တော်မူကြပါသည်။ သင်္ဂြိုဟ်သည့်နေရာသည် ဘကြီးတော်ဘုရား စံနေရာ အိမ်တော်ဝင်းအတွင်းမှာ ပင်ဖြစ်ပါသည်။ ထိုဝင်းနေရာသည် အမရပူရမြို့ တောင်သမန်အင်းစောင်းအနီးတွင် ဖြစ်ပါသည်။ ဘကြီးတော်အုတ်ဂူပြာသာဒ် ဘုရားတစ်ဆူလည်း တည်ထား၍ ကျောက်စာအမှတ်အသားလည်း အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စိုက်ထူထားသည်ကို ယနေ့တွေ့မြင်နိုင်ပါသည်။

သို့သော် အုတ်ဂူပြာသာဒ်နှင့်ဘုရားမှာ အရိုးအိုးကို ဌာပနာထားခြင်း ရှိမရှိ မသိနိုင်ပါ။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာမျက်နှာ ၁၂၃၈ တွင် "အခမ်းအနားကြီးကျယ်စွာ စံနေတော်မူသည့် ဝင်းတော်အတွင်း ကောင်းမွန်စွာ အောင်သင်္ဂြိုဟ်တော်မူပြီးလျှင် အရိုးတော်ကို ကျွန်တော်ရင်း ဆင်မင်းဝန် မဟာမင်း လှမင်းကျော်ကို ကောက်ယူစေပြီးနောက် ရွှေသားကွမ်းခွက်တော်တွင်ထည့်၍ ရွှေလှော်ကားနှင့် တင်ဆောင်ရေချရ၏"ဟူ၍ ရေးသားပါရှိပါသည်။ ထို့ကြောင့် ယနေ့ တွေ့ရသော ဘကြီးတော်ဘုရား၏ သချိုင်းဂူမှာ အရိုးတော်မရှိဟု ယူဆရမည်ထင် သည်။ သို့သော် ထိုနေရာသည် ဘကြီးတော်ဘုရား နေထိုင်စံမြန်းခဲ့သော အိမ်တော် ဝင်းရာ မီးသင်္ဂြိုဟ်ရာဖြစ်သောကြောင့် ဘကြီးတော်ဘုရား၏ အထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသော အုတ်ဂူပြာသာဒ်ဘုရားသာဖြစ်ပါမည်။ ဘုရင်မင်းနှင့် မင်း သားများ၊ မင်းဆွေမင်းမျိုးတို့ အရိုးများကို မြေ၌မမြှုပ်ဘဲ ရေသို့ချရရိုးထုံးစံရှိသည်ကို ထောက်ထား၍ မှတ်သားရန်ဖြစ်ပါသည်။

ယနေ့တွေ့မြင်ရသော ကျောက်စာကတော့ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ ထွင်းထုထားခြင်းကြောင့် နောက်ထပ် စိုက်ထူထားခြင်းသာဖြစ်ပါသည်။

ကျောက်စာမှာ

ဘကြီးတော်ဘုရား ဖွားသောနှစ် ၁၁၄၆၊

နန်းတက်နှစ် ၁၁၈၁

နန်းကျနှစ် ၁၁၉၉

နတ်ရွာစံနှစ် ၁၂၀၈ ဟူ၍ ရေးထိုးမှတ်သားထားသည်ကို တွေ့မြင်ရပါမည်။

ရွှေဘိုမင်းတရားကြီးမှာလည်း ဝေဒနာတော်က မသက်သာပါ။ နောက်ထပ်တိုး လာသော လေရောဂါဝေဒနာက ထပ်မံနှိပ်စက်ပြန်ပါသည်။ နေ့ရက်ရှည်ကြာ တစ်ဆေးမတွေ့ တစ်ဆေးတွေ့ရန် သမားတော်များနှင့် ကြိုးကြိုးပမ်းပမ်း တတ်ကျွမ်း သလောက် ပြုစုယုယကုသကြသော်လည်း ဖန်တီးလာသောကံကြမ္မာကို ဘယ်လိုမှ ခုခံတွန်းလှန်၍ ရကောင်းတော့မည် မဟုတ်ပါပေ။ ထို့ကြောင့် တန်ဆောင်မုန်း လပြည့်ကျော် ၁၄ရက်နေ့ ညဥ့် ၂နာရီ ကျော်ခန့်တွင် ရွှေဘိုမင်းတရားကြီး နတ်ရွာစံ၍ ကံတော်ကုန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်တော် ဘကြီးတော်ဘုရားက သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့ နတ်ရွာစံသည်။ ညီတော် ရွှေဘိုမင်းတရားကြီးက တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့မှ နတ်ရွာစံသည်။ ထို့ကြောင့် နောင်တော်နှင့်ညီတော် ၂၆ ရက်သာခွာ၍ နတ်ရွာစံကြရပါသည်။

ခမည်းတော် ရွှေဘိုမင်းတရားကြီး နတ်ရွာစံသည့်အခါ သားတော် အရိမဒ္ဒနာ ပုဂါရာမပြည်ကြီးအသျှင် သီရိသုဓမ္မာမဟာဓမ္မရာဇာမင်းက ခမည်းတော်ဘုရင်မင်းတရားကြီး၏ အရိုက်အရာဖြစ်သော အမရပူရရွှေပြည်တော်ကြီးနှင့်တကွ တိုင်းခရိုင်နိုင်ငံအားလုံးကို သိမ်းပိုက်အုပ်စိုးစံတော်မူသည်ဟူသော ရာဇဝင်အသုံးအနှုန်း အတိုင်း ဖော်ပြရပါမည်။ ဆိုလိုရင်းမှာ အိမ်ရှေ့စံပုဂံမင်းသားက ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ ထီးနန်းအရိုက်အရာကို ဆက်ခံအုပ်ချုပ် မင်းလုပ်ရခြင်းပင် ဖြစ်ပါသည်။

နောင်တော်ဖြစ်သူ ဘကြီးတော်ဘုရင်မင်းသည်လည်းကောင်း၊ ညီတော်ဖြစ်သူ ရွှေဘိုမင်းတရားကြီးသည်လည်းကောင်း၊ ၁၂၀၈ ခုနှစ်တွင်းမှာ ၂၆ ရက်ခြား၍ ဘဝဇာတ်သိမ်းကြရပါသည်။ မင်းညီနောင်တို့၏ ဖြစ်ရပ်ဖြစ်စဉ်များကလည်း တစ်မျိုးစီ တစ်ဖုံစီ ထူးခြားခဲ့ကြပါသည်။ သားတော်ပုဂံမင်းသည် အမရပူရထီးနန်းကို ဆက်ခံသိမ်းယူပြီးသည့်နောက် ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ ရုပ်အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန် အခမ်းအနားများ စီမံဆောင်ရွက် စေရမည်ဖြစ်ရာ နတ်ရွာစံရက်သည် တန်ဆောင်မုန်းလကွယ်ရက်မှ နတ်တော်လဆန်းနှင့် နီးကပ်လျက်ရှိနေသည်။ မြန်မာထုံးစံ အစဉ်အလာမှာ လကူးအောင်မထားရသော ထုံးစံကရှိနေပြန်သည်။

ထို့ကြောင့် ပုဂံမင်းက သာသနာပြု ဗားကရာဆရာတော်၊ မောင်းထောင်ဆရာတော်တို့ကို ပင့်၍လျှောက်ထား မေးမြန်းတော်မူသည်။

ဆရာတော်များကလည်း စကြဝတေးမင်းတို့ နတ်ပြည်စံလျှင် ရက်အရှည်အကြာထား၍ သင်္ဂြိုဟ်သင့်ကြောင်း ကျမ်းဂန်ထွက်ရှိသည်နှင့်အညီ (ရွှေဘိုမင်းတရား) ဧကရာဇ်မင်းမြတ်မှာလည်း မင်းသာမန်တို့နှင့်မတူ ဦးထိပ်၌ သွန်း၍ခံယူအပ်သော မုဒ္ဓါဘိသေကဘိသိက်ရှိသည် ဖြစ်သောကြောင့် နေ့ရက်အရှည်ထား၍ ရွှေနန်းတော်ထက်၌ ပြည်သူပြည်သားတို့ ဝင်ထွက်ဖူးမြော်ပူဇော်စေပြီးမှ လုပ်ဆောင်သင်္ဂြိုဟ်ထိုက်ကြောင်း အမိန့် ရှိတော်မူကြသည်။

ထို့ကြောင့် ခမည်းတော်ဘုရား၏ အလောင်းတော်ကို ရွှေနန်းတော်ဝင်းတော် လေးမျက်နှာရှိတံခါးများကို ဖွင့်လှစ်ပြီးလျှင် အတားအဆီးမရှိစေရ၊ နိုင်ငံတော်အ တွင်းရှိ ပြည်သူပြည်သားအပေါင်းတို့ ဝင်ထွက်ဖူးမြော်ပူဇော်ကြစေသည်။ ပြီးမှ နတ်တော်လဆန်းနှစ်ရက်နေ့၌ ရှေးမန္ဓာတ်စကြာမင်းတို့ကို သင်္ဂြိုဟ်သကဲ့သို့ အခမ်း



www.burmeseclassic.com

www.burmeseclassic.com



အနားကြီးကျယ်စွာ စီရင်ခင်းကျင်း၍ မင်းညီ မင်းသား မိဖုရား ဆွေတော်မျိုးတော်များ မှူးတော်မတ်တော်များခြံရံ၍ ပုဂံမင်းတရားကြီး၊ မိဖုရားခေါင်ကြီးနှင့်အတူ ရတနာရွှေဝေါတော်နှင့်ထွက်တော်မူ၍ ရွှေနန်းတော်အတွင်း လွှတ်တော်၏ အရှေ့မြောက် အရပ်ပဟိုရ်စည်အနီးတွင် အလောင်းတော်ကို မီးပူဇော်သင်္ဂြိုဟ်လေသည်။

မီးသင်္ဂြိုဟ်ပြီးမှ အလောင်းတော်ကကျသော အရိုးတော်ကို သတိုးမင်းရဲရာဇာက ကောက်စေပြီး၊ ရွှေကွမ်းအုပ်တွင်ထည့်လျက် တပ်ဝင်းအခင်းအကျင်းပြုကာ ထမ်းစင်တော်တွင်တင်ဆောင် ထီးဖြူတော်အုပ်မိုး၍ မြစ်ဆိပ်သို့ ဆောင်ယူစေပြီးမှ ရွှေလှော်ကားနှင့် တင်ဆောင်သယ်ယူပြီးနောက် မြစ်လယ်သို့ ချရလေသည်။

သက်တော် ၅၁ နှစ်တွင် ဘုရင်မင်းအဖြစ်ရောက်သည်။ ၉ နှစ်ခြောက်လ မင်းအဖြစ်စံနေရပြီးလျှင် သက်တော်ခြောက်ဆယ်နှင့် ရှစ်လတွင် နတ်ရွာစံတော်မူသည်။

ရွှေဘိုမင်းတရားကြီးသည် ရတနာသုံးပါးကို ယုံကြည်မြတ်နိုးတော်မူသည်။ ပညာရှိတို့ကို ချစ်တော်မူသည်။ ပညာရှိတို့စကားကို နာယူတော်မူသည်။ တည်ကြည်ရဲရင့်တော်မူသည်။ တိုင်းနေပြည်သူ ရှင်လူရဟန်းတို့ကို နှစ်သက်ဖွယ် ချစ်ခင်တွယ်တာတော်မူသည်။ နှလုံးရည်၊ လက်ရုံးရည်နှင့်ပြည့်စုံသူ မှူးမတ်တို့၏ အရည်အသွေးကို သိတော်မူတတ်၏။ အမှုထမ်း ကျေးကျွန်အပေါင်းတို့ကိုလည်း အရည်အချင်းအလျောက် အထိုက်အလျောက် သူကောင်းပြုတော်မူသည်။ ချစ်ခင်စုံမက်တတ် သည်။ အလုံးစုံသော အဌာရသသိပ္ပံဟူသော အတတ်မျိုးစုံတို့ကိုလည်း လေ့လာတတ်ကျွမ်းသိမြင်တော်မူသည်။ လျှုဒါန်းပေးကမ်းစွန့်ကြဲခြင်းအရာ၌လည်း လွှေ့လွှေ့ရမ်းရမ်း ရက်ရောတော်မူသည်။

နောက်ပိုင်းတွင် စိတ်ဝေဒနာကြောင့် စိတ်လိုက်မာန်ပါပြုမူတော်မူခြင်းများအတွက် အချို့ကအမျက်မာန်စောင်ကြီးသော မင်းတစ်ပါးဟု မှတ်တမ်းပြုခြင်းများကိုလည်း ခံသွားရပေသေးသည်။

## ရွှေဘိုမင်းနတ်ရွာစံသော်

နတ်ရွာစံ ရွှေဘိုမင်းတရားကြီး ပြုစုလျှုဒါန်းတော်မူခဲ့သော ကောင်းမှုတော်တို့ကလည်း အများအပြား ကျန်ရှိခဲ့လေသည်။ ထိုကောင်းမှုကုသိုလ်များကို ထောက်ရှုခြင်းအားဖြင့်လည်း ရွှေဘိုမင်းတရားကြီးသည် ဘာသာ၊ သာသနာရေးများကို အလေးအနက်ကိုင်းရှိုင်းတော်မူကြောင်း သိရှိနိုင်ပေသည်။

လျှုဒါန်းတော်မူခဲ့သော ကောင်းမှုကုသိုလ်တော်တို့မှာ ရှေးဦးစွာ ရတနာပူရအင်းဝမြို့ရှိ လောကသရဖူဘုရားကြီး ပျက်စီးယိုယွင်းလျက်ရှိသည်ကို ထပ်မံပြင်ဆင်သော ကုသိုလ်တော်နှင့် ၎င်းဘုရားရှေ့ရှိ သဲအင်းတိုက်တွင်လည်း အရံကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်များဆောက်လုပ်လှူဒါန်းတော်မူသည်။ ကျောက်မြောင်းမြို့ စံနန်းတော်ရှေ့ရှိ ဘုရား (၁၀) ဆူကိုလည်း ပြင်ဆင်လုပ်ဆောင် ကိုးကွယ်လှူဒါန်းတော်မူသည်။

ပုဂံမြို့ရှိ ရွှေစည်းခုံစေတီတော်ကြီးကိုလည်း ထီးတော်ချရာမှ မြေထိတိုင်အောင် ရွှေလုံးတော်ပြည့် ကပ်လှူပူဇော်တော်မူသည်။

အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး သွန်းလုပ်တော်မူခဲ့သော ရုပ်ပွားတော် စန္ဒာမုနိဘုရားနှင့် အသီတိရဟန္တာသာမဏေကျော် ရုပ်ပွားများကို ရတနာပူရအင်းဝမြို့က အမရပူရမြို့တော်၏ မြောက်ဘက်စေတီတော်အတွင်းပင့်ဆောင်၍ ရဟန္တာများကိုလည်း အုတ်ပြာသာဒ်အသီးသီးနှင့် ပင့်ဆောင်ကိုးကွယ်တော်မူသည်။

၎င်းဘုရား၏ မဟာရံတံတိုင်းအတွင်းမှာပင် ယခင်က ဘိုးတော်မင်းတရားကြီး တည်ထားတော်မူခဲ့သော ရွှေဂူဘုရား ပျက်စီးယိုယွင်းနေခြင်းကို အသစ်ပြင်ဆင်တည်လုပ်တော်မူသည်။ မုဒ္ဒါဘိသိက်ခံခြင်း မပြုမီကလည်း ပျက်စီးယိုယွင်းနေသော ဘုရားပုထိုးစေတီတော်သစ်များ ဆက်ကပ်လှူဒါန်းတော်မူသည်။

ဥက္ကလာပစုန်တော်မူစဉ် ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်ငှက်မြတ်နားက စ၍ မြေထိအောင် ရွှေသင်္ကန်းကပ်လှူပူဇော်တော်မူသည်။

ရွှေတိဂုံစေတီကုန်းတော် အနောက်မုခ်စောင်းတန်းကို အနောက်နန်းမိဖုရားနှင့်အတူ ဆောက်လုပ်လှူဒါန်းတော်မူသည်။

ရွှေတိဂုံစေတီတော်မြတ်၏ ထီးတော်၌ ရွှေဆည်းလည်း၊ ငွေဆည်းလည်းများကိုလည်း ဆွဲဆင်တင်လှူတော်မူသည်။

ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက်ရာဟုထောင့်ရှိ ရမ္မာဂီရိအမည်ရှိသောကုန်းမြင့်၌ သိမ်တော်ကြီးကို (မာရာဝိဇယ)အမည်ဖြင့် သိမ်သမုတ် လှူဒါန်းပူဇော်တော်မူသည်။

ရွှေတိဂုံစေတီတော်မြတ်တွင် ကြေးစင်ပိဿာချိန် နှစ်သောင်းငါးထောင်ကျော်ရှိသော (မဟာတိသဒ္ဒဃဏ္ဍာရာဇာ) ခေါင်းလောင်းကြီးကို တန်ဆောင်းနှင့်တကွ လှူဒါန်းပူဇော်တော်မူသည်။

သာယာဝတီမြို့ ရေကင်းတိုက် မင်္ဂလာအိမ်တော်ရာတွင်လည်း 'လောကဇေယျာ'ဟူသော စေတီတော်ကြီးတစ်ဆူ တည်ထားတော်မူလေသည်။

မတ္တရာမှ အမရပူရမြို့ထိပ်အထိ ရေကြောင်းဖြင့် ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားရသော ရွှေတချောင်းဆည်တော်မြောင်းတော် ပျက်စီးတိမ်ကောနေသည်ကိုလည်း အသစ်တစ်ဖန် ထပ်မံဆည်လုပ်ကုသိုလ်ပြုသည်။

မြစ်ငယ်အရပ်က တောင်သမန်အရောက် တူးဖောက်ထားသော လက်ခုပ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တူးမြောင်း၊ ဇောင်းကလောကန်တော်၊ အောင်ပင်လယ်ကန်တော်၊ နန္ဒာကန်တော်တို့ ပျက်စီးယိုယွင်းရှိသည်များကို ထပ်မံဆည်ဖို့ လုပ်ဆောင်ကုသိုလ်ပြု သည်။ (မိမိပိုင်ငွေတော်ဖြင့် ထုတ်ပေးကုသိုလ်ပြုခြင်းဖြစ်သည်။) အလားတူပင် တောင်ဘက်ကိုးခရိုင်အတွင်းရှိ တောင်သူလယ်သမားတို့အကျိုး ဆည်တော်မြောင်းတော် ပျက်စီးယိုယွင်းသမျှတို့ကိုလည်း အသစ်တစ်ဖန် ဆည်ဖို့လုပ်ဆောင်လှူဒါန်းသည်။

မတ္တရာ ရွှေလောင်းမြောင်း တိမ်ကောပျက်စီးနေသည်ကိုလည်း အသစ်တစ်ဖန် ဆည်ဖို့ ပြုပြင်ပေးလှူသည်။

ပုသိမ်မြို့ စီရင်စု လိပ်ကျွန်းခေါ် မိန်းမလှကျွန်းတွင် စေတီတော်တစ်ဆူ 'လောကဥဿျောင်' ဟူသောဘွဲ့တော်နှင့် တည်ထားကိုးကွယ်၍ မိန်းမလှကျွန်း ပတ်ဝန်းကျင်ရှိ ငါးလိပ်တို့အား ဘေးမဲ့ပေးရာဌာနအဖြစ် သတ်မှတ်လှူဒါန်းသည်။

မဟာမုနိရုပ်ပွားတော်ကြီး ကိန်းဝပ်တော်မူရန်အတွက် ဂန္ဓကုဋီနှင့်တကွ ပြာသာဒ်တော်ကြီး မဟာရံအုတ်တံတိုင်းရေကန်များပါ ပျက်စီးယိုယွင်းသည်များကို အသစ်ပြုပြင်တည်ဆောက် လှူဒါန်းတော်မူသည်။

အမရပူရမြို့၏ အရှေ့ဘက်ရှိ မင်းအိုကျောင်းတိုက် မြောက်တံတိုင်း မီးတားအရံကျောင်းနှင့်တကွ ကျောင်းတိုက်နှစ်တိုက်တွင် ကျောင်းကြီးနှစ်ဆောင်ဆောက်လုပ်လှူဒါန်းသည်။

မြို့တော်၏ အရှေ့ဘက်၌ ဇောင်းကလောကန်ဦးတွင် အရံစေတီနှင့်တကွ တည်ထားကိုးကွယ်သော "လောကမဏိစူဠာစေတီတော်ကြီး၊

မတဲသင်္ဂဇာချောင်း အရှေ့ဘက်ကမ်းထိပ်တွင်တည်ရှိသော ခမည်းတော် အိမ်ရှေ့မင်းကြီး (မဟာမုနိဘုရားပင့်)၏ ကုသိုလ်တော်၊ ချမ်းသာရဘုရား ပျက်စီးယိုယွင်းနေသည်ကို အသစ်တစ်ဖန် ထပ်မံလုပ်ဆောင်ပြုပြင်သောကုသိုလ်၊

ဤသို့ အမျိုးမျိုးသော ကောင်းမှုကုသိုလ်များကိုလည်း ပြုလုပ်တော်မူခဲ့လေ သည်။ ရွှေဘိုမင်းတရားကြီးတွင် ရှိခဲ့သော မိဖုရား၊ သားတော်၊ သမီးတော်တို့မှာ -

၁။ သီရိပဝရတိလောကမဟာရတနာပဒုမ္မာဒေဝီဘွဲ့ခံ မိဖုရားခေါင်ကြီး -

ရင်းမှ

(က) သားတော် အမရပူရစတုတ္ထနန်းစံ ပုဂံမင်း သီရိသုဓမ္မတိလောကပဝရ မဟာရာဇာဓိရာဇာ။

(ခ) ညီမတော် သီရိပဝရမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ အမည်ဘွဲ့ခံ (မင်းတုန်းဘုရင်မင်း၏ မိဖုရားခေါင် စကြာဒေဝီ)

(ဂ) ငယ်စဉ်က ကွယ်လွန်ကြသော ညီတော် ညီမတော်ငယ် ၅၊ စုစုပေါင်း



www.burmeseclassic.com

www.burmeseclassic.com



သားတော်၊ သမီးတော် (၇)ပါး။

၂။ သီရိပဝရာနန္ဒာဘိရတနာဒေဝီဘွဲ့ခံ မြောက်နန်းမိဖုရား၌ သားတော်၊ သမီးတော် ၄ပါး ဖွားမြင်သော်လည်း ငယ်စဉ်က ကွယ်လွန်ကြသည်။

၃။ သီရိမဟာစန္ဒာဘိရတနာဒေဝီဘွဲ့ခံ အလယ်နန်းမိဖုရား ၎င်းမှ -

(က) သားတော် သီရိမဟာသီဟသူရဓမ္မရာဇာဘွဲ့ခံ ပြည်မင်းသားကြီး။

(ခ) ညီတော် သီရိသီဟသူရမဟာဓမ္မရာဇာဘွဲ့ခံ ပုခန်းမင်းသား ပေါင်း ၂ပါး။

၄။ သီရိသုစန္ဒာမင်္ဂလာမဟေဘွဲ့ခံ တောင်ဆောင်တော် ကျောက်မော်မြို့စားမိဖုရား၊ ၎င်းမှ သားတော်၊ သမီးတော် ၄ပါးရှိရာ အကြီး၂ဦး ငယ်စဉ်က ကွယ်လွန်၍ အငယ် ၂ဦးမှာ-

(က) မင်းတုန်းမြို့စားမင်းသား နောင်သောအခါ ရတနာပုံမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး။

(ခ) ညီတော် ကနောင်မြို့စားမင်းသား (အိမ်ရှေ့ မင်း)

၅။ သီရိမဟာသူရတနာစန္ဒာဒေဝီဘွဲ့ခံ အနောက်နန်းမိဖုရား (မြကလေး) ၎င်းမှ -

(က) သားတော် ငယ်ကကွယ်လွန်တစ်ပါး။

(ခ) သမီးတော် လှိုင်မြို့စားသီရိသုမြတ်စွာရတနာ ဒေဝီဘွဲ့ခံတစ်ပါး။

(ဂ) သားတော် အမည်မသိ ငယ်စဉ်ကကွယ်လွန်။ ပေါင်း ၄ပါး။

၆။ မြောက်ဆောင်တော် ကနောင်မြို့စား မိဖုရားသီရိ သုနန္ဒာမင်္ဂလာမဟေဘွဲ့ခံတွင်

(က) သမီးတော် ပင်းတလဲမြို့စားသီရိမဟာရတနာ သုစန္ဒာဒေဝီ။

(ခ) သမီးတော် သီရိမဟာသုစန္ဒာရတနာဒေဝီ။ ပေါင်း ၂ပါး။

၇။ ကိုယ်လုပ်တော် ရွှေသားကဖွားမြင်သော သမီးတော် ဟင်္သာမော်မြို့စား သီရိ သုစန္ဒာမင်္ဂလာဒေဝီ (ပုခန်း မင်းသားနှင့် စုံဖက်ရသည်။)

၈။ မြောက်ရွှေရေးဆောင် မိဖုရား သီရိမင်္ဂလာနန္ဒာ မဟေတွင်

(က) သားတော် ငယ်ကကွယ်လွန်တစ်ပါး။

၉။ ဘဏ္ဍာစိုး ကျပင်းမြို့စား သီရိသုနန္ဒာမင်္ဂလာမဟေမှ

(က) သားတော် တရုတ်မော်မြို့စား မင်းသားသတိုး မင်းရဲကျော်ခေါင်။

(ခ) နှမတော် မကွေးမြို့စား ပေါင်း ၂ပါး။

၁၀။ ကိုယ်လုပ်တော် မြန်အောင်မြို့စားသီရိသိင်္ဂါမဟေတွင် သမီးတော် စောလှ မြို့စား သီရိအာသာဝတီ တစ်ပါး။

၁၁။ ကိုယ်လုပ်တော် ကောင်းတုံမြို့စား သီရိစိတ္တာမဟေ တွင် ဖွားမြင်သူ သမီးတော် ညောင်အုပ်မြို့စား သီရိသာမာဝတီတစ်ပါး။



www.burmeseclassic.com

www.burmeseclassic.com



၁၂။ ကိုယ်လုပ်တော် နွယ်တမယ်ရွှာစားမှ
(က) သမီးတော် ငယ်ကကွယ်လွန်
(ခ) သားတော် မောင်တုတ် - ၁၅နှစ်မှကွယ်လွန်
(ဂ) သားတော် ငယ်ကကွယ်လွန်
(ဃ) သားတော် ငယ်ကကွယ်လွန် စုစုပေါင်း ၄ပါး။

၁၃။ ကိုယ်လုပ်တော်မယ်ဖားတွင် ဖွားမြင်သော သားတော်ငယ်စဉ်က ကွယ်လွန် တစ်ပါး။

၁၄။ ကိုယ်လုပ်တော် မယ်ရွှေကြာတွင်ဖွားမြင်သော သမီးတော်တစ်ပါးငယ်က ကွယ်လွန်။

၁၅။ ကိုယ်လုပ်တော် မယ်အိပူတွင် သားတော်လှိုင်မြို့စား မင်းသား သီရိမဟာဓမ္မ ရာဇာတစ်ပါး ဖွားမြင်သည်။

၁၆။ ကိုယ်လုပ်တော်မယ်ပိုးတွင် ဖွားမြင်သော သားတော်တစ်ပါးမှာ ငယ်စဉ်က ကွယ်လွန်သည်။

စုစုပေါင်း မိဖုရားခေါင်ကြီးအပါအဝင် မိဖုရား ကိုယ်လုပ်တော်ပေါင်း ၁၆ ယောက်မှ ဖွားမြင်သမျှ သားတော် သမီးတော်တို့မှာ သားတော် ၂၀၊ သမီးတော် ၁၇ ပါးတို့ ဖြစ်ကြပါသည်။

အထူးသဖြင့် ရွှေဘိုမင်းတရားကြီး ဘုရင်မင်းအဖြစ် ရောက်တော်မူမှ သားတော်၊ သမီးတော်များမှာတစ်ပါးမှ ထပ်မံဖွားမြင်ခြင်း မရှိတော့ပေ။

သားတော် ပုဂံမင်းသည် ခမည်းတော်ရွှေဘိုမင်းတရားကြီး၏ အရိုက်အရာ ထီးမွေနန်းမွေဆက်ကို သက္ကရာဇ် ၁၂၀၈ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်၊ စနေနေ့ တွင် ဆက်ခံသိမ်းပိုက်တော်မူသည်။ မိဖုရားခေါင်ကြီးမှာ ဘေးတော်ဖြစ်သော ဘိုးတော်ဘုရား၏ သားတော် မက္ခရာမင်းသားကြီး၏ သမီးတော် သီရိသုရတနာပဘာ ဒေဝီဖြစ်သည်။ ခမည်းတော်ရွှေဘိုမင်းတရားကိုယ်တော်တိုင်က သားတော် ပုဂံမင်းကို မင်းသားဘဝကပင် လက်ထပ်ပေးတော်မူခဲ့ပြီးသူ ဖြစ်သည်။

ပုဂံမင်းသည် ယင်းမိဖုရားခေါင်ကြီးနှင့်အတူ ခြသေ့်ခံသော ရွှေနန်းဉကင် သီဟာသနရာဇာပလ္လင်တော်သို့ မိဖုရားခေါင်ကြီးနှင့်အတူထွက်စံ၍ ထီးဆောင်း မင်္ဂလာ၊ မဟာဉကင်သဖွင့်တော်မူပြီးလျှင် သီရိသုဓမ္မတိလောက ပဝရမဟာရာဇာဓိ ရာဇာမည်သော ဘွဲ့တံဆိပ်နာမတော်ကို မြထပ်ပတ္တမြားအပြည့်စီ ရှစ်ထောင့်ကွမ်း ခွက်တွင်တင်၍ အတွင်းဝန် ပေါက်မြိုင်မြို့စားမင်းကြီးမင်းလှမဟာကျော်ထင်က ဖတ်လျှောက်ပြီးလျှင် ညီတော်မင်းတုန်းမင်း သီရိသုမဟာဓမ္မရာဇာက ဘွဲ့တော်ကို ဆက်သရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိတိလောကမဟာရတနာဒေဝီမည်သော မိဖုရား ခေါင်ကြီး၏ ဘွဲ့နာမတော်ကိုလည်း မြတပ်ပတ္တမြားအပြည့်စီ ရှစ်ထောင့်သောကွမ်းခွက်တင်၍ အတွင်းဝန် ဇရွှံမြို့စား သတိုးမင်းကြီး မဟာမင်းလှနော်ရထာက ဖတ်လျှောက်ပြီးလျှင် ညီတော် ကနောင်မင်းသား သတိုးမင်းရဲကျော်ထင်က ဆက်သရလေသည်။

ပုဂံမင်း၏ နန်းသိမ်းဘိသေကသဘင်ခံရာတွင် ရောက်လာသော စော်ဘွား၊ မြို့စား စသည်တို့ကလည်း လက်ဆောင်တော်အသီးသီးနှင့် အသင့်ရောက်ရှိမြဲ ရောက်ကြရလေသည်။

ဘိသေကမင်္ဂလာသဘင် ဆင်ယင်ရာ နေ့ထူးနေ့မြတ်အခါ မင်္ဂလာအထိမ်း အမှတ်အဖြစ် ထောင်တန်းအကျဉ်းကျနေရသူများကိုလည်း အကျဉ်းမှလွှတ်၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးလျှင် အိမ်တော်ပါ အမှုတော်ထမ်းများကိုလည်း တခမ်း တနား ချီးမြှင့်သူကောင်းပြုတော်မူလေသည်။

ပုဂံမင်း စတင်သူကောင်းပြုသူများကို အစဉ်အတိုင်း မိဖုရားများမှ အစပြု၍ ရေးသားတင်ပြရပေမည်။

၁။ ရွှေနန်းအခေါင် တောင်ညာစံထား မိဖုရားကြီးအပြင် ပုဂံမင်းသားအဖြစ် မင်္ဂလာအိမ်တော်စံစဉ်က။

၂။ အိမ်တော်ပါမိဖုရား သီပေါမြို့စားကို မြောက်နန်းတင်ပြီးလျှင် 'သီရိမဟာ ရတနာဒေဝီ' ဟူ၍ ဘွဲ့နှင်းအပ်သည်။

၃။ မင်္ဂလာအိမ်တော်ပါ စလင်းမြို့စားကို အလယ်နန်း မိဖုရားအဖြစ်တင်ပြီးလျှင် 'သီရိတိလောကအတုလ ရတနာဒေဝီ'ဟူ၍ ဘွဲ့နှင်းအပ်သည်။

၄။ မိုးညှင်းမင်းသားသမီး မြတောင်မြို့စားကို အနောက်နန်းမိဖုရားအဖြစ် မြှောက်တင်ပြီးလျှင် 'သီရိသုရတနာမင်္ဂလာဒေဝီ'ဟူ၍ ဘွဲ့နှင်းအပ်သည်။

၅။ မင်္ဂလာအိမ်တော်ပါ တလုပ်မြို့စားကို တောင်ဆောင်တော်မိဖုရားအဖြစ်ထား ပြီးလျှင် 'သီရိရတနာစန္ဒာမဟေ'ဟူ၍ ဘွဲ့နှင်းသည်။

၆။ မင်္ဂလာအိမ်တော်ပါ ရမည်းသင်းမြို့စားကို မြောက်ဆောင်တော်မိဖုရားအဖြစ် ထားပြီးလျှင် 'သီရိရတနာနန္ဒာမဟေ'ဟူ၍ ဘွဲ့နှင်းသည်။

၇။ မင်္ဂလာအိမ်တော်ပါ မိုးကောင်းမြို့စားကို တောင်ရွှေရေးဆောင်မိဖုရား ထားပြီးလျှင် 'သီရိသုစန္ဒာနန္ဒာမဟေ'ဟူ၍ ဘွဲ့နှင်းသည်။

၈။ မင်္ဂလာအိမ်တော်ပါ ဝါကျပင်းမြို့စားကို မြောက်ရွှေရေးဆောင်မိဖုရားထား ပြီးလျှင် 'သီရိသုပတာစန္ဒာ မဟေ'ဟူ၍ ဘွဲ့နှင်းသည်။

ယင်းသို့ နန်းရဆောင်ရမိဖုရားများအပြင် ကျန်မိဖုရားများကိုလည်း ဘွဲ့အမည် ပေးနှင်းရာ-



www.burmeseclassic.com

www.burmeseclassic.com



၁။ မိုင်းလုံမြို့စားကို သီရိကေသာမလ္လာမဟေ။
၂။ စကုမြို့စားကို သီရိနန္ဒာမလ္လာမဟေ။
၃။ မြန်အောင်မြို့စားကို သီရိသုတရတနာမဟေ။
၄။ ကာမမြို့စားကို သီရိသုမြတ်စွာမဟေ။
၅။ ရွှေကူမြို့စားကို သီရိသုရတနာဝတီ။
၆။ ခဲပေါင်မြို့စားသမီးကို သီရိသုရတနာမင်္ဂလာဝတီ။
စသည်ဖြင့် မိဖုရား (၆)ဦး ရှိလေသည်။

ညီတော်မင်းတုန်းမင်း သီရိသုမဟာဓမ္မရာဇာအား 'သီရိမဟာသီဟသူရဓမ္မရာဇာ'ဟူ၍ လည်းကောင်း။

ညီတော်ကနောင်မင်းသား သတိုးမင်းရဲကျော်စွာကို 'သီရိမဟာဓမ္မရာဇာ'ဟူ၍ လည်းကောင်း။

ဘွဲ့ပေးတော်မူပြီး လွှတ်တက်မင်းသားကြီးများ အခွင့်အာဏာ တိုးမြှင့်ပေးသည်။

အခြားသော မင်းညီမင်းသားများကိုလည်း ဘွဲ့မည်များ တိုးမြှင့်ပေးသည်။ မှူးတော် မတ်တော်ကြီးများကအစ ဗိုလ်မှူး၊ တပ်မှူး ဝန်စု ဝန်စာရေးစာချီမှစ၍ အရာထမ်း အမှုထမ်းများအား အဆင့်အတန်းတိုး၍ မြှောက်စားခြင်း၊ ဘွဲ့မည်ရည် အထိုက်အလျောက် တိုးမြှင့်ပေးမြဲအတိုင်း ပေးခဲ့သည်။

ပုဂံမင်း မင်းသားဘဝ အိမ်ရှေ့မင်းဘဝက ထမ်းရွက်ခစားကြသော တပည့်ကျေးကျွန်အများကိုလည်း မင်္ဂလာအိမ်တော်ပါတပည့်များကို နန်းတက်စဘုရင်တို့ ထုံးစံအတိုင်း ထူးထူးခြားခြား မြှောက်စားသူကောင်းပြုတော်မူပါသည်။ သည်အထဲတွင် မင်္ဂလာအိမ်တော်ပါ ကျေးတော်မျိုး၊ ကျွန်တော်မျိုး အရင်းအချာများအနက်မှ အထူးသူကောင်းပြုခံရသူမှာ ဇေဒဘာရီကုလားစပ် 'ဘိုင်စပ်'သည် ထိပ်ဆုံးကပါလာလေသည်။ သူ့နောက်တွင် မြို့စာရေး မောင်ပိန် ဖြစ်ပါသည်။ သူတို့နှစ်ဦး ပေါင်းဆုံမိသောအခါ အမရပူရနေပြည်တော်ကြီး၌ 'ခေါးအထက်ဆုံးပုဂ္ဂိုလ်' ဖြစ်လာလေသည်။

ပုဂံမင်းသည် ဘုရင်မင်းဧကရာဇ်တို့ ထုံးတမ်းအစဉ်အလာအတိုင်း ပြုမူနေထိုင်ရသည်။ တိုင်းရေးပြည်ရာတို့၌ သုံးသပ်ညှိနှိုင်း ဆွေးနွေးမှု စီရင်ခင်းစီရင်ဖွယ်ကိစ္စများကို ပြတ်သား တိကျစွာ အမိန့်တော်ထုတ်ပြန်မှုတို့ပင် ပြုငြားသော်လည်း လွှတ်တော်ထဲတွင် အိမ်ရှေ့မင်းသဖွယ် စီရင်ခင်းစီရင်ဖွယ်တို့နှင့် တိုင်းပြည်နိုင်ငံ အရေး၊ သာသနာရေးများမှာ အများအားဖြင့် မင်းတုန်းမင်းသားကြီးကသာ စီမံရွက်ဆောင်လျက်ရှိသည်။ မှူးတော်မတ်တော်များမှာလည်း မင်းတုန်းမင်းသားကြီးနှင့်သာ အများအားဖြင့် အတူတကွ တိုင်းရေးပြည်မှု ပြုစုရွက်ဆောင်ကြရသည်။

ထုံးတမ်းစဉ်လာအတိုင်း ပုဂံမင်းသည် ခမည်းတော် ရွှေဘိုမင်းတရားကြီး



www.burmeseclassic.com

www.burmeseclassic.com



နတ်ရွာစံတော်မူ၍ မင်းအဖြစ်ကို ဆက်ခံသိမ်းယူတော်မူသောနေ့မှာပင် ပုဂံမင်းသည် တရားသဖြင့် မင်းအဖြစ်သို့ ရောက်တော်မူသော အကြောင်းကို နိုင်ငံတော်အတွင်းရှိ တိုင်းနေပြည်သူ ရှင်လူအပေါင်းတို့ထံ ပြန့်နှံ့အောင် ကြားသိစေခြင်းအလို့ငှာ ပြည်သူ အပေါင်းတို့ကို ငြိမ်ဝပ်အေးမြချမ်းသာစွာနှင့် ရောင်းဝယ်ဖောက်ကား ကူးသန်းသွား လာနိုင်ကြစေခြင်း၊ နေမြဲတိုင်မြဲ အေးချမ်းသာယာစွာနေထိုင်ကြစေခြင်းငှာ စေ့နှံ့ အောင် မောင်းကြေးနင်းလှည့်လည်တီးခတ် ကြေညာစေပါသည်။

ရှေးခေတ်မှာ သတင်းစာ၊ ရေဒီယို စသည်များ မပေါ်ပေါက်မီကဖြစ်၍ တိုင်းပြည်လူထုအား မောင်းကြေးနင်း လှည့်ခြင်းဖြင့် အစိုးရပြန်တမ်းများ ထုတ်ပြန် ကြေညာလေ့ရှိခဲ့ပါသည်။

နန်းတွင်းကိစ္စများမှာလည်း ရှေးထုံးစံနှင့်အညီ ဝင်းတော်လေးမျက်နှာ ကိုယ်ရံ တော်၊ ရွှေမြို့တော်လေးမျက်နှာ၊ တံခါးဆယ့်နှစ်ရပ်၊ အစောင့်အနေ အမှုထမ်းကို လည်း ရာဇဝတ်တော်အရေး ကင်းလွတ်မြဲမြံ လုံခြုံအောင် စီရင်ခန့်ထားစောင့်ကြပ်စေ ပါသည်။

မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး ဒိုင်းမှူးအသင်းမှူးမှစ၍ အမှုထမ်းအပေါင်းတို့ကိုလည်း သစ္စာတော်ပေးမြဲ ထုံးစံအတိုင်း သစ္စာတော်ပေးကြရ လေသည်။

နိုင်ငံတော်အတွင်းရှိ ထီးရံနန်းရံစော်ဘွား၊ မြို့စား တပ်ပေါင်းစား၊ မြို့ဝန်စစ်ကဲ များကိုလည်း အသီးသီး ထုံးစံနှင့်အညီ သင့်ရာသင့်ရာတို့ကို ခန့်အပ်သစ္စာတော်ပေးမြဲ ထုံးစံ သစ္စာတော်ပေးလေသည်။

တိုင်းနိုင်ငံအတွင်း ပြည်သူလူထုအပေါင်းတို့ ငြိမ်ဝပ် ချမ်းသာစေခြင်းအကျိုးငှာ တိုင်းရေးပြည်မှုအစပြု၍ တရားစကား အရှုက်အတင်ရှိသည်များကိုလည်း ညီတော် မင်းတုန်းမင်း သီရိမဟာသီဟသူရဓမ္မရာဇာကို ဆိုခဲ့ပြီးသည့်အတိုင်း လွှတ်တော်သို့ တက်၍ စီရင်မြဲစီရင်စေရသည့်အပြင် မက္ခရာမင်းသားကြီး မဟာသီရိသုဓမ္မရာဇာကို လည်း မင်းတုန်းမင်းနှင့် လွှတ်တက်စီရင်စေရလေသည်။

ပုဂံမင်းတရားကြီးသည် မယ်တော်ဖြစ်သော ရွှေဘိုမင်းတရားကြီး၏ မိဖုရား ခေါင်ကြီးကို ခမည်းတော်မင်းတရားကြီးရှိစဉ်က ချီးမြှင့်ခဲ့သော မြို့မကျေးရွာ အဆောင်အယောင် အခမ်းအနားများနှင့်တကွ စံနေတော်မူရင်း တောင်နန်းတော် တွင် စံနေစေပါသည်။

ပုဂံမင်းတရား၏ နှမတော်အရင်းဖြစ်သော (စုဖုရားကြီး)ကို သီရိပဝရတိ လောကရတနာ မင်္ဂလာဒေဝီကိုလည်း ဇေယျာပူရတိုင်း စစ်ကိုင်းမြို့ကြီးနှင့်တကွ အညာမြစ်စဉ် ငစဉ့်ကူးမြို့၊ သာယာဝတီမြို့ဆိပ်စံရွေးကျေးရွာ ပါဒလမြို့၊ တောင်ငူမြို့



www.burmeseclassic.com

www.burmeseclassic.com



အဝင် မြို့ကျေးရွာများကို အသုံးကံကျွေးခံ၊ ထပ်မံချီးမြှင့်ပေးတော်မူပြီးလျှင် ကိုယ်တော်စား မယ်တော်မိဖုရားခေါင်ကြီး အပါးတော်၌ နေ့ရောညပါ စောင့်ရှောက် လုပ်ကျွေးပြုစုတော်မူစေသည်။

၎င်းနှမတော် စုဖုရားကြီး အသုံးကံကျွေးခံရရှိထားသော ဇေယျာပူရစစ်ကိုင်းမြို့မှ အစပြု၍ အညာအကြေရှိ မြို့ကျေးရွာများကိုလည်း နှမတော် စုဖုရားကြီး၏ ကျွန်တော်မျိုးရင်းဖြစ်သူ (မဟာသီဟမင်းထင်)ကို နှမတော်ဝန်ဟူ၍ ခန့်ထား သူကောင်းပြုတော်မူပြီးလျှင် အုပ်ချုပ်ထိန်းသိမ်းစေသည်။

ပုဂံမင်းတရား၏ မိဖုရားခေါင်ကြီးဖြစ်သူ သီရိတိလောကမဟာရတနာဒေဝီကို လည်း ပြည်မြို့၊ တောင်ငူမြို့များကို အသုံးကံကျွေးခံ ပေးတော်မူလေသည်။

ကောင်းတုံမြို့စား ဝန်ကြီးသတိုးမင်းရဲရာဇာ၊ ယောမြို့စား သတိုးမင်းကြီး မဟာ မင်းခေါင်၊ မင်းကြီးမဟာ မင်းလှကျော်ခေါင်တို့နှင့် ဝန်ထောက်မင်းကြီး မဟာသင်္ကြန် မဟာမင်းထင်စည်သူတို့ကို ဝန်ကြီးအရာ ဝန်ထောက်အရာ စားကျေးမြို့ရွာများကို ရုပ်သိမ်းနှုတ်ပိတ်လိုက်ပြီးလျှင် ထန်းတပင်မြို့စား သူရဲဝန် ဝန်ကြီးမဟာ သီဟသူ ရွှေလှံဗိုလ်၊ ညောင်အုပ်မြို့စားဝန်ကြီး မင်းကြီး မဟာမင်းခေါင်ကျော်စွာတို့ကို အဂ္ဂမဟာသေနာပတိဝန်ကြီးအရာနှင့် လွှတ်တော်သို့တက်၍ စီရင်မြဲ စီရင်စေရ သည်။

ဘကြီးတော်ဘုရား ကျွန်တော်ရင်း စစ်တောင်းမြို့စား မင်းကြီးမဟာမင်းလှ မင်းထင်၊ ရှေ့ဝင်းမှူးမင်းကြီးမဟာ မင်းခေါင်ရာဇာတို့ကိုလည်း အဂ္ဂမဟာသေနာ ပတိဝန်ကြီးများ ခန့်တော်မူသည်။

ဇွဲသဘုံးမြို့စား မဟာမင်းထင်မင်းကျော်၊ အိမ်တော်ပါ ကျွန်တော်ရင်း ရွှေတောင် သီရိကျော်သူတို့ကိုလည်း ဝန်ထောက်ခန့်ထားသည်။

အတွင်းဝန် ဇရွှံမြို့စား သတိုးမင်းကြီး မဟာမင်းလှနော်ရထာ၊ ပေါက်မြိုင်မြို့စား မင်းကြီးမင်းလှမဟာကျော်ထင်၊ ပတိမ်းမဘဲနှစ်မြို့စား မင်းကြီးမဟာမင်းလှကျော်သူ တို့ကို အတွင်းဝန်အရာနှင့် ထမ်းရွက်မြဲထမ်းရွက်စေသည်။

မင်္ဂလာအိမ်တော်ပါ ကျွန်တော်ရင်း အတွင်းဝန် ကျီဝန်မင်းကြီး မဟာသက် တော်ရှည် မင်းကြီးမဟာမင်းလှကျော်တို့ကိုလည်း အတွင်းဝန်ခန့်ထားသည်။

စလေခနေ့ဖြူမြို့စား ဝန်ကြီး၏ညီ မင်းကြီးမဟာမင်းထင်မင်းခေါင်ကျော်ကို ရှေ့ဝန်မင်း၊ မင်္ဂလာအိမ်တော်ပါ အတွင်းဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကို လက်ျာဝင်းမှူး၊ ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ ကျွန်တော်ရင်း မင်းကြီးမင်းလှ မဟာမင်းခေါင်ကို လက်ဝဲဝင်းမှူး၊ မင်းကြီး မဟာမင်းခေါင်မင်းထင်ကိုလည်း နောက်ဝင်းမှူးအရာနှင့်ပင် ထမ်းရွက်မြဲထမ်းရွက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအိမ်တော်ပါ ကျန်သော ကျေးကျွန်အမှုထမ်းများကိုလည်း အချို့ဝန်စု၊ အချို့ငန်းစု၊ အချို့မှုုးစုအဖြစ် မြို့ပြကျေးရွာအရာဌာန ရွှေငွေအဝတ်အစား ဝင်းအိမ်နေရာအသီးသီး သင့်ရာသင့်ရာ ရွေးချယ်ခန့်အပ် ချီးမြှင့်လေသည်။

တစ်မင်းပြောင်းလျှင် တစ်ကြိမ်ရာထူးဌာနန္တရများလည်း အပြောင်းအလဲ အတိုးအဆုတ် အဖြုတ်အချခံရသူတို့မှာ မင်းခယောက်ျား ကမ်းနားသစ်ပင်များသာ ဖြစ်လေသည်။

ရွှေဘိုမင်းတရားကြီးနှင့် ပုဂံမင်းတရားတို့၏ ထီးနန်းအပြောင်းအလဲသည် ခမည်းတော် နတ်ရွာစံ၍ သားတော်အိမ်ရှေ့က တရားသဖြင့် ထီးမွေနန်းမွေ ဆက်ခံခြင်းဖြစ်သောကြောင့် အေးချမ်းတည်ငြိမ်သော မင်းပြောင်းမင်းလွဲ မျိုးဖြစ်စေ အနည်းအကျဉ်းတော့ ရာထူးပြုတ်သူကျသူများ ရှိလေသေး၏။

တိုက်ခိုက်ပုန်ကန် အနိုင်ရရှိသော မင်းပြောင်းမင်းလွဲဆိုလျှင်ကား အရင်းလဲ လျှင် အဖျားထင်းဖြစ်သော သဘောသကာအတိုင်း ရာထူးဌာနစည်းစိမ်များမှ အစု အလိုက်အပြုံအလိုက် ပြုတ်ကျသူတွေ အဆမတန်ပေါ်များလှပေသည်။

ပုဂံမင်းတရားသည် ဘုရင်မင်းမြတ်အဖြစ် ထီးနန်းဆက်ခံခဲ့ရာ၌ ရှေးမင်း ကောင်းမင်းမြတ်တို့ ရရှိပိုင်ဆိုင်ခဲ့ကြမြဲဖြစ်သော ဆင်ဖြူတော်များပင် ရရှိပိုင်ဆိုင် တော်မူခဲ့ခြင်းဖြင့် ဘုန်းကံရှိသောမင်းတစ်ပါးဟူလည်း ရာဇဝင်ဆရာတို့အလိုကျ မှတ်တမ်းများ တင်နိုင်ပေသေးသည်။

အကြောင်းကား နန်းဆက်ခံသော နှစ်အတွင်းမှာပင် တကောင်းမြို့ဝန်၊ မြို့ စာရေးတို့က တကောင်းမြို့ တောတောင်နယ်မြေအတွင်း ရတနာဆင်ဖြူတော်တွေ့ မြင်ကြောင်း လျှောက်တင်သောကြောင့် အတွင်းဝန် ဝက်မစွတ်မြို့စား မင်းကြီးမင်းလှ မဟာကျော်ထင်၊ ဆင်မင်းဝန်၊ ဆင်ဝန်၊ ဝန်ထောက်၊ မြင်းစုကြီးဝန်၊ သံတော်ဆင့်တို့ကို အပါးတော်များနှင့် အညာမြစ်စဉ် မြို့ကျေးရွာကျ အမှုထမ်းတို့ကိုခန့်ထားစေ၍ ဆင်ဖြူတော်ကို ထိန်းစေခဲ့သည်။ ထို့ပြင် ဟံသာဝတီရေဝန် ပဲခူးမြို့စားက ပဲခူးမြို့ စီရင်စုတောတောင်တွင် ကျော့ဖမ်းရမိသည့် ထူးမြတ်သော မျက်လုံးဖြူပုလဲအဆင်း ဆင်တော်ကို ရွှေဖဝါးတော်အောက်သို့ လျှောက်ထားဆက်သလာလေသည်။

ဘုန်းကြီးသော မင်းမှသာ ဆင်ဖြူရတနာရမြဲဆိုသောအတိုင်း ပုဂံမင်းတရား မှာလည်း ဆင်ဖြူတော်သစ်များ ဆိုက်ရောက်သဖြင့် နန်းတွင်းသူ နန်းတွင်းသားများ အလွန်တရာ ဝမ်းမြောက်ကြကြောင်း ဆင်ဖြူတော်သိမ်းပွဲ သဘင်များကျင်းပသေး သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဘိုင်ဆပ်တို့စခန်းထခြင်း

ပုဂံမင်းတရားလက်ထက်၌ အထူးအခွင့်အရေးရပြီး အဆမတန် ကောင်းစားနေသူမှာ မင်္ဂလာအိမ်တော်ပါ "ဘိုင်ဆပ်"ဖြစ်လေသည်။

ဘိုင်ဆပ်အား ပုဂံမင်းတရားကြီးက မြို့ဝန်ရာထူး ပေးသနားချီးမြှင့်ခြင်းသည် ချီးမြှင့် လွန်ကဲသွားခြင်းတစ်ရပ် ဖြစ်လေသည်။

"ကျီးကန်းသူကောင်းမြှောက်က ချေးခြောက်ကောက်စားသည်"ဆိုသော စကားပုံအတိုင်းပင် မြို့ဝန်မင်းဖြစ်လာသော ထိုဘိုင်ဆပ်က ကျင့်သုံးသွားလေသည်။

ဘုရင်မင်းတစ်ပါး နန်းတက်လာလျှင် ရှိရင်းမင်းမှုထမ်းကြီးငယ်များ မြို့စား ဗိုလ်မှူး တပ်မှူးများနှင့် မင်းဆွေမင်းမျိုးတို့မှာ ဆိုင်ရာဆိုင်ရာ ရာထူးစည်းစိမ်များ တိုးမြှင့်မစခြင်း၊ သို့မဟုတ် ဖြုတ်ချခံရခြင်း၊ သို့မဟုတ် ရှိပြီးရာထူးဌာန အနေအထား အတိုင်းထားမြဲထားခြင်း၊ မင်းသစ်၏ အိမ်တော်ပါများ နေရာကောင်း ရာထူးစည်းစိမ်ကောင်းများရရှိသွားခြင်းစသည်တို့မှာ ရှေးဧကရာဇ်ခေတ် ပဒေသရာဇ်ခေတ်မှအစပြု၍ နှောင်းခေတ်များအထိ တွေ့ကြုံခံစားရမြဲ ဓမ္မတာအတိုင်းပင် ဖြစ်ပါသည်။

ပုဂံမင်းတရားကြီးသည် မင်းသစ် ဘုရင်သစ်အဖြစ် ခံယူရရှိပြီးနောက် တိုင်းပြည်နိုင်ငံအုပ်စိုးရသော ဘုရင်မင်းတစ်ပါး၏ ဝတ္တရားအတိုင်း တိုင်းရေးပြည်ရေး သာသနာရေးမှအစပြုလျက် ဘုရင်တစ်ပါး၌ ခံယူရမြဲတာဝန် ဝတ္တရားများကို ခံယူကျင့်သုံးခဲ့သော်လည်း ရာဇဝင်မှတ်တမ်းများအရ အုပ်ချုပ်မှု ပြည်ပဆက်ဆံမှုတို့၌ လျော့ရဲပျော့ညံ့မှုများ ရှိခဲ့လေသည်။

ထို့ကြောင့်လည်း ခမည်းတော် ရွှေဘိုမင်းတရားကြီး လက်ထက်က ငြိမ်ဝပ်လျက်ရှိသော အောက်နိုင်ငံအခြေအနေမှာ နယ်ချဲ့တို့ အင်အားက လှုပ်ရှားစပြုလာသည်။

ဤသို့ လှုပ်ရှားစပြုလာသည်မှာလည်း ရွှေဘိုမင်းတရားကြီးကို ခန့်ညားလေးစားခဲ့သလောက် သားတော် ပုဂံမင်းလက်ထက်ရောက်လာသောအခါ နယ်ချဲ့တို့သည် ဘုရင်၏ပျော့ကွက်ကို လက်ဝင်၍လျှိုနိုင်ရန် ကြံဖန်လှုပ်ရှားလာခြင်း ဖြစ်သည်။

ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ကို လက်ဝယ်ရရှိထားသော နယ်ချဲ့အင်္ဂလိပ်တို့သည် ရန္တပိုစာချုပ်အရ ရန်ကုန်မြို့မှ ဆုတ်ခွာပေးခဲ့ရခြင်းကို အလျှဉ်းမကျေနပ်ခဲ့ပေ။ ရွှေဘိုမင်းတရားလက်ထက်၌ အညွန့်မတက် အတွန့်မတက်နိုင်သော်လည်း ပုဂံမင်းလက်ထက်ရောက်သောအခါ လှုပ်ရှားစပြုလာသည်။ ရန်စမှုကလေးများကိုလည်း အားထုတ်စပြုလာသည်။

ဤအချိန်၌ နိုင်ငံခြားသားတို့ ခန့်ညားရိုသေအောင် မစွမ်းဆောင်နိုင်ရုံမက တိုင်းပြည်အုပ်ချုပ်မှုကလည်း လျော့ရဲလာပြန်သည်။ ပုဂံမင်းတရား နန်းတက်၍ တစ်နှစ်ကျော်နှစ်နှစ်ခန့်တွင် ယခင် ခမည်းတော်လက်ထက်က အပာန့်အတားအရှိန်



www.burmeseclassic.com

www.burmeseclassic.com



ဒြပ်က မကုန်သေးသော်လည်း နှစ်နှစ်က ကျော်လာသောအခါ ဇာတိရုပ်ကပြလာကြတော့သည်။

လွှတ်တော်၌ မင်းတုန်းမင်း၊ ကနောင်မင်းတို့က ဝန်ကြီးမှူးကြီးများနှင့် ခန့်ညားသေသပ်စွာ ပြည်ကြီးဝန်ကို ဆောင်လျက်ရှိကြသော်လည်း မင်းလိုလိုက် မင်းကြိုက်ဆောင်နေကြသော အိမ်တော်ပါအရာရှိတစ်သိုက်က တဖြည်းဖြည်း တွင်ကျယ်လာကြသည်။ တွင်ကျယ်လာကြသည်ဟုဆိုလျှင်ပင် လွှတ်တော်က သြဇာအာဏာတို့ကိုပင် ဝင်ရောက်စွက်ဖက်စ ပြုလာကြသည်။ တည်ကြည်ဖြောင့်မတ်သော ဝန်ကြီးမှူးကြီးတို့မှာ အာဏာမြှောင်တို့ ပေါ်ပေါက်လာမှုကြောင့်လည်း တဖြည်းဖြည်း အနှောင့်အယှက် ဖြစ်လာကြသည်။

ထို့ကြောင့် ဘုရင်မင်းတရားကို လျှောက်ထားလိုကြစေကာမူ ဘုရင်သည် 'ရာဇပဋ္ဌာန်' ဆိုသော စကားအတိုင်း အိမ်တော်ပါအာဏာရများဘက်မှ ဖေးမနေသကဲ့သို့ ရှိလာသည်။

ယင်းသို့သောအခါ မင်းတုန်းမင်းသားကြီးမှူးပြုသော လွှတ်တော်ဝန်ကြီး များသည် စိတ်ပျက်အားလျော့စရာ အခြေအနေတွေ ဖြစ်နေရှာကြရလေသည်။

အိမ်တော်ပါတို့သည် ရာဇပဋ္ဌာန်ကြောင့် ဝမ်းမြောက်အားတက်လာကြပြန်သည်။ သူတို့အိမ်တော်ပါ အဖွဲ့တစ်စုက တိုင်းပြည်ကြီးတွင် ထင်သလို ပြုကျင့်နိုင်လာ စေသကဲ့သို့ရှိသည်။ သူတို့သည် သူတို့လျှောက်သွားလိုသော မတရားလမ်းကြောင်းပေါ်မှာ အကာအဆီးပမာဖြစ်နေသော မင်းတုန်းမင်းအမှူးပြုသည့် လွှတ်တော်အရာရှိကြီးများကို တွန်းလှန်ပယ်ရှားပစ်လိုလာကြလေသည်။

ထို့ကြောင့် သူတို့အင်အားများသည်ထက်များလာစေရန် နည်းအမျိုးမျိုးနှင့် ကြံဖန်၍ လူစုကြသည်။ အချို့အရာရှိများသည် မိမိတို့ရာထူးစည်းစိမ် တည်မြဲရေးအတွက်လည်းကောင်း၊ တိုးတက်ရေးအတွက်လည်းကောင်း ရည်ရွယ်မျှော် ကိုးကာ အာဏာသာမည့်ဘက်သို့ လက်သိပ်ထိုးကျိတ်ဝင်လိုကြသည်။

အိမ်တော်ပါ အရာရှိတို့အင်အားက တစ်စတစ်စ တောင့်တင်းလာသောအခါ အထက်ပါပုဂ္ဂိုလ်တို့သည် အိမ်တော်ပါတို့၏ အသိမ်းအသွင်းကို ခံယူသွားကြလေသည်။ ထို့ကြောင့် အိမ်တော်ပါတို့အင်အားသည် တစ်နေ့တခြား ဒီရေအလား တိုးပွားလျက်ရှိသည်။

ဘုရင်တစ်လက်ထက်တွင် အဝေးမြို့ဝန်များရှိသလို မင်းနေပြည် ရွှေမြို့တော်၌လည်း ရွှေမြို့တော်ဝန်များ တစ်ယောက်မက၊ နှစ်ယောက်မက၊ ၃-၄ယောက်အထိများ ခန့်ထားသူကောင်းပြုထားလေ့ရှိကြရာမှ ပုဂံမင်းတရားလက်ထက်တွင်လည်း မြို့ဝန်ဟောင်းနှစ်ယောက်ရှိပြီး အပေါ်တွင် အိမ်တော်ပါကိုဘိုင်ဆပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အကြီးအမှူး မြို့ဝန်ကြီးထပ်၍ ခန့်အပ်သူကောင်းပြုထားလိုက်သည်။

ဤတွင် မြို့ဝန်လက်သစ်ကြီး ဘိုင်ဆပ်သည် အခြားမြို့ဝန်တို့အပေါ် ကျော်လွှား၍ တန်ခိုးအာဏာထွားလျက်ရှိသူ ဖြစ်သည်။

မြို့ဝန်လက်အောက်တွင် မြို့စာရေးဆိုသူများလည်း ရှိရသေးသည်။ ထိုမြို့စာရေးများတွင် ရွှေမြို့တော်ဝန် ဘိုင်ဆပ်က လက်သပ်မွေးယူလိုက်သော မြို့စာရေးလက်သစ်မှာ 'မောင်ပိန်' ဆိုသူ ဖြစ်လေသည်။

ယင်းမြို့စာရေးမောင်ပိန်သည် ရာထူးရခါစက သာမြင်ညောင်ည လူတစ်ယောက်မျှသာဖြစ်သော်လည်း ပုဂံမင်းနန်းစံခြောက်နှစ်အတွင်း သူဌေးကြီးဦးပိန်ဖြစ်လာခဲ့လေသည်။ 'မြို့စာရေးမင်း ဦးပိန်၊ သူဌေးမင်း ဦးပိန်' ရယ်လို့ နိုင်ငံတော်လေးရပ်မှာ ကျော်စောသတင်း အရှိန်တော်တော်ပြင်းတဲ့သူဖြစ်သည်။ အမရပူရတောင်သမန်အင်းကြီးတွင် ဖြတ်ဆောက်ထားသော တံတားကြီးသည် မြို့စာရေးသူဌေးကြီး မောင်ပိန်ဆောက်လုပ်ခဲ့သော တံတားကြီးဖြစ်၍ (ဦးပိန်တံတား)ဟု ယခုတိုင်တွင်သည်။ ဆရာမြို့ဝန်ဘိုင်ဆပ်၏အလိုကိုလည်း ချက်ဆိုလျှင် နားခွက် ကမီးတောက်အောင် အလိုက်သိသူဖြစ်လေသည်။ ငွေရပေါက်ရှာရာတွင်လည်း ထူးကဲသော ပါရမီရှင်တစ်ယောက်ဟု ဆိုလောက်ပေသည်။ ဦးပိန်ပင် သူဌေးကြီးဖြစ်နေသေးလျှင် ဦးပိန်၏ဆရာ မြို့ဝန်ဘိုင်ဆပ်မှာ ဦးပိန်ထက် အဆတစ်ရာ၊ တစ်ထောင်သာနေအောင်ဌေးသော ဇောတိကကလေးတစ်ဦးပင် ဖြစ်လာလေသည်။

မြို့ဝန်ဘိုင်ဆပ်နှင့် တပည့်ကျော် မြို့စာရေးမောင်ပိန်တို့ ငွေရှာရေးသည် အာဏာသြဇာကို တိုက်ရိုက်သုံးခြင်းလည်းရှိသည်။ အာဏာကို သွယ်ဝိုက်သော နည်းမျိုးစုံဖြင့်လည်းသုံးသည်။ သူတို့သည် တုတ်တစ်ချက်တည်း နှင့် သားကောင်သုံးလေးကောင်ရအောင်ဖမ်းသော အာဏာသုံးနည်းကိုလည်း ကောင်းမွန်စွာ ဆည်းပူးမိကြလေသည်။

ကေသရာဇာခြင်္သေ့မင်းသည် ဆင်ပြောင်ကြီးကို ဖမ်းသောအခါတွင်လည်းကောင်း၊ ယုန်သူငယ်ကလေးကို ဖမ်းသောအခါတွင်လည်းကောင်း မိမိခွန်အားကို အလုံးစုံ အားထုတ်သကဲ့သို့ မြို့တော်ဝန်ဘိုင်ဆပ်သည် အာဏာတစ်ကြိမ်သုံးလျှင် ကိစ္စလေးငါးမျိုး ပြီးစီးစေသည်။ လွှတ်တော်ကြီးသို့ ရောက်နေသော အမှုအခင်းကြီးမှအစပြု၍ အရပ်ထဲရန်ဖြစ်သော အမှုသေးကလေးများအထိ မိမိ၏ ငွေအိတ်ကိုလည်းကောင်း၊ အာဏာအိတ်ကိုလည်းကောင်း ဖောင်းသည်ထက် ဖောင်းကြွလာစေပါသည်။ တန်ခိုးအာဏာကိုလည်း တိုးသည်ထက် တိုးပွားလာစေသည်။ တပည့်တပန်း မိုက်ကန်းကန်းအကောင်တွေလည်း သစ္စာခံသထက်ခံလာကြကုန်သည်။ အရာရှိပိုင်းကလည်း ကျိုးနွံကိုင်းရှိုင်းလာကြစေပြန်သည်။ ဘုရင်မင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းလိုလိုက် မင်းကြိုက်ဆောင်တတ်သော သစ္စာရှိကျေးရင်းကျွန်ယုံတစ်ယောက်ဟူ၍ အသိအမှတ်ပြုသထက် ပြုလာစေသည်။

ဤသည်ကို အကျိုးတရားကြီးငါးပါးနှင့် ပြည့်စုံသောအမှုကို ပြုလေတိုင်းပြုလေတိုင်းသော အမှုကြီးငယ်တို့အပေါ်တွင် တစ်ချက်ခုတ် ငါးချက်ပြတ်သည့် စနစ်ကို သုံးစွဲခဲ့သူဖြစ်သည်။ ဥပမာ ပုဂံမင်းတရားကြီးသည် ဘုရင်မင်းအဖြစ်ရောက်နေတော်မူသော်လည်း ငယ်စဉ်အခါကပါလာခဲ့သော ဝါသနာတော်ကို မစွန့်ပယ်နိုင်ခဲ့ပါပေ။ ချိုးကလေးတွေ၊ ခါကလေးတွေ၊ ကြက်ငယ်ငှက်ငယ်ကလေးတွေကို မွေးမြူရာ၌ ဝါသနာအထုံ မကုန်နိုင်အောင် ရှိတော်မူလေရာ ဒါကလေးတစ်ခုကို အရင်းပြု၍ ကြီးပွားလာခဲ့သူ မြို့ဝန်မင်း ဘိုင်ဆပ်ကလည်း ချိုးခါကြက်ငှက်ကိစ္စဘက်က နည်းနည်းမှ မလစ်လပ်ရလေအောင် အကျိုးတော်ဆောင် အမှုတော်ထမ်းလျက် ရှိသည်။

'ရှင်ဘုရင်ပုဆိုး ပိုးချည်းပဲ”ဆိုသလို ဘုရင်မင်းမြတ်မွေးမြူထားသော ချိုး၊ ခါစသော တိရစ္ဆာန်ငှက်ဥယျာဉ်ကြီးမှာ ကြီးပွားချင်တိုင်းကြီးပွားနေပါသည်။

ငှက်ဥယျာဉ်၌ အမှုထမ်းနေသော အမှုထမ်းများကလည်း အဖွဲ့အစည်းကြီးတစ်ခု ဖြစ်လာခဲ့ပါသည်။ သည်အဖွဲ့သည် အလွန်တွင်ကျယ်ပြီး တန်ခိုးလည်းကြီးပါသည်။

ချိုး ခါများ အစာစားဖို့ ကျွေးမွေးရသော ရိက္ခာများကလည်း အမျိုးမျိုးဖြစ် သည်။ လတ်ဆတ်သော မြေဇာမြက်ညွန့်ကလေးများ၊ နှမ်းစေ့များ၊ လူး ဆတ် ပြောင်းစေ့၊ စပါးစေ့စသော အစေ့များမှာ ကျီတော်များနှင့်အပြည့် အမြဲဖြည့်တင်း စုဆောင်းထားရသည်။

ထိုအစားအစာများသည် ချိုးတို့ ခါတို့ ကြက်ငှက်တို့အဖို့ နေ့စဉ်ထာဝရ စားသုံးကျွေးမွေးရသော ပင်မအစာအာဟာရတွေ ဖြစ်သည်။ ထိုအစာများအပြင် အထူးကျွေးမွေးရသော ပိုးကောင်မွှားကောင်အစာမျိုးကိုလည်း အမှုထမ်းတို့က ရှာဖွေပေးကြရလေသေးသည်။

ချိုး ခါ ကြက် ငှက်စသော သတ္တဝါတို့သည် မြေပိုး မြေမွှား သတ္တဝါငယ်ကလေးများကို မြေတွင်ခြေနှင့်ယက်၍ဖြစ်စေ၊ နှုတ်သီးဖြင့်ပေါက်၍ဖြစ်စေ ရှာဖွေစားတတ်သည်။ ခြ ပလူ ပရွက်ဆိတ်များကိုလည်း အလွန်နှစ်သက်ကြမြဲဖြစ်သည်။ သူတို့ အနှစ်သက်ဆုံးကား မြေပိုးမြေမွှားအပါအဝင် မြေခွေးဆိုသော အကောင်ငယ်တစ်မျိုးဖြစ်သည်။ ချိုးနှင့်ခါသည် မြေခွေးတစ်ကောင်စားရလျှင် အသက်တစ်နှစ်ပိုရှည်အောင် ကျန်းမာလာသည်ဟု အဆိုရှိသည်။

ယင်းမြေခွေးဆိုသည့် သတ္တဝါသည် ခြေလေးချောင်းရှိသော မြေခွေးမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပုရစ်ကဲ့သို့ မြေတွင်းအောင်း သတ္တဝါငယ်တစ်မျိုးဖြစ်သည်။ အရွယ်မှာလည်း ပရစ်ငယ်လောက်သာရှိ၍ အကောင်မပေါက်သော သတ္တဝါတစ်မျိုးဖြစ်သည် မြေပွပွ ထဲမှာ တွင်းပြု၍ နေလေ့ရှိပါသည်။ သည်မြေခွေးကောင်ငယ်အား မြေကို တူးယူရှာဖွေရလေသည်။

ငှက်ဥယျာဉ်အုပ်ကြီး ရွှေမြို့တော်ဝန်ဘိုင်ဆပ်သည် သူ၏ တပည့်များကို မြေခွေးတူးခိုင်းလေ့ရှိသည်။ မြေခွေး တူးယူရှာဖွေရာ၌ မြို့ပြင်ဘက် လွတ်လပ်ရာမြေတွင် မရှာရပါ။ မြို့ထဲ ရပ်ထဲမှာပဲ ရှာဖွေတူးယူစေသည်။ အမရပူရ မြို့တွင်းရှိ ဆင်းရဲသား ကျွန်တော်မျိုးတို့သည်လည်းကောင်း၊ အရာထမ်း အမှုထမ်းတို့သည် လည်းကောင်း၊ မိမိတို့ အိုးအိမ်ခြံမြေများအတွင်းသို့ မြေခွေးတူးယူလာသူ မင်းမှုထမ်း ငှက်ဥယျာဉ်လုလင်များအား တားဆီးပိတ်ပင်နိုင်ခွင့် မရှိပေ။

အဘယ်ကြောင့်ဆိုသော် ဘုရင်မင်းမြတ်က အမြတ်တနိုး မွေးမြူထားသော ချိုးတော်၊ ခါတော်၊ ငှက်တော်များစားရန် ၎င်းချိုးတော် ငှက်တော်တို့ အလွန် ကြိုက်နှစ်သက်သော မြေခွေးကောင်တူးဖို့လာခြင်းကြောင့် ဖြစ်သည်။ တားလျှင် မင်းအာဏာကို ခုခံသူဖြစ်သည်။ ထို့ကြောင့် မည်သူမျှမတားဝံ့ကြဘဲ မိမိတို့ခြံထဲ အိမ်အောက်ထဲများသို့ မြေခွေးလာတူးလျှင် ကြည်သာဖော်ရွေစွာ လက်ခံခွင့်ပြုရလေသည်။

ထို့ကြောင့် ရွှေမြို့တော်အတွင်းရှိသမျှ အိုးအိမ်ခြံမြေများသည် မင်းလုလင်တို့ မြေခွေးတူးရန်နေရာတွေ ဖြစ်နေသည်။ မြေများတူးဆွသွားလျှင်လည်း မြေခွေး ကောင်ရသည် မရသည်မသိ၊ ခြံမြေများမှာတော့ မြေလှန်ပြီး ဖြစ်သွားတော့သည်။

အချို့အိမ်ရှင်များသည် ရွှေမြို့တော်ဝန်တပည့် ငှက်တော်ထိန်း မင်းလုလင် များအား မိမိတို့အိမ်ဝိုင်းအတွင်း မြေခွေးအတူးမခံလိုပါက လာဘ်ထိုးကြရသည်။ လာဘ်ထိုးလျှင် မင်းလုလင်တို့က မတူးကြတော့ဘဲ တခြားအိမ်ခြံဘက်သို့ ဆက်လက် ထွက်ခွာသွားလေသည်။ ဟိုရောက်တော့လည်း လာဘ်ပေးမှုအပေါ် မူတည်ပြီး အခြားအိမ်ဘက်သို့ ဆက်လက်ထွက်ခွာသွားသည်။ အကယ်၍ လာဘ်မရပါက တစ်ခြံလုံး အိမ်အောက်တစ်ထပ်လုံး ပွစာကြဲသွားအောင် မြေခွေးတူးကြရှာကြ လေသည်။ မတော်တဆ မြေခွေးမရဘဲ ရွှေအိုးငွေအိုးများရလျှင်လည်း အိမ်ရှင်နှင့် မဆိုင် သူတို့အပြီးအပိုင် သိမ်းယူသွားကြလေတော့သည်။

ထိုခေတ် ထိုအချိန်က ပစ္စည်းဥစ္စာ အတော်အသင့် ရှိသူများသည် မိမိတို့ပိုင် ရွှေငွေများကို အိုးငယ်နှင့်ထည့်၍ မြေ၌မြှုပ်ထားသိမ်းဆည်းလေ့ရှိပါသည်။ ယခုခေတ်ကဲ့သို့ ဘဏ်တိုက်လည်းမရှိ၊ မီးဘေးအန္တရာယ်ကလည်း အလွန်ကြီး လေတော့ ပစ္စည်းများကို မြေမှာအမြဲမြှုပ် ထားလေ့ရှိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို သိနေသော ရွှေမြို့တော်ဝန် ဘိုင်ဆပ်နှင့် တပည့်မင်းလုလင်တို့သည် ဘုရားဖူးရင်း လိပ်ဥတူးကြပါသည်။ မြေခွေးရှာရန်ဟုနာမည်တပ်ပြီး သူတစ်ပါး၏ ချွေးနည်းစာ မြေမြှုပ်ထားသော ရွှေငွေပစ္စည်းဥစ္စာများကို လိုက်လံရှာဖွေ တူးယူနေကြခြင်း ဖြစ်သည်။

မိမိတို့ခြံကိုမတူးရန် လာဘ်ပေးသူများကို လာဘ်ယူသော်လည်း ပစ္စည်းရှိပုံမရသူများအပေါ်မှာသာ ယူပါသည်။ တကယ်တမ်း ရွှေအိုးငွေအိုး မြှုပ်နိုင်သူများနှင့်တွေ့လျှင်တော့ လာဘ်ပေးသော်လည်း မယူတော့ဘဲ အတင်းဝင်ပြီး တူးတော့သည်။ ရွှေအိုးငွေအိုးများပေါ်လာလျှင် ပစ္စည်းရှင်ကို မျက်ရည်စက်လက်ထားခဲ့ပြီး ယူငင်သိမ်းဆည်းသွားတတ်ကြပါသည်။

ပြီးတော့ ကိုယ်ပိုင်လျှို့ဝှက် အထောက်တော်များကိုလည်း မြို့ဝန်မင်းဘိုင်ဆပ်ကထား၍ မည်သူပစ္စည်းမည်မျှ ချမ်းသာနေကြောင်းကို စုံစမ်းပြီး လျှို့ဝှက်စာရင်းသွင်းထားရပါသည်။ မြို့စာရေးမောင်ပိန်သည် မြို့ထဲအိမ်ပေါက်စေ့ကြည့်ပြီး အိမ်များခြံများ၌ မည်သူမည်မျှ ချမ်းသာကြွယ်ဝကြောင်း ကောင်းကောင်းကြီး သိနေသူဖြစ်ပါသည်။

မြို့စာရေး ဦးပိန်ထံမှ လျှို့ဝှက်စာရင်းပေးထားသော အိမ်များကို မြေခွေးရှာရန်မြေလှန် တူးဆွကြသည်။ ရသမျှ ရွှေအိုးငွေအိုးများကို သိမ်းကြုံးယူငင်သွားပြီး လေးပုံပုံပါသည်။ နှစ်ပုံက မြို့ဝန်ဘိုင်ဆပ်၊ တစ်ပုံက မြို့စာရေး မောင်ပိန်၊ ကျန်တစ်ပုံက ငှက်တော်ထိန်း မင်းလုလင်များ ဝေယူကြရပါသည်။ ဤနည်းသည် မြို့ဝန်ဘိုင်ဆပ်အတွက် ချိုးငှက်၊ ခါငှက်တို့အပေါ်မှ အမြတ်ထွက်လာစေသော နည်းတစ်မျိုးသာ ဖြစ်ပါသေးသည်။

အခြားနည်းများမှာ မိန်းမပျိုလှလှကလေးများကို ခေါ်ယူဖျက်ဆီးပစ်ခြင်း၊ မဖျက်ဆီးလိုက ရှိသမျှရွှေတို ရွှေစတွေ စုပုံပေးပြီး ဝေးရာသို့ ပြေးရခြင်း၊ ပိုက်ဆံကြေးငွေချမ်းသာသူများထံမှ ငွေကြေးရနိုင်ရန် ဗျူရိုကရက်ခေတ်က ဘိန်းပစ်ဖမ်းသောနည်းမျိုးကိုသုံးစွဲ၍ ငွေရှာ ငွေညှစ်ခြင်း၊ (၁၂)မှုမင်းတိုင်းမှာ လိုတာထက်ပိုမိုစွာ ညှင်းပန်းယူငင် အမြတ်ထုတ်ခြင်း၊ လွှတ်တော်ရောက် အမှုအခင်းကြီးများကိုလည်း ကြားဝင်လုပ်ယူပြီး မှူးကြီး မတ်ကြီးတို့အပေါ်တွင် သြဇာပေး၍ သူခိုင်းသလို အမှုစီရင်ပေးစေခြင်း၊ သူ၏ သြဇာမနာခံဘဲ အမှုမှန်ဖြစ်စေခဲ့သော အရာရှိမှူးမတ်ဆိုလျှင် အလုပ်ပြုတ်လျှင်ပြုတ် အဝေးဝန်အဖြစ်နှင့် ပြေးရသူပြေးရ၊ ရာထူးအဆင့်ကျလျှင်ကျ ဖြစ်ကြရလေသည်။

သူသြဇာမပေးဝံ့အောင် ကြောက်ရွံ့ခန့်ညားရသော ထိပ်တန်းအရာရှိ မင်းကြီးဝန်ကြီးများကိုမူ ထွက်လို့ဝင်လို့ကောင်းအောင် လက်ဆောင်ပဏ္ဏာနှင့် ချဉ်းကပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းကျကျ ပေါင်းသင်းခယမ်းပြီးမှ ဆန္ဒဂတိလိုက်ပါရသည်အထိ သွေးဆောင် စုစည်းခြင်း ပြုလေ့ရှိ၏။

ထို့ကြောင့် အမှုအခင်းကြုံကြိုက်ရသော ပြည်သူ လူပါးလူနပ်များသည် အမှုအခင်းကို ရုံးတော်လွှတ်တော်သို့ မရောက်ခင် မြို့ဝန်ဘိုင်ဆပ်ထံဝင်၍ လက်ဆောင်တံစိုးထိုး၍ အနိုင်ရလေအောင် ကြံဆောင်ကြလေသည်။

အချို့ အမြော်အမြင်ရှိသူများသည်လည်း မိမိတို့၌ ဘာအမှုအပြစ်မှ ရှိသူမဟုတ်ပါပြားလည်း ဘိုင်ဆပ်ထံသွား၍ မျက်နှာချိုသွေးထားရလေသည်။ စားဦးစားဖျား လက်ဆောင်ပဏ္ဏာများပို့ကာ မျက်နှာနာအောင် ပေါင်းထားရလေသည်။

အရာရှိမင်းမှုထမ်းအချင်းချင်းလည်း အဆင်းတွန်း၍ အမှုအပေါက် ရှာကြံတတ်ခြင်းကြောင့် သူ့အရိပ်သူ့အကဲကို အမြဲကြည့်ပေါင်းနေကြရ၏။

ဘိုင်ဆပ်သည် မြို့တော်နေပြည်တော်အတွင်းတွင်လည်းကောင်း၊ လွှတ်တော်ရုံးတော်၌ လည်းကောင်း၊ မတရားအာဏာစက် ဖြန့်ရုံသာမက၊ နန်းတော်အိမ်တော် အဆောင်တော်တွင်းသို့ပင် သူ၏အာဏာစက်စူးဝင်အောင် တန်ခိုးပြလာလေသည်။ ထို့ကြောင့် နန်းတော်သူ နန်းတော်သားများကလည်း သူ့အား တစိမ့်စိမ့်အကြောက်များလာခဲ့လေသည်။

ဤသို့ မြို့ဝန်ဘိုင်ဆပ် တန်ခိုးထွား၍ မတရားမှုများ အပြုအလုပ်များလာသော အခါ ဖြောင့်မှန်သော ဝန်ကြီးများ၊ မှူးတော်မတ်တော်များသည် သိလျက်သားနှင့် ရင်မဆိုင် နိုင်သေးဘဲ အံခဲ၍ ခံနေကြရသေးသည်။ အချို့ကလည်း 'ခွေးရူးကောင်းစား တစ်မွန်းတည့်' သဘောမျိုးထားကာ ဘိုင်ဆပ်ခလုပ်တိုက်၍လဲမည့်နေ့ကိုသာ ကြိတ်မှိတ်မျှော်မှန်းရင်း စောင့်စားနေကြရလေသည်။

ပုဂံမင်းတရားကြီးသည် ဘိုင်ဆပ်အား အထူးမျက်နှာသာပေးထားသည့်အတွက်လည်း ဝန်ကြီးတံတိုင်းကြီးများက အမှုသွားအမှန်ကိုတင်ရန် လျှောက်ထားရန် ခက်ခဲနေကြရခြင်း ဖြစ်လေသည်။

နေမြင့်လေ အရှူးရင့်လေဆိုသည့်စကားအတိုင်း တော်ဖြောင့်သူဝန်ကြီးမှူးကြီး တို့က ပုဂံမင်းတရားကြီးသိအောင် လျှောက်တင်ရန်ခက်၍ နေ့ရက်ကြန့်ကြာနေလေ မြို့ဝန်ဘိုင်ဆပ်၏ မတရားမှုပြုလုပ်အား ကောင်းချင်တိုင်း ကောင်းနေလေတော့ သည်။

မြို့ဝန်ဘိုင်ဆပ်ကို မနှစ်မြို့သူတစ်စုတို့သည် အချင်းချင်းတွေ့ဆုံသည့်အခါများ တွင် ပုဂံမင်းတရားကြီး ရွှေနားတော်ကြားရန် မည်သို့ကြံစည်ရမည်ကို တိုးတိုးတိတ် တိတ်တိုင်ပင်မိကြသည်။ ဇွတ်အတင်းအရဲကိုး၍ တင်လျှောက်ရန်မှာလည်း မင်းတရားကြီးက သူ၏အိမ်တော်ပါတပည့် ဘိုင်ဆပ်အား ချီးမြှောက်သူကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြုထားခြင်းကို မနာလို၍ လျှောက်တင်သည်ဟု ထင်မှတ်တော်မူလိုက်မည်ကိုကား များစွာကြောက်ရွံ့၍ လျှောက်ထားရန် နောက်တွန့်သွားကြရပြန်လေသည်။

အချို့က ပုဂံမင်း၏ မယ်တော်မိဖုရားကြီးအား လျှောက်တင်၍ မိဖုရားကြီးမှ တစ်ဆင့် သတိပေးစေချင်သော ဆန္ဒရှိကြသည်။ ထို့ကြောင့် မယ်တော်မိဖုရားကြီးအား ချဉ်းကပ်ကာ အဖြစ်အပျက်အခက်အခဲများကို တီးတိုးလျှောက်ထားကြသည်။

မယ်တော်မိဖုရားကြီးသည်လည်း မြို့ဝန်မင်းဘိုင်ဆပ် ဘုန်းတောက်နေပုံ၊ မြို့စာရေးမောင်ပိန်ကပါ နောက်ခြေကြွဖြစ်ပုံများကို ကြားသိတန်သလောက်ကြားသိတော်မူပြီးလည်းဖြစ်နေသောကြောင့် သားတော်နှင့်တွေ့တော်မူသောအခါ ဘိုင်ဆပ်အကြောင်း သတိပေးတော်မူပါသည်။

သို့သော် ပုဂံမင်းတရားက အယုံအကြည်မရှိပါ။ 'အလကားပါ မယ်တော်ဘုရား ငဘိုင်ဆပ်ကို မနာလိုသူတွေ တယ်လို့များနေပါသည်' ဟူ၍သာ မိန့်တော်မူလိုက်လေသည်။

ယင်းသို့ မယ်တော်မိဖုရားကြီးနှင့် မအောင်မြင်သောအခါမှ နှမတော်စုဖုရားကြီးထံ ဝင်၍ နှီးနှောတိုင်ပင်ကြရပြန်သည်။

သို့သော် နှမတော်စုဖုရားကြီးအား မောင်တော် ပုဂံမင်းတရားကြီးက နှမတော်အရင်းတစ်ဦးအဖြစ်နှင့် ဘုရင်ဖြစ်ခါမှ မြို့ရွာကျေးစားများ တိုးတက်ပေးသနားမြှောက်စားတော်မူထားသည်ကားမှန်ပါ၏။ ထိုမှတစ်ပါး အခြားအခွင့်အရေးအာဏာမရှိပါလေ။ ထိုမှတစ်ပါး စုဖုရားကြီး၏ အဆောင်တော်တွင် တာဝန်ယူ၍ ပြုစုစောင့်ရှောက်ထားရသော ညီမတော် ၂-ပါး ဖြစ်သူ ရာဇဝတ်တော်နှင့် ကွယ်လွန်ရှာသော အနောက်နန်း မိဖုရားမမြကလေး၏ ကျန်ရစ်သော သမီးတော်ကလေး လှိုင်ထိပ်ခေါင်တင်အားလည်းကောင်း၊ ရာဇဝတ်တော်နှင့် ကွယ်လွန်ခဲ့ရသူ နန်းမတော်မယ်နု၏ သမီးတော် စုဖုရား (ဆင်ဖြူမရှင်)တို့က ရှိနေသေးသည်။

ပုဂံမင်းတရား၏ နှမတော်အရင်းဖြစ်ခြင်းကြောင့်သာ ဆင်ဖြူမရှင်နှင့် လှိုင်ထိပ်ခေါင်တင်တို့ကို ခေါ်ယူစောင့်ရှောက်ထားဝံ့ခြင်း ဖြစ်သည်။ အခြားသူသာဆိုလျှင် ရာဇဝတ်သင့်သူ၏ သားသမီးများကို ဘယ်လိုပင် ကရုဏာရှိစေကာမူခေါ်ယူ ပြုစုစောင့်ရှောက်ထားဝံ့ကြမည် မဟုတ်ပါပေ။

နှမအရင်းဖြစ်၍ ကြည့်လို့နေသည်ဟု မှတ်ယူကြသည်။ တစ်ကြောင်းလည်း ပုဂံမင်း တရားကြီး ဘုရင်မင်းအဖြစ် နန်းတက်စဉ်က ဆွေတော်မျိုးတော်များကို အသီးသီး ရာထူးစား ကျေးမြို့ရွာများနှင့် ဘွဲ့မည်ရည်များ ပေးသနားတော်မူခဲ့ရာ အခြားသူတွေ အသီးသီး အထိုက်အလျောက် တိုးတက်ရရှိခဲ့ကြသော်လည်း ဆင်ဖြူမရှင်နှင့် လှိုင်ထိပ်ခေါင်တင်တို့မှာ တိုးတက်ပေးသနားရာ၌ စာရင်းမပါပါ။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ထိပ်ထားမှာ သူ၏ခမည်းတော် ရွှေဘိုမင်းက ပေးသနားခဲ့ဖူးသော လှိုင်မြို့စား အတိုင်းသာ ရှိနေပါသည်။ ဒါတွေကို ထောက်ထားခြင်းအားဖြင့် ပုဂံမင်းတရားသည် ဆင်ဖြူမရှင်၊ စုဖုရားနှင့် လှိုင်ထိပ်ထားတို့အပေါ်တွင် အာရုံဝင်စားတော်မူခြင်း မရှိကြောင်း သိသာထင်ရှားပါသည်။ (ဆင်ဖြူမရှင်)ဟူသောအခေါ်သည် ထိုစဉ်က မရှိသေးပါ။ သို့ရာတွင် စုဖုရားကြီးနှင့် ရှုပ်ထွေးနေမည်စိုးသောကြောင့် (ဆင်ဖြူမရှင်) စုဖုရားဟူ၍ ရေးသားရခြင်း ဖြစ်ပါသည်။

ယင်းသို့သော အကြောင်းအရာများကြောင့် နှမတော်စုဖုရားကြီးသည် မောင်တော်ပုဂံမင်းအား မှူးတော်မတ်တော်ကြီးများကိုယ်စား ဘိုင်ဆပ်၏အကြောင်း များကို ပြောဆိုသတိပေးရန် အရိပ်အဆင်ကြည့်၍သာနေရသည်။ ရုတ်တရက် မလျှောက်တင်သေးဘဲ နေသည်။ တစ်နည်းအားဖြင့်လည်း ပုဂံမင်းတရားကြီးသည် ဘိုင်ဆပ်မှဘိုင်ဆပ်ဖြစ်ကာ သဒ္ဓါတော်မူလွန်းခြင်း၊ အရေးပါလွန်းခြင်း၊ မျက်နှာသာ ပေးတော်မူလွန်းခြင်းများကို မြင်နေရသောကြောင့်လည်း မယ်တော်သတိပေးစဉ်က နည်းတူ သူ၏အိမ်တော်ပါ ငယ်ကျွန်ကြီး ဘုန်းကြီးကောင်းစားနေခြင်းကို မနာလိုကြ ဘူးဆိုသော အမြေမျိုးနှင့် တပ်ဆုတ်လာရဟန်ကို နှမတော် စုဖုရားကြီးက မလိုလား ပေ။

ယင်းသို့လျှင် မြို့ဝန်ဘိုင်ဆပ်ကို မလိုလားနိုင်ကြသော လူတန်းစားများသည် တစ်စထက်တစ်စ တိုးတက်များပြားလာခဲ့လေသည်။ 'မြို့ဝန်မင်းဘုန်းတောက်တော့ ပါနောက်ကခြေကွသည်'ဆိုသောစကားအတိုင်း မြို့စာရေးမောင်ပိန်ကလည်း အငြိမ် မနေ ခြေကွပြီး အနည်းနည်းနှင့် ငွေရလမ်းဖွင့်နေလေသည်။

ဘုရင်မင်းမြတ်က စေခိုင်းသမျှ အမှုကိစ္စတို့ကို သူ့လက်ကသာ လက်ဝါးကြီးအုပ် ၍ အမြတ်ထုတ်လေတော့သည်။

ဘုရင်မင်းက ကျောင်းဆောက်ခြင်း၊ ဘုရားတည်ခြင်း၊ အလှူတော်ပေးခြင်း၊ နန်းတွင်းအိမ်တော် အဆောင်တော်များ တိုးချဲ့ဆောက်လုပ်ခြင်းစသော အလုပ် အဆောင်များကို ဆိုင်ရာပန်းတဉ်းဝန် နန်းကံကျွေးဝန် စသူတို့အပေါ်မှ ကျော်လွှား ၍ လက်ဝါးကြီးအုပ်ပြီး ပစ္စည်းအသုံး အလုပ်အဆောင်စီမံရာတို့၌ ရှေးခေတ်အမြတ် ကြီးစားတစ်ဦးဖြစ်သည့် အားလျော်စွာ ဦးပိန်က မျက်လုံးကျယ်ကျယ်ဖွင့်၍ စားသည်။ လက်တံရှည်ရှည်နှိုက်၍ စားသည်။ မိမိဌာနနှင့် ဆိုင်သည်မဆိုင်သည် အမှုမထား ဗျောသံကြားနှင့် တရားနာသည်။ ယနေ့ တွေ့မြင်နေရသေးသော အမရပူရမြို့ရှိ တောင်သမန်အင်းကြီးကိုဖြတ်ဆောက်ထားသည့် သစ်သား တံတားကြီးသည် ဦးပိန်ဆောက်သောတံတားကြီးဖြစ်၍ 'ဦးပိန်တံတား'ဟု ထင်ရှား ကျော်ကြားနေသည်။ အချို့က သည်တံတားကြီးကို သူဌေးဦးပိန်က သူ့ပိုက်ဆံနှင့်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်လှူဒါန်းထားသည်ဟု အထင်ရှိခဲ့ကြသေးသည်။ စင်စစ်တော့ ပုဂံမင်းကောင်းမှုသာ ဖြစ်သည်။ အင်းဝမြို့ဘကြီးတော်ဘုရား နန်းစံစဉ်ကဆောက်လုပ်စံမြန်းတော်မူခဲ့သော အလွန်တရာကြီးကျယ်ခမ်းနားသော နန်းတော်ကြီးဖြစ်၍ ထိုခေတ်က 'ဖန်နန်းရှင်'ဟူသော အမည်ဝိသေသကိုပင် ရရှိခဲ့သည်။ ထိုကြီးကျယ်ခမ်းနားသော နန်းတော်ဟောင်းကြီးကို ဖျက်ယူသယ်ဆောင်ပြီး ဤတံတားကြီးကို ဆောက်လုပ်ခြင်းဖြစ်သည်။ ကျွန်းသားတိုင်ပေါင်းပင် တစ်ထောင်ကျော်သည်။ ကျွန်းသားကြမ်းခင်းပျဉ်ကြီးများမှာ ထုလေးလက်မခန့်ရှိသည်။ တောင်သမန်အင်းကြီးကို ဖြတ်ဆောက်ထားသော တံတားကြီးဖြစ်၍ အလွန်ရှည်လျားသည်။ မြန်မာပြည်ရှိ သစ်သားတံတားထဲတွင်ဖြင့် ယနေ့အထိ ဦးပိန်တံတားကြီးက အရှည်လျားဆုံး ဖြစ်နေသည်။

ရှေးအခါက ပုံခိုင်းစရာရှိလျှင် 'မင်းဟာက ရှည်လိုက်တာကွယ် ဦးပိန်တံတားကြီးကျနေတာပဲ'ဟူ၍ ဥပမာတင်စားပြောလေ့ရှိကြပါသည်။ ဤတံတားကြီးကို ဆောက်ချင်တော့ ဦးပိန်က ဉာဏ်ဆင်သည်။ ဆရာ မြို့ဝန်ဘိုင်ဆပ်ကိုချဉ်းကပ်၍ တိုင်းသူပြည်သားများ အသွားအလာ လွယ်ကူသက်သာလေအောင် ဟိုတစ်ဖက်မှ ဘိုးတော်ဘုရားကောင်းမှုတော် ကျောက်တော်ကြီးဘုရားနှင့် သည်တစ်ဖက်က ဘကြီးတော်ကောင်းမှုပုထိုးတော်ကြီး ဘုရားကိုလည်း တံတားဖြင့် တစ်ဆက်တည်း သွားလာဖူးမြော်နိုင်ကြစေရန် ဤတောင်သမန်အင်းကြီးအား တံတားကြီးတစ်ခုဖြတ်၍ ဆောက်ထားရလျှင် အင်မတန်သင့်လျော် လျောက်ပတ်ပါမည်ဘုရား ဟု ပုဂံမင်းတရားကြီးအား တင်လျှောက်ရန် အကြံဉာဏ်ပေးလေသည်။

သည်တွင် ကိုဘိုင်ဆပ်ကလည်း လာဘ်မြင်သည်နှင့် ဘုရင်မင်းကို လျှောက်တင်လေရာ ဆောက်လုပ်စေအမိန့်ကျလာသည်။ ဤတွင် ဦးပိန်တို့ မျက်စိကျနေသော အင်းဝက နန်းတော်ဟောင်းကြီးကို ဒီအတိုင်းပစ်ထားမည့်အစား ကုသိုလ်တရားတိုးတက်ပွားများလေအောင် နန်းတော်ဟောင်းကြီးမှ ကျွန်းတိုင်ကျွန်းသားများဖျက်ယူပြီး တံတားကြီးဆောက်ရာ၌ နန်းတော်ကြီးက သစ်၊ ပျဉ်များကို အသုံးပြုလိုကြောင်း ခွင့်တောင်းပြန်သည်။ ဘုရင့်ထံမှ 'ဖျက်စေ'ဟူသော အမိန့်အရ ဦးပိန်က နန်းတော်ဟောင်းကြီးကို တပည့်လက်သား စုံလင်စွာနှင့် တစ်တိုတစ်စမျှမကျန်ရလေအောင် နန်းတော်ကြီးကို ဖျက်ဆီးသယ်ဆောင်ကြလေသည်။

တံတားကြီးအတွက် သုံးသောကျွန်းတိုင်၊ ကျွန်းကြမ်းခင်းများမှတစ်ပါး ကျန်ပစ္စည်းအားလုံးသည် သူဌေးဦးပိန်က ဘုဥ္ဈာဟီဘုံးလေတော့၏။

ဤတွင် ဖန်နန်းရှင်အမည်ခံ ဘကြီးတော်မင်း၏ အင်းဝနန်းတော်ဟောင်းကြီးသည် စုတေစိတ်ကျပြီး တောင်သမန်အင်းကြီးမှ သစ်သားတံတား (ဝါ) ဦးပိန်



www.burmeseclassic.com

www.burmeseclassic.com



တံတားကြီးအဖြစ်နှင့် ယနေ့တိုင် မမေ့နိုင်အောင်တည်ရှိလျက်နေပါသည်။

ဖန်နန်းရှင်အမည်ခံထိုက်အောင် သိုက်မြိုက်ခမ်းနားသော နန်းတော်ကြီးတွင် နန်းဦး ပြာသာဒ်ဆောင်နှင့် ရာဇပလ္လင်တော်တည်ရှိရာ သီဟာသနအဆောင်ကြီး၌ စိုက်ထူအပ်သော လူနှစ်ဖက်စာရှိ ကျွန်းတိုင်ကြီးများသည် အလွန်ရှည်၍ မော့ကြည့်လိုက်လျှင် ခေါင်းပေါင်းပြုတ်ကျ ရစမြဲဖြစ်သည်။

ရတနာပုံမန္တလေးနန်းတော်ကြီးမှာလည်း မီးမလောင်မီက ဤအတိုင်း တွေ့မြင်ခဲ့ရဖူးလေသည်။ ဘကြီးတော်၏ နန်းတော်ကြီးမှာလည်း ပလ္လင်ရှစ်ခန်းအပါအဝင် အဆောင်ပြာသာဒ်များနှင့် လူတစ်ဖက်စာရှည်လျားသော တိုင်ကြီးများသည် ဦးပိန်တံတား၌ပင် ပါမလာတော့ဘဲ သာမန်အောက်ခံတိုင်များသာ ယနေ့တွေ့ရမည်ဖြစ်ပါသည်။ နန်းတော်ကြီးတစ်ခုလုံး ခြုံ၍ကြည့်ရလျှင် သိကြားရှိုး ရုပ်တိုင်ပန်းပုကျွန်းသားကျည်းရှင်များ၊ ဖန်စီမှန်စီ ရွှေချမျက်နှာကြက်များ၊ ဖန်စီမှန်စီရွှေချနံရံအကာကြီးများ၊ ဟသ်ာပြဒါးတစ်ဝက် ရွှေတစ်ဝက် ဖန်စီမှန်စီရွှေချ ခါးစည်းများဖြင့် လှပဆန်းကြယ်စွာ ပြင်ဆင်မွမ်းမံလုပ်ဆောင်ထားသော နန်းတိုင်များအားလုံးမှာ သူဌေးဦးပိန်၏ လက်ချက်နှင့် အစပျောက်ကုန်ကြသည်။တောင်သမန် အင်းကိုဖြတ်၍ ဆောက်ထားသောတံတားကြီးကို အင်းဝနန်းတော်အဟောင်းကြီးမှ ပစ္စည်းများနှင့် ဆောက်လုပ်ပြီးစီးသွားလေသည်ဟူ၍သာ အမှတ်သညာထားလေတော့သည်။

ဤနည်း ဤဟန်မျိုးနှင့် စားသာလာခဲ့သော မြို့စာရေး ဦးပိန်သည် နောက်သောအခါ၌ သူဌေးကြီးဦးပိန် ဖြစ်လာပါလေသတည်း။

မြို့ဝန်ဘိုင်ဆပ်နှင့် မြို့စာရေး မောင်ပိန်တို့၏ ချယ်လှယ်မှုကြောင့် ပြည်သူလူထုနှင့်တကွ တော်မှန်ဖြောင့်ထားသော မှူးတော်မတ်တော်ကြီးများမှာ စိတ်ရောနားပါ မချမ်းမသာဖြစ်ရှိနေကြကုန်သည်။

ဘုရင်ရွှေနားတော်ကြားလည်း မည်သူမျှ စွန့်စား၍ လျှောက်ကြားဝံ့မည့်သူရဲကောင်းတစ်ဦးတလေမျှ ပေါ်မလာသေးပေ။

ပုဂံမင်းတရားကြီးက မြို့ဝန်ဘိုင်ဆပ်အပေါ်တွင် အခွင့်အရေးပေးမှု အများအပြားရှိရာတွင် တစ်ခုသောအခွင့်အရေးမှာ မှူးတော်မတ်တော်ကြီးများအဖို့ အနှောင့်အယှက်ဖြစ်ရဆုံး၊ ခံပြင်းစရာအကောင်းဆုံးသော အခွင့်အရေး ဖြစ်နေပါသည်။

ထိုအခွင့်အရေးသည်ကား အခြားမဟုတ်ပါ။

အမရပူရမှာ စတုတ္ထနန်းစံ ပုဂံမင်းတရားကြီးသည် နဂိုမူလဝါသနာစွဲကာ ကြက်ငှက် တိရစ္ဆာန်တို့ကို အထူးဝါသနာထုံခဲ့သည်တွင် ဘိုင်ဆပ်က မင်းသားဘဝကပင် ပုဂံမင်းအလိုကျ ခစားထမ်းရွက်ခဲ့သည်။ ပုဂံမင်း ဘုရင်မင်းအဖြစ် ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော်မူသောအခါလည်း အထက်အခါကာလက မွေးမြူတော်မူထားသော ကြက်ငှက် ချိုးခါစသော တိရစ္ဆာန်တို့ကို တောင်ဥယျာဉ်၊ မြောက်ဥယျာဉ်တော် အတွင်း၌ ထူးထူးမွန်မွန်ပြု၍ ကြည့်ရှုကျွေးမွေးထား စေပြီးနောက် ဘိုင်ဆပ်အား တိရစ္ဆာန်ဝန် ခန့်တော်မူထားသည်။ ထို့ကြောင့် ဘိုင်ဆပ်သည် ရွှေမြို့တော်ဝန်မဖြစ်ခင် စောစော အချိန်ကရရှိခဲ့ပြီးသော တိရစ္ဆာန်ဝန်မင်းလည်း ဖြစ်နေသောကြောင့် တန်ခိုးထင်ပေါ် လာပြီး တိရစ္ဆာန် ကြက် ငှက် ချိုး ခါ အထူးအဆန်းများကိုလည်း ထပ်မံရှာဖွေ ဆက်သသည်။ ချိုးများခါများကို လိမ္မာယဉ်ကျေးအောင်လည်း တပည့်အမြောက် အမြားထား၍ သင်ကြားယဉ်ပါးစေသည်။ ဘုရင်မင်းအကြိုက်လုပ်တတ် အားကြီး၍ သဒ္ဒါလွန်ပြီး မြို့ဝန်ကြီးအဖြစ်ထပ်မံခန့်ထား မြှောက်စားတော်မူခဲ့ခြင်းလည်းဖြစ် သည်။

ထိုမျှမကသေး ဘုရင်အဖြစ် ရောက်တော်မူသောအခါလည်း မင်္ဂလာ အိမ်တော် မှာတုန်းက တိရစ္ဆာန်ကိစ္စနှင့် လက်ပွန်းတတီး ရင်းနှီးတော်မူခဲ့သော အလေ့အတိုင်း ဘုရင်မင်းဖြစ်လာသောအခါလည်း ဘိုင်ဆပ်ကိုပင် အထူးခင်မင်ရင်းနှီးစွာနေတော်မူ တတ်ပြန်သည်။

ထို့ကြောင့် မနက်မိုးလင်း၍ ဘုရင်မင်းမြတ် မျက်နှာတော်ရေကျချိန်တိုင်း စောစီးစွာ ဘိုင်ဆပ်က အခစားဝင်ရသည်။ ချိုးစကား၊ ခါစကားများကို လက်ရင်းပြု ၍ ရှေးဦးစွာ သံတော်ဦးတင် အစီရင်ခံရသည်။ တိရစ္ဆာန် ကြက်ငှက်အကြောင်း စကားမေးမြန်း လျှောက်ထားပြီးမှ လွှတ်အကြောင်း ရုံးအကြောင်း နန်းတွင်းအကြောင်း တိုင်းပြည်နိုင်ငံအကြောင်း သတင်းများကို ဘိုင်ဆပ်က သူကြားသိရသမျှသော သူအကျိုးရှိမည့် အပိုမိုကိစ္စများပါ လျှောက်တင်သတင်းပေးထားခဲ့ရပြီး ဖြစ်သည်။

ဘုရင်နှင့် နံနက်ညီလာခံအထွက် ရောက်လာစုရုံးနေကြသော ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်စသော မှူးမတ်တော်ကြီးများသည် အပြင်မှစောင့်နေကြ ရသေးသည်။ အတွင်းတော်က ဘိုင်ဆပ်ထွက်လာမှ မှူးတော်မတ်ကြီးများက ဝင်ရောက်ခစားကြရပါသည်။ ဘိုင်ဆပ်မှာ ဤမျှအခွင့်အရေးရနေသည်။ ဘုရင်နှင့် မိုးလင်းလျှင်လင်းချင်း သူကအလျှင် တွေ့ရသည်။ သူပြီးမှ မှူးတော် မတ်တော်ကြီး များက ညီလာခံဝင်ခွင့်ရကြသည်။

ထိုနေ့အဖို့ ဘုရင်မင်းမြတ် မည်သည်ကို အလိုတော်ရှိသည် မရှိသည်များကို ဘိုင်ဆပ်အား ချဉ်းကပ်၍ မှူးတော်မတ်တော်တို့က မေးမြန်းစုံစမ်းကြရပြန်လေသည်။ ထိုမျှအထိ သူ၏တန်ခိုးက ထွန်းပနေသည်။

ယင်းသို့ ညီလာခံဝင်သူ မှူးတော်မတ်တော်ကြီးများတို့က မြို့ဝန်ဦးဘိုင်ဆပ်ကို ပင် ဆီးကြိုမေးမြန်းကြရသဖြင့် ညီလာခံထွက်တော်မမူလိုသောအခါမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုင်ဆပ်၏ လျှောက်ထားချက်နှင့်ပင် မှူးတော်မတ်တော်တို့က ညီလာခံမှ ထွက်သွားကြလေသည်။

စပ်လျဉ်းမိရာ အကျိုးအကြောင်းနှင့် ဘုရင့်အမိန့်တော်တို့ ရှိသမျှကိုလည်း မှူးတော် မတ်တော်တို့ကို ဦးဘိုင်ဆပ်က လျှောက်ထားမှသာ အလုံးစုံသိနိုင်ကြလေသဖြင့် အထူးသဒ္ဒါတော်မူနေသည်ကို သိမြင်နေကြသောကြောင့် ဦးဘိုင်ဆပ်အား ပြောဆိုရန်သော်လည်းကောင်း၊ သူ၏ မသင့်မလျော်သောအမှုအရာများကို လည်းကောင်း သည်းခံနေကြရသော မှူးကြီး မတ်ကြီး အများအပြားရှိနေပါသည်။

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း မြို့ဝန်မင်း တိရစ္ဆာန်ဝန်မင်း ဦးဘိုင်ဆပ်နှင့် မြို့ဝန်မင်း ဘုန်းတောက်၍ ပါနောက်ခြေကွဲဖြစ်နေသူ မြို့စာရေး မောင်ပိန်တို့၏ မောက်မာပြင်းပြ အာဏာရပြီး အဓမ္မစနစ်မျိုးနှင့် ဆိုးဝါးနေချင်တိုင်း နေကြသူများဖြစ်သည့် အားလျော်စွာ တစ်နေ့သောအခါ ဘိုင်ဆပ်တို့ အမြင်ကပ်နေသော မိဖုရားတစ်ဦး၏ အဆောင်၌ ခစားနေထိုင်သူ လက်ပါးစေမောင်းမငယ်တစ်ဦးအား မတရားအမှုဆင်လေသည်။

ဘိုင်ဆပ်သဘောမှာ ဤသို့ အမှုဆင်လိုက်လျှင် မိဖုရားထံမှ တံစိုးလက်ဆောင်များ အချို့သားရလေမည် ထင်သည်။ ဘိုင်ဆပ်သည် ဤနည်းမျိုးအတိုင်း မင်းဆွေစိုးမျိုးအပေါ်မှာ ငွေညှစ်နေခြင်း ဖြစ်သည်။ အချို့မှာ အမှုသွားမမှန်ကြောင်းသိသည့်တိုင်အောင် ဘုရင်မင်းမြတ် နားပေါက်ကြားလျှင် အထင်အမြင်လွဲမှားခံရမည်များကို သေရမလောက်ကြောက်ရွံ့ကြခြင်းကြောင့် အပူအေးအောင် မြို့ဝန်ဘိုင်ဆပ်အား ရှိစုမဲ့စု ပုံပေးလာဘ်ထိုးကြမြဲ ဖြစ်လေသည်။

ယခုလည်း ဤသဘောသဘာဝအတိုင်း မြို့ဝန်ဘိုင်ဆပ်က ရွှေဖလားပျောက်မှု တစ်ခုကို ဆင်လိုက်သည်။

အမှုစစ်ဆေးသောအခါ ရွှေဖလားခိုးယူသူသည် နားခံမောင်ရွှေရ၏သမီး ရှင်ညိုဖြစ်သည်ဟု ဆိုသည်။ ရှင်ညိုမညိုကို ခေါ်ယူစစ်ဆေးသောအခါ မညိုသည် စကားမိဖုရားအဆောင်၌ နေထိုင်ခစားသူဖြစ်ကြောင်း ထွက်ဆိုလေသည်။

ဤသတင်းကို ကြားရသော စကားမိဖုရားမှာ လွန်စွာ စိတ်မချမ်းမသာ ဖြစ်နေရရှာသည်။ တပည့်မကောင်း ဆရာ့ခေါင်းဆိုသော စကားအတိုင်း မိဖုရား၏ ရံရွေတော်တစ်ဦးနိုးမှု ဖြစ်ရသည်ဆိုလျှင် သခင်ဖြစ်သူ မိဖုရားမှာ တာဝန်မကင်း ဖြစ်နေပြန်ပါသည်။

ထို့ကြောင့် မိဖုရားမှာ အလွန်စိတ်မချမ်းမသာဖြစ်ပြီး မင်းတရားကြီး သိတော်မူသွားမည်လည်း အလွန်စိုးရိမ် ပူပန်လျက် ရှိသည်။

ဘိုင်ဆပ်က အမှုဆင်၍ ငွေညှဉ်းခြင်းဖြစ်ကြောင်းကိုလည်း ကောင်းစွာသိရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားသူများလို လာဘ်ထိုးရမည်မှာလည်း မိဖုရားတစ်ပါးတည်းဟူသော ဂုဏ်သိက္ခာကိုငဲ့ညှာကာ အမှုအေးအောင် ငွေပေးလာဘ်ထိုးခြင်း မပြုလိုပေ။ ထို့ကြောင့် နေ့ရက်အတန် ကြာလာခဲ့လေသည်။ ဘိုင်ဆပ်တို့ကလည်း မိဖုရားထံမှ လာဘ်ပေးရန်လာနိုးလာနိုးနှင့် အမှုကိုကြိုးရှည်နှင့် လှန်ထားသည်။ သို့သော် တော်တော်နှင့်လာဘ်ထိုးရန် မလာကြပေ။

ဤတွင် မြို့ဝန်မင်း ဦးဘိုင်ဆပ်သည် ငါကဲ့သို့သော ပုဂ္ဂိုလ်အား သည်မိဖုရားက အဘယ်ကြောင့် မလေးမစားပြုနေဘိသနည်း ဟုကြီးစွာအမျက်ထွက်လေတော့ သည်။ ကြည့်သေးတာပေါ့ ဒီမိဖုရားကိုငါအပြုတ်ချမည်ဟုတပည့်ကြီး မောင်ပိန်အား ပွင့်လင်းစွာစကားဆိုလေလျှင် ချက်ဆိုနားခွက်က မီးတောက်နေကျ မြို့စာရေး မောင်ပိန်ကလည်း မီးလောင်လေပင့်ပြုကာ ဟုတ်ပါကြောင်းသည်မိဖုရားကိုစွမှာ လျှော့ပေးလိုက်လျှင် သခင်ကြီးတန်ခိုး မှေးမှိန်သွားပါမည်။ သခင်သွားရာခြေလှမ်း၌ ခလုပ်ကန်သင်းနှင့်တူနေသော သည်မိဖုရားကြီးကို အလျင်စလို သုတ်သင်ဖယ်ရှား ပစ်သင့်ကြောင်း မြို့ဝန်မင်းအလိုကျမီးတောက်ကို ဆွ၍ပေးလျက်ရှိလေသည်။

ကံအားလျော်စွာပင် ဤရက်အတွင်း၌ အကြောင်းထူးတစ်ခုသည် မမျှော်လင့်ဘဲ ပေါ်ပေါက်လာလေသည်။ ဤ ကံအားလျော်စွာကား မြို့ဝန်မင်း ဦးဘိုင်ဆပ်နှင့် မြို့စာရေးမောင်ပိန်အမျှုးပြုသော လူတစ်စုတို့၏ကံအားလျော်စွာ ဟုသာဆိုထိုက် ပါသည်။

အကြောင်းသော်ကား တစ်နေ့သောညဥ့်အချိန်မှာဖြစ်ပါသည်။

ပုဂံမင်းတရားကြီးသည် ထိုနေ့ညဥ့်၌ နှစ်ခြိုက်စွာ စက်တော်ခေါ်လျက်ရှိသည်။ မင်းဇကရာဇ်၏ စက်တော်ဆောင်ထဲသို့ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော စစ်တောင်းမြို့စား ဝန်ကြီးဟောင်းသည် ဝင်ရောက်လာခဲ့လေသည်။ ဝန်ကြီးသည် အရွယ်အိုမင်းသော်လည်း ဖြူစင်သန့်ရှင်းသောရုပ်လက္ခဏာနှင့် ကျက်သရေရှိလှပေ သည်။ ဝတ်စားဆင်ယင်မှုကလည်း ခေါင်းပေါင်းဖြူ ဖော့လုံးအင်္ကျီလက်ရှည်အဖြူ ပုဆိုးရှည်အဖြူနှင့်တဘက်ဖြူ(ဘွဲ့ဖြူ)ကို လေးဘက်တင်ခြုံ၍ ဝါးတောင်ဝှေးကို ထောက်ကာဝင်လာခြင်းဖြစ်သည်။

ပုဂံမင်းသည် ရုတ်တရက်စက်ရာမှနိုးလာသည်။ "အလိုစစ်တောင်းစားအဘိုး ပါကလား။ ကျုပ်အဆောင်တော်ထဲကိုဘယ်လို အကြောင်းရှိလို့ဝင်ရောက်ခဲ့ပါ သနည်း"ဟုမေးမြန်းတော်မူသောအခါ စစ်တောင်းစားဝန်ကြီးသည် "အရှင့် သားကိုသတိပေးလို၍ လာခဲ့ပါသည်။ တိုင်းပြည်ကိုပြန်လို့ကြည့်တော်မူပါဦး"ဟု တင်လျှောက်လေသည်။ ပုဂံမင်းတရားကြီးက "စစ်တောင်းစား ဘိုးဘိုးရယ် ကျုပ်တရားသဖြင့် မင်းလုပ်နေပါသည်။ တိုင်းပြည်ဘယ်ကဲ့သို့ ပြန်ကြည့်ရဦးမည်



www.burmeseclassic.com

www.burmeseclassic.com



နည်း”ဟုပြန်လည် အမိန့်တော်ရှိလေသည်။ ထိုအခါစစ်တောင်းစား ဝန်ကြီးက “အရှင့်သား တိုင်းပြည်အကြောင်းကိုသိရှိတော်မူလိုပါက ရွှေနန်းတော် မြောက်စမုတ်တော်တွင် ရုပ်စုံပွဲခံတော်မူပါလျှင် ယခုဖြစ်ပေါ်နေသော အကြောင်းအရာများကို သိတော်မူရပါလိမ့်မည်”ဟု လျှောက်တင်ပြီးလျှင် ဝတ်ဖြူ စင်ကြယ်ဝတ်ဆင်ထားသူ စစ်တောင်းစားဝန်ကြီးသည် ရုတ်တရက် အဆောင်တော်ထဲမှ ပျောက်ကွယ်သွားလေသည်။

ပုဂံမင်းတရားကြီးသည် စက်တော်ခေါ်တော်မူရာမှ ဖျတ်ခနဲလန့်နိုးတော်မူလာသည်။ ပတ်ဝန်းကျင်ကိုကြည့်တော်မူသောအခါ စစ်တောင်းစားဝန်ကြီးလည်း မရှိတော့ပါ။ ဤတွင်အိပ်မက်မြင်မက်တော်မူကြောင်း သိမြင်တော်မူသည်။ ဤစစ်တောင်းစားဝန်ကြီး ဟောင်းသည်လည်း ယခုအခါလူ့ပြည်လူ့ရွာ၌ မရှိတော့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ သမာဓိတရား ရှိ၍ကျော်ကြားထင်ရှားခဲ့သူ စစ်တောင်းစား ဝန်ကြီးမှာလွန်ခဲ့သော နှစ်များအတွင်းက ကွယ်လွန်အနိစ္စရောက်သွားခဲ့ပြီးသူဖြစ်ပါသည်။

ပုဂံမင်းတရားကြီးသည် မိမိအိပ်မက်အခင်းအသွားကို စဉ်းစားဆင်ခြင်ကာ၊ တုန်လှုပ်ချောက်ချားလာသည်၊ ‘ငါ့တိုင်းတော်ပြည်တော်မှာဘာတွေများဖြစ် ပျက်နေပါလိမ့်မည်နည်း’ ဟုကြောင့်ကြစိတ်စောမိသည်၊ စစ်တောင်းစားဝန်ကြီးတင် လျှောက်ခဲ့သောစကားထဲ၌ မြောက်စမုတ်တော်မှာရုပ်စုံပွဲ ခံပါကအမှုကိစ္စများ အားလုံး သိမြင်တော်မူရပါလိမ့်မည် ဆိုသောစကားအတိုင်း နောက်တစ်နေ့ညဉ့်မှာ ပင်ဘုရင့်အမိန့်တော်နှင့်မြောက်စမုတ်ဆောင်တော်မှာ ရုပ်စုံပွဲသဘင်ခံတော်မူရန် အမိန့်တော်ထုတ်ပြန်လိုက်လေသည်။ အမိန့်တော်အတိုင်း မြောက်စမုတ်တော်ရှေ့ တွင် ရွှေနန်းသုံး ရုပ်စုံသဘင်ပွဲခံလေလျှင် နန်းတော်သူနန်းတော်သားများ၊ မင်းမိဖုရား၊ ဆွေတော်မျိုးတော် မှူးတော်မတ်တော် ကတော်မယားစုံလင်စွာပွဲသဘင်ကြည့်ရန် စည်ကားစွာ စုရုံးရောက်လာကြလေသည်။

ပုဂံမင်းတရားကြီးသည်လည်း၊ ရုပ်စုံပွဲသဘင်တော်ကို ရှုစားတော်မူရန် မြောက်စမုတ်အဆောင်တော်ဥကင်၌ စံတော်မူလျက်ရှိနေသည်။ အိပ်မက်အရ စစ်တောင်းစား ဝန်ကြီးအလိုအတိုင်း မြောက်စမုတ်ရုပ်စုံသဘင်ပွဲဆင်နွှဲရာတွင် ဘယ်သို့သော အကြောင်းထူးကိစ္စပေါ်ပေါက်ရမည် မသိသဖြင့် သတိတော်ထားပြီး အိပ်မက်ထဲက အတိုင်း မှန်မမှန် မည်သို့သောအကြောင်းထူးပေါ်မပေါ် မျှော်ငံ့စောင့်စားတော်မူလျက်ရှိနေလေသည်။

နေသေးသပချိုထဲက ချိုသွေးသပတမြမြ ဆိုသော စကားအတိုင်း စကားမိဖုရားကိုအပြုတ်ချရန် မာန်စောင်နေသောမြို့တော်ဝန်မင်းဦးဘိုင်ဆပ်သည် ရွှေနန်းတော်



www.burmeseclassic.com

www.burmeseclassic.com



မြောက်စမုတ်၌ ရုတ်ရုတ်သဲသဲရုပ်စုံ သဘင်စည်ကားနေဆဲမှာ မာန်မာန တံခွန်လွှား နေသူပြိုပြီအချက်ရလေပြီဟုနှလုံးပြုကာ မိမိကိုယ်တိုင်ခေါင်းဆောင်လျက် အနောက် ပိုင်း မင်းမိန်းမတို့ အဆောင်သို့ရုတ်တရက် ဝင်ရောက်လာပြီးလျှင် ရွှေဖလားသူခိုး မမိညိုကို ပေးအပ်ရမည်ဟုတောင်းလာသည်။ မြို့ဝန်ကိုယ်တိုင် ခေါင်းဆောင်ကာ တပည့်လက်သား နောက်ပါပါးကွက်အာဏာသား များလည်းတစ်သိုက်တမြုံကြီးပါ လာသည်။

စကားမိဖုရားကလည်း ဆတ်ဆတ်ကြဲပင်ဖြစ်သည်။ အခြားသူတွေလို ခပ် အေးအေးငုံ့ခံလို့ ကိစ္စမြန်မြန်အေးအောင် လာဘ်ပေးမည့်သူမဟုတ်ရုံမကဘဲ မြို့ဝန် ဘိုင်ဆပ် လမ်းလွဲလာသည်ကို အချက်ကောင်းယူကာ အနောက်ပိုင်းသို့ ကျူးလွန်ဝင် ရောက်လာမှုနှင့် ပြန်၍တိုင်လိုက်လေသည်။

မြန်မာဘုရင်တို့လက်ထက်က ထုံးတမ်းစဉ်လာတစ်ရပ်မှာ ရွှေနန်းတော်တွင် အရှေ့မင်းယောကျ်ားပိုင်း အနောက်မင်းမိန်းမပိုင်းဟူ၍ခွဲခြားထားပြီးလျှင် အနောက် ပိုင်းမင်းမိန်းမတို့စံ နေရာအဆောင်များသို့မည်သည့် ယောကျ်ားမှ ဝင်ရောက်ခြင်း မပြုရပေ။ အကယ်၍ အကြောင်းကိစ္စရှိ၍ဝင်ရောက်ရန်ရှိပါက အနောက်ဝန်အမှူးပြု သောအရာရှိများထံ အမိန့်ခံပြီးမှ ဝင်ရောက်ခွင့်ရှိရမြဲဖြစ်သည်။ အမိန့်မရှိမပန်ကြား ဝင်ရောက်ကျူးကျော်ခဲ့သော် ဒူးဖြတ် လက်ဖြတ် အသတ်ပြတ်သည်အထိ အပြစ်ရှိပါ သည်။ အနောက်ဝန်သည် ဤကိစ္စကို အထူးဂရုပြုအုပ်ချုပ်ရပါသည်။

မင်း မိန်းမတို့စံနေရာအနောက်ပိုင်းအတွက် အမှုထမ်းရသောအမှုထမ်းများသာ ဖြစ်သူ ပွဲတော်အုပ်ပို့သူ ရေပို့သူ ဆီမီးထွန်းသူ အမှိုက်သရိုက်သိမ်းသူ အိမ်သာ သန့်စင်ရသူများမှာ ယောကျ်ားငယ်သူတော်များနှင့်မိန်းမစိုးခေါ် ယောကျ်ား အင်္ဂါမရှိသူ သင်းကွပ်ထားသူများသာလျှင် အနောက်ပိုင်းကို ဝင်ရောက်အမှုထမ်းကြရ ပါသည်။

ဤမျှစည်းကမ်းတကြီးထားခဲ့ရာတွင် ယခုအခါ မြို့ဝန်မင်းဦးဘိုင်ဆပ်မှာ အနောက်ဝန်၏အခွင့်အမိန့်မပါဘဲ စကားမိဖုရားအဆောင်တော်ထဲသို့ နောက်ပါ တပည့်သားယောကျ်ား ကြီးများစုံလင်စွာနှင့်ချဉ်းနင်း ဝင်ရောက်ကျူးကျော်လာခဲ့မိပေ ပြီ။ သူသည် ဒေါသကိုရှေ့ထားပြီး မာန်မာနတရားကလည်းပိတ်ဆီး ဖုံးလွှမ်း၍ မျက်ကန်းသဖွယ်ဖြစ်သွားရလေပြီ။

ဤအချက်ကြောင့် ပွက်ပွက်ဆူသွားရလေသည်။ 'အနောက်ဝန်မင်းအမိန့်မပါ၊ မည်သူ့ထံမှာမှ အခွင့်မတောင်းဘဲ ရွှေနန်းတော်အနောက်ထဲသို့မြို့ဝန်ဘိုင်ဆပ် ရောက်လာပြီး ဘုရားကျွန်မ၏အဆောင်မှာ ကျူးကျော်စော်ကားလာပါသည်၊ ဘုရားကျွန်မ၏လက်ပါးစေ အပျိုတော်ငရွှေရသမီးမိညိုအား ရွှေဖလား ခိုးမှုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်သို့ အပ်ပေးရမည်ဟုကြမ်းတမ်း မောက်မာစွာတောင်းဆို လာပါသည် ဘုရား'ဟုစကားမိဖုရားက ပုဂံမင်းတရားကြီးအား ဝင်ရောက်လျှောက်တင်လေတော့သည်။

ဤတွင်ပုဂံမင်းတရား ကြီးသည် အိမ်တော်ပါငယ်ကျွန်ကြီးမြို့ဝန်ဘိုင်ဆပ်အား အနောက်ပိုင်းကျူးကျော်မှုနှင့် သူ့မိဖုရားအား စော်ကားရမည်လားဟု အမျက်တော်ပွါးလေပြီ။

## ဘိုင်ဆပ်တို့သွားရာလမ်း

ပုဂံမင်းတရားကြီးသည် မြို့ဝန်ဘိုင်ဆပ်အပေါ်၌ အမျက်တော်ပွါးပြီးလျှင် လွှတ်တော်ဝန်ကြီးများကို ရှေ့တော်သို့ခေါ်၍ အနောက်ပိုင်းသို့ဝင်ရောက်ကျူးကျော်မှုကို တိုင်တန်းတော်မူ ပြန်လေသည်။

ယင်းသို့မင်းဧကရာဇ်က မှူးတော်မတ်တော်ကြီးများသို့ တိုင်ကြားတော်မူလိုက်သောအခါ ယခင်အချိန်များက ဘိုင်ဆပ်၏မတရားမှုများကို လျှောက်ထားချင်လျက် မျက်နှာသာပေးထားခံရသူဖြစ်နေသောကြောင့် မပြောသာမလျှောက်ရဲဖြစ်ခဲ့ရသူများဖြစ်နေသဖြင့် အခွင့်တော်သာဆဲ ထူးကဲဆိုးညစ်စွာပြုမူလာခဲ့သော မြို့ဝန်ဘိုင်ဆပ်၏ အကြောင်းစုံတို့ကိုပေါင်းဆုံပြီး လျှောက်ထားသံတော်ဦး တင်နိုင်ကြလေတော့သည်။

ဤတွင်ဘုရင်မင်းမြတ်သည် ဖြစ်ကြောင်းအလုံးစုံ ကုန်စင်အောင်သိရှိသွားတော်မူသည်။ ဘိုင်ဆပ်သည် ဤပြစ်မှုတစ်ခုသာမဟုတ်၊ ပြည်သူဆင်းရဲသားများနှင့်တကွ ရွှေမြို့တော်ပတ်ဝန်းကျင်မှ သူဌေးသူကြွယ်ကုန်သည် လယ်လုပ်နှင့်မင်းမှုထမ်းများအထိ လူတိုင်းတို့အပေါ်တွင် မဟုတ်မမှန်မှုခင်း ရှာကြံ၍ကြေးငွေလာဘ်သပ်ပကာများစားယူပြီး ညှဉ်းပန်းနှိပ်စက် ပြုလုပ်ခဲ့သောအမှုများစွာတို့ကို အတိအကျသိရှိတော်မူရလေသည်။ နောက်နောင်က ပေါက်မြောက်အောင် ဘုရင်ကို မတင်မလျှောက်ဝံ့ကြသောကြောင့် ရဟန်းရှင်လူပြည်သူလူထုအများမှာ ပူပန်ဆင်းရဲစွာရှိခဲ့ရကြောင်း စသောအကြောင်းများ မှူးတော်မတ်တော်တို့ တင်လျှောက်ဖွင့်ချ တိုင်တန်းတော်မူလေတော့သည်။

မိမိယုံကြည်သဒ္ဓါတော်မူခဲ့၍ ချီးမြှင့်သူကောင်းပြုတော်မူခံရသည်မျှမက အာဏာကို အလွဲသုံးစားပြုရမည်လားဟုများစွာ အမျက်ထွက်တော်မူသည်။

ဤကြောင့်ဤ၍ဤမျှနှစ်ရှည်လများ တိုင်းသူပြည်သားတို့အပေါ်၌ မလျော်မကန် မမှန်ဖောက်ဖျက် သစ္စာပျက်လူယုတ်မာအား သွားမြဲလမ်းသို့ သွားစေတော့သည်။ 'သွားမြဲလမ်း'ဆိုသည်ကား ကားတင်၊ ရင်ခွဲ၊ အသဲနေလှန်းခြင်းဟုဆိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြီးလေးသော ရာဇဝတ်သားများအားပေးသောစီရင်ချက်ဖြင့် အသက်ကိုချွေလိုက်ခြင်းပင်ဖြစ်လေသည်။

လူမတရား လူညစ်လူကျယ်မြို့ဝန်ဘိုင်ဆပ်သာမက ဘိုင်ဆပ်၏ လက်ရုံးတစ်ဆူဖြစ်သော မြို့စာရေးမောင်ပိန်ကိုလည်းကောင်း၊ အခြားသောဘိုင်ဆပ်၏ အပေါင်းပါငယ်သားများကို လည်းကောင်း၊ စစ်ဆေးရွေးထုတ်ပြီးလျှင် အဆုံးစီရင်စေသည်။

ဘိုင်ဆပ်နှင့်မောင်ပိန်တို့ကိုကား သား၊ မယားများပါမကျန် အပြစ်ဒဏ်ခံစေရုံမက မြို့ဝန်ဘိုင်ဆပ်နှင့် သူဌေးမြို့စာရေးမောင်ပိန်တို့စုဆောင်းထားသမျှ စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ၊ မြေယာကိုင်းကျွန်းမှစ၍ ရှိသမျှပစ္စည်း ကိုသိမ်းဆည်း၍ ဘဏ္ဍာတော်ပြုလိုက်သည်။

သို့သော် ထိုပစ္စည်းဥစ္စာတို့ကိုဘဏ္ဍာတော်အဖြစ်သိမ်းယူလိုက်သော်လည်း တိုင်းသူပြည်သားတို့၏ ပစ္စည်းများဖြစ်သောကြောင့် ပြည်သူပြည်သားတို့ ကုသိုလ်တရားပွားများစေရန် ရည်သန်လျက် ကျောင်းကန်ဘုရားများကို တည်ထားပြုပြင်လှူဒါန်းရာ၌သာ ထိုပစ္စည်းများကို ထပ်ဖြည့်အသုံးပြုစေသည်ဟုသိရှိလေသည်။

ထိုအဖြစ်များကို နေပြည်တော်တလွှားတွင် ဟိုးလေးတကျော် ကျော်ကြားရုံမက အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်ကြသည်။

မိမိတို့အပေါ် မတရား အနိုင်ကျင့်ခဲ့သောမြို့ဝန်ဘိုင်ဆပ် မြို့စာရေးမောင်ပိန်အမျိုးရှိသောလူတစ်စု ယခုလိုရာဇဝတ်အပြစ်ဒဏ်ခံရပြီဆိုသောသတင်းကို ကြားရသူတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ မျက်ရည်စက်လက်နှင့် ခေါင်းငုံ့ခံခဲ့ရသော အညှင်းဆဲခံလူတစ်စုသည် ယခုမှ အမှောင်ခွင်း၍အလင်းရောင်ရသူများနှယ် ဝမ်းသာရွှင်မြူးမှုတွေပြုနေကြရသည်။ မိမိတို့ထံမှညှင်းဆဲယူငင်သွား၍ ဆုံးပါးသောပစ္စည်းဥစ္စာများကိုလည်း ဘဏ္ဍာတော်အဖြစ်သိမ်းပြီး၊ ဘုရားကျောင်းကန်ဆောက်လုပ်ပြုပြင်ရာတွင် ထည့်ဝင်သုံးစွဲကြောင်းကြားသိကြရသောအခါ မိမိတို့ပစ္စည်းပမာဏအလျောက် ဝမ်းမြောက်စွာသာဓုခေါ်လိုက် ကြရလေတော့သည်။

ဤမျှလည်းမကသေးပေ၊ လူပွေလူတေဘိုင်ဆပ်တို့ကို အသေသတ်ရန် သုသာန်သို့ ထုတ်ယူလာသောအခါမှာလည်း များစွာသောနေပြည်တော်သား နေပြည်တော်သူများသည် လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်ဝိုင်းအုံကြည့်ရှုကာ မျက်နှာကိုတံတွေးနှင့် ထွေးသူကထွေး ဖုန်များ သဲများ ဆုပ်ကာ သူတို့မျက်နှာကိုလှမ်းပက်သူကပက်နှင့် ရက်စက်စွာလက်တုံ့ပြန်ကြလေသည်။

ဗုဒ္ဓဘာသာလူမျိုးတို့ထုံးတမ်းစဉ်လာအရ ရန်သူဖြစ်စေကာမူ သနားကရုဏာရှေ့ထားလေ့ရှိသူများဖြစ်ကြသော်လည်း ရာဇဝတ်ဘေးကြောင့် သေရတော့မည့်ဆဲဆဲ



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ကောင် ဘိုင်ဆပ်တို့ကိုမူကား သနားကရုဏာပင် မဖက်နိုင်တော့ဘဲ စိတ်ထဲကအပြုံးကြီးခဲ့သလောက် စိတ်ပေါက်ပေါက်နှင့် မသေခင်လက်စားချေချင် စိတ်ဖြစ်ပေါ်နေသူတွေ အဆမတန်များပြားလျက်ရှိလေသည်။

အချို့မှာ နှုတ်အမူအရာကိုယ်အမူအရာမပြလိုက်တော့ဘဲ သင်္ချိုင်းသို့ ဆွဲထုတ်လာသော ဘိုင်ဆပ်တို့အား ဝမ်းသာအားရနှင့် ပြုံးပြသူကမရှား ငါ့သမီးကိုဖျက်ဆီးသူ ငါ့သားကို မတရားထောင်ချသူ ငါ့တူကိုရာထူးဖြုတ်ပစ်သူ ငါ့ပစ္စည်းသိမ်းယူသူ၊ ငါတို့အပေါ်မတရား လုပ်ယူခဲ့သူဟူသောရန်ငြိုးကလည်း ကြီးချင်တိုင်းအကြီးခံလာခဲ့ရခြင်းကြောင့် လမ်းကိုပင် ဖြောင့်ဖြောင့်လျှောက်၍ မဖြစ်နိုင်အောင်ရှိသဖြင့် ပါးကွက်အာဏာသားများက ဘိုင်ဆပ်တို့အား သုသာန်ကိုခဲရာခဲဆစ်ထုတ်ယူဆောင်ကျဉ်းလာခဲ့ရလေသည်။

ဤလူထုပရိသတ်ထဲမှာအထူးခြားဆုံး ပုဂ္ဂိုလ်တစ်ယောက်လည်းပါရှိခဲ့လေသည်။

ထိုပုဂ္ဂိုလ်သည်ကား အခြားမဟုတ်ပါ။ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အင်္ဂရိတ်ဆရာဖိုးသူတော်ကြီး'ရန်အောင်ဇေယျ' ခေါ်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါသည်။

ထိုဖိုးသူတော်ကြီး ရန်အောင်ဇေယျသည် ထွက်ရပ်လမ်းအတွက် အင်္ဂရိတ်ထိုးခြင်းထက် ရွှေဖြစ်ငွေဖြစ်လမ်းကိုလိုက်ကာ အင်္ဂရိတ်ထိုးလာသော ပုဂ္ဂိုလ်ကြီး ဖြစ်၏။ သို့ပင်ဖြစ်ငြားလည်း၊ ရှစ်ပါးသီလနေ့စဉ်စောင့်ထိန်း၍ ညစာမစားသော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ပါသည်။

သူသည် ဘုန်းကြီးကျောင်းထဲက ဇရပ်တစ်ဆောင်မှာနေသည်။ နေ့စဉ်ဆွမ်းခံစားသည်။ နံနက်စာဆွမ်းစားပြီးနောက် တစ်နေ့လုံး ဖိုထိုး (အင်္ဂရိတ်ထိုး)နေတော့သည်။

ထိုပုဂ္ဂိုလ်ကြီးသည် ဘယ်အရပ်ဇာတိမှန်းလည်း မည်သူမျှမသိကြပေ။ ဤနေရာသို့ ဖိုးသူတော်အဖြစ် လာရောက်နေထိုင်သည်မှာတော့ ဘကြီးတော်ဘုရားလက်ထက်တော် နောက်ပိုင်းနှင့် ရွှေဘိုမင်းတရားလက်ထက် အထိပင်ဖြစ်လေသည်။

ဖိုးသူတော်ဘဝနှင့်ငယ်စဉ်ကပင် နေလာသူဟု အားလုံးကထင်ကြပါသည်။ အင်္ဂရိတ်ထိုးသည်မှလွဲ၍ အကျင့်သိက္ခာရှိသော လူသူတော်ကြီးတစ်ဦးဟူ၍အားလုံးက ယူဆနေကြသည်။

ထိုပုဂ္ဂိုလ်ဖိုးသူတော်ကြီး ရန်အောင်ဇေယျသည် ဓားကြီးထမ်းလျက်ပရိသတ်တွင်းမှ တိုးဝှေ့ထွက်လာပြီးနောက် ဘိုင်ဆပ်တို့နောက်သို့လိုက်သွားလေသည်။ ဘိုင်ဆပ်ကိုမုန်းတီးသောပရိသတ်ကြီးသည် ဓားထမ်းဝင်လာသောဖိုးသူတော်ကြီးကို အံ့အားသင့်ကာစိုက်ကြည့်နေကြပါသည်။ လူသူတော်ပိတ်ဖြူဝတ်ဖိုးသူတော်ကြီးက ဓားကြီးထမ်းဝင်လာသည်မှာလည်း အထူးအဆန်းကြီးဖြစ်နေသည်။ ဤတွင် သူတော်ရန်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျက အာဏာသားများအား လှမ်းအော်သည်။ (ဟော့မောင်တို့ နေကြပါဦး ကွ၊ ငါလည်းမင်းတို့နဲ့အတူလိုက်ပါရစေ၊ ငါ့သားကိုသတ်တဲ့ဘိုင်ဆပ်ကိုငါမကျေဘူး၊ ငါကိုယ်တိုင်မင်းတို့နှင့်အတူ ဝိုင်းကူသတ်ပါရစေ၊ နေပါဦးစောင့်ပါဦး) ဟူ၍ ဟစ်အော်ရင်းနောက်ကလိုက်သွားလေသည်။

ညစာမစားရှစ်ပါးသီလအမြဲစောင့်ထိန်းနေသူ ဖိုးသူတော်ကြီးက ဘိုင်ဆပ်ကို သတ်ပါရစေဟု ဓားထမ်းဟစ်အော်လိုက်လာသည်ကို ပရိသတ်ကကျေနပ်စွာ လက်ခုပ်ဩဘာပေးကြသည်။ သူတို့လိုလူဝတ်ကြောင်မဆိုထားနှင့် သူတော်ကောင်း တရားအားထုတ်နေသူ ဖိုးသူတော်ကြီးကတောင်မှ ဤမျှမုန်းတီးနေပါကလားဟူ၍ မှတ်ချက်ချကြသည်။ ကျေနပ်ကြသည်၊ ထို့ကြောင့် ဖိုးသူတော်ကြီးကို မည်သူမျှ မတားဆီးကြဘဲ လမ်းရှဲ၍ပင် ပေးလိုက်ကြသည်။

သူတော်ကြီးရန်အောင်ဇေယျလည်း ဓားကြီးထမ်းလျက်နှင့် ဘိုင်ဆပ်တို့ကိုမီလာ သည်။ အာဏာသားများကလည်း သူတော်ကြီးကိုသိရှိသူများဖြစ်ခြင်းကြောင့် လိုက်လာသည်ကို တားဆီးမှုမပြုကြဘဲနေကြသည်။

ဤတွင်သူတော်ရန်အောင်ဇေယျသည် ရာဇဝတ်ကောင် မြို့ဝန်ဟောင်းဘိုင်ဆပ် အနားသို့ ယှဉ်ကပ်ကာ ဓားထမ်းပြီးသင်းချိုင်းအရောက် လိုက်ပါသွားလေသည်။

လမ်းတစ်လျှောက်လုံးရှိ ရပ်ကြည့်နေကြသောပရိသတ်များကလည်း သူတော်ကြီးလိုက်ပါသွားသည်ကို ကိုယ်စားပြုကာ အားရဝမ်းသာစွာလက်မြှောက်နှုတ်ဆက်ပြ ကြလေသည်။

ပါဏာတိပါတာကံ သူ့အသက်သတ်ခြင်းကို ဝေရာမဏိရှောင်ကြဉ်ပါ၏လို့ ဘုရားထံမှာ ကတိထား၍ ရှစ်ပါးသီလစောင့်ထိန်းရသူ သူတော်ရန်အောင်ဇေယျက တောင် ဘိုင်ဆပ်ကိုသတ်ပါရစေဟု ရန်ငြိုးပြုသည်။ ဘိုင်ဆပ်သည် သူတော်ကြီးရန် အောင်ဇေယျသားကိုဘယ်တုန်းကများ မယားရပြီး ဘယ်တုန်းကများ မွေးတဲ့သားပါ လိမ့် စသောအတွေးများက တစ်သီကြီး တစ်တန်းကြီးဖြစ်နေသည်။

ဟုတ်မှာပါ ဟုတ်မှာပါ၊ ဒီဘိုင်ဆပ်ဆိုတဲ့သတ္တဝါဟာ ဖိုးသူတော်ရဲ့သားကို တောင် မရှောင်ပါကလား၊ ယုတ်မာလိုက်တဲ့ဖြစ်ခြင်း၊ စသောအဖြေများနှင့် တစ်ယောက်တစ်ပါးစပ် အနှံ့အပြား ကူးစက်သတင်းကြီးသွားလေတော့သည်။

သူတို့ထင်သည့်အတိုင်း သူတော်ရန်အောင်ဇေယျသည် မြို့ဝန်ဟောင်းဘိုင်ဆပ် နှင့် ကိုယ်ချင်းကပ်၍ ဓားထမ်းလိုက်ပါသွားခြင်းကို အတပ်အထင်မြင်လိုက်ကြရ လေသည်။ သုသာန်တစသို့ရောက်သောအခါ အာဏာသားများက သူတို့တာဝန် ဝတ္တရားအတိုင်း ဘိုင်ဆပ်အား ကားစင်မှာတင်သည်။ ရင်ခွဲသည်၊ သွေးပွက်ပွက်ပန်း ထွက်သည်။ ဘိုင်ဆပ်ဇက်ကျိုးလျက် မျက်လုံးကြောင်တောင်နှင့်အသက်ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အူအသည်းများသည် ရင်ဘတ်ရှေ့တွဲလွဲကျလာကာ ဆတ်ဆတ်ခါတုန်နေကြသေးသည်။ ထိုအချိန်အခါ၌ ဖိုးသူတော်ရန်အောင်ဇေဌ နှုတ်မှ တရားဓမ္မသံများ ရွတ်အံ့နေသည်။ သတ်ဖြတ်ခုတ်ထစ်ရာတွင် ရန်အောင်ဇေဌ၏ဓားသည် မြေပေါ်မှာ ချထားသည်။ ထိုးရာခုတ်ရာတွင် အပါအဝင်မရှိတော့ပေ။ ငါလေပါဏာတိ ပါတာ ကံထိုက်မှာစိုးလို့ဟုဆိုသောအဖြေကို အာဏာပါးကွက်သားတွေက ကြားသိ လိုက်ရပါသည်။

သို့သော်ရွှေမြို့တော် လေးပြင်လေးရပ်မှာတော့ ဘိုင်ဆပ်ကို သူတော်ရန်အောင်ဇေဌ ကိုယ်တိုင်ဓါးထမ်းပြီး လိုက်သတ်သည်၊ သူ့သားကိုသတ်ဖူးလို့ သူ့ကိုလက်စားချေသည်ဟူ၍ ကျော်စောသွားလေသည်။

အင်း ဘိုင်ဆပ်တို့ကတော့ ဖိုးသူတော်တောင်မှ မရှောင်ပါကလားဟူ၍ စုတ်သတ်ကြသည်။ ရှစ်ပါးသီလစောင့်ထိန်းသော ဖိုးသူတော်က လူသတ်ရပါမလားဟူသော အပြစ်တင်သံပင် လုံးဝမကြားရသလောက်ရှိခဲ့လေသည်။

မည်သူမျှဖိုးသူတော်ကိုသံသယမရှိကြပေ။ မိဘကတစ်ဆင့် သားသမီး လက်ထက်အထိ ဖိုးသူတော်က ဘိုင်ဆပ်ကိုလိုက်သတ်သည့်သတင်း ကူးစက်လာခဲ့သည်။ မြို့ဝန်ဘိုင်ဆပ် ဆိုးသွမ်းကြောင်း၊ မြို့စာရေးမောင်ပိန် ကလိန်ကလယ်နိုင်ကြောင်းနှင့် ပုံပြင်တစ်ခုသဖွယ်ပြောကြ ဟောကြရှိလာခဲ့သည်။

ဖိုးသူတော်လူသတ်သည်ကို မကဲ့ရဲ့နိုင်ဘဲ အားရကျေနပ်ခဲ့ကြသည်။ သို့သော် ဖိုးသူတော် လူသတ်ခြင်းကို လက်သင့်မခံလိုသူတစ်ဦးက ဤသံသယကို ဖြေရှင်းလိုသောဆန္ဒရှိခဲ့သည်။ ထိုသံသယကိုမတင်မကျရှိနေသူမှာ သံတော်ဆင့် အဝေးကျော်ဝန်မင်းဦးလတ်ဖြစ်ပါသည်။

ထိုသံတော်ဆင့်အဝေးကျော်ဝန်မင်းသည် ၁၂၃၉ ခုနှစ်အတွင်းတွင် ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်မှာ မင်းမှုတော်ထမ်းနေရသူဖြစ်ပါသည်။

ပုဂံမင်းနန်းကျပြီးနောက် ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး နန်းစံချိန်တွင် တောင်ဥယျာဉ်တော်အတွင်းမှာ အဂ္ဂိရတ်ပညာဖြင့် ရွှေဖြစ်ငွေဖြစ် ကြိုးစားနေသူများကို ခေါ်ယူထောက်ပံ့ထားလေသည်။

ထိုသို့အထောက်အပံ့ပေးခြင်းမှာ မင်းတုန်းမင်းတရားကြီးက ထိုပညာမည်မျှ အစွမ်းရောက်မရောက်သိလို၍ အားပေးခြင်းတစ်ရပ်ဖြစ်သည်။

ရွှေဖြစ်ငွေဖြစ်နည်းကိုယုံကြည်လွန်း၍တော့မဟုတ်ပေ။ အကယ်၍ ပုဂံပြည်က အဇ္ဇဂေါဏ ရသေ့ကြီးလိုအောင်မြင်သွားလျှင်လည်း တိုင်းသူပြည်သားများအကျိုး ခံစားရလေမည်ဟုလည်း ရည်ရွယ်ဟန်ရှိသည်။ အဂ္ဂိရတ်ပညာနှင့် ရွှေဖြစ်ငွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စားသူများသာမက ငွေချက်တတ်သည်ဆိုသူ နိုင်ငံခြား မဖွံ့မတိုင်းသား ယောဂီရသေ့များကိုပင် ထောက်ပံ့အားပေးထားလေသည်။

ဤသို့ရွှေဖြစ်ငွေဖြစ်လုပ်ရပ်သမားများကို တောင်ဥယျာဉ်တော်တစ်နေရာ၌ထားသည်။ ၎င်းတို့အား ကြီးကြပ်သူအဖြစ် အုပ်ချုပ်ရေးပေးလွှဲထားခဲ့ရသူပုဂ္ဂိုလ်တစ်ဦးမှာ အထက်ပါ သံတော်ဆင့် အဝေးကျိဝန်မင်းဦးလတ်ဖြစ်ပါသည်။ ၎င်းသံတော်ဆင့် အဝေးကျိဝန်မင်း ဦးလတ်ကြီးကြပ်အုပ်ချုပ်စီးရသော ရွှေဖြစ်ငွေဖြစ်လုပ်ရပ်ပုဂ္ဂိုလ်များအနက် အမရပူရမှ သူတော်ကြီးရန်အောင်ဇေ့ဌကြီးလည်း အပါအဝင်တစ်ယောက်ဖြစ်နေပါသည်။

သက္ကရာဇ် ၁၂၃၉ခုနှစ်တွင်ဖြင့် သူတော်ရန်အောင်ဇေ့ဌမှာ အသက်ငါးဆယ်ပင်ကျော်ခဲ့လေပြီဖြစ်သည်။

သံတော်ဆင့်မင်းသည် တောင်ဥယျာဉ်တော်သို့ မပြတ်လာရောက်ကြည့်တိုင်း သူတော်ကြီးရန်အောင်ဇေ့ဌ၏ဖိုတွင် စတည်းချလေ့ရှိသည်။ အဂ္ဂိရတ်ဆရာတို့ဘာလိုသနည်း၊ ထင်းမီးသွေးကအစ စားရေး၊ ရိက္ခာအထိ၊ မရှိသည်ကို ထောက်ပံ့ပေးပို့စေသည်။ အကြောင်း တစ်စုံတရာရှိလျှင်လည်း ဘုရင်မင်းတရားကြီး ရွှေနားတော်အရောက် တင်လျှောက်ပေးသည်။

ဤတောင်ဥယျာဉ်တော်တွင်းမှာပင် အင်္ဂလိပ်ဘုန်းကြီး ဘီဂန်တက်ထံမှ ဝယ်ယူထားသော ပုံနှိပ်စက်များဖြစ်သော ပုံနှိပ်လုပ်ငန်းဌာနတစ်ခုရှိလေသေးသည်။ ၎င်းပုံနှိပ်လုပ်ငန်းနှင့် စာစီပုံနှိပ်သမားများ အလုပ်သစ်များအပေါ်တွင်အုပ်ချုပ်စီမံ၍ ကိုယ်တိုင်စာစီစက်ရိုက် ပညာကို နားလည်လုပ်ဆောင် အုပ်စီးနေရသည်မှာလည်း သံတော်ဆင့်အဝေးကျိဝန်မင်း ဦးလတ်ပင်ဖြစ်၏။

သံတော်ဆင့်မင်းဦးလတ်သည် ယင်းသို့လျှင်တောင်ဥယျာဉ်တော်သို့ တာဝန်ဝတ္တရားနှင့် လာရောက်တိုင်း ဖိုးသူတော်ကြီးရန်အောင်ဇေ့ဌနှင့် ခင်မင်ကျွမ်းဝင်နေသောကြောင့် တစ်ချိန်တုန်းက မြို့ဝန်ဘိုင်ဆပ်ကို ကိုယ်တိုင်သတ်ပါမည်ဟု ဓားထမ်း၍ လိုက်သွားဖူးသူဖြစ်ကြောင်းနှင့် သတင်းကြီးခဲ့သဖြင့်ထိုသတင်းနှင့် ယင်းအကြောင်းအရာများကို စုံစမ်းမေးမြန်းလေသည်။

သူတော်ဆရာကြီး၏သားကို မြို့ဝန်ဘိုင်ဆပ်က ဘယ်အကြောင်းများကြောင့် သတ်ခြင်းပါလဲ၊ ဆရာကြီးဟာဘိုင်ဆပ်ကို ရန်ငြိုးကြီးစွာနှင့် ကိုယ်တိုင်သတ်ရန် ဓါးထမ်းလိုက်သွားပြီး တကယ်များသတ်မိခဲ့ပါသလား၊ သတ်မိခဲ့ပါလျှင်အဌင်္ဂသီလစောင့်ထိန်းရသောသူတော်ကြီးအဖို့ ပါဏာတိပါတကံကို ကျူးလွန်ချိုးဖေါက်ခဲ့ရာရောက်မရောက်အတိတ်ကအကြောင်းများကို ပြန်လည်ဆွေးနွေးမေးမြန်းခြင်း အမှုကိုပြုမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင်ဖိုးသူတော်ကြီး ရွှေဖြစ်ငွေဖြစ်အဂ္ဂိရတ်ဆရာကြီးဦးရန်အောင်ဇေ့ဌက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါသည်။

သံတော်ဆင့်မင်းရယ် ကျုပ်ကတကယ်မသတ်ခဲ့ပါဘူး။ မသတ်ရုံသာမက ကျုပ်မှာလည်း သားသမီးလည်းမရှိပါဘူး၊ အိမ်ထောင်လည်းတစ်ခါမှမကျခဲ့ဖူးပါဘူး၊ ကျုပ်ငယ်ဖြူပါ ဟူ၍ဖြေလေသည်။

သည်တော့သံတော်ဆင့်မင်းမှာတစ်ဆင့်တက်၍ ပြဿနာဖြစ်လာပြန်ပါသည်။ ဆရာကြီးမှာငယ်ဖြူဖြစ်၍ အိမ်ထောင်မကျဘူးလျှင်ဘယ်မှာ သားရှိပါမလဲ၊ သား မရှိပါဘူး ဆရာကြီးသားကို မြို့ဝန်ဘိုင်ဆပ်ကသတ်တယ် ဆိုခြင်းမှာဘာ့ကြောင့် ပါလိမ့် ပါဏာတိပါတကံမထိုက်ပါလည်း မုသာဝါဒကံက ကျန်ပါသေးရဲ့ မဟုတ်ပါ လား၊ သည်တော့ဆရာကြီးဟာ ဘာကိုရည်ရွယ်ပြီး ဓားကြီးထမ်းလို့ ဘိုင်ဆပ်သတ်ဖို့ ဆို၍ လူသတ်ကုန်းကိုလိုက်ခြင်းပါလဲ ဟူသောမေးခွန်းကို ဆက်ရပြန်ပါသည်။

ဒါကဒီလိုရှိပါတယ်သံတော်ဆင့်မင်းရယ်၊ ဘိုင်ဆပ်ဆိုတဲ့အကောင်ဟာ လူ့ပြည် ရောက်လာကတည်းက အကုသိုလ်အလုပ်တွေကိုသာ လုပ်လာတဲ့အကောင်မဟုတ် ပါလား၊ ဒီအကောင်ဟာ တစ်သက်တစ်ကမ္ဘာမှာ မဟာအဝီစိငရဲက မတက်ရတော့ မယ့် အကောင်မဟုတ်ပါလား။ ဘဝရဲ့တစ်လမ်းသွားအကောင်ပဲ၊ ငရဲကဘယ်တော့မှ လွတ်မှာမဟုတ်တဲ့အတွက် သင်းမသေခင် ကုသိုလ်တရားသံကလေးများမှ နားမှလေ သံမကြားရပြန်လျှင် အမှန်ပင် အနစ်ကြီးနစ်မွန်း ရရှာတော့မည် မဟုတ်ပါလား။ ဘိုင်ဆပ်ဟာ ရာဇဝတ်အပြစ်ဒဏ်အတိုင်း အသက်အဆုံးစီရင် ပြီးတဲ့နောက် ဒင်း ပြုခဲ့တဲ့အကုသိုလ်တွေရဲ့အလျောက် အပါယ်ငရဲ ပဋိသန္ဓေသို့ မုချဆက်ဆက်ရောက် မည့်သတ္တဝါဖြစ်၍ သနားကရုဏာသက်သောအားဖြင့် ဓားထမ်း၍ အတူလိုက်ပါသွား ပြီး လမ်းမှာ တစ်လမ်းသွားပျက်စီးအံ့ဆဲဆဲတွင် တရားဓမ္မဟောပြောပြသည်ကို နာခံ မှတ်ယူနိုင်သမျှ အကျိုးခံစားရပါစေတော့ဟု အလွန်မိုက်မဲသောသတ္တဝါဖြစ်၍ သနား ကရုဏာသက်သောအားဖြင့်ဓါးထမ်း၍ အတူလိုက်ပါသွားပြီး လမ်းမှာတစ်လမ်းလုံး တရားဟောသွားခြင်းသာဖြစ်ပါတယ်။

သားအမိုက်ကို တိုင်းသူပြည်သားအားလုံးကလည်း သင်း အပြစ်ကြောင့်အလွန် မုန်းတီးနေကြပြီ၊ လမ်းခရီးတစ်လျှောက်လုံး ဝိုင်းအုံကြည့်ရှုရင်း တံတွေးထွေးခြင်း သဲနှင့်ပက်ခြင်း၊ ခဲနှင့်ပေါက်ခြင်းများပြုနေကြသည့်အထဲမှာ ကျုပ်က ဘိုင်ဆပ်ကို သနားသဖြင့် သေခါနီးတရားဟောပါရစေလို့ခွင့်တောင်းနေလျှင် ကျုပ်ကိုပါ ပြည်သူ လူထုကဝိုင်းပြီး ခဲနှင့်ပေါက်ကြမယ်။ သူယုတ်မာကိုအားပေးရမလားလို့ ကျုပ်ကိုပါ ဝိုင်းရိုက်ကြမယ်မဟုတ်လား၊ ဒါကြောင့် ဝိုင်းကြည့်နေတဲ့လူတွေလည်းကျေနပ် လေအောင် ရာဇဝတ်သားငဘိုင်ဆပ်အနားသို့ နီးနီးကပ်ကပ် သွားရခြင်းသာဖြစ်ပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်က ကျုပ်သားကိုသတ်ခဲ့ဖူးသူဖြစ်လို့ အခဲမကျေရန်ငြိုး မကျေသူဖြစ်၍ ဓားထမ်းပြီး သူသာန်မှာသတ်ဖို့ဆိုပြီး လိုက်လာတာကိုမြင်ကြသူတွေ အလွန် ကျေနပ် အားရကြတယ်။ ဘိုင်ဆပ်တို့များ ဖိုးသူတော်တောင်မုန်းပါကလားလို့ ဖိုးသူတော်ကို တောင်မှ ကောင်းချီးသြဘာပေးနေကြသေးတယ်။ တကယ်လို့သာ သူတော်ကသေရ မယ့် ရာဇဝတ်သားဘိုင်ဆပ်သနားလို့ တရားဟောမလို့ဆိုတာသိရင် အဲဒီနေရာတွင်ပဲ ဖိုးသူတော်ရဲ့အရိုးအသားတွေ ဖွဲအိတ်ဖြစ်သွားမှာကလား၊ လူတွေကသည့်ကလောက် မုန်းမာန်ပွားနေခြင်းခံရတဲ့ ဘိုင်ဆပ်ပဲဟူ၍ဆိုပါသည်။

ဤတွင်ဖိုးသူတော်အင်္ဂရိတ်ဆရာကြီး ရန်အောင်ဇေဒ၏ဇာတ်ကြောင်းမှန်ကို သံတော်ဆင့်မင်းက သိရှိရလေသည်။

ဒါဖြင့်ရင် လမ်းမှာ ဆရာကြီးက ဘိုင်ဆပ်အနားကပ်ပြီး တီးတိုးတီးတိုးဟောသွား တဲ့အခါ ဘိုင်ဆပ်ကကော ဆရာကြီးတရားဟောတာကို ကောင်းကောင်းနာယူသွား ပါရဲ့လားဟု မေးရပြန်သည်။

ဟာသည်အကောင်ဟာ ကုလားဒိန်ဆိုပေမယ့် ကုလားဘာသာကိုလည်း ကောင်းစွာခံယူတဲ့ အကောင်မဟုတ်၊ ဗုဒ္ဓဘာသာမြန်မာတရားတော်ကိုလည်း မဝင်ဆန့် သက်သက်မဲ့ လူ့အန္တရာယ်ကောင် လူပြိန်း လူညံ့လူမိုက်အစားထဲက လူသက် သက်ပဲ၊ ပညာဉာဏ်ကလည်းနည်း ဗဟုသုတကလည်းမရှိ။ သူသိတာဟာ ချိုးတယ်ဖို့ ခါတယ်ဖို့လောက်သာသာ နားလည်တဲ့လူစားမို့ တစ်လမ်းသွားလို့ဆိုထိုက်တယ်။ ဒီတော့ တရားဓမ္မဟောပြောပြပေမယ့်လည်း အခံကမရှိလေတော့ ကျွဲပါးစောင်း တီးသလိုဖြစ်ခဲ့ရတယ်။ သူ့နားထဲမှာ တရားဓမ္မသံဝေဂ ဝင်ဟန်မတူပါဘူး၊ သေကာနီး အပါယ်ပဋိသန္ဓေမပေးပါစေနှင့်လို့ စေတနာထားပြီး တရားဟောပေမယ့်လည်း တရားသဘောကိုမှ လုံးဝနားမလည်တဲ့သတ္တဝါမို့ ဓားထမ်းလိုက်သွားရတာသာ အဖတ်တင်မှာပါပဲ၊ ကျုပ်ကတရားသံပေးတဲ့အခါ ပြူးကြောင်ကြောင်နှင့် ကျုပ်ကို ငေးကြည့်နေရုံမှတစ်ပါး ဘာမှနားလည်ပုံမရပါဘူး။ သင်း မျက်နှာကလည်း မာကျော ကျော မိုက်ကပ်ကပ်ပုံပါပဲ၊ ကြောက်စိတ်ကလည်းမွှန်နေတယ်လေ၊ သူသေရတော့မှာ ကိုး။

ကျုပ်ကလည်းလက်ဖျားနှင့်မျှ သူ့ကိုမတို့ခဲ့ပါဘူး၊ အဲဒါနှင့် အချိန်ကျလို့သူ့ကို အာဏာပါးကွက်များက ဓားနဲ့ပိုင်းလိုက်တဲ့အခါ သွေးပွက်ပွက်ထပြီး ဇက်ကျိုးကျသွား တာ မြင်လိုက်ရတာပါပဲ၊ အဲ တစ်ခုအထင်ကရ မှတ်မိလိုက်တာကတော့ သူ့ကိုစီရင် တဲ့ပါးကွက်အာဏာသားတွေဟာ ဘာကြောင့်မှန်းမသိ တာဝန်ရှိလို့လုပ်ရတာ ထက်ပိုပြီး စိတ်အားထက်သန်နေကြတဲ့ပုံမျိုးကို မြင်ရပါတယ်။ ဒီတော့ကာ ဘိုင်ဆပ် ဟာ အာဏာပါးကွက်သားတွေရဲ့ရပ်ကွက်မှာတောင် အနိုင်အထက်လုပ်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်ထင်တယ်။ အဲဒါ သူတို့ကလည်း အငြိုးထားပြီး ဓားနှင့်ခုတ်ရာမှာတောင် မသေမချင်း တောက်တောက်စဉ်းကြသေးတယ်။ ကျုပ်လည်းဆက်ကြည့်ဖို့ မျက်စိ မရဲတာနဲ့ တစ်ခါတည်းလှည့်ထွက်လာခဲ့ရတာပါပဲ။ တစ်လမ်းသွားမို့ သနားတော့ သနားလိုက်ပါရဲ့လေ။

စသောအဖြေနှင့် အတိတ်က ကိုယ်တွေ့မျက်မြင်ကိစ္စကို သူတော်ကြီးက ပြန်လည် ပြောကြားခြင်းပြုပါရဲ့လေ။

သံတော်ဆင့်မင်းသည် ဤတွင်မှ သူငယ်စဉ်က မတင်မကျဖြစ်ခဲ့ရသော သိချင် လှသည့်ပြဿနာများ ပြေလည်သွားပါတော့သည်။ ၎င်းအဝေးကျီဝန်သံတော် ဆင့်မင်းဦးလတ်သည် နောင်သောအခါ ဝန်ထောက်ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူဖြစ်ပါသည်။

ဘိုင်ဆပ်၏တပည့်လက်ရင်းအတွင်းလူ သူဌေးမြို့စာရေးမောင်ပိန်မှာလည်း သူ့ဆရာ ဘိုင်ဆပ်နည်းတူ သည်းအူထုတ်၍ နုပ်နုပ်စဉ်းခံရသည်ဟုဆိုသည်။

မြို့ဝန်ဘိုင်ဆပ်သားမယားများနှင့် မြို့စာရေးဦးပိန်၏ သားမယားမှာလည်း ကြီးလေးသော ရာဇဝတ်သားတို့၏ သားမယားများသွားရာလမ်းအတိုင်း သွားလေ သူတို့နောက်သို့ ကောက်ကောက်ပါရှာကြလေသည်။

ဆရာကောင်းစား၍ စားဖော်သောက်ဖော် လုယက်လာဘ်စားရာ အားပေး လိုက်ပါအမှုထမ်းရာမှာ ဝေစုဝေငှစားလုပ်စားပေါက် ကောက်စားရှာကြရသော ဘိုင်ဆပ်၏ တပည့်တပန်း အမှုထမ်းတို့မှာလည်း ဆရာများသွားရာလမ်းသို့ ဖြောင့်ဖြောင့်တန်းတန်းလိုက်ပါသွားရှာကြရလေသည်။

ယင်းသို့လျှင် မတရားကျင့်ကြံသူ မြို့ဝန်ဘိုင်ဆပ်တို့လူသိုက် ရာဇဝတ်ကပ်ကြီး ဆိုက်သွားသောအခါ တိုင်းနေပြည်သူတို့လည်း စိတ်ဝမ်းအေးချမ်းသွားရပေတော့ သည်။ မိမိတို့အပေါ်၌ မတရားမှုခင်းရှာကြံနှိပ်စက်တတ်သူများ ကင်းရှင်းသွားသဖြင့် ရောင်းပန်းဝယ်ပန်းနှင့်တကွ တရားလမ်းကြောင်းမှန်ကန်စွာ ဝမ်းမြောက်ဝမ်းသာ နေနိုင်ရှာကြလေတော့သည်။

နန်းတော်သူနန်းတော်သားတို့ကလည်း စကားမိဖုရားကိုကျေးဇူးတင် စကားပြော ကြားလေသည်။ ဘိုင်ဆပ်က နှစ်ရှည်လများ မတရားပြုမူလာခြင်းခံခဲ့ရသမျှ စကား မိဖုရားနှင့်ကျကာမှ အမှုမှန်ပေါ်ရသည်ဟုဆိုသည်။ ဤမျှမက တမလွန်ဘဝကလာ ပြီး ပုဂံမင်းတရားကြီးကို အိပ်မက်ပေး၍ တိုင်းနိုင်ငံအရေး အေးချမ်းသာယာလာ အောင် အကျိုးဆောင်လိုက်သော ကွယ်လွန်သူ စစ်တောင်းမြို့စား ဝန်ကြီးဟောင်း အား များစွာကျေးဇူးတင်၍နေကြသည်။

ဘုရင်မင်းမြတ်၏အချစ်တော်မို့ မှန်ရာကို သံတော်ဦးမတင်ရဲခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်ဝန်ကြီးတစ်စုကလည်း ကွယ်လွန်သူ စစ်တောင်းမြို့စား ဝန်ကြီးအား အမျှအတန်းများဝေကြသည်။ ဝန်ကြီးအတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်အဖြစ် ပြုကြသည်။ လွှတ်တော်ဝန်ကြီးသည် တိုင်းပြည်ကို တကယ်ချစ်သော ဝန်ကြီးပါပေ တကား။ ဘုရင်က မေ့လျော့နေသည်ကိုပင် နန်းတော်တွင်းဝင်၍ အိပ်မက်ပြ သတိ ပေးဖော်ရပေသည်ဟုလည်း သွားလေသူအပေါ်မှာ ကြည်ညိုသဒ္ဒါပိုကဲလာကြသည်။ အယူအစွဲကြီးသူတို့ကလည်း စစ်တောင်းဝန်ကြီးသည် သူတော်စင်ရက္ခစိုးနတ်ကြီးဖြစ် နေပြီဟူ၍ မိမိတို့အဖို့လည်း မစေ၊ စစေကြောင်း ထမင်းဦးပေါင်း ရေသကောင်းနှင့် ဆုတောင်းတင်သ၍ နေ့စဉ်ကပင် အမျှအတန်းပေးဝေနေကြလေတော့သည်။

## ဂုံးကောင်များ

မြို့ဝန်ဘိုင်ဆပ်ကို ကပ်ဆေးပြီးသည့်နောက်၊ တိုင်းပြည်လူထုအေးချမ်းမှု ရကြ လေသည်။ တိုင်းနိုင်ငံတော်အခြေအနေကတော့ တိုးတက်ထွန်းကားမှုမရှိ၊ ခမည်းတော်ရွှေဘိုမင်းတရား လက်ထက်က စံချိန်ကိုပင် မမီလေဘဲ လျော့ရဲပျော့ညံ့ လျက်ရှိသည်။ အားအင်ချိနဲ့သည်။ အင်္ဂလိပ်နယ်ချဲ့တို့နှင့်လည်း တစ်ချီတစ်မောင်း စစ်ပွဲ စတင်ဆင်နွှဲရပြန်သည်။ ထိုစစ်ပွဲသည် ဒုတိယအင်္ဂလိပ် မြန်မာစစ်ပွဲဟူ၍ ခေါ်တွင်ခဲ့လေသည်။

ဤကဲ့သို့ အပြင်အပက မီးဝိုင်းနေဆဲမှာ နေပြည်တော်တစ်ခွင်၌ ပြေပြစ်အောင် မွှေပစ်လိုက်သော ဘိုင်ဆပ်ကိစ္စက ကမ္ဘာမီးလောင်ရာ ရေနံခွက်မှောက်သည့်နှယ် ဖြစ်လိုက်ရသေးသည်။

ယခုတော့ ဘိုင်ဆပ်၏အတွင်းမီးက အေးငြိမ်းသွားလေပြီမို့ နေပြည်တော် ရပ်ကွက်အသီးသီးမှာ စိတ်လွတ်လက်လွတ်အေးချမ်းသာယာမှုရရှိလာသည်။ ရွှေနန်း တော်အတွင်းမှာလည်း နန်းတော်သူနန်းတော်သားများနှင့်တကွ မင်းမှုထမ်းများပါ စိတ်အနှောင့်အယှက် ခံစားနေရခြင်းမှ ကင်းရှင်းသွားခဲ့ကြရပါပြီ။

သို့သော် တိုင်းရေးပြည်ရာကတော့ မအေးချမ်းနိုင်ပါ။ နယ်ချဲ့အင်္ဂလိပ်တို့က အောက်မြန်မာပြည်မှ တစ်စတစ်စ ရန်ပြုလာကြရာ၌ မြန်မာဘက်ကစစ်ရေးမသာ အင်အားမနိုင်ဖြစ်နေသည်။ နယ်ချဲ့အင်္ဂလိပ်ကလည်း ရုတ်ချည်း အမြန်ဆိုသလို မပြုဘဲ၊ ခပ်အေးအေးချို၍ တိုက်လျက်ရှိသည်။ ရှေးခေတ်ကတော့ လှေခေတ် လှည်းခေတ်နှင့်လျော်ညီစွာ ခပ်ဖြည်းဖြည်းအချိန်ဆွဲနိုင်သည်။ ယခုခေတ်ကဲ့သို့ လေယာဉ်ပျံခေတ်မျိုးမဟုတ်သဖြင့် ရုတ်တရက် အနိုင်အရှုံးမဆုံးဖြတ်သာ၊ နေ့ရက် အချိန်ကြာလေသည်။ သို့ရာတွင် အင်္ဂလိပ်အင်အားက အရေးသာလျက် ပုဂံမင်း ဘက်က အားရလောက်သောအခြေအနေမရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ရှိနေစဉ်မှာ ပုဂံမင်း၏အမရပူရနေပြည်တော်မှာ နန်းတွင်းရေးရှုပ်ထွေးလာပြန်ပါသည်။ အင်္ဂလိပ်ခံချရတာကတစ်ဖက်၊ နန်းတွင်းရေး မီးမွှေးပေးသူများကတစ်ဖက်နှင့် အခက်ကြုံရပြန်တော့သည်။

အကြောင်းကားပုဂံမင်းနှင့် ညီတော်မင်းတုန်းမင်းတို့ စပ်ကြားတွင် ဂုံးကောင်များဝင်၍လာခြင်းပင်ဖြစ်လေသည်။ မင်းခစားဂုံးကောင်များဆိုသည်မှာ အခြားမဟုတ်၊ ကိုယ့်အုပ်စုကလေးနှင့်ကိုယ်ဖြစ်နေကြသော မျုးမတ် ဝန်စုမျုးစုများပင်ဖြစ်ပါသည်။ ထိုဂုံးကောင်အုပ်စု၏ သန္ဓေတည်ရာဌာနမှာတော့ အခြားဟုတ်ပါရိုးလား၊ သွားလေသူမြို့ဝန်ဘိုင်ဆပ်တို့ စားခဲ့ပုံဝါးခဲ့ပုံ လမ်းစဉ်တို့ကို တိတ်တဆိတ်ကျိတ်၍ အားကျနေသူတစ်စုတို့ဖြစ်ပါသည်။ မိမိတို့၏ ရာထူးစည်းစိမ်တည်မြဲမှု တိုးတက်မှုများကို ထာဝရရှေးရှုလျက် မျက်နှာလိုမျက်နှာရသာပြု၍ အမှုမှန်သည်မှားသည် မငဲ့ကွက်ကိုယ့်ဘက်သာကိုယ်ယက်လျက်ရှိကြသူများဖြစ်ကြသည်။

ဒါကို ညီတော်မင်းတုန်းမင်းသားကြီးကသိသည်။ ဤသို့ ကိုယ့်ဘက်ကိုယ်ယက်ချင်ကြသော ကလိန်ကလက်အုပ်စုကို မင်းတုန်းမင်းသားကြီးက မလိုလားသော ကြောင့်သူတို့ပြုမူသမျှကို ရှေ့ကနေ၍ဟန့်တားခြင်း ပြုလျက်ရှိသည်။

ယင်းသို့ ဖြောင့်ဖြောင့်မှန်မှန်သွားရန် မင်းသားကြီးကတားဆီးခြင်းကိုပင်သူတို့ကမလိုလားနိုင်အောင် ဖြစ်လာသည်။ နယ်ချဲ့မီးဝိုင်းလာသည်ကတစ်မျိုးအတွင်းပိုးထနေသူများကတစ်ဝ နှင့် တစ်စတစ်စရှုပ်ထွေးစပြုလာသည်။

မင်းတုန်းမင်းသားကြီး၏ ဆန့်ကျင်ဘက်လူများသည် မိမိတို့သွားရာခရီး၌အဟန့်အဆီးဖြစ်နေသော မင်းတုန်းမင်းသားကြီးအား ဖယ်ရှားပစ်လိုသည်။

သည်တော့ ညီအစ်ကိုသွေးကွဲစေမှုကို မသိမသာပြု၍ပြု၍ လာကြသည်။ ဒါကိုလည်း မင်းတုန်းမင်းသားကြီးက သိနေရိပ်မိနေပြီဖြစ်သည်။ ထို့ကြောင့် မိမိဘက်ကချို့ယွင်းချက်မရှိအောင် သတိဆောင်၍ နေရလေသည်။

ခမည်းတော်ရွှေဘိုမင်းနှင့် ဘကြီးတော်ဘုရားတို့ ဖြစ်စဉ်ကိုလှမ်းမိ၍ မြင်မိ သည်။ ဘကြီးတော်ဘုရား၏ ယောက်ဖတော် မင်းသားကြီးဦးအိုတို့အသိုက်က ရွှေဘိုမင်း(သာယာဝတီမင်း)အား စတင်တိုက်ခိုက်ပုံမျိုး၊ စီမံကိန်းမျိုးတစ်ကြိမ်ကြုံရဦးတော့မှာပါကလားဟူ၍ စဉ်းစားမိလေသည်။

မင်းတုန်းမင်းသားကြီးသည် နောင်တော်ပုဂံမင်းအား အထူးချစ်ခင်လေးစားသူဖြစ်သည်။

ပုဂံမင်း၏ နှမတော်စုဖုရားကြီးနှင့်လည်း မင်းတုန်းမင်းသားကြီးမှာ ခင်မင်ရင်းနှီးရည်ငံရင်းရှိသည်။ ထို့ကြောင့် အခြေအနေအရပ်ရပ်ကို စုဖုရားကြီးထံစေလွှတ်သတင်းပို့စေသည်။ စုဖုရားကြီးမှာ ဉာဏ်ပညာအမြော်အမြင်ကြီးသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လောကီလောကုတ္တရာကျမ်းဂန်စာပေအဖြာဖြာတို့ကိုလည်း လိမ်မာကျွမ်းကျင်တတ်သိသူဖြစ်သည်။ ထို့ကြောင့်ခမည်းတော် ရွှေဘိုမင်းတရားကြီးကပင် ဤသမီးတော်ကြီးကို အစစတိုင်ပင် ဆွေးနွေးမေးမြန်းတော်မူလေ့ရှိခဲ့ဖူးသည်။ သည်တော့ မင်းတုန်းမင်းသားကြီးကလည်း အစ်မတော်စုဖုရားကြီးအားဖြစ်ပေါ်လာသော အကြောင်းကိစ္စရပ်များကို ကြားသိထားနှင့်စေရန် သတင်းပို့မြဲဖြစ်သည်။

ထို့ကြောင့် နန်းတွင်းရေးရှုပ်ထွေးခြင်းမရှိစေရန် ပညာဉာဏ်အမြော်အမြင်ကြီးစွာနှင့် မောင်တော်မင်းတုန်းမင်းသားအား သင့်လျော်သောအမှာအထား စကားအချိတ်အဆက်များ ပို့လျက်ရှိသည်။

ရှေးနန်းတွင်းထုံးစံအတိုင်း ကိုယ်နယ်နိမိတ်စည်းကမ်း သတ်မှတ်ထားသလို နေထိုင်စံမြန်းကြရသူများဖြစ်၍ မင်းသားများကမင်းသားနေရာအိမ်တော်များ၌ စည်းကမ်းသတ်မှတ်ထားသလိုနေရပြီး၊ မင်းသမီးများကလည်း မင်းသမီးနေရာ အနောက်ပိုင်းအဆောင်တော်များမှာ သေသပ်စွာစံနစ်တကျနေထိုင်စံမြန်းရသူများဖြစ်ခြင်းကြောင့်တစ်ဦးအဆောင်တစ်ဦး ဝင်ထွက်သွားလာခွင့်မရှိကြပါ။ မင်းသမီးများသည် ကိုယ့်အဆောင်မှာ ကိုယ့်အခြွေအရံများနှင့်သာ နေကြရသည်။ ထွက်တော်မူရာ ပါသင့်ကပါရသည်။ အလှူတော်မင်္ဂလာများ၊ ကန်တော့ခံများ၊ ပွဲကြည့်ဆောင်များတွင်သာ အခြားသူတို့နှင့်ကြုံတွေ့ကြရ၍ မင်းသားမင်းသမီးများ ခေါ်ပြောနှုတ်ဆက်ခွင့်ရကြသည်။ သို့မဟုတ်ပါက မိန်းမနှင့်ယောကျ်ား ဝင်ထွက်ကူးသန်းလာမှု မပြုစကောင်းသလို နေကြရသည်။

မင်းတုန်းမင်းသားကြီးနှင့် စုဖုရားကြီးတို့မှာလည်း ဤနန်းတွင်းစည်းကမ်းအတိုင်း နေတော်မူကြရသူများ ဖြစ်လေသည်။

ပြင်ပပွဲလမ်းသဘင်ထွက်ကြရလျှင် နှုတ်ခွန်းဆက်သ၍ အစ်မတော်နေထိုင်ကောင်းပါစ စသောပဋိသန္ထာရကအစပြုလိုအပ်ရာအကြောင်း ကိစ္စများပြောကြရသည်။ ယခုကဲ့သို့သော လျှို့ဝှက်ကိစ္စသတင်းများကိုမူ လူကြားသူကြားတိုင်ပင်ပြောကြား၍ မဖြစ်သောကြောင့် ယုံကြည်စိတ်ချရသော အတွင်းလူယုံတော်များနှင့် သတင်းပို့ပြောကြားရခြင်းဖြစ်လေသည်။

မင်းတုန်းမင်းသားကြီး၏ လူယုံတော်သည်လည်းကောင်း၊ စုဖုရားကြီး၏ လူယုံတော်သည်လည်းကောင်း၊ မိမိတို့အရှင်သခင်နှစ်ဦး၏ ကိစ္စများကို သူတို့ အသက်ထက်တန်ဖိုးထား၍ ဆောင်ရွက်သည်ပိုးသွားခဲ့ကြလေသည်။

ထိုအချိန်ထိုအခါသည် ပုဂံမင်းနန်းစံရချိန်ခြောက်နှစ်အတွင်း ပထမနှစ်နှစ်၊ ဒုတိယနှစ်နှစ် မှသည် တတိယပိုင်းနှစ်နှစ်အချိန်သို့ တိုင်လေပြီဖြစ်သည်။

ထို့ကြောင့်စုဖုရားကြီးအဆောင်တော်၌ စံမြန်းနေထိုင်ခဲ့ကြသော စုဖုရား



www.burmeseclassic.com

www.burmeseclassic.com



(နန်းမတော်မယ်နုသမီး) နှင့်လှိုင်ထိပ်ခေါင်တင်(အနောက်နန်းမမြကလေးသမီး)တို့ ရှိရာမှာ နန်းမတော်မယ်နုသမီး စုဖုရား(ဆင်ဖြူမရှင်ဖြစ်မည့်သူ) မှာ အရွယ်တော်ကြီး မြောက်ခဲ့ပြီးဖြစ်သည်။ အစ်မတော် စုဖုရားကြီးနှင့်အတူနေထိုင်ရသော်လည်း အစ်မတော်ကဲ့သို့ စာပေကျမ်းဂန်များကို ဝါသနာနှင့် စနစ်တကျလိုက်စား လေ့လာ ခဲ့သူမဟုတ်ခဲ့ပေ။ အစ်မတော်၏ အဆုံးအမဥ္စတည်၍ လောကုတ္တရာတရားစာပေ များ သင်အံလေ့လာခိုင်းသမျှကိုသာ ဝတ်ကျေတမ်းကျေလိုက်နာခဲ့ရသည်။ စိတ်မဝင် စားလှ၊ အစ်မတော်လည်း အရိပ်အကဲသိတော်မူ၍ တင်းတင်းကျပ်ကျပ် စေခိုင်းခြင်း မပြု၊ သူ့ဝါသနာအလျောက်ပင်ရှိစေတော့ဟု လျှော့ထားလေသည်။

သို့သော် ညီမတော်ကလေး လှိုင်ထိပ်ထားကိုမူ အရေးတယူနှင့် လောကုတ္တရာ စာပေကျမ်းဂန်များနှင့်အတူ သူဝါသနာထုံရာ လောကီစာပေများကိုပါ သင်အံ လေ့လာစေခဲ့သည်။

လှိုင်ထိပ်ထားသည် ၁၂ နှစ်အရွယ် မယ်တော်ကွယ်လွန်ခဲ့သည့်အချိန်ကစပြီး အစ်မတော် စုဖုရားကြီးအဆောင်တော်သို့ရောက်စကဆိုလျှင် မယ်တော်အတွက် မျက်ရည်နှင့်မျက်ခွက်မစဲအောင် ငိုပွဲဆင်နေခဲ့ရသလောက် နောက်သောအခါ ဗျာပါ ပူပန်များ ပျောက်ပျက်ကာ အလိုက်ဘာသာနေတတ်ရှာတော့သည်။ ထိုအချိန်က ဆိုလျှင် မယ်တော်မမြကလေး၏ဖြစ်အင်ကို သူအလွန်သိချင်သည်။ အစ်မတော်များ ကလည်း အစတော့ဖြင့် ဖုံးဖုံးအုပ်အုပ်ထားပြီး အချိန်အခါနှောင်း၍လာခါမှ ဖြစ်သမျှကို အကုန်အစင်အသိပေးလျက် ညီမတော်ကလေး စိတ်လက်ချမ်းသာစွာနေ စေရန် ယုယုချော့မော့ထားခဲ့ကြသည်။ ယခုလိုကာလတောင်တာ အတော်ကြာတော့ လည်း ပျောက်သောသူရှာလျှင်တွေ့၍ သေသောသူကြာလျှင်မေ့ရသော ထုံးတမ်းစဉ် လာအတိုင်း အချိန်ကာလကြောင့် သောကဒုက္ခများအနယ်ထိုင်ကာ နေသာသလိုရှိခဲ့ ရာတွင် အစ်မတော်စုဖုရားကြီး သင်ကြားပြသသော အဆုံးအမတို့ကိုနာခံ၍ လောကီ လောကုတ္တရာ စာပေကျမ်းဂန်များသင်အံလေ့လာပြီး အင်မတန်ဝါသနာကြီးသော ကဗျာဂီတနှင့် စာပေအရေးအသားများကိုအလေးထား၍ အထူးလိုက်စား လေ့လာ ရေးသားစပြုပါတော့သည်။

ထို့ကြောင့် လှိုင်ထိပ်ထားအရွယ်တော် တစ်ဆယ့်ခြောက်နှစ်အချိန်ရောက်သော အခါ မယ်တော်မမြကလေး၏ခြေရာကို နင်းနိုင်သည်လောက်အောင် တောက်ပြောင် လာခဲ့လေသည်။ အနုပညာအခြေခံထုထည်လည်း ကြီးမားလာခဲ့လေသည်။

အစ်မတော်စုဖုရားကြီးမှာ ဂီတကဗျာနှင့်သီချင်းများကိုဝါသနာပါသူ မဟုတ်ပါ။ လောကုတ္တရာစာပေကျမ်းဂန်များကို အထူးလိုက်စား လေ့လာတော်မူပါသည်။ လောကီစာပေထဲကဆိုလျှင် ဗေဒင်ကျမ်းများ ဆေးကျမ်းများကိုလည်း အထူးမွေ



www.burmeseclassic.com

www.burmeseclassic.com



နှောက်ချောက်ချားနိုင်သူဖြစ်သည်။ ဗေဒင်ပညာတွင်သာမက ကိန်းခန်းယတြာခတ် ရိုက်စသော လောကီကိစ္စ၌ အထူးကျွမ်းကျင်၍ ခမည်းတော် ရွှေဘိုမင်းတရားကြီးက ပင် လက်သုံးပြုခဲ့ရသူ သမီးတော်ကြီး ဖြစ်ပါသည်။

ထို့ကြောင့် အစ်မတော်စုဖုရားကြီးသည် ဗေဒင်ကျမ်းကျေသူဖြစ်သည့်အတိုင်း မိမိဇာတာကိုလည်း စစ်ဆေးသည်။ ညီမတော်များ၏ဇာတာကိုလည်း စစ်ဆေး ကြည့်ရှုသည်။ မောင်တော် ပုဂံမင်းဇာတာကိုလည်းကောင်း၊ မောင်တော် မင်းတုန်း မင်းသားကြီးနှင့် ကနောင်မင်းသားတို့၏ဇာတာများကိုလည်း အခါမပြတ်ကြည့်ရှု တွက်ချက် လေ့လာခဲ့သူဖြစ်လေသည်။

မင်းသမီးတိုင်း မိဖုရားဖြစ်နိုင်သည်ထားဦး၊ မင်းသားတိုင်းက ရှင်ဘုရင်ဖြစ်နိုင် ရန်ခဲယဉ်းလေသည်။ ရှင်ဘုရင်ဖြစ်ပြန်လျှင်လည်း နန်းစည်းစိမ် အတည်တကျ ရှိချင်မှရှိတတ်ကြပေသည်။ ကံတရားက ဖန်တီးပေးထားသမျှ ဖြစ်ကြပျက်ကြရသူ တွေ ဖြစ်သည်။ တကယ်ဗေဒင်ကျမ်းများ တတ်ကျွမ်းနားလည်ထားသူသည် ကံတရား ကို တပ်အပ်သေချာမပြောနိုင်စေကာမူ ဗေဒင်ကျမ်းလာ အဆိုအမိန့်များအရ မူလဇာတာခွင်၌ မည်သို့ပါလျှင် မည်သို့ဖြစ်ရလိမ့်မည်ဟု ဆိုသည်ကိုတော့ ရေးရေး ရိပ်ရိပ်မှန်ကန်လေ့ရှိကြသည်။ အချိန်ကာလအပိုင်းအခြားကို ပြတ်ပြတ်သားသား လျှော်မှန်းထစ်မပြောနိုင်စေကာမူ တစ်နေ့နေ့တစ်ချိန်ချိန်မှာ မူလဇာတာပါရှိခဲ့သည့် အတိုင်း အတိအကျဖြစ်လာရသည်ပင်။

ရှင်ဘုရင်ဖြစ်မည့်သူဆိုလျှင် ရှင်ဘုရင်ဖြစ်ခဲ့သည်။ မိဖုရားဇာတာပါသူလည်း မိဖုရားဖြစ်ကိန်းရှိသည်။

ဥပစ္ဆေဒကကံနှင့် သေကိန်းပါသူလည်း သေရမည်သာ၊ အရွယ်သုံးပါး၌ မည်သည့်အရွယ်၌ အကျိုးပေးနိုင်သည်ကိုပင် ကြိုတင်တွက်ချက်ကြည့်ကသိနိုင် သည်။ ဗေဒင်ကျမ်းများသာမက လူ၏ရုပ်လက္ခဏာများကလည်း အဟောတွက်ပြ တတ်လေသည်။

ထို့ကြောင့် လက္ခဏာဖတ်တတ်သော ပညာရှိများကလည်း လက္ခဏာကို ကြည့်ရှုမှုနှင့် ဟောချက်တွေတွက်ကြသည်။ လူ၏ရုပ်လက္ခဏာအရေးအကြောင်း ကလေး များကလည်း လူ၏ဘဝကံတရား သွားရာလမ်းကြောင်းများကို ရေးရေးရိပ်ရိပ်ပြထား ပေးလျက်ရှိလေသည်။ လက္ခဏာကျမ်းကို လေ့လာကျွမ်းကျင်သူတို့ကလည်း အရွယ် သုံးပါး၏ အပိုင်းအခြားကို ဆင်ခြင်သုံးသပ်၍ ဟောနိုင်ကြသည်။

ဤသည်တို့ကြောင့် ယနေ့ခေတ်ယနေ့အချိန်အထိ ဗေဒင်ကိုယုံကြည်သူတွေ လက္ခဏာကို ယုံကြည်သူတွေ အမြောက်အမြားတွေ့နေကြရခြင်း ဖြစ်ပေသည်။

စုဖုရားကြီးသည် ဗေဒင်ကို ဒိုးကဲ့သို့မွှေနိုင်သူဖြစ်သည်။ ထို့ကြောင့်မိမိနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညီမတော်များ၏ ဇာတာကိုလည်း မည်သို့ဟုသိနိုင်၍ မောင်တော်ပုဂံမင်းဇာတာ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ဇာတာများကို ရှေ့ဖြစ်နိုင်မည့် မူလဇာတာ ခွင်ပါ အခြေအနေများကို သုံးသပ်နိုင်ပြီးသူတစ်ဦး ဖြစ်လေသည်။

ထို့ကြောင့် စုဖုရားကြီးသည် မင်းတုန်းမင်းသားကြီး၏ မူလဇာတာခိုင်မာသူဖြစ်သည်ကို ပိုင်ပိုင်နိုင်နိုင် သိရှိထားတော်မူလျက်ရှိသည်။

ယင်းကြောင့်လည်း နောင်ရေးအတွက် မျှော်လင့်ချက်အပြည့်အဝရှိထားသူ ဖြစ်သည်။ တိုင်းပြည်နိုင်ငံတော်အေးချမ်းသာယာရေးအတွက်သော်လည်းကောင်း၊ ဘာသာ သာသနာရေးအတွက်သော်လည်းကောင်း၊ မိမိတို့ဆွေမျိုးတော် အစဉ်အဆက်အနွယ်အခက်တို့အတွက်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးတို့ကို ခြုံ၍ငုံ၍စဉ်းစားလျှင် မင်းတုန်းမင်းသားကြီး၏ နှလုံးရည် လက်ရုံးရည်များကြောင့် အားထားမိလေသည်။ ပညာအရည်အချင်းနှင့်တကွ သတ္တိဗျတ္တိဝီရိယ ဇွဲလုံ့လစသော ပုဂ္ဂလဂုဏ်ထူးဝိသေသနများခြံရံထားသည့်နှယ် အတင့်အတယ် ထယ်ဝါ ခံ့ညားနေတော်မူသော မင်းတုန်းမင်းသားကြီးအပေါ်၌ စုဖုရားကြီးက အထူးစိတ်ဝင်စားတော်မူခဲ့သူ အားထားတော်မူခဲ့သူဖြစ်ခဲ့သည်။

မောင်တော်အရင်းဖြစ်သူ ပုဂံမင်းတရားသည် မိဖုရားခေါင်တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးမှဖွားမြင်တော်မူသော သားတော်ဖြစ်ခြင်းကြောင့်သာလျှင် ခမည်းတော်ရွှေဘိုမင်းတရားကြီး၏ ထီးနန်းအရိပ်အရာကို ဆက်ခံတော်မူသူ ဖြစ်သော်လည်း မင်းတုန်းမင်းသားကြီးနှင့်နှိုင်းစာသော် မိမိမောင်တော်အရင်း ပုဂံမင်းသည် လက်ရုံးရည် နှလုံးရည် သတ္တိဗျတ္တိ ဝီရိယနှင့် ဇွဲလုံ့လတို့မှာ မယှဉ်သာအောင် ပျော့ညံ့ကွာခြားနေခြင်းကို အသိအမြင်ပင် ဖြစ်ခဲ့လေသည်။

ထိုသည့်အပေါ်တွင် ငယ်စဉ်ကလိုက်စားခဲ့သော အပျော်အပါးကိစ္စ တိရစ္ဆာန်ဝါသနာထုံသောကိစ္စများက တစ်မှောင့်ကြောင့်ကြမှု စိုးရိမ်မှုစသော တိုင်းနိုင်ငံတော်အရေးတို့လည်း အလေးအနက်မထားတတ်သည်များကြောင့် အားမလိုအားမရ ဖြစ်နေခဲ့ခြင်းများလည်း ရှိခဲ့သည်။ ၎င်းပြင်ပုဂံမင်းတရား၌ သားတော်မထွန်းကားသူဖြစ်၍ နောင်ခါထီးနန်းအရိပ်အရာကို ဆက်ခံစရာကိစ္စက ယနေ့အထိ သားတော်မထွန်းကား၍ မျှော်လင့်ချက်မရှိလေသေး။

သားတော်မရှိလျှင် ညီတော်များသာ ထီးနန်းအမွေ ဆက်ခံစရာရှိပါတော့သည်။ ထို့ကြောင့် မင်းတုန်းမင်းနှင့်ကနောင်မင်းညီနောင်နှစ်ပါးသည် ထီးနန်းအတွက် အလားအလာရှိနေသော မင်းသားနှစ်ပါးဖြစ်နေပါသည်။

အကယ်၍ ပုဂံမင်း၏ မိဖုရားများက နောက်အချိန်မှာ သားတော်တစ်ပါးတလေ ဖွားပေးပစေဦး၊ အလွန်ငယ်ရွယ်နေတော့မည်၊ သည်တော့ပုဂံမင်းအရိပ်အရာလွှဲသွား



www.burmeseclassic.com

www.burmeseclassic.com



လျှင် သားတော်ငယ်ကလေးအား မင်းတုန်းမင်းသားကြီးကပင် ရင်ခွင်ပိုက်၍ အုပ်စိုးရပေမည်။ သို့သော် ပုဂံမင်းမှာ သားတော်မထွန်းကားရှာပါ။

ဒါကြောင့်လည်း မင်းတုန်းမင်းသားကြီးသည် ထီးဆက်နန်းဆက် လက်ဝယ်ပိုင်ရနိုင်မည့်ပုဂ္ဂိုလ်ဟူ၍ ထိုစဉ်အခါကပင်လျှင် အသိအမြင်များသူတို့က ယူဆနှလုံးသွင်းပြီးသား ဖြစ်နေကြပါသည်။

အတွင်းကျကျသိရှိနေသူ စုဖုရားကြီးအဖို့မှာကား အထူးပြောစရာ မရှိတော့ပေ။ သူတစ်ပါးထက်ပို၍ သိနေမြင်နေသူ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ထို့ကြောင့် တစ်ဝမ်းတွင်းအတူဆင်းသော မောင်အရင်း ပုဂံမင်းထက် ဖတူမိကွဲမောင်တော်မင်းတုန်းမင်းသားကိုပို၍ လေးစားသမှုပြုလာခဲ့သူ ဖြစ်လေသည်။

သာကီဝင်မင်းဆက်မှ ဆင်းသက်ခဲ့ကြသူဟူ၍ အယူအစွဲရှိထားသော မင်းမျိုးမင်းနွယ် ဘုရင့်သားမြေးတို့သည် အများအားဖြင့် အာဝါဟ၊ ဝိဝါဟကိစ္စများ၌ မိမိတို့မျိုးဆွေအသိုက်အမြုံအား ပြင်ပအမျိုးအနွယ်များနှင့် အဆက်အစပ် အရောအနှောမရှိစေဘဲ မိမိတို့အဆွေအမျိုးထဲ၌သာ ပေးထိမ်းမြားတတ်ခဲ့ကြသော အစဉ်အလာကိုစောင့်သိရိုသေကြသူများ ဖြစ်ကြလေသည်။ ဆွေတူမျိုးတူ အချင်းချင်းသာ ပေးထိမ်းမြားတတ်ကြသည်။ နောက်ဆုံး မိမိအမျိုးအဆွေထဲမှ သက်တူရွယ်တူရှာမရလျှင် လည်းအသက်ငယ်သော အမျိုးသမီးကိုလည်း သက်ကြီးအိုအမျိုးသားနှင့် ပေးထိမ်းမြားခြင်းများ ပြုလေ့ရှိသည်။ ဘကြီးတော် အိမ်ရှေ့မင်း ဖြစ်စဉ်အခါကလည်း၊ ထိုနည်းလည်းကောင်း၊ ပဒေါင်းမင်းသမီးကလေး(၈)နှစ်သမီးကို အိမ်ရှေ့မိဖုရားအဖြစ်ဘိုးတော်က လက်ထပ်ထိမ်းမြားပေးခဲ့ဖူးသည်။

ဤအစဉ်အလာများကြောင့် ဘုရင့်သားသမီးများသည် မောင်လည်းနှမလည်းချင်းသော်လည်းကောင်း၊ အဖေတူအမေကွဲချင်းသော်လည်းကောင်း၊ မတတ်နိုင် အဆုံးတစ်မိတစ်ဖ၊ တစ်ဝမ်းတည်းပေါက်ဖွားသော မောင်နှမအရင်းအချာချင်းများ ကိုပင်ထိမ်းမြားပေးစားလေ့ရှိခဲ့သည်။

ထို့ကြောင့် ရွှေဘိုမင်းတရားကြီး၏ ပင်တိုင်စံသမီးတော်ကြီးဖြစ်ခဲ့သူ စုဖုရားကြီးမှာ လောကဓမ္မတာ အိမ်ယာထူထောင်သောအာဝါဟ၊ ဝိဝါဟအမှုပြုခဲ့လိုသော်အဖေတူ အမေကွဲ မင်းသားများထဲမှသာ ရွေးချယ်ရပါတော့မည်။

ဤတွင်လည်း စုဖုရားကြီး၌ သူနှင့်ထိုက်တန်သော မင်းတုန်းမင်းသားကြီးမှ တစ်ပါးအခြားထိုက်တန်သူ မရှိပါချေ။

အခြေအနေသည် ဤသို့ပင်ဦးတိုက်လျက် ရှိပေသည်။ သည်အခွင့်အလမ်းကို စုဖုရားကြီးကလည်း သိပြီးမြင်ပြီးဖြစ်လျက် မင်းတုန်းမင်းသားကြီးဘက်ကလည်း ဤနည်းအတိုင်းမြင်ပြီး သိပြီးဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက်မင်းသားကြီးနှင့် မင်းသမီးကြီးတို့သည် တစ်ဦးနှင့်တစ်ဦး ရည်ငံပြီး၊ ရည်ရွယ်ပြီး ပုဂ္ဂိုလ်များပီပီ ချစ်ကြည်ရေး ရွှေလမ်း၊ ငွေလမ်းနှင့် ရွှေတံတား ငွေတံတားများခင်းထားပြီး အဆက်အသွယ်ပြုခဲ့ကြပြီးဖြစ်သည်မှာ ဓမ္မတာသဘာဝ ဖြစ်လေသည်။

ပြီးတော့လည်း စုဖုရားကြီးသည် ခမည်းတော်ရွှေဘိုမင်းနှင့် မိဖုရားခေါင်ကြီးတို့မှ ဖွားမြင်သူ ပင်တိုင်စံမင်းသမီးကြီးတစ်ပါးဖြစ်ခဲ့ရုံမျှမက လောကုတ္တရာရောလောကီပါ ပညာဉာဏ် ဗဟုသုတကြွယ်ဝ၍ သိက္ခာသမာဓိနှင့်အထူးပြည့်စုံသူဖြစ်၍ ခမည်းတော်နှင့်တကွ တစ်နန်းတော်လုံးက ချစ်ကြည်လေးစားခြင်း ခံခဲ့ရသူဖြစ်၍ မောင်တော် မင်းသားများကလည်း ရိုသေလေးစားခဲ့ကြရသူဖြစ်သည်။

မင်းတုန်းမင်းသားကြီးနှင့်ဆိုလျှင်လည်း စုဖုရားကြီးက သက်ဝါအနည်းငယ် ကြီးနေသဖြင့် ပို၍ပင်လေးစားခဲ့လေသည်။

ထို့ကြောင့် မင်းတုန်းမင်းသားကြီးက စုဖုရားကြီးအား အစ်မတော်ဟူ၍ခေါ်ခဲ့ရာ နောင်သောအခါ မင်းတုန်းမင်း ရတနာပုံနန်းစံချိန်၌ စုဖုရားကြီးအား မိဖုရားခေါင်ကြီး နေရာထားသည့်အချိန်အခါမှာပင် မင်းတုန်းမင်းဘုရင်က အစ်မဟူ၍ အမြဲ ထာဝစဉ် လေးလေးစားစား ခေါ်ခဲ့ခြင်းဖြစ်သည်။ ကြည်ညိုသည်။ ချစ်ခင်သည်။ လေးစားသည်။ အိမ်တော်ပါ ကိုယ်လုပ်တော်များ မည်မျှပါပါ နောက်ထပ်မိဖုရား မည်မျှထားထား အစ်မတော် မိဖုရားခေါင်ကြီးကိုတော့ အထူးအရေးပေး၍ လေးစား ချစ်ကြည်ညိုသည်။ မိဖုရားကြီးကလည်း မင်းတုန်းမင်းယူထားလေသမျှ မိဖုရားကိုယ်လုပ်မောင်းမမှန်သမျှကို မိမိ၏ညီမသားချင်းများသဖွယ် ချစ်ခင်ညှာတာမှုရှိခဲ့ခြင်း ကြောင့် အခြားမိဖုရား ကိုယ်လုပ်မောင်းမများကလည်း မိဖုရားကြီးအား စကြာဒေဝီ မိဖုရားကြီးဟူ၍ အထူးချစ်အားပိုကြည်ညိုခြင်း ခံခဲ့ရသူဖြစ်လေသည်။

ယင်းသို့ ကျန်သော ဆောင်ရနန်းရမိဖုရား ကိုယ်လုပ်တော်များ၏ ချစ်ကြည် လေးစား အားထားရာဖြစ်ခဲ့ခြင်း၊ စာပေကျမ်းဂန်တို့နှင့် ရတနာသုံးပါးဘက်၌သာ လေ့လာရင့်ကျက်မှုရှိသူဖြစ်သောကြောင့်လည်း စကြာဒေဝီမိဖုရားကြီးဟူသော ဂုဏ်သတင်းသည် ပြည်တွင်းမဆန့် မွှေးပျံ့ကျော်ကြားခဲ့ရခြင်းဖြစ်သည်။ မင်းတုန်းမင်း တရားကြီးသည် ဘုရင်ဖြစ်ခဲ့သော အချိန်မှစ၍ မိမိဆံတော်ကို နေ့စဉ်ဖြီးရှင်းရာ၌ အခြားသောဘုရင်မင်းများကဲ့သို့ ဆံတော်ရှင်းသူ သပ်သပ်မထားပေ။ မိမိဦးခေါင်းကို စကြာဒေဝီမိဖုရားကြီးမှတစ်ပါး မည်သူ၏ ကိုင်တွယ်ခြင်းကိုမျှ ခံတော်မမူတော့ဘဲ မနက်လင်းတွင် ဆံတော်ရှင်းရသည့်ကိစ္စကို (စုဖုရားကြီး) စကြာဒေဝီမိဖုရား ခေါင်ကြီးကသာ တာဝန်ယူ၍ ဆံတော်ကို ဖြီးရှင်းထုံးနှောင်ပေးခဲ့ရမြဲဖြစ်သည်။

ဤကိစ္စ၌ မင်းတုန်းမင်းသည် စုဖုရားကြီး စကြာဒေဝီအား အမိနှင့်တူသော



www.burmeseclassic.com

www.burmeseclassic.com



မယား၊ နှမနှင့်တူသောမယားဟူသော မယားထူး မယားမြတ် ဟုမှတ်ယူလေးစားခြင်းအားဖြင့် မိမိ၏တစ်ကိုယ်လုံး၌ အထွတ်အမြတ်ဆုံး နေရာတစ်ခုအဖြစ်သတ်မှတ်ထားသော ဦးခေါင်းနှင့်ဆံတော်များကို နှင်းအပ်ကိုင်တွယ်ခွင့်ပြုထားခြင်းလည်း မည်ပေသည်။

မင်းတုန်းမင်းကြီး၏ ထိုအယူအဆခိုင်မာပုံကို ထပ်မံပြဆိုရပါမူ ရတနာပုံထီးနန်း၌ စကြာဒေဝီမိဖုရားကြီး နတ်ရွာစံတော်မူသွားသောအခါ မင်းတုန်းမင်းသည် မိမိ၏ဆံတော်ကို မည်သူ့ကိုမျှ(ကိုင်ခွင့်) ဆံတော်ရှင်းခွင့်မပေးတော့ဘဲ သျှောင်တော်လည်းမထုံးတော့ဘဲ ဦးခေါင်းကို ပိုးဖြူတဘက်(ဘွဲ့ဖြူ) အမြဲအစဉ်သဖြင့် ရစ်ပေါင်းထားလိုက်တော့သည်။ မိဖုရားခေါင်ကြီးနေရာကိုလည်း မည်သည့်မိဖုရားကိုမျှ တိုးတတ်ချီးမြှင့်ပေးသနားခြင်းမပြုတော့ဘဲ နေရာလွတ် (ကွက်လပ်)ချန်ထားခဲ့လေသည်။

ဤကိစ္စနှင့် ပတ်သက်၍ ထိုစဉ်ကနန်းတွင်း၌ ဩဇာအာဏာကြီးနေသောမိဖုရားကြီး (ဆင်ဖြူမရှင်)သည် အစ်မတော်စကြာဒေဝီ၏ နေရာကိုတက်လိုသည်။ မင်းတုန်းမင်းကြီးအား ဆံတော်ရှင်းပေးလိုသည်။ အမျိုးမျိုးကြိုးစားလျက်ရှိသည်။ မိဖုရားခေါင်ရာထူးမတက်ရမီ အလားအလာတစ်ခုအဖြစ်နှင့် မင်းတုန်းမင်း၏ဆံတော်ကို အရင်ရှင်းလင်းဖြီးလိမ်းပေးရန် လုံ့လပြုလေတော့သည်။

မင်းတုန်းမင်းကြီးသည် ထိုကိစ္စကို ရိပ်မိသောခဏ၌ပင် ငါ၏ဆံတော်ကို အစ်မမရှိတဲ့နောက်ထပ် ဘယ်သူ့အကိုင်ကိုမျှ ခံတော်မမူတော့ဘူး၊ ဆံတော်ရှင်းပေးရန်မကြိုးစားကြနှင့်တော့ဟူ၍ ပွင့်ပွင့်လင်းလင်း မိန့်ကြားထားတော်မူလိုက်သည်။

မိဖုရားကြီးရာထူးကိုလည်း မည်သူကိုမျှမပေးတော့ဘဲ နန်းမတော်ဆောင်ကြီးတစ်ခုလုံးကို စကြာဒေဝီမိဖုရားကြီးရှိစဉ်အခါကကဲ့သို့ မင်းခမ်းမင်းနားများ ခင်းကျင်းပြင်ဆင်ထားရသည်။ သို့သော် ဝင်ပေါက်တံခါးများကိုမူ တစ်ခါတည်း ပိတ်ဆို့ထားလိုက်လေတော့သည်။

ထိုသို့ပြုမူခြင်းကို ဆောင်ရနန်းရမိဖုရားများ မခံချိမခံသာဖြစ်နေကြသည်။ အထူးသဖြင့် (ဆင်ဖြူမရှင်) မိဖုရားကြီးမှာ မခံမရပ်နိုင်ဆုံးဖြစ်ရသည်။ အစ်မတော်စကြာဒေဝီမိဖုရားခေါင်ကြီးမရှိသည့်နောက် သူသာလျှင် မိဖုရားခေါင်ကြီးရာထူးနှင့်အထိုက်တန်ဆုံးဖြစ်သည်။ အစ်မတော် စကြာဒေဝီ မိဖုရားခေါင်ကြီး ရွှေဘိုမင်းတရားသမီးတော်ဖြစ်သကဲ့သို့ သူသည်လည်းဘကြီးတော် ဘုရင်မင်းတရားကြီး၏မိဖုရားခေါင်ကြီးမှ မွေးဖွားသူဖြစ်သည်။ ထို့ပြင်မကသေး မွေးဖွားစဉ်က ထီးဖြူတော်၄-စင်း အုပ်မိုး၍ အထွတ်အမြတ်ဆုံးသော သစ်နက်ရေခံရပြီး မနောရွှေလင်ပန်းနှင့်အချင်း ဆေးခဲ့ရသူဖြစ်သည်။ သို့ကြောင့် သူသည်လျှင် မိဖုရားခေါင်ကြီး၏ ရာထူးကိုဆက်ခံထိုက်သူဖြစ်၍ မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီး မုချဧကန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမည့်သူ ဟူ၍တရားသေစွဲမြဲ ယူဆထားခဲ့လေသည်။ သို့သော်မင်းတုန်းမင်းထံမှ ထိုအခွင့်အရေးကိုမရ၊ မိဖုရားခေါင်ကြီးအစား (ဆင်ဖြူမရှင်)ဆိုသောဘွဲ့ထူးနှင့် မိဖုရားခေါင်ကြီး၏ အခွင့်အရေးနီးပါးရရှိခဲ့သည်။ နန်းမတော်ဆောင်ကြီးကိုမူ မစံမြန်းခဲ့ရပေ။

အကြောင်းတစ်ခုလည်း ရှိလေသေးသည်။ အခြားသော ဆောင်ရနန်းရ မိဖုရားကြီးများသည် မင်းတုန်းမင်းတရားကြီးထံပါးသို့ တစ်စုတရုံးတည်းဝင်ရောက် ငိုကြွေးကာ စကြာဒေဝီမိဖုရားခေါင်ကြီးကဲ့သို့ စိတ်ထားမြင့်မြတ်သူမဟုတ်သော (ဆင်ဖြူမရှင်) အား မိဖုရားခေါင်ကြီးရာထူးပေးလိုက်လျှင် မိမိတို့အား နှိပ်စက်ပါတော့မည်ဟူ၍ လျှောက်တင်ပိတ်ပင်ကြသောကြောင့်လည်း မင်းတုန်းမင်းတရားကြီးက အများသော မိဖုရားတို့စိတ်ဝမ်းမငယ်ကြစေရန် မပေးပါဟူ၍ ကတိခံလိုက်ရသည်ဟု အဆိုရှိသည်။ ဤကိစ္စကိုလည်း ဆင်ဖြူမရှင်မိဖုရားကြီးက ကြားသိရသည်။ ဒါကြောင့် မင်းတုန်းမင်းကြီးမမာတော်မူစဉ်အခါက မှူးတော် မတ်တော်ကြီးအချို့နှင့် ညှိနှိုင်းပြီး မင်းသားကြီးများကို ဖမ်းဆီးလိုက်ခြင်းဖြင့် ပညာသားပြလိုက်ခြင်းဖြစ်သည်။

ဆင်ဖြူမရှင်သည် မယ်တော်ဖြစ်သော နန်းမတော်မယ်နု၏စရိုက်အတိုင်း စိတ်တော်ထက်မြက်လှသူဖြစ်သည်။ နန်းတွင်းရေးရာများကို ပြတ်ပြတ်သားသား ကြိုးကိုင်ခဲ့ဖူးသေးရာ သမီးတော်စုဖုရားလတ်နှင့်ကျမှ မိမိဦးစီးဦးကိုင် ပြုတိုင်းမရလေသည်ကို လက်တွေ့ တွေ့ကြုံရခြင်းဖြစ်လေသည်။

ဆိုခဲ့ပြီးသောအတိုင်း အမရပူရရွှေပြည်တော်ကို စိုးစံလျက်ရှိသော ပုဂံမင်းတရားကြီး လက်ထက်အခါက သမီးတော်စုဖုရားကြီးနှင့် မင်းတုန်းမင်းသားကြီးတို့ ချစ်ကြည်ရည်ငံလျက် အဆက်သွယ်ပြုနေစဉ်မှာ စုဖုရားကြီးသည် မိမိအဖို့သာမက မိမိထံ၌ ခိုလှုံရောက်ရှိနေရှာသူ မင်းသမီးကလေး လှိုင်ထိပ်ခေါင်တင်အတွက်လည်း ရည်မှန်းချက်တစ်ခု ထားရှိလေသေးသည်။

## လှိုင်ထိပ်ထား

ထိုရည်မှန်းချက်ကား အခြားမဟုတ်ပေ။ မင်းတုန်းမင်းသားကြီး၏ ညီတော် (ကနောင်မင်း) ထိပ်တင်ကောက်ကို ညီမတော်လှိုင်ထိပ်ခေါင်တင်နှင့် စုလျားရစ်ရုံ ရွှေဖူးစာဆုံစေဖို့ ဖြစ်လေသည်။

စုဖုရားကြီးသည် မိမိအဆောင်တော်၌ ခေါ်ယူစောင့်ရှောက်ထားသော ညီမတော်နှစ်ပါးဖြစ်သူ စုဖုရားလေး(ဆင်ဖြူမရှင်)နှင့်ညီမတော်အငယ် လှိုင်ထိပ်ခေါင်တင် တို့ကို တစ်မိတစ်ဝမ်းတွင်း အတူဆင်းသော ညီမရင်းခြာများကဲ့သို့ပင် စေတနာတော် ထားခဲ့သူဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖမျက်နှာအမိမျက်နှာမရှိကြရှာသော ညီမတော်နှစ်ဦး၏ နောင်အနာဂတ် ဘဝရပ်တည်ရေးတို့ကိုပါ ကြိုတင်ကြံဆ ရည်ရွယ်ချက်ချထားပြီးသားလည်း ဖြစ်လေသည်။

အမတော်သည်ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသူဖြစ်သည်နှင့်အညီ သည်ညီမတော်များမှာ မိမိကိုသာလျှင် အားထားရာဖြစ်နေကြကြောင်းကိုလည်း သိရှိတော်မူပြီးဖြစ်သည်။

ထိုမှတစ်ပါးလည်း လှိုင်ထိပ်ထားမှာ ညီမတော်အငယ်ဆုံးလည်းဖြစ်၊ စိတ်ထားနှလုံးသား သိမ်မွေ့နူးညံ့သူလည်းဖြစ် စာပေအနုပညာကဗျာ ဂီတအရာ၌လည်း လိုက်စားဝါသနာထုံရှာသူ မအေတူသမီးတော်ကလေးတစ်ပါးလည်းဖြစ်သောကြောင့် အထူးကြင်နာ၍ အချစ်တော် ပိုခဲ့ရရှာလေသည်။

ထပ်ဆိုရလျှင် မကြာမတင်ခင်ကာလတွင်ကမှလည်း ငယ်ငယ်ရွယ်ရွယ်နှင့် မိခင်အတွက် ရတက်မအေး၊ ပူဆွေးကျွမ်းလောင်ခဲ့ရရှာသူ ခိုရာမဲ့တည်း ဒုက္ခသည် မလေးဘဝမှ မိမိက ကယ်ယူ မစယူ ယုယပိုက်ဖျား စောင့်ရှောက်ထိန်းသိမ်းထားခဲ့ရခြင်းကြောင့်လည်း သံယောဇဉ်နှောင်ကြိုးက တိုးတက်တင်းမာခဲ့ရလေသည်။

လှိုင်ထိပ်ထားကလေး၏ ကြင်နာဖွယ်ရာ ရုပ်ရူပါနှင့်တကွ လိမ္မာယဉ်ကျေးသော ကိုယ်နှုတ်အမူအရာတို့အပြင် မိခင်သဖွယ် မိမိကိုတွယ်တာချစ်ခင်နေရှာသူဖြစ်၍ စုဖုရားကြီးက လှိုင်ထိပ်ထားအား ညီမတော်တစ်ပါးကဲ့သို့သာမက ရင်မှဖြစ်သော သမီးအသွင် ပိုမို၍ ချစ်ခင်မြတ်နိုးတော်မူခဲ့ရလေသည်။

နောက်တစ်ဖန်ထပ်ဆိုခဲ့ရပြန်လျှင် လှိုင်ထိပ်ခေါင်တင်သည် မယ်တော်မြကလေး၏ ရာဇဝတ်အရေးကို တဖြည်းဖြည်းမှ သိရှိခဲ့ရသူဖြစ်သည်။

အစ်မတော်ကြီး၏ အဆောင်တော်သို့ ရောက်စကဆိုလျှင် သူ၏မယ်တော်ရှိနေသေးသည်ဟုပင် ထင်ခဲ့သည်။ ခမည်းတော်အမျက်ပြေလျှင် ယခင်ကလိုကိုယ့်အဆောင် ကိုယ်ပြန်နေရလိမ့်ဦးမည်ဟုပင် အထင်အယူရှိတော်မူခဲ့သေးသည်။

သို့ပေမယ့် တဖြည်းဖြည်းနေ့ရက်ရှည်ကြာလာသောအခါ မယ်တော်မြကလေး၏ ရာဇဝတ်ဘေးအတွက် အဖြစ်အပျက်အကြောင်းကုန်စင်များကို တစ်ဆင့်စကားတစ်ဆင့်နားမှ မကြားရက်ရက်၊ ကြားရက်ရက်နှင့် နားနှစ်ဖက်ပိတ်၍ထားရသည် အထိ မချိတင်ကဲ အသည်းနှလုံးကွဲမျှ ကြားရတော့သည်။

ဤတွင်လည်း အစ်မတော်စုဖုရားကြီးက အမှန်အတိုင်းမပြောရက်သဖြင့် တဖြည်းဖြည်းအချိန်ဆွဲ၍ ဖုံးအုပ်ထားခဲ့ခြင်းဖြစ်ကြောင်း နားလည်ရတော့သည်။

နန်းရမိဖုရားကြီးတစ်ပါးဖြစ်ပါလျက် မကြားရက်လောက်သော ရာဇဝတ်အဖြစ်အပျက်ကို ခံယူသွားရရှာပုံ၊ မိခင်၏အလောင်းကိုမျှ နောက်ဆုံးအနေနှင့်ဦးခိုက်၍



www.burmeseclassic.com

www.burmeseclassic.com



မဖူးလိုက်ရပုံများကို အသည်းများ ဆတ်ဆတ်ခါမျှ နာကျင်ရပြီး ယူကျုံးမရကြီးဖြစ်ခဲ့ရရှာသည်။ ဤမျှ အဖြစ်ဆိုးရရှာသူ မယ်တော်အတွက် မျက်ရည်နှင့်မျက်ခွက် နေ့စဉ်ရက်ဆက်ပူဆွေးတမ်းတ၊ ချုံးပွဲချ၍ ငိုကြွေးမိရာမှ တစ်စတစ်စအစ်မတော်၏ တရားပြမှု၊ နားချမှုတို့ကို ခံယူပြီး၊ အပူမီးကို တဖြည်းဖြည်း ငြိမ်းအေးစေခဲ့ရသူဖြစ်ပါသည်။

နောင်သောအခါ မိမိအပူကို ပြည်ဖုံးကားချကာ အစ်မတော်၏ အရိပ်ဝါသမှာ ခိုလှုံစံနေရင်းမှ မယ်တော်မြကလေး၏ရေးခဲ့သမျှ စာပေများ၊ ဂီတ၊ ကဗျာများကို အလွမ်းပြေဖတ်ရှုလေ့လာရင်းက မယ်တော်နှင့်စရိုက်တူစွာ စာပေရေးသားမှုတွင် စိတ်ဝင်စားလာလျက် ဆက်လက်၍ အမွေခံယူလေတော့သည်။

ဤတွင်မှလည်း မယ်တော်၏ ဘဝကံဖန်လာမှုအတွက် သောကရတက်မအေးခဲ့ရသည်များက တစ်စတစ်စမေးမှိန်ကာ စာပေ ကဗျာပန်းဥယျာဉ်မှာ ထာဝရပျော်ရွှင်လာပြီး၊ တစ်နည်းအားဖြင့် စိတ်အေးချမ်းမှုရရှိလာခဲ့ရခြင်း ဖြစ်ပါတော့သည်။

သို့ကြောင့် နောက်ပိုင်းတွင် လှိုင်ထိပ်ခေါင်တင်သည် ပုရပိုဒ်တစ်ဆူနှင့် ကန့်ကူတံတစ်ချောင်းကိုလက်ကကိုင်ကာ အခါများစွာ စာပေရေးသားမှုများကို လေ့လာခဲ့လေတော့သည်။ ပါရမီဓာတ်ခံကလည်းရှိ လောကီလောကုတ္တရာ နှစ်ဖြာသောဗဟုသုတကလည်းပြည့်ဝသူ၊ မယ်တော်ကိုလည်းတူသောကြောင့် စာပေအရေးတေးကဗျာအစပ်၌ အောင်မြင်စွာရပ်တည်နိုင်လာလေသည်။

နေ့ရှိသမျှ သလွန်တော်ပေါ်မှာ တကုပ်ကုပ်နှင့် စာပေရေးသားသောအလုပ်ဖြင့် အချိန်ကို မြှုပ်နှံနေခဲ့သည်ကို အစ်မတော်စုဖုရားကြီး တစ်ခါတစ်ရံမြင်တွေ့ရလျှင် ချစ်ခင်ကြင်နာစွာ ကျောလက်သပ်ပြီး

ညီမတော်လေးရယ် တယ်လို့လည်း အညောင်းမခံနဲ့နော်၊ တော်တော်ကြာအညောင်းမိပြီး ချိနဲ့သွားဦးမယ်ဟူ၍ သတိပေးအမိန့်တော်ရှိလေသည်။ သို့သတိပေးရသော်လည်း ညီမတော်ကလေး စာပေရေးသားမှုဖြင့် စိတ်အေး လက်အေးဖြစ်လာပုံရသည်ကို နှစ်သက်မိသောကြောင့် အလိုက်အထိုက် သူကြိုက်သလိုနေပေစေတော့ဟု ခွင့်ပြုတော်မူထားလိုက်သည်။

လှိုင်ထိပ်ခေါင်တင်သည် မယ်တော်မြကလေးနည်းတူ သူစိတ်ဝင်စားရာ စာပေဂီတများ စပ်ဆိုသီကုံးခြင်းဖြင့် စာပေနှင့်ရင်းနှီးမှုအဆင့်မြင့်၍ ဝါရင့်လာခဲ့သော အခါတေးကဗျာများ သာမက၊ နန်းတွင်းဝတ္ထုကြီးများ ရေးသားရန် စိတ်ဆန္ဒစော၍ လာခဲ့လေသည်။

ထိုအချိန်ထိုခေတ်အခါက စာဆိုတော်ပညာရှိကြီးများ၏လက်ရာဖြစ်သော ပို့များ၊ ကဗျာများ၊ လင်္ကာမော်ကွန်းများ၊ ရတုရကန်၊ အဲအန်လူးတား၊ ဧချင်းများက လည်း၊



www.burmeseclassic.com

www.burmeseclassic.com



အင်းဝခေတ်ရှေ့ဦးပိုင်းကအစပြု၍ ယခုအချိန်အထိ အရှိန်ပြင်းပြစွာ တောက်ပထွန်းပြောင်လာခဲ့ပြီး ဖြစ်လေသည်။

ဝန်ကြီးပဒေသရာဇာခေတ်က မြဝတီမင်းကြီးဦးစတို့အထိ မိမိဆည်းပူးသမျှ စာပေကဗျာ ဂီတတို့အပြင် လှိုင်ထိပ်ထားစိတ်ဝင်အစားဆုံးမှာ နန်းတွင်းဝတ္ထု တော်ကြီးများ ရေးသားရန်ပင်ဖြစ်လေသည်။

ဇင်းမယ်ပဏ္ဏာသထွက် သမုဒ္ဒဃောသဇာတ်၊ မဏိကက်စသော ဇာတ်တို့နှင့် မိဖုရားရှင်မင်း၏ ကေသာသီရိ မယ်တော်မြကလေး၏ သိင်္ဂီစသော ဝတ္ထုများ၊ ဣန္ဒာဝုဒ (အီနောင်) ဇာတ်တော်ကြီး၊ ရာမာယန(ရာမ) ဇာတ်တော်ကြီး ဝတ္ထုရှည် ကြီးများကို ဇာတ်စင်တင်၍ကပြခြင်း၊ ဝတ္ထုအဖြစ်နှင့် ပေမူများကိုဖတ်ရှုခြင်းများက ထိုခေတ်ဆီ တွင် အလွန်ခေတ်စား လူကြိုက်များခဲ့လေသည်။

လှိုင်ထိပ်ခေါင်တင်သည် ဂီတ၊ ကဗျာများသာမက မိမိရေးသားလိုလျက်ရှိသော နန်းတွင်းဝတ္ထုရှည်ဇာတ်ကြီးများကို ကြံစည်စိတ်ကူးတော်မူမိရာ၌ ထိုအချိန်ကထင် ရှားကျော်ကြားနေသော ဣန္ဒာဝုဒ(အီနောင်) ဇာတ်ဝတ္ထုကြီးများကဲ့သို့ ဇာတ်လမ်း ဇာတ်ကွက်ရှည်လျားခြင်း၊ ဇာတ်အိမ်ဇာတ်ကွက်များပြားခြင်း၊ လှုပ်ရှားမှု သွက်လက် ခြင်း၊ အပြောအဆို အတီးအကကဏ္ဍများပါဝင်ခြင်း၊ ဝတ္ထုဇာတ်အိမ် ခိုင်မာတောင့် တင်းခြင်းနှင့် ပြည့်ဝစုံလင်သော ဇာတ်တော်ကြီးတစ်ခုကို ဖန်တီးရေးသားလိုသော စိတ်ဆန္ဒက အလွန်အမင်းပြင်းပြစွာ လှုံ့ဆော်လျက်ရှိလေသည်။

ဣန္ဒာဝုဒခေါ် ယိုးဒယားအီနောင်ဇာတ်တော်ကြီး၏ ဝတ္ထုဇာတ်လမ်းသည် အကိုင်းအခက်အခန်းကဏ္ဍ အလွန်ရှည်လျား များပြားသည်။ မြန်မာတို့အကြိုက် မြန်မာလိုပြန်ဆိုရေးသားကပြကြရသည်ပင် ၄၅-ရက် (တစ်လခွဲ) တိုင်တိုင်ကပြမှ ဇာတ်ကဆုံးသည်။

ရာမာယန (နန်းတွင်းရာမ) ဇာတ်တော်ကြီးမှာလည်း ဤနည်းအတိုင်းပင် အကိုင်းအခက် ဇာတ်ကွက်ဇာတ်လမ်း အလွန်တရာများပြားစွာရှိခြင်းကြောင့် ဝတ္ထုအဆုံးထိ ၄၅-ရက် (တစ်လခွဲ)ကပြကြမှ ဇာတ်လမ်းကဆုံးလေတော့သည်။

ကပြသောဇာတ်လမ်းကိုမကြည့်ဘဲ ဝတ္ထုစာအဖြစ် ဖတ်ရှုရသည်မှာလည်း ထိုနည်းတူစွာရှည်လျားပြီး တော်တော်နှင့် ဖတ်လို့မပြီးနိုင်ရှိခဲ့သည်။

ထိုမှတစ်ပါး ရာမဇာတ်နှင့် အီနောင်ဇာတ်ကြီးတို့သည် ကမ္ဘာကျော်ဇာတ်ဝတ္ထု ကြီးများဖြစ်၍ ရာမဇာတ်ဝတ္ထုမှာ အီနောင်ထက်ပင် အသက်ကြီးနေသော ဝတ္ထုကြီး ဖြစ်သည်။

အိန္ဒိယပြည်ကြီး သက်တမ်းရင့်ခဲ့သလောက် ရာမာယနဇာတ်ကြီးက အိုမင်း ရင့်ကျက်ခဲ့လှလေပြီ။ ၎င်းဇာတ်တော်ကြီးမှာ တန်ခိုးရှင်ပြဟ္မာကြီးများ၊ သိကြားနတ်



www.burmeseclassic.com

www.burmeseclassic.com



များ၊ တန်ခိုးကြီးသောဘီလူးကြီးများ၊ မျောက်များစသော ဇာတ်ဝင်ဇာတ်ကောင်များ သည် လူသားများ၊ ဘုရင်မင်းများ ၊ ရသေ့ရဟန်းများနှင့် ပွဲမ်းတီးရင်းနှီးစွာ လှုပ်ရှား ဆက်ဆံမှုများ ပါရှိခဲ့လေသည်။

ဣန္ဒာဝု(အီနောင်)ဇာတ်တော်ကြီးမှာဆိုလျှင်လည်း သိကြားမင်း၊ နတ်မင်း တို့သည် လူ့ပြည်ဆင်း၍ လူမင်းတို့နှင့် တရင်းတနှီးလှုပ်ရှားပွဲမ်းတီးခဲ့ကြပာန် ရေးသား ထားခြင်းဖြစ်သည်။ အီနောင်ဇာတ်တစ်ခုလုံးမှာ သိကြားမင်းသည် ဇာတ်အစမှအဆုံး အထိ အမျိုးမျိုးဇာတ်ကွက်ကို ဖန်တီးပေးနေသူ ဖြစ်လေသည်။

အချုပ်ကိုဆိုရလျှင် အီနောင်ဇာတ်စတည်ရာမှ ဇာတ်သိမ်းကျောက်ကောက်ခန်း သို့ တိုင်အောင် သိကြားမင်း၏ အစီအရင်ကို ခံကြရခြင်းဖြစ်သည်။ တိုင်းပြည်လည်း တည်ထောင်ပေးသည်။ သိကြားမင်း၏ သားတော်များကို လူ့ပြည်သွား၍ သားမယား အိုးအိမ်တည်ထောင်စေသည်။ အမျိုးအဆက်ပြန့်ပွားလာသောအခါ သိကြား၏ အသွေးတူအသားတူ ဆွေမျိုးချင်းလက်ဆက်စေသည်။ တွေ့စေသည်။ ကွဲအောင်ခွဲ စေသည်။ အပြစ်ဒဏ်ခတ်သည့်အနေနှင့် အချင်းချင်းတွေ့ဆုံမိသည့်တိုင်အောင် တစ်ဦးကိုတစ်ဦးမမှတ်မိအောင် သိကြားတန်ခိုးနှင့် တားဆီးထားခဲ့သည်အထိ ဇာတ်ကွက်စေ့အောင် ဤသိကြားမင်းက လှော်လှယ်ဖန်ဆင်းထားခြင်းဖြစ်သည်။

ထို့ကြောင့် ဝတ္ထုအဖြစ်ဖတ်သောအခါတွင်လည်းကောင်း၊ ဇာတ်အဖြစ်နှင့်ကြည့် ရသောအခါတွင်လည်းကောင်း၊ ဤဇာတ်ကြီးများကို လူတို့အလွန်နှစ်ခြိုက်ခုံမင် ရှိကြခဲ့လေသည်။

အီနောင်ဇာတ်ထက် ရှေးကျခဲ့သော ရာမဇာတ်ကြီးသည်ကား အိန္ဒိယပြည်ကြီး ပေါ်ပေါက်စက တိုင်းပြည်နှင့်အတူ ထင်ရှားကျော်ကြားခဲ့သော ဇာတ်ကြီးဖြစ်သည်။ အိန္ဒိယပြည်ကြီး အတွင်း၌သာမက အိန္ဒိယ၏ တန်ခိုးအာနိသင်ဖုံးလွှမ်းရာဒေသတိုင်း နိုင်ငံများမှာပင် ရာမဇာတ်တော်ကြီးပြန့်ပွား တွင်ကျယ်ခဲ့လေသည်။ ကမ္ဘာ၏ အရှေ့တောင်ဘက်ခြမ်း တစ်ဝိုက်ဟိန္ဒူလူမျိုးတို့ တန်ခိုးထက်မြက်ချိန်က ရှေးကျကျ တိုးဝင်နိုင်ခဲ့သော စုမတြာ၊ ဂျာဗား၊ ဗာလီ၊ ယိုးဒယားစသော တိုင်းပြည်များသို့ ရာမဇာတ်ကြီး အခိုင်အမာပြန့်ပွားခဲ့လေသည်။ ယင်းသို့ ပြန့်ပွားရာမှတစ်ဆင့် အချိန်ကြာညောင်း အိုဟောင်းလှလေပြီဖြစ်သော ဤရာမဇာတ်ပါ ပုဂ္ဂိုလ်များအား နတ်ဘုရားကဲ့သို့ (တစ်နည်း ဒဏ္ဍာရီဘုရားအဖြစ်နှင့်) ပင်တချို့က ကိုးကွယ်သမှု ပြုလာခဲ့ကြလေသည်။

ယင်းသို့လျှင် အလားတူလူထုအတွင်းသို့ သက်ဆင်းကျရောက်ကာအထု အထည်ခိုင်မာစွာနှင့် အခြေချနိုင်သောဝတ္ထုကြီးများကို ရေးသားရန် လှိုင်ထိပ်ထားက အားကျခဲ့ပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်အယဉ်အနုတွင် ဖက်ပြိုင်စံနမူနာပြု၍ မရစေကောင်းသော သကုဏ္ဍလဝတ္ထုကြီး၏ အဖွဲ့အနွဲ့များကိုလည်း အိန္ဒိယတိုင်းသူ အပျိုတော်များထံမှ ကြားသိခဲ့ရလေသည်။

သကုဏ္ဍလဝတ္ထုတော်ကြီး၏ ရေးဖွဲ့ဟန်များသည် မြန်မာနန်းတွင်း အယဉ်အနုတို့နှင့် ဆင်တူရိုးမှားကဲ့သို့ မြင်လာသည်။

ထိုမှတစ်ပါး အိန္ဒိယနိုင်ငံမှာ ကျော်ကြားခဲ့သော ပသီမင်းများလက်သုံးဖြစ်ဖူး သည့် ဟာတင်တာရိ နန်းတွင်းဝတ္ထုကြီးကိုလည်း မဂိုအမျိုးသမီးနန်းတွင်းသူမှ လှိုင်ထိပ်ထားက ကြားသိတော်မူခဲ့ဖူးလေသည်။ ယင်းသို့လျှင် နန်းတွင်းဝတ္ထုရေးလို ရင်းဖြင့် လက်လှမ်းမီရာ ရှေးကပေါ်ပေါက်လာပြီးသော နန်းတွင်းဝတ္ထုတော်ကြီးများ ကို နမူနာယူလျက် မိမိစိတ်ကူး သက်သက်ဖြင့် နန်းတွင်းဝတ္ထုကြီးတစ်ပုဒ် ရေးသား စီရင်ရန် နောက်ဆုံးသန္နိဋ္ဌာန်ချ၍ စိုက်ပျိုးလိုက်သောအပင်ကြီးမှာ မကြာမီအချိန်၌ အကိုင်းအခက်ဝေဆာ၍ အရိပ်အာဝါသကောင်းစွာနှင့် အခိုင်အသီးတို့ခိုင်ပြီး ပြန့်ပွားလာစေတော့မည်ဖြစ်သည်။

ထိုသို့ နန်းတွင်းဝတ္ထုတော်ကြီးတစ်ပုဒ်ကိုရေးသားရန် စိတ်ဆန္ဒပိုင်းဖြတ်ခဲ့ရာမှ မိမိရေးမည်ဖြစ်သော ဝတ္ထုဇာတ်လမ်းအတွက် ပင်မကျောရိုးအချက်အချာတစ်ခု ထားရပေမည်။

မိမိဘဝဖြစ်စဉ်ကလေးကိုလည်း ဝတ္ထု၏ ပင်မကျောရိုးဇာတ်လမ်းထဲမှာမူတည် ၍ ထားလိုပေမည်။

စာပေ အနုပညာသမားတို့မည်သည် မိမိခံစားချက်တစ်ခုခုကို မူတည်၍ ကဗျာဖွဲ့ခြင်း၊ ဝတ္ထုဇာတ်ကြောင်းဖော်ခြင်းများ ပြုလေ့ရှိကြသည့်အတိုင်း လှိုင်ထိပ်ခေါင်တင်ကလည်း ဤသဘောတရားကို မလွန်ဆန်နိုင်ရှာသူ ဖြစ်နေပါသည်။

ထို့ကြောင့် မိမိရေးလိုသော ဝတ္ထု၏မူလဇာတ်အိမ် ဇာတ်လမ်းတည်ရာမှာ မိမိဘဝဖြစ်စဉ်နှင့် ခံစားချက်များက လောလောဆယ် ထင်ထင်ရှားရှား အကွင်းသား ပေါ်ပေါက်လာပေမည်။

မိမိဘဝဖြစ်စဉ်ဆိုသည်မှာလည်း လက်ရှိမိမိတွေ့ကြုံ ဆုံစည်းနေရသော ဘဝ အတွေ့အကြုံများဖြစ်သည်။

အရပ်သူများအဖြစ်နှင့်ဆိုလျှင် အဖမရှိ အမိမဲ့ကင်းနေသောဘဝ၊ ညီအစ်မ မောင်နှမ မွေးချင်းကလည်းမရှိ အဆွေအမျိုးဟူ၍လည်းမတွေ့နိုင်၊ ရှိလည်းမရှိကြတော့သော တစ်ကောင်ကြွက် အထီးကျန်ဘဝမှ ရပ်တည်နေရသောအဖြစ်မျိုးနှင့် ကိုက်ညီလှသည်။

ကုန်းဘောင်နန်းရိုး မင်းမျိုးအဆက်မှပေါက်ဖွားသော ရွှေဘိုမင်းတရားကြီး၏



www.burmeseclassic.com

www.burmeseclassic.com



သမီးတော် တစ်ပါးပင်ဖြစ်ရသော်လည်း ယခုအခါ၊ ယခုအခြေအနေတွင် ခမည်းတော်ဘုရားကြီးလည်း နတ်ရွာစံတော်မူရလေပြီ။

မယ်တော်အနောက်နန်းမိဖုရားမြကလေးမှာလည်း ခမည်းတော်၏ အရင်မဆွကပင် ရာဇဝတ်သားဘဝနှင့် ကံတော်ကုန်ခဲ့ရသူဖြစ်သည်။ ၁၂-နှစ်သမီးအရွယ်ကပင် မိခင်၏ရင်ငွေ့ဖြင့် ပိုက်ပွေ့ယုယမှုမှ ကင်းကွာခဲ့ရသည်။ မှီခိုရာမဲ့အားနွဲ့သူ တစ်ပါးအဖြစ်မှ အစ်မတော်ဖုရားကြီး ကောက်ယူမွေးမြူတော်မူကာ ယုယကြင်နာစွာ စောင့်ရှောက်တော်မူ တားဆီးခံခဲ့ရ၍သာ ယခုနေ့ရက်အထိ အခြေမပျက်ရပ်တည်နေခွင့်ရခဲ့ပေသည်ဟု အတွေးရေလျဉ်၌ အထင်အရှားပေါ်ခဲ့လေသည်။

ယနေ့အချိန်မိမိ မှီခိုအားထားရာ အစ်မတော်စုဖုရားကြီးမှာပင်လည်း မိမိနည်း တူခမည်းတော်၏ အရိပ်အာဝါသမှ ချို့ငဲ့ခဲ့ရရှာသူဖြစ်နေပါသည်။ အစ်မတော်စုဖုရားကြီး၏ မောင်တော်အရင်း ပုဂံမင်းတရားကြီးမှာ လက်ရှိရွှေဘုံရွှေနန်းစံ နေရသော ရေမြေ့ရှင် မင်းဧကရာဇ်တစ်ပါးဖြစ်၍နေပေသဖြင့်လည်း အရှိန်အဝါမနွမ်းစိတ်အေးချမ်းသာယာမှု ရရှိနေပေသေးသည်ကိုလည်း စဉ်းစားမိပေမည်။

မိဘအရိပ်အာဝါသအောက်၌ ရပ်တည်ရခြင်းမရှိသော်လည်း ပုဂံမင်းတရားကြီး၏ အရှိန်ဘုန်းတော်ကံတော်ကို မှီခိုနေရခြင်းကြောင့် အဖြစ်မဆိုး၊ မျိုးရိုးမမှိန် ခဲ့ရသည်။ ပုဂံမင်းတရားကြီး၏ အရှိန်အဝါကို မှီခိုကာ အစ်မတော်စုဖုရားကြီးက ရပ်တည်နေတော်မူခဲ့ရသလို၊ မိမိကလည်း အစ်မတော်စုဖုရားကြီး၏ အရိပ်အာဝါသကို မှီခိုရပ်တည်နေထိုင်တော်မူခဲ့ရသူ ဖြစ်သည်။

ထို့ကြောင့်မိမိတို့မှာ အမိမဲ့သား ရေနည်းငါးသဖွယ်ဖြစ်နေသော ညီအစ်မနှစ်ဦးဟူ၍ ထင်မှတ်ယူဆခဲ့လေသည်။ ပုဂံမင်းတရားကြီးသည် စုဖုရားကြီးအား နှမတော်ရင်းတစ်ပါးအနေနှင့် မြှောက်စားချီးမြှင့်ထိုက်သလောက် အထိုက်အလျောက်ချီးမြှင့်မြှောက်စားတော်မူခဲ့ပါသည်။ မြို့ရွာစားကြေးများလည်း တိုးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ယင်းသို့အခြေအနေရှိစေကာမူ စုဖုရားကြီးက မောင်တော်ရင်းပုဂံမင်းတရားကြီးအပေါ်၌ စိတ်တော်မတွေ့စရာတွေ အများအပြားရှိနေကြောင်းလှိုင်ထိပ်ထားကလေးက သိရှိရိပ်မိခဲ့ပါသည်။

မောင်တော် ပုဂံမင်း၏ ဘုရင်မင်းမြတ်တို့ ဂုဏ်အင်လက္ခဏာမှ ပျော့ညံ့ချို့တဲ့မှုများ၊ တိုင်းရေးပြည်ရာ၌ ပေါ့ပေါ့တန်တန် နေတော်မူမှုများကိုအားမရခဲ့ကြောင်းတို့ကိုလည်း ကိုယ်တိုင်ကိုယ်တွေ့များဖြစ်သည့် မင်းတုန်းမင်းသားကြီးနှင့် အစ်မတော်စုဖုရားကြီးတို့ အပေးအယူအချက်အလက်နှင့်ဆက်သွယ်မှုများကိုလည်း လှိုင်ထိပ်ထားက သိရှိနေသူဖြစ်သည်။

ထိုမျှမက မင်းတုန်းမင်းသားကြီး၏ ညီတော် ထိပ်တင်ကောက်(ကနောင်မင်း)



www.burmeseclassic.com

www.burmeseclassic.com



နှင့်မိမိအား အစ်မတော်စုဖုရားကြီးက(လျာထား)နေတော်မူကြောင်းကိုလည်း နားလည်တော်မူခဲ့ရင်းဖြစ်သည်။

မင်းတုန်းမင်းသားကြီးနှင့် ညီတော်ကနောင်မင်းတို့ ညီနောင်နှစ်ပါးကလည်း အစ်မတော် စုဖုရားကြီးနှင့် မိမိတို့ညီအစ်မနှစ်ပါးအား အရေးထားခြင်း၊ မြော်မြင်ခြင်းနှင့် ဆက်သွယ်ကူးလူးပုံများကလည်း အထင်ကရကိစ္စများ ဖြစ်သည်။ လက်ရှိဘုရင်မင်းဖြစ်သော ပုဂံမင်းတရားကြီးထက် မင်းတုန်းမင်းသားကြီးတို့ညီနောင်နှစ်ဖော်အား မိမိတို့ညီအစ်မနှစ်ဖော်သည် ဤမင်းသားကြီးညီနောင်နှစ်ပါးနှင့် အဘယ်သို့စခန်းသွားကြရဦးမည်ဆိုသည့် အနာဂတ်အရေးကိုလည်း တွေးတောဆင်ခြင်မိပေသည်။

တိုင်းရေးပြည်ရေးပေါက်နှင့်ကျေးဆိုသော စကားပုံအတိုင်း အခြေအနေသည် အဘယ်သို့ပေးလာပေမည်နည်းဟု ပိုင်းခြားကာ ပြတ်ပြတ်သားသားကြိုတင် ဆုံးဖြတ်ခြင်း မပြုသာပေ။

သို့သော် ဤကိစ္စဖြစ်ရပ်ဖြစ်စဉ်များ၏ပတ်ဝန်းကျင်တွင် မိမိရေးလိုသော နန်းတွင်းဇာတ်တော်ဝတ္ထုကြီးအတွက် ဇာတ်အိမ်တည်ဆောက်လိုသော အချက်အလက်များအဖြစ် ဝတ္ထု၏မူလကျောရိုးပမာ တည်ဆောက်ရေးသားဖန်တီးမှု ဖြစ်လာပါလေသည်။

နန်းတွင်းဇာတ်တော်ဝတ္ထုကြီး၏အမည်ကို လှိုင်ထိပ်ခေါင်တင်အလိုကျအတိုင်း ဝိဇယကာရီဟူသောအမည်နှင့် စတင်တည်ဆောက်လေတော့သည်။

နန်းတွင်းဝတ္ထုကြီး (ဝိဇယကာရီ)ကိုရေးရန် တာစူစိတ်ကူးလာရာမှ ပထမအကောင်အထည်ဖော်၍ စတင်ရေးသားခဲ့ချိန်မှာ လှိုင်ထိပ်ခေါင်တင်မင်းသမီး၏ အသက်သည် (၁၈)နှစ်အတွင်းဖြစ်သည်။ ဇာတ်အိမ်တည်ရာမှာပင် လူ့ပြည်လူ့ရပ်မှာ မတည်သေးဘဲ နတ်များ၊ နတ်ကိန္နရာများ၏ ဌာနကိုမှတင်စား၍ ဇာတ်လမ်းကို အုတ်မြစ်ချလိုက်သည်။

ထိုသို့ပထမအုတ်မြစ်ချလိုက်သောဇာတ်လမ်းက နတ်များ နတ်ကိန္နရာများ၏ ဖြစ်ရပ်မှာသာ အဆုံးသတ်ထားရန် လျာထားခဲ့သေးသည်။ နောင်အရှည်သဖြင့် မိမိ၏ဘဝဖြစ်စဉ်နှင့် တွဲ၍ လိုက်နေမည့်နန်းတွင်း ဇာတ်ဝတ္ထုကြီးဟူ၍ ထိုအချိန် တုန်းက ပိုင်းဖြတ်မခံရခဲ့ပေ။

ထို့ကြောင့်လေပြေင်း မုန်တိုင်းမိ၍ အဖော်များနှင့်ကွဲပြီး တောထဲ၌ ဒုက္ခရောက်နေသူ နတ်ကိန္နရီ ညီအစ်မနှစ်ဖော်အား နေနတ်မင်း၏သား မေဃစိတ္တနတ်သားက ကယ်တင်ကူညီရင်းမှ မေတ္တာမျှကြပုံကို စတင်ရေးသားခဲ့လေသည်။ ရေးရာ၌လည်း အလင်္ကာနှင့်ကဗျာဂီတများ မွမ်းထုံ၍ ထီးမူနန်းရာအဖွဲ့အနွဲ့တို့ကို အလေးထား၍ ရေးသားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့တောတွင်း၌ လေမုန်တိုင်းမိ၍ အဖော်များနှင့်ကွဲပြီး ဒုက္ခရောက်ကာ ထိတ်လန့်ကြောက်ရွံ့စွာ ရှိနေကြသော နတ်ကိန္နရီညီအစ်မအား ကောင်းကင်ခရီးမှ ပန်းရထားပျံစီး၍ ပြန်လာသော နေနတ်မင်း၏သားတော် မေဃစိတ္တနတ်သားက မြင်သဖြင့် ကိန္နရီညီအစ်မအား ကယ်တင်လိုက်သောအခန်းကို စ၍ရေးသည်။

ထိုသို့ရေးခြင်းကို အချို့က လှိုင်ထိပ်ခေါင်တင်သည် သူနှင့် သူ၏အစ်မတော် စုဖုရားကြီးကို ရည်ညွှန်းလိုခြင်းဖြစ်၍ ရေးသည်ဟုယူဆကြသည်။

အဖော်ကွဲပြီး တောထဲတွင် ခိုရာမဲ့ဒုက္ခရောက်နေသူ နတ်ကိန္နရီညီအစ်မအဖြစ် လျာထား၍ ရွှေတောင်ရှင် မေဃစိတ္တနတ်သားအား မင်းတုန်းမင်းသားကြီးအဖြစ် လျာထားသည်ဟု ထင်ခဲ့ဖူးကြသော်လည်း ဝိဇယကာရီဇာတ်တော်ကြီး၏ ဇာတ်သွား ဇာတ်လာကို ကောင်းမွန်သေချာစွာသုံးသပ်ဖတ်ရှုခဲ့ဖူးသောသူများအဖို့ ထိုယူဆချက်ကိုလုံးဝလက်ခံနိုင်ခြင်းမရှိခဲ့ကြပါ။

ၜင်းအပြင် ထိုအချိန်အခါကလည်း အသက်အရွယ် (၁၈)နှစ်နှင့်(၁၉)နှစ်ကြား တွင်သာရှိသေးသော လှိုင်ထိပ်ခေါင်တင်မှာ လောကရေးရာ ထွေရာလေးပါးဘာမျှမရှိ အချစ်နှောင်ကြိုး မငြိတွယ်ခဲ့သေးဘဲ တေးကဗျာဂီတစာပေများရေးရင်း ကြီးကျယ် ခမ်းနားသော ဝိဇယကာရီ ခေါ် နန်းတွင်းဇာတ်ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို အရွယ်နှင့် မမျှ စတင်ရေးသား စိတ်ကူးဉာဏ်ကစားခဲ့ခြင်းသာဖြစ်လေသည်။

ဝိဇယကာရီဇာတ်တော်ဝတ္ထုသည် လှိုင်ထိပ်ခေါင်တင် (၁၈)နှစ်အရွယ်ကစတင် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ပထမတွဲမှ အစပြု၍ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမမှသည် နဝမတွဲသို့အထိ ဇာတ်လမ်းကမဆုံးခဲ့ပါ။ လှိုင်ထိပ်ခေါင်တင်၏ ကြင်ယာတော် အိမ်ရှေ့ကိုယ်တော်ကြီးဖြစ်သူ ကနောင်မင်းမှာ မြင်ကွန်း မင်းလက်ချက်ဖြင့် ကွယ်လွန်သွားရပြီးနောက်မှာပင် ဝတ္ထုဇာတ်လမ်းများကို လှိုင်ထိပ်ထားက ဆက်လက်ရေးသားလာခဲ့ရာမှ နဝမတွဲအထိရောက်ရှိလာခဲ့ခြင်းဖြစ် ပါသည်။ သို့သော် ဝတ္ထုကမဆုံးနိုင်သေးဘဲ ပေမူ ပုရပိုဒ်မူများ တောင်ပုံရာပုံရှိခဲ့သည်။

ထိုအချိန်က စာပုံနှိပ်လုပ်ငန်းများ ပေါ်ပေါက်အသုံးပြုနေပြီဖြစ်သော်လည်း မင်းတုန်းမင်းတရားကြီးက မြတ်စွာဘုရားနှုတ်ကပ္ပိဋကတ်တော်များကိုသာ စတင် ပုံနှိပ်စေရသည်။

သမ္မပ္ပလာပစာအုပ်များဟူ၍ အမည်တပ်လိုက်သောဝတ္ထုဇာတ်များကို ပုံနှိပ် ထုတ်ဝေခြင်း မပြုရသေးသည်ဖြစ်၍ လှိုင်ထိပ်ခေါင်တင်ရေးသားသော ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီးဝတ္ထုနှင့် ကုန္ဒာဝံသနန်းတွင်း ဝတ္ထုကြီးနှစ်ပုဒ်မှာ စာအုပ် အဖြစ်မရောက်လာဘဲ ပုရပိုဒ်မူ၊ ပေမူများကိုသာ တစ်လက်မှတစ်လက်ငှား၍ ကူးယူ ဖတ်ရှုနေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်အိမ်အလွန်ကောင်းမွန်၍ အရေးအသား ထီးနန်းသဘာဝကျပြီး နူး ယဉ် လေးနက်လှသောကြောင့် နန်းတွင်းသူနန်းတွင်းသားများ အသည်းစွဲနှစ်သက်ခဲ့ကြသည်။ နန်းတွင်းနှင့် ဝင်ဆန့်ကြသော သူဌေးသူကြွယ်သားသမီးများ၏ ရပ်ကွက်အထိ နယ်ချဲ့ ပြန့်နှံ့လျက်ရှိခဲ့လေသည်။

နန်းတွင်းသူ နန်းတွင်းသား မိဖုရားသားတော်သမီးတော် ဆွေတော်မျိုးတော် မှူးတော် မတ်တော် အပျိုတော်မှအစ မြို့စားရွာစားများနှင့် ၎င်းတို့၏သမီးများလည်း သည်ဝတ္ထု ဇာတ်တော်ကြီး၏ ရေအလျဉ်ဝယ် မျောပါနေကြလေသည်။ တစ်ဆင့် တစ်ဆင့်ငှား၍ စာမူကူးယူနေကြသည်မှာ အခြားသောလုပ်ငန်းဆောင်တာ တာဝန် ဝတ္တရားများကိုပင် လစ်ဟင်းနေတတ်သည်အထိ ဖြစ်ရှိခဲ့ကြရလေသည်။

ထို့ကြောင့် နောင်သောအခါ မင်းတုန်းမင်းတရားကြီးက မိဖုရားမောင်းမများ အဆောင်တော်မှာ ဝိဇယကာရီဇာတ်တော်ကြီး ကူးယူရေးသားဖတ်ရှုနေကြလျက် အလုပ်ပျက်အကိုင်ပျက်ဖြစ်လာကြသည်ကို သိတော်မူလျှင်

သင်တို့ဟာ ဒီသမ္မပ္ပလာပဝတ္ထုတွေနှင့် နစ်မွန်းနေကြသည်။ တရားစာပေများ မွေ့လျော်ကြစမ်းပါဦးဟဲ့ဟူ၍ အပြစ်တင်တော်မူရသည့်တိုင် ဖြစ်ခဲ့ကြသည်။

နန်းတော်သူများသည် ထိုသို့ မင်းတုန်းမင်းတရားကြီး နှုတ်ပြစ်တင်ခံပြီးမှ ငြိမ်ကျသွားကြသည်။ အချို့အဆောင်များတွင် မင်းတရားကြီးမိ၍ ကူးထားသော စာမူပုရပိုဒ်များကိုဆွဲထုတ် လှည်းနှင့်တိုက်ထုတ်ပြီး မီးရှို့ပစ်ခြင်းခံရလေသည်။ သို့သော် လုံးဝအဆက်မဖြတ်နိုင်။ အရင်လို ထင်ထင်ပေါ်ပေါ်ကြီး အလုပ်ပျက် အကိုင်ပျက် လိုက်စားကူးယူဖတ်ရှုနေခြင်းမှ တိတ်တခိုး ပုန်းလျှိုးကွယ်လျှိုးလုပ်ကြရ သည်။ ငုပ်လျှိုးပျောက်ကွယ်၍ကားမသွား တိုးတိုးသားအဖြစ်နှင့်ပို၍ အမြစ်တွယ် အစွဲ ခိုင်မာလာကြလေသည်။

လှိုင်ထိပ်ခေါင်တင်သည် ဝိဇယကာရီဇာတ်တော် ဝတ္ထုကြီးအဆုံး မသတ်မီပင် ကဿာဝံသ နန်းတွင်းဇာတ်တော်ကြီးဝတ္ထုတစ်ပုဒ်ကို ဒုတိယအကြိမ်စီစဉ်ရေးသား ခဲ့ခြင်းဖြစ်လေသည်။

၎င်းကဿာဝံသဇာတ်တော်ကြီးမှာ ဝိဇယကာရီဇာတ်တော်ကြီးကဲ့ သို့ မရှည်လှပါ။ ပထမတွဲနှင့် ဒုတိယတွဲနှစ်အုပ်တည်းနှင့် အဆုံးသတ်ထားပါသည်။ ထီးမူနန်းရာယဉ် ကျေးမှုဓလေ့ ထုံးတမ်းအစဉ်အလာများကို ထင်ထင်ရှားရှားရေးသား ပြထားသည်။

ကဿာဝံသဇာတ်တော်ကြီးမှာ လှိုင်ထိပ်ထားသည် မိမိနှင့် အိမ်ရှေ့ကိုယ်တော် ကြီးတို့ဘဝဖြစ်စဉ်ကို ရည်ညွှန်းထားသည့် နှမတော်ပဂုကာရီမင်းသမီးအပေါ်၌ မောင်ကြီးကဿာဝံသမင်းသားက ဘယ်မျှ ကြင်နာချစ်ခင်ရသည်။ မည်မျှအဆိုးအနွံ့ ခံရသည်များကို ကရုဏာရသမြောက်အောင် ထီးဟန်နန်းဟန် ကြင့်နှုန်းသံများနှင့်



www.burmeseclassic.com

www.burmeseclassic.com



တန်ဆာဆင်၍ ရေးသားထားခြင်းဖြစ်လေသည်။ ဤနည်းအတိုင်းပင် ဝိဇယကာရီ ဇာတ်တော်ကြီးမှာလည်း ဝိဇယကာရီမင်းသားသည် မည်မျှမိန်းမမူပွေနေစေကာမူ နှမဝမ်းကွဲတော် လက်ထပ်မိဖုရားသီရိရတနာ မင်းသမီးအား အဘယ်မျှအရေးထား၍ လေးစားချစ်ခင်လျက်ရှိနေကြောင်းကို တစ်ဇာတ်လမ်းလုံးအကွက်ဖော် သယ်ပေးထားခြင်းကြောင့် ဝတ္ထုနှစ်မျိုးလုံးမှာ ရည်ရွယ်ချက်ချင်းတူညီကြပါသည်။

လိုရင်းအချုပ်မှာ လုပ်လိုသောဇာတ်ထုပ်ဇာတ်လမ်းသည်ကြီး ခိုင်ခံ့ညားရမည်၊ ထီးနန်းခလေ့ယဉ်ကျေးဖွယ်ရာများ၊ သူတို့ခေတ်၏ လူနေမှုအရပ်ရပ်နှင့် စိတ်နေစိတ်ထားမှအစ သဘာဝကျသော ဇာတ်ရုပ်များအပြည့်ရှိစေပြီး၊ ရာမယနဇာတ်ကြီး၊ အီနောင်ဇာတ်ကြီးတို့ကဲ့သို့ သိကြားပြဟ္မာ၊ နတ်ဒေဝါပါမကျန် ဘီလူး၊ နဂါး၊ ကိန္နရာနှင့် လူပုံ့များပါ ပါလေရအောင် သူ့အကန့်နှင့်သူ၊ သူ့အကွက်နှင့်သူ၊ အံဝင်ခွင်ကျ ထိထိမိမိ ဖန်တီးရေးသားပြထားလေသည်။

ထို့ကြောင့် နန်းတွင်းသူနန်းတွင်းသားတို့သည် လှိုင်ထိပ်ခေါင်တင်၏ လက်ရာ အဆိုပါ ဇာတ်တော်ကြီး၊ ဝတ္ထုနှစ်ပုဒ်ကို နှစ်လိုအားရစုံမက်မြတ်နိုးစွာ ဖတ်ရှုခဲ့ကြရသည်။ နန်းတွင်းသူများသည် တစ်ဆင့်မှတစ်ဆင့် တစ်လက်မှတစ်လက် အုပ်တွဲတွေ ထွက်လေသမျှ မရအရ ရှာကြံငှားရမ်းကူးယူရေးသား၍ သိမ်းဆည်းဖတ်ရှုခဲ့ကြခြင်း ဖြစ်လေသည်။

ဘာသာရေးဘက်၌ အလေးသာနေသော ခဲအိုတော် မင်းတုန်းမင်းတရားကြီးက အားပေးခြင်းမပြုခဲ့၍သာ ဤအခြေတွင်နေသေးလျှင် အကယ်၍အားပေးသမှုပြုခဲ့လျှင်ကား ဆိုဖွယ်ရာရှိလေတော့မည် မဟုတ်ပါပေ။ မြန်မာ့ထီးနန်းပျက်ပြီး အင်္ဂလိပ်လက်ထက်မှာ ဝါသနာရှင်သုတေသီတို့အတွက် ဝိဇယကာရီဝတ္ထုကြီးစာမူများ စုဆောင်းပြီး ပုံနှိပ်စာအုပ်အဖြစ် ပဉ္စမတွဲရိုက်နှိပ်ထွက်ရှိဖူးသော်လည်း တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ မျှသာဖြစ်၍ ယခုအခါ ပျောက်ကွယ်သလောက်ဖြစ်ခဲ့ရသည်။

နောက်ပိုင်း၌ ရေးသားသော လှိုင်ထိပ်ခေါင်တင်၏လက်ရာများကို ချန်လှပ်ထားဘိ၊ ရှေးဦးစွာ အသက်(၁၉) နှစ်တွင်စတင်ရေးသားခဲ့သော ဝိဇယကာရီဝတ္ထု ၁၂၅၅ ခုနှစ်၊ ပြည်ကြီး မဏ္ဍိုင်စာပုံနှိပ်တိုက်ရိုက် ပထမတွဲစာမျက်နှာ ၁၉-တွင်ပါရှိသည့် ဖြေနိုင်ပေါင်ခေါ် ကိန္နရီချောင်းခြား ပတ်ပျိုးတစ်ပုဒ်ကို အလျဉ်းသင့်၍ ထုတ်နုတ်ပြရပါမည်။

ထိုပတ်ပျိုးသည် ယနေ့ယခုခေတ်၌ပင် ခေတ်မတိမ်နိုင်ဘဲ သီဆိုတီးမှုတ်နေကြဆဲ ဖြစ်ပါသည်။

ဝိဇယကာရီဝတ္ထုပါ စန္ဒဒါရီနှင့် ဒါရုနဝတီ၊ ဆိန္ဒရီ ညီအစ်မတို့လေမုန်တိုင်း ဒဏ်ခံနေရစဉ် သီဆိုသောသီချင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ကိန္နရာချောင်းခြားပတ်ပျိုး

ဖြေနိုင်ပေါင်၊ တွေမှိုင်ရောင်၊ တောသာဘွဲ့သည်မြိုင်ချောင်၊ ဘယ်ဝဋ် နှောင်သန် လှမှန်း၊ သဲကြွေလုပန်း၊ နန်းတက်မြင့်ညာ၊ ဣန္ဒာများမင်း၊ တင်းပသေလာ၊ ဘယ်ညှိုး တော်ပါလိမ့်၊ မဲ့ကိုမုန်းတယ်၊ ချုံးသီဖွဲ့ကာ၊ မိုးရောလေပါ၊ သီတာရွှေမြေ စောင်းမျှလေ၊ ရှစ်တိုင်းဝန်းအုံ၊ သုံးသုံးဆော် ညံပြောင်းလို့လေး။ တောင်ပေါင်းငယ်ကာ၊ ကန္တာမြင့်စံ ရာနန်း၊ ချောင်းရေယဉ် လျှမ်းပါလို့၊ လမ်းမသိပြီ၊ လှမ်းတော့တတ်ပြီ၊ သိင်္ဂီနုမှာ သွေးဥကစီ၊ ရွှေဝန်းရံလည်၊ ကိန္နရီဖော်လဲ၊ ကွဲခဲ့ပြီ။ သည်ပုပန်းရေးငယ်နှင့်၊ မအေး ဘယ်ဆီ၊ မူးချိန်မှီ၊ တိမ်သိင်္ဂီငယ်နှင့်သာ၊ နေယီယီ၊ တွဲညီမကာ။ ပြန်လမ်းမသာ၊ စီးသွယ်ဖြာဆင်းပါတဲ့၊ အိုင် မင်းကုဏ္ဍာ၊ မေဃရာ၊ မေတ္တာတွေခင်စေတယ်လေး။ မောသေဖွယ်ငယ်နှင့်သာ၊ တောမြိုင်လယ်၊ ပိတ်ကွယ်ဝန်းနှောင်၊ ညံဆည်းယီမှောင်၊ စုံမြိုင်ချောင်ရိုးမှာတဲ့၊ ခိုကိုးမဲ့ အောင်ဒေါင်းဖန်ဆောင်၊ ညိုမှောင် မှိန်ရီမိုက်တယ်လေး။ မောသေဖွယ်ငယ်နှင့်သာ၊ တောမြိုင်လယ်၊ အသွယ်သွယ်၊ လျှပ်နွယ်လောင်လျှူလင်း တယ်လေး၊ ခင်း ကိုယ်တွေ့ကြုံတယ်၊ ကံငယ်ကမျှေး၊ တောကြက်ကယ်သံ စီစီနှင့်၊ သီကရီဟောဝန်ထဲမှာ၊ တုန်ထဲကအေး။

## တေးထပ်

မသေရုံသည်ကိုများသာဖြင့်၊ ဖန်အားတဲ့နတ်ဆွေ၊ ခင်း ကိုယ်တွေ့ကြုံလေ၊ ဗျာကုဋ္ဌေထပ်ကဲ၊ မြဝါနုစံတော်ရာ၊ တင်းမမာဘယ်ရေးတဲ့လဲ၊ မိုးညိုခွင်ပစ္စာ၊ မြူဆံ လွှာရှိဘဲ၊ သည်ခုပုံကြုံနဲ့ မို့၊ တုန်ကဲထိဆွတ်ကျင်းချောင်း ရေယာဉ်လှည့်သန်း၊ ပြန်လမ်းခုမယ်မမြင်၊ ဒေဝရနတ်ရှင်ငယ်၊ သော့လျှင်လျှင်သတ်ပါရော့၊ တောရပ်မြင့် ကန္တာလယ်၊ ငြိမ်းပရော့မယ်၊ ကြုံရတဲ့ဝဋ်ကြွယ်၊ လွယ်လွယ်ပြီ ထင်မှတ်တဲ့လေး။

ဖြေနိုင်ပေါင် ကိန္နရာချောင်းခြားပတ်ပျိုးကို ယနေ့ မဟာဂီတစာအုပ်များတွင် ထည့်သွင်းပါရှိသော်လည်း ရေးသူအမည်မပါသောကြောင့် လှိုင်ထိပ်ခေါင်တင် ရေးသည်ဟူ၍ မသိကြပါ။ အမှန်မှာ ထိုသီချင်းကို လှိုင်ထိပ်ခေါင်တင်ကိုယ်တိုင် ဝိဇယကာရီဇာတ်တော်ကြီး၌ ဇာတ်ဝင်သီချင်းတစ်ပုဒ်အဖြစ်နှင့် ရေးသားထားခဲ့ခြင်း ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း ဝိဇယကာရီဇာတ်တော်ကြီး ဝတ္ထု ပထမတွဲအခန်းတစ်ခန်းမှ ဇာတ်ဝင်သီချင်းတစ်ပုဒ်ဖြစ်သော ကိန္နရာချောင်းခြား (ဖြေနိုင်ပေါင်)ပတ်ပျိုးကို လှိုင်ထိပ်ခေါင်တင်ရေးရာ၌ ၎င်းသီချင်း၏စာသားများကိုသာ ဇာတ်ကွက်ဝင်ရေးသား ထားခြင်းမဟုတ်သေးဘဲ၊ သီချင်း၏ ဝမ်းစာဖြစ်သော အဖွဲ့အနွဲ့အသိုင်းအဝိုင်း အခြံအရံများကိုလည်း အဓိပ္ပာယ်ပါစေရန် လင်္ကာစာသားဇာတ်ချင်း၊ ဇာတ်စကား



www.burmeseclassic.com

www.burmeseclassic.com



တို့ဖြင့် အုံဖွဲ့ဝိုင်းရံပေးထားပြန်သေးသည်။ ပြယုဂ်တစ်ခုအဖြစ်ဖွင့်ဆိုရသော် ကိန္နရီမကလေး (စန္ဒဒါရီ)က ညီမကိုပြောသော ဇာတ်ချင်းစကားများတွင်

ဒါရုနလို့ မမရတနာ၊ လှမြတ်စွာငယ်ခက်ပါဘိအို ဘယ်နတ်ကယ်ညိုလေသိ၊ ဖို့ရွှေရင်သဲ၊ သြော် ခုပင် ကွဲမည်သို့ မြဲခဲဂီရိန်၊ တောင်တသိန်က၊ ဒေဝိန်ဘုန်းမို၊ ဘယ်မုန်းတော်ပိုလေဘိ၊ ပြိုမည့်သဏ္ဍာန်၊ ဘဝဂ်လုံးထန်ခဲ့ပြီ၊ ကြုံဖန်လို့လေ၊ သက်မသေလျှင်၊ သည်မေအမြတ်၊ ကံကောင်းလို့မှတ်ပါငဲ့၊ တောရပ်ကယ်မြိုင်လယ်၊ စုံတစ်နယ်၊ ကယ်သူဆယ်သူ လွယ်ကူဇကေန်၊ မရှိတန်ပေဘူး၊ မျက်ပျံ့ သိဂါ၊ ပုလဲ ညှာငယ်၊ ရံများစွာ ကိန္နရီတို့ကွဲရှာသည်၊ ဘယ်ဆီမှာလို့ ရမ်းရော်နိုင်ဘူး ပမိမိငဲ့ဟူ၍ လည်းကောင်း၊ ညီမငယ်ဒါရုနဝတီကိန္နရီမကလေးလည်း

ပဒုမ္မာဘူး၊ ဆယ်စုံကြူးလို့ ရှိဦးတင်ပါ၊ စုံကန္တာ၊ ရိပ်ကြာမြင့်ဘွား၊ မမဖျားငဲ့၊ နှစ်ပါးခုသာ၊ ဖော်များစွာလဲ၊ ကံဝင့်နှောင်ခဲ့ရှာလို့ ရွှေသည်းဆွတ်ကြွေ၊ သည်ရပ်မြေ၊ ဇနီ သစ်ကျား၊ များသည်ဘေးရန်၊ တောဆင်ယံ၊ ကြုံကြုံကြွေးခါ၊ မှောင်သည်းစွာငယ်၊ လေပါမိုးသတ်၊ ပေါင်းယှက်ဝန်းအုံ၊ ချုံကကာဆီး၊ သစ်ပင်ကြီးလည်း၊ တုန်မြေအိုး၊ ကျိုးပြန် ကျပြန်၊ အိုဘယ့်နဲ့ကြုံပ၊ သဲလျှံနောက်ဆူ၊ ကြောက်တဲ့သူ၊ အပူတစ်ပုံ၊ ခုသည်ကို ကြုံမယ်ဖြင့်၊ သေရုံသာရှိပါတော့သည်ဘုရား။ ။ စသည်ဖြင့် ကိန္နရီ ညီအစ်မတို့ အချီအချ အပေးအယူစကားပြောကြဟန်ကို လင်္ကာစာသား ဇာတ်ချင်း များအဖြစ် ရေးသားပြီးမှ (ဖြေနိုင်ပေါင်) ပတ်ပျိုးကိုသီဆိုရန် ဇာတ်ဝင်သီချင်းတစ်ပုဒ် အဖြစ် လေးလေးနက်နက်ရေးလိုက်ခြင်းဖြစ်သည်။ ထိုနည်းအတိုင်းပင် ဝိဇယကာရီ ဇာတ်တစ်ဇာတ်လုံးဆိုင်ရာ ပါဝင်သော ဇာတ်ဝင်သီချင်းများကိုလည်း ဤနည်း နှင့် ဇာတ်ဝင်လင်္ကာဇာတ်ချင်းများနှင့် အခုအခံပြုကာ အုံဩဖွယ်ရာရေးသားစီကုံး ထားခြင်းဖြစ်ပါသည်။

အခြားနာမည်ကြီး သီချင်းတစ်ပုဒ်လည်းရှိသေးသည်။ ထိုသီချင်းမှာ ယနေ့မဟာ ဂီတလောကသားတို့ထံတွင် ရေပန်းစားနေဆဲရှိသော (ရေယမုန်) သားချော့ပတ်ပျိုး ဖြစ်သည်။

လှိုင်ထိပ်ခေါင်တင်ရေးသား စပ်ဆိုခဲ့သော ရေယမုန်ပတ်ပျိုးသည် စင်စစ်အား ဖြင့် ဝိဇယကာရီဝတ္ထု၌ ဇာတ်ဝင်သီချင်းတစ်ပုဒ်ဖြစ်ပါသည်။ ဝိဇယကာရီဝတ္ထု နဝမတွဲတွင် တွေ့ရှိရပါသည်။

ဇာတ်လမ်းအရပြဆိုရလျှင် ဝိဇယကာရီမင်းသား သည် မိမိ၏သားတော်ကြီးများ ဖြစ်သော တန်ခိုးဣဒ္ဓိပါဒ်ကြီးကြသူသားတော် ဘီလူးမင်းသား၊ နဂါးမင်းသားများ အပြင် အလွန်ချစ်ခင်လှ၍ကိတ္တိမသားအဖြစ်မွေးစားသော (ဣန္ဒရှိန်း)ခေါ် (တော်အခေါင်မင်းသားကလေး) ရှိသည်။ တော်အခေါင်သည် ပြဟ္မာဆုနှင်းခံရ၍



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်လက်နက်နှင့်မျှမသေဘဲ (ရှိန်းပြီး)သူဖြစ်သည်။ ၎င်းတော်အခေါင်မင်းသား ကလေးသည် ဝိဇယကာရီမင်းသား၏ သမီးတော်ဖြစ်သူ ရတနာနတ်မယ်နှင့် တိတ်တဆိတ်ချစ်ခင်ရည်ငံနေသည်။ ဘိုးတော် ဘွားတော်များက ရတနာနတ်မယ်ကို မောင်လည်နှမလည်ချင်း လက်ထပ်ရန် စီစဉ်ကြသည်။

ထို့ကြောင့် တော်အခေါင်မင်းသားလေး အလွန်စိတ်မချမ်းမသာဖြစ်နေသည်။ ဒါကို ဝိဇယကာရီမင်းသားကသိ၍ တော်အခေါင်အား တစ်ဖက်လှည့်နှင့် ခိုးပြေးစေသည်။ နောက်တစ်နေ့ မင်းသမီးပျောက်သွားရာ ဝိဇယကာရီမင်းသားက မသိကျိုးကျွန်ပြုနေသည်။ ရတနာနတ်မယ်မင်းသမီးကို ခိုးယူဝှက်ထားသောနေရာသည် စတုမဟာရာဇ် နတ်တို့နယ်ပယ် အတွင်းမှာရှိသော အဿကဏ်ဖန်ဂူကြီးအတွင်းမှာ ထားသည်။

စောစောပိုင်းက အချစ်ကြောင့်ဘာမျှသတိမရသော်လည်း အချိန်ကျသောအခါ ရတနာ နတ်မယ်မင်းသမီးက ထမင်းဆာ၍ပူဆာသည်တွင် တော်အခေါင်မင်းသား ကလေးမှာ ကြံရာမရရှိသည်။ နတ်တို့နယ်မြေဒေသမှာ ထမင်းရှာ၍ မရနိုင် မနက်လင်းလျှင် ဇမ္ဗူသပြေသီးဆွတ်၍ကျွေးပါမည်ဟု ချော့မော့ထားရသည်။

သို့သော်နတ်မယ်မှာ ဆာလွန်း၍ အိပ်မပျော်ဖြစ်နေသောကြောင့် တော်အခေါင် မင်းသားကသီချင်းဆို၍သိပ်မှ အိပ်မည်ပြောသဖြင့် ဤရေယမုန်သားချော့ပတ်ပျိုးကို သီဆို၍ သိပ်ရသည်။ ရေယမုန်ပတ်ပျိုးအပြင် (ရွှေဖျိုင်းဖြူမြစ်ဇရာရိုးထိုးခဲ့ငဲ့ရှင်၊ ကျောင်းအောက်ကို ဝင်လေး တယ်မှမလေး ရွှေစာသင်) စသော ကျေးလက်သားချော့ သီချင်းကိုပါထပ်၍ သီဆိုချော့သိပ်ပြန်ရာ၊ ရတနာနတ်မယ်သည် ပို၍ဆာလောင်စေပြီး ဖျိုင်းဖြူချီလာသော ငါးကိုကျောင်းအောက်မဝင်ပါစေနှင့် စားဖိုဆောင်ကို ယူသွားစေ၍ သူ့ကို ကင်ပေးပါလား ဟုထပ်မံပူဆာပြန်သောကြောင့် တော်အခေါင် မင်းသား အခက်တွေ့ရသောအခန်း ဖြစ်ပါသည်။

လှိုင်ထိပ်ခေါင်တင်သည် ဤတွင်မကသေး၊ ယောကျ်ားများ၏ စရိုက်ကိုလည်း နှိုက်နှိုက်ချွတ်ချွတ်ရေးဖွဲ့ထားခဲ့သေးသည်။ ဇာတ်လမ်းတွင် မင်းသားအမျိုးမျိုး ပါဝင်ရာ ၎င်းမင်းသားများ၏ လူတစ်ကိုယ်စိတ်တစ်မျိုး ဝါသနာတစ်ဖုံ အာရုံညွတ်ဝင် မှု အခန်းခန်းကို ဖွင့်စွမ်းနိုင်သေးရုံမက ထိုခေတ်ဆီက ကာလသားအရပ်သားပိုင်းက ပြောဆိုပြုမူပုံ၊ သဘောသဘာဝ ကလေးများကိုလည်း ရေးသားတင်ပြထားလိုက်သေးသည်။ အထီးဆို ယင်ဖိုမသန်းရသော နန်းတွင်း၌သာ ခံစားနေထိုင်ရရှာသူ၊ အသက်နုနယ်လှသေးသူ (၁၈)နှစ်အရွယ် မင်းသမီးငယ်ကလေးတစ်ပါးဖြစ်သူ လှိုင်ထိပ်ခေါင်တင်က ကာလသားအရပ်သားများ၏ အပြုအမူအပြောအဆိုမျိုးကို ထိထိမိမိ ရေးပြလိုက်နိုင်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ကာလသားအရပ်သားများ နေထိုင်ပြောဆိုပြုမူဟန်တို့ကို ရေးသားထားရာတွင် ယနေ့ခေတ်သစ်အသုံးအနှုန်းဖြစ်သော စကားလုံးအမျိုးမျိုးကိုပင် ကြိုကြို တင်တင် အသုံးချရေးသားထားလိုက်ပြန်သေးသည်။

ဥပမာဇာတ်ကွက်ပါ ပန်းသကသူရကျေးသားက ပြောသောစကားတို့တွင် (မင်းသမီးတွေ၊ ဝေးနီးတကြော၊ အရမ်းပေါသော်လဲ)စသည်ဖြင့်ပါသည်။ (အရမ်းပေါ) သည်ဆိုသောအသုံးအနှုန်းသည် ထိုစဉ်ကအသက် (၁၈)နှစ်သာရှိသေးသူ နန်းတော်သူ လှိုင်ထိပ်ခေါင်တင်မင်းသမီးကလေးကစ၍ သုံးခဲ့လေပြီ။

ဝိသမမင်းသားပြောသော စကားများမှ ဥပမာတစ်ခုပြရပြန်သော် (ကြက်ဥပြုတ်ကို သံတုတ်နှင့်ချက စိစိမွမွကျေသည်။ ထိုခေတ်က ကာလသားများ သံတုတ်သုံးလေ ပုံနှိုင်းလေ့ရှိသော ဥပမာမျိုးကို ငယ်ရွယ်သူနန်းတွင်း မင်းသမီးကလေးလှိုင်ထိပ်ထားက သုံးနှုန်းရေးသားထားခဲ့သည်။

အလားတူဟာသမြောက်သော အရေးအသားများသည် ဝိဇယကာရီဇာတ်ကြီး တစ်ဇာတ်လုံး၌ တပြုံးပြုံးဖတ်လို့မဆုံးအောင် ပါဝင်နေလျက်ရှိလေသည်။ ဇာတ်အလွန်စိုသည်။

အလားတူပင် လှိုင်ထိပ်ခေါင်တင် နောက်ထပ်ရေးသားအပ်သော ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီး ဝတ္ထု ပ၊ ဒုံ၊ နှစ်တွဲမှာလည်း ဇာတ်လမ်းကို မခြောက်စေရခြင်းငှာ ဟာသခန်းများနှင့် တန်ဆာဆင်၍ ရေးသားထားလေသည်။

သို့သော် ဣန္ဒာဝံသဝတ္ထုကြီးကိုရေးသောအရွယ်မှာ အသက်(၂၅)နှစ်ဝန်းကျင်တွင်ဖြစ်နေသောကြောင့် လှိုင်ထိပ်ခေါင်တင်သည် (ကနောင်မင်း)အိမ်ရှေ့မင်းနှင့် လက်ထပ်ပြီးသည်မှာ ၄၊ ၅နှစ်တိုင်လေပြီ၊ လူမှုရေးရာများကိုလည်း ငယ်စဉ်ကထက် ပိုကြုံတွေ့နားလည်မှုရှိလာပြီဖြစ်သောကြောင့် ထိထိမိမိရေးစွမ်းနိုင်မှုရှိသည်ကို ချီးကျူးရန်မလိုတော့ပေ။

နှမတော်ပဂုတာရီမင်းသမီးကလေးတေသမျှ၊ ဆိုးနွဲ့သမျှကို ဣန္ဒာဝံသမင်းသားကြီးက ကြိတ်မှိတ်ပြီး ချစ်ခင်ယုယစွာ သည်းညည်းခံခဲ့ပုံများနှင့် မင်းသားကြီး၏ ချစ်သူသက်ထားကြင်ယာတော်များသည် မင်းသားကြီးကွဲတော် မူလာမည့်အချိန်ကို ငံ့မျှော်စောင့်စားနေကြရပုံများကို ပြတ်ပြတ်သားသားရေးချယ်ပြထားနိုင်ပြီး၊ ထိုအချိန်က မိမိအဖို့မှာလည်း ကနောင်အိမ်ရှေ့မင်းသားကြီး၏ ကြင်ယာမြောက်သား အိမ်ရှေ့မိဖုရားကြီးအဖြစ်မှနေ၍ အခြားကြင်ယာတော်တွေ အဆောင်တော်တွေ အမြောက်အမြားသို့ လှည့်လည်ကြွသွားနေတော်မူသော မောင်တော်ကနောင်မင်းအတွက် ချစ်မျက်ရည်စက်နှင့် အမျှော်စိုက်လက်ရာကောင်း သီချင်းတွေရေးနေရလျက်ရှိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စာတွေ့မှုမက ကိုယ်တွေ့လက်တွေ့နှစ်ပါးတွေ့ကိစ္စများ ရေးသားရာတွင် အသက်ဝင်ချင်တိုင်း ဝင်နေလေပြီ။

ဣန္ဒာဝံသဝတ္ထုကြီးတွင် ကလေးစိတ်မပျောက် တပျောက်အရွယ် မင်းသမီးငယ်ကလေး ပဂုတာရီသည် ယရာဝါသစက်ရဟတ်ကို လှည့်ပတ်ရာ၌ ငယ်ချည် တစ်လှည့် ကြီးချည်တစ်ခါ ခံစားချက်စိတ်ဝေဒနာ အမျိုးမျိုးပြောင်းလွဲနေဟန်များ ပါလာလေသည်။ မောင်တော်ကြီးအား မုန့်များလို ဝေမစားချင်သော စိတ်ဓာတ်ကလေးများက မသဘာဝအလျှောက် တစ်ချက်တစ်ချက် ဖောက်ဖောက်လာလျှင် စိတ်ကောက်ကောက်သွားတတ်ပုံကလေးများမှာ ထိလှမိလှ၍ မိမိဘဝနှင့် ထင်ဟပ်ရေးသားထားပုံကလေးများအဖြစ်နှင့် ပီပြင်ပြတ်သားလှပေသည်။

ဇာတ်လမ်းဇာတ်ထုပ်ကို သယ်သွားရာ၌ လှိုင်ထိပ်ခေါင်တင်အား မည်သူမျှမမီနိုင်အောင်ရှိလေသည်။ နဝမတွဲအထိဆုံးသေးသည်ဟုမရှိခဲ့သော ဝိဇယကာရီ ဇာတ်ဝတ္ထုကြီးမှာ ဇာတ်ကွက်တွေမြိုင်လှသည်။ အထူးသဖြင့် ဇာတ်လမ်း၏ ဇာတ်ဆောင် ဇာတ်လိုက်ကြီးတစ်ဦးဖြစ်နေသော ဝိဇယကာရီမင်းသားအား ငယ်ရွယ်စဉ် ကျောင်းတော်သားဘဝမှာသာ ရပ်တည်နေနိုင်အောင် ဆွဲဆောင်ထားနိုင်စွမ်းရှိနေသည်။ စာဖတ်သူသည် ဝိဇကာရီမင်းသားအား သားအဖေမြေးအဖေ သက်ကြီးရွယ်အိုဟူ၍ မမြင်နိုင်ချေ။ မအိုမသေရပ်ပျိုကိုယ်နုဘဝအဖြစ်နှင့်သာ မြင်စေထင်စေသည်မှာ ဇာတ်လိုက်ဘဝက ကျမသွားရလေအောင် လှိုင်ထိပ်ခေါင်တင်က ဆွဲဆောင်ရေးသားထားနိုင်ခဲ့ခြင်းကြောင့် ဖြစ်လေသည်။

အချုပ်ကိုဆိုရသော် လှိုင်ထိပ်ခေါင်တင်ရေးသော ဝိဇယကာရီဝတ္ထုရှည်ကြီး သည် အီနောင်၊ ရာမစသည်တို့ထက် ရှည်လည်းရှည်သည်။ ဇာတ်အိမ်တည်ဆောက်မှုကလည်း ခိုင်ခန့်တည်ငြိမ်သည်။ အကွက်အဆန်းတွေကလည်း အလွန်များသည်။ ဇာတ်ချင်းလင်္ကာတွေကလည်း မြိုင်ဆိုင်ဝေဆာလှသည်။ ဇာတ်ဝင်သီချင်းတွေကလည်း တမြုံ့တမကြီးထည့်ထားသည်။ ဇာတ်ကွက်ဇာတ်လမ်းတွေကလည်း ဆန်းပြားလှသည်။ ပါဝင်ရသောဇာတ်ဆောင်များကလည်း ရာမနှင့်အီနောင်တို့ထက် အမျိုးစုံ၍ အရေအတွက်များလှသည်။ တန်ခိုးကြီးခြင်း အရည်အချင်းတွေကလည်း ဖန်ဆင်းချင်တိုင်း ဖန်ဆင်းထားလေသည်။

ဆိုခဲ့သည့်အတိုင်း လှိုင်ထိပ်ခေါင်တင်သည် အရွယ် (၁၈) နှစ်ကစပြီး ဝိဇယကာရီဇာတ်တော်ကြီးကို စီစဉ်ရေးသားနေလေသည်။

အစ်မတော်စုဖုရားကြီးသည် ညီမတော် လှိုင်ထိပ်ခေါင်တင်အား စာပေသမားပီပီ စာပေနယ်၌ အမှန်တကယ် ပျော်မွေ့တော်မူနေသည်ကိုတွေ့ရသောအခါ လှိုင်ထိပ်ခေါင်တင်အဖို့ အတိတ်က စိတ်မချမ်းသာဖွယ်ရာအရိပ်များ ပျောက်ကွယ်သွားလျက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်လက်ပျော်ရွှင်အေး ချမ်းနေရှာပြီကိုကြည့်ပြီး ကြည်နူးနှစ်သိမ့်လျက်ရှိခဲ့လေသည်။

စုဖုရားကြီး၏ မယ်တော်မိဖုရားခေါင်ကြီးသည် မကြာခဏဘုရားဖူး ထွက်တော်မူလေ့ရှိသည်။ မယ်တော်ထွက်တော်မူလျှင် သမီးတော်စုဖုရားကြီးလည်းပါရသည်။ စုဖုရားကြီးပါရလျှင် စုဖုရားကြီးနှင့် တစ်ဆောင်တည်းနေသူ ညီမတော်များဖြစ်သော (ဆင်ဖြူမရှင်စုဖုရား)နှင့် လှိုင်ထိပ်ခေါင်တင်တို့ကလည်း အတူလိုက်ပါရမြဲဖြစ်လေသည်။

ဘုရင်မင်းမြတ်ဖြစ်သော ပုဂံမင်းတရားကြီးကလည်း မယ်တော်ဘုရားကြီး ထွက်တော်မူပြီဆိုလျှင် ကြည်းတပ်၊ ရေတပ်အခင်းအကျင်းများနှင့် မှူးတော်မတ်တော်ကြီးများပါ နောက်တော်ကပါစေပြီး၊ အခမ်းအနားကြီးနှင့် ပို့မြဲဖြစ်ပါသည်။

မယ်တော်ဘုရား အဖူးအမြော်ထွက်တော်မူသော ဘုရားများကလည်း တစ်ဖက်ကမ်းမင်းကွန်းရှိ ဘုရားကြီး၊ အင်းဝမြို့ရှိလောကသရဖူဘုရား၊ ရွှေကြက်ယက်ရှိ ကြက်ညီနောင်စေတီတော်များ၊ အမရပူရရှိ ပုထိုးတော်ကြီးဘုရား၊ တောင်သမန်တစ်ဖက်ကမ်းရှိ ကျောက်တော်ကြီးဘုရား၊ ဇောင်းကလောကန်ဦးရှိ လောကမဏိစူဠာဘုရားနှင့် မဟာမြတ်မုနိဘုရားကြီးတို့ ဖြစ်ပါသည်။

ပုဂံမင်းသည် မယ်တော်ကိုအလွန်လေးစား ချစ်ခင်သူဖြစ်သည်။ ဘုရင်မင်းအဖြစ်နှင့် အချို့နေရာများမှာ ပျော့ကွက်ရှိသင့်သလောက်ရှိခဲ့သော်လည်း ရတနာသုံးပါး၌ မမေ့မလျော့ပေ။ စေတီပုထိုးများပြုပြင်မွမ်းမံခြင်း၊ သံဃာတော်များ ဆရာတော်ကြီးများအဖို့ ကျောင်းတော်သစ်ကြီးများ အရေအတွက်များစွာ ဆောက်လုပ်တော်မူခြင်း၊ စေတီဘုရားကြီးများ၌ ရပ်ကွက်အလိုက် ဝတ်တက်ဝတ်ကပ်ပြုကြသော ဝတ်တက်ပုဂ္ဂိုလ်များအား အဝတ်အစားငွေကြေးပစ္စည်းများ လူစေ့ထောက်ပံ့လှူဒါန်းခြင်းစသော ကုသိုလ်ကောင်းမှုများ ပြုလျက်ရှိခဲ့ပါသည်။

အထူးသဖြင့် မင်းသားဘဝက ခမည်းတော်ရွှေဘိုမင်းတရားကြီး ဒဂုန်သို့ ထွက်တော်မူစဉ်က လိုက်ပါခဲ့ရပြီး ပုဂံမင်းနေထိုင်ရန် မင်္ဂလာအိမ်တော်ရာရှိသော နေရာဟောင်းကို ဘုရင်ဖြစ်သောအခါ အိမ်တော်ရာစေတီတစ်ဆူ တည်ထောင်တော်မူခဲ့သည်။ ထိုစေတီမှာ ယခုအခါ ရန်ကုန်မြို့ မြို့မကျောင်းအနီးရှိ အိမ်တော်ရာဘုရားကျောင်းတိုက်အဖြစ် တည်ရှိနေပါသည်။

၎င်းပြင် ခမည်းတော်ရွှေဘိုမင်း မမာတော်မူ၍ မင်းတဲအီကင်းစံနန်းတော်မှာ ပြောင်းရွှေ့စံတော်မူစဉ်အခါက ပုဂံမင်းသားလိုက်ပါနေထိုင်ရသော စံအိမ်တော်နေရာကိုလည်း ဘုရင်မင်းအဖြစ်ရောက်သောအခါ အိမ်တော်ရာစေတီကြီးတစ်ဆူ တည်ထားကိုးကွယ်ပါသည်။ ထိုစေတီကြီးမှာ မန္တလေးမြို့ဈေးချိုတော်ကြီး အနောက်ဘက်ဆိုင်းတန်းရပ်ရှိ အိမ်တော်ရာစေတီတော်ကြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြိုပျက်သဖြင့် အဟောင်းကို အသစ်ပြုပြင်တည်ရသော ဘုရားများအနက်မှာလည်း စစ်ကိုင်းထူပါရုံဘုရား၊ တံတားဦးမဂ်လာစေတီဘုရားစသော တန်ခိုးကြီးစေတီတော်ကြီးများအပါအဝင် များပြားစွာပြုပြင်တော်မူခဲ့ပါသည်။

ပဒေသရာဇ် စော်ဘွားများသည်လည်း တစ်ဦးတလေမျှတစ်ပါး ထောင်ထားမှုမရှိ ငြိမ်ဝပ်ပိပြားလျက်ရှိသည်။အထူးသဖြင့် ထီးရုံနန်းရုံပဒေသရာဇ်ခေါ် ရာဇပလ္လင်လက်တင်၍ စီရင်ရသူ နေဝင်ဘုရင်စော်ဘွားများအနက် အင်အားအကြီးဆုံးသောကျိုင်းရုံးကြီးစော်ဘွားများကပင် သစ္စာတော်တည်လျက်ရှိကြသည်။ ဆင်ကောင်းမြင်းကောင်းများလည်း တိုးပွားသည်။ အထူးသဖြင့် ခမည်းတော်ရွှေဘိုမင်းလက်ထက်ကထက် ဆင်ကောင်းဆင်မြတ်များ အများအပြားရရှိခဲ့လေသည်။

သို့သော်မင်းဆွေမင်းမျိုးထဲက မသင့်သောအကြံအစည်ပြုသူတစ်ဦးနှစ်ဦးလည်းပေါ်ပေါက်ခဲ့သေးသည်။

ထိုသူများကား ပုဂံမင်း၏ညီတော်တရုတ်မြော်စားသည် သူ၏ တပည့်ကျေးကျွန်နီးစပ်သူများနှင့် နောင်တော်ပုဂံမင်းကိုထောင်ထားရန် အကြံအစည်ပြုနေသည်။ တရုတ်မြော်မြို့စားထံတွင် သဘောတူခိုဝင်လာသူတစ်စိတ်တစ်ဝမ်းတည်းပြုလာသူများမှာ ယခင်ကွယ်လွန်ခဲ့ပြီဖြစ်သော ပြည်စားမင်းသားကြီး၏ ကျန်ရစ်ခဲ့သောတပည့်ကျေးကျွန်များ ဖြစ်ကြလေသည်။

ထိုသူတို့မှာ ထကြွလှုပ်ရှားမှုမအောင်မြင်ဘဲ နောက်ဆုံးတွင် အပေါင်းပါသူများနှင့် အကြီးအကဲများကို ရွေးထုတ်သုတ်သင်ခံရသောကြောင့် လူပေါင်း (၈၀)ကျော်မျှသေဆုံးကြရလေသည်။

နောက်တချို့မှာလည်း ပုဂံမင်း၏ညီတော် ပခန်းမင်း၏သားတော်ဖြစ်သူ တူတော်သရက်မင်းသားက ဆူပူထကြွမှုတစ်ခု ဖန်တီးပြန်လေသည်။ ထိုကိစ္စ၌ ရွှေတိုက်တော်က အရာရှိများတချို့ ပါဝင်အားပေးမှု၊ ရွှေတိုက်တော်က ပစ္စည်းဥစ္စာရတနာများကိုဝှက်ခိုးထုတ်ပေးမှုစသဖြင့် တသီတတန်းကြီး အမှုပေါ်ပေါက်လာပြန်ရာ၊ သရက်မင်းသားနှင့် အပေါင်းအပါအကြီးအကဲများ၊ ရွှေတိုက်စိုး၊ ရွှေတိုက်ကြပ်၊ အမှုထမ်းတို့သားမယားများပါ ဖမ်းဆီးထောင်သွင်းလျက် အကြီးအမျှူးပြုသူများကို ရာဇဝတ်အပြစ်ဒဏ်ခတ်၍ သတ်ဖြတ်သုတ်သင်ရပြန်သည်။

ပုဂံမင်းသည် သနားတတ်၍ မြှောက်စားသူကောင်းပြုလိုသူများအား အကန့်အသတ်မထား စိတ်လွတ်လက်လွတ် မြှောက်စားချီးမြှင့်လေ့ရှိခဲ့သည့်အတိုင်း ရွှေမြို့တော်ဝန်ဘိုင်ဆပ်တို့ မြို့စာရေးမောင်ပိန်တို့အပေါ်တွင် ချီးမြှင့်မြှောက်စားဖူးသကဲ့သို့ အခြားတစ်ပါးသောသူများကိုလည်း အထူးချီးမြှင့်မြှောက်စားတော်မူလေသည်။

အထူးသဖြင့် ပုဂံမင်းငယ်စဉ်တောင်ကျေးအရွယ်က ထိန်းခဲ့ဖူးသော အထိန်း



www.burmeseclassic.com

www.burmeseclassic.com



တော်ဟောင်းကြီးဖြစ်သူ (သခင်ဖဲ) ခင်ဖဲအား တောင်ပြုံးမြို့ကြီးစားအရာ ခင်ဖဲ၏ သမီးအား စလေမြို့စားအရာများပေးသနားရာမှ မယ်တော်ဆောင်နှင့်မခြား အထိန်းတော်သခင်ဖဲနေရန် အမရပူရ မင်္ဂလာအိမ်တော်ရာနေရာ၌ အိမ်ကြီးစွာဆောက်၍ စင်တိုင်ပြတင်း ရွှေပိန်းချနှင့် ထူးခြားစွာ နေထိုင်ခွင့်သနားခဲ့လေသည်။

ထိုအချိန်က အထိန်းတော်ဟောင်းသခင်ဖဲနှင့် ညီမခင်ရွှဲ သမီးစလေမြို့စားတို့ လျှမ်းလျှမ်းတောက် ကောင်းစားလေသည်။

ဘုရင်မင်းက မျက်နှာပေး၍ လျှမ်းလျှမ်းတောက် အရှိန်အဝါမြင့်မောက်လာသောအခါ အခွင့်အရေးရလိုသူများကလည်း အများအပြား လာရောက်ချဉ်းကပ်ကြလေသဖြင့် အထိန်းတော်သခင်ဖဲနှင့် သခင်ရွှဲတို့အိမ်မှာ တန်ခိုးအာဏာနှင့် လက်ဆောင်ပဏ္ဏာတို့ စုပုံနေလေသည်။ မင်းရေးမင်းခွင့်မှန်သမျှ သခင်ဖဲက ချက်ပြောလိုက်လျှင် ချောခနဲကိစ္စပြေရလေသည်။ သခင်ဖဲတို့၏ သမ္ပတ္တိခေတ်ကောင်းကြီးပေတည်း။

စင်စစ်တော့ သူတို့ညီအစ်မ၏ ငယ်နာမည်မှာ ခင်ဖဲ၊ ခင်ရွှဲဖြစ်ပါသည်။ ရှေးခေတ်နန်းတွင်းအခေါ်အဝေါ်သည် နန်းတွင်းသူအပျိုတော်ကြီးများ အထိန်းတော်ကြီးများအား (သခင်ကြီး) ဟူ၍ အချင်းချင်းက လေးစားသမှုပြု၍ ခေါ်ဝေါ်လေ့ရှိကြပါသည်။ မိန်းမပေမင့် သခင်မကြီး ဟူ၍မခေါ်ဘဲ သခင်ကြီးဟုသာ ခေါ်လေ့ရှိကြပါသည်။

ပုဂံမင်းအထိန်းတော်ဟောင်း တောင်ပြုံးကြီးမြို့စား ကွန်းစင်တိုင်အိမ်ပြတင်း ရွှေပိန်းချနေရသူ သခင်ဖဲတို့ အကျိုးပေးကောင်းလွန်းလှသည်။ ဘုရားတည် ကျောင်းဆောက် ထွန်းထွန်းတောက်အောင် ကြီးပွားကောင်းစားခဲ့ဖူးသည်။

အထိန်းတော်သခင်ဖဲ၏ အများသောကောင်းမှုကုသိုလ်များအနက် မင်းထိုက်စိုးဟန် အထင်ကရကောင်းမှုကုသိုလ်ကြီးများမှာ၊ မဟာဝေယံဘုံသာစံကျောင်း ရှေ့မျက်နှာတွင် အထိန်းတော်တောင်ပြုံးကြီးမြို့စားသခင်ဖဲနှင့် သမီးစလေမြို့စား တို့က ဘုရားကြီးတစ်ဆူတည်ပါသည်။

ထိုမှအပြင် မဟာဝိဇယာရာမတိုက် အရှေ့မဟာရံတံတိုင်း အပြင်ဘက်မုခ်အထွက်ရှိ လက်ဝဲလက်ျာအုတ်ဇရပ်များနှင့် အရံကျောင်းတော်များကို အများအပြား တည်ဆောက်လှူဒါန်းထားပါသည်။ ဥစ္စာပစ္စည်းလာဘ်လာဘတွေ သိမ်းဆည်း၍ မနိုင်လောက်အောင် ပေါများသဖြင့် အလှူရေစက်လည်း လက်နှင့်မကွာရ ဂုဏ်ပကာသနအခြေအနေမှာလည်း ဘုရင်မင်းတရားကြီး၏ မယ်တော်တမျှ ရရှိခဲ့ကြသည်။

ဘုရင်၏မယ်တော်အရင်းသည် ဘုရင်၏မယ်တော်တို့စောင့်စည်းအပ်သော သိက္ခာနှင့်တည်တံ့စွာ စံနေလျက်ရှိသော်လည်း အထိန်းတော်ကဖြစ်လာသော



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ကား လည်သလိုစားဝံ့သော သတ္တိရှိမည်သာတည်း။

သို့ဖြစ်၍လည်း ယင်းခေတ်ကအထိန်းတော်သခင်ဖဲတို့ အထူးရေပန်းစားခဲ့ခြင်း ဖြစ်ပေသည်။ အခွင့်အရေးယူလိုသူများကား အခွင့်အရေးရရန် ဆောင်ရွက်ပေး နိုင်မည့်သူကိုသာ ရှာဖွေဆည်းကပ်ကြမြဲဖြစ်လေရာ အခွင့်အရေးသမားမှန်သမျှတို့ သည် သခင်ဖဲအိမ်တော်မှာ ပျားပန်းခပ်၍နေကြပါသည်။ သူတို့လိုအပ်သော အခွင့် အရေးဆိုသည်ကလည်း များလှပါဘိသည်။ ရာထူးတက်လိုသည်။ ရာထူးတည်မြဲလို သည်။ ရာထူးအသစ်ရလိုသည်။ လိုအပ်ဖွယ်သော ရာထူးဂုဏ်ထူးအဆင့်အတန်း တွေကလည်း များပြားလှစွာရှိနေ၏။

ရုံးပြင်ကန္နား၌ အမှုအခင်းဖြစ်ပွားနေသူတို့ကလည်း အမှုနိုင်လိုသည်။ အမှုမှ လွတ်လိုသည်စသော ဗဟုသုတကိစ္စတွေသည် ရေအလျဉ်ကဲ့သို့ အမြဲတစေစီးဆင်း ၍နေပါသည်။ ဒါတွေကို သခင်ဖဲ၏အရှိန်အဝါက အရာရာမီးသေစေပါသည်။

## သခင်ရွှေ

ပုဂံမင်း၏ ငယ်စဉ်အခါက အထိန်းတော်သခင်ရွှေ ညီမသခင်ဖဲနှင့် သမီးစလေ မြို့စားတို့ ကောင်းစားနေချိန်တွင် အလားတူဉာဏ်နီဉာဏ်နက်များနေသော မင်းမှု ထမ်းတစ်စုကလည်း တစ်နေရာတွင်ရှိနေပါသေးသည်။ မြို့ဝန်ဘိုင်ဆပ်တို့အုပ်စုကဲ့သို့ ပြည်သူပြည်သား ဆင်းရဲသားများအပေါ်တွင် မတော်မတရားနှိပ်စက် ညှဉ်းပန်း ခြင်းများ ပြုနေသူမဟုတ်သောကြောင့် အထိန်းတော် တောင်ပြုံးကြီးမြို့ ဟင်္သာတ မြို့စားသခင်ရွှေတို့ကို လူမုန်း မများခဲ့ပါ။ သူတို့သည် ပုဂံမင်းတရားကြီးနားဝင်အောင် လျှောက်တင်ပေးနိုင်သူများဖြစ်သောကြောင့် မင်းခွင့်မင်းရေး လိုလားသူများက ချဉ်းကပ်လေသဖြင့် မင်းတုန်းမင်းလာဘ်နှင့်ကောင်းစားပြီး ဘုရားတည်၊ ကျောင်း ဆောက် စီးပွားရေးအထွတ်အထိပ်ရောက်လာအောင် ကျော်စောထင်ရှားလာသူများ သာ ဖြစ်သည်။ သခင်ရွှေတို့ မတရားမှုကိုမပြုကြပါ။

သို့သော် ဉာဏ်ဆိုးအောင်နေသော အထက်ပါမင်းမှုထမ်းတစ်စုကား ဉာဏ်များ လျက်ရှိလေသည်။ သူတို့သည် သူတို့ဂိုဏ်းသားတစ်သိုက် အထိုက်လျောက်ကောင်း စားရေးကို ရှေ့ရှုနေသူတွေဖြစ်သည်။ ဘိုင်ဆပ်တို့ ဂိုဏ်းအန္တယ်အဝင် ဘိုင်ဆပ်တို့ နည်းနိဿရည်းကို ချဉ်းကပ်သူများဖြစ်သည်။

၎င်းလူတစ်စုမှာ နောက်ပါမြင်းဝန်၊ တောင်ဒဝယ်ဗိုလ် ဦးတုတ်၊ ပုဏ္ဏားဝန် လမိုင်းဝန် ဦးကုလား၊ ရဲဘက်မြင်းတပ်ဗိုလ်ဦးဘိုး စသူတို့ဖြစ်သည်။ ၎င်းတို့သည် လွှတ်ရုံး၊ ဗြဲတိုက်စသော တရားဥပဒေတည်ရှိရာဌာနမှ အကြီးအကဲများကို မရော နှောနိုင်၊ မလွှမ်းမိုးနိုင်စေကာမူ ပုဂံမင်းတရားကြီးထံမှ မျက်နှာသာရနေသူ တစ်စုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ သူတို့အခွင့်အရေးတိုးတက်မှုအတွက် နေ့ရက်ရှိသမျှ ကြံဆအားထုတ်နေကြသူတွေဖြစ်လေသည်။

အချုပ်ဆိုရသော် ၎င်းအအုပ်အစုဝင်လူတွေက လွှတ်ရုံးငါးရပ်က အရာရှိကြီးများကိုလည်းကောင်း၊ လွှတ်တော်ရုံးတော်များ၌ တရားသဖြင့် တော်ဖြောင့်မှန်ကန်စွာ တာဝန်ထမ်းဆောင်လျက်ရှိသော မင်းတုန်းမင်း၊ ကနောင်မင်းတို့ အသိုင်းအဝိုင်းအားဖယ်ရှားပစ်လိုသူများဖြစ်ပါသည်။ သူတို့သည် ဘုန်း၊ လက်ရုံး၊ ပညာဉာဏ်ဖြင့် ဖြောင့်မှန်တည်ငြိမ်စွာနေသော မင်းတုန်းမင်း၊ ကနောင်မင်းတို့ညီနောင်သာ နောင်အခါကာလ၌ တွင်ကျယ်လာနိုင်သည်ကိုတွေးဆပြီး စောစောစီးစီးက လမ်းရှင်းထားလိုသူတွေဖြစ်လေသည်။

သူတို့အဖို့ နောင်ရေးမအေးစရာကိစ္စမှာလည်း မင်းတုန်းမင်းသားကြီးနှင့် ညီတော်ကနောင်မင်းသားတို့၏ အလုံးအရင်း အခြံအရံတပည့်တပန်းများ တောင့်တင်းခိုင်ခန့်လှခြင်း၊ တိုက်ရေးခိုက်ရေး၌ အလွန်ကျွမ်းကျင်ပြီး သူရသတ္တိနှင့်လည်း အထူးပြည့်စုံကြသူ ရွှေဘိုမြို့သားများချည်းလိုလိုဖြစ်နေခြင်းများကြောင့် စိုးရိမ်အားနှင့် မီးမလောင်ခင်ကတားရသလို ခေါင်ကိုင်း ခေါင်ညွန့်များကို ယခုကစ၍ နှိမ်ထားလိုကြသူများဖြစ်လေသည်။ ထို့ကြောင့်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်၌ မင်းတုန်းမင်းသား ကနောင်မင်းသားတို့အပေါ် ပုဂ်မင်းတရားကြီး အထင်တော်လွဲအောင်ပြုမူကြရန် အကြံဆိုးများ ကြံလျက်ရှိလေသည်။

မင်းတုန်းမင်းသားထံတွင် ခိုဝင်အမှုထမ်းနေကြသော သူများသည် သူရသတ္တိနှင့်ပြည့်စုံသော အောင်မြေဌာန ရတနာသိဃ်ရွှေဘိုသားများဖြစ်သည်ကို အကြောင်းပြုကာ မင်းတုန်းမင်းသားသည် ရွှေဘိုသားဓားပြလူဆိုးတွေ မွေးထားသည်ဟူ၍ ရွှေနန်းတော်အတွင်းအပြင်တို့မှ ကောလာဟလသတင်း တီးတိုးဖြန့်ထားကြလေ သည်။ မင်းတုန်းမင်းသား၏တပည့် ဓားပြလူဆိုးများသည် နေပြည်တော် အရပ်လေး မျက်နှာ၌ ခိုးဆိုးတိုက်ခိုက်နေသူများဖြစ်သည်။ လွှတ်ရုံးတော်သို့အမှုရောက်လျှင် လွှတ်တော်မင်းသားကြီးဖြစ်သူ မင်းတုန်းမင်းသားကြီးက သူ့တပည့် ဓားပြလူဆိုးများကို အမှုမှလွှတ်ပစ်လေ့ရှိကြောင်းစသော မကောင်းသော သတင်းတို့သည် နန်းတော်အတွင်းမှာ ကြားရဖန်များလာသည်။ ထိုသတင်းကို နန်းတော်သားများထက် နန်းတော်သူများက ပို၍ကြားရသည်။ တစ်ဆင့်တစ်ဆင့် သတင်းပွားပြီး စုဖုရားကြီးနားသို့ဝင်လေသည်။

စုဖုရားကြီးသည် ပညာဉာဏ်အမြော်အမြင်ကြီးသူဖြစ်သည့်အတိုင်း မဟုတ်မမှန် လုပ်ကြံလွှင့်နေသော သတင်းဖြစ်ကြောင်း နားလည်လေသည်။ ဤသတင်းသည် မည်သည့်ရပ်ကွက်က စတင်ပေါ်ပေါက်လာသည်ကိုလည်း အကဲခတ်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းဖြစ်စကပင်လျှင် စုဖုရားကြီးက မင်းတုန်းမင်းသားကြီးနှင့် ညီတော်ကနောင်မင်းသားတို့အား မိမိကြားရသောသတင်းများကို အကြောင်းကြားအသိပေးထားလေသည်။ မင်းတုန်းမင်းသားကြီးသည် ဤသတင်းကိုကြားသော်လည်း ကိုယ်ကောင်းလျှင် ခေါင်းမရွေ့ဟူသောဆောင်ပုဒ်နှင့် ခပ်အေးအေးပင်စံနေတော်မူလေသည်။ ညီတော်ကနောင်မင်းသားကတော့ ဤသို့အေးအေးစံနေတော်မမူနိုင်ပေ။ မည်သူတွေ မည်သည့်အကြံနှင့် ဤသတင်းကို ထုတ်လွှင့်သည်ဟု လက်သယ်တရားခံကို သိတော်မူလိုသည်။ မိမိတို့အပေါ်မှာ မတော်မတရား စွပ်စွဲသတင်းဖြန့်ခြင်းသည် ဘယ်ဆီကစ၍ ဘယ်ဆီတွင်ဆုံးလိမ့်မည်ကို ခန့်မှန်းမိလေသည်။

သို့ကြောင့် နောင်တော်ဘုရားအား သတိပေးစကား မကြာခဏ ပြောတော်မူသည်။ သို့ပေမယ့် မင်းတုန်းမင်းသားကြီးမှာ ခပ်အေးအေးစံနေတော်မူမြဲသာ စံနေပါသည်။

ညီတော်ကနောင်မင်းသားသည် မိမိတို့အပေါ် မလျော်မကန် မဖြောင့်မသားသောသတင်းများ ဖြန့်ဝေနေကြသူတွေအား ရေဆုံးရေဖျား စုံစမ်းတော်မူစေသည်။ ထိုအခါ သတင်းအစ မြစ်ဖျားခံရာဌာနသည် တောင်ဒဝယ် ဗိုလ်ဦးတုတ်၊ ပုဏ္ဏားဝန် လမိုင်းဝန် ဦးကုလား၊ ရဲဘက်မြင်းတပ်ဗိုလ်ဦးဘိုးစသော အုပ်စုအဖွဲ့မှအစ ပြုလာကြကြောင်း သိရှိတော်မူလေသည်။

သို့သော် လေထဲ၌ တိုင်လာသော ကောလာဟသတင်းသည် အကောင်အထည်ဖော်ဖမ်း၍ရနိုင်သော ဝတ္ထုပစ္စည်းမျိုးမဟုတ်သဖြင့် မည်သူတို့၏ လက်ချက်ဟူ၍ သိခွင့်ရှိသမျှ သိနှင့်ရသည်ကပင် ကိုယ်ရေးကိုယ်တာအဖို့ပြင်ဆင်နိုင်သော အချိန်ကာလကို ကြိုတင်ရရှိလေသကဲ့သို့ ရှိခဲ့လေသည်။

ထို့ကြောင့်လည်း အရေးရှိလျှင် အဆင်သင့်ရှိစေရန် နားမျက်စိကိုဖွင့်၍ အခန့်သင့် ပြင်ထားခဲ့လေသည်။

မင်းတုန်းမြို့နှင့် ကနောင်မြို့တို့ကို စားရသူညီနောင်နှစ်ပါး၏ ကိုယ်ရံတော်တပည့်တပန်း ကျေးကျွန်များသည် များသောအားဖြင့် မင်းတုန်းမင်းနယ်သား ကနောင်မင်းသားများထက် မြောက်ဘက်ရွှေဘိုနယ်သားတွေက အများဆုံးရှိနေသည်။

ဘေးတော်အလောင်းမင်းတရားကြီးသည် မြန်မာပြည်တစ်ပြည်လုံးကို ပြန်လည်ထူထောင်ရာ၌ မြောက်ဘက်ရွှေဘိုသားသူရသတ္တိသမားတစ်စုနှင့် စွန့်စွန့်စားစား ထူထောင်ခဲ့ခြင်းဖြစ်သည်ကို အစွဲပြုကာ သူရသတ္တိနှင့် အမှုထမ်းကောင်း တပည့်များစုဆောင်းရာတွင် ရတနာသိယ်အောင်မြေအရပ်သားများကိုသာ အခွင့်ထူးပေး၍ ရွေးချယ်လက်ခံခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်(သာယာဝတီ)ရွှေဘိုမင်းတရားကြီး သည်လည်း ရွှေဘိုအရပ်ကိုသာ ဦးစားပေး၍ စစ်ရေးဝင်ခဲ့ဖူးသည်။ သည်တော့မင်းတုန်းနှင့် ကနောင်မင်းတို့ကလည်း ရွှေဘိုသားလူစွမ်းကောင်းများနှင့်ပင် အရင်းတည်ရပေလိမ့်မည်။

သို့ကြောင့် မင်းတုန်းမင်းသားတို့ ညီနောင်ထံမှာ ရွှေဘိုသားတွေ မျက်နှာပွင့်လာခဲ့သည်။ ရွှေဘိုသားဆိုလျှင် အမှုထမ်းရန်ဦးစားပေး၍ ရွေးချယ်ခေါ်ယူထားခဲ့လေသည်။ ဒါကို တစ်ဖက်ရန်သူများက စိုးရိမ်ကြောင့်ကြ ရှိလာကြ၏။

စင်စစ်မင်းတုန်းမင်းနှင့် ကနောင်မင်းတို့သည် နောင်တော်ပုဂံမင်းတရားကြီး အပေါ်မှာ အလွန်တရာချစ်ခင် ကြည်ညိုခဲ့ကြသူများဖြစ်ပြီး၊ မည်သည့်နည်းနှင့်မျှ ပုန်စားပုန်ကန်ပြုရန် ကြံရွယ်ခဲ့ခြင်း မရှိကြသော်လည်း ခမည်းတော်ရွှေဘိုမင်းနှင့် ဘကြီးတော်ဘုရင်တို့တုန်းက ဖြစ်စဉ်ကဲ့သို့ ညီတော်နောင်တော်တို့အား သွေးခွဲရန်ကြံသူများ စပ်ကြားကပေါ်ပေါက်လာတတ်သည်ကိုတော့ သတိမူမိကြမည့်သူများ ဖြစ်ပါသည်။

ဘကြီးတော်ရွှေဘိုမင်းကို အပြစ်ရှာလိုသူတစ်စုသည် ညီတော်သာယာဝတီမင်းသားအား လူဆိုးဓားပြများ လက်သပ်မွေးထားသည်ဟု မမှန်သတင်းပေးကြသလိုယခုလည်း မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် လူဆိုးဓားပြများကို မွေးမြူထားသည်။ နေပြည်တော်အရပ်ရပ်၌ မကြာခဏ ဓားပြတိုက်ခိုက်မှုများ ပေါ်လျက်ရှိတိုင်း မင်းတုန်းမင်းသား၏ တပည့်ကျေးကျွန်များသာဖြစ်သည်ဟုတီးတိုး စွပ်စွဲပေးလေ့ရှိသည်။ မင်းတုန်းမင်းသား အိမ်တော်မှာဆိုလျှင် ခစားထမ်းရွက်နေထိုင်ကြသူများသည် ရွှေဘိုဘက်မှ ဓားပြသူခိုးလူဆိုးများဖြစ်ကြသည်ဟု အထင်ရောက်စေသည်။ ဤကိစ္စသည် ဤမျှနှင့် ငြိမ်းအေးမည်မဟုတ်ကြောင်းကို ကနောင်မင်းသားသည် ကောင်းစွာသုံးသပ်မိသည်။

ယင်းသို့ အုပ်စုအချင်းချင်းစောင်လျက် တစ်ဦးကိုတစ်ဦး မျက်ခြည်မပြတ်ရှိ နေစဉ် တစ်နေ့တွင်. . .

ထိုတစ်နေ့သည် သက္ကရာဇ် ၁၂၁၄ ခုနှစ်၊ နတ်တော်လအတွင်းမှ တစ်ရက်ဖြစ်ပါသည်။

ရွှေမြို့တော်အနောက်ပြင် ဓာတ်နန်းရပ်တွင်ရှိသော ပုဂံမင်းတရားကြီး၏ ငယ်စဉ်ကအထိန်းတော်ဖြစ်သူ တောင်ပြုံးကြီးမြို့စား ဟင်္သာတမြို့စား သခင်ရွှဲ ညီမ သခင်ဖဲတို့၏အိမ်ကို ညဥ့် ၂ ချက်တီးကျော်အချိန် ဓားပြလူဆိုးများ တိုက်ခိုက်သွားခြင်းခံရပါသည်။

တောင်ဒဝယ်ဗိုလ်ဦးတုတ်တို့သည် အကြံဉာဏ်အတော်ကောင်းသည်ဟု ဆိုရပေမည်။ ရွှေမြို့တော်မှာနေထိုင်ကြသူ သာမညပုဂ္ဂိုလ်တို့နေအိမ်ကို ဓားပြတိုက်ခံရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ထက် ပုဂံမင်းတရားကြီးက သဒ္ဓါတော်မူ၍ အထူးမြှောက်စားထားသော အထိန်းတော်များအိမ်ကို ဓားပြတိုက်ခံရခြင်းသည် ဘုရင်မင်းနားသို့ အလေးအနက် ပေါက်ကြားရမည် ဖြစ်လေသည်။

ထို့ကြောင့် ပုဂံမင်းတရားကြီးသည် သူအလွန်ချစ်ခင်ယုံမှတ်၍ မြှောက်စားချီးမြှင့်ထားသူ အထိန်းတော်ကြီး၏အိမ်ကိုမှ ယခုကဲ့သို့ ဓားပြတိုက်ခံရသည်ဟု သိတော်မူလျှင် သည်းခံနိုင်ဖွယ်ရာအကြောင်း မဟုတ်တော့ပေ။ မင်းမှုထမ်းတို့အဖို့ မိုးမီးလောင်သကဲ့သို့ ဖြစ်လေသည်။

ထို့ကြောင့် ပုဂံမင်းတရားကြီး၏ အထူးအမိန့်တော်တစ်ရပ်ဖြင့် ၎င်းဓားပြမှုကို အလျှင်အမြန်ပေါ်ပေါက်အောင် ထောက်လှမ်းစုံစမ်း ဖမ်းဆီးစစ်ဆေးရမည်ဟု မြို့ဝန်ထောင်မှူး၊ မြို့စာရေးတို့ကိုခေါ်၍ အမိန့်တော်မြွက် ချမှတ်တော်မူလေသည်။

မြို့ဝန်ထောင်မှူးနှင့် မြို့စာရေးဦးဆောင်သောအဖွဲ့သည် ဘုရင်မင်းမြတ်က တိုက်ရိုက်ချမှတ်လိုက်သော အမိန့်တော်ဖြစ်သောကြောင့် ဦးလည်မသုန် အပူတပြင်း ထောက်လှမ်းစုံစမ်းကြရလေသည်။ သို့သော် အမှုက ရုတ်တရက် သဲလွန်စမရသေးပေ။

နောက်တော်ပါ မြင်းဝန်တောင်ဒဝယ်ဗိုလ် ဦးတုတ်၊ ပုဏ္ဏားဝန် လမိုင်းဝန် ဦးကုလား၊ ရဲဘက်မြင်းတပ်ဗိုလ် ဦးဘိုးတို့သည် မြို့ဝန်မင်းအမှူးရှိသော ထောက်လှမ်းစုံစမ်းရေးအဖွဲ့သို့ သူတို့ရသော သဲလွန်စသတင်းကို ပို့လိုက်ကြလေသည်။ ထိုသတင်းအစ သဲလွန်စမှာ ယခင်က လေထဲ၌မျှောနေခဲ့သော ကောလာဟလ သတင်းများနှင့် သွား၍ ချိတ်မိစေလျက်ရှိလေသည်။ သူတို့ လှုံ့လပြုချက်များမှာ အထိန်းတော်ကြီး အိမ်တိုက်သော ဓားပြများကိုဖမ်းဆီး၍ မမိနိုင်သောအခါ မြို့ဝန်မင်းနှင့် နောက်တော်ပါ မြင်းဝန်တို့က ဆိုးသွမ်းသည်ဟု နာမည်ပျက်ရှိခဲ့သူ လူဆိုးစာရင်းဝင်များကို ခေါ်ယူစစ်ဆေးကြလေသည်။

၎င်းခေါ်ယူ အစစ်ဆေးခံရသော လူဆိုးစာရင်းဝင်များမှာ မုံရွေး ရွှေကျောင်းရွာသား မောင်ရွှေညာနှင့် မောင်လတ်တို့ဖြစ်သည်။ သူတို့ကို ဝါးညှပ်၍စစ်သောအခါ ဤအမှုတွင် သူတို့မပါရပါဟုဆိုသည်။ သို့သော် သူတို့တွေ့မြင်လိုက်ရသော သူများအကြောင်းကို ထွက်ဆိုလေသည်။ လူဆိုး မောင်ရွှေညာနှင့် မောင်လတ်တို့ ထွက်ဆိုချက်မှာ ဤသို့ဖြစ်ပါသည်။

'အထိန်းတော်များအိမ်တွင် ဓားပြမတိုက်မီအချိန်မှာ စလေမင်းရွာ၊ ပြင်းပဆွဲရွာနေ မောင်ယောကလေး၊ မောင်ထွန်းပွင့်နှင့် မောင်ရွှေဝိုင်းတို့ အထိန်းတော်သခင်ဖဲ၏ အိမ်ပေါ်မှဆင်းသွားသည်ကို တွေ့မြင်လိုက်ရကြောင်း' အစစ်ခံလေသည်။

ထို့ကြောင့် မောင်ယောကလေး၊ မောင်ထွန်းပွင့်နှင့် မောင်ရွှေဝိုင်းတို့ကို ခေါ်ယူ



www.burmeseclassic.com

www.burmeseclassic.com



စစ်မေးရသည်။ သူတို့သည် ဘယ်အရပ်မှာနေထိုင်၍ ဘာအလုပ်လုပ် ကိုင်ကြသည်ကို စုံစမ်းမေးမြန်းလိုက်သောအခါ သူတို့သုံးယောက်လုံးမှာ မင်းတုန်းမင်းညီတော် ကနောင်မင်းအိမ်တော်တွင် အမှုထမ်းသူများဖြစ်နေကြောင်း သိရှိရလေသည်။

ထို့ကြောင့် ၎င်းတို့ကို ခေါ်ယူစစ်ဆေးလိုသဖြင့် မြို့ဝန်တို့က ကနောင်မင်းသားကြီး အိမ်တော်သို့သွားရောက်ပြီး သူတို့ကိုစစ်ဆေးလိုကြောင်းနှင့် တောင်းဆိုအခွင့်ပန်ကြားလေသည်။

ကနောင်မင်းကလည်း အမှုဆင်လာသည်ကို ရိပ်မိသည်။ သို့သော် 'မေးမြန်းစရာရှိကခေါ်သွားကြစေ' ဟု အခွင့်ပြုလိုက်သည်။

ဤတွင် မောင်ယောကလေးတို့လူသိုက် မြို့ဝန်မင်းနောက် လိုက်ပါသွားရပြီး အကျိုးအကြောင်း စစ်မေးခြင်းခံရလေသည်။

'သခင်ဖဲအိမ်တော် ဓားပြတိုက်မခံရမီကလေးမှာ မောင်မင်းတို့ အိမ်ပေါ်က ဆင်းလာကြတယ်ဆိုခြင်းမှာ ဟုတ်မှန်သလား' ဟူသောမေးခွန်းအရ မောင်ယောကလေးတို့က ဖြေကြသည်မှာလည်း. . .

'ကျွန်တော်တို့မှာ ညောင်ပင်ဈေးရပ်နေ မောင်ရွှေလျော်၊ မောင်မြတ်တို့နှင့်အတူ မတ္တရာမြို့မှ ဖိနပ်ဖြတ်ပိုင်းများ ဝယ်ယူဆင်းလာပြီး ရောင်းချပါသည်။ ထို့နောက် ကနောင်အိမ်တော်မှာ ဝင်၍အမှုထမ်းနေထိုင်ပါသည်။ ဓားပြလည်း မတိုက်ရပါကြောင်း' အစစ်ခံထွက်ဆိုကြလေသည်။

သို့ပေမင့် သူတို့အဖြေကို လက်ခံယုံကြည်မှု မရှိကြပေ။ ထို့ကြောင့် ကနောင်အိမ်တော်သို့ပြန်မလွှတ်သေးဘဲ တောင်ဉယျာဉ်တော်အတွင်းသွင်းထားပြီး၊ တောင်ဒဝယ်ဗိုလ်မောင်တုတ်၊ ပုဏ္ဏားဝန်လမိုင်းဝန် မောင်ကုလားတို့ကိုယ်တိုင် ထပ်မံစစ်ဆေးမေးမြန်းကြပြန်သည်။

မောင်ယောကလေးတို့မှာလည်း ယခင်အစစ်ခံခဲ့သော အဖြေအတိုင်းသာ ထွက်ဆိုကြပါသည်။

သူတို့သည် ယင်းအဖြေကို အလိုမရှိကြပါလေ။ သူတို့လိုချင်သောအဖြေမျိုးကို မရလေသောအခါ သည်းမခံနိုင်အောင်ဖြစ်လာကြသည်။

ဤတွင် အစွာဆုံးဖြစ်သူ ရဲဘက်မြင်းတပ်ဗိုလ် မောင်ဘိုးက မအောင့်အည်းနိုင်ဘဲ သူ့ရင်ထဲရှိသမျှ ဖွင့်ချလေတော့သည်။ လုပ်ဆောင်မှုကိုလည်း ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြန်သည်။ မြင်းတပ်ဗိုလ်မောင်ဘိုးသည် မင်းတုန်းမင်းအိမ်တော်၊ ကနောင်မင်းအိမ်တော်များမှာ အဆိုပါ ငယောကလေး၊ ငထွန်းပွင့်၊ ငရွှေဝိုင်းတို့ သာမက၊ ရတနာသိယ်မြင်းမြေ ကျေးရွာတွေက လူတွေအမြောက်အမြား ထမ်းရွက်လျက်ရှိကြသေးသည်။ ကျန်လူတွေကိုလည်း ဖမ်းဆီးစစ်ဆေးသင့်သည်ဟု စာရင်းပေး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထို့နောက် မင်းသားညီနောင်ထံ တောင်းဆိုလေသည်။ ၎င်းစာရင်းအရ မင်းတုန်းကနောင်အိမ်တော်က အမှုထမ်းများဖြစ်ကြသူ မောင်ခဲ၊ မောင်နက်ပြာ၊ မောင်ရွှေအိပ်၊ မောင်ရွှေသိုက်၊ မောင်ရွှေသား၊ ဒုရင်တို့နှင့် လူပေါင်း တစ်ဆယ်ကျော်ကို ပေးအပ်ရမည်ဟုဆိုသည်။ ၎င်းပြင် မင်းတုန်းမင်း အကြီးစာရေး ဖြစ်သူ မောင်ပေ၊ ကနောင်မင်းသား၏ အကြီးစာရေးဖြစ်သူ မောင်ရေး၊ မောင်နှင်း၊ ကွမ်းရေခေါင်း မောင်ရွှေအောင်တို့ကိုပါဖမ်းချုပ်ရန် တောင်းဆိုကြလေသည်။

ဤရွေ့ဤမျှ အကဲတက်လာသောအခါမူ ကနောင်မင်းသည် မလိုက်လျောနိုင်တော့ပေ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ မိမိတပည့်များကိုစစ်ဆေးလိုသည်ဟု တောင်းဆိုသည့်အတိုင်း အခွင့်ပြုခဲ့လေပြီ။ သည်ရွေ့သည်မျှနှင့် စခန်းစမသတ် သေးဘဲ တစ်ဆင့်ထပ်ကဲလာပြီး အကြီးစာရေးများကိုပါ ဖမ်းမည်ဆီးမည်ပြုခြင်းမှာ မိမိတို့ညီနောင်အား စော်ကားထိပါးလာသကဲ့သို့ရှိသဖြင့်လည်း ဘယ်နည်းနှင့်မျှ ခေါင်းငုံ့ခံကြရန် အခြေအနေကမဖန်သာတော့လေပြီ။ ရဲဘက် မြင်းတပ်ဗိုလ် ဘိုးတို့သည် နောင်တော်ပုဂံမင်းတရားကြီးအမိန့်နှင့် ဓားပြမှုကိုပေါ်အောင် ကြိုးစားရာ၌ တရားသဖြင့် ဖြောင့်မှန်စွာကြိုးစားခြင်းမဟုတ်၊ မိမိတို့ညီနောင်တော်အပေါ်မှာ မလိုတမာစိတ်ထားနှင့် ဦးတည်ထားကြောင်းကို ကောင်းစွာသိရှိ သဘောပေါက်မိသွားကာ၊ နောင်တော် မင်းတုန်းမင်းသားစံမြန်းရာ မင်္ဂလာအိမ်တော်သို့လာ၍ ကနောင်မင်းက နောင်တော်မင်းတုန်းမင်းကို လျှောက်ထားပါတော့သည်။

'အထိန်းတော် မိရွှဲ ညီမမိဖဲအိမ်တွင် တိုက်သောဓားပြမှု၌ ညီတော်တို့ မင်္ဂလာအိမ်တော်က ကျွန်တော်မျိုးတို့ တစ်စုံတစ်ယောက်မျှမပါသည်မှာ ထင်ရှားနေပါလျက် မင်္ဂလာအိမ်တော်ကလူများဖြစ်ဟန် အမှုရှာကြံပြီးလျှင် နောင်တော်ပုဂံမင်းတရားကြီးထံမှာ မဟုတ်မမှန်လျှောက်ထားပြီး ကျေးကျွန်များကို ချုပ်နှောင်ဖမ်းဆီးရန်တောင်းဆိုခြင်းမှာ မတရားအမှုဆင်ကြခြင်းသာဖြစ်သည်'

'ဤအမှုမှာ သည်မျှနှင့်ငြိမ်းအေးမည်မဟုတ်ပါ။ ကျွန်တော်တို့ညီနောင်နှင့် ကျွန်တော်တို့၏ ကျေးတော်မျိုးကျွန်တော်မျိုးများ၏ ကျရောက်လာမည့် ဘေးအန္တရာယ်ကိုပါ ကာကွယ်သည့်အနေဖြင့် လွတ်ရာလွတ်ကြောင်းကို နေပြည်တော်မှ အမြန်ထွက်ခွာသွားကြမှသာ သင့်လျော်ပါမည် နောင်တော်ဘုရား. . .'ဟု ကနောင်မင်းသားက နောင်တော်မင်းတုန်းမင်းသားအား တင်လျှောက်သတိပေးပါသည်။

ဤသို့ ညီတော်ကနောင်မင်းက လျှောက်တင်သတိပေးခြင်းပြုသောအခါ နောင်တော်မင်းတုန်းမင်းက. . .

'ငါတို့ညီတော် နောင်တော်တို့နှစ်ဦးသည် ခမည်းတော် ရွှေဘိုမင်းတရားကြီး မရှိလျှင် နောင်တော်ပုဂံမင်းတရားကိုပင် ခမည်းတော်အမှတ်နှင့် ကိုးကွယ်နေရ သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ညီနောင်ကိုလည်း မရှုပ်မချ၊ စားကျေးမြို့ရွာထပ်၍ ချီးမြှောက်သူကောင်း ပြုထားခြင်းကို ခံနေရသည်။ သို့ဖြစ်၍ နောင်တော်ပြုလိုရာပြုသော်လည်း ခံရတော့မည်'

ဆိုသောအဖြေကိုသာ မင်းတုန်းမင်းသားကြီးက အမိန့်တော်ရှိလေသည်။

သို့ကြောင့် ညီတော်ကနောင်မင်းသားသည် နောင်တော်မင်းတုန်းမင်းသားကြီး၏ အညှံ့ခံ အလျှော့ပေးချင်သောစိတ်တော်ကို အားမလိုအားမရဖြစ်ရပြန်ပါသည်။ အပြန်ပြန် အထပ်ထပ်လျှောက်တင်သော်လည်း အချည်းနှီးသာဖြစ်ခဲ့ပါသည်။

နောက်ဆုံးတွင် ညီတော်ကနောင်မင်းသားသည် မိမိတို့၌ အမှုထမ်းခစား၊ အားကိုးမှီခိုနေရသော တပည့်ကျေးကျွန်များနှင့်လှည့်၍တစ်မျိုး၊ နားတော်လျှောက်ရပြန်သည်။

'နောင်တော်ဘုရား အမိန့်တော်အတိုင်း ကျွန်တော်တို့ညီနောင်အား နောင်တော်ပုဂံမင်းတရားပြုလိုရာ ပြုတော်မူရန် အားမာန်လျှော့၍ အညှံ့ခံတော်မူတော့မည်ဆိုလျှင် ကျွန်တော်တို့၏ ကျေးတော်ကျွန်တော်မျိုးတို့ကို ဘေးကင်းရာအဝေးသို့ နှင်တော်မူပါ။ သင်းတို့ သားမယားအပေါင်းနှင့်တကွ ဘေးကင်းရာသို့ ထွက်ပြေးကြစေပြီးမှသာဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ ညီနောင်ထံမှာ အမှုထမ်းနေသော တပည့်သားမြေး၊ ကျေးကျွန်ခြွေရံတို့မှာလည်း အဝေးအနီးအလွန်များပြားလှပါ၍ သတ္တဝါအပေါင်း ပျက်စီးကြောင်းဖြစ်သောအန္တရာယ်မှ ကယ်တင်တော်မူသင့်ပါတယ်'

ဟု အကျပ်ကိုင်တင်လျှောက်သောအခါမှကား၊ မင်းတုန်းမင်းသားကြီးသည် တွေဝေစဉ်းစားတော်မူကာ 'အခြေအနေက ဒါလောက်ပင်ဆိုးနေပြီလား ညီပုရယ်' ဟူ၍ အမေးတော်ရှိလာသည်ဖြစ်၍ ညီတော်က-

'ယခုအမှုမှာ လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်တို့က တရားဝင်စစ်ကြောခြင်း မဟုတ်ပါ။ ညီတော်တို့၏ ကျေးကျွန်များကို တောင်ဉယျာဉ်တော်အတွင်းမှာ ချုပ်ထားပြီး တောင်ဒဝယ်ဗိုလ် ပုဏ္ဏားဝန်တို့ လူစုနှင့်သာ သူတို့လိုရာဆွဲ၍ စစ်ကြောနေခြင်း ဖြစ်ပါသည်။ စင်စစ် အမှုဆင်အမှုရှာခြင်းသာဖြစ်ကြောင်း ထင်ရှားနေပါကြောင်း'

(မှတ်ချက် - ပုဏ္ဏားဝန်ဟု အတိုချုံးရေးရသော်လည်း ၎င်း၏ ဘွဲ့အပြည့်အစုံမှာ ပုဏ္ဏားဝန် အောင်ပင်လယ် လမိုင်းဝန်မင်းကြီး မဟာမင်းကျော်တန်ဆောင် ဖြစ်ပါသည်။) လျှောက်ထားသောအခါကျမှ 'ဒါဖြင့်လျှင် ညီတော်က သည်အရေးကို ဘယ်သို့ပြုလိုသည်ဟု လျှောက်တင်ပါတော့'ဟု အမိန့်တော်ကျလာတော့သည်။ ဤတွင် ညီတော်ကနောင်မင်းက-

'နောင်တော်နှင့်ညီတော်တို့သည် အမရပူရရွှေမြို့တော်တွင် ဆက်လက်နေထိုင်ပါက ဘေးအန္တရာယ်များ နီးကပ်လှပါသည်။ လာမည့်ဘေးကို ပြေးတွေ့သည့်အလား၊



www.burmeseclassic.com

www.burmeseclassic.com



တပည့်ကျေးကျွန်များကိုအပါခေါ်လျက် လက်နက်၊ လူသူစုရုံးကာ အလျင်စလိုထွက်သွားကြမှသာ သင့်လျော်ပါမည်'ဟု လျှောက်တင်သည်။ မင်းတုန်းမင်းသားကြီးသည် အတန်ငယ်စဉ်းစားပြီး-

'ဒီနည်းဆိုလျှင် နောင်တော်ဘုရားကို ပုန်စားပုန်ကန်ပြုရန် ထွက်သွားရာ မရောက်ပေဘူးလား၊ အစ်ကို့သဘောကတော့ ခဏခေတ္တတိမ်းရှောင်နေတဲ့သဘော ဖြစ်စေချင်တယ်'

ကနောင်မင်းသားကြီးက ပြတ်ပြတ်သားသား လုပ်ရမည့်အချိန်အခါဖြစ်ပါတယ်၊ ထွက်ပြေးတဲ့အနေဖြစ်စေ၊ ပုန်းရှောင်တဲ့အနေဖြင့်ဖြစ်စေ၊ ပုန်ကန်တဲ့အနေဖြစ်စေ၊ အကျွမ်းဝင်ပုံချင်းက အတူတူပင်ဖြစ်ကြောင်း၊ ငုပ်မိမှတော့ သဲတိုင်အောင်ငုပ်ရန် သာရှိပါကြောင်းနှင့် နားဝင်အောင် လျှောက်တင်လေမှ သဘောတူညီမှုရရှိလေတော့သည်။

အမှန်စင်စစ်မှာလည်း မြို့ဝန်တို့စုံစမ်းသောအခါက အထိန်းတော် မိရွဲအိမ်တိုက်သော ဓားပြများကို မိပါသည်။ ၎င်းဓားပြများမှာ ငရွှေသီး၊ ငပုတ်တူ၊ အထိန်းတော် မိရွဲ၏အဆောင်ကိုင်ခေါင်းငလှိုင်တို့ဦးဆောင်သော လူတစ်ဆယ်ကျော်တို့သာဖြစ်သည်။ သူတို့သည် မင်းတုန်း ကနောင်မင်းသားတို့၏ တပည့်များမဟုတ်ပါ။ သူ့လူနှင့်သူ လုပ်ဇာတ်ခင်းကြခြင်းသာဖြစ်ပြီး၊ မင်းတုန်းမင်းညီနောင်တို့၏ တပည့်ကျေးကျွန်များဖြစ်လေဟန် မတရားစွပ်စွဲ၍ အမှုဆင်ထားခြင်းဖြစ်ပါသည်။

ထိုအကြောင်းကို ကနောင်မင်းသားကြီး၏နားသို့ တိတိကျကျ ပေါက်ကြားခဲ့သည်။ စုဖုရားကြီးအမှူးရှိသော နန်းတော်အနောက်ပိုင်း မင်း၊ မိန်းမတို့ထံမှ အလုံးစုံကြားသိရပြီးသား ဖြစ်လေသည်။ ထို့ကြောင့် ကနောင်မင်းက အရေးတကြီး တိမ်းရှောင်ကာ ကြံစည်ဖွယ်ရာတို့ကို မိမိတို့ကဦးမိအောင် ကြံစည်ပြုလုပ်ဖို့ 'အချိန်တန်ပြီ' ဖြစ်ကြောင်း နားလည်ခဲ့လေသည်။

မင်းတုန်းမင်းသားကြီးကလည်း မရှောင်မလွှဲသာ ကြုံကြိုက်လာရသော အရေးအခင်းတို့မှာ မိမိတို့အတွက် အလားအလာကောင်းများဖြစ်နေကြောင်း တွေးဆသိမြင်လာလေသည်။ မိမိဖွားမြင်မည့်နှစ်က ရတနာမဥ္ဇူဘုရားကို တိုင်းသူပြည်သားတို့ အုတ်အော်သောင်းတင်း သွားရောက်ဖူးမြော်ကြသောကြောင့် မယ်တော်က 'ငါ့သား မင်းဖြစ်မည်'ဟု အတတ်ပြောဟော နိမိတ်ဖတ်ပြဖူးသည်။ ဖွားတော်မူသည်ကစပြီး အတိတ်ကြီးနိမိတ်ကြီးများ ဆက်ကာဆက်ကာ ကြုံခဲ့ရဖူးသည်များကိုလည်း ပြန်လည်ထင်မြင်တော်မူမိသည်။

အမရပူရမြို့ မင်္ဂလာစံအိမ်တော်အနီးရှိ ရွှေလင်းပင်ဘုရားရှေ့က ညောင်ပင်ပွင့်သဖြင့်၊ ပြည်သူတို့က သောင်းသောင်းဖျဖျ လာရောက်ဖူးမြော်ကြသည်။ ညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



သည် အင်္ဂါနံဖြစ်၍ မိမိမှာလည်း အင်္ဂါသားဖြစ်နေသောကြောင့် ကောင်းသော နိမိတ်ပင်ဖြစ်နေပြန်သည်။

ခမည်းတော် ရွှေဘိုမင်းတရားကြီးရှိစဉ် ဒေးဝန်းတိုက်စံနန်းတော်မှာ စံနေချိန်က မိမိစားသော မုန်လာချဉ်အိုးမှ မုန်လာပင်ပြန်ပေါက်ဖူးခြင်း၊ ချိုးထားသော စကားစိမ်းကိုင်းမှနေ၍ စကားစိမ်းပင်ပေါက်လာခြင်း၊ ယခုအမှုအခင်းပေါ်ပေါက်နေသော နေ့ရက်အတွင်းမှာလည်း မြင့်မားသောကောင်းကင်အရပ်၌ရှိသော ရွှေပြာသဒ်ကြီးသို့ ငွေစောင်းတန်းနှင့်တက်၍ စံနေရသည်ဟု အိပ်မက်မက်ခြင်း၊ နောက်တစ်နေ့မှာလည်း တန်ဆောင်းဘုရား ရုပ်ပွားတော်တဆူသည် မိမိခြေရင်းတွင်ရောက်ရှိနေသည်ဟု ထပ်မံအိပ်မက်မြင်ရပြန်ခြင်း၊ ထိုသည့် နောက်တစ်နေ့မှာလည်း ရွှေနန်းတော်သို့ ဝင်ရန် အိမ်တော်မှဆင်း၍ ရထားပေါ်သို့တက်မည်အပြု၌ လက်ျာလက်ရုံးအပေါ်မှာ ‘ရွှေပြည်စိုး’ငှက်ငယ်ကလာ၍ နားခြင်းခံရသည်။

မင်္ဂလာအိမ်တော်ဝင်းအတွင်းရှိ ဥယျာဉ်တော်အတွင်း အင်္ဂါထောင့်တွင်ပေါက်နေသော ညောင်ပင်မှအရွက်များသည် ယခုနှစ်တွင် အရွက်တစ်ရွက်၏အရှည်မှာ တစ်တောင်နှင့်လက်လေးသစ်ခန့် ကြီးထွားလျက်ရှိသည်။ ၎င်းဥယျာဉ်အတွင်း၌ရှိသော ဇီးခါးပင်မှာလည်း ယခုနှစ်မှာ ချိုသောအရသာပေါ်လာသည်။ ထိုစဉ်က မင်္ဂလာအိမ်တော်အနောက်တံခါးမှထွက်၍ စနည်းနာစေရာ တစ်ဦးသောခရီးသွားသည် ‘ကျန်စစ်သားကို သိကြား မ,ကိန်းသို့ရောက်ပြီ’ဟူ၍ ကြုံးဝါးပြောဆိုလိုက်သံကို ကြားရလေသည်။ ပါရမီခန်းပျို့ကို အဓိဋ္ဌာန်ပြု၍ဖွင့်ကြည့်လိုက်သောအခါမှာလည်း. . .

အဖ္ဘော်ကာလ၊ တောထွက်ရမူ
ကြောင့်ကြမရှိ၊ လွင်တိတိနိုက်
မငြိမတင်၊ လိုရာနှင်သည်
ကောင်းကင်မိုးဖျား၊ စက်ရထားသို့၊

ဟူသော နိက္ခမပါရမီခန်းကို တွေ့ရလေသည်။ ၎င်းစကားနိမိတ်အရ ထွက်တော်မူလျှင် တစ်စုံတရာကြောင့်ကြစိုးနှောင့်ရန်မရှိ၊ ကြံတော်မူတိုင်း အောင်မြင်၍ အလိုတော်ပြည့်မည်ဟု ယုံကြည်လေတော့သည်။

ထို့ကြောင့် အဝေးအနီးရှိ တပည့်ကျေးကျွန်တော်မျိုးများနှင့် စုရုံးတိုင်ပင်ကြ သည်။ ကျွန်တော်မျိုးတို့ကလည်း အလွန်တရာမှ စိတ်အားထက်သန်ကြလေသည်။

မင်းတုန်းမင်းကြီးသည် မိမိတို့ညီနောင်ထွက်တော့မည့်အကြောင်းကို စုဖုရားကြီးထံသို့ စေလွှတ်လျှောက်ထားစေသည်။ စုဖုရားကြီးသည်လည်း အကျိုးအကြောင်းအလုံးစုံသိရှိပြီးဖြစ်သည့်အတိုင်း နေ၍မဖြစ်သဖြင့် ထွက်ကြွတော်မူကြရမည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



အကြံအောင်မြင်နိုင်စေရန်အလို့ငှာ ဗေဒင်ကိန်းခန်း-ယတြာအရ၊ အချိန်နာရီများကို တွက်ချက်ရေးပေးလိုက်လေသည်။

စုဖုရားကြီးအနေနှင့် တစ်မိဝမ်းတွင်းအတူဆင်းသော မောင်အရင်းနှင့် အဖတူ-အမိကွဲ မောင်နှစ်ဦးပင်ဖြစ်နေသော်လည်း မောင်အရင်းမှာ မိမိနှင့်တကွ တော်ဖြောင့်သော မှူးတော် မတ်တော်ကြီးများနှင့် တိုင်းပြည်ကပါ မင်းတုန်းမင်းသားကြီးလောက် အားထားခြင်းမရှိကြတော့သော အခြေခံတရားက ရှိနေလေသည်။

တိုင်းပြည်အုပ်ချုပ်မှုအနေနှင့် အားမလိုအားမရရှိနေရာတွင် ယခုလတ်တလော အင်္ဂလိပ်နယ်ချဲ့တို့နှင့် စစ်ဖြစ်နေရာမှာ အရေးအခင်း မသာမယာ၊ မုတ္တမနှင့် ရန်ကုန် ပဲခူးတို့ ပဲ့ပါသွားရုံမက ပြည်မြို့အထက်သို့ရောက်အောင်ပင် နယ်ကျူးထိခိုက်လာကြပြီဖြစ်သဖြင့် ပြည်ပရန်က အလွန်အရေးကြီးနေချိန် ဖြစ်လေသည်။

သို့ကြောင့် ပုဂံမင်းတရားနှင့်သာ တိုင်းပြည်ကြီး နစ်သည်ထက်နစ်မွန်းရတော့မည်ဟု စိုးရိမ်ကြသောစိတ်များကလည်း ကိုယ်စီကိုယ်ငှရှိနေကြသော အချိန်ဖြစ်လေသည်။

## အခါပေး စုဖုရားကြီး

စုဖုရားကြီးသည် မင်းတုန်းမင်းသားကြီးအား မူလကပင် အားထားချစ်ခင်တော်မူခဲ့ရင်းရှိသည်။ တိုင်းပြည်အတွက်လည်း တစ်ဖက်မှ ကြောင့်ကြစိုးရိမ်တော်မူ လျက်ရှိသည်။ မိမိမှာ ရွှေဘိုမင်းတရားကြီး၏ သမီးတော် ပင်တိုင်စံ စုဖုရားကြီး တစ်ပါးဖြစ်နေသောကြောင့် နောင်စိုးစံလတ္တံ့သော ဘုရင်တစ်ပါး၏ မိဖုရားခေါင်ကြီး ဖြစ်ရဦးမည်ဖြစ်ရာ၊ မင်းတုန်းမင်းသားကြီး ထီးနန်းရခဲ့လျှင် အစစအရာရာ အဆင်ပြေစရာရှိကြောင်း ဆင်ခြင်မိပြီးဖြစ်လေသည်။

ထို့ကြောင့် စုဖုရားကြီးက အခါပေးလိုက်ခြင်းဖြစ်သည်။ ၎င်းအခါတော်အရ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ သောကြာနေ့ ညနေ လေးချက်တီးကျော်အချိန်၊ အင်္ဂလိပ်ခရစ်နှစ် ၁၈၅၂ ခု၊ ဒီဇင်ဘာလ ၁၇ ရက်၊ ည ၇ နာရီ အချိန်တွင် မင်းတုန်း မင်းနှင့်ညီတော်ကနောင်မင်းသားကြီးတို့သည် မင်္ဂလာအိမ်တော်ရှိ သားတော်သမီးတော်၊ ကိုယ်လုပ်တော်မောင်းမများနှင့်အတူ၊ ကျေးတော်မျိုး ကျွန်တော်မျိုးသုံးရာခန့်နှင့် အမရပူရရွှေမြို့တော်၊ အရှေ့မျက်နှာရှိ မြောက်ဘက်အစွန်ဆုံးဖြစ်သော လေးကျွန်းတံခါးကထွက်ရန် ချီတက်လာကြလေသည်။

၎င်းလေးကျွန်းတံခါးသို့ရောက်သောအခါ တာဝန်ကျစောင့်ရှောက်နေကြရသော တံခါးဗိုလ်၊ တံခါးမှူးတို့က မြို့တံခါးကိုဖွင့်မပေးဘဲ မင်းတုန်းမင်းညီနောင်တို့



www.burmeseclassic.com

www.burmeseclassic.com



အား ထွက်တော်မူရန် မသင့်ပါကြောင်းဖြင့် တောင်းတောင်းပန်ပန် လျှောက်ထားကြသော်လည်း တံခါးဗိုလ်မောင်ဘိုးခေါင်အား ကနောင်မင်း ကျွန်နှစ်ယောက်ကဓားနှင့်ခုတ်၍ သုတ်သင်ပြီး မြို့တံခါးမှထွက်ခဲ့ကြသည်။ ကျုံးထိပ်သို့ရောက်သော အခါပါလာသောအမှုထမ်းများကို ရှေ့တပ်၊ နောက်တပ် ဝဲယာထားပြီး အကြီးတော်၊ အကြီးစာရေးတို့ကိုအုပ်ချုပ်စေလျက် ဆက်လက်ထွက်ခွာလာခဲ့ရာ၊ မဟာမုနိဘုရားကြီးအရောက် လမ်းတစ်လျှောက်၌ မြောက်ပြင်ထောင်မှူးမောင်ရွှေရဲနှင့် ကင်းများကသေနတ်ပစ်ဖောက်တားဆီးကြပြန်သည်တွင် ကနောင်မင်း၏ ကျွန်တော်မျိုးတို့ကသူတို့၏ဓားလှံသေနတ်များကို သိမ်းယူလိုက်သည်။

ထိုမှလွန်၍ ရွာဟိုင်းဈေးလမ်းသို့ရောက်သောအခါမှာကား၊ လူတစ်ဦးကမြင်းဖောင်းဝတ် တစ်စီးဆက်သသောကြောင့် မင်းတုန်းမင်းကြီးက ၎င်းမြင်းကိုစီးနင်းလျက် ဆက်လက်ထွက်လာကြပြန်သည်။

ရွှေတချောင်းမြောင်းရိုးတစ်လျှောက် ရောက်သောအခါ၌လည်း မြေဒူးမိဖုရား၏အကြီး စာရေးဟောင်းဦးမင်းနှင့်တပည့်များ၊ ဦးသိုင်းနှင့်တပည့်များ၊ ရွှေခဲကြီးဦးဘိုးမောင်နှင့်တပည့်များ၊ မြင်းများ၊ လက်နက်သေနတ်များနှင့် ဆီးကြိုဝင်ရောက်ပူးပေါင်းထမ်းရွက်လာကြသည်။ ထိုကမှ မတ္တရာသို့ချီတက်ခဲ့ရာ အလျင်ကြိုတင်စေလွှတ်ထားပြီးဖြစ်သော မောင်မှတ်ကြီးနှင့် ဆွေမျိုးသားချင်းတစ်စုတို့က မြို့တံခါးကိုဆီးကြိုဖွင့်လှစ်ပေးသဖြင့် ဝင်တော်မူကြပြီး မင်းညီနောင်တို့ မတ္တရာမြို့၌ ရှေးဦးစွာစတည်းချရပ်၊ ရုံးထိုင်ကြလေသည်။

နံနက်လင်းသောအခါ အမရပူရနေပြည်တော်တွင် မင်းတုန်း၊ ကနောင်မင်းညီနောင် ထွက်ခွာသွားခြင်းအတွက် ရတက်အများရဆုံးပုဂ္ဂိုလ်ကား ပုဏ္ဏားဝန်မောင်ကုလားဖြစ်လေသည်။

ချက်ချင်းပင် ပုဂံမင်းတရားကြီးအား ဖြစ်ကြောင်းကုန်စင်ကို သံတော်ဦးတင်လေရာ၊ ပုဂံမင်းတရားကြီးက ညီတော်မင်းတုန်းမင်းပါသွားသည်ဆိုခြင်းကို ရုတ်တရက်ယုံကြည်တော်မမူသေးဘဲ၊ မင်္ဂလာအိမ်တော်သို့ လူလွှတ်၍ ကြည့်ခိုင်းတော်မူသေးသည်။ သွားကြည့်ရသူက တကယ်ပင် မင်းတုန်းမင်းသားကြီးမရှိတော့ကြောင်း လျှောက်တင်ကာမှ ယုံကြည်တော်မူပြီး၊ ပုဏ္ဏားဝန် မောင်ကုလားကိုပင်ဖမ်းဆီးရာ၌ ခေါင်းဆောင်စေသည်။ သူတို့သည်လည်း မင်းတုန်းမင်းညီနောင်ကိုအမှုရှာခဲ့သူများဖြစ်ကြသဖြင့် ယခုကဲ့သို့ထွက်သွားခြင်းသည် သူတို့အဖို့ နောင်ရေးမအေးဖွယ်ရာကြီး တစ်ရပ်လည်းဖြစ်သည်။

ပုဏ္ဏားဝန်နှင့် တောင်ဒဝယ်ဗိုလ်တို့သည် လူငါးရာပါတပ်ကို ဦးဆောင်လျက်၊ မင်းတုန်းမင်းသားကြီးကိုဖမ်းဆီးရန် ထွက်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မတ္တရာဝန်ကိုလည်း တပ်မတော်များနှင့်အတူ လိုက်ရမည်အမိန့်တော်ရှိ၍ လိုက်ရသည်။

မင်းတုန်းမင်းညီနောင်က မတ္တရာမြို့တွင်းမှနေပြီး လိုက်လာသူ မတ္တရာဝန်ကို တိုက်ထုတ်လိုက်ရာ မတ္တရာဝန်ထွက်ပြေးရလေသည်။

နန်းတော်ကြီးက နောက်ထပ် တပ်များလွှတ်ပြန်သည်။ သတိုးမင်းကြီးမဟာမင်းခေါင်ရာဇသူက လူတစ်ထောင်တပ်ကို ပုဏ္ဏားဝန်ဦးကုလားတို့ ၅၀၀ တပ်ကို ပူးပေါင်းအုပ်ချုပ်စေသောတပ်၊ ဘောင်ဝန်ထောက်တို့ ကွပ်ကဲသော လူ ၅၀၀ တစ်တပ်နှင့်ပူးပေါင်းကာ၊ မင်းကွန်းကင်းအထက်သို့ ရောက်လာကြလေသည်။

မင်းတုန်းမင်းညီနောင်သည် နောက်တိုးတပ်သားများပါ မတ္တရာမြို့မှတစ်ဆင့် ချီခဲ့ရာမှ၊ ပုဏ္ဏားဝန်တို့တပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်သည်။ ပုဏ္ဏားဝန်တို့ တပ်သုံးတပ်သည် ရှေ့စခန်းမှ ဆီးကြိုတိုက်ရန် ဆုတ်ခွာသွားကြရပြန်သည်။

ယင်းတိုက်ပွဲမှာလည်း မင်းညီနောင်တို့ဘက်သို့ တပ်သားသစ်များ လက်နက်နှင့်အတူ တိုးဝင်လာကြပြန်ရာ လူဦးရေသည် များသည်ထက် များလာပြန်လေသည်။ မင်းညီနောင်သည် ထိုမှတစ်ဆင့် ချီတက်ခဲ့ပြန်ရာ၊ စကျင်တောင်ကြားသို့ရောက်သောအခါ စကျင်မြို့သူကြီးနှင့်တကွ လက်နက်လူသူအများ လာရောက်အမှုထမ်းကြပြန်သည်။ သို့ကြောင့် မင်းညီနောင်တို့ဘက်မှာ မူလပါလာရင်းတပ်သားများနှင့် နောက်တိုးတပ်သားများပါပေါင်းလျှင် လေးငါးရာ ခန့်သာရှိလေသေးသည်။ သုံးတပ်ပေါင်း၍လိုက်လာသော ပုဏ္ဏားဝန်ဦးကုလားတပ်တို့မှာ လက်နက်နှင့်တပ်သားပေါင်း နှစ်ထောင်ကျော်မျှရှိလေသည်။

ထိုအချိန်က နေပြည်တော်တွင်ရှိသော တပ်များသည် အင်္ဂလိပ်ကိုခံချရန် အောက်ပြည်သို့ စုန်ဆင်းနေရသောကြောင့် တပ်သားလက်ကျန်နည်းနေချိန်ဖြစ်စေကာမူ၊ မင်းညီနောင်တို့ဘက်မှာထက်တော့ လူသူလက်နက်အင်အားက သာလွန်လျက်ရှိနေလေသည်။

စကျင်အရပ်သို့ရောက်ပြီးနောက်၊ ညီတော်ကနောင်မင်းသားကြီးသည် နောင်တော် မင်းတုန်းမင်းအား-

'နောင်တော်ဘုရားမှာ သားတော် သမီးတော်ငယ်များ၊ ကိုယ်လုပ်မောင်းမများနှင့် ငစဉ့်ကူးအရောက် ထွက်ချီတော်မူနှင့်ပါ။ ကျွန်တော်က သည်နေရာအရပ်မှနေပြီး လိုက်လာသောတပ်များကို ချေမှုန်းခုခံပါမည်. . .'ဟု လျှောက်တင်ပြီး နောင်တော်ကြီးအား ဘေးမသီရန်မခ ရှေ့မှကြွချီတော်မူနှင့်စေပါသည်။

တောင်ဒဝယ်ဗိုလ်၊ ပုဏ္ဏားဝန် လမိုင်းဝန်၊ မတ္တရာဝန်တို့ တပ်သုံးတပ်သည် နောက်မှလိုက်လာရာ၊ ကနောင်မင်းသားကြီးသည် စကျင်တောင်ကြားအရပ်မှနေ၍



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ရာခန့်နှင့် ပြန်လည်တိုက်ခိုက်လိုက်သောအခါ ပုဏ္ဏားဝန်တို့တပ်သုံးတပ် လူတစ်ထောင့်ငါးရာ နှစ်ထောင်နီးပါးခန့်တို့မှာ အထိအခိုက် အရှုံးအနများလှ၍ တပ်ပျက်ပြား၍ ဆုတ်ခွာပြေးရလေသည်။

ကနောင်မင်းသားကြီးသည် နောင်တော်ကိုချစ်ခင်ညာတာ၍ လွှန်စွာဦးစား ပေးပြီး ဘေးအန္တရာယ်များကို မိမိကသာ ခုခံကာကွယ်ဖြိုခွင်းလေသည်။ လက်ရုံးရည် စွမ်းအားသတ္တိက အထူးပြည့်စုံလျက် စစ်ရေးစစ်ရာမှာ ကွပ်ကဲခေါင်းဆောင်မှု ကျွမ်းကျင်လှသဖြင့် လူနှစ်ရာတပ်နှင့် လူနှစ်ထောင်တပ်အား အပြတ်အသတ် ချေမှုန်းနိုင်ခဲ့ခြင်းများကို နှိုင်းချိန်ဆုံးဖြတ်ကြည့်နိုင်ပေသည်။

ကနောင်မင်းသားကြီးသည် ရဲမက်လက်နက်ကိုင်တပ်သား အမှုထမ်းနှစ်ရာ ကျော်ခန့်ကို ခေါ်ငင်သိမ်းဆည်း၍ ရှေ့ကသွားနှင့်သော နောင်တော်မင်းတုန်း မင်းသားကြီးကိုမီအောင် ချီတက်လိုက်လာလေသည်။

ကနောင်မင်းနှင့် နောင်တော်မင်းတုန်းမင်းသားကြီးတို့ တွေ့ဆုံမိသောအခါ ရှေ့ခရီးကို ဆက်လက်ချီတက်ခဲ့ကြပြန်သည်။ လမ်းတစ်လျှောက်၌ ဖြတ်သန်းခဲ့သော အရပ်တို့မှ ဆီးကြို၍ အမှုတော်ဝင်ထမ်းကြကုန်သော တပ်သားများသည် များသည် ထက်များလာပြန်သည်။ ပြည်သူတို့သည် မင်းတုန်းမင်းသားကိုလည်း ကြည်ညိုသည်၊ ညီတော် ကနောင်မင်း၏ သူရသတ္တိကိုလည်း အားထားကြသည်။

ထို့ကြောင့် ငှက်စားရွာနေ အဝေးအမှုထမ်းများဖြစ်ကြသော မောင်ဝိုင်း၊ ညီမောင် သိုင်းနှင့် ဆွေမျိုးတစ်စုတို့သည် သေနတ်လက်နက်များနှင့်အတူ အမှုတော် ဝင်ရောက်ထမ်းရွက်သည်။

ရွှေခုံတိုင်ရွာမှ ရှမ်းလူမျိုး အိုးစားကြီး ဦးစိတ္တ၊ ဦးအေရာ၊ ဦးရွှေခါ၊ ဦးဝဏ္ဏ၊ ဦးပီတိတို့နှင့် အပေါင်းအပါတို့သည်လည်းကောင်း၊ ပွဲကြို မောင်ရွှေရဲ၊ မောင်စဲလုံ၊ မောင်အောဒိန္နအစရှိသော ရှမ်းကုန်သည်များက မြင်း၊ လက်နက်ခဲယမ်း၊ သေနတ် အစုံနှင့် ဝင်ရောက်အမှုထမ်းရွက်ကြသည်။

ရွှေတုံးရွာသို့ရောက်သောအခါလည်း ပွဲကြိုမောင်အူနှင့် ရှမ်းကုန်သည်များ၊ ရှမ်းအိုးစားကြီး မောင်ရှင်ဆု၊ မောင်ဇောတ၊ မောင်ကာနုစသူတို့က မြင်း၊ သေနတ်၊ လက်နက်ခဲယမ်း မီးကျောက်များနှင့် ဝင်ရောက်ကြပြန်သည်။

စကျင်ရွာသူကြီး မောင်တာနော၊ အကြီးစာရေးမောင်ရှင်ကလေး၊ သား မောင်ရွဲ့ နှင့် လူပေါင်းနှစ်ဆယ်ကျော် လက်နက်၊ ဓား၊ လှံတို့နှင့် ဝင်ရောက်ပြန်သည်။ ထုံးကြီး၊ ရေတော်အရပ်မှလည်း အဝေးအမှုထမ်းများဖြစ်သူ ဦးကျီနှင့် ဆွေသားမျိုးသားသုံး ဆယ်ကျော်တို့ ဝင်ရောက်အမှုထမ်းကြပြန်သည်။

ငစဉ့်ကူးမြို့ စီရင်စု၊ ရွာရှည် ရွာသူကြီး မောင်ရွှေအေးနှင့် လူစုကလည်း ဆီးကြို



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်တော်ဆက်သ အမှုထမ်းရွက်ကြပြန်သည်။ သို့နှင့် ရဲမက်တွေ ဒီရေတက်သကဲ့သို့ တဖြည်းဖြည်းတိုးတက်လာခဲ့လေသည်။

စဉ့်ကူးမြို့သို့ ရောက်သောအခါလည်း ညီတော်ကနောင်မင်းသားကြီးသည် နောင်တော်အား သားတော်သမီးတော် ကိုယ်လုပ်တော်ပဟောင်းများနှင့်အတူ တစ်ဖက်ကမ်းသို့ အရင်ကူးတော်မူစေပြီးလျှင် စဉ့်ကူးမြို့မှာ လှေသမ္ဗာန်တစ်စင်းမျှ မကျန်ရစ်ရလေအောင် လူခြောက်ဆယ်ကျော်နှင့် ခံတပ်အစောင့် ပြုထားခဲ့ပြီးမှသာ နောင်တော်ကြီးနောက်သို့ လိုက်ပါလာခဲ့လေသည်။ စဉ့်ကူးတွင် လူခြောက်ဆယ်ထားခဲ့ပြီးနောက် စဉ့်ကူးမြို့အုပ်ကို ကြိုးတုပ် ခေါ်ယူလာခဲ့ပြီး နောင်တော်ကြီးနှင့်အတူ ကျောက်မြောင်းမြို့တွင် စတည်းချတော်မူလေသည်။ ကျောက်မြောင်း မြို့အုပ်ကား မင်းညီနောင်အား ခိုဝင်အမှုထမ်းရန် အသင့်ရှိသူဖြစ်လေသည်။

ပုဏ္ဏားဝန်မင်းကြီး မဟာမင်းကျော်တန်ဆောင်၊ မောင်ကုလားတို့ တပ်သုံးတပ်သည် တပ်ပျက်ရာမှ ပြန်လည်စုရုံးပြီးနောက် လိုက်ပါလာခဲ့ပြန်ရာ စဉ့်ကူးသို့ရောက်လာလေ၏။

## သူရဲကောင်းရွေးပွဲ

သူတို့သည် စဉ့်ကူးမှနေ၍ ကျောက်မြောင်းသို့ကူးရန် လှေသမ္ဗာန်များမရှိ၊ ကျောက်မြောင်းဘက်မှာလည်း မီးပုံများစွာကို လှမ်းမြင်နေရသောကြောင့် မင်းတုန်းမင်းသားကြီး၏ စစ်တပ်ရှိနေသည်ထင်၍ တည့်တည့်မကူးဝံ့အောင် ရှိနေလေသည်။

ထို့ကြောင့် သူတို့သည် အောက်ဘက်သို့ ချီသွားပြီးလျှင် ဆယ်ပင်ကျွန်းမှနေ၍ မခေါက်မလားဘက်သို့ ကြိုတင်သွားရန် ကြိုးစားရလေတော့သည်။

ထိုညအဖို့ မင်းတုန်း-ကနောင် မင်းညီနောင်တို့သည် မိမိတို့၏ အောင်မြင်မှုကိုရှေ့ရှုလျက်၊ ရတနာသိင်္ဃမြို့တည်၊ နန်းတည်ဘေးတော် အလောင်းမင်းတရားကြီးသည် အပြည်ပြည်ကို လက်နက်နိုင်ငံအဖြစ် သိမ်းသွင်းတော်မူစဉ်အခါက မြင်းရည်တက် ရဲဘက်ကျွန်တော်မျိုးသူရဲကောင်း ခြောက်ကျိပ်ရှစ်ယောက်ကို ဖွဲ့စည်းခဲ့သည့်နည်းစနစ်ပုံစံအတိုင်း ယခုအခါ အလားတူ ဖွဲ့စည်းတော်မူကြရန် တိုင်ပင်တော်မူပြီးနောက်၊ စိတ်ကြိုက်သူရဲကောင်းများကို ရွေးချယ်တော်မူလေသည်။

ဤသို့ သူရဲကောင်းများ ရွေးချယ်ချိန်၌ မင်းညီနောင်ထံမှာ ခိုဝင်ထမ်းရွက်လာသူပေါင်းသည် ရက်ပိုင်းအတွင်းမှာပင် လူဦးရေ နှစ်ထောင်ကျော်လာပြီဖြစ်ရာ၊ ထိုလူစွမ်းကောင်း နှစ်ထောင်ကျော်အတွင်းမှ လက်ရုံးရည် ပထမတန်းလူစွမ်းကောင်း လူပေါင်းတစ်ရာ့သုံးဆယ်ကို ရွေးချယ်တော်မူလိုက်လေသည်။ ထိုသူများ၏ အမည်အချို့ကို ထိုစဉ်က ရာဇဝင်အခေါ်အတိုင်း စာရင်းချ၍ ပြရပါလျှင် -



www.burmeseclassic.com

www.burmeseclassic.com



နားခံငစို၊ ငမိုး၊ ငကံ၊ ရေန်ဝေး၊ ငဆိုင်း၊ ငရွှေသား၊ ကြောနူ၊ ငတောင်း၊ ငထူး၊ ငရွှေမောင်၊ ငရွှေကြည်၊ ငလိမ်၊ ငရွှေအုံ၊ ငထူး၊ ရန့်ကင်း၊ ငမြစ်၊ ငရွှေမောင်၊ ငချိပ်၊ ငရွှေမောင်၊ ငမှတ်ကြီး၊ ငထွေး၊ ငအပ်၊ ငဝိုင်း၊ ငရွှေအိ၊ ငရွှေခ၊ ငချင်း၊ ကြွက်၊ ငကွန်း၊ ငမှော်၊ ငအုံ၊ ငမြေ၊ ငရွှေဘား၊ ငရွှေချိန်၊ ငဖြူ၊ ငတော၊ သာရင်၊ ငထောင်ဗိုလ်၊ သိုင်းကြီး၊ ငမိုး၊ ငမှေး၊ ငရွှေသင်း၊ ငထင်၊ ငဝိုက်၊ ငထွန်းသာ၊ ငချစ်၊ ငရွှေထွေး၊ ငစံဘော်၊ ကြောဘူး၊ ငစောင်ရှုပ်၊ ငပါစို၊ ငခဲ၊ သိုင်း၊ ငရွှေကံ၊ ငတာတေ၊ ငရွှေမိတ်၊ ငရွှေယုန်၊ ငရွှေရိတ်၊ ငဆေး၊ ငတေး၊ ငချို၊ ငပေါက်၊ ငပေါ်စော၊ ငချမ်းမြ၊ ငခို၊ ငရွှေတောင်၊ ငမှုံ၊ ငပိုးရောက်၊ ရေန်ရှင်း၊ ငရွှေပင်၊ ငပန်းငုံ၊ ငရွှေဘော်၊ ငရွှေသား၊ ငရာကြီး၊ ငကွန်း၊ ငအောင်တိုး၊ ငမှော်၊ ငမှတ်၊ ငရွှေသာ၊ ငဘိုး၊ နတ်မီးသွေး၊ ငတီး၊ ငမှန်း၊ ငရွှေအုံ၊ ငပိုက်ဆောင်း၊ ငကွယ်၊ ငစို၊ ငနူ၊ ငရွှဲ၊ ငရံ၊ သင်း၊ ငသိုင်း၊ ငရောက်၊ ငရောက်၊ ငရွက်၊ ငရွှေကြီး၊ ငရွက်၊ ငပိုက်ဘူး၊ ငရွှေတူး၊ ငပါ၊ ငရွှေသား၊ ငရွှေမောင်၊ ငရှုံ၊ ငကံတော်၊ ညွှင်း၊ ငရေညို၊ ငခါ၊ သက်၊ ငတောက်တဲ့၊ ငမြှား၊ ခွန်ပု၊ ငဆန်း၊ ငရွှေဥ၊ ငမြို့၊ ငရွှေလှိုင်း၊ ငရွှေကျေး၊ ငအောင်ပန်း၊ ငနန်း၊ ငတိုး၊ ငမှတ်ကလေး၊ ငရွှေအပ်၊ ငပုံ၊ ငကာတူး တို့နှင့် လူပေါင်းတစ်ရာ့သုံးဆယ်ဖြစ်သည်။

၎င်း လက်ရုံးရည်သူရဲကောင်းအမှုထမ်းပုဂ္ဂိုလ်များသည် မင်းတုန်းမင်း၏ ရတနာပုံခေတ်သို့ ရောက်သောအခါ မျူးတော်မတ်တော်ကြီးများ၊ ဝန်ကြီးများ၊ အတွင်းဝန်များ၊ ဝန်ထောက်များ၊ မြို့ဝန်များဖြစ်လာကြသည်။

ဥပမာ-ပခန်းမင်းကြီး ဦးရန်ဝေး၊ ဦးချင်းခေါ် ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောမင်းကြီး ခေါ် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၊ ရွှေလှံမြို့ဝန် ဦးချိပ် စသည်ဖြင့်တည်း။

အခြားသော နှလုံးရည်ဖြင့်အမှုထမ်းကြသော ပုဂ္ဂိုလ်များမှာလည်း ဝန်ကြီး၊ အတွင်းဝန် စသော မျူးတော်မတ်တော်ကြီးများ ဖြစ်လာကြပါသည်။

ထိုလက်ရုံးရည် သူရဲကောင်းလက်ရွေးစင် တစ်ရာ့သုံးဆယ်တို့ကို ရွှေခွက်ကိုယ်စီ ဆွဲထားလိုက်ပြီး၊ ဓားကိုယ်စီဆွဲကိုင်စေပြီးလျှင် ထီးခေါင်းငရွှေလုံးနှင့်တစ်စု၊ ရမည်းသင်းဗိုလ်ဟောင်း ငရွှေစိုးနှင့်တစ်စု၊ ခန့်ထားစည်းကြပ်စေ၍ မခေါက်မလား အထက်၊ သောင်ပြင်လယ်၌ ပုန်းကွယ်စောင့်နေကြစေသည်။

အမရပူရက တောင်ဒဝယ်ဗိုလ်ဦးတုတ်၊ ပုဏ္ဏားဝန်ဦးကုလားတို့တပ်သည် သူရဲကောင်းများ ပုန်းကွယ်စောင့်ဆိုင်းနေသောအရပ်သို့ ရောက်ရှိလာသောအခါ သူရဲကောင်းတို့က ပုန်းကွယ်နေရာမှထွက်ပြီး၊ လေးဖက်လေးတန်ဝိုင်းလျက်၊ လက်နက်ဓားလှံတို့နှင့် ခုတ်ထစ်ကြသောအခါ၊ ပုဏ္ဏားဝန်တို့တပ်သည် ရှုံးနိမ့်ပြန်လျက် ရှေ့သို့ဆက်မလိုက်လာဝံ့တော့သောအခြေသို့ ရောက်ခဲ့ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းညီနောင်တို့အား နီးစပ်ရာ နယ်သူနယ်သား၊ ကျေးရွာများက နောက်ထပ် လူသူလက်နက်၊ မျိုးရိက္ခာတို့နှင့် ထပ်ခါထပ်ခါဝင်ရောက်လာကြသည်မှာ ရှမ်းမြန်မာ တိုင်းရင်းသား ကုန်သည်ပွဲစားမှအစ မင်းမှုထမ်းငယ်များပါ စုအုံလိုက်ပါလာကြပြန်ပါ သည်။

ဤတွင်မှတစ်ဆင့် တပ်သားငါးရာကျော်ကို ရဲဘက်မြင်းတပ်ဗိုလ်ဟောင်း မောင်ခဲ၊ မောင်ရွှေဘော၊ မောင်ရွှေသိုက်တို့အား ဦးစီးစေပြီးလျှင် ရတနာသိယ်မြို့သို့ အလျင်စေလွှတ်လိုက်ပြီး၊ 'မြို့ကို ကြိုတင်သိမ်းဆည်းစေ'ဟု စေလွှတ်လိုက်လေ၏။

ညီနောင်နှစ်ပါးလည်း သားသမီး၊ ကိုယ်လုပ်မောင်းမတို့နှင့်အတူ နောက်မှ ချီတက်လိုက်ပါလျက်ရှိကြရာ၊ တအုံရွာရှေ့ ညောင်ပင်ကြီးစခန်းသို့ရောက်သောအခါ ရတနာသိယ်ရွှေဘိုမြို့သို့ စေလွှတ်လိုက်သော တပ်တော်ခွဲ၏သတင်းကို စောင့်ဆိုင်း နားထောင်နေကြသည်။

သတင်းမှာ ရတနာသိယ်မြို့ဝန်က စီရင်စုလေးဆယ့်ခြောက်ခေါင်း၊ မြင်းမြေ ကျေးရွာတို့မှ အမှုထမ်းများကိုစု၍ မြို့စီးပြစီးတင်လျက် ခုခံနေကြောင်း ကြားသိရ သည်။

နောက်ကလိုက်လာသော ပုဏ္ဏားဝန်တို့၏ အမရပူရတပ်ကလည်း ရွှေမြို့တော် က စစ်သည်ရဲမက်တို့ကို ထပ်မံဖြည့်တင်းကာ၊ လိုက်လာဦးမည်ဟု သတင်းရလေ သည်။

ဤအခိုက်အတန့်၌ ကွယ်လွန်သူ ယင်းတော်ဝန်ကြီးဦးတုတ်၏သား ကျွန်တော် မျိုးမောင်ဘိုးလှိုင်က မင်းတုန်းမင်းသားကြီးအား ရွှေဘိုမြို့ကို အမြန်သိမ်းပိုက်စံနေ တော်မူရန်နှင့်၊ ညီတော် ကနောင်မင်းကြီးအား အရေးကုန်လွှဲအပ်ပေးတော်မူပါ၊ ကျွန်တော်မျိုးတို့ တစ်စိတ်တစ်ဝမ်းတည်း လိုက်ပါထမ်းရွက်တိုက်ခိုက်ပါမည်။ ပြီးခဲ့ သည့်နေ့ရက်များကလည်း စစ်ရေးစစ်ကြောင်းတစ်လျှောက် ကျွန်တော်မျိုးတို့ကသာ အရေးအခင်းသာလျက်ရှိကြောင်း၊ ရှေ့အဖို့လည်း ကျွန်တော်မျိုးတို့သူရဲကောင်းများက တစ်ယောက်လျှင် တစ်ရာအားပြု၍ အမှုတော်ထမ်းရွက်မည်ဖြစ်ပါကြောင်း လျှောက် တင်သည်။

မင်းတုန်းမင်းသားကြီးသည် ရတနာသိယ်ကိုလည်း မရသေး၊ နောက်ကထပ် လိုက်လာမည့် ပုဏ္ဏားဝန်တို့တပ်အတွက် ရန်သူနှစ်ဖက်ညှပ်မိမည်ကို စိုးရိမ်တော်မူပုံ ရလေသည်။ ထို့ကြောင့် နောင်ရွှေပြည်ဝန်ကြီးဖြစ်မည့်သူ သူရဲကောင်းဦးဘိုးလှိုင်က စိုးရိမ်တော်မမူစေရန် တိုက်ရေးခိုက်ရေးအတွက် ညီတော် ကနောင်မင်းကို တာဝန်လွှဲ ရန် အကြံတော်ပေးခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရတနာသိယ်မြို့ကိုရပြီ

စစ်ဦးထွက်လာချိန်ကစ၍ အောင်ပွဲရခဲ့သည်ချည်းသာ ဖြစ်သောကြောင့် ဦးစီးခေါင်းဆောင် သူရဲကောင်းများကအစပြု၍ နောက်လိုက်တပ်သား ပေါင်းများစွာတို့မှာ အားတက်စိတ်ကြွလျက်ရှိကြလေသည်။

ခုခံနေသော ရတနာသိယ် ရွှေဘိုမြို့ဝန်ဦးဝိုင်းသည် အမှုထမ်းများနှင့် ဆင်းရဲသားများကို နှိပ်စက်ညှဉ်းပန်းပြုကျင့်ကြိမ်များခဲ့သဖြင့် အမှုထမ်းတို့သည် စိတ်နာကြည်းရင်း ရှိနေပါသည်။ သူတို့သည် မင်းတုန်းမင်း၊ ကနောင်မင်းတို့ကို ကြိတ်၍မျှော်နေသူများဖြစ်ကြပါသည်။

မင်းညီနောင်တို့ထံမှ မြို့သိမ်းရန်စေလွှတ်လိုက်သော ရဲဘက်မြင်းတပ်ဗိုလ် ဟောင်းမောင်ခဲ၊ မောင်ရွှေပေး၊ မောင်စံကြီး၊ မောင်ရွှေသိုက်တို့ ဦးဆောင်သောတပ် သည် ရတနာသိယ်မြို့သို့ရောက်သောအခါ နောက်ထပ်ဝင်လာသော အမှုထမ်းများ ပါငါးရာတပ်မှ တစ်ထောင်တပ်ဖြစ်လာလေသည်။

ထို့ကြောင့် မြို့ကိုဝိုင်းထားကြလေသည်။ မြို့တွင်းမှ မြို့ဝန်ဦးဝိုင်းကလည်း မြို့ရိုးကိုစီး၍ ခုခံပစ်ခတ်နေသည်။ မြို့ဝန်ဦးဝိုင်းသည် ပုဏ္ဏားဝန်ဦးကုလားတို့ဂိုဏ်းသားဖြစ်၍ မင်းညီနောင် စစ်ရေးသာမည်ကို လွန်စွာစိုးရိမ်နေသူဖြစ်ပါသည်။

သို့ကြောင့် တပ်ဗိုလ်ဦးခဲက ရဲဘက်တော်သားတို့အထဲမှ မောင်စီနှင့် မောင်ဘိုးတို့လူစုကို မြို့တွင်းသို့ဝင်၍ မီးပြရန် မြကန်ရွာသူကြီး မောင်ရွှေသီးက မုန်အာတံခါးပြင်ကမီးပြရန် အချိန်းအချက်ပြု၍ စေလွှတ်လိုက်သည်။

ထိုည၌ သူရဲကောင်း ရဲဘက်မောင်စီနှင့် မောင်ဘိုးတို့လူစုသည် ရုပ်ဖျောက်၍ ရတနာသိယ်မြို့တွင်းသို့ ဝင်ကြလေသည်။ မြို့တွင်းသို့ရောက်လျှင် မြင်မြင်သမျှကို အတင်းဝင်၍ ထိုးခုတ်ကြလေသည်။ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် မြို့တွင်းမှနေ၍ မီးရှို့ပြလိုက်သောအခါ မြို့ပြင်တွင်ရှိသော တပ်စုများက ခုခံပစ်ခတ်မှုကို ပမာဏမပြုဘဲ မုန်အာတံခါးမှ အတင်းဝင်ကြလေသည်။

ခေါင်းဆောင်ဦးခဲတို့၏ အကွပ်အကဲကောင်းလှသောကြောင့် ရတနာသိယ်မြို့ကို စီးမိကြတော့သည်။ ခုခံသူ မြို့ဝန်ဦးဝိုင်းမှာလည်း မိမိတပ်ကို မစီးနိုင်တော့ဘဲ ကိုယ်လွတ်ပုန်းရှောင် ထွက်ပြေးရသောဘဝသို့ ရောက်ရလေသည်။ မင်းညီနောင်တို့၏ တပ်တော်ဦးစီးတို့မှာ မြို့ဝန် မောင်ဝိုင်းကို မမိမရလိုက်သဖြင့် အခဲမကျေနိုင်ရှိကြလေသည်။ မြို့ဝန်မောင်ဝိုင်း၏အမိန့်အရ မြို့စီးပြစီးခုခံနေကြရသော အမှုထမ်းဟူသမျှတို့သည် အသီးသီး မင်းညီနောင်၏ မင်္ဂလာတပ်တော်သို့ဝင်ရောက်ကြပြီး အမှုထမ်းရွက်ကြလေသည်။

ထို့ကြောင့် တပ်တော်ဦးစီး ဦးခဲတို့က မင်းညီနောင်ထံသို့ 'ရတနာသိယ် ရွှေဘိုမြို့



www.burmeseclassic.com

www.burmeseclassic.com



ကို တိုက်ခိုက်မှုအောင်မြင်ပါသဖြင့် ကြွရောက်၍ မြို့ကိုသိမ်းတော်မူပါရန်' လျှောက်တင်စာလွှာကို မြင်းစေတမန် ရဲဘက်မောင်ရွှေဘေး၊ မောင်ကြုတ်တေး၊ မောင်မျှား၊ မောင်ရွှေသွယ်တို့ကို စေလွှတ်ဆက်သလိုက်လေသည်။

ထိုအချိန်က မင်းတုန်းမင်းသားကြီးမှာ ညောင်ပင်စခန်းမှာရှိ၍ ညီတော်ကနောင်မင်းသားကြီးက နောက်တပ်အဖြစ်နှင့် အန္တရာယ်များရှင်းလင်းရန် နောက်ကရန်ကိုစောင့်၍ နှိမ်နင်း ဖြိုခွင်းရန်ဟူ၍ တမင်နောက်ချန် ချီတက်လျက်ရှိသည်။ သို့ကြောင့်နောင်တော်က ညီတော်ထံသို့ သတင်းတစ်ဆင့်ပို့လိုက်ပြီး ရတနာသိဃ်မြို့သို့ ချီတက်ခဲ့လေသည်။

နောင်တော်မင်းတုန်းမင်း ရွှေဘိုရတနာသိဃ်သို့ချီတက်လာစဉ် နောက်တစ်စခန်းအရောက်မှာ လူစွမ်းကောင်းဟု နာမည်ကြီးလှသူ လှတောကြီး မြင်းတပ်ဗိုလ်မောင်ရွှေပြင်နှင့် မောင်ရွှေကို၊ မောင်ဆိုက်၊ မောင်ဆင်တို့ ဆွေသားမျိုးစု လူပေါင်းတစ်ရာကျော်၊ မြင်းတစ်ရာကျော်တို့နှင့် ဆီးကြိုအမှုထမ်းဝင်ရောက်ကြပြန်ပါသည်။

မင်းတုန်းမင်းသားကြီးသည် လဆန်း ၁၂ ရက်နေ့မှာ ရတနာသိဃ် ရွှေဘိုမြို့သို့ဆိုက်ရောက်၍ မြို့သိမ်းလိုက်ပါသည်။ ယာယီနန်းတော်ပင် မဆောက်ရသေးသောကြောင့် ကိုယ်လွတ်ပြေးရလေသူ မြို့ဝန်ငဝိုင်း၏အိမ်တွင် ခေတ္တစံနေတော်မူပါသည်။ နောက်မှချီတက်လာသော ညီတော်ကနောင်မင်းသား၏ တပ်တော်လည်း ရွှေဘိုမြို့သို့ဆိုက်ရောက်လာလေ၏။

ရတနာသိဃ်မြို့တွင် မင်းညီနောင်စံတော်မူနေချိန်မှာ ခိုဝင်လာကြသော မင်းမှုထမ်းအများအပြားသည် နေ့စဉ်နှင့်အမျှ ဦးရေတိုးလျက်ရှိရာ၊ နေပြည်တော်မှာကျန်သော မလိုက်သာသေးသူ အမှုထမ်းတွေကလည်း မင်းညီနောင်ဘက်သို့ ယိမ်းငိုက်လျက်ရှိနေကြလေသည်။

## ရာထူးဌာနတွေပေးခြင်း

နောင်တော် မင်းတုန်းမင်းသားကြီးသည် ညီတော်နှင့် မိမိတို့စစ်ရေးစစ်ရာကိုတိုင်ပင်ညှိနှိုင်းပြီးလျှင် တပည့်ကျေးကျွန် အမှုထမ်းသစ္စာတော်ခံသူတို့အား . . .

'ငါတို့သည် ရတနာသိဃ်မြို့ကိုရ၍၊ အရပ်အနေပြုမိပြီးဖြစ်သော်လည်းရှေ့အရေးကို ကြို၍တွေးရမည်။ နေပြည်တော်က တပ်တော်များသည် အခြေမလှအရေးရှုံးနိမ့်နေကြသော်လည်း နောက်ထပ်၍ ဗိုလ်မှူး၊ တပ်မှူးများကွပ်ကဲကာအလုံးအရင်းနှင့် ချီတက်လာနိုင်ပေသေးသည်'

'စစ်မက်အရာဆိုသည်မှာ လုပ်ရေးကြံရေးနှင့်တကွ ကြောင့်ကြမဲ့မနေသာ၊ ကြီး-ငယ်-ယုတ်-မြတ် မဟူ၊ သားအပေါင်းတို့ကိုဖမ်းယူသော ကေသရာဇာခြင်္သေ့မင်းကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



လှံ့လပြုရမည်။ သို့ကြောင့် ငါတို့ညီနောင်နှင့်တကွ ငါတို့၏ကျွန်တော်မျိုး အပေါင်းသည် မပြတ်ညီညွတ်နိုင်းဆွေးနွေးလျက်၊ စစ်မက်အရေးကို ကြိုးပမ်းထမ်းဆောင်ကြရမည်'ဖြစ်ကြောင်းနှင့် မိန့်ကြားတော်မူပြီးသောအခါ ရတနာသိဃ်မြို့တွင်လေးမျက်နှာမြို့ထိပ်၌ အမှုထမ်း၊ လက်နက်ကိုင် လူသူအပြည့်အစုံတင်ထားပြီးလျှင် တပ်မှူး၊ တပ်အုပ်များခန့်ထား၍ ရောက်လာမည့်ရန်သူတပ်များကို တိုက်ခိုက်ချေမှုန်းရန် မြို့ရှေ့နှင့် မြို့ဟောင်းများကလည်း လက်နက်လူသူများ ခန့်ထားစည်းကြပ်စေရန်အဖြစ်နှင့် လှတောကြီး မြင်းတပ်ဗိုလ်လူစွမ်းကောင်း မောင်ရွှေပြင်ကို တပ်မှူးဗိုလ်ချုပ်ခန့်ပြီး လက်နက်လူသူငါးရာပေးအပ်၏။ မြို့တောင်ဘက်ရှိ ကျေးရွာများကသိမ်းသွင်းရရှိသော လူသူများနှင့် ဟန်လင်းမြို့ကရပ်နေပြီး၊ ချီတက်လာမည့် ရန်သူများကို ဖြိုခွင်းခုခံရန် ခန့်အပ်သည်။

ရဲဘက်တော် မောင်ရွှေဘေး၊ မောင်ရွှေသိုက် စသူတို့အားလည်း လူငါးရာ၊ လက်နက်ကိရိယာအစုံပေးအပ်၍ ရတနာသိဃ်မြို့၏ ရှေ့တစ်ပြင်မှကျေးရွာများကခိုဝင်လာသူအမှုထမ်းများနှင့်စုပေါင်းပြီး တအုံ့ရွာ၊ ကော့ရွာတို့မှနေ၍ လိုက်လာမည့် ရန်သူတပ်များကို ခုခံဖြိုခွင်းရမည်ဖြစ်သည်။ ထိုတပ်တွင် မောင်ရွှေသိုက်အားဗိုလ်ချုပ်ခန့်လိုက်သည်။

ပဥ္စာလ၊ ထန်းတပင်၊ မြေဒူးစသောမြို့များသို့လည်း မြေဒူးမြို့ဝန်ဟောင်းဗိုလ်လှိုင်ကို လက်နက်လူသူများနှင့် စေလွှတ်၍ သိမ်းရုံးထားစေသည်။

ထိုအချိန်မှာလည်း ဧရာဝတီမြစ် မြောက်ဘက်တစ်လွှားနှင့် အညာမြစ်စဉ်တစ်လျှောက်ရှိ မြို့ပြကျေးရွာများက အသီးသီး ကျွန်တော်ခံဝင်ရောက်လာသူများကလည်း တရုန်းရုန်းနှင့် မစဲအောင်ရှိလေသည်။

ထိုသည့်နောက်ပိုင်း အချိန်တို့၌မူကား စော်ဘွား၊ မြို့စား၊ မြို့ဝန်၊ မြို့အုပ်၊ မြင်းစီး၊ မြင်းခေါင်း၊ သူကြီးကလန်တို့သည် မင်းတုန်းမင်းသားကြီးထံသို့ ဗိုလ်ဝင်ခံကြသောကြောင့် ၎င်းတို့အား မူလရာထူးအနေအတိုင်း လက်ခံပြီးနောက်ပါတော်မူရင်း ရဲဘက်ကျွန်တော်မျိုးများကိုလည်း အသီးသီးရာထူးခန့်အပ်ပေးလိုက်လေသည်။

ထို့ကြောင့် မင်းတစ်ပါး၌ရှိအပ်ရာသော ဝန်ကြီး၊ အတွင်းဝန်၊ လွှတ်တော်အရာရှိမှအစပြု၍ ဝန်အအုပ်အထိန်းများခန့်အပ်လေသည်။

ခမည်းတော် ရွှေဘိုမင်းတရားကြီးလက်ထက်က အတွင်းဝန်ဦးစိုးအား မင်းကြီးမဟာရာဇသင်္ကြန်ဘွဲ့အမည်နှင့် ဝန်ကြီးခန့်သည်။ မင်္ဂလာအိမ်တော်ပါ အကြီးတော်ဦးရန်ဝေးအား မင်းကြီးမဟာမင်းလှစည်သူဘွဲ့အမည်နှင့် အတွင်းဝန်ခန့်သည်။ အကြီးစာရေး ဦးဘိုကို မဟာမင်းလှစည်သူဘွဲ့နှင့် ဝန်ထောက်ခန့်သည်။ အကြီး



www.burmeseclassic.com

www.burmeseclassic.com



စာရေးဦးတက်တူကို မဟာမင်းလှသီရိဘွဲ့နှင့် မြင်းစုကြီးဝန်ခန့်သည်။ အကြီးစာရေး ဦးနုကို မင်းကြီးမဟာမင်းခေါင်ဘွဲ့နှင့် ရှေ့ဝင်းမှူး သူရဲဝန်ခန့်၍၊ အကြီးစာရေး ဦးရှင်ကလေးကို မင်းကြီးမဟာတရဗျားဘွဲ့နှင့် လက်ျာဝင်းမှူးခန့်သည်။

မြေဒူးမြို့ဝန်ဟောင်း ဗိုလ်လှိုင်ကို မင်းကြီးမဟာမင်းခေါင်ဘွဲ့နှင့် လက်ဝဲဝင်းမှူး ခန့်ပြီး၊ ဦးဘားကို မင်းကြီးမဟာမင်းခေါင်ဘွဲ့နှင့် နောက်ဝင်းမှူးခန့်သည်။ ဘဏ္ဍာစိုး ဦးရှင်ကလေးအား မင်းလှစည်သူကျော်ဘွဲ့နှင့် ဆင်ဝန်ခန့်သည်။

ငမြာရွာအုပ် မောင်တုတ်ကြီးကို မဟာသီရိစည်သူဘွဲ့နှင့် ကျီဝန်ခန့်ပြီး၊ ရွှေခဲကြီး လေ့အုပ် ဦးဘိုးမောင်ကို မင်းလှမင်းကျော်သင်္ခယာဘွဲ့နှင့် ကင်းဝန်ခန့်၍၊ ဦးရွှေအိုကို မင်းလှမင်းကျော်ရာဇာဘွဲ့နှင့် စီးတော်မြင်းဝန်ခန့်သည်။

အကြီးစာရေးမောင်ပေကို မဟာမင်းလှကျော်ဘွဲ့နှင့် ငွေခွန်ဝန်ခန့်၍၊ ရဲဘက် မြင်းတပ်ဗိုလ်ဟောင်း မောင်ခဲကို မင်းကြီးမဟာဇေယသူရဘွဲ့နှင့် ရတနာသိင်္ဃမြို့ဝန် ခန့်ပြီးလျှင် ရဲဘက်မြင်းဝန် မောင်မာလိန်အား မင်းလှရာဇာသူဘွဲ့နှင့် ယွန်းစုဝန် ခန့်သည်။

မောင်မှုံကို မဟာမင်းတင်ရာဇာဘွဲ့နှင့် ရွှေနန်းရိုး လမိုင်းဝန်ခန့်၍၊ မောင်မှုံအား မင်းတင်စည်သူဘွဲ့နှင့် ရေကြည်ဝန်ခန့်ပြီးလျှင်၊ ရမည်းသင်းဗိုလ်ဟောင်း မောင်ရွှေစိုး ကို မဟာမင်းကျော်မင်းခေါင်ဘွဲ့နှင့် မြို့ဝန်-အောင်ပင်လယ် လမိုင်းဝန်ခန့်အပ်လေ သည်။

မောင်ရွှေဘော်ကို ပုဏ္ဏားဝန်ခန့်၍၊ မောင်ရွှေရိတ်အား မင်းလှရာဇာစည်သူဘွဲ့ နှင့် အဂ္ဂပတ်မြင်းဝန်ခန့်ပြီးလျှင် မောင်အောဇာကို မဟာမင်းခေါင်ရာဇာဘွဲ့နှင့် မင်းတုန်းတောင်စဉ် ခုနစ်ခရိုင်မြို့ဝန်ခန့်လေသည်။

မောင်ရွှေမောင်ကို မင်းလှသိခ်သူဘွဲ့နှင့် စို့လေးဆယ်ဒိုင်းဝန်ခန့်ပြီးလျှင်၊ မောင်မှုံ ကို မင်းလှမင်းတင်နော်ရထာဘွဲ့နှင့် အနောက်ဝန်းကျင်ဝန်ခန့်၍၊ စားတော်ကွမ်း ရေကိုင်မောင်ဘဲကို နေမျိုးသခ်ကျော်ထင်ဘွဲ့နှင့် တရုတ်ဝန်ခန့်သည်။

မောင်စောင်ရှုတ်အား မတဲဒေးဝန်း အကောက်ဝန်ခန့်၍၊ ဖိုင်းဂနိုင်းမြို့စား ဟောင်း မက္ကထစ်ကို မဟာမင်းတင် သီဟသူဘွဲ့နှင့် ကုလားဝန်ခန့်ပြီး၊ မောင်ရွှေစင် အား မင်းလှသီရိ မင်းတင်ဘွဲ့နှင့် အမြောက်ဝန်ခန့်လေသည်။

ရတနာသိင်္ဃမြို့ကို မသိမ်းပိုက်မီ မြို့တွင်းသို့ဝင်၍၊ မီးပြသူ မောင်စီအားလည်း မင်းကျော်နတ်မီးဘွဲ့ပေး၍၊ မြကန်ဗိုလ်မောင်ရွှေသီးကို တပယင်းမြို့ဝန် ခန့်လေ သည်။

ယင်းသို့ မင်္ဂလာအိမ်တော်ပါ ရောင်းရင်းဘက် ကျွန်တော်မျိုးအသီးသီးတို့ကို လည်းကောင်း၊ မင်္ဂလာတပ်တော်၌ ပါရင်းစွဲ ကျွန်တော်မျိုးတို့ကိုလည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာချီတက်လာခဲ့စဉ် လမ်းတစ်လျှောက်ရှိ မြို့ပြကျေးရွာတို့မှ အမှုတော်ကို လိုက်ပါထမ်းရွက်ကြိုးပမ်းဝင်လာကြသော သူတို့အား ဂုဏ်ဘွဲ့အမည်၊ အရည်၊ စားကျေးမြို့ရွာနှင့်ဝန်၊ အအုပ်အထိန်း၊ အထိုက်အလိုက် ခန့်ထားချီးမြှင့်တော်မူလျက် ရှိလေသည်။

## တိုက်ပွဲများ

အမရပူရရွှေမြို့တော်မှ ပုဂံမင်းတရားသည် ညီတော်မင်းတုန်းမင်း၊ ကနောင်မင်းတို့က ရတနာသိင်္ယရွှေဘိုမြို့တော်ကိုသိမ်းမိကြပြီဟု ကြားသိတော်မူသောအခါ လက်ျာဝင်းမှူး၊ တောင်ဒဝယ်ဗိုလ်နှင့် ပုဏ္ဏားဝန် မောင်ကုလားတို့ တပ်များကို နောက်ထပ်ဖြည့်တင်းစေရုံမက နေပြည်တော်မှ မင်းညီမင်းသား၊ မှူးကြီးမတ်ကြီးများ ဦးစီးသော တပ်ကြီးတစ်တပ် ထပ်မံစေလွှတ်ရန် အမိန့်တော်ရှိသဖြင့် အောက်ရပ်တစ်ခွင်နှင့် နယ်စပ်တို့တွင်ရောက်ရှိနေသော အချို့တပ်တော်များကိုပင် ပြန်လည်သိမ်းရုံးလျက် မင်းတုန်း-ကနောင်နှိမ်နင်းရေးတပ်တော်ကြီးကို ဖွဲ့စည်းစေလွှတ်ပြန်လေသည်။

ထိုသို့ နောက်ထပ်စေလွှတ်သောတပ်များသည် ပုဂံမင်း၏ညီတော် လှိုင်မြို့စား သီရိမဟာဓမ္မရာဇာကိုဦးဆောင်စေ၍၊ ၁၊ ဝန်ထောက်စို့လေးဆယ် ဒိုင်းဝန်မင်းကြီး မဟာမင်းလှကျော်ထင် ၂၊ မြောက်တစ်ရာ့ငါးဆယ်ဗိုလ် မင်းတင်မင်းခေါင်ကျော်၊ ၃၊ အမြောက်ဝန်မင်းကြီး မဟာမင်းခေါင်တို့အုပ်ချုပ်သော တပ်ကြီးတစ်တပ်ကို ဧရာဝတီမြစ်အနောက်ဘက် (စစ်ကိုင်းကြောင်း) ချီတက်စေသည်။

မိုးညှင်းမင်းသား သုသီရိမဟာဓမ္မရာဇာနှင့် သား လှိုင်းတက်မင်းသား သတိုးမင်းရဲကျော်ထင်တို့ကို အမှူးပြုစေလျက်၊ မိုင်းလျဉ်းမြို့စား၊ ခွန်ရွှဲ၊ လင်းဇင်းသေနတ်ဗိုလ်ဟောင်း၊ မဟာရဲဖျားမင်းခေါင်တို့အုပ်ချုပ်ရသော တပ်ကြီးတစ်တပ်လုံး (အလုံကြောင်း)ချီတက်တိုက်ခိုက်ခဲ့သည်။

မခေါက်မလားတိုက်ပွဲမှ ရှုံးနိမ့်ဆုတ်ခွာခဲ့ရသော လက်ျာဝင်းမှူးဦးထိုက် ဗိုလ်ချုပ်လုပ်၍ တောင်ဒဝယ်ဗိုလ် မောင်တုတ်၊ ပုဏ္ဏားဝန် မောင်ကုလားတို့တပ်သည် နောက်ထပ်တပ်ဖြည့်နှင့် ရတနာသိင်္ယမြို့ ရှေ့မျက်နှာရှိ တအုံရွာသို့ ချီတက်လာကြလေသည်။

ဤတွင် တအုံရွာတွင် တပ်စွဲနေနှင့်သော မင်းညီနောင်တို့၏တပ်မှ ဗိုလ်ချုပ် ဦးရွှေသိုက်၊ ဦးမောင်ကြီး၊ ဦးရွှေဘေး၊ မောင်ဝိုင်း၊ မောင်ကျီးတို့တပ်နှင့်တွေ့ရာ တိုက်ပွဲဖြစ်ပွားလေသည်။

အမရပူရတပ်က ဗိုလ်ချုပ်လက်ျာဝင်းမှူး မောင်ထိုက်မှာ အပြင်းအပြ ကွပ်ကဲ



www.burmeseclassic.com

www.burmeseclassic.com



ခုခံရသည်။ သို့သော် တစ်နာရီခန့်ရှိသောအခါ မြောက်ဘက် ရွှေဘိုသားများဖြစ်သူ မင်းတုန်းမင်း၏ တပ်သားအမှုထမ်းများ၏ လုပ်ရည်ကိုင်ရည်နှင့် မတုနိုင်သော ကြောင့် ဗိုလ်ချုပ်လက်ျာဝင်းမှူး မောင်ထိုက်မှာ မိမိတပ်ကို မအုပ်စီးနိုင်တော့သဖြင့် တပ်သားများ ကစင့်ကရဲ ပျက်ပြားဆုတ်ခွာ ထွက်ပြေးကြလေသည်။

မင်းတုန်းမင်းတပ်မှ ဗိုလ်ချုပ်ဦးရွှေသိုက်တို့လည်း ထွက်ပြေးသောရဲမက်တို့ နောက်သို့ လိုက်လံတိုက်ခိုက်လေရာ မောင်ထိုက်နှင့်တပ်သားတွေ မြစ်အရှေ့ဘက်သို့ ကူးပြေးကြလေသည်။

ဦးရွှေသိုက်တို့က ထပ်၍လိုက်ကြသည်တွင် ငစဉ့်ကူးမြို့ စီရင်စု၊ ခူလယ်အင်း အတွင်းမှာ ပြေးလေသူ ဗိုလ်ချုပ်လက်ျာဝင်းမှူး ဦးထိုက်စီးသော ဆင်၊ သူကိုင်စွဲသော ရွှေဓား၊ ရွှေဖလား၊ ရွှေထီးများကို မင်းတုန်းမင်းတပ်ဗိုလ် ဦးရွှေသိုက်တို့က ရလိုက် သည်။

နောက်တစ်ဖန် ပြေးလေသူ ဗိုလ်ချုပ်လက်ျာဝင်းမှူးဦးထိုက်၊ တောင်ဒဝယ်ဗိုလ် မောင်တုတ် တို့ကို ငှက်စားရွှေခုံတိုင်ရွာနေ မင်းတုန်းမင်း၏ ကျွန်တော်မျိုးများဖြစ်သူ မောင်ဝိုင်းတို့ဆွေမျိုးတစ်စုနှင့် ရှမ်းကုန်သည်အမှုထမ်းတို့ကဖမ်းမိ၍ တအုံ့ရွာရှိ ဗိုလ်ချုပ်ဦးရွှေသိုက်ထံ လာရောက်ပို့ကြလေသည်။

အောင်ပွဲရ ဗိုလ်ချုပ်ဦးရွှေသိုက်တို့သည် တိုက်ပွဲတွင်ရရှိလိုက်သော အမြောက် သေနတ် လက်နက်ကိရိယာများ၊ ရွှေထီး၊ ရွှေဖလား၊ ဆင်များနှင့်တကွ ဖမ်းမိသူ ဗိုလ်ချုပ်လက်ျာဝင်းမှူး ဦးထိုက်၊ တောင်ဒဝယ်ဗိုလ် မောင်တုတ်တို့ကို ရတနာသိင်္ဃ ရွှေဘိုမြို့ မင်းတုန်းမင်းထံသို့ စေလွှတ်ပို့ဆက်လေသည်။

ပုဏ္ဏားဝန် မောင်ကုလားကိုမူကား ရုပ်ဖျောက်ထွက်ပြေးသွားသဖြင့် ဖမ်းဆီးရ မိခြင်း မရှိသေးပေ။ ဤတွင် တအုံ့ရွာ ခုခံရေးတပ်ဖွဲ့ ဗိုလ်ချုပ်ဦးရွှေသိုက်တို့၏ အောင်ပွဲတစ်ရပ်ဖြစ်လေသည်။

ရတနာသိင်္ဃမြို့ တောင်မျက်နှာအရပ်မှ တပ်စွဲရပ်စောင့်နေခဲ့သော မင်းတုန်း မင်း၏တပ် ဗိုလ်ချုပ်လှတောကြီး မြင်းတပ်ဗိုလ် ဦးရွှေပြင်တို့၏တပ်သည် အမရပူရမှ ချီတက်လာသော (စစ်ကိုင်းကြောင်း) တပ်ကြီးနှင့် ရင်ဆိုင်မိကြပြန်လေသည်။ တိုက်ပွဲသည်လည်း ပြင်းထန်လေ၏။ သို့ရာတွင် ရွှေဘိုသားတို့၏သတ္တိက ရဲရင့်ပြောင် မြောက်လှသောကြောင့် မရှုမလှခံကြရပြန်လေသည်။

ထို့ကြောင့် စစ်ကိုင်းကြောင်းချီတပ်မှ ဝန်ထောက်ဦးကွန်းနှင့်တကွ သူ၏ဘက်မှ ရဲဘက် အမှုထမ်းများ မတားမဆီးနိုင် ပျက်ပြားထွက်ပြေး ပြိုကွဲသွားကြလေသည်။ တပ်ဗိုလ်တစ်ဦးဖြစ်သူ မြောက်တစ်ရာ့ငါးဆယ်ဗိုလ် ဦးထူးမှာမူကား ပြေးရင်းလွှားရင်း မှ ဟလင်းကြီးမြို့အနီး ဇရပ်တစ်ခုပေါ်တွင် စိတ်နှလုံးမကြည်မသာဖြစ်ပြီး သူစွဲကိုင်



www.burmeseclassic.com

www.burmeseclassic.com



သောသေနတ်ကို ပါးစပ်နှင့်တေ့၍ ကိုယ့်ကိုယ်ပစ်ပြီး သေဆုံးသွားလေတော့သည်။

မင်းတုန်းမင်း၊ ကနောင်မင်းတို့သည် ရတနာသိင်္ဃမှနေ၍ ခံစစ်အဖြစ်အောင်နိုင်ပြီးနောက် ထိုးစစ်အဖြစ်စတင်ကြတော့မည်ဖြစ်ရာ၊ ရွှေဘိုမှ စစ်ကိုင်းကြောင်းသို့ ချီတက်ရန် တပ်ကြီးဖွဲ့စည်းလိုက်ပြန်သည်။ ထိုတပ်ကြီးတွင်လည်း အောင်ပွဲရရဲဘက်တော်တွေသာ ဦးစီးဦးဆောင် ပါဝင်စေပါသည်။

ထိုတပ်ကြီးတွင် ဗိုလ်ချုပ်အဖြစ် လူစွမ်းကောင်း လှုတောကြီး မြင်းတပ်ဗိုလ်ဦးရွှေပြင်ကို ခန့်ထားသည်။ မြင်းခေါင်းမောင်ပြန့်နှင့် မောင်ဘားတို့ကို စစ်ကဲခန့်သည်။

သရစိမ်း မြင်းခေါင်း မောင်သင်းနှင့် မောင်နှောင်းတို့ကို နားခံခန့်သည်။ လဲချားဗိုလ်မောင်ရွှေအို၊ ခေါတောမြင်းခေါင်း မောင်ကြယ်၊ ရုံးသာမြင်းခေါင်း မောင်ဆောင်း၊ ခုနစ်ရွာ မြင်းခေါင်းမောင်လူကြီး၊ ကျဉ်းပင်ရွာစား မောင်ဘဲ၊ ထောင်ရင်းဗိုလ် မောင်ဖဲ၊ ရွှေကျင်စာရေးကြီး မောင်ရွှေဆွဲ၊ တပယင်းဗိုလ် မောင်ကံသာ၊ မောင်ရွှေဘော်၊ ပလိုင်းမောင်ကောင်းကလေး၊ မောင်ရွှေဝ၊ မောင်ကြွက်နီ၊ မောင်သင်း၊ မောင်ရွှေသာ၊ မောင်သာစံ၊ မောင်အုန်းခိုင်၊ မောင်ရွှေနွယ်၊ မောင်သာနုတို့ကို ဗိုလ်ရုံတပ်မှူးတပ်အုပ်အရာများ ခန့်ထား၍ ချီတက်စေရသည်။

၎င်းတပ်ကြီး ချီတက်လာခဲ့ရာ၊ မြင်တော်ရွာတွင်တစ်ည၊ လင်းလည်ရွာတွင်တစ်ည၊ ထိုမှ ဆက်လက်ချီတက်ပြန်ရာ စမွန်းကြီးရွာသို့ ရောက်ကြလေသည်။ စမွန်းကြီးရွာတွင် အမရပူရမြို့မှ စစ်ကိုင်းကြောင်းချီတက်လာသော လိုင်မြို့စားမင်းသား၏ တပ်ကြီးနှင့် ဗိုလ်ရွှေပြင်တို့တပ်ကြီး ရင်ဆိုင်မိပြီး တိုက်ပွဲအပြင်းအထန်ဖြစ်လေသည်။

လိုင်မြို့စားမင်းသားကလည်း စစ်တပ်အကွပ်အကဲကောင်းလှသဖြင့် ရွှေဘိုသားတို့ အပန်းတကြီး ခုခံတွန်းလှန်ကြရလေသည်။ တိုက်ပွဲသည် နှစ်ရက်မျှကြာရှိလာလျှင် အမရပူရက တပ်သားတို့မှာ အထိအခိုက်၊ အရှုအန၊ အသေအပျောက်များပြားလှသဖြင့် လိုင်မြို့စားမင်းသားနှင့် စို့လေးဆယ်ဒိုင်းဝန် ဝန်ထောက် မောင်ထော်နီ၊ အမြောက်ဝန် မောင်ပါတူတို့လည်း မစည်းကြပ်နိုင်၊ တပ်သားများကို မကွပ်ကဲနိုင်သောကြောင့် ပျက်ပြားဆုတ်ခွာကြရလေတော့သည်။ သေသူတွေလည်း အလွန်များပြားလှ၏။

အောင်ပွဲရ ဗိုလ်ရွှေပြင်တို့သည် ၎င်းတိုက်ပွဲမှရလိုက်သော သေနတ်တစ်ရာကျော်၊ အမြောက်ငါးလက်၊ ယမ်းပုံးငါးဆယ်တို့ကို ရတနာသိင်္ဃမြို့ မင်းတုန်းမင်းညီနောင်တို့ထံ ပို့ဆက်လိုက်ပြီးနောက်၊ စစ်ကိုင်းမြို့အရောက် ဆက်လက်ချီတက်ကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်တွင် သုံးဖက်မှရောက်လာကြသော အမရပူရတပ်များကို ခုခံတွန်းလှန်ချေမှုန်းကြခြင်းဖြင့် အောင်ပွဲယူလိုက်ကြပြန်ရာ၊ မင်းတုန်းမင်း၊ ကနောင်မင်းတို့၏နောက်လိုက်အင်အားသည် တိုးတက်သည်ထက် တိုးတက်လာပြီး၊ ရတနာသိင်္ခါ အောင်မြေရွှေဘိုသားတို့၏ သူရသတ္တိအင်အားကလည်း အားရလောက်ဖွယ် ဖြစ်ခဲ့လေတော့သည်။

## အမရပူရသို့ချီတက်စေ

စစ်ဦးဘီလူး အောင်ပွဲမှတစ်ဆင့် စစ်အင်အားနှင့် အမရပူရမြို့အထိ ချီတက်တိုက်ခိုက်ကြရန် နောက်ထပ်တပ်များကို ဖွဲ့စည်းလိုက်ပြန်သည်။

ထိုတပ်ကြီးများတွင် ရှေ့ဝင်းမှူး သူရဲဝန်မင်းကြီး မဟာမင်းခေါင်ကို ဗိုလ်ချုပ်ခန့်ထားပြီးလျှင် ဧရာဝတီမြစ်အရှေ့ဘက်သို့ ချီတက်စေရသည်။ ဗိုလ်ချုပ်ရှေ့ဝင်းမှူးနှင့်အတူ ပါရမည်ဖြစ်သောဗိုလ်များမှာ မောင်ရေးကို မဟာမင်းကျော်ဘွဲ့နှင့်ကျောက်မြောင်းမြို့ဗိုလ်ခန့်၍ စစ်ကဲအဖြစ်လည်းကောင်း၊

ဦးရွှေသိုက်ကို မင်းလှတန်ဆောင်ဘွဲ့နှင့် သစ်ချိုပင်ဗိုလ်ခန့်၍ စစ်ကဲနေရာလည်းကောင်း၊

ဦးကျီးကို မင်းကျော်ဂူမ္ဘာန်ဘွဲ့နှင့် စဥ့်ကူးမြို့ဝန်ခန့်၍ နားခံအဖြစ်လည်းကောင်း၊

ဦးဝိုင်းကို မင်းလှဂူမ္ဘာန်ဘွဲ့နှင့် မတ္တရာကျော်စည်တိုက်ဗိုလ်ခန့်၍ နားခံအဖြစ်လည်းကောင်း၊

ဆင်မြင်းရဲမက်များနှင့် ဧရာဝတီမြစ်အရှေ့ဘက်ကြောင်းမှ ချီတက်စေသည်။

လက်ျာဝင်းမှူးမင်းကြီး မဟာတရဖျားကိုလည်း အလုံမြို့မှနေ၍ အမြင့်မြို့၊ ကန္နီမြို့၊ ဗန့်ကျီတိုက်၊ ချောင်းဦးဆယ်ရွာ စသည့်နယ်တစ်ဝိုက်မှာ လက်နက်လူသူများ သိမ်းရုံးစည်းကြပ်စေရန် စေလွှတ်လေသည်။

လက်ျာဝင်းမှူး အလုံမြို့ဝန်မင်းကြီး မဟာတရဖျားသည် အလုံမြို့၌ သိမ်းရုံးစည်းကြပ်လျက်ရှိနေစဉ်အတွင်း အမရပူရမြို့က မိုးညှင်းမင်းသား သုသီရိမဟာဓမ္မရာဇာ၊ သား လှိုင်းတက်မြို့စားမင်းသား သတိုးမင်းရဲကျော်ထင်တို့တပ်က ခင်မွန်ရွာသို့ ဆိုက်ရောက်လာသဖြင့် ခုခံတိုက်ခိုက်ကြပြန်ရသည်။

သို့သော် နာရီပိုင်းအတွင်းမှာပင် မိုးညှင်းမင်းသားကြီးတို့ဘက်မှ အထိအခိုက်၊ အသေအဆုံးများပြားလာလေသည်။

မိုးညှင်းမင်းသားသည် စစ်သဘောကို နားလည်ကျွမ်းကျင်သူဖြစ်သောကြောင့် အပြင်းအပြကွပ်ကဲခြင်းမပြုတော့ဘဲ စစ်ကို နုတ်သိမ်းဆုတ်ခွာထွက်သွားလေသည်။ ထို့ကြောင့် လက်နက်၊ သေနတ်၊ ဓားလှံများ အများအပြားရလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားစစ်ချီတပ်ကြီးတစ်တပ်မှာ သလုံးစားဝန်ကြီး မင်းကြီးမဟာရာဇသင်္ကြန်က ဗိုလ်ချုပ်အဖြစ်ဦးစီးစေ၍ စစ်ကိုင်းကြောင်းမှ နေပြည်တော် အမရပူရအရောက် တိုက်ရိုက်ချီတက် တိုက်ခိုက်စေရန် ဖြစ်လေသည်။

ထိုအချိန်တွင် အမရပူရနေပြည်တော်တွင် ပုဂံမင်းတရားကြီးသည် မိမိဘက်က စစ်ရေးစစ်ရာ၌ အကျအဆုံးများရခြင်း၊ ညီတော်မင်းတုန်းမင်း၊ ကနောင်မင်းက စစ်ရေးသာလျက် မြောက်ဘက်တစ်လွှားလုံး သိမ်းရုံးမိကာ၊ ရတနာသိယ်မြို့တွင် တစ်ထီးတစ်နန်းစံနေသည်ကို သိရှိတော်မူသောအခါ စိတ်တော်မကြည်မလင်ဖြစ်ရလေသည်။

မိမိဘက်တွင်ရှိသော စစ်သည်ရဲမက်အချို့မှာ အောက်ပြည်အင်္ဂလိပ်တို့နှင့် စစ်မက်ဖြစ်ဆဲ ခုခံတိုက်ခိုက်ရန် စေလွှတ်ထားရသဖြင့် နေပြည်တော်၌ အင်အားနည်းပါးနေချိန်လည်းဖြစ်ကြောင်း သုံးသပ်မိလေသည်။ အင်္ဂလိပ်တို့နှင့်စစ်ဖြစ်ရာ၌ စေလွှတ်ထားရသောတပ်တော်များမှာ ဟံသာဝတီ၊ ပုသိမ်၊ မုတ္တမ၊ ဓညဝတီ ကြောင်းများတွင် မြန်မာ့တပ်မတော်များ အနှံ့အပြားရောက်နေသည်။ ၎င်းတပ်တို့မှာလည်း အင်္ဂလိပ်၏အင်အားကို ခုခံနိုင်သမျှခုခံနေရင်းမှ တစ်စတစ်စ နောက်သို့ဆုတ်နေရသည်က များလျက်ရှိသည်။

ထို့ကြောင့် မင်းညီနောင်စစ်ပြေငြိမ်းလိုသည်။ တိုင်းသူပြည်သားများလည်း ငြိမ်းအေးချမ်းသာစေလိုသည်။ သို့ကြောင့် ဧရာဝတီမြစ်အရှေ့ဘက် အနောက်ဘက်ထားပြီး မင်းနှစ်ပါးပြိုင် အုပ်စိုးရလျှင် ပြီးငြိမ်းလိမ့်မည် ထင်မှတ်ယူဆမိလေသည်။

အခြေအနေမှာလည်း ပုဂံမင်းသည် ဧရာဝတီမြစ်အရှေ့ဘက်နှင့် တောင်ဘက်ပိုင်းတစ်ဝိုက်သာ စိုးမိုးနိုင်တော့လျက် ဧရာဝတီမြစ် အနောက်ဘက်နှင့် မြောက်ပိုင်းတစ်ဝိုက် ရှမ်းကုန်းပြင်မြင့်တို့မှာ မင်းတုန်းမင်း၊ ကနောင်မင်းတို့က စိုးမိုးထားနိုင်လျက်ရှိလေသည်။

ထို့ကြောင့် ပုဂံမင်းသည် ညီတော်မင်းတုန်းမင်းနှင့် ပြေရာပြေကြောင်း အရေးဆိုစေရန် သာသနာပြုဆရာတော်ကြီးနှင့် ရွှေစေတီဆရာတော်၊ သစ်ဆိမ့်ဆရာတော်များကို နန်းတော်သို့ပင့်၍ မင်းဆွေစိုးမျိုးနှင့် မှူးမတ်တို့ရှေ့တွင် ညီတော်မင်းတုန်းမင်းနှင့် စစ်ပြေငြိမ်းရန်၊ ညီတော်နောင်တော်နှစ်ဦး ဧရာဝတီမြစ်အရှေ့ဘက်နှင့် အနောက်ဘက်ခြမ်း အုပ်စိုးကြရန်၊ မေတ္တာရပ်စကား ကမ်းလှမ်းပေးစေလိုကြောင်း လျှောက်ထားလေသည်။

ဆရာတော်သံဃာတော်ကြီးများလည်း ပုဂံမင်းလျှောက်တင်ချက်အတိုင်း ညီနောင်နှစ်ပါး စစ်ပြေငြိမ်းစေပြီး၊ တိုင်းနေပြည်သူတို့ အေးချမ်းစွာရောင်းဝယ်ဖောက်ကား စားသောက်နိုင်စေရန် မေတ္တာရပ်ရန်ရည်သန်လျက်၊ မင်းတုန်းမင်းရှိရာ



www.burmeseclassic.com

www.burmeseclassic.com



မြစ်အနောက်ဘက် ရတနာသိယ်မြို့ရှိရာသို့ ကြွချီကူးသန်း၍လာကြလေသည်။

ဆရာတော်ကြီးများနှင့်အတူပါသူတို့ကား မကွေးဝန်ထောက်မင်းကြီးမဟာမင်းလှစည်သူ၊ အမှာရေး နေမျိုးသီဟသူ၊ သံတော်ခံ မောင်တက်ဖြိုး၊ အမိန့်တော်ရ မောင်ဘိုးတို့ကို ပုဂံမင်းက ထည့်အပ်လိုက်လေသည်။

ဆိုခဲ့သည့်အတိုင်း ဆရာတော်ဘုရားများနှင့် နောက်ပါတို့ထွက်လာခဲ့ရာ၊ စစ်ကိုင်းမြို့ဘက်သို့ရောက်ပြီးနောက် ထိုမှတစ်ဆင့် ဆက်လက်ကြွလာခဲ့ရာ၊ ပတူခက္ခရွာ၊ စာရေးရွာများကိုလွန်မိကြလျှင်ပင် စစ်ကိုင်းကြောင်းချီတက်၍ စစ်ကိုင်းတွင်တပ်စွဲနေသော ဗိုလ်ချုပ်သလုံးစားဝန်ကြီးက လိုက်လံပင့်ခေါ်သောကြောင့် ဆရာတော်သံဃာတော်ကြီးများသည် သလုံးဝန်ကြီးနှင့် တွေ့ဆုံတော်မူကြရလေသည်။

သလုံးစားဝန်ကြီးသည် ဆရာတော်ကြီးများမိန့်ကြားချက်အရ ပုဂံမင်းထံမှ မင်းတုန်းမင်းထံ မေတ္တာရပ်ခံရန်ကြွလာကြကြောင်း မိန့်ကြားသောအခါ ဆရာတော်ကြီးများအား သလုံးဝန်ကြီးက မကြွလာမီကပင် တပည့်တော်တို့၏ အထောက်တော်များထံမှ ဤသတင်းကြားပြီးဖြစ်ကြောင်း လျှောက်တင်ပြီးလျှင် . . .

'စစ်မက်အရေးအရာဟူသည်မှာ အင်အားနည်းသည့်ဘက်က လျှော့ရအညံ့ခံရမြဲဖြစ်ပါသည်။ ယခုကိစ္စမှာလည်း ညီတော်မင်းတုန်းမင်းတရားတို့ထံမှာ အင်အားကြီးမားလျက် အရှေ့ရှမ်းကိုးပြည်ထောင်နှင့်တကွ အညာမြစ်စဉ်တစ်လျှောက်၊ မြောက်ဘက်တစ်ပြင်၊ တောင်ဘက်တစ်လွှားရှိ မြို့ပြကျေးရွာအများကို သိမ်းရုံးပျပ်ဝပ်နွံနာပြီးဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်တို့ ပြောဆိုသည့်စကားကို ပြည်သူတို့က ကြိုက်နှစ်သက်ကြမည်မဟုတ်ပါ။ မင်းတုန်းမင်းတရားကြီးကလည်း လက်ခံတော်မူမည်မဟုတ်ပါ'

'တပည့်တော်ကလည်း ပြောဆိုရန် ကြွသွားမည့်ဆရာတော်များကို စစ်ရေးအရ ကြွသွားခွင့်ပြုနိုင်တော့မည် မဟုတ်ပါသဖြင့် ဆရာတော်တို့ အလျင်အမြန် နေပြည်တော်သို့သာ ပြန်လည်ကြွသွားတော်မူကြပါ. . .'ဟူ၍ လျှောက်တင်သောကြောင့် မင်းတုန်းမင်းထံ မေတ္တာရပ်ခံမည့်ဆရာတော်ဘုရားများလည်း ရှေ့ဆက်ကြွမသွားသာတော့ဘဲ အမရပူရမြို့သို့ ပြန်ကြွခဲ့ရပြီး၊ ပုဂံမင်းတရားကြီးအား အကျိုးအကြောင်းမိန့်ကြားရလေတော့သည်။

ထိုအခါ ပုဂံမင်းတရားကြီးသည် ညီတော် မင်းတုန်းမင်း၊ ကနောင်မင်းတို့နောက်သို့တိုက်ခိုက်ရန် စေလွှတ်သောတပ်များ ရှုံးနိမ့်ဆုတ်ခွာလာကြရာတွင် ကြွင်းကျန်သောတပ်သားများ စုပေါင်းသိမ်းဆုတ်ခဲ့စေပြီး၊ မြို့တွင်းမှာပင် ထားရှိရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သလုံးဝန်ကြီးသည်လည်း စစ်ကိုင်းမြို့၌တပ်စွဲပြီး မြစ်အရှေ့ဘက်ကူး ရန် စီစဉ်လျက်ရှိလေသည်။

ထိုသို့ရှိနေစဉ်တွင် မင်းတုန်းမင်းတရားသည် ပြည်မြို့သို့ရောက်ရှိနေသော အင်္ဂလိပ်စစ်ဗိုလ်အကြီးအကဲများထံသို့ တမန်များစေလွှတ်၍ စစ်ချီစစ်တက်များ ရပ်ဆိုင်းထားစေလိုကြောင်း၊ မိမိသည် မကြာမီ အမရပူရနန်းတော်ကို သိမ်းယူ တော့မည်ဖြစ်၍ အင်္ဂလိပ်တို့နှင့် မိမိသည် မဟာမိတ်အဖြစ် ဆက်လက်တည်ရှိနေလို ကြောင်း သဝဏ်လွှာတော်ပါးလိုက်လေသည်။

မင်းတုန်းမင်းတရားထံမှ ပြည်မြို့ရှိ အင်္ဂလိပ်စစ်ဗိုလ်တို့ထံ စေလွှတ်ခန့်ထားသူ တမန်တော်များကား ကုလားဝန် မဟာမင်းခေါင် သီဟသူမဏ္ဍတစ်နှင့် အမြောက်ဝန် မင်းလှသီရိမင်းတင်တို့ခေါင်းဆောင်သော အဖွဲ့ဖြစ်လေသည်။ ထိုအချိန်မှစ၍ အင်္ဂလိပ်စစ်တပ်များသည် အထက်မြန်မာပြည်သို့ ချီတက်တိုက်ခိုက်ခြင်းမှ ရပ်နားထားကြလေသည်။

မင်းတုန်းမင်းတရားသည် အမြော်အမြင်ကြီးသော မင်းတစ်ပါးဖြစ်သည့်အား လျော်စွာ မြန်မာတစ်နိုင်ငံလုံးကို မျိုတော့မည်ဟုပြင်နေသော အင်္ဂလိပ်နယ်ချဲ့ ငန်းတော်ရေမြွေကြီးအား ချေင်စွာနှင့် ရုတ်တရက်ဟန့်တားထားနိုင်ခဲ့လေသည်။

နယ်ချဲ့အင်္ဂလိပ်များသည် ထိုအချိန်က အိန္ဒိယပြည်ကြီးတစ်ပြည်လုံးကို နည်း အမျိုးမျိုးနှင့် သိမ်းကျုံးရယူထားပြီး၊ မလေးကျွန်းဆွယ်ကိုပါ ဝါးမျိုပြီးသား ဖြစ်နေရာ၊ မြန်မာပြည်ကွက်ကွက် ကလေးကိုလည်း အပြီးအစီးစားမျိုရန် ဟန်ပြင်ထားပြီး ဖြစ်သည်။

သို့ရာတွင် သံလျင်ကျွန်းတွင် ခြေကုပ်ယူခဲ့သူ ဇဇင်ကာကို ညောင်ရမ်းမင်းက လည်းကောင်း၊ ဟိုင်းကြီးကျွန်းတွင် ခြေကုပ်လာသူ အင်္ဂလိပ်နယ်ချဲ့တို့အား အလောင်းမင်းတရားကြီးကလည်းကောင်း၊ ပြင်းပြင်းထန်ထန် သုတ်သင်တွန်းလှန်နိုင် ခဲ့ခြင်းတို့ကြောင့် နှစ်အတန်ကြာ တန့်ဆိုင်းသွားခဲ့ရလေသည်။

သို့သော် ဘကြီးတော်မင်းလက်ထက်မှာ ပျော့ကွက်ကိုရှာ၍ နှိုက်ယူလိုက်ပြန် သဖြင့် ရခိုင်နှင့်တနင်္သာရီကမ်းရိုး တစ်လျှောက်တည်းဟူသော မြန်မာပြည်၏ ခြေသလုံးကိုစ၍မျိုခဲ့ရပြီး ရွှေဘိုမင်းလက်ထက် ခေတ္တတန့်နားနေပြန်ကာ ပျော့ညံ့ ရှာသော ပုဂံမင်းတရား လက်ထက်တွင်မူ နယ်ချဲ့ငန်းမြွေသည် 'ခါး' အထိဆက်၍ မျိုလိုက်ပြန်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပုဂံမင်းနန်းကျပြီ

ပုဂံမင်းသည် ညီတော်မင်းတုန်းမင်းနှင့် ပြေရာပြေကြောင်း ဆရာတော်များ မေတ္တာရပ်ခံခြင်းကိစ္စက မအောင်မြင်ခဲ့သည့် နောက်ပိုင်းတွင် မိမိထံ၌ ရှိသမျှသော တပ်သားများနှင့် လက်နက်ခဲယမ်းများကို စုရုံးစေခြင်း၊ အောက်နိုင်ငံတစ်ဝိုက် ပြန့်နေသော တပ်တော်များကို ပြန်လည်သိမ်းရုံးစုဆောင်း၍ စစ်အင်အားဖြည့်တင်းပြီးလျှင် အမရပူရမြို့ လေးမျက်နှာမှနေ၍ ရောက်လာသမျှ ရန်သူတပ်များကို ခုခံတိုက်ခိုက်စေရန်သာ စီမံတော်မူရလေသည်။

ထို့ကြောင့် နေပြည်တော် အမရပူရမြို့ထိပ်မှ ဗုံး၊ အမြောက်၊ သေနတ် လက်နက်ကိရိယာများနှင့် ဗိုလ်မှူး၊ တပ်မှူး၊ ရဲမက်၊ အမှုထမ်းများ အပြည့်အစုံ တင်ထားစေပြီးလျှင် မြို့တော်၏ တံခါးတစ်ဆယ့်နှစ်ရပ်တို့ကိုပိတ်ထားပြီး ခုခံစေရန် ပြင်ဆင်ထားရလေသည်။

မြို့တော်၏ မြောက်မျက်နှာတွင် လူပေါင်းတစ်ထောင်ကျော် အမြောက်မှူး၊ အမြောက်တပ်သားများနှင့် အမြောက် ၁၅၊ စိန်ပြောင်း ၂၀-နှင့် အတွင်းကိုယ်ရံတော်၊ မြောက်ဒဝယ်ဗိုလ်၊ သေနတ်စာရေး၊ သွေးသောက် လူအမြောက်အမြားနှင့် ရေနံချောင်းမြို့စား ကျီဝန်၊ ဝန်ကြီးသတိုးမင်းကြီး မဟာသက်တော်ရှည်က ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်စေသည်။

ရွှေမြို့တော်၏ အရှေ့မျက်နှာတွင်လည်း မြောက်မျက်နှာနည်းတူ အမြောက်၊ စိန်ပြောင်းလက်နက်စုံနှင့် လူပေါင်းမြောက်မြားစွာကို မေရဥယမြို့စား ဆင်ဝန်အတွင်းဝန် သတိုးမင်းကြီး မဟာမင်းခေါင်မင်းတင်ကို ဗိုလ်ချုပ်ခန့်၍ ကြီးကြပ်စေရသည်။ လွတ်မြောက်ထွက်ပြေးလာခဲ့ရသူ ပုဏ္ဏားဝန်လည်း ၎င်းအရှေ့မျက်နှာ တပ်တွင် ပါဝင်လေသည်။

ရွှေမြို့တော်၏ တောင်မျက်နှာမှာလည်း ၎င်းနည်းတူ အမြောက်စိန်ပြောင်း လက်နက်များနှင့် တပ်ဗိုလ်၊ တပ်မှူး တပ်သားများစွာတို့ကို မြန်အောင်မြို့စား အတွင်းဝန် သတိုးမင်းကြီးမဟာမင်းလှမင်းကျော်ကို ဗိုလ်ချုပ်ခန့်၍ ကွပ်ကဲစေသည်။

ရွှေမြို့တော်အနောက်မျက်နှာတွင်လည်း အများနည်းတူ အမြောက်စိန်ပြောင်း လက်နက်အပြည့်အစုံ တပ်ဗိုလ်၊ တပ်မှူး၊ တပ်သားအများကို ညီတော်လှိုင်မြို့စား မင်းသား သီရိမဟာဓမ္မရာဇာကို ဗိုလ်ချုပ်ခန့်၍ ကွပ်ကဲစေသည်။

ယင်းသို့လျှင် မြို့တော် လေးမျက်နှာတို့၌ အစောင့်အနေ လက်နက်အပြည့်နှင့် နေရာချထားပြီး ပုဂံမင်းတရားကြီးကိုယ်တော်တိုင်လည်း ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မင်းညီမင်းသားများနှင့်အတူ ရွှေမြို့တော်ပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တပ်ဗိုလ်၊ တပ်မှူးနှင့် တပ်သားများကို အားပေးတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကို သလုံးဝန်ကြီး ကြားသိရလေလျှင် မိမိစစ်တပ်ကြီးကို ထပ်မံဖြည့်တင်း၍ တပ်ပေါင်းလေးတပ်ခွဲလိုက်သည်။ အမရပူရမြို့လေးမျက်နှာကို မိမိတို့၏ တပ်လေးတပ်က ဝိုင်း၍တိုက်ခိုက်ရန် ဖြစ်လေသည်။ တပ်များ၌ မူလ ရဲဘက်သတ္တိခဲများအပြင် နောက်ထပ်မစဲအောင် ဝင်ရောက်အမှုထမ်းလာကြသော သူရဲကောင်းများကိုလည်း ထိုတပ်ထဲတွင် ဖြည့်ဆည်းထည့်သွင်း လိုက်လေသည်။

ထို့ကြောင့် ကျောက်ဆည်ဝန်မောင်မှုံ၊ ဗိုလ်မောင်ကံကြီး၊ မောင်ပက်၊ ဗိုလ်မောင်ခုံ၊ ဗိုလ်မောင်ကျော်၊ ဗိုလ်မောင်ရ၊ ဗိုလ်မြတ်ထွန်း၊ ဗိုလ်ရောက်၊ ဗိုလ်မောင်ကျီ၊ ဗိုလ်ဝိုင်းတို့နှင့် အမှုထမ်းလူနှစ်ထောင်ကျော်ကို မတ္တရာဝန်ဗိုလ်ဘေးကို အုပ်ချုပ်စေပြီး အမရပူရမြို့ အရှေ့မျက်နှာ မြို့ခြေမြို့ရင်းအထိ ချဉ်းကပ်ဝိုင်းဝန်းတိုက်ခိုက်ရန် စေလွှတ်သည်။

အမရပူရမြို့ တောင်မျက်နှာကို တိုက်ရမည့်တပ်ကို လူနှစ်ထောင်ကျော်နှင့် တောင်ဗိုလ် မြင်းခေါင်းမဟာမင်းခေါင်သူရိန်အား ကြီးမှူးအုပ်ချုပ်စေပြီး မြင်းခေါင်းမင်းသားများ ဖြစ်ကြသော ဗိုလ်တူ၊ ပင်လယ် မြင်းခေါင်းမောင်ရှမ်း၊ ဗိုလ်ထွန်းကျော်၊ ဗိုလ်မောင်မြစ်၊ နွားတိုး မြင်းခေါင်းမောင်စိုး၊ ဗိုလ်မောင်မိတ်၊ ဆံမြိတ်ရှည် မြင်းခေါင်း မောင်ဘိုး၊ မင်းလှမြင်းခေါင်း မောင်အင်း၊ ကံ့တောင်မြင်းခေါင်းမောင်ပါကြီး၊ ကုန်းတောင်းမြင်းခေါင်းမောင်ရွှေရင်း၊ လမျှုံးမြင်းခေါင်းမောင်ဆား၊ မြို့ကြီးမြင်းခေါင်း မောင်မင်းရာ၊ ဝဲလောင်မြင်းခေါင်းမောင်အင်း၊ အင်းကန်းမြင်းခေါင်း မောင်ရာပိုင်၊ ကုက္ကိုစည်းမြင်းခေါင်းမောင်စု၊ သပြေဝမြင်းခေါင်း မောင်ကြံ၊ ရုံးစင်မြင်းခေါင်း မောင်သား၊ ကျောက်ဆောက်မြင်းခေါင်း၊ လက်စဲမြင်းခေါင်းနှင့် ရွှေပြည်ရန်အောင်မြင်းအမှုထမ်းတို့ ဖြစ်လေသည်။

အမရပူရမြို့ အနောက်ဘက်မျက်နှာက ဝင်တိုက်ရမည့် တပ်ဖွဲ့တွင် လူနှစ်ထောင်ကျော်နှင့် ဗိုလ်မောင်ဖား၊ မြတောင်မြို့သူကြီး မောင်ဘိုး၊ မြို့ဝန်အောင် ပင်လယ်လမိုင်းဝန် မဟာမင်းကျော်မင်းခေါင်တို့ဦးစီး၍ ၎င်းတို့အပေါ်မှာ ပန်းဘဲအတွင်းဝန်ဟောင်း၊ မင်းကြီးမဟာမင်းလှကျော်သူကို ဗိုလ်ချုပ်ခန့်အပ်၍ လွှတ်သည်။

အမရပူရမြို့ မြောက်ဘက် မျက်နှာအတွက်လည်း တပ်သားနှစ်ထောင်ကျော် လက်နက်စုံနှင့်တကွ ဗိုလ်မောင်ခက်၊ လဲချား စစ်ကဲမောင်ရွှေအို၊ ဗိုလ်မောင်ထား၊ ဗိုလ်ရွှေသားတို့ အုပ်စီးပြီး ၎င်းတို့အပေါ်မှ မြောက်ဘက်လှတောကြီး မြင်းတပ်ဗိုလ် ဗိုလ်ပြင်ကို ဗိုလ်ချုပ်အဖြစ်ခန့်အပ်၍ စေလွှတ်လေသည်။

ထိုတပ်ပေါင်းလေးတပ်သည် အမရပူရမြို့၏ လေးမျက်နှာတို့၌ ပိတ်ဆို့ ဝိုင်းရံထားလေသည်။

မြို့တွင်းမှ ပုဂံမင်း၏ တပ်သားများလည်း မြို့တံခါးများ အလုံပိတ်ဆို့၍ မြို့ရိုး



www.burmeseclassic.com

www.burmeseclassic.com



မြို့ထိပ်တို့မှ အမြောက်စိန်ပြောင်းများနှင့်ပစ်ခတ်ကာ မြို့ရိုးအနီးသို့ ချဉ်းကပ်လာ သမျှ မင်းတုန်းမင်း၏တပ်များကို အစွမ်းကုန်ခုခံနေကြရလေသည်။

ယင်းသို့ သလုံးဝန်ကြီး၏ တပ်လေးတပ်က မြို့လေးမျက်နှာတွင် ဝိုင်းမိနေစဉ် ရတနာသိယ် ရွှေဘိုမြို့မှ ကနောင်မင်းသားကြီး ကိုယ်တိုင်ဦးစီးလျက် လက်နက်ကိုင် စစ်ဗိုလ်၊ စစ်ကဲ၊ စစ်သားပေါင်း ငါးထောင်ကျော်နှင့် စစ်ကိုင်းကြောင်း ချီတက်လာ ပြန်သည်။ ဤတွင် စစ်သည် အင်အားကလည်း များသည်ထက် များခဲ့ပြန်လေသည်။

ကနောင်မင်းသားကြီး စစ်ကိုင်းတွင် တပ်စွဲမိချိန်တွင်လည်း မိုးညှင်းမင်းသား သားအဖနှင့် တပ်စုတပ်ပျက် ပန်းညိုတောအရပ်၌ ပုန်းအောင်း ရှောင်တိမ်းနေရာမှ တလုတ်မြို့ဝန်ကြီးက ဖမ်းဆီးရမိ၍ ဆက်သလာပြန်သည်။

အင်္ဂလိပ်နှင့် စစ်တိုက်ရန် စေလွှတ်ထားသော ဟံသာဝတီကြောင်း၊ ပုသိမ် ကြောင်း၊ မုတ္တမကြောင်းတို့ကို ချီတက်ခဲ့သမျှ ပြန်လာကြသော စစ်ကဲ၊ နားခံ၊ တပ်မှူး၊ တပ်အုပ်နှင့် ဗိုလ်မှူးတပ်မှူးအပေါင်းတို့နှင့် ရဲမက်အမှုထမ်းများသည်လည်း အမရပူရမြို့သို့မဝင်ဘဲ၊ စစ်ကိုင်းရှိ ကနောင်မင်းသားကြီးထံသို့ချည်း ဝင်ရောက်ပူး ပေါင်း အမှုထမ်းကြပြန်လေသည်။

ကနောင်မင်းသားကြီးသည် သလုံးဝန်ကြီးထံသို့ 'အမရပူရမြို့ကို ဝန်းရံထားရုံမျှ မဟုတ်၊ မြို့ပေါက်အောင် အမြန်တိုက်ခိုက်သိမ်းယူရမည်'ဟု မြင်းစေကျော်နှင့် စေလွှတ်မိန့်ကြားလိုက်သော အမိန့်တော်စာကိုရရှိသောအခါ ဗိုလ်ချုပ်ဝန်ကြီးကအစ ပြု၍ တပ်မှူး၊ တပ်ဗိုလ်အပေါင်းနှင့်တကွ ရဲမက်စစ်သည်တော်တို့သည် သူ့ထက်ငါ မဆုတ်မနစ်သောလုံ့လဖြင့် မြို့ရင်းမြို့ခြေသို့ ချဉ်းကပ်တိုက်ခိုက် ပစ်ခတ်ကြလေ တော့၏။ မြို့တွင်းမှလည်း လက်နက် ခဲယမ်းမီးကျောက် အမြောက် စိန်ပြောင်းတို့ ဖြောဖြောပစ်ခတ် ခုခံလျက်ရှိလေရာ၊ တိုက်ပွဲကြီးသည် ပြင်းထန်သည်ထက် ပြင်းထန် လာလေ၏။

အမရပူရမြို့တွင်းမှ ခုခံသူ ဆင်ကြိုးရွှေကူဘုရားအနီး အရှေ့ဘက်မြို့စီး၊ မြောက်ဒဝယ်ဗိုလ် ခဲပေါင်မြို့စား မဟာမင်းခေါင်ရာဇာ ကျဆုံးသွားပြီးလျှင်၊ မြို့တွင်း အနောက်မျက်နှာ စည်းရှည်တံခါးအနီးမှ ဦးစီးတိုက်ခိုက်ရသူ မြို့စီးအမြောက်ဝန် မင်းကြီး မဟာမင်းတင်မင်းခေါင်မှာလည်း ကျည်သင့်၍ကျဆုံးရလေသည်။

ယင်းသို့ နှစ်ဦးနှစ်ဖက် အကြိတ်အနယ်ရှိနေစဉ် မြို့တွင်းမှလူများက မြို့ပြင်က တပ်သားများအား 'ဟံသာဝတီစစ်ကြောင်းချီ၊ မုတ္တမကြောင်းချီ စစ်တပ်ကြီးများ ပြန်လာနေပြီ၊ မြို့ပြင်မှ ရန်သူစစ်တပ်များကို သူတို့စစ်တပ်ကြီးနှင့် ဝိုင်းထားလိမ့်မည်' ဟု ဝါဒဖြန့်လိုက်ကြသည်။

ဤတွင် ကနောင်မင်းထံ ဝင်ရောက်ပူးပေါင်းနေကြပြီဖြစ်သော ဟံသာဝတီ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းချီ ဗိုလ်ချုပ်ဖြစ်သူ ကျောက်ပန်းတောင်းမြို့စား ဝန်ကြီးသတိုးသုဓမ္မမဟာမင်းခေါင် ဦးရွှေကြည်နှင့် မုတ္တမကြောင်းချီ ဗိုလ်မှူးစစ်တောင်းမြို့စား ဝန်ကြီးသတိုးမင်းရဲမင်းခေါင် ဦးကျောက်လုံးတို့ကို သူတို့၏နောက်ပါ ဗိုလ်မှူးတပ်သားများကိုပါ အမရပူရမြို့ပြင်၊ လေးမျက်နှာအရပ်မှနေ၍ လှည့်လည်ပြသလိုက်ရလေသည်။

ဤတွင် မြို့တွင်းမှခုခံနေသော တပ်သားတို့သည် စိတ်ဓာတ်ပျက်ပြား ကျဆင်းကုန်ကြလေသည်။ မိမိတို့အားထားရာတပ်ကြီးမှ မိမိတို့၏ ဆွေမျိုးသားချင်း၊ ညီရင်းအစ်ကိုတို့မှာ မင်းတုန်းမင်း၊ ကနောင်မင်းတို့ဘက်၌ ဝင်ရောက်အမှုထမ်းနေကြပြီကို သိရသဖြင့်လည်း သူတို့ကိုင်စွဲထားရသော လက်နက်များနှင့်အတူ မြို့ရိုးထိပ်ပေါ်မှ ခုန်ဆင်းချပြီး၊ အပြင်မှဝိုင်းထားသော တပ်တွင်းသို့ ရောက်လာကြလေသည်။ အပြင်တပ်ကလည်း ၎င်းတို့လက်နက်များကို သိမ်းယူကာ သူတို့သွားလိုရာ သားမယားဆွေမျိုးများထံရောက်အောင် ပို့ပေးလိုက်ကြပြီး၊ အချို့လည်း ကနောင်မင်းတပ်တွင် ဝင်ရောက်အမှုတော်ထမ်းကြပြန်လေသည်။

မြို့တွင်းမှ ခုခံနေသူများလည်း အင်အားဆုတ်ယုတ်လျက်ရှိသောကြောင့် စုရုံးမိသမျှတို့ကို ထပ်မံစုရုံးပြီး ဆက်လက်ခုခံကြရပြန်သည်။ ထိုခုခံရသူများ အပေါ်တွင် လိုင်မြို့စားမင်းသား သီရိမဟာဓမ္မရာဇာနှင့် မြို့စီးမှူးတော်မတ်တော်တို့ အုပ်ချုပ် လျက် အမရပူရမြို့ လေးမျက်နှာမှ ထပ်မံခုခံကြရပြန်သည်။

လိုင်မင်းသားသည် မြို့တွင်းမှခုခံရုံမျှမက မြို့ပြင်သို့လည်းထွက်၍ တိုက်ခိုက်လေသည်။ လိုင်မြို့စားမင်းသားသည် ဤစစ်ပွဲ၌ အစွမ်းကုန် ကိုယ်တိုင်ဦးစီးတိုက်ခိုက်လျက် မြို့ပြင်ဘက်တောင်မျက်နှာ နန္ဒမူတံခါးကထွက်၍ အနောက်တောင် အရပ်မှာပင် သူ၏စုရုံးထားသော တပ်သားတစ်ထောင်ကျော်နှင့် တပ်စွဲထားပြီး၊ ချဉ်းကပ်လာသော ရွှေဘိုတပ်သားများကို ခုခံလျက်ရှိနေသည်။

သို့သော် ထိုနေ့နံနက်ပိုင်းမှာတွင် အခြေအနေက တစ်မျိုးပြောင်းလဲခဲ့ရသည်။ ဖြစ်ပုံမှာ ကျောက်မော်မြို့စားဝန်ကြီး သတိုးမင်းကြီးမဟာ မင်းလှသီဟသူ ဦးကြာဥသည် ပုဂံမင်းထံပါး၌ အမှုထမ်းလျက်ရှိသော်လည်း အမှန်စင်စစ်က မင်းတုန်းမင်း၊ ကနောင်မင်းတို့ကို စိတ်ညွတ်ယိမ်းပါးနေသူဖြစ်သည်။ ပုဂံမင်းအဖို့ ငါ့လူဆိုပေမင့် သူ့ဘက်သားဖြစ်နေသည်။ စစ်ကိုင်း၌ တပ်စွဲထားသော ကနောင်မင်းသားကြီးနှင့်လည်း အမှာအထား၊ အချိတ်အဆက်ရှိလေသည်။

သို့ကြောင့် ယနေ့နံနက်အဖို့ ပုဂံမင်းတရားထံမှ ညီလာခံပွဲလာကြသူ ဝန်ကြီး၊ အတွင်းဝန်များနှင့်အတူ လွှတ်တော်တွင် စုရုံးမိကြသောအခါ ကျောက်မော်မြို့စားဝန်ကြီးသည် အလုံအတွင်း ကိုယ်ရံတော်များနှင့် တိုင်ပင်စည်းကြပ်ပြီးသားဖြစ်သည့်အတိုင်း လွှတ်တော်မှာစုရုံးနေသော ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်များဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရေနံချောင်းမြို့စား ကျီဝန်ဦးပွား၊ အတွင်းဝန် ဦးပို၊ ဦးပုတ်စည်၊ ဝန်ထောက် ဦးထော်နီ၊ ဦးရွဲတို့ကိုလည်းကောင်း၊ ဝန်စုရ မျှူးမတ် မြို့စီးပြစီးအရာရှိအားလုံးတို့ကို လည်း ကောင်း၊ ရုတ်တရက် ချည်နှောင်ဖမ်းဆီးလိုက်ကြလေသည်။

ကျောက်မော်မြို့စား ဝန်ကြီးခေါင်းဆောင်သော ကိုယ်ရံတော်တပ်သားများက ယင်းသို့ ဝန်ကြီး၊ အတွင်းဝန်တို့ကို ရုတ်တရက်ဖမ်းဆီးချည်နှောင်လိုက်သဖြင့် နန်းတွင်း၌ ရုတ်ရုတ်သဲသဲရှိနေစဉ်မှာပင် ရွှေမြို့တော်မြောက်ဘက်မျက်နှာက မြို့တံခါးပေါက်သွားပြီး ကနောင်မင်းတပ်မှ ကိုယ်ရံတော်ဗိုလ်မျှူးများ တပ်မျှူးများ မြို့တွင်းသို့ ပြုံဆင်းဝင်ရောက်လာနိုင်ကြပြီဖြစ်ရာ မြို့တွင်းမှာလည်း ရုတ်ရုတ်သဲသဲ အသံများ လွှမ်းနေလေတော့သည်။

မြို့ပြင် တောင်မျက်နှာတွင်ရောက်ရှိနေသူ လိုင်မြို့စားမင်းသားသည် မြို့မြောက် တံခါးကျိုးပေါက်၍ မြို့တွင်းမှ သဲသဲရုတ်ရုတ်အသံများကြားရသောအခါ သူ၏ ရဲမက် စစ်သည်တော်တို့ကိုစုရုံး၍ နန္ဒမူတံခါးမှ မြို့တွင်းသို့ဝင်ရောက်လာပြီး ဈေးကြီး အနီးသို့ရောက်သောအခါ ကနောင်မင်း တပ်သားများနှင့်ရင်ဆိုင်၍ အပြိုင်တိုက်ခိုက် ရလေသည်။

သို့သော် လိုင်မြို့စားမင်းသား သီရိမဟာဓမ္မရာဇာသည် ၎င်းတိုက်ပွဲ၌ပင် ကျဆုံးရရှာလေတော့၏။

မင်းတုန်းမင်း၊ ကနောင်မင်းတို့ အမရပူရမြို့တော်မှ ထွက်ခွာသည့်နေ့၊ ၁၂၁၄ ခု၊ ပြာသိုလဆန်း ၈ ရက်၊ အင်္ဂလိပ် ၁၈၅၂ ခု၊ ဒီဇင်ဘာလ ၁၇ ရက်မှစ၍ ယခု မြို့တံခါးပေါက်၍ အမရပူရမြို့တော်ကို သိမ်းပိုက်မိသောရက်မှာ ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်၊ ၁၈၅၃ ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့အထိ၊ နှစ်လကျော်ကျော်ကလေးနှင့် အောင်မြင်ခဲ့ခြင်းဖြစ်လေသည်။

## မင်းညီနောင်၏အောင်မြင်မှု

မင်းညီနောင်တို့၏ အောင်မြင်မှုသည် ရက်ပေါင်း ၆၃ ရက်နှင့် အမရပူရမြို့တော်ကို သိမ်းမိရလေသည်။ မင်းတုန်းမင်း၏ ဘုန်းကံပါရမီနှင့် ညီတော်ကနောင်မင်း၏ လက်ရုံးရည်တို့အပြင်၊ ပါဝင်အမှုထမ်းကြသူများ၏ စိတ်အားထက်သန်မှုများပေါ်တွင် အခြေတည်လေသည်ဟု ဆိုရပါမည်။

အမရပူရမြို့တော်ကို သိမ်းပိုက်မိသောအခါ ကနောင်မင်းသားသည် ရတနာသိယ်ရွှေဘိုမြို့တွင် စံနေတော်မူသော နောင်တော် မင်းတုန်းမင်းတရားကြီးထံတော်သို့ မြို့ကိုသိမ်းမိ၍ အောင်မှုပြီးဆုံးကြောင်း သံတော်ဦးတင်လျှာဆက်သရန် စေလွှတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကနောင်မင်းသားကြီးသည် အမရပူရမြို့သို့ရောက်သောအခါ မြို့၏မြောက်မျက်နှာရှိ ရွှေနန်းတော်တွင် တစ်ညဥ့်စံနေတော်မူပြီးနောက် လွှတ်တော်သို့ ပြောင်းလွှဲစံနေတော်မူလေသည်။ ထိုမှနေ၍ အုပ်ချုပ်မှုများကို စတင်လေသည်။

မြို့တော် တစ်ဆယ့်နှစ်ရပ်သောတံခါး၊ ရွှေနန်းတော်ဝင်း လေးမျက်နှာတံခါးနှင့် တံခါးနီတော်များတွင် မိမိပါတပ်တော်များမှ ဗိုလ်များ၊ ရဲမက်အမှုထမ်းများတို့ကို အသီးသီးအမှုထမ်းပေးအပ်၍ အစောင့်အနေခန့်ထားတော်မူလိုက်သည်။

ယခင်က မသင့်မတင့်ကြံစည်ခဲ့သူ ပုဏ္ဏားဝန် အစရှိသူနှင့် တပ်မှူး၊ ဗိုလ်မှူး၊ မင်းညီမင်းသား၊ အမှုထမ်းများကို စစ်ဆေးရွေးချယ်၍ အပြစ်အလျောက် သန့်ရှင်းစီရင်တော်မူလေသည်။

ရွှေနန်းတော်အတွင်းရှိ ဓား၊ လှံ၊ သေနတ်၊ လက်နက်ကိရိယာများကိုလည်း သလုံးဝန်ကြီးနှင့် ကျောက်မော်မြို့စား ဝန်ကြီးတို့၏လွှတ်တော်က ကြီးကြပ်သိမ်းယူရလေသည်။

ဘုရင်ဆောင်းသော မကိုဋ်သုံးဆူနှင့် သင်းကျစ်တော်မှစ၍ မင်းမြောက်တန်ဆာငါးပါးကိုလည်း လွှတ်တော်သို့ထုတ်၍ ရတနာသိယ်ရွှေဘိုမြို့ နောင်တော်မင်းတုန်းမင်းတရားကြီးထံတော်သို့ တပ်ဝင်း အခင်းအကျင်းများနှင့် ကြီးကျယ်ခမ်းနားစွာဆောင်ယူ ဆက်သစေသည်။

ရတနာသိယ်မြို့မှ မင်းတုန်းမင်းတရားကြီးသည် ညီတော်ကနောင်မင်းသားကြီးထံသို့ အမိန့်တော်ရှိလိုက်သည်မှာ 'နောင်တော် နန်းကျပုဂံမင်းတရားကြီးအား ရွှေနန်းတော်ပေါ်၌ကြိုက်ရာ အဆောင်တော်ဖြစ်သော အလယ်နန်းတော်မိဖုရားအဆောင်တော်တွင် မိဖုရားတို့နှင့် စံနေစေရမည်'ဟုဆိုသောကြောင့် ပုဂံမင်းသည် မိဖုရားနှင့်အတူ ထိုအဆောင်တော်မှ ချမ်းသာစွာနေတော်မူရလေသည်။

မင်းညီနောင်တို့သည် နောင်တော်ကြီး ပုဂံမင်းအပေါ်တွင် အမျက်တော်မထား။ ညီတော် နောင်တော်တို့ချစ်ခင်မှုကို ဖျက်လိုဖျက်ဆီးပြုမူခဲ့သော မင်းမြောက်များ ကိုသာ ရွေးချယ်၍ အရေးယူတော်မူကြပါသည်။

မင်းတုန်းမင်းတရားကြီးသည် အောင်မြင်မှုရပြီးနောက် ရတနာသိယ်ရွှေဘိုမြို့၌ စံနေချိန်မှာပင်၊ ထီးရုံနန်းရုံ အနီးအဝေးရပ်ရှိ စော်ဘွား၊ မြို့စားများသည် လာရောက်သစ္စာတော်ခံယူကြပြီး၊ ခရီးဝေး၍ ရုတ်တရက်မလာမရောက်နိုင်သော ထီးရုံနန်းရုံစော်ဘွား၊ မြို့စားများထံသို့မူ၊ ခြေရင်းတော်မှ လိမ္မာရေးခြားရှိသူ မျုးမတ်အရာရှိအကြီးအကဲများကို ရွေးချယ်စေလွှတ်၍ ထုံးစံနှင့်အညီ သစ္စာတော်ပေးကြစေသည်။

မျုးဟောင်း မတ်ဟောင်းတို့ လာရောက်ကြသည်ကိုလည်း သစ္စာတော်ပေး၍ လက်ခံတော်မူလေသည်။ သတိုးမင်းကြီး မဟာမင်းလှကျော်သူကို အဂ္ဂမဟာသေနာ



www.burmeseclassic.com

www.burmeseclassic.com



ပတိဝန်ကြီးခန့်တော်မူပြီးလျှင် မင်းကြီးမဟာသီဟသူ၊ လေ့သင်းဝန် မဟာဇေယသင်္ခယာ၊ မဟာမင်းကလေးတို့ကို အတွင်းဝန် ခန့်တော်မူလေသည်။

ရတနာသိင်္ဃနန်းတော်၌ မင်းတုန်းမင်းတရားကြီးသည် ထီးဆောင်း မဟာဥကင်တော်ဖွင့်သည်။ ပဟိုရ်ခေါင်းလောင်းတော်များ စ၍တီးရသည်။ ဥကင်တော်မဖွင့်မီကပင် ထုံးစံအတိုင်း နရည်းစရာတီးရသည်။

ယခင်မင်းတို့လက်ထက်က အန္တရာယ်ရှိ၍ သားမယား၊ အခြွေအရံတို့နှင့် တောတောင်ခိုအောင်းတိမ်းရှောင်သူ တောင်ပိုင်စော်ဘွား သီဟပဗ္ဗတရာဇာသည် အလိုအလျောက် မင်းတုန်းမင်းတရားကြီးအား ကြည်ညိုသဖြင့် သူ၏သားမယား၊ အခြွေအရံ တောင်ပိုင်စား အမတ်များနှင့်အတူ၊ လက်ဆောင်တော်များနှင့် သစ္စာခံဝင်ရောက်လာသဖြင့်၊ တောင်ပိုင်စော်ဘွားအား ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ရန် အမိန့်ရှိပြီး၊ မူလအုပ်စိုးမြဲ တောင်ပိုင်မြို့ စော်ဘွားရာထူးနှင့်အခွင့်အရေးများ ပေးသနား၍၊ အသပြာတစ်သောင်းထိုက်တန်သော ဒက်ဘယက်ပတ္တမြား မြစီ တစ်ဆယ့်ငါးသွယ်နှင့်အတူ စိန်ကျောက်ပတ္တမြား၊ မြ စသော လက်စွပ်များကို စော်ဘွားနှင့်သားမယားတို့ကိုပါ ပေးသနားလိုက်လေသည်။

မင်းတုန်းမင်းတရားကြီးအား တိုင်းနေပြည်သူများသာမက မြေမြင့်တောင်တန်းနေ စော်ဘွား၊ မြို့စားအားလုံးကလည်း ကြည်ညိုလိုလားကြကြောင်းကို ထင်ရှားစေသည်။

အမရပူရမြို့တော်တွင် ညီတော်ကနောင်မင်းက တိုင်းရေးပြည်မှုနှင့် မြို့တော်အုပ်ချုပ်မှုကို စီရင်ကွပ်ကဲလျက်ရှိနေပြီး ရတနာသိင်္ဃတွင် ထီးနန်းစံတော်မူနေသော နောင်တော်မင်းတုန်းမင်း တရားကြီးထံသို့ အစစအစီရင်ခံလျက်ရှိသည်။

ကနောင်မင်းသားကြီးသည် နောင်တော်မင်းတုန်းမင်းတရားကြီးအား ချစ်ခင်ကြည်ညိုစွာသော ညီတော်ရင်းချာပီပီ၊ နောင်တော်အား ချမ်းသာစွာနေရာထား၍ စံနေစေပြီးလျှင် မိမိသာလျှင် ရင်ဆိုင်ဖွယ်ရာရှိသမျှ ကိစ္စအရပ်ရပ်ကို ဆောင်ရွက်နေသူဖြစ်လေသည်။

သို့ကြောင့် ကနောင်မင်းသည် အမရပူရမြို့တော်တွင် ကျန်ရစ်နေခဲ့သော အစ်မတော် ၊ နှမတော်များကို ရတနာသိင်္ဃမြို့ရှိ မင်းတုန်းမင်းတရား၏စံနန်းတော်သို့ တပ်ဝင်းခင်းကျင်း၍ ပို့ပြန်လေသည်။ သက္ကရာဇ် ၁၂၁၄ ခုနှစ်၊ တန်ခူးလဆန်းနှစ်ရက်နေ့တွင် ရတနာသိင်္ဃမြို့ ဆိုက်ရောက်လာသူများမှာ . . .

နတ်ရွာစံ ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ မိဖုရားခေါင်ကြီးနှင့် သမီးတော် သီရိပဝရတိလောကရတနာ မင်္ဂလာဒေဝီ(စုဖုရားကြီး စကြာဒေဝီ)နှင့် အရီးတော် မြင်ကွန်းမြို့စား။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးတော်ဘုရား၏ နန်းမတော်(မယ်နု)မှ ဖွားမြင်တော်မူသော သမီးတော် သီရိတိလောက မဟာရတနာဒေဝီ(ဆင်ဖြူမရှင်)နှင့် ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ အနောက်နန်း မိဖုရားမှဖွားမြင်သော လှိုင်မြို့စားမင်းသမီး သီရိသုမြတ်စွာရတနာဒေဝီ(လှိုင်ထိပ်ခေါင်တင်)။

ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ မြောက်ဆောင်တော်မိဖုရားမှ ဖွားမြင်သော သမီးတော် ပင်းတလဲမြို့စား သီရိရတနာသုစန္ဒာဒေဝီနှင့် ၎င်း၏ညီမတော် ယင်းခဲမြို့စား မင်းသမီးတို့ဖြစ်လေသည်။

မင်းသမီးများစံနေရန် ရတနာသိယ်မြို့ စံနန်းတော်၏တောင်ဘက်တွင် ယာယီအဆောင်တော်များကိုလည်း ကြိုတင်၍ အလျင်အမြန်ဆောက်လုပ်ထားစေပါသည်။

မင်းတုန်းမင်းတရားကြီးသည် ဆိုက်ရောက်လာသော နှမတော်များနှင့် အရီးတော်များအား တယုတယ ကြိုဆိုတော်မူလေသည်။

သက္ကရာဇ် ၁၂၁၄ ခု၊ တန်ခူးလဆန်း ၃ ရက်ဖြစ်သော နောက်တစ်နေ့တွင်မူ အခါတော်ရသည့် အစီအရင်အတိုင်း 'လှိုင်ထိပ်ခေါင်တင်'နှင့် ယင်းခဲမြို့စား မင်းသမီးတို့မှတစ်ပါး နှမတော်များကို အခမ်းအနားဖြင့် မိဖုရားတင်မြှောက်တော်မူလေသည်။

မိဖုရားခေါင် အဂ္ဂမဟေသီ တောင်နန်းမတော်ကြီးအဖြစ် (စုဖုရားကြီး) ပုဂံမင်းနှမတော်အား မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင် မြေနန်းတော်သို့ လက်တွဲကြိုယူလျက် ဘိသိက်သွန်းလောင်း ခံတော်မူလေသည်။ ထိုအချိန်မှာ မင်းတုန်းမင်းတရားကြီး၏ သက်တော်က ၃၈ နှစ်၊ စုဖုရားကြီး၏သက်တော်က ၃၉ နှစ်ရှိလေပြီ။ ထို့နောက် ဘကြီးတော်ဘုရား၏ သမီးတော် စုဖုရား(ဆင်ဖြူမရှင်)အား အလယ်နန်း မိဖုရားတင်တော်မူလေသည်။

မင်းတုန်းမင်းတရားကြီး မင်းသားငယ်ဘဝကပင် အိမ်တော်ပါဖြစ်သော မြောက်ဆောင်တော်ခင်သဲအား သီရိမဟာရတနာမင်္ဂလာဒေဝီဘွဲ့နှင့် မြောက်နန်းမိဖုရားတင်တော်မူလေသည်။

နှမတော် ပင်းတလဲမြို့စား သီရိရတနာ သုစန္ဒာဒေဝီကို အနောက်နန်းမိဖုရားတင်မြှောက်လေသည်။ ကျန်ရှိသော ကိုယ်လုပ်တော်များကိုလည်း တောင်ဆောင်တော်၊ မြောက်ဆောင်တော်၊ တောင်ရွှေရေးဆောင်၊ မြောက်ရွှေရေးဆောင်မှစ၍ သူ့အထိုက်အလျောက် ချီးမြှင့်တော်မူလေသည်။

မယ်တော်မိဖုရား(စုဖုရားကြီးမယ်တော်)နှင့် အရီးတော် မြင်ကွန်းမြို့စားတို့ကိုလည်း ရွှေနန်းတော်အတွင်း စံနေစေလျက် လုပ်ကျွေးပြုစုတော်မူလေသည်။

နှမတော် လှိုင်မင်းသမီးနှင့် ယင်းခဲမင်းသမီးတို့မှာ အစ်မတော်များလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဘိသိက် ခံသွားပြီဖြစ်၍ မူလအဆောင်တွင် ခေတ္တစံနေတော်မူစေသည်။

လှိုင်ထိပ်ခေါင်တင်ကိုကား ညီတော်ကနောင်အိမ်ရှေ့မင်းနှင့် ထိမ်းမြားလက်ထပ်ရန် ရည်ရွယ်ထားပြီးဖြစ်သောကြောင့် ကနောင်မင်းသားကြီး အိမ်ရှေ့သိမ်းအခမ်းအနားနှင့်အတူ လက်ထပ်ပွဲကျင်းပရန် ရှိလေသည်။

ပုဂံမင်းတရားကြီးနှင့် ညီတော်မင်းတုန်းမင်းတို့ စစ်အင်ကျင်း၍ အခင်းဖြစ်ပွားခဲ့ကြသော အချိန်ကာလပိုင်းဖြစ်သည့် နှစ်လကျော် အခါသမယတွင် နန်းတွင်းသူများအတွက် ကွက်၍ဖော်ပြရမည်ဆိုလျှင် ရွှေနန်းတော်အနောက်ပိုင်းက မင်း၊ မိန်းမများသည် စစ်ကာလအချိန်အတွင်း ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ဗျာပါသောကများကြရမည် ဖြစ်စေကာမူ ယခုစစ်မှာ ညီအစ်ကိုချင်း ခင်းကြသောစစ်မျိုးဖြစ်ရာ မိမိတို့မိန်းမသား၊ နန်းတွင်းသူများအဖို့ မင်းညီနောင်များ၏ နှမသားချင်း၊ အဒေါ်အရင်း၊ မိကြီးအရင်းများချည်း နှင့်နှင့်ဖြစ်နေသောကြောင့် မည်သူနိုင်၍ မည်သူရှုံးသည် ဖြစ်စေ၊ မိမိတို့မောင်ဘွားများသာဖြစ်သောကြောင့် မိန်းမသားများကို အနိုင့်အထက်နှိပ်စက်ညှဉ်းပန်းခြင်းခံရမည် မဟုတ်သဖြင့် ပူပင်သင့်သလောက် ပူပင်ရန်မရှိခဲ့ကြပေ။

စုဖုရားကြီးအနေနှင့်မူ မိမိက မင်းတုန်းမင်းကို အခါပေးမိသူဖြစ်၍ မောင်တော်ကြီး ပုဂံမင်းသိရှိပါလျှင် အပြစ်တော်တင်ရုံမက အမျက်တော်ပင်ထားပေလိမ့်ဦးမည်ဟု ကြိုတင်သိမြင်တော်မူပြီးဖြစ်သည်။ သို့သော် ပုဂံမင်းအုပ်ချုပ်သော အခြေအနေမှာ နှစ်မြို့ဖွယ်ရာမရှိ။ အဂတိလိုက်စားနေသော မှူးကြီးမတ်ရာတို့ ချယ်လှယ်ရာရာကိုသာ တိုင်းပြည်ကခံနေရရှာသည်။

အောက်ပြည်ရပ်ရွာတွင်လည်း အင်္ဂလိပ်နယ်ချဲ့၏ လက်နက်အားကိုး အနိုင်ကျင့်နေမှုတွေကို တွန်းလှန်ဖြိုဖျက်နိုင်စွမ်းမရှိ ဖြစ်နေချိန်၊ ဤအတိုင်းအတာဆိုပါက ကြာလျှင် တစ်ပြည်လုံးဆုံး၍ သူတစ်ပါးကျွန် လုံးလုံးဖြစ်ရချိမ့်မည်ဟုလည်း စိုးရိမ်မိသည်။ သို့ကြောင့် မင်းတုန်းမင်းသားကြီး၏ စွမ်းပကားနှင့် လုပ်ရည်ကိုင်ရည်များကို အားထားယုံစားတော်မူခဲ့ခြင်းဖြစ်သည်။

ကြိုတင်တွက်ဆထားခဲ့သည့်အတိုင်းလည်း မင်းတုန်းမင်းက ရက်ပေါင်းခြောက်ဆယ်ကျော်ကလေးအတွင်းမှာပင် အောင်ပွဲရလာလေသည်။ အင်္ဂလိပ်နယ်ချဲ့၏စစ်ပွဲကိုလည်း သူ့နည်းသူ့ဟန်နှင့် ရပ်စဲစေခဲ့နိုင်ပြန်ရာ၊ အားကိုးအားထားပြုခဲ့သည့်အတိုင်း ထူးခြားမှုရှိလာသည်ကို တွေ့ရသောကြောင့် ကျေနပ်နှစ်သိမ့်မှု ရရှိတော့မည်တည်း။

ပုဂံမင်းသည် နှမတော် စုဖုရားကြီးလုပ်ဆောင်မှုကို မသိခဲ့ပေ။ နန်းကျပြီး နောင်အေးဆေးသောအခါကျရောက်မှ သိရှိရလေသည်။ ထိုအခါ၌ 'ငါတို့နှမများ တစ်မိ



www.burmeseclassic.com

www.burmeseclassic.com



ပေါက် မောင်အရင်းထက် အမိကွဲ မောင်ကိုစေတနာပိုပြီး၊ ဗေဒင်ယတြာနဲ့ အခါပေးလိုက်ခြင်းဟာ သူမိဖုရားဖြစ်ဖို့ ရည်ရွယ်ချက်ရှိပေတာကိုး. . .'ဟူ၍ ခနိုးခနဲ့ မိန့်တော်မူဖူးသည်ဟု နန်းတွင်းသူများမှတစ်ဆင့် သတင်းဖြစ်ပွား ကျယ်ပြန့်သွားခဲ့ဖူးပါသည်။

ယခုဆိုလျှင် ရတနာသိယ်မြို့တော်၌ မင်းတုန်းဘုရင်မင်းတရား ထီးနန်းစိုက်၍ နန်းသိမ်းပွဲဆင်နွှဲ၍ မိဖုရားခေါင်ကြီးပင် မြှောက်တင်ပြီးလေပြီ။

## အမြောက်စိုက်၏အခ

ညီတော် ကနောင်မင်းအတွက် အိမ်ရှေ့သိမ်းအခမ်းအနားကို တစ်ဆက်တည်းပြုရန်ရှိသေးသဖြင့် ရတနာသိယ်နန်းတော်၏ မြောက်ဘက်တွင် အိမ်ရှေ့အိမ်တော်ကို အမြန်ပြီးစီးအောင် ဆောက်လုပ်စေရသည်။

အိမ်တော်ပြီးလျှင် အိမ်ရှေ့နှင်းအပ်ပွဲ ကျင်းပရပေလိမ့်မည်။ အိမ်ရှေ့မိဖုရားဖြစ်ရမည့် လှိုင်မြို့စားမင်းသမီးကလေးကလည်း အသင့်ရောက်ရှိနေလေပြီ။ လှိုင်မင်းသမီးကလေး၏ အရွယ်တော်မှာလည်း ၁၉ နှစ်ပြည့်စ သက်တော် ၂၀ အဝင် အသွင်အပြင် ရူပနိကာယ်ဟာ ထူးခြားလှပလှသည်ဟု တစ်နန်းတော်လုံးက ရင်တီးလက်ခတ်ချီးကျူးနေကြသည်ဟု ကျော်ကြားနေလေသည်။

မင်းသမီးကလေးသည် ရူပကာယ လှပတင့်တယ်သည်မျှမက စာပေ ပရိယတ္တိကလည်း ကြွယ်ဝလှသည်။ ကဗျာလင်္ကာ အဖွဲ့အနွဲ့ကလည်း ပြောင်မြောက်လှသည်ဆိုသော သတင်းသည် အမရပူရမြို့တော် တစ်ဝန်းလုံးမက၊ ရတနာသိယ်မြို့တော်နှင့် တကွ တစ်ပြည်လုံးသို့ ပေါက်ရောက်လာခဲ့ပြန်သည်။

အိမ်ရှေ့မင်း အလောင်းအလျာဖြစ်သော ကနောင်မင်းသားကြီးသည် ယခုအချိန်အထိ ရတနာသိယ်မြို့သို့ ကြွရောက်မလာသေးပေ။ အမရပူရနန်းတော်မှာ ခေတ္တစံနေပြီး၊ တိုင်းပြည်ရေးရာ ထူထောင်စရာကိစ္စအဝဝတို့ကို နေသားတကျ စီမံခန့်ခွဲလျက်ရှိသည်။ နောင်တော် မင်းတုန်းမင်းတရားထံသို့ကား သတင်းများ အဆက်မပြတ်ပို့ခြင်း၊ လုပ်ဆောင်ဖွယ်ကိစ္စအရပ်ရပ်များကို မပြတ်အမိန့်တော်တောင်းခံခြင်းများ ပြုလျက်ရှိလေသည်။

သို့ကြောင့် အမရပူရနန်းတော်ဟောင်းတွင် နောင်တော် နန်းကျဘုရင်ပုဂံမင်းနှင့် မိဖုရားများ၊ ညီတော် ကနောင်မင်းသားနှင့် ကိုယ်လုပ်တော်တို့သာလျှင် စံနေလျက်ရှိကြလေသည်။

ရတနာသိယ်မြို့ စံအိမ်တော်က အိမ်ရှေ့မိဖုရားလောင်းဖြစ်နေသူ လှိုင်မြို့စားမင်းသမီး လှိုင်ထိပ်ခေါင်တင်မှာ ခြွေရံသင်းပင်းများနှင့်အတူ စံအိမ်တော်မှာ စံနေ



www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ မောင်တော် ကနောင်မင်းကြွလာတော်မူမည့် နေ့ရက်ကို စောင့်ဆိုင်းလျက် လက်ချိုးရေတွက်နေပေလိမ့်မည်။ သီချင်း၊ ဂီတနှင့် စာပေကဗျာများရေးသားရင်း အပျင်းဖြေတော်မူလိမ့်မည်။ ငယ်စဉ်အခါကစ၍ မိခင်အတွက် ရတက်မအေး ပူဆွေးခဲ့ရသော သောကကလေးများ လုံးဝကင်းပျောက်မှုရှိပြီဖြစ်၍ ရေးလက်စ ဝိဇယကာရီ ဇာတ်တော်ဝတ္ထုကြီးကိုလည်း ပုရပိုက်ပေါ်တွင် အက္ခရာတင်မြဲတင် လျက်ရှိလေရာ၊ လှိုင်ထိပ်ခေါင်တင် ရတနာသိမ်မြို့ရောက်သောအချိန်တွင် ရေးလက်စ ဝိဇယကာရီ ဇာတ်ဝတ္ထုကြီးမှာ ပထမတွဲပြီးဆုံးခါနီးနေလေပြီ။ ဝိဇယ ကာရီမင်းသားက သန္ဒေသူ သကနိတုံမင်းသမီးကို ကြံ့စည်ဆက်သွယ် မေတ္တာလှယ် နေသော အခန်းသို့တိုင် ရောက်လာပြီးဖြစ်သည်။

အရွယ်တော် နုနုငယ်ငယ်နှင့် လောကီရေးရာ ချစ်ကိစ္စမှာ ကိုယ်တွေ့ဗဟုသုတ မကြွယ်ဝသေးလင့်ကစား၊ ဇာတ်လမ်းဇာတ်ကွက်ကို လေးလေးနက်နက်နှင့် သဘော သဘာဝကိုကိုက်ညီအောင် စီစဉ်ရေးသားနိုင်စွမ်းရှိလေသည်။ ဝိဇယကာရီမင်းသားကို ဇာတ်လိုက်ဇာတ်ဆောင်ပြုထားပြီးမှ များစွာလှသော စိတ်သဘောအမျိုးမျိုးရှိသူ မင်းသမီးများနှင့် ချစ်ခင်ကျီစယ်၊ မေတ္တာလှယ်ပုံများကိုဝိသေသပြု၍ ရေးသားထား ခြင်းဖြစ်သောကြောင့် ထီးမူနန်းရာတို့ကို ချင့်ချိန်စာနာသိမှတ်ဖွယ်ရာ ဖြစ်လာလေ သည်။

ထိုခေတ်က မင်းညီမင်းသားများ၏ ထုံးစံဓလေ့အတိုင်း၊ လူပျိုဘော်ဝင်၍ အရွယ် ရောက်ပြီဆိုသောအချိန်ကစ၍ ပြုစုယုယရန် ကိုယ်လုပ်တော် မောင်းမများ ကိုယ်စီရှိ နေပြီဖြစ်သည်။ သို့သော် ထိုကိုယ်လုပ်တော် မောင်းမများသည် လက်ထပ်ပေးသော မင်းသမီးများကဲ့သို့ အခွင့်အရေးရှိသူများ မဟုတ်ကြပေ။

ထို့အတူပင် ယခုအသက်တော် ၃၃-နှစ်မျှ ရှိပြီဖြစ်သော မောင်တော် ကနောင် မင်းသားသည် ကိုယ်လုပ်တော်ကြီး ရှင်ကျေးအမှူးရှိသော ကိုယ်လုပ်တော်ကြီး သုံး-လေးယောက်နှင့် ကိုယ်လုပ်မောင်းမငယ်များရှိနေပြီး ဖြစ်ပါသည်။ သို့ရာတွင် လှိုင်ထိပ်ခေါင်တင် လက်ထပ်မိဖုရားအဖြစ်သို့ ရောက်ရှိသောအခါ ကိုယ်လုပ်တော် ရှင်ကျေးသည် မြောက်ဆောင်တွင်သာ နေရာရရမည် ဖြစ်ပါသည်။ ထိုစဉ်က ကိုယ်လုပ်တော် ရှင်ကျေးမှာ သားတော်၊ သမီးတော်ကလေး သုံးလေးယောက် ဖွားမြင် ထားသည်။ (နောင်သောအခါ ပတိမ်းမင်းသားနှင့် တောင်ညိုမင်းသမီး၊ စမွာယ်နဂို မင်းသမီး ဖြစ်လာမည့်သူများ) ယင်းသို့ထီးနန်းဓလေ့၊ ထီးနန်းထုံးစံအစဉ်အလာများ အရ ကိုယ်လုပ်မောင်းမ ဘယ်နှယောက်ပင်ထားသည်ဖြစ်စေ ထားနိုင်ခွင့်ရှိ၍ လက်ထပ်မင်းသမီးကိုမူ တစ်ဦးတည်းသာ အမြဲတမ်းနေရာပေး၍ လေးစားဂုဏ်ပြုရ သည်ချည်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ထိပ်ခေါင်တင်သည်လည်း ထိုကိစ္စမျိုးအတွက် ဝိတက်ဝိစာရ အထူးရှိလေတော့မည် မဟုတ်ပါလေ။ ထီးနန်းခလေ့ မင်းငွေ့၊ မင်းဟန်၊ မင်းထုံးစံကိုကား နားလည်လက်ခံရပေလိမ့်မည်။ သို့သော် ကနောင်မင်းသည် အမရပူရမြို့မှ ရတနာသိယ်မြို့သို့ ကြွချီတော်မူလာပြီး၊ အိမ်ရှေ့မင်းအဖြစ်ခံယူလျက် မိမိနှင့်မင်္ဂလာလက်ထပ်ပွဲ ဆင်နွှဲရမည့်နေ့ရက်ကိုမူကား စောင့်စားနေရပေသည်။

ဤတွင် အမျှော်စိုက်တေးတို့ကို ရေးသားရန် မူလအခြေခံ ဗီဇကလေး ပျိုးချထားပြီးသကဲ့သို့ ဖြစ်လာရပေတော့မည်။ ကနောင်မင်းသားကလည်း ကိုယ်ရေးကိုယ်တာကိစ္စထက်၊ တိုင်းပြည်ရေးရာ အမှုကိစ္စတို့၌သာ အလေးသာ၊ ဂရုစိုက်နေသူဖြစ်ရာ၊ ရတနာသိယ်မြို့သို့ စောစောကြိုတင် ရောက်မလာနိုင်သေး ရှိနေလေသည်။

"သူ့မှာ ကိုယ်လုပ်တော်တွေက အများအပြားရှိနေလေတော့ အချော့တော်၊ အဖြေတော်တွေနှင့် ပျော်တော်မူနေလျက်ပေမှာပဲ" ဟူသောအတွေးကလေးမျိုး ပေါ်လာနိုင်စေကာမူ တိုင်းပြည်အရေးအရာ၌ အလေးသာနေတော်မူ၍သာ မရောက်လာနိုင်ခြင်းဖြစ်ကြောင်းသိရှိပြီးဖြစ်ရာ လှိုင်ထိပ်ခေါင်တင်၌ စိတ်ထွေ၊ ဝိတက်ပွေရန် အကြောင်းမရှိသကဲ့သို့ ရှိပြန်လေသည်။

အိမ်ရှေ့အိမ်တော် ဆောက်လုပ်ပြီးလျှင်ကား မင်းတုန်းမင်းတရားကြီး၏ အမိန့်တော်နှင့် ညီတော်ကနောင်မင်းကို ခေါ်တော်မူ၍ အိမ်ရှေ့မင်း၏ အစီးအနင်း အဆောင်အရွက်များကို ဆောင်နှင်းခန့်အပ်တော်မူမည်ဖြစ်ရာ၊ ဆောက်လုပ်ဆဲ အိမ်တော်မင်္ဂလာပြီးစီးမည့်ရက်ကို စောင့်ဆိုင်းနေကြလေသည်။

ထိုအချိန်ကာလအတွင်းမှာ အမရပူရမြို့နန်းတော်တွင်ရှိနေသော နန်းကျဘုရင်ပုဂံမင်း၏ ရှေ့မျောက်သို့ ကျီးငှက်တစ်ကောင်က ကိုက်ချီလာသော ဇာတာတစ်စောင် ကျရောက်လာလေသည်။ ပုဂံမင်းသည် ကျလာသောထိုဇာတာကိုယူ၍ ကြည့်ရှုတော်မူသောအခါ ညီတော်မင်းတုန်းမင်း၏ ဇာတာဖြစ်နေကြောင်း သိရှိရလေသည်။ မင်းတုန်းမင်း ပုန်ကန်ရန်ထွက်ကြွသွားစဉ်အခါက သူ၏ မင်္ဂလာအိမ်တော်မှာ ကျန်ခဲ့သော ယင်းဇာတာတော်ကို ထူးဆန်းစွာ ကျီးငှက်က ကိုက်ချီလာရောက်ပို့ခဲ့ခြင်း၏ ထူးဆန်းဖွယ်ရာကို ညီတော်ကနောင်မင်းသားကြီးအား သွားရောက်ပေးအပ်စေသည်။

ကနောင်မင်းသားကြီးသည် ထိုဇာတာတော်ကို မြေနန်းတော်တွင် တရော်၊ ကင်ပွန်း၊ ပရိတ်ရေတို့နှင့် ဆေးကြောသန့်စင်ပြီး၊ ရှစ်ပါးသော ပုဏ္ဏားတို့အား ဘိသိက်မြှောက်ဆက်စေလျက် ရွှေသားကွမ်းအုပ်တော်တွင်ထည့်၍ နောင်တော် မင်းတုန်းမင်းတရားကြီးစံတော်မူရာ ရတနာသိယ်မြို့သို့ တပ်ဝင်းခင်းကျင်းပေး ပို့စေသည်။ မင်းတုန်းစစ်ကဲမင်းလှ မင်းတင်ရာဇာကို ဇာတာတော်ပို့သွားသော အခမ်းအနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြပ်ဆောင်ရွက်စေရသည်။ လမ်းတစ်လျှောက် အခင်းအကျင်းများအလယ်၌ ဇာတာတော်ကိုဆင်တော်နှင့် တင်ဆောင်၍ ရွှေထီးအုပ်မိုးပြီး ရတနာသိယ်အရောက် ဆောင်ယူသွားစေရသည်။

အင်္ဂလိပ်တို့ ရောက်ရှိနေရာ အောက်ပြည်ဟံသာဝတီသို့စုန်သွားရသူများ ဖြစ်ကြသော ကုလားဝန် မဟာမင်းခေါင်သီဟသူနှင့် အမြောက်ဝန်မင်းလှသီရိ မင်းတင်တို့ ပြန်လည်ရောက်ရှိလာကြသည်။

အင်္ဂလိပ်တို့က မင်းတုန်းမင်းဆန္ဒအတိုင်း နှစ်ပြည်ထောင်မဟာမိတ်ဖြစ်လိုပါကြောင်း၊ ထိုသို့မဟာမိတ်ဖြစ်သည်အတိုင်း ယခုသူတို့ရရှိထားသော ဟံသာဝတီမွန်နိုင်ငံများကို အင်္ဂလိပ်ပိုင်နိုင်ငံဖြစ်လိုပါကြောင်းတို့ကို ပြန်ကြားလိုက်ကြောင်း သိရှိရလေသည်။

သို့ကြောင့် ဝင်းနှောင်းတန်ခူးလပြည့်ကျော် ဆယ့်လေးရက်နေ့မှာပင် အောက်နိုင်ငံ အင်္ဂလိပ်တို့ထံသို့ စကားပြောဆိုရန် ထပ်မံစေလွှတ်ရပြန်သည်။

စေလွှတ်ခံရသူများမှာ ကျောက်မော်မြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှသီဟသူ၊ ယင်းခဲမြို့စားမင်းသား၊ ဝန်ထောက် မင်းကြီးမဟာမင်းထင်ကျော်၊ နှမတော်ဝန် ဒလဝန်မင်းကြီး မဟာမင်းခေါင်ရာဇာ၊ စာရေးတော်ကြီး မင်းကျော်ရာဇာ၊ မင်းလှသီရိရာဇကျော်၊ စကားပြန်အဖြစ် သင်္ဘောသူကြီး သာရကျစ်၏သား ဂရိကွတ်မာနွတ်နှင့် အစုအမှုထမ်းလက်နက်ကိုင် လူသုံးထောင်ပေးအပ်၍ ပြည်မြို့ရှိအင်္ဂလိပ်အရေးပိုင် ကုလားဖြူဗိုလ်တို့ထံ သွားရောက်ကြရသည်။

ပြည်မြို့သို့ရောက်သောအခါ အင်္ဂလိပ်ဗိုလ်တို့က ဆောက်လုပ်ထားသော ယာယီစကားပြောတဲတွင် နှစ်ဦးနှစ်ဖက် စကားပြောကြရလေသည်။ စကားပြောရသူ များမှာ အင်္ဂလိပ်ဘက်မှ ရေကြောင်းဗိုလ်ချုပ်တစ်ဦး(ဒေါ်လံပတ်)နှင့် ကုန်းတပ်ဗိုလ်ချုပ်တစ်ဦး(ဂေါ်လဒွင်)၊ အရေးပိုင်ဝန်ကြီး ကပ္ပတိန်(ဖယ်ယာ)တို့ဖြစ်၍ မြန်မာဘုရင်မင်းတုန်းမင်းတရားကြီးဘက်က ကျောက်မော်မြို့စားဝန်ကြီးမင်း သတိုးမင်းကြီး မဟာမင်းလှသီဟသူ ဦးကြာဥဖြစ်လေသည်။

နှစ်ဦးနှစ်ဖက် ပြောဆိုကြရသောစကားများ အချုပ်မှာ အင်္ဂလိပ်က နှစ်ပြည်ထောင်မဟာမိတ်အဖြစ် တည်ရှိရန်ဝမ်းမြောက်ပါသည်။ သို့ကြောင့် ယခင် ၁၁၈၇ ခုနှစ် ဘကြီးတော်လက်ထက်ကပြေငြိမ်းခဲ့ကြသော နည်းအတိုင်း ယခုပြေငြိမ်းရေးအတွက် နယ်နိမိတ်သတ်မှတ်ရန် လက်မှတ်ထိုးစေလိုကြောင်း ပြောသည်။ ဝင်းတို့ထပ်မံ၍ သတ်မှတ်သောနယ်နိမိတ်သည် ရခိုင်ဘိုးခေါင်တောင်ဦးမှ အရှေ့တည့် တည့်မြေထဲမြို့တပ်၏ အလံတိုင်က(၆)တိုင်ကွာအထိ၊ ထိုမှ အဖြောင့်အတိုင်း စစ်တောင်းမြို့နှင့် ကရင်နီနယ်နိမိတ်အထိ ပိုင်းခြားပေးရမည် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မော်မြို့စားဝန်ကြီး ဦးကြင်ဥခေါင်းဆောင်သော အဖွဲ့သည် အင်္ဂလိပ်တို့အလိုအတိုင်း စာချုပ်လက်မှတ်မထိုးခဲ့ပေ။ 'ကျွန်ုပ်မှာ ဘုရင်မင်းက စေလွှတ်သူများသာဖြစ်၍ စာချုပ်၊ ချုပ်ဆိုလက်မှတ်ထိုးပိုင်ခွင့်မရှိကြောင်း၊ ဘုရင်မင်းမြတ်ထံသို့ပြန်၍ အကျိုးအကြောင်းတို့ကို လျှောက်ထားရပါဦးမည်' ဟု မတင်မကျထား၍ ရတနာသိင်္ခမြို့သို့ ပြန်လာခဲ့ကြလေသည်။ အင်္ဂလိပ်တို့၏ စစ်ဆင် စစ်တိုက်မှုကိုကား ရပ်စဲသွားစေခဲ့လေသည်။

အင်္ဂလိပ်တို့နှင့် မြွမသေ၊ တုတ်မကျိုး စစ်မီးခေတ္တအေးငြိမ်းနေသော အချိန်တွင် အထက်မြန်မာနိုင်ငံတော်တစ်ခွင်၌ ကြီးကြပ်အုပ်ချုပ်ထိုက်သော အရပ်ဌာနများအတွက် တာဝန်ချရပ်ရန်ကိစ္စများကို ဆက်လက်ဆောင်ရွက်ရလေသည်။ အရေးတော်ပုံအတွင်း အပြင်အပမှ ဝင်ရောက်အမှုထမ်းလာသူများကိုလည်း မယ်မယ်ရရ ချီးမြှင့်ခံကြရစေသေးသည်။

အထူး ညွှန်ပြရမည်ဆိုလျှင် အရေးတော်အတွင်း ကျောက်မြောင်းဆိပ်ကဆန်များကို ဆက်သ၍ ရှေးဦးရှေးဖျားထမ်းရွက်သူ မင်းတင်စည်သူအား ဗန်းမော်မြို့ကို စစ်ကဲခန့်၍ အစီးအနင်း အဆောင်အရွက်ပေးတော်မူသည်။ ၎င်းနှင့်အတူပါခဲ့သော ကုန်သည်၊ လှေသူကြီး လူနှစ်ဆယ့်ငါးဦးတို့ကိုလည်း ဘွဲ့အမည်ပေးပြီးလျှင် သူတို့၏ လှေဦးတွင် မျက်လုံးရွှေချခွင့်၊ ပဲ့ပိုင်းမှာ ရွှေကြာငါးပွင့် ချယ်ခွင့်၊ အကောက်အခွန်မရှိ ရေလမ်းတစ်လျှောက် ဖောက်ကားရောင်းဝယ်ခွင့်ရလေသည်။

အခြားအလားတူ အရပ်သားတို့အား အရေးတော်တွင် ကူညီသူ၊ အမှုထမ်းလာသူဟူသရွေ့ အထိုက်အတန် ချီးမြှင့်ခံကြရလေသည်။

မင်းကြီးမဟာ မင်းလှမင်းခေါင်အား မိုးနဲတပ်စစ်ကဲကြီး မိုင်းပုမြို့စားမင်းကြီးမဟာမင်းလှ မင်းတင်ကျော်နှင့် တွဲဖက်၍၊ မိုးနဲတပ်စစ်ကဲခန့်ပြီး မိုးနဲသို့သွားရောက်အုပ်ချုပ်နေစေရသည်။

အရေးတော်ပုံအတွင်းက တောင်တပြင်ဗိုလ်ချုပ်တောင်ဗိုလ် မြင်းခေါင်း၊ မင်းကြီးမဟာမင်းခေါင်ကျော်ထင်ကို ရွှေပြည်ရန်အောင် မြင်းဝန်ခန့်အပ်တော်မူပြီးလျှင်၊ တောင်တပြင်မြို့ ကျေးရွာ အမှုထမ်းလက်နက်ကိုင် လူသူခြောက်ထောင်ကျော်ပေးအပ်၍ တောင်ငူတွင် သွားရောက်အုပ်ချုပ်နေထိုင်စေရသည်။

မိုးနဲစစ်ကဲတို့ မိုးနဲမြို့သို့ အုပ်ချုပ်ကွပ်ကဲနေစဉ် မင်းပြောင်းမင်းလွဲကြုံတိုင်းအလစ်စောင့်၍ မကြာခဏကျူးကျော်လေ့ရှိခဲ့သော ယိုးဒယားဇင်းမယ်နှင့် လဟိုင်းမြို့သားတို့က လူပေါင်းငါးထောင်ကျော် ဆင်ပေါင်းတစ်ထောင်ကျော်တို့နှင့်လာရောက်၍ မြန်မာဘုရင်၏ လက်နက်နိုင်ငံဖြစ်သော ကျိုင်းတုံမြို့ကျေးရွာများကိုချီတက် တိုက်ခိုက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးနဲစစ်ကဲကြီး မင်းကြီးမဟာ မင်းလှမင်းထင်ကျော်သည် နေပြည်တော်မှ ခရီးရောက်မဆိုက်တွင် အဆိုပါကျူးကျော်ထိပါးလာကြသော ယိုးဒယားဇင်းမယ်သား တို့၏ လူငါးထောင်ကျော်နှင့် ဆင်တစ်ထောင်ကျော်ပါသော တပ်ကို စစ်ဦးဘီလူး ခုခံတိုက်ထုတ်ကြရလေသည်။

သို့ တိုက်ထုတ်ရာတွင် မိုးနဲစစ်ကဲမင်းကြီး မဟာမင်းလှထင်ကျော် မိုင်းပုစားတို့၏ မြန်မာ တပ်တော်နှင့်အတူ ကျိုင်းတုံစော်ဘွား၊ ရှမ်းယွန်းတို့ပါဝင် ကူညီတိုက်ခိုက်၍ သူပုန်တို့မခံနိုင်ဘဲ ပျက်ပြားဆုတ်ခွာ ထွက်ပြေးကြရသည်။

မြန်မာတို့က ဆင်ပေါက်မနှစ်ဆယ်၊ ငွေဇဝါရိုက် ကြေးအမြောက်ကြီးနှစ်လက်၊ စိန်ပြောင်းနှစ်လက်၊ လက်နက်နှင့် သုံ့ပန်း အမြောက်အမြား ရရှိသဖြင့် မင်းတုန်းမင်း တရားကြီးထံသို့ ပို့ဆောင်လာလေသည်။ ရွှေနန်းတော်က ကမ္ပည်းထိုးမှတ်၍ လက်ခံ ရသည်။

နောက်ထပ်၍ မိုးနဲသို့ ဗိုလ်မှူးများ ထပ်ဖြည့်စေလွှတ်ရာ ဗိုလ်မှူးအဖြစ် မင်းကြီး မဟာမင်းလှမင်းတင်နှင့် စစ်ကဲအဖြစ် မဟာမင်းလှသိခ်သူတို့ဖြစ်လေသည်။ ရွှေတုံး ရွာနေ ပွဲကြိုမောင်အူ၊ မောင်ရွှေအုန်း၊ ရှမ်းကုန်သည်အိုးစားကြီး မောင်ရှင်ဆု၊ မောင်ဇော၊ မောင်ကာန တို့ကိုလည်း အရေးတော်ပုံအတွင်းက သက်စွန့်ကြိုးပမ်း အမှုတော် ဝင်ရောက်ထမ်းခဲ့ကြသည့်အတွက်၊ သူတို့၏ ဝန်တင်နွား ခြောက်ရာကို အလံဗိုမောင်း၊ ခေါင်းလောင်းရွှေချများနှင့် အကောက်အခွန်မရှိ ရောင်းဝယ်ဖောက် ကား သွားလာခွင့်ပြုတော်မူလေသည်။

## လက်ထပ်မင်္ဂလာတော်

၁၂၁၅-ခုနှစ်ဦး၊ ကဆုန်လတွင် ကနောင်မင်းသားကြီးသည် အမရပူရမြို့မှ ရတနာသိယ်ရွှေဘိုမြို့တော်သို့ ကြွလာလေပြီ။

ကနောင်မင်းသားသည် အမရပူရမြို့မှ ရတနာသိယ်သို့ ဧရာဝတီမြစ်ကြောင်း ခရီးဖြင့် ကရဝိက်ဖောင်တော်စီး၍ ကျောက်မြောင်းမြို့ဆိပ်သို့ ကြွချီတော်မူခဲ့သည်။ ကနောင်မင်းနှင့် အတူ နောင်တော်ပုဂံမင်းလည်း ပါရှိလာသည်။ ကနောင်မင်းသည် နောင်တော်ပုဂံမင်းအား ဥဒေါင်းဖောင်တော်နှင့် အလေးအမြတ်တင်ဆောင် ခေါ်ယူ လာခဲ့လေသည်။

ကျောက်မြောင်းဆိပ်မှ တစ်ဖန် ရတနာသိယ်သို့ ကုန်းတပ် တပ်ဝင်းအခင်း အကျင်းခြံရံလျက် ထွက်ချီတော်မူကြလေသည်။

မင်းတုန်းမင်းတရားကြီးသည် ကြွရောက်လာသော နောင်တော်ပုဂံမင်းအား ရတနာသိယ်မြို့အတွင်း အရှေ့တောင်ထောင့်အရပ်တွင် အိမ်တော်ဆောက်၍



www.burmeseclassic.com

www.burmeseclassic.com



နန်းမတော်မိဖုရားဟောင်း၊ အလယ်နန်းမိဖုရားဟောင်း၊ စမ္ဗာယ်နဂိုမြို့စား၊ အင်္ဂပူမြို့စား၊ မကွေးမြို့စားတို့နှင့်အတူ စံနေစေပြီးလျှင် ခမည်းတော်အမှတ်ဖြင့် မပြတ်ပြုစုလုပ်ကျွေးတော်မူလေသည်။

ဥပမာအားဖြင့် မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး အမျှုးပြု၍ ဆွေတော်၊ မျိုးတော်၊ ကိုယ်လုပ်မောင်းမများ၊ နန်းတော်သူ နန်းတော်သားများ ခြံရံလျက် ရွှေတန်ဆာဘုရားကို ဘုရားဖူးထွက်တော်မူခြင်း၊ မဟာနန္ဒာကန်သို့ ထွက် တော်မူခြင်း၊ လယ်ထွန်မင်္ဂလာပြုတော်မူခြင်း၊ သာသနာပြုဆရာတော်သို့ ဘွဲ့ထပ် လှူဒါန်းရာ ထွက်တော်မူခြင်းစသည်များ၌ ရံဖန်ရံခါ လှိုင်မြို့စား ထိပ်ခေါင်တင်ပါ ပါလေ့ရှိသည်။ သို့အခါများတွင် မောင်တော် ကနောင်မင်းက နှမတော်လှိုင်ထိပ်ထား ကို နှုတ်ခွန်းဆက်သ ယုယတော်မူလေ့ရှိသည်။

ဆောက်လုပ်နေဆဲဖြစ်သော အိမ်ရှေ့မင်း အိမ်တော်ကြီးသည် ဒုတိယဝါဆိုလ တွင် ပြီးစီးလေသည်။ အိမ်တော်ပြီးစီးလျှင် အိမ်ရှေ့နှင်း၊ အိမ်တော်သိမ်း အခမ်းအနားကြီးကို ကြီးကျယ်စွာကျင်းပရန်နှင့် လှိုင်ထိပ်ထားနှင့် ရေသွန်း လက်ထပ်ရန်ကိစ္စများကို မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် စီမံခန့်ခွဲတော်မူလေသည်။

ညီတော်သည် နောင်တော်၏ လက်ရုံးနှစ်ဖက်ဖြစ်လေသည်။ စင်စစ်အားဖြင့် မင်းတုန်းမင်း၏ ဘုရင်ဖြစ်ထိုက်သော ဘုန်းကံပါရမီရှိပြီးအပေါ်တွင် ညီတော် ကနောင်မင်း၏အကူအညီ၊ ထက်မြက်လှသော သူရသတ္တိစွမ်းကြောင့်လည်း ထီးနန်းစည်းစိမ်တော်ကို မကြန့်မကြာ သိမ်းပိုက်ရရှိတော်မူနိုင်ခဲ့ခြင်း ဖြစ်လေသည်။

သည် ညီတော်၏ ဂုဏ်ကျေးဇူးကား ကြီးမားလှသည်။ သို့ကြောင့် ညီတော်ကို အိမ်ရှေ့နန်းလောင်းအဖြစ် ကြည်ဖြူစွာ သတ်မှတ်ခဲ့ပြီးဖြစ်သည်။ မင်းတုန်းမင်းတရားတွင် ထီးမွေနန်းမွေဆက်ခံရန် သားတော်ငယ်များ ရှိနေပြီဖြစ်စေကာမူ သူတို့သည် မိဖုရားခေါင်ကြီးမှ ဖွားသန့်စင်သူများမဟုတ်၊ အိမ်တော်ပါ-နန်းရ-ဆောင်ရ မိဖုရားများက ဖွားမြင်ကြသူများ ဖြစ်လေသည်၊ အကယ်၍ မိဖုရားခေါင်မှဖွားသော သားတော်ပင်ရှိစေဦး၊ ယခုအချိန်ကာလ၌ ညီတော် ကနောင်မင်းသားကြီးကို ဦးစားပေး၍ ရွေးချယ်တော်မူမည်သာ ဖြစ်ပေသည်။ တိုင်းပြည်ထူထောင်ဖက် ညီတော်ပေတည်း။

သို့နှင့် အိမ်ရှေ့နှင်း အခမ်းအနားကျင်းပရန် အခါတော်သည် ၁၂၁၅-ခု၊ ဒုတိယဝါဆိုလဆန်း ၆-ရက်နေ့ကို ရွေးချယ်ရရှိလေသည်။ ထီးနန်းအစဉ်အလာအတိုင်း ရွှေနန်းတော်မြောက်ဘက်တွင် ရရှိမြဲဖြစ်သော အိမ်ရှေ့အိမ်တော်ကြီးသည် ဝင်းအလယ်၌ ထီးထီးမားမား ကြီးကျယ်စွာ ပြုပြင်ဆောက်လုပ်ထားသည်။ အိမ်တော်ကြီးတွင် အိမ်ရှေ့မိဖုရားအဆောင်မကြီးအပြင် မြောက်ဆောင်နှင့် ကိုယ်လုပ်တော်



www.burmeseclassic.com

www.burmeseclassic.com



များအတွက် အရံအဆောင်များ၊ မောင်းမခြွေရံအမှုထမ်း၊ ဝန်၊ အရာရှိတို့အတွက် အဆောင်များ၊ တိုက်၊ တန်း၊ တင်းကုပ်စသည်ဖြင့် ပြီးပြည့်စုံနေလေသည်။

အိမ်တော်သိမ်း အခမ်းအနားအတွက် ရွှေဘုံနိဒါန်းပါ အစဉ်အလာ အခင်းအကျင်းတို့ကလည်း ဝင်းတော်အပြည့် စီရင်ခင်းကျင်းလျက် ရှိနေရလေသည်။ မင်းဧကရာဇ်များ၏ သားတော်၊ ညီတော်တို့အား အိမ်ရှေ့နှင်းအပ်မြဲသော ရှေးစာတမ်းအတိုင်း ပြုပြင်စီမံဖွယ်ရာသော အသိုင်းအဝိုင်း အသုံးအဆောင်တို့ကား များပြားလှစွာရှိသဖြင့် ထုံးစံအတိုင်း ကုန်စင်အောင် စီရင်ခင်းကျင်းထားရှိလေသည်။

အိမ်ရှေ့မင်း၏ ဘွဲ့တော်ကို 'သီရိ ပဝရ သုဓမ္မရာဇာ' ဘွဲ့တပ်၍ ဗောင်းဝတ်လုံ၊ စလွယ်၊ မျဉ်း၊ မောက်တိုစသော အဆောင်အရွက်များနှင့် ဆင်မြင်းများ၊ ကျေးကျွန်များ၊ အသုံးကံကျွေးခံ မြို့များအဖြစ်၊ တပယင်းမြို့၊ တောင်တွင်းကြီးမြို့၊ ပဥ္စာလင်းမြို့၊ စလေမြို့များနှင့် အစုအငန်း၊ လေ့ယာဉ် လယ်ယာများ၊ အိမ်ရှေ့ဝန်၊ အိမ်ရှေ့အတွင်းဝန်၊ ဝင်းမှူး၊ အနောက်ဝန်၊ စာရေးကြီး၊ နားခံ၊ သံဆင့်၊ သံခံ စသော အရာရှိအရာခံများ၊ အစုအမှုထမ်း၊ အရာရှိအစုများကို ပြန်တမ်းတော်နှင့်တကွ ဖတ်ပြန်၊ ဖတ်လျှောက် ဆက်သရသည်။

ကနောင်မင်းသားကြီးနှင့် အိမ်ရှေ့မိဖုရား လှိုင်မြို့စား 'သီရိသုမြတ်စွာ ရတနာဒေဝီ'တို့ သည် ရွှေနန်းတော်အတွင်းမှ ထမ်းစင်တော် ဝေါတော်စီး၍ အိမ်ရှေ့ အိမ်တော်သို့ မင်းခမ်းမင်းနား၊ တပ်ဝင်းကျင်း၍ ထွက်တော်မူလာသည်။

အိမ်တော် သိမ်းရန် အခမ်းအနား ပြင်ဆင်ထားသော အိမ်တော်သို့ ရောက်လျှင် အခါနရီကျချိန်နှင့် ကိုက်ညီစွာ အိမ်တော်ကို သိမ်းရလေသည်။

အိမ်တော်သိမ်းပြီးနောက် လက်ထပ်သလွန်တော်တွင် မောင်တော်နှမတော်တို့ မင်္ဂလာအခမ်းအနားကိုစဖွင့်၍ စုလျားရစ်ပတ် လက်ထပ် ဘိသိက်ဆက်ခံယူကြရလေသည်။

ရေသွန်း လက်ထပ်မင်္ဂလာနှင့် တစ်ပြိုင်တည်း နောင်တော်မင်းတုန်းမင်းတရားကြီးက အိမ်ရှေ့နှင်းအပ်တော်မူသောအမိန့်တော်ကို အခမ်းအနားနှင့် ဖတ်လျှောက်ကြရလေသည်။

ယင်းသို့သော အိမ်ရှေ့ အိမ်တော်သိမ်း၊ ရေသွန်းလက်ထပ်မင်္ဂလာ၊ အိမ်ရှေ့မင်းရာထူး ဆောင်နှင်းခန့်အပ်သော အခမ်းအနားသို့ မယ်တော်မိဖုရားကြီး၊ အရီးတော်တို့ ဦးဆောင်အမှူးပြုကာ၊ နန်းတော်သူ နန်းတော်သား အပေါင်းတို့သည် သောင်းသောင်းဖျဖျ ကြွရောက်ကြရလေသည်။ ဤတွင် ကနောင်မင်းသားကြီး၏ လက်ထပ်မင်္ဂလာတော် အခမ်းအနား အောင်မြင်ပြီးစီးခဲ့လေပြီ။ လှိုင်ထိပ်ခေါင်တင်လည်း သက်တော် ၂၀-တွင် အိမ်ရှေ့မိဖုရားကြီးအဖြစ်သို့ ရောက်လာလေသည်။ ကနောင်အိမ်ရှေ့မင်း



www.burmeseclassic.com

www.burmeseclassic.com



က ထိုအချိန်တွင် သက်တော် ၃၃-နှစ် ရှိပြီးဖြစ်လေသည်။

မောင်တော်ကနောင် အိမ်ရှေ့မင်းသည် နှမတော်လှိုင်ထိပ်ထားအား မူလကပင် ယုယချစ်ခင်တော်မူခဲ့သော နှမတော်တစ်ပါးဖြစ်သောကြောင့် လက်ထပ် မိဖုရားကြီး ဖြစ်လာသောအချိန်အခါတွင်လည်း ရှေးကထက်ပင် အကြင်နာတိုး၍ ဆထက်ထမ်းပိုး ယုယချစ်ခင်တော်မူလျက် ရှိလေသည်။

အိမ်တော်ပါ ကိုယ်လုပ်တော်များ ဖြစ်ကြသော ရှင်ကျေး၊ ရှင်ဖော့၊ ရှင်ညှာ စသော ကိုယ်လုပ်တော်ကြီးများနှင့် အခြားကိုယ်လုပ် မောင်းမများလည်း အဆောင် အသီးသီး၌ ဝန်းရံ နေထိုင်ကြရလေသည်။ အိမ်တော်ပါ ကိုယ်လုပ်တော်ကြီး ရှင်ကျေး ကို မြောက်ဆောင်တော် ရာထူးနှင့်နေထိုင်ခွင့်ပြုသည်။ ပန်းတိမ်းမင်းသား၊ တိုင်းတား မင်းသား၊ စမွာယ်နဂို မင်းသမီး၊ တောင်ညိုမင်းသမီးတို့မှာ မြောက်ဆောင်တော်ရှင် ကျေး၏ သားတော်သမီးတော်များဖြစ်သည်။ အိမ်တော်ပါ ကိုယ်လုပ်တော် ရှင်ညှာမှာ လည်း သားတော်ငယ်ကလေး(ကြေးမြင့်မင်းသား)နှင့် အိမ်တော်ပါ ကိုယ်လုပ်တော် ရှင်ဖော့မှာလည်း ငယ်ရွယ်သော သမီးတော်ကလေး(ဆားလင်း မြို့စား)ဖွားမြင်ထား သည်။

အိမ်ရှေ့မင်းသည် မိမိတွင် အိမ်တော်ပါ ကိုယ်လုပ်မောင်းမများ မည်မျှပင် ရှိနေစေကာမူ လှိုင်ထိပ်ထား(အိမ်ရှေ့မိဖုရား)အား အထူးချစ်ခင်လေးစား၍ အရေး ထားတော်မူခဲ့လေသည်။ ရေသွန်းလက်ထပ်မင်္ဂလာပြုပြီး အိမ်ရှေ့အိမ်တော်ကြီး၌ စံနေတော်မူချိန်ကစပြီး နှမတော် လှိုင်ထိပ်ထားကိုသာ အရိပ်တကြည့်ကြည့်နှင့် ရှုစားတော်မူနေရသောကြောင့် အခြား ကိုယ်လုပ်မောင်းမများကိုပင် သတိရတော် မမူနိုင်အောင် ဖြစ်တော်မူခဲ့ရလေသည်။ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင် အဖို့မှာ လည်း တစ်သက်တစ်ခါ ဓမ္မတာအရ၊ အချိန်ကာလတိုင်ရောက်၍ ထိမ်းမြား လက်ထပ်တော်မူခဲ့ရပြီဖြစ်ရာ၊ ပုထုဇဉ်သဘာဝ ချမ်းမြကြည်သာ ပျော်ရွှင်စွာပင် မောင်တော်နှင့်ရွှေလက်တွဲကာ အိမ်ရှေ့ အိမ်တော်မှာ စံနေတော်မူရရှာလေတော့ သည်။

အိမ်ရှေ့မင်း လွှတ်တော်ရုံးတော်မှာ တိုင်းပြည်တာဝန်ဆောင်ရန် ထွက်တော်မူ သွားသောအခါမှုကား ရေးလက်စ ပုရပိုက်များကို ဖြန့်ကာ၊ ရေးလက်စ၊ ဝိဇယကာရီ ဇာတ်တော်ကြီးကိုလည်း တစ်ခန်းပြီးတစ်ခန်း ဆက်လက်ကာ အရှိန်မပျက် ရေးသား တော်မူခဲ့ရပါသေးသည်။

အိမ်ရှေ့မိဖုရားကြီးအဖြစ်နှင့် စံနေရသော အချိန်အခါကစပြီး မောင်တော် ကနောင်မင်းအားချစ်ခင်သော ကြင်ယာတော်တစ်ပါး၏ တာဝန်ဝတ္တရားများကို မပြတ်မလပ် အလိုက်သိစွာ တာဝန်ကျေရုံမက၊ ကိုယ်လုပ်မောင်းမတို့ အပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း အစ်မကြီးက ညီမငယ်များကို ချစ်ခင်ညှာတာ၊ ကရုဏာ ရှေ့ထားရသကဲ့သို့ အကြီးအကဲ မိဖုရားကြီး တာဝန်မပျက် သိမ်းပိုက်အုပ်ချုပ်ကာ စေတနာထားတော်မူ လျက်ရှိလေသည်။

ကိုယ်လုပ်မောင်းမများကလည်း အစ်မတော်ကို ချစ်ခင်ကြည်ညိုစွာ လာရောက် ခစားကြသည်။ အစ်မတော်ရေးနေတော်မူသော ဝိဇယကာရီ ဇာတ်တော်ကြီးကိုလည်း ရေးပြီးသမျှ စောင့်ဆိုင်းဖတ်ရှုကြ၊ ရေးကူးကြနှင့် ပျော်ရွှင်စွာရှိနေတတ်ကြပါသည်။

## မင်းတုန်းမင်းတရား အစီအမံများ

မိုးနဲစစ်ကဲနှင့်အတူ ရှေးဦးစွာ ယိုးဒယားသူပုန်တို့ကို ကူညီတိုက်ခဲ့သူ သိုစံဘွားကို မိုင်းခုံမြို့စားအရာ ချီးမြှင့်သူကောင်းပြုတော်မူသည်။

အလုံမြို့ရှိ ရဟန်းတော်ကျောင်းတိုက်များ သောက်သုံးနိုင်ရန် ကန်တော်များ တူးဖော်ပြင်ဆင်၍ မော်ကွန်းတိုင်များ စိုက်ခြင်း၊ ရတနာသိယ်မြို့ မြောက်မျက်နှာရှိ မဟာနန္ဒာကန်တော်ကြီးကိုလည်း ပြုပြင်မွမ်းမံလျက်၊ ဥယျာဉ်ပြုစုတော်မူစေပြီး၊ 'မဟာမေဃဝန် ဥယျာဉ်တော်' ဟူ၍ ကမ္ပည်းတပ်တော်မူလေသည်။

၁၂၁၅-ခု၊ ဝါခေါင်လဆန်း ၃-ရက်နေ့တွင် ပြင်သစ်ပြည် ပါရီမြို့နေ ပြင်သစ် လူမျိုး ဒိဂေါ်ရနေးဆိုသူသည် လက်ဆောင်တော်များ ဆက်သပြီး မင်းတုန်းမင်းတရား ကြီးအား ဖူးမြော်လာသည်ကို လက်ခံတော်မူသည်။ ဒိဂေါ်ရနေးအား လွန်းချိပ်ပုဆိုး သုံးထည်၊ ငွေအသပြာတစ်ရာ့ငါးဆယ်၊ ကျောက်နီလက်စွပ်၊ နီလာလက်စွပ်များ ပေးသနားတော်မူပြီး ဒိဂေါ်ရနေး၏နောက်ပါ ပြင်သစ်လူငယ်လေးဦးကိုလည်း ပိုးပုဆိုးနှင့်ငွေ တစ်ရာစီ သနားတော်မူပြီးလျှင် ရွှေခြသေ့်ဘုရားအနီးတွင် အိမ်ယာ ဆောက်ပေး နေထိုင်စေသည်။

မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့မင်းတို့သည် မင်းသားဘဝက အိမ်တော်ပါ ကိုယ်လုပ်တော်ကြီးများနှင့် သားတော်သမီးတော်များရှိခဲ့ရာ၊ မင်းအဖြစ်သို့ရောက် တော်မူ၍ စုဖုရားကြီးအား အဂ္ဂမဟေသီတင်မြှောက်တော်မူပြီးနောက်၊ ကိုယ်လုပ် တော်ကြီးများကို နန်းရဆောင်ရ မိဖုရားကြီးများအဖြစ် ချီးမြှောက်တော်မူပါသည်။ ထို့နောက် ငယ်ရွယ်သူ သားတော်သမီးတော် များကိုလည်း မြို့စား၊ နယ်စားဘွဲ့များ ပေးသနားတော်မူလေသည်။ မင်းဧကရာဇ်အဖြစ်ရောက်မှ ပထမဦးစွာ သားတော်များ ကို ချီးမြှောက်တော်မူခြင်းလည်း ဖြစ်၏။ ထို့ကြောင့် ၁၂၁၅ ခုနှစ်၊ ဝါခေါင်လပြည့် ကျော် ၇ ရက်နေ့တွင် အောက်ပါသားတော်များအား သူကောင်းပြုတော် မူလေသည်။

မြောက်ဆောင်တော်မိဖုရားက ဖွားတော်မူသော သားတော်မောင်မျိုးရင်းကို 'သတိုးမင်းလှဇေယသူ'ဘွဲ့နှင့် မလွန်မြို့ကို ပေးတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အိမ်ရှေ့မင်း၏သားတော် မြောက်ဆောင်တော်ရှင်ကျေးမှ ဖွားသူ မောင်ဆွေဆက်အား သတိုးမင်းလှသီဟသူဘွဲ့နှင့် ပန်းတိမ်းမြို့ကို ပေးတော်မူသည်။

ခုနစ်ရွာတိုက်စားမိဖုရားမှ ဖွားမြင်သော သားတော်မောင်မျိုးထွေးကို သတိုးမင်းစောဘွဲ့နှင့် လောင်းရှည်မြို့ကိုပေးတော်မူသည်။

တောင်ရွှေရေးဆောင်မိဖုရားတွင် ဖွားမြင်သော သားတော်မောင်မျိုးအေးအား သတိုးမင်းလှကျော်စွာဘွဲ့နှင့် မဘဲမြို့ကိုပေးတော်မူသည်။

တောင်ဆောင်တော်မိဖုရားတွင်ဖွားသော သားတော်မောင်မျိုးညွန့်ကို သတိုးမင်းညွန့်ဘွဲ့နှင့် တောင်တွင်းချောင်မြို့ကို ပေးတော်မူသည်။

မြောက်ရွှေရေးဆောင်မိဖုရားမှာ ဖွားမြင်သောသားတော် မောင်မျိုးတူကို သတိုးမင်းတင်ဘွဲ့နှင့် မက္ခရာမြို့ကို ပေးတော်မူသည်။

တံတိုင်းရှည်ရွာစားမိဖုရားတွင် ဖွားမြင်သော သားတော်မောင်မျိုးပုံကို သတိုးမင်းခေါင်ဘွဲ့နှင့် ညောင်ရမ်းမြို့ကိုပေးတော်မူသည်။

သတိုးမင်းလှသိန်သူကိုခေါ်သန္တိမြို့စသဖြင့် သနားတော်မူလေသည်။

ထို့ပြင် မင်းဆွေမင်းမျိုး၊ မင်းသားကြီးများ၏သားတော်များကိုလည်း ဘွဲ့နှင့်မြို့များ ပေးသနားတော်မူလေသည်။

၎င်းတို့မှာ မင်းတုန်းမင်းတရားကြီး၏ ဘိုးတော် အိမ်ရှေ့မင်းကြီး (မဟာမြတ်မုနိဘုရားကြီးပင့်သူ)၏ သားတော် မင်းတုန်းမြို့စားဟောင်း မင်းသားကြီးကို မင်းတုန်းမြို့၊ သီပေါမင်းသားကို ချွန်းတောင်မြို့၊ ဘေးတော် မင်းတရားကြီး(ဘိုးတော်ဘုရား) သားတော် နတ်မောက်မင်းသားအား ဆောမြို့ကို သနားတော်မူသည်။ သံတွဲမင်းသားကို ညောင်အုပ်မြို့ပေးတော်မူသည်။ မြင်ကွန်းမင်းသားကို လှိုင်းတက်မြို့၊ ပခန်းမင်းသား၏သား သုံးဆယ်မင်းသားကို စမွှာယ်နဂိုမြို့၊ မက္ခရာမင်းသား၏သား ထီးလင်းမင်းသားကို ထီးလင်းမြို့၊ တောင်ငူမင်းသား၏သား စလေမင်းသားကို ပြင်စည်မြို့၊ ကျောက်တလုံးမင်းသားကို မင်းတပ်မြို့၊ မင်းသား မောင်ဘိုးမင်းကို ပေါက်မြိုင်မြို့၊ ယင်းခဲမင်းသားကို ယင်းခဲမြို့ စသဖြင့် ပေးတော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် ရတနာသိယ်မြို့၌ စံတော်မူနေစဉ် ရွှေတန်ဆာဘုရား၊ အင်ကြင်းတောဘုရားစေတီနှစ်ဆူကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ မြို့တော်တွင်းရှိ ပျက်စီးယိုယွင်းနေသော ဘုရားစေတီ ၇၂ ဆူ၊ ဂူ ၅ လုံး၊ ပြာသာဒ် ၄ ဆောင်နှင့် အုတ်ဇရပ်တို့ကို အသစ်ထပ်မံတည်ဆောက်ပြင်ဆင်ခြင်းစသော သာသနာအလှူတော်၊ ရတနာသိယ်မြို့နှင့် နယ်ရှိ မဟာနန္ဒာကန်တော်ကြီး၊ ယင်းမာကန်တော်ကြီး၊ ကြိုးကြာကန်တော်ကြီး၊ ဆင်ကွပ် ကန်တော်ကြီး၊ ကထူးကန်တော်ကြီး၊ ပလိုင်းကန်တော်ကြီးတို့ ပျက်စီးတိမ်ကောနေသည်များကို ကျေးရွာလူများစုအတွက်



www.burmeseclassic.com

www.burmeseclassic.com



အသစ်တူးဖော်ပြင်ဆင်စေပြီးလျှင် ရေပိုးရေမွှား သားငါးတိရစ္ဆာန်တို့ကို အဖမ်းအဆီး၊ အပစ်အခတ်မရှိစေရအောင် ဘေးမဲ့ပေးလှူတော်မူသည်။

ကန်ရေသောက် ကျေးရွာနေလူတို့သည် စိတ်အားထက်သန်စွာ ကူညီတူးဖော်ရန် ရောက်လာကြသည်။

အချို့ ကန်တူးဖော်သူ ကျေးရွာသားများသည် တူးသောကျင်းမှ ရွှေအိုးငွေအိုး၊ ကျောက်သံပတ္တမြား၊ လက်ဝတ်တန်ဆာများရရှိသဖြင့် မင်းတုန်းမင်းတရားကြီးအား လာရောက်ဆက်သကြရာ လက်ခံတော်မမူဘဲ 'အသာမိကပိုင်ရှင်မဲ့ပစ္စည်း သူတို့ကုသိုလ်အကျိုးပေးကြောင့် ရရှိခြင်းဖြစ်သည်။ ရရှိရင်းလူတို့ယူကြစေ'ဟု ပြန်ပေးတော်မူသည်။

ညောင်ရွှေစော်ဘွား၊ ကမ္ဘောဇမဟာဝံသရာဇာက အဆင်းပြင်လျာနှင့် ပြည့်စုံသော နှမတော်ကို သမီးကညာအဖြစ် ဆက်သလာသဖြင့်၊ ရှေးအစဥ်လာ စော်ဘွားကြီးတို့ သမီးကညာ ဆက်သွင်းကြိုယူနည်းအတိုင်း ခမ်းနားစွာ ကြိုဆက်သွင်းခြင်း လက်ခံလေသည်။

သာသနာတော် ဖွံ့ဖြိုးတိုးတက်စေခြင်းငှာ ရတနာသိဃ်မြို့အတွက် မြတ်စွာဘုရားဟောကြားတော်မူသော သုတ္တန်ဝိနည်း အဘိဓမ္မာ၊ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံများကို ရေးသားစေသည်။

၁၂၁၅ ခုနှစ်၊ သီတင်းကျွတ်လတွင် ၁၁၂၈ ခုနှစ်ဖွား မြဝတီဝန်ကြီးဟောင်း (ဦးစ)သီရိ မဟာသီဟသူရ(၈၇)နှစ် ကွယ်လွန်အနိစ္စရောက်သည်။ ဝတ်မြေဝန် ပိဋကတ်တိုက်စိုး မဟာဓမ္မသင်္ကြန်လည်း ကွယ်လွန်အနိစ္စရောက်သည်။ ထိုသက်ကြီးပုဂ္ဂိုလ်ကြီးနှစ်ဦးအား မင်းတုန်းမင်းတရားကြီးက ကောင်းမွန်ခမ်းနားစွာ သင်္ဂြိုလ်တော်မူလေသည်။

သီရိရဋ္ဌမဟာဝံသရာဇာကို သိန္နီမြို့စော်ဘွားကြီးအဖြစ်ခန့်အပ်၍ အဆောင်အရွက် အစီးအနင်းများ ပေးသနားတော်မူလေသည်။

ကျိုင်းတုံစော်ဘွား ဂန္ဓာလရဋ္ဌမဟာဇေယရာဇာကို မိုးမိတ်မြို့စားစေသည်။ ထီးရုံနန်းရုံ စော်ဘွားများလည်း လက်ဆောင်တော်တို့နှင့် မပြတ်ရောက်လာကြသည်။

မင်းတုန်းမင်းတရားကြီးသည် ရတနာသိဃ်မြို့နယ်ကျေးရွာများကို လောကုတ္တရာ အကျိုးငှာလည်းကောင်း၊ လောကီအကျိုးစီးပွားအလိုအရလည်းကောင်း၊ စေတနာထားတော်မူသည့်အတွက်၊ ဘေးတော် ရတနာသိဃ်မြို့တည်နန်းတည်ဖြစ်သော အလောင်းမင်းတရားကြီး၏နန်းတော် ပြာသာဒ်တိုင်များကို ဘုရားရုပ်ထုတော်ဆူရေ ၁၀၂ ဆူ၊ ရဟန္တာရုပ်ထုဆူရေ ၉၈ ဆူ၊ ထုလုပ်၍ သစ္စေးသရိုးကိုင် ရွှေချစေပြီးလျှင် ရတနာသိဃ်ရွှေဘိုနယ်တစ်ဝိုက်ရှိ ကျေးရွာပေါင်း ၆၅ ရွာတို့ကို တစ်ရွာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားတစ်ဆူကျ ကိုးကွယ်ရန်ပေးအပ်လေရာ၊ ကျေးရွာတိုင်းမှ ရွာသူရွာသားတို့သည် ဝမ်းမြောက်ဝမ်းသာ အိုးစည်ဗုံမောင်းတို့နှင့် လာရောက်ဘုရားပင့်ယူကြရာ၊ နန်းတော်ဦးထဲတွင် ပွဲသဘင်ကြီးစွာခံလျက် ပျော်ရွှင်စေသည်။ ထိုပွဲသဘင်တွင် မိဖုရားခေါင်ကြီးနှင့်အတူထွက်တော်မူလျက် ကျေးရွာသားများအား ပုဆိုး၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်များ ဆုပေးသနားပြန်သည်။

ရွှေဘိုနယ်တစ်ဝိုက်က ရဲဘက်မြင်းခေါင်း တစ်ဆယ့်နှစ်တို့ကို (မင်းတပ်ဖွဲ့)၊ မြင်းတစ်ဆယ့်တစ်တို့ကို(နေမျိုးရဲတပ်ဖွဲ့)၊ သူကြီး ၉၈ ဦးတို့အား (နေမျိုးသန္တတပ်ဖွဲ့)၊ မြင်းအမှုထမ်း ၈၉၀ တို့အား (နော်ရထာတပ်ဖွဲ့)၊ စုစုလူပေါင်း ၁၀၁၁ ဦးတို့အား ဘွဲ့အမည်နှင့်အတူ ပုဆိုး၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်များကို ဆုအဖြစ်ပေးသနားတော်မူလေသည်။ ပရိသတ်များလည်း အားရရွှင်လန်း ဝမ်းမြောက်ကြလေသည်။

တန်ဆောင်မုန်းလတွင် ရတနာသိယ်မြို့လေးမျက်နှာ၌ သိမ်တော်ကြီးလေးခုကို မှူးတော် မတ်တော်တို့ကြီးကြပ်စေ၍ ခမ်းနားစွာ သမုတ်တော်မူပြီးလျှင်၊ ရဟန်းတော်သုံးရာကျော်တို့အား သင်္ကန်း၊ ဆွမ်း၊ သပိတ်များကပ်လှူကာ၊ ဂိုဏ်းအုပ်၊ တိုက်အုပ်ဆရာတော်ကြီးများအား ကတ္တီပါ သင်္ကန်း၊ ပိုးသင်္ကန်း၊ သက္ကလပ်သင်္ကန်းများနှင့် ပရိက္ခရာစုံတို့ကို ဘုရင်နှင့်မိဖုရားခေါင်ကြီးတို့က ရေစက်ချ၍ လှူဒါန်းလေသည်။

သို့လျှင် ရတနာသိယ်မြို့တော်၌ မင်းတုန်းမင်းတရားကြီးက နှစ်ခြိုက်စွာစံတော်မူလျက်၊ ဤရတနာသိယ် ကုန်းဘောင်ရွှေဘိုမြို့တော်ကြီးသည် ဘေးတော်အလောင်းမင်းတရားကြီးသည်လည်းကောင်း၊ ခမည်းတော် ရွှေဘိုမင်းတရားကြီးသည်လည်းကောင်း၊ ယခု မိမိတို့ ညီနောင် နှစ်ပါးအတွက်လည်းကောင်း၊ ရန်အပေါင်းမှ အောင်မြင်ရာအရပ်ဌာန၊ အောင်မြေဖြစ်နေသောကြောင့် ထာဝရ ထီးနန်းကနက် စိုက်ဆောက် စိုးစံတော်မူမည်ဟု ရည်ရွယ်တော်မူလေသည်။

မင်းတုန်းမင်းတရားကြီး၏ ရည်ရွယ်တော်မူချက်ကိုသိရှိရသော သာသနာပြု ဆရာတော်ကြီးများ၊ တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ မင်းညီမင်းသားများ၊ ဝန်ကြီး အတွင်းဝန် မှူးတော် မတ်တော်များ၊ လူပညာရှိများ၊ ပုဏ္ဏားပညာရှိများစွာတို့က သဘောမကြိုက်ညီကြသဖြင့် ကျိုးကြောင်းပြသ သံတော်ဦးတင်ကြပါသည်။

သူတို့တင်ပြချက်မှာ အမရပူရမြို့တော်ကိုသာ ဗဟိုပြု၍ ထီးနန်းစိုက်ဆောက်သင့်ကြောင်းဖြစ်ပါသည်။ ယင်းအမရပူရမြို့သည် ဘေးတော်မင်းတရားကြီး (ဘိုးတော်ဗဒုံမင်း)ပထမမြို့တည်နန်းတည်ခဲ့ပြီးနောက် ဘကြီးတော်မင်းတရား၊ ခမည်းတော် ရွှေဘိုမင်းတရား၊ နောင်တော် ပုဂံမင်းတရားတို့ ၄ ဆက်တိုင်တိုင် ထီးကနက်စိုက်ထူခဲ့သည်တစ်ကြောင်း၊ ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီ မြစ်၊ မင်းဝံတောင်၊



www.burmeseclassic.com

www.burmeseclassic.com



ကြက်ယက်တောင်၊ မန္တလေးရွှေတောင်၊ အောင်ပင်လယ်ကန်တော်၊ နန္ဒာ ကန်တော် စသော တောတောင်မြစ်ရေအပေါင်းတို့က ထက်ဝန်းကျင်ကာရံလျက်၊ ကြည်းဘက်၊ ရေဘက် အလွန်တင့်တယ်ညီညွတ်သည်တစ်ကြောင်း၊ ရွှေချက်သို(ချက်မြှုပ်)ရာ အရပ်လည်းဖြစ်သည်တစ်ကြောင်း၊ တိုင်းပြည်ကိုမှီ၍ အသက်မွေးကုန်သော အမျိုး လေးပါး၊ ပြည်သူပြည်သား အပေါင်းတို့အတွက်လည်း လုပ်ရေးဆောင်တာ စီးပွား ချမ်းသာ ဖြစ်ထွန်းပွားများနိုင်၍ စိတ်နှလုံး ချမ်းမြေ့သာယာရှိကြပါသောကြောင့် မူလအမရပူရရွှေမြို့တော်တွင်သာ စံနေတော်မူပါမည့်အကြောင်း ရုံးပေါင်းစုံစွာ သံတော်ဦးတင်လျှောက်ကြပါသည်။

ထို့ကြောင့် မင်းတုန်းမင်းတရားကြီးသည် ပြည်သူလူရှင်အပေါင်းတို့ စိတ်ချမ်းသာ ကြောင်းကို ဆောင်ရွက်သင့်သော အဝိရောဓနတရားကို ထောက်ထားလျက်၊ အမရပူရမြို့တော်တွင် ပြန်၍စံနေတော်မူမည်ဟု အမိန့်တော်မှတ်ပြီးလျှင် အမရပူရ မြို့ရှိ နန်းတော်အိမ်တော်ဟောင်းများကို ထပ်မံပြင်ဆင်မွမ်းမံစေသည်။

ထို့ကြောင့် ရွှေနန်းတော်ကြီးကို ပြင်ဆင်ဆောက်လုပ်မွမ်းမံရန် ညီတော်အိမ်ရှေ့ မင်းအတွက် အိမ်ရှေ့အိမ်တော်၊ နောင်တော်ပုဂံမင်းအတွက် အိမ်တော် စသဖြင့် ပြုပြင်ဆောက်လုပ်စေရန်အတွက် ဝန်ထောက်စို့လေးဆယ် ဒိုင်းဝန်မဟာမင်းလှ သီဟသူနှင့် အသုံးစာရေးတို့ကို ငွေတော်ထုတ်ပေး၍ ကြီးကြပ်ပြင်ဆင်ဆောက်လုပ် စေပြီးလျှင် ထိုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၅ ရက်နေ့ နံနက်အချိန်အခါတော် ကျသည်နှင့်တစ်ပြိုင်နက် အမရပူရမြို့သို့ ထွက်ကြွတော်မူလေသည်။

ထွက်ချီတော်မူရာ အခမ်းအနား၌ ကျောက်မြောင်းမြို့ ဧရာဝတီဆိပ်မှ ဘုရား၊ ရဟန္တာ၊ ပိဋကတ်စာတော်၊ ဆရာတော်သံဃာတော်တို့ကို တပ်ဦးတော်က အဖြူခြယ် သော သမ္ဗာန်တော်နှင့် ပင့်ဆောင်တော်မူသည်။

ထို့နောက် ရှေ့သုံးတပ်၊ နောက်သုံးတပ်၊ ဝင်း၊ ကိုယ်ရံတော် အခင်းအကျင်း များနှင့် ထွက်တော်မူကြီးစံနစ်အတိုင်း ထွက်တော်မူကြ၍ ကျောက်မြောင်းမြို့၌ တစ်ညစံနေသည်။

ထိုည ကျောက်မြောင်းရေဆိပ်မှာ သမ္ဗုဒ္ဓေအရ မြတ်စွာဘုရားအား ဆီမီးတိုင် (၆၀၀၀၀၀) ကျော် ထွန်းညှိပူဇော်ထားသော မီးဖောင်များကို ဧရာဝတီမြစ်ကျောမှ မျှော၍လှူဒါန်းတော်မူသည်။

နံနက်လင်းလျှင် ပြည်ကြီးမွန်ဖောင်တော်တွင် မင်းတုန်းမင်းတရားကြီးသည် အဂ္ဂမဟေသီ မိဖုရားခေါင် (စုဖုရားကြီး)နှင့်အတူ စီးနင်းတော်မူ၍၊ အခြားမိဖုရား အပေါင်းခြံရံကာ ရွှေလှေရွှေလောင်း၊ မီးသင်္ဘောသမ္ဗာန်၊ ဇလာကပင်၊ သတ္တုလွန်း ကြင်၊ သားလှေ-ငှက်လှေမှစ၍ ကြည်းဘက်-ရေဘက် တပ်ဝင်းအခင်းအကျင်း



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ငြိမ့်ငြိမ့်ညောင်းညောင်း ဧရာဝတီမြစ်ကြောင်းမှ စုန်တော်မူခဲ့လေသည်။

ရေတပ်တော် မင်းကွန်းအရပ်သို့ရောက်လျှင် မင်းကွန်းတဲနန်းတော်တွင် စခန်းချရပ်နားပြီး ဆက်လက်ချီတက်ရာ အမရပူရရွှေမြို့တော်ရှိ ရွှေနန်းတော်သို့ ဆိုက်ရောက်တော်မူလေသည်။ ထိုအခါ နောင်တော်ပုဂံမင်းမှာ မြို့အရှေ့တောင်ထောင့်ရှိ ဆောက်လုပ်ထားသော စံအိမ်တော်၌ စံနေရပြီး၊ အိမ်ရှေ့မင်းမှာလည်း ရွှေနန်းတော်မြောက်ဘက်၌ ဆောက်လုပ်ထားသော မြောက်အိမ်တော်တွင် စံနေတော်မူကြလေသည်။

အိမ်ရှေ့စံညီတော်ကနောင်မင်းသာလျှင် တိုင်းရေးပြည်ရေး တာဝန်အဖြာဖြာကို ထာဝရ ထမ်းဆောင်လျက်ရှိသောကြောင့် မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့မှာ ဒါန၊ သီလ၊ ဘာဝနာနှင့် သာသနာရေးရာ၊ လူမှုရေးရာတို့တွင် မွေ့လျော်တော်မူရသောအချိန်က များပါသည်။

ထို့ကြောင့် အမရပူရ နေပြည်တော်သို့ စံတော်မူမိသောအခါလည်း မှန်နန်းတော်ဦးတွင် တစ်နေ့ သံဃာတော်(၅၀)ပင့်ပြီး နေ့စဉ်ဆွမ်းလုပ်ကျွေး၍ သံဃာတော်(၈)ပါးဖြင့် တရားနာတော်မူသည်။

တောင်ဥယျာဉ် စံနန်းတော်တွင်လည်း သံဃာတော်(၁၆)ပါးကိုပင့်၍ ဆွမ်းလုပ်ကျွေးပြီး သင်္ကန်းလျာပိတ်အုပ်များလှူဒါန်းခြင်း၊ မှူးတော်မတ်တော်၊ အတွင်းကိုယ်ရံတော်၊ အစုအမှုထမ်းများကိုလည်း ထမင်းကျွေးခြင်း စသည်တို့နှင့်မွေ့လျော်ခဲ့သည်။

မိဖုရားခေါင်ကြီးနှင့်အတူ ကိုယ်ရံတော် တပ်ဝင်းအခင်းအကျင်းတို့နှင့် မှူးတော်မတ်တော်အများခြံရံလျက် အမရပူရမြို့တော် အရှေ့မြောက်အရပ်ရှိ 'ရွှေကွန်အုပ်ဘုရား'သို့ အဖူးအမျှော်ထွက်ခြင်း၊ မင်းတုန်းမင်းတရားကြီး မင်းသားအဖြစ်က စံနေတော်မူခဲ့ပြီးသော အမရပူမြို့တွင်း မင်္ဂလာစံအိမ်တော်နေရာဝင်းကိုလည်း သတိတရ ဝင်ရောက်ရှုစားတော်မူခဲ့ခြင်း။

မိဖုရားနှစ်ပါးသည် ရံခါရံခါ မှူးတော်မတ်တော်တို့နှင့် မြေနန်းတော်သို့ ထွက်တော်မူကြပြီးလျှင် သံဃာတော်ရှစ်ပါးပင့်၍ ဥပုသ်စောင့်သုံးတော်မူခြင်း၊ ရံခါရံခါလည်း အင်္ဂပတ်မြင်း၊ စာထိုးမြင်း၊ ဝေလီခံမြင်း၊ ကသည်းမြင်းကလေး ၉ တပ်ဗိုလ် စစ်ကဲမြင်းခေါင်း၊ မြင်းစီး အမှုထမ်း လူ ၇၀၀ကျော်တို့ကို ပုဆိုး၊ ခေါင်းပေါင်းအုပ်များ ပေးသနားခြင်း၊ ပြဟ္မဏပုဏ္ဏား ၄၀၀၊ ခတ္တိယပုဏ္ဏား ၁၇၀၊ ရခိုင်ပုဏ္ဏား ၁၀၀၊ သုဒ္ဒိယပုဏ္ဏား ၅၃၄တို့ကိုလည်း ခေါင်းပေါင်းပိတ်အုပ်၊ ပုဆိုးတို့ကိုပေးဝေပြီးလျှင် သူတို့ဘာသာအရ ထမင်းချက်ပြုတ်ကျွေးမွေးလှူဒါန်းလေသည်။

ဤတွင်လည်း ကသည်း၊ အင်္ဂပတ်၊ ဝေသာလီစသော စစ်အမှုထမ်းသားများ



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတရားထံတော်ဝယ် မည်မျှများပြား၍၊ ပုဏ္ဏားတော်အမှုထမ်းပေါင်းက လည်း မနည်းလှသည်ကို ချင့်ချိန်သိရှိနိုင်လေသည်။

ဆိုအပ်ခဲ့သည့်အတိုင်း မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့သည် အေးချမ်းသာယာစွာနှင့် စံနေတော်မူကြခြင်းကား ညီတော်အိမ်ရှေ့မင်းအား လက်ရုံး နှစ်ဖက်မျှအားထား ယုံကြည်တော်မူကြရသောကြောင့်သာလျှင် အကြောင်းရင်းခံ ဖြစ်ပါသည်။

ရတနာသိယ်မြို့၌ နေအိမ်နှင့်နေထိုင်ရသော ပြင်သစ်နိုင်ငံသား ဒီဂေါ် ရနေး သည် မြန်မာဘုရင်မင်းထံသို့ အမှုတော်ထမ်းဆောင်ရန်အလို့ငှာ ပြင်သစ်ဘုရင်က စေလွှတ်ထားခြင်းခံရသူဖြစ်ကြောင်း၊ မင်းတရားကြီးဘုရား ခိုင်းစေတော်မူရာ အမှုကိစ္စတို့ကို ဆောင်ရွက်လိုပါကြောင်းဖြင့် လျှောက်ထားသံတော်ဦးတင်လေရာ၊ ပြင်သစ်မြန်မာနှစ်နိုင်ငံအတွက် ချစ်ကြည်ရေးမိတ်ဆက်ရန် ၎င်းဒီဂေါ် ရနေးအား 'နေမျိုးသီရိဇေယဘွဲ့'အမည်နှင့် ငွေတော်အသပြာတစ်ထောင်ပေးသနားကာ ပြင်သစ်နိုင်ငံသို့သွားရောက်စေပါသည်။ ၎င်းသက္ကရာဇ်မှာ ၁၂၁၅ ခု၊ ပြာသို လဆန်း ၆ ရက်ဖြစ်၍ ခရစ်နှစ် ၁၈၅၃ ခုဖြစ်လေသည်။

ထိုပြာသိုလအတွင်းမှာပင် ရွှေဘုံရွှေနန်း အစဉ်အဆက်ပြုလုပ်မြဲဖြစ်သော ဆင်ခင်းမြင်းခင်း စက်သွင်းပွဲသဘင်တော်ကို အိမ်ရှေ့မင်းနှင့် ဝန်ကြီးအတွင်းဝန် အရာရှိတို့က ခေါင်းဆောင်လျက် ရွှေမြို့တော်အရှေ့ဘက် ဇောင်းကလောကန်ထိပ် ခမည်းတော်ရွှေဘိုမင်းတရား၏ ကုသိုလ်တော် လောကမဏိစူဠာစေတီတော်ရှေ့ လွင်ပြင်၌ စက်သွင်းသဘင်ကို ကြီးကျယ်ခမ်းနားစွာ စတင်ကျင်းပစေလေသည်။

မိုးနဲစစ်ကဲကြီးတို့ထံမှ ပလောင်သူပုန်အနည်းငယ်ကို မုဆိုးများက ခုခံတိုက်ခိုက် သဖြင့် ပျက်ပြားဆုတ်ခွာထွက်ပြေးကြကြောင်း သံတော်ဦးတင်လွှာနှင့်အတူ သံလွင်မြစ်အရှေ့ဘက်ရှိ တပ်တော်ဦးမှရရှိသော မိုးကြိုးသွား၊ လုံ့စကြာရရှိသဖြင့် ဆက်သသူများ ရောက်ရှိလာကြလေသည်။

တပို့တွဲလသို့တိုင် ရောက်သောအခါလည်း ရှေးမင်းတို့အစဉ်အလာ ဆယ့်နှစ် ရာသီ အလှူတော်ပွဲတို့တွင် အပါအဝင်ဖြစ်သော မီးပုန်းယာဂု အလှူတော်ပွဲကြီးကို ဘုရင်အဖြစ်ရောက်မှ ရှေးဦးစွာ စတင်ပြုလုပ်တော်မူလေရာ၊ ဆန်အတင်းတစ်ရာကို ယာဂုထိုး၍ ရွှေမြို့တော်ရှိ သံဃာတော်များ၊ မှူးမတ်အတွင်းဝန်အရာရှိနှင့် ကိုယ်ရံတော်အစုအမှုထမ်းတို့ကို လှူဒါန်းပေးဝေစေသည်။

ဆင်ဝန်၊ ဆင်ဝန်ထောက်တို့ အလုပ်အစုများ၊ ကျေးရွာများမှ ဆင်တော်အများ ကိုလည်း ဤနှစ်တွင် ရှေးဦးစွာ ရရှိတော်မူသည်။ ရွှေးရည်၊ ဝင်းရည်၊ ထမ်းရည် စသော ဆင်တော်များ ဖြစ်ပြီး၊ မိုးကုတ်ကျပ်ပြင်အရပ်မှလည်း ကျပ်ပြင်စို့သူဌေးကြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေပြင်က ထူးမြတ်သော ပတ္တမြားကျောက်အချိန် ခြောက်မူးကျော်ကို လာရောက်ဆက်သခံရသည်။

ထိုနှစ်မှာပင် မင်းတုန်းမင်းတရားကြီးသည် နိုင်ငံတော်အတွင်း၌ ရှေးမင်းအစဉ်အဆက် ပြုလုပ်သုံးစွဲမြဲဖြစ်သော ဇလား၊ တောင်း၊ တင်းများကို ဘေးတော်မင်းတရားကြီးလက်ထက်ကအတိုင်း တညီတညွတ် လုပ်ဆောင်စေသည်။

တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့ ညနေလေးချက်တီးအချိန်တွင် အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်က သားယောက်ျားလေး မီးရှူးသန့်စင်ဖွားမြင်လေသည်။

မောက်မယ်စော်ဘွားထံမှ သမီးကညာ ဆက်သရောက်လာသည်ကို စော်ဘွားကြီးများ သမီးကညာကြိုယူနည်း အခမ်းအနားနှင့် ကြိုယူဆောင်ကျဉ်းရသည်။

ပုခန်းကြီးမြို့စား အတွင်းဝန်မင်းကြီး မဟာမင်းလှစည်သူကို ဝန်ကြီးသတိုးမင်းကြီးမင်းလှသီဟသူ၊ မင်းကြီး မဟာသင်္ကြန်၊ သတိုးမင်းကြီး မဟာမင်းလှကျော်သူတို့နှင့်ဖက်၍ အဂ္ဂမဟာသေနာပတိ ဝန်ကြီးခန့်တော်မူသည်။

တရုတ်သံအဖြစ် သံဘက်ခန့်၍သွားစေသောကိစ္စမှာ တရုတ်ပြည်မရောက်မီ လမ်းခုလတ်ရှိနယ်၌ ပန်းသေးလူမျိုးတို့ မငြိမ်မသက် သောင်းကျန်းလျက်ရှိသောကြောင့် ၎င်းနယ်ကိုဖြတ်ကျော်လာရန် စိတ်မချရသဖြင့် မိုင်းဆည်မြို့မှာ သံတမန်လက်ဆောင်ချင်းလဲလှယ်၍ပြန်ကြရန် အကြောင်းပေါ်လာသောကြောင့် နှစ်ဦးနှစ်ဖက်သဘောတူ တရုတ်သံနှင့်မြန်မာသံတို့ ပြန်လာခဲ့ကြလေသည်။

၁၂၁၅ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့သို့အဝင်တွင် အလယ်နန်းတော်မိဖုရား(ဆင်ဖြူရှင်)မှ အလယ်နန်းဆောင်တွင် သမီးတော်ဖွားမြင်သည်။

တန်ခူးလတွင် ကျိုင်းရုံးကြီးသေဉ္စဝီဘွားစောတိနဂရ၊ မဟာသီဟ၊ ပဝရသုဓမ္မရာဇာ၊ စစ်ကဲမြို့စားတဆယ့်နှစ်ပန္နား ဒေါဘယားအမတ်တို့က လုံးပတ်တစ်မိုက်လေးသစ်၊ အမြင့်လေးသစ်၊ အချိန် နှစ်ဆယ့်နှစ်ကျပ်ရှိသော ထူးမြတ်သော ပတ္တမြားကျောက်တော်ကို စစ်ကဲမင်းတင်ရဲလှကျော်သူ ဦးစီးကြီးကြပ်၍ လာရောက်ဆက်သလေသည်။

တန်ခူးလဆန်း ၁၄ ရက်နေ့တွင် (ဆင်ဖြူရှင်)အလယ်နန်းမိဖုရားမှဖွားမြင်သော သမီးတော်ကို ပုခက်တင်မင်္ဂလာအခမ်းအနားကျင်းပရသည်။ သမီးတော်ကို ခမည်းတော် မင်းတုန်းမင်းတရားကြီးက ရွှေနန်းတက်မိမှ ဖွားတော်မူသောကြောင့် လက်ဖွဲ့ပစ္စည်းများ ဖွဲ့ပေးတော်မူရာ၊ သမီးတော်၏မုန့်ဖိုးအဖြစ် မိုးကောင်းမြို့၊ အလုံမြို့နယ်ရှိ လယ်တော်၊ ယာတော်၊ ဥယျာဉ်။ မက္ခရာမြို့ရှိ လယ်တော်၊ ယာတော်၊ ရွှေတုံးလှေတော်၊ ယဉ်ပုံလှေတော်၊ ဆင်ပေါက် နှစ်စီး၊ ဆင်မနှစ်စီး၊ ကျွဲနှစ်ရှဉ်းစုံ(၁၀)၊



www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်၊ အယတော်၊ အချီတော်၊ ကစားတော်ဘက် မျှူးမတ်သမီးများစသဖြင့် ဖြစ်ပါသည်။ အခြားသော မင်း၊ မိဖုရား၊ မျှူးတော်မတ်တော်များကလည်း အသီးသီး လက်ဖွဲ့ကြသည်။

တန်ခူးလပြည့်ကျော် ၁ ရက်နေ့သည် သင်္ကြန်ကူးပြောင်းပြီး၍ ၁၂၁၆ ခုနှစ်၏ နှစ်ဆန်း တစ်ရက်နေ့ဖြစ်သည့်အတိုင်း ကုသိုလ်ကောင်းမှုများနှင့်အတူ သားငှက် သတ္တဝါအပေါင်းတို့ကို ဘေးမဲ့ပေးလှူတော်မူလေသည်။ ရွှေမြို့တော် ပြည်သူ ပြည်သားအပေါင်းတို့အား ခေါင်းပေါင်းအုပ် ၄၆၀၊ ပိတ်အုပ် ၁၂၁၂၊ ပဝါအုပ် ၃၀၀၀၊ စိပ်ပုတီးပေါင်း ၁၀၀၀ တို့ကို ပေးလှူတော်မူသည်။ အိမ်တော်ပါ ကိုယ်လုပ် တော် ၇ ဦးအား ရွာစားပေးခန့်တော်မူသည်။

၁၂၁၆ ခုနှစ်ဦးဖြစ်၍ မင်းတုန်းမင်းတရားကြီးသည် ဥကင်တော်ဖွင့်အခမ်း အနားနှင့် တံဆိပ်နာမတော်ခံယူရန် ကနက္ကဒဏ်ထီး၊ ကမ္ဗုထီး၊ မနောမရထီးစသော ထီးဖြူတော်များကို အခါတော်နှင့် စာတမ်းထွက်အတိုင်း စတင်ချုပ်လုပ်စေသည်။

ညီတော်အိမ်ရှေ့မင်းကိုလည်း ကြီးစွာသောအဆောင်အယောင်အခမ်းအနား များကို ရွှေဘုံနိဒါန်းထုံးတမ်းစဉ်လာအတိုင်း ထပ်မံပေးဘွဲ့ခြင်း၊ အခြားသော မင်းညီ မင်းသား၊ ဆွေတော်မျိုးတော်၊ ဝန်ကြီးဝန်ထောက်၊ အတွင်းဝန်စသော မျှူးတော် မတ်တော်တို့ကို နှစ်သစ်တွင် အစီးအနင်း အဆောင်အရွက်သစ်များ၊ ဘွဲ့အမည်သစ် များ၊ ရာထူးဌာနအဆင့်သစ်များ၊ မြို့စားရွာစားသစ်များကို မိဖုရား၊ ကိုယ်လုပ် မောင်းမ မကျန်ရအောင် ပေးဘွဲ့သနားတော်မူလေသည်။

နှစ်သစ်ဦးတွင် ရွှေနန်းထုံးစံအတိုင်း ကန်တော့ခံအခမ်းအနားများ ကျင်းပသည်။ အဝေးရောက်စော်ဘွား၊ မြို့စားများထံမှ ကန်တော့လက်ဆောင်တော်များနှင့်တကွ အနယ်နယ်မှ ထူးဆန်းမွန်မြတ်သော ပတ္တမြား၊ ကျောက်မျက်ရွဲ၊ ပုလဲရတနာစသည် တို့အပြင် ဆင်ကြီး၊ မြင်းကြီး၊ သမီးကညာ ရတနာတို့ ဆက်ရောက်လာကြသည်။

အလှူဒါနတော်များလည်း ယခင်နန်းတက်စနှစ်ကထက် ဆထက်ထမ်းပိုးတိုး၍ လှူဒါန်းပေးကမ်းစွန့်ကြဲတော်မူကြသည်။

အထူးသဖြင့် ထိုနှစ်ဝါဆိုလတွင် မင်းတုန်းမင်းတရားကြီး၏ သားတော်များ ဖြစ်ကြသော သားတော် မလွန်မင်းသား၊ တူတော် ပန်းတိမ်းမင်းသား(အိမ်ရှေ့မင်း သားတော်)၊ သားတော် သုံးဆယ်မင်းသား၊ သားတော် မြင်ကွန်းမင်းသားတို့ကို မြေနန်းတော်တွင် နားထွင်းသျှောင်ထုံး မင်္ဂလာဆင်ယင်တော်မူသည်။

အင်္ဂလိပ်တို့နှင့် မဟာမိတ်လက်ဆောင် အပြန်အလှန်ပြုရန် သံတော်များ စေလွှတ်၍ ကာလကတ္တားမြို့ လပ်မင်းကြီးထံသွားကြရသည်။ ကုလားဝန် မဟာမင်း ခေါင်သီဟသူနှင့်တွဲ၍ ဝန်ကြီး၊ ဝန်ထောက်တို့ သွားရောက်လေသည်။ အင်္ဂလိပ်တို့က



www.burmeseclassic.com

www.burmeseclassic.com



လည်း သူတို့ထံမှ လက်ဆောင်သံများ ပြန်လွှတ်ပါမည်ဆိုသည်။ ဘင်္ဂလားမြို့က ကုလားသူဌေးကုန်သည်တို့ လက်ဆောင်များနှင့်လာရောက်၍ ကန်တော့ခံသည်။ ၎င်းတို့သည် ကုန်စည်ကူးသန်းရောင်းဝယ်ခွင့် အခွင့်အလမ်းများမျှော်ကိုး၍ ရောက်လာကြသူများဖြစ်ကြလေသည်။

ညီတော်အိမ်ရှေ့မင်း နားကိုက်ဝေဒနာဖြစ်တော်မူ၍ လွှတ်တော်မတက်နိုင်ရှိရာတွင် နောင်တော်မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့ကိုယ်တိုင် အိမ်ရှေ့အိမ်တော်သို့ ထွက်တော်မူကာ မေးတော်မူကြပြီးလျှင် ဝေဒနာပျောက်ရန် ငွေတော်အသပြာတစ်သောင်း 'ခမဲ'ပေးတော်မူကြသည်။ (ရှေးအစဉ်အလာအရ ချစ်ခင်သော သားတော်သမီးတော်များ၊ ညီတော်များကို 'ခမဲ'ပေးလေ့ရှိကြသည်။)

မင်းတုန်းမင်းတရားကြီးသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူစဉ် သာသနာရေး၊ ဘာသာရေးစသော လောကုတ္တရာများကို အထူးအလေးပေးတော်မူသူဖြစ်သောကြောင့် ဆယ့်နှစ်ရာသီ အလှူတော်ပွဲများသာမက ကြားကာလတို့၌လည်း အလှူတော်ရေစက်သည် လက်နှင့်မကွာ ရှိနေတော်မူသည်။

၁၂၁၈ ခုနှစ်တွင်လည်း မြတ်စွာဘုရားဟောကြားတော်မူအပ်သော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်တော်များကို ပုဒ်၊ ပါဌ်၊ အက္ခရာ မှန်ကန်သေချာအောင် 'ပေထက်အက္ခရာ' တင်လှူတော်မူလိုသဖြင့် ပိဋကတ်တော်၌ တတ်ကျွမ်းနားလည်သော သာသနာပြုဆရာတော် သံဃာတော်တို့နှင့် လူပညာရှိပုဂ္ဂိုလ်များအား ခန့်ထားပြီးလျှင် အခါနာရီကျ၍ အမြောက်သံကြားသောအချိန်ကစ၍ ပေထက်အက္ခရာ တင်တော်မူလေသည်။

ဘင်္ဂလားမြို့က အင်္ဂလိပ်လူမျိုး 'မိုက်ချယ်ဝီလတ်'ဆိုသူနှင့် ကပ္ပတိန် ၄ ယောက်၊ ကပ္ပတိန်ပီရစ်လုံးနှင့် နောက်ပါ ၄ ယောက်တို့က လက်ဆောင်ဆက်သလာ၍ တောင်ဉယျာဉ်တော် အတွင်း စံနန်းတော်ထီးဖြူရုံတော်တွင် အတွေ့ခံတော်မူသည်။ အနောက်တိုင်းသားများလည်း မင်းတုန်းမင်းတရားကြီးအား လေးစားကြည်ညိုကြသည်။ သူတို့အဖို့ အခွင့်အရေးရရှိလိုမှုလည်း ပါဝင်လေသည်။

သင်္ဘောလူကြီး 'မစ္စတာအိုဝင်း'က မင်းတုန်းမင်းတရားကြီးအတွက် အတောင်ခြောက်ဆယ်၊ အနံဆယ်တောင်၊ စောက်ငါးတောင်ရှိ မီးသင်္ဘောတစ်စီးကို အဖိုးငွေဒင်္ဂါး ၁၁၂၉၀၀ နှင့် ဝယ်ယူဆက်သလေသည်။

ဘုံဘိုင်မြို့နေ ပသီလူမျိုး 'နရာဇာအလီ'နှင့် ဘင်္ဂလားမြို့နေ ဟိန္ဒူပုဏ္ဏားလူမျိုး 'မိုတီလား'တို့က မှန်ဝိုင်း၊ မှန်ကြီး၊ နာရီကြီး၊ အမွှေးနံ့သာသေတ္တာများ လက်ဆောင်အဖြစ် လာရောက်ဆက်သကြလေသည်။ နောက်ထပ်၍ သင်္ဘောသူကြီး ရဟူဒီလူမျိုး 'အိပရံရေဝတီ'ဆိုသူကလည်း လက်ဆောင်တော်များ လာရောက်ဆက်သပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာကန်တော် ကျိုးပေါက်သဖြင့် အတွင်းဝန် ဝက်မစွတ်မြို့စားမင်းကြီး မဟာအဘယနှင့် သံတော်ဆင့်ယဉ်ပုံလှေအုပ်တို့ကို သွားရောက်ပြုပြင်စေရသည်။

စစ်ကိုင်းနယ်တွင်လည်း တန့်တီးအင်း၊ မောင်းမကန်အင်း၊ ပြိတရော်အင်းတို့ကို လယ်လုပ်သူတို့အဖို့ ပြုပြင်ဆည်ဖို့ပေးခြင်း၊ အင်းများသို့စီးဝင်ရာ ချောင်းများ ဖြစ်သော မြစ်နီဝချောင်း၊ လှေဝင်ပေါက်ချောင်းများမှ ရေစီးရေလာကောင်းအောင် သွယ်ယူပေးစေသည်။

အောင်ပင်လယ်ကန်၊ နန္ဒာကန်တို့ကိုလည်း ကန်ရိုးကန်ပေါင်တို့ကို ထပ်ဖို့စေရာ ကန်ပေါင်စံနန်းတော်သို့ ကိုယ်တော်တိုင်ထွက်၍ အခါတော်နှင့်စ၍ ဆည်ဖို့စေပြီး နန္ဒာကန်ကိုလည်း အိမ်ရှေ့မင်းနှင့် မှူးမတ်အရာရှိများ ကြီးကြပ်လုပ်ဆောင်စေသည်။

ပြင်စည်မြို့နယ်မှာရှိသော ကန္ဒာရွာကန်ကျိုးပေါက်၍ လယ်များမလုပ်နိုင်သည်ကို ရွှေပြည်ရန်အောင်အနောက်လက် မြင်းမှူးအမှုထမ်းတို့က သွားရောက်ပြုပြင်ဆည်ဖို့ပေးစေသည်။

ဤသည်တို့မှာ လယ်ယာလုပ်သားတို့အတွက် အရေးတယူ ရှေ့ရှုဆောင်ရွက်ပေးတော်မူခြင်းပင် ဖြစ်လေသည်။

## ရတနာပုံမြို့တည်

မင်းတုန်းမင်းတရားကြီးသည် ရတနာသိင်္ဃ ရွှေဘိုအောင်မြေအရပ်တွင် ထီးနန်းစိုက်လိုသော်လည်း ရဟန်းရှင်လူ မင်းဆွေစိုးမျိုး မှူးမတ်အပေါင်းတို့ တောင်းပန်ချက်အရ သံဃာအား ဘုရားမဆန်သာသကဲ့သို့ အမရပူရမြို့သို့ ပြောင်းရွှေ့ထီးနန်းစိုက်ထူခဲ့လေသည်။ သို့သော်လည်း ထိုမြို့တော်ကို နှစ်သက်တော်မမူသဖြင့် ခေတ္တယာယီမျှသာစံတော်မူပြီး တစ်နည်းနည်းနှင့် တစ်နေရာရာမှာ ထီးသစ်၊ နန်းသစ်၊ မြို့သစ်တည်ထောင်တော်မူလိုသော ဆန္ဒတော်က ပြင်းပြလျက်ရှိ လေသည်။

ထို့ကြောင့် သင့်လျော်လျှောက်ပတ်မည့် နေရာဌာနတစ်ခုခုကို စုံစမ်းရှာဖွေတော်မူလိုက်သောအခါ မန္တလေးတောင်ခြေအရပ်ကို မြင်တွေ့ရသည်။ မန္တလေးတောင်ခြေအရပ်သည် စည်မျက်နှာပြင်ကဲ့သို့ ညီညာပျံ့ပျူးနေသော မြေပြင်ဖြစ်သောကြောင့် မြို့တည်ရန် ကြန်အင် လက္ခဏာနှင့် အကြမ်းဖျင်းအားဖြင့် ပထမရှေးဦးစွာ ညီညွတ်လျက်နေကြောင်း တွေ့ရှိရလေသည်။

မန္တလေးတောင်သည်လည်း သမိုင်းဝင်၊ သိုက်ဝင်နေရာဖြစ်သည်။ ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် 'မန္တလေးရွှေတောင်'အမည်တွင်၍ မြတ်စွာဘုရားနုစဉ်အခါက ဤတောင်မှာ ဆင်မင်း၊ ခြင်္သေ့မင်း၊ ဆတ်မင်း၊ ဖွတ်မင်း၊ ငုံးမင်းစသည်



www.burmeseclassic.com

www.burmeseclassic.com



တို့ဘဝနှင့် ကျင်လည်တော်မူခဲ့ရဖူးသည်။ ငါ၏သာသနာတော်နှစ် နှစ်ထောင့် လေးရာအရောက်တွင် ထိုနေရာ၌ မင်းနေပြည်ကြီးဖြစ်ကာ သာသနာပွင့်လင်း စည်ပင်လိမ့်မည်ဟူ၍ မြတ်ဘုရားကိုယ်တော်တိုင် ညီတော်အာနန္ဒာအား ဗျာဒိတ် စကားမိန့်ကြားတော်မူခဲ့သည်ဟု ဘုရားသိုက်၊ ငမှန်ကန်းသိုက်၊ ဂဝံပတေ့၊ ရသေ့ သကြားသိုက်၊ သီဟိုဠ်ပူရာဇ်သိုက်စသော သိုက်များစွာ၌ တွေ့ရှိကြောင်း သမိုင်း ဟောင်းအစဉ်အလာရှိခဲ့သည်။ မြေခံ၊ ရေခံကောင်း၍ ဘူမိနက်သန် ထူးမြတ်သော လက္ခဏာနှင့်ပြည့်စုံသဖြင့် ပဏာမရွေးချယ်တော်မူလေသည်။

ထို့နောက် သာသနာပိုင်ဆရာတော်အမှူးရှိသော ဆရာတော်သံဃာတော်များ၊ မှူးမတ် ပညာရှိကြီးအများနှင့် အပြန်ပြန်အထပ်ထပ် စစ်ဆေးမှုများကို အချိန် ၂ လနီးပါး ပြုလုပ်စေသည်။ ကိန်းခန်း၊ သိုက်၊ တဘောင်၊ စနည်းများနှင့် ဗေဒင်ယတြာမှု တို့ကို တစ်ခုမကျန် တွက်ချက်စစ်ဆေးပြီးသောအခါတွင် နောက်ဆုံးတစ်ကြိမ်အဖြစ် မိဖုရားခေါင် တောင်နန်းမဟေသီ၊ စကြာဒေဝီမိဖုရားကြီးအား အဆုံးအဖြတ်ပြုစေ သည်။

စကြာဒေဝီမိဖုရားကြီးသည် ဗေဒင်ကိန်းခန်း အရာကောင်းစွာ ကျွမ်းကျင်တတ် မြောက်တော်မူရုံမျှမက ဘင်္ဂါလီ၊ နာဂရီ၊ သင်္ကရိုက်အရေးအသား၊ ဘာသာမျိုးတို့ ပေါင်းဆုံရာ ခဲခက်သိမ်မွေ့လှသော ဗေဒင်ကျမ်း၊ ဓာတ်ကျမ်း၊ လောကီကျမ်းများကိုပါ မွှေနှောက်ချောက်ချားနိုင်သူ ဖြစ်သည့်အတိုင်း၊ အရပ်ရပ်ညီညွတ်သင့်မြတ်လေပြီဟု အမိန့်တော်မှတ်၍ ဆုံးဖြတ်တော်မူလိုက်သောအခါမှအစပြု၍ ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိများက တညီတညွတ်တည်း မြို့တည်သင့်ကြောင်း စာတင် သွင်းကြသောကြောင့် မန္တလေးအရပ်၌ ရတနာပုံမြို့တည်နန်းတည်ရန်ကိစ္စကို မင်းအမိန့်တော်နှင့်စတင်၍ အကောင်အထည် ဖော်ကြရလေတော့သည်။

အိမ်ရှေ့မင်းသည် ဤမြို့တည် နန်းတည်ကိစ္စကို စိတ်တော်ထဲမှ သဘောတော် မကျလှစေကာမူ တစ်စုံတရာမပြော၊ နှုတ်ပိတ် ရေငုံနေတော်မူခဲ့သည်။ အိမ်ရှေ့မင်း ဆန္ဒတော်မှာ မြို့သစ်၊ နန်းသစ်တည်ရာ၌ အချိန်စောလွန်းသည်ဟု ယူဆသည်။ လက်ငင်းအရေးကြီးသောကိစ္စများမှာ တိုင်းပြည်လုံခြုံရေး၊ အင်္ဂလိပ်တို့ ကျူးကျော်မှုကို ခုခံဖြိုဖျက်နိုင်ရေးတို့အတွက် စစ်သည်အင်အား၊ လက်နက်အင်အားစုဆောင်း ဖြည့်တင်းရန် အရေးကြီးသည်။ ထီးနန်းရစဖြစ်၍ အစစ အသားတကျဖြစ်ရန်လည်း လိုသေးသည်။ ရှိသမျှငွေကြေးဘဏ္ဍာအင်အား၊ လူအင်အားများကို တိုင်းပြည် ကာကွယ်ရေး၌အလေးထား၍သာ အသုံးပြုသင့်သော အချိန်ဖြစ်သည်။ မြို့သစ် နန်းသစ်တည်ခြင်းမှာ လူတွေပင်ပန်းစေပြီး လွန်စွာငွေကုန်ကြေးကျများလှ၍ နောင် တိုင်းပြည်အေးချမ်းတည်ငြိမ်သောအခါမှသာ မြို့သစ်တည်ခြင်း၊ နန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခြင်းများ ပြုသင့်သည်ဟု တွက်ဆတော်မူသည်။ သို့သော် နောင်တော်မင်းတုန်းမင်းတရားအား စိတ်တော်အနှောင့်အယှက်ဖြစ်မည့်စကားမျိုး မလျှောက်ထားဘဲ 'သူကြိုက်သလို လုပ်ပါစေတော့'ဟု အလျှော့ပေး၍ အေးအေးနှုတ်ဆိတ်နေတော်မူခဲ့ခြင်း ဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီး၏ ရည်ရွယ်တော်မူချက်ကလည်း မိမိသည်ဘုရင်အဖြစ်ရောက်လာသည်၌ သာမန်ဘုရင်အဖြစ်နှင့် ရပ်တည်နေတော်မမူလိုပေ။ မြို့တည်နန်းတည် မင်းအဖြစ်နှင့် မုဒ္ဓါဘိသေက ဘိသိက်ကို ခံယူတော်မူပြီးလျှင် တိုင်းသူပြည်သားတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူမည်။ သာသနာတော်ဝန်ထမ်း ရဟန်းတော်တို့၏ အကျိုးစီးပွားကိုလည်း ဆောင်ရွက်တော်မူမည်။ မြတ်စွာဘုရား၏ သာသနာတော်ကိုလည်း ထွန်းလင်းစည်ပင်အောင် ဆောင်ရွက်တော်မူမည်။ မြတ်စွာဘုရား၏ တရားတော်ဓမ္မစည်ကြီးကိုလည်း ပဉ္စမမြောက် သင်္ဂါယနာ တင်လျှုပူဇော်တော်မူခြင်းဖြင့် မြည်ဟီးအောင်တီးခတ်တော်မူမည် စသော ရည်သန်တော်မူချက်တို့ကို လက်ကိုင်ပြုတော်မူထားခြင်းဖြစ်သည်။

စင်စစ်အားဖြင့် မင်းညီနောင်နှစ်ပါးစလုံး၏ ရည်ရွယ်ချက်တို့မှာ ကောင်းကြသည်ချည်းပင်ဖြစ်ပါ၏။ သို့သော် အချိန်ကာလနှင့် အခြေအနေအရမှာမူ ညီတော်အိမ်ရှေ့မင်း၏ဆန္ဒက ပို၍ကောင်းမွန်မှန်ကန်နေသည်။ အင်္ဂလိပ်နယ်ချဲ့ အန္တရာယ်ကို တွန်းလှန်ပစ်မှုက အရေးတကြီးလိုအပ်လှသည်။ တိုင်းပြည်ထူထောင်ရေး၊ သာယာဝပြောရေးကလည်း အသီးသီးဖြည့်ဆည်း ပေးစရာ တာဝန်တွေကများလှသေးသည်။

မင်းတုန်းမင်းတရားကြီးကလည်း အင်္ဂလိပ်၏အန္တရာယ်ကို ဥပေက္ခာမျက်ကွယ်ပြုထားသည်တော့ မဟုတ်ပေ။ ညီတော်အိမ်ရှေ့မင်းက အင်္ဂလိပ်ရန်ကို စစ်ဗျူဟာနည်းနှင့် တွန်းလှန်ပစ်ချင်သလို မင်းတုန်းမင်းတရားက အလိမ္မာနှင့် ရာဇပရိယာယ်နှော၍ နှစ်ပြည်ထောင် မဟာမိတ်သဘော ပြေလည်ချင်သောဆန္ဒရှိခြင်းဖြစ်ပါသည်။

မင်းတုန်းမင်းတရားမှာ နဂိုဗီဇစိတ်တော်ကပင် တရားသဘောနှင့် နှလုံးသွင်းလျက် အေးချမ်းသက်သာစွာသာ အမှုခပ်သိမ်းကို ပြုလိုခြင်းဖြစ်သည်။ ယုတ်စွအဆုံး နောင်တော်ပုဂံမင်းကို ပုန်ကန်ခြင်းပြုရာမှာပင် ညီတော်၏ဆန္ဒကိုလိုက်လျောခြင်း မပြုလျှင်မဖြစ်နိုင်သော အခြေအနေကြောင့်သာ ထ၍ပုန်ကန်ခြင်းအမှု ပြုရပါသည်။ မိမိသဘောချည်းသာဆိုလျှင် ညီတော်ကနောင်မင်းကလည်း တိုက်တွန်းလှုံ့ဆော်မှုမပြုပါက ပုဂံမင်းနှိပ်စက်သမျှ လည်စင်း၍ခံရမည်သာဟု ပိုင်းဖြတ်ထားတော်မူ ခဲ့ရင်းဖြစ်ပါသည်။

နယ်ချဲ့နေသော အင်္ဂလိပ်များကလည်း လက်နက်အားကိုးနှင့် တိုင်းငယ်ပြည်



www.burmeseclassic.com

www.burmeseclassic.com



ငယ်များအပေါ်မှာ အလွန်တရာ မောက်မာစော်ကားလျက်ရှိနေသော အချိန်ဖြစ်ပေသည်။ ဆက်ဆံမှု ပြုရာတွင်လည်း အပေါ်စီးကနေပြီး အနိုင်ချည်းယူနေလိုသည်။ ကမ္ဘာမှာ သူတို့မောက်မာနိုင်စွာနိုင်သောအလှည့်၊ သူတို့ မိုးကောင်းနေသော အလှည့်၌ အခွင့်ဆိုက်သလောက်နှိုက်၍ နှိုက်၍ ယူထားသော နယ်မြေများကလည်း 'နေမဝင်သောအင်ပါယာကြီး'အဖြစ်နှင့် ဂုဏ်ယူဝင့်ကြွားလျက် လက်ပမ်းပေါက်ခတ်ပြနေသော ခေတ်ဖြစ်လေသည်။

နှစ်ပေါင်းနှစ်ထောင်လောက်က ကိုယ့်မင်းကိုယ့်ချင်းနှင့် အေးချမ်းစွာရပ်တည်လာခဲ့သော မြန်မာနိုင်ငံမှာလည်း သယံဇာတပစ္စည်းတွေ ပေါများကြွယ်ဝနေစေကာမူ လူဦးရေနည်းပါးသော နိုင်ငံငယ်တစ်ခုမျှသာဖြစ်နေသောကြောင့် လက်တံရှည်သော နယ်ချဲ့သမားများက စားနေကျကြောင်ဖားလို စောင့်စားဟပ်မျိုရန် အကြံပြုထားခဲ့ကြသည့်အတိုင်း ယခုအခါ၌ အပိုင်းပိုင်းခွဲ၍ မျိုပြီးမျိုဆဲဖြစ်ပါသည်။

ယခုအချိန်တွင် တိုင်းပြည်အထက်ပိုင်း တစ်ဝက်မျှကျန်နေခိုက် ညီအစ်ကိုချင်း စစ်တိုက် နန်းလုမှုက အတွင်းမီးထတောက်ခဲ့ရသေးသည်။ သို့သော် မကြာမီ မင်းတုန်းမင်းတို့ ထီးနန်းရ၍ အင်္ဂလိပ်က ခေတ္တစစ်ရပ်ထားပြီး သံများစေလွှတ်၍ တစ်ဦးနှင့်တစ်ဦး ဆွေးနွေးကြရာမှာပင် အဆင်ပြေအောင်ဖြစ်မလာကြတော့ဘဲ အင်္ဂလိပ်ကသာ အမြဲအပေါ်စီးယူလျက်ရှိသည်။ မင်းတုန်းမင်းကလည်း စိတ်ရှည်ရှည်နှင့် သည်းညည်းခံတော်မူခဲ့ရှာသည်။ 'အမှုမှုကို အနုနှင့် သာ အောင်စေရာသည်' ဟု ယုံမှတ်တော်မူကာ မီးမသေ ရေမနောက်၊ စိုပြီးသားလက်ကိုမခြောက်စေဘဲ နေတော်မူခဲ့သည်။ သို့ကြောင့်လည်း နယ်ချဲ့အင်္ဂလိပ်က မြန်မာပြည် အထက်ပိုင်းကို ခပ်မြန်မြန် ဆက်၍မမျိုသေးဘဲ တန့်နားနေခြင်း ဖြစ်လေသည်။

၁၂၁၈-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄)ရက်နေ့တွင် နားခံတော်၊ ပြော့ကြီးမှူး မင်းလှမင်းကျော်က အောက်ပါအမိန့်တော်ကို ထုတ်ပြန်ရလေသည်။

"မန္တလေးအရပ်၌ မြို့နန်းတည်ထောင်တော်မူမည်၊ မြို့ရာချဉ်းနင်း တိုင်းတာရန်မှအစပြု၍ ဘိုးတော်(ဗဒုံမင်းတရား)အမရပူရမြို့ကို တည်တော်မူစဉ်အခါက လုပ်ဆောင်ရသော အခမ်းအနား အစီအမံအတိုင်း လုပ်ဆောင်ရမည်။ ယင်းသို့ မြို့နန်းတည်နေရာတွင် ပြည်သူလူထုအား အထိအပါး အနှောင့်အယှက် မဖြစ်စေရ၊ အခကြေးငွေတော် ထုတ်ပေးလုပ်ဆောင်ကြရမည်"

ဟူ၍ ဖြစ်လေသည်။

တပို့တွဲလဆန်း ၃ရက်နေ့တွင် မန္တလေး ရွှေတောင်အရပ်သို့ သွားရောက်ပြီး မြို့နန်းနေရာများကို အကွက်ချခန့်မှန်း၍ နယ်လေးရပ်တို့ကို ရွှေကြိုးသတ်မှတ်ယူစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စ၌ ဦးဆောင်၍ လုပ်ဆောင်ရသူ ပုဂ္ဂိုလ်ကြီးများမှာ-

ဝန်ရှင်တော်၊ မြတောင်မြို့စား၊ သေနတ်ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှကျော်သူ၊ ပုခန်းကြီးမြို့စား ဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှစည်သူ၊ ဆင်ဝန်ကွပ်ရွာမြို့စား မင်းရဲဇေယျကျော်၊ ရွှေဝင်းတော်မှူး သူရဲဝန်ကိုးခရိုင်အုပ်၊ အမြင့်မြို့စား မင်းကြီး မဟာမင်းခေါင်သူရိန်၊ ဝန်ထောက်ခန်းပတ်မြို့စား မဟာမင်းလှသီဟသူ၊ ကင်းဝန်မဟာမင်းလှဇေယျသူ၊ သစ်တောဝန်မင်းလှမင်းထင်စည်သူ၊ ပညာရှိအဝေးကျိဝန်၊ ဆီမီးခုံရွာစား မဟာနန္ဒသင်္ကြန်၊ ကန္နီမြို့ဝန် မဟာသီရိသင်္ခယာ၊ နာရီတော်မှူး ဆင်တဲရွာစား မင်းလှသီရိစည်သူ၊ ကျော်စည်ရွာစား နေမျိုး ဓမ္မရာဇသင်္ကြန်၊ ပုဏ္ဏားပညာရှိ စုံးမြို့စား မဟာသီရိပဏ္ဍိတရာဇဂုရု၊ သီရိပဏ္ဍိတ ဓမ္မရာဇဂုရု၊ မဟာသီရိပဏ္ဍိတရာဇဂုရု၊ သံတော်ဆင့် ရတနာလှေကားတော်မှူး မင်းလှသီရိဇေယျသူ၊ စာရေးကြီးမင်းထင်ရာဇာ မင်းကျော်သိင်္ခသူ မင်းလှရာဇာ၊ နန်းကံကျွေးဝန်မင်းတင်ကျော်သူ၊ အုပ်ဝန်မင်းလှသီရိကျော်ထင်၊ အသုံးစာရေးများ မင်းလှသီရိရာဇာ၊ မင်းလှသီရိကျော်သူ၊ မင်းလှ မင်းထင်ကျော်၊ မင်းလှမင်းတင် စည်သူ၊ မင်းလှမင်းတင်သင်္ခယာ၊ မြို့စာရေးမင်းလှရဲခေါင်သူရိန်၊ အမှုတော်ရေး သပြေငါးရွာစား မင်းလှသိင်္ခသူ၊ မြေတိုင်းအမတ်မင်းကျော်ရာဇာ၊ မြေတိုင်းစာရေး မောင်ရွှေ မောင်သောက်ကြာ၊ မောင်ဘိုးတို့နှင့် သူရဲတပ်ခေါင်းမောင်ချင်းရောက်၊ လက်ျာတောင်မှူး မောင်ဘိုး၊ ကောင်ဟန်စစ်ကဲမောင်ပိုတို့ကို ရွှေကြိုးတားဝါး အစုံလိုက်ရပြီး ဝင်းတော်လေးမျက်နှာ အမှုထမ်းတို့က ပန္နက်ပန်းသုံးတားရသည်။ ပန်းချီခေါင်းမောင်ကျားနှင့် ပန်းချီအမှုထမ်းများက ပနက်ကွန်ပါစသော အသုံးအဆောင် ဆေး၊ စုတ်၊ ကိရိယာ အစုံနှင့် လိုက်ပါရလေသည်။

မြို့ရာချမှတ်ရာတွင် မန္တလေးတောင်ကို အဦးထားလျက် တောင်ဘက်သို့ ဇောင်းကလော ကန်တော်အထိ တာပေါင်း ၂၅၀၀၊ အနောက်ဘက်မှာ ဧရာဝတီမြစ်အထိတာ ၁၆၀၀၊ အရှေ့မျက်နှာ၌ အောင်ပင်လယ်ကန်တော်အထိ၊ မြောက် မျက်နှာ မဟာနန္ဒာကန်တော်အထိ ပုံစံများချမှတ်၍ ပန်းချီတော်တို့က အနေအထား ကျအောင် ရေးသားကြရလေသည်။ ပုံစံအတိုင်း နယ်နိမိတ်တို့ကို အသုံးစာရေးတို့က ပန်းသုံးမှတ်တိုင်များ စိုက်ထားရလေသည်။ ယင်းသို့ ရတနာပုံမြို့တော်သစ်၏ နယ်လေးရပ်ကို သတ်မှတ်သော ပန်းချီပုံစံများကို မင်းတုန်းမင်းတရားကြီးအား ဆက်သကြရလေသည်။

ရတနာပုံမြို့တော်သစ်အတွက် နယ်လေးရပ် သတ်မှတ်ချက် ပန်းချီပုံစံအတိုင်း မင်းတရားကြီးက 'ဤနေရာတွင် နန်းတော်၊ ဤနေရာတွင်မြို့တော်' စသဖြင့် ကိုယ်တော်တိုင် ပိုင်းခြားသားနား လျာထားပေးတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၂၁၈ခု၊ တပို့တွဲလဆန်း(၈)ရက်၊ တနင်္ဂနွေနေ့ နံနက်တွင် ရွေးချယ်သတ်မှတ်ထားသော အခါနာရီအရ၊ ရတနာသုံးပါးနှင့် နတ်များကို ပူဇော်ပသတိုင်ကြားပြီးလျှင် ရွှေမြို့တော်နေရာကို တောခုတ်ထွင် သန့်ရှင်းစေရသည်။

ထိုနောက် ရတနာပုံ ရွှေမြို့တော်သစ်အတွက် ညောင်ရမ်းမင်းတရားလက်ထက် အင်းဝမြို့တည်စဉ်က အစီအရင်ဖြစ်သော ဘားမဲ့ဆရာတော်ဘုရားကြီး၏ အစီအရင်များအတိုင်း ပြုလုပ်စေခြင်း၊ အမရပူရ ပထမ မြို့တည်စာတမ်းနှင့် ဆင်ဖြူရှင်မင်းတရား၏ (အင်းဝ)ရတနာပူရမြို့တည် စာတမ်းများပါ အစဉ်အလာတို့ကိုလည်း ထည့်သွင်းစီရင်လုပ်ဆောင်ကြစေသည်။

## မုဒ္ဓါဘိသိက်ခံခြင်း

၁၂၁၉ခုနှစ်၊ ကဆုန်လပြည့်တော်(၇)ရက်၊ ကြာသပတေးနေ့တွင် မင်းတုန်းမင်းတရားကြီး မုဒ္ဓါဘိသိက်ခံတော်မူသော အခမ်းအနားကို အမရပူရရွှေနန်းတော်၌ ကျင်းပလေသည်။

မုဒ္ဓါဘိသိက်ခံရာတွင် ဘိုးတော်ဘုရား(ဗဒုံမင်း)၏ ဘိသိတ်ခံစာတမ်း၊ ဘကြီးတော်ဘုရား၏ ဘိသိက်ခံစာတမ်း၊ ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ ဘိသိက်ခံစာများအတိုင်း အခမ်းအနား အစီအစဉ်များကို ပြုလုပ်ရလေသည်။

မင်းတုန်းမင်းတရားကြီးသည် မုဒ္ဓါဘိသိက်ခံယူသောအခါတွင်(သီရိပဝရ ဝိဇယာနန္တယသ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ)ဟူသော ဘွဲ့တော်ကိုခံယူပြီးလျှင် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးက(သီရိပဝရ မဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ) ဟူသောဘွဲ့ကိုခံယူတော်မူ၍ မင်းမိဖုရားနှစ်ပါးစလုံး မုဒ္ဓါဘိသေကသဘင်ကို အောင်မြင်စွာ ဆင်နွှဲခဲ့လေသည်။

ထိုနှစ်ကစ၍ တိုင်းသူပြည်သား သူဌေးသူကြွယ် ကုန်သည် လယ်လုပ် အများတို့အပေါ်တွင် ဆယ်ဖို့တစ်ဖို့သော အခွန်တော်ငွေကိုသာ ကောက်ယူစေရန် အမိန့်ထုတ်ပြန်လေသည်။ သဿမေဓအခွန်တော် ဆက်သသူတို့အပေါ်တွင် အခြားသောနည်းဖြင့် အခွန်အတုတ်ကောက်ယူခြင်း၊ စရိတ်ကြေးငွေ အသေးအဖွဲကောက်ခံခြင်းများ မပြုရဟု တားမြစ်ပိတ်ပင်တော်မူလေသည်။

ရွှေမြို့တော်သစ်တည်ရာ မန္တလေးအရပ်တွင် မပြတ်ကြည့်ရှုတော်မူလိုသောကြောင့် ယာယီတဲနန်းများ ဆောက်လုပ်ထားစေသည်။ ယာယီတဲနန်းများမှာလည်း ဘုရင်မင်းနှင့်မိဖုရားများ၊ အိမ်ရှေ့မင်းနှင့်မိဖုရား ကိုယ်လုပ်တော်များ၊ မှူးမတ်အရာရှိများ၊ အစောင့်အနေအမှုထမ်းများပါ လာရောက်ကွန်းထောက် စံနေနိုင်ရန် အများအပြားသော ယာယီအဆောက်အဦများနှင့် နှင်နှင်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြို့တော်သစ် မြေမြို့ရိုး၊ နန်းမြို့တော်အတွက် အုတ်မြို့ရိုး၊ ကျုံး၊ နန်းတော်ရာ ဗဟိုရ်စင်၊ စွယ်တော်စင်၊ အတုမရှိကျောင်းတော် လွှတ်တော်နှင့် သုဓမ္မာဇရပ်၊ ကုသိုလ်တော်စေတီစသည့်ဌာနများ နေရာများ ပန္နက်ချပြီးစီး၍ အရပ်ရပ် လုပ်ဆောင်မှုများကို နေရာအသီးသီး၊ တာဝန်အသီးသီးခွဲခြားပြီး မှူးတော်မတ်တော်ကြီးများက ဌာနအသီးသီးခွဲ၍ ဦးစီးပြီးလျှင် လက်အောက်အရာရှိ အစုအမှုထမ်းအသီးသီးတို့ဖြင့် စတင်လုပ်ဆောင်လျက် ရှိနေကြရလေသည်။ မင်းတုန်းမင်းတရားကြီးသည် မိဖုရားခေါင်ကြီးနှင့်အတူ ညီတော်အိမ်ရှေ့မင်းတို့ပါ အမရပူရမြို့မှ နေ၍ ရတနာပုံမြို့သစ်တည်ဆောက်ရာနေရာသို့ ရှေ့ဝင်းနောက်မင်း တပ်တော်ခင်းကျင်းလျက် ဆင်တော်နှင့် ထွက်ချီတော်မူလာသည်။

မင်းတုန်းမင်းတရားကြီးသည် မြို့သစ်တည်ရာ ယာယီစံနန်းတော်၌ စံနေပြီး အလုပ်အဆောင်စခန်းများကို ကိုယ်တိုင်ဆင်တော်စီး၍ စစ်ဆေးကြီးကြပ်ကာ လိုအပ်ရာများကို ညွှန်ကြားတော်မူလေသည်။

ယင်းသို့ဖြင့် ရွှေမြို့တော်သစ်မပြီးမီ၊ အမရပူရနေပြည်တော်မှ ရတနာပုံမြို့နန်းတည်ထောင်ဆောက်လုပ်ရာစခန်းသို့ အခါမပြတ် ကြွချီတော်မူလာပြီး၊ ကြီးကြပ်တော်မူလေ့ရှိသည်ဖြစ်ရာ အလုပ်စခန်းများမှာ ပို၍လျင်မြန်စွာပြီးစီးလေသည်။ ညီတော်အိမ်ရှေ့မင်းမှာ တိုင်းပြည်ရေးရာ ဆောင်ရွက်စီမံဖွယ်များကို လွှတ်တော် တွင် လွှတ်တော်ဝန်ကြီးများ၊ ဝန်ထောက်များ၊ အတွင်းဝန်များနှင့်အတူ ဆောင်ရွက်တော်မူနေရာမှ တစ်ခါတစ်ခါတွင်လည်း နောင်တော်မင်းတရားကြီး ဆန္ဒတော်အရ ရွှေမြို့တော်သစ်တည်ရာဌာနသို့ လိုက်ပါစံနေရ လေသေးသည်။

ဝန်ကြီးများ၊ အတွင်းဝန်ကြီးများအစ၊ မှူးတော်မတ်တော်များအလယ်၊ အရာရှိငယ်များအဆုံး အစုအမှုထမ်းအလုံးအရင်းနှင့် ရွှေမြို့တော်သစ်တည်နေရာသို့လာရောက်ကာ စီမံလုပ်ဆောင်ဖွယ်ရာဖြစ်သော ဌာနအသီးသီးတွင် တာဝန်အရ ကြီးကြပ်ရသည်များကြောင့် မှူးမတ်အရာရှိအပေါင်းတို့ထံမှ ဉာဏအင်အား၊ ကာယအင်အားထက်ဝက်သည် မြို့နန်းအသစ်တည်ရာဘက်တွင် စုရုံးအသုံးချ၍ နေကြရလေသည်။

ဤသည်ပင် မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင် အခါအားလျော်စွာ လာရောက်ကြီးကြပ်တော်မူပြန်သောကြောင့် အလုပ်အဆောင်မှန်သမျှ အရာရာတိုင်းမှာ ဆောလျင်စွာ ပြီးစီးခဲ့ရသည်ဟု ဆိုရပေမည်။

အလုပ်အဆောင် စံနစ်အားဖြင့် ကျုံးတော် ၄ မျက်နှာ အလုပ်အဆောင်တွင် ၄ မျက်နှာလုံး အစုအင်နဲ့ဖွဲ့၍ ကိုယ့်အုပ်စုနှင့်ကိုယ် တစ်ပြိုင်တည်း မြေတူးစေ ခြင်းဖြင့် ကျုံး ၄ မျက်နှာ တပြိုင်နက်ပြီးစီးနိုင်ခြင်း၊ ကျုံးတူးရာမှရသော မြေတို့ကို



www.burmeseclassic.com

www.burmeseclassic.com



နန်းမြို့ရိုးအတွက် မြေတောင်ဖို့ရာတွင် လည်းကောင်း၊ မြို့ရိုး ၄ မျက်နှာကို ပန်းရံအလုပ် အုတ်ရိုးမြင့်စီရာတွင် သူရဲခို၊ သူရဲပြေးစသည်အထိ သူ့လူနှင့်သူ အစုခွဲ ဝေလုပ်ဆောင်စေခြင်း၊ ပြအိုး ပြာသာဒ်ဆောက်သူ လက်သမားဘက်ဆိုင်ရာများက လည်း အလားတူ ဆယ့်နှစ်ရပ်ကို ကြီးကြပ်ရသူများကလည်း အလားတူ မြို့ ၄ မျက်နှာကို တစ်ပြိုင်နက် ၄ စုခွဲ၍ တာဝန်ယူရလေသည်။

ရွှေနန်းတော်အတွက် သစ်ခုတ်၊ သစ်ရွှေ့ သစ်ခွဲနှင့် နန်းတော်တိုင်ထူသောအဖွဲ့ မှ အစပြု၍ အဆောင်တော်၊ ပြာသာဒ်ဆောက်လုပ်ရာ၊ ပဟိုရ်စင်၊ စွယ်တော်စင် စသော လုပ်ရပ်များကိုလည်း ကျွမ်းကျင်ရာ နန်းရိုးစဉ်လာထုံးစံအတိုင်း ဆိုင်ရာဆိုင် ရာ တစ်ပြိုင်တည်းလုပ်ဆောင်စေခြင်းဖြင့် အလုံးအရင်းများစွာသော လူစုလူဝေးကြီး နှင့် အင်တိုက်အားတိုက် တစ်ပြိုင်နက်ဆောင်ရွက်နေကြရလေသည်။

ရတနာပုံရွှေမြို့တော်သစ် မြို့တံခါးကြီး ၄ မျက်နှာတွင် တစ်မျက်နှာလျှင် တံခါးကြီး ၃ ပေါက်၊ ၄ မျက်နှာအတွက် တံခါးဆယ့်နှစ်ရပ်ကို တစ်ပြိုင်နက်ပြီးစီးစေ ခြင်းငှာ အုပ်စု ၁၂ ရပ်ခွဲ၍ စီမံလုပ်ဆောင်ကြစေသည်။

ဥပမာ မြို့တော်၏အရှေ့မျက်နှာ မြောက်ဘက်ဆုံးက(လွှန်ကဲ) တံခါးကိုဝန် ထောက် ပုပ္ပားမြို့စား မဟာမင်းလှမင်းထင်ကျော်က ကြီးကြပ်လုပ်ဆောင်ရသည်။

မကွေးမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူကို မြို့တော်အရှေ့ အလယ်ပေါက်(ဦးထိပ်)တံခါးကို ဦးစီးကြီးကြပ်လုပ်ဆောင်စေသည်။

အရှေ့မျက်နှာ တောင်ဘက်စွန်မှာရှိသော(သောင်းညွှတ်)တံခါးကို ဝန်ထောက် ခန်းပတ်မြို့စား မဟာမင်းလှသီဟသူက ကြီးမှူးလုပ်ဆောင်ရလေသည်။

ဘောင်ဝန်မြို့သစ်မြို့စား မဟာမင်းထင်သီဟသူကို မြို့တော်တောင်မျက်နှာ အရှေ့ဘက်စွန်ရှိ(ကျွန်းလုံးယူ)တံခါးကို ကြီးကဲလုပ်ဆောင်စေသည်။

တောင်မျက်နှာအလယ်ရှိ(ကျော်မိုး)တံခါး၊ (မင်္ဂလာတံခါးလည်းခေါ်သည်)ကို လောင်းရှည် မြို့စားအတွင်းဝန်၊ မင်းကြီးမဟာစည်သူက ဦးစီးလုပ်ဆောင်စေရသည်။

တောင်မျက်နှာ အနောက်စွန်က(ရန်နည်)တံခါးကို ဗန်းမော်အတွင်းဝန်၊ မင်းကြီး မဟာမင်းလှစည်သူက ကြီးကြပ်လုပ်ဆောင်ရလေသည်။

မြို့တော်၏ အနောက်မျက်နှာ တောင်ဘက်အစွန်မှ(ကြေးမုံ)တံခါးကို သစ်တော ဝန် မင်းကျော်မင်းလှစည်သူက ဦးစီးလုပ်ဆောင်ရလေသည်။

အနောက်မျက်နှာ အလယ်တည့်တည့်မှာရှိသော [စည်ရှည်] တံခါးကို မြတောင် မြို့စား သေနတ်ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှကျော်သူထင်က ကြီးမှူးအုပ်ချုပ် လုပ်ဆောင်စေရသည်။

အနောက်မျက်နှာ မြောက်ဘက်စွန်းရှိ (ထင်ရှား) တံခါးကို အတွင်းဝန် ရေနံ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမြို့စား မင်းကြီးမဟာမင်းကျော်မင်းခေါင်က ကြီးကြပ်ကွပ်ကဲလုပ်ဆောင်ရလေသည်။

မြို့တော်၏ မြောက်ဘက်မျက်နှာအနောက်ဘက်အစွန်က [စည်သာ] တံခါးကို ပင်းတလဲမြို့၊ ပုဂံမြို့ဝန်မင်းကြီး မဟာမင်းခေါင်က ဦးစီး လုပ်ဆောင်စေရသည်။

မြောက်ဘက်မျက်နှာ အလယ်တည့်တည့်ရှိ [လေးသိန်း] တံခါးကို ပခန်းကြီးမြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှစည်သူက ဦးစီးကွပ်ကဲ လုပ်ဆောင်စေရသည်။

မြောက်ဘက်မျက်နှာ အရှေ့အစွန်းရှိ [မန်းဦး]တံခါးကို ကင်းဝန် မဟာမင်းလှဇေယျသူအား ဦးစီးကြီးကြပ်လုပ်ဆောင်ရလေသည်။

ယင်းသို့ မြို့တံခါးကြီး ၁၂ ပေါက်ကို ဝန်ကြီးများက ဦးစီးလျက် တပည့်လက်သားအရာရှိ အမှုထမ်းများစွာနှင့် အဆိုင်းခွဲ၍ လုပ်ဆောင်ရခြင်းဖြင့် အချိန်ကိုက်တစ်ပြိုင်နက် ပုံစံတူပြီးစီးရန် ဖြစ်လေသည်။ လူအုပ်ခွဲ၍ လုပ်စေကာမူ မြို့တံခါးထိပ်ရှိ ပြအိုး၊ ပစ္စင်၊ တံတိုင်း၊ မီးတားမှစ၍ မြို့ ၄ မျက်နှာ၌ တညီတညွတ် ပုံစံတူ တစ်ပြေးတည်းရှိသောကြောင့် နှောင်းခေတ်လူတို့က အံ့သြချီးကျူးမဆုံးနိုင်အောင်ရှိကြလေသည်။

မြို့နန်းတော်သစ် တည်ထားလုပ်ဆောင်သော အရာရှိအမှုထမ်းငယ်တို့မှာ လစာရိက္ခာတော်ရသူများ ဖြစ်ပြီး၊ အရပ်သား လုပ်သားအမှုထမ်း (ကြေးစား) တို့မှာလည်း ရတနာပုံ မြို့နန်းသစ်တည်ထောင်ရာ၌ စားဝတ်နေရေးအတွက် အခငွေတော်ထုတ်ပေးရခြင်းများလည်း တာဝန်များစွာကြီးလှသည်။ စေ့စေ့ငှငှ ပြည့်ပြည့်ဝဝ ရရှိရန် အထူးစနစ်ချ၍ စိစစ်ရမည် ဖြစ်သည်။

ရွှေနန်းတော်ရှေ့ ပဟိုရ်စင်က အစောဆုံးပြီးစီးသဖြင့် ပဟိုရ်စည်နှင့် ခေါင်းလောင်းများကို မင်္ဂလာယူ၍ ဆွဲဆင်ထားလိုက်စေသည်။

နန်းတော်ဆောက်မည့် သစ်များကိုလည်း နေ့သင့်နံသင့်သားတို့က ခုတ်ရွေခြင်း၊ သန့်စင်ခြင်း၊ ရွှေခါး, ငွေခါး၊ ရွှေပုဆိန်တို့နှင့် နန်းတော် တိုင်တော်ကြီးများကို အချောကိုင်စေခြင်း ကိုလည်း နန်းစဉ်စာတမ်းထွက်အတိုင်း ပြုလုပ်ရသည်။

စွယ်တော်စင်ကိုလည်း မြတ်စွာဘုရားစွယ်တော်, ဆင်းတုတော်များတင်ခြင်း၊ ဆရာတော် သံဃာတော်ကြီးတို့အတွက် ယာယီကျောင်းတိုက်များ ဆောက်လုပ်ပြီးစီး၍ အမရပူရမြို့တော်မှ ဘုရားရုပ်ပွားတော်များ၊ ပိဋကတ်တော်များ၊ ရဟန္တာရုပ်ပွားတော်များနှင့် သာသနာပြု ဆရာတော်ဘွဲ့တံဆိပ်ရ ဆရာတော်အပေါင်းအပါ ၅၀၀ ကျော်တို့ကို အခမ်းအနားနှင့် ရတနာပုံ မြို့တော်သစ်သို့ ပြောင်းရွှေ့သည်။ ထိုအခမ်းအနား၌ တပ်ဝင်း အခင်းအကျင်း ခမ်းနားစွာပါရှိပြီး ရှေ့ဆုံးမှ မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရုပ်ပွားတော်ကို ထီးဖြူရှစ်စင်း၊ ပိဋကတ်တော်နှင့် အသီတိ ရဟန္တာမြတ်တို့ကို ထီးဖြူခြောက်စင်း အုပ်မိုးလျက် မှန်စီထမ်းစင်နှင့် တင်ဆောင်သည်။

သာသနာပြုဆရာတော်ကြီးအား ထီးဖြူလေးစင်း အုပ်မိုး၍ အခြားသံဃာတော်ငါးရာကျော်ကိုလည်း ထီးဖြူနှစ်ခုကျ အုပ်မိုးလျက်ပင့်ဆောင်သည်။ ကြွရောက်လာကြသော သံဃာတော်မြတ်တို့အားလည်း အိမ်ရှေ့မင်းနှင့် အိမ်ရှေ့မိဖုရား၊ မင်းညီမင်းသား၊ မှူးတော် မတ်တော်များပါခြံရံ၍ မယ်တော်ဘုရား၊ မင်းတုန်းမင်း တရားကြီးနှင့် မိဖုရားခေါင်ကြီးတို့က ကြိုဆိုတော်မူပြီး ဆွမ်းလုပ်ကျွေး၍ ရတနာပုံနေပြည် တော်ရှိ ယာယီကျောင်းများတွင် သံဃာတော်များအသီးသီး သီတင်းသုံး နေထိုင်တော်မူကြရစေသည်။

ယင်းသို့လျှင် မြို့တော်သစ် မပြီးမီကပင် မြို့တော်ဟောင်းမှ ရတနာသုံးပါးနှင့် စပ်ဆိုင်ရာ မြတ်စွာဘုရားရုပ်ပွားတော်များ၊ ပိဋကတ်တော်များနှင့် သာသနာပြုဆရာတော်သံဃာတော်များကို ဦးဦးဖျားဖျား ရိုသေလေးစားစွာ ပဏာမသယ်ယူဆောင်ကျဉ်း၍ ကိုးကွယ်ထားသည်။

နောင်ထပ်၍လည်း ကျန်နေသေးသော ရဟန်းရှင်လူ ပြည်သူပြည်သားတို့အား ပြောင်းရွှေ့သယ်ယူကာ နေရာထိုင်ခင်းများ ချထားလျက်ရှိသည်။ ရွှေမြို့တော်အပြင် လေးပြင်လေးရပ်တို့မှာ ရပ်ကွက်ကြီးများ အကွက်ကျဖွဲ့စည်းပြီး လမ်းပန်းသွယ်ဖောက်ပေးထားခြင်းဖြင့် မြို့လေးပြင်လေးရပ်တွင် ဝင်းအိမ်တန်းအိမ်များတစ်စ တစ်စ စည်ကား၍ လူနေများလာခဲ့လေသည်။

ရွှေကြီးသတ်မှတ်ထားသော နယ်လေးရပ်ရှိ ထူးမြတ်သော နေရာပတ်လည်များတွင် သံဃာတော်များသီတင်းသုံးရန် များစွာသောကျောင်းတိုက်ကြီးများက အစီအစဉ်တကျ ဝိုင်းရံထားသကဲ့သို့ တစ်စ,တစ်စ ဖြစ်ပေါ်လာခဲ့ရပေသည်။

အမရပူရ မြို့တော်ဟောင်းရှိ သူဌေးသူကြွယ် ကုန်သွယ်လယ်လုပ်စသော မြို့သူမြို့သားတို့သည်လည်း ရတနာပုံ နေပြည်တော်သစ်သို့ ကြိုးကြား ကြိုးကြား ရွှေ့ပြောင်းလာကြသည်။ သို့သော် မူလမြို့တော်ဟောင်းမှ မရွှေ့ပြောင်းလိုသူတို့ကလည်း အချို့နေရစ်ကြပါသည်။ မြို့တော်ဟောင်းမှာ တစ်ခါတည်း လူနေဆိတ်သုဉ်းသွားခြင်း မရှိပေ။ သို့ရာတွင် မင်းမှုထမ်းများ၊ သူဌေးသူကြွယ်နှင့် ကုန်သည်ကြီးများကမူ နေပြည်တော်ရတနာပုံသို့သာ လိုက်ပါ ပြောင်းရွှေ့ကြလေသည်။

လှပသစ်လွင်သော မင်းနေပြည်တော်သစ်ကြီးကို နှစ်လိုကြသူများ ရှိသကဲ့သို့ မနှစ်သက်သူများလည်း သူ့ခေတ်နှင့်သူ ရှိခဲ့ကြလေသေးသည်။

သို့သော် ရာဇာပဋ္ဌာန်ဆိုသည့်အတိုင်း မင်းဧကရာဇ်၏ အလိုတော်သာလျှင် ပဓာနဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံ မြို့သစ်နန်းသစ်တည်ထောင်ရန် ၁၂၁၉ ခု နှစ်ဦးပိုင်းမှစ၍ စတင်လုပ်ဆောင်လာခဲ့ကြရာ ၁၂၂၀ ခုနှစ်လောက်တွင် အသေးစိတ် လုံးဝပြီးစီးခြင်းသို့ မရောက်သေးစေကာမူ အကြမ်းဖျင်း တစ်ဝက်မျှ ပြီးစီးလာခဲ့ကြသည်။

သို့ကြောင့် ကဆုန်လဆန်း ၇ ရက် တနင်္ဂနွေနေ့၌ ပြီးစီးနေသော မြေနန်းပြာသာဒ်ဆောင်ကြီးမှစ၍ ပြာသာဒ်ဆောင်ကြီးများကို ထီးအထွတ်တင်သော အခမ်းအနားတစ်ရပ်ကို ပွဲသဘင်ခံ၍ ကျင်းပလေသည်။

ကဆုန်လပြည့်ကျော် (၁၁)ရက်နေ့တွင် ထီးတင်ပြီး (၁၈) ရက်မြောက်နေ့မှာ မိုးသည်းထန်စွာရွာလျက်နန်းတော်, ပြာသာဒ်တော် ထီးအဖျားပိုင်းကို မိုးကြိုးခလေသည်။ အထက်ဒေသဖြစ်၍ မိုးဦးလေဦးတွင် ဖြစ်တတ်သော အလေ့သဘာဝပင်ဖြစ်စေကာမူ အတိတ်နိမိတ် အယူသီးသောခေတ်ဖြစ်သောကြောင့် လိုသူကလိုသလို၊ မလိုသူကမလိုသလို အတိတ်နိမိတ် ကောက်တတ်ကြသော်လည်း မင်းတုန်းမင်းတရားကြီးကိုယ်တိုင် 'ရန်အပေါင်းကို အောင်စေမည့်နိမိတ်' ဟူ၍ အတိတ်ကောက်တော်မူလိုက်လေသည်။ ထိုပြာသာဒ်ကြီးကို ကြီးမှူးလုပ်ဆောင်ရန် တာဝန်ကျသူက မြတောင်မြို့စား သေနတ်ဝန်ကြီးဖြစ်၍ 'လက်နက်တော်များ တိုးပွားများမြောင်ဂုဏ်ရောင်မြင့်လာရမည်' ဟူသော အတိတ်ကိုလည်း ဆောင်စေလေသည်။

ရွှေနန်းတော်ကြီးကိုလည်းကောင်း၊ မြေနန်းပြာသာဒ်တော်၊ မှန်နန်းတော်၊ မှန်ဆောင်တော်မှ စ၍ မိဖုရားများ၊ ကိုယ်လုပ်တော်များ၏ အဆောင်များပါ စုစုပေါင်း အဆောင်တော် ပြာသာဒ် (၁၀၀)ကျော်တို့သည် ကဆုန်လကုန်တွင် ပြီးစီးသွားပြီဖြစ်လေသည်။

ပလ္လင်တော် ၉ ရပ်ကိုလည်း ရွှေနန်းတော်စဉ်လာ ထုံးစံအတိုင်း လုပ်ဆောင်ရလေသည်။

၎င်းပလ္လင်တော် ၉ ရပ်မှာ-

၁။ အရှေ့မျက်နှာ အစွန်ဆုံးရွှေနန်းပြာသာဒ်တော်ကြီး အောက်တွင် (ယမနေသား)ဖြင့် ပြုလုပ်ရသော ခြင်္သေ့ခံသော သီဟာသနပလ္လင်တော်(မင်းအားပူဇော်ကန်တော့ခံရာ ဖြစ်သည်။)

၂။ ဇေတဝန်ဆောင်၌ (သက်န်းသား) နှင့်ပြုလုပ်ရသော ဟင်္သာရုပ်ခံသော ဟံသာသနပလ္လင်တော်၊ (ရတနာသုံးပါးကို ပူဇော်ရာ ဖြစ်သည်။)

၃။ မှန်နန်း စက်တော်ဆောင်တော်မှာ (ကရဝေးသား)နှင့် ထုလုပ်ရသော ပိတုန်းရုပ်ခံသော ဘမရာသန ပလ္လင်တော်၊ စက်တော်ခေါ်ရာအဆောင်ဖြစ်သည်။

၄။ လေသာဆောင်တော်မှာ (တောင်ပိန္နဲသား)နှင့် ထုလုပ်ရသော ခရုသင်းခံသည့် သင်္ခါသနပလ္လင်တော်၊ (တရားနာသော အဆောင်ဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com



၅။ ပြတိုက်ဆောင်၌ (စကားသား)နှင့် ထုလုပ်ရသော ဆင်ရုပ်ခံသည့် ဂဇာနသန ပလ္လင်တော်၊ (မင်းမှုထမ်းမင်းရေးဆိုင်ရာ အဆောင်တော်ဖြစ်သည်။)

၆။ မြောက်စမုတ် ဆောင်တော်မှာ (ပေါက်သား) နှင့်ထုလုပ်ရသော ဥဒေါင်း ရုပ်ခံသည့်မယူရာသန ပလ္လင်တော်၊ (ဆင်, မြင်း သိမ်းမြန်း လက်ခံတော်မူသောအခါ စံနေသည်။)

၇။ တောင်စမုတ် ဆောင်တော်တွင် (ရေသဖန်းသား)နှင့် ထုလုပ်ရသည့် သမင်ရုပ်ခံရသော မိဂါသနပလ္လင်တော်၊ (စည်းဝေးတိုင်ပင်ရာ၌ အသုံးပြုလေသည်)

၈။ အနောက်ပွဲတက် ဇေတဝန် ဆောင်တော်မှာ(သရက်သား)နှင့် ထုလုပ်ရ သော ပဒုမ္မာကြာပွင့်ခံသည့် ပဒုမာသနပလ္လင်တော်၊ (အနောက်မင်းမိန်းမတို့ ပူဇော်ခံ ပွဲတွင် စံနေတော်မူသည်။)

၉။ လွှတ်တော်ကြီး၌ ထားရသော တရားစီရင်ရာ သီဟာသန ရာဇပလ္လင် တော်၊ ခြင်္သေ့ရုပ်ခံ (ယမနေသား)ဖြင့် ပြုလုပ်သည်။ (ရွှေနန်းဦးပြာသာဒ်မှ သီဟာ သန ပလ္လင်တော်နှင့်အတူဖြစ်သည်။)

၎င်းပလ္လင် ၉-ခန်းကို ရွှေဘုံနိဒါန်းလာ မင်းခမ်းမင်းနားစနစ်ထုံးတမ်းများနှင့် နေထားတကျထုလုပ်၍ ဆိုင်ရာအဆောင်တော်များ၌ ထားစေရသည်။

ယင်းသို့ ရွှေနန်းတော်ကြီး အဆောင်တော်ပြာသာဒ်တော်များဆိုင်ရာတွင်လည်း ကောင်း၊ ပန်းခုံတော်, ဥယျာဉ်တော်စသော ပတ်ဝန်းကျင်၌လိုအပ်သော အလုပ် အဆောင်များကိုလည်းကောင်း၊ နန်းတော်ပတ်လည်၌ လိုအပ်ရာသော သစ်တပ် အုတ်မြို့ရိုးနှင့် တံခါးနီကိုလည်းကောင်း၊ ဝင်းတော် လေးမျက်နှာအဆောက်အဦတို့ကို လည်းကောင်း၊ အိမ်ရှေ့မင်းအိမ်တော်ကိုလည်းကောင်း၊ လွှတ်တော်ကြီးကိုလည်း ကောင်း၊ အသီးသီး တာဝန်ကိုယ်စီနှင့် ခွဲဝေလုပ်ဆောင်ခဲ့ကြရသည်။

ထို့ကြောင့် မင်းတုန်းမင်းတရားကြီးသည် မြို့ပြင်ယာယီစံ တဲနန်းတော်မှာ တစ်လှည့်၊ အမရပူရမြို့တော်ရှိ ရွှေနန်းတော်တွင် တစ်လှည့် စံနေတော်မူခဲ့ရာမှ ၁၂၂၀-ခုနှစ်၊ ဒုတိယဝါဆိုလဆန်းတွင် ရတနာပုံမြို့တော်သို့ လုံးဝပြောင်းရွှေ့စံနေ တော်မူတော့မည် ဖြစ်သည်။

၁၂၁၈-ခုနှစ်က စတင်၍ ဆောက်လုပ်တည်ထောင်ခဲ့သော ရတနာပုံမြို့တော် ရွှေနန်းတော်များ အဆောင်ဆောင်အခန်းခန်းနှင့် နန်းဦးရွှေပြာသာဒ်တော်ကြီးနှင့် တကွ ပလ္လင်တော် (၈)ရပ်တို့မှာ လုပ်ဆောင်ပြီးစီးခဲ့လေပြီ။

ရွှေနန်းတော်ကြီးတွင် အဆောင်တော်ပေါင်းက (၁၀၀)ကျော်ရှိသည်။ အချို့ သော အဆောင်တော်များမှ အမရပူရမြို့တော်ရှိ နန်းတော်မှာ မှန်စီရွှေချ လက်ရာ များ၊ ပန်းပုပန်းပြောက် အနုပညာ ပစ္စည်းများကိုပါ ဖြုတ်ယူသယ်ဆောင်၍ ရတနာပုံ



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်သစ်မှာ တပ်ဆင်ခြင်း ပြုခဲ့လေသည်။

ရွှေနန်းတော်သိမ်း အခမ်းအနားကို ဒုတိယဝါဆိုလဆန်း ၆-ရက်, သောကြာနေ့ နံနက်၄-နာရီကျော်အချိန်အခါတော်အရ သိမ်းမြန်းတော်မူလေသည်။ ထိုနန်းသိမ်း အခမ်းအနားမှာ ရှေးမဟာသမတမင်းမှစ၍ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော် မင်းတရားကြီးဘုရားတို့ နန်းတော်သိမ်းစာတမ်းပါ အစီအစဉ်အတိုင်း ခင်းကျင်းစီမံရလေသည်။

မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့သည် ရတနာ ထမ်းစင်တော်တွင် ပြဟ္မာမင်းအဆင်တန်ဆာတော်များကို ဆင်ယင်လိုက်ပါတော်မူကြလျက်၊ ရွှေမြို့ တော် အရှေ့မျက်နှာရှိ ဦးထိပ်တံခါးကထွက်တော်မူသည်။ ၎င်းတံခါးအပြင် လက်ျာ ဘက်တွင် ကွန်းထောက်စံနန်းတော်မှာ ပွဲခံမဏ္ဍပ်ကန္နား၊ လက်ဆောင်တော်ဆက် မဏ္ဍပ်ကန္နား၊ မြို့တော်စောင့်နတ်တို့အား တင်ကြားပသရန် အဖွယ်အရာစုံနှင့် ခင်းကျင်းတီးမှုတ်ရန် မဏ္ဍပ်ကန္နားစသည်တို့က အသင့်ပြင်ဆင်ထားရသည်။

မင်းတရားကြီး ထွက်တော်မူရာ၌ တပ်အခင်းအကျင်းအဖြစ် ရှေ့ခြောက်တပ်, နောက်ခြောက်တပ်၊ နမန္တာဘက်၊ ဓာတ်ဘက်၊ ဆင်တပ်, မြင်းတပ်ခြံရံလျက် ကျုံးတော်ပြင်ပတ်လည်တွင်လည်း သူရဲကြီးခြေလျင်တော်တပ်တို့က စီစဉ်ခင်းကျင်း လိုက်ပါရသည်။

သို့ ထွက်တော်မူရာ၌ မြို့ပြင်လေးရပ်တွင် နေထိုင်ကြကုန်သော သူဌေးသူကြွယ်, ကုန်သည် လယ်လုပ်မှစ၍ တရုတ်, ကုလားလူမျိုးခြားတို့၏ ဖူးမျှော်ခြင်းခံတော်မူသည်။

ဂန္ဓာလရာဇ်တိုင်းရှင် ဥတည်မင်းထံမှ ရောက်လာသော ရာဇသံနှင့်တကွ လက်ဆောင် ပဏ္ဏာတော်များကိုလည်း အဆက်အသခံသည်။ ထီးရုံနန်းရုံ စော်ဘွား မြို့စားတို့ဆက်သသော လက်ဆောင်တော်များကိုလည်း လွှတ်တော်ရှေ့ရှိ လက် ဆောင်တော်ဆက် တဲမဏ္ဍပ်တော်တွင် အဆက်အသခံတော်မူသည်။

ထိုသို့ လေးကျွန်းအောင်မြေ မြို့သစ်တော်ကို လှည့်လည်သိမ်းတော်မူပြီး မြို့တွင်း သို့ဝင်တော်မူကာ 'မြနန်းစံကျော်'သမုတ်တော်မူသော ရွှေနန်းတော်ကို သိမ်းတော် မူရန် မြေနန်းတော်ဦးလှေကားတော်မှတက်တော်မူကာ သိမ်းမြန်းစံပယ်တော်မူပါသည်။

ထို့နောက် မှန်နန်းတော်တွင် မျူးမတ် အသက်အရွယ်ကြီး(၈၀)ရွယ်၊ (၉၀)ရွယ် ဖြစ်သူ အနောက်ဝန် ဦးသာဒွန်းအောင်၊ သံတော်ဆင့် ဦးထွေး၊ မြေတိုင်း အမတ်ဦး နတ်ပေး၊ အမိန့်တော်ရေး ဦးစံရ၊ ကသာမြို့စားဟောင်း သီရိလှ၊ ဗန်းမော်အတွင်းဝန် ဘိုးမွှေး၊ နတ်ကမြို့စားဟောင်း၊ လှိုင်းတက်မြို့စားဟောင်း၊ မြောက်နန်းတော်မိဖုရား၏



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်နှင့်တကွ အခြားသော သက်ကြီးရွယ်ရင့်တို့ကို ပိုးပုဆိုး၊ ခေါင်းပေါင်းအုပ်၊ ထဘီ အဝတ်အစားများပေးပြီးလျှင် ငွေတော်ဒင်္ဂါးပုံကြီးတွင် နိုင်သလောက်ကျုံးယူခွင့် ပေးလှူတော်မူလေသည်။

ထိုသို့ ရွှေမြို့တော်နှင့်ရွှေနန်းတော်တို့ကို သိမ်းမြန်းတော်မူသော ဝါဆိုလအတွင်း မှာပင် ဘဝရှင်မင်းတုန်းမင်းတရားကြီးအား မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ဆင်ဖြူ တော်နှစ်စီး အဆက်အသခံတော်မူရလေသည်။

ဆင်ဖြူတော်တစ်စီးမှာ သောင်သွပ်စော်ဘွားထံမှ ဆက်သ၍၊ တစ်စီးမှာ မိုးနဲ စော်ဘွားထံမှ ဆက်သခံရခြင်းဖြစ်လေသည်။

သောင်သွပ်မြို့ သောင်သွပ်စော်ဘွား(မဟာမောရိယဝံသ သီဟဓမ္မရာဇာ)ထံမှ ရရှိသော ဆင်ဖြူတော်မကို အိမ်ရှေ့မင်း၊ မင်းညီမင်းသားများ၊ ဝန်ကြီး၊ အတွင်းဝန်၊ မှူးတော်မတ်တော်တို့က အမရပူရဆိပ်မှ ရတနာပုံနေပြည်တော်ဆိပ်အထိ အခမ်း အနားနှင့် ကြိုယူလာစေရသည်။ ဆင်ဖြူတော်ကို မြောက်စမုတ်တော်မှာ မင်းတရား ကြီး ရွှေစက်တင်သိပ်ယူတော်မူပြီးလျှင် ဆင်ဖြူတော်အား 'မောရိယပစ္စယနာဂရာဇာ' ဟူသော ကျောက်စီရွှေဘွဲ့တပ်တော်မူသည်။

ဆင်ဖြူတော်အတွက် မြို့ရွာကံကျေး၊ ရွှေငွေ၊ ထည်မျိုးအုပ်မျိုးစုံ လက်ဖွဲ့ပေး တော်မူပြီးလျှင် ဆင်ဖြူတော်ဆက်သသူ သောင်သွပ်စော်ဘွားကိုလည်း စော်ဘွားတို့၏ အစီးအနင်း၊ အဆောင်အရွက်တိုးမြှင့်ပေးခြင်း၊ သောင်သွပ်နယ်မြေနှင့် အနီးအပါး ရှိမြို့ရွာများကိုလည်း ထပ်ဖြည့်ပေးသနားတော်မူလေသည်။ ထို့ပြင် ဆင်ကြော့ဖမ်း မိသူ အမတ်အမှုထမ်းသားများကိုလည်း ဘွဲ့အမည် အရည်နှင့်အတူ ရွှေငွေအထည် အလိပ်များ ပေးသနားတော်မူလေသည်။

ရွှေနန်းတော်တွင်း၌လည်းကောင်း၊ နန်းမြို့တွင်း၌လည်းကောင်း၊ မြို့ပြင် ရပ်ကွက်များ၊ လမ်းများ၌လည်းကောင်း အပြအပြင်၊ အမွှမ်းအမံများ ကြွင်းကျန်သမျှ အသေးစိတ် ပြီးပြည့်စုံအောင် လုပ်ဆောင်စေခိုင်းတော်မူသည်။

မန္တလေးတောင်တော်ကြီးကိုလည်း စေတီပုထိုးနှင့်တကွ စောင်းတန်းများ၊ တန်ဆောင်းများဆောက်လုပ်၍ ညဉ့်အခါ မီးစောင်းတန်းများ ထွန်းညှိပူဇော်ထား ခြင်းအားဖြင့်လည်းကောင်း၊ ကျုံးတော်လေးမျက်နှာပတ်လည်မှ ရေကင်းသံများဖြင့် လည်းကောင်း၊ ညဉ့်အခါများတွင် အလွန်သာယာကြည်မွေ့ဖွယ် ဖြစ်ကြရသကဲ့သို့ ရွှေနန်းတော်တွင်းရှိ အဆောင်ဆောင် အခန်းခန်းတို့မှာ မှန်ပဒေသာမီးတို့နှင့် ညီးညီး ရှိန်ရှိန်ဖြာလျက်၊ တောင်ဥယျာဉ်တော်၊ မြောက်ဥယျာဉ်တော်တစ်ဝိုက်မှာ ပန်းမျိုးစုံ၏ မွှေးရနံ့သင်းထုံသော ဂန္ဓာရုံကိုလည်း တစ်နည်းခံစားစေနိုင်သေး၍ မြို့တော်၏ ၄ ပြင် ၄ ရပ်မှာ သံဃာတော်အရှင်မြတ်တို့ ကျိန်းဝပ်စံတည်ရာဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်တော်ကြီးများကလည်း မဟာရံတံတိုင်းနှစ်ထပ်ဖြင့် လျောက်ပတ်တင့်တယ်စွာ အစီအရီတည်ရှိနေပြီ ဖြစ်လေသောကြောင့် သာသနာတော်ရောင်ကလည်း နေလတန်ဆောင်ကဲ့သို့ ထွန်းပြောင်လျက်ရှိလေသည်။

ထိုနှစ်မှာ မင်းတုန်းမင်းတရားကြီးသည် မြောက်ဆောင်တော်မိဖုရားတွင် ဖွားမြင်သော သားတော်ဖြစ်သူ မလွန်မြို့စားမင်းသား(သီရိမဟာဓမ္မရာဇာ)နှင့် ညီတော်အိမ်ရှေ့မင်း (ကနောင်မင်း)၏သမီးတော်၊ ဆားလင်းကြီးမြို့စားမင်းသမီး (သုသီရိအာသာဝတီ)တို့ကို လက်ထပ်ထိမ်းမြားပေးတော်မူသည်။ လက်ထပ်အခမ်း အနားကိုနန်းမြို့တော်အတွင်း ရွှေနန်းတော်ကြီး၏ အနောက်မြောက်ယွန်း၌ လက်ထပ်အိမ်တော်ဆောက်လုပ်ပြီးလျှင် အိမ်တော်သိမ်းအခမ်းအနားနှင့်အတူ ရေသွန်းနှင်း အပ်လက်ထပ်ပေးတော်မူလေသည်။

ထိုသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့ နံနက် ၄ ချက်တီးကျော်အချိန်တွင် မင်းတုန်းမင်းတရားကြီး၏ မိဖုရားတစ်ပါး ဖြစ်သော လောင်းရှည်မြို့စားမိဖုရား(သီရိမဟာမင်္ဂလာ သုပဘာဒေဝီ)က သားတော်ဖွားမြင်တော်မူသည်။ 'သီပေါမင်းသား'ဟူ၍ ထင်ရှားလာမည့်သူဖြစ်သည်။ ခမည်းတော် မင်းတုန်းမင်းတရားကြီးက သားတော် မြပုခက်တင်သောအခမ်းအနားတွင် ပင်းယမြို့ကို မြို့စားပေးသနားတော်မူသည်။ ထို့နောက် ဒုတိယမိုင်းခိုင်းမြို့နှင့်လဲ၍ ပေးသနားသည်။ တစ်ဖန် တတိယသီပေါမြို့နှင့် လဲ၍ ပေးတော်မူခြင်းကြောင့် သီပေါမင်းသား(သီပေါမင်း)ဟူ၍ ထင်ရှားကျော်ကြားလာခဲ့ခြင်းဖြစ်ပါသည်။

သီပေါမင်းသားသည် မင်းတုန်းမင်းတရားကြီးနှင့် လောင်းရှည်မိဖုရားတို့မှ ဖွားမြင်သော ဒုတိယသားတော်ဖြစ်ပါသည်။ သီပေါမင်းသား၏အထက် ပထမသမီးတော်တစ်ပါးဖွားမြင်ထား၍ နောင်သောအခါ ပုခန်းကြီးမြို့စားရ၍ 'ပုခန်းကြီးစုဖုရား'ဟု ခေါ်တွင်ခဲ့သည်။ သီပေါမင်းဘုရင်အဖြစ်ရောက်ရှိသောအခါမှ 'အစ်မတော်ပုခန်းကြီးစုဖုရား'ဟူ၍ ခေါ်ဝေါ်ကြလေသည်။ သီပေါမင်းသားအောက် တတိယမြောက်သမီးတော်တစ်ပါး ထပ်မံဖွားမြင်သောအခါ သားတော် သမီးတော်ပေါင်း သုံးပါးရှိ၍ အငယ်ဆုံးသမီးတော်အား သီပေါမင်းသားဘုရင်ဖြစ်လာသောအခါ မိတ္ထီလာမြို့စားရ၍ 'နှမတော် မိတ္ထီလာစုဖုရား'ဟူ၍ ခေါ်ဝေါ်ကြလေသည်။

သီပေါမင်းသား၏ မယ်တော်ဖြစ်သော လောင်းရှည်မြို့စားမိဖုရား၏ အဆက်အနွယ်တော်များသည်ကား -

လောင်းရှည်မိဖုရား၏မယ်တော်သည် စကြာဝန်ကြီး၏သမီးဖြစ်၍ ခမည်းတော်မှာ မိုးနဲဗိုလ်မှူး(မင်းမြမွေး)တို့ဖြစ်ကြပါသည်။ သို့ကြောင့် သီပေါမင်းသား၏ ဘိုးတော်ဘွားတော်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းသား၏ဘိုးတော် မိုးနဲဗိုလ်မှူး မင်းမြမွေးသည် အိမ်ရှေ့မင်းသားကြီး မင်းရွှေ တောင်(မဟာမုနိဘုရားပင့်သူ)ဘိုးတော်ဘုရား ဗဒုံမင်း၏သားတော် အိမ်ရှေ့မင်းကြီးဖြစ်၍ (ဘကြီးတော်ဘုရား၏ ခမည်းတော်လည်း)ဖြစ်လေသည်။

မင်းမြမွေး၏မယ်တော်မှာ(နှင်းမွေးခမ်း)ဖြစ်ပါသည်။ ၎င်းနှင်းမွေးခမ်းသည်လည်း ဘိုးတော်ဘုရား(ဗဒုံမင်း)၏ သမီးတော်ပင်ဖြစ်၍ အိမ်ရှေ့မင်းကြီး မင်းရွှေတောင်နှင့် မောင်လည်နှမလည် ထိမ်းမြားထားခြင်းဖြစ်ပါသည်။

နှင်းမွေးခမ်း၏အမိမှာ သီပေါစော်ဘွားကြီး၏မြေးဖြစ်သူ (သီရိအင်ပုံ)ရာဇဒေဝီဘွဲ့ခံ ဘိုးတော်ဘုရား(ဗဒုံမင်း)၏ မိဖုရားတစ်ပါးဖြစ်ပါသည်။

ထို့ကြောင့် လောင်းရှည်မိဖုရားနှင့် မင်းတုန်းမင်းတရားကြီးတို့မှာ ဆွေတော်မျိုးတော်နွယ်ချင်း၊ မောင်လည်နှမလည် သွေးတော်သားတော်ချင်းပင်ဖြစ်ကြပါသည်။

မှတ်ချက် ။ ရာဇဝင်နောက်ကွယ်မှ ဖြစ်ရပ်အချို့သည် မင်းတုန်းမင်း တရားကြီးက လောင်းရှည်မိဖုရားအပေါ်တွင် အမျက်တော်ရှိတော်မူဖူးသော ကိစ္စ တစ်ရပ်မှာ လောင်းရှည်မိဖုရားတွင် သားတော်သမီးတော် ၃ ပါး ထွန်းကားပြီး ကာလအတန်ကြာသောအခါမှ ကြုံလာရသော ကိစ္စတစ်ရပ်ဖြစ်ခဲ့ပါသည်။ ဤကိစ္စမျိုးမှာ ပုထုဇဉ်လူသားတို့သဘာဝ တစ်ခါတစ်ရံကြုံတွေ့လာတတ်သော ဖြစ်ရပ်မျိုးဖြစ်သည်။ မင်းတုန်းမင်းတရားကြီးသည် သူတော်ကောင်းတရားရှိသူဖြစ်၍ အရာရာ၌ ပညာဉာဏ်နှင့်ဆင်ခြင်ကာ သည်းခံတော်မူလေ့ရှိသည့်အတိုင်း သည်းခံခွင့်လွှတ်တော်မူခဲ့ခြင်းဖြစ်ပါသည်။

ထိုကိစ္စကို တစ်စွန်းတစ်ပါဒ လေသံကြားနှင့်တရားနာလေ့ရှိသော နိုင်ငံခြားသား (အင်္ဂလိပ်လူမျိုး)စာရေးဆရာတချို့က သီပေါမင်းအား ချိုးနှိမ်နှိမ့်ချလိုသော မဌေရစိတ်နှင့် တမင်သက်သက် သိက္ခာချရေးသားထားသော စာအုပ်အချို့ကို တွေ့ရလေသည်။ သူတို့အဆိုကား သီပေါမင်းသည် မင်းတုန်းမင်း၏ သားအစစ်မဟုတ်လေယောင်၊ လုံးဝအရက်မသောက်သော သီပေါမင်းအား အရက်အလွန်အကျွံသောက်သော(ယစ်ထုပ်ကြီး)ဖြစ်လေယောင် မတရားအနိုင့်အထက် ရေးသားထားခြင်းခံရရှာသည်။ မြန်မာဘုရင်နှင့်တကွ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုများကိုလည်းကောင်း မြန်မာများကိုးကွယ်သော ဗုဒ္ဓဘာသာအယူဝါဒကိုလည်းကောင်း၊ နှိမ့်ချခြင်း၊ သရော်ခြင်း၊ အထေ့အငေါ့များနှင့် မထီမဲ့မြင်ပြုခြင်း၊ ချိုးနှိမ်ခြင်းများနှင့် ပင်လယ်ဓားပြအနွယ်ဝင် အင်္ဂလိပ်စာရေးဆရာအချို့က နိုင့်ထက်စီးနင်း မဟုတ်မမှန်လုပ်ကြံ ရေးသားထားခဲ့ကြသည်ကို ယနေ့တိုင် တွေ့မြင်နိုင်ကြပါသည်။ နောင်လာနောက်သား မြန်မာလူမျိုး ခေတ်ပညာတတ်အချို့ကလည်း အင်္ဂလိပ်တွေ မတရားအနိုင်ကျင့်၍ ရေးသားထားခဲ့သောအချက်အလက်များကမှ မှန်သည်။ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ကကြွားရေးသည်ဟု လက်ခံလိုသူအချို့ ရှိခဲ့လေသေးသည်။ ကံမကောင်းရှာသော သီပေါမင်းခမျာမှာ (သေပြီးမှအရှက်တစ်ခါ ထပ်ကွဲရရှာသေးသည်)ဆိုသော စကားကဲ့သို့ ဖြစ်ရပြန်ပါသည်။

ထိုစဉ် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာဘုရင်မင်းတို့အပေါ်၌ အကြီးအကျယ် မကျေနပ် မခံမရပ်နိုင်သောကိစ္စတစ်ရပ်မှာ (ဖိနပ်)ကိစ္စပင်ဖြစ်ပါသည်။ ဖိနပ်ချွတ်ရမှုကိုပင် ရာဇဝင်အမည်းကွက်ကြီးတစ်ရပ်အဖြစ် အထပ်ထပ်ညွှန်ပြရေးသားအပြစ်ဆိုထားခဲ့ကြသည်။ သူတို့ မျက်နှာဖြူအင်္ဂလိပ်တို့က ဖိနပ်ချွတ်ရမည်ကို မြေခွဲမျိုခံရမည်ကဲ့သို့ ကြောက်ရွံ့ကြသည်။ မြန်မာအစဉ်အလာ ယဉ်ကျေးမှုကလည်း ဖိနပ်ချွတ်မှသာ ယဉ်ကျေးရာရောက်သည်ဟု အစဉ်အလာထုံးစံရှိသည်။ မြန်မာသာလျှင် မဟုတ်ပါ။ ဂျပန်လူမျိုး၊ အိန္ဒိယလူမျိုးစသော အရှေ့အာရှသားတို့၏ ယဉ်ကျေးမှုမှာ ဖိနပ်ချွတ်ရပါသည်။ အင်္ဂလိပ်စသော အနောက်ကလာသူ နယ်ချဲ့သမားတို့ကလည်း အနောက်၏ယဉ်ကျေးမှုမှာ ခေါင်းကဦးထုပ်ကိုချွတ်၍ အရိုအသေပေးရပါသည်။ အရှေ့နှင့်အနောက် ယဉ်ကျေးမှုနှစ်ရပ်ကွဲလွဲချက်မှာ ခြေထောက်ကဖိနပ်နှင့် ဦးခေါင်းက ဦးထုပ်တို့ဖြစ်သော ခေါင်းနှင့်ခြေထောက် အညီအမျှဖြစ်နေခြင်း ပင်ဖြစ်သည်။ (ရောမပြည်ရောက်လျှင် ရောမသားတို့ကဲ့သို့ ကျင့်ရမည်)ဆိုသော စကားပုံကဲ့သို့ အရှေ့နိုင်ငံရောက်လျှင် အရှေ့နိုင်ငံကဲ့သို့ မကျင့်နိုင်သော အယူသည်းလှသော မာနကြီးလှသော အနောက်အုပ်စုဝင် အင်္ဂလိပ်တို့၏ ခါးသီးသောမာနတရား လက်ကိုင်လာမှုကြောင့် မလိုအပ်သောပြဿနာများ ပေါ်ပေါက်ခဲ့ရခြင်းဟုလည်း ဆိုနိုင်ပါသည်။

ရောမပြည်ရောက်၍မှ ရောမသားလိုမကျင့်နိုင်အောင် သွေးနားထင်တက်နေကြသော အနောက်နိုင်ငံသား အင်္ဂလိပ်တို့မှာ အာရှ၏ယဉ်ကျေးမှုကို မကျင့်သုံး၊ မနာယူ၊ မလိုက်လျောရုံမက သူတို့ရယ်စရာ၊ လှောင်ပြောင်စရာ၊ လူရိုင်းတို့၏စရိုက်ဟူ၍ပင် မှတ်ချက်ချခဲ့ကြသည်။ အချိန်ကာလကလည်း သူတို့အင်အားအလွန်တက်နေသော အချိန်ကာလဖြစ်၍ အရှေ့အာရှ နှင့် အာဖရိကတို့အား လူရိုင်းတိုင်းပြည်များအဖြစ်၊ သူတို့အုပ်စိုးလွှမ်းမိုးရမည့် ကျွန်တိုင်းပြည်အဖြစ် မြင်နေကြသောအချိန်ဖြစ်ရာ၊ ထိုစဉ်က မာနတက်စွာ အရှေ့ကိုနှိမ်ချရေးသား မှတ်တမ်းတင်ခဲ့ဖူးသူတို့သည် ယနေ့ သာ သူတို့တစ်တွေရှိနေခဲ့ပါမူ သူတို့အဖြစ်ကိုသူတို့ မည်မျှရှက်ကြောက်မှုရှိကြ မည်ကိုကား စဉ်းစား၍ပင် ကြည့်သင့်ပေတော့သည်။

ယနေ့ ကမ္ဘာ့လွတ်လပ်သောနိုင်ငံများစွာတို့သည် တစ်နိုင်ငံ၏ယဉ်ကျေးမှုကို တစ်နိုင်ငံက လေးစားလက်ခံနေကြပြီ။ ယဉ်ကျေးမှုချင်းဖလှယ်၍နေကြရပြီ မဟုတ်ပါလောဟူ၍ လက်ညှိုးညွှန်ပြလျှင် ယခင်စော်ကားစွာ ရေးသားခဲ့ဖူးသူများ အသက်



www.burmeseclassic.com

www.burmeseclassic.com



မသေရှိနေကြသေးပါက နောင်တကြီးစွာ ရနေရှာကြတော့မည်ဖြစ်ပါသည်။

မြန်မာတို့သည် နာကြည်းတတ်သူများမဟုတ်။ သည်းခံခွင့်လွှတ်တတ်သူတွေဖြစ်သောကြောင့် မြန်မာကိုအမျိုးနှင့်ချီပြီး စော်ကားရေးသားထားခဲ့သော အကြောင်းအရာများကို အလေးဂရုမထားကြသူတွေသာ များပါသည်။

တစ်ချိန်က 'လူရိုင်းနိုင်ငံ၊ ကျွန်နိုင်ငံ၊ ကျွန်လူမျိုးတွေ'ဟူ၍ ယူဆထားပြီး နိုင့်ထက်စီးနင်းပြုခြင်းခံနေခဲ့ရသော အာဖရိကတိုက်ကြီးရှိ နိုင်ငံအသီးသီးတို့အား ယနေ့အဖို့၌ သခင်အခေါ်ခံ အနောက်အုပ်စုလူမျိုးများက မည်မျှလိုက်လျောလျက် တန်းတူထား၍ ဆက်ဆံပေါင်းသင်းခြင်းပြုနေကြရပြီဆိုသည်တို့ကို လက်တုန့်ပြန်လိုက်ချင်သူများပင် ရှိနေကြဦးမည်။ သို့သော် ယနေ့ တစ်ကမ္ဘာလုံး ခေတ်ပြောင်းတော်လှန်ပြီးချိန်အထိ စာပေအရေးသား စော်ကားခဲ့ဖူးသူများက ရှိတော့သည်မဟုတ်သဖြင့် သူတို့အား မိုက်မဲသူ၊ သနားစရာ့သတ္တဝါတွေဟူ၍သာ ကြင်နာစွာနှင့် မှတ်တမ်းတင်ကြရန် ရှိပေတော့သည်။

သီပေါမင်းသားထက်အကြီး ပုခန်းကြီးစုဖုရားက ၇ နှစ်အရွယ်၊ သီပေါမင်းသားက ၅ နှစ်အရွယ်၊ အငယ်ဆုံး မိတ္ထီလာစုဖုရားလေးက ၃ နှစ်အရွယ်ရောက်ချိန်တွင်မှ မင်းတုန်းမင်းတရားကြီးက လောင်းရှည်မိဖုရားအား အမျက်တော်ရှိတော်မူခဲ့သောကြောင့် ပြဿနာက ရှင်းလှပါသည်။ လောင်းရှည်မိဖုရားသည်လည်း မင်းတရားကြီးအမျက်ပြေစေရန် နှစ်အနည်းငယ်လောက် ခေတ္တသီလရှင်အဖြစ်နှင့် တရားအားထုတ်နေထိုင်လေခဲ့လေသည်။

သီပေါမင်းသားကိုဖွားတော်မူသော သက္ကရာဇ်မှာ ၁၂၂၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့ဖြစ်ရာ ၁၂၁၈ ခုနှစ်က စတင်ခဲ့သော ရတနာပုံနေပြည်တော် ရွှေမြို့တော်သစ်ကြီးနှင့် ရွှေနန်းတော်ကြီးများ အသစ်တည်ဆောက်ပြီးစီးလုစလောက်ရှိ၍ နန်းတွင်းအမွမ်းအမံများ အသေးစိတ် ခြယ်လှယ်မွမ်းမံခြင်းကိစ္စတို့လောက်သာလျှင် ကျန်ရှိပေတော့သည်။

ရွှေနန်းတော်သစ်ကြီးမှာ နန်းဦးစမုတ်ပြာသာဒ်တော်ကြီး အပါအဝင် စုစုပေါင်းရွှေနန်း အဆောင်တော်ပေါင်း(၁၀၀)ကျော်ရှိပြီး ၎င်းအဆောင်တော်တို့ကို အမြင့်(၁၁)ပေမြင့်သော အုတ်ခုံတော်ကြီးက အောက်မှခံထားခြင်းကြောင့် မြေပြင်မှ(၁၁)ပေအမြင့်တွင် ရွှေနန်းတော်ကြီး၏ အဆောင်တော်များက တည်ရှိနေလေသည်။ နန်းတော်ကြီး၏ အကျယ်အဝန်းသည် အရှေ့မှအနောက်သို့ ပေပေါင်း(၁၀၀၀)ကျော်ရှည်လျား၍ တောင်နှင့်မြောက်မှာ ပေပေါင်း(၅၀၀)အကျယ်ရှိလေသည်။

အဆောင်တော်ပေါင်း(၁၀၀)ကျော်မှာလည်း အရှေ့ပိုင်းနှင့် အနောက်ပိုင်းကိုခွဲခြားထားလေသည်။ ရှေ့ပိုင်းနေထွက်ရာ မျက်နှာမူထားသော မြေနန်းတော်နန်းဦး



www.burmeseclassic.com

www.burmeseclassic.com



ရွှေပြာသာဒ်ကြီးနှင့် ၎င်း၏ဝဲယာနှစ်ဖက်မှာ ညီလာခံနန်းတော်ဆောင်နန်းဦးစမုတ်၊ စမုတ်နှင့် ပြာသာဒ်တော်ကြီး၊ စနုဆောင်စသဖြင့် အရှေ့ဘက်အစွန်မှ အဆောင်တော်ကြီး ၅-ဆောင်ရှိသည်။ မြေနန်းပြာသာဒ်နှင့် ဇေတဝန်ဆောင်တော်အကူးရှိ စနုဆောင်၊ ဇေတဝန်ဆောင်၏မြောက်ဘက်ရှိ ဖြတိုက်ဆောင်ကူး စနုဆောင်၊ ဇေတဝန်ဆောင်၏ တောင်ဘက် လေသာဆောင်ကူးသော စနုဆောင်ပါ အဆောင်တော် ၄-ဆောင်ရှိသည်။ ဇေတဝန်ဆောင်၏မြောက်ဘက်က ဖြတိုက်ဆောင်၊ တောင်ဘက်မှလေသာဆောင်၊ ဇေတဝန်ဆောင်တော်၏ အနောက်ဘက်၌ ဘောင်းတော်ဆောင်၊ ၎င်းကို ကူးထားသောစနုဆောင်(ဆောင်ဆက်)ရှိသည်။ ဘောင်းတော်ဆောင်၏ မြောက်ဘက်တွင် မြောက်ဒဝယ်ဆောင်နှင့် တောင်ဘက်မှာ တောင်ဒဝယ်ဆောင်ရှိသည်။

ဘောင်းတော်ဆောင်၏ အနောက်ဘက်မှာ မှန်နန်းဆောင်ကြီးရှိသည်။ ဘောင်းတော်ဆောင်နှင့် မှန်နန်းတော်ဆောင်အကူးမှာ စနုဆောင်ကြီး တဆောင်ရှိသည်။

၎င်းမှန်နန်း စနုဆောင်တော်ကြီး၏ ဝဲယာတစ်ဖက်တစ်ချက်တွင် မြောက်ဘက်လက်ဖက်ရည်ဆောင်နှင့် တောင်ဘက်က ရွှေတိုက်ဆောင်တော်ရှိသည်။ ၎င်းရွှေတိုက်ဆောင်၏ တောင်ဘက်မှာ အုတ်တိုက်နှင့် ရေကန်တစ်ခုရှိ၍ ရေကန်၏အရှေ့ဘက်တွင် ပန်းခုံတော် အုတ်တိုက်ရှိပြီး (နန်းမြင့်ဆောင်တော်ကြီးကို သီပေါမင်းလက်ထက် ထပ်ဆောက်လုပ်သည်။) မြောက်ဘက် လက်ဖက်ရည်ဆောင်တော်တွင်လည်း မြောက်ဘက် ပန်းခုံတော်တစ်ခုသက်သက် ရှိလေသေးသည်။

မှန်နန်းတော်ဆောင်ကြီး၏ မြောက်ဘက်မှာ ရွှေနန်းတော်ဆောင်ရှိ၍ ၎င်းအနောက်ဘက်၌ အိမ်သာတော်နှင့် ချိုးရေတော်သုံးသော အဆောင်ကြီးရှိသည်။ ရွှေနန်းတော်ဆောင်မြောက်ဘက်မှာ နံ့သာနန်းတော်ဆောင်တစ်ဆောင်၊ ၎င်း၏ မြောက်ဘက်တွင် ကွမ်းခန်းတော်ဆောင်တစ်ဆောင်၊ ၎င်း၏ မြောက်ဘက်တွင် မြောက်စမုတ်ဆောင်တော်နှင့် ရေစက်သွန်းပြာသာဒ်တော်ရှိလေသည်။

ဗဟို မှန်နန်းတော်ကြီး၏ တောင်ဘက်မှာ တောင်နန်းတော်ဆောင်၊ ရွှေဆောင်တော်၊ တောင်စမုတ်ဆောင်တော်နှင့် တောင်ရေစက်သွန်း ပြာသာဒ်တော်တို့ ရှိကြလေသည်။ ဘုရင်မင်းမြတ် အမြဲစံတော်မူရာ မှန်နန်းတော်ဆောင်အထိ အရှေ့မင်းယောက်ျားပိုင်းဆိုင်ရာ အဆောင်တော်ပေါင်း(၃၀)ကျော် ရှိလေသည်။

မှန်နန်းတော်ဆောင်ကြီး၏ အနောက်ဘက်မှ အနောက်စမုတ်ဆောင်အရောက် တောင်နှင့်မြောက်တန်းလျက်ရှိသော အဆောင်တော်များမှာ မိဖုရားခေါင် တောင်နန်းမိဖုရားကြီးမှ အစပြု၍ မိဖုရားငယ်များအသီးသီး စံစားနေထိုင်ကြသော အဆောင်



www.burmeseclassic.com

www.burmeseclassic.com



တော်များသာဖြစ်ကြလေရာ အဆောင်တော်ပေါင်း(၇၀)ကျော်ရှိလေသည်။

အနောက်ပိုင်းဆိုင်ရာ ထိုအဆောင်တော်များသည် အနောက်ပွဲတက်ဇေတဝန်ဆောင်တော်၊ အနောက်စမုတ်ဆောင်၊ တောင်ဘက်ဝဲဆောင်၊ မြောက်ဘက်ဝဲဆောင်တို့က ရွှေနန်းတော်ကြီး၏ အနောက်ဘက်ဆုံးရှိ အနောက်စမုတ်တွင် နယ်နိမိတ်အဆုံးဖြစ်လေသည်။

အနောက်ပိုင်းမင်း၊ မိဖုရားနှင့် သမီးတော်များ၏ အဆောင်တို့မှာ(၇၀)ကျော်မျှရှိသည်ဖြစ်ရာ၊ မင်းတုန်းမင်းတရားကြီး၏ မိဖုရားများနှင့် သမီးတော်တို့အဆောင်များသာ ဖြစ်ကြလေသည်။

မင်းတုန်းမင်းတရားကြီးတွင် မိဖုရားခေါင် အဂ္ဂမဟေသီအပါအဝင် နန်းရအဆောင်ရ မိဖုရားကြီးများရှိလေသည်။ ၎င်းတို့မှာ . . .

၁။ တောင်နန်းတော် မိဖုရားခေါင်ကြီး(စကြာဒေဝီ)

၂။ မြောက်နန်းတော် မိဖုရား၊

၃။ အလယ်နန်းတော် မိဖုရား၊

၄။ အနောက်နန်းတော် မိဖုရားဟူ၍ နန်းရမိဖုရားကြီး ၄-ပါး။

၁။ တောင်ဆောင်တော် မိဖုရား၊

၂။ မြောက်ဆောင်တော် မိဖုရား၊

၃။ တောင်ရွှေရေးဆောင် မိဖုရား၊

၄။ မြောက်ရွှေရေးဆောင် မိဖုရားဟူ၍ ဆောင်ရမိဖုရားကြီး(၄)ပါး။ ပေါင်း(၈)ပါးရှိသည်။

ထိုမိဖုရားများအပြင် ဘွဲ့အမည်ရ မိဖုရား၊ တန်းလျားရ မိဖုရား၊ တန်းလျားမဲ့မိဖုရား၊ ဒေဝီဘွဲ့ခံမိဖုရားလတ်၊ မဟေသီဘွဲ့ခံ မိဖုရားငယ်၊ ဝတီဘွဲ့ခံရသော ကိုယ်လုပ်တော်ကြီး၊ သီရိဘွဲ့ခံရသော ကိုယ်လုပ်တော်အလတ်၊ မင်းတပ်၍ ခေါ်သော ကိုယ်လုပ်တော်ငယ်များအထိ စုစုပေါင်း ၄၀-ကျော်ရှိနေသဖြင့် အနောက်ပိုင်းမိဖုရားဆောင်များနှင့် တစ်ပင်တိုင်မင်းသမီး စလင်းစုဖုရားအဆောင်အပါအဝင် သမီးတော်ဆောင်များကလည်းရှိပေသေးရာ၊ အစုစု အဆောင်တော်ပေါင်း(၇၀)ကျော်မျှ ဆောက်လုပ်ထားခဲ့ရလေသည်။

သို့ဖြစ်သောကြောင့် ရွှေနန်းတော်အနောက်ပိုင်း, မင်း၊ မိန်းမများ နေထိုင်သောအဆောင်တန်းများကို အရာအလိုက်, အစဉ်အတိုင်းဆောက်လုပ်စေရာ၊ ရှေ့ဆုံးအတန်းဖြစ်သော ပထမအဆောင်များမှာ မြောက်ဘက်ဆုံးမှ မြောက်နန်းတော်ဆောင်၊ ထို့တောင်ဘက်က သမီးတော်စလင်းစုဖုရား၏ တပင်တိုင်ဆောင်၊ ထို့တောင်ဖက်မှ တောင်နန်းတော်ဆောင်နှင့် မယ်တော်ဆောင်တို့ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ အဆောင်တန်းမှာ နှမတော်ကောလင်းမင်းသမီးအဆောင်၊ ထို့နောက် စိန်တုန်း မိဖုရား အဆောင်၊ အလယ်နန်းတော်ဆောင်၊ အနောက်နန်းတော်ဆောင်၊ သမီးတော် ပုခန်း မင်းသမီးအဆောင်တို့ ဖြစ်ကြပါသည်။

တတိယမြောက် အဆောင်တန်းမှာ မြောက်ဆောင်တော်၊ သမီးတော်များအဆောင်၊ မြောက်ရွှေရေးဆောင်၊ သမီးတော်များအဆောင်၊ တောင်ရွှေရေးဆောင်၊ တောင်ဆောင်တော်ဆောင်တို့ ဖြစ်ကြပါသည်။

ထို(၁၆)ဆောင်တို့၏ အနောက်ဘက်ရှိ ကျန်သောအဆောင်တန်းများတွင် နန်းရဆောင်ရ မိဖုရားကြီး(၈)ပါးနှင့် သမီးတော်ဆောင်များဖြစ်ပြီး ကျန်သော အဆောင်(၅၀)ကျော်တို့မှာ မိဖုရားလတ်, မိဖုရားငယ်, ကိုယ်လုပ်တော်ကြီး, ကိုယ်လုပ်တော်ငယ်နှင့် သားတော်, သမီးတော်ငယ်ကလေးများ စံပျော်နေထိုင်ရာ အဆောင်ဆောင်, အခန်းခန်းများ ဖြစ်ကြပါသည်။

ယင်းအဆောင်တော်များသည် အဆင့်အတန်းအလျောက် ရွှေပိန်းချ ရွှေတစ်ဝက်, ဟင်္သာပြဒါးတစ်ဝက်, ရွှေရေးစသဖြင့် ခွဲခြားခြယ်လှယ် မွမ်းမံရသည်။ အမိုး ၂ ထပ်, ၃-ထပ်, လယ်ပေါ်စသဖြင့် အဆင့်ချင်း ခွဲခြားသတ်မှတ်ထားရသည်။

ဤရွှေနန်းတော်ကြီး တည်ဆောက်ပြီး အမွမ်းအမံအသေးစိတ် မပြီးဆုံးမီ မင်းတုန်းမင်းတရားကြီးက နန်းသိမ်းစံမြန်းခဲ့သည်။

အတွင်းအုတ်မြို့ရိုးနှင့် သစ်တပ်များပြီးစီး၍ ဝင်းတော်မှူးများ ခြံရံစောင့်ရှောက်လျက်စေကာမူ အပြင်အုတ်မြို့ရိုးများ၊ ကျုံးတော်များက အလုပ်အဆောင်လက်စ မသတ်ရသေးပေ။ အချို့နေရာများ ကျန်ရှိနေသဖြင့် အပူတပြင်း လုပ်ဆောင်နေရဆဲ ဖြစ်လေသည်။

အလားတူပင် ရွှေမြို့တော်သစ်အတွက် ခုနစ်ဌာနကို တစ်ပြိုင်နက်ပန္နက်ရိုက်ခဲ့ရာမှ ရွှေမြို့တော်ကြီးတစ်မျက်နှာလျှင် ပေပေါင်း ၆၇၀၀ ရှိ အုတ်မြို့ရိုးလေးဖက်နှင့် ကျုံးတော်၊ မဟာလောက မာရဇိန်စေတီတော်၊ သိမ်တော်၊ မဟာအတုလဝေယံကျောင်းတော်၊ ပိဋကတ် တိုက်တော်၊ သုဓမ္မာဇရပ်တော် စသော ပန္နက်ခုနစ်ချက်၊ လုပ်ဆောင်ချက်တို့ကလည်း အင်တိုက်အားတိုက် လုပ်ဆောင်နေကြခိုက်ပင် ဖြစ်လေသည်။

သူ့ဌာနနှင့်သူ၊ သူ့အစုနှင့်သူ ယင်းသို့ အဆိုင်းဆိုင်းခွဲဝေလုပ်ဆောင်ခဲ့စေခြင်းကြောင့်လည်း မြောက်မြားလှစွာသော ဌာနအသီးသီး၊ အဆောက်အအုံအသီးသီး၊ ဥယျာဉ်ပန်းမန်၊ ရေကန်ရေတွင်း၊ ကျုံး၊ အင်း၊ မြောင်း၊ ချောင်းနှင့် ဘုရားစေတီများ၊ ဇရပ်တန်ဆောင်းများ၊ သံဃာတော်တို့အတွက် ကျောင်းနှင့်ကျောင်းတိုက်များ စသည်တို့မှာ နှစ်တိုတိုနှင့် အလိုကျပြီးစီးခဲ့ရခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာနှင့် ကွန်ပါစကေးတို့မထွန်းပေါ်မီက အလွန်လက်ကျညီ၍ လှပသော ၁၈ တောင်အမြင့်ရှိ အုတ်မြို့ရိုးကြီးတစ်ခုတည်းနှင့်ပင် ချီးကျူး၍မကုန်နိုင်လောက်ပါပေ။ ၎င်း အုတ်မြို့ရိုးကြီး၏အပေါ်ပိုင်း လေးမျက်နှာပတ်လည်တွင် ၄၈ ဆောင်သော ကျွန်းသားပြာသာဒ်ဆောင်တို့မှာလည်း ပုံစံတူညီညာလှပ၍ ဟင်္သာပြဒါးနှင့်ရွှေရောင်တို့ ရောခြယ်လှယ်ထားခြင်းကြောင့် ညီးညီးပြောင်ပြောင် နေရောင်ခြည်နှင့်ပနံတင့်လျက် ရှိစေသည်။

မြို့ရိုးအပြင်မှပတ်ရံထားသော ကျုံးတော် ၄ မျက်နှာတွင် ကြည်လင်ငြိမ်သက်သော ရေမျက်နှာပြင်၌ ကြာမျိုးငါးပါးတို့ စွင့်စွင့်ကား ပွင့်လန်းလျက်ရှိစေသည်။ တစ်မျက်နှာလျှင် ကျုံးကူးတံတားကြီးတစ်ခုကျကိုလည်း နည်းစနစ်ကျ လှပခိုင်ခန့်စွာ ဆောက်လုပ်စေသည်။ ကျုံးတော်တွင်းမှာလည်း နေ့စဉ် သာယာစွာသော နရီးပုံ ထောင်များတီး၍ လှည့်လည်ရသည်။ ရွှေနန်းတော်ပတ်လည် အုတ်မြို့ရိုး ၄ မျက်နှာတွင် ၄၈ ဆောင်သော ပြာသာဒ်ပြအိုးတို့တွင် တစ်မျက်နှာလျှင် တံခါး ၃ ပေါက်စီရှိရာ ၄ မျက်နှာအရေအတွက် တံခါး ၁၂ ရပ်ရှိလေသည်။ အလယ်တံခါးကြီး၏ တစ်ဖက်တစ်ချက် တံခါး ၂ ရပ်ကို 'မိတ်တံခါး'ဟူ၍ခေါ်ရသည်။ အလယ်ပေါက်တံခါးကြီးမှ ပြာသာဒ်က ဘုံ ၇ ဆင့်ရှိ၏။ မိတ်တံခါးများ၏ပြာသာဒ်မှာ ဘုံ ၅ ဆင့်သာရှိလေသည်။ မြို့ထောင့်ပြာသာဒ်ကြီး ၄ ခုနှင့် အခြားသော ပြအိုး၊ ပြာသာဒ်တို့မှာလည်း ဘုံ ၅ ဆင့်သာရှိလေသည်။

မြို့တံခါး ၁၂ ရပ်၏အမည်များမှာ (၁) လွန်ကဲ၊ (၂) ဦးထိပ်၊ (၃) သောင်းညွတ်၊ (၄) ကျွန်းလုံးယူ၊ (၅) ကျော်မိုး၊ (၆) ရန်နည်၊ (၇) ကြေးမုံ၊ (၈) စည်ရှည်၊ (၉) ထင်ရှား၊ (၁၀) စည်သာ၊ (၁၁) လေးသိန်း (၁၂) မန်းဦးဟူ၍ဖြစ်ပါသည်။

၎င်းတံခါးများကို ကြီးကြပ်လုပ်ဆောင်စေသော မှူးတော်မတ်တော်ကြီးများမှာ 'လွန်ကဲ' တံခါးကို ဝန်ထောက်ပုပ္ပားမြို့စား။ 'ဦးထိပ်'တံခါးကို မကွေးမြို့စား ဝန်ကြီး၊ 'သောင်းညွတ်'တံခါးကို ဝန်ထောက် ခန်းပတ်မြို့စား။ 'ကျွန်းလုံးယူ'တံခါးကို ဝန်ထောက်ဘောင်ဝန် မြို့သစ်မြို့စား၊ 'ကျော်မိုး'တံခါးကို လောင်းရှည်မြို့စား အတွင်းဝန်၊ 'ရန်နည်'တံခါးကို ဗန်းမော်အတွင်းဝန်၊ 'ကြေးမုံ'တံခါးကို သစ်တောဝန် မင်းကျော်မင်းလှစည်သူ၊ 'စည်ရှည်'တံခါးကို မြတောင်မြို့စား သေနတ်ဝန်ကြီး၊ 'ထင်ရှား'တံခါးကို အတွင်းဝန် ရေနံချောင်းမြို့စား၊ 'စည်သာ'တံခါးကို ပင်းတလဲ မြို့စား ပုဂံမြို့ဝန်၊ 'လေးသိန်း'တံခါးကို ပုခန်းကြီးမြို့စားဝန်ကြီး၊ 'မန်းဦး'တံခါးကို ကင်းဝန်မဟာမင်းလှဇေယျသူတို့က တာဝန်အသီးသီးယူ၍ တစ်ပုံစံတည်း၊ တစ်စနစ်တည်း၊ တပြေးညီတည်း ညီညွတ်အောင် လုပ်ဆောင်ရလေသည်။

အပြင်မြို့ရိုးကြီးမှာ မြေမြို့ရိုးကြီးဖြစ်၍ ရှေ့ကြိုးသတ်နယ်က အလွန်ကျယ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ၎င်းအတွင်း ရွှေမြို့တော် ၄ ပြင်၊ ၄ ရပ် သတ်မှတ်ထားခြင်းဖြစ်၍ မြေမြို့ရိုးကြီး ၄ မျက်နှာ အပိုင်းအခြားများတွင်လည်း မြို့တံခါးကြီးများ ထားရှိလေသည်။

၎င်းမြေမြို့ရိုးမှ တံခါးများ၏အမည်များမှာ - အရှေ့မျက်နှာ၌ မြောက်မှတောင်သို့ လွန်းကျင်၊ လှိုင်ကျော်၊ လှိုင်ကျွန်း၊ လွတ်ကင်း၊ လှိုင်ကူ၊ ဦးတိုက်၊ ဥဒါန်း၊ ဦးနှိမ်၊ အောင်နန်း၊ အောင်ထွန်း၊ အောင်ထင်၊ ဥဒည်၊ အောင်ငြိမ်း၊ သာစည်၊ သိမ်းစံ၊ သညာ၊ သာဖုံ၊ သူဇံဟူသော အမည်များနှင့် မြို့တံခါး ၁၈ ပေါက်ရှိသည်။

အနောက်မျက်နှာမှာ မြောက်ဘက်မှစ၍ တောင်ဘက်အထိ တံခါးများအမည်များမှာ - ရဲတပ်၊ ရန်ပြို၊ ရဲထင်၊ စံရွား၊ စက်ရိပ်၊ ရေကြည့်၊ ပိုက်ကျုံး၊ ရေစုံ၊ စံရှည်၊ ဂေါဝိန်၊ တာရိန်၊ ပန်းဆက်၊ စံရာ၊ ဘောင်ရှည်၊ မြရိပ်၊ မြန်အောင်၊ ထုံးမှည်၊ ထိန်းရစသော တံခါး ၁၈ ခုရှိလေသည်။

တောင်မျက်နှာမှာလည်း အရှေ့မှအနောက်သို့ အစဉ်အတိုင်း တံခါးအမည်များမှာ ကြိုင်လှိုင်၊ ခွန်ယူ၊ ကောင်းလှိုင်၊ ကျော်မျိုး၊ ကောင်းမြိုက်၊ ကဲမြင့်၊ ကဲမိုး၊ ရန်နှိမ်၊ ရန်နှိပ်၊ ရန်နိုင်၊ ရန်နှင်ခေါ်သော တံခါး ၁၁ ပေါက်ထားရှိလေသည်။

အလားတူပင် မြို့ရိုး၏မြောက်မျက်နှာရှိ တံခါးအမည်များမှာ အနောက်ဘက်မှစ၍ အရှေ့ဘက်သို့အစဉ်အတိုင်း တံခါးအမည်တို့က ရဲထွတ်၊ လှိုင်ကြူ၊ လှိုင်သင်း၊ သီဝံ၊ လေသာ၊ လေသောက်၊ လှိုင်သာ၊ မာန်အောင်၊ မြောင်းဦး၊ မျိုးဦးဟူသော တံခါး ၁၀ ပေါက်ရှိလေသည်။

သို့ကြောင့် စုစုပေါင်းမြေမြို့ရိုးကြီး လေးမျက်နှာပတ်လည်၌ မြို့တံခါးပေါင်း ၅၇ ခုရှိလေသည်။ ၎င်းတို့ကို တံခါးဗိုလ် ၅၇ ယောက်က ဦးစီးလျက် တပည့်လက်သားများနှင့် နေ့ညစောင့်ရှောက်ရလေသည်။

၎င်းအတွင်း ရွှေမြို့တော် ၄ ပြင် ၄ ရပ်၊ အရပ်အကွက်အသီးသီးတို့ကိုလည်း အမည်စာရင်းနှင့်တကွ (ပြလမ်း)များနှင့် တစ်ပြေးတညီတည်းထားရှိလေသည်။ ရပ်ကွက်ပေါင်း ၅၄ ကွက်ချထား၍ လမ်းအိမ်၊ ဝင်းအိမ်များကို မှူးတော်မတ်တော်၊ မြို့စားရွာစားကစ၍ ဆင်းရဲသား၊ ကုန်သွယ်လယ်လုပ်များအထိ လူစေ့အောင် ဝေငှနေရာချပေးထားလေသည်။

၎င်း လေးပြင်လေးရပ်သော ရပ်ကွက်တို့၏အမည်များမှာ အရှေ့ပြင်မှာ ကျွန်းလုံးမော်ရပ်ကွက်၊ ဝိဇယမဟီရပ်ကွက်၊ ဇေယျမင်္ဂလာရပ်ကွက်၊ ဘူမိဇေယျာရပ်ကွက်၊ မဟာဇေယျံဘုံရပ်ကွက်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်စသော ရပ်ကွက်ကြီးပေါင်း (၇)ကွက်ဖြစ်သည်။

အနောက်ပြင်မှာ အမရစံခေါင်၊ အမရဌာနီ၊ ပြည်လုံးချမ်းသာ၊ မေဃဂီရိ၊ ပုလဲငွေရောင်၊ ပြည်ကြီးကျက်သရေ၊ အောင်မြေရန်လုံ၊ ဇမ္ဗူကြငှန်း၊ ချမ်းအေးသာဖုံ



www.burmeseclassic.com

www.burmeseclassic.com



တုလွတ်ရန်အောင်၊ ဘေးမဲ့လွတ်ရှောင်၊ အောင်နန်းရိပ်သာ၊ ရတနာဘူမိ၊ မဟာအောင်မြေ၊ ကျွန်းလုံးကြေညာ၊ ရွှေဘုန်းရှိန်၊ ကျွန်းလုံးဥသျှောင်၊ တမ္ဗဝတီ၊ သန်လျက်မော်၊ စိန်ပန်း၊ ဒေးဝန်း၊ ပြည်ကြီးပျော်ဘွယ်၊ သီရိဟေမာ၊ သီရိမာလာ၊ အောင်မြေသာစံ၊ ပြည်ကြီးရန်လုံ၊ မင်းတဲအီကင်း၊ ဘုန်းတော်ရောင်၊ ညောင်ကွဲ စသည်ဖြင့် (၂၉)ရပ်ကွက်ဖြစ်သည်။

တောင်ပြင်မှ ရပ်ကွက်တို့၏အမည်များမှာ ပတ်ကုံးပျော်ဘွယ်၊ ဇမ္ဗူ့မျက်ရှင်၊ ပတ်ကုံးဝန်းကျင်၊ ရန်မျိုးလုံ၊ မဟာနွယ်စင်၊ သကျနွယ်စဉ်၊ မောရဂီဝါ၊ စိတ္တရမဟီ၊ ဟေမာဇလ၊ ကဥ္စနမဟီ၊ ဟေမမာလာ၊ ချမ်းမြသာစည်၊ အောင်ချမ်းသာစသည်ဖြင့် (၁၃)ရပ်ကွက်ရှိလေသည်။

မြောက်ပြင်ရှိ ရပ်ကွက်အမည်များမှာ မြကျွန်းတန်ဆောင်၊ မြနန်းအောင်မြေ၊ မြနန်းစံရာ၊ မြနန်းဘုံသာ၊ မြကျွန်းမြေငှုပ်ဟူသော ရပ်ကွက်ပေါင်း(၅)ခုဖြစ်၍ စုစုပေါင်း(၅၄)ရပ်ကွက်ရှိလေသည်။

ရတနာပုံရွှေမြို့တော်ကြီး၏ အရှေ့မျက်နှာ၌ ရန်ကင်းတောင်ခြေတွင် အောင်ပင်လယ်ကန်(အင်းကျယ်ကြီး)ကြီးလည်း မူလကရှိလေသည်။ သို့သော် ရွှေမြို့တော်နှင့် အလှမ်းကွာဝေးသည်။ သို့ကြောင့် အရှေ့ပြင်ရပ်ကွက်စွန်း၌ ‘ရတနာနဒီ’ ခေါ်သော မြစ်ငယ်တစ်ခုကို တူးဖော်စေသည်။ မင်းတုန်းမင်းတရားကြီးသည်မြို့တော် ကို အေးမြသာယာနေစေရန် ရေပတ်လည် ဝန်းရံပေးထားခြင်းဖြစ်သည်။ နန်းတွင်း တောင်ဥယျာဉ်၊ မြောက်ဥယျာဉ်များတွင်လည်း ပုတ္တလုတ်ကန်များ၊ အုတ်ရေမြောင်း ကြီးငယ် အသွယ်သွယ်တို့နှင့် ခြယ်လှယ်မွမ်းမံထားခဲ့သည်။ သို့ရာတွင် နန်းတွင်း သာမက မြို့နေပြည်သူတို့ကလည်း အပူဒဏ်မှသက်သာရာရစေခြင်း၊ စိုက်ပျိုးလုပ် ဆောင်မှု အထောက်အကူပြုခြင်းစသော အရှည်ကောင်းကျိုးကိုမျှော်၍ ရတနာနဒီ မြစ်ကို တူးဖောက်ခြင်းဖြစ်လေသည်။

၎င်းရတနာနဒီမြစ်သည် မတ္တရာမြစ်မှ သွယ်ဖောက်ယူလာခဲ့ခြင်းဖြစ်၍ အရှေ့ပြင်ရပ်ကွက်ကို မြောက်မှတောင်သို့ ဖြတ်သန်းဖောက်သွယ်ပေးထားခြင်း ဖြစ်သည်။ လှေ၊ သမ္ဗာန်များပင် ကူးသန်းသွားလာနိုင်လေသည်။

ထိုမျှသာမကသေး ၎င်းရတနာနဒီမြစ်၏ အရှေ့ဘက်ကမ်းခြေတစ်လျှောက်ရှိ ဥယျာဉ်တော်ကြီး(၂၀)ကိုလည်း စိုက်ပျိုးပြုစုစေသည်။ ၎င်းဥယျာဉ်(၂၀)သည် မြောက်ဘက်မှတောင်ဘက်သို့ အစဉ်အတိုင်း အမည်အသီးသီးပေးထားရာ . . . (၁) မဟာဟေမဇာလ (၂) မဟာအသောက (၃) အဥ္စနကေသီ (၄) မဟာသီရိ သုမန (၅) မဟာဘုဥ္စရိက (၆) မဟာဂီရိမလ္လိကာ (၇) မဟာသီရိသိဒ္ဓိဗလ (၈) မဟာဇေယျ ပထ (၉) မဟာသီရိမန္ဒဝရ (၁၀) မင်္ဂလာဥယျာဉ်တော် (၁၁) မဟာသီရိဟေမဝန်



www.burmeseclassic.com

www.burmeseclassic.com



(၁၂) မဟာသီရိမနေရထ (၁၃) မဟာပဒုမ (၁၄) မဟာမေဃဝံ (၁၅) မဟာသီရိမဟိဿရ (၁၆)မဟာသီရိမုဒ္ဒိက (၁၇) မဟာဒေဝတာ (၁၈) မဟာသီတလ (၁၉) မဟာသီရိမနောရမ္မာ တို့ဖြစ်၍ မန္တလေးတောင်ခြေအနောက် ဘက်မှ (၂၀) မဟာဂီရိစိတြဝန်ဆိုသော ဥယျာဉ်တို့ ဖြစ်ကြလေသည်။ ၎င်းဥယျာဉ် တော်ကြီးပေါင်း ၂၀ မှထွက်ရှိသမျှ သစ်သီးသစ်ပွင့်များကို ရွှေမြို့တော်အတွင်းရှိ ရဟန်းတော်၊ သံဃာတော်တို့သီတင်းသုံးရာ ကျောင်းတိုက်အသီးသီးတို့သို့ ဆွတ်ခူး လှူဒါန်းရလေသည်။

ရွှေမြို့တော်ပတ်လည်ရှိ ကျောင်းတော်ကြီးများမှာ ရတနာနဒီမြစ်၏ အနောက် ဘက်ကမ်းရိုးတစ်လျှောက်တွင် အများအပြားရှိသည်။ ရတနာနဒီမြစ် အရှေ့ဘက် ကမ်းမှ ဥယျာဉ်တော် (၂၀)နှင့် အနောက်ဘက်ကမ်းက ကျောင်းတိုက်ကြီးများသည် အလားတူ အစဉ်အတိုင်းရှိကြလေသည်။

အချုပ်အားဖြင့်ဖော်ပြရမူ မန္တလေးနေပြည်တော်နှင့်တကွ အမရပူရမြို့တော် ဟောင်း အပါအဝင် အုတ်မဟာရံတံတိုင်း မီးတားနှင့် ကျောင်းတိုက်ကြီးပေါင်း ၂၀၀ ကျော်ရှိ၍ ကျောင်းတော်ပေါင်း ၁၅၀၀ နီးပါးခန့်ရှိပြီးလျှင် ၎င်းကျောင်းများတွင် သီတင်းသုံးနေထိုင်ကြသော ရဟန်း၊ သာမဏေပေါင်း ၆၀၀၀ ကျော်မျှရှိကြောင်း အမှတ်အသားများ လေ့လာတွေ့ရှိနိုင်လေသည်။

ယင်း ရဟန်း၊ သာမဏေအပေါင်းတို့အား စာပေပရိယတ္တိများ သင်ကြားအုပ် ချုပ်လျက်ရှိသော ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးပေါင်း ၈၀ ရှိကြောင်းလည်း အမှတ်အသားများရှိခဲ့လေသည်။

အမည်အမျိုးမျိုးနှင့် ဆောက်လုပ်တည်ရှိသော မင်းတုန်းမင်းတရား၏ ကျောင်းတော်ကြီးများအနက် အကြီးကျယ်ဆုံးသောကျောင်းတော်ကြီးမှာ မြို့တော် အရှေ့မျက်နှာရှိ 'အတုမရှိ ကျောင်းတိုက်'ခေါ်သော 'မဟာအတုလ ဝေယံကျောင်း တော်ကြီး'တည်ရှိရာ 'မဟာအတုလ ဝိဇယာရာမ'ခေါ် ကျောင်းတိုက်ကြီးနှင့် သာသနာပိုင်ဆရာတော်ဦးညေးယျ သီတင်းသုံးတော်မူသော 'မဟာဝိသုတာ ရာမကျောင်းတိုက်တော်ကြီး'ဖြစ်ပါသည်။ 'တိုက်တော်'ဟူ၍လည်း အသိအခေါ် များကြပါသည်။

အခြားသော ကျောင်းတိုက်ကြီးများမှာလည်း ရွှေမြို့တော်အရှေ့ပြင်တစ်ဝိုက် တွင် စိန်တုန်းတိုက်၊ မတ္တရာတိုက်၊ သက်ပန်းတိုက်၊ မောင်းထောင်တိုက်၊ ခင်မကန် တိုက်၊ ရွှေကူတိုက်၊ တကောင်းတိုက်၊ အင်းခန်းတိုက်၊ စလင်းတိုက်၊ မာရ်အောင်တိုက်၊ ဆင်တဲတိုက်၊ လယ်ကိုင်းတိုက်၊ မက္ခရာတိုက်၊ ငါးစီးတိုက်၊ စည်ပုတ္တရာတိုက်၊ မဟာဝိဇိတာရာမတိုက်၊ စလင်းတိုက်သစ် စသဖြင့်ရှိကြ၍ ၎င်းကျောင်းတိုက်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



သီရိမဟာမနော်ရမန်ဥယျာဉ်တော်အထိ မြောက်ဘက်မှတောင်ဘက်သို့ အစီအရီ နှင့်တည်ရှိကြလေသည်။

ရွှေမြို့တော်အနောက်ပြင်ရှိ ကျောင်းတိုက်တော်ကြီးများမှာလည်း အများအပြားရှိကြလေရာ၊ မြောက်ဘက်မှတောင်ဘက်သို့ အစီအစဉ်အတိုင်း ညောင်ကွဲအရပ်မှစသော ပြည်ကျောင်းတိုက်၊ ငါးကျမ်းတိုက်၊ နေတွက်ဂူတိုက်၊ လင်္ကာရာမတိုက်၊ ကုသိုလ်တော်တိုက်၊ ရွှေလှန်တိုက်၊ အက္ကပတ်မြို့ဝန်တိုက်၊ လက်နက်ဝန်တိုက်၊ ရွှေပြည်တိုက်၊ ဒုတ်လှမ်းတိုက်၊ သာသနာလင်္ကာရတိုက်၊ မြို့သာဝန်မင်းတိုက်နှင့် အတွင်းပိုင်း၌ ငွေးချိုတိုက်၊ မိုးကောင်းတိုက်၊ ထီးလင်းတိုက်၊ အနောက်ခင်မကန်တိုက်၊ မေဃဝတီခေါ် တောင်သမန်တိုက်၊ အကောက်ဝန်မင်းတိုက်စသော ကျောင်းတိုက်များဖြစ်သည်။ ကင်းဝန်မင်းကြီးတိုက်၊ တောင်ခွင်မင်းကြီးတိုက်၊ ရွှေလှန်မြို့ဝန်တိုက်၊ အကောက်ဝန်တိုက်၊ (အကောက်ဝန်တိုက်ဆိုသည်မှာ မှူးတော်မတ်တော်တို့ဆောက်လှူသော ကျောင်းတိုက်များဖြစ်သည်။)

အလားတူပင် အရှေ့ပြင်မှ စိန်ကုန်းတိုက်၊ သက်ပန်းတိုက်စသော ကျောင်းတိုက်များမှာ စိန်တုန်းမိဖုရား, သက်ပန်းမိဖုရား စသော မင်းတုန်းမင်း၏ မိဖုရားများကောင်းမှုဖြစ်လေသည်။ မောင်းထောင်တိုက်၊ သင်္ဂဇာတိုက်၊ ဒုတ်လှမ်းတိုက် စသောကျောင်းတိုက်ကြီးများမှာ ကျောင်းထိုင် ဆရာတော်ကြီးများကိုအစွဲပြု၍ ခေါ်ကြခြင်းဖြစ်ပါသည်။

တောင်ပြင်အရပ်၌လည်း ကျောင်းတိုက်ကြီးများစွာရှိ၍ အများအားဖြင့် ၎င်းကျောင်းတိုက်ကြီးများသည် အမရပူရ ဘိုးတော်ဘုရားခေတ်မှစ၍ တည်ထောင်ဆောက်လုပ်ခဲ့ပြီး မင်းတုန်းမင်းတရားကြီးက ဆက်လက်မွမ်းမံဆောက်လုပ်ခဲ့ခြင်းဖြစ်လေသည်။

'ဝေယံစံလွတ်'ခေါ် ကျောင်းတော်ကြီးသည် မဟာမြတ်မုနိဘုရား အနောက်ဘက်၌တည်ရှိ၍ သက္ကရာဇ် ၁၁၅၃-ခုနှစ်က ဘိုးတော်ဘုရား၏ ရွှေရေးဆောင်မိဖုရားက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းကြောင့် 'ရွှေရေးဆောင်ကျောင်းတိုက်'ဟူ၍လည်း ခေါ်တွင်ခဲ့သည်။ သီပေါမင်း ပါတော်မမူမီ တစ်နှစ်က မီးသင့်လောင်မှုကြောင့် မြို့သစ်အတွင်းဝန်မင်းက အုတ်ကျောင်းပြန်လည် ဆောက်လှူသောကြောင့် နောင်ကာလ၌ 'မြို့သစ်အတွင်းဝန်ကျောင်းတိုက်'ဟု ခေါ်လာကြသည်။ မဟာမုနိဘုရားကြီး၏ တောင်ဘက်၌ အာသောကရာမ ကျောင်းတိုက်ကြီးရှိသည်။ ဘိုးတော်ဘုရားက ၁၁၅၁ခုနှစ်တွင် မောင်းထောင်ဆရာတော်ကို လှူသည်။ ၎င်းတောင်ဘက်၌ 'ဘုရားကြီးတိုက်'ခေါ်'ဒက္ခိဏာရာမတိုက်' (ပုဂံမင်းလက်ထက်ကဆောက်)တည်ရှိသည်။ ထို၏ အရှေ့ဘက်တွင် အောင်မြေရွှေ ဘုံတိုက်၊ ဘုံကျော်တိုက်၊ ညောင်ကန်



www.burmeseclassic.com

www.burmeseclassic.com



တိုက်၊ မိုးတားတိုက်၊ ကုသိန္နာရုံတိုက်များ တည်ရှိသည်။ မဟာမုနိဘုရား မြောက်ဘက်ရှိ တိုက်များမှာ မြင်း၀န်တိုက်၊ ပေါင်းလဲတိုက်၊ ပေါက်မြိုင်တိုက်ခေါ် ပေါက်မြိုင်အတွင်း၀န် တိုက်ကျောင်းများရှိကြသည်။ ဇောမိကုန်းအရပ် တမ္ဗ၀တီရပ်ကွက်များတွင်ရှိသော ကျောင်းတိုက်အချို့မှာ ဗန်းမော်တိုက်၊ ဆီးဗန်နီကျောင်းတိုက်၊ စလေတိုက်၊ ဆင်တဲတိုက်၊ မာန်အောင်တိုက်၊ ကတိုးတိုက်စသော ကျောင်းတိုက်များရှိကြလေသည်။

မြောက်ပြင်အရပ်ရှိ ကျောင်းတော်ကြီးများမှာ ဝေဠု၀န်တိုက်၊ ရွှေကျင်တိုက်၊ သစ်ဆိမ့်တိုက်၊ စလင်းတိုက်၊ မာဃာလာရာမတိုက်၊ မိုးထိလိုက်၊ မဟာဇေတိကာရာမတိုက်၊ စံကျောင်းတိုက်၊ ဒီပဲယင်းတိုက်၊ ခုံညှင်းဆိပ်တိုက်၊ ယောမင်းကြီးတိုက်၊ မှန်ကင်းတိုက် စသည်တို့ဖြစ်ကြပါသည်။

ထင်ရှားသော ဇရပ်ကြီးများသည် မန္တလေးတောင်ခြေ တောင်မျက်နှာ၌ သုဓမ္မာဇရပ်တော်ကြီးနှစ်ဆောင်၊ ပဌာန်းရွှေသိမ်တော်ကြီးနှင့် သုဓမ္မာဇရပ်တန်း ၄၀ ကျော်တို့ တည်ရှိကြလေသည်။ ဓမ္မာရုံနှင့်တရားတင်းကုပ်ဆောင်များလည်း မြို့တွင်းမြို့ပြင်ရှိရပ်ကွက်များတွင် ညစဉ်၀တ်တက်, ၀တ်ကပ်, ဥပုသ်ဆောက်တည်ရန် ဓမ္မာရုံ ၁၁ ရုံနှင့် ရွှေမြို့တော်တံခါး ၁၂ ရပ်အတွက် တရားဆောင် ၁၂ ဆောင်ထားရှိလေသည်။

၅၇ ရပ်သော မြေမြို့ရိုးတံခါးများအတွက်လည်း ခရီးသွားများ သွားလာတည်းခိုနိုင်စေရန် အုတ်ဇရပ်ကြီး ၈-ဆောင်ကို ဆောက်လုပ်ထားရှိစေ၍ လာရောက်အနားဖြေသူ ရဟန်း, ရှင်, လူ ပြည်သူပြည်သား ပရိသတ်များကို လက်ဖက်ရည်၊ အချို၊ ကွမ်း, ဆေး, လက်ဖက်မှအစပြု၍ ကျွေးမွေးဧည့်ခံသည်။ ချက်ပြုတ်စားသောက်ရန် အိုး အင် ခွက်ယောက်, ကရိယာများလည်းထားပေးသည်။ နာမကျန်းရောက်လာသူများအတွက်လည်းပြုစုနိုင်ရန် သမားတော်, အနှိပ်တော်များနှင့် ပြုစုသောအလှူမျိုးကိုလည်း လှူဒါန်းလေသည်။

ထိုမှတစ်ပါး မင်းတုန်းမင်းတရားကြီး၏ ထူးခြားသော ကုသိုလ်တော်ပြုမှုလည်း ရှိလေသေး၏။ ထိုကုသိုလ်ကား မြို့ ၄-မျက်နှာမှာ သူအိုသူနာများကို ပြုစုလုပ်ကျွေးဆေးဝါးကုသရသော သူအိုရုံကြီးများ ဆောက်လုပ်လှူခြင်း ဖြစ်လေသည်။

လာသမျှ သူအို သူနာ မိန်းမ, ယောကျ်ားများကို အမြဲတမ်း သူအိုရုံတွင် လက်ခံထားရှိပြီး စားစရိတ်၊ အ၀တ်အစား၊ ဆေးဝါးစသဖြင့် လိုလေသေးမရှိ ကျွေးမွေးပြုစုယုယထားခြင်း ဖြစ်သည်။ မြို့တော် ၄-ပြင်, ၄-ရပ်၊ ရပ်ကွက်အသီးသီးတွင် ဥပုသ်သီတင်းနေ့တိုင်း ဥပုသ်စောင့်သုံးသူများကို စာရင်းပြု၍ ဥပုသ်တော်စောင့် လူပေါင်းနှစ်ထောင်ကျော်တို့အား အ၀တ်အစား၊ ပုဆိုး၊ ခေါင်းပေါင်း၊ ထဘီ၊



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီ၊ ပဝါတို့နှင့် ငွေတော် တစ်မူးတစ်မတ်စသဖြင့် သီတင်းနေ့တိုင်း အလှူပြုတော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် လွန်ခဲ့သော နှစ်ပေါင်း၊ တစ်ရာကျော် အချိန်ပင်လျှင် ခေတ်မီစွာ သူအိုရုံ၊ သူနာပြုရုံများကို ဖွင့်လှစ်၍ ကုသိုလ်တော်ပြုခဲ့ခြင်းသည် ပြည်သူ လူထုအား ရင်ဝယ်သားကဲ့သို့ သနားကြင်နာခြင်းရှိကြောင်း လက်တွေ့ပြသလိုက်သည်နှင့် တူလေသည်။

ယခုခေတ် ကုသိုလ်ဖြစ် ဆေးရုံများဖွင့်လှစ်ထားသည့်အလား မင်းတုန်းမင်းတရားကြီးက ကုသိုလ်ဖြစ်သူနာပြုဆေးရုံမျိုးထားရှိခဲ့သည်။ ၎င်းဆေးရုံ၌ မြန်မာသမားတော်ကြီးများသာမက နိုင်ငံခြားသားမျက်နှာဖြူလူမျိုးဆရာဝန်ကိုပင် လခကြေးငွေ ပေးကမ်းငှားရမ်းထားရှိခဲ့လေသည်။

မင်းတုန်းမင်းတရားကြီးသည် ကျုံးတော် ၄ မျက်နှာနှင့် ရတနာနဒီမြစ်ကို တူးဖော်ဖောက်လုပ်ထားရုံမျှမက အရှေ့ဘက်မှ အောင်ပင်လယ်ကန်တော်ကြီးကိုလည်းကောင်း၊ မြောက်ဘက်မှ မဟာနန္ဒာကန်တော်ကြီးကိုလည်းကောင်း၊ မူလရှိပြီး ကန်ပေါင်များ တိမ်ကောပျက်စီးလျက်ရှိသည်ကို ထပ်မံပြုပြင်ခြင်း၊ ကန်တွင်းကို နက်ရှိုင်းအောင်တူးဖော်ခြင်းများကို ပြုစေသဖြင့် 'ကန်'ဆိုသော်လည်း ကျယ်ဝန်းသော အင်းပြင်ကြီးများဖြစ်၍ အအေးဓာတ်ကိုရရှိစေခြင်း၊ လယ်ယာစိုက်ပျိုးမှုတွင် ရေအားကိုးပြုရခြင်း စသော အကျိုးထူးများကို လူထုအား ခံစားစေနိုင်လေသည်။

၎င်းနန္ဒာကန်ကြီးနှင့် အောင်ပင်လယ်ကန်ကြီးများကို ထပ်မံဆည်ဖို့ရာသို့ မင်းတုန်းမင်းတရားကြီး ကိုယ်တိုင်ထွက်တော်မူပြီး ကြည့်ရှုကြပ်မတ်တော်မူရာ 'ကန်ကောက်စံနန်းတော်' ဆိုသော ယာယီစံနန်းတော်ကိုပင် ဆောက်လုပ်စံနေ၍ ကြီးကြပ်လုပ်ဆောင်တော်မူသည်။ မြို့တော်မြောက်ဘက်က နန္ဒာကန်တော်ကြီးကို အိမ်ရှေ့စံ(ကနောင်မင်း)ကိုလည်း မှူးတော်၊ မတ်တော်များနှင့် ကြီးကြပ်လုပ်ဆောင်စေပြီးလျှင် အောင်ပင်လယ်ကန်တော်ကို သေနတ်ဝန်ကြီး သတိုးမင်းကြီးမဟာ မင်းလှကျော်သူ မြတောင်မြို့စားနှင့် မှူးမတ်၊ အရာရှိအပေါင်းတို့ကို တာဝန်အသီးသီး ပေးအပ်လုပ်ဆောင်ထမ်းရွက်စေသည်။

သို့ကြောင့် အထက်မြန်မာပြည် အလွန်ပူပြင်းသောရာသီဥတုရှိသော်လည်း မန္တလေး ရတနာပုံနေပြည်တော်ကြီးမှာ ရေပတ်လည်ဝိုင်းထားသကဲ့သို့ရှိ၍ အပူရှိန်ကို တစ်နည်းတစ်ဖုံလည်း သက်သာစေပါသည်။

ရတနာပုံနေပြည်တော်၏ အရှေ့မျက်နှာတွင် ရေပြင်ဖွေးဖွေးနှင့် အောင်ပင်လယ်ကန်တော်ကြီးတည်ရှိနေသည်။ အနောက်မျက်နှာက ဧရာဝတီမြစ်ကြီးတည်ရှိသည်။ မြောက်မျက်နှာအရပ်တွင် မတ္တရာနယ်စပ်ထိကျယ်ပြန့်သော မဟာ



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာကန်တော်ကြီးတည်ရှိသည်။ တောင်ဘက်မျက်နှာ၌မူ ဇောင်းကလောအင်း၊ တောင်သမန်အင်း၊ တက်သေးအင်းစသော အင်းကြီးများက ဆက်ကာဆက်ကာ ရံဝိုင်းထားလေသည်။

မင်းတုန်းမင်းတရားကြီးသည် ရတနာပုံမြို့တည်၊ နန်းတည်ကိစ္စကို ၁၂၁၈ ခုနှစ်က ပဏာမ စတင်လုပ်ဆောင်စေသော်လည်း သာသနာတော်နှစ်နှင့် ကိုက်ညီစေလိုသည်တစ်ကြောင်း၊ အခြားသော ကိန်းခမ်းယတြာများ အလိုနှင့်သော်လည်းကောင်း၊ ညီညွတ်စေခြင်းငှာ သတ္တဌာနပန္နက်ချသော အုတ်မြို့ရိုး၊ လွှတ်တော်စသည်တို့ကို ၁၂၂၀ ခုနှစ်မှ တရားဝင်ဆောက်လုပ်အမည်ခံစေပါသည်။ သို့ကြောင့် 'အုတ်ကျစ်ကျော်အေးမန္တလေး'ဟူသောအမှတ်အသားကို ဖြစ်စေပါသည်။

မင်းတရားကြီးနှင့် ညီတော်အိမ်ရှေ့မင်းတို့သည် ခေတ်မီစက်ရုံများကိုလည်း စက်ရုံပေါင်း ၅၀ ကျော်မျှ တည်ထောင်ထားရှိခဲ့လေသည်။ ၎င်းစက်ရုံများမှာ စာပုံနှိပ်စက်ရုံ၊ ရွှေဒင်္ဂါး-ငွေဒင်္ဂါးများသွန်းလုပ်သော(ဒင်္ဂါးစက်ရုံ)၊ ချည်၊ ပိုး၊ သက္ကလပ်စသော အထည်အလိပ်များ ရက်လုပ်သော(ရက်ကန်းစက်ရုံတော်များ)၊ ဆန်စပါးများကြိတ်ခွဲရသော(ဆန်စက်ရုံတော်များ)၊ အမြောက်ကြီးများ၊ ဓား၊ လှံ၊ လေး၊ မြားစသည်တို့ သွန်းလုပ်သော(လက်နက်စက်ရုံတော်များ)၊ ဗုံးဆန်၊ အမြောက်ဆန်စသော(လက်နက်ခဲယမ်းသွန်းစက်ရုံများ)၊ မဲနယ်ချက်လုပ်သော(မဲနယ်စက်ရုံတော်)၊ သစ်ပျဉ်တို့ခွဲခြမ်းရာ(လွှစက်ရုံတော်များ)၊ သကြားချက်လုပ်ရသော(သကြားစက်ရုံတော်)၊ သံကိရိယာများလုပ်ဆောင်ရန်(သံချက်စက်ရုံတော်)၊ ဖန်ပစ္စည်းများချက်လုပ်ရန်(ဖန်ချက်စက်ရုံတော်)၊ ဝါဂွမ်းများကြိတ်ရသော(ဝါဂွမ်းစက်ရုံများ)၊ ဆီများကြိတ်ရန်(ဆီကြိတ်စက်ရုံတော်များ)စသော ခေတ်မီစက်ရုံတော်ပေါင်း အများအပြားထားရှိလေသည်။ ဆိုအပ်ခဲ့ပြီးသော စက်ရုံအသီးသီးတို့၌ ကြီးကြပ်အုပ်ချုပ်သင်ကြားပြသလုပ်ဆောင်ရသူ အတတ်ပညာပိုင်း ဆိုင်ရာဝန်တို့နှင့်တကွ အလုပ်သမား၊ ငယ်သားများအထိ လခရိက္ခာတော်ငွေများလည်း အသီးသီး ထိုက်သင့်မျှတစွာ ရရှိခံစားကြရလေသည်။

ယင်းသို့လျှင် ရတနာပုံနေပြည်တော်ကြီးနှင့်တကွ ရွှေနန်းတော်ကြီးကို မင်းတုန်းမင်းတရားကြီးက တည်ထောင်ဖန်ဆင်းတော်မူပြီး တိုင်းပြည်နိုင်ငံအကျိုး၊ ဘာသာသာသနာတော်အကျိုးများကို ရှေ့ရှုပြုစုတော်မူနေသည်နှင့်အမျှ လောကုတ္တရာရေးရာ၌ ပွားစီးလေအောင် ရွက်ဆောင်လုံ့လပြုသကဲ့သို့ လောကီရေးရာ တိုးပွားရာတိုးပွားကြောင်းကို နိုင်ငံခြားဗဟုသုတ ရရှိလေအောင် ညီနောင်မင်းနှစ်ပါးတို့က နိုင်ငံခြားဒေသများသို့လည်း ပညာသင်သူများကို ရွေးကောက်စေလွှတ်တော်မူထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ စေလွှတ်ခြင်းခံရသူများမှာ မှူထမ်းရာထမ်းများနှင့် မှူးတော်မတ်တော် အချို့လည်း ပါဝင်သည်။ နေပြည်တော်တွင်လည်း အင်္ဂလိပ်ဘရင်ဂျီဘုန်းကြီးများက အင်္ဂလိပ်စာ၊ ပြင်သစ်စာများ သင်ကြားပို့ချပေးစေရန် အင်္ဂလိပ်စာသင်ကျောင်းများ ဖွင့်လှစ်ခွင့်ပြုကာ မင်းညီမင်းသား၊ မှူးသား မတ်သားနှင့် သူဌေးကုန်သည်တို့သား ငယ်များအား သင်ကြားစေမှုပြုခဲ့လေသည်။

နိုင်ငံခြားပညာတော်သင် စေလွှတ်သူများသည် စာသင်ခြင်းနှင့်အတူ တွဲဖက်၍ လက်နက်လုပ်ဆောင်မှု၊ ခဲယမ်းမီးကျောက်၊ အမြောက်ဆန်စ၊ ဗုံးဆန်များအထိ လုပ်ဆောင်တတ်မှုနှင့် အခြားသောစက်ကိရိယာများကို လုပ်ဆောင်ကိုင်တွယ် အသုံးပြုနည်းများပါမကျန် တတ်မြောက်လာရန် သင်ကြားစေရခြင်းဖြစ်လေသည်။

ဤမျှ အမြင်ကျယ်စွာနှင့် စီမံပြုပြင်ခဲ့သော်လည်း နယ်ချဲ့များသည် မြန်မာတို့ အစွမ်းအစကို ထက်မြက်လာစေမည့်ပညာများကို ဆရာစားမချန် သင်ကြားပို့ချပေး ခြင်းမပြုဘဲ အခက်အခဲများကို မကြာခဏဖန်တီးပေးလေ့ရှိကြသည်။ မြန်မာပညာ တော်သင်များကလည်း မည်မျှအခက်အခဲ အကျပ်အတည်းမျိုးကို ကြုံတွေ့ရင်ဆိုင် ရသည်ဖြစ်စေ စိတ်ထားကြံ့ခိုင်စွာနှင့် ဒုက္ခအမျိုးမျိုးတို့ကို ရင်ဆိုင်ရပ်တည်ကာ မဖြစ်မနေ ကြိုးစားသင်ကြားရှာကြကြောင်း မှတ်တမ်းများကို အထောက်အကူပြု၍ သိရလေသည်။

ရတနာပုံနေပြည်တော် နန်းတွင်းနန်းပြင် ပြုပြင်မွမ်းမံမှုများသည် တစ်နေ့တခြား ပြီးပြည့်စုံ၍ ချမ်းမြေ့ရိပ်မြုံ ဝတိန်ဘုံတစ်မျှ တင့်တယ်သာယာလှလေသည်။ စေတီ ပုထိုး၊ ကျောင်းကန်ဘုရားတို့ဖြင့်လည်း တန်ဆာဆင်ပြီးလေပြီ။ အထူးသဖြင့် နန်းမြို့ တော်၏တောင်ဘက်၌ ငွားငွားစွင့်စွင့် တည်ရှိလင့်သော မန္တလေးတောင်တော်ကြီး တွင် (၁၈)တောင်အမြင့်ရှိသော ဗျာဒိတ်ပေးရပ်တော်မူရုပ်ပွားတော်မြတ်ကြီးနှင့် ညီတော် အာနန္ဒာအရှင်မြတ်တို့ ပုံတော်ထုလုပ်ထားသော ရွှေရုပ်ပွားတော်ကြီးနှစ်ဆူ သည် ရတနာပုံနေပြည်တော်ကြီး၏ အတိတ်သမိုင်းကို ဆောင်လျက်ရှိပေသည်။ မြတ်စွာဘုရားသည် မန္တလေးတောင်သို့ ဒေသစာရီ ကြွလာတော်မူလာစဉ်အခါက တောင်ဘက်တွင် စည်မျက်နှာပြင်ကဲ့သို့ ညီညာလှသောမြေအပြင်ကို လက်ညှိုး ညွှန်တော်မူပြီးလျှင် ညီတော်အာနန္ဒာအရှင်အား 'ငါဘုရားသာသနာတော်ထက် ဝက်ရှိချိန်၌ ဤနေရာတွင် ရတနာပုံမြို့ကြီးဖြစ်၍ သာသနာတော်ကိုပြုစုနိုင်သော မင်းကောင်းမင်းမြတ်တစ်ဦး ထင်ရှားဖြစ်ပေါ်လာလတ့်'ဟူသော ဗျာဒိတ်တော်စကား မိန့်ကြားတော်မူခဲ့ဖူးသော ကျမ်းဂန်သိုက်သမိုင်းအရ ရည်ညွှန်းထားသော ဗျာဒိတ် ပေးရပ်တော်မူ ရုပ်ပွားတော်ကြီးဖြစ်လေသည်။

ထိုသို့ ရတနာပုံနေပြည်တော်သစ် တည်ထောင်ပြီးချိန်တွင် တိုင်းပြည်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အလွန်တစ်ရာ သာယာအေးချမ်းလျက်ရှိလေသည်။ ဗုဒ္ဓသာသနာတော်ရောင်ကလည်း နေရောင် လရောင် ထိန်ထိန်ပြောင် ထွန်းတောက်လျက်ရှိလေသည်။

သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်အများတို့လည်း တည်ငြိမ်အေးချမ်းစွာ ရောင်းလမ်းဝယ်လမ်း ဖြောင့်တန်းစည်ကားနေလေသည်။ အခွန်အတုတ်များ ကိုလည်း လျော့နည်းစွာကောက်ခံစေခြင်းကြောင့် မင်းတုန်းမင်းတရားကြီးနှင့် ညီတော်အိမ်ရှေ့(ကနောင်)မင်းတို့အား တိုင်းသားပြည်သူတို့က ကြည်ဖြူချစ်ခင် မေတ္တာဝင်လျက် ရှိကြလေသည်။

တရားစောင့်သော ပညာရှိမှူးမတ်များနှင့်တကွ နှလုံးရည်၊ လက်ရုံးရည်နှင့် ပြည့်ဝသော မင်းမှုထမ်းများအားလည်း ထိုက်သင့်အားလျော်စွာ ချီးမြှင့်သူကောင်းပြု တော်မူလေသည်။

ဤခေတ် ဤအချိန်မှာ ရတနာပုံနေပြည်တော်ကြီးသည် ငြိမ်းချမ်းသာယာ စည်ပင်စွာရှိနေသောကြောင့် စာဆိုတော်များက ပြည်ဘွဲ့၊ ဘုန်းဘွဲ့များ၊ အမြောက် အမြားစပ်ဆိုထားခဲ့ကြလေသည်။ ထိုဘုန်းဘွဲ့၊ မြို့ဘွဲ့သီချင်းဂီတများမှာ ဘုရင့် အလိုတော်ကျ အလွန်အမင်း ချီးကျူးမြှောက်ပင့် ရေးသားခဲ့ကြသည်ဟု သာမန်တွေး ခေါ်မှုများ ရှိကြမည်ဖြစ်သော်လည်း သာယာကြည်နူးဖွယ်သော မြို့နေ၊ နန်းနေ ရှုခင်းများကို အရှိအတိုင်း ဖွဲ့နွဲ့သီကုံး ရေးခြယ်ပြသခဲ့သော ဂီတပန်းချီကားများဟူ၍ လည်း ခေါ်ဆိုနိုင်မည်ဖြစ်လေသည်။

ငှင်းဂီတသီချင်းအချို့ကို ထုတ်နုတ်၍ ပြယုဂ်အဖြစ်တင်ပြရလျှင် မင်းတုန်းမင်း တရားကြီး လက်ထက်တော်တွင် ထင်ပေါ်ကျော်ကြားသော ပညာရှိကဝိသူမွန်တို့ ရေးသားစီကုံးနှုန်းဖွဲ့သော ဂီတကဗျာများမှာ ထိုသို့ဖြစ်ပါသည်။

## မြမန်းဂီရိ ယိုးဒယား

'မြမန်းဂီရိ သေလာတောင်၊ နန်းတည်ထောင် ဘုန်းရောင်နေသို့လင်း။ နောင်ညီ ကို၊ ရွှေဘို နွယ်တော်ရင်း။ ရာဆူဆူ ပြည်သူခဝပ်စင်း။ ရွှေဘုန်းတော် နှုန်းလျော်စံ ပျော်ခင်း။ တေဇာတိုးလို့ ဖြိုးဝေ။ မန်းဌာနေအောင်ဇေယျာပြည့်မင်း။

ပြောင်းလူးနာဂရစာ၊ သော်တာငွေလျှံ။ မျိုးမြတ်ဆဒ္ဒန်။ ရွှေနန်းဘုံတော်၊ ရောက်ရာရွှေ ကိုယ်တော်။ ပြည်တော်နိုင်ငံရွှေဘုံတွင်း။ ဆန်းမူရာ သူဇာရွှေခပင်း။ ရွှေဘုန်းတော် နှုန်းလျော်စံပျော်။ ခင်းတေဇာတိုးလို့ဖြိုးဝေ။ မန်းဌာနေ၊ အောင်ဇေယျာ ပြည့်မင်း။ ။



www.burmeseclassic.com

www.burmeseclassic.com



## ကန်မင်းသာစွ ယိုးဒယား

ကန်မင်းသာစွ မြနန္ဒာ။ မန်းသေလာ ဇရာရံကာဝန်း၊ လောင်းပွင့်လျှာ တေဇာ တော်ကထွန်း။ မျိုးသမ္ဘိန်ရာဇိန် မရွှေမော်ကွန်း။ ထုံးစဉ်လာ လက်ျာရွှေဗျာ ညွန်းလေ မန်းညာစွန်းဘွေလယ်။ လောင်းနတ်နွယ် စံပယ်ရှည်မည့်ကြောင်း။ ပြောင်းခညွတ် လာ။ ဂီဝါစံရာရွှေဘုံ၊ နန်းမြင့်ဇေယျုံ ရွှေဘုန်းတော်ရောင် ထိန်ဝင်းနေ သို့ပြောင်။ ဆောင်ဆောင်သီဟာ ရွှေဘုံတွင်း၊ ဘက်ပြိုင်သူ မပြုခဝပ်စင်း။ လေးဆဒ္ဒန်မင်းမြတ် သခင်။ အို-စောနတ်ရှင် ဗုဒ္ဓဆုယူလောင်း။

## မန္တလေးမြို့ဘွဲ့ ယိုးဒယား

မန်းတောင်လက်ျာ၊ ဘုန်းနေလ။ နှုန်းလေ တေဇာဝေဖြာ။ ဝင်းထိန်လို့ဝါ။ များစွာပိုလ်ခြေဝေနေပေါင်း။ ကောင်းအောင်ခု။ ဗုဒ္ဓင်လောင်းမို့ မြို့နန်းတည်ထောင်၊ မင်းမြတ်နောင် ကုန်းဘောင်နေညွန့်သွေး။ ။

ဒီပါမြေပေါ် ကျော်နှံ့ရေး။ ဘုန်းတော်ဟုန် ခြောက်ဘုံနတ်ရွာ။ လွန်ပြန့်မွှေးလို့ ဘေးတော်မြေးမှန်။ ထီးရာစံနတ်သံခိုခရေး။ ရွှေဘုန်းတော်နေလာဝေဖြာ။ မန်းလက်ျာ နတ်ရွာရေသို့ အေး။ ။

ဒုမ္မာလေ၊ ဒုမ္မာကြိုင်ပျံ့။ မွှေးတယ် မွှေးတယ်လေး။ နန္ဒာကန်သာရေမြ အေးတယ် အေးတယ်၊ အေးတယ် အေးတယ်လေး။ ဟိုရှေးလေ ရာဇဂြိုဟ်ပြည်လို။ စည်ပဟိုတော်က ဟိန်းတာမို့၊ ဘေးရန် ခပ်သိမ်းလေတွေတို့၊ ဘေးရန်ခပ်သိမ်း တွေတို့၊ ငြိမ်းလေ ငြိမ်းလေပါလှ၊ ငြိမ်းလေ ငြိမ်းလေပါလှ။ ကြာတံဆိပ်နှင့် ဗျာဒိတ် တော်လာ။ မိန့်ခွန်းလေ ခွန်းလေချိုမြသာ။ ။

ယဉ်ဇရာ ပတ်ခါဝိုင်းသည်။ တိုင်းလေ၄ာနီ ရွှေပြည်ရွှေဘုံနန်း။ ရေယဉ်သွယ်ဖြာ။ ဆန်းလာမောက်ဖြိုး။ ရွှာသည့်မိုးပုံ။ တန်ခိုး ရွှေမိုးငွေမိုးရွာ။ ဆင်ဖြူရတနာဆက်မည် ခုရောက်လာ။ အိုလေလေ ဘုန်းတေဇာ။ နေနှုန်းဖြာ။ နန္ဒာရေဝန်းရံခ။ ပတ်လည်သာ ရွှေမန်းတောင် တော်မှာ၊ အို အို အို ဆန်းပါလှ မြို့နန်းရွှေဝတီသာ။ မြန်ချာဖန်လှာ နေညွန့်ဘွား။ ဘုန်းလေ မြတ်ဝေဆာ။ အိုလေ စံကာမြန်းသည် မန်းလေးရွှေပြည်တိုင်း လေ၄ာနီ။ ပုံမဝေးဘူးရောက်လုပါပြီ။ မြတ်နောင်ညီ သာကီနေသို့ထွန်း။ ။

ရွှန်းရွှန်းဝေ။ ထွန်းတက်နေ ကျက်သရေငွေလဝန်း။ သေလာတောင်ရွှေမန်း။ ဆန်းလေ့ ဆန်းစုံစွာ။ ဝေယံနတ်နန်းပုံသို့ပါ။ နန္ဒာရေဝန်းရံခ။ ပတ်လည်သာ ရွှေမန်းတောင်တော်မှာ။ အို အို ဆန်းပါလှ မြို့နန်းဝတီသာ။ မြန်ချာဖန်လာနေညွန့် ဘွား။ ဘုန်းလေမြတ်ဝေဆာ။ အို လေစံကာမြန်းသည်။ မန်းလေရွှေပြည်တိုင်းလေ ၄ာနီ။ ပုံမဝေးဘူး ရောက်လုပါပြီ။ မြတ်နောင်ညီ သာကီနေသို့ထွန်း။ ။



www.burmeseclassic.com

www.burmeseclassic.com



### မန္တလေးမြို့ဘွဲ့ပတ်ပျိုး

အောင်မြေမြမန်း။ သိုက်ကျမ်းစုံစွာ။ ဘုံရတနာမန်း။ တောင်လက်ျာ။ နှုန်းနေကွန့်ဖြာ။ ရွှေဘုန်းထိန်လို့သာ။ ဣန္ဒာများမင်း။ ဆင်းကူညီဘန်။ ပြောင်ဆန္ဒန်-မျိုးမှန်လှ။ သိန္ဓာဝါမြင်းပျံယှဉ်။ စိုးပိုင်သ။ မန္ဓာတ်မင်း။ အိုလေ မန်းရွှေမြို့။ နန်းလေ အောင်မြေခင်း။ နန်းလေလေ၊ နန်းလေအောင်မြေခင်း။ ပယ်ရှင်း-ရန်မျိုးအောင် လေလေ့။ မန်းသာခေါင်။ ။ တောင်ခြေ ပတ်ဝိုင်း၊ မျှောင်ခွေလို့ဆိုင်း။ စံတိုင်း ရွှေဘုံဆောင်လေလေ့၊ ရွှေဘုံဆောင်။ ။ အို ရာပြည်ထောင်မင်း။ ခွန်ဆောင် ဆက်သွင်း။ တေဇာဝင်းထိန်လို့ပြောင်။ ရွှေဘုံနေသို့ရောင်။ ဝေနေယျာပေါင်း။ ပါစေအောင်။ မဂ္ဂင်ဖောင်ကြီး။ စီးမယ့်ဘုန်းခေါင်။ နိဗ္ဗူသောင်သို့။ နောင်ရောက် အောင်ကြိုး။

သဖြန်။ ။ နန်းရွှေမြို့မှာ။ အဏ္ဏာဝါ ဝေလျှံဖြာသည့်။ ရေနန္ဒဝိုင်း။ တိုင်းခြိမ့်ခြိမ့်တုံ။ မြမန်းပြည်ရွှေဘုံသို့။ အောင်ဇေယျံ-ရတနာလျှမ်းတယ်၊ စံခန်းနဲ့နီး။

### မန္တလေးမြို့ဘွဲ့ ယိုးဒယား

မန်းအောင်မြေနန်း-ဝတီသာဗွေလေ။ စံတူ-ဆုံးလဲ။ နှုန်းဘွယ်စေ။ ယာဉ်ဧရာ၊ ဖြာလျှံ စီးသွယ်ခွေ။ ။ ကန်ရွှေနန္ဒာ ခြံရံရှေး။ ပင်လယ်မှန်စွာ။ ကန်သာကြည်ဧ။ စုံရွှေကြာ ထုံရည် ကြိုင်စွာမွှေး။ ငါးငွေစင် စံရှင်ပိုင်မှူး။ မြူးပျော်ရာနန်း။ ပန်းစုံနွယ်။ ထုံရည်မှုန်ရည်ကြွယ်။ ဆွတ်ခြွေသယ်။ မောင်မယ်ဘာသာကျေး။ သံခြေငယ်လေ။ သံ-သံညင်းကြွေး။ တိမ်သိင်္ဂါ-ဝါမောင်းသွေး။ ။ ဇော်ရမ်းတဖင်ကာ။ မှုန်ရီပြာသား။ ဆန်းဟန်သွယ်သွယ်။ တွေးတယ်- ရွှေဗွေ။ အောင်မြေဘုံနယ်မှာ။ နတ်စည်ထူး လည်-သံသာရှစ်ခန်းနယ်တာ။ သံလေး သံပြိုင်ညာ။ ဆန်းဆန်း ခန်းခန်း။ နန်းနန်း နန်းမှန်ညာ။ တုသီတာထွန်းတင့်ဝေမြိုင်း။ ရွှေညီလာပိုင်။ ဝန်းဝံခွန်းသံပြိုင်။ ။ လှိုင်လှိုင်ငယ်လေ။ ကြိုင်ကြိုင်ဧသင်း။ ရွယ်တူအင်-သွင်နတ်ဆင်း။ ညှင်းသာခွဲ့လှယ်။ စာမီခိုင်စိန်လျှံဆိုင် ဆန်းကြယ်။ ။ လျော်စင်သွန်းရွှေ။ ထွန်းနေပုံသွင်။ အေးယာဉ် ရောင်စုံခြယ်။ သည်ဝယ်ပြန်လှယ်-သံချိုကျူး။ နတ်မျုးကေသီညီညာ။ သံသာလျှံဖြာ စံရာလယ်မှာ။ ဘယ်နဲခုဝယ်စက်ဘွယ်မူရာ။ မှူးမယ့်ရွှေညာ။ ဒီပါနယ် ဘုံ။ လွှမ်းခြုံဧကန်။ စက်ထံသာကြည်ဖူး ။ ။

### အိမ်ရှေ့မိပုရား လှိုင်ထိပ်ခေါင်တင်ရေး
### မန္တလေးမြို့ဘွဲ့ ဘောလယ်

ရှုလဲသာထွေ။ တောင်ရေချပ်ပါလို့။ မန်းရပ်သာစွစံဌာနီ။ ရာပြည်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



စက်စုံဖူးတယ်လေး။ ဦးလုံလို့ချီ။ ။ သာပေါင်း ခ, ပါလို့ မြနန်းတည်၊ သုဒသီကယ် ရွှေပြည်နှင့်-ပုံမဝေး။ ဂဝံကြွေးပါလို့ သိုက်သြဘာ၊ နှစ်ပါးညီနောင်။ ဆက်ဆံတင့် တယ်လေး။ အေးရေနှင့်ကြာ။ ။ ရှစ်နယ်တိုင်းက။ ဝိုက်သိုင်းဖြာ။ နတ်မျှားဆွေဣန္ဒာ က။ ချိန်ခါမလွဲ။ စိန်ခရာန္တဲပါလို့။ ဆွတ်ဖွဲ့သီ။ ရွှေကြယ်ကယ်-နောင်ညီက၊ မှောင်ရီ ယှက်ကူးတယ်လေး။ ကျူးသံရင့်ကြွေး။ ။ တစ်ကိုယ်ရေးငယ်မို့။ ဆွေးတဲ့သူ။ ဖော်ဝေး ရှာသူလို့။ မှတ်ယူမထား။ လျှပ်နှယ်စိန်သားရယ်နှင့်။ စက်သွားတော်လုံ။ ပိုက်ထွေး မလုံ။ သဥ်ဗွေရိပ်မှာလေး။ သဲထိတ်လို့တုံ။ ။ မယ်ရှိရှင်ခိုးပါငဲ့။ ရွှေမိုးပစ္စုန်။ နတ်မျှားရွှေအမျှုန်က။ စည်တော်စုံကျူး။ ဘယ်ငြိုးမာန်ထူးငယ်နှင့်။ ပြုမည့်နှယ်။ ကသစ်သဘင်။ သေနင်ကျင်းတယ်လေး။ လင်းကွန့်မချယ်။ ။ စပယ်သေးငယ်နှင့်။ မုလေးသွယ်။ ယှက်သန်းရောင်ခြယ်တဲ့၊ သောင်ဗွေလယ်ဦး။ သုံးပဟိုရ်ကျူးတောင်မှ- စက်မပျော်။ ။ ရွှေဒေါင်းဖန်ရှိန်။ သူရိန်ကျင်းတယ်လေး။ လင်းကြက်ကဆော်။

## စာဆိုတော်ကြီးဦးပုညရေး
## မန္တလေးမြို့ဘွဲ့(ဂ၀)ပေါ် လူးတားညှပ်

သုံးသိန်း-သုံးသောင်း-လေးထောင်ထိပ်။ နှစ်ကျိပ်ရှစ်ဆက်မဟာဝင်။ အတိတ်ဖြစ်ပျက် ကမ္ဘာတွင်အောင်။ ဘယ်ရာဇာပင် မစံမြန်း။ လေးဆယ့်ရှစ်ရပ် ပြာသာဒ်ရံသည်။ နတ်ဝိသုကံ သစ်လင်းဖန်သည့်နန်း။ ။

(လူးတား) ရှစ်သောင်း လေးထောင်။ နှစ်ပြန်ဆောင်သား။ ရန်အောင်ဗဟို မြမြင့်မိုရ်ဝယ်။ ရေညိုခွေချပ်။ ဂဟေထပ်လျက်။ မြေစပ်ခန်းဝါ၊ ကဲ့ပမာသို့။ မန္တာဘူတပတ်။ မြေဉက္ကဋ္ဌလည်း။ သူနတ်ချီပင့်။ ပလ္လင့်သဏ္ဌာန်။ ဘုံဗိမာန်ဝယ်၊ ဝေယန်ကြငှန်း။ သိကြားနန်းသို့။ တသန်းခြယ်ရောင်။ သုံးတိုက်လောင်သည့်။ အခေါင်သေဌမင်းတည့်လေး။ ။ ဝိသုဒ္ဓိပွင့်ပန်း တည်သည့်နန်း။ ။

(တေးထပ်) အိုင်ရေ န၀ဒတ်-နှုန်းတန္တိလို။ ရွှေကျုံးဂမ္ဘီရံကာသန်း။ ပြည်ကြီးမွှန်ဖေါင် လောင်ကမန်းနှင့်။ ရွှေတောင်-ရွှေနန်း ကျက်သရေ၊ ရွှေသောင်း- ရွှေလှေ့ထွေထွေယှက်။ တေဇော်ရွှေစက်-ရေလကျာ ရစ်ခွေ။ ။ ရတနာဘုမ္မိ တိုင်းဌာနေမှာ။ သမိုင်းစာခွေ ထိန်ထိန်လှစ်လို့။ နေက္ခန္ဒရာဇ်နတ်ရှင့်ခေတ်ပေ။ အံ့မျိုးသာစွတွေ။ ရွှေနန်းစံသက် မဋ္ဌဒေလို။ ပုံတောင်း စက်ရွှေဆိုက်ပွဲခါဖျလေး။

ယင်းသို့လျှင် ရတနာပုံရွှေမြို့တော်သစ်ကြီးအတွက် မြို့ဘွဲ့နန်းဘွဲ့ သီချင်းဂီတ အများအပြား ရေးသားခဲ့ကြသော ပညာရှင်တို့၏ လက်ရာများသည် အနှစ်တစ်ရာ ကျော် ကြာရှိလာသော ယနေ့အချိန်အထိ တိမ်ကောပပျောက်ခြင်းမရှိ၊ လူတို့၏ ပါးစပ်ဖျားဝယ် သီဆိုတီးမှုတ်လျက်ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမက ရှာစဉ်ရှာစား မင်းလှသင်္ခယာ ဆရာကြီးဦးပုည ရေးသားခဲ့သော၊ အလွန်ထင်ရှားလှသော(ရတနာနဒီ) မော်ကွန်းကြီးသည် ရတနာပုံ နေပြည်တော် ရွှေမြို့တော် နန်းတွင်းနန်းပြင် အရပ်ရပ်နှင့်တကွ ရွှေနန်းတော်ကြီး၏ ကြီးကျယ်ခမ်းနားပုံများကို ပြောင်မြောက်လှစွာ စာပေအနုပညာဖြင့် သီကုံးနှုန်းဖွဲ့ရေးခြယ်ပြထားခဲ့လေသည်။

အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် (ကင်းဝန်မင်းကြီး) သည် စာရေးတော်ကြီး သပြေ (၅) ရွာစား မဟာမင်းကျော်စည်သူ ဘဝက မင်းတရားကြီး အမိန့်တော်နှင့် ရေးသားပြုစုတော်မူခဲ့သော(ရတနာပုံမြို့တည်စာတမ်းကြီး)မှာလည်း အလွန်ထင်ရှားခဲ့လေသည်။

အခြားတစ်ပါး မြောက်မြားလှသော မြို့ဘွဲ့နန်းဘွဲ့များကား ရေတွက်၍ မရနိုင်စကောင်းအောင် ရှိခဲ့လေသည်။

မင်းတုန်းမင်းတရားကြီးသည် ဤမျှနှင့် အလိုတော်ခပ်သိမ်း ပြီးငြိမ်းတော်မူခြင်း မရှိသေးပေ။ သာသနာတော်ကို ပြုစုတော်မူရာ၌ ပဉ္စမသင်္ဂါယနာတင်တော်မူခြင်း၊ ပိဋကတ်တော်များအား ကပ်ကမ္ဘာတည်စေရန် ကျောက်ထက်အက္ခရာတင်တော်မူထားခြင်းစသော ကိစ္စတာဝန်များကို ခွန်တိုက်အားတိုက် လှုံ့လစိုက်၍ ရွက်ဆောင်တော်မူခဲ့လေသည်။

ဤဆောင်ရွက်ချက်မျိုးကား ထူးခြားလှသည်ဟု မှတ်ယူရပေလိမ့်မည်။ မြန်မာပြည် မြန်မာရာဇဝင်ပါ မြန်မာမင်းအဆက်ဆက်တို့ ပြုလုပ်ခြင်း မရှိခဲ့ဖူးသော ပဉ္စမသင်္ဂါယနာတင်ခြင်းနှင့် ပိဋကတ်တော်များ ကျောက်ထက်အက္ခရာတင်ခြင်းသည် မင်းတုန်းမင်းတရားကြီးတစ်ပါးသာ ပြုလုပ်တော်မူခဲ့လေသည်။

ဎင်းပြင် မင်းတုန်းမင်းတရားကြီးသည် မုဒ္ဓါဘိသိက်နှင့် မြို့တည်နန်းတည်မင်းအဖြစ်ခံယူ၍ မြို့နန်းတည်ထောင်ပြီးစီးသော်လည်း ရွှေနန်းတော်ထဲ၌ အစဉ်ထာဝရစံနေတော်မူခြင်းမပြုဘဲ၊ လယ်ထွန်မင်္ဂလာပြုရာဖြစ်သော ကန်ကောက်အရပ်ရှိ စံနန်းတောက်သို့လည်းကောင်း၊ မန္တလေးတောင်ခြေရှိ နန်းမြေဘုံသာစံ နန်းတော်သို့လည်းကောင်း၊ မကြာခဏထွက်စံတော်မူကာ သာသနာရေး၊ နိုင်ငံရေး၊ စီးပွားရေးစသောကိစ္စများ တိုင်ပင်ဆွေးနွေးရွက်ဆောင်တော်မူလေ့ရှိလေသည်။ ထိုသို့သော အခါမျိုးတွင် ညီတော်အိမ်ရှေ့မင်းနှင့်အတူ ထွက်တော်မူ၊ ဝင်တော်မူ လေ့ရှိလေ သည်။ ညီတော်အား အခါခပ်သိမ်း တိုင်ပင်တော်မူတတ်လေသည်။ ညီတော်ကလည်း နောင်တော့်စိတ်ကြိုက် လိုက်လျောတော်မူမြဲဖြစ်၏။ ညီတော် အိမ်ရှေ့မင်း (ကနောင်မင်း)သည် ရွှေနန်းစဉ်လာ ထုံးစံအတိုင်း ရွှေနန်းတော်ကြီး၏ မြောက်ဘက်တွင် အိမ်ရှေ့မင်းတို့စံနေရာဖြစ်သော(အိမ်ရှေ့အိမ်တော်ကြီး)တွင် စံနေတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့အိမ်တော်ကြီးမှာ အလွန်ကျယ်သော ဝင်းတော်ကြီး အတွင်း၌ တည်ရှိလေသည်။ အိမ်ရှေ့အတွင်းဝန်မှအစ၊ အစောင့်တပ်သားအထိများပြားသော ကိုယ်ရံတော်များ၊ အိမ်ရှေ့တပ်တော်သားများပါ ဝင်းတော်အတွင်း နေရာအသီးသီး ချထားနေထိုင်စေသည်။

အိမ်တော်ကြီးမှာလည်း အဆောင်ဆောင်အခန်းခန်း ထားရှိရလေသည်။ အိမ်ရှေ့မိဖုရားကြီး(လှိုင်ထိပ်ခေါင်တင်)မှာ လက်ထပ် မိဖုရားကြီး ဖြစ်သည့်အတိုင်း ပင်မအဆောင်တော်ကြီး၌ အိမ်ရှေ့မင်းနှင့်အတူ စံနေတော်မူပြီးလျှင် မြောက်ဆောင်၊ အလယ်ဆောင်၊ အနောက်ဆောင် များတွင် အဆောင်ရ အိမ်ရှေ့မင်း၏ အိမ်တော်ပါ ကိုယ်လုပ်တော်ကြီးများနှင့် သားတော်, သမီးတော်များ နေထိုင်ရာဖြစ်လေသည်။ အိမ်ရှေ့မင်းမှာ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်မှတစ်ပါး စုစုပေါင်း ၅၂ ယောက်မျှ ရှိသောကြောင့် အိမ်တော်မှာ အဆောင်တော်တွေ အများအပြားထားရှိရလေသည်။ (မြောက်အိမ်တော်)ဟူသော အခေါ်အဝေါ်မှာ 'အိမ်ရှေ့မင်း၏ အိမ်တော်' ကို ခေါ်ဆိုခြင်းဖြစ်လေသည်။

အိမ်ရှေ့ မိဖုရားလှိုင်ထိပ်ခေါင်တင်သည် စာပေဖြင့် မွေ့လျော်တော်မူသူဖြစ်သည့်အတိုင်း၊ ယခင်ရေးလက်စဖြစ်သော 'ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီး' ကို အခါမပြတ် ဆက်လက် ရေးသားတော်မူနေခဲ့ရာမှ ယခုအခါတွင် အမျှော်စိုက် ဘောလယ်များ၊ ပတ်ပျိုးများကို ရေးသားခြင်းပြုလျက် ရှိရပြန်လေသည်။

ရေးရသော အကြောင်းရင်းမှာ မောင်တော် အိမ်ရှေ့မင်းသည် ကိုယ်လုပ်မောင်းမများ ရှေးကထက်ပို၍များပြားလာသောကြောင့် အချိန်များစွာတို့မှာ ကိုယ်လုပ်တော်များရှိရာ အဆောင်ဆောင်တို့၌သာ စံနေတော်မူခြင်းက များလှသည်။ မိမိ အဆောင်တော်ကြီးတွင်မူ အတူနေဆိုသော်လည်း ပွဲတော်တည်ချိန်ကလေးမျှလောက်သာ မျက်နှာတော်ကို ဖူးမျှော်ရတော့သည်။ နေ့အချိန်များတွင်လည်း လွှတ်တော်သို့တက်နေခြင်း၊ လွှတ်တော်မှဆင်းလျှင် လက်နက်မီးကျောက်များ လုပ်ဆောင်ရာလက်နက်စက်ရုံတော်သို့လည်းကောင်း၊ အခြားသော စက်ရုံအလုပ်ရုံတို့သို့လည်းကောင်း၊ ကြည့်ရှုစစ်ဆေးခြင်း စီမံစေခိုင်းတော်မူခြင်းစသော တိုင်းပြည်တာဝန် အလုပ်များနှင့်သာ အချိန်ကိုအသုံးချလျက်ရှိသဖြင့် မောင်တော်နှင့်မျက်နှာချင်းဆုံရသည်ပင် မရှိသလောက် ဖြစ်ရလေသည်။

တိုင်းရေးပြည်ရေး၊ တရားရေးကိစ္စတာဝန်တို့ကြောင့် နေ့အချိန် မောင်တော်နှင့် မျက်နှာ ရင်မဆိုင်ရစေကာမူ အကြောင်းမဟုတ်သော်လည်း ညဥ့်အခါ အဆောင်တော်သို့ ပြန်မလာလျှင်ကား လှိုင်ထိပ်ထားမှာ မျှော်တော်မူရရှာလေသည်။

ကြာသော် မျှော်ရင်းမျှော်ရင်းမှ စာပေသမားပြီပြီ သီချင်းကဗျာတွေ ပွင့်သီး၍



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပေသည်။ ဤတွင် အမျှော်စိုက် ဘောလယ်များ၊ ပတ်ပျိုးများက ပုရပိုဒ်တွေနှင့် အပြည့်မျှ ရှိလာရတော့သည်။

ရတနာပုံ ရွှေမြို့တော်ကြီး တည်ထောင်ပြီးစ ခဲအိုတော် မင်းတုန်းမင်းတရားကြီးထံ ရေးသားဆက်သွင်းခဲ့သော 'ရှုလဲသာထွေချီ' မြို့ဘွဲ့ဘောလယ်မှာပင် တစ်ဝက်လောက်က အိမ်ရှေ့အိမ်တော်၌ မိမိတစ်ပါးတည်း နေရပုံကလေးများကို ခဲအိုတော်မင်းတရားကြီး သိရှိတော်မူစေရန် ထည့်သွင်းရေးသား တင်ဆက်ခဲ့ပေသေးသည်။

ထိုအပိုဒ်ကလေးများကို ထုတ်နုတ်ပြရသော် . .

တစ်ကိုယ်ရေးငယ်မို့၊ ဆွေးတဲ့သူ၊ ဖော်ဝေးရှာသူလို့မှတ်ယူမထား၊ လျှပ်နှယ် စိန်သွားရယ်နှင့်၊ စက်သွားတော်လှုံ၊ ပိုက်ထွေးမလုံ၊ သဉ်ဖွေရိပ်မှာလေး သည်းထိတ်လို့တုန်။ မယ်ရှိရှင်ခိုးပါငဲ့၊ ရွှေမိုးပစ္စုန်၊ နတ်မျုးဆွေ အမျှုန်က၊ စည်တော်စုံကျူး၊ ဘယ်ငြိုးမာန့် ထူးငယ်နှင့်၊ ပြုံမည့်နှယ်၊ ကသစ်သဘင်၊ သေနင်ကျင်းတယ်လေး၊ လင်းကွန့်မချယ်။ စပယ်သေးငယ်နှင့်၊ မုလေးသွယ်၊ ယှက်သန်းရောင်ချယ်တဲ့၊ ဆောင်ဖွေလယ်ဦး၊ သုံးပဟိုရ်ကြူးတောင်မှ စက်မပျော်၊ ရွှေဒေါင်း ဖန်ရှိန်၊ သူရိန်ကျင်းတယ်လေး၊ လင်းကြက်ကဆော် ။ ။

ဟူ၍ ဖြစ်ပါသည်။ ထိုမြို့ဘွဲ့ဘောလယ်ကို မင်းတုန်းမင်းတရားကြီး ရှုစားတော်မူရသောအခါ ပြုံးတော်မူသည်။ မိဖုရားခေါင်ကြီး (စကြာဒေဝီ) ကိုလည်း ပြသတော်မူကာ 'ညီပုမှာလည်း အဆောင်တော်တွေများနေမှ မဖွားကြီးခမျာ သူမျှော်ရတာတွေ ကျုပ်တို့ သိစေလိုလို့နဲ့ တူပါရဲ့ အစ်မရယ်'ဟု မိန့်တော်မူသော ဟူ၏။ (မင်းတုန်းမင်းတရားကြီးက မိဖုရားခေါင်ကြီး စကြာဒေဝီအား 'အစ်မ' ဟု ခေါ်လေ့ရှိသည်။)

စကြာဒေဝီကလည်း 'ထိပ်တင်ကောက်ကိုချည်း အဆောင်များတယ် မိန့်တော်မူပါသလား မောင်တော်'ဟု ပြုံး၍ မိန့်တော်မူသောအခါ မင်းတရားကြီးကလည်း မလုံပြုံးပြုံးတော်မူလိုက်ရင်း 'မဖွားကြီးက ငယ်တော်မူရှာသေးသည်။ အစ်မတို့လို စိတ်ထားရင့်ကျက်တော်မူလျှင်တော့ ကိစ္စမရှိဘူးပ'ဟု မိန့်တော်မူလေသည်။

အပါးတော်မှ ဒေါင်းတောင်ယပ်ခပ်နေသူ မှန်နန်းအပျိုတော်ကြီး နှစ်ဦးမှာ မျက်နှာငံ့လျက် ပဝါနှင့်ဖုံး၍ ပြုံးကြသောဟူ၏။

မှတ်ချက် ။ ။ မင်းတုန်းမင်းတရားကြီး၏ ငယ်မည်မှာ 'ထိပ်တင်လွင်'ဖြစ်၍ ညီတော် အိမ်ရှေ့စံ ကနောင်မင်း၏ ငယ်မည်မှာ 'ထိပ်တင်ကောက်'ဟူ၍ခေါ်ပါသည်။

အိမ်ရှေ့ မိဖုရားလှိုင်ထိပ်ခေါင်တင်သည် မောင်တော်အား မျှော်တော်မူရသော တာဝန်တစ်ခုကို နေ့စဉ်နှင့်အမျှဆိုသလို ပြုတော်မူရရင်းက ကဗျာဂီတ အများ



www.burmeseclassic.com

www.burmeseclassic.com



အပြား ရေးသားတော်မူခဲ့ရုံမျှမက 'ကုန္ဒာဝံသနန်းတွင်း ဇာတ်တော်ကြီး'ကိုလည်း ဖန်တီးစီရင် ရေးသားတော်မူပြန်လေသည်။ ဝတ္ထုဇာတ်သွားမှာ 'ကုန္ဒာဝံသမင်းသားသည် ကြင်ယာသက်ထားအဖြစ် အပြည်ပြည်သောဘုရင်မင်းတို့၏ သမီးများကို သိမ်းပိုက်ရရှိထားခဲ့သော်ငြားလည်း မောင်လည် နှမလည်ပင်တော်စပ်သော နှမတော် ပဂုတာရီ မင်းသမီးကလေးအား အလွန်တရာ ချစ်ခင်မြတ်နိုးတော်မူခြင်း။ ချစ်မြတ်နိုးလှသော နှမတော်ကလေး၏အကြိုက်ကို အလိုလိုက်ခဲ့ရခြင်း၊ နှမတော်လေး ပဂုတာရီကလည်း မောင်တော်ကြီးများကိုအရင်းခံကာ ရေးသားခြင်း ဖြစ်လေသည်။

မောင်တော် အိမ်ရှေ့မင်းအား ကုန္ဒာဝံသမင်းသားနှင့်နှိုင်းစာ၍ ပဂုတာရီ မင်းသမီးကလေးအား မိမိနေရာတွင် လျာထားကာ မိမိစိတ်ကူးရှိရာ၊ မိမိဖြစ်စေချင်သော ဆန္ဒများကိုပါ ထုတ်ဖော်ရေးခြယ်ထားခြင်း ဖြစ်လေသည်။ သို့သော် အိမ်ရှေ့မင်းမှာ ထိုဝတ္ထုပါ ဇာတ်ဆောင်မျိုး ဖြစ်မလာရှာဘဲ၊ နိုင်ငံတော်အတွက် အချိန်ကို ကုန်စင်အောင် အသုံးပြုထားသူဖြစ်ခြင်း၊ တာဝန်မှအပ ကိုယ်ပိုင်အချိန်များတွင် လည်း လှိုင်ထိပ်ထားအဆောင်တော်သို့ မပေါ်လာဘဲ ကြုံရာ, ဆုံရာ ကြင်ယာကိုယ်လုပ်တော်တွေ၏ အဆောင်၌သာလျှင် စံနေတော်မူခြင်းကများလေရာ၊ တစ်ခါတရံ မောင်တော်အိမ်ရှေ့မင်းသည် မိမိရေးသားခဲ့သော ကုန္ဒာဝံသဝတ္ထုကြီးကို ဖတ်တော်မူခြင်းမရှိ၍သာ အနေကြာသည်ဟု တွေးမိရှာသည်။ သို့သော် များစွာသော အမျှော်စိုက်ဘောလယ်များ၊ ပတ်ပျိုးများ၊ တေးဘွဲ့များကိုမူ နန်းတော်သူတို့ သီဆိုကြ၊ စောင်းဖြင့် တီးကြဖန်များသဖြင့် ကြားတော်မမူချင်၍ မနေရ၊ မုချကြားသိတော်မူရမည်သာဟု စိတ်အာသာ ဖြေတော်မူရလေသည်။

ဤသို့လျှင် အနေကြာခဲ့သောအခါ 'မောင်တော်သည် မိမိအပေါ်၌ ချစ်မေတ္တာသွေယိမ်း၍ စိမ်းကားတော်မူလို့သာ အဆောင်တော်သို့ မကြွလာခြင်း ဖြစ်တော့သည်' ဟူ၍ယူဆတော်မူကာ ရွှေစိတ်တော်နာနာနှင့် အပြောင်မြောက်ဆုံးဖြစ်သော ဘောလယ်တစ်ပုဒ်ကို စပ်ဆိုရေးသား ပြန်လေသည်။

**ထိုဘောလယ်သီချင်းကား-**

စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့၊ မှန်ရွှေပြူပြတင်းငယ်က မယ်ခုမျှော်၊ သုံးချက်စည်တော်ရိုက်ဆော် ညဉ်းတယ်လေး၊ လင်းပြန်လုနော်။ ။ သဇင်သင်းပါတဲ့၊ ခင်းပြန့်ပေါ်၊ လာနိုးငယ် မယ်မျှော်လို့၊ တစ်ကိုယ်တော်ထူး၊ ထွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်၊ ဖြစ်ရှေးကုန်စင်၊ ဘဝင်ကုန်ဆွေးတယ်လေး၊ တွေးကြံလိုက်ရင်။ ။

သစ္စာတော်စူးပါစေ၊ ဆိုဦးကပင်၊ ခင်လေးကိုမောင်ကြင်ငဲ့၊ သည်သက်တွင်ပဲ။ နောင်သွေ မလွဲပါဘု ယုံတော့မေ၊ ပြဒ္ဒမာတွေ သီဟာတင့်တယ်လေး၊ စိုးညာမြင့်နေ။

နတ်ဒေဝီဖြားသော်လဲ၊ တစ်ပါးမသွေ၊ ရှစ်ပြပဟ္မာချွေပါလို့၊ အောင်ဇေယျာညွှန်း၊



www.burmeseclassic.com

www.burmeseclassic.com



မတ်ချွေ ရွှေပန်းငယ်နှင့်၊ ရေသွန်းတော်ခံ၊ မဟေသီမှန်၊ ဒေဝီထပ်တယ်လေး၊ ဦးဆယ်ထပ်ရုံ။ ။

သည်မယ်ထင်စားလို့ ကြင်အားတော်သန်၊ ခုများမှာ သူတစ်ဉာဏ်နှင့်၊ မူဟန်တော်ခြား၊ ပြုတော်မူအားရန်ကော့၊ မျက်ထားတော်သုန်၊ မချစ်ပြင်ပြင်၊ မကြင်ကိုယ်တော် စိမ်းတယ်လေး၊ ဘိန်းပိတ်လို့မှုန်။ ။

သဖြန်။ ။ အချစ်ကို ယုံ၊ ပုံပါငဲ့အလုံး။ ။ ရှောင်လွှဲနေပျော်လို့ မကြည်သော်
မျက်တော်ဖုံးတယ်၊ ဘယ်တွက်ကြောင့်တုံး။ ။

ဟူ၍ဖြစ်ပါသည်။

ဤစိန်ခြူးကြာညောင် ဘောလယ်ကို အိမ်ရှေ့မင်း နားတော် ဆင်ရသောအခါ လှိုင်ထိပ်ခေါင်တင်ရှိရာ အဆောင်တော်သို့ တစ်ဖန်ပြန်လည်၍ ကြွလာဖူးလေသည်။ သို့ရာတွင် အဆောင်တော်ကူးချိန်ကဲ၍ သွားမြဲသွားပြန်သည် ဟု နန်းတွင်းသူတို့ အဆိုပြုကြလေသည်။

လှိုင်ထိပ်ခေါင်တင်ရေးသားသော အမျှော်စိုက်ဘောလယ်များအနက်မှ စိန်ခြူးကြာညောင်ချီ ဘောလယ်အပါအဝင် အမည်ထင်ရှားကျန်ခဲ့သော ဘောလယ်သီချင်းများမှာ -

(စိန်ခြူးကြာညောင်) (နာဂဆဒ္ဒန်) (ပဏ္ဏုသေလာ) (ရှုလဲသာထွေ) (ထုံပန်းမာလာ) (ပုလဲမြိတ်စုံ) (ပတ္တမြားယှက်ရုံ) (ပြောင်လူးမာတင်) စသည်များဖြစ်၍ ပတ်ပျိုးသီချင်းများမှာ (ရေယမုန်) (ညဥ့်ဆည်းလွန်) (မိန့်ရက်ဖန်) (ဌက္ကိမာ) (ညဥ့်သုံးယံခါ) (ပြဒုငယ်ချပ်ရံ) (ပန်းသဥ်လယ်)စသော သီချင်းများဖြစ်လေသည်။

ထိုမှတစ်ပါး များစွာသောတေးထပ်များ၊ ဒွေးချိုး၊ မှာတမ်း၊ ရာသီဘွဲ့များအပြင် ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီးနှင့် ကြွန္ဒာဝံသ နန်းတွင်းဇာတ်ဝတ္ထုရှည်ကြီးနှစ်ပုဒ်၊ ၎င်းဝတ္ထုကြီးနှစ်ပုဒ်အတွင်းမှ စပ်ဆိုင်ရာသီချင်းအမျိုးမျိုးများကို အများအပြားရေးသားခဲ့ရာ၊ ဝိဇယကာရီနန်းတွင်းဝတ္ထုကြီးကား အတွဲပေါင်းမြောက်မြားစွာ ရှိလာသည့်တိုင်အောင် ဆုံးခန်းသို့မရောက်သေးသော အရှည်လျားဆုံးသောဝတ္ထုကြီးတစ်ပုဒ်ဖြစ်လေသည်။

လှိုင်ထိပ်ခေါင်တင်ရေးသားသော တေးထပ်၊ ဒွေးချိုး၊ ရာသီဘွဲ့များနှင့် မှာတမ်းများမှ ယနေ့အထိ ထင်ရှားကျော်ကြားနေသောသီချင်းများမှာ ခြသေ့်ခံရွှေမုတ်တွင်းချီတေးထပ်၊ ပုလဲရည် ငွေဥချီ-တေးထပ်၊ တောင်ပတ်လည်၊ ကြင်သစ္စာ ဆင်စဦး၊ ညဥ့်ရုံတော် အခြေပျက်စေဖို့၊ ကိုယ့်ဘာသာ စိတ်ကူးလို့၊ ကကြိုး ခခွေး စသော တေးထပ်သူများနှင့် သူဖြူလျှင် အယူဖြောင့်နိုင်ငဲ့ချီလေးချိုး၊ မြိုင်တစ်သန်းမှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ချီ-ဒွေးချိုး၊ စုံတကြောမှာတဲ့၊ ခိုင်အနန်းငယ်နှင့်၊ မြခဲရောင်နွယ်၊ လာမချော့လာနှင့် စသော ဒွေးချိုးများ၊ မျှော်မရဲအောင်ချီ ရာသီဖွဲ့၊ လွမ်းတဲ့ဖြစ်အင် မှာတမ်း၊ သစ်လို့သာ ညွှန်းတော့ မှာတမ်းများနှင့် ဣန္ဒာဝံသနန်းတွင်းဇာတ်တော်ကြီးအတွင်းပါများစွာသော ဂီတကဗျာများ၊ ပတ်ပျိုး၊ ယိုးဒယားနှင့် ဘွဲ့သီချင်းများဖြစ်လေသည်။

အိမ်ရှေ့စံ ကနောင်မင်းသားသည် များစွာသော တိုင်းပြည်၏တာဝန်ဝတ္တရားများကို ရွက်ဆောင်လျက်ရှိရင်းမှ မြန်မာနိုင်ငံတော်ကို ဝင်ရောက်ကျူးကျော်နေသော ဗြိတိသျှနယ်ချဲ့တို့၏ အန္တရာယ်ကို တွန်းလှန်ဖြိုဖျက်ရန်အကြံများကို တစ်ပါးတည်း ကြိတ်၍ ကြံစည်တော်မူမြဲဖြစ်သည်။ အိမ်ရှေ့မင်းကြီး၏ အကြံတော်မှာ စစ်ပြိုင်သဘောနှင့် မောင်းနှင်တွန်းလှန်တော်မူချင်သည်။ ဗြိတိသျှတို့ကို တိုက်စစ်သဘောဖြင့် တွန်းလှန်ရန်ကိစ္စမှာ လက်နက်အင်အားသာလျှင် အဓိကဖြစ်ကြောင်း သိတော်မူသည်။ သို့ကြောင့် ထိုစဉ်က ခေတ်မီလက်နက်များ စုဆောင်းလုပ်ဆောင်ဖြည့်တင်းရန် အားနှင့်မာန်နှင့် ကြံစည်ကြိုးပမ်းလျက်ရှိသည်။ နောင်တော် မင်းတုန်းမင်းတရားကြီးသည် နယ်ချဲ့ရန်ကို တွန်းလှန်နည်းတွင် စစ်ပြိုင်သဘောနှင့် ပြုတော်မမူလိုပေ။ မိတ်ဆွေသဘော နီးနှောဖလှယ်ခြင်းဖြင့် မြန်မာပြည်အောက်ပိုင်းကို ဗြိတိသျှတို့အသိုင်းအဝိုင်းမှ လွတ်မြောက်စေလိုသည်။

ဤတွင် နောင်တော်နှင့်ညီတော်တို့ ရည်မှန်းချက်ချင်းမတူကြပေ။ ဦးတည်ချက်ချင်း တူညီသော်လည်း လုပ်နည်းလုပ်ဟန်ချင်းက တစ်နည်းစီဖြစ်နေသည်။ ညီတော်က စစ်ဗျူဟာနည်း၊ နောင်တော်က မဟာမိတ်ပြုသောအနုနည်း၊ သို့သော် ညီတော်သည်လည်း ညီတော်၏နည်းနှင့် ညီတော် လိုအပ်သောလက်နက်ပစ္စည်းများကို စုဆောင်းလုပ်ဆောင်လျက် အရေးဆိုလျှင် အသင့်ထွက်နိုင်အောင် ကြံဆောင်တော်မူလျက်ရှိ၍၊ နောင်တော်မင်းတရားကြီးကလည်း မဟာမိတ်နည်းပရိယာယ်ဖြင့် မီးမသေ၊ ရေမနောက် အောက်မြန်မာပြည် မိမိလက်ပြန်ရောက်ရန် ကြံစည်တော်မူလျက်ရှိနေပေသည်။

တိုင်းနိုင်ငံကလည်း သာယာနေချိန်ဖြစ်သည်။ ပဉ္စမသင်္ဂါယနာတင်သည်အထိ သာသနာရောင်ရှိန်ကလည်း တောက်ထိန်မြင့်မားလျက်ရှိသည်။ ပြည်သူပြည်သားတို့ဆင်းရဲဒုက္ခပွားစေသော စစ်မှုစစ်ရေးများ ပေါ်ပေါက်လျှင် ကြည်လင်နေသောရေကို မွှေနှောက်နောက်ကျုစေသကဲ့သို့ မဖြစ်စေလိုပေ။ လက်နက်အင်အား အခြေအနေကလည်း ရန်သူနှင့်ယှဉ်ပြိုင်ရန် အခါမရောက်သေးဟု ယူဆကြလေသည်။

သို့ကြောင့် အိမ်ရှေ့မင်းကြီး၏အကြံမှာ လျှို့ဝှက်စွာနှင့် လက်နက်ဖြည့်တင်းနေခြင်းဖြင့် အချိန်ကုန်လွန်စေသည်။ ဤမျှ လျှို့ဝှက်စွာ အကောင်အထည်ဖော်နေခြင်းပင်လည်း ဗုံးလက်နက်များ ဖောက်ခွဲစမ်းသပ်ခြင်း၊ ရေမြှုပ်ဗုံး၊ မြေမြှုပ်ဗုံးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်မှုများက ကြိုးကြားကြိုးကြား အသံမြည်၍လာခဲ့လေသည်။

ဤတွင် နယ်ချဲ့သူလျှိုတို့သည် မင်းတုန်းမင်းနှင့် ညီတော်ကနောင်မင်းတို့ စိတ်သဘောထားချင်း ကွဲလွဲလာစေရန် ဝက်န္တဥဏ်နှော၍ လာလေသည်။ နေပြည်တော်၌ လာရောက်နေထိုင်ကြသော နိုင်ငံခြားသူလျှိုတို့သည် ကုန်သည်ယောင်ယောင်၊ မင်းမှုထမ်းယောင်ယောင်၊ သာသနာပြုကျောင်းဆရာယောင်ယောင်၊ အယောင်ဆောင်ဟန်ပြနေထိုင်ကြသော်လည်း နန်းတွင်းရေးရာသတင်းအဖြာဖြာတို့ကို နေရာတိုင်းလိုက်၍ နှိုက်နိုင်သမျှ နှိုက်ယူနေကြသော အချိန်အခါဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီး၏ သားတော်ကြီးများ အသီးသီးရှိကြသကဲ့သို့ အိမ်ရှေ့မင်းမှာလည်း သားတော်ကြီး၊ သမီးတော်ကြီးများရှိနေသည်။

နယ်ချဲ့သူလျှိုတို့သည် မင်းတုန်းမင်းတရားကြီး၏ သားတော်ကြီးများထံသို့ လက်ဆောင်ပစ္စည်းများပို့ကာ မကြာမကြာ အခစားဝင်လေ့ရှိကြလေသည်။ နိုင်ငံခြားဖြစ် ပိုးဖဲကတ္တီပါ၊ အမွှေးနံ့သာစသော လက်ဆောင်များသည် မင်းသား၊ မင်းသမီးများအတွက် အနှစ်သက်ဆုံး သည်းခြေကြိုက်လက်ဆောင်များဖြစ်ရာ ၎င်းတို့မျက်နှာအလွန်ရလေသည်။ ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေပြုခြင်းလည်း ခံရလေသည်။

ယင်းသို့ ရင်းနှီးရာမှ တစ်စတစ်စ သပ်လျှိုစပြုမှန်းမသိ ပြုလာကြလေသည်။ အထူးသဖြင့် မက္ခရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီး၊ ညောင်ရမ်း-ညောင်အုပ်မင်းသားကြီးများထက် မြင်ကွန်းမင်းသားကြီးနှင့် မြင်းခုံတိုင်မင်းသားကြီးတို့ ညီနောင်နှစ်ပါးကို ပိုမိုအလွမ်းသင့်အောင် ကြံဆောင်နေကြလေသည်။

တိုင်းပြည်၏အခြေအနေနှင့် နန်းတွင်းအခြေအနေများသည် ဤနည်း၊ ဤပုံစံဖြင့် ရှိနေချိန်ဖြစ်လေသည်။

အိမ်ရှေ့စံကနောင်မင်းသည် ဆိုအပ်ခဲ့သည့်အတိုင်း တိုင်းနိုင်ငံအတွက် လက်နက်ကောင်းများ စုဆောင်းထုတ်လုပ်မှု၌ အာရုံဝင်စားတော်မူနေခြင်း၊ တရားရေးရာ၊ တိုင်းပြည်ရေးရာမှာလည်း တာဝန်မလစ်ဟင်းစေရန် လွှတ်တော်သို့ အချိန်မှန်မှန်တက်ရောက် စီမံခန့်ခွဲတော်မူခြင်းဖြင့် တစ်နေ့လုံး အချိန်ကုန်ဆုံးခဲ့၍ ညဥ့်အခါပန်းအားဖြေချိန်များတွင် အိမ်ရှေ့အိမ်တော်သို့ ပြန်ကြွလာသော်လည်း နီးရာကိုယ်လုပ်မောင်းမတို့အဆောင်တွင်သာ စံနေတော်မူမိပြန်သည်။ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်စံရာ အဆောင်မကြီးမှာ ဗလာဟင်းလင်းသာရှိပြန်လေသည်။

အထူးသဖြင့်ကား အိမ်ရှေ့စံကနောင်မင်းကြီး၏ မြောက်ဆောင်တော်ရှင်ကြေးက အိမ်တော်ပါ ကိုယ်လုပ်တော်ကြီးဖြစ်သည်။ မင်းသားဘဝ၊ ငယ်ရွယ်စဉ်အချိန်ကပင် အကျွမ်းတဝင် ဆုံစည်းခဲ့ရသူဖြစ်သည်။ အရပ်စကားနှင့်သုံးရသော် ငယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းအစစ်ဖြစ်ခဲ့သည်။ မြောက်ဆောင်တော်ရှင်ကြေးခေါ် သခင်ကြေးမှာ သားတော်၊ သမီးတော်ကြီးတွေ အဆိုင်းဆိုင်း နှင့်ရှိနေလေသည်။ သို့ဖြစ်သောကြောင့် ကနောင်မင်း၏ ပန်းဦးပန် ကိုယ်လုပ်တော်ကြီးဖြစ်ခဲ့သူ မြောက်ဆောင်သခင်ကြေးမှ ဖွားမြင်သော သားတော်အကြီးဆုံးသည် ပန်းတိမ်းမြို့စား မဟာသီရိဓမ္မရာဇာဖြစ်လေသည်။ ဒုတိယသမီးတော်မှာ တောင်ညိုမြို့စား သီရိဘဒ္ဒါဝတီမင်းသမီး ဖြစ်လေသည်။

၎င်းတောင်ညိုမြို့စားမင်းသမီးသည် နောင်တော် မင်းတုန်းမင်းတရားကြီး၏ သားတော် မြင်ကွန်းမင်းသားနှင့် မောင်နှမဝမ်းကွဲချင်း စုံဖက်ထိမ်းမြားထားသူဖြစ်သည်။

တတိယသမီးတော်မှာ ရန်အောင်မြင်မြို့စား သဥ္စါဝတီမင်းသမီးဖြစ်လေသည်။

စတုတ္ထမှာ သီရိအာသာဒေဝီ၊ စပ္ပာယ်နဂိုရ်မြို့စားမင်းသမီးဖြစ်လေသည်။ ၎င်းစပ္ပာယ်နဂိုမင်းသမီးသည် မြတ်လေးဆီကိစ္စနှင့် အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်အား အမှုရှာခဲ့ဖူးသူဖြစ်လေသည်။

ပဥ္စမသားတော်မှာ တိုင်တားမြို့စားမင်းသားဖြစ်ပါသည်။ ယင်းသို့လျှင် သားတော်၊ သမီးတော်ပေါင်း ၅ ယောက်ကို သခင်ကြေးက ဖွားမြောက်ခဲ့လေသည်။

အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်မှာ သားတော် ထန်းတပင်မင်းသားနှင့် ဒုတိယသားတော်အငယ် ၁ ပါး(ငယ်က ကံကုန်)တစ်ဦးသာ ဖွားမြင်လေသည်။

အိမ်ရှေ့မင်းမရှိသည့်နောက် အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်နှင့် မြောက်ဆောင်တော် သခင်ကြေးအပါအဝင် မိဖုရား၊ ကိုယ်လုပ်မောင်းမ စုစုပေါင်း ၅၂ ယောက်တို့မှာဖွားမြင်သော သားတော်၊ သမီးတော်ပေါင်းသည် ၁၀၂ ယောက်ရှိ၍ ၄၀ မှာ ငယ်စဉ်က ကံကုန်ကြသူများ ဖြစ်ပြီး၊ ၆၂ ယောက် သက်ရှိထင်ရှားကျန်ရစ်ခဲ့လေသည်။

အိမ်ရှေ့မင်းက အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်ကို အလွန်ချစ်မြတ်နိုးတော်မူပါသည်။ မြတ်နိုးတော်မူလောက်သော ရုပ်ဆင်းသဏ္ဌာန်၊ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသူလည်းဖြစ်ပါသည်။ အသက်အရွယ်တော်ကလည်း အရွယ်တော်ငယ်ငယ် နှစ်ဆယ်အဝင်တွင် ကြင်ဖက်တော်ပြုခဲ့ရသူလည်း ဖြစ်ပါသည်။ စာပေပရိယတ္တိ ပြည့်ဝကုံလုံပြီး၊ ကိုယ်ကျင့်သိက္ခာဣန္ဒြေနှင့် မိန်းမမြတ်တို့လက္ခဏာလည်း ပီသသူ ဖြစ်ပါသည်။ မောင်တော် အိမ်ရှေ့မင်းအား ခင်မင်ယုံစား အားထားခဲ့သူလည်း ဖြစ်၍ အသက်ပေးချစ်ရသူလည်း ဖြစ်ခဲ့ပေသည်။ ရွှေဘိုမင်းတရားကြီး၏ သမီးတော် တစ်ပါးလည်းဖြစ်သောကြောင့် မောင်တော်အိမ်ရှေ့မင်းနှင့် ခမည်းတော်ချင်း အတူတူမို့ သူထက်ပို၍ မြတ်နိုးတွယ်တာခံထိုက်သူမရှိနိုင်ဟု ယူဆတော်မူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အိမ်ရှေ့စံကနောင်မင်းမှာ ချစ်စရာမောင်းမတွေက အများအပြား ရှိနေချေသည်။ မင်းယောက်ျားတို့ဓမ္မတာ ကိုယ်လုပ်မောင်းမ အတွယ်အတာတွေက လည်း များလှပါသည်။ ရှင်းရှင်းဆိုရသော် အချစ်ကိုဝေခြမ်းရာ၌ ဝေစုရှင်တွေများ လွန်းနေခြင်းကြောင့် ချစ်မေတ္တာမလောက်မငှနှင့် မမျှမတရှိခဲ့ရသည်။ ဤတွင် ချစ်ဒုက္ခအခံရဆုံးသူကား အိမ်ရှေ့ မိဖုရားလှိုင်ထိပ်ခေါင်တင်သာလျှင်ဖြစ်သည်ဟု ဆိုရပါမည်။

မောင်တော်နှင့် ရွှေလည်တွဲ၍ ချစ်ပွဲဝင်မှုမပြုရလေတိုင်း ကဗျာဂီတတွေရေး လျက် တဆွေးဆွေး တသသပြုနေရရှာပါသည်။ စာပေသမားသည် စာပေနှင့်သာ ဖြစ်လေရာဘဝ၌ သုခ-ဒုက္ခတို့ကို မှတ်တမ်းပြုရပါမည်။ အလွမ်းဘွဲ့တွေ ပွင့်သီး ထွက်ပေါ်လာတိုင်း နန်းလုံးမွေးကြိုင် စာရနံ့လှိုင်ခဲ့လေသည်။ နန်းတွင်းသူတစ်စုက လည်း ထွက်ပေါ်လာသမျှ တေးဂီတများ၊ ကဗျာများကို ကိုယ်စီကိုယ်ငှ ပုရပိုဒ်များနှင့် ကူးယူ ကျက်မှတ် သီဆိုမှုပြုကြရသည်။ နန်းတွင်း အဆိုတော်များကလည်း စောင်း ညှင်းတူရိယာများနှင့် တွဲဖက်သီဆိုခြင်းပြုကြရလေသည်။

တစ်ခါသော် 'စိန်ခြူးကြာညောင်ဘောလယ်'နှင့် စပ်လျဉ်း၍ အိမ်ရှေ့မင်းကြီး လှိုင်ထိပ်ခေါင်တင်ထံသို့ ပြန်လည်ရွှေစကြာဖြန့်ခဲ့ရာတွင် မြောက်ဆောင်တော် သခင်ကြေး က မေးငေါ့၍ (တို့ကိုယ်တော်များက သီချင်းသံကြားလို့ ခြေတော်ကြွဖို့ ပြင်နေပြီ. . ) ဟု မကြားတကြားပြောရာ (မရှင်ကြေးရ ငါကလည်းငါပ)ဟု ပြန်၍မိန့်ကြားရဖူးလေ သည်။ ရှင်ကြေးမှာ ငယ်တွေ့ငယ်နိုင်လို ကိုယ်လုပ်တော်ကြီးဖြစ်သောကြောင့် သူများ မပြောဝံ့သော စကားမျိုးကိုပင် ပြောဝံ့တင်ဝံ့သူဖြစ်ကြောင်း ကြားသိကြရလေသည်။

ဤသို့လျှင် ပညာဉာဏ်ရင့်သန်၍ ထိုပညာဉာဏ် ပဋိဘာန်ဖြင့် အရာရာတိုင်းမှာ ဝေဖန်ပိုင်းခြားနိုင်လျက် အရှည်သဖြင့် အကျိုးတရားတို့ကိုမျှော်လင့်ခန့်မှန်းကာ အမှုကိစ္စအရာရာတွင် နူးညံ့သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းတော်မူလိုသော မင်းတုန်း မင်းတရားကြီးသည် ရတနာပုံနေပြည်တော်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူကာ သာသနာတော်အကျိုး၊ ရဟန်း၊ ပုဏ္ဏား၊ မင်းခစားများနှင့် သူဌေးသူကြွယ်၊ ကုန်သည် လယ်လုပ်၊ တောင်သူဓားခုတ်တို့အကျိုးကို ရှေ့ရှုစီမံဖန်တီးလျက်ရှိခြင်း၊ မင်းတကာ တိုင်း မခံယူရဲသော မုဒ္ဓါဘိသေက ဘိသိက်ကိုခံယူလျက်၊ တိုင်းနိုင်ငံတော်ကို သစ္စာ စောင့်သိတော်မူပြီး၊ မြန်မာဘုရင် ထီးနန်းအဆက်ဆက်တို့ မပြုလုပ်နိုင်ခဲ့သော 'ပဉ္စမသင်္ဂါယနာတင်ကိစ္စကြီး' ကိုပါ အောင်မြင်စွာဆောင်ရွက်တော်မူခဲ့ခြင်းတို့က ကောင်းမြတ်သော ဂုဏ်သတင်းတော်ဖြင့် ထင်ပေါ်ကျော်ကြားစေခဲ့သော မင်းတစ်ပါး ဖြစ်ခဲ့လေသည်။

သို့သော် နိုင်ငံတော် အောက်ပိုင်းဒေသအား ဗြိတိသျှနယ်ချဲ့များက ဘကြီးတော်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလက်ထက်ကစတင်လျက် တစ်စထက်တစ်စ နောင်တော်ပုဂံမင်းလက်ထက် ကျရောက်သည့်အခါတိုင် အနိုင်စီး၍ထားခြင်းကိုမူ ကြည်ဖြူတော်မမူနိုင်ခဲ့ပေ။ ကုန်းဘောင်ဆက်ကို စတင်တည်ထောင်ခဲ့သော ဘေးတော်အလောင်းမင်းတရားကြီး လက်ထက်တော်က မြန်မာကို မော်၍မျှမကြည့်ရဲခဲ့သော နယ်ချဲ့များသည် ယခုအခါ၌ မြန်မာကို အနိုင်ကျင့်ချင်တိုင်းကျင့်၍ လာခဲ့လေသည်။ နူးညံ့သိမ်မွေ့စွာ အလိမ္မာနှင့်ပေါင်းသင်းဆက်ဆံခဲ့သော မင်းတုန်းမင်းတရား လက်ထက်မှာ ခေတ္တခဏ တန့်နားနေသည်ဆိုစေကာမူ တစ်နေ့နေ့တစ်ချိန်ချိန်တွင် အိန္ဒိယနိုင်ငံကြီးကို ဝါးမျိုလိုက်သကဲ့သို့ မြန်မာပြည် တစ်ပြည်လုံးကို သိမ်းကျုံးဝါးမျိုရန် ဟန်ရေးပြင်နေချိန်(ဝါ)အမှား စောင့်နေချိန်လည်း ဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီးသည် အင်္ဂလိပ်နယ်ချဲ့တို့အား မဟာမိတ်ပြုကာ ချစ်ကြည်မှုကို ကြိုးစားခဲ့သည်။ အင်္ဂလိပ်တွင်မက ပြင်သစ်နှင့် အီတလီမှ ဂျာမနီ-ရုရှားအထိ ကြိုးစားကြည့်ခဲ့ဖူးလေသည်။ သို့သော အခြေအနေက မပေးခဲ့ပေ။ ထိုခေတ်ထိုအချိန်က လက်နက်အားကိုးရှိသော ကိုလိုနီနယ်ချဲ့ တိုင်းပြည်ကြီးများက ကမ္ဘာကို လွှမ်းမိုးဝါးမျိုနေသော အချိန်အခါလည်း ဖြစ်ပါသည်။

ဗြိတိသျှအင်ပါယာကို အင်္ဂလိပ်လူမျိုးများက ကြိုးစားနယ်ချဲ့နေကြသလို စပိန်၊ ပြင်သစ်၊ ပေါ်တူဂီ၊ အီတလီ၊ ဒပ်ချ်၊ ဂျာမနီ စသည့် တိုင်းပြည်များကလည်း လက်နက်အားကိုးနှင့် တိုင်းသစ်, ပြည်သစ်၊ ပိုင်နက်အသစ်များ ကြိုးစားရှာဖွေနယ်ချဲ့နေကြသော အချိန်၊ နယ်ချဲ့မုဆိုးကြီးများ လူစွမ်းကောင်းနေကြသော အခါသမယ၊ သူတို့၏ သမ္ပတ္တိခေတ် ဖြစ်ပါလေသည်။

ယင်းနယ်ချဲ့ မုဆိုးတို့သည် အာဖရိကတိုက်သို့လည်းကောင်း၊ အရှေ့အာရှဘက်သို့လည်းကောင်း၊ မာလာယုကျွန်း၊ ဂျာဗာကျွန်း၊ ဖိလိပိုင်ကျွန်းစသော အရှေ့အင်ဒီကျွန်းများနှင့် အနောက်အင်ဒီခေါ်သော ကျူးဗားစသော အနောက်အုပ်စု ကျွန်းများသို့ နည်းအမျိုးမျိုးနှင့် လာရောက်အနိုင်ကျင့် နယ်ချဲ့သိမ်းပိုက်နေကြသည်။

သူတို့သည် တယောက်စားကျက်ကို တယောက် မလုကြ၊ ဝေစားမျှစားလုပ်ခဲ့ကြ၏။ ဤတွင် တနည်းအားဖြင့် ဥပမာပြဆိုလျှင် အသားစားတိရစ္ဆာန်ရိုင်းကြီးများဖြစ်သော ခြင်္သေ့များ၊ ကျားများ၊ ကျားသစ်များ၊ ဝံပုလွေများနှင့် မြေခွေးများက တောတောင်အတွင်းရှိ နူးညံ့သိမ်မွေ့သော သမင်-ဒရယ်-ချေငယ်-စိုင်-ဆတ်နှင့် သူတော်ကောင်း ယုန်ငယ်ကလေးများအား လိုက်လံဖမ်းဆီး သတ်ဖြတ်စားသောက်သည့်နည်းအတိုင်း ပြုမူကြလေသည်။

ခြင်္သေ့ကြီးသည် အင်မားကြီးသလောက် ရက်စက်ဆိုးသွမ်းစွာ သတ္တဝါကြီးတို့ကို ဖမ်းယူစားသောက်နိုင်သလို၊ ကျားသည်လည်း ကျားအလျောက် တွေ့လေရာ



www.burmeseclassic.com

www.burmeseclassic.com



သားကောင်ကို မရှောင်တမ်း ဖမ်းဆီးစားသောက်သည်။ ယုတ်စွအဆုံး ဝံပုလွေနှင့် မြေခွေးတို့သည်ပင် သူ့အင်နှင့်သူ့အားနှင့် တန်သလောက် ဖမ်းယူစားသောက်ခဲ့ကြလေသည်။

သည်အထဲတွင် အင်အားအကြီးဆုံး နယ်ချဲ့အင်္ဂလိပ်တို့သည် နေမဝင်သော အင်ပါယာကြီးကို ဖန်တီးနေကြသူများဖြစ်ပြီး၊ အိန္ဒိယပြည်လို နိုင်ငံကြီးကိုလည်းကောင်း၊ ထိုမှတစ်ပါး များပြားလှစွာသော တိုင်းငယ်ပြည်ငယ် အဖွယ်ဖွယ်တို့ကိုလည်းကောင်း၊ ဖမ်းဆီးဝါးမျိုခဲ့လေသည်။ ခြင်္သေ့သည် ခြင်္သေ့အင်အားအလျောက်၊ စိုင်, ပြောင် စသော သားကောင်ကြီးများကို အနိုင်ယူနိုင်သကဲ့သို့ စပိန်၊ ပြင်သစ်၊ ဒပ်ချ်နှင့်တူသော ကျားရဲ သတ္တဝါများကလည်း သူ့အား သူ့မာန်နှင့်၊ သမင်တန် သမင်၊ ဒရယ်တန်ဒရယ်၊ ရလွယ်ရာရာဖမ်းယူစားသောက်ခဲ့ပြီး၊ ဝံပုလွေနှင့်တူသော ပေါ်တူဂီများကလည်း ယုန်ငယ်ကလေးများနှင့်တူသော တိုင်းငယ်ပြည်ငယ်များကို အနိုင်ကျင့်စားသောက်ခဲ့ကြသည်။

အာရှမှ တိုင်းငယ် ပြည်ငယ်များသည် ခြင်္သေ့စား၊ ကျားစားခံခဲ့ရာ၌ ခြင်္သေ့သည်လည်းကောင်း၊ ကျားသည်လည်းကောင်း၊ မိမိဖမ်းဆီးရရှိသော သားကောင်ကို မိမိတို့ဘာသာ စားသောက်နိုင်ကြသည်။ တစ်ကောင်၏အစာကို တစ်ကောင်က မလုပေ။ တစ်ကောင်ကဖမ်းရန် ချောင်းနေသော သားကောင်ကို တစ်ကောင်က တစ်ပြိုင်တည်း ဝင်မချောင်းဘဲ ကိုယ့်နယ်, သူ့နယ်ခွဲခြားလေ့ရှိသလို၊ အင်္ဂလိပ် ခြင်္သေ့က ချောင်းနေသော အိန္ဒိယမြန်မာ သားကောင်ကြီးကို ပြင်သစ်ကျားက ဝင်မချောင်းခဲ့ပေ။ ပြင်သစ်ကျားကောင်က ချောင်းနေသော အင်ဒိုချိုင်းနားသားကောင်ကြီးကိုလည်း ခြင်္သေ့အင်္ဂလိပ်က ဝင်မရှုပ်သလို၊ စပိန်က ဖမ်းယူသော ဖိလစ်ပိုင်သားကောင်ကိုလည်း ခြင်္သေ့တို့ ကျားတို့က ဝင်မလုခဲ့ကြပေ။ ထိုနည်းတူစွာ ဒပ်ချ်ကျားသစ်ကြီးက ဂျာဗားကျွန်းကို ဖမ်းယူစားနေသည်ကိုလည်း မနှောင့်ယှက် ကြပေ။ သို့ရာတွင် တစ်ခါတစ်ရံမှာ မလွှဲသာမရှောင်သာ သားရဲတိရစ္ဆာန်ချင်းချင်း အစာလုပွဲသတ်ပွဲကြီးများ ကြုံတွေ့ရသေးသည်။

ခြင်္သေ့နှင့်ကျား၊ ကျားနှင့်ကျားသစ်တို့ တောတွင်း၌ ဆူခနဲ, ပွက်ခနဲ ကုတ်ခြစ်ကိုက်ခဲ အစာလုပွဲခင်းသည့် အလား၊ အင်္ဂလိပ်နှင့် ပြင်သစ်၊ ပြင်သစ်နှင့် စပိန်-ဒပ်ချ်စသူများသည် နယ်လုပွဲများကြောင့် စစ်တိုက်ပွဲများ မကြာခဏ ဖြစ်ခဲ့ကြရဖူးသည်များကို ရာဇဝင်မှတ်တမ်းတို့၌ ထင်ထင်ရှားရှား တွေ့မြင်နိုင်ကြပေသေးသည်။ တောကြီး တောင်ကြီးအတွင်း အသားစားသားရဲတိရစ္ဆာန်ကြီးများ မာန်ဖီ၊ ဟိန်းဟောက်၊ သောင်းကျန်းနေကြသော အချိန်မျိုးတွင် သမင်, ဒရယ်နှင့် ယုန်ငယ်ကလေးများ မလှုပ်ဝံ့အောင် ကုပ်နေရသကဲ့သို့ အားငယ်သောတိုင်းနိုင်ငံများက



www.burmeseclassic.com

www.burmeseclassic.com



ကုပ်နေကြရသည်၊ မလှုပ်ဝံ့ကြပေ။ သူတို့က သနားမှ ချမ်းသာမည်ကို နားလည်ကြပါသည်။ သို့သော် သူတို့သည် ဘယ်သူ့ကိုမှ သနားမည့်သတ္တဝါများ မဟုတ်ကြပေ။ နယ်ချဲ့တို့နှင့် နှိုင်းယှဉ်ကြည့်လျှင် မင်းတုန်းမင်းတရားကြီး အုပ်စိုးရသော မြန်မာပြည်အထက်ပိုင်းမှာ ထိုအချိန်၌ အလွန်အင်အား ချိနဲ့နေပြီဖြစ်ပါသည်။ တိုင်းတစ်ပါးနှင့် ဆက်သွယ်ရာ တံခါးပေါက်ဖြစ်သော အောက်နိုင်ငံတစ်ပိုင်းကို နယ်ချဲ့တို့ ဝါးမျိုထားသောကြောင့် ကိုယ်အောက်ပိုင်းသေနေသော ယုန်ငယ်ကလေးမျှသာတည်း။ အသားစား ရန်သူကို လွတ်အောင်ရှောင်နိုင်မည့်အင်အား မရှိတော့ပြီဖြစ်သည်။

သို့သော် တတ်အားသမျှ ကြိုးစား၍ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ခြင်းပြုသည်။ အင်္ဂလိပ်ခြသေ့်ကြီးနှင့်လည်း မိတ်မပျက်ရန် နည်းအမျိုးမျိုးနှင့် ကြိုးစား တိုင်းအရာမထင်ခဲ့ပေ။

ကနောင်အိမ်ရှေ့မင်းသည် လက်နက်အမျိုးမျိုးကို ကြိုးစား၍ စုဆောင်းသည်။ ဖြစ်သည့်နည်းနှင့် လက်နက်ရုံများဖွင့်ပြီး လုပ်ဆောင်စမ်းသပ်ခဲ့သည်။ နိုင်ငံခြားမှ လက်နက်များ ဝယ်ယူရန် စီမံအားထုတ်သည်။ နိုင်ငံခြားသင်္ဘောများ ဝင်ပေါက်ကို အင်္ဂလိပ်က အပိုင်စီးထားပြီးဖြစ်၍ လက်နက်များ သယ်ယူခွင့် မပေးသောကြောင့် အရေးမလှ ဖြစ်ခဲ့ရသည်။ ရေလမ်း ပင်လယ်ဝမှ လက်နက်တင်ဆောင်ခွင့်မရသောကြောင့် ကုန်းလမ်းမှ သယ်ယူရန် ပြင်သစ်နိုင်ငံနှင့် ညှိနှိုင်းရပြန်သည်။ ပြင်သစ်ပိုင် အင်ဒိုချိုင်းနားနှင့် မြန်မာပြည် အထက်ပိုင်းကို လမ်းဖောက် သယ်ယူလိုသည်။

ဤကိစ္စကိုလည်း ပြင်သစ်က မလိုက်လျောနိုင်စေရန် အင်္ဂလန်က ပယောဂဝင်ထားလိုက်သည်။ အင်္ဂလိပ်နယ်ချဲ့သည် မြန်မာရှင်ဘုရင်၌ လက်နက်ပြည့်စုံသွားမည်ကို မလိုလားလှပေ။ ထွက်ပေါက်ကို အောက်မြန်မာပြည် ရန်ကုန်ကပိတ်ထားရရုံဖြင့် အားမရသေးဘဲ လက်နက်ဝယ်ယူစုဆောင်းသူ အထမမြောက်စေရန် ဝက်္ကဩဏ်ကူလိုက်ပြန်သည်။ ပြင်သစ်ကလည်း အင်္ဂလိပ်၏အစကို ဟန့်တားရာကျမည်ဖြစ်သော လုပ်ရပ်ကို မပြုလုပ်တော့ဘဲ ခြသေ့်နှင့်ကျား ကတိသစ္စာစောင့်သိကြလေသည်။

ဤတွင် မြန်မာပြည်အထက်ပိုင်း ယုန်ငယ်ကလေးမှာ ထွက်ပေါက်၊ ထွက်လမ်းမျှော်မှန်း၍ မရနိုင်သောအဖြစ်သို့ ရောက်ရလေသည်။ လှောင်မိ ပိတ်မိပြီးဖြစ်၍ အင်အားချိနဲ့ရာမှ ထပ်ခါထပ်ခါသာ မျှော်လင့်ချက်တွေ ကင်းကွာခဲ့ရလေသည်။

သို့သော် အိမ်ရှေ့မင်းကနောင်မင်းသည် အားမာန်မလျှော့ခဲ့ပေ။ ဖြစ်သည့်နည်းနှင့် လက်နက်တွေစုဆောင်းသည်။ လက်နက်စက်ရုံများမှ လက်နက်ဆန်းများကို တီထွင်စမ်းသပ်လျက်ပင် ရှိနေပေသည်။ ရေမြှုပ်ဗုံးများ၊ မြေမြှုပ်ဗုံးများလုပ်ဆောင်ကာ မကြာခဏ စမ်းသပ်မှုပြုလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသတင်းသည် နယ်ချဲ့တို့အဖို့ နားဝင်မချမ်းသာစေသော သတင်းတစ်ရပ်ဖြစ်နေလေသည်။ မြန်မာ့နန်းတော်တွင်းဝယ် ဝင်ရောက်တွင်ကျယ် ချယ်လှယ်နေကြသော နိုင်ငံခြားသား လျှို့ဝှက်အထောက်တော် သူလျှိုများ၏ သတင်းပေးမှုကို သူတို့ ရရှိကြသည်။ 'မင်းတုန်းမင်းကြီးက တော်တော်ရယ်၊ အိမ်ရှေ့ကိုယ်တော်ကြီးက အဖြစ်သည်းလွန်းသည်'ဟူသော အယူအဆကို နယ်ချဲ့တို့ရရှိသွားကြလေသည်။

အိမ်ရှေ့စံ ကနောင်မင်းကြီးသည် နယ်ချဲ့တို့အဖို့ ဆူးငြောင့်ကြီးတစ်စင်းအဖြစ် အမြင်ရှိသွားလေပြီ။ သည်ဆူးကြီးကို ရှင်းပစ်လိုသည်။ ဘယ်ပုံဘယ်နည်းရှင်းမှဖြစ်မည်နည်း။ ဝက်ဠုနည်းပရိယာယ်ကလည်း ကြွယ်ဝကြပါဘိချင်း။ အချင်းချင်းစိတ်ဝမ်းကွဲအောင် ရန်တိုက်ပေးမည်။ ညီအစ်ကိုချင်း အထင်အမြင်လွဲအောင် ပြုမည်။ တူဝရီးချင်း မရှုလိုစိတ်ဖြစ်အောင် ဆွဲဆောင် 'ယင်းသွင်း'မည်။

ဤနည်းသည် သူတို့အဖို့ လက်သယ်မပေါ်နိုင်သော အကောင်းဆုံးနည်းပါတည်း။ ကနောင်မင်းကို သေနတ်နှင့်ချောင်းပစ်ခိုင်းသည်ထက် အထက်တန်းကျ သောလျှို့ဝှက်နည်းပရိယာယ်ဖြစ်သည်။ ကောက်ကျစ်စဉ်းလဲမှုဆိုသည်မှာ အကောင်အထည်ဒြပ်မရှိအောင် လုပ်ဆောင်နိုင်လေ၊ အကျိုးကျေးဇူးများလေ။ ထို့ကြောင့် သူလျှိုများအားလုပ်နည်းလုပ်ဟန်များ သင်ကြားပို့ချထားလိုက်လေသည်။

ဆိုအပ်ခဲ့ပြီးဖြစ်သည့်အတိုင်း မြန်မာ့နန်းတွင်းသို့ ဝင်ထွက်ခစားနေကြသော နိုင်ငံခြားသူလျှိုများသည် မိဖုရားများ၊ သားတော်သမီးတော်များထံသို့ နိုင်ငံခြားဖြစ်ပစ္စည်းလက်ဆောင်အမျိုးမျိုးတို့ဖြင့် မျက်နှာရအောင်၊ ရင်းနှီးမှုရအောင် အမျိုးမျိုးသွေးဆောင်မှုပြုကြသည်။ နိုင်ငံခြားသားများသာမက၊ နိုင်ငံခြားအမျိုးသမီးများလည်းအများအပြားပင် နန်းတွင်းသို့ ဝင်ထွက်ခစားခြင်းပြုကြလေရာ၊ ယင်းအမျိုးသမီးများသည် တကယ့်မြန်မာနန်းတွင်းသူများကဲ့သို့ ထီးသုံးနန်းသုံး အပြောအဆိုများ၊ ဘုရားထူး၊ ဒူးတုပ်၊ ခဝပ်မှု နည်းနိဿယများကို တတ်မြောက်ကျွမ်းကျင်အောင် သင်ယူထားကြလေသည်။

မြန်မာတို့ နန်းတွင်းယဉ်ကျေးမှုများမှာလည်း အလွန်လျှင် ကျယ်ဝန်းများပြားလေသည်။ အထူးသဖြင့် မင်းသမီးများ၊ မိဖုရားများကို ခစားရခြင်းမှာ မလွယ်ကူလှပေ။ အဆောင်တော် မှန်နန်းနေ အပျိုတော်ကြီးများက သူတို့ကို အရေးအဖက်လုပ်၍ သင်ကြားပြသခြင်းမပြုဘဲရှိရာ၊ အောက်ဆုံးအဆင့် လက်ပါးစေအပျိုတော်ငယ်ကလေးများကို ခင်မင်ရာခင်မင်ကြောင်း ပေါင်းသင်း၍ သင်ကြားယူရခြင်းက များလေသည်။

အပြောအဆို၊ အတင်အလျှောက်၊ သံနေသံထားနှင့်တကွ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ကျနမှန်ကန်ရလေသည်။ အများမခံပေ။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဘုရင်နှင့် မိဖုရားခေါင်ကြီးရှေ့တော်မှာ ပို၍သတိကြီးစွာ ထားကြရလေသည်။ ရှေ့တော်၌ ကျုံ့ကျုံ့ထိုင်ကာ ဝပ်၍ခစားကြရသည်။ လက်အထားအသိုမှာ တထောင်ဆစ်နှင့်ကြမ်းပြင်ကိုထောက်၍ ဝပ်ကာ လက်ယှက်၊ ခေါင်းငုံ့၍ခစားကြရသည်။ အမေးတော်ရှိမှ မော်၍ဖူး(ကြည့်)ရသည်။ ပြီးလျှင် ပြန်ငုံ့နေရသည်။ နဂိုရ် စရိုက်အားဖြင့် ကျွတ်ဆတ်ဆတ် မာတောင့်တောင့်ဟန်အနေနှင့် ထောက်မကျိုးခဲ့သော မျက်နှာဖြူ အမျိုးသမီးသူလျှိုမတို့သည် အလွန်ကြိုးစား၍ ရွှေနန်းတော်၏ အကြိုက်ကို လိုက်နာကျင့်သုံးခဲ့ကြရလေသည်။ ထိုစဉ်က သူတို့ကိုကြည့်လိုက်လျှင် တကယ့်နန်းတွင်းသူ အပျိုတော်ကြီးများပုံစံအတိုင်း နူးညံ့ပျော့ပျောင်းယဉ်ကျေးဖွယ်ရာရှိလှသည်ဟု နောင်လာနောင်သားများအား နန်းတွင်းသူကြီးများက ပြောကြားခဲ့ဖူးလေသည်။

သူလျှိုမတို့သည် သူတို့အနောက်တိုင်း အစားအစာနှင့် မုန့်ပဲသွားရည်စာများ ပြုလုပ်ချက်ပြုတ်မှုမျိုးနှင့်လည်း အပျိုတော်ငယ်များမှတစ်ဆင့် ဆက်သကြသည်။ နှစ်သက်ခံရပါက ချက်ပြုတ်နည်း၊ မုန့်ဖုတ်နည်းတို့ကို အပျိုတော်ငယ်များအား သင်ကြားပေးတတ်သည်။

ထို့ပြင် အိမ်တွင်းလက်မှုပညာနည်းများအဖြစ် ဇာထိုးအတတ်၊ ခြေအိတ်၊ ခေါင်းစွပ်၊ စောင်၊ တဘက်စသော သားမွှေးချည်ဖြင့်ထိုးရသော အတတ်များကို သင်ကြားပေးခြင်းဖြင့် ရင်းနှီးမှုကို ရယူလေသည်။

မြန်မာနန်းတွင်းသူများကလည်း အပ်တစ်ချောင်းထိုး ဇာမြိတ်ထိုးခြင်း၊ အပ်လေးချောင်းဖြင့် သိုးမွှေးခြေအိတ် ထိုးခြင်း၊ ခေါင်းစွပ်ထိုးခြင်းများကို အမြတ်တနိုးသင်ကြားလေ့ရှိကြသည်။ ယင်းအနောက်တိုင်း ဇာထိုး၊ ခြေအိတ်၊ ခေါင်းစွပ်ထိုးအတတ်များသည် တစ်စတစ်စ နန်းတွင်းမှ နန်းပြင်၊ အရပ်ထဲမှ မြို့ထဲရှိ သူဌေးကုန်သည်တို့ရပ်ကွက်သို့ပါ ပျံ့နှံ့ခဲ့ရလေသည်။

ယင်းသို့လျှင် မျက်နှာဖြူသူလျှိုမတို့သည် အပျိုတော်ငယ်တို့နှင့် ရင်းနှီးမှုပြုပြီးလျှင် သင်ရင်းကြားရင်း နန်းတော်တွင်းမှ သတင်းအရပ်ရပ်ကို နှိုက်ယူသည်။ မိဖုရားများ၊ သားတော်သမီးတော်များ၏ အတွင်းကျကျကိစ္စများ၊ စိတ်နေသဘောထားများကို လူစေ့ သက်စေ့သိရအောင် သွေးဆောင်နည်းဖြင့် စကားနှိုက်ယူလေ့ရှိသည်။

သူတို့သည် အစပထမ၌ နန်းတွင်းက အကြောင်းများကိုမသိသေးသော အစိမ်းသက်သက်များသာ ဖြစ်ကြလေသည်။ သူတို့ပေါင်းသင်းထားသော လက်ပါးစေ အပျိုတော်ငယ်ကလေးများကိုပင် တိတိလင်းလင်း ဖွင့်ဟမေးစမ်းဝံ့ကြသူများ မဟုတ်ပေ။ ဥပါယ်တမျဉ်နှင့်သာ မသိနားမလည်၍မေးသူအဖြစ် မေးဝံ့ကြသည်။ သို့သော် နန်းတော်၏အနောက်ပိုင်းရှိ မိဖုရားများ၊ သမီးတော်များ၏အဆောင်တော်တို့မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ရာကျော်မျှရှိလေရာ၊ တစ်ဆောင်ဝင် တစ်ဆောင်ထွက်နှင့်ပင် တစ်ဆောင်ကစကား တစ်ခွန်းမျှရလိုက်စေဦး၊ အဆောင်ပေါင်းတစ်ရာကျော်မျှရှိခြင်းကြောင့် စကားလုံးပေါင်းတစ်ရာကျော်ရရှိခဲ့မည်ဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တော်၌ အစပျိုးခဲ့သော သူလျှိုလုပ်ငန်းခွင်သည် မင်းတုန်းမင်းမရှိသည့်နောက်၊ ဆင်ဖြူမရှင်မိဖုရားကြီးနှင့် စုဖုရားလတ်တို့ ဘုန်းမီးတောက်ချိန်တွင်မူ သူတို့၏လုပ်ငန်းများသည် ပိုမိုတွင်ကျယ်၊ တောင့်ခိုင်လာလေသည်။ စုဖုရားလတ်နှင့်သင့်မြတ်လျှင် ဘာမျှပူပင်ရန်မရှိတော့ပေ။

သီပေါမင်းနှင့် စုဖုရားလတ်တို့ လက်ထက်တော်၌ နောက်ထပ် အသစ်ခန့်ထားသူကောင်းပြုလိုက်သော အပျိုတော်များမှာ အလွန်တစ်ရာ အသက်ငယ်ရွယ်လှသူမှူးသမီး၊ မတ်သမီး ကလေးများသာဖြစ်၍ အသက်အရွယ်တွေမှာ (၈)နှစ်သမီးက (၁၃)နှစ်သမီးအရွယ်တွေသာလျှင် ဖြစ်ကြသည်။ ၎င်းအပျိုတော်ငယ်ကလေးများ သည် ငယ်ရွယ်သော်လည်း အားလုံးလိုလိုပင် မြို့စား၊ ရွာစား စားရသော အပျိုတော်တွေဖြစ်နေလေသည်။

ဤလို ကလေးအရွယ်မြို့စား၊ ရွာစား အပျိုတော်ငယ်ကလေးများမှာ သူလျှိုမတို့အတွက် အကွက်အဝင်ဆုံးသော ထောက်လှမ်းရေးဌာနကြီးတစ်ရပ် ဖြစ်ခဲ့လေသည်။ ကလေးအရွယ် ငယ်ရွယ်သူတို့ထံမှ လိုအပ်သောအချက်အလက်များသည် နှိုက်ယူတတ်တိုင်း ထွက်လာလေ့ရှိသည်။ ဟုတ်သည်၊ မဟုတ်သည် အပထား၍ ကလေးဆိုသည်မှာ သူတို့ထင်ရာ မြင်ရာကိုလည်း ပြောတတ်မည်သာဖြစ်သည်။

ကလေးကြိုက်မုန့်များ၊ သကြားလုံးများသည် သူတို့၏လက်နက်ပုန်းတစ်မျိုးဖြစ်လာသည်။ သံစုံသေတ္တာကလေးများကလည်း ထိုခေတ်က ကလေးသာမက လူကြီးများပါ ကြိုက်နှစ်သက်မြဲဖြစ်သည်။ သေတ္တာကလေးထိပ်မှ ကြေးပိုက်ဆံ တစ်ပြားထည့်လိုက်လျှင် သံစုံသီချင်းသံကလေး အလိုလိုမြည်တတ်သည်။ သီချင်း သွားမှာ အင်္ဂလိပ်အနောက်တိုင်း တီးလုံးတစ်ခုဖြစ်သည်။

ကုန်းဘောင်ခေတ်ဦးပိုင်းက စတင်ရောက်ရှိလာသော်လည်း မင်းသုံးမင်းဆောင် အထူးအဆန်း လက်ဆောင်ပဏ္ဏာတော်အဖြစ်သာ ရောက်သေးသည်။ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် သံစုံသေတ္တာများ အတော်များများ ရောက်ရှိနေပြီဖြစ်ပါသည်။

အနောက်တိုင်းကိတ်မုန့်နှင့်အလားတူ မုန့်တစ်မျိုးကိုလည်း 'ဗရင်ဂျီမုန့်'ဟူသော နာမည်နှင့် အသင့်အတင့်တွင်ကျယ်လာပြီး မြန်မာအမျိုးသမီးတို့က လုပ်ရောင်းတတ်လာကြသည်။ ၎င်းမုန့်လုပ်နည်းကို ရှိမင်ကာသလိပ်၊ အနောက်တိုင်းသူ သီလရင် (သူလျှိုမ)က စတင်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ မြန်မာတို့က ၎င်းမုန့်ကို 'ဗရင်ဂျီ'



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟုခေါ်ခြင်းမှာ ဗရင်ဂျီသီလရှင်မထံမှ သင်ကြားရသောကြောင့် 'ဗရင်ဂျီမုန့်'ဟူ၍ တိုက်ရိုက်အမည်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ဇာထိုးခြင်း၊ ခေါင်းစွပ်၊ ခြေအိတ်ထိုးခြင်းအလုပ်များကလည်း အမျိုးသမီးရပ်ကွက်၌ အထူးခေတ်စားလာလေသည်။ နောက်ဆုံး ခေတ်စားလွန်း၍ပင် ထိုခေတ်က သီချင်းရေးဆရာတို့က . . .

ဗျာဗျာသွင်၊ ဆံပင်လေထိပ်မို့

ခေါင်းစွပ်ထိုး၊ ခြေအိတ်ထိုး

လက်ကျိုးရချည့်လေး။ ။ ဟူ၍ ရေးသားချိုးနှိမ်ခဲ့ရလေသည်။

သီချင်းသွားကလည်း အနောက်တိုင်းသံဖြစ်၍ ထိုခေတ်က 'ဘင်သံ'ဟုခေါ်ကြသည်။ တစ်ဖန် သံစုံသေတ္တာမှ ပိုက်ဆံတစ်ပြားထည့်လျှင် အလိုအလျောက်မြည်တတ်သော သီချင်းသံကို သဘောကျခေတ်စားနေခြင်းကြောင့် သံစုံသေတ္တာကို ချိုးနှိမ်သော သဘောဖြင့် ဂီတဆရာအချို့က စာအပြောင်စပ်ဖူးသေးသည်။ ထိုသီချင်းမှာ . . .

'တဘူဘူ တဘင်ဘင် သံစုံသေတ္တာပါတဲ့ ဖင်

သူ့နှာခေါင်းကိုဝင်၊ ငါ့နှာခေါင်းကို ဝင်

နံလိုက်လေခြင်းရှင်၊ သံစုံသေတ္တာ ဖင်'။ ။ ဟူ၍ဖြစ်ပါသည်။

သို့သော် မည်သူက မည်မျှသရော်ပြောင်လှောင်ခြင်း ပြုကြစေကာမူ သူ့ခေတ်နှင့်သူ အသစ်အဆန်းဆိုလျှင် သဘောကျနှစ်သက်ချင်ကြသော လူ့သဘော၊ လူ့သဘာဝကို ဆန့်ကျင်ပိတ်ဆီး၍ မရခဲ့ပေ။ နောင် သူ့အရှိန်နှင့်သူ အရှိန်သေသွားသောအခါမှ ရပ်ကြရသည်ချည်းဖြစ်လေသည်။

အနောက်တိုင်း မျက်နှာဖြူလူမျိုး၊ ကျား-မတို့သည် မြန်မာဘုရင့်နန်းတော်ဝယ် လာရောက်ခစား တွင်ကျယ်နေကြသည်မှာ အကယ်စင်စစ် မြန်မာကိုချစ်၍မဟုတ်ပေ။ သူတို့၏လျှို့ဝှက် သူလျှိုအလုပ်သဘောသက်သက် အရောင်အမျိုးမျိုးဆိုး၍ လာရောက်ပူးကပ်နေကြခြင်းဖြစ်သည်။

အချို့က သာသနာပြုစာသင်ကျောင်းဆရာ၊ အချို့က သီလရှင်၊ အချို့က ဗရင်ဂျီဘုန်းကြီး၊ အချို့က စက်မှုပညာအကျိုးဆောင်၊ အချို့က အဝယ်တော်၊ အချို့က စစ်မှုထမ်း၊ အချို့က အမြောက်၊ သေနတ်စသော လက်နက်လုပ်ငန်းအ တတ်သင်၊ အချို့က ကုန်သည်ပွဲစားစသော အရောင်အမျိုးစုံ တွေဆိုးထားစေကာမူ သူလျှိုလုပ်ရပ်မှု၌ အတူတူပင်ဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီးသည် ရောက်လာသမျှသော အနောက်တိုင်းသားတို့အား ခစားရန်အတွက် လက်ခံတော်မူခဲ့သည်။ သူတို့က သူလျှိုလုပ်ကြသည်ထက် သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတရားကြီးက အထိုက်အလျောက် ပြန်လည်အသုံးချနိုင်ရန် ကြိုးရှည်ရှည်တပ်၍ လှန်ထားခြင်းမျိုးလည်း ဖြစ်နိုင်သည်။

မြန်မာလူမျိုးတို့က နိုင်ငံခြားသို့ မပေါက်ရောက်နိုင်မီ သူတို့ကိုလက်သပ်မွေး၍ သူတို့ကိုပူးတွဲ၍ အရေးကိစ္စတို့ကိုစီစဉ်ရန် ရည်သန်တော်မူခဲ့သည်။ ထို့ကြောင့်လည်း ၎င်းအနောက်တိုင်းသားတို့အား အခွင့်အရေး အထိုက်အလျောက်ပေးထားခြင်း၊ သူကောင်းပြုထားခြင်း၊ သူတို့ထံမှ သင်ကြားခွင့်ရှိသမျှ စက်မှုပညာများ ဆင့်ပွားယူစေခြင်းပြုခဲ့လေသည်။

အနောက်တိုင်းသားကိုသာမက အိန္ဒိယတိုင်းရင်းသားများကိုပင် မြန်မာမှုကိုလေ့လာတတ်ကျွမ်းစေလျက် ကုလားဝန်ရာထူး၊ အကောက်ဝန်ရာထူးများဖြင့် ချီးမြှင့်သူကောင်းပြုခဲ့သည်။

တရုတ်အမျိုးသားတို့အဖို့လည်း တရုတ်ဝန်ခန့်အပ်ကာ တရုတ်တို့ထံမှ လိုအပ်သမျှဆောင်ရွက်ကြရန် ရည်သန်ခဲ့လေသည်။ ပုဏ္ဏားများ၊ ကသည်းများအတွက် လည်း လိုအပ်ရာဌာနတို့၌ ဖြည့်စွက်အသုံးချရန် ပုဏ္ဏားဝန်ခန့်အပ်ထားသည်။ အင်္ဂပါတ်၊ မဏိပူ၊ မြေဒူး၊ အူလယာကုလားမျိုးတို့ပါမကျန်ရလေအောင် အမြောက် တပ်၊ မြင်းတပ်တို့၌ တာဝန်ထမ်းဆောင်ရသည်မှ အထက်ပိုင်းဝန်စု၊ ဝန်မှူးရာထူး အထိပင် အမြောက်တင် ခန့်အပ်ခြင်းပြုခဲ့လေရာ 'ဌာနဌာနကောသလ္လ'ဆိုသလို လိုရာလိုရာတို့တွင် ကြိုတင်အသုံးချထားမှုဖြင့် ၎င်းတို့၏ ကာယအား၊ ဉာဏအားများကို ရနိုင်သမျှစစ်ထုတ်၍ အသုံးပြုထားခြင်းဖြစ်သည်။

ဤသူ ဤသူတို့တွင် အချို့လည်း မင်းတရားကြီးအား ရိုးသားစွာ ကြည်ညိုချစ်ခင်မှုထားရှိသလို၊ အချို့ကလည်း ကိုယ်ရေးကိုယ်တာအရင်းတည်လျက် နှစ်ဖက်လှဖြစ်လာကြပြီး၊ အချို့ကမူ သူလျှိုလုပ်ရပ်နှင့် တစ်ဖက်သတ်အမှုထမ်းရင်း သူလျှိုအရောင်ဖျောက်၍ နေကြသူများသာဖြစ်ကြလေသည်။

နိုင်ငံခြားရောက် သူလျှိုတို့တွင်လည်း သူ့နည်းသူ့ဟန်တွေက အမျိုးမျိုးရှိကြလေသေး၏။ အာမေနီယံ၊ ပေါ်တူဂီ၊ ပြင်သစ်၊ အင်္ဂလိပ်စသော လူမျိုးတို့တွင် အချို့က စွန့်စားလိုမှုကြောင့် အရှေ့အာရှဆီသို့ ရောက်လာကြသည်။ အချို့က သာသနာပြုလို၍၊ အချို့က ကူးသန်းရောင်းဝယ်လို၍၊ အချို့က နယ်ချဲ့ရန် ကိုလိုနီ ရှာရန် ဥပါယ်တမျဉ်နှင့် စတင်ခြေချလို၍၊ အချို့က ဆိုးဆိုးတေတေ လူလေလူလွင့် ဖြစ်၍ ပင်လယ်ရပ်ခြားဒေသများသို့ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသော ဥပဒေသမျိုးကိုခံယူကာ စွန့်စားရောက်လာခြင်းဖြစ်ကြသည်။

သို့သော် မည်သည့်နည်းနှင့်ပင် ရောက်လာရောက်လာ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့မှ စီးဆင်းကျလာသော ရေအလျဉ်တို့သည် နောက်ဆုံး သမုဒ္ဒရာထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ စီးဝင်ရသကဲ့သို့ နိုင်ငံခြားမှရောက်လာသူများသည် အချင်းချင်းရိုင်းပင်းကာ သွေးတူရာပေါင်းစည်း၍ နည်းအမျိုးမျိုးနှင့် သူလျှိုလုပ်ငန်းထဲသို့ စီးဝင်ကုန်ကြသည်က များကြလေသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တော်၌ သူလျှိုလုပ်ငန်းစဉ်က တွင်ကျယ်မှု မရှိလှခြင်းမှာ နန်းတွင်းနန်းပြင် စည်းကမ်းစနစ်ကောင်းခြင်း၊ မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင်ကလည်း အအုပ်အစီးကောင်းခြင်း၊ ညီတော်အိမ်ရှေ့စံ ကနောင်မင်း၏ အရှိန်အဝါကို စိုးရွံ့ခြင်းများကြောင့် ၎င်းတို့ မတွင်ကျယ်နိုင်သေးစေကာမူ ခြေလှမ်းချ၍ တာစူနေကြပြီတော့ ဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီးနှင့် ညီတော်အိမ်ရှေ့မင်းတို့မှာ အရွယ်ရောက်လာပြီဖြစ်သော သားတော်၊ သမီးတော်များနှင့် အရွယ်မရောက်သေးသော ကလေးအရွယ် သားတော်၊ သမီးတော်ငယ်များ အများအပြားရှိကြလေသည်။ နောင်တော်နှင့်ညီတော်တို့ကလည်း အလွန်ချစ်ခင်ကြင်နာမှုရှိခဲ့ကြသည်။ သို့ကြောင့် နောင်တော်၏ သားတော်၊ သမီးတော်များနှင့် ညီတော်၏ သားတော်၊ သမီးတော်များ အရွယ်တော်ရောက်လာလျှင် တဝေးမပြား ရွှေနှစ်ပြားကို တစ်သားတည်းခတ်သကဲ့သို့ လက်ထပ်ထိမ်းမြားပေးခဲ့လေသည်။

ထိုအချိန်က အရွယ်တော်ရောက်နေပြီဖြစ်သော မင်းတုန်းမင်းတရားကြီး၏သားတော်ကြီးများမှာ ကျပင်းမင်းသားကြီး၊ မက္ခရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီး၊ ညောင်အုပ်မင်းသား၊ ညောင်ရမ်းမင်းသား၊ မလွန်မင်းသားနှင့် မြင်ကွန်းမင်းသားကြီး၊ မြင်းခုံတိုင်မင်းသားကြီးတို့ ဖြစ်လေသည်။

အလားတူ အရွယ်တော်ရောက်နေသော သမီးတော်ကြီးများလည်း ရှိနေသည်။ ညီတော် အိမ်ရှေ့မင်း၏ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်မှာ သားတော် ထန်းတပင်မင်းသားကလေးက ငယ်ရွယ်သေး၍ ကလေးသာရှိစေကာမူ အိမ်ရှေ့မင်း၏ အိမ်တော်ပါ မြောက်ဆောင်တော် သခင်ကြေးမှဖွားမြင်သော သားတော်၊ သမီးတော်အချို့က အရွယ်ရောက်နေကြပြီဖြစ်လေသည်။ ယင်းသည့်အထဲမှ အိမ်ရှေ့မင်းကြီးနှင့် သခင်ကြေးမှဖွားမြင်သော သမီးတော် တောင်ညိုမြို့စားမင်းသမီးအား မင်းတုန်းမင်းတရားကြီးနှင့် ပထမတောင်ရွှေရေးဆောင် မိဖုရားတို့မှဖွားမြင်သော မြင်ကွန်းမြို့စား မင်းသားကြီးနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးတော်မူသည်။

သားတော်ကြီး မက္ခရာမင်းသားကြီးအားလည်း သမီးတော် ပင်းမြို့စား သီရိသုကေသာဒေဝီမင်းသမီးနှင့် ဖတူမိကွဲ မောင်လည်နှမလည် ထိမ်းမြားလက်ထပ်ပေးတော်မူ၍ သုံးဆယ်မင်းသားကြီး၊ ညောင်အုပ်မင်းသားကြီးစသည်များကိုလည်း အဖတူအမိကွဲ သို့မဟုတ် နောင်တော်ညီတော်တို့မှ မွေးဖွားကြသူမောင်နှမများကို



www.burmeseclassic.com

www.burmeseclassic.com



အပြန်ပြန်လက်ထပ်ပေးတော်မူခဲ့လေသည်။ နောင်တော်နှင့်ညီတော် ချစ်ခင်ကြင်နာမှုရှိသကဲ့သို့ မိမိတို့၏ သားတော်၊ သမီးတော်များလည်း အချင်းချင်း ချစ်ခင်မြတ်နိုး၍ သံယောဇဉ်ကြီးရစ်ပတ်မိကြစေလျက် အစဉ်အဆက် ထာဝရတည်တံ့ခိုင်မြဲသော ချစ်ကြည်မှုကိုရှေ့ရှု၍ စီမံတော်မူခြင်းဖြစ်လေသည်။

ယင်းသို့လျှင် နောင်တော်နှင့်ညီတော် တစ်သက် လက်တွဲမပျက် သားတော်၊ မြေးတော်စဉ်ဆက် ခိုင်ခံ့တည်မြဲလျက်ရှိစေရန် စီမံတော်မူခြင်းအားဖြင့် သားတော်သမီးတော်များ စုရုံးညီညာ ချစ်ခင်လေးမြတ်စွာရှိခြင်းကြောင့် အမှောင့်ပယောဂများမဝင်သာအောင်ရှိခဲ့သော အခြေအနေကိုမလိုသူတို့က တစ်စတစ်စယိုယွင်းလာစေရန် ဝဿကာယဂုံးချောညာဏ်နှင့် ဥပါယ်တမျဉ် ကြံဖန်လာကြလေသည်။

မင်းသားကြီးများ အိမ်တော်သို့ ထွက်ဝင်ခွင့်ရရှိသူ သူလျှိုအဖွဲ့ဝင်များအား အချင်းချင်းသွေးကွဲစေမည့် အယူအဆများကို လိမ္မာပါးနပ်စွာ နားသွင်းစေကြလေသည်။

အချို့မင်းသားကြီးများ အိမ်တော်သို့ လက်ဆောင်အဆက်အသ ဝင်ရင်းမှ နိုင်ငံခြားအရပ်ဒေသများသို့ သွားရောက်လည်ပတ်ရန် မြှူဆွယ်ခြင်း၊ နိုင်ငံခြားပင် မသွားနိုင်စေကာမူ အောက်မြန်မာပြည်၏ ယနေ့အခြေအနေကို အငြီးပြေ အလည်အပတ်သွားချင်လာအောင် သွေးဆောင်မှန်းမသိ သွေးဆောင်ကြသည်။

အချို့မင်းသားကြီးများအား နိုင်ငံခြားဖြစ်အထည်ပစ္စည်းကအစ အရက်သေစာအထိ မီးစင်ကြည့်၍ ကြိုက်နှစ်သက်မည့်အချက်အလက်များဦးစားပေး၍ သွေးဆောင်လေ့ရှိသည်။

သည်ထက် ရင်းနှီးလက်ခံမှုရှိလာလျှင် ဘုရင့်သားများသာလျှင် ဘုရင်ဖြစ်ထိုက်ကြောင်း လမ်းခင်းပေးခြင်း၊ အကယ်၍ ဘခွေးတော် အိမ်ရှေ့မင်းကြီးသာ မရှိဘူးဆိုခဲ့လျှင် ဘုရင့်သားတော်များမှတစ်ပါး ထီးမွေနန်းမွေခံစားထိုက်သူမရှိကြောင်းနှင့် သူတို့၏ထင်မြင်ယူဆချက် ဤသို့ရှိကြောင်းများကို ပါးနပ်စွာ နားသွင်းတတ်သည်။ မင်းသားများကလည်း ဘခွေးတော် အိမ်ရှေ့မင်းကြီးအား ပြစ်မှားစိတ်မရှိကြ။ မလိုစိတ်ထားမရှိခဲ့ကြဘဲ၊ သူတို့ နောင်တော်ညီတော်လက်တွဲ၍ ပုဂံမင်းကို ပုန်ကန်ခြားနားခဲ့ခြင်းအားဖြင့် တိုင်းပြည်တည်ထောင်ဖက်၊ စီးပွားဖက်ဖြစ်ခဲ့ကြသောကြောင့် တစ်ကြောင်း၊ ညီတော်၏ လက်ရုံးရည်သတ္တိနှင့် နောင်တော်တို့၏ ဘုန်းစွမ်းဉာဏ်စနှစ်ခုပေါင်း၍ရခဲ့သော ထီးနန်းစည်းစိမ်အား ညီတော်နောင်တော်တို့သာလျှင် ဝေခွဲယူခြင်းက တရားမျှတမှုရှိကြောင်းများ ပြန်လည်မိန့်ကြားလေ့ရှိကြသည်။

သို့ရာတွင် ကျောက်ဆောင်ကျောက်သားပင် ဖြစ်လင့်ကစား၊ ထိခိုက်ဖန်များလာပါက တစ်စတစ်စ ပွန်းပဲ့ရသကဲ့သို့ လောကီလူသားမျှသာဖြစ်သော မင်းပျိုမင်းလွင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ မင်းသားများအနက် အချို့မင်းသားတို့၏ စိတ်ဘဝင်၌ မတင်မကျဖြစ်စ ပြုလာလေသည်။ ဆင်အိပ်ရာဝယ် ဆိတ်လာ၍နိုးသည့်နှယ် မဖွယ်မရာသောအတွေး နယ်ကို ကျယ်ပြန့်လာစေသည်။ သို့သော် မင်းသားကြီးများသည် ခမည်းတော်၏ ရည်ရွယ်တော်မူချက်ကို ချေဖျက်လိုသောဆန္ဒမရှိကြပေ။ မတော်တဆ တွေ့ဝေမိသောစိတ်များကိုပင် အမြန်ဆုံးမောင်းနှင်ပစ်မိကြသည်။

ဤမင်းသားကြီးများအထဲတွင် အိမ်ရှေ့မင်းကြီး၏တူတော်သာမက သမက်တော်လည်းဖြစ်နေသူ မြင်ကွန်းမြင်းသားကြီးမှာ စိတ်တော်ကလည်း အလွန်ထက်မြက် သည်။ မဟုတ်မခံ သတ္တိမျိုးကလည်းရှိသည်။ အခြားသောမင်းသားများထက် ပိုကဲ လျက်လက်ရှိအခြေအနေမျိုး၌ ရပ်တည်မနေလိုသေးဘဲ ရှေ့ရေး အလားအလာကို များစွာတောင့်တ မျှော်လင့်လျက်ရှိရာတွင် သည်းခြေကြိုက်စကားများနှင့် မကြာခဏ စိတ်ဓာတ်ကို နှိုးဆွပေးနေသော ဝက်န္တတို့၏ သွေးခွဲမှုရေယာဉ်ကြော၌ နစ်မျောလာခဲ့လေတော့သည်။

မြင်ကွန်းမင်းသားစိတ်တွင် ‘ရှင်ဘုရင့်သားသာလျှင် ရှင်ဘုရင်ဖြစ်ထိုက်သည်။ အခြားမည်သူမျှ ကြားဝင်၍ ရှင်ဘုရင်မဖြစ်သင့်’ဟု ယူဆလာသည်။ အိမ်ရှေ့မင်းဆိုသည်မှာ ရှင်ဘုရင်လောင်းပင်ဖြစ်သည်။ ခမည်းတော် မင်းတုန်းမင်းတရားကြီးမရှိလျှင် အိမ်ရှေ့မင်းကသာ ထီးမွေနန်းမွေကို တရားဝင်ဆက်ခံပိုင်ခွင့် ရှိတော့သည်။ အိမ်ရှေ့မင်းဘုရင်ဖြစ်သည့်နောက် မိမိတို့မှာ ထီးမွေနန်းမွေဆို၍ ဘာမျှမျှော်လင့်စရာမရှိတော့ပြီ။ အိမ်ရှေ့မင်း၏သား ပုတိမ်းမင်းသားကသာ တိုက်ရိုက်အိမ်ရှေ့အရာဆက်ခံရရှိကြတော့မည်ဖြစ်သည်။ ခမည်းတော် မင်းတုန်းမင်းတရားက ညီတော်ကို သဒ္ဓါတော်မူလွန်း၍ အိမ်ရှေ့နှင်းအပ်လိုက်သဖြင့်သာ မိမိတို့မှာ နောင်သောအခါ ဘုရင့်အရာဆက်ခံခွင့်မရသာတော့သော အခြေအနေသို့ ရောက်ရလေသည်. . . ဟူ၍ ကောက်ချက်ချကာ အတွင်းကျိတ် မကျေမနပ်ဖြစ်လာလေသည်။

ခမည်းတော်အပေါ်တွင်လည်း မကျေနပ်၊ ဘထွေးတော် ယောက္ခမဖြစ်သူ အိမ်ရှေ့မင်းအပေါ်တွင်လည်း မလိုလားမှုဖြစ်လာသည်မှ အစပြုကာ တစ်စတစ်စ စိတ်ဓာတ်ပြင်းထန်လာခဲ့ရတော့သည်။ ယင်းသို့ စိတ်ဓာတ်ပြင်းထန်မှုတို့ကြောင့်လည်း မျက်မှောင်အမြဲချီ၍ တင်းတင်းမာမာဖြစ်နေသည်။ စိတ်တိုမှု၊ မခံချင်မှုများက အခါမလင့်နှိုးဆွထားခြင်းကြောင့်လည်း စကားပြောရာ၌ပင် ယခင်ကကဲ့သို့ မင်းညီမင်းသားပီပီ တည်ကြည်သိမ်မွေ့မှုမရှိတော့ပေ။

ကြင်ယာတော် တောင်ညိုမင်းသမီးမှာ မြင်ကွန်းမင်းသားကြီးမျက်နှာတော် မကြည်မသာ တင်းမာခက်ထန်နေဖန်များလာသောအခါ မည့်သည့်အကြောင်းကိစ္စဖြစ်ပေါ်လေသနည်းဟု တစေ့တစောင်းမှ အကဲခတ်ကြည့်ရှုကာ အကြောင်းရင်းကို



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းမှုပြုရာသည်။ ဘာမျှ မယ်မယ်ရရမသိရသောအခါ စိတ် စနိုးစနောင့်ဖြစ်ရရှာသည်။ တပည့်လက်သား အဆောင်ကိုင်များကို မေးမြန်း၍လည်း အစမပေါ်ရကား ထူးခြားသောအကြောင်းတစ်ခုခု ရှိနေပြီဟူ၍သာ စိတ်မှာ မှတ်ယူထားရရှာတော့သည်။

မင်းတုန်းမင်းတရားကြီးသည် သားတော်ကြီးများကို ချစ်ခင်မြတ်နိုးတော်မူခြင်းကား ရှိပါသည်။ သားတော်ကြီးများအတွက် အဆောင်အရွက်၊ အခမ်းအနား၊ ဘွဲ့အမည်များနှင့်တကွ မြို့စား၊ နယ်စား၊ ခြွေရံသင်းပင်းများနှင့် မနိမ့်မချ မြှောက်စားသူကောင်းပြု၍ထားရုံမျှမက ခမည်းတော်နှင့် သားတော်ကြီးများ ချစ်ကျွမ်းတဝင်နှင့် ရင်းနှီးမှုရှိစေရန် မကြာခဏ ခမည်းတော်မင်းတရားထံ အခစားဝင်ကြစေခြင်း။ ရင်းနှီးဖော်ရွေ ချစ်ခင်စွာနှင့် စကားစမြည်ပြောဟော၍ ရောနှောစေခြင်းများ ပြုလေ့ပြုထရှိခဲ့လေသည်။

တစ်နေ့သောအခါ မင်းတုန်းမင်းတရားကြီးသည် အခါတိုင်းကဲ့သို့ သားတော်ကြီးများ လာရောက်ခစားကြသောအခါ သားတော်များအပေါ် ချစ်ခင်ရင်းနှီးသောသဘောဖြင့် စကားတစ်ခုရှာကာ မိန့်တော်မူပါသည်။ 'ငါ့သားတော်ကြီးများကိုယ်တိုင် ချက်တဲ့ဟင်းကို ပွဲတော်တယ်လိုတယ်။ ဘာဟင်းများ ချက်တတ်ကြပါသလဲ'ဟူ၍ မေးတော်မူလေသည်။

မကွှာရာမင်းသားကြီးက 'သားတော်က ငါးကြင်းသားချဉ်ရည် ချက်တတ်ပါသည်' ဟု လျှောက်တင်သည်။ သုံးဆယ်မင်းသားကြီးက 'ဝက်သားနီ ချက်တတ်ပါသည်'ဟု လျှောက်တင်လေသည်။ ညောင်ရမ်းမင်းသားကြီးက 'ငပိချက် ချက်တတ်ပါသည်' ဟုလျှောက်တင်သည်။ မြင်ကွန်းမင်းသားကြီးက ဘာမျှမပြော၍ မင်းတရားကြီးကပင် စတင်မေးတော်မူသည်။ 'ငါ့သားတော်ကြီး သီလဝကကော ပြောပါဦး'ဟုဆိုရာ သားတော်က 'အမဲနှပ်ကောင်းကောင်း ချက်တတ်ပါသည်ဘုရား' ဟုမျက်နှာထားနှင့် တင်လျှောက်လိုက်သောအခါ မင်းတရားကြီးမှာ 'ဟင်'ဟုဆိုကာ မျက်နှာတော်ပျက်၍ အဆောင်တော်တွင်း ဝင်သွားလေသည်။ မင်းတုန်းမင်းတရားကြီးသည် 'အမဲ၊ ကျွဲသားများ မစားရုံမက တိုင်းပြည်မှာလည်း ကျွဲနွားများမသတ်ရ'ဟူ၍ တင်းတင်းကျပ်ကျပ် တားမြစ်ထားခြင်းဖြစ်သည်။

မြင်ကွန်းမင်းသားကြီးသည် ခမည်းတော်ကို မကျေနပ်နေသူဖြစ်၍ အရွဲ့တိုက်ကာ မကြိုက်သောအစာကို တမင်ရွေး၍ တင်လျှောက်လိုက်ခြင်းဖြစ်သည်။ ခေတ်စကားနှင့်ဆိုရသော် တမင်'ဘု'ပြောလိုက်ခြင်းပဲဖြစ်သည်။

ပြီးတော့ ပြောသေးသည်။ 'ရှင်ဘုရင်ကလဲဗျာ။ ပွဲတော်ချက်တွေ အရှိသားနဲ့၊ အလကား သားတော်တွေကို ဟင်းချက်ခိုင်းရမလား'ဟူ၍ဖြစ်သည်။ ကျန်ရစ်သော



www.burmeseclassic.com

www.burmeseclassic.com



မင်းသားများနှင့် မှူးတော်၊ မတ်တော်ကြီးများမှာ မြင်ကွန်းမင်းသားကြီးအား အံ့သြစွာ နှင့်ကြည့်နေကြရတော့သည်ဟူသတည်း။

မင်းတုန်းမင်းတရားကြီးသည် တရားပြည့်ဝ၍ အရာရာတိုင်းမှာ မင်းစိတ်၊ မင်းမာန်ဖြင့် သန်လျက်ကိုင်လား၊ ဓားကိုင်လား၊ ဒေါသရှေ့ထားလေ့ရှိသော မင်းမျိုး မဟုတ်ဘဲ၊ အမြဲသည်းခံခွင့်လွှတ်စိတ်ထားသော ပညာရှိပုဂ္ဂိုလ်အမျိုးအစားဖြစ်နေ သောကြောင့် သားတော်သီလဝ မြင်ကွန်းမင်းသားကြီးက မိမိမကြိုက်နှစ်သက်ဆုံး သော အမဲသားဟင်းကိုမှ ရွေးချယ်လျှောက်တင်လိုက်သော်လည်း မျက်နှာတော်ပျက် ၍ စက်တော်ဆောင်သို့ကြွသွားသည်မှ တစ်ပါး၊ နောက်ထပ် မည်သည့်အပြစ်တင်မှု ကိုမျှ မပြုခဲ့ပေ။

အခြားသော သားတော်ကြီးများထက် မြင်ကွန်းမင်းသားကြီး၏ အတွင်းကြိတ် မကျေနပ်မှုကိုလည်း သတိပြုတော်မူမိလေဟန်ရှိသည်။ သားတော်များသည် အရွယ် တော်ရောက်လာလျှင် အစဉ်အဆက်ဖြစ်သော ထီးမွေနန်းမွေကို လိုချင်ကြပေလိမ့် မည်။ သို့ရာတွင် ညီတော်ကနောင်မင်းထက်လွန်ကဲ၍ သူတို့အား ထီးမွေနန်းမွေ ခွဲဝေပေးတော်မမူသာပေ။ ညီတော်ကနောင်မင်းသည် ပြည်တည်ထောင်ဖက် ဖြစ် လေသည်။ ၎င်းတို့သာမက မိဖုရားခေါင်စကြာဒေဝီက ဖွားမြင်သောသားတော်ပင် ဖြစ်စေကာမူ၊ ညီတော်ကိုကျော်လွန်ကာ ချစ်သဒ္ဒါပွားတော်မမူနိုင်အောင် ရှိတော်မူ သည်။ ကံအားလျော်စွာ ဆိုသလိုပင် မိဖုရားခေါင်ကြီးမှာ သားတော်၊ သမီးတော်များ မထွန်းကား၍ ထီးမွေနန်းဆက်ပြဿနာ မတက်ခဲ့ပေ။

ညီတော်ကိုလည်း ချစ်သည်။ သားတော်များကိုလည်း အလားတူ ချစ်သနား တော်မူခဲ့လေသည်။ ထို့ကြောင့် သားတော်ကြီးတွေကို မနှိမ့်မချ မြှောက်စားချီးမြှင့် တော်မူထားသည်မျှမက သားတော်များ၏အိမ်ထောင်ရေးကိုပင် အလေးအနက် ဂရု စိုက်တော်မူခဲ့လေသည်။

ညီတော်အိမ်ရှေ့မင်း၏သားတော် ပတိမ်းမင်းသားအား မင်းတရားကြီး၏ ဒုတိယမြောက်ဆောင်တော်မိဖုရား နန္ဒာဒေဝီတွင်ဖွားမြင်သော သမီးတော် သီရိ သုစန္ဒာဒေဝီဘွဲ့ခံ ကန္နီမြို့စားမင်းသမီးနှင့် လက်ထပ်ထိမ်းမြားပေးတော်မူခဲ့ခြင်း။ ၎င်း၏ညီမတော် သီရိသုကေသာဝတီဘွဲ့ခံ မဘဲမြို့စားမင်းသမီးအား သားတော် ညောင်ရမ်းမင်းသားကြီးနှင့် ထိမ်းမြားလက်ထပ်ပေးတော်မူခဲ့ခြင်း။ သားတော် မက္ခရာ မင်းသားကြီးအား စားပွဲတောင်တိုက်စား မိဖုရားတွင်ဖွားမြင်သော သမီးတော် ပင်းမြို့စားမင်းသမီးနှင့် ထိမ်းမြားပေးတော်မူခဲ့ခြင်း။ ပထမတောင် ရွှေရေးဆောင် မိဖုရားမှဖွားမြင်သော အဆိုပါ သုမဟာသီရိဓမ္မရာဇာဘွဲ့ခံ မြင်ကွန်းမြို့စားသားတော် သီလဝကို ညီတော် အိမ်ရှေ့မင်း၏သမီးတော် တောင်ညိုမြို့စားမင်းသမီးနှင့် ထိမ်းမြား



www.burmeseclassic.com

www.burmeseclassic.com



ပေးတော်မူခဲ့ခြင်း စသည်တို့၌ သားတော်၊ သမီးတော်၊ တူတော်၊ တူမတော်တို့မှာ (အိမ်ထောင်ရေး) ပြဿနာအထူးအထွေ မပေါ်စေကာမူ၊ သားတော် မက္ခရာမင်းသားကြီးနှင့် သမီးတော် ပင်းမြို့စားတို့မှာ ပြဿနာပေါ်လာခဲ့ရပြန်သည်။

ဤတွင် မင်းတုန်းမင်းတရားကြီးမှာ သားတော်နှင့် သမီးတော်တို့၏ပြဿနာကို မနေသာတော်မူ၍ စိတ်ရှည်စွာနှင့် ရှင်းလင်းပေးခဲ့ရသော အကြိမ်မျိုးလည်း ရှိခဲ့လေသေး၏။

မက္ခရာမင်းသားကြီးနှင့် ပင်းမြို့စားမင်းသမီးတို့မှာ ဖတူမိကွဲ မောင်နှမများပင်ဖြစ်စေကာမူ ချစ်ရေးမညီ၍ ကသီလင်တရှိခဲ့ရသောအခါ တိုင်းရေးပြည်ရေး၊ သာသနာရေးတို့နှင့် နေ့ညမလပ် အမှုခပ်သိမ်းတို့ကို စီမံအုပ်ချုပ် မင်းလုပ်တော်မူနေရသော မင်းတုန်းမင်းတရားကြီးမှာ ဝင်ရောက်ဖြေရှင်းပေးတော်မူရရှာပြန်သည်။

မက္ခရာမြို့စား မင်းသားကြီးနှင့် ပင်းမြို့စားမင်းသမီးတို့၏ ချစ်ရေးမညီကိစ္စကလည်း နန်းတွင်းသူနန်းတွင်းသားတို့ရပ်ကွက်မှာ တအံ့တသြ ပြောမဆုံးအောင် ရှိခဲ့ရလေသည်။

သီရိသုဓမ္မရာဇာဘွဲ့ခံ မက္ခရာမြို့စား မင်းသားကြီးသည် မင်းတုန်းမင်းတရားကြီးနှင့် ဒုတိယမြောက်ဆောင်တော်မိဖုရား နန္ဒာဒေဝီတို့မှဖွားမြင်သော သားတော်ကြီးဖြစ်လေသည်။ ပင်းမြို့စားမင်းသမီးမှာလည်း မင်းတုန်းမင်းတရားကြီးနှင့် စားပွဲတောင်တိုက်စားမိဖုရားတို့မှဖွားမြင်သော သမီးတော်ပင်ဖြစ်လေသည်။ တဝေးမပြား သွေးချင်းသားချင်းပင် ထိမ်းမြားပေးသနားသော်လည်း အချည်းအနှီးဖြစ်ခဲ့ရလေသည်။

မက္ခရာမင်းသားကြီးနှင့် ပင်းမြို့စားမင်းသမီးတို့ ရေသွန်းနှင်းအပ် လက်ထပ်ပြီးသောအခါ နန်းတွင်းအိမ်တော်မှာ စံနေကြစေသည်။ မက္ခရာမင်းသားကြီးသည် နန်းမြို့ထဲ၌ အပြင်အိမ်တော်တွင် ယခင်က စံနေတော်မူခဲ့သည်။ ၎င်းအပြင်အိမ်တော်ခေါ် စံအိမ်တော်၌ မင်းသားကြီးစိတ်ကြိုက် ရွေးကောက်တော်မူထားသော အချောအလှဆုံးဆိုရမည့် ကိုယ်လုပ်တော်များရှိလေသည်။

မက္ခရာမင်းသားကြီးသည် ၎င်းကိုယ်လုပ်တော် ကြင်ယာတော်များနှင့် ပျော်ရွှင်စွာ စံစားနေထိုင်လျက်ရှိသည်။ ခမည်းတော်ထံ အခစားဝင်ခြင်း၊ လွှတ်တော်တက်ခြင်းကိစ္စများမှအပ ကျန်အချိန်များတွင် အပြင်အိမ်တော်၌ ကြင်ယာတော်များနှင့်သာ ဖြေဖျော်စံစားနေလေ့ရှိသည်။

ထိုကိုယ်လုပ်တော် ကြင်ယာတော်များမှာ အဆောင်ဆောင်နှင့်ထားသည်။ ၎င်းတို့မှ သားတော်၊ သမီးတော်တွေလည်း ထွန်းကားလျက်ရှိသည်။ ဆောင်ရကိုယ်လုပ်တော်ပေါင်း (၇)ယောက်ရှိသည်။ ၎င်းတို့၏အမည်များမှာ (၁) ခင်ခင် (၂) ခင်လေး (၃)ခင်နန်းရင် (၄) ခင်မျိုးနွယ် (၅) မရှင်လေး (၆) ခင်သစ် (၇)



www.burmeseclassic.com

www.burmeseclassic.com



ခင်မိမိ ဟူ၍ခေါ်သည်။ အလှအချောကလေးများကို မင်းသားကြီး သဘောတော်ကျ ရွေးကောက်မြှောက်စားတော်မူထားခြင်းဖြစ်သည်။

အဆိုပါ ကိုယ်လုပ်တော်(၇)ယောက်အနက်မှ မိုင်းရယ်စော်ဘွား၏နှမ 'ခင်ခင်' ဆိုသူကို 'အချစ်တော်အပိုဆုံး'ဟု ပြောကြသည်။

မက္ခရာကိုယ်တော်ကြီးသည် ခမည်းတော်အမိန့်အရ ခမည်းတော်စီမံတော်မူသည့်အတိုင်း ပင်းမင်းသမီးနှင့် ရေသွန်းလက်ထပ်ခံရသော်လည်း ခမည်းတော်အမိန့်ဖြစ်၍ မငြင်းဆန်ဝံ့သောကြောင့် လက်ထပ်လိုက်ရသော်လည်း ပင်းမင်းသမီး၏အဆောင်တော်သို့ လုံးဝကူးတော်မမူဘဲ ပြင်အိမ်တော်ရှိ ကိုယ်လုပ်တော်ကြီးများနှင့်သာ သွားရောက်စံနေတော်မူခဲ့လေသည်။

နှမတော် ပင်းမင်းသမီးမှာ နန်းတွင်းအိမ်တော်၌ တစ်ပါးတည်းသာ စံမြန်းနေရရှာသည်။ လက်ထပ်တော်မူရသောနာမည်နှင့် အများက အအိုအထင်ခံရရုံမျှသာ ရှိရှာသည်။ ရက်ကြာသော် ရှက်တော်မူရှာ၍ အဆောင်တော်ထဲမှာသာ ကြိတ်၍ငိုတော်မူနေရလေသည်။

ယင်းသို့ သမီးတော် ငိုငိုနေရသောအကြောင်းများကို မင်းတုန်းမင်းတရားကြီး ကြားသိတော်မူလျှင် သားတော် မက္ခရာမင်းသားကြီး ခစားဝင်လာသောအခါ အရိပ်ပြအကောင်ထင် သဘောနှင့် သတိပေးတော်မူလေသည်။ နှစ်ကြိမ်၊ သုံးကြိမ်မျှ သားတော်ကို သတိပေးလျှင် သားတော်ကြီးကလည်း 'မှန်လှပါဘုရား၊ နှမတော်အဆောင်သွားပါမည်'ဟု ရှေ့တော်မှာဝန်ခံသွားသော်လည်း၊ ပင်းမင်းသမီးအဆောင်တော်သို့ တစ်ခါတစ်ခေါက်မှ ရောက်လာတော်မူခြင်း မရှိခဲ့လေ။ ပင်းမင်းသမီးခမျာမှာလည်း ရှက်စိတ်နာ၊ ဝမ်းနည်းစိတ်နှင့် စိတ်ထောင်းကိုယ်ကျေဖြစ်နေသဖြင့် အရိုးပေါ်အရေတင် ပိန်လှီဖျော့တော့လာရှာလေသည်။

သမီးတော်အဖြစ်ကို မင်းတရားကြီး မြင်တော်မူလေလျှင် သားတော်နှင့်သမီးတော်စပ်ကြား၌ ဗျာများတော်မူရပြန်လေသည်။

ယင်းသို့လျှင် အတွင်းဆောင် စံတော်မူခိုက်၌ သမီးတော်ပင်းမင်းသမီး စိတ်မချမ်းမသာဖြစ်နေရှာကြောင်း ထပ်လောင်း သိတော်မူသောအခါ အပါးတော်တွင် ခစားဝင်သူများအား

'ဟဲ့-ငါ့သားတော် မောင်ရင်က ဘာပြုလို့ ငါ့သမီးတော်ရဲ့ အဆောင်ကို မကူးရတာတုံး ဟရို့'ဟူ၍ အမေးတော်ပြုသောအခါ သားတော်ကြီးအကြောင်း သိပြီးသူများက သံတော်ဦး မတင်လျှင် မဖြစ်တော့သောကြောင့်. . .

'မက္ခရာကိုယ်တော်ကြီး အဆောင်တော်မကူးတဲ့အကြောင်းရင်းက အပြင်အိမ်တော်က ကိုယ်လုပ်တော်များနှင့်သာ ချစ်ခင်ကြင်နာစွာ ပျော်ပါးတော်မူပြီး သမီးတော်



www.burmeseclassic.com

www.burmeseclassic.com



ကို မေတ္တာယိမ်းတော် မမူလို့ပါဘုရား’ဟု မှန်ရာကိုလျှောက်တင် သံတော်ဦးတင်ကြရတော့သည်။

ယင်းသောအခါ မင်းတရားကြီးက ‘သယ် . . . ငါပေးစားတာ သင်းမကြည်ဖြူနေရရိုးလား’ဟု မိန့်တော်မူပြီး သမီးတော်အဆောင်ကို သားတော်ကူးရောက်စေခြင်းငှာ မက္ခရာမင်းသားကြီးအား ရွှေနန်းတော်အတွင်းက အိမ်တော်မှာ တစ်ပါးတည်းလာရောက်စံနေရမည်ဟု အမိန့်တော်ရှိသောအခါ မက္ခရာကိုယ်တော်ကြီးမှာ ခမည်းတော်အမိန့်ကို မလွန်ဆန်သာတော်မူဘဲ၊ အတွင်းအိမ်တော်သို့ ပြောင်းရွှေ့စံနေရပြန်သည်။ သို့သော် နှမတော်ပင်းမင်းသမီးထံ အဆောင်တော်မကူးဘဲ နေမြဲနေလေသည်။

‘သူက ရှင်ဘုရင်သမီးမို့ တဆိတ်ရှိ သူ့အဖေသွားသွားတိုင်မှတော့ ငါကလည်း ဒီတစ်သက် လက်မလျှော့ဘူးပ’ဟုပင် မိန့်တော်မူလိုက်သေး၏။

မင်းတရားကြီးကလည်း သားတော် မက္ခရာကိုယ်တော်ကြီး အတွင်းအိမ်တော်တွင် နေတော်မူခိုက်မှာ အပြင်အိမ်တော်၌ ကျန်ရစ်ကြသော ကိုယ်လုပ်တော်များကို ‘မယ်မင်းတို့ ကိုယ့်မိဘအိမ်အသီးသီးသို့ ခေတ္တပြန်နေချေရမည်’ဟု အမိန့်တော်ထုတ်ဆင့်တော်မူလိုက်သည်။

ကိုယ်လုပ်တော်များသည်လည်း ခမည်းတော်ဘုရားအမိန့်တော်ကို ကြောက်ရွံ့ရှာကြသဖြင့် အထုပ်အပိုးများပြင်ဆင်ပြီးလျှင် မြို့ပြင်သို့ထွက်ကြရန် မက္ခရာကိုယ်တော်ကြီးအား နှုတ်ဆက်ကန်တော့ရန် စောင့်နေကြသည်။ မက္ခရာကိုယ်တော်ကြီးလည်း လွှတ်တော်တက်ရာက လှည့်ပြီး ချစ်မငြီးသောကိုယ်လုပ်တော်ကြီးများထံသို့ ဝင်လာတော်မူခိုက် ငိုကာ၊ ရယ်ကာနှင့် ‘ဘုရားကျွန်မများ မိဘနေအိမ် ခေတ္တပြန်နေရမယ်လို့ အရှင့်ခမည်းတော်ဘုရားက အမိန့်တော်ထုတ်လို့ သွားရပါတော့မည်ဖြစ်ကြောင်း’ ဝိုင်းလျှောက်တင်ကြလေသည်။ ဤတွင် မက္ခရာကိုယ်တော်ကြီးက ပြုံးတော်မူပြီး . . .

‘အေ. . . အေး၊ ခေတ္တသွားနေကြချေဦး၊ မသွားရင် အမိန့်တော်လွန်ဆန်တယ်ဆိုပြီး နင်တို့ကိုသတ်လိမ့်မယ်၊ ကြွက်မနိုင် ကျီမီးရှို့နေတုန်း နင်တို့က ခဏရှောင်နေကြတာကောင်းတယ်’ဟု အမိန့်တော်ရှိတော်မူသည်။

သို့ရာတွင် မက္ခရာမင်းသားကြီးက အချစ်ဆုံးဖြစ်သော ကိုယ်လုပ်တော်ကလေး ‘ခင်ခင်’ကိုမူ ‘နင်မလိုက်နဲ့၊ ဟောဒီမီးဖိုအုတ်တိုက်ထဲ ပုန်းနေရစ်ခဲ့။ ငါသော့နဲ့ အပြင်ကခတ်ထားပြီး ရွှေလွှတ်တော်ကြီးက လာတိုင်း ငါဝင်ခဲ့မယ်’ဟု မိန့်တော်မူကာ ခင်ခင်ကို တမင်ချန်၍ ဝှက်ထားလေသည်။

မက္ခရာကိုယ်တော်ကြီးသည် ခမည်းတော်အာဏာအတိုင်း အတွင်းအိမ်တော်

www.burmeseclassic.com



တွင်သာ ဟန်မပျက်စံနေကာ လွှတ်တော်ဆင်းတိုင်း ဝှက်ထားသော ကိုယ်လုပ်တော် ခင်ခင်ထံ မှန်မှန်ကြွလာနေသည်။ ခမည်းတော် မင်းတုန်းမင်းတရားကြီးမှာ သားတော် အတွင်းအိမ်တော်တွင် စံနေသောအခါ ဘယ်နည်းမဆို သမီးတော် ပင်းမင်းသမီး၏ အဆောင်တော်ကူးမည်မှုချဟု ယုံမှတ်တော်မူလျက်ရှိသည်။ မက္ခရာ ကိုယ်တော်ကလည်း ခမည်းတော်အကြံကိုသိတော်မူသားဖြစ်၍ ပင်းမင်းသမီး အဆောင်သို့ မသွားမိအောင် အထူးရှောင်ကြဉ်နေသည်။

ခမည်းတော်သည် မင်းသား၏မယ်တော်အား သမီးတော်အဆောင်သို့ ကူးမကူး တီးတိုးမပြတ် မေးတော်မူသည်။ မယ်တော်ကလည်း မကူးကြောင်း အမှန်အတိုင်း လျှောက်တင်ရရှာသည်။

ပင်းမင်းသမီးလည်း ကြာလျှင် ရှက်အားကြီးလှသဖြင့် စိတ်တော် နောက်ပျက်၊ ပျက်ဖြစ်လာသောကြောင့် တစ်ပါးတည်း နန်းတော်တွင်းမှာ ဦးတည်ရာလျှောက်သွား နေရှာသည်။ အဆုံးတွင် ခမည်းတော်က သမီးတော် သက်သာရာရမည့်နည်းလမ်း မေးတော်မူရာတွင်မှ 'ဖျ-ကျွန်မဖြင့် ရှက်လှချည့်ရဲ့၊ ဒီမင်းသားနှင့် မြန်မြန်ကွာရှင်းလို့ သာ ပေးတော်မူပါဘုရား'လို့ ငိုယိုပူဆာလေမှ မင်းတုန်းမင်းတရားကြီးသည် သားတော် မက္ခရာကိုယ်တော်အား လက်လျှော့တော်မူမှန်းမသိ လက်လျှော့ကာ သမီးတော်အလိုအတိုင်း ကွာရှင်းပေးတော်မူလိုက်ရလေသည်။

မင်းတုန်းမင်းတရားကြီးသည် သားတော်များအပေါ်တွင် ဤမျှ ချစ်ခင်ကြင်နာစွာ အလိုလိုက်တော်မူလေ့ရှိသည်။

အလားတူစွာပင် တစ်ခါသော် သားတော်ကြီးတစ်ပါးဖြစ်သူ သုံးဆယ်မြို့စား မင်းသား မဟာသုသီရိဓမ္မရာဇာဘွဲ့ခံ ခုနစ်ရွာတိုက်စားမိဖုရားမှ ဖွားမြင်သူသည် ခမည်းတော်ကို ခွင့်မပန်ကြားဘဲ ရုတ်တရက် အောက်ပြည်ရန်ကုန်သို့ စုန်ဆင်းသွား လေသည်။

ဤသို့ သုံးဆယ်မင်းသား အင်္ဂလိပ်ပိုင် အောက်ပြည်ရန်ကုန်မြို့သို့ တိတ်တ ဆိတ် စုန်ဆင်းသွားခြင်းမှာ သူလျှိုတို့ မြှောက်ထိုးပင့်ကော်လုပ်ပေးသော သဘော သက်ဝင်နေလေသည်။ သုံးဆယ်မင်းသားသည် မင်းပျိုမင်းလွင်ဖြစ်သည်။ မင်းသားပီပီ နန်းတွင်းမှာ ကျဉ်းကျဉ်းကျုံ့ကျုံ့နေရခြင်းကို မလိုလား။ လွတ်လွတ် လပ်လပ် ခရီးသွားလို၊ ခရီးဆန့်လိုသော အာသာရှိ၍ မရောက်ဖူးသောအရပ်ဒေသ များကို ရောက်ဖူး လိုသည်။ ထို့ကြောင့် ခဏတဖြုတ်ထွက်သွားလိုက်ခြင်းဖြစ်သည်။ ပုန်ကန်လိုသော၊ ခြားနားလိုသော အခြားမကျေနပ်စရာကိစ္စများရှိ၍ မဟုတ်ပေ။

ခမည်းတော် မင်းတုန်းမင်းတရားကြီးသည် သားတော် မပန်မကြားထွက်သွား ခြင်းအတွက် အမျက်တော်ထွက်ရန်ရှိသော်လည်း အမျက်တော်မထားခဲ့ပေ။ သူသွား



www.burmeseclassic.com

www.burmeseclassic.com



လိုစိတ် ဆန္ဒရှိ၍သွားသည်။ ပုန်ကန်ခြားနားရန် ရည်ရွယ်ချက်မရှိကြောင်း လည်း စုံစမ်းသိရှိတော်မူသည်။

သုံးဆယ်မင်းသားသည် စိတ်ဆောင်၍ ထွက်သွားမိသော်လည်း ရန်ကုန်ရောက်ရှိသောအခါ ခမည်းတော်ကို မပန်မကြားထွက်လာမိသည်ကို နောင်တတရားရရှိနေသည်။ ခမည်းတော်အမျက်ထား၍ အပြစ်ပေးခံရမည်ကို စိုးရွံ့နေရှာသည်။ သွေးဆောင်ဖျက်ဆီးမှုပြုသော ဝက်ဩသမားများကလည်း ရန်ကုန်၌ မင်းသားကို ဝတ္တရားကျေစွာ ဧည့်ဝတ်ပြုကြသည်။ မင်းသားကို သူတို့ကြိုးကိုင်လျှင် ရမလားဟု ကြိုးစားကြည့်ကြလေသည်။ မင်းသားက ခမည်းတော်နှင့် ဘခွေးတော်အိမ်ရှေ့မင်းတို့အပေါ်တွင် ပြစ်မှားစိတ်ရှိသူမဟုတ်မှန်း သွေးခွဲ၍မရမှန်းသိသောကြောင့် လက်လျှော့ရလေသည်။

ထိုအချိန်က မင်းတုန်းမင်းတရားကြီးပိုင်ဆိုင်သော အထက်မြန်မာပြည် မန္တလေး ရတနာပုံမြို့နှင့် အင်္ဂလိပ်ပိုင် အောက်နိုင်ငံရန်ကုန်မြို့များမှာ ဧရာဝတီမြစ်ကြောင်းမှ မီးသင်္ဘောများ သွားလာကူးသန်းနေကြသည်။ အင်္ဂလိပ်ပိုင်သင်္ဘောများကလည်း အထက်အညာသို့ ဆန်တက်လာသည်။ မင်းတုန်းမင်းတရားကြီးပိုင် သင်္ဘောတော်များကလည်း အောက်ပြည်ရန်ကုန်သို့ စုန်ချည်ဆန်ချည် ကူးသန်းခုတ်မောင်းလျက်ရှိသည်။

မင်းတုန်းမင်းတရားကြီးပိုင် သင်္ဘောတော်ကြီးများမှာ (စကြာယာဉ်ပျံ)၊ (ရေနန်းစကြာ)၊ (မြနန်းစကြာ)၊ (စကြာယာဉ်မွန်)၊ (ရေလွှတ်ယာဉ်ကျော်)၊ (တုလွှတ်ယာဉ်ပျံ)၊ (ရတနာယာဉ်ကျော်)၊ (ပက္ခဒီပ)၊ (ဗန္ဓုလ)၊ (ရှင်စောပု)၊ (မန္တလေး) စသော သင်္ဘောများဖြစ်၍ နိုင်ငံခြားမှဝယ်ယူလေသည်။ အချို့သင်္ဘောများမှာ ဧရာဝတီမြစ်ကြောင်းမှာ သာမက၊ ပင်လယ်ကူးနိုင်သော မီးသင်္ဘောကြီးများ ဖြစ်လေသည်။

ယင်း မြန်မာပိုင်သင်္ဘောများမှ သင်္ဘောသားအလုပ်သမားနှင့် ဦးစီးကပ္ပတိန် အထိ မြန်မာအမျိုးသားများသာလျှင် အများအားဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ကြ သည်။ သင်္ဘောအမျိုးအစားမှာ ထိုခေတ်က ပေါ်ပေါက်နေသော မီးထိုး၊ ရေနွေးအိုးဘွိုင်လာအားနှင့် ခုတ်မောင်းရခြင်းဖြစ်သည်။ ၎င်းဘွိုင်လာရေနွေးအား မီးသင်္ဘောများကို ရှေ့ဘိုမင်းခေါ် သာယာဝတီမင်းလက်ထက်ကပင် စတင်သုံးစွဲနိုင်ရုံမက ဟံသာဝတီသင်္ဘောကျင်းမှ ရတနာမွန်မီးသင်္ဘောကြီးကိုပင် တည်ဆောက်လုပ်ကိုင်နိုင်သည်အထိ မြန်မာတို့ ကျွမ်းကျင်မှုရှိခဲ့လေပြီးဖြစ်ပါသည်။

သုံးဆယ်မင်းသားသည် မန္တလေးမှ ရန်ကုန်သို့ရောက်လာသော သင်္ဘောများမှ ပါလာသူများအား ခမည်းတော်မင်းတရားကြီး အမျက်တော်ရှိမရှိ သတင်းသိလိုမှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စုံစမ်းကြည့်သည်။ ယင်းသို့နှင့် သုံးဆယ်မင်းသား ပြည်တော်ပြန်ခက်၍ အောက်ရပ်ရွာ၌ လေးလခန့် အချိန်ကြာလာသည်။ ခမည်းတော်ကလည်း သားတော်၌ အထွေအထူး အကြံဉာဏ်မရှိကြောင်းသိတော်မူပြီးဖြစ်၍ နောက်ထပ်အပြစ်တင်တော်မမူကြောင်း သိရလေသည်။

သို့နှင့် မင်းတုန်းမင်းတရားကြီးပိုင်(မြနန်းစကြာ)သင်္ဘောတော်ကြီး ရန်ကုန်မှ မန္တလေးရတနာပုံနေပြည်တော်သို့ ဆန်တက်ရန်ရှိသောအခါ နေပြည်တော်ရတနာပုံမြို့မှ ရန်ကုန်သို့ ကိစ္စတာဝန်နှင့်ရောက်နေသော အကောက်ဝန်ရွှေတိုက်စိုး မဟာမင်းလှရာဇာဘွဲ့ခံ မျက်နှာဖြူလူမျိုး အန်ထော်နီသည် နေပြည်တော်သို့ မြနန်းစကြာသင်္ဘောတော်နှင့်လိုက်ပါရန် ရှိနေသည်။

အကောက်ဝန် အန်ထော်နီသည် သုံးဆယ်မင်းသား ပြည်တော်ပြန်ခက်နေကြောင်း သိရှိရသည်။ ခမည်းတော်မင်းတရားကြီး သဘောတော်မှာ အမျက်တော်မရှိကြောင်းလည်း သူသိသည်။ သူလျှိုတို့ သပ်ပင်း၍မဝင်ကြောင်းလည်း သူသိသည်။ သူလည်း နှစ်ဖက်လှ၊ နှစ်ဖက်ချွန်၊ နှစ်ဖက်သွားလူစားမျိုးထဲကပင် ဖြစ်သည်။ မင်းသားလည်း အရာမထင်၊ ကြာလျှင် အခြေအနေမကောင်း၊ သူလျှိုတို့မှာလည်း ခရီးမတွင်။ သို့ကြောင့် 'ဗိုလ်နေမြဲ-ကျားနေမြဲ'ဖြစ်လေအောင် အကျိုးဆောင်အနေနှင့် ခမည်းတော်နှင့် သားတော်စပ်ကြားတွင် ဝင်၍ပြေလည်အောင် ကြံဆောင်လိုက် သည်။

'သုံးဆယ်ကိုယ်တော် နေပြည်တော်သို့ ပြန်လိုက်ပါတော်မူခဲ့ပါ။ ဘာမှမဖြစ်စေရန် ကျွန်တော်မျိုး တာဝန်ယူပါမည်။ ခမည်းတော်ဘုရားကလည်း အမျက်တော်မရှိကြောင်း သူအတပ်သိပါသည်'ဟူ၍ ကျိုးကြောင်းပြသတရားချ၍ သူနှင့်အတူ မြနန်းစကြာသင်္ဘောတော်နှင့် ပြန်လည်ခေါ်ယူလာခဲ့ခြင်း ဖြစ်လေသည်။

ရတနာပုံနေပြည်တော်သို့ ရောက်သောအခါ ခမည်းတော်က တစ်စုံတရာ အပြစ်တော်မပေးသဖြင့် သုံးဆယ်မင်းသား စိတ်အေးရလေသည်။

သုံးဆယ်မင်းသားသည် ၁၂၂၄ ခု၊ တန်ခူးလဆန်း ၂ ရက်နေ့က နေပြည်တော်မှ တိတ်တဆိတ် ရန်ကုန်သို့စုန်ဆင်းသွားခဲ့ရာ ၁၂၂၅ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့မှ အကောက်ဝန် အန်ထော်နီနှင့်အတူ မင်းတုန်းမင်းပိုင် မြနန်းစကြာမီးသင်္ဘောကြီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ လာခဲ့ရခြင်းဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီးသည် ဤသို့လျှင် ငယ်ရွယ်သူ မင်းပျိုမင်းလွင်သားတော်များ၏ အမှားကိုလည်း စိတ်ရှည်စွာ သည်းခံတော်မူလေ့ရှိခဲ့ပါသည်။

ထိုအချိန်က နယ်ချဲ့သူလျှိုတို့၏ အရေးအကြီးဆုံးလုပ်ငန်းမှာ လက်နက်စုဆောင်းနေသော အိမ်ရှေ့မင်းအပေါ်တွင် 'ပစ်ကွင်း'ထားလျက် နည်းအမျိုးမျိုးနှင့် ဖျက်ဆီးရန်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ရည်မှန်းချက်နှင့် သဘာဝအကျဆုံးလုပ်ရပ်မှာ အိမ်ရှေ့မင်းကို ဖယ်ရှင်းပစ်ရန်ဖြစ်ပါသည်။ သို့ဖယ်ရှင်းခြင်းကိစ္စမှာလည်း သူတို့ပယောဂဟူ၍ လုံးဝအကောင်အထည်မဖော်နိုင်စေသော နည်းဖြစ်သည်။

ဤနည်းသည် ထီးနန်းမွေ ဆက်ခံလိုသောသားတော်များနှင့် ဘဒွေးတော်အိမ်ရှေ့မင်းတို့ကြားမှာ ဂုံးစကားနှင့် အမုန်းပွားစေရန် ပထမရည်ရွယ်သည်။ မလိုမုန်းထားစိတ်များ ဖြစ်ပေါ်လာလျှင် အကွက်ဝင်လေပြီ။

ရှေ့ဆက်ရန်ခရီးမှာ သားတော်များကို မြှောက်ပင့်ပေးခြင်း၊ သွေးထိုးပေးခြင်းနှင့် တိတ်တဆိတ်ကျိတ်၍ နောက်ပိုင်းမှ အကူအညီအဆက်အသွယ်(တစ်နည်း)အကာအကွယ်ပြုပေးရန် ကတိတာဝန်ခံခြင်း စသည်များကို တစ်လှမ်းချင်း တစ်လှမ်းချင်း တက်လှမ်းလာရန် ဖြစ်သည်။

သို့သော် မင်းသားများကိုဆွဲဆောင်ရာ၌ ထင်သလောက် ခရီးမရောက်ဘဲ ရှိနေသည်။

နောက်ဆုံးအခြေအနေကား ရှိသမျှမင်းသားများအနက်မှ သူတို့အလိုကျဖြစ်လာမည့်သူတစ်ဦးကို တွေ့ရှိကြလေပြီ။ ထိုသူကား မြင်ကွန်းမင်းသားကြီး သီလဝပါတည်း။ မြင်ကွန်းမင်းသားကြီးကိုရလျှင် ညီတော်မြင်းခုံတိုင်မင်းသားမှာ အလိုအလျောက် နောက်ကကပ်၍ ပါလာပေလိမ့်မည်။ သူတို့က ညီနောင်ရင်းချာများပါပေ။

အိမ်ရှေ့မင်းကြီးမရှိလျှင် မြင်ကွန်းကိုယ်တော်ကြီး ထီးနန်းဆက်ခံရမည်အမှန်ဟူသောထင်မြင်ချက်များကိုပေးရင်း ယင်းသွင်းသွေးထိုးခံခဲ့ရခြင်းဖြင့် ယဉ်ပါးခဲ့ပြီးဖြစ်သော်လည်း၊ ထင်ထင်မှတ်မှတ် အနောက်တိုင်းဖြစ် လက်နက်သေနတ်များဆို၍ အပ်တိုတစ်ချောင်းမျှ ပေးကမ်းထောက်ပံ့မှုမရှိ။ ပိပိရိရိ အစဖျောက်ထားသည်။ သက်သေခံအထောက်အထား နောက်များတွင်မပေါ်ရန် ဖြစ်လေသည်။

သို့သော် နောင်ခါနောင်ခါ အကြောင်းရှိလာလျှင် ရန်ကုန်ကအင်္ဂလိပ်တို့က ကြည့်နေကြမည်မဟုတ်ပါ။ မြင်ကွန်းကိုယ်တော်ကြီးနောက်မှာ အင်တိုက်အားတိုက် အကူအညီပေးကြမည်ဖြစ်သည်ဟူသော ယုံကြည်ချက်ကိုလည်း မြင်ကွန်းမင်းသားကြီး၏ဦးထိပ်၌ သံမှိုစွဲသလို မြဲမြံခိုင်ခန့်နေစေသည်။ မက်လုံးပေးမှန်းမသိ ပေးထားခြင်းဖြစ်သည်။

ထို့ကြောင့် ရတနာပုံထီးနန်းကို လုယူရန် အကြံသည် မြင်ကွန်းမင်းသားကြီး၌ လေးနက်ခိုင်မာသည်ထက် ခိုင်မာလာလေသည်။ ရှေးဦးစွာ ဖြစ်ပေါ်သော အကြံမှာ ဘဒွေးတော်ယောက္ခမအိမ်ရှေ့မင်းကြီးအား ဖယ်ရှားပစ်မည်။

အိမ်ရှေ့မင်းကြီး မရှိလျှင် မိမိတစ်ပါးတည်းက အိမ်ရှေ့အရာဆက်ခံနိုင်ရန် အလားအလာက လမ်းဖြောင့်လမ်းမှန်ဖြစ်၍လာဦးမည် မဟုတ်ပေ။ အခြားအလား



www.burmeseclassic.com

www.burmeseclassic.com



တူ သားတော်ကြီးတွေ ၄-၅ဦးရှိနေသေးသည်။ ခမည်းတော်မင်းတုန်းမင်းတရားကြီးကလည်း မည်သည့်သားတော်ကို အိမ်ရှေ့နှင်းမည်နည်း၊ အိမ်ရှေ့မင်းကြီးမှာလည်း သားတော်ကြီးတစ်ပါး ပုတိမ်းမင်းသားကြီးက ထီးထီးကျန်ရစ်ရှိနေဦးသည်။ မင်းတုန်းမင်းတရားကြီးသည် ညီတော်ကို အလွန်ချစ်သည်။ ထို့ကြောင့် ညီတော်၏နေရာကို သူ့သားတော် ပုတိမ်းမင်းသားအား ထပ်မံခန့်အပ်လိုက်ပါလျှင် မိမိတို့ ကြိုးစားခဲ့သမျှ သဲရေကျဖြစ်ရတော့မည်။

သည်တော့ အရင်းကိုလှဲမှသာ ရာဇဝင်ပြောင်းရပေတော့မည်။ စွန့်စားရခြင်း အတူတူ ခမည်းတော်နှင့်ဘဒွေးတော်ပါ ဤညီတော်, နောင်တော်နှစ်ပါးလုံးကို ဖယ်ရှားသုတ်သင်ပစ်မှသာ မိမိအဖို့ ခရီးလမ်းပန်း ဖြောင့်ဖြူးသာယာမည်ဖြစ်သည်ဟု တွက်ဆသည်။

သို့ရာတွင် အိမ်ရှေ့စံကနောင်မင်း၏ နောင်တော်မင်းတုန်းမင်းတရားကြီးသည် မိမိ၏ ခမည်းတော်ရင်းဖြစ်နေပြန်သည်။ အဖကိုသတ်သော သားသည် ပစ္စက္ခတွင်လည်းကောင်း၊ သံသရာတွင်လည်းကောင်း၊ အဆိုးဆုံး အယုတ်ညံ့ဆုံး ပဉ္စာနန္တရိယကံထိုက်သော လူမိုက်လုံးလုံးဖြစ်လေတော့မည်။ မြင်ကွန်းမင်းသားကြီးသည် လောကဓမ္မတို့ကို ကျွမ်းကျင်နားလည်သော မင်းသားတစ်ပါးပင်ဖြစ်လေသည်။ နားမလည်၍ ကားမဟုတ်။ မင်းလုပ်ချင်သော အာသာဆန္ဒက အလွန်နှိုးဆွခြင်းခံနေရသူ ဖြစ် သည်။ ထိုခေတ်ဆီက ရှင်ဘုရင်သတ်သူက ရှင်ဘုရင်ဖြစ်နိုင်သည်။ ရှင်ဘုရင်ဖြစ်လို သူသည် ညီအစ်ကိုချင်းသော်လည်းကောင်း၊ တူအရီးသော်လည်းကောင်း၊ နောက်ဆုံး မွေးဘခင်ကိုလည်းကောင်း သတ်ရက်ရမည်။ သတ်ရဲရမည်။

မြတ်စွာဘုရား လက်ထက်တော်ကြီးမှာပင် ရှင်ဘုရင်ဖြစ်ချင်သော အဇာတသတ်မင်းသားသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြခဲ့ပြီး မဟုတ်တုံလော။ ပုဂံရာဇဝင်၌ အလွန်တန်ခိုးကြီးလှသော အလောင်းစည်သူမင်းကြီးအား သားတော် နရသူက ထီးနန်းမြန်မြန်ရလို၍ သေခဲလှသည်ဆိုပြီး၊ လူမမာကြီးကို ရွှေကူကြီးဘုရားအတွင်းက ဗူးစင်အောက်လာရောက်ပစ်ထားခဲ့ဖူးသည် မဟုတ်ပေလော စသောဆင်ခြေဆင်လက်မျိုးမှာ သဘာဝ အလျောက်အလိုလို ပေါ်ပေါက်လာပေလိမ့်မည်။

ယင်းသို့ အထောက်များကြောင့်တစ်ကြောင်း၊ အားပေးအားမြှောက်ပယောဂ မွှေနှောက်ထားခြင်းခံရ၍တစ်ကြောင်း၊ မိမိကိုယ်၌လည်း ထီးနန်းစည်းစိမ်ကို အလိုရမက်ကြီးနေမှုကြောင့်တစ်ကြောင်း၊ လောဘရှေ့ဆောင်၍ မောဟအမိုက်မှောင် ဖုံးလွှမ်းနေပြီဖြစ်ရကား မြင်ကွန်းမင်းသားကြီးမှာ နောက်ဆုံး၌ ဘဒွေးတော်နှင့် ခမည်းတော်တို့ကိုသုတ်သင် ရှင်းလင်းပစ်ရန် ဆုံးဖြတ်လျက် လျှို့ဝှက်အကြံအစည် ပြုနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူလျှိုများသည် အလွန်လျှင် ပါးနပ်လိမ္မာကြသူများလည်း ဖြစ်ပါသည်။ သွေးခွဲမှုအမျိုးမျိုးတို့ကိုလည်း ဒိုးလိုမွှေ့နေအောင် တတ်နိုင်, စွမ်းနိုင် ပရိယာယ်နှင့် ဝက်န္တညာဏ်တွေ ကြွယ်ဝလှပါသည်။

အိမ်ရှေ့စံကနောင်မင်းက လက်နက်စက်ရုံများ တည်ဆောက်လျက် လက်နက်အမျိုးမျိုး လုပ်ကိုင်စုဆောင်းနေသည်၊ သေနတ်ယမ်းအမျိုးမျိုး၊ မြေမြှုပ်ဗုံး၊ ရေမြှုပ်ဗုံးများအထိ စမ်းသပ်လုပ်ဆောင် အောင်မြင်လျက်ရှိသည်။ အိမ်ရှေ့မင်း၏ ရည်ရွယ်ချက်သည် မိမိနိုင်ငံ၌ လက်နက်အင်အားတောင့်တင်းမှုရှိမှ လုံခြုံမည်၊ တိုင်းတစ်ပါးတို့က ခန့်ညားရိုသေမည်။ နယ်ချဲ့အင်္ဂလိပ်များက အနိုင်ကျင့်သိမ်းပိုက်ထားသော မိမိတို့ပိုင် မြန်မာနိုင်ငံအောက်ပိုင်းကိုလည်း ပြန်လည်တိုက်ခိုက် ယူနိုင်ပေလိမ့်မည် ဟူ၍ဖြစ်ပါသည်။

ဤသည်ကို အခွင့်ကောင်းယူပြီးလျှင် မင်းတုန်းမင်းတရားကြီးက ညီတော်အိမ်ရှေ့မင်းပေါ်၌ မတော်မလျော် ယုန်ထင်ကြောင်ထင် 'ထင်' စေမည်ဖြစ်သော အရိပ်လက္ခဏာများကို နားတော်သွင်းစေသည်၊ နားတော်သွင်းမည့် အတွင်းတော်လူ (အချို့သောမိဖုရား)များအား သူလျှိုမများက ရင်းနှီးအောင် ခစားပြီးလျှင် 'အိမ်ရှေ့မင်းလက်နက် လူ, သူစုရုံးနေကြောင်း၊ သည့်ထက် အင်အားတောင့်တင်းလျက် လက်နက်တွေများပြားလာသောအခါ နောင်တော်မင်းတရားကြီးကိုပင် ထီးနန်းမှ ချပစ်မည်စိုးရိမ်ဖွယ်ရှိကြောင်း' ဥပါယ်တံမျဉ်ဖြင့် အကျိုးလိုယောင် ရှုပဆောင်ကြသည်။

သားတော်များမိခင် မိဖုရားများကလည်း မင်းတုန်းမင်းတရားကြီးကို ထိပါးမည်ဆိုလျှင် မချိအောင်နာကြပေမည်။ မင်းတုန်းမင်းတရားကြီး ဟူသော ရေမြင့်ပါမှ မိမိတို့မိဖုရား(ကြာ)များ တင့်တယ်စွာပွင့်နိုင်မည်၊ ရေခန်းလျှင်ကြာများ နွမ်းကြရတော့မည်၊ မိန်းမဟူသည် အစိုးရိမ်လည်းလွန်တတ်ကြသည်။ သို့ကြောင့် အိမ်ရှေ့မင်းလက်နက်စုသည်ကို စိုးရိမ်မိကြောင်း နှစ်ကိုယ်ကြားလျှောက်တင်ခွင့်ရချိန်များမှာ သတိပေးလျှောက်တင်ကြသည်။

သို့သော် မင်းတရားကြီးက စိုးရိမ်ဟန်မပြ၊ အစဦးကပင် 'ငါ့ကို ငါ့ညီတော်က နန်းတင်ပေးထားတာကပဲ'ဟူ၍ပင် ပြန်လည်မိန့်မြွက်တော်မူလေသေးသည်။ သို့သော် စိတ်တော်တွင်းကတော့ သံသယဝင်မှုကလေးများ မွေးယှက်နေကောင်း နေပေမည်။ သံသယဆိုသည်မှာ မျိုးစေ့ကလေးရှိနေလျှင်၊ အပင်ပေါက်ရန် အညှောက်ထိုးလာနိုင်သေး၏။ မကွေးဝန်ကြီး ဦးကြာဥသည် နယ်ချဲ့အင်္ဂလိပ်ကို ပြန်ချဖို့ကိစ္စမှာ အိမ်ရှေ့မင်းနှင့်သဘောတူညီပါသည်။ အိမ်ရှေ့မင်းလက်နက် စုဆောင်းရာတွင်လည်း ဝင်ရောက်အားပေးနေသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတရားကြီးသည် မကွေးဝန်ကြီးဦးကြာဥက အိမ်ရှေ့မင်းထံ မကြာခဏ ဝင်ထွက်သွားလာနေကြောင်း အထောက်တော်များမှတစ်ဆင့် ကြားသိတော်မူရသည်။ ဦးကြာဥသည် မိမိတို့ညီနောင် ပုဂံမင်းကို ပုန်ကန်ခြားနားရာ၌ အရေးကြီးသော ကဏ္ဍမှနေ၍ ပါဝင်ကူညီခဲ့သူဖြစ်လေသည်။ မိမိတို့အပေါ်၌ သစ္စာစောင့်သူဖြစ်သည်ဟု မှတ်ယူခဲ့ပြီးဖြစ်သည်။ မကွေးဝန်ကြီးမှာ အစွမ်းထက်မြက်သူလည်းဖြစ်သည်။ (ရှင်ဘုရင် ကြာ, ကြာလုပ်ချင်ရင် လုံအောင်ထိုင်)ဆိုသော စကားပင် ထိုခေတ်ကပေါ်ခဲ့သေးသည်။ မကွေးဝန်ကြီးကို ရည်ရွယ်၍ဆိုသောစကားဖြစ်သည်။ မကွေးဝန်ကြီးနှင့် ချစ်ခင်မှုခိုင်လုံမှုရှိမှ ထီးနန်းအတွက် စိတ်ချရမည်ဟူ၍ အဓိပ္ပာယ်ရသည်။

သို့ကြောင့် ညီတော်အိမ်ရှေ့မင်း စံနေတော်မူရာ မြောက်အိမ်တော်သို့ မကွေးဝန်ကြီး မကြာခဏဝင်ထွက်ခစားမှုပြုသည်ကိုပါ သံသယဝင်တော်မူလာပြန်သည်။ သို့ရာတွင် ပညာရှိမင်းဖြစ်၍ ပညာရှိအမျက် ပြင်မထွက်ဟူသောစကားပုံအတိုင်း၊ စိတ်တော်မှ အထွေအထူးမရှိသကဲ့သို့ နှုတ်တော်မှလည်း တစ်စုံတရာမိန့်ကြားတော်မူခြင်းမပြုခဲ့ပါ။ အချိန်အခါ ငံ့လင့်ကာ နေတော်မူဆဲဖြစ်၏။ သို့သော် တစ်နည်းနည်းနှင့် ညီတော်အား လက်နက်စုဆောင်း လုပ်ဆောင်နေမှုများကို ဤအခြေအနေထက် တိုးတက်မှုမရှိရလောက်အောင် ကြံဆောင်လျက်၊ တစ်ဖက်မှလည်း ညီတော်အား တားဆီးထားရန်ကိုမူ ကြံစည်စိတ်ကူးမိလေသေးသည်။

မင်းတုန်းမင်းတရားကြီးသည် သာသနာတော် စည်ပင်ပွားများရေးကို အဓိက အရေးထား၍ မင်းလုပ်အုပ်စိုးတော်မူသူဖြစ်သည်။ လောကီရေးရာကိစ္စများထက် လောကုတ္တရာရေးရာများကို ပိုမိုဦးစားပေးတော်မူခဲ့သော ဘုရင်တစ်ပါးလည်းဖြစ်သည်။ အထူးသဖြင့် ပဥ္စမသင်္ဂါယနာတင် မင်းတရား၊ မြတ်စွာဘုရား၏ နှုတ်ကပတ်တော်များဖြစ်သော ပိဋကတ်သုံးပုံများကို ကျောက်ထက်အက္ခရာတင်၍ ကမ္ဘာတည်အောင်စွမ်းဆောင် လှူလပြုတော်မူထားသော မင်းတရားတစ်ပါး၊ သာသနာတော်ဝန်ထမ်း ရဟန်းပုဂ္ဂိုလ် အကျော်အမော်ဖြစ်သူ ဆရာတော် သံဃာတော်ကြီးများအား များစွာသောကျောင်းတိုက်တော်ကြီး အသီးသီးတို့နှင့် ကိုးကွယ်ပူဇော်ထားကာ ယင်းသံဃာတော် ဆရာတော်အရှင်သူမြတ်တို့၏ အဆုံးအမ၌ ဦးလည်မသုဉ် နာယူကျင့်သုံးတော်မူခဲ့သော မင်းတစ်ပါးလည်းဖြစ်သည်။

ရွှေနန်းတော်တွင်းမှာလည်း ယင်းဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား မကြာခဏ ပင့်ဖိတ်ကြွရောက်စေကာ ဆွမ်းဘောဇဉ်အာဟာရများ ဆက်ကပ်လှူဒါန်း၍ ဓမ္မသဝန ဓမ္မဒေသနာတော်များ နာကြားခြင်း၊ သံဃာတော်ကြီးတို့နှင့် တရင်းတနှီး တရားစကား နှီးနှောဆွေးနွေးတော်မူခြင်းစသော ကိစ္စရပ်များကို ပြုတော်မူမြဲဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးများမှာ လောကုတ္တရာရေး သက်သက်သာလျှင် ရှုစားအရေးထားသော ပုဂ္ဂိုလ်ကြီးများဖြစ်လေရာ၊ လောကီရေးရာတို့၌ တစ်စုံတစ်ရာ စပ်ယှက်ရောထွေးတော်မူလေ့မရှိသောကြောင့်၊ လောကရေးရာတို့ကို လက်ခံတော်မူမည့်သူများ မဟုတ်ကြလေ။ မင်းတုန်းမင်းတရားကြီးသည် ဤသဘောတရားကို စဉ်းစားဆင်ခြင်တော်မူမိလေသည်။

သို့ကြောင့် ညီတော်အိမ်ရှေ့မင်းသားအား လက်နက်စုဆောင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဆရာတော် သံဃာတော်ပုဂ္ဂိုလ်ကျော်ကြီးများမှ တစ်ဆင့်၊ မေတ္တာရပ်စေရသော် သင့်လျော်လိမ့်မည်ဟုလည်း တစ်နည်းတစ်လမ်း အကြံပြုတော်မူလေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးသည် နောင်တော်မင်းတရားကြီး၏အလိုတော်ကို ရိပ်မိတော်မူခြင်းမရှိ။ လက်နက်ပြည့်စုံမှု တစ်ခုတည်းကိုသာ ရှေ့ရှုတော်မူလျက် ကြံစည်လုပ်ဆောင်တော်မူလျက် ရှိနေသည်။

သို့ကြောင့် လက်နက်စက်ရုံများတွင် သေနတ်၊ ခဲယမ်းများလုပ်ဆောင်စေရုံမက မိမိစံနေတော်မူရာ မြောက်အိမ်တော်ဝင်းကြီးအတွင်း မှာလည်း လက်နက်ခဲယမ်းများ သိုမှီးကာ၊ မကြာခဏ လက်နက်ဆန်းများကို စမ်းသပ် လုပ်ကိုင်လေ့ရှိသည်။

ရေမြှုပ် ဗုံးလက်နက်ကြီးများ လုပ်ကိုင်ပြီးစီးသောအခါမျိုးများတွင် မြို့တော်အရှေ့မျက်နှာ ရန်ကင်းတောင်ခြေရှိ အောင်ပင်လယ်ကန်ကြီးတွင် မကြာခဏဖောက်ခွဲစမ်းသပ်ကြည့်မှုများပင် ပြုလုပ်တော်မူလေ့ရှိသည်။

ရေမြှုပ်ဗုံးဖောက်ခွဲသော အသံသည် အလွန်တရာပြင်းထန်မြည်ဟီးတတ်သည်။ အစပိုင်းတွင် နန်းတွင်းသူနန်းတွင်းသားများနှင့်တကွ ရွှေမြို့တော်ဝန်းကျင် နေပြည်တော်လူထုတို့မှာ ဗုံးခွဲသောအသံကို မည်သည့်အသံမှန်းမသိကြသေးပေ။ ရိုးသားသောရှေးလူကြီးများက ထိုအသံကြီးအား နတ်အမြောက်သံဟူ၍လည်းကောင်း၊ မြေငလျင်တော်လဲသံဟူ၍လည်းကောင်း၊ မြေကွဲသံ၊ ရန်ကင်းတောင် ငါးရံ့တွင်းပြိုသံဟူ၍လည်းကောင်း အမျိုးမျိုးအမည်တပ်၍ ပြောဆိုနေကြလေသည်။

'သက္ကရာဇ် ၁၂၂၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့ ၃ ချက်တီးအချိန်၊ မြို့အရှေ့နှစ်တိုင်ကွာအရပ်က 'ဒိန်း'ဟူသောအသံကြီး ပြင်းစွာကြားရပြီးလျှင် ဟိန်း၍အတန်ကြာအသံထွက်မြည်နေသည်။ အချို့က နတ်အမြောက်ပစ်သည်၊ မြေကွဲ သည်၊ ရန်ကင်းတောင် ငါးရံ့တွင်းပြိုကျသည်စသဖြင့် အမျိုးမျိုးပြောကြသည်'

ဟူ၍ မှတ်သားထားသော မှတ်တမ်းတစ်ခုကို ဝက်မစွတ်မြို့စား ဝန်ထောက်မင်းကြီး မင်းတင်မဟာစည်သူ၏ နေ့စဉ်မှတ်ဒိုင်ယာရီတွင် တွေ့ရှိရလေသည်။ အိမ်ရှေ့စံကနောင်မင်းကြီးသည် အောင်ပင်လယ်ကန်သို့ ရေမြှုပ်ဗုံးများ၊ စမ်းသပ်ဖောက်ခွဲမှု အကြိမ်ကြိမ်ရှိလာသောအခါမှ ဖြစ်ရပ်မှန်ကို သိရှိရိပ်မိလာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း နန်းမြို့တော်အတွင်းမှာရှိသော အိမ်ရှေ့အိမ်တော်အတွင်းမှ 'ဒိန်းဒိုင်း'ဟူသော လက်နက်ပေါက်ကွဲသံများလည်း ဖြစ်ပေါ်လာတတ်သေးသည်။ ထိုအသံများမှာလည်း လက်နက်ငယ်များစမ်းသပ်ခြင်း၊ ယမ်းအိုးများ မတော်တဆ ပေါက်ကွဲခြင်းစသည်များကြောင့် ဖြစ်လေသည်။ ဤအသံမျိုးကြားရတိုင်း မိဖုရားများက ကြောက်ကြသည်။ မင်းတရားကြီးအားလည်း သတိပေးစကား လျှောက်ကြားမိကြလေသည်။ မည်သူတွေ မည်သို့ တုန်လှုပ်နေကြစေကာမူလည်း အိမ်ရှေ့မင်းမှာ မိမိလုပ်ဆောင်တော်မူလိုရာ လက်နက်ဆန်းများကို လုပ်ကိုင်စမ်းသပ်ကြည့်တော်မူမြဲသာ ဖြစ်သည်။

၁၂၂၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့ည ၂ ချက်တီးကျော်အချိန်တွင် အိမ်ရှေ့မင်းစံနေရာ အိမ်ရှေ့အိမ်တော်ဝင်းအတွင်းက ယမ်းအိုးမီးပေါက်၍ အသံပြင်းစွာမြည်ပြီးလျှင် ဝင်းဝင်းထိန်ထိန်အရောင်များ အတန်ကြာဖြစ်ပေါ်နေသည်။

ယင်းမှတ်တမ်းကိုလည်း ဝက်မစွတ်မြို့စား ဝန်ထောက်မင်းကြီး မင်းတင်မဟာစည်သူ၏ နေ့စဉ်မှတ်ဒိုင်ယာရီမှာ ထပ်မံတွေ့ရှိရပါသည်။

အိမ်ရှေ့မင်းသည် တိုင်းပြည်အတွက် ဤ၍ဤမျှ လုံ့လပြုတော်မူလျက် လက်နက်စုဆောင်းနေတော်မူသည်။ နောင်တော်အပေါ်၌ ပြစ်မှားရန် အကြံဟူ၍ ဆံတစ်ချည်ပင် ရှိတော်မူသည်မဟုတ်ပေ။ သို့တစေ ဝက်ဝံတို့၏ သွေးခွဲမှု၊ သံသယ ဝင်စေမှုကလေးများက နောင်တော်မင်းတရားကြီးအား ရွှေနားတော်အတွင်းသို့ သွင်းပို့ထားကြလေသည်။

သို့နှင့် တစ်နေ့သော ဥပုသ်နေ့နံနက်အချိန်တွင် အိမ်ရှေ့မင်းနှင့် တပည့်လက်စွဲတော်များ၊ မှူးမတ် မင်းမှုထမ်းများသည် လွှတ်တော်ပိတ်ထားသော နေ့ရက်လည်းဖြစ်သောကြောင့် နံနက်စောစော နေပူရှိန်မပြင်းမီ ရန်ကင်းတောင်ခြေရှိ အောင်ပင်လယ်ကန်သို့ မြင်းစီး၍ထွက်လာကြသည်။ ထိုနေ့အဖို့ အလွန်အရေးကြီးသော ရေမြှုပ်ဗုံးကြီးတစ်လုံး လုပ်ဆောင်ပြီးစီး၍ စမ်းသပ်ဖောက်ခွဲကြည့်ရန် ဖြစ်လေသည်။

ဤရေမြှုပ်ဗုံးအမျိုးအစားသာ အောင်မြင်သွားပါက ဧရာဝတီမြစ်ကြောင်းမှ ဆန်တက်တိုက်ခိုက်လာမည့် စစ်သင်္ဘောများကို လမ်းခရီးမှ ဆီးကြိုဖျက်ဆီးနှိမ်နှင်းပစ်ရန်ဖြစ်လေသည်။ ဤဗုံးသာ အောင်မြင်ပါလျှင် ရေကြောင်းမှဝင်လာမည့် ရန်သူအင်္ဂလိပ်တိုက်သင်္ဘောများကို မျိုးတုံးအောင် ချေမှုန်းနိုင်ပေမည်။ ကုန်းကြောင်းမှ ချီလာမည့် ရန်သူကိုကား မမှုကြပါ။ လှံကို လှံချင်း၊ ဓားကိုဓားချင်း၊ သေနတ်ကို သေနတ်ချင်း၊ လူကိုလူချင်း အပြင်းအထန်တိုက်ခိုက်ခုခံနိုင်လိမ့်မည်ဟု ပုံသေကားချပ်တွက်ထားကြသည်။ ကုန်းဘောင်ခေတ် မိမိတို့မြန်မာ့သတ္တိသွေးကို ယုံကြည်ကြပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းနှင့် နောက်ပါမင်းမှူထမ်းတစ်စုတို့သည် ဤရေမြှုပ်ပုံးကြီးစမ်းသပ်ရန် ဖောက်ခွဲရန်အတွက် အလွန်စိတ်အားထက်သန်နေကြသည်။ အောင်မြင်လိမ့်မည်ဟုလည်း စိတ်ချလက်ချ ယုံကြည်ကြပြီးဖြစ်လေသည်။

ယခင်က လုပ်ဆောင်စမ်းသပ်ဖောက်ခွဲခဲ့ပြီးသော ပုံးများမှာ ပေါက်ကွဲသည့်တိုင်အောင် စိတ်တိုင်းကျဖြစ်မြောက်ပြီဟု မဆိုနိုင်သေးပေ။ ယနေ့ နောက်ဆုံးစမ်းသပ်လုပ်ဆောင်ပြီးခဲ့သော ဤရေမြှုပ်ပုံးကြီးမှာ ယခင်ကထက် လုပ်ဆောင်မှုအောင်မြင်သည်။ ပေါက်ကွဲအားကလည်း အလွန်ပြင်းထန်ရမည်ဖြစ်သည်။ သို့ကြောင့် အိမ်ရှေ့မင်းနှင့်တကွ မင်းမှူထမ်းတပည့်တို့မှာ အထူးတလည် အားရကျေနပ်မှုကရှေ့ဆောင်နေကြလေသည်။

အောင်ပင်လယ်ကန်ကြီးသည် ရန်ကင်းတောင်ခြေမှစ၍ တောင်နှင့်မြောက်ရှည်လျားသော အင်းကျယ်ကြီးဖြစ်သည်။ ရေပြင်ဖွေးဖွေးကြောင့် ပင်လယ်ကလေးတမျှလည်း ကျယ်ဝန်းသဖြင့် 'အောင်ပင်လယ်ကန်'ဟူ၍ တင်စားခေါ်ဝေါ်ကြခြင်းလည်းဖြစ်လေသည်။

အောင်ပင်လယ်ကန်ကြီး အနီးအနားတစ်ဝိုက်သည် အောင်ပင်လယ်ကန်ရေကိုသောက်မှီစိုက်ပျိုးရသော လယ်ယာမြေတို့က ခြံရံလျက်ရှိသည်။ လမိုင်းလယ်တော်များလည်း ဤအရပ်မှာပင်ရှိသည်။

ထိုနေ့သည် ဥပုသ်နေ့ဖြစ်သောကြောင့် လယ်လုပ်ကိုင်သူများ နားနားနေနေဥပုသ်စောင့်ရန် ဘုန်းကြီးကျောင်းများ၊ ဘုရားပုထိုးများသို့ သက်ကြီးသူ ဘိုးဘွားမိဘများနှင့်အတူ သွားရောက်တရားနာယူသူတွေ များသဖြင့် ရွာနီးချုပ်စပ်များ၌ ကလေးသူငယ်များသာ ကျန်ရှိနေကြသည်။

အိမ်ရှေ့မင်းအမှူးပြုသော မှူးမတ်လက်စွဲတစ်စုတို့ အောင်ပင်လယ်ကန်သို့ဆိုက်ရောက်ကြသောအခါ လယ်ပယ်တို့၌ လယ်ထွန်ကောက်စိုက်ဆင်းသူများ မရှိ။ ရှင်းလင်းတိတ်ဆိတ်လျက်နေသည်။

အလွန်လည်း အဆင်ပြေလှသောကြောင့် အသင့်ယူဆောင်လာသော လက်နက်ခဲယမ်းတို့နှင့် ရေမြှုပ်ပုံးများကို လိုအပ်သလို စမ်းသပ်ဖောက်ခွဲကြည့်ရန် စိတ်အားထက်သန်စွာ ညှိနှိုင်းစိုင်းပြင်းလျက် ရှိကြလေသည်။

စီစဉ်လုပ်ကိုင်မှုတို့ ပြီးဆုံးပြီဖြစ်၍ နောက်ဆုံးစမ်းသပ်ရမည်ဖြစ်သောအကောင်းဆုံးလုပ်ဆောင်ခဲ့သည့် ရေမြှုပ်ပုံးကြီးကို ရေအောက်မှနေ၍ ပေါက်ကွဲစေခဲ့သည်။ ပုံးကွဲသောအသံကြီးသည် မြေကြီးတုန်မျှ အလွန်မြည်ဟီးသွားပြီးလျှင် အောင်ပင်လယ်ကန်ရေများသည်လည်း ရေမြှုပ်ပုံးကြီး၏အရှိန်ပြင်းထန်မှုကြောင့် ရေပန်းများ ထန်းတဖျားနီးပါး ကောင်းကင်သို့ဖြာတက်သွားလေသည်။ အောင်မြင်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသွားခြင်းဖြစ်သောကြောင့် အိမ်ရှေ့မင်းနှင့်တကွ မှူးမတ်လက်စွဲ သူရဲသူခက် တစ်စုတို့မှာ အလွန်လျှင် ဝမ်းသာအားရခြင်းဖြစ်ကြရလေသည်။

လက်နက်ဆန်းအောင်မြင်မှုအတွက် လက်ပမ်းပေါက်ခပ်သူခပ်၊ ဦးရစ်ခေါင်းပေါင်းဝှေ့ရမ်းသူက ဝှေ့ရမ်းကာ အားတက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့၏ အထွတ်အထိပ်သို့ ရောက်နေကြသည်။ အိမ်ရှေ့မင်းကြီးကလည်း ကျေနပ်အားရတော်မူခြင်းကြောင့် ရွှင်ပြုံးထက်သန်တော်မူလျက်ရှိလေသည်။

နောက်ဆုံး ဤရေမြှုပ်ဗုံး၏ပုံစံကို အိမ်ရှေ့မင်းက အတည်ပြုမှတ်တမ်းတင် လျက် နောက်ထပ်ရေမြှုပ်ဗုံးပေါင်းများစွာကိုပြုလုပ်ရန် သန္နိဋ္ဌာန်ချလိုက်သည်။ ဤလက်နက်ဆန်း အောင်မြင်မှုသတင်းကောင်းကို နောင်တော်မင်းတရားကြီးအား လျှောက်ကြားလျှင် အားရတော်မူလိမ့်မည်ဟု ယုံကြည်သည်။ ထို့နောက် စိတ်အားတက်ကြွစွာနှင့် ရန်ကင်းတောင်ခြေမှ နန်းမြို့တော်သို့ ပြန်လာခဲ့ကြလေသည်။

အိမ်ရှေ့မင်းအမှူးပြု၍ ရန်ကင်းတောင်ခြေ အောင်ပင်လယ်ကန်၌ ရေမြှုပ်ဗုံးဖောက်ခွဲစမ်းသပ်နေသောအချိန်မှာ မင်းတုန်းမင်းတရားကြီးအမှူးရှိသော ရွှေနန်းတော်သား မင်းမှုထမ်းများနှင့် ရွှေနန်းတော်သူ မိဖုရားများ၊ သမီးတော်များ၊ မြို့စား၊ ရွာစား၊ အပျိုတော်များသည် သာသနာပိုင်ဆရာတော်အမှူးရှိသော သုဓမ္မာဝင်ဆရာတော်ကြီးများကို ရွှေနန်းတော်သို့ပင့်ဆောင်ကာ ဆွမ်းလုပ်ကျွေးလှူဒါန်းတော်မူနေစဉ်အခါ ဖြစ်လေသည်။ ဥပုသ်နေ့တိုင်းလည်း ထိုသို့ပင် ဆွမ်းလုပ်ကျွေးလှူဒါန်းတော်မူလေ့ရှိသည်။

သာသနာပိုင်ဆရာတော်ကြီး အမှူးပြုသော သုဓမ္မာဝင်ဆရာတော်ကြီးများသည် ဆွမ်းဘောဇဉ် ရသာများ ဘုဉ်းပေးသုံးဆောင်တော်မူလျက်ရှိနေသည်ကို မင်းတုန်းမင်းတရားကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားတို့က ကြည်ညိုသဒ္ဓါပွားလျက် ရှိနေကြဆဲ. . .

ပြုံးခနဲ ပေါက်ကွဲသံကြီးမြည်ဟည်း ထွက်ပေါ်လာလေသည်။ ရှေးကနှင့်မတူ အလွန်ပြင်းထန်သော အသံကြီးဖြစ်သောကြောင့် ဆရာတော်ကြီးများနှင့်တကွ အားလုံးပင် ထိတ်လန့်အံ့သြသွားကြလေသည်။ ဆရာတော်ကြီးများနှင့် မင်းတရားကြီးက ဤအသံသည် မည်သို့သောအသံဖြစ်ကြောင်း သိလိုကြသည်။ သို့ကြောင့် အပါးရှိမှူးကြီးမတ်ကြီးများကို အမေးတော်ရှိလေသည်။

'သည်ယနေ့ ညီတော်အိမ်ရှေ့ဘုရားသည် အောင်ပင်လယ်ကန်တွင် ရေမြှုပ်ဗုံးဖောက်ခွဲစမ်းသပ်ခြင်းဖြစ်ပါကြောင်း'ကို အတွင်းဝန်တစ်ဦးက သူသိရသရွေ့ အမှန်အတိုင်းလျှောက်တင်လိုက်လေသည်။ မင်းတရားကြီးက ခတ်မဆိတ်နေတော်မူသော်လည်း သာသနာပိုင်ဆရာတော်ကြီးသည် ဤတင်လျှောက်ချက်ကို ကြားသိတော်မူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသောကြောင့် စားလက်စဖြစ်သော ဆွမ်းလုတ် ရုပ်သိမ်းတော်မူလိုက်ပြီး၊ လက်ဆေးစင်ကြယ်မှုပြုလေတော့၏။ မင်းတုန်းမင်းတရားကြီးသည် သာသနာပိုင် ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးမှု တန့်ရပ်လိုက်သည်ကို စိတ်ချမ်းသာတော်မမူပေ။ 'ဒကာတော် ရေမြေ့ရှင် လူသတ်လက်နက်များ ပြုလုပ်ဖန်တီးခြင်းမှာ သတ္တဝါအပေါင်းတို့၏အသက်ကို သေကြေစေနိုင်မှုအားထုတ်ခြင်းဖြစ်၍ ဆရာတော်မှာ သတ္တဝါအပေါင်းတို့ အသက်အတွက် စိတ်မကောင်းသဖြင့် ဆွမ်းစား၍မဝင်တော့ကြောင်း'အမိန့်ရှိတော်မူလေသည်။

ဤတွင် မင်းတုန်းမင်းတရားကြီးက 'အရှင်ဘုရား စိတ်ချမ်းသာစွာ သီတင်းသုံးတော်မူပါ။ တပည့်တော် ညီတော်အိမ်ရှေ့မင်းအား လက်နက်များ နောက်ထပ်မပြုလုပ်စေရန် မေတ္တာရပ်ခံပေးပါမည်ဘုရား. . .'ဟူ၍ လျှောက်ထားကတိပြုတော်မူလိုက်လေသည်။

ထိုစကားများသည် မင်းပရိသတ်များစွာ၏အလယ်တွင် လျှောက်တင်ကတိထားခြင်းဖြစ်၍ နန်းရင်ပြင်တစ်ဝန်းလုံး တွေ့မြင်ကြားသိကြရလေသည်။

အချို့မိဖုရားတို့ကလည်း ကျိတ်ပြီး ဝမ်းသာကြလေသည်။ ယင်း မင်းမိန်းမပရိသတ်တို့အထဲတွင် ဆွမ်းကျွေးတရားနာ ကြွရောက်လာမြဲဖြစ်သော အိမ်ရှေ့ မိဖုရား လှိုင်ထိပ်ခေါင်တင်လည်း ပါရှိလေသည်။

လှိုင်ထိပ်ခေါင်တင်သည် မောင်တော် အိမ်ရှေ့စံကနောင်မင်း၏ လက်နက်စုဆောင်းမှုရည်ရွယ်ချက်ကို သိရှိတော်မူပြီးဖြစ်သည်။ မောင်တော် ဘယ်မျှ စိတ်ဝင်စားအားစိုက်နေသည်ကိုလည်း နားလည်သူဖြစ်လေသည်။ သာသနာပိုင် ဆရာတော်ဘုရား၏ ပြုမူမိန့်ကြားချက်နှင့် ခဲအိုတော် မင်းတရားကြီး၏ လျှောက်တင်ကတိပေးမှုများကို တွေ့မြင်ကြားသိရသောအခါ မောင်တော်အတွက် စိတ်လက်မအီးဖြစ်တော်မူရရှာသည်။ သို့ကြောင့် မျက်နှာတော်ပျက်ပျက်နှင့် ဆက်လက်၍ ဆွမ်းအနုမောဒနာ တရားနာခြင်းကိစ္စ ပြီးဆုံးသည့်တိုင်အောင် စံနေပြီးကာမှ မြောက်အိမ်တော်သို့ ပြန်လည်ကြွလာရလေတော့သည်။

မောင်တော်အိမ်ရှေ့မင်း၏ မူလအခြေခံရည်ရွယ်ချက်သည် အောက်မြန်မာနိုင်ငံကို ပြန်လည်ရယူလိုရေးနှင့် တိုင်းပြည်အပေါ်တွင် နိုင်ငံရပ်ခြားက အထင်မသေးစေခြင်းငှာ၊ လူတန်းစေ့အောင် စစ်လက်နက်နှင့် စစ်အင်အားတောင့်တင်းလိုမှုကြောင့် ဤမျှ ကိုယ်ရောစိတ်ပါ အပင်အပန်းခံ၍ အားထုတ်ကြိုးစားနေခြင်းဖြစ်ကြောင်း လှိုင်ထိပ်ခေါင်တင်က ကောင်းစွာနားလည်သူဖြစ်ရာ ယနေ့အတွေ့အကြုံအရဆိုပါလျှင် သာသနာပိုင်ဆရာတော်ဘုရားကြီး အလိုတော်အရ ခဲအိုတော် မင်းတုန်းမင်းတရားကြီးက လက်နက်များ ဆက်လက်မလုပ်ဆောင်ရန် မေတ္တာရပ်ခံပေးပါမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးရသဖြင့် ကနောင်မင်းအလိုနှင့် ဆန့်ကျင်လျက်ရှိနေသည်။ လက်နက်လုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ ညီနောင်ချင်း သဘောကွဲလွဲကြရတော့မည်ကိုလည်း မလိုလားပေ။ စိတ်မာန်တက်ကြွနေသူ မောင်တော်ကနောင်မင်း၏ လုပ်ရပ်များအား နောင်တော်မင်းတရားကြီးက အားပေးတော်မမူရုံမျှမက နောက်ထပ် ဆက်လက်လုပ်ဆောင်မှုကိုပင် မပြုရလေအောင် မေတ္တာရပ်လေဦးတော့မည်။ မောင်တော်အိမ်ရှေ့မင်း မည်မျှစိတ်ခတ်ကျတော်မူရှာမည်ကို မှန်းဆတွေးမျှော်ကာ စိတ်တော်မကြည်မသာ ရှိနေရရှာတော့သည်။

လှိုင်ထိပ်ခေါင်တင် မြောက်အိမ်တော်သို့ ပြန်လည်ရောက်ရှိတော်မူ၍ မကြာခင်မှာပင် ကကြိုးစုံတင်ထားသော စီးတော်မြင်းပေါ်တွင် ခြေတော်တင်လျက် မြင်း၏ဝဲယာတစ်ဖက်တစ်ချက်မှ ရွှေထီးမိုးမြင့်တို့ ခြံရံကာ အိမ်တော်ဝင်းအတွင်းသို့ ဝင်ရောက်လာသော ကနောင်အိမ်ရှေ့ဘုရားကို တွေ့မြင်ရလေသည်။ မှူးမတ်လက်စွဲတို့ကလည်း နောက်ပါးမှ မြင်းကိုယ်စီနှင့် ဝမ်းသာအားရ ပြုံးရွှင်စိတ်ကြွသော မျက်နှာထားများနှင့် ရှိကြလေသည်။

အိမ်ရှေ့မင်းသည် မကြာမီ လျှောင်းတော်ဦးလှေကားမှ တက်ကြွလာရာ လှိုင်ထိပ်ထားက သလွန်တော်ပေါ်မှထ၍ ကြိုဆိုသည်။ ကနောင်မင်းက လှိုင်ထိပ်ခေါင်တင်၏ပခုံးကို သိမ်းဖက်ကာ ဝမ်းသာအားရဖြင့်. . .

'တင်တင်ရေ ဒီနေ့စမ်းခဲ့တဲ့ ရေမြှုပ်ပုံးကြီးဟာ လုပ်ဆောင်ခဲ့သမျှထဲမှာ အအောင်မြင်ဆုံးပဲ၊ အသံကြီးကလည်း အင်မတန်ကို ပြင်းထန်လှတယ်။ တင်တင်တို့ ကြားလိုက်ကဲ့ မဟုတ်လား'

ဟူ၍ အားပါးတရမိန့်ကြားတော်မူလိုက်သည်။ လှိုင်ထိပ်ခေါင်တင်က အကျိုးအကြောင်း မည်သို့စတင်ရမည် မဝေခွဲနိုင်မီ စိတ်လေးလေးနှင့်. . .

'တင်တင် ကြားရပါတယ် မောင်တော်'

ဟု ခပ်ယဲ့ယဲ့ပြန်၍ တင်လေလျှင် လှိုင်ထိပ်တင်၏ အေးစက်စက်တုံ့ပြန်မှုကို အားမလိုအားမရဖြစ်ပုံရသော အိမ်ရှေ့မင်းက . . .

'တင်တင်လည်း အေးစက်စက်နိုင်ရန်ကော၊ မောင်မောင်ကဖြင့် အဲဒီပုံးကြီး အောင်မြင်တဲ့အတွက် စိတ်ထက်သန်လိုက်ရ၊ ဝမ်းသာလိုက်ရတာ၊ တင်တင်ကော ဝမ်းမသာဘူးလား'ဟု ထပ်ဆင့်မေးမြန်းလိုက်ရာ. . .

'တင်တင်လည်း အင်မတန်ပဲ ဝမ်းသာအားရရှိလှပါတယ် မောင်တော် အနေ့နေ့အရက်ရက် ကြိုးစားမှုအောင်မြင်တဲ့အတွက် အားလည်းတက်မိပါတယ်'

'အဲ. . . ဟုတ်ပြီ။ ဒီလိုမှာပေါ့။ နောင်တော်ဘုရားကို သတင်းကောင်းသွားပြီး သံတော်ဦးတင်ရလိမ့်မယ်၊ နောင်ဘုရားကလည်း အားရတော်မူမှာပဲ တင်တင်ရဲ့'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ဖြည်းဖြည်းတော့ လျှောက်တင်တာပေါ့၊ ခုတော့ အပန်းဖြေတော်မူပါဦး၊ ချိုးတော်ရေသုံးပြီး ပွဲတော်များတည်ပြီးမှ. . .'

'အင်းလေ. . . ဟုတ်ပါရဲ့၊ ဪ ဒါထက် ဖုံးကွဲသံကြီးကို ရွှေနန်းတော်တွင်းက အားလုံး ကြားကြရဲ့လား တင်တင်'

'ရွှေနန်းရှင်ဘုရားနှင့်တကွ နန်းတွင်းက အားလုံးကြားကြပါရဲ့၊ ပြင်းထန်တဲ့အသံကြီးမို့ အမေးတော်ရှိလို့ အတွင်းဝန်တို့က အောင်ပင်လယ်မှာ မောင်တော် ရေမြှုပ်ဖုံး စမ်းသပ်ဖောက်ခွဲသံဖြစ်ကြောင်း သံတော်ဦးတင်ကြရပါတယ်'

'ဒီတော့ နောင်တော်ဘုရားက အားရတော်မူသွားရော့လား တင်တင်ရယ်. . .'

'ကိုယ်တော် ထင်တော်မူသလို မဟုတ်ဘူး ဘုရာ့'

'ဖုံးကွဲသံကြီး ကြားရတဲ့အချိန်က သာသနာပိုင်ဆရာတော်ဘုရားနှင့် သုဓမ္မာဆရာတော်များ ဆွမ်းဘုဉ်းပေးနေကြဆဲဖြစ်ပါတယ်။ အသံကြီးကြောင့် ရုတ်တရက် အထိတ်တလန့်ဖြစ်သွားကြပြီးတဲ့နောက် ရွှေနန်းရှင်ဘုရား အမေးတော်ရှိလို့ ဝန်တို့က လျှောက်တင်တဲ့အခါ သာသနာပိုင်ဆရာတော်ဘုရားကြီးက စားလက်စဆွမ်းလုတ်ကို လက်တော်ပြန်ရုပ်သိမ်းလိုက်ပါတယ်။ ဆွမ်းကို ဆက်လက်ပြီး ဘုဉ်းပေးခြင်းမပြုတော့ဘဲ လက်ဆေးတော်မူလိုက်ပါတယ်။ ဒီတွင် ရွှေနန်းရှင်က ဆရာတော်ဘုရားကို လျှောက်တင်ရာမှာ 'ကျုပ် ဆွမ်းဆက်ပြီး မစားလိုတော့ဘူး၊ ဒီလူသတ်လက်နက်တွေ လုပ်နေသမျှ၊ သတ္တဝါတွေ သေကြေပျက်စီးကြရတော့မယ်လို့ အမိန့်ရှိတော်မူပါတယ်'

'အင်း ဒီတော့ နောင်တော်ဘုရားက ဘယ်လိုမိန့်တော်မူတုံး'

'ရွှေနန်းရှင်ဘုရားက . . . ဆရာတော်စိတ်ချမ်းသာစွာ သီတင်းသုံးတော်မူပါ၊ တပည့်တော်ညီတော်ကို ဒီလက်နက်များ နောက်ထပ်မလုပ်ရအောင် မေတ္တာရပ်ခံပေးပါမည်ဟု ကတိထားတော်မူလိုက်ပါတယ်'

'ဟင်. . . အကျိုးနည်းတော့မှာပါကလား'

အိမ်ရှေ့မင်းမှာ အလွန်အားမာန်တက်တော်မူနေရာမှ အားပျက်၍ သက်ပြင်းချတော်မူလိုက်သည်။

'အင်း. . . ဘာသာရေးက တိုင်းရေးပြည်ရေးပေါ်မှာ လွှမ်းမိုးစွက်ဖက်လာရင် ဒီတိုင်းပြည် ဘယ်မှာကြီးပွား ထွန်းကားနိုင်တော့မှာလဲ၊ နောင်တော်ဘုရားကလည်း ဘာသာရေးနှင့် တိုင်းရေးပြည်ရေးကို ခွဲခြမ်းစိတ်ဖြာထားတော်မူသင့်ပါတယ်၊ တစ်ဖက်သတ် ကတိပေး၊ အာမခံမှု မပြုသင့်သေးပါဘူး တင်တင်ရယ်. . .'

ဟု ညည်းညည်းညူညူ မိန့်တော်မူလိုက်သဖြင့် လှိုင်ထိပ်ခေါင်တင်မှာ မောင်တော်အိမ်ရှေ့မင်း ဒေါသအမျက် ပြင်းပြင်းထန်ထန် ထွက်တော်မမူသည်ကိုပင် စိတ်တော်အေးသွားရလေသည်။

www.burmeseclassic.com



ညီတော်သည် မည်မျှ စိတ်ဓာတ်တင်းမာတော်မူခဲ့သူ ဖြစ်လင့်ကစား၊ နောင်တော်ဘုရားအပေါ်တွင် ကြည်ညိုမပျက် ဒေါမနဿမစွက်ဘဲ သက်ပြင်းရှည်ရှည် ဆွဲချတော်မူလိုက်ခြင်းဖြင့် ဖြေသိမ့်တော်မူရှာသည်ကိုပင် ကျေးဇူးတင်လျက်ရှိလေသည်။

'လူသတ်လက်နက်လုပ်တဲ့အတွက် သတ္တဝါတွေ သေကြေပျက်စီးမယ်ဆိုတာက ဒီလက်နက်နှင့် သတ္တဝါများကို အလကား သွားသတ်ဖို့မှ မဟုတ်ပဲ။ ကိုယ့်တိုင်းပြည်ကို လာရောက်ကျူးကျော်သူများကို ခုခံတွန်းလှန် တိုက်ခိုက်နိုင်အောင်လို့ ပြည့်အင်အားသစ်တစ်ရပ်ကို စုဆောင်းရခြင်းကပဲ။ ဆရာတော်ဘုရားများက ဘာသာရေးနှင့် ဆန့်ကျင်လို့ တားမြစ်တာလည်း အပြစ်မဆိုလိုပါဘူး။ ဒါပေမယ့် လက်နက်မရှိ၊ အင်အားချိနဲ့နေတဲ့ ကိုယ်တို့ရဲ့ တိုင်းပြည်ကို လူမလေး ခွေးမခန့်ဖြစ်ပြီး လက်နက်ကြီးရှိသူ မိစ္ဆာများက နိုင်ရာစား လုပ်လာကြရင် ခေါင်းငုံ့ခံကြရတော့မယ်။ အဲဒီအခါမှာ ဘာသာရေးကို ဒီမိစ္ဆာဝါဒကောင်တွေကကော အားပေးခြင်း မပြုဘဲ ဖျက်ဆီးချေမှုန်းပစ်တာ ခံကြရတော့မှာမဟုတ်လား။ ဒါကြောင့် တိုင်းပြည်ထူထောင်တဲ့ အားသစ်မွေးတဲ့နေရာမှာ ဘာသာရေးက ရှေ့ကဝင်ပြီး ကန့်လန့်ကန့်လန့် တားဆီးမနေဘဲ၊ မျက်နှာလွှဲပြီး မသိကျိုးကျွန်ပြုနေကြဖို့ အချိန်ပါကလားနော်. . '

ညည်းညူတော်မူရင်း အိမ်ရှေ့မင်းကြီး စိတ်ပျက်အားလျှော့စွာနှင့် သက်ပြင်းချတော်မူလိုက်ပြန်သည်။

လှိုင်ထိပ်ခေါင်တင်သည် စိတ်မာန်ကျဆင်းသွားသော မောင်တော်အိမ်ရှေ့မင်းအား တစ်နည်းတစ်လမ်း အားပေးစကား လျှောက်တင်လိုသောကြောင့် . .

'ရွှေနန်းရှင်က မောင်တော်နှင့် တွေ့တော်မူလျှင် တကယ်တမ်း မေတ္တာရပ်ခံချင်မှ ခံလိမ့်မည်လို့လည်း တင်တင်တွေးထင်မိပါသေးတယ်။ သာသနာပိုင်ဆရာတော်ဘုရားစိတ်တော်အကြိုက် အလိုက်သင့် အာမခံချက်ပြုတော်မူခြင်းလည်း ဖြစ်နိုင်ကြောင်းပါ။ တိုင်းပြည်အတွက် အကာအကွယ် လက်နက်များ စုဆောင်းထားခြင်းမှာ ဘုရင်မင်းလုပ်သူတိုင်း လိုအပ်တဲ့အချက်ဖြစ်ကြောင်းကို နောင်တော် ရွှေနန်းရှင် မသိတော်မူဘဲ နေပဲ့မလားဘုရား'

ဟူ၍ ပြေရာပြေကြောင်း နားတော်သွင်းရရှာလေသည်။

'ကိုယ်တော်တော့ မထင်တတ်ပါဘူး တင်တင်ရယ်၊ ရွှေနန်းရှင် နောင်တော်က မေတ္တာရပ်ခံပေမယ့် မောင်မောင်ကတော့ မှန်ပဘုရားလို့ ခေါင်းညိတ်ပြီးကွယ်ရာမှာတော့ လက်နက်လုပ်ဆောင်မှုကို လုံးဝအလျှော့မပေးဘဲ လုပ်ကိုင်စုဆောင်းမြဲအတိုင်း ဆက်လက်လုပ်သွားမှာသာ ဖြစ်တော့မှာပဲ'

'အသံမြည်အောင်တော့ လက်နက်မစမ်းပါစေနှင့် ဘုရား၊ အသံမကြားရရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော် ဘာလုပ်လုပ်ရွှေနန်းရှင် သိတော်မူမှာ မဟုတ်ပါဘူး၊ ကဲ-ပွဲတော်အုပ် သွင်းခိုင်းပါတော့မည် ချီးတော်ရေသုံးတော်မူပါတော့'

မြောက်အိမ်တော်မှာ အိမ်ရှေ့မင်းနှင့် အိမ်ရှေ့မိဖုရားတို့ ရေမြုပ်ဖုံးဖောက်ခဲ့ မှုနှင့် စပ်လျဉ်းသော စကားများကို ဤတွင်အဆုံးသတ်ခဲ့သည်။ အိမ်ရှေ့မင်းသည် နောင်တော် ရွှေနန်းရှင်က လက်နက်များ နောက်ထပ်မပြုလုပ်ရန် မေတ္တာရပ်ခံမည် စိုးသောကြောင့် ညီလာခံသို့ပင် အခစား မဝင်ဘဲ၊ ကိုယ်လက် မအီမသာ ဖြစ်သည်ဟု အကြောင်းပြကာ မင်္ဂလာအိမ်တော်မှာပင် သီတင်းတစ်ပတ်မျှ အပြင်မထွက်စံနေ တော်မူလေသည်။

သို့ရာတွင် လက်နက်စက်ရုံများက အလုပ်မပျက်စေရ၊ ခဲယမ်း စမ်းသပ်မှုများ လည်း မလစ်ဟင်းစေရန် တပည့်ခေါင်းအကြီးအကဲများအား စီမံခန့်ခွဲမြဲအတိုင်း လုပ်ဆောင်ထမ်းရွက်စေလျက် ရှိကြချေသည်။

သီတင်းတစ်ပတ်မျှရှိသောအခါမူကား ညီတော် အိမ်ရှေ့မင်းမှာ နောင်တော် မင်းတရားကြီးထံ အခစားမဝင်ဘဲနေ၍ မရတော့သဖြင့် ထုံးစံအတိုင်း ရှေ့တော်သို့ အခစား ဝင်ခဲ့ရလေသည်။ နောင်တော်သည် ညီတော်အား ပြုံးရွှင်စွာ ကရုဏာ မျက်နှာထားနှင့် ရှုစားတော်မူကာ . . .

'ညီပု - နည်းနည်းပိန်သွားသလားလို့ ထင်ရတယ်၊ နေကောင်းပြီလား၊ ပွဲတော် များတည်လို့ ကောင်းရဲ့လား' ဟု မေးတော်မူသည်တွင် -

'မထောင်းသာလှပါဘုရား၊ ပွဲတော်များ တည်လို့ကောင်းလာပါကြောင်း'

'ညီပုရယ် . . သိပ်လည်း အပင်ပန်းမခံပါနှင့်၊ ကမ္ဘာသကာ ကံစီမံတဲ့အတိုင်းသာ ဖြစ်ကြရမှာပါ။ ညီတော် ပင်ပန်းလှတာ တစ်ကြောင်း၊ သာသနာပိုင် ဆရာတော် ဘုရားလည်း စိတ်ကောင်းစေလိုလို့ တစ်ကြောင်း၊ ညီပုကို လူသတ်လက်နက်တွေ ပင်ပင်ပန်းပန်း လုပ်ကိုင်စုဆောင်းနေတာ အတန်အသင့်လျှော့ပါလို့ မေတ္တာရပ်ခံချင် တယ်'

'နောင်ဘုရား အမိန့်တော်ကို နာခံပါမည် ဘုရား ညီညီ ကြိုးစားနေခြင်းမှာလည်း လူသတ္တဝါတွေကို သတ်ရန်မရည်ရွယ်ပါ။ တိုင်းပြည် တစ်ပြည်နှင့်တူအောင် လူတန်း စေ့အောင် ကြံဆောင်ကြိုးစားနေရခြင်းသာ ဖြစ်ကြောင်းပါဘုရား'

'ကိုကို နားလည်ပါတယ် ညီပုရယ် . . လောကဝတ် ဓမ္မဝတ်ဆိုတာကလည်း ရှိသေးတော့ ရဟန်းရှင်လူ အပြစ်တင်မခံရအောင် ဘယ်အမှုကို ပြုပြု 'သိသာ သိစေ၊ မမြင်စေနှင့်၊ မြင်သာမြင်စေ၊ မသိစေနှင့်' ဆိုသလို ပြုရမယ် ညီပုလည်း နားလည်ကျွမ်းကျင်ပြီးသား၊ လိမ္မာပါးနပ်ပြီးသားကပဲ။ နောင်တော်ကတော့ သာသနာ ပိုင်ဆရာတော်ဘုရား ခါးခါးသီးသီး နှစ်သက်တော်မမူတာ သိရတယ်။ လက်နက်များ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံမလုပ်စေရန် မေတ္တာရပ်ခံပေးပါမည်လို့ ကတိပြုတင်လျှောက်လိုက်ရခြင်း ဖြစ်တယ်’ ဟူ၍ ဖျောင်းဖျ မိန့်ကြားတော်မူသောအခါ . .

‘မှန်လှပါ အမိန့်တော်မြတ်ကို ညီတော် နာခံမှတ်ယူပါမည် ဘုရား‘

ဟု ပြန်လည်တင်လျှောက်ခဲ့ရသော်လည်း အိမ်ရှေ့မင်းကြီး စိတ်တော်ထဲမှာမူ ကြည်လင်တော် မမူနိုင်ရှာခဲ့ပေ။

ထိုအချိန်အခါမှ အစပြု၍ ရေမြှုပ်ဗုံး စမ်းသပ်ဖောက်ခွဲသော အသံများ တိတ်ဆိတ်သွားခဲ့လေသည်။

အိမ်ရှေ့မင်းသည် လက်နက်စုဆောင်း ဖြည့်တင်းခြင်းကိစ္စကို နောင်တော်မင်းတုန်းမင်းတရားကြီးက အားပေးတော်မူခြင်း မခံရသောအခါ စိတ်တော်များလည်း ရှေးအခါကလောက် ကြည်သာရွှင်ပျ အားမာန်တက်ကြွမှုမရှိလှတော့ပေ။ နောင်ရေး အတွက် အလေးအနက် မျှော်လင့်ထားသော စိတ်ဝင်စားမှုမှာ တစ်စိတ်တစ်ဒေသ လျော့ကျလျက်ရှိသည်တွင် မျက်နှာတော် အသွင်အပြင်မှာ အလိုတော်မကျသော အရိပ်လက္ခဏာများ ယှက်သန်းလာလေတော့သည်။

လွှတ်တော်သို့ မှန်မှန်တက်သည်။ နောင်တော်ထံသို့လည်း မပြတ်အခစား ရောက်သည်။ လက်နက်စက်ရုံတော်များသို့ ယခင်ကလောက် ထွက်ကြွကြည့်ရှုတော် မမူတော့ဘဲ အချိန်ကျဲသွားသည်။ သို့သော် တူတော်သုံးဆယ်မင်းသား၊ မက္ခရာမင်း သားတို့အား ယခင်ကကဲ့သို့ပင် မလစ်မလပ် သွားရောက်ကြည့်ရှုစစ်ဆေးစေရန် တာဝန်ပိုမိုပေးအပ်ထားလေသည်။

အိမ်ရှေ့မင်းကြီး၏ သားတော်ပတိမ်းမင်းသားသည် တူတော်မင်းသားကြီးများ နည်းတူ လက်နက်စက်ရုံများမှာ ထမ်းရွက်လိုသည်။ ပတိမ်းမင်းသားက နည်းနည်း စိတ်တော်ဆတ်သည်။ မြင်ကွန်းမင်းသားကြီးနှင့်လည်း ကောင်းစွာ မပြေလည်ချင် သော လက္ခဏာပြသည်။ အခြားမင်းသားများကဲ့သို့ ဆက်ဆံရေး ချောမွေ့ခြင်းမရှိခဲ့ ပေ။ သူတို့ စိတ်ဓာတ်နှင့် သူတို့နှစ်ဦး၏ အပြုအမူကို မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့မင်းတို့က သိတော်မူကြပြီးသားဖြစ်သည်။

သို့ကြောင့် တစ်ချိန်က နောင်တော် မင်းတုန်းမင်းက ညီတော်အိမ်ရှေ့စံ ကနောင်မင်းအား . .

‘သီလဝနှင့် မောင်ညိုတို့ နှစ်ယောက်ဟာ ကြွစောင်းစောင်းရှိနေကြတယ်။ ကိုကို ကလည်း သားတော်သီလဝကို ထိန်းပါမည်။ ညီပုကလည်း ညီပုသားတော် မောင်ညိုကို ထိန်းပါဘိ။ သူတို့နှစ်ယောက် သင့်မြတ်ချစ်ခင်တာကို မြင်တော်မူလို တယ်’ ဟူ၍ အမိန့်ရှိ သတိပေးတော်မူဖူးလေသည်။

အိမ်ရှေ့မင်း၏ သားတော် ပတိမ်းမင်းသား၏ ငယ်မည်မှာ ‘ထိပ်တင်ညို’ ဟု



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်။ သို့ကြောင့် မင်းတရားကြီးက 'မောင်ညို'ဟူ၍ ခေါ်ခြင်းဖြစ်သည်။

မင်းတုန်းမင်းတရားကြီး၏ သားတော်မြင်ကွန်းမြို့စားမင်းသား၏ ငယ်မည်မှာ 'သီလဝ'ဟူ၍ ခေါ်သည်။

မြင်ကွန်းမင်းသားသည် ခမည်းတော်၏ ထီးနန်းအမွေကို အတွင်းကျိတ်မျှော်မှန်းနေသူဖြစ်၍ အိမ်ရှေ့မင်း၏သားတော် ပတိမ်းမင်းသား အပေါ်တွင်မေတ္တာကင်းမဲ့ငြိုငြင်နေခဲ့သူဖြစ်သည်။

ပတိမ်းမင်းသားကလည်း သူ့ခမည်းတော် အိမ်ရှေ့မင်း ဘုရင်ဖြစ်လာသောအခါ သူသာလျှင် ထီးမွေနန်းမွေ ဆက်ခံရမည့်အိမ်ရှေ့မင်းအဖြစ်ကို ခံယူမည့်သူဖြစ် ကြောင်း ပုံသေတွက်ဆထားခဲ့သူ ဖြစ်လေသည်။

သို့ကြောင့်လျှင် ထီးမွေနန်းမွေကို ဆက်ခံရန်ရည်ရွယ်ချက်၊ မျှော်လင့်ချက်ကိုယ်စီရှိနေကြသူများ ဖြစ်သဖြင့်ချိုသွေးနေ၊ ရန်စောင်နေကြခြင်း ဖြစ်လေသည်။

ယင်းသို့လျှင် မြင်ကွန်းမင်းသားကြီးနှင့် ပတိမ်းမင်းသားတို့မှာ ညီနောင်ဝမ်းကွဲချင်းပင် ဖြစ်လင့်ကစား အခြားသောညီတော်၊ နောင်တော်များကဲ့သို့ မဟုတ်ကြဘဲတစိမ်းပြင် မေတ္တာရေ မစင်ကြရုံမက တစ်ဦးအပေါ် တစ်ဦးက မျက်စိစပါးမွေးစူးနေကြသူများ ဖြစ်ကြလေသည်။

အိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် တူတော်မက္ခရာမင်းသား၊ သုံးဆယ်မင်းသားတို့ကဲ့သို့ မြင်ကွန်းမင်းသားကြီးကို လက်နက်စက်ရုံများသို့ ကြည့်ရှုကွပ်ကဲရာ၌ ပါဝင်ခြင်းမပြုစေဘဲ၊ မိမိသားတော် ပတိမ်းမင်းသားအားလည်း၊ ဤလုပ်ငန်းနှင့်စပ်လျဉ်း၍ အသုံးပြုတော်မမူခဲ့ပေ။ မီးမသေရေမနောက် သူတို့နှစ်ယောက်ကို လွတ်လပ်စွာ လွှတ်ထားရခြင်းမှာ မျက်နှာချင်းဆိုင်မိလျှင် မဖြစ်သင့်သည်များ ထပ်မံဖြစ်လာမည် စိုးရိမ်တော်မူမိ၍ ဖြစ်သည်။ ပတိမ်းမင်းသား၏နှမတော် တောင်ညိုမင်းသမီးသည်ပင်၊ မြင်ကွန်းမင်းသားကြီး၏ ကြင်ယာတော်ဖြစ်ခဲ့ရာ၊ ညီအစ်ကိုသာမက သမီးယောက်ဖလည်း တော်စပ်နေကြသူများ ဖြစ်သည်။

ပတိမ်းမင်းသား၏ နှမတော်တစ်ပါးဖြစ်သူ ရန်အောင်မြင်မြို့စား မင်းသမီးမှာလည်း သုံးဆယ်မင်းသားကြီး၏ ကြင်ယာတော်ဖြစ်၍ ညီအစ်ကိုဝမ်းကွဲသာမက သမီးယောက်ဖလည်း တော်စပ်ခဲ့ကြသည်။ သို့သော် ပတိမ်းမင်းသားနှင့် သုံးဆယ်မင်းသားတို့မှာ စိတ်တွင်းအခုအခံမရှိကြ။ အထွေအထူးမရှိကြစေကာမူ မြင်ကွန်းမင်းသားနှင့် ပတိမ်း မင်းသားတို့သာလျှင် တဖောင်းစေးနှင့် မျက်ချေးပမာ စိတ်တွင်းက တင်းမာမှုကိုယ် စီကိုယ်ငှရှိနေကြသူများ ဖြစ်လေသည်။

ထို့ကြောင့် စကားနည်းရန်စဲသဘောနှင့် ဤမင်းသားနှစ်ပါးအား အိမ်ရှေ့ဘုရားက ချွင်းချန်ထားတော်မူခဲ့ခြင်း ဖြစ်သည်ဟု ယူဆရန်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အိမ်ရှေ့မင်းကြီးသည် လက်နက်ကိစ္စနှင့်စပ်လျဉ်း၍၊ နောင်တော်မင်းတုန်းမင်းတရားကြီး၏ အားပေးအားမြှောက်မှု မရရှိသောအခါ လုပ်ရိုးလုပ်စဉ်အတိုင်း လက်နက်စုဆောင်းမှုများ ပြုလုပ်လျက်ရှိပါသော်လည်း၊ ကိုယ်တော်တိုင် လက်နက်စက်ရုံများသို့ အားတက်သရော ရှေးအခါကလို ကြွရောက်ခြင်းပြုတော်မမူခဲ့ပေ။ လွှတ်တော်ကိစ္စပြီးလျှင် အိမ်တော်တွင် ခေတ္တခဏစံတော်မူပြီး ပြင်အိမ်တော်က ကိုယ်လုပ်တော်များနှင့် သားတော်ငယ် သမီးတော်ငယ်များအလယ်တွင် အပျင်းဖြေ စံနေတော်မူခဲ့လေသည်။ မြောက်ဆောင်တော်သခင်ကြေး အဆောင်တွင် အများအားဖြင့် စံနေတော်မူသောအချိန်ကများသည်။ သမီးတော်ငယ် ကလေးများနှင့်လည်း အငြီးဖြေ ပျော်ပျော်ရွှင်ရွှင် စံနေတော်မူတတ်လေသည်။

သမီးတော် သားတော်ငယ်များကလည်း ခမည်းတော်အိမ်ရှေ့မင်း အပါးတော်ဝယ်၊ ငယ်ရွယ်သူများပြီပြီ၊ ပလီပလာ တွတ်တီးတွတ်တာ ပြောဆိုနေကြခြင်းကြောင့် တပြုံးပြုံးနှင့် အပျင်းတော်ပြေရလေသည်။ အိမ်ရှေ့မင်းသည် ယင်းသို့စိတ်ပြေလက်ပျောက် အခြားဆောင်များ၌ နေတော်မူသောအခါ အဆောင်တော်မကြီးမှ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်မှာတော့ တစ်ပါးတည်းထီးထီး ကျန်နေရှာတော့သည်။ မျှော်တော်ဇောနှင့်လည်း ထုံးစံအတိုင်း မောတော်မူရရှာပြန်တော့သည်။ လှိုင်ထိပ်ခေါင်တင်အဖို့ ဤအဖြစ်မှာ ဆန်းလှသည်တော့မဟုတ်ပါ။ သို့ကြောင့်ပင် သည့်အရင်တည်းက စိန်ခြူးကြာညောင်ကဲ့သို့ အမျှော်စိုက်ဘောလယ်တွေ အများအပြား ရေးသားခဲ့ရပြီးပြီ ဖြစ်လေသည်။

တစ်နေ့တွင် မြောက်ဆောင်တော်၌ အိမ်ရှေ့ကိုယ်တော်ကြီး အငြီးပြေစံတော်မူချိန်ဖြစ်သည်။ မြောက်ဆောင်တော်ရှင်၊ သခင်ကြေးမှာ အိမ်ရှေ့ကိုယ်တော်ကြီး အတွက် နေ့လယ်စာအချိုအုပ်၊ အဆိမ့်အုပ်များ ပြင်ဆင်စေခိုင်းနေခြင်းဖြင့် အတွင်း ဆောင်၌ အလုပ်များလျက်ရှိလေသည်။

ရှေ့ဆောင်တော်ရှိ သလွန်ပေါ်တွင် အိမ်ရှေ့ကိုယ်တော်ကြီးက လှဲလျောင်းနေတော်မူသည်။ သလွန်တော်အောက် အီတာလျံကော်ဇောပေါ်တွင် သမီးတော်ငယ် ကလေးများက ရွှေဇယ်ငွေဇယ်များနှင့် ဇယ်ခုတ်ကစားနေကြသည်။

အိမ်ရှေ့မင်းသည် သမီးတော်ကလေးများ ကစားငြင်းခုံနေကြသည်ကို တပြုံးပြုံးနှင့် ရှုစားတော်မူလျက်ရှိသည်။

ဇယ်ဝိုင်း၌ ဇယ်ခုတ်ကစားသူများမှာ သခင်ကြေးမှဖွားမြင်သော သမီးတော်ကလေး(၉)နှစ်အရွယ် စပ္ပာယ်နဂိုမြို့စား(သီရိအာသာဒေဝီ)နှင့် ကိုယ်လုပ်တော်ခင်စာမှ ဖွားမြင်သူ သမီးတော်ကလေး သီရိမေလ္လဝတီ ဇလာဇေယျသိန်မြို့စား ထိပ်ခေါင်တင်အေး (မယ်ဆွေအေး)၊ ကိုယ်လုပ်တော် ခင်ဖူးမှဖွားမြင်သူ သမီးတော်ကလေး



www.burmeseclassic.com

www.burmeseclassic.com



(မယ်ဆွေစစ်)၊ ကိုယ်လုပ်တော် ခင်ကောက်မှဖွားမြင်သူသမီးတော်ကလေး (မယ်ဆွေတင်)၊ ကိုယ်လုပ်တော် ခင်လေးမှဖွားမြင်သူသမီးတော်ကလေး ပခုက္ကူရွာစား (မယ်ဆွေအုန်)၊ ကိုယ်လုပ်တော် ခင်ပုမှဖွားမြင်သော သမီးတော်ကလေး(မယ်ဆွေရှင်) စုစုပေါင်း ၆ ယောက်ဖြစ်သည်။

မှတ်ချက်။ ။ ရတနာပုံခေတ်၌ မင်းတုန်းမင်းနှင့်ညီတော် အိမ်ရှေ့မင်း၏ သားတော်၊ သမီးတော်များကို ခမည်းတော်များက ချစ်စနိုး ပေးထားသော ငယ်မည်များရှိကြရာ၊ မင်းတုန်းမင်းတရားကြီး၏ သားတော်၊ သမီးတော်များ၏ ငယ်မည်တွင်(မျိုး) ဟူသော အမည်ဖြင့်သတ်မှတ်၍ ညီတော်အိမ်ရှေ့မင်း၏ သားတော်၊ သမီးတော်များကို (ဆွေ)ဟူသော အမည်ပါရှိလေ့ရှိပါသည်။ ထို့ကြောင့် ယင်းခေတ်က အမည်တွင် (မျိုး)ပါခဲ့လျှင်၊ နန်းတော်ကြီးက သားတော်၊ သမီးတော်များဟုသိနိုင်၍၊ အမည်တွင်(ဆွေ)ဟုပါရှိလျှင် အိမ်ရှေ့တော်ကသားတော်၊ သမီးတော်များဟူ၍ နန်းတော်သား၊ နန်းတော်သူတို့က သိမှတ်ကြရမြဲ ဖြစ်လေသည်။ ။

သို့ကြောင့် ယခုအိမ်ရှေ့တော်မှ သမီးတော်များစပွာယ်နဂို ထိပ်ခေါင်တင် အပါအဝင် မယ်ဆွေအေး၊ မယ်ဆွေစစ်၊ မယ်ဆွေတင်၊ မယ်ဆွေအုန်၊ မယ်ဆွေရှင် စသူတို့သည် အိမ်ရှေ့တော်မှ သမီးတော်များ ထုံးစံအတိုင်း [ဆွေ]တပ်၍ မှည့်ခေါ်ထားသော ငယ်မည်များ ဖြစ်သည်။ ဤအမည်များကို ခမည်းတော်၊ မယ်တော်တို့ကသာခေါ်ခြင်း ဖြစ်၍ အခြားလူတို့က ခေါ်ခွင့်မရှိချေ။ မယ်ဆွေအစား 'ထိပ်ခေါင်တင်'သာတပ်၍ ခေါ်ရမြဲဖြစ်ပါသည်။ ဥပမာ-မယ်ဆွေအေးအစား ထိပ်ခေါင်တင်အေးဟူ၍လည်းကောင်း၊ မယ်ဆွေစစ်အစား ထိပ်ခေါင်တင်စစ်ဟူ၍လည်းကောင်း ခေါ်ဝေါ်အသုံးပြုကြရသော ထုံးစံရှိခဲ့ပါသည်။

ဆိုအပ်ခဲ့သည့်အတိုင်း ခမည်းတော် အိမ်ရှေ့ကိုယ်တော်ကြီးရှေ့တော်ဝယ် ဇယ်ခုတ်ကစားနေကြသော သမီးတော်ငယ် ၆ ယောက်မှာ ကိုယ်စီကိုယ်ငှ ပါရှိကြသော အထိန်းတော်များက မလှမ်းမကမ်းမှ ခစားဝပ်တွားနေကြရသည်။ အလိုရှိရာလုပ်ကိုင်ပေးရန်လည်း မျက်ခြည်မပြတ် အကဲခတ်နေကြရသည်။ အိမ်ရှေ့ကိုယ်တော်ကြီးရှေ့၌ဖြစ်၍လည်း ပို၍ကြောက်ရွံ့ရိုသေစွာ နေထိုင်ကြရလေသည်။

သမီးတော်ကလေးများမှာ ၈ နှစ်၊ ၉ နှစ်၊ ၁၀ နှစ်မျှသာ အသက်ကရှိနေ၍ ကလေးဘဝ ခမည်းတော်ရှေ့တွင် ပျော်ပျော်ရွှင်ရွှင်ရှိကြသည်။ ဆံရစ်ဝိုင်း၊ ကြက်တောင်စု၊ လည်စည်းကလေးတွေနှင့် ပုတီးလက်ကောက်ခြေကျင်းများလည်း ညွှတ်နေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဝတ်ဆင်ပေးထားကြသည်။ မင်းပွဲသဘင်အခမ်းအနားမဟုတ်၍ သာမန် အိမ်တော်အတွင်း၌ ဝတ်ဆင်မြဲဖြစ်သော ဖဲပန်းကွဲ၊ ရင်စေ့အင်္ကျီ၊ ပိုးဗလာထဘီ ကလေးတွေကိုယ်စီနှင့် ကြည့်မငြီးအောင်ရှိကြသည်ကို အိမ်ရှေ့ကိုယ်တော်ကြီးက ရှုစားတော်မူနေသည်။ ဤတွင် စပ္ပါယ်နဂိုထိပ်ခေါင်တင် ကလေးမှာ ကြက်တောင် စည်းဗူးပွင့်ကလေးက ဖွာရရာကျဲလျက် မွဲချောက်ချောက်ဖြစ်နေသည်ကို တွေ့ရလေ သည်။ ဤတွင်ခမည်းတော်က 'စပ္ပါယ်နဂိုရ်လေး ဒီလာခဲ့ဦး'ဟု ချစ်စနိုးခေါ်တော်မူ သဖြင့် သမီးတော်ကလေးက ကစားရာမှထ၍ ခမည်းတော်အပါးရောက်လာသည်။

'သမီးတော်ဆံပင်က ဖွာနေပါလား။ ဘာပြုလို့ ဆီမလူးရသလဲ'ဟူ၍ ဆံပင်စု လည်း ကြက်တောင်စည်းကို တယုတယဆွဲကိုင်ကာ မေးတော်မူပါသည်။

သမီးတော်က ကစားမက်၍ ဆီမလူးခဲ့ဟု ထင်တော်မူသည်။ မယ်ဆွေအေး စသော အခြားသမီးတော်များမှာ ဆံပင်ရောင်က ဆီလူးထားသဖြင့် နက်မှောင်နေ သည်။ သို့သော် သမီးတော်က . . .

'ဆီမွှေးကုန်နေလို့ ဒီနေ့မလူးရတာပါဘုရား'ဟူ၍ ပြန်လည်လျှောက်တင်ချိန်၌ မယ်တော်သခင်ကြေးလည်း အိမ်ရှေ့ကိုယ်တော်ကြီးအပါးတော်သို့ ရောက်လာလေ သည်။

'ရှင်ကြေးရဲ့ ဆီမွှေးကုန်နေရင် စောစောက ပွတ်ခိုင်းပါတော့လား၊ ခု သမီးတော် ခေါင်းစုတ်ဖွား ဖြစ်နေပါပကော'ဟု ဆီး၍မိန့်တော်မူလေသည်။

'အီစတန်ဆီမွှေးရှိပါဘုရား သမီးတော်မစပ္ပါယ်က မြတ်လေးဆီမှ လူးမယ်ဆိုလို့' ဟူသော အဖြေကိုမဆုံးမီ သမီးတော်ကဝင်၍ 'အီစတန်ဆီမွှေးက ကုလားစော်နံပါ ဘိနှင့် မကြိုက်လို့မလူးတာပါဘုရား'ဟု တင်လျှောက်သောအခါ အိမ်ရှေ့ကိုယ်တော် ကြီးက ပြုံးတော်မူသည်။ ပြီးလျှင် 'မြတ်လေးဆီက ဘယ်တော့မှရမှာလဲ ရှင်ကြေးရဲ့' ဟု မေးတော်မူသောအခါ 'ယခု တစ်ရက် နှစ်ရက်အတွင်း နေပွင့်တဲ့နေ့မှာ ကြိတ်မှာ ပါဘုရား၊ မြတ်လေးပန်းသပ်ထားတဲ့ နှမ်းများလည်း ဆီဆုံမှာပို့ထားပြီးပါပြီ ဘုရား'ဟု တင်လျှောက်လေလျှင် . . .

'ဟယ် . . . တစ်ရက်နှစ်ရက်တောင် စောင့်ရဦးမလား၊ မစပ္ပါယ် ခေါင်းစုတ်ဖွား နေရတာ မကြည့်ချင်ပါဘူး။ ဟဲ့-မိရွှေစင် လာစမ်း။ တင်တင်ဆီမှာ မစပ္ပါယ်က မြတ်လေးဆီ နည်းနည်းပေးလိုက်ပါလို့ သွားတောင်းချေ'

ဟု အိမ်ရှေ့ကိုယ်တော်ကြီးက မိန့်တော်မူလေသည်။ အထိန်းတော် အချီတော် ကလေး မိရွှေစင်သည် သခင်ကြေးလှမ်းပေးသော ရွှေဖလားငယ်ကလေးကိုယူလျက် အိမ်ရှေ့တော်ဆောင်မကြီးရှိ လှိုင်ထိပ်ခေါင်တင်ထံသို့ ထွက်လာခဲ့ရလေသည်။

စပ္ပါယ်နဂိုရ် ထိပ်ခေါင်တင်ကလေးက အားရဝမ်းသာနှင့် 'ခမည်းတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဘုရားမေမှာ မြတ်လေးဆီမွှေးတွေ အများကြီးရှိသလားဖျ'ဟုမေး၍ ခမည်းတော်က 'သမီးတော်မစပ့ါယ်ရဲ့ ခေါင်ဘုရားမေက မြတ်လေးဆီ အမြဲသုံးတော်မူတာဆိုတော့ များများရှိမှာပေ့ါ'ဟု ပြုံး၍မိန့်ကြားကာ သခင်ကြေးယူလာ၍ အပါးတော်သို့ ရောက်နေသော အချီအုပ်ကို ပွဲတော်တည်နေလေသည်။

အပျိုတော်ကလေး ရွှေစင်သည် အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်အပါးတော်သို့ ဝင်ရောက်ခစားမိလေသည်။ အမေးတော်ရှိလာသောအခါ ရွှေစင်က သမီးတော်စပ့ါယ်နှင့် ထိပ်ခေါင်တင်ကလေးက မြတ်လေးဆီနည်းနည်း ပေးသနားတော်မူပါရန် စေလွှတ်ကြောင်း လျှောက်ထားလေသည်။

လှိုင်ထိပ်ခေါင်တင်မှာ ပုရပိုဒ်တွင် စာရေးတော်မူနေဆဲအခိုက်ဖြစ်သည်။ အပါးတော်တွင်ရှိသော အပျိုတော်ငယ်ခင်ညွှာအား သုံးတော်မူနေကျ ဖန်ဘူးထဲက မြတ်လေးဆီနည်းနည်းခွဲ၍ ထည့်ပေးလိုက်ရန် စေခိုင်းတော်မူလိုက်သည်။ ခင်ညွှာသည် ရွှေစင်လက်မှ ရွှေဖလားငယ်ကိုယူ၍ အတွင်းဆောင်သို့ဝင်သွားပြီး မကြာမီ မြတ်လေးဆီပါသော ရွှေဖလားငယ်ကိုယူ၍ ပြန်ထွက်လာပြီး ရွှေစင်လက်သို့ ကမ်းပေးလိုက်သည်။ ရွှေစင်သည် လှိုင်ထိပ်ခေါင်တင်ကို လက်ယှက်ဦးချ၍ အပါးတော်မှ ထွက်ခွာလာခဲ့လေသည်။

ရွှေစင်ပြန်ရောက်လာပြီးနောက် အိမ်ရှေ့ကိုယ်တော်ကြီးရှေ့တော်၌ မြတ်လေးဆီထည့်ထားသော ရွှေဖလားငယ်ကိုကိုင်ကာ ခစားလာသည်။

'ရခဲ့ရဲ့လားဟဲ့. . . ကဲ သမီးတော်ကို ဆီလူးဆံပင်ဖြီးပေးလိုက်'ဟု မိန့်တော်မူသည်တွင် စပ့ါယ်နှင့်ထိပ်ခေါင်တင်ကလေးကလည်း ဝမ်းသာအားရနှင့် ရွှေဖလားကို လှမ်းယူကြည့်သည်။ နမ်းသည်။ မွှေးလိုက်တာဟုလည်း ရင့်ကျူးလိုက်သေးသည်။ ထို့နောက် ရွှေဖလားကို စူးစိုက်ကြည့်ပြီး မျက်နှာကလေးပျက်သွားလေသည်။

'ဟင်. . . ဒီမြတ်လေးဆီကို မလူးချင်ပါဘူး'ဟု ပြောကာ ငိုမဲ့မဲ့ပြုလိုက်လေ သည်။ ယူလာသောရွှေစင်ကလည်း ထိပ်ထိပ်ပျာပျာဖြစ်ရရှာသည်။ ခမည်းတော်အိမ်ရှေ့ကိုယ်တော်ကြီးကလည်း သမီးတော် ရုတ်ချည်းပြောင်းလဲသွားသည်ကို အံ့အားသင့်နေတော်မူသည်။ ညီအစ်မတော် ကစားဖော် မင်းသမီးကလေးများကလည်း အကြောင်းမသိရသေး၍ ငေးကြည့်နေကြရှာလေသည်။

'ဘယ်လိုဖြစ်သွားရပြန်သည်တုံး စပ့ါယ်နဂိုလေး'ဟု ခမည်းတော်က မေးသည်တွင် သမီးတော်ကလေးက ငိုမဲ့မဲ့မျက်နှာနှင့် 'မလူးချင်ပါဘူးဘုရား၊ ဆီမွှေးထဲမှာ ပိုးဟပ်သေကလေးပါလာလို့ ရွံပါဘိတယ်ဘုရား'ဟု ပြန်လည်လျှောက်ကာ မျက်ရည်ပေါက်ကလေးများ ကျလာလေသည်။

အနားမှာရှိသော သခင်ကြေးကလည်း သမီးတော်လက်မှ ရွှေဆီခွက်ကိုယူ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ မြတ်လေးဆီထဲမှာ ဥခွံက ပေါက်ခါစဖြစ်သော စပါးစေ့ခန့်ရှိ ပိုးဟပ်သေကောင်ကလေးကို တွေ့ရသည်တွင် 'သြော်. . . မတော်တဆပါလာတာ ဖြစ်ပါလိမ့်မယ် သမီးတော်ရယ် ဆယ်ယူပစ်လိုက်ရင် ပြီးသားနှင့် ရွံစရာမဟုတ်တာ ရွံတတ်ရှာရန်ကော'ဟု ဖြေသိမ့်အောင်ပြောသော်လည်း သမီးတော်က မပြေနိုင်ရှာပါ။ 'ခေါင်ဘုရားမေက သမီးတော်ကို ချစ်တော်မမူပါဘူး။ ဒါကြောင့်သာ ပိုးဟပ်သေကြီး ပါတဲ့ဆီမွှေးကိုမှ သနားတော်မူလိုက်တာပေါ့ဖျ'ဆို၍ ကြုံကြုံပါအောင် ငိုပါလေ တော့သည်။

အိမ်ရှေ့ကိုယ်တော်ကြီးကလည်း သမီးတော်ကလေး ငိုသည်ကိုမြင်ရသောအခါ မူလပြုံးရွှင်ကြည်လင်နေသော မျက်နှာတော်မှာ ဣန္ဒြေရင့်ကျက်သွားလေသည်။ ဤကိစ္စနှင့်ပတ်သက်၍ နောက်ထပ် တစ်စုံတရာမိန့်ကြားတော်မမူဘဲ ရှိလေသည်။

အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်အပေါ် အလိုတော်မကျ၍ တွေးတောမိသော မြောက်ဆောင်တော်သခင်ကြေးက ရွှေစင်ကို မျက်ရိပ်ပြခေါ်သွားပြီး အဆောင်တော် ထဲတွင် ကြိတ်၍မေးမြန်းသောအခါ ခေါင်ခေါင်ဘုရား အမိန့်တော်နှင့် အပျိုတော် ခင်ညွှာက မြတ်လေးဆီကို သုံးတော်မူနေကျ ဖန်ဘူးထဲမှ ခွဲငှဲ့ပေးလိုက်ကြောင်း လျှောက်တင်သည်။

'မတော်တဆ ပါလာတာဖြစ်ပါလိမ့်မယ် ရွှေစင်ရယ်၊ မယ်မင်းကလည်း လမ်းမှာ တုန်းက ကြည့်ရှုယူလာရင်း ပိုးဟပ်ကလေး ဆယ်ပစ်လိုက်ရင် ပြီးသင့်တာကပဲ၊ ခုတော့ သမီးတော်ငိုလို့ သူ့ခမည်းတော်က အလိုတော်မကျဖြစ်သွားရပြီ'ဟု မြည်တွန် ပြစ်တင်ရာ ရွှေစင်မှာလည်း မိမိပေါ့ဆမှုကြောင့်ဖြစ်ရသည်ဟု မျက်နှာမကောင်း ဖြစ်ရရှာတော့သည်။

အိမ်ရှေ့ကိုယ်တော်ကြီးသည် မူလကပင် လက်နက်ကိစ္စကြောင့် နောင်တော် ဘုရားအပေါ် အလိုတော်မကျဖြစ်ခဲ့ရခြင်းကြောင့် စိတ်ပြေလက်ပြေ သမီးတော်ငယ် ကလေးတွေနှင့် စံနေတော်မူမိရာတွင် အဆင်မပြေသောဖြစ်ရပ်ကြောင့် ဤနေရာမှာ စိတ်ဝင်စားတော်မမူပြန်ဘဲ ကိုယ်လုပ်တော်ရှင်ဖဲ၏ အဆောင်သို့ ကြွချီသွားတော် မူပြန်သည်။ ကိုယ်လုပ်တော်ရှင်ဖဲမှာ သမီးတော် ကောင်းတုန်မြို့စား (မယ်ဆွေယုန်) ထိပ်ခေါင်တင်ယုန်၏မယ်တော် ဖြစ်လေသည်။ ထိုအဆောင်တွင် တစ်ညဥ့်မျှ စံတော် မူ၍ နောက်တစ်နေ့၌ သားတော် (မောင်ဆွေသိမ့်)၏မယ်တော်ဖြစ်သော ခင်ချိန်၏ အဆောင်တွင် စံနေသည်။ ထိုမှတစ်ဖန် သားတော်(မောင်ဆွေမြတ်)၏ မယ်တော် ရှင်လေး၏အဆောင်သို့လည်းကောင်း၊ သားတော်(မောင်ဆွေဝန်း)၊ (မောင်ဆွေဟန်) နှင့် (မောင်ဆွေငြိမ့်)တို့၏ မယ်တော်ဖြစ်သော ကိုယ်လုပ်တော် ခင်မြင့်၏အဆောင်သို့ လည်းကောင်း၊ စိတ်တော်သင့်ရာ အဆောင်တော် ၄-၅ ဆောင်သို့ တစ်လှည့်စီ



www.burmeseclassic.com

www.burmeseclassic.com



ကြွချီစံမြန်းနေလေသည်။ အဆောင်တော်ကြီးသို့ကား လုံးဝပြန်လည် ကြွရောက်တော်မမူဘဲ ရှိလေသည်။

အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်သည် မောင်တော် အိမ်ရှေ့ကိုယ်တော်ကြီး ၄-၅ ရက်မျှကြာသည့်တိုင် အဆောင်မကြီးသို့ ပြန်လည်ကြွလာခြင်းမရှိသဖြင့် စိတ်ရွှင်လန်းချမ်းမြေ့တော် မမူရှာပေ။ အခါတိုင်းဆိုလျှင် ဤမျှ ရက်ရှည်ရှည်နေတော်မူခြင်းမရှိသဖြင့် စိတ်တော်တထင့်ထင့် ရှိတော်မူသဖြင့် လက်ပါးစေများကို စုံစမ်းစေရန် အခြားအဆောင်တော်များသို့ လှည့်လည်ကြည့်ရှုစေသောအခါ မည်သည့်အကြောင်းထူးထွေမရှိကြောင်း ကိုယ်တော်ကျန်းမာစွာနှင့် ကိုယ်လုပ်တော်ကြီး အဆောင်များတွင် တစ်လှည့်စီစံနေတော်မူရင်း သားတော်၊ သမီးတော်ငယ်ကလေးများနှင့် အပျင်းတော်ဖြေလျက်ရှိကြောင်း သိရှိရသဖြင့် စိတ်တော်က အေးရလေသည်။

သို့သော်. . . မိမိအား ရှိသည်ဟူ၍ပင်မထင်၊ ၄-၅ ရက်ကြာမျှ မကြွလာ၊ နေနိုင်တော်မူရှာလေသည်ဟု ဘဝင်ကျတော်မမူနိုင်။ မိမိအဆောင်တော်မှာလည်း သားတော်ကလေး ထန်းတပင်မင်းသားတစ်ပါးက ထွန်းကားလျက်ရှိရာတွင် အခြားကိုယ်လုပ်တော်တို့အဆောင်များ၌ ပျော်ပျော်ပါးပါး စံစားနေတော်မူတတ်လျှင် ယင်းနှင့်အလားတူ အိမ်ရှေ့ဆောင်မတော်ကြီးမှာလည်း တစ်ခါတရံ သားတော် ထန်းတပင်မင်းသားကလေးနှင့် မိမိတို့သား မယ်တော်နှစ်ပါးအား မိသားစုအဖြစ် ပျော်ရွှင်ကြည်လင်စွာ စံနေတော်မူသင့်ပါလျက် နေနိုင်တော်မူရက်လှသည်ဟု မကျေမချမ်းဖြစ်တော်မူမိလေသည်။

သည်တစ်ခါ ရက်သတ္တပါတ်နီးပါး နေနိုင်တော်မူအားခြင်းကြောင့်လည်း မောင်တော့်အပေါ်၌ အတော်ကလေး စိတ်ခုတော်မူမိသည်။ သို့သော် ကိုယ်လုပ်တော် မောင်းမမိဿံ ခြွေရံများနှင့် စံစားတော်မူလေ့ရှိခဲ့သော မောင်တော့်အပေါ်တွင် မြော်မြင်သည်းခံ၍ လာခဲ့ရသော နှစ်ပရိစ္ဆေဒ အချိန်ကာလကလည်း မနည်းတော့ပြီဖြစ်သောကြောင့် ဖြစ်သမျှသာဟူ၍ စိတ်တော်ကိုဖြေသိမ့်လျက် မကျေနပ်ချက်များကို သီချင်းဂီတကဗျာတို့ဖြင့်သာ ရေးသား၍ ရင်ဖွင့်တော်မူခဲ့ရရှာလေတော့သည်။

သည်အတောအတွင်းမှာ ရေးတော်မူလက်စ ဝိဇယကာရီနန်းတွင်း ဝတ္ထုတော်ကြီးမှာလည်း ဝိဇယကာရီမင်းသားက မွေးစားသားက္ကန္ဒရှိန်းနှင့် မိမိသမီးတော် ရတနာနတ်မယ်တို့ သူငယ်ချင်းမေတ္တာရည်ငံရှိသည်ကို ၎င်း၏ လက်ထပ်ဇနီးကြင်ယာတော်ကြီးဖြစ်သူ သူ့မယ်တော်မသိအောင် တစ်ဖက်လှည့်နှင့် အကျိုးဆောင်ပေးနေသောအခန်းသို့ ရောက်နေသောကြောင့် ရေး၍ အလွန်လက်တွေ့ပြီး၊ စိတ်ထဲကပါ ညွတ်ပျောင်းယိမ်းနွဲ့နေရှာခိုက် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇယကာရီမင်းသားကြီး၏ လှုပ်ရှားမှုနှင့် ဝတ္ထုထဲ၌ ပြုမူပြောဆိုပုံ၊ စိတ်နေစိတ်ထားပုံများကို သူ၏မောင်တော် အိမ်ရှေ့ကိုယ်တော်ကြီး၏ ကိုယ်ပွားတော်ဟူ၍ ပုံသွင်းထားခြင်းမျိုးဖြင့် ရေးသားလာခဲ့သော ဝတ္ထုကြီးဖြစ်၍လည်း စိတ်ထဲမှခံစားချက်များကို စုပုံဖွင့်ပြ ရေးသားခဲ့ခြင်းဖြစ်သည်။ ဝိဇယကာရီ မင်းသားကြီးသည် မိဖုရားကြီး သီရိရတနာကို မြတ်နိုးခြင်း၊ ချစ်ခင်ခြင်း၊ ခန့်ညားလေးစားခြင်းများရှိခဲ့သလို၊ အိမ်ရှေ့ကိုယ်တော်ကြီးကလည်း မိမိအား မြတ်နိုးခြင်း၊ ချစ်ခင်ကြင်နာခြင်း၊ လေးစားခြင်းတို့နှင့် ပြည့်စုံသည်ဟု ယုံကြည်သည်။ ဝိဇယကာရီမင်းသားကြီးသည် တစ်ရာ့တစ်ပါးသော ထီးဆောင်းဘုရင်မင်းတို့၏ သမီးတော်များနှင့် ချစ်မှုပွေရှုပ်နေသည်ကို ကြင်ယာတော် ကြီးသီရိရတနာမင်းသမီးက ခွင့်လွှတ်အလိုလိုက်သကဲ့သို့ မိမိကလည်း မောင်တော် အိမ်ရှေ့ကိုယ်တော်ကြီး အမြောက်အမြားနှင့် အချစ်ဇယားရှုပ်ခဲ့သမျှကို အပြစ်တော်မယူ၊ ငြူစူခြင်းမရှိ၊ ခွင့်လွှတ်အလိုလိုက်လျက် ရှိခဲ့သည်တို့ကိုလည်း ထင်ရှားပေါ်လွင်စေပါသည်။ သို့သော် စိတ်မဆိုးဘူးဆိုသော်လည်း ကွဲမြီးတိုသေးသည်ဆိုသော စကားပုံကဲ့သို့ ထေ့ခြင်း၊ ငေါ့ခြင်းနှင့် မချိပြုံးကလေးတော့ ပြုံးချင်လာသည်။

သည်တစ်ခါ အဆောင်တော်ပြန်လာလျှင် အခါတိုင်းကဲ့သို့ ခရီးဦးကြိုနှင့် အလိုတော်မလိုက်တော့ဘဲ၊ မျက်နှာကြန့်တော် တစ်ခွဲသားနှင့် နေပြလိုက်ဦးမည်ဟု စိတ်ကူးအားခဲထားမိသည်။ ယခင်က တစ်ကြိမ်တစ်ခါမျှ အိမ်ရှေ့ကိုယ်တော်ကြီး အပေါ်၌ စိတ်ကောက်တော်မမူခဲ့ဖူးစေကာမူ၊ သည်တစ်ခါ ကောက်ပြလိုက်ဦးမည်ဟု ကြံတော်မူထားမိသည်။

မကြာပါချေ၊ ခြောက်ရက်မြောက်သောနေ့ မနက်တွင် အိမ်ရှေ့ကိုယ်တော်ကြီးသည် လှိုင်ထိပ်ခေါင်တင်ရှိရာ အဆောင်တော်ကြီးသို့ ပြန်လည်ကြွရောက်တော်မူလာသည်။

လျောင်းတော်ဦးမှ ထွက်၍မကြိုပါ။ တကယ်ပင် မကြိုဆိုပါ။ ဘာသိဘာသာလို မသိလိုက် မသိဘာသာ အဆောင်တော်ထဲကမထွက်ဘဲ၊ ပုရပိုဒ်တစ်ဆူကို ဖွင့်ဖတ်လျက်နေလေသည်။ အိမ်ရှေ့ကိုယ်တော်ကြီးအား လက်ပါးစေများက လက်ယှက်ကြိုဆိုခစားကြသည်။ ဝတ်လဲတော်များ ဆက်ကြရသည်။ ချိုးရေတော်အတွက် အမွှေးနံ့သာစွက်သော ချိုးရေတော်များ စီမံကြသည်။ ချေးတွန်းရန် အမွှေးကသယ်မှုန့် ရွှေဖလားများအရံသင့် တင်ထားကြရသည်။ ချိုးတော်ရေသုံးပြီးလျှင် ပွဲတော်စာသွင်းရန် စီမံသော လက်ပါးစေများနှင့် ကိုယ်လုပ်တော်ငယ်များက စီမံ ဝိုင်းအုံနေကြလေသည်။

လှိုင်ထိပ်ထားကား အဆောင်တော်ထဲမှ ထွက်ကြွလာခြင်းမရှိသေးပေ။ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ကြီးကား ဘာမျှအမှုမထားသောက္ကန္ဒြေနှင့် ချိုးတော်ရေသုံးလျက်ရှိသည်။ ပြီးလျှင် လွှတ်တော်တက်ရန် ဝတ်လဲတော်အသစ်များ လဲလှယ်လျက် လက်စွဲတော်သီလဝင်ကျောက်စီရွှေဓားကို စွဲကိုင်လျက် ပွဲတော်တည်ရန် ပွဲတော်ဆောင်သို့ ထွက်ကြွလာခဲ့လေသည်။

ဤအချိန်တွင်တော့ လှိုင်ထိပ်ခေါင်တင်သည် အဆောင်တော်ထဲနေ၍ မဖြစ်တော့ချေ။ ပွဲတော်ဆောင်မှာ မိမိမရှိပါလျှင်၊ မိဖုရားဝတ္တရား(မယားဝတ္တရား) ပျက်ကွက်ရာကျနေချေမည်။ သို့ကြောင့် ပွဲတော်ဆောင်ဘက်သို့ ကူးတော်မူလာသည်။

မျက်နှာတော်ကတော့ မကြည်မလင်၊ ဘာစကားမျှလည်းမဆို၊ ခပ်မဆိတ် ပွဲတော်အုပ်အနီးမှာ လာ၍ထိုင်သည်။ အိမ်ရှေ့ကိုယ်တော်ကြီးကား ပွဲတော်အုပ်အတွင်းရှိ ရွှေသားဇလုံမှ ပွဲတော်ထမင်းကို စတင်နှိုက်ယူရင်း လှိုင်ထိပ်ခေါင်တင်၏မျက်နှာကို အမှတ်တမဲ့ရှုစားတော်မူလိုက်သည်။ လှိုင်ထိပ်ခေါင်တင်က မျက်နှာခပ်ထားထားနှင့် မျက်လုံးချင်းမဆိုင်မိအောင် ငုံ့၍ခစားနေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးသည် ကြင်ယာတော် လှိုင်ထိပ်ခေါင်တင်၏ မျက်နှာထားတင်းမာမှုကိုတွေ့မြင်တော်မူသောကြောင့် ပကတိက္ကန္ဒြေမျက်နှာထားမှတစ်ဆင့် တိုး၍တင်းမာသွားသည်။ စကားမဆို၊ အိမ်ရှေ့မင်းစကားမဆိုလေ၍ ကြင်ယာတော်လှိုင်ထိပ်ထားကလည်း စကားမစ၊ လောကွတ်ပျူငှာမပြု တည်တည်တန့်တန့်နှင့်ပင် ပွဲတော်ဟင်းခွက်မှ ငါးကြင်းကြော်ကို အရိုးထွင်၍ ရွှေဇလုံထဲသို့ထည့်ပေးသည်။ ဒါကို အိမ်ရှေ့ကိုယ်တော်က လက်မခံ၊ ဟင်းခွက်ထဲ ပြန်ထည့်လိုက်သည်။ သူ့နှမတော် စိတ်ကောက်နေပြီဟု သိတော်မူလိုက်သည်။ ထို့ကြောင့် တုံ့ပြန်လိုက်ခြင်းဖြစ်၏။

လှိုင်ထိပ်ခေါင်တင်ကလည်း မိမိက စေတနာနှင့်အရိုးသင် ထည့်ပေးလိုက်သောငါးကြင်းသားကြော်ကို လက်ခံတော်မမူဘဲ၊ သူမူလဟင်းခွက်(ကျောက်စိမ်းပန်းကန်) ထဲသို့ ပြန်လည်ထည့်လိုက်သောအခါ အိမ်ရှေ့ကိုယ်တော်ကြီးအား မျက်လုံးနှင့်မော်ကြည့်လိုက်သည်။ မိမိ၏စေတနာကို တန်ဖိုးမထားပါကလားဟု စိတ်တိုသွားပြန် သည်။ ပြီးလျှင် ပွဲတော်အုပ်နားတွင် ဆက်လက်မနေချင်၍ အဆောင်တော်ထဲသို့ ပြန်ဝင်သွားသည်။ မျက်နှာမှာတော့ မသာမယာနှင့်ပင်တည်း။

အိမ်ရှေ့ကိုယ်တော်ကြီးက လှိုင်ထိပ်ထား ရုတ်တရက်ထသွားသည်ကို တစ်ချက်လှည့်ကြည့်တော်မူသည်။ နဂိုအခံကလည်း စိတ်တော်မကြည်ရှိနေရာတွင် ယခုလိုပြုမူသည်ကိုမြင်ရသဖြင့် (တယ် ငါ ဓားနှင့်ထပိုင်းလိုက်ရ)ဟူ၍ တောက်တစ်ချက်ခတ်ကာ နှုတ်တော်မှရေရွတ်လိုက်သည်။ ထိုစကားကို လှိုင်ထိပ်ခေါင်တင်ကြား



www.burmeseclassic.com

www.burmeseclassic.com



တော်မူသွားသည်။ ဤတွင် လှိုင်ထိပ်ခေါင်တင်မှာ ဆတ်ဆတ်ခါမျှ နာကြည်းတော်မူမိရှာသည်။ အဆောင်တော်ထဲ၌ မျက်ရည်စို့ရွဲ ငိုမဆဲဖြစ်ရတော့သည်။ ထစ်ခနဲဆိုလျှင် ဂီတနှင့်ရင်ဖွင့်လိုသောဆန္ဒကြောင့် နာဂဆဒ္ဒန်ချီ ဘောလယ်ကို စတင်စီကုံးကြည့်သည်။ သို့သော် စိတ်ဝိတက်များနေခိုက်ဖြစ်၍ အစ၌ တန့်နေသည်။

တကယ်ဆိုလျှင် သူကသာ ချော့ရမည့်အစား စိတ်ကောက်နေသူကို ပို၍နာကြည်းအောင် ပြုရက်လေခြင်းဟု ဝမ်းနည်းခြင်းနှင့်စိတ်နာခြင်းတို့က အပြိုင်အဆိုင်လုယက်တိုးဝှေ့၍ နှလုံးသားအတွင်းမှာ နေရာယူထားလိုက်ကြပါသည်။ ဂီတက ရှေ့မတိုးနိုင်သေးပေ။ အပါး၌ရှိနေကြသူ ကိုယ်လုပ်တော်ငယ်များ၊ အပျိုတော်များမှာ နေစရာရှာမရအောင် ကြောက်ရွံ့နေကြရှာသည်။ မိမိတို့အရှင်သခင် လှိုင်ထိပ်တင်နှင့် အိမ်ရှေ့ကိုယ်တော်ကြီးဘုရားတို့ မကြည်မသာရှိနေတော်မူကြသည့်စပ်ကြားတွင် မြေဇာပင်များအဖြစ်နှင့် ပြစ်တင်မောင်းမဲမှု ခံကြရမည်လားဟု အသက်ရှူမှားလောက်အောင် စိုးရွံ့တုန်လှုပ်နေမိကြရှာသည်။

သို့ရာတွင် နောက်ထပ် ဘာမျှမဖြစ်တော့ဘဲ၊ အိမ်ရှေ့ကိုယ်တော်ကြီး ပွဲတော်တည်အပြီး၌ လွှတ်တော်သို့တက်ရန် အိမ်တော်အောက်သို့ဆင်းကြလျက် ဝေါတော်ပေါ်သို့တက်၍ ထွက်တော်မူသွားသည်တွင်မှ သက်ပြင်းချကြရတော့သည်။

ဤတွင် သူတို့ထိပ်ခေါင်တင်သခင်မ စံတော်မူရာအဆောင်ဝ၌ စုရုံးရောက်ရှိလာကြပြီး၊ မည်သည့်အမိန့်စကား နာခံရမည်၊ မည်သည့်စေခိုင်းတော်မူချက်ကို သွက်လက်စွာထမ်းဆောင်ရမည်ကို အရိပ်အကဲခတ်ကာ ခစားနေကြရှာသည်။

လှိုင်ထိပ်ခေါင်တင်သည် မျက်ရည်စများကိုသိမ်းကာ တစ်စုံတရာဆုံးဖြတ်လျက် ရေးလက်စပုရပိုဒ်ကို ကန့်ကူတံနှင့်အတူ သလွန်ပေါ်သို့တင်လိုက်သည်။ ထိုနောက် မှန်ခုံတော်ရှေ့တွင် နံ့သာပန်းပေါင်းများနှင့် မျက်နှာတော်ကို မွမ်းမံပြင်ဆင်သည်။ ခင်ညာအားခေါ်၍ ဒေါင်းဇရစ်ပန်းကုံးနှင့် စကားစိမ်းပန်း၊ ဒေါနပန်းများကိုယူလာခဲ့ရန် အမိန့်တော်ရှိသည်။

ဝတ်လဲတော်ဆက်ရန် အပျိုတော် ခင်သက်ကို ခေါ်တော်မူလိုက်သည်။ ခင်သက်သည် ယွန်းသေတ္တာတွင်ထည့်ထားသော ဆပ်သွားဖူးပန်းနံ့သပ်ထားသည့် ပိုးစစ်ပဝါများကို နှစ်သက်တော်မူရာ အဆင်အသွေးကိုယူပေးရန် ယွန်းသေတ္တာပါ ရှေ့တော်သို့ သယ်မလာရသည်။ အလားတူပင် ဝတ်လဲတော်ကြိုးထဘီများထည့်ထားသော ယွန်းအစ်ဝိုင်းကြီးအတွင်းမှ နန်းလုံးကြိုင်ပန်းနံ့သပ်ထားသော ကြိုးထဘီအထပ်လိုက်ကို လက်တွင်ပါသမျှသယ်ယူကာ ရှေ့တော်မှာထားရသည်။

လှိုင်ထိပ်ခေါင်တင်သည် မှုန်နံ့သာများပြုပြင်ပြီးသောအခါ လလယ်ယုန်ဆံထုံးတွင် အစိမ်းရောင်ဖြစ်သော ဒေါင်းဇရစ် (ဒေါင်းဒလိတ်ဟုလည်းခေါ်သည့်)ပန်းကုံးကို



www.burmeseclassic.com

www.burmeseclassic.com



သွယ်ဝိုက်ပန်ဆင်လိုက်သည်။ စကားစိမ်းပန်းများကို ဆံထုံးရှေ့မှ ထိပ်စိုက်ပန်းအဖြစ် ပန်ဆင်ပြီးလျှင် ဒေါနခက်ကလေးများကိုမူ ဆံထုံးဘေးမှ နံဘေးထိုးပန်းခက်အဖြစ် ပန်ဆင်လိုက်သည်။ ထို့ကြောင့် နက်မှောင်သော လလယ်ယုန်ဆံထုံးတစ်ဝိုက်တွင် အစိမ်းရောင်ပန်းများက လွှမ်းမိုးလျက်ရှိသည်။

သွယ်ဝိုက်နက်မှောင်သော ဗျာပါဆံနှစ်ဖက်၏ အထက်ပိုင်းရှိ နားသွယ်တွင် လည်း စိန်ရံသောမြနားတောင်းကို ပန်ဆင်လိုက်သည်။ ပြီးလျှင် လည်တိုင်ကျော့ ကျော့၌ မြလည်ကပ်နှင့် မြခယားသီးတတ်သော မြဒါလီကို ရင်ခေါင်းအထိဆွဲဆင် ထားလိုက်သည်။ မြလက်ကောက်နှင့် စိန်ခြယ်မြလက်စွပ်များပါ ထပ်မံဖြည့်စွက် ဝတ်ဆင်ထားပြန်ရာ တစ်ကိုယ်လုံးအစိမ်းရောင်ဖြင့် ဖုံးလွှမ်းလျက်ရှိလေသည်။

ထို့နောက် ဝတ်လဲတော်များအဖြစ်(ဖက်ညွန့်သွေး)ခေါ် ဖက်ဖူးရောင်ဖဲပဝါကိုခြုံ၍ ကျောက်စိမ်းကြိုးခေါ် အစိမ်းရောင်ကြိုးကြီးချိတ်ထဘီကို လဲလှယ်ဝတ်ဆင်တော်မူလိုက်သည်။ အပျိုတော်ကလေးများသည် အလွန်လှ၍ တစ်ကိုယ်လုံး အစိမ်းရောင် ဖုံးလွှမ်းထားသော ထိပ်ခေါင်တင်မဖုရားကို အငေးသားကြည့်၍နေမိကြသည်။

'ခင်သက်တို့၊ ခင်ညွာတို့ မယ်မင်းတို့အိမ်ရှေ့ကိုယ်တော်ကြီးက စိမ်းကား ရက်စက်တော်မူလှတယ်။ ဒါကြောင့် ဒီမြောက်အိမ်တော်မှာ ခေါင်ဖုရားစံနေတော်မမူ ချင်ဘူး။ နန်းမတော်(မဖုရားကြီး)အဆောင်တော်ကို ဝင်တော့မယ်။ ဝတ်လဲတော်များ၊ ရေးစနှင့် ပုရပိုဒ်များယူပြီး လိုက်ခဲ့ကြတော့'ဟူသော လှိုင်ထိပ်ခေါင်တင်၏ အမိန့် စကားကြောင့် ခင်သက်နှင့်ခင်ညွာအမျှူးရှိသော အပျိုတော်များ စိတ်မကောင်းစွာနှင့် မှန်ပါဘုရားဟုသာ လိုက်လိုက်ကြရတော့သည်။ တစ်စုံတရာ လျှောက်တင်ဝံ့ကြသူ များမဟုတ်ပေ။။

ထိုအချိန်တွင် မင်းတုန်းမင်းတရားကြီးသည် ညီလာခံကွဲပြီးစဖြစ်၍ နန်းမတော် ဆောင်ကြီး၌ စကြာဒေဝီမိဖုရားခေါင်ကြီးနှင့်အတူ သလွန်တော်ပေါ်၌ စကားနှီးနှော ပြောဟောစံနေမူခိုက်ဖြစ်ရာ အဆောင်တော်အတွင်းသို့ မျက်နှာတော်ညှိုးစွာဖြင့် ဝင်ရောက်ခစားလာသော အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်အား ရုတ်တရက်မြင်တော်မူ လျှင် အကြောင်းကိစ္စထူးခြားလေသည်အထင်ဖြင့် မင်းမိဖုရားနှစ်ပါးတို့က အံ့အား သင့် ကြည့်ရှုတော်မူနေကြသည်။

မိဖုရားခေါင်ကြီးသည် တစ်ကိုယ်တော်လုံး အစိမ်းရောင်ဖုံးလွှမ်း ဆင်မြန်းလာ သော ညီမတော်အား အံ့အားသင့်တော်မူရာမှ. . .

'ဟင် ညီမတော်လေး ဘယ်အရေးဘယ်အခင်းကြောင့် မျက်နှာတော်မသာမယာ နှင့် ရောက်လာရသတုံး တစ်ကိုယ်တော်လုံးလည်း မြစိမ်းရောင်တွေဖုံးလို့ပါကလား' ဟူ၍ စတင်အမေးတော်ရှိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ထိပ်ခေါင်တင်သည် အစ်မတော်ကြီးက မေးတော်မူလိုက်ကာမှ မျက်ရည်စို့လာသည်ကို စိမ်းနုရောင် ဖဲခြုံတော်ပဝါစဖြင့်တို့ကာ သုတ်ကာ-

'မောင်တော်က ရက်စက်စိမ်းကားတော်မူလွန်းလို့ မြောက်အိမ်တော်မှာနေလို စိတ်မရှိသဖြင့် မဖုရားကြီးအဆောင်တော်မှာ နေရပါမည်အကြောင်းပါ ဘုရား'

ဟု ရှိုက်သံနှင့် တီးတိုးလျှောက်ထားလိုက်ရာ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့ကလည်း တစ်ပါးမျက်နှာတစ်ပါးကြည့်ရင်းမှ မိဖုရားခေါင်ကြီးက 'အကျိုးအကြောင်းများ ဘယ်လိုဆိုတာ လျှောက်တင်စမ်းပါဦး ညီမတော်လေးရယ်'ဟူ၍ အမေးတော်ရှိသောအခါ အိမ်ရှေ့ဘုရားအဆောင်တော်၌ မစံနေဘဲ၊ ၄-၅-၆ ရက်ခန့် အခြား ကိုယ်လုပ်တော်ဆောင်များသို့ ကြွရောက်တော်မူနေပြီး ပြန်လည်တော်မူလာရာမှာလည်း မျက်နှာတော်မကြည်မသာရှိနေကြောင်းနှင့် နောက်ဆုံးတွင် ကျွန်မအား [ဓားတော်နှင့်ပိုင်းလိုက်ရ] တောက်ခတ်ကြိမ်းဝါးခြင်းအမှုကိုပင် ပြုတော်မူလာကြောင်း။

သို့ပါ၍ မြောက်အိမ်တော်မှာ စံနေတော်မမူလိုတော့သဖြင့် မဖုရားအဆောင်တော်မှာ လာရောက်ခိုလှုံရပါမည့်အကြောင်းတို့ကို ငိုရှိုက်သံ နှောလျက် သံတော်ဦးတင်လိုက်လေသည်။

သလွန်တော်ပေါ်ရှိ မင်းတရားကြီးနှင့် မိဖုရားကြီးတို့ကလည်း အကျိုးအကြောင်းကြားသိတော်မူလေလျှင် မင်းတရားကြီးက . . .

'ညီပုမှာ စိတ်တိုင်းမကျတဲ့အမှု တစ်ခုခုရှိနေစဉ် ဖြစ်လို့စိတ်မာန်အလျောက်ပြောလိုက်သလားမသိ၊ ကိုင်းကိုင်း စိတ်ပြေလက်ပျောက် အစ်မအဆောင်တော်မှာ မဖွားကြီး နေလိုသလောက်နေပါစေ၊ ညီပုကိုလည်း အကျိုးအကြောင်း စုံစမ်းစေပါဦးမည်'ဟု အမိန့်တော်ရှိကာ ဇေတဝန်ဆောင် တောင်ဘက်သို့ ထွက်တော်မူသွားလေသည်။ နန်းမတော်မိဖုရားကြီးလည်း ညီမတော်လှိုင်ထိပ်ခေါင်တင်အား သနားကြင်နာယုယစွာနှင့် ကျော့လက်သပ်ကာ. . .

'ညီမတော်လေး စိတ်လက်ပြေပျောက်တော်မူသည်အထိ မဖုရားဆီမှာ စံနေတော်မူပါ။ မတ်တော်မောင်ဘယ်လိုဖြစ်သည်ကိုလည်း စုံစမ်းပေးတော်မူပါမည်'ဟု အားပေးတော်မူသည်။

လှိုင်ထိပ်ခေါင်တင်သည် မောင်တော်အိမ်ရှေ့ဘုရားအပေါ်တွင် နာကြည်းတော်မူခဲ့သည်တွင် ယခုအခါရှက်စိတ်နာ ဝမ်းနည်းခြင်းက တစ်ဆတိုး၍ ထမ်းပိုးတက်လာပြန်သဖြင့်-

'ဘုရားကျွန်မဖြင့် ဘယ်တော့မှမြောက်အိမ်တော်ကို မပြန်လိုတော့ပါဘုရား၊ မောင်တော်ဟာ အလွန်တရာမှ စိမ်းကားရက်စက်တော်မူလှပါတယ်။ နောင်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သည်ထက်ပင် ကဲလာပါတော့မည်။ အကြောင်းမရှိဘဲ မျက်နှာတော်ကြီးက ညိုမည်းပြီး၊ လက်သုံးတော်ဓားကြီးတကိုင်ကိုင်နှင့် ဖြစ်နေလေတော့၊ ဘယ်တော့များ ဓားတော်နှင့် တကယ်ပိုင်းလေမည် မသိနိုင်တော့ပါဘုရာ့။ ဒါကြောင့်ဘုရာ့ ကျွန်မ မပြန်ပါရစေနှင့် တော့ ဘုရား' ဟု ထပ်ခါ လျှောက်တင်ပြန်လေရာ-

'ညီမတော်လေး နေလိုသမျှ၊ စိတ်တော် မပြေသမျှ စံနေပါလို့ မဖုရားက အခွင့်ပြုထားပါကမင့်ပဲ၊ စိတ်တော်အေးအေးနှင့် ပျော်ပျော်ရွှင်ရွှင်သာ စံနေပါတော့ ညီမတော်ကလေး'

ဟု ထပ်ဆင့်၍ အခွင့်အရေးပေးတော်မူခြင်းအားဖြင့် ထိုနေ့မှအစပြုကာ အိမ်ရှေ့မိဖုရားလျှိုင်ထိပ်ခေါင်တင်သည် အစ်မတော် မိဖုရားကြီးအဆောင်တော်တွင် စံနေတော်မူခဲ့လေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးသည် ညနေစောင်း လွှတ်တော်မှ မင်္ဂလာအိမ်တော်သို့ ပြန်လည်ကြွရောက်တော်မူလာလေသည်။ မျက်နှာတော်ကား ခပ်ညိုညိုနှင့် အလိုတော်မကျတော်မူယောင်နှင့် ရှိသည်။

ကိုယ်လုပ်တော်ငယ်များက ခရီးဦးကြိုပြုကြသည်။ တစ်စုံတစ်ရာအမေးတော်မရှိဘဲ၊ ဘာမျှမလျှောက်ဝံ့ကြသူများပီပီ ငုံ့လျှိုးလျက် ကြောက်ရွံ့ရိုသေစွာ ဖိနပ်တော်များ သိမ်းခြင်း၊ ဝတ်လဲတော်များဆက်ခြင်း စသောအမှုတို့ကို ဆောင်ရွက်ကြရလေသည်။

ကိုယ်တော်ကြီးက ဗောင်းတော် ပုသိမ်ပဝါကို လက်တော်နှင့်ဖြုတ်လျက် ယာဘက်က ခစားနေသူ ကိုယ်လုပ်တော်ခင်ဖြူကို ကမ်းပေးရင်း၊ အဆောင်တော် တစ်ဝန်းကို လှမ်း၍ ရှုကြည့်တော်မူလိုက်သည်။ အိမ်ရှေ့မိဖုရား လျှိုင်ထိပ်ခေါင်တင် ထွက်တော်မူလာသည်ကို မတွေ့ရလျှင် စိတ်တော်ကောက်နေတုန်းပဲ ထင်တော်မူ ကာ၊ တစ်စုံတစ်ရာအမေးတော်မရှိ နေတော်မူသည်။

သလွန်တော်၌ အညောင်းဖြေ ခြေညောင်းလက်ဆန့် စံနေလိုက်သည်။ ကိုယ်လုပ်တော် မောင်းမများကလည်း အမေးတော်မရှိသောကြောင့် ဘာမျှမလျှောက် တင်ဝံ့ကြပေ။ သို့နှင့် ညနေဝင်ရီတရောအချိန် ပွဲတော်အုပ်သွင်းလာကြသောအခါ 'တင်တင်ကော'ဟု အမေးတော်ရှိလေသည်။

သို့မှသာလျှင် ကိုယ်လုပ်မောင်းမများက 'ခေါင်ဘုရား နန်းမတော်ဆောင်ကြီးသို့ ကြွတော်မူပါကြောင်းဘုရား'ဟု လျှောက်ထားကြရလေသည်။ အိမ်ရှေ့ကိုယ်တော်ကြီး က နှမတော်လျှိုင်ထိပ်ထား သူ့အစ်မတော်ဘုရားအဆောင်က အချိန်တန်လျှင် ပြန် ကြွလာလိမ့်မည်ဟု ထင်တော်မူသောကြောင့် တစ်စုံတရာ နောက်ထပ်မမေးဘဲ၊ ပွဲတော်စာကို သုံးဆောင်လျက်ရှိလေသည်။

သို့သော် ညဥ့်ယံသို့ရောက်၍ အဆောင်တော်ထဲမှာ ရွှေတိုင်တော်များ(ပျား



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်)လင်းလာသည်အထိ နှမတော် ပြန်ရောက်မလာသေးသောအခါ ခြေသလုံးကို အနှိပ်တော်ဆက်နေသူ ခင်ဖြူအား. . .

'ဟဲ့ ခင်ဖြူရဲ့၊ နှင့် ခေါင်ဘုရား ခုထိ ပြန်မရောက်သေးပါကလား. . .'ဟု ထပ်ဆင့်မေးတော်မူသည်တွင်မှ ခင်ဖြူက ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖြစ်ကြောင်းကုန်စင် သံတော်ဦးတင်ရလေတော့သည်။

မောင်တော်က ရက်ရက်စက်စက် သီလဝင်ရွှေစင်ဓားနှင့် တအားပိုင်းတော်မူမည် ကြောက်ရွံ့၍ 'သည်အဆောင်တော်တွင် မနေဝံ့ပါပြီ၊ အစ်မတော်ဘုရားဆီသွား၍ စံနေတော်မူတော့မည်'ဆိုသည်များနှင့် အစိမ်းရောင်လွှမ်းသော ဝတ်လဲတော်များကို ဆင်ယင်တော်မူသွားကြောင်းပါ ဖြစ်ကြောင်းအကုန်အစင်ကိုသိတော်မူလျှင်. . .

'တင်တင်က ငါ့ကို ဒီတစ်ခါ အတော်စိတ်နာသွားပြီထင်ရဲ့. . .'ဟု ပြုံးစနဲ့နဲ့ အမိန့်တော်ရှိလိုက်လေသည်။ စိတ်တွင်းကမူ 'သူစိတ်ပြေလျှင် ပြန်ကြွလာမှာပါ'ဟု ခတ်မဆိတ် စံတော်မူလိုက်သည်။

သို့သော် တစ်ရက်မက နှစ်ရက်၊ သုံးရက်ကဲ-ရက်သတ္တပါတ်ရလာသည့်တိုင်အောင် မင်္ဂလာအိမ်တော်ဆောင်သို့ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင် ပြန်လည်ကြွရောက်လာခြင်း မရှိသောအခါ၊ တယိယိနှင့်သတိတော်ရလျက်ရှိတော့သည်။ အလွန်လျှင် ချစ်ခင်မြတ်နိုးတော်မူခဲ့ရသော နှမတော်လှိုင်ထိပ်ထားကို တွေ့မြင်တော်မမူရလေသောအခါ၊ စိတ်တော်ဟာလျက်ရှိသည်။

နောင်တော်ဘုရားထံ ညီလာခံဝင်ချိန်၌ ညီနောင်နှစ်ပါးတည်းရှိစဉ်မှာ မင်းတုန်းမင်းတရားကြီးက 'ညီပုနှင့်မဖွားကြီးတို့ ဘယ်သို့ဖြစ်ကြသည်တုံး'ဟု ခပ်ပြုံးပြုံးအမေးတော်ရှိစဉ်က အိမ်ရှေ့ကနောင်မင်းက ခပ်ပေါ့ပေါ့ပင် 'သူစိတ်ကောက်နေတုန်း ခဏကြည့်နေလိုက်ရပါကြောင်း'ဟုသာ လျှောက်တင်ခဲ့ရသည်။ (အပျက်အပျက်နှင့်နှာခေါင်းသွေးထွက်) ဆိုသည့်စကားပုံပမာ ယခုလိုရက်ရှည်လာသောအခါ၌ ကနောင်မင်းမှာ ချစ်စွာသောနှမတော်အား လွမ်းအားတော်ပို၍ နေတော်မူသည်။

အခြားသော ကိုယ်လုပ်တော်ကြီးများနှင့်အတူ တစ်မူထူးခြားချစ်အားစုပုံခဲ့သော, အမိဝမ်းသာ ခြားရှာခဲ့သော နှမတော်လည်း ဖြစ်သည်။ ပညာဉာဏ်ရင့်သန်လျက်၊ ရူပလက္ခဏာ ကောင်းခြင်းငါးဖြာနှင့်ပြည့်ဝရုံမက၊ အရွယ်တော်ကလည်း နုငယ်လှရှာသူဖြစ်ပြီး၊ နောင်တော်မင်းတရားကြီးနှင့် အစ်မတော် မိဖုရားခေါင်ကြီးတို့၏သမီးတမျှချစ်မဝသော ညီမတော်ကလေးလည်း ဖြစ်ရကား၊ သူဆိုးသမျှ နွဲ့သမျှ မိမိကချစ်စနိုးနှင့် ဆိုးမျိုးခံရမည့်အစား၊ သူ့ခမျာကလေးကသာ မိမိအပေါ်တွင် ကြင်ကြင်နာနာသည်းခံလာရှာခဲ့သူပေတကားဟု ကြင်နာဆပွား ချစ်သနားပို၍နေလေတော့သည်။

သို့ကြောင့် မင်္ဂလာအိမ်တော်သို့ပြန်လာစေရန် အဘယ်သို့ ချော့မော့ခေါ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရပါမည်နည်း။ အစ်မတော် စကြာဒေဝီမိဖုရားကြီးကို အိမ်တော်ပြန်လွှတ်ပါရန် အသနားခံရကောင်းလေမလား၊ သို့တည်းမဟုတ် သူစိတ်ဆိုးပြေတော်မူလောက်ချိန်ကျလျှင် အလိုအလျောက် ပြန်ရောက်လာလေမလားဟု အမျိုးမျိုးတွေးတောကာ လာလမ်းကို မျှော်မိရှာသည်။

သို့ရာတွင် လှိုင်ထိပ်ခေါင်တင်ကား၊ အရိပ်အယောင်မျှပင် ပေါ်မလာပါချေ။

မပေါ်လာသော်လည်း မျှော်ရှာသူကတော့ တစ်နေ့ပြန်လာနိုး၊ တစ်ရက်ပြန်လာနိုးနှင့် ရာဇက္ကန္ဓေမပျက်ကိုတ်လျက် မျှော်တမ်းရစဉ် လူမလာသော်လည်း စာရောက်လာသည်ဆိုသော စကားကဲ့သို့ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင် ရေးသားစီကုံးဖွဲ့နွဲ့လိုက်သော 'နာဂဆဒ္ဒါန်ချီဘောလယ်' သီချင်းကား အိမ်ရှေ့မင်းရှေ့တော်မှောက်၊ မင်္ဂလာအိမ်တော်သို့ ရောက်လာလေတော့သည်။

ညဉ့်ဦးယံအချိန်တွင် အိမ်ရှေ့ကိုယ်တော်အား အဆိုတော်အငြိမ့်အပျိုတော် များက စောင်းဖြင့်ရွှေနားတော်သွင်းလေ့ရှိသော ဂီတသီချင်းများထဲမှာ အဆိုပါနာဂဆဒ္ဒါန်ချီသော လှိုင်ထိပ်ခေါင်တင်ရေးလိုက်သည့် ဘောလယ်ပါရှိခဲ့သည်။ ထိုသီချင်းကို အိမ်ရှေ့မင်းရွှေနားတော်ဆင်ရသောအချိန်တွင် နှမတော်အပေါ်၌ချစ်ကရုဏာလှိုင်းတံပိုးက ဆထက်ထမ်းပိုးကြွခဲ့ရလေတော့သည်။

ယင်း နာဂဆဒ္ဒန်ချီဘောလယ်သည် မိဖုရားခေါင်ကြီး၏ အဆောင်တော်သို့ လှိုင်ထိပ်ခေါင်တင် ပြောင်းရွှေ့စံတော်မူရာမှ ရေးသားလိုက်သောဘောလယ်ဖြစ်လေသည်။

မင်္ဂလာအိမ်တော်တွင် စံနေစဉ်က ရတ်တရက်ချက်ချင်း ကောက်ခါငင်ခါ ရေးသားရန်စပျိုးခဲ့ဖူးသော်လည်း စိတ်တော်မတည်ငြိမ်ဖြစ်စအချိန်ဖြစ်သောကြောင့် သီချင်းအစ တစ်ပိုဒ်နှစ်ပိုဒ်လောက်သာ စ၍ရေးခဲ့ရသေးရာ၊ အစ်မတော်ကြီးအဆောင်သို့ရောက်ခါမှ၊ အစစနေသားတကျရှိခြင်း၊ စိတ်တော်တည်ငြိမ်ချမ်းမြမှုရရှိခြင်းတို့ကြောင့် သီချင်းတစ်ပိုဒ်လုံးအစမှအဆုံးအထိ စိတ်ရှိလက်ရှိစိတ်တိုင်းကျ စီကုံးရေးသားတော်မူရခြင်းဖြစ်သည်။

ထိုဘောလယ်သီချင်း ရပြီးသောအခါ၊ နန်းတွင်းအဆိုတော်များအငြိမ့်အပျိုတော်များလက်သို့ ဖြန့်ဝေပေးတော်မူလိုက်သောကြောင့် အိမ်ရှေ့မင်းစံတော် မူရာမင်္ဂလာအိမ်တော်(မြောက်အိမ်တော်)သို့လည်း အရေးတကြီးမရောက်မဖြစ်၊ ရောက်လာရသော ဘောလယ်သီချင်းဖြစ်ပါသည်။ ဤသီချင်းသည် နန်းတော်သားနန်းတော်သူတို့က ဖြစ်စဉ်ကိုအတွင်းကျကျ သိရှိထားကြသောကြောင့်လည်း တီးသူ၊ ဆိုသူ၊ နားသောတဆင်သူများက၊ စိန်ခြူးကြာညောင်ချီ ဘောလယ်, ထက် အလေးအနက်ထား၍လိုက်စားလေ့လာ တီးမှုတ်သီဆိုခြင်း၊ နားဆင်ခြင်းပြုကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အများစုကမူကား၊ ယင်း နာဂဆဒ္ဒန်ချီ ဘောလယ်သီချင်းစာမူကို အမိအရ ပုရပိုဒ်များနှင့်ကူးယူ ကျက်မှတ်ကြလေသည်။

## အိမ်ရှေ့မင်း မျက်မာန်တော်ပွားခြင်းကို
## အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်ရေး နာဂဆဒ္ဒါန်ဘောလယ်

နဂဆဒ္ဒန်၊ သန္ဓေမှန်နှစ်ပေ။ ချိန်မူးစစ်-တိမ်တိုက်စံ၊ စက်သွားသီလဝင်စိန်ရွှေရိုးငယ်လေး၊ ဘိုးပြည်ထိုက်တန်။ ။ တန်။ ။ ရွှေကိုယ်တော် ဘုန်းမှာလ။ လက်သုံးတော်မှန်။ မချွင်းချန်ပါနှင့် ရာသက်ပန်ပေါင်း။ မြတ်ဉာဏ်ယူလောင်းပါလို့။ ဆုတောင်းပါတယ်။ ရာဇဂုဏ်မာန်၊ ကြိမ်ကြိမ်ထပ်တယ်လေး။ ပိုင်းသတ်မဲ့ရွယ်။ တကယ်ပင်မုန်းတော့မလာ့၊ မောင်ဘုန်းကြွယ်။ ရှောင်လွှဲငယ် သွေဖယ်လို့၊ မတာတွယ်ဘဲ။ ရွှေရင်ထဲမှာလ။ ငွေသဲဆိုင်၊ ကျွမ်းလူကြွေယိုင်။ အိုဆယ်ပြန်သက်ကိုလေး။ နှင်းဆက်တော့နိုင်။ မြတ်စိန္တေဦးမှာလ။ ဆုထူးတော်ပိုင်။ မယိမ်းယိုင်အောင်လို့ ကြံပါကတဲ့။ ဘုန်းမတန်ဘဲငယ်နှင့်-ကံလဲမကူ။ သင်းပျံ့ဘုံတွေ။ တစ်ကိုယ်ရေဆွေးတယ်လေး။ တွေးကြံလို့ပူ။ ။ မာလာရုံကွန်းမှာလ ချွေညွှန်းပျံ့ကြူ။ ဟိုးရှေးငယ်တစ်မူနှင့်။ မတူလေဘဲ။ ပေါ်ရုံချွဲငယ်နှင့်။ ထဲဝါပုံဆောင်။ သိပေ့ါသခင်ဘမယာကွန်းမှာလေး။ ထွန်းနေလရောင်။ ။ ဆိုဆိုပေ သားငယ်နှင့် မယ်နားမထောင်။ ရိုးပြာမြေ တိုင်အောင်ပ-ကြံရွယ်ဆောင်ပေါင်း။ ရှေးသူဟောင်း ငယ်ထိုပုံသက်သေ။ နိမ့်သောင်နောင်မှသိမယ်လေး။ ထုံးရှိလျက်ပေ။

(သဖြန့်) ထွေဆမချန်၊ ရှေ့နောက်ကယ် ပြန်လှန်လို့ ဖန်ဖန်စိတ်ထဲ။ ။ ဘုန်းရှိသူ။
မုန်းပြစ်ကိုရင်မယူနှင့်။ သွင်တစ်မူ-ကြင်သူလွဲပါဘူး။ ထူးတဲ့ကံပဲ။ ။

အိမ်ရှေ့မင်းသည် နာဂဆဒ္ဒန် ဘောလယ်ကိုနားဆင်တော်မူရသောအခါ နှမတော်လှိုင်ထိပ်ခေါင်တင် မိမိအပေါ် မည်မျှပင်စိတ်နာသော်လည်း ချစ်လျက်ခင်လျက်၊ ကြင်နာမှု၊ လေးစားမှုမပျက်၊ မျက်ရည်နှင့်မျက်ခွက် ပူဆွေးတမ်းတ၍ လွမ်းစဖော်နေရှာကြောင်းကို ကောင်းစွာသဘောတော်ပေါက်ခဲ့လေသည်။

ထို့ကြောင့် မိမိစိတ်မာန်အလျောက် လက်သုံးတော် သီလဝင်အား ကိုယ်တော်မူမိမှားသည်ကို များစွာမှ နောင်တနှလုံး ယူကျုံးမရ ရှိတော်မူရသည်။

နှမတော်အား မည်သည့်အခါကမျှ ရက်စက်စွာမပြုမမူခဲ့ဖူးပါလျက် စိတ်လက်မကြည်သာသောအခိုက်အတန့်ကလေးတွင် ကြုံကြိုက်သွားရပုံကိုလည်း တနုံ့နုံ့သတိတော်ရမိသည်။ နှမတော် မိမိအပေါ် စိတ်ပြေတော်မူရန် ဘယ်လိုကြံရမည်ကို အတန်ကြာ စဉ်းစားတော်မူနေမိသည်။

ဤနာဂဆဒ္ဒန်ဘောလယ်ကြောင့် မိမိမှာ နှမတော်အိမ်ရှေ့မိဖုရားအပေါ် ဝယ်



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးကြီးတစ်ဦးသဖွယ် ဖြစ်နေရမည်ကိုလည်း နည်းနည်းမျှ လိုလားတော်မမူနိုင်ပေ။

နှမတော် လှိုင်ထိပ်ခေါင်တင်သည် စိတ်ထားတော်က အလွန်လျှင် နူးညံ့သိမ်မွေ့တော်မူသည်။ မိမိအပေါ်မှာလည်း အရွယ်တော်နှင့်မလိုက်အောင် သည်းခံတော်မူခဲ့သည်။

နောက် နောက်အချိန်ပိုင်းများက ဟိုအဆောင်များ သည်အဆောင်များသို့ စိတ်သွားတိုင်းကိုယ်ပါ၍ စံနေတော်မူခဲ့ခြင်းကြောင့် လှိုင်ထိပ်ထားမှာ မောင်တော်ကို မျှော်တော်စိုက်ရင်းဖြင့် အချိန်ကုန်ခဲ့ရသည်များကိုလည်း မျက်မာန်တော်မပွားခဲ့ဘဲ စိတ်ထားတော် သိမ်မွေ့စွာနှင့် ကဗျာဂီတများရေးဖွဲ့၍သာ သည်းခံစံနေတော်မူခဲ့ရှာသည်။ မောင်တော်ကို တမ်းတမျှော်ခေါ် လွမ်းစပေါ်ခဲ့တိုင်း ကဗျာဂီတတေးတို့နှင့် အလေးအနက် ထုတ်ဖော်ရင့်ကျူးခဲ့ရှာသူဖြစ်ကြောင်းကို အိမ်ရှေ့မင်းကြီးက ကောင်းစွာသိရှိတော်မူခဲ့ပြီး ဖြစ်လေသည်။

ယခု သည်သီလဝင်ဓားတော်ကို ကိုင်မိသောကိစ္စမှာလည်း မိမိအပေါ်ဝယ် ခက်ခက်ထန်ထန် မျက်မာန်တော်မဝင်ရှာဘဲ ရှက်စိတ်နာဝမ်းနည်းမိကြောင်းကို နာဂဆဒ္ဒန်ဘောလယ်ဖြင့် သနားစဖွယ်ရင့်ကျူးရေးသားကာ သူ၏ဆန္ဒကို ပြတော်မူရှာသည်။

သို့ကြောင့် သူကနှမှတော့ ကိုယ်က ကြမ်း၍မဖြစ်နိုင်။ အစ်မတော် မိဖုရားခေါင်ကြီးအဆောင်တော်သို့သွား၍ ခေါင်ဘုရား လှိုင်ထိပ်ထားအား ယုယချော့မော့ကာ မင်္ဂလာအိမ်တော် အပါခေါ်တော်မူချင်သောဆန္ဒက နှိုးဆွလှုံ့ဆော်လျက်ရှိလေသည်။

တစ်နေ့တစ်နေ့ အဆောင်တော်၌ လှိုင်ထိပ်ထားကို မတွေ့မမြင်တိုင်းလည်း ရင်ထဲတွင် ဟာ၍ နေတော်မူသလိုလိုရှိခဲ့သည်။ ချစ်သောနှမတော်ကို တွေ့မြင်တော်မမူရကာမှ ပိုမို၍တွေ့မြင်တော်မူချင်ပြန်သည်။

မိမိက ပြည်လည်ချော့မော့ခေါ်စေကာမူ ကြည်ကြည်ဖြူဖြူမှ လိုက်ပါတော်မူပါတော့မလား ဟူ၍လည်း စိုးရိမ်တော်မူမိသည်။

သတင်းသန့်သန့်ကြားရသည်ကလည်း အစ်မတော် မိဖုရားခေါင်ကြီးက ညီမတော် လှိုင်ထိပ်ထားအား စိတ်တော်ကြည်သာပြေလည်လျှင် မင်္ဂလာအိမ်တော်သို့ ပြန်လည်စံနေတော်မူဖို့ နားချတော်မူသောအခါ . . .

'ဖျက္ကွန်မ မပြန်ပါရစေနဲ့ ဘုရား၊ မောင်တော်ဟာ ဖျက္ကွန်မအပေါ်မှာ အလွန်တရာ ရက်စက်တော်မူလှပါတယ်'

ဟု လှိုင်ထိပ်ထားက ပြန်လည်ငြင်းဆိုလျှောက်တင်ကြောင်း၊ အဆောင်တော် အမှုထမ်းအချင်းချင်း သတင်းစကားလွင့်ပါး ပြောဆိုနေကြကြောင်း ကြားသိတော်မူရသောကြောင့် နှမတော်က မိမိအပေါ် အလွယ်နှင့်ပြေလည်တော်မူဦးမည် မထင်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မည်သည့်နည်းနှင့် စိတ်တော်ပြေလည်ရန် ကြံရပါမည်နည်းဟု တစ်ပါးတည်း ကျိတ်၍ တွေးတော်မူမိသည်။

နောက်ဆုံးတွင် အကြံတော်ရသည်။ နှမတော်က နာဂဆဒ္ဒန်ချီဘောလယ်နှင့် စိတ်နာကြည်းတော်မူခဲ့သမျှ ဖွင့်ဟရင့်ကျူးလိုက်သည်ကို မိမိကလည်း တစ်နည်း တစ်လမ်း အကဲစမ်းလျက် ပြေလည်ရာပြေလည်ကြောင်း ဘောလယ်ကောင်းကောင်း တစ်ပိုဒ်ရေး၍ပို့ရလျှင် နှမတော်ထိပ်တင် စိတ်ဝင်စားပြီး ပြေလည်တော်မူသွားပေလိမ့်မည်ဟု တွေးဆထင်မြင်တော်မူလေသည်။

ယခုအချိန်၌ နာဂဆဒ္ဒန်ချီဘောလယ်သီချင်းမှာ ရွှေနန်းတော်အတွင်းအပြင် အင်မတန်စိတ်ဝင်စားလျက် သီဆိုနေကြသည်။ လှိုင်ထိပ်ခေါင်တင်ရေးတော်မူသော နာဂဆဒ္ဒါန်ချီဘောလယ် ပေါ်ပေါက်လာရပုံအကြောင်းရင်းကိုလည်း အစင်းသိတွေ ဖြစ်နေကြသောကြောင့် အခြားသော ဘောလယ်သီချင်းများထက် စိတ်ဝင်စားလျက်ရှိကြလေသည်။

ထို့ကြောင့် နာဂဆဒ္ဒန်ကို အလားတူ ပြန်လည်ချေပနိုင်မှုအတွက် အမျက်ဖြေ ဘောလယ်တစ်ပုဒ်ကို အိမ်ရှေ့ကိုယ်တော်ကြီးက သူ့နှမတော်အတွက် ရေးသားပေးဆက်တော်မူလိုသည်။ သို့ပေမင့် ကိုယ်တော်တိုင်မှာ သီချင်းဂီတ ကဗျာပိုင်းဆိုင်ရာ၌ စိတ်ဝင်စားတော်မူခဲ့ပါသော်လည်း အရေးအသား အစီအကုံး အနှုံးအဖွဲ့အရာ၌ သာမန်မျှသာ အလေ့အလာရှိခဲ့ပေသည်။ နှမတော်လှိုင်ထိပ်ခေါင်တင်ကဲ့သို့ အရေးအသားတွင် ကျွမ်းကျင်ပြောင်မြောက်မှုမရှိသဖြင့် လှိုင်ထိပ်ခေါင်တင်၏ လက်ရာ ထက်သာလွန်အောင် စွမ်းဆောင်တော်မမူနိုင်ရှိနေလေသည်။

သို့ကြောင့် ကဗျာဂီတ စာကုံးနှုံးဖွဲ့မှုအရာတွင် ကျွမ်းကျင်လိမ္မာလှသော အိမ်ရှေ့တော်မြင်းတပ်တော်မှ မြင်းစာရေးကြီး မောင်မောင်ဘကို အပါးတော်သို့ခေါ်တော်မူလိုက်သည်။

မြင်းစာရေးကြီး မောင်မောင်ဘ ရှေ့တော်သို့ ခစားမိသောအခါ မိမိနှင့်နှမတော် လှိုင်ထိပ်ခေါင်တင်တို့၏ဖြစ်စဉ်ကို မိန့်ကြားတော်မူသည်။ ပြီးလျှင် လှိုင်ထိပ်ထား သူ့မဖုရားကြီးအဆောင်သို့ သွားရောက်နေထိုင်တော်မူပုံနှင့် မိမိက သီလဝင်စားကို ကိုင်မှားတော်မူမိသည်ကအစ နှမတော်က စိတ်နာတော်မူခြင်း မပြေပျောက်သေးဘဲ နာဂဆဒ္ဒါန်ချီ ဘောလယ်နှင့် အသေအလဲ နှိပ်စက်တော်မူထားသည်များကို မိန့်ကြားတော်မူသည်။

မြင်းစာရေးကြီး မောင်မောင်ဘကလည်း မဆွကပင် အိမ်ရှေ့ဘုရားနှင့် အိမ်ရှေ့မိဖုရားတို့ဖြစ်ကြောင်းကုန်စင်ကို အလုံးစုံသိကြားထားပြီးဖြစ်သောကြောင့် အမိန့်တော်သံကို ခပ်မဆိတ်နာခံ၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ကိုယ်တော်ကြီးက ဆက်လက်၍ 'သည်အတိုင်းဆိုလျှင် ကိုယ်တော်က လူဆိုးကြီးဖြစ်မှန်းမသိ ဖြစ်နေပြီကွဲ့။ နှမတော်ရဲ့စိတ်တော်ကလည်း ဒီတစ်သက် ပြေမှပြေပါ့မလား မသိရတော့ မောင်မင်းကို ကိုယ်တော်က တစ်ခုခိုင်းချင်တယ်. . .' ဟု စတင်အမိန့်တော်ရှိလျှင်

'အရှင် စေခိုင်းတော်မူရာ၊ ဖျက္ခန်တော် ဦးဆွေးဆံမြွေ ထမ်းဆောင်ရန်အသင့် ပါဘုရား. . .'ဆိုသောအဖြေကို မောင်မောင်ဘထံမှ ရရှိသောကြောင့် 'ကောင်းပြီ၊ ကိုယ်တော် ခိုင်းစေတော်မူချင်တာကတော့ နှမတော် စိတ်ပြေတော်မူလေအောင် နာဂဆဒ္ဒါန် ဘောလယ်အဖွဲ့အနွဲ့ထက် မနိမ့်ကျတဲ့ ဘောလယ်တစ်ပိုဒ်ကို မောင်မင်း ရေးစပ်ပေးဖို့ပဲ။ အဲဒီ ဘောလယ်ကို နှမတော်လက်အရောက် ပို့ဆက်တဲ့အခါ စိတ်တော်ပြေရာပြေကြောင်း အဓိကအချက်က အမျက်တော်ဖြေ၍ ကြေအေးနိုင်မည့် အရေးအသားမျိုးနှင့် ကြိုးစားရေးဆက်ရမည် မောင်မင်း'ဟူသော အမိန့်တော်ချမှတ် ချက်အရ မောင်မောင်ဘကလည်း ဂီတကဗျာမှာ ပါရဂူတစ်ယောက်ဖြစ်၍ ဤတစ်ပွဲ တွင် သမိုင်းဝင်အောင် နွဲလိုက်မည်တကဲကဲရှိနေလေသည်။

သို့သောအကြောင်းများကြောင့် မကြာပါချေ။ မြင်းစာရေးကြီး မောင်မောင်ဘ ၏လက်ရာ 'သမိုင်းဝင်မည့် ဘောလယ်တစ်ပုဒ်'ထွက်ပေါ်လာခဲ့ရလေသည်။

## အိမ်ရှေ့မင်းသို့ မြင်းစာရေးကြီးမောင်မောင်ဘ ရေးဆက်သောဘောလယ်

ဖူးပွေ့လက်တင်၊ တွေ့မြင်ခြင်းရေးငယ်နှင့်၊ နေ့စဉ်ပင် ဆွေးပါရ၊ ငေးငိုမိမှိုင်။ လဲမလို့ သဲညို့ခွေယိုင်။ မပြေနိုင်ကြွမ်းတယ်လေး။ လွမ်းဗျာထုဆိုင်။ ။

လက်သုံးတော်ဓားကိုလ။ ယောင်မှားကာကိုင်၊ နိုင်ချင်လိုလို့ ဟုတ်ပါဘဲ။ နှုတ် အာရဲတယ်လို့ အပြစ်တင်။ မချစ်ပြင်ပြင်။ ချစ်ရင်အကျိုးကိုလေး။ ငြိုးမာန်ဖွဲ့ဆင်။

သတ်တော်မူရက်တာဖြင့်။ အသက်ကိုပင်။ ကျေနပ်အောင်စီရင်၍၊ ပြချင်တော် တိုင်း၊ ခု ခင်နော်ဆိုင်းပါနှင့်၊ ပိုင်းဘို့ရယ်၊ မြရိုးသီလဝင်။ သံစက်သွားကိုလေး။ ထားအပ်ပမယ်။

ငါးပါးမာန်တက်သူမို့။ ရက်စက်လေတယ်။ သက်သက်ကယ်သွေ့ဖယ်လို့။ မေတကယ်စိမ်း။ သေလွယ်မှငြိမ်းမှာထင့်။ နွဲ့ယိမ်းနွဲ့ယိုင်။ မြစိမ်းလဲ့ခိုင်။ သန္ဓေနှစ် ကယ်လေး။ စိမ်းရှာဖြစ်နိုင်။ ။

မြင်းစာရေးကြီး မောင်မောင်ဘက သူ့လက်စွမ်းပြလိုက်သော 'ဖူးပွေ့လက်တင် ချီ'ဘောလယ်ကို အိမ်ရှေ့ကိုယ်တော်ကြီးအား ဆက်သလိုက်သည်။ အိမ်ရှေ့ကိုယ် တော်ကြီးက ဘောလယ်သီချင်းသွားကို စည်းဝါးနှင့်တကွ အဆိုတော်ဆက်ရမည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောကြောင့် အိမ်ရှေ့တော်ရှိ အငြိမ့်အမှုထမ်းတို့က ငြိမ့်ညောင်းသာယာစောင်းသံသာဖြင့် တီးမှုတ်သီဆိုကြရလေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးက နှစ်သက်တော်မူလှသဖြင့် ရေးသူမောင်မောင်ဘနှင့်တကွ အဆိုနှင့်အတီးဆက်သူအမှုထမ်းများကို အထူးဆုတော်များ ပေးသနားတော်မူလိုက်သည်။ ဤသီချင်းကို နန်းတွင်းသီဆိုလိုသူများအတွက် ပေပုရပိုဒ်များနှင့်အများအပြား တစ်ဆင့်ကူးပွားရေးသားစေပြီးလျှင် နှမတော်လှိုင်ထိပ်ခေါင်တင်အတွက် ဆက်သရန်မှာမူ အလွန်ရှားပါးသော အင်္ဂလိပ်လွှာစက္ကူချောပေါ်တွင် ရွှေမှင်ဖြင့် ရေးသားစေသည်။

ပြီးလျှင် အပျိုတော်ခင်ညှာ အိမ်ရှေ့အဆောင်တော်လာသည့်အခိုက်တွင် 'မယ်မင့်သခင်မကို ငါကဆက်လိုက်ပါသည်ဆိုပြီး သည်စာရွက်ကို ဆက်လိုက်ပါဘိ' ဟု အမိန့်တော်ရှိကာ ဖူးပွေ့လက်တင်ဘောလယ်ကို ရေးသားထားသော အင်္ဂလိပ်လွှာစက္ကူကို ရွှေချယွန်းကျည်ထောက်ငယ်တွင် ထည့်၍ပေးအပ်တော်မူလိုက်လေသည်။

အပျိုတော်ခင်ညှာကလည်း ဝမ်းသာအားရနှင့် သယ်ဆောင်သွားရှာသည်။ သူ၏လှိုင်ထိပ်ခေါင်တင် သခင်မအား မျက်နှာလိုမျက်နှာရ အမှုထမ်းဆောင်ရခြင်း ကြောင့် ပျော်ရွှင်နေရှာသည်။

အစ်မတော် မိဖုရားကြီး၏ အဆောင်တော်မှာ ပျော်ပျော်ရွှင်ရွှင် စိတ်ပြေလက်ပျောက် စံနေတော်မူမည်ဟု အာရုံပြုခဲ့ခြင်းဖြင့် ဖီးလိမ်းပြုပြင် နံ့သာပန်းမာလ်ဆင်ယင်ကာ စိတ်ကြည်သာဟန်နှင့် စံနေလျက်ရှိသော အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်သည် ဘယ်ကဲ့သို့ပင် အပြင်ပန်းမှ ကြည်သာချမ်းမြလေဟန် ဟန်ဆောင်နေရသော်ငြားလည်း အတွင်းအဇ္ဈတ္တသဏ္ဍာန် စိတ်နှလုံးသားအမှန်မှာ ကြည်သာတော်မမူနိုင်ရှာဘဲ စိတ်ထဲမှာ ထာဝစဉ်အမြဲ မောင်တော်ထံကိုသာ တဝဲလည်လည်ရောက်နေရှာသူဖြစ်ပါသည်။ ဘယ်လိုပင် စိတ်နာစေကာမူ ချစ်စိတ်မကုန်နိုင်ရှာသူဖြစ်၍ တငွေ့ငွေ့လောင်ကျွမ်းကာ ချစ်ဝေဒနာခံစားနေရရှာသူလည်း ဖြစ်ပါသည်။သို့ကြောင့် အချစ်ကြောင့် စိတ်ဒုက္ခခံစားနေရသမျှ နာကြည်းမှုနှင့် ပိတ်ကာဆီးဆို့ပိတ်နေရရှာသည်။

ကိုယ်က ဘယ်မျှချစ်ခင်နေသော်လည်း မောင်မောင်ကတော့ ရက်စက်လှသည်။ ကိုယ့်အပေါ်၌ မချစ်ပြင်ပြင် ခင်မင်မှုခေါင်းပါးနေသူအပေါ်၌ သတိတော်ရနေသမျှစိတ်ဒုက္ခကို ရင်ဝယ်ပိုက်ထားသကဲ့သို့သာ ဖြစ်ရလေပြီ။ သည်ဒုက္ခကို ရင်၌ပိုက်၍မထားတော့နိုင်ပြီဟု ချီတုံချတုံ အချိန်ကုန်နေခဲ့ရရှာသည်။

အစ်မတော်ဘုရားက စိတ်ပြေလျှင် မြောက်အိမ်တော်မှာ ပြန်၍စံနေရန် အတန်



www.burmeseclassic.com

www.burmeseclassic.com



တန်တိုက်တွန်းမိန့်ကြားတော်မူသော်လည်း ဘယ်နည်းနှင့်မျှ စိတ်တော်ပြေအောင် ဖြေဖျောက်၍ ရတော်မမူနိုင်။ ဂျင်းစိမ်းနှင့် မိဿလင်ကဲ့သို့ သူကြင်မှ ကိုယ်ကြင် ရမည်။ သူကမှမကြင်ဘဲ မိမိကလည်းမချစ်မခင် မကြင်မနာ စိမ်းကားစွာ နေရတော့မည်ဟုသာ ကြံစည်ရိုးရင်းနှလုံးသွင်းလျက်ရှိ၏။ သို့သော် တစ်ချက်တစ်ချက် စိတ်က မောင်တော်ထံ ရောက်၍ရောက်၍ သွားရပြန်သေးသည်။

ယင်းသို့လျှင် ချီတုံချတုံဖြင့် မိမိကိုယ်ကိုမိမိ နိုင်နင်းစေရန် အားမာန်တင်းကာ အချစ်လာလျှင် အနာနှင့်ဆို့၍ နေတော်မူရှာဆဲမှာ အဆောင်တော်ထဲသို့ ဝင်ရောက်လာသော အပျိုတော်ကလေးခင်ညှာကို တွေ့မြင်တော်မူရလေသည်။ ခင်ညှာ၏မျက်နှာမှာလည်း ခါတိုင်းနှင့်မတူ တစ်မူထူးခြားနေသည်။ သူ့မျက်နှာက ရွှန်းရွှန်းစားစား ကြည်ကြည်လင်လင်နှင့် အပါးတော်တွင် ဝင်ရောက်ခစားလာသည်။

သို့ကြောင့် 'ဘာအကြောင်းများ သံတော်ဦးတင်မယ်လို့တုံး ခင်ညှာ'ဟူ၍ အမိန့်တော်သာလျှင်ပင် ခင်ညှာကလည်း မဆိုင်းမတွ . . .

'ဖျက္ကွန်မ မြောက်အိမ်တော်ကို ဖိနပ်တော်များယူရန် ရောက်ခဲ့ရပါကြောင်း၊ ဖျက္ကွန်မ လာတာကို အိမ်ရှေ့ကိုယ်တော်ကြီးဘုရား မြင်တော်မူတော့ . . .'

'ဟဲ့-ခင်ညှာ၊ လာဦး'လို့ ခေါ်တော်မူပြီး ဟောဒီအလွှာတော်ကို မယ်မင်းသခင်မအား ဆက်လိုက်ပါလေ။ ငါက ဆက်ခိုင်းသည်လို့လည်း လျှောက်ထားလိုက်ပါ' လို့ အမိန့်တော်ရှိပြီး ဟောသည် အလွှာတော်ကို သနားတော်မူလိုက်ပါတယ်ဘုရား'

ဟု လျှောက်တင်ကာ ရွှေကျည်ထောက်နှင့်အလွှာကို တစ်ခါတည်း လက်တော်ရောက် ဆက်သလိုက်လေသည်။

လှိုင်ထိပ်ခေါင်တင်က အလို-ဟု တအံ့တသြ အမိန့်တော်မူလိုက်ပြီး ဘာအလွှာပါလိမ့် ဟုဆိုကာ စက္ကူလွှာကိုထုတ်ယူပြီး ဖတ်ရှုတော်မူလိုက်လျှင် 'ဖူးပွေ့လက်တင်ချီ'သော ဘောလယ်ကို တွေ့ရှိတော်မူသွားလေသည်။

'ဟင် မောင်တော်ဟာ ထင်သလောက် ရက်စက်စိမ်းကားတော်မမူသေးပါကလား'ဟု အတွေးတော်များဝင်လျက် မျက်နှာတော်မှာ တိမ်တိုက်ကြားက လရထားထွက်ပြူလာသလို ရွှင်ချိုလင်းလက်သွားရှာသည်။

အနားက အကဲခတ်နေသော ခင်ညှာကို သတိရလာမှ အမှတ်မထင် ဣန္ဒြေပြင်လိုက်ရသည်။

သို့သော် ခင်ညှာကလည်း မိန်းမပါးကလေးပင်။ သူ့သခင်မ၏ ကြည်လင်ဝင်းပသွားသော မျက်နှာတော်အနေအထားကို ရိပ်စားမိပြီးသားဖြစ်သွားလေသည်။

သို့ကြောင့်ပင် 'ကိုယ်တော်ကြီးဘုရားက အလွှာတော်ပါးပြီး ဘယ်လိုမိန့်ကြားတော်မူပါသလဲ ဘုရား'ဟု မရဲမဝံ့နှင့်စွန့်စား၍ လျှောက်တင်လိုက်မိရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမဟုတ်ပါဘူးညောရယ်၊ သူမယ်ခေါင်ခေါင်မရှိလို့ သတိရလွမ်းဆွတ်တော်မူနေရပါသတဲ့။ သူ့အပေါ်မှာ ကြည်သာတော်မူဖို့ တောင်းပန်တဲ့အနေနှင့် ဘောလယ်သီချင်းတွေ ဘာတွေ ရေးပေးတော်မူလိုက်တာပါ။ ဒါမှမကျေနပ်သေး လျှင် သူ့အသက်ကိုပင် ပေးဆက်ချင်ပါသတဲ့လေ'

'ဟုတ်လိုက်လေဘုရား၊ ခေါင်ဘုရားကလည်း ကိုယ်တော်ကြီးအပေါ်မှာ ကျေတော်မူသင့်လှပါပြီဘုရား၊ ကိုယ်တော်ကြီးတစ်ပါးတည်း စံနေတော်မူရရှာလို့ သနားတော်မူသင့်ပါရဲ့ဘုရား'

'အင်း ညောကပေတဲ့ ရွှေနေတော် အလိုက်ကောင်းကြီးပါလား။ ခေါင်ခေါင်က မသနားပေမဲ့သူမှာသနားမယ့် ချစ်မယ့်သူတွေပြည့်လို့ဟဲ့'

'မဟုတ်ပါဘူးဘုရား၊ ဟိုဟာတွေက တခြားပါ၊ ခေါင်ဘုရားမှ ခေါင်ဘုရား တစ်ပါးတည်းကိုသာ ရည်ရွယ်ရမှာဖြစ်ပါတယ်ဘုရား'

'အို စဉ်းစားရအုံးမှာပကွယ်၊ ကဲကဲဒီဘောလယ်ကို ခင်အုံကဆိုပြီး ခင်ညိုက စောင်းတီး ဆက်တော်မူကြစမ်းပါစေ'ဟု မိန့်တော်မူသည့်အတိုင်း အဆိုနှင့်အတီးကို စည်းဝါးတကျ နားသောတဆင်တော်မူနေလေသည်။

အကြောင်းရင်းဇစ်မြစ်အခြေခံက ရင်တွင်းဝယ် အခံရှိပြီးဖြစ်နေသည်တွင် အမျက်ဖြေ ဘောလယ်ကလည်း စာသားအဓိပ္ပါယ်က ထိထိမိမိရှိလျက် စည်းချက်ဝါး ချက်နှင့် အတီးအဆိုတို့က တွဲဖက်ကူညီဖေးမ ပေါင်းစည်းပေးလိုက်ကြသောအခါ သဒ္ဒါရုံပြည့်လျှမ်းကာ အိမ်ရှေ့ကိုယ်တော်ကြီးအား သနားကြင်နာမှုတွေ ဖြိုးဝေဆင့်ကဲ လာပြန်သည်။

'သူ့ခမျာ တကယ်တော့ စိမ်းကားရက်စက်နိုင်တော်မမူရှာပါကလား။ ငါဟာ ငါးပါးမာန်တက်မိတာ အမှန်ဖြစ်ပါလိမ့်မယ်'ဟု ကိုယ့်ကိုယ်ကိုယ်ပင် အပြစ်တင်မိ ချင် သလိုလိုရှိရှာပြန်သည်။

အပျိုတော်ကလေးများသည် သူတို့သခင်မ စိတ်တော်ပြေလည်မှုရလေပြီဟု တိုးတိုးတိတ်တိတ်ကျိတ်၍ ဝမ်းသာနေရှာကြလေသည်။

လှိုင်ထိပ်ခေါင်တင်ကိုယ်တိုင်ကလည်း ယခင်ကလောက်မျက်နှာတော်မညိုဘဲ ပကတိမျက်နှာနှင့် တိမ်လွှာကင်းသော လမင်းပမာ ကြည်ကြည်သာသာ ဖြစ်နေရှာ လေသည်။

နန်းတွင်း၌ အိမ်ရှေ့မင်း၏ ဖူးပွေ့လက်တင် ဘောလယ်အကြောင်း၊ လှိုင်ထိပ် ခေါင်တင်က စိတ်တော်ပြေစပြုနေပြီဖြစ်ကြောင်းများ တိုးတိုးစကားနှင့် သတင်းများ လွင့်လာကာ မြို့ပြင်ကမင်းမှုထမ်း ရပ်ကွက်တို့မှာပင် သတင်းပေါက်ကြားလာသည် အထိ အခြေအနေက ဖြစ်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစ်မတော်မိဖုရားကြီးက အရင်ဆုံးကြားသိတော်မူသည်မှာ မှန်နန်းအပျိုတော်ကြီးများက လျှောက်တင်ကြခြင်းဖြစ်လေသည်။ ညီမတော် လှိုင်ထိပ်ခေါင်တင် စိတ်ပြေတော်မူစေရန် အဆင်းတွန်း နားချတော်မူရုံမက မင်းတုန်းမင်းတရားကြီးအားလည်း မိဖုရားကြီးက သတင်းကြားသိတော်မူစေသည်။

မှန်နန်းဆောင် အပျိုတော်ကြီးများနှင့်တကွ အပျိုတော်ငယ်များပါမကျန် အမျက်တော်ပြေစေရန် ဝိုင်းဝန်းနားချကြပြန်သည်။

လှိုင်ထိပ်ခေါင်တင်ကိုယ်တိုင်ကလည်း အခါများစွာ စာလွှာတော်ကို ထပ်ခါမပြတ် ဖတ်ရှုတော်မူရင်း သက်ပြင်းခဏခဏ ချတော်မူမိသောအခြေသို့ ရောက်တော်မူနေပေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးက နှမတော်လှိုင်ထိပ်ထားအား ငါးပါးမာန်တက်သူရယ်လို့ တင်စားတော်မူလိုက်သည့် အရွယ်ဂုဏ်၊ အလှဂုဏ်၊ အကျင့်သိက္ခာဂုဏ်၊ ပညာဂုဏ်၊ ခမည်းတော် မယ်တော်ဂုဏ်နှင့် မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ မြတ်နိုးချစ်ခင်စွာ မြှောက်စားတော်မူထားခြင်းခံရသော ဂုဏ်များကြောင့် လှိုင်ထိပ်ထားမှာ မာန်တက်စရာတွေ ရှိနေလေသည်။

သို့ရာတွင် လှိုင်ထိပ်ထားမှာ ထိုမာန်မာနများကြောင့် မဟုတ်လေဘဲ မိမိကသည်းလှိုက်အူလှိုက် အိမ်ရှေ့ကိုယ်တော်ကြီးအား ချစ်ခင်မြတ်နိုး၍ ယုံကြည်အားကိုးခဲ့သော အချစ်မာန်တက်ခြင်းသာဖြစ်ရာ၊ 'အချစ်ကြီးလျှင် အမျက်ကြီးသည်'ဆိုသော စကားအတိုင်း မိမိ၏အချစ်ပမာဏရှိသလောက် ချစ်မုန်းမာန်တက်ခဲ့ခြင်းသာ ဖြစ်လေသည်။

ချစ်လျှင် အကျိုး၊ မြတ်နိုးတော့ သဒ္ဓါဆိုသောစကားမှာကဲ့သို့ မချစ်လျှင် အပြစ်မြင်ကြစမြဲဖြစ်သည်ဟု အိမ်ရှေ့ကိုယ်တော်ကြီးက မိမိ မတော်ယောင်မှား၍ လက်သုံးတော်ဓားအား ကိုင်မိလိုက်မှားခြင်းကိုပင် လှိုင်ထိပ်တင်က မချစ်လို့ အပြစ်မြင်သွားခြင်းခံရကြောင်း၊ ဒီကိစ္စ နှမတော်က ကျေနပ်တော်မမူလျှင်၊ သူ၏အသက်ကိုပင် လျှော်ကြေးပေးဆပ်ကာ စိတ်ကျေတော်မူအောင် ဆောင်ရွက်ပါမည်။ သည် သီလဝင်ရွှေဓားကို နှမတော်အားဆက်သ၍ အသက်နှင့်တကွပေးအပ်ရန် အသင့်ရှိပါ ကြောင်းစသောအဓိပ္ပာယ်များကို ပြန်လည်စဉ်းစားတော်မူမိသည်။

'တင်တင်က မချစ်လို့ အပြစ်မြင်သည်မဟုတ်ပါ။ မောင်တော်ကသာ ပြီတော့ မည့်မိုးလို ရွှေမျက်နှာ ရှစ်ခေါက်ချိုးနှင့် သီလဝင်ဓားရိုးကို ကိုင်တော်မူခြင်းပါကလား' ဟု တစ်ပါးချင်းစိတ်တွင်းက ဆင်ခြင်ပေးနေမိသေးသည်။

သို့ရာတွင် ဖြစ်ရင်းဇစ်မြစ်အား အမြစ်ကပြန်လှန်၍ အမှန်ကို 'ထေ'လိုက်လျှင် ဤတွင် စိတ်ကျေနပ်တော်မူရန် အကြောင်းတွေကသာ ဝိုင်းအုံ၍ လာနေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မတော်မိဖုရားကြီးနှင့်တကွ အဆောင်တော်သူတွေက ဝိုင်းဝန်းနားချကြသဖြင့်လည်း စိတ်ထဲတွင် မကျေလည်မှုများက တစ်စတစ်စနှင့် တဖျင့်တစ်ပါး လွင့်ပါးပျောက်ကွယ်ကုန်ကြသလောက် ရှိတော့သည်။

'ညီမတော်လေး ထိပ်တင်ကောက်တစ်ယောက်တည်း စံနေတော်မူရတာ သနားစရာကောင်းလှပါသည်။ မြောက်အိမ်တော်ဆီသို့ ပြန်လည်တော်မမူချင်သေးဘူးလား' ဟု မိန့်တော်မူလိုက်သော အစ်မတော်ဖုရားကိုပင် 'ဖြည်းဖြည်းတော့ တင်တင်ပြန်ပါ့မယ်ဘုရား'ဟူ၍ ပြန်လည်လျှောက်တင်ခြင်းအမှုကို ပြုလိုက်လေပြီတည်း။

သို့သော် လှိုင်ထိပ်တင်သည် မောင်တော်ကို စိတ်ပြေလည်သည်နှင့် ရုတ်တရက် ကောက်ကာငင်ကာ မြောက်စံအိမ်တော်သို့ ပြန်ကြွတော်မူရမှာကိုလည်း အနည်းငယ် ရှက်စနိုးဖြစ်တော်မူနေပြန်သေးသည်။

ထို့ကြောင့် အနည်းငယ် ရက်ရှည်သွေးကာ စံနေတော်မူလျက်ရှိရာမှ အဆောင်တော်မှ မိမိ၏အပျိုတော်များသည် မြောက်အိမ်တော်သို့ ရက်ကန်းရှယ်သကဲ့သို့ ထွက်ချည်ဝင်ချည် အလွန်များနေကြသည်။ သူတို့သည် မိမိတို့အရှင်သခင်ဖြစ်သူ အိမ်ရှေ့ကိုယ်တော်ကြီးအား သတင်းကောင်းပါးနေကြသည်ဖြစ်ရာ အိမ်ရှေ့မင်းသည် ကောင်းစွာသိရှိတော်မူလေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးက နှမတော်လှိုင်ထိပ်ထား စိတ်ပြေတော်မူသွားပြီဖြစ်ကြောင်း သိတော်မူလျှင် တင်တင် ပြန်ကြွလာတော့မည် ထင်တော်မူမိသည်။ သို့သော် ၄-၅ ရက်ရှိသည့်တိုင်အောင် ပေါ်လာတော်မမူသေးသဖြင့် 'မည်သို့သောအကြောင်းကြောင့် အချိန်နှောင်းတော်မူနေပါလိမ့်'ဟု အသစ်တစ်ဖန် ထပ်မံတွေးချင့်တော်မူရပြန်သည်။ အကြောင်းဘယ်သို့ဟု သိတော်မူရန် အပြန်အလှန် ရက်ကန်းရှယ်နေကြသူ အပျိုတော်များအနက်မှ လက်ရင်းကျကျ လှိုင်ထိပ်ထား၏ အချစ်တော်လည်းဖြစ်၊ သားတော် ထန်းတပင်မင်းသားကလေးငယ်စဉ်က အထိန်းအယတော်လည်းဖြစ်ခဲ့သူ အပျိုတော်ခင်ညှာအား. . .

'ဟဲ့ ခင်ညှာရဲ့ မယ်မင့်သခင်မက စိတ်ကျေတော်မူပြီလည်း ဆိုလေသေး၊ ခုတောင်မှ အဆောင်တော်ကို ပြန်ကြွတော်မမူသေးပါလား ဟရို့'

ဤသို့ ရင်းရင်းနှီးနှီး တီးတိုးမိန့်တော်မူလိုက်သောအခါ ခင်ညှာလည်း မိန်းမပါးကလေးပင်တည်း။

'ခေါင်ဖုရား စိတ်တော်ပြေပေမင့် ရှေ့ကိုယ်တော်ကြီးဘုရားရဲ့ အခေါ်များ စောင့်လေသလား မလျှောက်တင်တတ်တော့ပါဘုရား'

ဟူသော ရေလာမြောင်းပေးစကားဖြင့် ပြန်ကြားတင်လျှောက်လိုက်သောအခါ ကိုယ်တော်ကြီးက ပြုံးတော်မူပြီး



www.burmeseclassic.com

www.burmeseclassic.com



'သြော် ဒီလိုဆိုလျှင်လည်း ညီလာခံအပြီးမှာ ဝင်ခေါ်ခဲ့ရတာပ'ဟု အမိန့်ရှိခြင်းကြောင့် ခင်ညွှာက ဝမ်းမြောက်ဝမ်းသာနှင့် လှိုင်ထိပ်ခေါင်တင်ထံ ပြန်လာခဲ့သည်။

ရောက်လျှင် သခင်မအား ကြိုတင်၍ အတိအလင်း မလျှောက်ဝံ့သေးစေကာမူ သူတို့အပျိုတော်ချင်းချင်း အတွင်းကြိတ် တီးတိုးစကားနှင့် သတင်းပြန့်ပွားသွားလေပြီ။ အိမ်ရှေ့ကိုယ်တော်ကြီးက နှမတော်လှိုင်ထိပ်ခေါင်တင်ကို ညီလာခံအပြီးမှာ ဝင်ရောက်ခေါ်ဆောင်တော်မူလိမ့်မည်တဲ့ ဟူသော ခပ်သဲ့သဲ့စကားသံတို့က တိတ်တဆိတ်ဆူညံလျက် ရှိနှင့်လေသည်။

အပျိုတော်ငယ်များမှတစ်ဆင့် မှန်နန်းအပျိုတော်ကြီးများနားသို့ ဤသတင်းက ရောက်သွားပြန်လေရာ မှန်နန်းအပျိုတော်ကြီးများသိလျှင် ဤသတင်းကို နန်းမတော်မိဖုရားခေါင်ကြီး စကြာဒေဝီအားလျှောက်ထားကြပြီး ဖြစ်လေသည်။

နန်းမတော်ကြီးကလည်း မိမိက ညီမတော်မြောက်အိမ်တော်သို့ပြန်ရန် မကြွခဏနားချတော်မူနေရင်းမှ သူ့မောင်တော်ကြီး လာခေါ်တော်မူလျှင်တော့ အသာတကြည်လိုက်ပါသွားတော်မူရှာမည်ဟူ၍ မှတ်ထင်တော်မူပြီးသား ဖြစ်လေသည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် မင်းတုန်းမင်းတရားကြီး၏ အဆောင်တော်၌ ညီလာခံသဘင်ကျင်းပလျက် ရှိနေသည်။ အိမ်ရှေ့ကိုယ်တော်ကြီးနှင့်တကွ လွှတ်တော်ဝန်ကြီးများ၊ လွှတ်တော်ဝန်ထောက်များ၊ ဗြဲတိုက်အတွင်းဝန်များပါလူအတော်ပင်စုံနေပါသည်။

မင်းတရားကြီးက တိုင်းရေး၊ ပြည်ရေး၊ သာသနာတော်အရေးများ ထုံးစံအတိုင်းဆွေးနွေးတော်မူလျက်ရှိသည်။

ထိုအချိန်ဝယ် လှိုင်ထိပ်ခေါင်တင်၏ အပျိုတော်ငယ်များ တကျိတ်ကျိတ်နှင့်အလုပ်များ၍ နေကြလေပြီ။ နံ့သာပန်းမန်များကိုလည်း ခါတိုင်းထက်ပို၍ ပြင်ဆင်ထားသည်။ ဝတ်လဲတော်များလည်း အဆင်သင့် ကလပ်နှင့်တင်၍ လိုရာဆင်တော်မူနိုင်ရန် ကြိုကြိုတင်တင် စီမံခင်းကျင်းထားကြသည်။ သူတို့၏သခင်မ လှိုင်ထိပ်ထားကတော့ နံနက်စက်ရာမှ ထသည်နှင့် မျက်နှာသစ်, တံပူစား၍ ချိုးရေတော်များသုံးပြီးဖြစ်သည်။ နံ့သာပန်းမာန်လိမ်းကျံပြီး ဖြစ်သည်။ ဝတ်လဲတော်သစ်များလည်း လဲလှယ်ဝတ်ဆင်ပြီးဖြစ်သည်။ သည်ကိစ္စတွေက ထိပ်ခေါင်တင်နေ့စဉ်ပြုလုပ်နေကျကိစ္စတွေဖြစ်သည်။

သို့ကလို ပြုပြင်ဖြီးလိမ်းပြီး ဖြစ်နေပါလျက် ဘယ်အတွက် ဝတ်လဲတော်အသစ်တွေ ဆက်ပြန်ပါလိမ့်၊ နံ့သာပန်းကလပ်များ တစ်ဆင့်ထပ်၍ ထားလာကြပြန်ပါလိမ့်ဟု တွေးဆတော်မူနေမိသည်။

ခင်ဖြူကလည်း တစ်နေရာတွင် လှိုင်ထိပ်ထား၏ ဝတ်လဲတော်များအား



www.burmeseclassic.com

www.burmeseclassic.com



ခေါက်သိမ်းပြုပြင်နေသည်ကို တွေ့မြင်တော်မူရပြန်သည်။ သူတို့မျက်နှာတွေကြည့်ရသည်မှာ ယမန်နေ့တွေနေ့တွေကထက်ပင် ကြည်လင်ရွှင်ပျနေကြသည်ဟု ထင်သည်။

သို့ရာတွင် လှိုင်ထိပ်တင်က အပျိုတော်များကို တစ်စုံတစ်ရာ မေးမြန်းတော်မမူဘဲ အမှတ်မထင် သလွန်ပေါ်တွင် စံနေတော်မူလျက်ရှိသည်။

သလွန်တော်၏ လက်ျာဘက်မှာ ယွန်းပေါင်ကလပ်ကြီးနှင့်တင်ထားသော ပုရပိုဒ်များအနက်မှ ရေးလက်စပုရပိုဒ်တစ်ဆူကို အသာဆွဲယူတော်မူလိုက်ပြီး ယမန်နေ့က ရေးသား၍ အဆုံးမသတ်ရသေးသော ဝိဇယကာရီဝတ္ထုကြီးမှ သဖြန်ငယ်တစ်ပုဒ်ကို ဆက်လက်ရေးသားရန် ရွှေရိုးစွပ်သော ကန့်ကူဆံကိုကိုင်လျက် ရှေ့ဆက်ရေးရန် စဉ်းစားဉာဏ်ဝင်နေတော်မူပြန်သည်။

အိမ်ရှေ့ကိုယ်တော်ကြီးသည် နောင်တော်ရွှေနန်းရှင်ထံ ညီလာခံဝင်ရာမှ ညီလာခံစဲသည်နှင့် အစ်မတော် စကြာဒေဝီမိဖုရားခေါင်ကြီး အဆောင်တော်သို့ ဝင်ရောက်မည်ဖြစ်ပါကြောင်း နောင်တော်ဘုရားအား လျှောက်တင်၍ ဦးချသောအခါ. . .

မင်းတုန်းမင်းတရားကြီးက 'ညီပုရယ် အစ်မအဆောင်တော်ရောက်မှတော့ မဖွားကြီးကို တစ်ပါတည်းခေါ်သွားလိုက်ပါရော့လား'ဟု ခပ်ပြုံးပြုံးမိန့်တော်မူလျှင်-

'မှန်ပါ. . . ခေါ်သွားပါတော့မည် နောင်တော်ဘုရား'ဟု အာမခံလျှောက်တင်လာခဲ့ပြီးနောက် လက်သုံးတော်တစ်ယောက်အား ပြဲတိုက်ဆောင်အနီး မြောက်စမုတ်လှေကားတွင်ရှိသော ဝေါတော်ကို တောင်စမုတ်လှေကားဦးတွင် လာရောက်စောင့်နေစေရန် မိန့်တော်မူလိုက်လေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးသည် ညီလာခံ ခန်းမဆောင်မှထွက်လာခဲ့ပြီးနောက် မှန်နန်းဆောင်မှဖြတ်ကာ နန်းမတော်ဆောင်ကြီးသို့ ရောက်လေသည်။

နန်းမဆောင်ကြီးသို့ရောက်လျှင် စကြာဒေဝီရှင် မိဖုရားခေါင်ကြီးထံပါးသို့ ဝင်ရောက်ခစားကာ 'အစ်မတော်ဘုရား ကျန်းခန့်တော်မူပါစဘုရား'ဟု နှုတ်ခွန်းများ ဆက်သတော်မူလိုက်လျှင် စကြာဒေဝီရှင် နန်းမတော်ဘုရားကြီးက အားရဝမ်းသာစွာနှင့် . . .

'ဩော်. . . မောင်မောင်အငယ် ခစားဝင်လာပါကလား အစ်မတော်ဘုရား ကျန်းမာတော်မူပါရဲ့၊ မောင်အငယ်လည်း သပ္ပါယ်ယ မျှတတော်မူပါစ၊ စိတ်တော်များ ကြည်လင်ပါစ'ဟု တယုတယ မေးမြန်းတော်မူလိုက်သည်။

'အစ်မတော်ဘုရား မေတ္တာစေတနာကိုခိုလှုံကာ ကျန်းမာပါကြောင်း၊ သို့ရာတွင် လက်နက်ကိစ္စနှင့် ပတ်သက်လို့ဖြင့် စိတ်တော်မကြည်မသာ ဖြစ်ခဲ့ရပါကြောင်း' လျှောက်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်မတော်လည်း ကြားတော်မူပြီးဖြစ်ပါတယ်၊ အခိုက်အတန့်တော့ သည်းညည်းခံတော်မူပါ မောင်ရယ်၊ မောင်ငယ် အလိုအတိုင်း ဖြစ်နိုင်ပါစေလို့လည်း အစ်မတော်ဆုတောင်းပါတယ်'

ထိုအခိုက်တွင် နန်းမတော်ဆောင်အတွင်းရှိ မှန်နန်းအပျိုတော်ကြီးများက ခပ်ဝေးဝေးသင့်ရာတွင် ခစားနေကြမြဲ နေကြသော်လည်း အပျိုတော်ငယ်များက အဆောင်တော်တံခါးဝ၌ ပြူတစ်ပြူတစ် လုပ်နေကြသည်။ အချို့က အချိုအုပ်၊ အချဉ်အုပ်များပိုက်လျက် အချို့က လက်ဖက်အုပ်၊ အချို့က လက်ဖက်ရည်ပွဲများ ယူဆောင်ကာ အိမ်ရှေ့ကိုယ်တော်ကြီးအနီးတွင် ရွှေချ ယွန်းကလပ်များနှင့်တင်၍ ဆက်သလာကြသည်။

'မောင်အငယ် အငြိုးပြေသုံးဆောင်တော်မူပါဦး'ဆိုသဖြင့် အိမ်ရှေ့ကိုယ်တော်ကြီးက လက်တော်ကမ်းကာ ဟိုဟာနည်းနည်း ၊ ဒီဟာနည်းနည်း သုံးဆောင်တော်မူရင်း အလ္လာပ သလ္လာပစကားများကို အစ်မတော်နှင့် အတိုင်အဖောက်ပြောဟော စံနေတော်မူလျက်ရှိသည်။

အဆောင်တော်အတွင်းခန်းတွင်မူကား ညော့ခံအဖွဲ့အပျိုတော်များနှင့် လှိုင်ထိပ်ခေါင်တင်၏ အပျိုတော်များသည် စကားတီးတိုးတီးတိုးပြောလျက် လက်တို့ခြေတို့နှင့် ပြုံးကာ ရယ်ကာရှိနေကြသည်။

လှိုင်ထိပ်ခေါင်တင်သည် သလွန်တော်တွင် ပုရပိုဒ်တစ်ဆူကိုဖွင့်လျက် လက်မှ ကိုင်ထားသော ကန့်ကူဆံဖြင့် သဖြန်အဆက်ကိုရေးရင်း ကာရန်ဝါကျများ တွေးကြံနေတော်မူဆဲဖြစ်သည်။ ထို့အတွက် အဆောင်တော်မကြီးတွင် ဂယက်ရိုက်နေကြသော အပျိုတော်ကလေးတို့အား သတိတော်မထားမိဘဲ ရှိတော်မူလေသည်။

သည်အထဲမှာ ဝမ်းအသာဆုံးသူက ခင်ညှာဖြစ်နေလေသည်။ ခင်ညှာသည် ဘာလုပ်ရမှန်းမသိအောင် ပြာလောင်ခပ်နေသည်။ ရွှင်မြူးနေသည်။ အိမ်ရှေ့ကိုယ်တော်ကြီး ကြွရောက်လာသောသတင်းကို သူ၏သခင် ထိပ်ခေါင်တင်အား ဝမ်းသာအားရသွား၍ သံတော်ဦးတင်ချင်လှလေပြီ၊ သို့ကြောင့် မတည်မငြိမ် ဣန္ဒြေမရဖြစ်နေလှသဖြင့် ခင်အုံနှင့်ခင်ညိုတို့က ခဏခဏလက်ကုပ်၍ တားနေကြရသည်။

သို့ပေမယ့် မရ. . . သူ၏ သခင်မထံပါးသို့ ဇွတ်အတင်းသွား၍ ခစားလိုက်လေသည်။ ဤတွင် အနီး၌ လူရိပ်မြင်သောကြောင့် ထိပ်ခေါင်တင်က မျက်လွှာကို မ၍ ရှုစားလိုက်သောအခါ ပြုံးတုန့်ပြုံးရယ်မျက်နှာထားနှင့် ခစားလာသောခင်ညှာကို တွေ့မြင်တော်မူရသည်။

'ညှာ ဘာများလျှောက်တင်ချင်လို့တုံး'ဟု အမေးတော်ရှိလိုက်ခြင်းကြောင့်

'ဟို ဟို ကိုယ်တော်ကြီးဘုရား ကြွတော်မူလာလို့ပါဘုရား၊ အဆောင်တော်ဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



အရှင်နန်းမတော်ဘုရားနှင့် စကားဆွေးနွေးတော်မူနေတာ တွေ့ခဲ့ရပါကြောင်း'နှင့် ဝမ်းသာအားရ လျှောက်တင်လိုက်လေသည်။

'ဟင် သူ ကြွတော်မူလာတာက အစ်မတော်အဆောင်ကပဲ၊ ခေါင်ခေါင်က ဘာလုပ်စရာကိစ္စမှ မရှိလေဘူးကွဲ့'ဟု အမှတ်မဲ့ မိန့်တော်မူသည့်တိုင်အောင် ထိပ်ခေါင်တင်၏မျက်နှာကဲကို အတပ်ပဲသိလိုက်သူမှာ ခင်ညာပင်တည်း။

ထိပ်ခေါင်တင်သည် အပြင်မှ ဣန္ဒြေရသော်လည်း ရင်တွင်းက တလှပ်လှပ် ဖြစ်တော်မူရလေပြီ၊ 'မော်တော်၊ မောင်တော် ကြွတော်မူလာပြီတဲ့'ဟု စိတ်တွင်းက အဓိပ္ပာယ်မဲ့ ပဲ့တင်သံထပ်မြည်လျက် ရှိတော်မူလေသည်။

အဆောင်ဦး၌ အချို့ပွဲ၊ အချဉ်ပွဲများ သုံးဆောင်တော်မူရင်း အစ်မတော်နှင့် စကားပြောဟော နှီးနှောနေသော အိမ်ရှေ့ကိုယ်တော်ကြီးအား အစ်မတော်ဖုရားကြီး က-

'မောင်အငယ် မြောက်အိမ်တော်မှာ တစ်ပါးတည်းစံနေတော်မူရတဲ့အတွက် ငြီး ငွေ့တော်မူလျက်ရှိနေတယ်လို့ အစ်မတော်ထင်မိတယ်'

ဟု စတင်မေးမြန်းတော်မူလိုက်သောအခါ

'မှန်ပါ အခါအခွင့်ကမသင့်လေတော့ ငြီးငွေ့လျက်နှင့်ပဲ စံနေရကြောင်းပါ'

'အင်းလေ-အစ်မတော်လည်း မဖွားကြီးကို အမြဲပြန်လွှတ်နေတာပါပဲ၊ သူစိတ် မပြေသေးခင်တုန်းတော့ မပြန်ချင်ပါဘူးလို့ချည်း လျှောက်တင်ခဲ့တယ်၊ ခုတလော တော့ သူစိတ်တော်ပြေလောက်ပြီလို့ အစ်မတော်ထင်မိတယ်၊ ဒီတော့ မောင်အငယ် က သူ့ကို ချော့မော့ပြီး ပြန်ခေါ်သွားပါတော့ကွယ်'

'အစ်မတော် အမိန့်အတိုင်း ခေါ်ပါမည်၊ မူလရည်ရွယ်သည်မှာ အစ်မတော် အဆောင်တော်သို့ဝင်ရင်း တင်တင်ကို တစ်ပါတည်းခေါ်ဆောင်ရန် လာခြင်းဖြစ် ကြောင်းပါ'

'ကောင်းပါလေ့ မောင်အငယ်၊ သူ့ခမျာ စိတ်မပြေဘူးသာဆိုရပေမယ့် မျက်နှာ တော်ကဖြင့် တနွမ်းလျလျနှင့်သာ တွေ့မြင်ရတယ်၊ ခုလို မောင်အငယ်က တယုတယ ခေါ်ယူလာတဲ့အတွက် သူ့ဘက်ကလည်း ဝမ်းသာနေရှာမှာပဲ'

ယင်းသို့ မရီးတော်နှင့် မတ်တော်မောင် အိမ်ရှေ့ကိုယ်တော်ကြီးတို့ စကားနှီးနှော လျက်ရှိရာမှ နန်းမတော်မိဖုရားကြီးက အပါးတော်က အပျိုတော်တို့အား ညီမတော် လှိုင်ထိပ်ခေါင်တင်အား အပါးတော်သို့လာရောက်စေရန် အတွင်းဆောင်ဆီသို့ အခေါ်တော်စေလွှတ်လိုက်လေသည်။

အပျိုတော်များသည် လှိုင်ထိပ်ခေါင်တင်၏ သလွန်တော်အနားသို့ ခစားမိကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



'အသျှင် နန်းမတော်ဘုရားက ထိပ်ခေါင်တင်ဘုရားကို ခေါ်တော်မူကြောင်းပါဘုရား'ဟူ၍ လျှောက်တင်လိုက်သောအခါ-

'အလို ဘာအကြောင်းများကြောင့်ပါလိမ့်'ဟု မိန့်တော်မူရင်း သလွန်တော်ပေါ်မှ ဖြည်းညင်းစွာထလိုက်ပြီးမှ အိမ်ရှေ့ကိုယ်တော်ကြီးကို သတိရလိုက်မိသည်။ ဤတွင် အစ်မတော်ဘုရားရှေ့၌ မောင်တော်နှင့်ရင်ဆိုင်ရတော့မည်ဟု သိတော်မူလိုက်သည်။ ခင်ညှာက ဖဲဖောက်ပဝါကြီးကို ဖြန့်ကာ နောက်တော်မှလာ၍ ဒေဝီခြုံခြုံ၍ ဆက်လိုက်သည်။

ထို့နောက် ရှေ့က ကြွတော်မူသွားသော လှိုင်ထိပ်ထားနောက်တော်မှ ခင်ညှာအမျိုးရှိသော အပျိုတော်တစ်စုက ရိုသေလေးညွတ်စွာ လိုက်ပါလာကြလေသည်။ သူတို့မျက်နှာကလေးများက အပြုံးကိုယ်စီနှင့်ရှိကြလေ၏။

လှိုင်ထိပ်ထားသည် အဆောင်တော်တံခါးဝ လက်ရမ်းကိုကျော်မိလျှင် ဆောင်မကြီးထဲမှာရှိနေသော အစ်မတော်နှင့် မောင်တော် အိမ်ရှေ့ကိုယ်တော်ကြီးတို့အားဘွားခနဲ တွေ့မြင်တော်မူလိုက်ရလေသည်။ မောင်တော်နှင့် အစ်မတော်တို့က ပြုံးရွှင်စွာ လှမ်းလင့်ရှုစားတော်မူလျက် ရှိနေကြကြောင်း သိမြင်ရလေသည်။ ထို့ကြောင့် ၎င်းတို့ထံပါးသို့ အသာအယာလှမ်းသွားလျက် တစ်ဖက်ရှိ ကတ္တီပါ နေရာထိုင်တစ်ခုတွင် ရိုသေစွာဝင်၍ထိုင်ကာ မျက်နှာအောက်ချလျက် လက်ယှက်ခစားတော်မူလိုက်ရလေသည်။

'တင်တင် နေကောင်းတော်မူပါစ'ဟု နှမတော်ကို ရွှန်းရွှန်းစားစားကြည့်ရင်း အိမ်ရှေ့ကိုယ်တော်ကြီးက အမေးတော်ရှိလိုက်လျှင်-

ထိပ်ခေါင်တင်ကလည်း တီးတိုးလေသံနှင့်-

'မှန်ပါ နေလို့ကောင်းပါငဲ့ ဘုရား'ဟု ပြန်လည်လျှောက်ကြားကာ မျက်နှာတော်ကိုငုံ့၍ ထားလေ၏။

စကြာဒေဝီမိဖုရားခေါင်ကြီးက-

'ကဲ ကဲ ညီမတော်ကို မောင်အငယ်က လာပြီးခေါ်တော်မူသတဲ့၊ မြောက်အိမ်တော်ကို လိုက်ပါတော်မူပေတော့'ဟု မိန့်တော်လေရာ၊

အိမ်ရှေ့ကိုယ်တော်ကြီးကလည်း

'ဟုတ်ပါတယ် တင်တင်ရယ်၊ မောင်တော်တစ်ပါးတည်း စံနေရတာပျင်းတော်မူလှပါပြီ။ ယခု တစ်ပါတည်းလိုက်တော်မူခဲ့ပါတော့. . .'ဟု ချော့မော့သောလေသံနှင့် ပြုံးရယ်ကာ မိန့်တော်မူလိုက်လျှင် လှိုင်ထိပ်ခေါင်တင်မှာ အလိုက်သင့်ပင်

'တင်ပါ လိုက်ပါတော်မူပါမည် မောင်တော်ဘုရား'ဟူ၍သာ ပြန်လည်လျှောက်တင်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ညာအမျုးရှိသော ခင်အုံ၊ ခင်ညိုအစ အပျိုတော်တစ်စုက အဆောင်တွင်းမှ အချင်းချင်း မျက်လုံးချင်းဝင့်ကြည့်ကာ ဝမ်းသာမြူးရွှင်နေကြရာသည်။

'မောင်တော်တို့ ဘာနှင့်ကြွချီတော်မူမည်လဲ. . .'ဟု အစ်မတော်က မေးတော်မူလိုက်သောအခါ အိမ်ရှေ့မင်းက 'တောင်စမုတ်လှေကားရင်းမှာ ဝေါတော်ယှဉ်ထားပြီးကြောင်းပါ အစ်မတော်ဘုရား. . .'ဟု ပြန်လည်လျှောက်လျှင် အစ်မတော်က ပြုံးတော်မူရင်း. . .

'အင်း-မောင်အငယ်က ကြိုတင်စီစဉ်ထားပြီးမှ ကြွလာတာပဲကိုးနော်. . . အင်း အင်း. . . ကောင်းလှပြီ၊ ကောင်းလှပြီ။ ဒီညီမတော်ကလေးအတွက် မဖုရားမှာလည်း သံယောဇဉ်များလှပါဘိကွယ်. . . ကဲ-ကဲ ပြန်ကြပြန်ကြ'

ဟု အမိန့်တော်ရှိလိုက်သည်။ လှိုင်ထိပ်ခေါင်တင်ကလည်း အစ်မတော်အား ကန်တော့ဦးချလေသည်။

'ကိုင်း. . . မောင်အငယ်တို့ ကြွကြပေတော့၊ ဒါထက် မောင်အငယ်ရယ်၊ မဖွားက စိတ်အားတော်က ငယ်တတ်ပါဘိသနှင့် မောင့်တစ်မျက်နှာ တစ်ကမ္ဘာထင်မှတ်တော်မူနေရှာသူဖြစ်ပါတယ်။ အစစအရာရာ ကြင်နာပြီး၊ သည်းခံတော်မူလိုက်ပါ' ဟု နှုတ်ဆက်မိန့်မှာလေသည်။

အိမ်ရှေ့ကိုယ်တော်ကြီးကလည်း 'မောင်ငယ်က ကြင်နာပါတယ်၊ အစ်မတော် ညီမတော်ကသာ တစ်ခါတစ်ခါ စိတ်လုပ်တော်မူတတ်တာပါ၊ နောက်တစ်ခါ သူစိတ်ကောက်ပြီး အစ်မတော်အဆောင်ရောက်လာလျှင် လက်ခံတော်မမူပါနှင့်တော့ဘုရား. . .'ဟု ပြုံးရယ်လျှောက်တင်လျှင် အစ်မတော်က ရယ်မောတော်မူလျက်-

'လက်ခံတော်မမူပါဘူး မောင်အငယ်ရယ်၊ စိတ်ချလို့သာသွားတော်မူပေရော့'ဟု မိန့်တော်မူလိုက်သည်တွင် အိမ်ရှေ့ကိုယ်တော်ကြီးက 'လာ. . တင်တင်'ဟုဆိုကာ လှိုင်ထိပ်ခေါင်တင်၏ လက်တော်ကို လှမ်းကိုင်တွဲခေါ်ကာ တောင်စမုတ်လှေကားတော်ဆီသို့ ထွက်လာခဲ့လေသည်။

အစ်မတော်သည် မတ်တော်မောင်နှင့် ညီမတော် လှိုင်ထိပ်ခေါင်တင်တို့ ထွက်ကြွသွားတော်မူရာ နောက်ပိုင်းကို ရှုမျှော်ကြည့်တော်မူရင်းမှ စံရာသလွန်တော်ပေါ်သို့ သွားရောက်ထိုင်တော်မူပြီး ဆင်စွယ်စိပ်ပုတီးတော်ကို ကိုင်တော်မူလိုက်သည်။

မှန်နန်းအပျိုတော်ကြီး စာတော်ဖတ်သုဘတ္တာက သလွန်တော်အပါးသို့ လာရောက်ခစားလျက် ကိုးခန်းပျို့ကြီးကို ဖတ်လျှောက်ဆက်သရာ၊ စာတော်ကိုနာခံရင်း လက်တွင်းမှစိပ်ပုတီးကိုလည်း စိပ်လျက် စံတော်မူနေလေသည် မြောက်အိမ်တော် လှေကားရင်းသို့ ဝေါတော်ယှဉ်မိသောအခါ အိမ်ရှေ့ကိုယ်တော်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာဆင်းပြီး လှိုင်ထိပ်ထားကိုလက်တွဲခေါ်ယူကာ အိမ်တော်ပေါ်သို့ တက်ကြွလာကြလေသည်။

အိမ်တော်တံခါးမကြီးအဝင်ဝသို့ ရောက်သောအခါ အထိန်းတော်နှင့် အကြီးတော်ကြီးတို့လက်မှ ရုန်းထွက်လာပြီး ခမည်းတော်နှင့် မယ်တော်တို့အား ဆယ်ကျော်သက်အရွယ် သားတော် ထန်းတပင်မြို့စားမင်းသားငယ်ကလေးက အပြေးလာရောက်ကြိုဆိုလျက် မယ်တော်လှိုင်ထိပ်ခေါင်တင်ကို ဖက်လာလေသည်။

မယ်တော်ကလည်း သားတော်ကလေးအား ဖက်ရမ်းပွေ့ပိုက်နမ်းရှုပ်တော်မူလေသည်။

'မယ်တော်ဘုရားက နန်းတော်ကြီးကိုသွားနေတာ အကြာကြီးရှိပြီ၊ ဘုရားသားတော် မယ်မယ်ကို အောက်မေ့တော်မူလိုက်တာ'ဟူ၍ ကလေးဘာဝ အားရဝမ်းသာပြောတော်မူရှာသည်။

အိမ်ရှေ့ကိုယ်တော်ကြီးက သားတော်လေးပခုံးကို ကြင်နာယုယစွာကိုင်တော်မူပြီး 'သားတော်ရဲ့ မယ်တော်က ခမည်းတော်နှင့်သားတော်တို့ကို မချစ်လို့ အကြာကြီးပစ်သွားတာပေါ့နော်. . . 'ဟု ခနိုးခနဲ့ မိန့်တော်မူလိုက်လျှင် လှိုင်ထိပ်ခေါင်တင်ကလည်း အရှုံးမခံပေ. . .

'မယ်တော်မသွားချင်ပေမယ့် သွားစေအောင်နှင်တော်မူတော့လည်း မနေဝံ့လို့ စွန့်သွားရတာပါ သားတော်ရယ်. . . 'ဟု သားငယ်ကို တိုင်တည်လိုက်ရပြန်သည်။ ဤတွင် အိမ်ရှေ့ကိုယ်တော်ကြီးက ပြုံးတော်မူကာ 'အဲပါဗျာ ရှိပါစေတော့၊ ခုဆိုလျှင် တင်တင်က စိတ်ပြေတော်မူမှ အဟောင်းတွေကိုပြန်ဖော်ပြီး ဝမ်းနည်းစကားတွေမိန့်တော်မမူပါနှင့်တော့လား'ဟု စကားကို အစသိမ်းတော်မူလိုက်လေသည်။

မြောက်အိမ်တော်၌ ကျန်ရှိရစ်သော အပျိုတော်များနှင့် ကိုယ်လုပ်တော်ငယ်များသည် လှိုင်ထိပ်ခေါင်တင် ပြန်လည်ကြွရောက်တော်မူလာသည်ကို ဝမ်းမြောက်ဝမ်းသာ ပျာပျာသလဲကြိုဆိုလျက် အမှုထမ်းမပျက်ရှိကြလေသည်။

တောင်စမုတ်လှေကားက ထွက်လာသော ဝေါတော်သည် အနောက်စမုတ်ကိုဖြတ်ကာ မြောက်ဥယျာဉ်တော်အတွင်းမှပန်းလျက် လာလမ်းအတိုင်း အိမ်ရှေ့အိမ်တော် (မြောက်အိမ်တော်)သို့ ဆိုက်ရောက်လာသည့်တိုင်အောင် မိဖုရားခေါင်ကြီးအဆောင်တော်တွင် ကျန်ရစ်ခဲ့ကြသော လှိုင်ထိပ်ခေါင်တင်၏ အပျိုတော်များသည် မြောက်အိမ်သို့လိုက်ကြရန် မိမိတို့အရှင်သခင်မ၏ ပစည်းပစ္စယ၊ အသုံးအဆောင်များကို သိမ်းဆည်းထုပ်ပိုးနေကြရသေးသောကြောင့် မြောက်အိမ်တော်သို့ ရုတ်တရက်မရောက်လာခဲ့ကြသေးပေ။

ခင်ညှာ၊ ခင်ညိုနှင့် ခင်အုံတို့သည် အဆောင်တော်အတွင်းရှိ အမှုထမ်းဖော်



www.burmeseclassic.com

www.burmeseclassic.com



အပျိုတော်အချင်းချင်း နှုတ်ခွန်းဆက်ရသည်က တစ်တန်၊ မှန်နန်းအပျိုတော်ကြီးများကို နှုတ်ဆက်ရသည်ကတစ်ဝ၊ နန်းမတော်မိဖုရားကြီးကို ဦးချရသည်ကတစ်သွယ်၊ ကွယ်ရာတွင် အချင်းချင်း ကျီစယ်နောက်ပြောင်ရသည်က တစ်ဖက်တို့ကြောင့် နေ့လယ်ဘက်လောက်ကျမှ မြောက်အိမ်တော်သို့ ပြန်လည်ရောက်ရှိကြရလေသည်။

ယနေ့ သူတို့လောက် ပျော်ရွှင်ကြည်လင်နေကြသူများ၊ အခြားတွင်မရှိသ လောက် ဝမ်းမြောက်နေကြရှာသည်။

သို့လျှင် ဤနေ့၌ရက်မှအစပြုကာ အိမ်ရှေ့ကိုယ်တော်ကြီးနှင့် အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်တို့သည် သားတော် ထန်းတပင်မင်းသားကလေးကို အလယ်တွင် ထား၍ သားမယ်တော်များ ကြည်သာပျော်ရွှင်ခြင်းနှင့် အိမ်ရှေ့အိမ်တော်ကြီးမှာ အေးချမ်းသာယာစွာ စံနေတော်မူကြရပြန်လေသည်။

ယင်းသို့လျှင် အိမ်ရှေ့ကိုယ်တော်ကြီးနှင့် အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်တို့ ကြည်လင်ချမ်းမြေ့စွာ မင်္ဂလာအိမ်တော်တွင် စံမြန်းတော်မူရင်းဖြင့် ကာလအချိန် အတန်ငယ်ကြာခဲ့လေပြီ။

ဤအချိန်ပိုင်းတွင် နန်းတွင်းနန်းပြင် ကိစ္စအရပ်ရပ်များကလည်း ရေအလျဉ်စီး သကဲ့သို့ အလှည့်ကျ ကျရောက်လျက်ရှိသည်။ မင်းတရားကြီး၏ ကုသိုလ်ရေးကိစ္စများ၊ လယ်ထွန်မင်္ဂလာကိစ္စများ၊ သားတော်သမီးတော်တို့၏ သျှောင်ထုံးနားထွင်းကိစ္စ၊ မင်္ဂလာကိစ္စနှင့် သားတော်ငယ်၊ သမီးတော်ငယ်အချို့နှင့် ကိုယ်လုပ်တော်မိဖုရားများနှင့် ဆွေတော်မျိုးတော်အချို့တို့ ကွယ်လွန်အနိစ္စရောက်ကြရသော နာရေးကိစ္စများကလည်း ပြတ်လှသည်မရှိ။ အိမ်ရှေ့မင်းပါ ကြွရောက်ရသည့်အခါများကလည်း ကြုံခဲ့ရလေသည်။

မင်းတုန်းမင်းတရားကြီးသည် လောကီမှု၊ ဗေဒင်ယတြာ ကိန်းခမ်းများအရ မန္တလေးတောင်ခြေ၌ နန်းမြေဘုံသာခေါ် ယာယီစံနန်းတော်ကြီးတည်ဆောက်သော အခါ မကြာမကြာ ပြောင်းရွှေ့စံနေတော်မူလေ့ရှိရာတွင် ယာယီလွှတ်တော်ကြီးများ၊ တဲကန္နားကြီးများဆောက်လုပ်ထားသဖြင့် အိမ်ရှေ့မင်းသားကြီးမှာ နန်းတွင်းရွှေလွှတ် တော်ကြီးသို့ တက်ရောက်ရသကဲ့သို့ နန်းမြေဘုံသာ ယာယီစံနန်းတော်ကြီးအနီးရှိ ယာယီတရားရုံးအဖြစ် ယာယီလွှတ်တော်မှာလည်း မကြာမကြာ နေ့စဉ်ရက်ခြား လာရောက်လျက် ဝန်ကြီးများ၊ အတွင်းဝန်များနှင့်အတူ တိုင်းရေးပြည်မှုတို့ကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်တော်မူရလေသည်။

နန်းမြေဘုံသာ ယာယီစံနန်းတော်ကြီးဆိုသည်ကလည်း ယာယီအဆောင်တွေ အသီးသီးရှိကြသည်။ စံနန်းတော်ပတ်လည်တို့တွင်လည်း သားတော်မင်းသားကြီးတို့ စံနေရာ ဝင်းအိမ်များ၊ အစဉ်အတိုင်းရှိကြသေးရာ နန်းမြို့ရိုးအတွင်းက အနေအထား



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြို့ပြင်မန္တလေးတောင်ခြေရှိ ယာယီစံနန်းတော်အနေအထားမှာ များစွာကွာခြားလှသည်မဟုတ်ပေ။ မင်းတုန်းမင်းတရားကြီးသည် ယင်းနန်းမြေဘုံသာ ယာယီစံနန်းတွင်တစ်လှည့်၊ နန်းမြို့ရိုးအတွင်းရှိ ရွှေနန်းတော်ကြီးတွင်တစ်လှည့်စီ စံနေတော်မူလျက်ရှိလေသည်။

၁၂၂၅ ခုနှစ်ကုန်ခါနီးတွင် မင်းတုန်းမင်းတရားကြီးသည် လောင်းရှည်မြို့စားမိဖုရား သီရိမဟာမင်္ဂလာသုပဘာဒေဝီမှ ဖွားမြင်သော သားတော်မိုင်းကိုင်းမြို့စားမင်းသားကလေးကို သီပေါမြို့နှင့်လဲ၍ မြို့စားပေးသနားတော်မူသည်။ (နောင်သောအခါ သီပေါမင်းဖြစ်လာမည့်သူ)

သက္ကရာဇ် ၁၂၂၆ ခုနှစ်အတွင်း အမှတ်အသားအချို့မှာ ဝါဆိုလ၌ ပင်တိုင်စံသမီးတော် စလင်းမင်းသမီးက ခမည်းတော်ကိုယ်စားလှူဒါန်းသော မန္တလေးတောင်ထိပ်ဘုရားမုခ်ဦးတွင် ဆောက်လုပ်သောဇရပ်နှင့် ပဋ္ဌင်းလောင်း ၁၆၊ သာမဏေလောင်း ၁၆၊ လှူဒါန်းပဒေသာပင် ၁၆၊ စွန့်ကြဲရန် ဒင်္ဂါးပဒေသာပင် ၁၆၊ အထည်မျိုးစုံပဒေသာပင် ၈၀ တို့ကို ခမည်းတော်မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့ကိုယ်တိုင်ထွက်၍ ရေစက်ချတော်မူသည်။

ထိုလမှာပင် ထနောင်းတိုင်မြို့စား မိဖုရားတွင် ဖွားမြင်သူ ၈ နှစ်ရွယ်ရှိ တရားမြို့စားမင်းသမီးကလေး ကံကုန်ရာ ထနောင်းတိုင်မိဖုရားဝန်တော် အိမ်ဝင်းအတွင်း၌ သင်္ဂြိုဟ်ရလေသည်။

ဝါခေါင်လမှာ အင်္ဂလိပ်လူမျိုး ကုန်သည်ကြီးဝီလင်းဝါလစ်က စိန်လုံးရေ ၅၄၂ လုံးစီခြယ်သော မှန်ပြောင်းကိုဆက်သရာ၊ မင်းတရားကြီးက ၎င်းအား တောင်ငူမြို့သစ်တောရှိ သစ်လုံးတစ်ထောင့်တစ်ရာကို သနားတော်မူလိုက်သည်။

ဘေးတော်မင်းတရားကြီး(ဘိုးတော်ဘုရား)လက်ထက်တော်က အာသံမင်း ဆက်သသော သမီးကညာဖြစ်သူ ဗန်းမော်မြို့စား သေလွန်သဖြင့် လှပကောင်းမွန်စွာ သင်္ဂြိုဟ်တော်မူစေသည်။

စကျင်တောင်မှ(ကျောက်တော်ကြီးဘုရား)ထုလုပ်ရန် စကျင်ကျောက်တုံးကြီးကို ရေကြောင်းမှ ခဲယဉ်းစွာပင့်ယူလာရာမှ အနောက်ပြင် အီကင်းရွာဆိပ်သို့ ရောက်လာသည်။

စကျင်ကျောက်ရုပ်ထုတော်ကျောက်ကို ရွှေတချောင်းမြောင်းသို့ သွင်းသည်။ ယင်းကမှ စွပ်ဘားကိုချ ပင့်ဆောင်သည်။ စွပ်ဘားလမ်း တလိမ့်ကြိုးလွန်းများကို ပြင်ဆင်ပြီးလျှင် မန္တလေးတောင်ခြေရင်း သုဓမ္မာဇရပ်အနီး ထားရပ်သို့အရောက် အစုအမှုထမ်း လူ ၁၂၀၀၀ ကျော်တို့ကို အိမ်ရှေ့မင်း၊ ဝန်ကြီး၊ အတွင်းဝန်၊ ဗိုလ်၊ သေနတ်စာရေး၊ သွေးသောက်ကြီးတို့ ကြပ်မတ်ဆွဲဆောင်စေရာ ဆွဲရက် ၁၃ ရက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့ ထားရပ်ပလ္လင်ပေါ်သို့ ရောက်ရမည်ဖြစ်လေသည်။

ထိုသို့ အိမ်ရှေ့မင်းကြီးအမှူးပြုလျက် ဗိုလ်ပါ ၁၂၀၀၀ ကျော်တို့ ကျောက်တော်ကြီးကိုပင့်ဆောင်နေစဉ် အချိန်ရက်ကာလအတွင်းတွင် မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးနှစ်ပါးတို့က ရွှေနန်းတွင်းမှနေကာ မန္တလေးတောင်ခြေ နန်းမြေဘုံသာ ယာယီစံနန်းတော်သို့ ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ်နှင့် ထွက်တော်မူကြီးထွက်စံတော်မူသည်။

နန်းမြေဘုံသာ စံနန်းတော်တစ်ဝိုက်တွင်မျှမက အစုအမှုထမ်းတို့က ရွှေမြို့တော်ရပ်ကွက်တိုင်း၊ ကွက်စုတိုင်းမှာ ပျော်ပွဲရွှင်ပွဲ၊ ကြိုဆိုပွဲအဖြစ်နှင့် မိန်းမအကပွဲများ၊ ယောကျ်ားအကပွဲများကို သွင်းပြကြရလေသည်။ စံနန်းတော်တွင်လည်း နေ့အကပွဲများ ခံယူတော်မူသည်။

ကျောက်တော်ကြီးဆိုက်ရောက်လျှင် အသင့်တင်ထားနိုင်ရန် ကျောက်ဖြူပလ္လင်တော်ကြီး ထုလုပ်နေရာသို့လည်း အရှင်နှစ်ပါးတို့ကိုယ်တော်တိုင် ထွက်တော်မူအလုပ်အဆောင် အကြီးအကြပ်၊ ကျောက်ဆက်ပန်းရံ၊ ကံကျွေးတို့ကို ငွေဒင်္ဂါးနှင့် အဝတ်အစားများ ပေးသနားတော်မူခြင်း၊ အချိုအုပ်၊ အချဉ်အုပ်တို့ဖြင့် ကျွေးမွေးတော်မူခြင်းများ ပြုလုပ်စေသည်။

ကျောက်တော်ကြီးဘုရားပြင် မဟာရံတောင်ဘက်အနောက်တို့တွင် လည်းကောင်း၊ စံကျောင်းတော်ပြင် မဟာရံအရှေ့ဘက်၊ တောင်ဘက်များမှာ အုတ်ပလ္လင်ခံ၍ အမိုးဘုံနှစ်ဆင့်၊ လည်ပေါ်ယွန်းဆက်၊ စုလစ်မွန်းချွန်နှင့်တကွ ဇရပ်ပေါင်း ၃၃ ဆောင်ကို မှူးတော်မတ်တော် အသီးသီးတို့ကို တစ်ဆောင်စီအပ်၍ ကြီးကြပ်လုပ်ဆောင်ကြစေသည်။

ထိုအတွင်း(ကုသိုလ်တော်ဘုရား)၊ မဟာလောကမာရဇိန်ဘုရားသို့ ထွက်တော်မူ၍ ဆီမီးထွန်းညှိ ပူဇော်တော်မူခြင်း၊ ဘုရားဝတ်တက်သူ ယောကျ်ား-မိန်းမများ၊ လူပေါင်း ၆၀၀ ကျော်အား ငွေဒင်္ဂါးများ ပေးဝေတော်မူခြင်း၊ နံနက်တိုင်း ဆွမ်းစမဲ အကြီးအကျယ် အဖွယ်အရာများနှင့် သင်ပုတ်တော်တို့ကို မဟာလောကမာရဇိန်ဘုရားနှင့် ကျောက်ဖြူရုပ်ပွားတော်ကြီးများအား စည်တော်ရွမ်း၍ လှူဒါန်းတော်မူခြင်းများကို ကြိုတင်ပြုလုပ်တော်မူလျက် ရှိလေသည်။

ပဒေသရာဇ် စော်ဘွားနယ်အချို့မှ သိန်းနီ မြောက်လက်က ကချင်အချို့နှင့် ပူးပေါင်းမငြိမ်မဝပ်ရှိခြင်းကို မိုးနဲတပ် စစ်ကဲမင်းကြီးမဟာနော်ရထာ ခေါင်းဆောင်၍ လက်နက်၊ လူတစ်ထောင်ကျော်နှင့် သွားရောက်နှိမ်နင်းရသည်။ မောင်းမယ် စော်ဘွား နဲနွဲ့၊ မိုင်းခုံပါ လိုက်စသားသီရိတို့ ရွှေဖဝါးတော်အောက်မှ တိတ်တဆိတ်ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



လျက် မောက်မယ်မြို့၊ စီရင်စုနယ်များကို ထိပါးတိုက်ဖျက်သောကြောင့် ၉ ဝန်ထောက် မြို့သစ်စား မိုးနဲဗိုလ်မှူးနှင့် ရှမ်းပြည်မြေလတ် စော်ဘွားမြို့စား၊ ငွေခွန် မှူးတို့ပါ စုပေါင်းချေမှုန်းကြရသည်။

ရွှေမြို့တော်မှလည်း နောက်ထပ်၍ အမှုထမ်း လူ ၂၃၀၀ ကျော် စိန်ပြောင်းတပ်ဆင် ၂၀၊ လက်နက်ကိရိယာစုံ ပေးအပ်ပြီးလျှင် ဘုန်းတော်ပြည့် သေနတ်ဗိုလ်၊ ကင်းထားကုလားပျို သေနတ်ဗိုလ်၊ လက်ဝဲကြောင်း သေနတ်ဗိုလ်၊ ရွှေခါးဆွဲဗိုလ်ကျော်တို့ကို ရှေ့ဝင်းမှူး၊ သူရဲဝန်၊ အမြင့်မြို့စားမင်းကြီး မဟာသမိန်ဘေဖြတ်စကို အအုပ်အချုပ် ခန့်ထားစေလွှတ်တိုက်ခိုက်စေရာ၊ နဲနွဲ့ငသီရိတို့ ဆွေမျိုးကျေးကျွန်တစ်စုတို့သည် သံလွင်မြစ်အရှေ့ဘက်သို့ ထွက်ပြေးပျောက်ကွယ်သွားကြလေသည်။

ဤင်းနှစ် တပေါင်းလသို့တိုင်ရောက်သောအခါ ကျောက်တော်ကြီးအား ကျောက်ပလ္လင်ပေါ်တွင် တင်ယူခြင်း၊ ရုပ်ပွားတော်ပုံဖော်ပြုလုပ်ခြင်းများ ပြီးစီးပြီဖြစ်၍ ကျောက်တော်ကြီးရုပ်ပွားတော်ကို မျက်နှာတော်ဖွင့်ရန်သာ ကျန်ရှိလေတော့သည်။

ဤတွင် မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် အခါတော်ယူ၍ ခမ်းနားကြီးကျယ်စွာ အခင်းအကျင်း၊ အဆောင်အရွက်တို့ဖြင့် ဘုရားမျက်နှာတော်ကို ဖွင့်တော်မူမည်ဖြစ်လေသည်။

သို့ကြောင့် ယခင်နည်းတူ နန်းမြို့ရိုးတွင်းရှိ ရွှေနန်းတော်ကြီးမှသည် မန္တလေးတောင်ခြေရှိ နန်းမြေဘုံသာ ယာယီစံနန်းတော်သို့ အရှင်နှစ်ပါး ထွက်စံတော်မူရန် ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ်၊ အခင်းအကျင်းများနှင့် မင်းမိဖုရား၊ မင်းညီမင်းသားများ ခြံရံလျက် ထွက်တော်မူရပြန်လေသည်။

ကျောက်တော်ကြီးဘုရား၏ မျက်နှာတော်ဖွင့်ရမည့် အခမ်းအနားမှာ နန်းမြေဘုံသာ စံနန်းတော်နှင့် နေရာဌာန အနီးကပ်လျက်ရှိသောကြောင့်လည်း အခမ်းအနားမတိုင်မီ ကြိုတင်ထွက်တော်မူခဲ့ကြရခြင်း ဖြစ်လေသည်။

ကျောက်တော်ကြီးဘုရား မျက်နှာတော်ဖွင့်ခြင်းကိစ္စ မပြုရသေးမီ ပိဋကတ်သုံးပုံ၊ ပါဠိတော်၊ အဋ္ဌကထာဋီကာတို့ကို ပုဒ်ပါဠိအက္ခရာ သဝေပိုက်မမှု မတိမ်းမယိမ်းမှားယွင်းစေရ၊ မှန်ကန်အောင် သေချာအောင် အခမ်းအနားကြီးကျယ်စွာနှင့် တည်းဖြတ်ရေးသားရန် ပိဋကတ်တော်အုပ် မိုင်းခိုင်းမြို့စား အတွင်းဝန် ဦးယံအား အကြီးအမှူးပြု ကြပ်မ ရေးသားစေသည်။

ဤင်းပိဋကတ်သုံးပုံများကို ရွှေမှင်ရေး၊ ကညစ်ရေး၊ ရေးကူးပြီး သောအခါ ပေစာတစ်ထုပ်လျှင် သေတ္တာတစ်လုံးစီ၌ထည့်သွင်း၍ သေတ္တာပေါင်း ၂၀၀ ကျော်တို့ကို မန္တလေးတောင်ခြေရင်းရှိ ပိဋကတ်တိုက်တော်သို့ မှန်စီထမ်းစင်များတွင် တင်ပြီးလျှင် ထီးဖြူတော်အုပ်မိုး၍ တပ်ဝင်း အခင်းအကျင်း၊ အစီအစဉ် ပွဲသဘင်အစုံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပင့်ဆောင်ထည့်သွင်းထားရလေသည်။ ထိုလအတွင်းမှာပင် တောင်ရွှေရေးဆောင်မိဖုရားတွင်ဖွားမြင်သော သမီးတော် ၄ နှစ်အရွယ် ကံကုန်သဖြင့် ရွှေပုဇွန်ဆိမွမ်း၊ ဇာတာအိမ်ကတ္တီပါ ရွှေမှော်ကြဲစသည့် မင်းသမီးအဆောင်အယောင်နှင့် လုပ်ဆောင်ပြီးလျှင် ကျောက်တော်ကြီးဘုရား တံတိုင်းအနောက်ဘက်၌ သဂြိုဟ်စေရာ အိမ်ရှေ့မင်းအမှူးရှိသော မင်းညီမင်းသား၊ မှူးတော်မတ်တော်တို့က လိုက်ပါပို့ဆောင်ကြရလေသည်။

နန်းမြေဘုံသာ စံနန်းတော်မြောက်ရှိ အာရုံခံ စံနန်းတော်သို့လည်း ရံဖန်ရံခါ ထွက်တော်မူ၍ ကုသိုလ်တော် မဟာလောက မာရဇိန်ဘုရား၊ မန္တလေးတောင်ပေါ်ရှိ ဗျာဒိတ်ညွှန်ဘုရား၊ ကျောက်တော်ကြီးဘုရားစသော ကုသိုလ်တော်များကို ကြည့်ရှုကြည်ညိုတော်မူလေ့ရှိသည်။

အလောင်းမင်းတရားကြီးလက်ထက်တော်က ဖောက်လုပ်ခဲ့သော မူးသစ်တိမ်ကော ကျိုးပေါက်ပျက်စီးနေသည်ကို ထပ်မံတူးဖော်လျက် စစ်ကိုင်းမြို့နယ်အထိ တိုးချဲ့တူးစေခဲ့ရာ ရတနာသိယ်မြို့၊ ကျေးရွာ၊ မြေဒူး ခေါ်သန္တိ ငရဲ၊ ထန်းတပင်၊ တပယင်း၊ ပဥ္စာလမြို့ကျေးရွာတို့က အမှုထမ်းလူတို့ကို ခန့်ထား၍ မကွေးမြို့စား ဝန်ကြီး၊ ဝန်ထောက် ပုပ္ပားမြို့စားတို့နှင့် စာရေးကြီး၊ အရာရှိတို့ကို တိုင်းတာစေသည်။

ရတနာသိယ်မြို့ဝန်၊ မြင်းတပ်ဗိုလ်သူကြီး၊ မြင်းစီးမြင်းခေါင်း၊ လက်ဝဲဝင်းမှူး၊ မြေဒူးမြို့စား၊ မြို့အုပ်သူကြီးများအပြင် အိမ်ရှေ့တော် ဒဝယ်ဗိုလ်တို့ကို ကြီးကြပ် ဆည်ဖို့ တူးဖောက်လုပ်ဆောင်စေသည်။

စည်သာမြို့ရှေ့ မူးသစ်ရိုးပေါ်တွင်လည်း အလျား တစ်ဆယ့်နှစ်ခန်း၊ အနံ ငါးခန်းရှိ အုတ်ဇရပ်ကြီးနှစ်ဆောင်ကို အိမ်ရှေ့မင်းကြီးကိုယ်တိုင် ကြီးကြပ်ဆောက်လုပ်စေရသည်။

မဇ္ဈိမဒေသ မဟာဗောဓိပင်တော်အရပ်က ဆောင်ယူဆက်သလာသော ဗောဓိပင်တော်များကိုလည်း ကျောက်တော်ကြီးဘုရား ရုပ်ပွားတော် မဟာရံတံတိုင်းအတွင်း အရှေ့မြောက်ထောင့်အရပ်တွင် အခမ်းအနား၊ ပွဲသဘင်ကြီးစွာခံ၍ ဗောဓိပင်စိုက်တော်မူသည်။ ထိုဗောဓိပင်စိုက်ပွဲတော်တွင် မင်းတရားကြီးကိုယ်တော်တိုင် ထွက်တော်မူလျက် အခါတော်ကြား အမြောက်သံသုံးချက်ပေး၍ ကိုယ်တိုင်စိုက်သည်။

အနောက်မြောက်ထောင့်တွင် ဗောဓိပင်တစ်ပင်ကို ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့ကိုယ်တိုင် အလားတူ စိုက်တော်မူသည်။

အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်အရပ်များတွင်လည်း အလားတူ ဗောဓိပင်တစ်ပင်စီ စိုက်တော်မူရာ မဟာရံအတွင်း လေးမျက်နှာအစဉ်အတိုင်း ဗောဓိပင်များကို အခမ်းအနားနှင့် စိုက်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သရစိမ်းမိဖုရားတွင် ဖွားမြင်သော သားတော် ၂ နှစ်ရွယ် ကံကုန်သည်ကို ပုခက်တွင် ရွှေပုဇွန်ဆီမွှမ်းကြ၍ ကျောက်တော်ကြီးဘုရား မဟာရံတံတိုင်းအပြင်ဘက်၌ သင်္ဂြိုဟ်ရာ အိမ်ရှေ့မင်းသားအမျိုးရှိသော မင်းညီမင်းသားများက လိုက်ပို့သင်္ဂြိုဟ်ရသည်။

ကျောက်တော်ကြီးဘုရားတည်ဆောက်မှုနှင့် စပ်ဆိုင်သော အမွှမ်းအမံ၊ အလုပ်အကိုင်အရပ်ရပ်တို့ကို ပြီးပြေလေပြီ။ နောက်ဆုံး ဘုရားမျက်နှာတော်ဖွင့်ရန် အခမ်းအနားတစ်ခုသာလျှင် ကျန်တော့သည်။

သက္ကရာဇ် ၁၂၂၇ ခုနှစ်၊ ကဆုန်လသို့ရောက်လျှင် မင်းတုန်းမင်းတရားကြီးသည် သက်တော် ၅၁ နှစ်ရှိလေပြီ။ ကျောက်တော်ကြီးဘုရား မျက်နှာတော်ကို ကိုယ်တော်တိုင်ဖွင့်တော်မူမည်ရှိရာ စံနန်းတော်က ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ်၊ အခင်းအကျင်းများနှင့် ထုံးစံအတိုင်း ထွက်တော်မူလာပြီးလျှင် ဘုရားအနီးတွင် စံတော်မူသည်။ တပ်ဝင်း အခင်းအကျင်းများကိုလည်း ဘုရား မဟာရံတံတိုင်းပတ်လည်တွင် ခင်းကျင်းထားရသည်။

သာသနာပြု ဆရာတော်ကြီးနှင့် ဆရာတော်သံဃာတော်တို့ကိုလည်း သက်န်းလျာပိတ်အုပ်အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ကို ဆက်ကပ်လှူဒါန်းသည်။ ကျောက်ဖြူရုပ်ပွားတော်ကြီးကို ထုလုပ်ပြီးစီးသည်အထိ လုပ်ဆောင်အမှုထမ်းရွက်သူများနှင့် အကြီးအကြပ်လူတို့ကို ပုဆိုးအုပ်၊ ခေါင်းပေါင်းအုပ်တို့ဖြင့်လည်းကောင်း၊ ဗိသုကာ၊ လက်တတ်လူတို့နှင့် ကျောက်ဆစ်အမှုထမ်း လူ ၃၀ ကျော်တို့အားလည်း ပုဆိုး၊ ခေါင်းပေါင်းအုပ်၊ ဘွဲ့အမည်များ အထိုက်အလျောက် ပေးသနားတော်မူလေသည်။

အခါတော်ရောက်၍ အမြောက်သံ ဆယ်ချက်ကြားလိုက်သောအခါ ပွဲလမ်းသဘင်များ တီးမှုတ်စေလျက် ဘုရားမျက်နှာတော်ကို ကိုယ်တော်တိုင်ဖွင့်တော်မူလေသည်။ ကျောက်တော်ကြီးရုပ်ပွားတော်၏ မျက်နှာတော်ကို မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် ဖွင့်တော်မူရာ၌ ရွှေဆေးစုတ်တံအနက်နှင့် မျက်ခုံးတော်ကို ရေးခြယ်တော်မူခြင်း၊ နှုတ်ခမ်းတော်ကို ဟင်္သာပြဒါးအနီ စုတ်တံနှင့်ရေးခြယ်တော်မူခြင်းများ ဖြစ်ရာ ဘုရင်မင်းမြတ် စတင်ရေးခြယ်တော်မူခြင်းပြီးလျှင် ကျန်အရာရှိတို့ ဆက်လက်ရေးခြယ်ကြရန် ကိုယ်တိုင်ကြည့်ရှုပြသတော်မူခြင်း ဖြစ်လေသည်။

စကျင်တောင်မှ ကျောက်တော်ကြီးကို ခဲယဉ်းစွာ သယ်ယူဆောင်ကျဉ်းလာပြီးနောက် မန္တလေးတောင်ခြေတွင် ပလ္လင်တင်ထုလုပ်ရာမှ နောက်ဆုံး မျက်နှာတော်ဖွင့်သည်အထိ အရပ်ရပ်ကိစ္စများပြီးဆုံးသည်တိုင်အောင် အချိန်ကာလအားဖြင့် ဆယ်လကျော်၊ တစ်နှစ်နီးပါး ကြာမြင့်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးသည် နန်းမြေဘုံသာ ယာယီစံနန်းတော်သို့ မကြာခဏထွက်တော်မူကာ ကုသိုလ်တော်ဘုရားနှင့် ကျောက်ထက်အက္ခရာတင်တော်မူ၍ ပူဇော်ထားသော ပိဋကတ်တော်များကိုလည်းကောင်း၊ အလွန်လျှင် ကြည်ညိုဖွယ်ရာ သပ္ပာယ်လှသော ကျောက်သလင်းရုပ်ပွားတော် ကျောက်တော်ကြီးဘုရားကိုလည်းကောင်း၊ သဒ္ဓါပီတိ ဝွမ်းဆီထိသို့ ပုပ္ပ၊ မုဋ္ဌ၊ ပရ စေတနာသုံးတန်ဖြာလျက် အလှူတော်ရေစက် လက်နှင့် မကွာ သာသနာတော်ကို ပွင့်လင်းသာယာတော်မူစေခဲ့သည့်အတိုင်း ကုသိုလ်တော်များကို အဖန်တလဲလဲ ရှုစားတော်မူခဲ့လေသည်။

ပဉ္စမသင်္ဂါယနာတင်ပွဲကြီး ဆင်နွှဲနိုင်သည်အထိလည်း သာသနာအရောင်ကို ဆီမီးတန်ဆောင်ကဲ့သို့ ထွန်းပြောင်စေပြီးလျှင် သာသနာတော်ဝန်ကို ထမ်းဆောင်လျက်ရှိသော သမုတိသံဃာတော်များကိုလည်း များစွာသောကျောင်းတော်များ ဆောက်လုပ်လှူဒါန်းကာ ပစ္စည်းလေးပါးဒါယကာ ခံတော်မူလျက်ရှိလေသည်။ တိုင်းသူပြည်သားများကလည်း မင်းတုန်းမင်းတရားကြီးအား အထူးကြည်ညိုလေးစားခြင်းကို ခံယူတော်မူလေသည်။

ညီတော် အိမ်ရှေ့မင်းသည်လည်း နောင်တော် မင်းတရားကြီးအလိုတော်ကျ တိုင်းရေးပြည်မှုမှအစ သာသနာရေး၊ ကုသိုလ်ရေး၊ လူမှုရေး၊ ဆွေတော်မျိုးတော်တို့ အရေး၌ နောင်တော်ကို ရိုသေလေးစားစွာ ပါဝင်လှုပ်ရှားတော်မူလျက် ရှိခဲ့လေသည်။

မိုးဦးကျ နယုန်လသို့ ရောက်ခဲ့သောအခါ ထုံးတမ်းစဉ်လာအရ လယ်ထွန်မင်္ဂလာအချိန်အခါ ကျရောက်လာပြန်သည်။

မင်းတရားကြီးသည် နန်းမြေဘုံသာ စံနန်းတော်မှ မင်္ဂလာဥယျာဉ် စံနန်းတော်သို့ထွက်တော်မူပြီး လယ်ထွန်မင်္ဂလာပွဲကြီးကို ညီတော်အိမ်ရှေ့မင်းနှင့်အတူ ဆင်နွှဲတော်မူရဦးမည်ဖြစ်လေသည်။ ထို့ကြောင့် လယ်ထွန်မင်္ဂလာ အခါတော်မရောက်မီ တပ်ဝင်းကိုယ်ရံတော် အခင်းအကျင်းနှင့် ရတနာနဒီမြစ်အတွင်းမှ ကပ်ကြိုဖောင်သမ္ဗန်တော်ကို စီးနင်းခြေတော်တင်၍ မင်္ဂလာဥယျာဉ်စံနန်းတော်သို့ ထွက်တော်မူခဲ့လေသည်။ မင်္ဂလာဥယျာဉ်အရပ်၌ နေ့ပွဲညပွဲ သဘင်စုံများခံလျက် လယ်ထွန်မင်္ဂလာရက်အချိန်ကို စောင့်တော်မူလေသည်။

လယ်ထွန်မင်္ဂလာ အခါတော်ကျရောက်သောအချိန်၌ အမြောက်သံသုံးချက်ကြားလျက် မင်းတုန်းမင်းတရားကြီးသည် မင်္ဂလာထွန်တော်ကို ခြေတင်၍ စတင်ထွန်တော်မူလျှင် ညီတော်အိမ်ရှေ့မင်းကလည်း ထွန်တော်တစ်ခု၊ အခြားမင်းညီမင်းသားများ၊ မှူးတော်မတ်တော်များကပါ ထွန်တော်ကိုယ်စီနှင့် လိုက်ပါကြသော ရှေးမင်းတို့ လယ်ထွန်မင်္ဂလာအခမ်းအနား အစီအစဉ်အတိုင်း မင်းတရားကြီး၏ ထွန်တော်နောက်မှ လိုက်ပါထွန်ယက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေတွင် လယ်ထွန်မင်္ဂလာအခမ်းအနား ပြီးသည်နှင့် နန်းမြေဘုံသာစံနန်းတော်(မန္တလေးတောင်ခြေရှိ ယာယီစံနန်းတော်)သို့ ဝင်တော်မူသည်။ မူလထွက်တော်မူစဉ်အတိုင်း မြို့အရှေ့ပြင် မင်္ဂလာနဒီမြစ်ကြောင်းမှ ကပ်ကြိုဖောင်တော်ဖြင့်လည်းကောင်း၊ ထိုမှ ဆင်တော်နှင့် တပ်ဝင်းခင်းကျင်း၍ နန်းမြေဘုံသာ နန်းတော်ရောက် ကြွလာတော်မူသည်။ အိမ်ရှေ့မင်းအမှူးရှိသော မင်းညီမင်းသားများ၊ မှူးတော်မတ်တော်များလည်း အစီအစဉ်အတိုင်း လိုက်ပါခဲ့ကြရလေသည်။

ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် စံနန်းတော်ဦး၌ ပုဂ္ဂိုလ်မရွေး သံဃာတော် ၅၃ ပါးကိုပင့်၍ မိဖုရားခေါင်ကြီးက ဆွမ်းလုပ်ကျွေးတော်မူသည်တွင် အခြားသောမိဖုရားများကလည်း  သပိတ် ၅၃ လုံးနှင့် မိမိတို့ကိုးကွယ်ရာကျောင်းတိုက်ရှိ သံဃာတော်တို့ထံ ဆွမ်းအုပ်များပို့သ လှူဒါန်းကြခြင်းဖြင့် ဒါနမျိုးစေ့များ ချလှူစိုက်ပျိုးကြစေလေသည်။

၎င်းဝါဆိုလအတွင်းမှာပင် မင်းတုန်းမင်းတရားကြီးသည် အိမ်ရှေ့မင်း၏သားတော်ဖြစ်သူ တူတော် မလွန်မင်းသား၊ ပတိမ်းမင်းသားတို့အပါအဝင် မိမိသားတော်များဖြစ်ကြသူ မြင်ကွန်းမင်းသား၊ စကုမင်းသား၊ မက္ခရာမင်းသား၊ မြင်းခုံတိုင်မင်းသား၊ ဝန်းသိုမင်းသား၊ ကျပင်းမင်းသား၊ ပင်လယ်မင်းသား၊ ကသာမင်းသား၊ ထီးလင်းမင်းသား၊ ရွှေကူမင်းသား၊ မိုင်းတုံမင်းသားတို့ကို ပြတိုက်တော်တွင် ခေါ်ယူပြီးလျှင် (အရက်၊ ထန်းရည်၊ ဘိန်းဘင်း၊ ဂဇော်၊ လှော်စာမှစ၍ အမဲနွားသား မစားမသောက် ပါ။ ခမည်းတော်၏ အကျိုးတော်ယုတ်လျော့အောင် မပြုမကျင့်ပါ)ဆိုသော ကတိ သစ္စာ၊ မိဌာန်စာကို သံတော်ဆင့် နေမျိုးမလှသီရိက ဖတ်လျှောက်၍ မင်းသားများက နှုတ်ခွန်းတိုက် လိုက်ဆိုကြရသည်။

မင်းတုန်းမင်းတရားကြီးသည် မင်းပျိုမင်းလွင်များဖြစ်ကြသူ သားတော်၊ တူတော်မင်းသားများအား ငြိမ်ဝပ်ပိပြား နူးညံ့သိမ်မွေ့သော စိတ်ထားရှိကြစေရန် ရည်သန်၍ ယင်းသို့ကြိုတင်ပြုပြင်တော်မူစေခြင်း ဖြစ်လေသည်။

အလှူတော်ရေစက်ကိုလည်း လက်နှင့်မကွာ နေ့စဉ်ရက်ခြား ပြုတော်မူလျက်ရှိရာ နန်းမြေဘုံသာ စံနန်းတော်ဦးတွင် ရှင်လောင်း ၅၃-ပါးကို သင်္ကန်းပရိက္ခရာစုံနှင့် တကွ ရှင်သာမဏေအဖြစ် သွတ်သွင်းတော်မူသည်။ ပုဏ္ဏား ၂၁၆-ယောက်တို့ကို တစ်ဦးလျှင် ရွှေဒင်္ဂါး ၅ပြား၊ ပိတ်ပုဆိုး၊ ပိတ်အင်္ကျီ၊ ခေါင်းပေါင်း များကို ပေးလှူတော်မူသည်။

ကိုယ်တော်တိုင်လည်း ဥပုသ်ဆောက်တည်၍ အခြားဥပုသ်ဆောက်တည်သူ မှူးတော်မတ်တော်မှစ၍ ကွမ်းရေတော်သားများ၊ ထီးမိုး၊ လက်စွဲ၊ အဆောင်မြဲ၊ ကိုယ်ရံတော်၊ အမှုထမ်း လူပေါင်း ၁၂၄၅-ဦးတို့ကို စပယ်တင်ပိတ်၊ ဘွဲ့ဖြူတဘက်များ



www.burmeseclassic.com

www.burmeseclassic.com



ပေးလျှုတော်မူသည်။ ဝါခေါင်လတွင် ရွှေနန်းတော်ကြီးသို့ ပြန်၍ဝင်တော်မူသည်။

နန်းမြို့တော်အတွင်း ပဟိုရ်စည်တော်စင်၏ မြောက်ဘက်ရှိ ဒင်္ဂါးခပ်လုပ်ရန် အုတ်တိုက်ဆောက်လုပ်ပြီးစီးသဖြင့် တန်ဆောင်မုန်းလပြည့်ကျော် ၉-ရက်၊ စနေနေ့ နံနက် တစ်ချက်တီးအချိန် အခါတော်ရသည်တွင် အမြောက် ၃ချက်ပစ်ဖေါက်၍ ဒင်္ဂါးစက်ကို စတင်ဖွင့်လှစ် သွန်းလုပ်စေသည်။

သွန်းလုပ်သော ငွေဒင်္ဂါးတွင် ဥဒေါင်းရုပ် တံဆိပ်ပြင် မြန်မာအက္ခရာနှင့် တစ်ဖက်မျက်နှာတွင် စုံပန်းနွယ်အရင်းဖျားထပ်လျက် ၎င်းအလယ်တွင် နန်းတက်တော်မူသော မြန်မာသက္ကရာဇ် ၁၂၁၄ ခု ကျပ်သုံးဒင်္ဂါးဟုပါရှိပြီးလျှင် အနားပတ်လည်တွင် ရတနာပုံနေပြည်တော် စာလုံးပါရှိသည်။

၎င်းကျပ်သုံးငွေဒင်္ဂါးများကို ခပ်လုပ်ပြီးသောအခါ နိုင်ငံတော်အနှံ့သုံးစွဲစေသည်။

နတ်တော်လဆန်း ၁၅ရက်နေ့တွင် ကုလားကျွန်တော်မျိုး ကုန်သည်ကြီး ကာလာကရတီက ဝယ်ယူဆက်သသော မီးသင်္ဘောတော်ကို (ရေနန်းစကြာ)ဟူ၍ ကမ္ပည်းတပ်တော်မူစေသည်။ ယခင်အထက်က ကုန်သည်ကြီးတို့ ဝယ်ယူဆက်သပြီး ဖြစ်သော မီးသင်္ဘောတော်နှစ်စင်းကိုလည်း (မြနန်းစကြာ)ဟူ၍လည်းကောင်း၊ တစ်စင်းကို (စကြာရည်မွန်)ဟူ၍လည်းကောင်း ကမ္ပည်းတပ်တော်မူစေသည်။

၎င်းလတည်းမှာပင် မင်းတရားကြီးသည် အချစ်ဆုံးသမီးတော်ဖြစ်၍ နောင်တပင်တိုင်နန်းနှင့် ထားတော်မူသော စလင်းမင်းသမီး သုသီရိမြတ်စွာရတနာဒေဝီကို နားထွင်း၊ ဆံထုံးထုံး၊ တဘက်ဝတ်ဒက်ဆင့် မင်္ဂလာဆောင်နှင်းတော်မူလေသည်။ ၎င်းအခမ်းအနားကြီးမှာ သိကြားရေစင်ခံ အမြောက်သံကြားလျက် ကြည်းဘက်၊ ရေဘက်၊ တပ်ဝင်းအခင်းအကျင်းများနှင့်တကွ ရှေးထုံးစဉ်လာ နားထွင်းစာတမ်းစာရင်းများထက်တိုး၍ ချီးမြှင့်တော်မူလေသည်။

စလင်းမင်းသမီးနှင့် တစ်ချိန်တစ်ခါတည်းပင် အခြားသမီးတော်များဖြစ်ကြသော သမီးတော် တောင်သာမြို့စားမင်းသမီး၊ သမီးတော် ချွန်းတောင်မြို့စား၊ သမီးတော် ကွပ်ရှာမြို့စား၊ သမီးတော် ကြံညှပ်မြို့စား၊ သမီးတော် ထီးလှိုင်မြို့စား၊ သမီးတော် စောလှမြို့စား၊ သမီးတော် မြို့သစ်မြို့စား၊ သမီးတော် ဟင်္ဂမော်မြို့စားတို့နှင့် အိမ်ရှေ့မင်း၏သမီးတော် ဇလောဖေယျသိန်မြို့စားတို့ကိုလည်း အထိုက်အလျောက် အခမ်းအနားတို့နှင့် မှန်နန်းတော်ဘမရာသန ပလ္လင်တော်ရှေ့ ခင်းကျင်းစောင့်နေစေပြီးလျှင် မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့နှစ်ပါးက မင်းမြောက်တန်ဆာ ဆင်ယင်၍ ထွက်တော်မူလာကြပြီးလျှင် ဘမရာသနပလ္လင်တော်ရှေ့ရှိ သလွန်တော်ပေါ်တွင် စံနေတော်မူကြသည်။ မယ်တော်ဘုရား အရီးတော် ရမည်းသင်းမင်းသမီးတို့ကလည်း နားထွင်းသလွန်တော်အနီးရှိ သလွန်တော်၌ စံနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်တော်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့ နေ့တစ်ချက်တီးကျော်အချိန်သည် ၎င်းနားထွင်းမင်္ဂလာအခါတော် ရောက်သောအချိန်ဖြစ်ရာ အခါတော်ကျရောက်သည်နှင့်တစ်ပြိုင်တည်း အလုံးစုံသောမင်း မိဖုရား၊ မင်းညီမင်းသား၊ မှူးတော်၊ မတ်တော်၊ ကတော်မယားတို့လည်း အခမ်းအနားဝင် စာရင်းပါသည့်အတိုင်း နားမှတ်၊ နားထွင်း၊ မစခြံရံ ဆက်သကြရလေသည်။

တစ်ချိန်တည်းမှာပင် မြေနန်းတော် သီဟာသနရာဇပလ္လင်တော်ကြီးရှေ့တွင်လည်း၊ မင်းတုန်းမင်းတရားကြီး၏ သားတော်များဖြစ်ကြသော ပြင်စည်မင်းသား၊ ကျပင်းမင်းသား၊ ပင်လယ်မင်းသား၊ ရွှေကူမင်းသား၊ မိုင်းတုံမင်းသား၊ ရနောင်မင်းသားခေါ် သန္တိမင်းသား၊ ဝန်းသိုမင်းသား၊ ပေါက်မြိုင်မင်းသား၊ ကသာမင်းသား၊ သာဂရမင်းသားတို့ကိုလည်း သလွန်တော်များနှင့် အသင့်စောင့်နေစေပြီးလျှင် အခါတော်ကျ၍ စည်တော်ရွှမ်း၊ အမြောက်သံကြားသောကာလ အခမ်းအနားမှာ ခန့်အပ်ပါဝင်ရသူ မှူးတော်မတ်တော်များက မင်းသားတို့အား နားထွင်းသျှောင် ထုံးကြရသည်။

ပြာသာဒ်တော် သီဟာသနရာဇပလ္လင်တော်ရှေ့ ထီးဖြူတော် မင်းခမ်းတော်များကိုလည်း အခါတော်မရောက်မီ တစ်ရက်က ဥကင်တော်ဖွင့်၍ ခင်းကျင်းကြရလေသည်။ မြေနန်းတော်၏လက်ဝဲဘက် လက်ျာဘက်တွင်လည်းကောင်း၊ ထီးဖြူတော်ရုံ၊ မြေနန်းတော်ရှေ့ရှိ ဇာတ်ရုံစင်ကြီးများမှာလည်း အထူးအဆန်း၊ အကြီးအကျယ် လုပ်ဆောင်၍ ပွဲသဘင်ခံရလေသည်။

ဘုရားအမှူးရှိသော သာသနာပြုဆရာတော်၊ တံဆိပ်တော်ရ ဆရာတော်သံဃာ တစ်ရာ့တစ်ပါးတို့ကိုလည်း သီးမျိုးစုံ၊ ပွင့်မျိုးစုံ၊ ပဒေသာပင်ရေ ၁၀၁ ပင်လှူတော်မူလေသည်။

မင်္ဂလာအခါတော်မရောက်မီ တန်ဆောင်မုန်းလကစ၍ မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ ကတော်မယားနှင့် စုရေးစုကိုင်၊ ကွမ်းရေးတီးထား၊ လက်စွဲ၊ အဆောင်မြဲ ကိုယ်ရံတော်၊ တိုက်တန်းတင်းကုပ်၊ အစောင့်အနေလူတို့နှင့် ပုဏ္ဏားပုဏ္ဏေး၊ သူဌေးသူကြွယ်၊ တရုတ်ကုလား၊ ပြည်သူပြည်သားတို့ကို အထိုက်အလျောက် ပုဆိုး၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်၊ ထဘီပဝါ၊ အသုံးအဆောင်များကို ကျွေးမွေးပေးကမ်းလှူဒါန်း စွန့်ကြဲတော်မူလေသည်။

ယင်း နားထွင်းမင်္ဂလာအခါတော်နှင့် တစ်ပြိုင်နက်၊ ပဇ္ဇုန်မိုးနတ်သား၊ လေနတ်သားတို့ ပျော်ရွှင်မြူးတူးလျက် မိုးပြင်းမုန်တိုင်းလေ ကျရောက်လေသည်ဟု အဆိုရှိရာ ထိုအဆိုအတိုင်းကို စလေဆရာကြီး ဦးပုညက ရတုပိုဒ်စုံများ ရေးသားဆက်သကြောင်း၊ ၎င်းရတုပိုဒ်စုံများကို အလျဉ်းသင့်ဖော်ပြရမည် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဦးပုည၏ ရတုပိုဒ်စုံ

နန်းထွက်ဖွေတည်။ ဖြိုးမိုးစည်သား။ ခုနစ်မည်စုံ။ တောင်ရေခြုံလျက်။ နေရုံကြငှန်း။ နတ်မင်းနန်းသို့။ ထူးဆန်းအင်္ဂါ။ ပြည့်စုံစွာလျက်။ ရတနာပုံ။ ရိပ်မြုံရန်ကြို့။ နတ်တို့မြို့ဝယ်။ နှစ်လို့ရွှင်စံ။ မနောခံလျက်။ နိုင်ငံပြည်ထောင်။ မင်းကုန်အောင်ကို။ အခေါင်နှိမ့်ချိုး။ စက်မိုးကြိုးသို့။ တန်ခိုးထွန်းထိန်။ နေသူရိန်လည်း။ အသမ္ဘိန်ဇာတ်။ အထွတ်ဘုန်းဖျား။ တို့ဘုရားကို။ လေးပါးလူဗိုလ်။ ချမ်းရိပ်ခိုလျက်။ ဗြဟ္မစိုမည်။ တရားစည်ဖြင့်။ ချမ်းကြည်တုလွှတ်။ ငြိမ်းအေးဆွတ်သည်။ နန်းထွက်ဝေယန္တာဘုရား။

ဖြန်းဆွတ်လေပြည်။ မွှေးမျိုးစည်သား။ ရွှေရည်ရောင်ငြိ။ နန်းဇာတိထက်။ ဥပမိစစ်။ ဝန်းရစ်ရန်ခြွေ။ အမြတေသို့။ ကျက်သရေလျှံဝင်း။ ချစ်စိုးနှင်းသည်။ စလင်းခွန်ဆွတ်။ သီရိနတ်ကို။ နစတက်အင်္ဂါ။ ရေသီတာဖြင့်။ ဗြဟ္မာသျှက်္ကိ။ မန္တာန်သီလျက်။ မြောက်ချီမိုးက။ သွန်းမြူးချသို့။ ဗြဟ္မရေစင်။ မိတ်ဝင်ရန်လွှတ်။ ဥပါတ်ကင်းကွာ။ ငြိမ်းစေငှာလျှင်။ ရတနာရွှေ့ကြူး။ ထံတော်ဦးမှ။ ကျေးဇူးထင်ပေါ်။ သကြ်န်တော်လည်း။ ထိုရော်အခါ မင်္ဂလာဝယ်။ မြောက်ညာပတ်ကွေ့။ အရှေ့အနောက်။ တုန့်ခေါက်ခွေညွတ်။ လေကြမ်းပတ်သည်။ ။ ဖြန်းဆွတ်ဟေမန်ခါဘုရား။ ။

၎င်းရတုပိုဒ်စုံများကို ဆရာကြီးဦးပုညက မင်းတုန်းမင်းတရားကြီးရှေ့တော်သို့ တင်သွင်းဆက်သရာ ငါ၏သမီးတော် စလင်းမင်းသမီးအား ဆက်သရမည် အမိန့်တော်ရှိသဖြင့် စလင်းမင်းသမီးသို့ ဆက်သလေလျှင် စလင်းမင်းသမီးက ဝမ်းမြောက်တော်မူသောကြောင့် ဆရာကြီးဦးပုညသို့ ပိတ်အုပ်၊ ခေါင်းပေါင်းအုပ်များ၊ အဝတ်အစားစုံများနှင့်အတူ ငွေဒင်္ဂါး ၃၀၀ ပေးသနားတော်မူလေသည်။

မြို့သစ်မြို့စား မိုးနဲဗိုလ်မှူးသည် ပြေးလွတ်တိမ်းရှောင်သွားသူများဖြစ်ကြသော ရာဇဝတ်သား နဲန္တဲ့သားအဖနှင့် ငသီရိတို့ကို ဇင်းမယ်စော်ဘွားက လက်ခံထားရှိကြောင်း ကြားသိရသောကြောင့် မိုးနဲစော်ဘွားကိုစုံစမ်းစေရန် တာဝန်ပေးသည်။ မိုးနဲစော်ဘွားက ကျိုင်းရုံးကြီး စစ်ကဲဟောင်း မောင်ရစ်၊ မိုးနဲအမတ် မောင်ရှိုး၊ တစ်ရာ့ငါးဆယ်အမှုထမ်း မောင်မြတ်ငြိမ်းတို့ကို ဇင်းမယ်စော်ဘွားထံသို့ သွားရောက်စာချွန်ပို့ ထောက်လှမ်းစေသည်။

ဇင်းမယ်စော်ဘွားက ၎င်းရာဇဝတ်သားတို့ကို လက်ခံခြင်းမပြု ယိုးဒယားမင်းက လက်ခံကြောင်း ပြန်ကြားလိုက်ပြီးလျှင် ယိုးဒယားမင်းကို ဆက်သခြင်းမပြုလို၍ သိမ်းဆည်းထားသော ဆင်ဖြူတော် အရပ်လေးတောင်ကျော်၊ အစွယ်ပြင်ပေါ် နှစ်မိုက်လေးသစ်နှင့် အခြားဆင်နက်တစ်စီးကိုပါ မင်းတုန်းမင်းတရားကြီးအား ဆက်သလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ကြားသိရသောအခါ ဇင်းမယ်မင်းသည် ယိုးဒယားမင်းထက် မြန်မာဘုရင်ကို ပိုမိုကြည်ညိုလေးစားကြောင်း သိရသည်။ ထို့ကြောင့် ၎င်းဆင်ဖြူတော်ကို မောရိယပစ္စယနာဂဆင်မင်းကို ကြိုယူသော အခမ်းအနားအတိုင်း ကြိုယူဆက်သရန် အမိန့်တော်အတိုင်း ဆက်သရလေသည်။

ပြာသိုလအတွင်းမှာပင် ကသည်းပြည်၊ မဏိပူရ ကသည်းစော်ဘွားက မြင်းလိပ်ရှိန်၊ ဇီပေါ်ရှိန်၊ ဆော်တာရှိန်တို့ ခေါင်းဆောင်သော လူငယ် ၆ ဦးတို့ လက်ဆောင်တော်ဆက်သရန် ရောက်ရှိလာသည်။ ၎င်းတို့သည် အင်္ဂလိပ်တို့အရိပ်အောက် ရောက်နေသော်လည်း မြန်မာဘုရင်မင်းကို ရိုသေဆဲပင် ရှိကြသေးသည်။ လက်ဆောင်ပစ္စည်းတို့မှာ ရှားပါးပစ္စည်းများဖြစ်သော အထပ်တစ်ရာရှိသော ပဒုမ္မာကြာပင်၊ ကြာကြားပင်၊ ကြာစိမ်းပင်၊ ရေပေါ်တွင်နွယ်ပေါက်သော ဆန်ဖြူမျိုးနှစ်တင်း၊ ဆန်နီမျိုးတစ်တင်း၊ ကက္ကရသီး၊ ကြာပုဏ္ဍရိပ်စေ့၊ နနွင်းနက်၊ နနွင်းချဉ်၊ ကန့်ကြုပ်နက်၊ လက်ပံခါးခေါက်စသည်တို့ အဆက်အသလာရာ ဇေတဝန်ဆောင်တော်တွင် အတွင်းဝန်၊ မှူးတော် မတ်တော်တို့က အတွေ့ခံစေပြီးလျှင်၊ မြင်းလိပ်ရှိန်အတွက် ပိုးသားပုဆိုးများ၊ ခေါင်းပေါင်းအုပ်များနှင့် ငွေဒင်္ဂါး ၃၀၀၊ အလားတူ ပိုးပုဆိုး၊ ခေါင်းပေါင်းအုပ်တို့နှင့် ငွေဒင်္ဂါး ၂၀၀ ကို ဇီပေါ်ရှိန်သို့၊ အလားတူ ပိုးပုဆိုး၊ ခေါင်းပေါင်းအုပ်တို့နှင့် ငွေဒင်္ဂါး ၁၅၀ ကို ဆော်တာရှိန်သို့၊ ကျန်လူ ၆ ဦးကို ပုဆိုး၊ ခေါင်းပေါင်းအုပ်များနှင့် အတူ ငွေဒင်္ဂါး ၁၀၀ ကျစီ သနားတော်မြတ်ခံစေပြီးလျှင်၊ ၎င်းတို့ကလည်း အလိုတော်ရှိရာ ဆက်သထမ်းရွက်ပါမည်ဟု လျှောက်တင်ကြသည်။ အိမ်ရှေ့မင်းထံသို့လည်း ကသည်းများက ၎င်းနည်းတူ ဝင်ရောက်ဆက်သ၍ အမှုတော်ထမ်းရွက်ပါမည်ဟု လျှောက်တင်ကြသည်။ ယင်းသို့လျှင် ကသည်းစော်ဘွားတို့ကလည်း မင်းတုန်းမင်းတရားကြီးအား ကြည်ညိုလေးစားစွာ၊ သစ္စာမပျက် လေးစားလျက်ရှိကြောင်း သိရှိရလေသည်။

တပေါင်းလ၌ မြို့တွင်း ရွှေနန်းတော်မှ နန်းမြေဘုံသာစံ နန်းတော်သို့ မင်းတရားကြီး ထွက်စံတော်မူပြန်ရာ ရှေ့သုံးတပ်၊ နောက်သုံးတပ် အခင်းအကျင်းနှင့်ဖြစ်သည်။

ကုသိုလ်တော် မဟာလောက မာရဇိန်ဘုရား၊ မန္တလေးတောင်ပေါ်ရှိ ဗျာဒိတ်ညွှန်ဘုရားနှင့် ကျောက်တော်ကြီးဘုရားများကို ဖူးမြော်တော်မူသည်။

၎င်းအချိန်တွင် မိုးမိတ်မြို့ စီရင်စု ခြုံးငါးတောင်ပေါ်မိုင်း ပဗ္ဗတသီရိကျော်က ထူးမြတ်သည့်မြင်းပျံဆက်သည်။ သာသနာပြုဆရာတော် ဘဝပြောင်းစံ ပျံလွန်တော်မူသွားသဖြင့် ရှေးစဉ်လာ သာသနာပြုဆရာတော်ကြီးများကို ပြုမူသောအခမ်းအနားအတိုင်း လုပ်ဆောင်သင်္ဂြိုဟ်တော်မူရာ သံဃာတော်ပေါင်း ၇၈၉၂ တို့ကို သင်္ကန်းနှင့်ပိတ်ခါးပန်းကြိုး၊ ရေစစ်မှအစ လှူဖွယ်တန်းဖွယ်များကို မိဖုရားခေါင်ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အလယ်နန်းမိဖုရားတို့ကို သာသနာပြုကျောင်းတော်သို့ထွက်၍ ရေစက်သွန်းချစေသည်။

ချဆောင် သဂြိုဟ်သောအခါ တလားကြီး၊ တလားငယ်၊ ပြာသာဒ်များနှင့် အလောင်းတော်ကို စီစဉ်ခင်းကျင်းဆောင်ယူပြီး သံလျင်၊ ထီးဖြူအုပ်မိုး၍ ခံကုန်းလုပ်တိုင်းသို့ ချဆောင်လာသောအခါ နန်းမြေဘုံသာစံနန်းတော် အနောက်တောင်ထောင့်သို့ရောက်လျှင် အသင့်စီမံဆောက်လုပ်ထားသော စံနန်းတော်မှနေ၍ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့က ဆရာတော်ဘုရား၏အလောင်းတော်ကို ဖူးမြော်ကြလေသည်။ အိမ်ရှေ့မင်းနှင့် မင်းညီမင်းသား၊ မှူးတော် မတ်တော်တို့က လုပ်တိုင်းအရောက် ပို့ဆောင်သဂြိုဟ်ကြရလေသည်။ ဤသို့လျှင် သာသနာပြုဆရာတော်ကြီးအား ချီးမြှင့်ပူဇော်ခြင်းအမှု ပြုရလေသေးသည်။

နန်းမြေဘုံသာ ယာယီစံနန်းတော်တွင်လည်း တန်ခူးလ၌ အနောက် အောက်အိမ်တော်နေ မန်ကျည်းပင်စောက်မြို့စား မိဖုရား သီရိသုစန္ဒာမဟေ ကံကုန်တော်မူ၍ ထီးလှိုင်မိဖုရားသဂြိုဟ်နည်းအတိုင်း ခံကုန်းသင်္ချိုင်းတွင် သဂြိုဟ်ရလေသည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ်သို့ရောက်လာသည်။ နှစ်ဦး ကဆုန်လဆန်း ၂ ရက်နေ့ နေ့သုံးချက်တီးကျော်အချိန်တွင် ရွှေမြို့တော်အနောက်မျက်နှာ၊ တုလွတ်ရန်အောင်ရပ်၊ ရှေ့တော်ပြေးစုမှ မောင်လတ်အိမ်မှစတင်၍ မီးစွဲငြိလောင်ကျွမ်းရာ ကျုံးထိပ်တန်း၊ ထီးတန်း၊ သူဌေးတန်း၊ မကျည်းပင်ဈေးရပ်၊ ဘရင်ဂျီတန်း၊ စစ်ကိုင်းတန်း၊ ညောင်ပင်ဈေးရပ်၊ အုပ်တန်း၊ ခွက်တန်း၊ ဆန်တန်း၊ သံတန်း၊ ဝါးတန်းများပါ စုစုပေါင်းအိမ်ခြေ ၃၈၀၀ ကျော် မီးကူးစက်လောင်ကျွမ်းခြင်း ခံရလေသည်။

နယုန်လတွင် ယောမြို့ကျေးလက်ရှိ ခင်အေးတောတွင်းမှ အဝကိုးသင်း အောက်မားတော် ဆင်များနှင့် အောက်ငှင်ဖမ်းယူရရှိခဲ့သော ထူးမြတ်သည့် ဆင်ဖြူတော်ဆင်ကျုံးသို့ဆိုက်ရောက်သဖြင့် ထုံးစံအတိုင်း အခမ်းအနားနှင့်ကြိုယူ၍ နန်းမြေဘုံသာ စံနန်းတော်ဆက်သွင်းရသောကြောင့် ၎င်းနှစ်သစ်တွင် ဆင်ဖြူတော်တစ်စီးထပ်မံတိုးပွားလာပြန်လေသည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ်အတွက် ပထမဝါဆိုလဆန်းတွင် ထုံးတမ်းစဉ်လာအတိုင်း လယ်ထွန်မင်္ဂလာ အခါတော်ကျရောက်လာပြန်သည်။

သို့ကြောင့် ခုနစ်ရက် လယ်ထွန်မင်္ဂလာထွက်တော်မူရမြဲ အထက်နည်းများအတိုင်း မင်္ဂလာဥယျာဉ် စံနန်းတော်ထွက်၍ တစ်ညဉ့်စံနေပြီးလျှင် လဆန်း ၁၄ ရက်နေ့နံနက်၌ အခါတော်ရသည့်အတိုင်း မင်းတရားကြီးကိုယ်တိုင် လယ်ထွန်တော်မူသည်။ ပြီးလျှင် ၃ ချက်တီးအချိန် သမွန်တော်နှင့် ရေကြောင်းမှ နန်းမြေဘုံသာစံနန်းတော်သို့ ဝင်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဝါဆိုလအတွင်း ကုသိုလ်တော် လောကမာရဇိန်ဘုရား၊ ကျောက်တော်ကြီးဘုရားများတွင် ညဥ့်အခါ ဝတ်တက်သူတို့ကို ရွှေနန်းတော်က ကျွေးမွေးစေသည်၊ ပေးကမ်းစေသည်။ ထိုသို့ ကျွေးမွေးပေးကမ်းရာ၌ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ လွှတ်တော်အရာရှိများ၊ အတွင်းဝန်တော်အရာရှိများ၊ မှူးတော် မတ်တော်တို့၏ ကတော်မယားများ၊ သူဌေးသူကြွယ်တို့အား စာရင်းနှင့်ခွဲဝေ၍ နေ့စဉ်ကြီးကြပ်ကျွေးမွေးပေးကမ်းစေရသည်။

စိန်တုံးမိဖုရားကို ဆောက်လုပ်ကိုးကွယ်စေသော သင်္ဂဇာတိုက်အတွင်း ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးသဖြင့် သံဃာတော် ၁၅၀ တို့အားလှူဒါန်းရန် ဝတ္ထုပစ္စည်းစုံ ပဒေသာပင် ၁၅၀ နှင့် အခင်းအကျင်း အပြင်အဆင်နှင့် မင်းတရားကြီး၊ မိဖုရားခေါင်ကြီးတို့ ထွက်တော်မူပြီး ရေစက်သွန်းချလှူဒါန်းတော်မူပြီး နန်းမြေဘုံသာစံနန်းတော်သို့ ဝင်တော်မူရသည်။

ယင်းသို့ နန်းမြေဘုံသာ စံနန်းတော်တွင် ကုသိုလ်ရေး၊ သာသနာရေးများ အမျှထား၍ တိုင်းရေးပြည်ရာအများကို ညီတော်အိမ်ရှေ့မင်းနှင့်အတူ တရားမျှတစွာ အုပ်စိုးတော်မူလျက်ရှိရာမှ၊ ၎င်းဝါဆိုလပြည့်ကျော် ၅ ရက်နေ့ ၃ ချက်တီးအချိန်တွင် မိုးကောင်းကင်တစ်ပြင်လုံးသည် သွေးရောင်အဆင်းကဲ့သို့ နီမြန်းနေပြီးလျှင် လေးချက်တီးအချိန်သို့ ကျရောက်သောအခါ၊ မိုးကောင်းကင်တစ်ဝိုက် မည်းမိုက်မှောင်ကျပြီး မိုးကြီးသည်းထန်စွာ ရွာသွန်းလေသည်။ နန်းမြို့တော်၏ အရှေ့မြောက်အရပ် ရွှေမြို့တော်၏ အရှေ့မြောက်အရပ်များတွင် မိုးကြိုးလောင်မီးများ ကျသည်။ ရာသီဥတုအရ ဖြစ်စေကာမူ အချို့ပုဂ္ဂိုလ်တို့က နိမိတ်တစ်ခုပြခြင်းဟူ၍ အယူအဆပြုကြလေသည်။

နောက် နှစ်ရက်ခန့်ကြာရှိလျှင် ရုတ်တရက် အရေးတော်ပေါ်ပေါက်လာခဲ့လေသည်။

၁၂၂၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့ နေ့နှစ်ချက်တီးကျော်အချိန်တွင် ဖြစ်လေသည်။ ဤနေ့ကို(မြင်ကွန်းအရေးတော်ပုံ)ဟူ၍ ရာဇဝင်မှတ်တမ်းပြုခဲ့ကြလေသည်။

မန္တလေးတောင်ခြေရှိ နန်းမြေဘုံသာ ယာယီစံနန်းတော်ဝင်းအတွင်းရှိ လွှတ်တော်အနီးက ယာယီတဲနန်းကြီးတစ်ခုအတွင်းတွင် အိမ်ရှေ့မင်းဖြစ်သူ ကနောင်မင်းသားကြီးသည် နေ့စဉ်ဆောင်ရွက်နေကျ တာဝန်ဝတ္တရားအရ၊ တိုင်းရေးပြည်ရာကိစ္စများနှင့် သဿမေဓ အခွန်တော်ကောက်ခံမှု စသည်တို့ကို ပခန်းဝန်ကြီး ဦးရန်ဝေး၊ မြတောင်မြို့စားဝန်ကြီးဦးမှိုစသော မှူးတော် မတ်တော်၊ အချို့ လွှတ်တော် အရာရှိအချို့နှင့် မေးမြန်းစစ်ဆေး ဆွေးနွေးတော်မူလျက်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတရားကြီးသည် ထိုအချိန်၌ နန်းမြေဘုံသာ စံကျောင်းတော်ကြီး၏ ပွဲတော်ဆောင်တွင် စံနေတော်မူခိုက်ဖြစ်လေသည်။

နန်းမြေဘုံသာ စံနန်းတော်ကြီးရှိရာ နေရာသည် မန္တလေးတောင်ခြေတွင်ရှိသည်။ ယနေ့တွေ့မြင်ရသော စန္ဒာမုနိဘုရားနေရာသည် ယာယီစံနန်းတော်ဆောင်ကြီးရှိသည်။ မင်းတုန်းမင်းတရားကြီးသည် ကိန်းခမ်းယတြာ ကြံကြိုက်တော်မူခြင်းအရ မိဖုရား၊ သားတော်၊ သမီးတော်၊ မောင်းမမိသံ၊ ခြွေရံကျေးကျွန်အပေါင်းတို့နှင့် တကွ ညီတော်အိမ်ရှေ့မင်းမှစ၍ ဝန်ကြီး၊ အတွင်းဝန်စသော မှူးမတ်အရာရှိအပေါင်းတို့ပါ ရွှေမြို့တော်အပြင်ရှိ ၎င်းယာယီစံနန်းတော်ကြီးဖြစ်သော နန်းမြေဘုံသာစံနန်းတော်ကြီးသို့ ပြောင်းရွှေ့စံနေတော်မူလျက် ရှိချိန်ဖြစ်လေသည်။ နန်းမြို့တော်အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးကိုမူ မကွေးမြို့စား ဝန်ကြီးနှင့် ကျောက်ရဲမြို့စား၊ ဝန်ထောက်၊ အသည်ဝန်ထောက်တို့အား မြို့တော်အတွင်းနှင့် ရွှေနန်းတော်ကြီးတို့ကို အစောင့်အနေခန့်ထားတော်မူခဲ့လေသည်။

ယင်း အစောင့်အနေ ဝန်ကြီး၊ ဝန်ထောက်များအမှူးပြုသော ရွှေနန်းတော်စောင့်အရာရှိများ၊ နန်းတော်သားများသည် ရွှေနန်းတော်ကြီးအတွင်း မင်းတရားကြီးစံနေတော်မူစဉ်အတိုင်း နေ့ညဉ့်အချိန်မရွေး တာဝန်ဝတ္တရားအသီးသီးတို့ကို ထမ်းရွက်ကြရလေသည်။

မင်း၏ မိဖုရားတို့ကလည်း ယာယီနန်းမြေဘုံသာစံနန်းတော်မှ မြနန်းစံကျော်ရွှေနန်းတော်ကြီးသို့ မကြာခဏပြန်လည် ကြွရောက်လာတတ်သေးသည်ဖြစ်ရာ နန်းတွင်းအခြွေအရံတို့မှာ နှစ်ဌာနခွဲဝေ၍ အမှုတော်ထမ်းနေကြရလေသည်။

မန္တလေးတောင်ခြေ နန်းမြေဘုံသာ ယာယီစံနန်းတော်အနီးအပါးတွင် မြင်ကွန်းမင်းသားဝင်း၊ ပန်းတိမ်းမင်းသားဝင်း၊ နန်းမတော်ဘုရားဝင်း၊ မြောက်နန်းဘုရားဝင်းစသည်များနှင့် အခြားသောနေအိမ်ဝင်း အနည်းငယ်ခန့်သာရှိ၍၊ ကျောင်းကန်ဘုရားများ၏ နေရာက ပိုမိုကျယ်ဝန်းလေသည်။

အထူးသဖြင့် ဤဖြစ်ရပ်ကို လွယ်ကူစေသည်မှာ မြင်ကွန်းမင်းသား၏ ဝင်းအိမ်က နန်းမြေဘုံသာ စံနန်းတော်အနီးတွင်ရှိနေသကဲ့သို့ မြင်ကွန်းမင်းသားနှင့် အစေးမကပ်လှသော ပန်းတိမ်းမင်းသား(အိမ်ရှေ့မင်း၏သားတော်)၏ ဝင်းကလည်း မနီးမဝေး၌ပင် တည်ရှိနေလေသည်။

အကြံအစည်နှင့် ရှိနေခဲ့သော မြင်ကွန်းမင်းသားသည် မူလကြံစည် ဆုံးဖြတ်ထားခဲ့သော ပုန်ကန်မှုကို အကောင်အထည်ဖော်ရန် အသေးစိတ်အစီအစဉ်များ ပြုလုပ်နေခဲ့သည်မှာ ကြာလေပြီ။

အမြော်အမြင်ရှိခဲ့သော ခမည်းတော်မင်းတုန်းမင်းတရားကြီးသည် ခက်ထန်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိသော သားတော်မြင်ကွန်းမင်းသားကို အကြောင်းပြုကာ ယမန်နှစ်ဆီကပင် မြင်ကွန်းမင်းသားနှင့် အခြားသားတော်၊ တူတော်များကို သစ္စာတော် ထပ်မံပေးခဲ့လေသေးသည်။ ထိုသို့ သစ္စာတော်ပေးခြင်းမှာလည်း မတည်မငြိမ် စိတ်လှုပ်ရှား၊ စိတ်ကစားနေသော မင်းပျိုမင်းလွင်များကို ဘုရားတွင် သစ္စာပြုစေကာ စိတ်ထားနူးညံ့လာစေခြင်းအလို့ငှာ ဖြစ်လေသည်။

သို့ရာတွင် အခြားသောသားတော်များက တည်ငြိမ်အေးဆေးစေကာမူ၊ အကြံကြီးလှ စိတ်ကြီးလှသော မြင်ကွန်းမင်းသား၏ နှလုံးသားကိုမူ ပျော့ပြောင်းနူးညံ့လာစေရန် မစွမ်းဆောင်နိုင်ဘဲ ရှိလေသည်။

ခမည်းတော်နှင့် ဘထွေးတော် အိမ်ရှေ့မင်းတို့ကို ပုန်ကန်လုပ်ကြံ၍ နန်းစံဘုရင်လုပ်တော့မည်ဟု ပီပီပြင်ပြင်ဆုံးဖြတ်ခဲ့ပြီးသော ‘မူ’ကို နောက်မဆုတ်ဘဲ ရှေ့သို့သာ ခြေလှမ်းချ၍လာခဲ့သည်။ လက်နက်၊ လူသူ၊ နောက်လိုက်နောက်ပါများကိုလည်း အဆင်သင့်စုရုံး၍ ထားပြီးလေပြီ။ ညီတော်အရင်းဖြစ်သော မြင်းခုံတိုင်မင်းသားကိုလည်း စုစည်းပြီးလေပြီ။ မင်းတုန်းမင်းတရားကြီးက မကြာခဏ နန်းမြေဘုံသာ ယာယီစံနန်းတော်သို့ လာရောက်စံနေတော်မူခြင်းကလည်း တစ်နည်းတစ်လမ်းအားဖြင့် နန်းတွင်းမှာထက် အလုပ်အကြံလွယ်ကူသော အခြေအနေဆောင်လျက်ရှိလေသည်။

စင်စစ် မင်းတုန်းမင်းတရားကြီးကလည်း ကိန်းခမ်းယတြာများကြောင့် အခိုက်အတန့် ယတြာချေခြင်းဖြင့် ရွှေနန်းတော်ကြီးမှ ယာယီစံနန်းတော်သို့ မကြာခဏ ပြောင်းရွှေ့စံတော်မူခြင်းဖြစ်သည်။ လာလတ္တံ့သော မကောင်းကျိုးကို ပြေပျောက်စေခြင်းငှာ ဗေဒင်ကိန်းခမ်းလာအတိုင်း ယတြာချေသကဲ့သို့ မြင်ကွန်းမင်းသားကလည်း ခမည်းတော်ကို ပုန်ကန်ရန်ကိစ္စ အောင်မြင်ရရေးအတွက် ဗေဒင်ကိန်းခမ်းတို့ကို တွက်စေ၍ အချိန်အခါရွေးတော်မူပြန်သည်။

ဤကိစ္စအတွက် မင်းသုံးပုဏ္ဏားတော်ကြီးများကို ဆက်သွယ်လျှင် ပေါက်ကြားသွားဦးမည်စိုးသဖြင့် ထိုအချိန်ကာလက ဗေဒင်အရာတွင် ကျွမ်းကျင်နိုင်နင်းစွာ တတ်မြောက်သော ရွာစဉ်ရွာစား စလေဆရာကြီးဦးပုညကို အသုံးပြုရန် ချဉ်းကပ်လေသည်။ ဆရာကြီးဦးပုညသည် စာပေ၊ ဂီတ၊ ကဗျာ မှာတမ်း၊ ရတုရကန်၊ အဲအန် မော်ကွန်းနှင့် ဇာတ်၊ ဝတ္ထုစသည်များကို ပြောင်မြောက်နိုင်နင်းစွာရေးသားသူ အဖြစ်တိုင်းပြည်၌ ကျော်ကြားထင်ရှားနေသူ မင်းသုံးပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ရာ၊ မြင်ကွန်းမင်းသား၏ အခါတော်ရွေးခိုင်းမှုကို ခုခံငြင်းဆိုရန် ကြံ့စည်လျက်မင်းတရားကြီး ရွှေမျက်နှာတော်ကို ငဲ့ကွက်ချင်လှပါသော်လည်း နီးရာဓားကို ကြောက်လန့်နေရရှာသူဖြစ်သည်။ ခမည်းတော်ကိုပုန်ကန်ရန် အခါတော်ရွေး၍မပေးလိုကြောင်း ပြောလိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းမင်းသားက ထိုင်ရာမထခေါင်းဖြတ်ချလိုက်ရန် ဓားတော်မိုးထားခြင်းခံရလေသည်။ သို့ကြောင့်လည်း နောက်မှဘာဖြစ်ဖြစ်ဟူသော ဆုံးဖြတ်ချက်နှင့် အသင့်အတင့်တွက်ချက်ကာ အခါရွေးပေးလိုက်ရသည်။ သို့သော် ပညာရှိတို့၏ လျှို့ဝှက်မှုအရ အကောင်းဆုံးသောအချိန်အခါမှလွဲ၍ လွဲချော်စေရန် ကြံဖန်လီဆယ်၍ အချိန်အနည်းငယ်ပြောင်းကာ ရွေးချယ်တွက်ချက် ပေးလိုက်ကြောင်းနှင့် နောင်သောအခါ အချို့ပညာရှိများက နားလည်မှု ရရှိကြပါသည်။

ခမည်းတော်ကို ပုန်ကန်၍ ရွှေနန်းတော်ကိုစိုးစံလိုသော မြင်ကွန်းမင်းသားနှင့် ညီတော် မြင်းခုံတိုင်မင်းသားတို့သည် မင်းတုန်းမင်းတရားကြီး၏ ပထမ တောင်ရွှေရေးဆောင်မိဖုရားမှ ဖွားမြင်တော်မူသည်။ မြင်ကွန်းမင်းသား၏ဘွဲ့တော်မှာ သုမဟာသီရိဓမ္မရာဇာဖြစ်၍၊ ခမည်းတော်က သီလဝဟု ငယ်စဉ်က ချစ်စနိုးခေါ်ခဲ့သည်။ မြင်ကွန်းမြို့ကိုစားရသောကြောင့် မြင်ကွန်းမင်းသားဟု ခေါ်ခြင်းဖြစ်သည်။ ညီတော် မြင်းခုံတိုင်မြို့စားမင်းသား၏ဘွဲ့မှာ သတိုးမင်းလှဇေယျသူ ဟူ၍ဖြစ်လေသည်။ ဤမင်းသားညီနောင်တို့သည် ခမည်းတော်ဘုရား၏ သစ္စာတော်ကိုချိုးဖျက်၍ အမေ့အလျော့တွင် ရုတ်တရက်ပုန်ကန်တော်လှန်ရန် အကြံအစည်အရ တပည့်အမှုထမ်းလူကြမ်းရဲဘော်သားတို့နှင့် တိုင်ပင်စည်းဝေးကာ လုပ်ကြံရတော့မည့်အချိန်အခါကို စောင့်ဆိုင်းလျက်ရှိကြလေသည်။

ရှာစဉ်ရှာစား စလေ ဆရာကြီးဦးပုည ရွေးချယ်ပေးလိုက်သော အချိန်အခါသည် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့ နေ့နှစ်ချက်တီးကျော်အချိန် ဖြစ်လေသည်။

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း နေ့နှစ်ချက်တီးအချိန်၌ အိမ်ရှေ့ကနောင်မင်းသားသည် ဦးရန်ဝေး၊ ဦးမှိုစသော ဝန်ကြီးများနှင့် လွှတ်တော်ကတစ်ဖက်၊ တဲနန်းကြီးအတွင်းမှာ တိုင်းရေးပြည်ရာဆွေးနွေး၍ စီမံခန့်ခွဲနေသော အခိုက်အတန့်ဖြစ်လေသည်။

ဤအချိန်ကလေးမှာပင် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားညီနောင်တို့သည် နောက်ပါတပည့်ရဲဘော်သားများဖြစ်ကြသော မောင်ဖဲကြီး၊ မောင်စံခိုင်၊ မောင်တုတ်၊ မောင်ဖြူသီး၊ မောင်ကျွတ်၊ မောင်အုံးခိုင်၊ ဖော်ဂျီဗိုလ်စသောသူတို့နှင့် အခြားရဲဘော်သားများ၊ လူပေါင်း ၅၀ ခန့်တို့ကို အရက်သေစာ ယစ်ဝစ္စာတိုက်ကျွေး၍ ရဲဆေးတင်လျက် လက်နက်၊ ဓားသွားဖွေးဖွေးဖြင့် မြင်ကွန်းစံ စံအိမ်ဝင်းအတွင်းမှ ထွက်လာကြသည်။ တစ်ချိန်တည်းမှာပင် ချိန်းချက်ထား၍ ဟော်ကုန်းအရပ်မှ မီးရှို့၍အချက်ပြလိုက်သည်။ မြင်ကွန်းမင်းစံနေသောဝင်းမှာ နန်းမြေဘုံသာ ယာယီစံနန်းတော်၏တောင်ဘက်တွင်ရှိနေသောကြောင့် နီးကပ်သဖြင့် ခဏနှင့် နန်းမြေဘုံသာ စံနန်းတော် လက်ျာဝင်းတံခါးမှ ဝင်လာနိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကြပုံကလည်း ဤသို့ဖြစ်လေသည်။ အိမ်ရှေ့ကိုယ်တော်ကြီးတို့ အမှုမဲ့ အမှတ်မဲ့ မင်းမှုမင်းရေး စည်းဝေးတိုင်ပင်နေလျက်ရှိရာသို့ ညီတော် မြင်းခုံတိုင် မင်းသားက 'ဘဒွေးတော်ဘုရား ကယ်တော်မူပါ. . . ကယ်တော်မူပါ'ဟု ဟစ်အော်လျက် ပြေးလာနေသည်။ နောင်တော် မြင်ကွန်းမင်းသားက နောက်မှ ဓားအိမ်မှဓားလွတ်ကိုချွတ်၍ ညီတော်ကိုခုတ်မည့်ဟန်ဆောင်ပြီးလျှင် ပြေးလိုက်လာသည်။ နောက်မှ ဓားဖွေးဖွေး၊ လှံဖွေးဖွေးကိုင်သော တပည့်ရဲမက်များပါ လိုက်ပါလာကြသည်။

လွှတ်တက်ချိန် နန်းတွင်း၌ လက်နက်၊ ဓား၊ လှံ မစွဲကိုင်ရသူ အိမ်ရှေ့မင်းနှင့် ဝန်ကြီးများလည်း ရုတ်တရက်သော် ညီအစ်ကိုရန်ဖြစ်သည်ထင်၍ အံ့အားသင့်ကြည့်နေမိကြလေသည်။

ထိုသို့ရှိစဉ် ဖိနပ်တော်ကိုင် ဦးကရင်က ရန်သူတော်ပါဘုရားဟုအော်၍ အိမ်ရှေ့မင်းသည် မိမိအား မြင်းခုံတိုင်မင်းသားက လုပ်ကြံရန် ပြေးလာနေကြောင်း ရိပ်မိတော်မူသဖြင့် ရုတ်တရက် ရှောင်တခင်ဖြစ်သောကြောင့် တဲကြီးပေါ်မှဆင်း၍သွားရာ ယာယီလွှတ်တော်၏ တောင်ဘက်လှေခါးကြီးအနီးသို့ ရောက်တော်မူလျှင်ပင် မြင်ကွန်းမင်းသား၏တပည့် ငဖြူသီးက လျင်မြန်စွာပြေးလိုက်လာပြီး မြင်ကွန်းမင်းသား၏ဓားနှင့် လှမ်းခုတ်လိုက်သည်။ အိမ်ရှေ့ကိုယ်တော်ကြီးက တိမ်းရှောင်လိုက်သော်လည်း ခြေသလုံးကိုခုတ်မိ၍ လဲအသွားတွင် မြင်းခုံတိုင်မင်းသားရောက်လာပြီး လဲနေသော အိမ်ရှေ့မင်း၏ခေါင်းကို ဖြတ်လိုက်သည်။ ထို့နောက် မြင်းခုံတိုင်မင်းသားက 'အောင်ပြီ. . . အောင်ပြီ'ဟု ဟစ်အော်လိုက်သည်။ ဤနေရာတွင်ပင် အိမ်ရှေ့စံကနောင်မင်းကြီးသည် တူတော်၊ သမက်တော် မြင်ကွန်းမင်းသားနှင့် ၎င်းညီတော်တို့၏ လက်ချက်ဖြင့် အသက်ဆုံးရှုံး နတ်ရွာစံတော်မူရရှာတော့သည်။

မြတောင်ဝန်ကြီး ဦးမှိုမှာမူကား၊ မြင်းခုံတိုင်မင်းသား ပြေးလာစဉ်အခါက ရှေ့မှဝင်ရောက်ကာဆီး မေးမြန်းမိ၍ ရှေးဦးစွာပင် မြင်ကွန်းမင်းသားတပည့်တစ်ဦး၏ ဓားချက်ဖြင့် အသက်ကုန်အနိစ္စရောက်ခဲ့ရှာပြီ ဖြစ်လေသည်။ လောင်းရှည်မြို့စား ဝန်ကြီး၊ လက်ဝဲမှူး မြေဒူးမြို့စား၊ လယ်ဝန်၊ သံတော်ဆင့်၊ နားခံတော် ပြော့ကြီးမှူး၊ ငရနဲခေါ် သန္တိမြို့အုပ်တို့နှင့် လူပေါင်းအများအပြား ဓားဒဏ်ရာပြင်းထန်စွာ ထိခိုက်ရှနခြင်း ခံကြရလေသည်။ ကိုယ်လွတ်တိမ်းရှောင်နိုင်လိုက်သူများမှာ ပခန်းဝန်ကြီး ဦးရန်ဝေး၊ ဝန်ထောက်တော် မြို့သစ်မြို့စား၊ မိုးနဲဗိုလ်မှူး၊ ဝန်ထောက် ပုပ္ပားမြို့စားမင်း၊ ကျောက်ရဲမြို့စားမင်း၊ သစ်တောမြို့ဝန်၊ တောင်ငူ-ရမည်းသင်း နှစ်မြို့ဝန်၊ ကျီဝန်နှင့် ဆင်ဝန်တို့ဖြစ်ကြလေသည်။

အိမ်ရှေ့မင်းကြီးနှင့်တကွ ဝန်ကြီး၊ ဝန်ထောက်၊ အရာရှိတို့မှာ ရွှေနန်းစဉ်လာ


www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း လွှတ်တော်ကိစ္စ ဆွေးနွေးနေကြသော နန်းတွင်းဝယ် အဘယ်သူမျှ လက်နက်၊ ဓား၊ လှံယူဆောင်ခြင်း မပြုရသောကြောင့် လက်နက်၊ ဓား၊ လှံ ခုခံရန် လည်းမရှိခိုက်၊ ရုတ်တရက် ရှောင်တခင် အမှတ်မထင်ခံလိုက်ရသော အရေးအခင်း မျိုးဖြစ်လေသည်။

ဤကိစ္စ ဤမျှနှင့်မပြီးသေးချေ။ အချိန်မီ သားတော်ကြီးများ အကူအညီမရောက် လာနိုင်ရန် မြင်ကွန်းမင်းသားက ကြိုတင်စီမံထားသည်။

ထိုစီမံချက်မှာ မိမိတို့ညီနောင် နန်းတွင်း၌ တော်လှန်တိုက်ခိုက်သော အချိန်နှင့် အတူ မြင်ကွန်းမင်းသားက မိမိတပည့်များမှ တပည့်အချို့ကို လူစုခွဲ၍စေလွှတ်ပြီး၊ မလွန်မင်းသား၊ ပြင်စည်မင်းသား၊ စကုမင်းသားတို့အား(အိမ်ရှေ့မင်းအမိန့်)နှင့်ဟု လိမ်လည်ခေါ်ယူစေခဲ့ပြီးလျှင် လက်ျာဝင်းတံခါးအပြင်သို့ ရောက်သောအခါ လုပ်ကြံ သတ်ဖြတ်လိုက်စေသည်။ ၎င်း(သုသီရိမဟာဓမ္မရာဇာ)ဘွဲ့ခံ မလွန်မြို့စားမင်းနှင့် (သတိုးမင်းဆွေ)ဘွဲ့ခံ ပြင်စည်မြို့စား မင်းသားနှစ်ပါးမှာ မင်းတုန်းမင်းတရားကြီး၏ မြောက်ဆောင်တော်မိဖုရား(ပဘာဒေဝီ)က ဖွားမြင်သော သားတော်များဖြစ်သည်။ စကုမြို့စားမင်းသား သတိုးမင်းညွန့်မှာလည်း တောင်ဆောင်တော်မိဖုရားမှ ဖွားမြင် သော သားတော်တစ်ပါးဖြစ်သည်။

ပြင်စည်မြို့စား မင်းသားမှာ ကဗျာဂီတ စာကုံးရေးသားရာ၌ အထူးကျော်စော တော်မူသူဖြစ်သည်။ ယနေ့ မဟာဂီတကျမ်းများတွင် တွေ့ရှိကျက်မှတ် သီဆိုနေကြ သော ရတနာပုံမြို့ဘွဲ့၊ မင်းတုန်းမင်းတရားကြီး၏ ဘုန်းတော်ဘွဲ့များစွာတို့မှ(ဘုန်းပန်း ပရမေ)ချီ သီချင်းခန့်ကြီး၊ (ကုန်းဘောင်အာဟိန်ညွန့်)ချီပတ်ပျိုး၊ (အောင်မြေမြမန်း) ချီပတ်ပျိုး၊ (မြမန်းကိုက်ရုံ)ပတ်ပျိုး၊ (ပြာယားငယ်တည့်ဝင်းသဝဏ်)ပတ်ပျိုး၊ (ယုဇန မာလာ)ပတ်ပျိုး၊ (အမရပူရိန်)ချီပတ်ပျိုး၊ (တောင်ဇမ္ဗူပိုင်)ချီယိုးဒယား၊ (မြမန်းဂီရိ သေလာတောင်)ချီယိုးဒယား၊ (အောင်မင်္ဂလာ)ချီမန္တလေးမြို့ဘွဲ့ယိုးဒယားစသဖြင့် သီချင်းကြီး-သီချင်းခန့်၊ ပတ်ပျိုး၊ ယိုးဒယားသီချင်း အများအပြားကို ရတနာပုံခေတ် တွင် ထူးချွန်စွာရေးသားခဲ့သော မင်းသားတစ်ပါး ဖြစ်လေသည်။ ၎င်း ပြင်စည် မင်းသားသည် မင်းတုန်းမင်းတရားကြီး၏ သားတော်ဖြစ်၍၊ မင်းတရားကြီး၏ ညီတော် ပြင်စည်မင်းသားကြီးတစ်ပါးလည်းရှိ၍ ယင်းကဲ့သို့ ကဗျာဂီတ၊ သီချင်းကြီး များ ထူးချွန်စွာ ရေးသားခဲ့နိုင်သူဖြစ်သည်။ ထို ပြင်စည်မင်းသားကြီး ရေးသားစပ်ဆို ခဲ့သောသီချင်းများအနက် အသွားအလာ သံယူသံထားအကောင်းဆုံး လူကြိုက်အ များဆုံး သီချင်း ၈ ပုဒ်၊ အသံ ၈ မျိုး၊ ချားပိုင်း ၈ သံဟူ၍ ခေါ်တွင်ခဲ့သည်။ ၎င်း သီချင်း ၈ ပုဒ်တို့မှာ-ရွှေ နှင်း၊ တော၊ မြိုင်၊ ပန်း၊ ခိုင်၊ မော်၊ မှိုင်းဟူ၍ အမည်ကို အတိုကောက်မှတ်သားခဲ့ကြရသည်။ အသံအသွား ၈ မျိုးကိုလည်း သီးခြားအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားကြသေးသည်။ ၎င်းအသံ ၈ မျိုးကို ချားပိုင်းရှစ်သံ။ ။ ဖရံတင်ညွှန်၊ ခက်မွှန်၊ ခမိန်၊ တနောက်ချိန်ငြား၊ ဖိန်းချားချွတ်ချန်၊ ထပ်တွန့်၊ ငုစစ်၊ အသံရှစ်၊ မှတ်လစ်စဉ်ကမာ ဟူ၍ တေးမှတ်တမ်းပြုခဲ့ကြလေသည်။

အကျယ်တွဲဖက်၍ ပြရလျှင်-

(၁) ရွှေမှာ-ရွှေတညာ-ဖရံတင်သံ (၂) နှင်းမှာ-နှင်းယွှန်းသာဟေမန် ခက်မွှန်သံ (၃) တောမှာ-တောတောင်စွယ် ခမိန်သံ (၄) မြိုင်မှာ-တောမြိုင်ခြေလှမ်း-တနောက်သံ (၅) ပန်းမှာ-ပန်းမြိုင်လယ်-ဖိန်းချားသံ။ ဖိန်းချား-ဖရိန်းချား၊ ဖျင်းချားကြီး ဟူ၍လည်း ခေါ်ကြပြန်သည်။ (၆) ခိုင်မှာ-ခိုင်ပန်းစုံမှုံ မာလာ-ချွတ်ချန့်သံ (၇) မော်မှာ-မော်ရုံ ဟေဝန်တောမြိုင်စွန်-ထပ်တွန့်သံ (၈) မှိုင်းမှာ-မှိုင်းမှုန်ပြာညို ရီမှောင်ဝေ-ငုစစ်သံ ဟူ၍မှတ်ကြရပါသည်။

အဆိုပါ ညာပိုင်း ၈ သံ သီချင်းတို့မှာ မင်းတုန်းမင်းတရားကြီး၏ညီတော် ပြင်စည်မင်းသားကြီးရေးခဲ့သော သီချင်းများစွာတို့အနက် ထင်ရှားလှသော သီချင်း များဖြစ်ကြသည်။

ယင်း ညီတော်ပြင်စည်မင်းသားကြီး သက်ရှယ်ကြီးရင့်ရာက ၁၂၂၄ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီးနောက်မှ လစ်လပ်နေသော ပြင်စည်မြို့ကို မင်းတရား ကြီး၏သားတော်ဖြစ်သူ သတိုးမင်းဆွေကို ပြင်စည်မြို့ကို မြို့စားထပ်မံပေးသနားတော် မူခြင်းကြောင့် ပြင်စည်မင်းသားနှစ်ဦးစလုံးပင် သီချင်း၊ ဂီတများ လိုက်စားရေးသား တတ်ပုံချင်းတူညီလျက်၊ ပြင်စည်မြို့ကို မြို့စားရချင်းကလည်း တူညီနေသဖြင့် သီချင်းရေးသူအမည်ချင်း ရောယှက်ရှုပ်ထွေးသွားကာ နောက်လူအချို့တို့ အမှတ် အသား ခက်ခဲမှုရှိလာတတ်ကြပါသည်။

သူပုန် လူစုခွဲများသည် မင်းသားသုံးပါးကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက် မြင်ကွန်းမင်းသားထံ စုပေါင်းရောက်လာကြလေသည်။

ထို့နောက် စုပေါင်းမိသော သူပုန်လူဆိုးငါးဆယ်ခန့်ကို မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားညီနောင်တို့ ကိုယ်တိုင်ခေါင်းဆောင်ကွပ်ကဲလျက် တံခါးနီက အတင်းဝင်ရောက်ပြီးလျှင် အတွင်းဝန် ရေနံချောင်းမြို့စားမင်းကြီး မဟာမင်းလှကျော် ခေါင်ကို ဓားများဖြင့်မိုးကာ ခြိမ်းခြောက်၍ သစ္စာပေးလေသည်။

သူရဲဝန် ရွှေပြည်ရန်အောင် မြင်းဝန်သတိုးမင်းကြီး မဟာသမိန်ဘေဖြတ်စကို လည်း သစ္စာပေးပြန်ရာ၊ သစ္စာမခံဘဲ ငြင်းဆန်နေသဖြင့် ငဖြူသီးကပင် ဓားနှင့်ပိုင်း၍ လုပ်ကြံသတ်ဖြတ်လိုက်ရာ စံနန်းတော်ပေါ်မှာပင် ကျဆုံးသွားရလေသည်။ သူရဲဝန် ကျဆုံးသွားသောအခါ သူရဲဝန်၏ ကျောက်စီဓားကို ငဖြူသီးက ရယူလိုက်သည်။

မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားများဦးစီးသော သူပုန်အဖွဲ့သည် ထိုမှတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတော်ဆောင် မာရဘင်တံခါးကို ဖျက်ဖောက်ချိုးဖဲ့၍ အတင်းဝင်ရောက်ရန် ကြိုးပမ်းနေကြသည်။ ဤနေရာတွင် တောင်ဒဝယ်ဗိုလ် မင်းထင်မင်းလှကျော်ခေါင်က တံခါးမှနေ၍ စောင့်ရှောက်ခုခံလျက်ရှိသည်။ သို့ရာတွင် ခုခံနေသူ တောင်ဒဝယ်ဗိုလ်သည် ရန်သူတို့လက်ချက်ဖြင့် ထိုနေရာတွင်ပင် ကျဆုံးရရှာလေသည်။

ထိုအခိုက်အတန့်တွင် နန်းမြေဘုံသာ ယာယီစံနန်းတော်ကြီး၏ ပွဲတော်ဆောင်တွင် မင်းတုန်းမင်းတရားကြီးက စံနေတော်မူခိုက်ဖြစ်လေရာ၊ သူပုန်မင်းသားတို့မှာ တံခါးဝမှ ဆီးဆို့ခုခံသူ တောင်ဒဝယ်ဗိုလ်ကို အောင်မြင်ပြီးနောက် မင်းတရားကြီး စံနေတော်ရာသို့ သဲသဲရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက် ဝင်ရောက်ပြေးလွှားလာကြလေသည်။

ထိုစဉ် အပါးတော်တွင် ခစားလျက်ရှိနေသော ကင်းဝန်မဟာမင်းလှဇေယျသူမှာ ရန်သူတော်များ ရုတ်တရက်နီးကပ်လာသောကြောင့် စိုးရိမ်ကြီးစွာဖြင့် 'ဘဝရှင်မင်းတရားကြီးဘုရား သားတော် မြင်ကွန်းမြင်းခုံတိုင်မင်းသားတို့ ရန်သူတော်များဖြစ်ပါကြောင်း' အရေးတကြီး အလျင်အမြန် သံတော်ဦးတင်ပြီးလျှင် သူကိုယ်တိုင်ကမူ စွန့်စားလျက် ရှေ့သို့ပြေးဝင်ရင်း ခမည်းတော်ကိုလုပ်ကြံရန် လက်သုံးတော်ဓားကို မြှောက်ရွယ်ကာ ပြေးလာသော မြင်းခုံတိုင်မင်းသားအား ရှေ့မှဆီး၍ အတင်းဖက်ထားပြီး 'ခမည်းတော်ကို မကြံစည်သင့်ပါဘုရား'ဟု ပြောဆိုတောင်းပန်နေချိန်၌ မင်းတရားကြီးမှာ မြင်းခုံတိုင်မင်းသား လုပ်ကြံခံရမည့်ဆဲဆဲမှ လွတ်မြောက်တော်မူပြီးလျှင် အနောက်ဆောင်ထဲသို့ ဝင်တော်မူရလေသည်။ မင်းသားကို ရှေ့မှဆီး၍ ဖက်ထားသူ ကင်းဝန်မဟာမင်းလှဇေယျသူမှာမူ အရှင်သခင့်အကျိုးတော်ကို မိမိအသက်နှင့်လဲ၍ ကာကွယ်ဆောင်ရွက်ရသည့်အတွက် ဤနေရာတွင်ပင် သူပုန်တို့ လုပ်ကြံသတ်ဖြတ်လိုက်သဖြင့် အသက်သေဆုံးရရှာလေသည်။

မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားညီနောင်သည် ခမည်းတော်ကို သူတို့ကိုယ်တိုင် လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားနေရုံမျှမက တစ်နည်းတစ်လမ်းအားဖြင့်လည်း ပြေးမလွတ်ရန် ကြံစည်ပြီးသားဖြစ်လေသည်။

ထိုကိစ္စတွင် မိမိတို့ဘက်မှ မတော်တဆ လွတ်ထွက်ခဲ့လေသော် လက်ကမမြဲ ခြေကမြဲစေ ဆိုသကဲ့သို့ ၎င်းတို့၏လူယုံတော် ရွှေဓားဆွဲလူမိုက်ကြီး ငပိုက်ဆိုသူကိုလည်း ဓားလွတ်ကိုအပ်လျက် တစ်ဖက်ဖက်၊ တစ်နေရာရာတွင် ခမည်းတော်ကို တွေ့လျှင် လုပ်ကြံရမည်ဟု ကြိုတင်စေလွှတ်ထားလေသေးသည်။

ရွှေဓားစွဲလူမိုက် လူယုံတော် ငပိုက်ကြီးကလည်း စေသောကျွန်၊ ထွန်သောနွားကဲ့သို့ စံနန်းတော်နားပတ်လည်တွင် လစ်သည့်အခိုက် ဝင်ရောက်လုပ်ကြံနိုင်ရန် အသင့်စောင့်စားနေခိုက် ဖြစ်လေသည်။ မင်းတရားကြီးသည် အနောက်ဆောင်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ဝင်လာတော်မူချိန် နောက်ပါတစ်ဦးတစ်ယောက်မှ မပါ။ မင်းတရားကြီး တစ်ပါးတည်းဖြစ်နေသည်ကို ငပိုက်ကြီးက ရင်ဆိုင်တွေ့လိုက်ရပါသည်။ သို့ရာတွင် လူမိုက်ငပိုက်ကြီးမှာ လက်ကခားကို ကဗျာကသီချလိုက်ပြီး မင်းတရားကြီးအား ပြားပြားဝပ် ဝပ်တွားခယရှိခိုးလျက်သား ရှိနေလေသည်။ ငပိုက်ကြီးသည် မြင်ကွန်း မင်းအမိန့်အတိုင်း တွေ့ရာမဆိုင်းလုပ်ကြံရန်ဖြစ်သော်လည်း မင်းတရားကြီး၏ ဘုန်းတော်အရှိန်အဝါကို မခံနိုင်ရှာတော့ဘဲ လက်ထဲကခားကိုချလျက် အချီတော် ဆက်ခါ မင်းတရားကြီးအားပွေ့ယူ၍ ရန်သူတော်များနှင့်ဝေးရာသို့ ပြေးလာခဲ့လေ သည်။

တစ်ဖက်တွင်မူ သူပုန်မင်းသားတို့က မင်းတရားကြီးရှိမည်ထင်သော နေရာများ သို့ ရုတ်ရုတ်သဲသဲ ရှာဖွေနေကြဆဲရှိလေသည်။

ယင်းသို့ အရေးအခင်းရှုပ်ထွေးနေစဉ် နန်းမြေဘုံသာ စံနန်းတော်အတွင်းရှိ မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား၊ သားတော်၊ သမီးတော်တို့ကို တစ်စုံတရာထိခိုက် သော အန္တရာယ်မှလုံခြုံစေရန် မက္ခရာမင်းသားကြီးကိုယ်တိုင် ဦးစီးပြုတော်မူ၍ အနောက်ဝန် ရပ်စောက်မြို့စား ဘုန်းတော်ဖြစ်ဗိုလ် လှိုင်းတက်မြို့စား ကိုယ်ရံတော်၊ စားတော်ကွမ်းရည်ကိုင်၊ ထီးတော်မိုး၊ လက်စွဲတော်တို့စုရုံးမိသမျှ လူပေါင်း ၅၀ ခန့် နှင့် ခြံရံစောင့်ရှောက်လျက် နန်းမြေဘုံသာ ယာယီစံနန်းတော်၏ အနောက်မျက်နှာ တံခါးမှ ထွက်တော်မူကြလေ၏။

ယင်းအခိုက် ပုခန်းမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှစည်သူနှင့် အမြောက်ဝန် မဟာနော်ရထာတို့မှာ မာရဘင်အဆီးအတားကို ကျော်လွှား၍ ဆင်းလာရပြီးလျှင် စံနန်းတော်၏တောင်ဘက်မှလှည့်၍ အနောက်တံခါးသို့ရောက်မှ တပ်တော်နှင့်တွေ့ဆုံပေါင်းမိကြလေသည်။

ရွှေခားစွဲ မောင်ပိုက်ကြီးက မင်းတုန်းမင်းတရားကြီးအား ပွေ့ချီလျက် ထွက်လာ ချိန်တွင် မက္ခရာမင်းသားဦးဆောင်သော နန်းမတော်မိဖုရားခေါင်ကြီးနှင့် မိဖုရား၊ သားတော်၊ သမီးတော်များကို စောင့်ရှောက်ခြံရံလာသူများသည် ယာယီစံနန်းတော် အနောက်မျက်နှာမှထွက်လာပြီး၊ ရွှေမြို့တော် မြောက်မျက်နှာ မန်းဦးတံခါးဆီသို့ ချီတက်ကြရာတွင် မိဖုရားခေါင်ကြီးအား သေနတ်စာရေးမောင်ခြံဆိုသူက အချီတော် ဆက်ရလေသည်။

မင်းတုန်းမင်းတရားကြီးသည် ငပိုက်ကြီးချီပွေ့ယူဆောင်လာရာမှ အနောက်ဝန် ၏မြင်းကို တွေ့ရှိသောကြောင့် ၎င်းမြင်းပေါ်သို့ ပြောင်းရွှေ့ခြေတော်တင်လျက် မြ



www.burmeseclassic.com

www.burmeseclassic.com



နန်းစံကျော် ရွှေနန်းတော်ဆီသို့ ဝင်တော်မူခဲ့ရာ အန္တရာယ်ကင်းစွာနှင့် ရောက်ခဲ့လေသည်။ မြင်ကွန်းမင်းသားညီနောင်နှင့် ၎င်းတို့နောက်လိုက် သူပုန်တို့သည်လည်း မင်းဧကရာဇ်ကို ရှာဖွေမတွေ့မရှိရသောကြောင့် နန်းမြေဘုံသာ စံနန်းတော် အတွင်း အပြင်တို့မှာ လှည့်ပတ်မွှေနှောက် ရှာဖွေနေကြလေသည်။

ထိုအချိန်မှာပင် အိမ်ရှေ့မင်း၏နောက်လိုက် ကျွန်တော်မျိုး အမှုထမ်းသားများ လူအုပ်စုကြီးနှင့် စံနန်းတော်အနောက်တံခါးက ဝင်လာကြသည်ကိုမြင်ရလျှင် သူပုန်တို့သည် နန်းမြေဘုံသာ စံနန်းတော်ပေါ်မှ ဆင်းပြေးထွက်ခွာသွားကြပြီးနောက် အရှေ့ကျုံးရိုးမှလျှောက်၍ ရွှေမြို့တော် ဦးထိပ်တံခါးကဝင်ကြပြန်သည်။ ၎င်းသူပုန်တို့သည် ယင်း ဦးထိပ်တံခါးမှ ရွှေမြို့တော်အတွင်းသို့ ဝင်ရောက်ကြပြီးသောအခါ-

ရွှေကွန်းပိုင်ကျွန်၊ လွန်ခါမှ

ပျိုတားနိုင်ရိုးလား။

ဟူသော တဘောင်းသီချင်းများကို ဟစ်အော်သီဆို ကြွေးကြော်လျက် ရွှေးတော်ယူတံခါးကို တိုက်ဖျက်ဖောက်ထွင်းကြပြန်သည်။ ထိုသို့ တံခါးကို ဖောက်ဖျက်နေကြသည်ကို တံခါးကရှိနေသူ အစောင့်တပ်မှ နတ်ရှင်ရွှေးဗိုလ်မောင်စိုက မခုခံနိုင်သောကြောင့် တံခါးပွင့်သွားရလေသည်။

ရွှေးတော်ယူတံခါး ပွင့်သွားရပြီးနောက်တွင် မြင်ကွန်းမင်းသားညီနောင်နှင့် သူပုန်တို့သည် လွှတ်တော်ကြီးကို စီးမိကြလေသည်။ မြို့စောင့်ကျသူ မကွေးမြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှသီဟသူ၊ ဦးကြာဥ၊ ဝန်ထောက် ကျောက်ရဲမြို့စား မင်းကြီးမင်းခေါင်သီဟသူ၊ အသည်ဝန်ထောက်မင်းကြီး မဟာသီဟသူရ စသူတို့ကို သူပုန်တို့က ဖမ်းဆီးချုပ်နှောင်ထားခြင်းကို ခံလိုက်ကြလေသည်။

ယင်းသို့ ရွှေးတော်ယူတံခါးပေါက်၌ လွှတ်တော်ကြီးကို စီးမိပြီးနောက် ဝန်ကြီးများ၊ အရာရှိများကို ဖမ်းဆီးချုပ်နှောင်ထားလိုက်ပြီးသောအခါ မြင်ကွန်းမင်းသားညီနောင်နှင့် သူပုန်အပေါင်းပါတို့သည် ရွှေနန်းတော်ကြီးကို စီးရန် တံခါးနီတော်ကို ဖောက်ဖွင့်တိုက်ဖျက်ကြပြန်လေသည်။

ဤအချိန်တွင် ရွှေနန်းတော်တွင်း၌ ရောက်ရှိနေကြပြီဖြစ်သော မက္ခရာမြို့စားမင်းသားကြီး သီရိသုဓမ္မရာဇာနှင့် ပခန်းကြီးမြို့စား ဝန်ကြီး ဦးရန်ဝေး၊ အတွင်းဝန်ဗန်းမော်မြို့စားမင်းကြီး မဟာမင်းလှစည်သူ၊ အနောက်ဝန် ရပ်စောက်မြို့စား မင်းကြီးအာယုဒီဃရာကျော်၊ မြင်းစုကြီးဝန်၊ ပခန်းငယ်မြို့စား မင်းကြီး မင်းလှမင်းတင်၊ သုံးဆယ်ဝန် မောင်ရိုး၊ မြောက်ဒဝယ် ဗိုလ်မင်းခေါင် သီဟသူ၊ ဖောင်ဝန်မင်းကြီး မဟာမင်းတင်၊ ဆွေတော်အုပ်မင်းသား မောင်မောင်လတ်၊ သံတော်ဆင့် မိုင်းခိုင်းမြို့စား မဟာသီရိဇေယျသူ ဦးယံ၊ အမြောက်ဝန် မဟာနော်ရထာ စသောသူများ၊



www.burmeseclassic.com

www.burmeseclassic.com



အခြားသောမင်းမျိုးမတ် အမှုထမ်းသားအပေါင်းတို့ကို မင်းတရားကြီး ကိုယ်တော်တိုင် ကွပ်ကဲ၍ မြေနန်းတော်ထဲမှ ကြံ့ကြံ့ခံတော်မူလေသည်။ အမြောက်ဝန် အမြောက် စာရေးများကလည်း သူပုန်တို့ရှိရာသို့ အမြောက်များနှင့် ပစ်လွှတ်ခုခံ တိုက်ခိုက်လျက် ရှိကြလေသည်။

သူပုန်တို့ကလည်း ရွှေနန်းတော်ကြီးရှိရာသို့ သေနတ်၊ စိန်ပြောင်းတို့နှင့် မရပ် မနားပစ်လွှတ်လျက် ရှိကြလေသည်။ သို့ရာတွင် သူပုန်တို့၏ လက်နက်တို့သည် ရွှေနန်းတော်အတွင်းသို့ပင် မထိရောက်ဘဲ ရှိနေလေသည်။

တံခါးနီကိုလည်း မဖောက်နိုင်သောကြောင့် လွှတ်တော်ကြီးအား မီးတိုက်ရှို့ရန် ကြံစည်ပြန်သည်။ မြင်ကွန်းမင်းသားနှင့် ညီတော် မြင်းခုံတိုင်မင်းသားတို့ နောက်ထပ် တိုင်ပင်ဆွေးနွေးပြီးသောအခါမှ လွှတ်တော်ကြီးကို မီးတိုက်ရှို့ရခြင်းထက် ခမည်း တော် မင်းတရားကြီးထံသို့ အရေးဆိုခြင်းက ပိုမိုအကျိုးထူးဖွယ် မြင်ကြလေသည်။

ယင်းသို့ ညီနောင်နှစ်ဦး တိုင်ပင်ဆွေးနွေးကြပြီးသောအခါ မြင်ကွန်းမင်းသားက ပုရပိုက်တွင် စာရေးသားပြီးလျှင် ပိုးပဝါအနီကိုရစ်ပတ်ထားသော ခမည်းတော်ဘုရား ထံသို့ တင်လျှောက်လွှာကို ပေးပို့သည်။ ထိုစာမှာ အရေးတောင်းဆိုခြင်းဖြစ်သည်။ ၎င်းပုရပိုက်ကို တံခါးနီတော်၏အတွင်းဘက်သို့ ပစ်ချပေးလိုက်ရာ တံခါးနီအမှုထမ်း သား မောင်ရေချမ်းကတွေ့ရှိ၍ ယူဆောင်လာခဲ့ရာ အရေးတော်တောင်းဆိုသော စာဖြစ်နေ၍ မင်းတရားကြီးထံ ရုတ်တရက်မဆက်ဝံ့ ရှိနေကြသည်။

ထိုဖြစ်ရပ်တို့ကြောင့် ဖောင်ဝန်မင်းကြီး မဟာမင်းတင်ကိုယ်တိုင် မင်းတရားကြီး ရွှေလက်တော်အရောက် ဆက်သသဖြင့် ဖတ်ရှုစေသောအခါ-

'ဘုရား သားတော်တို့ ဘုန်းလက်ရုံး အစွမ်းသတ္တိဗလအင်အားတို့နှင့် ပြည့်စုံခြင်း ကြောင့် ဘခွေးတော် အိမ်ရှေ့မင်းနှင့်တကွ ဗိုလ်မျိုးတပ်မျိုးမှစသော သူရဲကောင်း တို့ကိုအောင်မြင်ပြီးဖြစ်ပါ၍ ခမည်းတော်ဘုရား အမိန့်တော်ကို နာခံလိုကြောင်း'နှင့် အရေးတောင်းဆိုစကား ပါရှိလေသည်။ မင်းတရားကြီးလည်း မည်သည့် အခွင့်အရေး ကိုမျှပေးရန် မဆိုမမိန့်ဘဲ၊ 'ငါ့ကိုရန်မပြုနှင့်'ဟူ၍သာ အမိန့်တော်စာကို ပုရပိုက်တွင် ရေးသားစေပြီး ပိုးပဝါအနီရစ်ပတ်၍ မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့၏ မယ်တော်ဖြစ်သူ တောင်ရွှေရေးဆောင်မိဖုရားကိုယ်တိုင် သားတော်များထံသို့ သွားရောက်ပေးပို့တော်မူစေသည်။

မြင်ကွန်းမင်းသားညီနောင်သည် သူတို့၏ မယ်တော်လာရောက်ပေးပို့သောစာကို ဖတ်ရသောအခါ အလိုမကျအရေးမပြီးသဖြင့် ရွှေနန်းတော်ရှိရာသို့ သေနတ်စိန် ပြောင်းများကို အဆက်မပြတ် ဆက်လက်ပစ်ခတ်နေမြဲပင် ပစ်ခတ်လျက် ရှိနေကြ လေသည်။ ထိုသို့အခြေအနေတင်းမာလျက် ရှိနေဆဲတွင် အိမ်ရှေ့တော်တပ်များသည်



www.burmeseclassic.com

www.burmeseclassic.com



ယာယီနန်းတော်၌ ၎င်းတို့၏သခင် အိမ်ရှေ့မင်းကိုမတွေ့ခဲ့ရ။ ဒဏ်ရာ အနာတရ ရရှိကြောင်းလောက်မျှသာ သိရှိရသောကြောင့် ရွှေနန်းတော်ကြီးဘက်သို့ ဆက်လက် လိုက်လာကြလေသည်။ အမှုထမ်းတွေလည်း ယခင်ထက် များပြားလာလေသည်။

ယင်း အိမ်ရှေ့တော်တပ်ကို ဦးဆောင်လာသူများမှာ အိမ်ရှေ့မင်း၏ သံတော်ဆင့်မောင်မျှား၊ မောင်ကလေး၊ အိမ်ရှေ့ဝန်မောင်နု၊ အိမ်ရှေ့အနောက်ဝန်မျုး၊ ငှက်စားဗိုလ်တို့အုပ်ချုပ်ကွပ်ကဲ၍ လူပေါင်းလေးရာကျော်ခန့် စလွယ်အဖြူကို ဆင်တူသိုင်းထားကြလျက် လက်နက်ဓားလှံသေနတ်များစွဲကိုင်ကြပြီးလျှင် ရွှေနန်းတော်၏ လက်ဝဲဘက်က ချီတက်လာကြလေသည်။

ရွှေနန်းတော်အုတ်မြို့ရိုးပေါ်မှ ဖေါင်ဝန်မင်းကြီးမဟာမင်းတင်တို့က မည်သူ့တပ်ဖြစ်ကြောင်းမေးရာ၊ အိမ်ရှေ့တော်ကတပ်ဖြစ်သည်ဟု တပ်တော်သားတစ်စုတို့က ပြန်ပြောသဖြင့် ယင်းတို့ဖြစ်လျှင် အမိန့်တော်ကိုနာခံရမည် ပြောကြား၍

(ယခု လွှတ်တော်ပေါ်တွင်ရှိကြသော မြင်ကွန်းစားငယ်နှင့် မြင်းခုံတိုင်စားငယ်တို့၏ ဦးခေါင်းကိုဖြတ်ရမည်။ ဆင်ဖြူများရှင်ဘဝရှင်မင်းတရားကြီးနှင့် ညီတော်အိမ်ရှေ့မင်းအရှင်နှစ်ပါးတို့၏အမိန့်တော်)ဟုဆို၍ ဖေါင်ဝန်ကြီးမဟာမင်းတင်က အမိန့်တော်ပြန်လိုက်သောအခါ၊ အိမ်ရှေ့မင်းတပ်သားတို့လည်း မိမိတို့အရှင်သခင်အိမ်ရှေ့မင်းရှိသည်ကို ယုံကြည်ခြင်းမရှိကြသဖြင့် မိမိတို့သခင်နှင့်တွေ့လိုသေးကြောင်း ပြောပြီးလျှင် ပြောပြောဆိုဆိုနှင့်ပင် အိမ်ရှေ့သံတော်ဆင့်မောင်မျှားသည် နောက်ပါလူတစ်ယောက်နှင့် နန်းတော်သစ်တပ်ကို ကျော်တက်ဝင်လာသဖြင့် နန်းတွင်းသို့ရောက်လာသောကြောင့် အိမ်ရှေ့သံတော်ဆင့် မောင်မျှားသည် အိမ်ရှေ့ကိုယ်တော်ကြီးဘုရားနှင့်တွေ့ရန် နန်းတွင်းသို့ဝင်ရောက်လာပါကြောင်းနှင့် မင်းတရားကြီးဘုရားအား အမိန့်တော်ခံကြရသည်။

မင်းတရားကြီးက ရှေ့တော်သို့ဝင်စေတော့ဟူ၍ အမိန့်တော်ရှိသဖြင့် ၎င်းတို့စွဲကိုင်လာသော လက်နက်၊ ဓားမြှောင်၊ သေနတ် စသည်များကို ဆွေတော်အုပ်မင်းသားက သိမ်းယူထားလိုက်ပြီးနောက် ရှေ့တော်သို့ဝင်စေသည်။

မင်းတုန်းမင်းတရားကြီးသည် မှန်နန်းတော်ဦးတွင် အတွေ့ခံတော်မူသည်။

ညီတော်အိမ်ရှေ့မင်းမရှိကြောင်းကို အရိပ်အမြွက်မျှ မိန့်တော်မမူဘဲ 'မောင်မင်းတို့ အားမငယ်ကြနှင့်၊ ငါ၏အမှုတော်ကို ထမ်းရွက်ကြရမည်။ ငါ သူကောင်းပြုမည်။ ယခုပေါ်ပေါက်နေသော မြင်ကွန်းစား ရန်ကိုဖြိုဖျက်ကြ'ဟု အမိန့်တော်ရှိရာ-

အိမ်ရှေ့သံဆင့်မောင်မျှားတို့ကလည်း ဘုန်းတော်ကြီးလှသော ဘဝရှင်မင်းတရားကြီး၏ အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ပါမည်ဘုရားဟု တင်လျှောက်သစ္စာတော်ခံပြီးလျှင် ရှေ့တော်မှထွက်သွားကြပြီးနောက် မင်းတရားကြီး၏အမိန့်တော်အ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း အိမ်ရှေ့တပ်တော်သားအားလုံးတို့သည် လက်ဝဲဝင်းတံခါးသို့လာကြရာ ဝင်းစချီမောင်ကျော်ခေါင်က နန်းတော်၏လက်ဝဲဝင်းတံခါးကို ဖွင့်ပေးလိုက်သဖြင့် အိမ်ရှေ့တပ်တော်သားအားလုံးတို့သည် နန်းတွင်းသို့ ဝင်ရောက်လာကြလေတော့သည်။

အိမ်ရှေ့မင်း၏ တပ်တော်သားအားလုံး နန်းတွင်းသို့ရောက်လာကြသောအခါ၌ အတွင်းတွင်ရှိနေပြီးဖြစ်သော မင်းတရားကြီး၏ ဘုန်းတော်ပြည့်ဗိုလ်နှင့် အမှုထမ်းများပါပေါင်းစု၍ သူပုန်တို့ကို တိုက်ခိုက်ကြရလေသည်။

သို့အိမ်ရှေ့တပ်တော်နှင့် မင်းတရားကြီးတပ်တော်တို့ ပူးပေါင်း၍ သူပုန်တို့ဘက်သို့ သေနတ်၊ စိန်ပြောင်း၊ အမြောက်တို့နှင့် ပစ်ခတ်တိုက်ခိုက်ကြရာတွင် သူပုန်မြင်ကွန်းမင်းသားတို့ဘက်မှ ရွှေဓားဗိုလ်၊ ဇော်ဂျီဗိုလ်နှင့် လူပေါင်းများစွာ ကျည်သင့်ထိမှန်သေကြရလေတော့သည်။

ဤတွင် မြင်ကွန်းမင်းသားနှင့်သူပုန်တို့သည် ၎င်းတို့စီးမိထားသော လှွတ်တော်ကြီးကို စွန့်လွှတ်ဆင်းပြေး ဆုတ်ခွာသွားကြရသည်။ ထိုသို့ ထွက်ခွာလာရာ၌ လက်ျာဝင်းတံခါးက ထွက်သွားကြပြီးလျှင် နန်းမြို့တော်အနောက်ဘက်တွင် လူသူထပ်မံစုရုံးစီးကြပ်၍ ရပ်နေခုခံကြရပြန်လေသည်။ ထိုနေရာအရောက်တွင် ငပိုက်ကြီးကို မြင်ကွန်းမင်းသား တွေ့ရှိ အကျိုးအကြောင်းသိရသောအခါ ငပိုက်ကြီးအား သတ်ပစ်လိုက်လေသည်။

အိမ်ရှေ့တော်တပ်သားတို့သည် မြင်ကွန်းမင်းသားဘက်မှ စီးမိထားသောလွှတ်တော်ကြီးကို အောင်မြင်ရရှိခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာစွာ တံခါးနီက နန်းတွင်းသို့ဝင်လာကြပြီးလျှင် မင်းတရားကြီးရှေ့တော်သို့ ခစားမိကြသောအခါ၊ မင်းတုန်းမင်းတရားကြီးက ပေါင်းဆင်ထားသော ရွှေကျင်ခပ်ခေါင်းပေါင်းနှင့် နန်းမတော်မိဖုရားခေါင်ကြီး၏ ခါးစီးပဝါတော်တို့ကို ရဲဆုအထိမ်းအမှတ်အဖြစ် ရုတ်တရက် ပေးသနားချီးမြှင့်တော်မူလိုက်လေရာ၊ အိမ်ရှေ့တော်တပ်သားတို့လည်း ထူးခြား၍ ရခဲသောဆုတော်ကို ဝမ်းသာအားရ ခံယူလိုက်ကြရလေသည်။

ရွှေမြို့တော်အပြင်ဘက်၌ စီးကြပ်ခံရပ်နေသော မြင်ကွန်းမင်းသားနှင့် သူပုန်တပ်သားများသည် ရွှေနန်းတော်၏လက်ျာဘက်မှ အနောက်ဘက်သို့ လှည့်လာကြပြန်လေသည်။ ဤတွင် ၎င်းတို့လှည့်လာရာကို နတ်စုလက်ဝဲဗိုလ်ဒေဝမင်းခေါင်၏ တပ်ကလိုက်၍ တိုက်ခိုက်လိုက်သောကြောင့် သူပုန်တို့ဘက်မှ မင်းကြီးအခေါ် ခံရသူ ငဖဲကြီးမှာ ကျည်သင့်ထိခိုက်သေလေသည်။

မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့သည် အနောက်ရုံးကို သိမ်းပိုက်စီးနင်းပြီး၊ အနောက်တံခါးကို တိုက်ခိုက်ပြန်ကြလေသည်။

ယင်းသို့ အနောက်တံခါးကို တိုက်ခိုက်လာပြန်သောအခါ ရွှေနန်းတော်တွင်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း ပခန်းကြီးမြို့စား၊ ဝက်မစွက်မြို့စား၊ ရေနံချောင်းမြို့စား၊ ခမ်းပတ်မြို့စား၊ မိုင်းခိုင်းမြို့စား၊ လှိုင်းတက်မြို့စားစသော ဝန်ကြီးများ၊ အတွင်းဝန်များနှင့် အမြောက်ဝန်၊ ဖောင်ဝန်တို့ကိုယ်တိုင် ကိုယ်ရံတော် အမှုထမ်းတစ်စုတို့နှင့် ခုခံပစ်ခတ်တိုက်ခိုက်လျက်ရှိကြလေသည်။

ထိုအတွင်းမှာပင် နတ်စုလက်ဝဲဗိုလ်ဒေဝမင်းခေါင်တပ်နှင့်တကွ အခြားတပ်မြို့စား အရာရှိအသီးသီးတို့ အုပ်ချုပ်ကွပ်ကဲ၍ အစုအမှုထမ်းတို့နှင့် အနောက်သို့လှည့်လာပြီးလျှင် သူပုန်တပ်ကို နှစ်ဖက်ညှပ်၍ တိုက်ခိုက်ကြလေသည်။

ထိုသို့ နှစ်ဖက်ညှပ်တိုက်ခိုက်ခြင်းခံရသော မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားဦးစီးသော အပေါင်းပါ သူပုန်တို့သည် ထိုနေ့ည သုံးချက်တီးကျော် ခြောက်မောင်းခန့်အချိန်တွင် ဆုတ်ခွာ၍ ပြေးကြရသည်။

ယင်းသို့ ဆုတ်ခွာထွက်ပြေးကြရာ၌ မြင်ကွန်းမင်းသားတို့သည် ရွှေမြို့တော်တောင်မျက်နှာ(ရန်နိုင်)တံခါးက ထွက်သွားကြပြီးလျှင် မြို့တော်အနောက်မျက်နှာမြစ်ဆိပ်တွင်ဆိုက်ကပ်ထားသော မင်းတုန်းမင်းတရားကြီး၏ (ရေနန်းစကြာ)မီးသင်္ဘောပေါ်သို့ တက်ရောက်၍ သင်္ဘောကပ္ပတိန် ခရာသီတို့ကို ဓားမိုးခြိမ်းခြောက်လျက် စက်များမောင်းနှင်စေပြီးလျှင် အောက်မြို့ကျေးရွာသို့ စုန်ဆင်းသွားကြလေသည်။ ထိုသို့ သင်္ဘောနှင့် စုန်ဆင်းထွက်ပြေးရင်းတွင်လည်း မြစ်ရိုးတစ်လျှောက်ရှိ မြို့ကျေးရွာများကိုဝင်၍ ရမိရရာ ရွှေငွေ၊ လက်နက်၊ လူသူတို့ကို သိမ်းယူခဲ့သည်။ ထို့နောက် မလွန်မြို့သို့ဆိုက်ရောက်သောအခါ မီးသင်္ဘောကိုရပ်၍ ဆိုက်ကပ်စေလျက်လူသူ ထပ်မံစီးကြပ်ဖြည့်တင်း တိုက်ခိုက်ကြပြန်လေသည်။

ရတနာပုံနေပြည်တော်၌ မင်းတုန်းမင်းတရားကြီးသည် သားတော် မြင်ကွန်း၊ မြင်းခုံတိုင်တို့ ဆုတ်ခွာထွက်ပြေးပြီး၊ (ရေနန်းစကြာ)မီးသင်္ဘောတော်ကိုပါ ယူဆောင်စီးနင်းလျက် မြစ်ကြောင်းမှ စုန်ဆင်းသွားကြောင်း သိရလျှင် သူပုန်မင်းသားများနောက်သို့ လိုက်လံတိုက်ခိုက်ဖမ်းဆီးရန် မြစ်စဉ်အတွင်းဝန်ရေနံချောင်းမြို့စား၊ မင်းကြီးမဟာမင်းလှကျော်ခေါင်ကို လက်နက်၊ လူသူအပြည့်ပေးအပ်ပြီးလျှင်(မြနန်းစကြာ)မီးသင်္ဘောတော်ကြီးဖြင့်လိုက်စေပြန်သည်။

သို့လျှင် မီးသင်္ဘောလျှင် မီးသင်္ဘောချင်း လိုက်လံခဲ့သော်လည်း တိုက်ခိုက်ဖမ်းဆီးခြင်းမပြုရမီပင် မြင်ကွန်းမင်းနှင့်မြင်းခုံတိုင်မင်းသား အမျိုးရှိသော သူပုန်များသည် အောက်မြန်မာပြည် အင်္ဂလိပ်ပိုင်နယ်အတွင်းသို့ ခိုမှီဝင်ရောက်သွားကြလေတော့သည်။

မြင်ကွန်းမင်းသားသည် နယ်ချဲ့အင်္ဂလိပ်တို့ကို အားထားရင်းရှိသောကြောင့် မိမိပုန်ကန်တော်လှန်မှုကိစ္စ အောင်မြင်ထမြောက်ခြင်းမရှိသောအခါ၊ မူလအားထား



www.burmeseclassic.com

www.burmeseclassic.com



ရာ အင်္ဂလိပ်တို့ထံသို့ ဦးတည်ခိုဝင်သွားခြင်းကိုထောက်၍ နယ်ချဲ့တို့မြှောက်ထိုးပင့်ကော်မှုကို တိတ်တဆိတ်အားပေးလုပ်ဆောင်ခဲ့ကြောင်းကို အကဲခတ်နိုင်ကြလေသည်။

ထိုကဲ့သို့ မြင်ကွန်းမြင်းခုံတိုင်အရေးတော်ပုံကြီး ဖြစ်ပွားလိုက်သော သက္ကရာဇ် ၁၂၂၈ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့၏ နောက်ပိုင်း ရက်တစ်ပတ်အတွင်းမှာပင် သူပုန်တို့လက်ချက်ဦး၍ နတ်ရွာစံခဲ့ရသူ အိမ်ရှေ့စံကနောင်မင်းကြီး၏သားတော်ဖြစ်သူ ပတိမ်းမင်းသားသည် ၎င်း၏ဖခမည်းတော်အိမ်ရှေ့မင်း နတ်ရွာစံတော်မူကြောင်း သိရှိရသည်နှင့် တစ်ပြိုင်နက်တည်း (ငါတို့သည်အတိုင်းခံမနေနိုင်ဘူး) ဟု ကြိမ်းဝါးကာ မြို့တွင်းစံအိမ်တော်သို့ပြန်၍ မဝင်တော့ဘဲ ရွှေမြို့တော်၏ အနောက်မြောက်ရှိစက်ရုံများသို့ ထွက်သွားပြီးလျှင် အကြံတူသဘောတူဖြစ်သော ညီတော်ကြေး မြင်မင်းသား၊ တိုင်တားမင်းသား၊ ပုံတော်မင်းသားတို့ကို စောင့်စားစုစည်း၍ စက်ရုံတော်များရှိ အလုပ်သမား တပည့်လက်သား ကျေးကျွန်အသင်းအပင်းများနှင့် တိုင်ပင်စည်းဝေးကာ မတ္တရာမြို့မှ ရတနာသိယ်ရွှေဘိုမြို့အရောက် ချီတက်သွားကြမည်ဖြစ်လေသည်။

စက်ရုံတော်များမှာ အိမ်ရှေ့မင်းကြီးကြပ်လုပ်ဆောင်တော်မူသော ခဲယမ်းမီးကျောက်နှင့်အမြောက်သေနတ်များ သွန်းလုပ်ရာ စက်ရုံတော်များဖြစ်ရာ စက်ရုံအလုပ်သမား တပည့်ကျေးကျွန်တို့ချည်းသာ ရှိကြသောနေရာဖြစ်၍ အိမ်ရှေ့မင်းမရှိကြောင်းသိကြသောအခါ ၎င်းတို့မှာအိမ်ရှေ့မင်း၏ သားတော်များကဲ့သို့ပင် မခံမရပ်နိုင်ရှိကြသောကြောင့် ပတိမ်းမင်းသား၏အကြံသို့ တစ်ပြိုင်နက် လိုက်ပါကူညီခြင်းဖြစ်လေသည်။

ပတိမ်းမင်းသားသည် မူလကပင် မြင်ကွန်းမင်းက အိမ်ရှေ့ကိုယ်တော်ကြီးကို မလိုလားသကဲ့သို့ ပတိမ်းမင်းသားကလည်း မြင်ကွန်းမင်းသားအပေါ်၌ ဆတ်ဆတ်ထိမခံမည့်(အမှားမခံမည့်)အရိပ်အသွင်နှင့် ပုဂ္ဂိုလ်စွဲရှိခဲ့လေသည်။

သူ၏ခမည်းတော်ကို မြင်ကွန်းစားလုပ်ကြံခြင်းကြောင့် အိမ်ရှေ့မင်းမရှိလျှင် သူကအောင်မြင်သူအဖြစ် နန်းရံနေရာသို့တက်လာမည်။ အမှန်စင်စစ် မိမိခမည်းတော်မရှိလျှင် မိမိသာလျှင်အိမ်ရှေ့အရာ ဆက်ခံရမည်ဖြစ်ရာ သူတစ်ပါးကလာ၍ အနိုင်ကျင့်သည်ကို ခံမည်မဟုတ်ပေ။ အခြေအနေအရပ်ရပ်မှာ မည်သို့ဖြစ်လာလေမည်မသိသေး၍ တွေဝေငေးမောနေရန် မဖြစ်နိုင်ပါ၊ မိမိတာဝန်ကို မိမိတို့ဘာသာ လုံခြုံအောင် ကြိုကြိုတင်တင် ပြုပြင်ထားမှသာ ဖြစ်မည်ဟု ချင့်ချိန်မိသည်။ အိမ်ရှေ့တော်အမှုထမ်းအပေါင်းတို့လည်း ဝိုင်းဝန်းတိုက်တွန်းကြသည်။ မြင်ကွန်းအရေးကလည်း အေးမည်မဟုတ်။ ဆုတ်ခွာပြေးသော်လည်း တဖြည်းဖြည်း အားယူရုန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ကာ အန္တရာယ်ပေးလာဦးမည်သာ ဖြစ်လေသည်ဟုယူဆနေကြသည်။

အိမ်ရှေ့မင်း၏အတွင်းဝန်ကြီး ဦးသင်အမှူးရှိသော အိမ်ရှေ့တော်အမှုထမ်းမှန်သမျှက ပတိမ်းမင်းသားဘက်မှ ရပ်တည်နေကြသည်။ အိမ်ရှေ့မိဖုရားကြီး လှိုင်ထိပ်ခေါင်တင်၏သားတော် ထန်းတပင်မင်းသားမှာ ကလေးအရွယ်မျှသာရှိသေး၍ ဦးစီးခေါင်းဆောင်မပြုနိုင်သေး၊ အိမ်ရှေ့မိဖုရားလှိုင်ခေါင်တင်ဆိုသည်မှာလည်း နုနယ်သောမိန်းမသားဖြစ်နေရာတွင် မောင်တော်အတွက် ပူဆွေးသောကရောက်လျက်မျက်ရည်နှင့်မျက်ခွက် ဖြစ်နေစဉ်အချိန်အခါမို့ သားတော်ပတိမ်းမင်းသားသာလျှင် အစစအရာရာ စစ်မက်ရေးနှင့်တိုက်ရေးခိုက်ရေးတို့မှာ ဦးဆောင်နိုင်နေသူဖြစ်လေသည်။

သို့ကြောင့် သူတို့သည် ရွှေဘိုဘက်သို့ ဦးတည်ထွက်ရမည်။ ရွှေဘိုမှာ ပဉ္စာလအထိ နယ်များမြို့များသည် အိမ်ရှေ့စံကနောင်မင်းကြီး၏ အသုံးကံကျွေးခံမြို့နယ်များဖြစ်နေသဖြင့် သစ္စာခံကျွန်တော်မျိုးတွေ အများအပြားရှိနေသောကြောင့် နောက်လိုက်အင်အား မတောင့်တင်းမည်ဟု စိုးရိမ်ဖွယ်ရာ မရှိဖြစ်လေသည်။

မျှော်လင့်ကြသော အတိုင်းပင် နောက်ပိုင်း၌ ရွှေဘိုနယ်မှ နောက်လိုက်လူသူအဖြစ် အိမ်ရှေ့မင်းကြီးလူများ အင်တိုက်အားတိုက် ပါဝင်ခဲ့ကြသည်။

သို့ဖြင့် ပတိမ်းမင်းသား၏ အရေးအခင်းသည် မြင်ကွန်းမြင်းခုံတိုင်မင်းသားတို့၏ အရေးအခင်းနှင့်ရှေ့နောက် ရက်ဆက် ဆက်တိုက်ပေါ်ပေါက်လာနေဆဲဖြစ်သည်။ တူတော်သမက်တော် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့၏ လက်နက်ဖြင့် ရုတ်တရက် နတ်ရွာစံတော်မူခဲ့ရရှာသူ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ အလောင်းတော်ကို နောက်နှစ်ရက်ဖြစ်သော ဒုတိယဝါဆိုလပြည့်ကျော် ၉-ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးက ဝမ်းနည်းကြေကွဲစွာနှင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ခြင်းအမှုကို ပြုတော်မူလေသည်။

အိမ်ရှေ့မင်း၏အလောင်းတော်ကို နန်းမြေဘုံသာ ယာယီစံနန်းတော်၏ အဆောင်မကြီးတွင် ခေါင်းသွင်း၍ ထီးဖြူတော် ၄ စင်းအုပ်မိုးထားပြီးလျှင် ရှေးအိမ်ရှေ့မင်းတို့ကို သင်္ဂြိုဟ်ရသောနည်းအတိုင်း အခမ်းအနား၊ အဆောင်အရွက်များနှင့် ခင်းကျင်း ကျင်းပထားရသည်။

ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့က အိမ်ရှေ့စံကနောင်မင်းနှင့်အတူ တစ်နေ့တစ်ရက်တည်း လုပ်ကြံခြင်းခံလိုက်ရသူများဖြစ်သော သားတော်သုံးပါး၏ အလောင်းများကိုလည်း ကောင်းမွန်စွာပြုပြင်၍ အခမ်းအနားကျင်းပထားစေသည်။

မြင်ကွန်းမင်း၏ လုပ်ကြံသတ်ဖြတ်ခြင်းခံရသော မင်းသားသုံးပါးမှာ အထက်ဖော်ပြပြီးဖြစ်ခဲ့သည့်အတိုင်း မလွန်မင်းသား၊ ပြင်စည်မင်းသားတို့၏ အလောင်းတော်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ၎င်းတို့၏မယ်တော်ဖြစ်သူ မြောက်ဆောင်တော်မိဖုရား စံနေရာအဆောင်တော်အောက် ယာယီအိမ်တွင် ခေါင်းသွင်း၍ ထီးဖြူဝဲယာနှစ်စင်း ဖွင့်လှစ်ကျင်းပပြီးလျှင် အစောင့်အနေများနှင့် ထားလေသည်။

ထို့နောက် နန်းမြေဘုံသာ ယာယီစံနန်းတော်ကြီးမှ အဆောင်မကြီးကိုဖျက်သိမ်းပြီးလျှင် ၎င်းနေရာတွင် အုတ်ဂူတည်၍ အိမ်ရှေ့မင်းအလောင်းတော်နှင့် ၎င်းအနီးတွင် အတူကျဆုံးခဲ့သော မလွန်မင်းသား၊ ပြင်စည်မင်းသားနှင့် စကုမင်းသားတို့ အလောင်းတော်များကို ဂူတွင်သွင်းနှံ သဂြိုဟ်တော်မူလေသည်။

နောက် တစ်နှစ်ခန့်ကြာသော ၁၂၂၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်နေ့တွင် အမရပူရမြို့ရှိ စန္ဒာမုနိဘုရားကို ပင့်ဆောင်ပြီးလျှင် အိမ်ရှေ့မင်းအုတ်ဂူအနီး၌ အုတ်ရိုးနှင့် စေတီတည်ထားတော်မူလေသည်။ ယင်းဘုရားစေတီသည် စန္ဒာမုနိဘုရားဟူ၍ ထင်ရှားခဲ့သည်။ ယနေ့ခေတ်တိုင် မန္တလေးတောင်ခြေရှိ ဘုရားသုံးဆူဖြစ်သော ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်ဘုရားများကို သီတင်းကျွတ်လ၌ နှစ်စဉ်ပွဲတော်ကြီး စည်ကားကြီးကျယ်စွာ ဖြစ်ခဲ့လေသည်။ အိမ်ရှေ့မင်းအလောင်းတော် အုတ်ဂူရှိနေရာ စန္ဒာမုနိဘုရားပွဲသည် ပွဲတော်ဖြစ်ဘုရားသုံးဆူအနက်မှာ အလယ်နေရာက တည်ရှိသည်။

သီတင်းကျွတ်လ ဘုရားပွဲဖြစ်လေတိုင်း အိမ်ရှေ့မင်း၏ မိဖုရားများ၊ သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော် အဆက်အနွယ်များက စန္ဒာမုနိဘုရား ပရိဝုဏ်အတွင်းမှာ တဲကန္နားကိုယ်စီနှင့် လာရောက်ကန်တော့ပူဇော်၍ လှူဒါန်းဧည့်ခံကြမြဲဖြစ်လေသည်။ အရှေ့ဘက် အစွန်ဆုံးတွင်တည်ရှိသော မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်ဘုရား ပရိဝုဏ်အတွင်းတွင်မူ မင်းတုန်းမင်းတရားကြီး၏ မိဖုရားများ၊ သားတော်၊ သမီးတော်၊ မြေးတော်မြစ်တော်တို့က လာရောက်လှူဒါန်း ဧည့်ခံကျွေးမွေးကြလေသည်။

အနောက်ဘက် အစွန်ဆုံးတွင်တည်ရှိသော ကျောက်တော်ကြီးဘုရားမှာ မှူးတော်မတ်တော်များ အမှူးထား၍ အရပ်သူအရပ်သားများက ကမကထပြု၍ ဧည့်ခံကျွေးမွေး လှူဒါန်းခဲ့ကြလေသည်။ ယင်းအစဉ်အလာမှာ ရတနာပုံခေတ်တစ်လျှောက်မှအစပြု၍ ဒုတိယကမ္ဘာစစ်မတိုင်မီအထိရှိခဲ့ရာ၊ စစ်ပြီးခေတ်နောက်ပိုင်းတွင်မူ ဘုရားပွဲတော်ချိန်၌ ပြည်သူပြည်သားအများ၏ ကောင်းမှုပွဲတော်အဖြစ် ဆင်နွှဲလျက်ရှိကြလေတော့သည်။

အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်သည် မောင်တော်အိမ်ရှေ့မင်းအတွက် မျက်ရည်မသိမ်းနိုင်အောင် ပူဆွေးသောကရောက်လျက် ရှိရရှာသည်။ ခဲအိုတော်နှင့် အစ်မတော်တို့ကလည်း အရေးအခင်းထဲမှာပင် အလွန်လျှင် အာရုံစိုက်တော်မူခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယာယီနန်းတော်မှ မြို့တွင်းနန်းတွင်းသို့ ပြန်ရောက်ကြသောအခါလည်း အိမ်ရှေ့အိမ်တော်ကြီးမှာပင် လှိုင်ထိပ်ခေါင်တင်ကို အခြွေအရံ၊ မောင်းမမိဿံတို့နှင့် မည့်ျိုးမငယ် စံနေတော်မူရစေသည်။ အိမ်ရှေ့မိဖုရားလှိုင်ထိပ်ထားနှင့်အတူ ဥမကွဲ သိုက်မြုံမပျက် ဆက်လက်နေထိုင်လိုသော ကိုယ်လုပ်မောင်းမများကိုလည်း မင်းတရားကြီးက မနိမ့်မကျ အိမ်ရှေ့မင်းရှိစဉ်ကကဲ့သို့ ချီးမြှင့်စောင့်ရှောက် ထားတော်မူလေသည်။

အိမ်ရှေ့မိဖုရားလှိုင်ထိပ်ခေါင်တင်မှာ မောင်တော်အိမ်ရှေ့မင်း မရှိတော့ခြင်းကြောင့် နွမ်းယိညှိုးခွေ လွမ်းမိုးစွေ၍ မစဲနိုင်ရှိခဲ့ပြီးလျှင် နတ်ရွာမစံမီကလေးတွင် မှ ရှေးကထက် မိမိအား ချစ်ခင်ကြင်နာစိတ် ထားတော်မူခဲ့ပုံများကို တွေးတောသတိရမိသောအခါ သာလွန်ညှိုးချုံး ယူကြုံးမရဖြစ်မိတော်မူရရှာပြန်လေသည်။

ကိုယ်လုပ်တော်အပေါင်းနှင့် မောင်းမမိဿံတို့က ယုယဖျော်ဖြေကြခြင်းဖြင့်လည်းကောင်း၊ မိမိစိတ်အား ထက်သန်တော်မူရာ စာပေဂီတတို့ကို ရေးသားစီကုံးခြင်းဖြင့်လည်းကောင်း၊ နှစ်စဉ် စန္ဒာမုနိဘုရားပွဲတွင် အိမ်ရှေ့မင်းအတွက်ရည်မှန်း၍ ဆွမ်းကွမ်းကပ်လှူခြင်း၊ လူတို့အား ကျွေးမွေးပေးကမ်းခြင်းစသော အလုပ်များနှင့်သာ ဖြေသိမ့်တော်မူရရှာလေသည်။

စာပေရေးရာတို့ဘက်တွင်လည်း အထက်အချိန်အခါ အိမ်ရှေ့မင်းရှိစဉ်ကလို တစ်ကိုယ်တည်း အမျှော်စိုက်သီချင်းများကို ရေးသားဖွဲ့နွဲ့ စီကုံးတော်မူခြင်းမပြုရ တော့ဘဲ၊ နိပ္ပန္နကဗျာတေးတို့ကိုလည်းကောင်း၊ အငြီးပြေ ရေးလက်စရှိခဲ့သော မဆုံးနိုင်သေးသည့် ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီးကိုလည်းကောင်း၊ ဆက်လက်ရေးသားရင်း ခဲအိုတော်မင်းတရားကြီး အစောင့်အရှောက်ဖြင့် ၇ နှစ်တိုင်တိုင် စံနေတော်မူခဲ့ရရှာသည်။ စိတ်သောက ဝေဒနာက ကြာရှည်ညှင်းဆဲလာခဲ့ရာတွင် တဆွေးဆွေးတမြွေမြွေနှင့် နောက်ဆုံး ချစ်လှစွာသောသားတော် ထန်းတပင်မင်းသားကလေးကို စွန့်ခွာ၍ နတ်ရွာစံတော်မူရရှာလေသည်။ ခဲအိုတော်နှင့် အစ်မတော်တို့က ကောင်းမွန်ခမ်းနားစွာ သင်္ဂြိုဟ်တော်မူကြသည်။

လောလောဆယ်အချိန်၌ အိမ်ရှေ့မင်းနတ်ရွာစံလျှင် သားတော် ပတိမ်းမင်းသားဦးဆောင်သောအဖွဲ့သည် ဆိုအပ်ခဲ့ပြီးဖြစ်သည့်အတိုင်း သဘောချင်းတူရာ ညီတော်များ၊ အိမ်ရှေ့အမှုထမ်း ကြီးငယ်တို့နှင့် အိမ်ရှေ့တပ်တော်သားများပါ တစ်လုံးတရင်းတည်း စုဆောင်းမိကြသည်နှင့်တစ်ပြိုင်နက် မတ္တရာမြို့ဘက်သို့ ရှေးဦးစွာ ချီတက်ထွက်ခွာသွားကြပြီးနောက် ရတနာသိယ်၊ ရွှေဘိုမြို့ အရောက်လာကြသည်။

ရတနာသိယ်မြို့သို့ရောက်လျှင် မြို့အုပ်မြို့ခံစသော အရာရှိများကို ရုတ်တရက်ဖမ်းဆီးပြီး အကျဉ်းချထားလိုက်သည်။ ထို့နောက် ၎င်းနယ်တစ်လွှားရှိ မြို့ရွာကျေး



www.burmeseclassic.com

www.burmeseclassic.com



လက်များကို သိမ်းယူသည်။ လူသူစုဆောင်း၍ နောက်လိုက်နောက်ပါအများနှင့် မင်းတုန်း မင်းတရားကြီးအား ထောင်လွှားခုခံကြလေတော့သည်။

ပတိမ်းမင်းသားက သူနှင့်အတူပါရှိသော ဒီပဲယင်းဝန် ဦးမှန်ကို ဗိုလ်ချုပ်ဝန်ကြီး အဖြစ်ခန့်ပြီးလျှင် တိုက်ခိုက်ရန်တာဝန်ပေးသဖြင့် ရှိန်းမကားဘက်တွင် တပ်စွဲလေသည်။

ပဥ္စာလဝန်ခန့်ခံရသူ ဦးအောင်မြတ်က ဧရာဝတီမြစ်ကိုဖြတ်ကူးလျက် မတ္တရာ မြို့သို့ရောက်လျှင် ကပိုင်တောင်ပြုံးအထိ နယ်ဆန့်လာသည်။ အလယ်စစ်ကြောင်း မှ ချီတက်လာရသူမှာ စစ်ကဲဦးအုန်းဖြစ်ပြီး၊ မင်းကွန်းသို့ရောက်လာသည်။

စည်ပုတ္တရာဗိုလ်က စစ်ကိုင်းသို့ရောက်အောင် ချီတက်ခဲ့သည်။

အိမ်ရှေ့မင်း၏အရှိန်အဝါ ဩဇာခံယူလာခဲ့သူများဖြစ်သော တောင်တွင်းကြီး နယ်၊ စလေနယ်၊ ပုဂံနယ်၊ မြင်းခြံနယ်ရှိ တပ်သားများကလည်း စုပေါင်း၍ အမရပူရ မြို့နယ်ဖြစ်သော စစ်ကိုင်း၊ ပလိပ်ရွာသို့အထိ ချီတက်ရောက်ကြလေသည်။

ပတိမ်းမင်းသား ဦးဆောင်ပုန်ကန်သော တပ်သားများသည် ဤမျှအားကောင်း သည်။ ရတနာပုံရွှေမြို့တော်ကြီးနေပြည်တော်အစပ်သို့ နီးကပ်လာလေရာ၊ ဤ အန္တရာယ်မှာ သေးငယ်သည်ဟုမဆိုသာ၊ မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့ အရေးထက် အလေးသာလျက် ရှိနေပြန်လေတော့သည်။

ဤသို့ ပတိမ်းမင်းသား၏ အင်အားအခြေအနေကို သိရှိတော်မူသော မင်းတုန်း မင်းတရားကြီးသည် ညီတော် အိမ်ရှေ့မင်း၏မျက်နှာကို ထောက်ထားလျက်၊ တူတော် ပတိမ်းစားအား စစ်မက်ပြု၍ ချေမှုန်းရန် ဆန္ဒတော်မသန်ခဲ့ပေ။ သို့တစေလည်း တူတော်က ရန်သူတော်ပမာ ထောက်ထားလာခဲ့ပြန်သောအချိန်၌ ရက်ရက်စက်စက် အကြမ်းဖက်၍ နှိမ်နင်းချေမှုန်းရန်ထက် အစစအရာရာ အနုနည်းနှင့်သာ အောင်တော်မူလိုရှာသည်။ တူတော်ကိုလည်း ပုန်ကန်ရမည်လောဟု အပြစ်မတင် သာ၊ သူ့ခမျာ ဖခင်တစ်ပါးလုံး ဆုံးရှုံးခံလိုက်ရရှာသူဖြစ်ပေသည်။ ထက်ထက်မြက် မြက် အရွယ်ဆိုသည်မှာ လက်စားချေလိုမှုက အင်တိုက်အားတိုက် ရှေ့ဆောင်နေ မည်သာ။ သို့ရာတွင် ရန်သူအစစ်ဖြစ်သော မြင်ကွန်းမင်းသားကို မတိုက်ခိုက်ဘဲ၊ ဘကြီးတော်အား ပုန်စားပုန်ကန်နေခြင်းမှာ သူ၏ အမှားအယွင်းပင်ဖြစ်သည်ဟု ယူဆတော်မူသည်။

ထိုကြောင့် ပတိမ်းမင်းသား အကျိုးသင့်အကြောင်းသင့်၊ ချင့်ချင့်ချိန်ချိန်နှင့် အမြင်အတွေးမှန်ကန်လာရန် အရေးကိုသာ ဦးတည်တော်မူလိုသည်။ အနုနည်းနှင့် ကိစ္စပြီးစီးသွားလျှင်လည်း တူတော်အား အပြစ်မယူဘဲ ချမ်းသာစေရမည်။ စည်းစိမ် မပျက် ဆက်လက်သူကောင်းပြုတော်မူထားမည်ဟု ရည်ရွယ်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ မင်းတုန်းမင်းတရားကြီးက တူတော်များကို သည်းခံသိမ်းသွင်းတော်မူလိုသည်မှာ ညီတော်အိမ်ရှေ့မင်း၏ မျက်နှာတော်ကို ထောက်ရှုတော်မူလိုခြင်း ဖြစ် သည်။ သို့ရာတွင် ပတိမ်းမင်းသားတို့၏အင်အားကလည်း မနည်းလှကြောင်း သိရှိ ရသည်။ နေပြည်တော်၏ အရပ်လေးမျက်နှာ နယ်တစ်ဝိုက်၌ ပုန်ကန်သူတပ်များက ဆိုက်ရောက်နေလေပြီ။

သို့ကြောင့် မင်းတုန်းမင်းတရားကြီးက ဘုန်းတော်ပြည့် သေနတ်ဗိုလ်မင်းကြီး မဟာမင်းခေါင်ဇေယျသူကို လက်ဝဲဝင်းမှူးခန့်၍ သေနတ်၊ အမြောက်၊ စိန်ပြောင်း၊ ရဲမက်စစ်သည်အများ ဆင်လုံး၊ မြင်းလုံးတို့နှင့် 'စစ်ကိုင်းကြောင်း'ချီတက်စေသည်။ ပန်းချီဗိုလ်ကလေးကိုလည်း လက်နက်လူသူအများနှင့် မတ္တရာကြောင်း ချီတက်တိုက်စေသည်။ ပန်းချီဗိုလ်ကလေး မတ္တရာကြောင်း ချီတက်တိုက်ခိုက်ရာ၌ ပတိမ်းမင်းသား၏ သူပုန်တပ်က အင်အားကြီးလှသောကြောင့် မခံမရပ်နိုင် သဖြင့် ပန်းချီဗိုလ်တပ်ပျက်ပြီးလျှင် ရဲဘက်တော်သားတို့ ခေါင်းဦးလှံဦးတွင် အများအပြား ကျဆုံးကြရလေသည်။ သူပုန်တို့တပ်ဦးသည် ထိုအရပ်မှတစ်ဆင့် ကပိုင်လွန်တောင်းအရပ်သို့ ဆိုက်ရောက်လာကြလေသည်။

ကပိုင်လွန်တောင်းအရပ်တွင် မင်းတရားကြီးဘက်မှ ညောင်ရွှေစော်ဘွားကြီးကို ရွှေပြည်မှန်ကင်းခန့်အပ်၍ ရွှေပြည်မှန်ကင်းအမှုထမ်း သေနတ်စွဲသူရဲ ၆၀၀ နှင့် တစ်တပ်။

နတ်ရှင်ရွေးဗိုလ်မင်း မဟာမင်းလှသူရိန်နှင့် နတ်ရှင်ရွေးအမှုထမ်း သေနတ်စွဲ ၄၀၀ တစ်တပ်၊ လက်ဝဲကြောင်း ဗိုလ်မင်းလှသီရိကျော်သူနှင့် လက်ဝဲကြောင်း သေနတ်ကိုင်အမှုထမ်းသူရဲ ၅၀၀ တစ်တပ်၊ လက်ျာကြောင်းဗိုလ် မဟာမင်းတင်တန်ဆောင်နှင့် လက်ျာကြောင်းအမှုထမ်း သေနတ်ကိုင်သူရဲ ၄၀၀ တစ်တပ်၊ တောင်မာရဘင်ဗိုလ်မင်းတင် သူရရဲခေါင်နှင့် တောင်မာရဘင်အမှုထမ်း သေနတ်ကိုင်စစ်သည် ၃၅၀ နှင့်တစ်တပ်။

နတ်စုလက်ဝဲဗိုလ် မဟာဒေဝတန်ဆောင်နှင့်၊ နတ်စုလက်ဝဲအမှုထမ်း သေနတ်ကိုင်စစ်သည်သူရဲ ၄၅၀ တစ်တပ်၊ နတ်စုလက်ျာဗိုလ် မဟာဒေဝမင်းခေါင်နှင့် နတ်စုလက်ျာအမှုထမ်း သေနတ်ကိုင်စစ်သည် ၄၀၀ တစ်တပ်။

တောင်ဒဝယ်ဗိုလ် မင်းတင်းမင်းလှကျော်ခေါင်နှင့်၊ တောင်ဒဝယ်အမှုထမ်း သေနတ်ကိုင်စစ်သည် ၇၀၀ တစ်တပ်၊ ရွှေလှံဗိုလ် မဟာမင်းလှကျော်သူနှင့် ရွှေလှံအမှုထမ်း သေနတ်ကိုင်သူရဲ ၈၀၀ တစ်တပ် စီစဉ်လျက် ရဲဘက်မြင်းဝန် ပခန်းငယ်မြို့စား(မင်းကြီးမဟာမင်းခေါင်ကျော်စွာ)ကို ရှေ့ဝင်းမှူးခန့်တော်မူပြီးလျှင် ယင်းတပ်စုများကိုအုပ်ချုပ်၍ မတ္တရာကြောင်းချီတက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတပ်မကြီးသည် လက်နက်ကိုင်စစ်သည်တော် ၅၀၀၀ ခန့်နှင့် မတ္တရာကြောင်း ချီတက်လာစဉ် တောင်ပြုံးကြီးမြို့၏ အရှေ့ဘက်တောရကျောင်း၌ သူပုန် ပတိမ်းမင်း တပ် ပဥ္စာလမြို့ဝန် မောင်အောင်မြတ်ဦးစီးသော တပ်ကြီးတစ်တပ် အခိုင်အမာ ရှိနေသည်ကို တွေ့ရှိရသောကြောင့် အပြင်းအထန် ရင်ဆိုင်တိုက်ပွဲဖြစ်ကြလေသည်။ တိုက်ပွဲမှာ ၃ ရက်တိုင်တိုင်ကြာသည်။ ၃ ရက် နေ့ညဥ့်ပါမစဲ သေနတ်မီးပေါက် မိုးရွာသကဲ့သို့ရှိသည်။ ဘက်တော်မှ ဤမျှအပြင်းအထန် တိုက်ခိုက်သည့်တိုင် မောင် အောင်မြတ်(ပတိမ်းမင်းဘက်)မှာ အကွပ်အကဲကောင်းလှ၍ မင်းတုန်းမင်းဘက်တော် မှ မပေါက်မရောက်နိုင်အောင် ရှိနေလေသည်။

ဤတွင် ဗိုလ်ချုပ်ရွှေဝင်းတော်မှူးနှင့် ဗိုလ်မှူးတပ်မှူး၊ တပ်ဗိုလ်အရာရှိတို့ တိုင်ပင်ဆွေးနွေးကြရလေသည်။ ကျွန်ုပ်တို့သည် ဘဝရှင်မင်းတရားကြီး ယုံကြည်လွှဲ အပ်တော်မူခြင်းကြောင့် အားကြိုးခွန်စိုက် တိုက်ပွဲဝင်ကြသော်လည်း သူပုန်တို့တပ်သည် ကတုတ် ရင်ထားမှစ၍ ခိုင်ခံ့လှသောကြောင့် မပေါက်မမြောက်နိုင် အောင်ရှိနေ သည်။ ယခုကဲ့သို့ တစ်မျက်နှာတည်းမှတိုက်နေလျှင် နေ့ရက်ကြန့်ကြာ၍ အရေးမပြီး နိုင်ပြီ။ သို့ဖြစ်၍ တပ်အချို့က စစ်ရေးမြူစေပြီးလျှင် တပ်အချို့က အရှေ့ဘက် ရတနာနဒီမြစ်ရိုးမှ ပန်း၍ တောရိပ်ခိုပြီးလျှင် အရှေ့ဘက်မျက်နှာက ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မှသင့်မည်ဟု ညှိနှိုင်းဆွေးနွေးကြရာ သဘောတူညီကြသော ကြောင့် . . .

ရွှေလုံဗိုလ်တပ်၊ ညောင်ရွှေစော်ဘွားကြီး၊ ရပ်စောက်စော်ဘွားကြီးတို့တပ်များက အရှေ့ ရတနာနဒီမြစ်ရိုးကကွေ့၍ စောင့်ပြီး တောချုံတို့ကို မြင်း ၅၀ နှင့် တိုးဝှေ့ ဝင်ရောက်နေစေပြီးလျှင် ဗိုလ်ချုပ်ရွှေဝင်းတော်မှူးတပ်က စစ်ရေးမြူစေသည်။ ဤတွင် သူပုန်တို့တပ်မှ လူ ၅၀၀ ကျော်ခန့်ထွက်၍ တိုက်သည်တွင် တောတန်းမှ အသင့်ရှိသော ရွှေလုံဗိုလ်နှင့် ညောင်ရွှေစော်ဘွားကြီး၊ ရပ်စောက်စော်ဘွားကြီးတို့ တပ်များသည် နောက်ထပ်ပိုး၍ ဝင်ရောက်တိုက်ခိုက်ကြရာ သူပုန်တို့တပ်နှင့် ဓားချင်း လှံချင်း အထွေးထွေးရှိကြလေသည်။

နောက်ဆုံးတွင် သူပုန်တို့သည် မခံမရပ်နိုင်ဘဲ တပ်ဦးပျက်သွားရာ တပ်မကြီးပါ ပျက်ပြားဆုတ်ခွာ ထွက်ပြေးကြလေသည်။

ဤအခါတွင် ညောင်ရွှေစော်ဘွားကြီး၊ ရပ်စောက်စော်ဘွားကြီးနှင့် ရွှေလုံဗိုလ် တို့စွဲကိုင်ထားသော အလွန်ကောင်းသည့်ဓားများသည် လူ၏ဦးခေါင်းတွေကို အကြိမ် များစွာ ထိုးခုတ်ပိုင်းဖြတ်ရသည့်အတွက် ဓားသွားများမှာ လွှသွားကဲ့သို့ဖြစ်လျက် တွေ့ရပြီးလျှင် လူများမှာလည်း လက်မထူနိုင်အောင် ပင်ပန်းကြသောဟူ၏။ သူပုန် တို့လည်း အများအပြားသေဆုံးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မတ္တရာကျော်စည်တစ်လွှားကို အောင်တော်မူလေသည်။ ဗိုလ်ချုပ်ရွှေ့ဝင်းမှူး မင်းကြီး မဟာမင်းခေါင်ကျော်စွာသည် တပ်ကို ရွှေ့ဆက်ချီတက်ပြီးလျှင် မတ္တရာမြို့အရောက်တွင် တပ်စွဲ၍ အခိုင်အမာနေကြလေသည်။

မတ္တရာအနီး စက်ထိပ်ဘုရားတွင် သူပုန်တို့တပ်ရှိနေသည်ကို ညောင်ရွှေစော်ဘွားကြီးတပ်တစ်တပ်၊ ရွှေလုံဗိုလ်တပ် တစ်တပ်၊ နတ်ရှင်ရွေးဗိုလ်တပ်တစ်တပ်၊ ဤတပ်သုံးတပ်က မဆုတ်မဆိုင်းတိုက်ဖျက်ရမည်ဟု ဗိုလ်ချုပ်ရွှေ့တော်ဝင်းမှူးက အမိန့်ဆင့်ဆိုချက်အရ ထိုတပ် ၃ တပ်က အပြင်းထွက်၍တိုက်ရာ သူပုန်တို့တပ်များ ပျက်သောကြောင့် ထိုနတ်စက်ထိပ်ဘုရားကုန်းကို တပ်မတော်က ရရှိလိုက်လေသည်။ ဤသို့လျှင် မတ္တရာကြောင်း၌ အောင်ပွဲရလေပြီ။

အခြားနေရာမှတပ်များမှာလည်း သူပုန်တို့နှင့် နေရာအသီးသီးတွင် ရင်ဆိုင်ရလေသည်။ တောင်ဒဝယ်ဗိုလ်တပ်၊ လက်ျာကြောင်းဗိုလ်တပ်နှင့် ရွှေပြည်ဗိုလ်တပ် ၃ တပ်သည် စကားပင်ဥမှင်ရွာနှင့် ရေနံ့သာမြို့ရှိ သူပုန်တို့တပ်ဘက်က ဆီးကြိုခုခံသောတပ်တို့ကို တွေ့ရာတွေ့ရာတိုင်း တိုက်ဖျက်အနိုင်ရပြီး ငစဉ့်ကူးမြို့အရောက် ဆက်လက်ချီတက် တပ်စွဲထားကြလေသည်။

ဤအရေးအခင်းတွင် မင်းတုန်းမင်းတရားကြီး သားတော် သုံးဆယ်မင်းသားကြီးအားလည်း လက်နက်လူသူ အများပေးအပ်၍ အင်းဝမြို့မှာ တပ်စွဲရပ်နေစေသည်။ သားတော် မက္ခရာမင်းသားကြီးကိုလည်း လက်နက်လူသူ အများပေးအပ်၍ အမရပူရမြို့မှာ တပ်စွဲရပ်နေစေသည်။ သားတော် ညောင်ရမ်းမင်းသားကြီးကိုလည်း လက်နက်လူသူအများပေးအပ်၍ မြို့တော်အနောက် ဧရာဝတီမြစ်ဆိပ်က ရပ်နေတပ်စွဲထားစေရသည်။

အားလုံးအရပ်ရပ်အခြေအနေမှာ တပ်မတော်ကြီးမှ အရေးသာလျက်ရှိနေသည်က များလေသည်။ မင်းတုန်းမင်းတရားကြီးသည် ဤအခြေအနေကို သိမြင်တော်မူသည်။ တိုင်းနေပြည်သူ ရှင်လူအများတို့ကိုလည်း ငြိမ်းချမ်းသာယာစွာ ရှိနေစေလိုသည်။ ထို့ကြောင့် . . .

အိမ်ရှေ့မင်း အတွင်းဝန်ဦးဘဲ၊ ဦးငြိမ်း၊ အိမ်ရှေ့သံတော်ဆင့် မောင်ဘိုးမင်း၊ မောင်ဘိုးမောင်၊ အိမ်ရှေ့မင်းကိုယ်လုပ်တော် ခင်သိုက်၊ ကျီဝန် မဟာမင်းလှကျော်ထင်၊ သစ်တောဝန် မင်းကျော်ဘိသေကပညာတို့နှင့် ဆရာတော် သံဃာတော်တို့ကို တူတော်သူပုန် ပတိမ်းမင်းသားထံစေလွှတ်၍ လိုက်ပါလာလျှင် သူကောင်းပြုတော်မူမြဲ ပြုတော်မူမည်ဟု အမိန့်တော်ရှိသော်လည်း ပတိမ်းမင်းသားက လိုက်ပါခြင်းမရှိဘဲ ခိုင်မာစွာရပ်တည်မြဲ ရှိခဲ့သည်။ နောက်ထပ်၍လည်း သိမ်းသွင်းတော်မူလျက် ရှိခဲ့သည်။ ယခုအခါ၌ ပတိမ်းမင်းသားဘက်မှ ကျောက်ဆည်ဝန်မောင်မှုံနှင့် ၎င်း၏သား၊



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ပြုလုပ်သူ မောင်တင်၊ မိုးကောင်းဗိုလ်မောင်သဲ၊ ဒေါင်းကြဗိုလ် မောင်ကုလား တို့သည် တောင်ဘက်ကိုးခရိုင်နယ်မြေမှ လက်နက်လူသူ စုရုံးချီတက်ရောက်လာ၍ စေဥ့်ကိုင်ရွာအနီးတွင် တပ်စွဲရပ်နေပြီးလျှင် ဗိုလ်ချုပ်မောင်တင်က အရှေ့ရွာသစ်ရွာနေ ဗိုလ်ခေါင်းခံမောင်ငြိမ်းကို စေလွှတ်၍ ပတိမ်းမင်းသားဘက်မှ အမှုထမ်းရန် မြို့ကရှုသူကြီး မောင်ဘိုးမြစ်၊ ပုလိပ်ကျေးရွာနေ မောင်ဘိုးကြီးတို့ကို စာချွန်ပေးအပ် ဆင့်ဆိုသည်။ သို့ကြောင့် မောင်ဘိုးမြစ်၊ မောင်ဘိုးကြီးတို့က လက်နက်လူသူစည်းကြပ်၍ မောင်တင်တပ်နှင့်ပေါင်းစပ်ပြီး သူပုန်တို့ဘက် ခိုဝင်ကြသည်။

ဆိုခဲ့သည့်အတိုင်း ကျောက်ဆည်ဝန်မောင်မှုံ၊ သားဖြစ်သူ ဗိုလ်ချုပ်မောင်တင်တို့ သူပုန်အဖွဲ့သို့ ပုလိပ်ရွာနေ မောင်ဘိုးကြီးတို့ အသိုက်အဝန်း ဝင်ရောက်ပူးပေါင်း လျက် သူပုန်တပ်ကြီးစွဲနေစဉ်အတွင်း၌ တောင်ဘက် စေဥ့်ကိုင်ရွာအနီး ညောင်ပင်ကြီးစခန်းတွင် မင်းတုန်းမင်းတရားကြီးဘက်တော်မှ မိုင်းစိပ်စော်ဘွားကြီးတပ်က တိုက်ဖျက်ချေမှုန်းလိုက်သောကြောင့် သူပုန်တပ်များ ပျက်ပြားထွက်ပြေးကြရလေသည်။ မြို့ကရှုသူကြီး မောင်ဘိုးမြစ်မှာ မြင်းနှင့် ကိုယ်လွတ်ထွက်ခွာပြေးပြီးလျှင် အင်းဝနယ်၌ရှိနေသော သူပုန်ငတောက်တဲ့၏ တပ်တွင်းသို့ ခိုဝင်သွားပြန်သည်။ တပ်ပျက်၍ပြေးလေသော သူပုန်ဗိုလ်မောင်တင်နှင့် အဖ ကျောက်ဆည်ဝန်မောင်မှုံ၊ ပုလိပ်ရွာမှ မောင်ဘိုးကြီးတို့ကို သိုထန်ရွာသို့ရောက်လာ၍ သိုထန်သူကြီးက ဖမ်းဆီးရမိလိုက်သောကြောင့် ယင်းသူပုန်မောင်တင်နှင့် အဖ မောင်မှုံတို့အား အဆုံးစီရင်ကွပ်မျက်လိုက်လေသည်။

ထို့နောက် သူပုန်တို့ဘက်မှ ဗိုလ်ခေါင်းခံသူ မောင်နု၊ မောင်ရွှေယုံ၊ မောင်ရွှေအုံး၊ မောင်ငြိမ်းတို့ တပ်တစ်တပ်သည်လည်း ဆီဆုံရွာအနီးတွင် ဘုရင့်ဘက်တော်မှ ရပ်စောက်နှစ်မြို့ဝန်၏တပ်ဦးနှင့် တွေ့ဆုံ၍ တိုက်ပွဲဖြစ်ပွားရာ သူပုန်တို့တပ် ပျက်သွားပြန်လေသည်။ မင်းတုန်းမင်းတရားကြီး၏ဘက်တော်မှ အဆိုပါ ရပ်စောက်နှစ်မြို့ဝန် မောင်အောင်တိုးသည် ရှမ်းအမျိုးသားတပ်သား လက်နက်ကိုင် လူတစ်ထောင်ကျော်နှင့်အတူ ပုလိပ်ရွာအရှေ့ဘက်၌ တပ်စွဲ၍ အခိုင်အမာနေလေသည်။

ထိုအချိန်တွင် သားတော် မက္ခရာမင်းသားကြီးက ကိုယ်ရံတော်သူရဲကောင်း လူနှစ်ရာကျော်နှင့် မြို့ပြင်ကြီးရွာအရပ်တွင် တပ်စွဲ၍ အခိုင်အမာနေလေသည်။

တစ်ဖန် သူပုန်ပတိမ်းမင်းသားဘက်မှ တောင်တွင်းသား မောင်မိတ်က ဗိုလ်ချုပ်ပြုလုပ်၍ ဗိုလ်ခေါင်းခံ မောင်စပယ်နှင့် ဗိုလ်ပေါင်း ၅၀ ကျော်၊ လက်နက်ကိုင် လူတစ်သောင်းကျော်တို့နှင့် ချီတက်လာပြန်လေသည်။ ၎င်းတို့ တဘက်ဆွဲအရပ်သို့ ရောက်လာလျှင် ဘုရင့်ဘက်တော်မှ ပုဏ္ဏားဝန် မင်းလှမင်းတင်ရာဇာတပ်နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ကြလေသည်။ သို့ရာတွင် သူပုန်တို့ဘက်မှ လူအားကောင်း၍ ပုဏ္ဏားဝန်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



လူနှင့်မမျှတသောကြောင့် တပ်တော်ရွှေ့လျောရလေသည်။ သို့ကြောင့် သူပုန်မောင်မိတ်တို့တပ်သည် ပုလိပ်ရွာနှင့်တကွ ဒုဋ္ဌာဝတီ(မြစ်ငယ်)မြစ်တောင်ဘက် ကမ်းခြေတစ်လျှောက်၌ တပ်စွဲ၍ အခိုင်အမာနေကြလေသည်။

ထိုနေရာတွင် ရပ်စောက်နှစ်မြို့ဝန်တပ်နှင့် သူပုန်တို့တိုက်ပွဲဖြစ်ကြပြန်သည်။ နေ့ညဥ့်မပြတ် တိုက်ပွဲဖြစ်ပွား ပြင်းထန်လျက်ရှိသည်။ သို့ရာတွင် နှစ်မြို့ဝန်တပ်က လူတစ်ထောင်ကျော်သာရှိ၍ သူပုန်တို့ဘက်မှ လူတစ်သောင်းကျော်ဖြစ်ပြီး အင်အားချင်း မမျှမတဖြစ်၍ တပ်ခြေကြွတော့မည်ရှိနေဆဲအချိန်တွင် ရွှေလုံဗိုလ်မဟာမင်းလှစည်သူတပ်က ရွှေလုံအမှုထမ်း သေနတ်ကိုင်သူရဲလူ ၅၀၀ ဆိုက်ရောက်လာပြီးလျှင် ပုလိပ်ရွာအရှေ့ဘက် အင်းစောက်တွင် လူ ၄ စုခွဲ၍ ခုခံပေးနေလေသည်။

ထိုအတောအတွင်းမှာပင် ရှမ်းလူမျိုး လက်နက်ကိုင်တပ်သား နှစ်ထောင်၊ ဗိုလ်မှူးတပ်မှူးအစုံနှင့် သီပေါစော်ဘွားကြီးကိုယ်တိုင် အုပ်ချုပ်၍ ချီတက်ဆိုက်ရောက်လာသောကြောင့် သူပုန်တို့သည် ရှေ့သို့မတိုးဝံ့ဘဲ ရှိလေတော့သည်။

အဆိုပါ သီပေါစော်ဘွားကြီးတပ်သည် ပုလိပ်ရွာ၏မြောက်ဘက်မြေ ဘုရားကုန်းပေါ်တွင် တပ်စွဲနေလေသည်။

ရွှေလုံဗိုလ် မဟာမင်းလှကျော်သူတပ်က ပုလိပ်ရွာအရှေ့ကျောင်းဝိုင်းက တပ်စွဲနေလေသည်။

ဤသို့လျှင် စစ်မျက်နှာဆိုင်ပြိုင်နေကြရသည့် သူပုန်တို့၏ အင်အားကကြီးမားလှသည်။ အိမ်ရှေ့မင်းသားကြီး၏ မျက်နှာကြောင့် သားတော် ပတိမ်းမင်းသားအားလူအင်အားအများက အထောက်အကူပြုလျက်ရှိကြောင်း သိရှိနိုင်လေသည်။

သို့ရာတွင် မင်းတရားကြီးဘက်တော်မှ နောက်ထပ်ရောက်လာသော စစ်ကူများမှာ တောင်မာရဘင်ဗိုလ် ခေါင်တုန်မြို့စား မဟာမင်းခေါင်နော်ရထာနှင့် မာရဘင်အမှုထမ်း သေနတ်ကိုင်တပ်တစ်တပ်။

ရွှေပြည်မှန်ကင်းဗိုလ် ညောင်ရွှေစော်ဘွားကြီး တပ်တစ်တပ်၊ ဗိုလ်မငနှင့်သူကောင်ထမ်း တပ်တစ်တပ်။ ထိုတပ်ကြီး ၃ တပ်သည် အိုးထိန်းတောင်အရပ်ကနေ၍ ဒုဋ္ဌာဝတီမြစ်ကို ကူးလာကြရာ ပုလိပ်ရွာနှင့် ဒုဋ္ဌာဝတီမြစ်၏တောင်ဘက် ကမ်းခြေတစ်လျှောက်၌ရှိနေသော သူပုန်တို့တပ်များက ထိုသတင်းကိုကြားသည်နှင့် တစ်ပြိုင်နက်တည်း အဆီးအတားမရ တပ်သားတို့ ကိုယ်လွတ်ရှောင်ရှား၍ ထွက်ပြေးသွားကြလေသည်။

ယင်းသို့ သူပုန်တပ်ကြီး ခြေအကြွတွင် ရပ်စောက်နှစ်မြို့ဝန်တပ်မှ ရှမ်းလူမျိုးသူရဲတို့သည် ၎င်းတို့နောက်မှ ထက်ကြပ်လိုက်၍တိုက်ခိုက်ကြပြန်ရာ သူပုန်အမြောက်အမြားတို့ ဓားဦးလှံဦးတွင် သေကြရလေသည်။ အချို့သူပုန်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ခြင်းပြင်းစွာဖြစ်၍ ပုလိပ်ရွာအနောက် ဂျုံးဂျုံးကျချောင်းကို ဖြတ်ကူးပြေးပြန်ရာ လူအများ ရေတွင်နစ်၍ သေဆုံးကြပြန်လေသည်။ ဤတွင် သူပုန်တို့၏ အင်အားကြီးမားလှသည်ဆိုသော တောင်တွင်းတပ်ကြီး ပျက်စီးဆုံးခန်းတိုင် ရောက်လေတော့သည်။

ထိုအချိန်မှာပင် မင်းတုန်းမင်းတရားကြီး၏ သားတော် သုံးဆယ်မင်းသားကြီးတွင် လက်နက်ကိုင် လူသူအများနှင့် ရတနာပူရအင်းဝမြို့ နန်းတော်ရာအရှေ့ဘက်၌ အခိုင်အမာတပ်စွဲနေလေသည်။

ဘုရင့်ဘက်တော်မှ မူးသာဗိုလ်၊ သံပြာဗိုလ်၊ တောင်တစ်ရာ့ငါးဆယ်ဗိုလ်၊ မင်းတင်၊ မင်းကျော်ထင်တို့၏ တပ်တစ်တပ်သည် တပါယ်မြို့ လေးမျက်နှာဘုရားတွင် သူပုန်တပ်များဖြစ်သော ဗိုလ်ခေါ်ခံ မောင်ပြားတပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ကြရာ သူပုန်ဗိုလ်မောင်ပြား ကျည်သင့်၍ သေဆုံးလေသည်။

မူးသာဗိုလ်တို့တပ်သည် ဆင်ထဲ ရွှေချောင်းရပ်တွင်တစ်ကြိမ်၊ သင်ပန်းရွာတောင် ကြွေးငြိမ်းဘုရားမှာ တစ်ကြိမ်၊ အခြားသူပုန်တို့တပ်များနှင့် ထပ်မံတွေ့ဆုံ တိုက်ပွဲဖြစ်ကြပြန်သည်။

ယင်းတိုက်ပွဲတွင် မူးသာဗိုလ်တို့တပ်က ဆုတ်ခဲ့ရပြီးလျှင် တဲတော်ရွာ ပေါင်းလဲကြီးဘုရားတွင် တပ်စွဲနေရလေသည်။

ယင်းသို့ရှိနေစဉ် ပတိမ်းမင်းသား၏ သူပုန်တပ်မှ ဗိုလ်ချုပ်ပြုလုပ်သူ မောင်တောက်တဲ့နှင့် တပ်ဦးဗိုလ် နတ်မီးသွေးတို့က ကြွေးငြိမ်းဘုရားမှတပ်စွဲ၍ ဝိုင်းလေသည်။ သူပုန်ဗိုလ် မောင်အိုက တံတားဦးမင်္ဂလာစေတီက တပ်စွဲ၍ ဝိုင်းလေသည်။

ယင်းကဲ့သို့ သူပုန်များက ထပ်၍ဝန်းရံလျက်ရှိသောကြောင့် လက်နက်လူသူ ထပ်မံတောင်းဆိုရန် မူးသာဗိုလ်မောင်လတ်သည် ပေါင်းလဲကြီးဘုရားတပ်တွင်းက တစ်ကိုယ်ချင်းထွက်လာခဲ့ရာ သုံးဆယ်မင်းသားကြီးတပ်တော်သို့ ရောက်ရှိလာပြီး သူပုန်တို့ဝိုင်းထားခြင်း ခံနေရကြောင်း လျှောက်တင်လေသည်။

သို့ကြောင့် စိန်တဘော်ဗိုလ်တပ်ကို ပေါင်းလဲကြီးဘုရားတွင်းသို့ ထပ်မံစေလွှတ်သည်။ သို့သော် နောက်တစ်နေ့တွင် ပေါင်းလဲကြီးဘုရားတွင်းရှိ ဘုရင့်တပ်တော်ကို သူပုန်တို့တိုက်ခိုက်ရာ စိန်တဘော်ဗိုလ်၊ သံပြာဗိုလ်တို့ကို သူပုန်တို့က ရမိသွားလေသည်။

ယင်းရမိသွားသော ဘက်တော်က ဗိုလ်များကို သင်ပန်းရွာတောင်ဘက်တွင် သူပုန်ဗိုလ်မောင်တောက်တဲ့က အဆုံးစီရင်လိုက်ခြင်း ခံရလေသည်။

သို့သော် သူပုန်တပ်တို့သည် ပုလိပ်ရွာဘက်ရှိ သူတို့၏ တောင်တွင်းတပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားကြောင်း ကြားသိကြရသောကြောင့် အင်းဝမြို့အနီးရှိ သူပုန်တို့တပ်ကြီး အားလုံး ပျက်သွားရလေသည်။ ထိုနောက်မှာလည်း ပတိမ်းမင်းသား သူပုန်တို့ဘက် ကတပ်များနှင့် ဘုရင့်တပ်တော်များ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့လေသမျှ သူပုန်တို့တပ် များ ပျက်ပြားရသည်ချည်း ဖြစ်လေသည်။

ထိုအချိန်တွင် သားတော် ညောင်ရမ်းမင်းသားကြီးမှာ တပ်တော်နှင့်အတူ စစ်ကိုင်းဘက်တွင်ရှိနေရာ ညောင်ရမ်းမင်းသားကြီး၏တပ်မှ တပ်ဦးဗိုလ် ပဲ့ချိတ်မောင် ပေါက်သည် တပ်နှင့်အတူ ကျောက်မြောင်းမြို့ဥယျာဉ်တွင် သူပုန်ပတိမ်းမင်းသားတို့ ရှိရာနေရာသို့ ဖမ်းဆီးရန် ထွက်ခွာသွားလေသည်။

ညောင်ရမ်းမင်းသားကြီးတပ်မှ တပ်ဦးဗိုလ်၊ ခိုတောင်ပဲ့ချိတ်မောင်ပေါက်သည် တပ်သားများနှင့်အတူ ကျောက်မြောင်းမြို့ ဥယျာဉ်အတွင်းရောက်ရှိနေသော ပတိမ်း မင်းသားနှင့်ညီဖြစ်သူ ကြေးမြင့်မင်းသား၊ တိုင်တားမင်းသား၊ တောင်ပုံမင်းသားတို့ကို တပ်တော်နှင့် ဝိုင်းထားဖမ်းဆီးလိုက်သည်။ ပတိမ်းမင်းသားဘက်မှ သူပုန်တပ်များ သည် နေရာအနှံ့အပြားမှာအရေးနိမ့်၍ စိတ်ဓာတ်ကျဆင်းလျက်ရှိသည်။

ဖမ်းဆီးရမိပြီးဖြစ်သော ပတိမ်းမင်းသား၊ ကြေးမြင့်မင်းသား၊ တိုင်တားမင်းသား၊ ပုံတောင်မင်းသားတို့ကို ကျောက်မြောင်းမြို့မှ ရွှေပန်းတန်လှေတော်နှင့်တင်၍ တပ်သားများဝန်းရံကာ စစ်ကိုင်းမြို့ရှိ ညောင်ရမ်းမင်းသားကြီးတပ်သို့ ပို့ရလေသည်။

ပတိမ်းမင်းသားခေါင်းဆောင်သော ညီတော်များနှင့် သူပုန်တပ်သားများကို ဖမ်းဆီးရမိခြင်းကြောင့် အရေးတော်ပြီးငြိမ်းအောင်မြင်သဖြင့် အင်းဝမြို့ကို ထိုအချိန် မှစ၍ 'အောင်မြေသာစည်'ဟူ၍ အမည်သမုတ်ခဲ့လေသည်။

ပတိမ်းမင်းသား၏ ပုန်ကန်မှုသည် တစ်လကျော်အချိန်ကြာ ကာလတွင် အပြီး သတ်အောင်နိုင်ခဲ့ခြင်းဖြစ်၍ ပုန်ကန်စအခါကမူ အင်အား အတော်ပင်တောင့်တင်း ၍ ဘုရင့်ဘက်မှ ခက်ခက်ခဲခဲ ခုခံခဲ့ရလေသေးသည်။

ဖမ်းဆီးရမိသော ပတိမ်းမင်းသားနှင့်ညီတော်များကို သားတော် ညောင်ရမ်းမင်း သားကြီးက ခမည်းတော် မင်းတုန်းမင်းတရားကြီးထံ ဆက်သရာ၊ မင်းတုန်းမင်းတရား ကြီးသည် တူတော် ပတိမ်းမင်းသားနှင့်တကွ ကြေးမြင့်မင်းသား၊ တိုင်တားမင်းသား၊ ပုံတော်မင်းသားတို့ကို အပြစ်အလျောက် စီရင်တော်မမူဘဲ၊ ကြင်နာငဲ့ညှာတော်မူ သည်။ သို့ကြောင့် ခေတ္တအချုပ်နှင့်ထားပြီးနောက် ရွှေနန်းတော်တွင်းဝယ် အကျယ် ချုပ်သဘော အငြိမ်အဝပ်နေထိုင်ရန် ထားတော်မူသည်။ သို့ရာတွင် ပတိမ်းမင်းသား သည် ကောင်းစွာမနေ၊ စိတ်ဓာတ်ပြင်းထန်၍ အကြံအစည်ကိုမလျှော့ဘဲ၊ များမကြာ မီ ၎င်း၏နှမ ရန်အောင်မြင်မင်းသမီးနှင့် တိုင်ပင်အဆက်အသွယ်ပြုကာ မကောင်း ကြံပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအကြိမ်တွင် ပတိမ်းမင်းသား၏အမှုပေါ်တွင် လွှတ်တော်ကကိုင်လိုက်ရလေပြီ။ အထောက်အထားနှင့် အမှုထင်ရှားသောအခါ မည်မျှသက်ညှာခဲ့စေ၊ အရာမထင်နိုင်တော့သဖြင့် လွှတ်တော်က နောက်နောင်အခါလည်း ရန်မီးမငြိမ်း ပုန်ကန်ထောင်ထားဦးမည်သာဖြစ်၍ နောက်လိုက်နောက်ပါ ကျေးကျွန်သင်းပင်းများအတွက်ပါ အမှုအခင်းစီရင်ရန်များ ပွားများကျယ်ပြန့်ရန်ရှိခြင်းကြောင့်၊ အမိန့်တော် မြတ်ခံပြီး ပတိမ်းမင်းသားအား သုံးတန်းပေး၍ ပတိမ်းမင်းသားကို အဆုံးစီရင်လိုက်ရသည်။ ကျန် ညီတော်များကိုမူကား ရာဇဝတ်အပြစ်မှ ချမ်းသာပေးတော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် တူတော် ပတိမ်းမင်းသားအား များစွာသက်ညှာတော်မူခဲ့ဖူးသည်က ထင်ရှားနေလေသည်။ ပတိမ်းမင်းသား၏ စိတ်ဓာတ် အာသာပြင်းပြလွန်း၍ နောင် တိုင်းပြည်အရေးအခင်း မအေးမည်ကြောင့် ကျောသားရင်သားမခွဲ၊ တရားဥပဒေနှင့်တစ်ပြေးတည်း ပြုလိုက်ရခြင်းသာဖြစ်သော်လည်း စိတ်တော်ထဲကမူ ညီတော်အိမ်ရှေ့မင်းကြီး၏ မျက်နှာကိုမြင်နေကာ မောင်ညီ့ မိုက်လို့ ခုလိုဖြစ်ရသည်ဟု မြည်တွန်တောက်တီးတော်မူလေသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားတစ်ယောက်က ဝင်ရောက်ခြေရှုပ်လိုက်ပြန်သေးသည်။ သူ၏သဘောမှာ အိမ်ရှေ့မင်း၏သားတော်၊ သမီးတော် အဆက်အနွယ်များက မင်းတုန်းမင်းတရားကြီးအပေါ် အထင်လွဲမှား၍ အကြည်ညိုပျက်စေရန်ရည်သန်သည့်အပြင် လူများအဖို့လည်း မင်းတုန်းမင်းတရားကြီးအပေါ် အထင်လွဲမှားစေချင်သည်။

သူသည် အင်္ဂလိပ်၏ ကိုယ်စားလှယ်အဖြစ်ရောက်ရှိသော အင်္ဂလိပ်စစ်ဗိုလ်ကြီး စလေဒင်ဆိုသူ ဖြစ်လေသည်။

သူက ပတိမ်းမင်းသားကို အသက်ချမ်းသာပေးရန် မင်းတရားကြီးထံဝင်၍ အသနားခံပေးသေးသည်။ သို့သော် မင်းတုန်းမင်းတရားကြီး အချိန်မီ အဆောင်တော်ပြင်သို့ ထွက်မလာ၍ အချိန်နောက်ကျပြီး 'လွှတ်စေ'အမိန့်က နောက်ကျမှရသဖြင့် ပတိမ်းမင်းသားကို စီရင်ကွပ်မျက်ပြီးဖြစ်နေသည်ဟု သတင်းလုပ်သည် ၎င်းသတင်းမှာ မင်းတရားကြီးက တမင်အချိန်နောက်ကျအောင် ပြုနေသယောင် ထင်ရသောသဘောသက်ရောက်စေသည်။ နာမည်ကောင်းရလိုရငြား သေမည်ဟု မျက်ဖြူဆိုက်နေပြီဖြစ်သောလူနာကို လျှာပွတ်ဆေးဝင်တိုက်ခြင်းသာ ဖြစ်မည်။ သို့တည်းမဟုတ် ပတိမ်းမင်းသားလို အဆိပ်ပြင်းသောမြွေပွေးကလေးကို မင်းတုန်းမင်းက ဆက်လက်သည်းခံပြီး ခါးပိုက်ထဲထည့်ထားစေလိုသော စေတနာမျိုးလည်း ဖြစ်နိုင်လေသည်။ သူတို့သည် မြန်မာပြည်၏အေးချမ်းသာယာမှုကို အထူးမလိုလားသူများဖြစ်သည်။

မင်းတုန်းမင်းတရားကြီးသည် အရပ်စကားနှင့် သုံးနှုန်းပြောဆိုပါမူ သူတို့ထက်



www.burmeseclassic.com

www.burmeseclassic.com



ပါးပါသည်၊ နားလည်ပါသည်။ ဤမျှ အဆိပ်ပြင်းနေသောမြွေပွေးကလေးကို ဘယ်နည်းနှင့်မျှထား၍ ခါးပိုက်ထဲ ထည့်ထားနိုင်တော့မည် မဟုတ်ပါလေ။

သူတို့ တိတ်တဆိတ် ပင့်မြှောက်ပေးမှုကြောင့် မြင်ကွန်းမင်းသားကြီး သွေးကြွ ပုန်ကန်ပြလိုက်သော လူသတ်ပွဲကြီးမှာ သူတို့မျက်ကြောတင်းနေသော အိမ်ရှေ့မင်း အနိစ္စရောက်၍ ကွယ်ပျောက်ခဲ့ရလေပြီ၊ နောက်ဆက်တွဲ ပတိမ်းမင်းသားကလေးနှင့် မီးမွှေးပေးလိုသော ဆန္ဒရှိသည်မှာ ထင်ရှားလှသည်။ အင်္ဂလိပ်အားကိုးနှင့် တဇွတ် ထိုးပုန်ကန်ခဲ့သူ မြင်ကွန်းမင်းသားကြီးမှာ သူ၏ကြိုးပမ်းမှုအရာမရောက်၍ အောက်ပြည်သို့စုန်ဆင်းပြီး အင်္ဂလိပ်မင်းထံ ခိုလှုံသွားသည်ကပင် အလွန်ထင်ရှားလှ သောသူတို့၏ ခြေရှုပ်မှုကြီးဖြစ်မှန်း သိရှိနိုင်လေသည်။

အင်္ဂလိပ်တို့သည် မြင်ကွန်းမင်းသားကြီး၏ အကယ်အမှန်အားထားရာကား ဖြစ်မလာခဲ့ပေ။ ရန်ကုန်တွင် မြင်ကွန်းမင်းသားကို ဖမ်းထားပါသည်။ မင်းတုန်းမင်း ပိုင် ရေနန်းစကြာသဘော်တော်ကြီးကိုလည်း မြင်ကွန်းမင်းသားထံမှ သိမ်းယူပြီး၊ ရတနာပုံနေပြည်တော်ကြီးသို့ ပြန်ပို့ပါသည် စသော စကားများဖြင့် မိတ်ဆွေဝတ္တရား မပျက် ပြုမူခဲ့သည်။ မြင်ကွန်းမင်းသားကြီးကလည်း ရန်ကုန်မှ ငြိမ်ဝပ်စွာ အချုပ်အ ဖမ်းခံနေရခြင်းမဟုတ်သောကြောင့် နေပြည်တော်နယ်စပ်တစ်လွှားသို့ မကြာခဏ လာရောက်နှောင့်ယှက် ဖျက်ဆီးလျက်ရှိသည်။ အမှန်အကျယ်ချုပ်ဆိုပါက ဤမျှ လွတ်လပ်စွာ လာရောက်တိုက်ခိုက်နိုင်မည်မဟုတ်ပါ။ ခမည်းတော်ကို တစ်မျိုးညာ လျက် သားတော်ဘက်ကိုလည်း လက်တို့ခြေတို့နှင့် မစို့မပို့မြှောက်ပေးလျက်ရှိသည်။

သူတို့သည် မြင်ကွန်းမင်းသားကြီးအား တကယ်တမ်းလိုလားပါက ပြတ်ပြတ် သားသား အားပေးခဲ့ပါလျှင် သူတို့လက်နက်များကြောင့် အထက်မြန်မာပြည်ကို အသာတကြည် သိမ်းပိုက်နိုင်ပေလိမ့်မည်။ သိမ်းပိုက်မိလျှင် မြင်ကွန်းမင်းသားကြီး အား ထီးနန်းပေးအပ်ရပေလိမ့်မည်။ သူတို့သည် မြင်ကွန်းမင်းသားကြီး ရှင်ဘုရင် ဖြစ်သွားမည်ကို နည်းနည်းမျှမလိုလားပါ။ မြင်ကွန်းမင်းသားကြီးက ခက်ထန်သည်။ သူတို့ကြိုးဆွဲရာ ကမည့်သူမဟုတ်ဘဲ မင်းတုန်းမင်းထက်ပင် အပေါင်းရ အသင်းရ ခက်မည့်သူမှန်း သိရှိနားလည်ကြပါသည်။ ဒါကြောင့်သာ ရက်ရက်ရောရော အားပေး ခြင်းမပြုကြ။ အိမ်ရှေ့မင်း၏အန္တရာယ်ကို ရှင်းပစ်ရုံကလေးသာ အလိမ္မာနှင့် အသုံးပြု လိုက်ခြင်းဖြစ်ပါသည်။

'ယာလည်း ညက်စေ၊ ကြက်လည်းမောစေ'ဆိုသော စကားပုံအတိုင်း၊ ကောက် ကျစ်စဉ်းလဲသော ကျားစေဉ်းလဲ၏စေတနာမျိုးသာ ထားရှိလေသည်။ ထို့ကြောင့်ပင် မြင်ကွန်းမင်းသားကြီးမှာ သူ၏ အင်္ဂလိပ်မိတ်ဆွေ၏ ခြေလိမ်ခြင်းကိုမြင်၍ မရှင်မပြ နှင့် ပြင်သစ်ကမိတ်ဆွေကို လက်လှမ်းခဲ့ရခြင်းဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအထောက်အထားများကို နောက်ပိုင်း၌ မြင်ကွန်းမင်းသားကြီး၏ အကြောင်းအရာများရေးသားရာတွင် ပိုမိုထင်ရှားစွာ တွေ့မြင်ရဦးမည်ဖြစ်ပါသည်။

သူပုန်မင်းသားအဖြစ်နှင့် နောက်ဆုံးတွင် သက်သာခွင့်မပေးနိုင်တော့ဘဲ အဆုံးစီရင်ခံသွားရသူ မဟာသီရိဓမ္မရာဇာထိပ်တင်ညိုခေါ် ပတိမ်းမြို့စားမင်းသားသည် အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီး၏ သားတော်အကြီးဆုံးဖြစ်ပါသည်။

ပတိမ်းမင်းသား၏ မယ်တော်မှာ ကနောင်မင်း၏ ကိုယ်လုပ်တော်ကြီးဘဝနှင့် ရှိခဲ့ရာမှ အိမ်ရှေ့မင်းဖြစ်သောအခါ မြောက်ဆောင်တော်သခင်ကြေးဟူ၍ ထင်ရှားခဲ့သူဖြစ်ပါသည်။

ပတိမ်းမင်းသားအရွယ်ရောက်သောအခါ မင်းတုန်းမင်းတရားကြီးက သူ၏သမီးတော် ကန္နီမြို့စားနှင့် မောင်လည်နှမလည် လက်ထပ်ထိမ်းမြားပေးတော်မူထားပါသည်။

ပတိမ်းမင်းသား၏ ကြင်ယာတော် ကန္နီမြို့စားမင်းသမီး သီရိသုစန္ဒာဒေဝီသည် မင်းတုန်းမင်းတရားကြီး၏ ဒုတိယမြောက်ဆောင်တော်မိဖုရား နန္ဒာဒေဝီ၏ သမီးတော်ဖြစ်ပါသည်။

အိမ်ရှေ့စံ ကနောင်မင်းသားကြီး မြင်ကွန်းမင်းသားလက်ချက်ဖြင့် နတ်ရွာစံသောအခါ ကျန်ရစ်ခဲ့သော ကြင်ယာတော်များနှင့် သားတော်၊ သမီးတော်များမှာ အမြောက်အမြားရှိပါသည်။

အိမ်ရှေ့မိဖုရားနှင့် ကိုယ်လုပ်တော်ပေါင်း ၅၂ ယောက်ရှိသည်။ သားတော်များက ၅၂ ယောက်ရှိသည်။ သမီးတော်ပေါင်းက ၅၀ ရှိသည်။ မြေးယောကျ်ား ၁၅ ယောက်၊ မြေးမိန်းမပေါင်း ၂၀။ စုစုပေါင်း ၁၃၇ ဦး တရားဝင်မွေးဖွားခဲ့ပါသည်။ သားတော်၊ သမီးတော်ပေါင်း ၁၀၂ ယောက်မှ ငယ်ကလွန်သူ ၄၀ မျှရှိရာ ၆၂ ယောက်သက်ရှိကျန်ခဲ့လေသည်။

ယင်းမိဖုရား သားတော်၊ သမီးတော်များကို အစီအစဉ်အတိုင်း မှတ်တမ်းပြုရမည်ဆိုလျှင် အောက်ပါစာရင်းအတိုင်း ဖြစ်ပါသည်။

၁။ အိမ်ရှေ့မိဖုရား သီရိသုမြတ်စွာရတနာဒေဝီ လှိုင်ထိပ်ခေါင်တင်မှဖွားမြင်သော သားတော်. .

(၁) ထန်းတပင်မြို့စားမင်းသား။

(၂) ညီတော်တစ်ပါး ငယ်စဉ်ကဆုံးသည်။

၂။ မြောက်ဆောင်တော်သခင်ကြေးမှ ဖွားမြင်သော သားတော်၊ သမီးတော်များမှာ. . .

(၁) သားတော် မဟာသီရိဓမ္မရာဇာဘွဲ့ခံ ပတိမ်းမြို့စား။



www.burmeseclassic.com

www.burmeseclassic.com



(၂) သမီးတော် သီရိဘဒ္ဒါဝတီဘွဲ့ ခံတောင်ညိုမြို့စား(မြင်ကွန်းမင်းသား နှင့်စုံဖက်သူ)

(၃) သဇ်ာဝတီဘွဲ့ခံ သမီးတော် ရန်အောင်မြင်မြို့စား(သုံးဆယ်မင်းသား၏ ကြင်ယာတော်)

(၄) သမီးတော် သီရိအာသာဒေဝီဘွဲ့ခံ စပွါယ်နဂိုမြို့စား။

(၅) သားတော် တိုင်တားမြို့စားမင်းသား။

၃။ ကိုယ်လုပ်တော်ရှင်ဖော့မှ -

(၁) သမီးတော် သီရိအာသာဝတီဘွဲ့ခံ ဆားလင်းကြီးမြို့စားနှင့် ငယ်စဉ်က လွန်သူ သားတော် ၃ ဦး။

၄။ ကိုယ်လုပ်တော်ရှင်စောမှ -

(၁) သမီးတော် သီရိမလ္လာဝတီဘွဲ့ခံ လောဇေယျသိန်မြို့စား ထိပ်ခေါင် တင်အေး။

(၂) သမီးငယ်က ကွယ်လွန်။

၅။ ကိုယ်လုပ်တော်ရှင်ဘူး(အတွင်းဝန် ဇရွှံမြို့စားသမီး)မှ -

(၁) သားတော်ငယ်က ကွယ်လွန်။

(၂) သမီးတော်ငယ်က ကွယ်လွန်။

(၃) သားတော် ထိပ်တင်မြင့်။

(၄) သားတော် ထိပ်တင်စစ်အောင်။

(၅) သမီးတော် မယ်ဆွေစစ်။

(၆) သမီးတော် မယ်ဆွေတုတ်။

၆။ ကိုယ်လုပ်တော်ရှင်ပု(အတွင်းဝန် ဇလွန်မြို့စားသမီး)မှ -

(၁) သားတော်ထိပ်တင်စစ်နိုင်။

(၂) သားတော် ငယ်စဉ်ကကွယ်လွန်။

၇။ ကိုယ်လုပ်တော်ရှင်သိုက်မှ -

(၁) သားတော်မောင်ဖြူ။

(၂) သမီးတော်မယ်ဆွေကြွေ့။

(၃) သားတော်မောင်လျှောက်ကြီး။

(၄) သားတော်မောင်ဘိုး။

၈။ ကိုယ်လုပ်တော်ရှင်ညှာမှ -

(၁) သားတော်ငယ်စဉ်ကကွယ်လွန်။

(၂) သားတော် ကြေးမြင့်မင်းသားထိပ်တင်သက်။



www.burmeseclassic.com

www.burmeseclassic.com



(၃) သမီးတော် ရနောင်မြို့စား။
(၄) သမီးတော် ငယ်စဉ်ကဆုံး။

၉။ ကိုယ်လုပ်တော်ရှင်အိမှ -
(၁) သားတော်ငယ်ကဆုံး။
(၂) ၎င်း။
(၃) ၎င်း။
(၄) သမီး၎င်း။
(၅) သမီး၎င်း။
(၆) သားတော်မောင်ဘုန်း။

၁၀။ ကိုယ်လုပ်တော်ရှင်မှီမှ -
(၁) သားတော်ငယ်စဉ်ကဆုံးပါး။

၁၁။ ကိုယ်လုပ်တော်ရှင်ကေ(မြို့ဝန်လမိုင်းဝန်မောင်စိုးသမီး)မှ -
(၁) သားတော်မောင်မှတ်ကြီး။
(၂) သားတော်ငယ်စဉ်ကဆုံး။

၁၂။ ကိုယ်လုပ်တော်ရှင်အစ်မှ -
(၁) သားတော်ကျွန်းညိုမင်းသား မောင်မြကြိုင်း။
(၂) သားတော်ငယ်စဉ်ဆုံးပါး။
(၃) သမီးတော်မယ်ဆွေသက်။

၁၃။ ကိုယ်လုပ်တော်ရှင်လေး
(တိမ်ကြားမင်းခေါင်သမီး) မှ
(၁) သားတော်မောင်တုတ်။
(၂) သမီးတော်ပခုက္ကူရွာစားမယ်ဆွေအုန်။

၁၄။ ကိုယ်လုပ်တော်ရှင်လေးမှ
(၁) သမီးတော်မယ်ဆွေမင်း။

၁၅။ ကိုယ်လုပ်တော်ရှင်ဖြူမှ
(၁) သမီးတော်မြစ်ခြေမြို့စားမယ်ဆွေအို။

၁၆။ ကိုယ်လုပ်တော်ရှင်ဥမှ
(၁) သမီးတော်မယ်ဆွေ။
(၂) သမီးတော်မယ်ဆွေထွတ်

၁၇။ ကိုယ်လုပ်တော်ရှင်ခါမှ
(၁) သမီးတော်မယ်ဆွေဆံ။



www.burmeseclassic.com

www.burmeseclassic.com



၁၈။ ကိုယ်လုပ်တော်ရှင်ဝေမှ
(၁) သားတော်မောင်ဆွေစစ်။
၁၉။ ကိုယ်လုပ်တော်ရှင်ကောက်မှ
(၁) သမီးတော်ငယ်ကဆုံး။
(၂) သားတော်မောင်နေထွန်း။
(၃) သမီးတော်မယ်ဆွေတင်။
၂၀။ ကိုယ်လုပ်တော်ရှင်ဖဲမှ
(၁) သမီးတော်ကောင်းတုန်မြို့စားမယ်ဆွေရုံ။
၂၁။ ကိုယ်လုပ်တော်ရှင်ပုမှ
(၁) သမီးတော်မယ်ဆွေရှင်။
၂၂။ ကိုယ်လုပ်တော်ရှင်ဘူးမှ
(၁) သမီးတော်မယ်ဆွေတုတ်။
၂၃။ ကိုယ်လုပ်တော်ရှင်ဖွားကြီးမှ
(၁) သမီးတော်ငယ်ကဆုံး။
(၂) ၎င်းငယ်ကဆုံး။
(၃) သမီးတော်မယ်ဆွေခေါင်။
(၄) သမီးတော်ငယ်ကဆုံး။
(၅) သမီးတော်မယ်ဆွေခင်။
၂၄။ ကိုယ်လုပ်တော်ရှင်ပိုးမှ
(၁) သမီးတော်မယ်ဆွေညွန့်
၂၅။ ကိုယ်လုပ်တော်ရှင်အေးမှ
(၁) သမီးတော်မယ်ဆွေအေး။
၂၆။ ကိုယ်လုပ်တော်ရှင်ဖော့မှ
(၁) သားတော်မောင်ဆွေမြစ်။
၂၇။ ကိုယ်လုပ်တော်ရှင်ချိန် (စစ်ကိုင်းမြို့ဝန်သမီး) မှ
(၁) သားတော်မောင်ဆွေသိန့်။
(၂) သမီးတော်ငယ်ကဆုံး။
၂၈။ ကိုယ်လုပ်တော်ရှင်လေး (ကလေးစော်ဘွားသမီး)အင်ပူမြို့စားမှ
(၁) သားတော်ငယ်ကဆုံး။
(၂) သားတော်မောင်ဆွေမြတ်။
၂၉။ ကိုယ်လုပ်တော်ရှင်ထယ်မှ



www.burmeseclassic.com

www.burmeseclassic.com



(၁) သမီးတော်မယ်ဆွေစော တို့ဖြစ်ကြပါသည်။

မြန်မာ့ထီးနန်းအတွင်းမှာလည်း မြင်ကွန်းမင်းသားကြီးနှင့် ပတ်သက်၍ သတင်းအမျိုးမျိုး ထွက်လျက်ရှိလေသည်။ ထိုသတင်းများအနက် မြင်ကွန်းမင်းသားကြီး၏ ကြင်ယာတော် တောင်ညိုမင်းသမီး (အိမ်ရှေ့စံကနောင်မင်း၏ သမီးတော်)၏ သတင်းဖြစ်လေသည်။

သတင်းကား သတင်းဆိုးကြီးဖြစ်သည်။ မြင်ကွန်းမင်းသားကြီးသည် ကြင်ယာတော် တောင်ညိုမြို့စားမင်းသမီးအား ရက်စက်ကြမ်းတမ်းစွာ သတ်ပစ်လိုက်သည် ဆိုသော သတင်းဖြစ်ပါသည်။

သတ်ရခြင်းအကြောင်းမှာ မြင်ကွန်းအရေးတော်ပုံပေါ်မည့်နေ့ နံနက်ပိုင်းတွင် မြင်ကွန်းမင်းသားကြီး၏စံအိမ်၌ တပည့်တပန်းနောက်လိုက်နောက်ပါ တစ်စုတို့အား အရက်သေစာများ တိုက်ကျွေးလျက် ရွေးချယ်ထားသော အချိန်အခါတွင် နန်းမြေဘုံသာ စံနန်းတော်အတွင်း ဝင်ရောက်ရန်၊ နန်းတွင်းရောက်သောအခါ အိမ်ရှေ့မင်းကို ဝင်ရောက်လုပ်ကြံရန်အုပ်စု၊ မင်းတုန်းမင်းတရားကြီးကို ဝင်ရောက်လုပ်ကြံရမည့်လူအုပ်စု၊ အရေးကြီးသော မှုးတော်မတ်တော်များကို ဝိုင်းဝန်းအုပ်စီးထားရမည့်အုပ်စု စသည်ဖြင့် လူများကို အုပ်စုဖွဲ့၍ စီမံခန့်ခွဲလျက်ရှိဆဲတွင် မြင်ကွန်းမင်းသားကြီး ၏ ကြင်ယာတော် တောင်ညိုမင်းသမီးက ကြားသိသွားသည်။ မင်းသမီးကလည်း သက်ကမကင်းဖြစ်နေသည်မှာ ကြာရှိခဲ့လေပြီ။

ထို့ကြောင့် နားစွင့်နေသူဖြစ်၍ သို့နားစွန်နားဖျား ကြားသိလိုက်ရသည်နှင့် တစ်ပြိုင်တည်း မိမိ၏ခမည်းတော် အိမ်ရှေ့ မင်းကြီးအား သွားရောက်လျှောက်ထား သတိပေးမည်ဟု စံအိမ်တော်မှ နောက်လိုက် နောက်ပါပင်မခေါ်ဘဲ အရေးတကြီး ထွက်တော်မူလာသည်။ ယင်းသို့ ထွက်သွားသည်ကို မြင်ကွန်းမင်းသားကြီးသိမြင်လိုက်၍ ကြင်ယာတော် တောင်ညိုမင်းသမီးအား အလျင်ဦးအောင်ဖမ်းဆီးလိုက်သည်။ စံအိမ်တော်တံခါးဝအရောက်မှာ ဖမ်းမိခဲ့သည်။ မြင်ကွန်းမင်းသားကြီးက စစ်ဆေးသောအခါ တောင်ညိုမင်းသမီးက ဦးကြီးတော် မင်းတရားကြီးနှင့် ခမည်းတော် အိမ်ရှေ့မင်းတို့အသက်ကို မပြစ်မှားထိုက်ကြောင်း၊ သို့ကြောင့် လက်မတင်ကလေး ကြိုတင်သတိပေးရန်သွားမည်ဖြစ်ကြောင်းဟုတ်မှန် သည့်အတိုင်း အဖြေပေးလေသည်။

ဤတွင်မြင်ကွန်းမင်းသားကြီးက ကြင်ယာတော်အပေါ်၌ အမျက်တော်ပြင်းစွာ ထွက်သည်။

'သစ္စာဖောက်မ၊ နင့်အဖေကို သွားမပြောနိုင်မီ ငါက နှုတ်ပိတ်လိုက်ရမှာပ'



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကြင်ယာတော် တောင်ညိုမင်းသမီးကို ရိုက်ပုတ်ညှင်းဆဲပြီး စံအိမ်ဝင်းတော်ထဲမှာရှိသော နောက်ဖေးတန်းလျားမှ ဆန်ထောင်းသောမောင်းစင်တွင်ထည့်၍ အရိုးအသား ညက်ညက်ကြေအောင် ထောင်းပစ်စေသည်။ ဤသို့ ကြင်ယာတော် တောင်ညိုမင်းသမီးအား ရက်စက်စွာ မောင်းနှင့်ထောင်း၍သတ်လိုက်ပြီးမှ နေ့နှစ်ချက်တီးအခါပေးအချိန်တွင် နန်းမြေဘုံသာစံနန်းတော်သို့ ပုန်ကန်ခြားနားရန် ထွက်လာကြခြင်းဖြစ်ကြောင်းကို နောင်အခါ နန်းတွင်းက ရင်းနှီးသူများမှတစ်ဆင့် သတင်းဆိုးပြန့်နှံ့လာရခြင်းဖြစ်ပါသည်။

မြင်ကွန်းမင်းသားကြီး၏ ဤသို့ ကြမ်းကြုတ်ရက်စက်သောသတင်းသည် နန်းတွင်းနန်းပြင် ပြန့်ပွားသွားခြင်းကြောင့် ခမည်းတော်ကို လုပ်ကြံသတ်ဖြတ်ရန်ကြိုးစားမှု၊ ဘဒ္ဒေဝီတော်ယောက္ခမ၊ အိမ်ရှေ့မင်းကြီးကို လုပ်ကြံသတ်ဖြတ်မှုများ အတွက် အဖသတ်မင်းသား အဇာတသတ်မင်းသားအား လူအများစုက ရှုတ်ချကဲ့ရဲ့သည့်နည်းတူ တစ်တန်းတစ်စားတည်း ထားခဲ့ခြင်းခံရသည်။ အဖရင်းကိုပင်သတ်မည့်သားပေပဲ၊ ကြင်ယာဇနီးမယားလောက်ကို ရက်စက်ကြမ်းတမ်းစွာပြုမူသည်မှာ အထူးဆိုဖွယ်ရာမရှိတော့ကြောင်း ဝေဖန်ခဲ့ကြလေသည်။

သို့ရာတွင် မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့ပုန်ကန်မှုတွင် အသက်ဆုံးရှုံးရသူများမှာ အိမ်ရှေ့စံကနောင်မင်းမှအစ မလွန်မင်းသား၊ ပြင်စည်မင်းသား၊ စကုမင်းသားများအလယ် သတိုးမင်းကြီး သမိန်ဘေဖြတ်စ၊ တောင်ဒဝယ်ဗိုလ်မင်းတင်မင်းလှကျော်ခေါင်၊ ကင်းဝန်မဟာမင်းလှဇေယျသူ၊ မြတောင်ဝန်ကြီးဦးမှိုစသောဝန်ကြီးများအဆုံး အသက်ဆုံးရှုံးခဲ့ရပြီး ဒဏ်ရာအပြင်းအထန်ရရှိသော အရာရှိကြီးများမှာ လောင်းရှည်ဝန်ကြီး၊ လက်ဝဲဝင်းမှူး၊ လယ်ဝန်၊ သံတော်ဆင့်နားခံတော်၊ ငရန်မြို့အုပ် စသူတို့ဖြစ်ကြောင်းကို ရာဇဝင်၌ အထင်အရှားမှတ်တမ်းတင်ထားခဲ့သော်လည်း မြင်ကွန်းမင်းသားကြီး၏ကြင်ယာတော် တောင်ညိုမင်းသမီးအကြောင်းကို လုံးဝ ဖော်ပြမှတ်တမ်းပြုမထားခဲ့ပေ။

မြင်ကွန်းမင်းသားကြီး အရေးရှုံးနိမ့်၍ ရေနန်းစကြာသင်္ဘောကို ကပ္ပတိန်ခရာသီတို့အား ဓားမိုးယှက်ခုတ်မောင်းစေကာ အောက်မြန်မာပြည်ရှိ အင်္ဂလိပ်အစိုးရလက်အောက်ခံ ခိုဝင်ရောက်သွားရသည်မှာလည်း အေးဆေးစွာသွားရခြင်းမဟုတ်၊ အသက်ကို မနည်းလုယက် ထွက်ပြေးရခြင်းဖြစ်ရာ ကြင်ယာတော်ကို အပထား၍ မည်သည့်ကိုယ်လုပ်တော် မောင်းမများမှ အတူပါသွားခြင်းမရှိသေး။ ကိုယ်လွတ်ထွက်ပြေးရသောမင်းသားကြီး ရန်ကုန်ရောက်ချိန်၊ ဆေးဂုံမြို့ရောက်ချိန်များမှာ တဖြည်းဖြည်း ကိုယ်လုပ်တော်အချို့ ရတနာပုံနေပြည်တော်မှ ထွက်ပြေးရောက်ရှိလာရခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင်လည်း ကြင်ယာတော်ကြီးဖြစ်သူ တောင်ညိုမင်းသမီးအကြောင်းမှာ တိမ်မြုပ်ပျောက်ကွယ်သွားလေသည်။

ယင်းသို့ ပျောက်ကွယ်နေရသည်မှာ အသတ်ခံရသည်ဆိုသော သတင်းဆိုးကို အမှန်ယူဆလက်ခံရမည်ကဲ့သို့ ရှိချေသည်။ မိမိခမည်းတော်အတွက် အသက်ပေးလိုက်ရှာသော တောင်ညိုမင်းသမီး၏ အရေးအခင်းအမှန်ကို မည်သို့သောအကြောင်းမျိုးကြောင့် ရာဇဝင်မှတ်တမ်းတွင် မပါဝင်ရပါသနည်း။ အချို့အယူအဆက ဤသတင်းမဟုတ်၍သာ ရာဇဝင်မှတ်တမ်း၌ မပါခြင်းဖြစ်သည် ဆိုကြပြန်သည်။ သို့ရာတွင် တောင်ညိုမင်းသမီး၏အမည်သည် ၁၂၂၈ ခုနှစ်၊ မြင်ကွန်းအရေးတော်ပုန်ကန်မှုပြီးသွားသည်မှစ၍ တိမ်မြုပ်ပျောက်ကွယ်နေခြင်းက အသက်ထင်ရှားမရှိတော့၍သာဖြစ်ရမည်ဟု ယူဆရမည်ကဲ့သို့ ရှိလေသည်။

တောင်ညိုမင်းသမီးသည် အိမ်ရှေ့မင်း၏ မြောက်ဆောင်တော်မိဖုရားရှင်ကြေးမှ ဖွားမြင်သူဖြစ်၍ ပတိမ်းမြို့စားမင်းသား၊ ရန်အောင်မြင်မြို့စားမင်းသမီး၊ စပ္ပာယ်နဂိုမြို့စားမင်းသမီးတို့နှင့် တစ်မိတည်း၊ တစ်အူထုံဆင်း မင်းသမီးကြီးတစ်ပါးဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီးကလည်း တူမတော်၊ ချွေးမတော် တောင်ညိုမင်းသမီးအား အသက်ထင်ရှားရှိနေပါသေးက ပစ်ပယ်၍ ထားတော်မူမည်မဟုတ်တန်ရာ၊ ပုန်ကန်မှုကြီးသည် မြင်ကွန်းမင်းသားကြီး၏ အပြစ်သာဖြစ်သည်။ တောင်ညိုမင်းသမီးက ပုန်ကန်မှုကိစ္စ၌ ပါဝင်အားပေးသူမဟုတ်ကြောင်း ခွဲခြားသိရှိနိုင်လေသည်။

သို့ဖြစ်ပါလျက် ၁၂၂၈ ခုနှစ်ကစ၍ အိမ်ရှေ့မင်းကွယ်လွန်၍ ၉ နှစ်မြောက်ဖြစ်သော ၁၂၄၇ ခုနှစ်တွင် သားတော်များရှင်ပြုရာ၌ တောင်ညိုမင်းသား သတိုးမင်းရဲကျော်ဟူ၍ ပါလာပြီးနောက် ၁၂၄၇ ခုနှစ်၊ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့လက်အောက်သို့ စုန်းစုန်းမြုပ်ရောက်သွားရသောခေတ်အထိ ၁၉ နှစ်လုံးလုံး တောင်ညိုမင်းသမီး၏ အမည်အကြောင်းအရာတို့က လုံးဝတိမ်မြုပ်ပျောက်ကွယ်သွားခဲ့ခြင်းကို ထောက်ချင့်ပါက စိတ်ဝင်စားဖွယ်ရာပင်ဖြစ်နေသည်။

၁၂၄၀ ပြည့်နှစ် မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သီပေါမင်းနန်းတက်သောအခါ ဆင်ဖြူမရှင်မိဖုရားကြီးနှင့် လွှတ်တော်ဝန်ကြီးတို့အစီအရင်ဖြင့် မင်းသားကြီးများကို ဖမ်းဆီးထိန်းသိမ်းထားခဲ့ရာမှ ၎င်းနှစ် တပို့တွဲလဆန်း ၁၀ ရက်နေ့ ည ၉ နာရီအချိန်တွင် လက်သုံးတော်ကြီးတို့ ရုတ်တရက် လာရောက်သုတ်သင်သတ်ဖြတ်ရာ မင်းသား၊ မင်းသမီးပေါင်း ၈၀ ကျော် အသက်ဆုံးရှုံးကြရသည်။ ဤသို့ အသက်ဆုံးရှုံးခံရသော မင်းသားမင်းသမီးများ၏ စာရင်းကိုမူ ရာဇဝင်၌ အထင်အရှားမှတ်တမ်းပြုထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အသတ်ခံရသော မင်းသားမင်းသမီးများစာရင်း၌ 'တောင်ညိုမြို့စားမင်းသား'ဟူ၍ တွေ့ရသည်။ ၎င်းမှာ မင်းတုန်းမင်းတရားကြီး၏မိဖုရား (သက်ပန်းရွာစား သက်ပန်းမိဖုရားခေါ်သည်)၏သားတော် ရွှေဂူမင်းသား၊ ရနောင်မင်းသားနှင့် တောင်ညိုမင်းသားဟူ၍ ပူးတွဲဖော်ပြထားလေသည်။

ဤတွင် ၁၂၂၈ ခုနှစ်က မြုပ်သွားသော တောင်ညိုမြို့စားမင်းသမီးနေရာတွင် ၁၂၄၀ ခုနှစ်၌ တောင်ညိုမြို့စားမင်းသား တစ်ပါးပါရှိလာသည်။ မူလတောင်ညို မြို့စား မင်းသမီးမရှိတော့သဖြင့် လစ်လပ်နေသော တောင်ညိုမြို့ကို မင်းသားတစ်ပါး အား မြို့စားပေးလိုက်ခြင်းသာဖြစ်ပါမည်။

မင်းတုန်းမင်း၏ညီတော် ပြင်စည်မြို့စားကြီး ကွယ်လွန်ပြီးနောက် သားတော်ကို ပြင်စည်မြို့စားသနားတော်မူသည်ကို သားတော်ပြင်စည်မြို့စား မြင်ကွန်းအရေး၌ အနိစ္စရောက်သွားသောအခါ လစ်လပ်နေသော ပြင်စည်မြို့စားအား သမီးတော် တစ်ပါးကို မြို့စားပေးအပ်သည်။ သို့ကြောင့် ပြင်စည်မင်းသမီးဟူ၍ ၁၂၄၇ ခုနှစ် အထိ ရှိနေခဲ့သည်။ ၎င်းပြင်စည်စုဖုရားအား အင်္ဂလိပ်တို့အုပ်စိုးရာတွင် တစ်လလျှင် ငွေ ၂၀၀ ကျပ်၊ အခြားသမီးတော်တို့နှင့်အတူ ပင်စင်လစာရရှိသည်။ ထိုသဘောကို ထောက်ရှု၍ တောင်ညိုမင်းသမီးသေဆုံးသွားခြင်းကြောင့်သာလျှင် လစ်လပ်နေသော တောင်ညိုမြို့ကို သားတော်တစ်ပါးသို့ ထပ်မံပေးသနားခြင်းဟူ၍ ယူဆရန်ရှိလေသည်။

တောင်ညိုမြို့စားမင်းသမီးသည် မသေဘဲ ကြင်ယာတော်ဖြစ်သူ သူပုန်မင်းသားကြီး မြင်ကွန်းမင်းသားနောက်သို့ လိုက်ပါသွား၍သာ လစ်လပ်နေသော တောင်ညိုမြို့ကို အခြားသားတော်တစ်ပါးဖြစ်သူ သက်ပန်းမိဖုရားသား သတိုးမင်းလှမင်းခေါင်သို့ မြို့စားသနားတော်မူလိုက်ရခြင်းဟူ၍ကား မဖြစ်နိုင်သောကိစ္စပင်။

ရန်ကုန်မြို့ အင်္ဂလိပ်နယ်ချဲ့အစိုးရလက်အောက်၌ မြင်ကွန်းမင်းသားကြီး ခိုလှုံနေစဉ်တွင်လည်းကောင်း၊ အိန္ဒိယပြည်နှင့် ပွန်ဒီချယ်ရီမြို့နှင့် ပြင်သစ်ပိုင် အင်ဒိုချိုင်းနားရှိ ဆေးဂုံမြို့တွင်လည်းကောင်း၊ မြင်ကွန်းမင်းသားကြီးနေထိုင်သွားရာ အရပ်များ၌ ကြင်ယာတော် တောင်ညိုမင်းသမီးမပါရှိဘဲ အခြားကိုယ်လုပ်တော် ကြင်ယာတော် အချို့သာ(နောက်မှ)လိုက်ပါသွားကြရခြင်းဖြစ်သည်။

တောင်ညိုမင်းသမီးကိုယ်တိုင်ကလည်း ကြင်ယာတော် မြင်ကွန်းမင်းသားကြီးသည် မိမိခမည်းတော် အိမ်ရှေ့မင်းကြီးကို လုပ်ကြံသတ်ဖြတ်သူဖြစ်သောကြောင့် တစ်ကြောင်း၊ ဘကြီးတော်မင်းတုန်းမင်းတရားကြီး၏ ကျေးဇူးသစ္စာတော်ကို ရိုသေစောင့်သိသူဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ စိတ်သဘောချင်းမတူမျှသော မြင်ကွန်းမင်းသားကြီးနောက်တော်သို့ မည်သို့သောနည်းနှင့်မျှ လိုက်ပါနေထိုင်ခြင်းပြုမည့်သူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သောကြောင့် ၁၉ နှစ်လုံး အမည်တိမ်မြုပ်ပျောက်ကွယ်နေရခြင်းမှာ အသက် ထင်ရှားမရှိတော့၍သာဟု အများသူငါတို့ ယူဆစရာဖြစ်ခဲ့ရပါသည်။ အချို့က အရေးပြီး ၁၀ နှစ်ရှိမှ ရိုးရိုးကွယ်လွန်သည်ဟု ဆို၏။

သို့အကြောင်းခြင်းရာများကို ထောက်ထားသောအားဖြင့် တောင်ညိုမင်းသမီးကို မြင်ကွန်းမင်းသားကြီးက ရက်စက်စွာ သတ်ဖြတ်သုတ်သင်လိုက်သည်ဟူသော အယူအဆကို လက်ခံကြရပေလိမ့်မည်ကဲ့သို့ ရှိနေသည်။ သို့ဆိုပါလျှင် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ၎င်းအကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိခဲ့သည်ကိုလည်း စဉ်းစားရန်ရှိပြန်လေသည်။

ယင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးသည် ဘုရင့်ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်၍ ရာဇဝင်၏နောက်ပိုင်းကိစ္စများကို အကြောင်းအမျိုးမျိုးကြောင့် စုံစုံလင်လင်၊ တိတိကျကျ ရေးသားခြင်းမပြုခဲ့ကြ၍ သိသင့်သိထိုက်သမျှ တို့ကို နောင်လာနောက်သားတို့ ပြည့်ပြည့်စုံစုံ မသိနိုင်ကြတော့ပေ။

တောင်ညိုမင်းသမီး၏ နောက်ပိုင်းအကြောင်းအရာများကို သီးသန့်ရေးသားဖော်ပြခြင်းမပြုသော်လည်း၊ ၎င်းကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီးနောက် ကျန်ရစ်သော မိဖုရားများ၊ သားတော်၊ သမီးတော်၊ မြေးတော်များစာရင်းကို ရေးသားဖော်ပြရာ၌ သားတော် ၅၄ ပါး၊ သမီးတော် ၆၀၊ ၂ စု ၁၁၄ ယောက်ဖြစ်ပြီး၊ မြေးတော်များမှာ မြေးယောကျ်ား ၃၈၊ မြေးမိန်းမ ၄၅၊ ၂ စု ၈၃ ဦးဟူ၍ တွေ့ရသည်။

ဤတွင် မြေးတော်များစာရင်း၌ မြင်ကွန်းမင်းသားနှင့် တောင်ညိုမင်းသမီးတို့ စုံဖက်ရာမှဖွားမြင်သော သမီးတော် ၂ ဦးကိုပြထားသည်။ ပထမသမီးမှာ ငယ်စဉ်က ကွယ်လွန်၍ အမည်မပါ၊ ဒုတိယသမီးမှာ ခင်လေးဟူသောအမည်နှင့် ဖော်ပြထားသည်ကိုသာ တွေ့ရှိရလေသည်။

တစ်ဖန် မြင်ကွန်းမြင်းသား၏ ကိုယ်လုပ်တော် ရှင်အိုဆိုသူတွင် သမီး ၁၊ သား ၁ ဟုပြထားသေး၏။ ထိုသမီးနှင့် သား ၂ ယောက်သည် မြင်ကွန်းမင်းသားထွက်ပြေးရာနောက်သို့ ရုတ်တရက်လိုက်သွားနိုင်မည်မဟုတ်။ ကိုယ်လုပ်တော် ရှင်အိုပင်လျှင် နောင်အေးချမ်းသောအခါ (အင်္ဂလိပ်က အထက်မြန်မာပြည်သိမ်း)ပြီးမှ အသွားအလာချောင်လည်သဖြင့် လိုက်ပါနိုင်ရန်အကြောင်းရှိသည်။ သို့တည်းမဟုတ် ယခင်ကပင်လျှင် အောက်မြန်မာပြည်သို့ တိတ်တဆိတ်ထွက်ပြေးနိုင်လေသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရ မြန်မာတစ်ပြည်လုံးကို သိမ်းယူအုပ်စိုးပြီးသောအခါတွင်မူ မန္တလေးတွင်ကျန်ရစ်ခဲ့သော မြင်ကွန်းမင်းသားကြီး၏ရင်းနှီးသူ ဆွေမျိုးများ တပည့်တပန်းများသည် အတားအဆီးမရှိ ရန်ကုန်သို့ စုန်ဆင်းသွားနိုင်ရုံမက အိန္ဒိယနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးဂုံမြို့များသို့ပင်လျှင် လိုက်ပါသွားနိုင်ကြလေပြီ။ မြန်မာပြည် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့လည်း ပြန်လိုသောအချိန်တွင် သူတို့ပြန်နိုင်သည်။ အချို့လည်း ကူးချည်သန်းချည် ရှိနေခဲ့ကြသည်။

သို့ရာတွင် မြင်ကွန်းမင်းသားကြီးနှင့် မြင်းခုံတိုင်မင်းသားတို့ကိုမူ မြန်မာပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်ခွင့် မရှိခဲ့ပေ။

ညီတော် မြင်းခုံတိုင်မင်းသားကို တစ်ကျွန်းမှ အိန္ဒိယပြည်သို့ တစ်ဖန် ပြောင်းရွှေ့နေထိုင်စေသည်။

ရန်ကုန်တွင်နေထိုင်စေသော မြင်ကွန်းမင်းသားကြီးသည် ဆိုအပ်ခဲ့သည့်အတိုင်း ထင်တိုင်းမပေါက်သဖြင့် နယ်ချဲ့တို့အပေါ်တွင် မကျေမနပ်ဖြစ်နေရာမှ ၁၂ နှစ်အကြာတွင် မင်းတုန်းမင်း နတ်ရွာစံပြီးနောက်ပိုင်း၌မူ ရန်ကုန်မြို့မှာပင်မထားတော့ဘဲ အိန္ဒိယပြည်ရှိ ပြင်သစ်ပိုင် ပွန်ဒီချယ်ရီမြို့သို့ ပို့ထားခြင်းခံရပြန်သည်။

ထိုအခါတွင် နယ်ချဲ့ထံမှ အကူအညီမရသည့်အပြင် မြန်မာပြည်နှင့်ဝေးရာသို့ ပရိယာယ်ဆင်၍ပို့ထားကြောင်း သိရှိရိပ်မိသဖြင့် မင်းသားကြီးမှာ စိတ်ဓာတ်ပိုမိုခက်ထန်၍ အကြံကိုလက်မလျှော့ဘဲ ဇွဲကြီးနေတော့သည်။

သူတို့သည် မြင်ကွန်းမင်းသားညီနောင်အား မက်လုံးပေးယောင်နှင့် သွေးအေးအောင် ကြိုးပမ်းကြလေသည်။ ရောက်လေရာ နေထိုင်လေရာအရပ်တို့၌ ဆင်းရဲပြိုငြင်ခြင်းမရှိရလေအောင် အိမ်ကောင်း၊ ရာကောင်းနှင့် အဆောင်အယောင်၊ အခမ်းအနား၊ အခြွေအရံများပေးထားလျက် စရိတ်ငွေတော်များကိုလည်း လောက်လောက်ငငရှိအောင်ပေး၍ ချွေးသိပ်ထားခဲ့သည်။

သို့ရာတွင် ပြည်ပသို့ လွတ်လွတ်လပ်လပ် မသွားမလာရစေဘဲ အကျယ်ချုပ်သဘောထားရှိလေရာ အကြံအဖန် မလျှော့သော မြင်ကွန်းမင်းသားကြီးက အင်္ဂလိပ်နှင့် အဆင်မပြေတော့ကြောင်း နားလည်သဖြင့် ပြင်သစ်တို့နှင့် တစ်ဖက်တစ်လမ်းမှ လျှို့ဝှက်ဆက်သွယ်မှုပြုပြန်လေသည်။

မြင်ကွန်းမင်းသားကြီး ပွန်ဒီချယ်ရီရောက်ချိန်တွင် ညီတော်မြင်းခုံတိုင်မင်းသားကလည်း ထိုနိုင်ငံ၌ရှိနေသည်။ ညီတော်က မည်သို့သဘောထားသည် မသိစေကာမူ နောင်တော်မင်းသားကြီးက ပြင်သစ်နှင့်အချိတ်အဆက်ပြုလျက်ရှိရာမှ တစ်နေ့တွင် ပြင်သစ်တို့အကူအညီနှင့် မြန်မာပြည်ကိုပြန်ရအောင်ယူမည်ဆိုသော သန္နိဋ္ဌာန်ကိုချထားသည်။ အင်္ဂလိပ်တို့ကလည်း အပါးအနပ်၌လွှန်ကဲသည်။ ပြင်သစ်နှင့် မြင်ကွန်းမင်းသားဆက်နေသည်ကို ရိပ်မိသော်လည်း ကြိုးရှည်ရှည်နှင့်လှန်ထားသောစနစ်ကို သုံး၍ မသိကျိုးကျွန်ပြုနေကြသည်။ အကယ်စင်စစ် အရေးကြုံလာလျှင်လည်း ပြင်သစ်က အင်္ဂလိပ်အလိုကိုဖြည့်ရမည့်သူများသာဟု ယူဆထားကြပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အပေါ်၌ မြင်ကွန်းမင်းသား မကျေမနပ်ရှိနေသော အကြောင်းရင်းကို လည်းသိကြသည်။ ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း မြင်ကွန်းမင်းသားကြီးအား မြန်မာထီးနန်းကိုပြန်ရစေမည့်အကူအညီကို သူတို့က မပေးလိုကြသောမူရင်းအတိုင်းပင် ပြင်သစ်ကို မျက်စပစ်၍ ပခုံးပြောင်းရန် ဝက်န္တညာဏ်နီဆင်၍ မြင်ကွန်းမင်းသား အာသာဆန္ဒပြေရာပြေကြောင်း ချစ်ရဲပြေ ဝါစာကမာ သူကြံချင်ရာနှင့် ကြံစည်ကြိုးပမ်းနေရင်း အချိန်ကုန်နေစေရမည်။ မြန်မာပြည်မှာတော့ သီပေါဘုရင်ကို နယ်ချဲ့တို့က သပိတ်ဝင်အိတ်ဝင် လိုချင်သည့်နေ့တွင် အလွယ်တကူသိမ်းယူလိုက်ရန် အကွက်ဆင်ပြီး သား၊ ထောင်ချောက်ထောင်ပြီးသားဟူသော အနေအထားနှင့် လက်ပိုက်စောင့်ကြည့်နေဦးမည်သာ ဖြစ်ပါသည်။

ဝက်န္တတို့၏အကြံကိုနားမလည်ဘဲ ရိုးသားရှာသော မင်းသားညီနောင်တို့မှာ တိုင်းတစ်ပါးတွင် ကသီလင်တ မနေရသည်မှတစ်ပါး ကြံအားစည်အားကုန်ခမ်းသော အခြေအနေသို့ ကျရောက်မှန်းမသိ တစ်စတစ်စကျရောက်လာခဲ့လေတော့သည်။ မြင်ကွန်းမင်းသားကြီးသည် ဇာတိမာန်ရှိပါသည်၊ သတ္တိရှိပါသည်၊ ဇွဲရှိပါသည်။ သို့ရာတွင် မြန်မာပီပီ ရိုးသားရှာသည်၊ ရိုးသားစွာ ယုံကြည်မိခဲ့ရပါသော နယ်ချဲ့၏ပရိယာယ်ကို မူလက ရုတ်တရက် နားမလည်ခဲ့သေးသော်လည်း အချိန်ကာလ ကြာညောင်းလာသောအခါ နယ်ချဲ့တို့၏ပရိယာယ်သဘောတရားကို နားလည်လာရပေပြီ။ ဤတွင် ပြင်သစ်တို့နှင့် လျှို့ဝှက်အဆက်အသွယ်ယူလျက် ပွန်ဒီချယ်ရီမှ တိတ်တဆိတ် ရုပ်ဖျောက်ထွက်၍ ပြင်သစ်ဘက်သို့ ဖြစ်သည့်နည်းနှင့် ဝင်ရောက်သွားခဲ့လေသည်။

ပြင်သစ်သင်္ဘောဆိုက်ကပ်ရာသို့ မိမိအိမ်တော်မှအထွက်တွင် ပင်ပန်းကြီးစွာ ဒိုဘီကုလား၏ အဝတ်ထုပ်ထဲတွင် ဝင်ရောက်ပုန်းလျှိုးသွားရကြောင်း။ ၎င်းမှတစ်ဆင့် ပြင်သစ်ပိုင် အင်ဒိုချိုင်းနားပြည် ဆေးဂုံမြို့တွင်နေထိုင်ကာ မြန်မာပြည်ပြန်လည်ရရှိရေးကို အလေးအနက် ဆက်လက်ကြံစည် နေပြန်ပါသည်။

သို့နေစဉ်အတွင်းမှာ မင်းသားကြီးအဖို့ ချမ်းသာစွာနေထိုင်ရေးအတွက် ပွန်ဒီချယ်ရီမြို့မှာ ထားသကဲ့သို့ပင် အိမ်ကောင်းရာကောင်း အဆောင်အယောင်အခမ်းအနား အခြွေအရံများနှင့်တကွ လခ ရိက္ခာတော်များ အလုံအလောက် ပေးထားလေသည်။ ပြင်သစ်နှင့် အင်္ဂလိပ်တို့သည် မြင်ကွန်းမင်းသားကြီးကိုစွဲ၍ ငလက်တိုနှင့်ငညို တစ်ကျိတ်တည်းဆိုသောစကားအတိုင်း နယ်ချဲ့အချင်းချင်း ယိုင်းပင်းကြခြင်းသာ ဖြစ်၍ ရိုးသားရှာသော မြင်ကွန်းမင်းသားကြီးမှာ ဆေးဂုံမြို့တွင်ပင် အရွယ်အိုမင်းလာ ပြီး နတ်ရွာစံရှာရသည်အထိ မိမိရည်မှန်းခဲ့သော မြန်မာပြည်ပြန်လည်ရရှိရေးမှာ ဝေး၍ဝေး၍သာ သွားခဲ့ရရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ရတနာပုံနေပြည်တော်၌ရှိသော မင်းမှုထမ်းများတွင် ကဗျာ-လင်္ကာ စာပေရေးသားမှု လိုက်စားသူများ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း လိုက်စားလေ့ကျင့်သူများ နှင့်ထွက်ရပ်လမ်း၊ အင်္ဂလိပ် လုပ်ရပ်လမ်းများကို စိတ်ပါဝင်စားသူများ အသီးသီးရှိ နေကြရာတွင် စလေဆရာကြီးဦးပုညအား ဝါသနာရှင် အသီးသီးတို့က တညီတညွတ် တည်း ကြိုက်ညီလေးစားလက်ခံကြပြီးလျှင် ဗေဒင်ယတြာ ဝါသနာထုံလှသော မင်းမှု ထမ်းကတော် အမျိုးသမီးများကလည်း ဦးပုညအား မိမိတို့ကို ဗေဒင်ဟောကြား ယတြာဆင် ဓာတ်ရိုက်မှုများ စီရင်ပေးသောကြောင့် ဝိုင်းအုံကြည်ညိုလေးစား၍ ဦးပုညထံ အဝင်အထွက်များလျက်ရှိကြလေသည်။

အင်္ဂလိပ်ဝါသနာအိုး မင်းမှုထမ်း ကြီးငယ်တို့အနက် မြို့ဝန်မင်း ဦးသာအိုးသည် လည်း အင်္ဂလိပ်လုပ်ရပ်များကို အထူးဝါသနာထုံလှသူဖြစ်ရာ၊ အင်္ဂလိပ်ဝါသနာရှင်တို့ စုမိလေတိုင်း ဦးပုည၏အင်္ဂလိပ်ပညာများကို ချီးကျူးစကားပြောလွန်းကြသဖြင့် မြို့ဝန်မင်း ဦးသာအိုးသည် ဦးပုညထံမှ အင်္ဂလိပ်နည်းခံ၊ တပည့်ခံခြင်းပြုလေသည်။

မင်းမှုထမ်းတို့၏ မယား၊ ကတော်များကလည်း ဦးပုည၏ဗေဒင်ပညာကို ဆည်းပူးကြလေရာ မြို့ဝန်မင်းဦးသာအိုး၏ ဇနီးမယား ၄၀ ခန့်ကလည်း အခြားသော မင်းကတော်များနည်းတူ ဗေဒင်မေးခြင်း၊ ယတြာဓာတ်ဆင်ခြင်းကိစ္စတို့ကြောင့် ဦးပုည ထံသို့ အခါမပြတ်ရောက်လာတတ်ကြလေသည်။ မိန်းမပိုင်းလောကမှာကား ဦးပုည ဗေဒင်မှန်လွန်းသည်ဟု အထူးကျော်ကြားနေခဲ့လေသည်။

စာပေရေးရာနှင့်ပတ်သက်၍လည်း ကဗျာလင်္ကာ၊ မှာတမ်း၊ မေတ္တာစာမှအစ ပြဇာတ်၊ ဝတ္ထုအထိ တိုင်းသိပြည်သိ အကျော်ဒေးယျဖြစ်နေလေ၏။

မင်းတုန်းမင်းတရားကြီးသည်လည်း အင်္ဂလိပ်မှ ရွှေဖြစ်ငွေဖြစ်လုပ်ရပ်များအထိ ဝါသနာပါတတ်မူခဲ့သောကြောင့် မင်းသားဘဝကပင် အနည်းအပါးလေ့လာလိုက်စား တော်မူခဲ့ဖူးသည်။

ယခုကဲ့သို့ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးအုပ်၍ မင်းလုပ်တော်မူလျက်ရှိသောအခါ မူလဝါသနာစွဲအတိုင်း အင်္ဂလိပ်ဝါသနာပါသူများကို စုပေါင်း၍ လုပ်ကိုင်နိုင်ကြစေရန် အားပေးတော်မူထားသည်။

အင်္ဂလိပ်လုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ငွေတော်အမြောက်အမြားနှင့် ထောက်ပံ့တော်မူထားရာ ထိုသို့ထောက်ပံ့ကြေးပေးရန်တာဝန်ကို သံတော်ဆင့် ဦးလတ်(နောင် ဝက်မစွတ်မြို့စားမင်းကြီးမင်းတင် မဟာစည်သူဖြစ်လာမည့်သူ)အား လွှဲအပ်ထားခြင်းကြောင့် အင်္ဂလိပ်သုံးဆေးဝါး၊ ခြသံ၊ ရေသံပြဒါး ၊ ရွှေငွေကြေးနီ ကအစ ဖိုထိုးရန် မီးသွေးဖိုးများအထိ အသုံးရှိသလောက် လိုလေသေးမရှိ ရွှေတိုက် တော်မှထုတ်ပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ အင်္ဂလိပ်ရပ်လုပ်ကိုင်ရန် နေရာဌာနကိုလည်း ရွှေနန်းတော်အတွင်း မြောက်ဥယျာဉ်တော် အနောက်မြောက်ထောင့်အရပ်တွင် အုတ်ကြွပ်မိုး၊ ပျဉ်ကာသောတဲအိမ်ကြီးကို ကောင်းစွာဆောက်လုပ်ပေးထားပြီးလျှင် သံဖိုနန်းတော်ဟု သမုတ်ထားသည်။ မင်းတရားကြီးကိုယ်တော်တိုင်လည်း မကြာမကြာ သံဖိုနန်းသို့ ထွက်တော်မူလာပြီး၊ အင်္ဂလိပ်ဝါသနာပါ လိုက်စားသူ မျိုးတော်မတ်တော်အချို့နှင့် ဆွေးနွေးနှီးနှောတော်မူလေ့ရှိသည်။ ထိုးလက်စ ဓာတ်ခဲပြဒါးခဲများ၊ သံလုံးများကို လည်း ကြည့်ရှုစစ်ဆေးလေ့ရှိပါသည်။

နောက်ပိုင်းတွင် မြောက်ဥယျာဉ်တွင်းက သံဖိုနန်းတော်သို့ ထွက်တော်မူရန် အလှမ်းဝေးကွာသောကြောင့် အနီးအနားဖြစ်သော ရွှေနန်းတော်ပေါ်ရှိ မှန်နန်းတော် မြောက်ဘက်ကျကျ ပန်းခုံတော်သို့ရွှေ့ပြောင်းလိုက်သည်။ နန်းတော်ပေါ်ရှိ သံဖိုနန်းဆောင်မှာ မင်းတရားကြီး အချိန်မရွေး ကြွရောက်လာနိုင်လေသည်။

နန်းတော်ပေါ်က အင်္ဂလိပ်ဖိုမှာ အင်္ဂလိပ်ဝါသနာထုံသူများဖြစ်သော ရွှေမြို့တော်ဝန် ဦးသာအိုး၊ အနောက်နန်းတော်မိဖုရား၏ ဦးရီးတော် ဆင်ဝန်၊ ပင်းတလဲမြို့ဝန်ဦးပို၊ ကျီဝန်ဦးတုတ်ကြီး၊ မြင်းစုကြီးဝန် ပခန်းငယ်မြို့စား ဦးတက်တူ၊ တောင်မာရာဘင်ဗိုလ် ဦးခေါင်တို့သာလျှင် ဝင်ရောက်ခစားခွင့်ရပြီးလျှင် အင်္ဂလိပ်ဝါသနာမပါသူ မျိုးတော်မတ်တော်တို့မှာ ဝင်ရောက်ခစားရန် အခွင့်မရှိဟုဆိုသည်။

ထိုသို့ဖြစ်ရခြင်းမှာလည်း တစ်ချိန်တုန်းက ရွှေဖြစ်သည်ဟု လိမ်လည်ရောက်လာသော ဇော်ဂျီအတုကြောင့် အင်္ဂလိပ်ဝါသနာမပါသူ မျိုးတော်မတ်တော်တို့က ရယ်ပွဲဖွဲ့ခဲ့သောကြောင့် ဖြစ်လေသည်။ ၎င်း ရွှေဖြစ်သည်ဆိုသော ဇော်ဂျီမှတ်ဆိတ်ဖားနှင့် ကုလားသည် ရွှေ ၉ ကျပ်သားကျော်ကျော် လုပ်ပြပေး၍ အကယ်ရွှေဖြစ်သည်ထင်ကာ နန်းတွင်းသူတစ်ယောက်နှင့် ပေးစားလိုက်သည်။

၆ လမျှကြသောအခါ နောက်ထပ်ရွှေဖြစ်အောင် လုပ်မပြနိုင်၍ သူ့ကိုယ်သူ သတ်သေသွားမှ မူလရွှေ ၉ ကျပ်သားမှာ တကယ်လုပ်၍ရသောရွှေမဟုတ်မူဘဲ သူ့ကိုယ်ထဲမှ အသင့်လျှို့ဝှက်ဆောင်ယူလာသော ရွှေစစ် ၉ ကျပ်သားကို အင်္ဂလိပ်ဖိုထဲမှာထိုး၍ရသယောင် လိမ်လည်ထားခြင်းဖြစ်ကြောင်း သိရှိရလေသည်။

သို့ကြောင့် အင်္ဂလိပ်ဝါသနာမပါသော မျိုးတော် မတ်တော်တို့က ရယ်သွမ်းသွေးခြင်းဖြစ်ပါသည်။ ဝါသနာကြီးသော အင်္ဂလိပ်သမား မျိုးမတ်တို့ကမူ ဇော်ဂျီ၏ ပြဒါး ပြာကုန်ခမ်းသွားသောကြောင့်သာ ရွှေမဖြစ်ရလေဟု ဆင်ခြေပေးကြလေသေးသ တတ်။

တစ်နေ့သောအခါတွင်မူ မင်းတုန်းမင်းတရားကြီးသည် မြောက်ပန်းခုံသံဖိုနန်းသို့ ရောက်ရှိတော်မူနေချိန်မှာ ရွှေမြို့တော်ဝန် ဦးသာအိုးက သံတော်ဦးတင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုန်းတော်ကြောင့် စလေမြို့မှရောက်ရှိလာသော သာမဏေ ကိုရင်ကြီး ဦးပုညဆိုသူမှာ အင်္ဂလိပ်ကျမ်း အစောင်စောင်ကို နှုတ်တက်ဆောင်နိုင်ပြီး ကာယသိဒ္ဓိလမ်း၊ ပထဝီသိဒ္ဓိလမ်း၊ မနောမယသိဒ္ဓိလမ်း၊ အနုလောမသိဒ္ဓိလမ်း၊ အာကာသသိဒ္ဓိလမ်း၊ ပဋိလုံသိဒ္ဓိလမ်း၊ အနုလုံသိဒ္ဓိလမ်းစသည်များကို ပေါက်ရောက်အောင် လုပ်ရပ်လမ်း၌ ဝါရင့်သောပုဂ္ဂိုလ်တစ်ဦးဖြစ်ပါကြောင်း ရှိခိုးသံတော်ဦးတင်လေသည်။

ယင်းသောအခါ မင်းတရားက စုံစမ်းတော်မူလိုသဖြင့် မြို့ဝန်ဦးသာအိုး လျှောက်တင်ချက်အရ သာမဏေကြီးကို သံဖိုနန်းတော်သို့ ဝင်ရောက်စေရမည်ဟု အမိန့်တော်မှတ်လေသည်။

နောက်တစ်ရက်တွင် ဦးသာအိုးက ကိုရင်ကြီးဦးပုညကို သံဖိုနန်းတော်သို့ပင့်ခေါ်ခဲ့ရလေသည်။ ရှေ့တော်သို့ရောက်လာသောအခါ ကိုရင်ကြီးလေ့လာဖူးသောအရာများကို သံတော်ဦးတင်ပါဟု မြို့ဝန်ဦးသာအိုးက ပြောသောကြောင့် ဦးပုညက ပိဋကတ်ကျမ်းဂန်နှင့် စပ်လျဉ်းသောစကားများ၊ ဗေဒင်ကျမ်းနှင့် စပ်ဆိုင်သောစကားများ၊ ရာဇဝင်၊ မဟာဝင်၊ သိုက်သမိုင်းဆိုင်ရာစကားများ၊ အင်္ဂလိပ်လမ်းနှင့်ဆိုင်ရာစကားများကို ယုတ္တိအာဂုံထုံးပုံသက်သေများနှင့် အဆစ်အပိုင်းကျနစွာ ဝစနာလင်္ကာရ၊ ကဏ္ဏသုခ မြောက်လှအောင် လျှောက်ထားလေတော့၏။

မင်းတုန်းမင်းတရားကြီးသည် အခါခပ်သိမ်း ပညာရှိများကို နှစ်သက်စုံမက်တော်မူသည်နှင့်အညီ ဦးပုညကိုသူကောင်းပြုတော်မူလိုသည်။ သို့ကြောင့် ကိုရင်ကြီးသည် သာသနာတော်၌ အသက်ထက်ဆုံးပျော်မွေ့တော် မူတော့မည်လောဟု စုံစမ်းသောအခါ မိမိကိုရင်ကြီးဘဝနှင့် နေရသည်မှာ ဝတ္ထု၊ စာပေ၊ သီချင်း၊ ဂီတ၊ ပြဇာတ်များ ရေးခြင်း၊ ဗေဒင်၊ ဆေးဝါး၊ အင်္ဂလိပ်ကျမ်းများ လိုက်စားခြင်း ဝါသနာတို့ကြောင့် ရဟန်းဘဝနှင့် သိက္ခာပုဒ်တော်များနှင့်အညီ မနေနိုင်၍ ကိုရင်ကြီးဘဝမှာ နေရကြောင်း။

နောက်အကြောင်းတစ်ခုမှာလည်း စလေမြို့ရှိ ယခုသူကြီးရိုးများ၏ ငြိုငြင်မှုမခံရလေအောင် လူ့ဘောင်တွင်မနေခြင်းဖြစ်ကြောင်းများ အမှန်အတိုင်း သိရှိတော်မူလေသည်။

ထို့ကြောင့် မင်းတရားကြီးက ဦးပုည လူဝတ်နှင့် သူကောင်းပြုတော်မူမည်ဖြစ်၍ မြို့ဝန်ဦးသာအိုးအား ဦးပုညအတွက် ပုဆိုးပဝါစသော လူသုံးပစ္စည်းများ ရွှေတိုက်တော်က ထုတ်ယူသွားရန် အမိန့်တော် ရှိလေသည်။ သို့ကြောင့် ဦးပုညသည်အသက် ၅၀-အရွယ်၌ ကိုရင်ကြီးဘဝမှ လူထွက်၍ မြို့ဝန်မင်းဦးသာအိုး၏အိမ်၌ ခေတ္တနေလေသည်။

စလေဆရာကြီး ဦးပုညအား မင်းတရားကြီး ဘုရားက ပထမဦးစွာ သင့်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



နေရာထား၍ နောက်မှပညာအရည်အချင်းရှိသလောက် မြှောက်စားတော် မူမည်ဟု ရည်ရွယ်တော်မူသည့်အတိုင်း တစ်နှစ်လျှင် လစာရန်ပုံငွေ ၆၀ဝိ-နှင့်လက်ဖက်ရည် တော်ခန့်၍ ပခန်းကြီး စီရင်စု ရွာစည်ရွာကိုရွာစားသနား ဝင်းနှင့်အိမ်နှင့် သီးခြားနေ စေရန် ငွေတော်များပေးသနားပြီး(မင်းလှသခ်ယာ)ဟူသော ရွှေဘွဲ့ကိုပေးတော်မူလိုက် လေသည်။

ထိုအချိန်မှစ၍ ဦးပုညသည် မြို့ဝန်ဦးသာအိုး အိမ်တွင်နေထိုင်ရာမှ ဝင်းအိမ် နှင့် သီးခြားနေထိုင်ရင်း သံဖိုနန်းသို့ မကြာခဏ အခစားဝင်ရလေသည်။

သံဖိုနန်းတွင် ဦးပုည၏ လုပ်ရပ်လမ်းကို အကဲခတ်တော်မူမိသော မင်းတရား ကြီးက မောင်ပုညဟာ လုပ်ရပ်လမ်းကို ဤမျှကျွမ်းကျင်နေပါလျက် စရိတ်ကြေးငွေ လက္ခဏာမရှိရှာလို့သာ ဆက်လက်အားမထုတ်နိုင်ဘဲ ရပ်တန့်နေရပုံရှိသည်။ သို့ကြောင့် မောင်ပုညကို လုပ်ရပ်ကိစ္စများအတွက်ကိုလည်း ကြည့်ရှုထောက်မရမည် ဟု အမိန့်တော်ချသည်။

ထိုအခါ ဦးပုညသည် မြို့ဝန်မင်း ဦးသာအိုး၏အိမ်တွင် ခေတ္တနေထိုင်ရာမှ သီးခြားအိုးအိမ်တည်၍ နေထိုင်ကာ ကဗျာ၊ လင်္ကာ၊ မှာတမ်း၊ ပြဇာတ်၊ ဝတ္ထု စသော စာပေများရေးသားခြင်း ဗေဒင်-ယတြာဟောပြောလုပ်ဆောင်ခြင်း စသည်တို့ကို တစ်ဖက်မှ လုပ်ကိုင်ရင်း၊ အဂ္ဂိရတ်စခန်းအတွက် သံဖိုနန်းသို့လည်း မပြတ်သွား ရောက်ကာ လက်ဖက်ရည်တော်ဆောင်မှာလည်း တစ်နည်းတစ်လမ်း ဝင်ထွက် ထမ်းရွက်လျက်ရှိလေရာ ဘုရင်မင်း၏ မြှောက်စားခံရမှုကြောင့်လည်း နာမည်သတင်း က ရှေးကထက်ကျော်ကြား၍ လာခဲ့ပြန်လေသည်။

မြို့ဝန်မင်း ဦးသာအိုးသည် သူကြည်ညိုမြတ်နိုးသော ဦးပုညကို အစစအရာရာ လိုရာမက စောင်မ ကြည့်ရှုခဲ့သူဖြစ်ရာ ဦးပုညကလည်း မြို့ဝန်မင်းအိမ်သို့ နေ့စဉ် ဝင်ထွက်နေထိုင်လေ့ရှိရာ၊ မြို့ဝန်မင်း၏အိမ်မှ အဆောင်ကိုင်၊ ထီးတော်မိုး၊ ယဉ်ခံ၊ ဆင်ထိန်း၊ မြင်းထိန်း၊ မောင်းထောင်း၊ ရေခပ်အမှုထမ်းများနှင့်သော်လည်းကောင်း၊ မြို့ဝန်ကတော်ကလေးများနှင့်သော်လည်းကောင်း အရောတဝင်ခင်မင်လျက် ရှိကြ လေသည်။

မြို့ဝန်မင်း ဦးသာအိုးသည် မင်းတုန်းမင်းတရားကြီး၏ အိမ်တော်ပါ ငယ်ကျွန် ရင်းလည်းဖြစ်သည်။ ပုဂံမင်းကို ပုန်ကန်ခြားနားစဉ်က တိုက်ပွဲအများမှာ ပါဝင်ဆင်နွှဲ အကျိုးတော်ဆောင်ရွက်ခဲ့သူလည်းဖြစ်ရာ၊ ရတနာပုံထီးနန်း၌ စံမြန်းရသောအခါ အထူးသဖြင့် သဒ္ဓါယုံမှတ်တော်မူ၍ အခွင့်အရေးအထူးပေးခဲ့သည်။ မြို့ဝန်မင်း၏ ရာထူးဖြင့်လည်း ချီးကျူးသူကောင်းပြုတော်မူခဲ့သည်။ သို့ကြောင့် ဦးသာအိုးမှာ နေပြည်တော်ရှိ မြို့ဝန်များအနက်တွင် တန်ခိုးကြွဒ္ဓိပါဒ်နှင့် အထူးပြည့်စုံသူဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံနန်းစံ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် မြို့ဝန် ၃-ဦးခန့်ထားရှိနေသည်။ (၁) မြို့ဝန်ဦးသာအိုးမှာ မင်္ဂလာအိမ်တော်ပါဖြစ်သည်။ ဘွဲ့မှာ မင်းကြီးမဟာမင်းခေါင်သူရိန်ဖြစ်၍ မြို့သာမြို့ကို စားရသည်။ မင်းကြီးများကဲ့သို့ မိုးကြိုးထွေးခံရသည်။ တစ်နှစ်လျှင် လစာငွေတစ်သောင်း (၁၀၀၀၀) စားရသည်။ (၂) မြို့ဝန် ဦးပေစိ၊ ဘွဲ့မှာ မဟာမင်းတင်စည်သူဖြစ်၍ ယင်းတော်မြို့နှင့် စုံးမြို့ကို စားရသည်။ လစာငွေတော် တစ်နှစ်လျှင် ရှစ်ထောင် (၈၀၀၀)ရရှိသည်။ (၃) ရန်အောင်မြင်မြို့စား မြို့ဝန်မှာ မင်းကြီးမဟာမင်းခေါင် ကျော်ထင်ဘွဲ့ရသည်။ လစာငွေတော်မှာ တစ်နှစ်လျှင် ရှစ်ထောင်(၈၀၀၀)ရရှိသည်။

သီပေါမင်းတရားလက်ထက် မြို့ဝန် ၃ ဦးမှာ-

၁။ ဦးပေစိကိုပင် ယင်းတော်မြို့စားမင်းကြီး သီရိမဟာဇေယျဂါမဏိဘွဲ့နှင့် ဆက်လက်ခန့်အပ်သည်။

၂။ ဦးချက်ခေါ် ဦးချိပ်အား ရွှေလှံမြို့ဝန် ကောလင်းမြို့စားမင်းကြီး မဟာမင်းခေါင်နော်ရထာဘွဲ့နှင့် ခန့်သည်။

၃။ အက္ကပတ်မြင်းဝန်ကို မြို့ဝန်ခန့်၍ ပင်လယ်မြို့ကိုစားရသည်။ ဘွဲ့မှာ မင်းကြီးမဟာမင်းထင်ရာဇာကျော်ဖြစ်သည်။

ယင်းမြို့ဝန် ၃ ဦးလုံး လခတော်ငွေမှာ တစ်နှစ်လျှင် ရှစ်ထောင်(၈၀၀၀)စီ အညီအမျှရကြလေသည်။

ရွှေမြို့တော်ဝန် ဦးသာအိုးသည် ဦးပုညနှင့် ဆက်သွယ်မိသောအချိန်မှာ အသက် ၆၃ နှစ်ပင်ရှိနေပြီ။ ဝန်ကတော်ကြီး မမည္ာမှာ ပွဲတက်မယားကြီးဖြစ်သည်။ ၎င်းမယားကြီးအပြင် မြို့ဝန်မင်း ဦးသာအိုးမှာ မယားငယ်ပေါင်းများစွာ ရှိလေသည်။ ဂဏန်းအရေအတွက်နှင့် မှတ်သားရလျှင် လေးဆယ်ကျော်၊ ငါးဆယ်ခန့်ရှိသောဟူ၏။

၎င်းမယားငယ်ကလေးများ၏ အသက်မှာ များစွာနုနယ်ငယ်ရွယ်ကြသည်။ ၁၅ နှစ်အရွယ်၊ ၂၀ အရွယ်နှင့် အလွန်ဆုံး ၃၀ ရွယ်လောက်သာရှိကြ၍ လှပချောမွေ့ ပြေပြစ်ကြသူများချည်းနှင်နှင်။ ထိုအငယ်အနှောင်း မယ်အပေါင်းတို့မှာလည်း ကိုရင်ကြီးလူထွက် ဦးပုညနှင့် မိန်းမသားဘာဝ ဗေဒင်ဓာတ်ရိုက်ယတြာအမှုတို့၌ ဝါသနာထုံသူများဖြစ်ကြရာ၊ ဦးပုညထံသို့ ဗေဒင်ဆေးဝါးကိစ္စနှင့် ထွက်ဝင်နေကြလေသည်။

ဦးပုညမှာ ၁၅ နှစ်သားမှစ၍ ကိုရင်ဝါ ၃၅ နှစ်၊ အသက် ၅၀ အထိ မည်သည့် က္ကတ္တိယမိန်းမသားများနှင့်မျှ ထိပါးရောနှောခြင်းအမှုကို မပြုခဲ့ဖူးသော်လည်း ရတနာပုံနေပြည်တော်၌ အကျော်အမော် ပညာရှိတစ်ဦးအဖြစ် အထူးကျော်ကြားခဲ့စဉ်တွင် ဗေဒင်ဝါသနာပါသူမိန်းမသားတို့က အထူးလာရောက် ရောနှောဆက်ဆံမှုတွေပြုနေလေ့ရှိကြကြောင်း။ ထို့ကြောင့် ဦးပုည၏ မေတ္တာစာတစ်စောင်တွင် (အချော



www.burmeseclassic.com

www.burmeseclassic.com



အနု၊ ပုပုမြင့်မြင့်၊ အခန့်သင့်ကလေး သေးသေးသွယ်သွယ် အပြေရှိအရွယ် မငယ်လွန်း မကြီးလွန်း၊ ဇွန်းခြစ်တစ်မျိုး၊ အထိုးခံအုန်းသီး ဘုန်းကြီးကြိုက်၊ မင်းကြိုက်၊ ကာလသားများနှင့် လားလားမျှမထိုက်၊ ဗျာဆံဝိုက် ဗျာဆံခါအပျိုတွေလာလွန်းလို့ ဆရာတော်ကျောင်းပေါ်မှာ ကြိမ်းဆော်၍ ချရသေးသည်)စသည်ဖြင့် ရေးသားထား ခဲ့သည်။ သို့ရာတွင် ဆရာကြီးဦးပုညမှာ ပုထုဇဉ်သား လူယောကျ်ားပင် ဖြစ်ရှာသဖြင့် ကြာသော် စိတ်ဓာတ်ဖောက်ပြန် မူဟန် ချို့ယွင်းခဲ့ရှာလေသည်။

ယင်းသို့ရှိနေစဉ် မြို့ဝန်မင်း ဦးသာအိုး၏ မယားငယ်တစ်ဦးဖြစ်သူ မရွှေလုပ် သည် ဆရာကြီးဦးပုညအား မကြာခဏ ထိပါးရောနှော ကာမဂုဏ်အာရုံဇောကို ကြွစေသည်။ ဤတွင် ထောင့်ငါးရာသော ကိလေသာမီးတောက် ဟုန်းခနဲတောက်ပြီး ချဉ်သီးနှင့်ဆားကဲ့သို့ ယဉ်ပါးမိသွားခဲ့လေသည်။ ဤသည်ပင် ရှင်လူထွက် အသက် ၅၀ ရွယ် ကိုရင်ကြီးဦးပုညမှာ အကုသိုလ်ဂြိုဟ်ဆိုးများ ဝင်ရောက်လာခဲ့လေတော့ သည်။

လက်ဖက်ရည်တော်ရွာ စည်ရွာစားဦးပုညနှင့် ရွှေမြို့တော်ဝန်မင်း ဦးသာအိုး၏ ဝန်ကတော်ကလေး မရွှေလုပ်တို့ မှောက်မှားဖောက်ပြားနေကြသော သတင်းမှာ ကြာလျှင် မြို့ဝန်မင်းနားသို့ပေါက်ကြား၍ အမှုသွားစုံစမ်းသောအခါ အမှန်တကယ် ဖြစ်ကြောင်း သက်သေခံအထောက်အထားများနှင့်တကွ ဖမ်းမိလေရာ၊ မြို့ဝန်မင်းမှာ အသားများ ဆတ်ဆတ်ခါအောင် နာကျည်းလျက် ဒေါသအမျက်ပြင်းစွာထွက်လေ၏။ တန်ခိုးအရှိန်အမော်ကြီးသလောက် အလွန်လျှင် စိတ်ထားထက်မြက် ဒေါသထွက်ရ သည့်အားလျော်စွာ ဦးပုညနှင့်မရွှေလုပ်တို့ နှစ်ယောက်သားကို ဖမ်းဆီးနှိပ်စက် မွမွ ကြေမျှ ရိုက်နှက်ခြင်းပြုလေတော့သည်။

ယင်းသို့ မြို့ဝန်မင်းကနှိပ်စက်ရုံနှင့် အားမရ၊ အမျက်ဒေါသမပြေဘဲ သားရေ ပေါ်အိပ် သားရေနားစားသော ခွေး၊ နွားပိန်ထူလူခွေ့၊ အရိပ်နေနေ အခက်ချိုးချိုး ပြုသူ၊ မိမိကျေးဇူးဖြင့် မင်းပါးစိုးပါးရောက်ရာမှ ကျေးဇူးမသိတတ်သူဖြစ်၍ အပြီးအ ပြတ် သတ်ဖြတ်ပစ်မည်ဟုဆိုသည်။ နောက်တစ်နေ့ညတွင် ဝင်းအတွင်း ဇာတ်ပွဲသွင်း ၍ ဆူညံချိန်မှာ ဦးပုညကိုသတ်၍မြှုပ်နှံရန် ကျင်းများတူးခိုင်းထားလေသည်။

မြို့ဝန်မင်း၏ ယင်းသို့သောအကြံအစည်များကို အထောက်တော်များက ကြိုတင်ကြားသိထားသောအခါ သူတို့ဝတ္တရားအတိုင်း မကြာမဆိုင်း မင်းတုန်းမင်း တရားကြီးအား လျှောက်တင်အစီရင်ခံကြရလေသည်။

ဤတွင် မင်းတုန်းမင်းတရားကြီးသည် ဦးပုညအား လက်မလွန်ခင် အလျင်အ မြန်ကယ်တင်မှဖြစ်တော့မည်ဟု မိန်းမစိုးသီရိရွှေတောင်ကို စေလွှတ်၍ မြို့ဝန်မင်း ဦးသာအိုးအား သွားရောက်ခေါ်ငင်စေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်မင်းသည် မိန်းမစိုး သီရိရွှေတောင် လာရောက်ခေါ်ဆောင်ခြင်းကြောင့် အရေးတကြီး ရှေ့ရှုံးတော်ကဆင်း၍ ကြောက်ရွံ့ခြင်းပြင်းစွာနှင့် ရွှေနန်းတော်သို့ လိုက်ပါလာခဲ့ရလေသည်။

မြို့ဝန်မင်းဦးသာအိုး ဘုန်းတောက်သော်လည်း မင်းတရားကြီးခေါ်တော်မူသည် ဆိုသောအခါ ထိတ်ထိတ်ပျာပျာနှင့် အလွန်ကြောက်ရွံ့ရှာသည်။ မင်းတုန်းမင်းတရားကြီး စံနေတော်မူရာ နံ့သာနန်းတော်သို့ ခစားရန်ဝင်ရောက်လာပြီး ဦးချပျပ်ဝပ်စွာ နေလေသည်။

မြို့ဝန်မင်း ဦးသာအိုးရှေ့မှောက်သို့ ခစားရောက်လေသောအခါ မင်းတရားကြီးက အထောက်တော်များထံက ကြားရသော သတင်းလျှောက်တင်လွှာအတိုင်း ဟုတ် မဟုတ် မေးမြန်းတော်မူလေသည်။

မြို့သာမြို့စား ရွှေမြို့တော်ဝန် ဦးသာအိုးကလည်း မဖုံးမကွယ်မှန်ကန်ကြောင်း၊ သည်းမခံနိုင်အောင် ပရဒါရကံကျူးလွန်သူ မောင်ပုညအား လူ့ဘဝတွင် မထားလို သောကြောင့် သတ်ဖြတ်မြှုပ်နှံရန် ကျင်းတူးမိပါကြောင်း သံတော်ဦးတင်လေသည်။

မင်းတရားကြီးသည် ပညာရှိတစ်ဦး မသေမပျောက်စေရန် ဆန္ဒတော်ရှိသည့် အလျောက်. . .

'သာအိုးရယ်. . . ပညာရှိသော်လည်း သတိဖြစ်ခဲဆိုတဲ့စကားလို မောင်ပုညဟာ တရားပျက်ပေမင့် ငါ့ဘုန်းတော်ကံတော်ကြောင့် ပေါ်လာတဲ့ ပညာရှိကဝိတစ်ယောက် ဖြစ်တယ်။ ငါ့ကျွန်ကြီးသာအိုးမှာလည်း မယားငယ်တွေအများအပြားရှိသည်။ မင့်မယားကြီးကို ဖျက်ဆီးကျူးလွန်ခဲ့ရင် ငါတားမြစ်မည်မဟုတ်ဘူး။ ယခုလိုမယား ငယ်တစ်ယောက်အတွက်နှင့် ပညာရှိတစ်ယောက်အသက်ကို မသတ်စေလိုဘူး. . . မောင်မင်း. . . သည်းခံရမည်'ဟု ဆုံးမတော်မူလေသည်။

မြို့တော်ဝန်ဦးသာအိုးသည် အငြိုးမပြေနိုင်သော်လည်း မင်းတရားကြီးကို ကြောက်ရွံ့သောကြောင့် 'သည်းခံပါမည်ဘုရား' ဟု လျှောက်ထားကတိပြုရလေသည်။ ဤတွင် မင်းတရားကြီးက-

'ကောင်းပြီ မနက်ဖြန်ညီလာခံမှာ မောင်ပုည လာရောက်ခစားရမည်'

ဟု အမိန့်တော်ရှိလေသည်။ ထိုအမိန့်တော်သည် နောက်တစ်နေ့ ဦးပုည သေမသေ သိတော်မူချင်၍ပေးသော အမိန့်တော်ဖြစ်၍ မြို့ဝန်မင်းဦးသာအိုးမှာ မလှုပ်သာအောင် ရှိတော့သည်။

ထိုခေတ် ထိုအချိန်က ဦးသာအိုးမှာ လွန်စွာတန်ခိုးထက်မြက်သော မြို့ဝန်မင်း ဖြစ်ပါသည်။ လွှတ်တော်ကိုပင် မထီမဲ့မြင်ပြုလိုသောအခါ ပြုခဲ့သူဖြစ်သည်။ ထုံးစံ အတိုင်း ရာဇဝတ်သားများကို သတ်ရန်ရှိသောအခါ လွှတ်တော်သို့ မြို့ဝန်ကအမိန့်ခံ



www.burmeseclassic.com

www.burmeseclassic.com



၍ သုံးတန်းတောင်းရရိုးထုံးစံရှိပါလျက် အချို့ရာဇဝတ်ကောင်များကို သူသတ်လိုက အရင်သတ်လိုက်သည်။ ပြီးမှ လွှတ်တော်သို့ သုံးတန်းတောင်းခံလွှာ ပို့တတ်သည်။ လွှတ်တော်ဝန်ကြီးများကလည်း သတ်စေအမိန့်ချမပေးရမီ ကြိုတင်သုတ်သင်လိုက်ခြင်းကို အလိုမကျ၊ သို့သော် သုံးတန်းပေးရမည့် ရာဇဝတ်ကောင်ဖြစ်သောကြောင့်သာ အကျယ်အပွား အပြစ်တင်ခြင်းမပြုကြပေ။

ထိုနေ့ကပင် နန်းတော်မှပြန်လာသော မြို့ဝန်ဦးသာအိုးသည် နေအိမ်ရောက်သောအခါ ဦးပုညနှင့် ဝန်ကတော်ကလေး မရွှေလုပ်တို့ကိုခေါ်၍ 'မိရွှေလုပ် ငါ့ကိုမချစ်ခင်၊ အပြင်လူတစ်ဦးကို ခင်တွယ်လို့ရှိမှ ယနေ့ကစ၍ ငါနှင့်ပြတ်ကင်းပြီ။ ငါ့အိမ်ကဆင်းလို့ မင်းကြိုက်ရာလူကို ယူနိုင်ရန် ခွင့်လွှတ်စာပေးလိုက်ပြီ'ဟုပြောကာ ဦးပုညကိုလည်း 'တစ်နေ့က ဒေါသအလျောက် အော်ငေါက်ကြိမ်းမောင်း၍ ဦးခေါင်းဆိုင်၍ တိုက်မိသည်တို့ကို အမှတ်မစွဲထားပါနှင့်။ ကျုပ်မယား မိရွှေလုပ်ကိုခေါ်သွားလျက် ရာသက်ပန်ပေါင်းပါလေတော့. . . 'ဟုဆိုကာ ပေးစားလိုက်လေသည်။

သို့ရာတွင် မရွှေလုပ်မှာ အရိုက်ခံထားရသောဒဏ်ရာက အတွင်းကြေ ကြေနေပြီဖြစ်၍ ဦးပုည အိမ်သို့လိုက်သွားပြီး ပေါင်းသင်းနေထိုင်ရစေကာမူ ခြောက်လလောက်ရှိသောအခါ ကွယ်လွန်အနိစ္စရောက်ရရှိသည်ဟု မှတ်သားကြရလေသည်။

မင်းတုန်းမင်းတရားကြီးသည် တပည့်ကျော် မြို့ဝန်မင်းဦးသာအိုးကို ဟောပြောဆုံးမတော်မူလိုက်ပြီးနောက်၊ နောက်တစ်နေ့နံနက် ညီလာခံတွင် မြို့ဝန်ဦးသာအိုးဝင်ရောက်ခစားပြီး၊ ဦးပုညကိုလည်း တွေ့မြင်တော်မူရသောအခါ ဦးသာအိုးသည် ဦးပုညအပေါ် စိတ်ပြေကျေနပ်မှုပြသော်လည်း နောင်သောအခါ ရန်ငြိုးဖွဲ့လျက် နှိပ်စက်ကလူပြုမှုဦးမည်စိုးရိမ်သောကြောင့် ဦးပုညကို ဦးသာအိုးနှင့် တွဲဖက်အမှုမထမ်းစေတော့ဘဲ ရွှေတိုက်အတွင်းဝန်မင်း ကောလင်းမြို့စားမင်းကြီး မဟာသက်တော်ရှည်ဘွဲ့ခံ ဦးရှင်ကလေး၏ဌာနဖြစ်သော ရွှေတိုက်တော်မှနေ၍ အမှုတော်ထမ်းရွက်နေထိုင်ရလေသည်။

ဦးပုညသည် အသက် ၅၃ နှစ်အရွယ်သို့ ရောက်သောအခါ ဒုတိယဇနီးသည် တစ်ဦးနှင့် အိမ်ထောင်ထူလေသည်။ ၎င်းဒုတိယဇနီးမှာ ရတနာပုံနေပြည်တော် တောင်ပြင်မင်္ဂလာဈေးအရပ်သူ မမွှေးအုံးဖြစ်လေသည်။

ဦးပုညသည် ရွှေတိုက်တော်တွင် ခယ ထမ်းရွက်ရသော်လည်း ထိုဌာန၌ ပျော်ရွှင်နှစ်သက်ခြင်းမဖြစ်ရှာလေ။ အကြောင်းမှာ ရွှေတိုက်အတွင်းဝန်မင်းကလည်း များစွာအလေးမထား၊ အမှတ်မဲ့နေသည်ကတစ်ကြောင်း၊ ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ မျက်နှာတော်ကို သုံးလေးလမှတစ်ကြိမ်သာ ဖူးမျှော်ခွင့်ရရှိသောကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ရွှေတိုက်တော်အမှုထမ်းဘဝမှ အခြားဌာနတစ်ခုသို့ ပြောင်းရွှေ့အမှုထမ်းလိုသောစိတ် ပေါ်ပေါက်နေခဲ့ရာမှ သူ၏မိတ်ဆွေဟောင်းတစ်ဦးဖြစ်သူ မိန်းမစိုးရွှေတောင်သီရိနှင့် တွေ့သောအခါ မိမိဤဌာန၌ မပျော်ပိုက်လှသောကြောင့် အခြားဌာနတစ်ခုခုသို့ ပြောင်းရွှေ့အမှုတော်ထမ်းလိုပါကြောင်း အကူအညီတောင်းလေသည်။

မိန်းမစိုး ရွှေတောင်သီရိသည် မင်းတုန်းမင်းတရားကြီးထံ အချိန်အခါမရွေး ဝင်ရောက်ခစားနိုင်သူဖြစ်သောကြောင့် ဦးပုည၏အလိုဆန္ဒဖြစ်သည့် မင်းတုန်းမင်းတရားကြီးနှင့် အနီးအပါးတွင် ခစားထမ်းရွက်နိုင်ရန် အမိန့်တော်ခံပေးလေသည်။

ထို့ကြောင့် မင်းတရားကြီးက ဦးပုညအား မှန်နန်းဧနုဆောင်တော်က စာတော်ဖတ်များနှင့်အတူ ခစားစေရန် အမိန့်တော်မှတ်ပြီးလျှင် တောင်ရွှေရေးဆောင်မိဖုရား၏ မောင်တော်အရင်းဖြစ်သူ(ယောက်ဖတော်) ဆင်ဝန်ယင်းတော်မြို့စားမင်း ဦးရွှေအိုက မောင်ပုညကို ကြည့်ရှုစောင်မစေရန် လွှဲပြောင်းအပ်နှံတော်မူလိုက်လေသည်။ ဤတွင် ဦးပုညသည် မင်းတရားကြီးနှင့် အခါမပြတ် ဖူးတွေ့ရခြင်း၊ တရင်းတနှီး စေခိုင်းတော်မူသော သီဟဗာဟုပြဇာတ်ကို ပျော်ရွှင်စွာနှင့် ရေးသားဆက်သွင်းရရုံမျှမက၊ အခြား ကဗျာ၊ လင်္ကာစာပေ၊ မော်ကွန်းစသည်များကိုလည်း ရေးသားဆက်သွင်းခဲ့ရခြင်းဖြင့် မင်းတရားကြီး၏ ယုံမှတ်ချစ်ခင်ခြင်းကို တိုးတက်ခံယူရရှိခဲ့ရလေသည်။

ထိုဌာန၌ အမှုထမ်းရခြင်းကို ဦးပုည ပျော်ရွှင်ပါသည်။ ထို့ထက် ပိုမို၍ပျော်ရွှင်နှစ်သက်ရန် အကြောင်းများကလည်း ဖန်လာပြန်ပါသည်။ ဦးပုညအား ကြည့်ရှုစောင့်ရှောက်ရသူဖြစ်သော ဆင်ဝန်ဦးရွှေအိုသည် တောင်ရွှေရေးဆောင်မိဖုရား၏ မောင်အရင်းဖြစ်သည်။ တောင်ရွှေရေးဆောင်မိဖုရား၏ သားတော်နှစ်ပါးမှာ မြင်ကွန်းမင်းသားကြီးနှင့် ညီတော် မြင်းခုံတိုင်မင်းသားတို့ဖြစ်ကြ လေသည်။

ဆင်ဝန်ဦးရွှေအိုနှင့် မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားညီနောင် တူဝရီးသုံးဦးတို့သည် ဦးပုညကို လက်ကိုင်ထားရခြင်းကြောင့် ဦးပုည သဘောကျပေးကမ်းချီးမြှောက်ကာ ခင်မင်နှစ်သက်စွာ ဆက်ဆံကြခြင်းဖြင့် ရင်းနှီးအောင်ပြုထားကြလေသည်။

ဦးပုညသည် အလျင်က အပ်နှင်းခံရသော မြို့ဝန်ဦးသာအိုးနှင့်သော်လည်းကောင်း၊ ရွှေတိုက်အတွင်းမင်းနှင့်သော်လည်းကောင်း၊ အဆင်မပြေခဲ့ရသော်လည်း ယခု ဆင်ဝန်ဦးရွှေအိုနှင့် တူတော် မြင်ကွန်းမင်းသားတို့၏ ဂရုစိုက်ပြုစုချီးမြှင့်မှုများကို အထူးကျေနပ် ဝမ်းမြောက်မိလျက်ရှိသည်။ အတုံ့အပြန် ခင်မင်မှုလည်း ရှိခဲ့လေ သည်။ ဦးရွှေအိုနှင့် မြင်ကွန်းမင်းသားညီနောင်တို့ကလည်း ဦးပုညအား မိမိတို့ဘက်သားဖြစ်နေအောင် အကြံအစည်ပြုထားသည့်အားလျော်စွာ အစစအရာရာ ဦးပုညစိတ်ချမ်းသာစေရန် ဆန္ဒပြုနေသူများ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပုညကလည်း မြင်ကွန်းမင်းသားကြီး၏ စိတ်နေစိတ်ထား ရဲရင့်ခြင်း၊ သတ္တိဗျတ္တိနှင့်ပြည့်စုံမှုရှိကြောင်း သိရ၍ အထူးကြည်ညိုချစ်ခင်လျက် ရှိလေသည်။ သို့သော် ဆင်ဝန်မင်းဦးရွှေအိုနှင့် တူတော် မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားတို့၏ လျှို့ဝှက်နက်နဲသော စီမံကိန်းများ၊ မကောင်းကြံစည်နေမှုများ တစ်နေ့တွင် ခမည်းတော်ကို ပုန်စားပုန်ကန်ပြုရန် ကြံစည်စည်းရုံးနေမှုများကို လုံးဝမသိရှာသူသာလျှင် ဖြစ်ပါလေသည်။

သို့ကြောင့် တစ်ခါတစ်ရံ မြင်ကွန်းမင်းသားကြီး၏ ရဲရင့်သတ္တိပြောင်မြောက်မှုများကိုပင် ဂုဏ်ပြုတေးထပ်များ ရေးစပ်ပေးဆက်ခဲ့သည်။ ဤလိုအခါတွင် မင်းသားကြီးကလည်း ဆုတော်တွေ တစ်ပွေ့တစ်ပိုက်ကြီးပေးလေ့ရှိရာ ဦးပုညမှာ အလွန်ပျော်ရွှင်အားရဖြစ်ခဲ့လေသည်။

## ဦးပုညရေး မြင်ကွန်းမင်းသားကြီးဘွဲ့ တေးထပ်တစ်ပုဒ်မှာ

သူပြောင်လျှင် ခေါင်စွန်သို့ ပြောင်ဝန်တဲ့သူပါ၊ ရှောင်မရှိ ကျောက်သို့မာလျှင်၊ နောက်တော်ပါ သံချောင်း။ ပျော့ကြစို့ တကယ်ဆိုလျှင် ရွှေဆီကိုချက်တဲ့ဖယောင်း။ အိုးတော်က ပဲ့ပိန်လျှင်၊ ရွှဲလိမ့်ချည့်စလောင်း။ သူချိုလျှင် ကြံချောင်းပေ့ါ၊ ဉာဏ်တစောင်းပြုမူ။ တမာပင်ခေါင်းဖျားက၊ ကြက်ဟင်းခါးသီးနိုင်တဲ့လူ။ သူမည်းလျှင် မှောင်ကူမယ်။ သူဖြူလျှင် ဖြူခြင်းပ၊ ကြင်ခြင်းကြင်မယ်ဆို၊ ကိုးဆလောက်ပို။ ရဲကြစို့ တကယ်ဆိုလျှင်၊ ဓားပြဗိုလ် လုပ်မယ်ကွဲ့လေး။

မြင်ကွန်းမြို့စားမင်းကြီးသည် ရတနာပုံထီးနန်းကို စိုးမြန်းသိမ်းပိုက်လိုသောအာသာဆန္ဒက ကြီးမားလှ၍ အနေ့နေ့ အရက်ရက်က အကွက်ကောင်းသည်နှင့် တစ်ပြိုင်နက် ပုန်ကန်လုယက်ရန် ရည်သန်ကြံစည်လာခဲ့သူဖြစ်သည်။

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း မင်းတုန်းမင်းတရားကြီး၏ သားတော်ကြီးများ မိမိအပါအဝင် အသီးသီးရှိကြစေကာမူ ထီးမွေနန်းလျာအဖြစ်နှင့် မည်သူ့အားမျှ လျာထားရွယ်စူးခြင်းမခံရဘဲ ညီတော်ကနောင်မင်းကိုသာ ထီးမွေနန်းလျာ အိမ်ရှေ့မင်းအဖြစ်ခန့်ထားခဲ့ရာမှ မိမိတို့ သားတော်များအဖို့ မျှော်လင့်ချက်မရှိတော့ပြီ။ အိမ်ရှေ့စံကနောင်မင်းထံမှ နောက်ထပ် ထီးမွေနန်းရံ ဆက်ခံရမည့်သူများမှာလည်း မိမိတို့မဟုတ်တော့ဘဲ အိမ်ရှေ့စံ ကနောင်မင်း၏သားတော် ပတိမ်းမင်းသားသော်လည်းကောင်း၊ ထန်းတပင်မင်းသားကလေးသော်လည်းကောင်း အစဉ်အလာအရ ထီးနန်းဆက်ခံခွင့်ရရှိရန် ရှိကြလေသည်။

သို့ကြောင့် ထီးနန်းကို အကြမ်းဖက်၍လုယက်မှသာ ရနိုင်တော့မည်ဟု နှလုံးချထားသည့်အားလျော်စွာ တိတ်တဆိတ် နောက်လိုက်နောက်ပါလူများ စုဆောင်းသိမ်းသွင်းထားခြင်း၊ ဓားလှံစသောလက်နက်များ လုပ်ဆောင်စုဆောင်းထားခြင်း၊ ဓားရေး



www.burmeseclassic.com

www.burmeseclassic.com



လုံ့ရေးကောင်းများ၊ သတ္တိဗျတ္တိကောင်းကျေးကျွန်များကို လက်သပ်မွေးမြူထားခြင်း စသော ပြုဖွယ်ကိစ္စအဝဝတို့ကို သွေးစည်းစုရုံးထားခဲ့ရာမှ ဗေဒင်ကိန်းခန်း ယတြာ အတတ်၌ ကျွမ်းကျင်လှသော ပညာရှိကြီးဦးပုညကို လက်ကိုင်ရထားခြင်းဖြင့် ထီးနန်း လုယူရန် အချိန်အခါကို ဦးပုညက ရွေးချယ်တွက်ချက်ပေးစေရန် ရည်သန်ခဲ့သည်။

ယင်းရည်ရွယ်ချက်အတိုင်းပင် တစ်နေ့သောအခါ မြင်ကွန်းမင်းသားကြီးက မိမိ အိမ်တော်သို့ ဦးပုညကိုခေါ်ယူပြီးလျှင် တီးတိုးတိုင်ပင်ခြင်းပြုလေသည်။

မြင်ကွန်းမင်းသားကြီးက ဦးပုညကိုတိုင်ပင်သော အရေးအကြောင်းမှာ ယခုလာ မည့် ၁၂၂၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်နေ့မှာ ခမည်းတော် မင်းတုန်းမင်း တရားကြီး မင်္ဂလာဥယျာဉ်စံနန်းတော်သို့ ထွက်တော်မူလိမ့်မည်။ နောက်တစ်နေ့ဖြစ် သော နယုန်လပြည့်ကျော် ၆ ရက်နေ့တွင် လယ်တော်ဆင်း၍ လယ်ထွန်မင်္ဂလာပြု လုပ်လိမ့်မည်။ ခမည်းတော် မင်းတုန်းမင်းတရားကြီးကိုယ်တိုင် လယ်တော်ထွန်မည်။ ခမည်းတော်ဘုရားနှင့်အတူ ဘဒွေးတော် အိမ်ရှေ့မင်း၊ နောက် သားတော်၊ ညီတော် နေရာတော်နေ မင်းသားများနှင့် အစုံအညီ လယ်ထွန်မင်္ဂလာပွဲ ဆင်နွှဲကျင်းပတော်မူ ကြမည်။

ယင်းသို့ မင်းစုံမင်းညီ လယ်ထွန်မင်္ဂလာပွဲဆင်နွှဲနေချိန်တွင် မိမိကိုယ်တိုင်နှင့် တကွ သွေးစည်းစုရုံးထားသော ရဲဘော်ကျွန်တော်မျိုး ၇၀ ကျော်တို့က ဝင်ရောက်လုပ် ကြံမည်။ ခမည်းတော်၊ ဘဒွေးတော်နှင့်တကွ နောင်တော်၊ ညီတော်များကို ကျူပင် ခုတ် ကျူငုတ်မကျန်ရလေအောင် လုပ်ကြံပြီးလျှင် ရွှေနန်းပျံကို သိမ်းမြန်းစိုးစံတော် မူမည်။

သို့အတွက် ထိုနေ့ရက်၌ လုပ်ကြံရန် အချိန်အခါကောင်းမကောင်း၊ နက္ခတ် အနေ သင့်မသင့်၊ ရွေးချင့်လျှောက်တင်ရမည်။ ကိုယ်တော်၏အကြံအောင်၍ ရွှေနန်း တက်သောအခါ၊ မောင်ပုညအား အမတ်ကြီးတစ်နေရာကို သဒ္ဓါတော်မူမည်. . ဟု အမိန့်တော်ရှိလေသည်။

ဦးပုညသည် ထိုအမိန့်ကိုကြားရသောအခါ ထိပ်ထိပ်ပျာပျာ ဖြစ်မိရှာသည်။ မသင့်လျော်သော အကြံတော်ကိုမပြုရန် တောင်းပန်မည်ကြံသော်လည်း မြင်ကွန်း မင်းသားကြီး၏ဓားက မည်မျှထက်သည်ကို နားလည်သည်။ မိမိအကြံအစည်ကို မလိုက်ပါလျှင် တစ်ထိုင်တည်းမှာပင် လည်ပင်းပြတ်ရမည်ကို ကြိုတင်ပူပန်မိရှာ သည်။

လောလောဆယ်အားဖြင့် နီးရာဓားက ပို၍ထက်နေမည်ကို သိသည်။ နောင် အကြံအစည်အောင်ပါက အမတ်ကြီးတစ်နေရာဆိုသော ဇရာမရာထူးကြီးကို ရဦးမည်ဖြစ်သော မက်လုံးကလည်း စိုးရိမ်ပူပန်မှုကို ဖုံးလွှမ်းသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော ဝိသမလောဘကလေး သွေးဆောင်ခြင်းကြောင့်လည်း မြင်ကွန်းကိုယ်တော်ခိုင်းတော်မူရာ ပြုလုပ်ထမ်းရွက်ပါမည်ဟု ကတိပြုလိုက်လေသည်။ သို့ဖြစ်သောကြောင့် ၁၂၂၇ ခု၊ နယုန်လပြည့်ကျော် ၆ ရက်၊ လယ်ထွန်မင်္ဂလာကျင်းပချိန်တွင် လုပ်ကြံရန်သင့်မသင့်၊ တွက်ချင့်ကြည့်သောအခါ ထိုရက်မှာ အချိန်အခါမကောင်းလှသေး။ ၎င်းပြင် ခမည်းတော် မင်းတရားကြီး လယ်ထွန်မင်္ဂလာဆင်ယင်ကျင်းပတော်မူခိုက်မှာ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်များက လယ်တော်ပတ်လည်တစ်ဝိုက်မှာ အထပ်ထပ်ဝိုင်းအုံခြံရံလျက်ရှိနေမည်ဖြစ်ပါသည်။

သည်အခါမျိုးမှာ ဝင်ရောက်လုပ်ကြံရန် ခက်ခဲမည်ဖြစ်ရုံမက အထပ်ထပ်ဝန်းရံစောင့်ကြပ်ထားသော တပ်များက လေးဖက်လေးတန် ဝန်းရံထားခြင်းဖြင့် အလွယ်တကူ အရှင့်ကျွန်များကိုဖမ်းမိနိုင်ရန် ရှိပါကြောင်း လျှောက်တင်လေလျှင် မြင်ကွန်းကိုယ်တော်ကြီးက သည့်နှယ်ဖြစ်လျှင် မည်သည့်နေ့ရက်မှာ အချိန်အခါကောင်းမည်ဟု မောင်ပုညက ထပ်မံတွက်ချက်တင်ပြရမည်ဟု အမိန့်တော်ချလေသည်။

ဦးပုညသည် မိမိတာဝန်ယူခဲ့ရသည့်အတိုင်း နောက်ထပ်အချိန်အခါများကို တွက်ချက်၍ အခါပေးခြင်းပြုရလေသည်။ ဦးပုည၏ အခါပေးသောနေ့ရက် အချိန်နာရီများမှာ သက္ကရာဇ် ၁၂၂၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့ဖြစ်လေသည်။

၎င်းနေ့ရက်ကို အကြံပြုရန် အခါပေးတွက်ချက်ရာ၌ ဇာဂရုပုဏ္ဏား သိုက်ဟောကိန်း၊ နတ်စက်ရောင်ဆရာတော် သိုက်များနှင့်တကွ လက်ရှိဗြိုဟ်နေဗြိုဟ်ထားအချိန်နရီများနှင့် အထပ်ထပ် အပြန်ပြန်တွက်ယူရရှိသော အခါပေးစာတမ်းကြီးဖြစ်လေသည်။

ထိုအခါပေးစာတမ်းနှင့်ပတ်သက်၍ အချို့ဗေဒင်ပညာရှိများက ဦးပုညရွေးပေးသောအခါသည် အသိုင်းအဝိုင်းအားဖြင့် မှန်ကန်သင့်မြတ်သော်လည်း အချိန်နရီက အနည်းငယ်အားပျော့လျက်ရှိခြင်းကြောင့် မြင်ကွန်းမင်းသား အောင်မြင်မှုမရခြင်းဖြစ်သည်။ ဤနေရာတွင် အခါပေးဗေဒင်ဆရာ ပညာရှိကြီးဦးပုညသည် နီးရာဓားကိုကြောက်၍ အခါရွေးပေးရသော်လည်း သူ၏ကျေးဇူးရှင်အစစ် ဘုရင်မင်းတရားကြီးအား တစ်နည်းတစ်လမ်း ထောက်ထားငဲ့ညှာလျက် တမင်သက်သက် အချိန်လွှဲပေးလိုက်ခြင်းဖြစ်ရမည်ဟူ၍ ယူဆကြသည်ဟု အဆိုပြုကြလေသည်။

ယခင်က ရေးသားအပ်ခဲ့သည့်အတိုင်း မြင်ကွန်းမင်းသားကြီးညီနောင်တို့သည် လုပ်ကြံတိုက်ခိုက်မှု မအောင်မြင်သောအခါ ခမည်းတော်ပိုင် ရေနန်းစကြာသင်္ဘောကို လုယူပြီး သင်္ဘောကပ္ပတိန် ခရာသီစသော သင်္ဘောသားအလုပ်သမားတို့အား ဓားမိုး၍ စက်မောင်းစေပြီး၊ အောက်ပြည် ရန်ကုန် အင်္ဂလိပ်အစိုးရများရှိရာသို့ စုန်ဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ၌ ငဖြူသီးစသော လက်ရင်းငယ်ကျွန် တပည့်အချို့ကလည်း အတူလိုက်ပါသွားကြလေသည်။

မြင်ကွန်းမင်းညီနောင်နှင့်အတူ လိုက်ပါမသွားနိုင်သူ၊ သူပုန်အချို့တို့အား မင်းတရားကြီး၏ တပ်တော်သားများက ဖမ်းဆီးရမိလေသည်။ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျန်ရစ်သော မြင်ကွန်းမင်းသားညီနောင်တို့၏ ဦးရီးတော်သူ ဆင်ဝန်ဟောင်း မောင်ရွှေအို၊ သူရဲစာရေးဟောင်း မောင်ကြီး၊ မြင်းတပ်ဗိုလ်ဟောင်း အုန်းခိုင်၊ မြင်ကွန်းမင်းသား၏မြင်းခံ မောင်ပေတိုးတို့သည် လက်ျာဝင်းမှ ဓားတော်ကို သိမ်းယူပြီးလျှင် နောက်လိုက်မြင်းစီး ၅၀ နီးပါးခန့်နှင့် တောင်ဘက်ကိုးခရိုင်မြို့နယ် ကျေးရွာများသို့ လူသူစုဆောင်းရန် မက္ခရာမြို့နယ်သို့ရောက်လာသောအခါ မက္ခရာမြို့သူကြီး မောင်ရွဲက ၎င်းတို့အားဖမ်းဆီးပြီးလျှင် သိမ်းယူသွားသော ဝင်းတော်ဓားနှင့်အတူ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးထံတော်သို့ ပို့ဆက်လာသောကြောင့် ဖမ်းဆီးပို့ဆက်လာသူ မက္ခရာမြို့သူကြီး မောင်ရွဲအား နေမျိုးဘွဲ့နှင့်တကွ ဆုတော်ငွေများ၊ ထည်မျိုးအုပ်မျိုးများ ပေးသနားတော်မူခြင်း ခံရလေသည်။

ဆင်ဝန်ဟောင်း မောင်ရွှေအို(တောင်ရွှေရေးဆောင်မိဖုရား၏မောင် မြင်ကွန်းမင်း ညီနောင်၏ဦးရီး)နှင့်တကွ ဖမ်းမိသူ သူပုန်မောင်ကြီးတို့ကို ထောင်မှာအကျဉ်းချထားပြီးနောက် မြင်ကွန်းပုန်ကန်မှုနှင့် ပတ်သက်ဆက်နွယ် ပါဝင်ကျူးလွန်ကြသူများ၊ မည်သူများပါဝင်ကြောင်းကို အရှေ့ရာဇဝတ်ရုံးတော်၌ မြို့ဝန်မင်းဦးသာအိုးက တာဝန်အရစစ်ဆေးသောအခါ သက္ကရာဇ် ၁၂၂၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်နေ့ လယ်ထွန်မင်္ဂလာအချိန် ဝင်ရောက်လုပ်ကြံရန် မူလရည်ရွယ်ထားရာမှ မြင်ကွန်းမင်းသားကြီးက ဦးပုညအား အချိန်အခါပေးရမည် တောင်းဆိုကြောင်း၊ ဦးပုညက ၁၂၂၇ ခုနှစ်မှာ အခါမကောင်းသေး၊ ၁၂၂၈ ခုနှစ်၊ ဒုတိယဝါဆိုလတိုင်မှ အချိန်အခါကောင်း၍ အောင်မြင်မည်ဖြစ်ကြောင်း အခါစာတမ်းရေးသားဆက်သသောကြောင့် ထိုစာတမ်းပါ ခု၊ လ၊ ရက် အချိန်အခါအတိုင်း နန်းမြေဘုံသာ စံနန်းတော်သို့ ဝင်ရောက်လုပ်ကြံခြင်း ဖြစ်ကြောင်းများကို ဆင်ဝန်ဟောင်းမောင်ရွှေအိုနှင့် သူရဲစာရေးဟောင်း မောင်ကြီးတို့က တညီတည်းထွက်ဆိုအစစ်ခံချက် ပေးကြလေသည်။

ဤတွင် သူပုန်ငရွှေအို၊ ငကြီးတို့ အစစ်ခံချက်အရ မြင်ကွန်းမင်းသား ပုန်ကန်ရာ အကြံပေး၊ ဉာဏ်ပေး၊ အချိန်ပေးမှုကို စာတမ်းရေးပြု ဆက်သသူမှာ ဦးပုညဖြစ်ကြောင်း ကြားရသည်နှင့်တစ်ပြိုင်တည်း ရန်ငြိုးရန်စ မီးမငြိမ်းနိုင်ခဲ့သူ မြို့ဝန်မင်း ဦးသာအိုးသည် သူ့မယားခိုးခဲ့ဖူးသူ ဦးပုညအား အသေရရ၊ အရှင်ရရ၊ ရမိအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းစေဟု မြို့လူအများအပြားပေးအပ်၍ အရေးတကြီးစေလွှတ်ကာ အဖမ်းအဆီး ခိုင်းလိုက်လေသည်။

မြို့ဝန်မင်း ဦးသာအိုး၏ အမိန့်အရ မြို့စာရေးများ အကြပ်အမတ်ပြုကာ အာဏာလက်မရွံ့ နောက်လိုက်တို့ ကြိုး ကြိမ် လုံဖွေးဖွေး ဓားဖွေးဖွေးနှင့် သူ့ထက်ငါ အလျင်အမြန် အပြေးအလွှား သွားရောက်ကြလေ၏။

အာဏာသားများ ဦးပုညနေထိုင်ရာ ဝင်းအိမ်သို့ရောက်သောအခါ မြို့ဝန်အမိန့် အာဏာနှင့် လာရောက်သူများသည် ဦးပုညကိုမတွေ့ရတော့ချေ၊ သို့တစေ တစ်နေ ကုန်စောင့်၍ နေကြသော်လည်း ဦးပုညပြန်လာသည်ကို မတွေ့ရသောအခါ ပြန်လာ ကြရလေ၏။

ဦးပုညမှာ ၁၂၂၈-ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်နေ့နံနက်အချိန်တွင် မြင်ကွန်းမင်းသားကြီး ပုန်ကန်မှုရှုံးနိမ့်၍ ရေနန်းစကြာမီးသင်္ဘောနှင့် စုန်ဆင်းထွက်ပြေး ရကြောင်း ကြားသိရသောအခါ နှလုံးမသာမယာရှိရရှာပြီးလျှင် မိမိတွင်လည်း ရာဇဝတ်မကင်း ဖြစ်ရတော့မည့်အတွက် အသက်ဘေးကိုပြေး၍ ပုန်းရှောင်ရတော့ မည်ဟု သတိပြုမိသဖြင့် မန္တလေးမြို့တောင်ပြင် ချမ်းမြသာစည်ရပ်ရှိ ကုသိန္နာရုံ ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးဦးစန္ဒမဥ္ဇူ သီတင်းသုံးသော ဘုတလင် ကျောင်းသို့ အလျင်အမြန် သွားရောက်လျက် ရုပ်ဖျောက်ပုန်းလျှိုး နေထိုင်ရရှာလေ သည်။

သို့ဖြစ်၍ ဖမ်းဆီးမည့် အာဏာသားများက မတွေ့ဘဲလွဲခဲ့ရခြင်းဖြစ်လေသည်။ သို့ရာတွင် ရာဇဝတ်ဘေး ပြေး၍မလွတ်နိုင်ကြောင်းသိသည်။ ဘုန်းတော်ကြီး ဦးစန္ဒမဥ္ဇူထံလည်း ကြာရှည်လျှို့ဝှက်ပုန်းကွယ်နေနိုင်မည်မဟုတ်၊ အင်္ဂလိပ်ပိုင် အောက်အရပ်သို့ ထွက်ပြေးနိုင်လျှင် လွတ်ရန်ရှိသော်လည်း ကုန်းလမ်းရေလမ်း အရပ်ရပ်တို့မှာ အစောင့်အကြပ်အထပ်ထပ်တို့အား ကျော်လွှန်လွတ်မြောက်သွားရန် အလွန်ခက်ခဲလေမည်။ လူဝတ်နှင့်ဖြစ်စေ၊ ရဟန်းဝတ်နှင့်ဖြစ်စေ မိမိအား စလေ ဆရာကြီး ဦးပုညဟု လူတိုင်းကသိနေပြီဖြစ်သည်။ အရပ်ရပ်မင်းမှုထမ်းများက ပို၍ ပင် သိကြလေဦးမည်။ သို့အကြပ်အတည်းများကြောင့် ပြေးပေါက်မမြင်၍ အလွန် တရာပင် စိတ်မချမ်းမသာဖြစ်နေရရှာတော့၏။ မင်းပြစ်မင်းဒဏ်ကို တစ်နေ့တွင် မုချခံရတော့မည်ဟု မင်းစိုးရာဇာများအား စိတ်နာကြည်းစွာနှင့် ပုန်းလျှိုးကွယ်လျှိုးနေ ရရင်းမှာ မင်းစိတ်နာသောတေးထပ် တစ်ပုဒ်ကိုပင်ရေးသားခဲ့သေးသည်။

## ဦးပုညပုန်းလျှိုးရာမှရေးသောတေးထပ်

လက္ခဏာဟန်မကျချင်တော့၊ အကြံရခက်ထွေ၊ ကံမ,မှအသက်ရှည်မယ်



www.burmeseclassic.com

www.burmeseclassic.com



ကျမျက်ရည်ယိုဆင်း၊ တွေးမိတိုင်းစိတ်ကနာသည်၊ မအိပ်တာလေးညအလင်း၊ ကာလကိုထောင်းချင်ပြီ၊ ကြောင်းအင်နော်မရှင်း၊ ကောင်းချင်သော်နဲ့ဖျင်းလို့ ဒုံရင်း ကိုလှဲ့မယ် မချည့်လို့ ပေါ်တဲ့သွားကို-ရယ်သလား မေးရှာကြတယ်။ စကားကြောင့် တရားကွယ်၊ အလားဝယ်ကုန်ခမ်းလို့ ဘုံနန်းမြင့်အဆောင်ဆောင်၊ ကင်းရလေအောင်၊ မင်းဆိုသမျှ ကွင်းရှောင်မယ်၊ ထမင်းတောင်စားချင်ဘုလေး။ ။

ဤသို့လျှင် ဆရာကြီးဦးပုညသည် စိတ်မချမ်းမသာနှင့် ပုန်းလျှိုး၊ ကွယ်လျှိုး နေရရှာစဉ် မြို့ဝန်မင်း ဦးသာအိုး၏အထောက်တော်များ၏ မနားမနေစုံစမ်းချက် အရ ဦးပုညသည် ဘုတလင်ဘုန်းကြီး ဦးစန္ဒမဇ္ဈု၏ကျောင်း၌ ပုန်းအောင်းနေထိုင် ကြောင်း သတင်းရရှိသွားလေသည်။ ထိုအခါ အာဃာတတကြီး ရန်မီးမအေးနိုင် သော မြို့ဝန်မင်းသည် မြို့စာရေး-လက်မရွံ့အာဏာသားတို့ကို ချက်ချင်းသွားရောက် ဖမ်းဆီးရန် အမိန့်ပေးလေသည်။

မြို့ဝန်မင်းအာဏာ ကြိုးကြိမ်မှာတည်စေဆိုသော စကားအတိုင်း မြို့စာရေး ခေါင်းဆောင်သော အာဏာသားများသည် အမြန်သွားရောက်ကာ ကုသိန္နာရုံကျောင်း တိုက်ကို ဝိုင်းထားလိုက်ကြသည်။

ထိုအချိန်တွင် ကံဆိုးကြုံရရှာသော ဆရာကြီးဦးပုညသည် ကျောင်းတိုက်နောက် ဖေးဘက်သို့ ကိုယ်လက်သုတ်သင်ရန် ရောက်ရှိနေခိုက်ဖြစ်ရကား အာဏာသားများ နှင့် ပက်ပင်းပါသွား၍ တိုးရလေတော့သည်။

ရာဇဝတ်ဘေးပြေးမလွတ်ဆိုသောစကားအရ အာဏာသားများနှင့် ရင်ဆိုင်တွေ့ ရသော ဆရာကြီးဦးပုညခမျာမှာ ဓါးလှံများနှင့် ဝိုင်းဝန်းချိန်ရွယ်ကာ လက်ပြန်ကြိုး တည်းပြီးဖမ်းဆီးလျက် ကြမ်းတမ်းစွာ ဆွဲငင်ခေါ်ဆောင်၍ ထောင်ကြီးသို့ ယူသွားကြ လေသည်။

ရာဇဝတ်ထောင်ကြီးသည် နန်းတော်သစ်တပ်ရှေ့ လက်ဝဲဘက်တွင် ရှိသည်။ မြို့ဝန်မင်း ဦးသာအိုး၏တပည့်ရင်း ထောင်အဝှန်းမောင်အောင်ပေါ်သည် ဆရာ့ အလိုအတိုင်း ရာဇဝတ်သားအဖြစ်ပါရှိလာသော ဆရာကြီးဦးပုညအား သံခြေချင်း ၄ ဆင့်ခတ်ပြီးလျှင် ကျပ်တည်းလှသော အလုံထောင်အတွင်းသို့ သွတ်သွင်း ချုပ်နှောင်ထားလိုက်လေသည်။

မြို့ဝန်မင်းဦးသာအိုးသည် အငြိုးမပြေယခင်တစ်ကြိမ်က မင်းတရားကြီးကို ကြောက်၍ နောက်ဆုတ်နေခဲ့ရသော်လည်း မိမိအပေါ်ဝယ် သားရေပေါ်အိပ်သားရေ နားစားသူ ဟူသောအစွဲနှင့် ဦးပုညအား ထုံးလိုချေရေလိုနှောက်ချင်သူဖြစ်လေရာ မြင်ကွန်းအရေးတော်ပုံတွင် မတော်တဆအကြုံးဝင်ရသူအဖြစ် ရာဇဝတ်အပြစ် မကင်းချိန်မှာ မိမိပြုသလိုသာ နုရမည်ဖြစ်ကြောင်း သိရသဖြင့် ပီတိလျှမ်းလျှမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်မဆုံးဖြစ်နေလေသည်။

ထို့ကြောင့် ရက်ကြာရှည် ဆိုင်းလင့်၍ မနေတော့ဘဲ လက်မထောက်တကောင်း မောင်ကြီးအား စေလွှတ်၍ ထောင်အဝှန်းမောင်အောင်ပေါ်ကို ခေါ်စေပြီးလျှင် မြို့ဝန်မင်းက ဤသို့အမိန့်ကိုအလျင်အမြန် ချမှတ်လိုက်လေသည်။ လက်ဖက်ရည်တော်သားဟောင်း ရွာစည်ရွာစား ငပုညအားသူပုန်မှုနှင့် နောက်ထပ်စစ်ဆေးဖွယ်အကြောင်းမရှိ အားလုံးသိရှိကြပြီးဖြစ်သည်၊ ထို့ကြောင့် ထောင်တွင်ရက်ရှည်ထားရန်မလို၊ အရှင်သခင်ကိုပုန်ကန်မှု အခါပေးမှုထင်ရှားသဖြင့် အပြစ်အလျောက်သွားမြဲလမ်းသို့သွားစေ ဟူသောအမိန့်ကို ရွှေမြို့တော်ဝန်မင်း ဦးသာအိုးက ချမှတ်လိုက်လေသည်။

ထောင်အဝှန်းမောင်အောင်ပေါ်သည် မြို့ဝန်မင်းအမိန့်ကို ခံယူလာပြီး ထောင်ကြီးသို့ရောက်သောအခါ ယနေ့စီရင်ရန်ရှိသော ရာဇဝတ်သားများအနက် ဆရာကြီးဦးပုညကို ရှေးဦးစွာစီရင်မည်ဟု နှလုံးပြုခဲ့သည့်အတိုင်း အလုံထောင်တွင်းသွင်းနှောင်ချုပ်ထားခံရသော ဦးပုညအား လက်မရွှံ့အာဏာသားများက တုတ်၊ ဓားကိုယ်စီနှင့် ထုတ်ယူလာခဲ့ရလေသည်။

မောင်အောင်ပေါ်က ဆရာကြီးကို မင်းမိန့်အာဏာအတိုင်း ယခုစီရင်ရတော့မည်။ တမလွန်ဘဝကူးကောင်းစေရန် ဘုရားအာရုံပြုပေရော့ဟုဆိုသည်။

ဆရာကြီးဦးပုညက ကျွန်ုပ်အပြစ်အတိုင်း ရာဇဝတ်အပြစ်ဒဏ်ကိုခံယူပါမည်။ သို့ရာတွင် ကျွန်ုပ်မသေမီ စလေဦးပုညကသေရအံ့ဆဲဆဲမှာ နောက်ဆုံးရေးခဲ့သော တေးကဗျာတစ်ပုဒ်ကိုဖြင့် ရေးခွင့်ပြုပါဟူ၍ ပြောသောကြောင့် မောင်အောင်ပေါ်က ပုရပိုက်နှင့်ကန့်ကူဆံပေး၍ ရေးခွင့်ပြုလိုက်ရာ ယာလက်မစွမ်းမသန်ရှာသော ဆရာကြီးဦးပုညခင်မျာမှာ လက်ဝဲဘက်လက်ဖြင့် စာများရေးသားနေကျဖြစ်သည့်အတိုင်း လေးဆစ်သဖြန်တစ်ပုဒ်ကို ရုတ်တရက်ရေးသား ပေးအပ်ခဲ့လေသည်။

## ဦးပုညနောက်ဆုံးရေးသော လေးဆစ်သဖြန်

ဟုတ်ပလေ-နှုတ်ချွေဟရမှာဖြင့်၊ ပုဗ္ဗေစထင်ရဲ့လေ။ ။ ကောသလရယ်လို့၊ လောကတွင် အသရေလျှမ်းပါတဲ့၊ ရွှေနန်းစံရာနရိန်မှ။ ခါကြိမ်လျှင်ပျက်စမြဲပေမို့၊ စွဲမိသံဝေ။ ။ အကုသိုလ်ယာတကတ်ကယ်က။ ယခုလိုလာ၍ ဖြတ်သောကြောင့် စရပ်သို့ပြေးရချေ။ ခွေးသေလိုသေရငြား။ ။ သိလျက်နှင့်ပင် ဝိပါက်တကယ်ထင်လို့၊ ရွှေနန်းရှင် မဝေခွဲနိုင်ဘူ-ပွဲတွေအများ။

၎င်းနောက်ဆုံးသော တေးကဗျာအပြီးတွင်သံခြေချင်း ၄ ဆင့်ခတ်ထားရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဒူးပဆစ်တုပ်ကာ နန်းတော်ရှိသောဘက်သို့ ထုံးစံအတိုင်း ဦးသုံးကြိမ်ချစေသည်။ ပြီးလျှင် ခြေနှစ်ဖက်ကို ထိပ်တုံးကြီးမှာသွင်း၍ လည်ပင်းကိုဗူးလည်ဆစ်ချည်နှောင်ပြီး ကြိုးနှစ်စကိုအာဏာသားနှစ်ဦးက တစ်ဖက်တစ်ချက်က ဆွဲကိုင်ထားစေသည်။ ပြီးလျှင် သူသတ်ပါးကွက် ပုဏ္ဏပျံဆိုသောလူက ဆရာကြီးဦးပုည၏ လည်မျိုကို မသေမချင်း သံတုတ်နှင့် ရိုက်နှက်စီရင်လေသည်။ ဆရာကြီးအသက်ကုန်သောအခါ အသင့်စောင့်နေရသော စဏ္ဍာလ ၅ စို့ဝင်၊ သူကောင်ထမ်း အမှုထမ်းနှစ်ဦးက ရုပ်အလောင်းကို ဝါးထမ်းပိုးနှင့်ပူးတွဲစည်းနှောင်၍ အပေါ်မှ ဖျာကြမ်းနှင့်လိပ်ပတ်ပြီး ဦးပဲ့ထမ်းကာ အနောက်ပြင်ပုဏ္ဏားကုန်းသင်းချိုင်းသို့ ယူသွားပြီး သုသာန်စောင့်ကိုအပ်၍ ဂုင်းကလက်ခံပြီး မြေမြှုပ်လိုက်လေသည်။

စလေဆရာကြီးဦးပုည ရွာစည်ရွာစား လက်ဖက်ရည်တော်ဟောင်းအား မြို့ဝန်မင်းဦးသာအိုးက အဆုံးစီရင်လိုက်သောအချိန်မှာ သက္ကရာဇ် ၁၂၂၈-ခုနှစ် ဝါခေါင်လဆန်း ၉-ရက် တနင်္ဂနွေနေ့ မနက်စော တစ်ချက်တီးကျော်အချိန်တွင် ဖြစ်လေသည်။

ယင်းအချိန်၌ ထုံးစံအတိုင်း လွှတ်တော်သို့ သုံးတန်းပေးရန် တောင်းဆိုလျှောက်ထားသောအလွှာကို မတင်ရသေးပေ၊ မြို့ဝန်ဦးသာအိုးသည် ယခင်အခါများကလည်း အပြစ်မလွှတ်နိုင်အောင်အရေးကြီးသော ရာဇဝတ်ကောင်များကို သူ၏သဘောအတိုင်း အချိန်စောစော ကြိုတင်၍သုတ်သင်သတ်ဖြတ်ပြီးသောအခါမှ ဝတ်ကြေတမ်းကြေ လွှတ်တော်ဝန်ကြီးများထံသို့ သုံးတန်းပေးရန် တောင်းခံသော လျှောက်လွှာကို ပို့လေ့ရှိခဲ့သည်။

ထို့အတူ ယခုဦးပုည၏ကိစ္စမှာလည်း မိမိသဘောအလျောက် ကြိုတင်သုတ် သင်သတ်ဖြတ်ပြီးကာမှ လွှတ်တော်သို့သုံးတန်းတောင်းသော လျှောက်လွှာကိုပေးပို့ခဲ့သည်။

ဦးသာအိုးထံမှ သုံးတန်းပေးရန်အမိန့်တောင်းခံလွှာမှာ နေ့လယ်မွန်းတည့်နှစ်ချက်တီးအချိန် လွှတ်တော်ဝန်ကြီးများ၊ လွှတ်တော်ဝန်ထောက်မင်းများ စုံညီရောက်ရှိချိန်တွင် ရောက်လာလေသည်။

သို့သော် ဦးပုညကိုသုတ်သင်ပြီးချိန်မှာ နံနက်စောစောပိုင်းဖြစ်သည်။ သုံးတန်းတောင်းခံသောလျှောက်လွှာက နေ့တစ်ဝက်ခန့်နောက်ကျမှ ရောက်ရှိလာခြင်းဖြစ်သည်။ သို့ရာတွင် လွှတ်တော်ဝန်ကြီး၊ ဝန်ထောက်များက အကြောင်းမှန်ကိုမသိရပေ၊ ထုံးစံအတိုင်းလျှောက်လွှာကို လက်ခံဖတ်ကြားစေသည်။

မြို့ဝန်မင်းဦးသာအိုးသည် မည်မျှတန်ခိုးထက်ကြွသူဖြစ်စေ၊ မြို့ဝန်မင်းဘုန်းတောက်၍ မည်မျှခြေမြောက်ကြွနေခဲ့သူဖြစ်စေ၊ မြို့ဝန်က လွှတ်တော်ဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်များအား လေးစားကျိုးနွံရလေသည်။

သို့ကြောင့် လွှတ်တော်ဝန်ကြီးများထံ သုံးတန်းတောင်းလွှာကို အောက်ပါအရေး အသားမျိုးဖြင့် တင်သွင်းရလေသည်။

ဘုရား၊ ကျွန်တော်၊ ရွှေမြို့တော်ဝန်မြို့သာမြို့စား မင်းကြီးသီရိမဟာမင်းလှမင်း ခေါင်သူရိန် ရှိခိုးအစီရင်တော်ခံပါသည် ဘုရား။

မြင်ကွန်းစား မြင်းခုံတိုင်စားတို့နှင့် သဘောတူ၊ မှန်ကန်ရာတွင်ပါဝင်သူ ရွာစည် ရွာစား လက်ဖက်ရည်တော်ဟောင်း ငပုညကို အဆုံးစီရင်ရန် သုံးတန်းပေးတော်မူပါ မည့်အကြောင်း ရှိခိုးအစီရင်ခံပါသည်ဘုရား။

ဟူသော လျှောက်လွှာကို ရေးသားတင်ဆက်ရလေသည်။ လွှတ်တော်ဝန်ကြီးမင်း များသည် မြို့ဝန် မြို့သာ မြို့စားဦးသာအိုး တင်လျှောက်ချက်အတိုင်း မြင်ကွန်း မြင်းခုံတိုင်စား ပုန်ကန်သူညီနောင်တို့နှင့် ကြံရာပါအခါပေးသူအဖြစ် ထင်ရှားရှိ၍ ငပုညအား အနောက်သို့သွားမြဲလမ်းသို့ သွားစေ သူရဲကောင်းဟန်ပေးမြဲထုံးစံအတိုင်း ပေးစေဟူ၍ သုံးတန်းပေး အမိန့်ချမှတ်လိုက်လေသည်။

လွှတ်တော်မှ အရပ်ရပ်ကိစ္စများကိုလည်းကောင်း၊ အဝေးရောက်သတင်းများကို လည်းကောင်း၊ အခြားအရပ်အနေများကို အလှည့်ကျအမှုထမ်းရသော နားခံတော် များက ဖြတိုက်တော်သို့ဝင်ပြီးလျှင် သံတော်ဆင့်မှတစ်ဆင့် အတွင်းဝန်များထံ အစီ ရင်ခံရမြဲဖြစ်သည်။ ဖြတိုက်အတွင်းဝန်များမှတစ်ဆင့် ဘုရင်မင်းတရားကြီးအား ကိစ္စ အရပ်ရပ်များကို လျှောက်ထားသံတော်ဦးတင်ရသည်။

ရာဇဝတ်မှုကိစ္စအရပ်ရပ်တို့နှင့် သုံးတန်းပေးသောကိစ္စမျိုးကိုမူ ညီလာခံတွင် မဖတ်လျှောက်မတင်သွင်းရဘဲ အနောက်ပိုင်းဆိုင်ရာ မိန်းမစိုးတို့မှတစ်ဆင့် အငြိမ့်- အပျိုတော်များလက်သို့ ပေးအပ်ရပြီး အငြိမ့်အပျိုတော်များက မင်းတရားကြီးအား ဆက်သရသည်။ သုံးတန်းပေးသောကိစ္စတို့ကိုမူ (သုံးတန်းပေးသည် ဘုရား) ဟူ၍ ရေးသားသောလျှောက်တင်လွှာကို အိမ်သာတော်အဝင်၌ အပျိုတော်တို့က ဒူးပဆစ် တုပ်ဝပ်ကာ ဆက်သရလေသည်။

ဆိုအပ်ခဲ့သည့်အတိုင်း နေ့လယ်ပိုင်းက သုံးတန်းပေးလိုက်သောကိစ္စကို ညနေ ပိုင်းရောက်မှ မင်းတရားကြီးကသိရှိတော်မူလေသည်။ ထိုနေ့အဖို့လည်း (ရာဇဝတ် အပြစ်အလျောက် ရွာစည်ရွာစားလက်ဖက်ရည်တော်ဟောင်းငပုညကို ဝန်တို့က ထုံးစံ နှင့်အညီ သုံးတန်းပေးသည်ဘုရား)ဟူသော လျှောက်တင်စာကို မင်းတုန်းမင်း တရားကြီးက ဖတ်ရှုတော်မူရသောအခါ-

ငပုညကိုလက်မလွန်စေနှင့်

ထောင်မှာထားမြဲထားစေ



www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်တော်ရှိလိုက်သည်။ ထိုအမိန့်တော်မြတ်ကို သံတော်ဆင့်ကရေးမှတ်ပြီး အတွင်းဝန်မင်းများ သဘောတူညီမှုရယူ၍ နားခံတော်ကြီးလက်သို့ ပေးအပ်ရလေသည်။

နားခံတော်ကြီးကလည်း ပြတိုက်တော်မှ အမိန့်တော်စာများကို ယူဆောင်ထွက်လာခဲ့ရာ၊ ညနေ ၃-ချက်တီးကျော်အချိန်တွင်မှ လွှတ်တော်သို့ရောက်လာသည်။ နားခံတော်ကြီး လွှတ်တော်သို့ရောက်သောအခါ၊ ထုံးစံအတိုင်း သီဟာသန ရာဇပလ္လင်ကို ဦးသုံးကြိမ်ချသည်။ စမြှောင်ကတိတ်စေဟု အသံမြင့်ရှည် ဆိုလိုက်လျှင် လွှတ်တော်တစ်ခွင်လုံး တိတ်ဆိတ်စွာနေကြလျက် အမိန့်တော်ပါကြောင်းသိရှိရန် နားစွင့်နေကြရလေ၏။

**အမိန့်တော်**

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒါန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိလိုက်သည်။

မြင်ကွန်းစား၊ မြင်းခုံတိုင်စားငယ်တို့နှင့် သဘောတူကြံစည်ရာပါသူ၊ သူပုန်ငပုည ကို လက်မလွှန်စေနှင့် ထောင်မှာ ထားမြဲထားစေ။

လွှတ်တော်ရှေ့ပိန်းချ ကွန်းစဉ်တိုင်အတွင်းဝန် ရှင်တော်မင်းများမှအစ ရှမ်းသံခံ၊ ယွန်းသံခံ၊ တလိုင်း(မွန်)သံခံ လက်ဆောင်ယူအရာရှိများ၊ ဝန်ထောက်ဝန်တော်မင်းများနှင့် စာရေးကြီးများ၊ အသုံးစာရေးများ၊ ရှမ်းမြင်းစာရေး၊ မြန်မာမြင်းစာရေး စသော ပုဂ္ဂိုလ်အသီးသီးတို့ အမိန့်တော်ကိုနာယူကြရသည်။ ပြီးနောက် အမိန့်တော်တွင်ပါရှိသည့်အတိုင်း လွှတ်တော်ကြီးက သူပုန်ငပုညကို လက်မလွှတ်ရန် မြို့ဝန်မင်း ဦးသာအိုးထံ အမြန်ဆင့်ဆိုလိုက်ကြလေသည်။

သို့သော် သုံးတန်းအမိန့်မကျမီကပင် မြို့ဝန်မင်းက ကြိုတင်သုတ်သင်ပြီး ဖြစ်နေလေပြီ။ သို့ကြောင့် မြို့ဝန်မင်းက လွှတ်တော်သို့ပြန်ကြားအစီရင်ခံစာပို့ရာတွင် ငပုညလက်လွှန်သွားပါကြောင်းနှင့် ပြန်လည်လျှောက်ထားလိုက်လေသည်။

ဤကိစ္စသည် ဤမျှနှင့်ရပ်ခဲ့ရသည်။ လွှတ်တော်မှ သုံးတန်းအမိန့်ကျပြီးသည့်တိုင်အောင် ဘုရင်မင်းမြတ်က ပယ်ဖျက်နိုင်သောအချိန်အထိ ရာဇဝတ်ကောင်ကို ဆိုင်းငံ့ထားရမြဲဖြစ်သော်လည်း၊ မြို့ဝန်မင်း ဦးသာအိုး၏ ပါးနပ်လျင်မြန်မှုကြောင့် ပညာရှိဦးပုည ရေတိမ်တွင်နစ်ရရှာလေသည်။

ထိုနေ့ည ညဥ့်ညီလာခံတွင် လက်ဖက်ရည်တော် ရွာစည်ရွာစားဟောင်း ငပုည ထောင်တွင်းမှာ လက်လွှန်ကြောင်းနှင့် မြို့ဝန်၊ မြို့သား၊ မြို့စား ဦးသာအိုးထံက လျှောက်စာရရှိသောအကြောင်းများကို ဝန်ရှင်တော် ပခန်းကြီးမြို့စားက မင်းတရား



www.burmeseclassic.com

www.burmeseclassic.com



ဘုရားအား လျှောက်ထားအမိန့်တော်ခံရာ အမှုမှာလည်း သေဒဏ်ထိုက်သင့်နေသော အမှုမျိုးဖြစ်သော သူပုန်မျိုးတွင် ဦးပုညက ပါဝင်ခဲ့ခြင်းဖြစ်သည်။

ကြိုတင်သတ်သူအရာရှိကလည်း မင်းတရားကြီး၏ အိမ်တော်ပါ အလွန်အကြူး သဒ္ဓါတော်မူပြီး၊ ရာထူးကြီးနှင့် မြှောက်စားသူကောင်းပြုတော်မူထားခြင်းခံရသူ မြို့ဝန်ဦးသာအိုးဖြစ်သည်။

သို့ကြောင့် မင်းတရားကြီးသည် ငပုည လက်မလွန်ရအောင် ငါကိုယ်တော် တိုင်တားမြစ်ပါလျက်ကနှင့် အသက်ချမ်းသာမှုမရတော့ဘဲ သေဆုံးရရှာသည်။ လူပညာရှိတစ်ယောက် ကွယ်ပျောက်ဆုံးပါးသွားရသည့်အတွက် ရွှေနှလုံးတော် မသာမယာဖြစ်တော်မူရကာ နောက်ထပ် အပြစ်အာဏာတော်မထပ်တော့ဘဲ 'အင်း. . . လူကို ခွေးသတ်လိုက်သည်'ဟု ဆိုတော်မူကာ နှုတ်ပြစ်သာလျှင် တင်တော်မူလိုက်ပါတော့သည်။ (ဤအဖြစ်အပျက်တို့ကို ၁၆ နှစ်သား စာတော်ဖက်ဘဝက ဦးပုညထံ ပညာသင်ကြားဖူးသော ဝန်ထောက်တော် ဝက်မစွတ်မြို့စားမင်းကြီး မင်းတင်မဟာစည်သူ၏ အမှတ်အသားများတွင် ပါဝင်၍ သိရှိရခြင်းဖြစ်ပါသည်)

ဤသို့လျှင် ထူးချွန်သော ပညာရှိကဝိတံခွန်ကြီး ဦးပုညမှာ လက်မတင်ကလေး တွင် ကွယ်လွန်ဆုံးပါးသွားခဲ့ရရှာတော့သည်။

မင်းတုန်းမင်းတရားကြီးသည် ပညာရှိပုဂ္ဂိုလ်များကို အလွန်တရာ မြတ်နိုးစုံမက် တော်မူလေ့ရှိသည်။ ဤမျှ အပြစ်ကြီးသောပုန်ကန်မှုကြီးတွင် ပါဝင်မိမှားသည့်တိုင် အောင် ရွာစည်ရွာစား လက်ဖက်ရည်တော် မင်းလှသင်္ယာဘွဲ့ခံ စလေဆရာကြီး ဦးပုညအပေါ်တွင် အမျက်တော်မထား၊ ရာဇဝတ်အပြစ်ပေးရမည်ဖြစ်သော သေဘေးမှ ကယ်တင်တော်မူလိုက်ခြင်းဖြစ်ရာ၊ မြို့ဝန်ဦးသာအိုး၏ အာဃာတစိတ် သာ မထားခဲ့ပါမူ လက်လွန်မှုမရှိ ပကတိ အသက်ချမ်းသာရာရရှိပေမည်။ သို့ရာတွင် ဦးပုည၏ ကံမကောင်းရတရားကလည်း ဤအချိန်ဤအခါ၌ ခန္ဓာခတ်ပြတ်စဲ၍ သေပွဲဝင်ရန် အကြောင်းကံက ပါလာသောကြောင့် ဝဋ်နှင့်ကြွေးမှာ မလွတ်သာ ရှိခဲ့ရရှာသည်ဟု ဝိပဿနာတင်ရန်သာ ရှိလေတော့သည်။

ပညာရှိဆရာကြီး ဦးပုည၏ ကြွင်းကျန်ရစ်သော စာပေလက်ရာများကား အများ အပြားရှိ၍ ယနေ့အထိ ခေတ်မတိမ်ခဲ့ပေ။ သူမတူအောင် စကားလုံးကြွယ်ဝ ပြောင် မြောက်ထူးချွန်လှသည့် စာပေပညာရှင်ကြီး ရေးသားခဲ့သော စာပေအမွေအနှစ်အချို့ ၏ စာရင်းမှာ . . .

မင်းတုန်းမင်းတရားကြီး၏ အမိန့်တော်နှင့် ဆရာကြီးဦးပုညရေးခဲ့သော စာများ မှာ. . .

၁။ ယိုးဒယားနိုင် မော်ကွန်းပုဒ်ရေ (၇၈)



www.burmeseclassic.com

www.burmeseclassic.com



၂။ ရတနာနဒီ မော်ကွန်းပုဒ်ရေ (၈၁၉)

၃။ ပဒုမပြဇာတ်

၄။ ရတနာပုံစံကျောင်းဆရာတော် စန္ဒိမာသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တော်ရှိ ဦးစန္ဒိမာ ဆရာတော်ပျံလွန်တော်မူရာကို ဖွဲ့ဆိုသော ငိုချင်းပုဒ်ရေ (၄)

၅။ မန္တလေးတောင်ခြေရှိ လယ်တော်ကြီးထွန်ရာ၌သီဆိုရန် ပုံကြီးသံများ

၆။ ရတနာနဒီမြစ်မော်ကွန်း လေ့ချင်းတက်သံစသည်များကို အမိန့်တော်နှင့် ရေးဆက်ရခြင်းဖြစ်လေသည်။

ဆရာကြီးဦးပုည မိမိသဘောအလျောက် ရေးသားဖွဲ့ဆိုသောစာများ အမြောက်အမြားရှိ၍ ၎င်းတို့အနက်မှ-

၁။ သဒ္ဒါပုဒ်ဆစ် လင်္ကာပုဒ်ရေ (၁၇)

၂။ ပင့်ရစ် ဂဏ္ဍိသတ်ပုံလင်္ကာပုဒ်ရေ (၁၃)

၃။ သတ္တဝါသဆေးကျမ်းလင်္ကာပုဒ်ရေ (၂၆)

၄။ ဘဒ္ဒကပ်ကမ္ဘာ ပေါ်ဦးစွာ၌အစချီသော ဆွမ်းတော်ကြီးနိဒါန်း။

၅။ ဘဒ္ဒကပ္ပ-ပေါ်စလက်မွန် အစချီသော သာသနာလျှောက်စာ။

၆။ မင်္ဂလာ လဝန်း၊ ပပထွန်းသို့ အစချီသောမှာတမ်း။

၇။ နန်းထွတ်ဘွေတည်၊ ဖြိုးမိုးစည်သားအစရှိသည့် သမီးတော် စလင်းစုဘုရားသုသီရိမြတ်စွာရတနာဒေဝီ၏ ဆံထုံးထုံး၊ တဘက်ဝတ်၊ ဒက်ဆင်မင်္ဂလာအခမ်းအနားတွင် ရေးသားဆက်သွင်းသော ရတုပိုဒ်စုံ။

၈။ အံ့စကောင်းပေပ အစချီသော ဇာတာဖွဲ့လေးချိုး။

၉။ အရပ်ရပ်ရေးသားခဲ့သော မေတ္တာစာများ ပုဒ်ရေပေါင်း (၅၂)

၁၀။ အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းလက်ထက်၊ သက္ကရာဇ် ၁၂၀၉ ခုနှစ်၊ အမရပူရမြို့တွင် ကိုရင်ကြီးဦးပုည လာရောက်နေထိုင်စဉ် ကျီအတွင်းဝန် ဦးပွားဆောက်လုပ်လှူဒါန်းသော ဒက္ခိဏာရာမတိုက်ကျောင်းကြီး ရေစက်ချပွဲအတွက် ရေးပေးသောဆုတောင်းစာ။

၁၁။ ရှားနှစ်သံချောင်းဟော ဗေဒင်ဆောင်းပါး။

၁၂။ ဝိဇယဗာဟုပြဇာတ်

၁၃။ ရေသည်ပြဇာတ်

၁၄။ ကောသလပြဇာတ်

၁၅။ ဝေဿန္တရာပြဇာတ်

၁၆။ ဆဒ္ဒန်ဆင်မင်းဝတ္ထု

၁၇။ သင်္ကရိုက် ဖတ်နည်းလင်္ကာ။



www.burmeseclassic.com

www.burmeseclassic.com



၁၈။ နရစက်သူရုပ် ဟောနည်းလင်္ကာ။

၁၉။ ဒသာဟောဗေဒင်လင်္ကာ။

၂၀။ သေနင်္ဂဗျူဟာ ဆိုင်းဆင့်စကားပြင်။

၂၁။ ဝေဿန္တရာပြဇာတ် ဇေတမုဆိုးထွက်ခန်း။

၂၂။ အိမ်ရှေ့မင်း ဝင်းတော်မှူး မင်းကျော်ဂူမှာန် ဆောက်လုပ်လှူဒါန်းသော နိဗ္ဗာန်ကျောင်းရေစက်ချစာ။

၂၃။ ကုသမင်း ပြဇာတ်

၂၄။ အရပ်ရပ်တရားဟောစာများ စုပေါင်းပုဒ်ရေ (၂၂)

၂၅။ ဓမ္မသတ်လင်္ကာမှာ ရေးသားဆဲ တစ်ပိုင်းကျန်ရစ်ခဲ့သည်။

ဆရာကြီးဦးပုညသည် ပိဋကတ်သုံးပုံနှင့် ဘုရားဟောကျမ်းဂန်အစုံကို နှုတ်ငုံပိုင်ပိုင် လေးလေးနက်နက်၊ နိုင်နင်းမွေနှောက် တတ်မြောက်ကျွမ်းကျင်သော ပုဂ္ဂိုလ်ထူး၊ အဘိဓမ္မာသုတ္တန် ဝိနည်းမှအစ အဋ္ဌကထာ၊ ဋီကာလက်သန်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ သဒ္ဒါကျမ်း၊ ဗေဒင်ကျမ်း၊ အင်္ဂရတ်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများစွာတို့ကို ထုံးလိုချေ ရေလို နှောက်နိုင်စွမ်းရှိသကဲ့သို့ စာပေအရေးအသား၊ အစီအကုံး၊ အနှုန်းအဖွဲ့ဘက်၌ သူမတူအောင် သွက်လက်ပြောင်မြောက်လှခြင်း၊ အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဝစနလင်္ကာ အလင်္ကာနှင့် ရသဂုဏ်ထူးကို ချီးကျူးမကုန်နိုင်အောင် ကြွယ်ဝခဲ့ခြင်းစသော ဝိသေသများထူးချွန်၍ ပါရမီလွန်ကဲသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ခဲ့သည်ဖြစ်ရာ ဆရာကြီးဦးပုည ကွယ်လွန်သော်လည်း ဆရာကြီး၏စာပေများမှာ ထာဝရ ရှင်သန်ပွင့်လန်းလျက်ရှိခဲ့ရာ ယခုခေတ်တိုင်အောင် ရနံ့ကြိုင်မွေး ပညာဆည်းပူးသူအပေါင်းတို့က လေးစားဂုဏ်ပြုမဆုံး ဖြစ်ခဲ့ရလေသည်။ နောင်အနာဂတ်အခါတွင်လည်း ဆရာကြီး ဦးပုည၏ စာပေများသည် မည်သည့်အခါမျှ တိမ်ကောပျောက်ကွယ်ရန်မရှိဘဲ အမြဲတမ်း စိမ်းလန်းစိုပြည်လျက် ရှိနေဦးမည်သာ ဖြစ်ပေသည်။

ဆရာကြီးဦးပုည၏ စာပေများ မဆိတ်မသုဉ်းဘဲ ကြွကြွခိုင်ခိုင် ရနံ့လှိုင်၍နေလျက်ရှိပေသော်လည်း ဆရာကြီး၏ ဆွေမျိုးစဉ်ဆက်တို့မှာ ယခုအခါ လုံးဝပျောက်ကွယ်တိမ်ကော၍ သွားပါလေပြီ။

ဆရာကြီးဦးပုညသည် ပထမဇနီး မရွှေလုပ် သေဆုံးပြီးနောက် ဒုတိယထူထောင်သော အိမ်ထောင်သည်ဇနီး ဒေါ်မွေးအုံတွင် ဦးပုညဆုံးပါးကွယ်လွန်ချိန်၌ ပဋိသန္ဓေ အရင့်အမာနှင့် ကျန်ရစ်ခဲ့လေသည်။ ထိုနှစ်ထဲမှာပင် သမီးငယ်တစ်ဦးကို ဖွားမြင်ခဲ့လေသည်။

ဒေါ်မွေးအုံသည် သမီးလေးအား မယ်ကြည်ဟူသောအမည်ကိုပေး၍ ကြီးပြင်းအောင်မွေးမြူပြုစုခဲ့ရသည်။ ဒေါ်မွေးအုံက မိမိတို့သားအမိ၏ အသက်မွေးဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအလို့ငှာ၊ မန္တလေးမြို့တောင်ပြင် မောရဂီဝါအရပ်တွင် နေထိုင်လျက် ဝါးကပ် ယက်လုပ်သောအလုပ်ကို အလုပ်သမားလူငှားများနှင့်ဦးဆောင်၍ လုပ်ကိုင်ဆောင် ရွက် အသက်ဆက်ခဲ့ရရှာလေသည်။

ဆရာကြီးဦးပုည၏သမီး မယ်ကြည် အရွယ်တိုင်ရောက်သောအခါ ပထမကျော် ရှင်ပြန် မောင်ဘိုးတင်ဆိုသူနှင့် အိမ်ထောင်ဖက်ပြီးနောက် သားယောကျ်ားကလေး တစ်ယောက် ဖွားမြောက်ခဲ့လေသည်။ ယင်း မောင်ဘိုးတင်နှင့် မမယ်ကြည်တို့၏သား စလေဆရာကြီးဦးပုည၏ မြေးသူငယ်သည် ဒုက္ခထူပြောသော လူ့လောကထဲတွင် မနေလိုသောကြောင့် ဘုရားသာသနာတော်အတွင်းတွင် ပျော်မွေ့ကာ ရဟန်းတော် ဦးကေသရဘွဲ့အမည်နှင့် ဂန္ထဓုရ ဝိပဿနဓုရနှစ်ပါးကို အားထုတ်ကြိုးပမ်းလျက် နေထိုင်သီတင်းသုံးတော်မူခဲ့လေရာ အသက်အရွယ် ၅၀၊ ဝါတော် ၃၀ အရ၌ အနိစ္စ သဘောအတိုင်း နတ်တိုင်းသို့ ပျံလွန်ခဲ့သည်ဖြစ်ရာ ဆရာကြီးဦးပုည၏ အနွယ်အပွား ဆို၍ လုံးဝအမြစ်ပြတ်၍ သွားခဲ့ရလေတော့သည်။

မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့ ပုန်ကန်မှုနှင့်တစ်ဆက်တည်း တူတော် ပတိမ်းမင်းသား၏ ပုန်ကန်မှုကြီးကလည်း ပေါ်ပေါက်ခဲ့ရခြင်းကြောင့် စစ်ရေးစစ် ရာ၌ သက်ဆိုင်ရာအရာရှိအရာခံများ စစ်ဗိုလ်စစ်ကဲနှင့် စစ်သည်တော်များ၏ ဇွဲ သတ္တိ၊ ဝီရိယ၊ လုံ့လတို့နှင့် ဦးဆွေးဆံမြွေ အမှုတော်ကြေကုန်အောင် ထမ်းဆောင်ကြ သည်ဖြစ်ရာ ရက်လများမကြာမီပင် သူပုန်သူကန်တို့၏ ရန်စွယ်အန္တရာယ်မှ နှိမ်နင်း ကင်းရှင်းခဲ့ရလေသည်။

သူပုန်မှုတို့တွင် ပါဝင်ခဲ့သူများတွင် လက်လွတ်ထွက်ပြေးတိမ်းရှောင်သူများ ရှိသော်လည်း ပြေးရှောင်နိုင်ခြင်းမရှိသူများကို စိစစ်ဆေးကြောကာ အပြစ်ကြီးသူများ အတွက် ရာဇဝတ်ပြစ်မှုမှ လွတ်ကင်းခွင့်မရကြသော်လည်း အပြစ်နည်းသူ နီးရာစား ကိုကြောက်ရွံ့၍ ပါဝင်ခဲ့ရသူများကိုမူ ခွင့်လွှတ်ချမ်းသာပေးတော်မူလေသည်။

မြင်ကွန်းမင်းသားညီနောင်သည် အင်္ဂလိပ်ပိုင် အောက်မြို့ကျေးရွာသို့ စုန်ဆင်း ခိုဝင်သွားရာ၌ အောက်မြစ်စဉ်တစ်လျှောက်ရှိမြို့နယ်များကို ဝင်ရောက်စီးနင်း တိုက် ခိုက်ခါ အလိုရှိသောပစ္စည်းဘဏ္ဍာနှင့် လက်နက်လူသူများကို လုယက်ယူငင်သွားပြီး နောက် ရန်ကုန်မြို့သို့ရောက်သောအခါလည်း မကြာခဏ နယ်စပ်ဒေသသို့ လာရောက်တိုက်ခိုက်လျက်ရှိပြန်သည်။

သို့ဖြစ်သောကြောင့် အောက်မြစ်စဉ်နယ်စပ်တစ်လျှောက်၌ အစောင့်အရှောက် စစ်သည်ဗိုလ်ပါများကို ရှေးယခင်ကထက် အင်အားတောင့်တင်းစေရန် ဖြည့်တင်းစေ ရသည်။

ယခင်ဆိုအပ်ခဲ့ပြီးသောအတိုင်း အင်္ဂလိပ်နယ်ချဲ့အစိုးရအဖွဲ့သည် အောက်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကိုသိမ်းယူ မင်းမှုအုပ်စိုးလျက်ရှိရာမှ အထက်မြန်မာပြည်ရှိ မြန်မာဘုရင်ဖြစ်သော မင်းတုန်းမင်းတရားကြီးအား ရာဇမဟာမိတ်အဖြစ် လေးစားချစ်ခင်စွာ ကူးလူးဆက်သွယ်မှုရှိနေကြောင်း အရိပ်အခြည်ပြုထားသည်။

ဆေးခါးကြီးကို သကြားရည်ဖုံးသောအပြုံးမျိုးနှင့် ဆက်ဆံသည်။ ဆက်ဆံရေးဆိုသည်များ၌ စီးပွားကုန်သွယ်ရေး၊ နိုင်ငံရေး၊ လူမှုရေးစသော အဘက်ဘက်တွင် နယ်ချဲ့တို့က နေရာတကာတွင်စီးပိုးခြင်း၊ တင်စီးခြင်း၊ အနိုင်အထက် လည်မျိုညှစ်နိုင်မည့် ကွင်းဆက်များ၊ ထောင်ချောက်များ ထောင်ထားခြင်းစသည့် ကောက်ကျစ်စဉ်းလဲမှုများကိုသာ ရေလဲအမျိုးမျိုးနှင့် ကြံစည်ကြိုးစားနေခဲ့ကြသူများဖြစ်သည်။

နိုင်ငံခြားသား၊ နိုင်ငံခြားသူများကိုလည်း ကုန်သည်များ၊ သာသနာပြုများအဖြစ် နေပြည်တော်တစ်လွှား၌ နေရာအနှံ့အပြား စားကျက်၍ချထားခဲ့သည်။ နန်းတွင်းသူလျှိုအဖြစ်နှင့်လည်း တစ်နည်းတစ်လမ်းမှ နန်းတွင်းရေးရာများကို စုံစမ်းနှိုက်ယူခဲ့ သည်။ နန်းတွင်းသူ နန်းတွင်းသား၊ ဆွေတော်မျိုးတော် ညီအစ်ကိုမောင်နှမများ အချင်းချင်းကိုလည်း ကြားဝင်၍ သွေးခွဲပေးစေသည်။

မြန်မာဘုရင်ကို အစဉ်အဆက်က ချစ်ခင်လေးစားဦးထိပ်ထားခဲ့သော ပဒေသရာဇ်စော်ဘွား၊ မြို့စားများကိုလည်း တဖြည်းဖြည်း ဘုရင်နှင့်သွေးခွဲလျက် နယ်ချဲ့တို့လက်အောက်သို့ဝင်ရောက်စေရန် နည်းအမျိုးမျိုးနှင့် ဖန်တီးဆွဲဆောင်လျက်ရှိနေကြသည်။

သူတို့သည် အလိမ္မာသုံး၍ မင်းတုန်းမင်းတရားကြီးအား သားတော် သူပုန်မြင်ကွန်းမင်းသားညီနောင်ကို ရန်ကုန်တွင်ဖမ်းဆီးလျက် အကျယ်ချုပ်နှင့်ထားပါကြောင်း၊ သူတို့လုယက်ယူငင်လာသော ရေနန်းစကြာမီးသင်္ဘောကြီးကိုလည်း သူတို့လက်မှပြန်လည်ရအောင် သိမ်းယူပြီး၊ နေပြည်တော်အရောက် ပို့ပါကြောင်း စသော ပျားရည်သုတ်စကားလက်ဆောင်ဖြင့် ပြန်လည်ပို့ဆက်သည်။

သို့ရာတွင် မြင်ကွန်းမင်းသားကြီးက ရန်ကုန်မြို့တွင် အကျယ်ချုပ်ကျသူကဲ့သို့ မနေရပါ။ မကြာမကြာ အထက်မြန်မာပြည်နယ်စပ်သို့ လာရောက်တိုက်ခိုက်နှောင့်ယှက်မှုပြုနိုင်ပါသည်။ အမှန်တကယ် အကျယ်ချုပ်ထားသော သဘောအမှန်ဆိုပါက လာရောက်တိုက်ခိုက် နှောင့်ယှက်နိုင်တော့မည်မဟုတ်ပါ။

တစ်ဖန် မြင်ကွန်းမင်းသားကြီးဘက်က ကြည့်ပြန်ပါသော် ရန်ကုန်သို့ အားကိုးတကြီးနှင့် ပြေးလာခိုဝင်နေထိုင်ရစဉ် နယ်ချဲ့အင်္ဂလိပ်အစိုးရတို့က မူလမြှောက်ပင့်ပေးစဉ်ကကဲ့သို့ စိတ်တိုင်းကျလောက်သော ကူညီမှုမျိုးကိုမရဘဲ၊ ရှေ့ရေးအတွက် အောင်မြင်ချက်အထောက်အကူများ(လူသူလက်နက်စသည်)ပင် မရမရှိ၊ မပေး၊ မထောက်သဖြင့် စိတ်ပျက်စဖွယ် ကြုံတွေ့နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက်လိုက်ပါလာရင်း လူတစ်စုနှင့်သာ နယ်စပ်တစ်လျှောက်သို့ တစ်ခေါက်တလေ တစ်ခါတစ်ရံ သွားရောက်တိုက်ခိုက်ခြင်းအမှုကို ပြုနေရသည်။

မြင်ကွန်းမင်းသားကြီးမှာ (မှန်းချက်နှင့် နှမ်းထွက်မကိုက်)ဆိုသော စကားပုံ အတိုင်း လက်ငင်းတွေ့ကြုံနေရလေသည်။

မင်းပရိယာယ် မတင့်တယ်၊ နားမလည်ခဲ့ရသူ မြင်ကွန်း၊ မြင်းခုံတိုင်မင်းသား ညီနောင်မှာ ပုန်ကန်မှုကြီးသာအဖတ်တင်ရှာသည်။ ရန်ကုန်ရောက်လာပေမင့် အင်္ဂလိပ်အားကိုးနှင့် ရှေ့တိုး၍မရတော့ပြီ။ နယ်ချဲ့တို့ မျက်စိစပါးမွေးစူးခဲ့သူ အိမ်ရှေ့စံ ကနောင်မင်းမှာ တူတော်၊ သားမက်တော် မြင်ကွန်းမင်းသားလက်ချက်နှင့် အသက်ပျောက်ခဲ့ရပြီဖြစ်ရာ နယ်ချဲ့ရန်သူ၏အောင်မြင်မှုအတွက် မြင်ကွန်းမင်းသား က ယောက္ခမကိုသတ်ပေးရရာ ရောက်ရရှာသည်။ မြင်ကွန်းမင်းသားမှာ ယခုကဲ့သို့ နယ်ချဲ့တို့၏ အားပေးအားမြှောက်မှုတို့က ထင်သလောက်မရလေသောအခါ မခံချည့်မခံသာဖြစ်ရသောစိတ်ကို အတော်ကြိတ်၍ ဖြေနေရရှာသည်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသော ဖွဲ့ကိုလည်း မင်းသားကြီးက မလျှော့နိုင်ဖြစ်နေသည်။

ဤတွင် အင်္ဂလိပ်အပေါ်ဝယ် မြင်ကွန်းမင်းသားကြီးက မကျေမလည်ဖြစ်နေ သည်။ ယခင်ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အကယ်၍သာ အင်္ဂလိပ်က လက်နက်များ ပေးကမ်းထောက်ပံ့ကာ မူလအတွင်းကြိတ် ကတိမျိုးအတိုင်း အကူအညီသာပေးခဲ့ လျှင် ရတနာပုံထီးနန်းမှာ မြင်ကွန်းမင်းသားကြီးလက်တွင်းသို့ အလွယ်ကလေးနှင့် သက်ဆင်းကျရောက်လာနိုင်စရာ ရှိပါသည်။

ယခုတော့ အထင်နှင့်အမြင် ကွာလှမ်းနေပါပြီ။ သည်တွင် နယ်ချဲ့အင်္ဂလိပ်ဘက် ကလည်း ခက်ထန်လှသော မြင်ကွန်းမင်းသားကြီးကို ရှင်ဘုရင်ဖြစ်သွားသည်အထိ အကျိုးပြုခဲ့သည်ရှိသော် သူ၏ခမည်းတော် မင်းတုန်းမင်းကြီးနှင့် ဆက်ဆံရသည်ထက် သူက အပေါင်းအသင်းခက်မည်။ ယခင်က သူတို့မလိုလားခဲ့သူ အိမ်ရှေ့စံ ကနောင် မင်းကြီးထက်ပင် မြင်ကွန်းမင်းသားက ဓားသွား ထက်ပေလိမ့်ဦးမည်ဟု ခံယူချက်ပြု ထားကြသူများဖြစ်ရာ မြင်ကွန်းမင်းသားကြီးက အခွင့်အရေးပူသလောက် သူတို့ဘက် ကအေးစက်စက်နေလိုက်ကြသည်။ ထို့ကြောင့်ပင် မြင်ကွန်းမင်းသားကြီးမှာ နာသာခံ ခက် ဖြစ်နေရရှာသည်။

ဤညီအစ်ကိုနှစ်ယောက်ကိုလည်း တစ်ယောက်တခြားစီထားလိုက်ပါက ပို၍ အားနည်းသွားမည်။ စိတ်ဓာတ်ကျဆင်းသွားမည်ဟူ၍ သူတို့က တွက်ထားသည်။ ထို့ကြောင့် ညီတော် မြင်းခုံတိုင်မင်းသားနှင့် နောင်တော်မြင်ကွန်းမင်းသားကြီးတို့ကို တစ်နေရာစီထားလိုက်ပြန်သည်။ နောင်တော်က တစ်နေရာမှ တစ်မျိုးအကြံအစည် ပြု၍ ညီတော်က တစ်နည်းတစ်လမ်း၊ တစ်နေရာမှ တစ်စခန်းထပါစေ၊ သူတို့တစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



က နောက်မှနေ၍ လိုအပ်သောကူညီမှုတို့ကို ပြုပါမည်။

ဤရန်ကုန်မြို့မှာတွင် သူတို့က ကူညီမှုပြုရပါက မင်းတုန်းမင်းတရားကြီးနှင့် ရာဇမဟာမိတ်ကိုဖျက်ဆီးသည့်အလား ကြား၍မလျော်နိုင်ပါ။ သို့ကြောင့် ညီတော်ကို တစ်နယ်သို့ပို့ပါမည် စသည့်အပြောမျိုးနှင့် မစားရဝခမန်းပြုသည်။ ထို့နောက် ညီတော်အား တစ်ကျွန်းတစ်မြေသို့ ပို့သည်။ ထိုကတစ်ဖန် အိန္ဒိယနယ်စပ်သို့ တစ်ဆင့်ပို့ထားပြန်သည်။

သူ့လက်တွင်းတွင် သူပြောသမျှ သဘောမျှရပေတော့မည်။ ညီတော်သည် တစ်နေရာမှနေ၍ ကြိုးစားခွင့်ရမည်ဟုလည်း ယုံကြည်သည်။ ရန်ကုန်မှ မကြာခဏ အထက်မြန်မာပြည်နယ်စပ်သို့ သွားရောက်တိုက်ခိုက်ရသည်မှာလည်း ထင်သ လောက် ခရီးပေါက်မြောက်မှုမရှိလှသောအခါ မြင်ကွန်းမင်းသားကြီးသည် ကရင်နီ နယ်ရှိ ကြယ်ဖိုးကြီးအပိုင်သို့ တစ်ဖက်လှည့်၍ သွားရောက်ခဲ့ပြန်သည်။

ကရင်နီနယ်မှာ နှစ်နယ်ရှိ၍ မြန်မာဘုရင်ကိုလေးစားသောနယ်နှင့် အင်္ဂလိပ် နယ်ခွဲ့ အချော့အမြှူကောင်း၍ တစ်ဖက်သတ် ပေါင်းလိုသောနယ်က တစ်နယ်ရှိ လေရာ မင်းသားကြီးသည် အင်္ဂလိပ်နယ်ခွဲ့ဘက်သို့ ယိမ်းယိုင်လျက်ရှိသော ကရင်နီ နယ်ဘက်သို့သွား၍ မြန်မာနယ်စပ်ဒေသများကို ထိပါးနှောင့်ယှက်ခဲ့ပြန်လေသည်။

ရန်ကုန်တွင် မြင်ကွန်းမင်းသားကြီးမရှိ၍ ငြိမ်ဝပ်သယောင်ဖြစ်ရာမှ ကရင်နီ နယ်ဘက်ကသွား၍ တစ်စခန်းထခြင်းဖြစ်သည်။

မြင်ကွန်းမင်းသားကြီးမှာ အင်ဒိုချိုင်းနားပြည် ယခု ဗီယက်နမ်ဆေးဂုံမြို့၌ အဆုံး စွန်ခေါင်းချ၍ အရိုးထုတ်သွားရရှာစေကာမူ မြန်မာပြည်ကို ပြန်လည်ရယူလိုမှု အာသီသက စွဲမြဲလှစွာရှိခဲ့သည်။ သို့ရာတွင် သက်ရွယ်အိုမင်းလာပြီဖြစ်သော အချိန် မှာတော့ အသက်က ၈၀ ကျော်ပြီဖြစ်၍ အရွယ်ကြောင့် မာန်လျှော့ခဲ့ရသည်။ ညီတော်ဖြစ်သူ မိမိနှင့်စိတ်ဓာတ်တူညီသူဖြစ်သော မြင်းခုံတိုင်မင်းသားကြီးမှာ အိန္ဒိယ ပြည်တွင်နေထိုင်ရာမှ နောင်တော် မြင်ကွန်းမင်းသားကြီးထက် အချိန်စောစွာကွယ် လွန်ခဲ့ရှာသည်။

ဤတွင် မြင်ကွန်းမင်းသားကြီးက ညီတော် မြင်းခုံတိုင်မင်းသားကြီး၏ ကျန်ရစ် သော သားတော်ဖြစ်သူ တူတော်မင်းသားနှစ်ဦးတို့ကို ဆေးဂုံမြို့သို့ခေါ်ယူပြီးလျှင် မိမိ၏သားတော်များအဖြစ် အတူနေထိုင်စေသည်။

ထိုမင်းသားများကလည်း ဘကြီးတော်သူ မြင်ကွန်းမင်းသားကြီး၏ သားတော် ရင်းချာတို့ကဲ့သို့ ကြည်ညိုလေးစား ချစ်ခင်မြတ်နိုးသောစိတ်ထား ရှိခဲ့ကြသည်။ ၎င်း တို့၏မိခင်ဖြစ်သော ခယ်မတော်ကိုလည်း ဆေးဂုံမြို့မှာပင် လက်ထပ်သိမ်းပိုက်၍ စောင့်ရှောက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းမင်းသားကြီးသည် မြန်မာလူမျိုးဟူသော ဇာတိမာန်နှင့် မျိုးချစ်စိတ်ထက်သန်သူ ဖြစ်သည့်အတိုင်း နိုင်ငံရပ်ခြားတွင် စံနေရသဖြင့် ဥရောပဝတ်စုံ များကိုဆင်မြန်းရသည့်တိုင်အောင် မြန်မာ့ဦးစွန်းကို မစွန့်ပစ်လို၍ မြန်မာမင်းညီမင်းသားများပုံစံအတိုင်း ခေါင်းပေါင်းကို အမြဲပေါင်းဆင်တော်မူလေ့ရှိသည်။

သို့ကြောင့် တစ်ကိုယ်လုံးတွင် ဥရောပဝတ်စုံဝတ်၍ ဘွတ်ဖိနပ်ကို စီးနင်းထားသော်လည်း ခေါင်းတွင် ဦးထုပ်ကိုမဆောင်းဘဲ ပုသိမ်ပိုးပဝါ အဝါကို အမြဲပေါင်းဆင်ထားလေသည်။

သားတော် တူတော်တို့ကိုလည်း ဥရောပဝတ်စုံဆင်ယင်စေကာမူ ခေါင်းပေါ်တွင် ဦးထုပ်ဆောင်းဆင်ခြင်း မပြုစေရ၊ အစဉ်အမြဲ မျိုးချစ်စိတ်နှင့်ဇာတိမာန်ကိုပြ၍ထားစေသည်။

အသက်အရွယ်ကြီးရင့်လာသည့်တိုင်အောင် သားတော် တူတော်တို့အား စိတ်ထားမလျှော့ကြစေရန် အမြဲအားမာန်သွင်းပေးလျက်ရှိခဲ့သည်။ ကုလားပြည်တွင် နေထိုင်ခဲ့စဉ်က ကုလားလူမျိုး အခြွေအရံများနှင့် နေထိုင်စံမြန်းရသကဲ့သို့ပင် ဗီယက်နမ်ပြည် ဆေးဂုံမြို့၌ စံနေရသောအခါမှာလည်း အိမ်တော်ရှိ အခြွေအရံတပည့်လက်သားတို့မှာ (တရုတ်)ဗီယက်နမ်အမျိုးသား အမျိုးသမီးတို့ကို စေပါးရလေသည်။

အသိမိတ်ဆွေ အပေါင်းအသင်းဆိုလျှင်လည်း ဗီယက်နမ် တိုင်းရင်းသားဂုဏ်သရေရှိ လူတန်းစားများသာဖြစ်ကြသဖြင့် စံအိမ်တော်၌ အခါမပြတ် ထွက်ဝင်ခစားလေ့ရှိကြသည်။ မြန်မာမင်းသားကြီးတစ်ပါးအဖြစ်လည်း ဗီယက်နမ်အမျိုးသားတို့က ကြည်ညိုချစ်ခင်လေးစားခဲ့ကြသည်။

တူတော် သားတော်များကလည်း အချို့က လူကုံထံ ဗီယက်နမ်အမျိုးသမီး များနှင့် အကြောင်းဆက်ခါ အနွယ်တော်များပင် ပေါက်ပွားထွန်းကား ကျန်ရစ်ခဲ့လေသည်။

ယင်းအနွယ်တော်တို့ကလည်း မြန်မာဘုရင့် သွေးတော်၊ သားတော်များအဖြစ်နှင့် ဂုဏ်ယူဝင့်ထယ်စွာ နေထိုင်လေ့ရှိကြသည်။

မြင်ကွန်းမင်းသားကြီးနှင့်တကွ သားတော်၊ တူတော်တို့သည် မူလရည်ရွယ်ရင်းစိတ်ဆန္ဒအတိုင်း မြန်မာနိုင်ငံ ပြန်လည်ရရှိရေးကို ကြိုးကြိုးကုတ်ကုတ်နှင့် တတ်အားသရွေ့ အားထုတ်ရင်းပင်လျှင် သင်္ခါရသဘောအရ ကွယ်လွန်အနိစ္စရောက်သွားကြရှာသဖြင့် ၎င်းတို့မိသားစု၏ အရိုးချရာသည် ဆေးဂုံမြို့မှာ အုတ်ဂူငယ်အသီးသီးနှင့် နောက်ဆုံး စံနေရရှာကြလေတော့သည်။

မြင်ကွန်းမင်းသားကြီးသည် ၁၉၂၅ ခုနှစ်တွင် ကံတော်ကုန်သည်။ ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ပြန်လည်ရရှိရေး ဇွဲလုံ့လသည် သေခါမှလျှော့မည်ဆိုသော ဇွဲသတ္တိမျိုး ဖြစ်ခဲ့သည်ကိုလည်း မမေ့မလျော့ မှတ်တမ်းတင်မှုပြုကြရသည်။

မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီးနောက် သီပေါမင်းနန်းတက်သော ခေတ် အရောက်တွင်မူ မြင်ကွန်းမင်းသားကြီးက ပိုမိုလှုပ်ရှားခဲ့သည်။ အောက်မြန်မာပြည် တွင် နယ်စပ်တစ်လျှောက်တွင်လည်း ယခင်ကထက် လှုပ်ရှားမှုပိုမိုပြင်းထန်ခဲ့သည်။

ကရင်နီနယ်စပ်တွင်လည်း ရှေးအခါကထက် လှုပ်ရှားမှုကြမ်းခဲ့သည် ကရင်နီ နယ် ကြယ်ဖိုးကြီး၊ ကြယ်ဖိုးကလေးစော်ဘွားတို့သည် အင်္ဂလိပ်နယ်ချဲ့ကို အထင်ကြီး ခဲ့သော်လည်း မြန်မာမင်းသားကြီးတစ်ဦးဖြစ်သော မြင်ကွန်းမင်းသားကြီး အပေါ်တွင် ပိုမိုချစ်ခင်ကြည်ညိုခြင်း၊ လေးစားခြင်းရှိကြသဖြင့် ကရင်နီနယ်သို့ မြင်ကွန်းမင်းသား ကြီးလာရောက်၍ မြန်မာနယ်စပ်တစ်လျှောက်၌ စခန်းပြုလှုပ်ရှားလေတိုင်း အထူး သဖြင့် အကူအညီပေးခဲ့ကြလေသည်။

ဗီယက်နမ်မှ ယိုးဒယားသို့ဖြတ်သန်းကာ ကရင်နီနယ်အရောက်ချီတက်လာ ရာတွင်လည်း အတားအဆီးမရှိ လွယ်ကူသည်။ ခရီးတွင်ကျယ်သည်။ သို့ကြောင့် လှုပ်ရှားမှုများသည် ပိုမိုပြင်းထန်လာခဲ့သည်။

ဤဖြစ်ရပ်မျိုးကိုမူ အောက်မြန်မာပြည်ကို မင်းမူနေပြီးဖြစ်သော နယ်ချဲ့များက နှစ်သက်ခြင်းမရှိကြပေ။ သီပေါမင်းကို မြင်ကွန်းမင်းသားကြီးက တိုက်ခိုက်အောင်မြင် သွားခြင်းထက် မိမိတို့လက်သို့သာ သီပေါမင်းကို အပါဆောင်ကျဉ်းရမည်ဖြစ်သည်။ သို့မှသာလျှင် အထက်မြန်မာပြည်သည် ၎င်းတို့လက်အောက်သို့ ကွင်းလုံးကျွတ် ရောက်ရမည်ဟူသော မူလတွက်ကိန်းအတိုင်း မြင်ကွန်းမင်းသားကြီးဘက်မှ အားပျော့ သွားစေရန် အကြံအဖန်ပြုကာ ပရိယာယ်ကြွယ်ဝလာပြန်သည်။

ပြင်သစ်အစိုးရအား သူတို့၏သြဇာအရိပ်က တစ်စိတ်တစ်ဒေသ လွှမ်းမိုးထား ရှိပြီးဖြစ်လေရာ မြင်ကွန်းမင်းသားကြီး၏ တိုက်ရေးခိုက်ရေးတွင် လက်နှေးစေရန်၊ အားပျော့စေရန်၊ ယခုအခြေအနေထက်ပို၍ အားပြည့်မလာစေရန် ကိစ္စရပ်များကို ညွှန်ကြားရလေသည်။

တိုက်ရေးခိုက်ရေး၊ စစ်ရေးမှုနှင့်သမှု၏ အချုပ်အခြာအင်အားသည် လက်နက် နှင့် လူသူများသာဖြစ်သည်။ လက်နက်နှင့်လူသူဆိုသည်မှာလည်း စရိတ်ကြေးငွေနှင့် ရင်းနှီးမှသာ ရရှိနိုင်လေသည်။

သို့ကြောင့် လိုရင်းအချုပ်မှာ ရိက္ခာ၊ ရွှေငွေ၊ လက်နက်များကို အင်တိုက် အားတိုက် ထုတ်ပေးကူညီမှုမပြုရန်ကိစ္စကို ရှေ့တန်းမှချ၍ တွက်ပြလိုက်သောကြောင့် ငလက်တို၏စကားကို ညြိုကနားထောင်ရသောအခြေသို့ ဆိုက်ရောက်လာသည်။ ဤဖြစ်ရပ်တို့ကြောင့် နောက်ပိုင်းတွင် မြင်ကွန်းမင်းသားကြီး၏လှုပ်ရှားမှုမှာ ရိက္ခာ၊



www.burmeseclassic.com

www.burmeseclassic.com



လူသူ၊ လက်နက်တို့ကို အသုံးပြုနိုင်ဖို့ လိုသလောက်မပေါက်မြောက်တော့သဖြင့် လှုပ်ရှားမှုအရှိန်အဟုန်က တစ်စတစ်စ လျော့ကျလာခဲ့ရရှာလေတော့သည်။

ဤသို့ အရှိန်အဟုန်ကို လျှော့ချလိုက်ခြင်းခံရမှုကြောင့် စိတ်အားတက်ကြွလျက်ရှိသော မြင်ကွန်းမင်းသားကြီးဘက်မှာ အခက်အခဲတွေရင်ဆိုင်ရပြီး ရှေ့ခရီးသို့ စိတ်ရှိသလောက် ကိုယ်ကမရောက်နိုင်ဘဲ တန့်ရပ်နေရသလိုရှိသည်။ ယခင်က လှုပ်ရှားမှု၏ ထက်ဝက်လောက်မျှကိုပင် ဖြစ်သမျှနှင့် လှုပ်ရှားထိပါးခြင်းပြုရရှာတော့ သည်။

မြင်ကွန်းမင်းသားကြီးသည် အင်္ဂလိပ်နယ်ချဲ့နှင့် အစပ်မတဲ့၍ ပြင်သစ်နှင့်ပေါင်းခဲ့ရသော်လည်း ကြာကြာဝါးမိသောအခါ 'ခါး'လာပြီကို သိရှိရလေပြီ။

(သည်သတ္တဝါတွေဟာ ဒီလိုပါတကား)ဆိုသော အတွေးအခေါ်က အလိုလိုပေါ်လာရစေသည်။ အရင်းအမြစ်ကို ပြန်လှန်စဉ်းစားမိလျှင် 'ယာလည်းညက်စေ၊ ကြက်လည်းမောစေ'ဆိုသောစကားပုံကို ငုံမိလိုက်သည်။

သူတို့ကိုယုံ၍ ပုံအောလိုက်မိသော မိမိ၏ပုန်ကန်မှုကြီးမှာ အဖျားရှုးမှန်းမသိ ရှူးလာကြောင်း မြင်လာသည်။ မြန်မာပြည် ပြန်လည်ရရှိရေးသည် သီပေါဘုရင်က လေးလက်မှ အလွယ်တကူပြန်ယူ၍ ရရန်ကိစ္စမှာ အောက်မြန်မာပြည်က အင်္ဂလိပ်နယ်ချဲ့အင်အားကို ဦးတည်တိုက်ခိုက်နိုင်မှသာ ရရှိတော့မည်ဟု မြင်လာသည်။

အင်္ဂလိပ်နယ်ချဲ့ကို အောက်မြန်မာပြည်က မောင်းထုတ်ပစ်ရန်ကိစ္စကား နတ်သိကြားများက တန်ခိုးအနန္တနှင့် ဝိုင်းကူညီကြသည်ပင် အောင်မြင်ရန် ခဲယဉ်းလေဦးမည်။ အဘယ်ကြောင့်ဆိုလျှင် ထိုခေတ်ထိုအချိန်မှာ ကမ္ဘာပေါ်တွင် တန်ခိုးအာနိသင်အကြီးဆုံး ဖြစ်နေသူများသည်ကား ဗြိတိသျှအင်ပါယာကြီးကို နေမဝင်စေရအောင် ဘုန်းတော်ရောင်လက်နေသော အင်္ဂလိပ်နယ်ချဲ့များပင်ဖြစ်နေကြောင်း၊ မြင်ကွန်းမင်းသားကြီးခမျာ ကောင်းစွာသဘောပေါက်သွားရရှာပြီ ဖြစ်လေသည်။

မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားညီနောင်နှင့် တူတော် ပတိမ်းမင်းသားတို့ အရေးအခင်းများ ငြိမ်းအေးသွားပြီဖြစ်သော်လည်း မင်းတုန်းမင်းတရားကြီးသည် နန်းတွင်းအစွယ်အပွားများ၏ မှုခင်းကလေးများကလည်း မီးပွားငယ်ကလေးများအဖြစ်နှင့် မကြာခဏ ကြုံဆုံတော်မူရပေသေးသည်။ သို့ရာတွင် မီးကို ကြီးထွားမလာမီ အခါက ကြိုတင်တားဆီးနိုင်မှုကြောင့် အကျယ်အပွားကား မရှိခဲ့ပေ။

ရန်ကုန်မြို့တွင် ဝင်ရောက်ခိုလှုံနေသူ သားတော် သူပုန်မင်းသားများဖြစ်သော မြင်ကွန်းမင်းသားညီနောင်တို့က အောက်မြစ်စဉ်နှင့် နယ်စပ်တို့တွင် ရံခါလာရောက်တိုက်ခိုက်တတ်ပြီးနောက်၊ ရန်ကုန်တွင် အကျယ်ချုပ်နှင့်ထားပါသည်ဟု အင်္ဂလိပ်ကပြောသော မြင်ကွန်းမင်းသားကြီးသည် ရန်ကုန်မှ ခေတ္တထွက်သွားပြီး၊ ကရင်နီနယ်အနောက်ခြမ်းမှလာရောက်၍ နိုင်ငံတော်ကို ထိပါးနှောင့်ယှက် တိုက်ခိုက်ခဲ့သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



၁၂၂၉ ခုနှစ်တွင် ပထမအကြိမ် အပူတပြင်းနှိမ်နင်းခဲ့သေးသည်။

နန်းတွင်းအမှုကိစ္စအနေနှင့်မူ မိုးညှင်းစားသား လှိုင်းတက်စားဟောင်းသည် နန်းတွင်းသူ မိမိတ်နှင့် စိတ်သဘောတူညီမှုပြု၍ စိန်နားတောင်းနှင့် အထည်အလိပ်များကိုရောင်းချလျက် စရိတ်ပြုလုပ်ပြီး၊ လူသူစုရုံးသွေးစည်းနေကြောင်း၊ စုရုံးမိသော လူသူများနှင့် တိုင်ပင်ညှိနှိုင်းပြီးလျှင် ပုန်ကန်ထကြွမှုပြုလုပ်ရန် ကြံရွယ်နေကြောင်းတို့ကို ကြိုတင်သတင်းရရှိခဲ့လေသည်။

ထိုအချိန်သည် ရွှေမြို့တော်မှ အဝေးနယ်များကို လက်စည်းကြပ်၍ မြို့စောင့် မြို့ဝန်များထားရှိပြီးဖြစ်သည်။ တရုတ်နယ်နှင့် ရှမ်းနယ်စပ်မှ တရုတ်သံများလည်း နေပြည်တော်သို့ရောက်လာကြသည်။ တရုတ်သံအဖြစ် စန္ဒားစော်ဘွား၏ညီ မြင်စွင်း၊ မိုင်းလားစော်ဘွား မရ၊ ဖွလောင်ရင်၊ ဖွဖူးဝင်း၊ စာရေးရှောင်ဆင်ဆင်၊ ခေါင်ကြန်စုံရဲ၊ ရှိဆင်ပုံတို့နှင့် ၎င်းတို့၏နောက်ပါလူငယ် နှစ်ဆယ်ကျော်ပါရှိသည်ဖြစ်၍ မင်းတရားကြီးက ဇေတဝန်ဆောင်တွင် ၎င်းတို့၏ လက်ဆောင်တော်ဆက်သခြင်းများကို ခံယူတော်မူပြီးလျှင် ထီးအစီးအနင်း အဆောင်အရွက်နှင့် ငွေဒင်္ဂါး၊ ပိုးပုဆိုး၊ သက္ကလပ်ခြုံထည်၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်၊ ဆာပါအုပ်၊ ပြင်သစ်ပဝါအုပ် စသဖြင့် အထိုက်အလျောက် သနားတော်မူရုံမျှမက၊ မိုင်းပျည်းမြို့မှာ ရှိရစ်သော တရုတ်စစ်ဗိုလ် လီဆီတာရဲကိုလည်း ရွှေထီး ၁၊ ရွှေစလွယ်ခြောက်သွယ်၊ ရွှေဖလား ၁၊ လွန်းများပုဆိုး ၁၊ သက္ကလပ်ခြုံထည်၊ ပိတ်ပြာအုပ်၊ ခေါင်းပေါင်းအုပ်၊ ပုသိမ်ဆာပါပဝါ၊ ပြင်သစ်ပဝါ၊ ယွန်းထိုးအုပ်စုံနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ပေးသနားလိုက်စေသည်။

ထိုသံတမန်ရောက်ချိန်နှင့်ဆက်လျက် အထက်ပါ လှိုင်းတက်ရွာစားဟောင်းနှင့် နန်းတော်သူ မိမိတ်တို့ကိစ္စကို ဆက်လက်စုံစမ်းစေရာတွင် ၎င်းတို့ကို ဖမ်းဆီးရမိသည်။ မူလသတင်းပေးသူများမှာ နန်းတွင်းသူ မိမိတ်၏ အိမ်ဝင်းအတွင်း၌နေထိုင်သော လှည်းသမားများဖြစ်ကြသူ မောင်ရိပ်နှင့် မောင်ပေါ်တို့ဖြစ်လေသည်။

မောင်ရိပ်နှင့် မောင်ပေါ်တို့သည် ပခန်းကြီးမြို့စား ဝန်ကြီးထံ သတင်းပို့လျှောက်ထားခြင်းကြောင့် အချိန်မီ ဖမ်းဆီးလိုက်ရခြင်းဖြစ်ပါသည်။ ဖမ်းဆီးရမိသူများမှာ လှိုင်းတက်စားဟောင်းဖြစ်သူ မောင်သာထွန်းအောင်၊ ၎င်း၏ညီများဖြစ်သူ ငခို၊ ငစို၊ ငချို ငပိုနှင့် နှမ မိမြင့်၊ မိမိတ်တို့ဖြစ်၍ ကျန်လူများမှာ ရွှေလက်ဝဲအမှုထမ်း ငချမ်းအေး၊ ငအောင်ပေါ်၊ ငပိုက်၊ မိမိတ်၏ဆွေမျိုး ငရဲလှ၊ ငသာခို၊ ငကျောက်လုံးနှင့် ငချိပ်ငယ်တို့ဖြစ်ကြသည်။

ဝန်ရှင်တော်များ စစ်မေးချက်အရ၊ ၎င်းတို့အပြစ်ကို အဖြောင့်အမှန်အတိုင်း ဝန်ခံကြသောကြောင့် မင်းတရားကြီး၏အမိန့်တော်ကိုပင် မခံယူတော့ဘဲ လွှတ်တော်မှ သုံးတန်းပေး၍ ပုန်ကန်မှုထုံးစံအတိုင်း စီရင်လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့သော နန်းတွင်းမှ နောက်ဆက်တွဲမှုခင်းများအပြင်၊ ၎င်း ၁၂၂၉ ခုနှစ် နယုန်လမှာ ဆိုအပ်ခဲ့ပြီးသော မြင်ကွန်းမင်းသားကြီးသည် ရန်ကုန်မြို့မှထွက်သွားပြီး၊ ကရင်နီနယ်သို့ ရောက်ခဲ့သည်။ ကြယ်ဖိုးကြီးစော်ဘွားနှင့် ၎င်း၏တပည့်များပါ ပူးပေါင်း၍ ဖယ်ခုံအရပ်ရှိ ဘုရင့်တပ်တော်စောင့်လူတို့ကို ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ထိပါးနှောင့်ယှက်လာလေသည်။

ထိုအကြောင်းကို ရှမ်းပြည်မြေလတ်တွင် ရပ်တန့်တပ်စွဲနေသော ဘုရင့်တပ်မတော်မှ ဝန်ထောက်မင်း မဟာမင်းခေါင်ကျော်ထင်က မင်းတရားကြီးထံသို့ အတင်အလျှောက်ရောက်လာသည်။

သို့ဖြစ်၍ နေပြည်တော်မှ လမိုင်းဝန်ထောက်မင်းကြီး မဟာမင်းလှမင်းခေါင်ကို အမှုထမ်းတပ်သား လူသုံးထောင်ခြောက်ရာကျော် ပေးအပ်ချီတက် နှိမ်နင်းစေရ သည်။ မင်းတုန်းမင်းတရားကြီးသည် မိမိ၏နိုင်ငံတော် မြေအောက်မှ အဖိုးတန်သယံဇာတပစ္စည်းများကိုလည်း အခါမပြတ် စူးစမ်းရှာဖွေစေသောကိစ္စများက ရှိလေသေးသည်။ မဟာဒါန်ဝန် နေမျိုးရာဇသီဟနှင့် ရေနံ့သာမြို့အုပ် လက်စွဲကြီးမင်းလှမင်းတင်ရဲခေါင်တို့ကို စဥ့်ကူးနယ်တွင် သံကျောက်၊ ကြေးနီကျောက်၊ ဘော်ကျောက်(သံသတ္တု၊ ကြေးနီသတ္တု၊ ဘော်ငွေသတ္တု)များကို ရှာဖွေစေခိုင်းတော်မူထားသည်။

စကျင်တောင်မှလည်း ပတ္တမြား၊ ကျောက်မျက်ရတနာများ တူးဖော်ရရှိကြောင်း၊ ပတ္တမြားကျောက်နီအကြီး အလုံး ၇၄၊ အလတ်လုံးရေ ၅၀၊ လုံးချောအနီကြီး ၃ နှင့် တာပလာကျောက်များ ပို့ဆက်သဖြင့် ကြိုယူသိမ်းဆည်းပြီး ရာဖြတ်တို့ကို ကြည့်ရှုစေရာ၊ မိုးကုတ်ကျပ်ပြင်အရပ်မှ တူးဖော်ရရှိသော ပတ္တမြားကျောက်များနှင့် အမျိုးထပ်တူဖြစ်ကြောင်း လျှောက်တင်ကြသည်။

မဟာဒါန်ဝန် ရေနံ့သာမြို့အုပ်တို့နှင့်တကွ တူးဖော်ရာပါ တပည့် လူ ၁၄ ဦးတို့ကိုလည်း ပုဆိုးအုပ်၊ ဒင်္ဂါး၊ ခေါင်းပေါင်း၊ ပိတ်အုပ်များစွာ ပေးသနားချီးမြှင့်လေသည်။ နောက်ထပ်၍ စုံးမြို့စကျင်ရွာ၊ တောင်ပြုံးငယ်ရွာ၊ ရေနံ့သာမြို့များကို စဥ့်ကူးမြို့နှင့် ရုံးခွဲပေးထားပြီးလျှင် ၎င်းမြို့ရွာရှိ လူတို့ကို ငွေတော်ပေးကမ်း၊ ငှားရမ်းချဲ့ထွင် တူးဖော်စေသဖြင့် ကျောက်တော်များ အလျင်မပြတ် ရရှိဆက်သနိုင်ခဲ့သည်။

သို့ကြောင့် ၎င်းစကျင်တောင်ကိုလည်း ပတ္တမြားတောင်တော်ဟူ၍ ကမ္ပည်းမော်ကွန်းတပ်စေသည်။ မိုးကုတ်ကျပ်ပြင်မှတစ်ပါး ပတ္တမြားထွက်ရာနယ်မြေသစ် တိုးပွားလာခဲ့ရခြင်းဖြစ်လေသည်။

သားတော်များကို ရှင်သာမဏေအဖြစ် ချီးမြှင့်ရသောကိစ္စကိုလည်း ၎င်းနှစ်ဝါဆိုလတွင်ကျင်းပရသည်။ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ရသော



www.burmeseclassic.com

www.burmeseclassic.com



သားတော်များမှာ ကျပင်းမင်းသား သတိုးဗညားကျန်း၊ သားတော် ပင်လယ်မင်းသား သတိုးမင်းစော၊ သားတော် ရွှေဂူမင်းသား သတိုးဗညားလော၊ သားတော် မိုင်းတုံမင်းသား သတိုးမင်းရဲမင်းခေါင်၊ သားတော် ရနောင်မင်းသား သတိုးဗညားထော၊ သားတော် ကသာမင်းသား သတိုးမင်းဖျား၊ သားတော် ထီးလင်းမင်းသား မင်းရဲသတိုးတို့ဖြစ်သည်။

သားတော်များကို သာသနာ့ဒါယကာဖြစ်စေခြင်းငှာ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ရာတွင် ဆရာတော်သံဃာတော်တို့ကိုလည်း ပရိက္ခရာ၊ လျှူဖွယ်ပစ္စည်းမျိုးစုံ ပဒေသာပင်များလှူဒါန်း၍ ရေစက်သွန်းချလေသည်။

ယင်းသို့ သားတော်၊ သမီးတော်များကို မင်္ဂလာ အသုတ်လိုက်ခွဲ၍ သာမဏေပြုပွဲ၊ သျှောင်ထုံးဒက်ဆင် နားထွင်းမင်္ဂလာပွဲ စသဖြင့် အလှည့်သင့်တိုင်း ပြုလုပ်တော်မူခဲ့မြဲဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် ယခင် ရန်ကုန်မြို့မှ အင်္ဂလိပ်အစိုးရနှင့် နှစ်ပြည်ထောင်ဆက်ဆံရေး၊ ရွှေလမ်း ငွေလမ်းဖောက်ရေးတွင် အရေးပိုင် ဖယ်ရာအစား၊ နောက်ထပ်ရောက်လာသူ ကာနယ်ဖိုက်နှင့် ၎င်း၏နောက်ပါအခြွေအရံများဖြစ်သော နှစ်ဆယ့်လေးနံပါတ်တပ်သား ၇၂ ယောက်၊ အမြောက်တပ်သား ၁၂ ယောက်တို့အား အထက်က ဝန်ကြီးဖယ်ရာလာစဉ်အခါက ကြိုဆိုဧည့်ခံဖူးသောနည်းအတိုင်း နေပြည်တော်က ဝန်ထောက်အရာရှိစုံနှင့် ကြိုယူစေသည်။

အရေးပိုင် ကာနယ်ဖိုက်က ဖယ်ရာကို ရွှေထီးသနားတော်မူသကဲ့သို့ သူ့အား ရွှေထီးပေးသနားခံလိုပါသည်ဆို၍ ကာနယ်ဖိုက်အား ရွှေထီးနှစ်လက်နှင့် ရွှေယာဉ်တစ်စီး၊ ၎င်း၏ဇနီးကို ရွှေထီးတစ်လက် သနားတော်မူပြီးလျှင် ရွှေတချောင်၊ အနောက်ဘက်ရှိ သံတဲသို့ နေထိုင်စေသည်။

အရေးပိုင် ဖိုက်တို့က သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် ဆက်သရန် လက်ဆောင်တော်များနှင့် ရွှေနန်းတော်သို့ဝင်ကြရာ ဇေတဝန်ဆောင်တော်တွင် မင်းတုန်းမင်းတရားကြီးက အဆက်အသ၊ အဖူးအမြော်ခံတော်မူသည်။

ထို့နောက် ဝါကျွတ်ကန်တော့ခံတော်မူသည်။ ထုံးစံအတိုင်း ဆီမီးမြင်းမိုရ်ပွဲ၊ မီးဖြူမီးဝါစသော မီးပန်းရှူလွှတ်ပွဲများ ကျင်းပရာသို့ အရေးပိုင်ဖိုက်တို့ အင်္ဂလိပ်အရာရှိများကို ကြည့်ရှုစေရသည်။

အရေးပိုင် ကာနယ်ဖိုက်၏ ဇနီးမယားကိုလည်း အနောက်တံခါးမှဝင်စေ၍ မယ်တော်ဖုရား၊ အရှင်နန်းမတော်ဖုရား၊ အလယ်နန်းတော် မိဖုရား၊ မြောက်နန်းတော်မိဖုရား၊ အနောက်နန်းတော်မိဖုရား၊ တောင်သာမိဖုရားများထံတော်သို့ ဝင်ရောက်၍ အနောက်တိုင်းဖြစ် အထည်အလိပ်မျိုးစုံ၊ ပုဇွန်ဆီလိပ်၊ ဖဲလိပ်၊ နှင်းရေဗူး၊ ဆီမွှေးဗူး



www.burmeseclassic.com

www.burmeseclassic.com



နှင့် အထူးအဆန်း အသုံးအဆောင်များကို ဆက်သရင်း အဖူးအမြော်ဝင်ရောက်စေသည်။

အရေးပိုင်ဖိုက်မယား စသော ဝင်ရောက်ခစားသူ အနောက်တိုင်း အမျိုးသမီးများအားလည်း မိဖုရားများက ကျောက်စီဘယက်၊ ပတ္တမြားလက်စွပ်၊ ရွှေဖလား၊ ရွှေကြိုးလိုက်ထဘီ၊ လွန်းများထဘီ၊ ကတိုးခွာများကိုလည်း ပေးသနားတော်မူကြလေသည်။

မင်းတုန်းမင်းတရားကြီးသည် အင်္ဂလိပ်သံတို့နှင့် အတွေ့ခံတော်မူပြီးနောက် နှစ်တိုင်းနှစ်ပြည် မဟာမိတ်အဖြစ် ကူးသန်းရောင်းဝယ်မှုပွင့်လင်းပါက တိုင်းပြည်အကျိုး၊ သာသနာတော်အကျိုး တိုးပွားစည်ပင်ရန်ရည်ရွယ်၍ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့တွင် နှစ်ပြည်ထောင် ကူးသန်းရောင်းဝယ်ရေးအတွက် အောက်ပါအချက်များကို လက်မှတ်ထိုးကြလေသည်။

## မဟာမိတ်စာချုပ်

(၁) မြန်မာဘုရင်မင်းက ရောင်းသောရေနံ၊ ကျွန်းသစ်နှင့် အဖိုးတန်ကျောက်မျက်ရတနာများမှတစ်ပါး၊ အင်္ဂလိပ်ပိုင်နယ်နှင့် မြန်မာပိုင်နယ်တို့ ကူးသန်းရောင်းဝယ် ဖောက်ကားသော ထွက်ကုန်ဝင်ကုန်အားလုံးတို့ကို တန်ဖိုးငွေတစ်ရာလျှင် ငွေငါးကျပ်ကျ အကောက်ယူရန်။

(၂) ၁၀ နှစ်ကျော်လွန်သောအခါ မြန်မာဘုရင်မှ နှုန်းတိုး၍ ကောက်ယူလိုပါက ငွေတစ်ရာလျှင် တစ်ဆယ်ထက်မပိုစေရ။ လျှော့လိုပါက ငွေငါးကျပ်ထက်မပိုစေရ။

(၃) တစ်ရာလျှင် ငွေငါးကျပ် သို့မဟုတ် တိုးတက်နှုန်းလျှော့၍ မြန်မာအစိုးရက ကောက်ခံသော ကာလပတ်လုံး အင်္ဂလိပ်အစိုးရတို့က နယ်ခြားအကောက်ကို ခွင့်လွှတ်ရန်။

(၄) နှစ်ဖက်အစိုးရတို့က ထွက်ကုန်ဝင်ကုန်တို့၏ ရောင်းဈေးဝယ်ဈေးတို့ကို စာရင်းပြုလုပ်ပေးရမည်။

(၅) အင်္ဂလိပ် ကျွန်တော်မျိုးတို့ဖြစ်ပွားကြသော တရားမမှုကို ပြီးပြတ်အောင်စီရင်ပိုင်သော ကိုယ်စားလှယ်တစ်ယောက်ကို မြန်မာနေပြည်တော်၌ ထားရှိရန်။ မြန်မာကျွန်တော်မျိုးတို့နှင့် အင်္ဂလိပ်ကျွန်တော်မျိုးတို့ ဖြစ်ပွားကြသော အမှုများကို စစ်ဆေးဆုံးဖြတ်ရန်၊ တွဲဖက်ရုံးထားရန်၊ မြန်မာအစိုးရတို့ကလည်း အင်္ဂလိပ်နယ်အတွင်း၌ မြန်မာကိုယ်စားလှယ်ထားပိုင်ခွင့်ရှိရန်။

(၆) အင်္ဂလိပ်လူမျိုး အမှုထမ်းအရာရှိတို့သည် မိမိသွားရောက်နေထိုင်ရသော အရပ်



www.burmeseclassic.com

www.burmeseclassic.com



တို့၌ မြေဝယ်အိမ်ရာ ဆောက်လုပ်နေထိုင်ခွင့်ရစေရန်။

(၇) မြန်မာအရာရှိတို့သည်လည်း ပဲခူးနယ်အကောက်ရုံး အရပ်တို့၌ ထိုနည်းတူ နေထိုင်ပိုင်ခွင့်ရရှိစေရန်။

(၈) ရွှေစိမ်း၊ ငွေစိမ်းများကို နှစ်ပြည်ထောင်ကျွန်တော်မျိုးတို့ ရောင်းဝယ်ခွင့်ရှိကြောင်း၊ အရေးပိုင်မဟာဝန်ရှင်တော်မင်းကြီး အခွင့်ပေးလျှင် အင်္ဂလိပ်နယ် အတွင်းတွင် စက်ကိရိယာတို့ကို မြန်မာအစိုးရတို့က ဝယ်ယူနိုင်ခွင့်ရှိစေရန်။

(၉) မြန်မာကျွန်တော်မျိုးတို့ကို အချို့ရာဇဝတ်ပြစ်မှုနှင့်စွဲဆိုသော ကာလတွင် မြန်မာတို့ထံ အင်္ဂလိပ်ကိုယ်စားလှယ်က လွှဲအပ်ရမည်။ မြန်မာအရာရှိတို့ကလည်း အင်္ဂလိပ်ကိုယ်စားလှယ်ရှေ့တွင် ၎င်းအမှုကို စစ်ဆေးရမည်။

(၁၀)ထိုနည်းအတူ ရာဇဝတ်မှုရှိသူ အင်္ဂလိပ်ကျွန်တော်မျိုးတို့ကိုလည်း မြန်မာကိုယ်စားလှယ်ရှေ့တွင် စစ်ဆေးရမည်။

(၁၁)အင်္ဂလိပ်နယ်အတွင်း ရာဇဝတ်သင့်သော မြန်မာကျွန်တော်မျိုးတို့ကို မြန်မာထုံးတမ်းဥပဒေအတိုင်း စီရင်ရန်။

စသော အချက်အလက်များ ပါရှိလေသည်။ ကိစ္စပြီးသဖြင့် ကာနယ်ဖိုက်ပြန်မည့်အခါ၊ ရွှေနန်းတော်သို့ အဖူးအမြော်ဝင်ခွင့်ပြု၍ မင်းတရားကြီးက တောင်ဥယျာဉ်တော် စံနန်းတော်တွင် အတွေ့ခံတော်မူပြီးလျှင် အတွင်းအချည် အထည်အလိပ်များ ပေးသနားတော်မူလိုက်သည်။ ကာနယ်ဖိုက်လည်း ဝန်ကြီးများအိမ်သို့ပါဝင်ရောက် နှုတ်ဆက်ပြန်သွားလေသည်။

ထို့နောက် အနောက်တိုင်းပြည်မှ ကုန်သည်ကြီးတစ်ဦးဖြစ်သော ဒန်ဗလမ္ဗီမက်ကော့ဆိုသူက မင်းတရားကြီးအား အဖူးအမြော်ဝင်ရောက်လာပြီးလျှင် လက်ဆောင်တော်များအဖြစ် ဘီလပ်ကော်ဇောအချပ်ရေ ၁၀၀၊ မှန်ကြီးမှန်ငယ်ပေါင်း ၅၄၊ အရုပ်စုံသေတ္တာ ၂၊ ချိုချဉ်အမျိုးစုံပါရှိသော သေတ္တာ ၁၊ ပိုးဇာပါး ၂၇ အုပ်၊ နှင်းသုတ်ပိတ်အုပ် ၁၀၊ စားပွဲခင်း၊ ရွှေရောင်နာရီ၊ ငွေရောင်ဆေးဗူး၊ ငွေရောင်လင်ပန်းများ၊ ငွေရောင်တကောင်းများ၊ ရုပ်စုံရေးမှန်ကားပေါင်း ချပ်ရေ ၁၄၄ ချပ်၊ လက်ကိုင်မှန်ငယ် ၁၂၊ ယမ်းစည်လုံးရေ ၁၅၊ တူဆံသေတ္တာ ၂၀၊ ရွှေရောင်မှန်အိမ်ကြီး၊ ရွှေဘောင်ကွပ်မှန်ကြီး စသည်များကို ဆက်သလေသည်။

မင်းတုန်းမင်းတရားကြီးသည် ၎င်းကုန်သည်ကြီးမက်ကော့အား နန်းမဝနုဆောင်တော်တွင် အဖူးအမြော်ခံတော်မူပြီးလျှင် မက်ကော့ကို သီရိဂုဏ္ဏရတ်ဘွဲ့ကို ပေးသနား၍ အချိန် ၅ ရတီကျော်ရှိ အဖိုးဒင်္ဂါး ၁၅၀၀ တန်ပတ္တမြားလက်စွပ်ကြီး ၁၊ ပတ္တမြားတောင်တော်မှ ထွက်ရှိသော အချိန် ၄ ရတီရှိ ပတ္တမြား ၁၊ အချိန် ၂၀ ရှိ ရွှေဖလား ၁၊ ရွှေမတ်ပြားရေ ၁၀၀၊ ပတ္တမြားကျောက်လွတ် အချိန်တစ်ကျပ်၊ ငွေဒင်္ဂါးပြားရေ



www.burmeseclassic.com

www.burmeseclassic.com



၁၀၀၀၊ လွန်းများပုဆိုးတို့ကို သနားတော်မူသည်။

အတူပါ ကိုယ်စားလှယ်မေဂျာဆိုသူအား လွန်းများပုဆိုး၊ ရွှေမတ်ပြား ၁၀၊ ငွေဒင်္ဂါး ၃၀၀ နှင့် နောက်ပါသစ်ခေါင်း ကုန်သည်ကြီး ၁၄ ဦးတို့အား ငွေဒင်္ဂါး ၅၀၀ နှင့် ပိုးပုဆိုးများ သနားတော်မူလေသည်။

မိုးဗြဲမြို့အနီးတွင် နေထိုင်သော ကရင်လူမျိုးအကြီးအကဲ နီကျော်တဲ့ဦးဆောင်၍ ကရင်အမျိုးသား ရွာပေါင်း ၅၀ ကျော်မှ ရွာခေါင်းဆောင် အကြီးအကဲတို့သည် ဆက်သထမ်းရွက်မြဲ အခွန်တော်အမှုတော်များကို ဆက်လက်ထမ်းဆောင်ရန် မိုးဗြဲ စော်ဘွားကြီးထံ သစ္စာပန်ဝန်ခံကြောင်းနှင့် တင်လျှောက်လာသဖြင့် ထမ်းရွက်မြဲ ထမ်းဆောင်နေထိုင်စေသည်။ လက်မိုင်းမြို့စားနှင့် ကရင်အမျိုးသားတို့၏ ရွာပေါင်း ၁၃၀ ကျော် စစ်ခေါင်းအကြီးအကဲတို့ကိုလည်း အထက်နည်းအတိုင်း ဝန်ခံ၍ ထမ်းရွက်စေသည်။

ပြာသိုလတွင် မြင်ကွန်းမင်းသားနှင့် ကရင်အရေးကိုထောက်၍ မြို့ဝန်နတ်ရှင် ရွှေးဗိုလ်ကို အမှုထမ်းလူ ၈၀၀ ပေးပြီးလျှင် ချီတက်ထမ်းရွက်စေသည်။

အင်္ဂလိပ်မင်းထံက ရာဇသံ ရွှေမြို့တော်မြစ်ဆိပ်သို့ ရောက်ရှိလာသည်ကို အထက်အခါကကြိုယူသော ထုံးစံအတိုင်း ကြိုယူမြဲကြိုယူပြီးလျှင် ရှေ့တော်သို့သွင်း ၍ ဖတ်လျှောက်စေသည်။

အင်္ဂလိပ်မင်းကပေးသော ရာဇသံအဆိုအရမှာ-

အထက်စာချုပ်ကိစ္စကို နှစ်တိုင်းနှစ်ပြည် အကျိုးစီးပွားများတော့မည်ဖြစ်၍ ဝမ်း မြောက်ဝမ်းသာရှိပါကြောင်း၊ တိုင်းတော်ပြည်တော်မှာ ကိုယ်စားလှယ်ပြုလုပ် နေထိုင် သူများ အင်္ဂလိပ်လူမျိုးများကို မစချီးမြှင့်တော်မူ၍ တရုတ်ပြည်သို့ စေလွှတ်တော်မူ သည်များကို ဝမ်းမြောက်ဝမ်းသာရှိရပါကြောင်း။

ဟူ၍ ပါရှိလေသည်။ အထက်အခါက ဗန်းမော်မြို့သို့သွားရောက်၍ တရုတ် နယ်စပ်သို့ အင်္ဂလိပ်အမှုထမ်းအရာရှိများ လေ့လာကြည့်ရှုခွင့်ပြုခဲ့သည်ကို ဆိုလို ပါသည်။

ရှမ်း ရှစ်ပြည်ထောင် အပါအဝင်ဖြစ်သော မိုးခမ်းစော်ဘွား ဘထွေးတင်ရန်၊ မိန်မိုင်းစော်ဘွား၏ညီ လမန်းပိန်၊ မိုင်းတိမ်စော်ဘွား ညီကတစုံတို့နှင့် နောက်ပါလူ ငယ် ၁၅ ယောက်တို့ လက်ဆောင်တော်ဆက်သ၍ အဖူးအမြော်ဝင်ရန် ရောက်ရှိ လာသည်။ မင်းတရားကြီးက ဇေတဝန်ဆောင်တော်တွင် အဆက်အသ အဖူးအမြော် ခံတော်မူသည်။

ခေါင်းဆောင်လူကြီး ၃ ဦးတို့အား လွန်းများပုဆိုး၊ သက္ကလပ်ချော၊ ပိတ်အုပ်၊ ခေါင်းပေါင်းများနှင့် လူငယ်တို့အားလည်း ပိုးသားပုဆိုး၊ ပိတ်အုပ်၊ ခေါင်းပေါင်းအုပ်



www.burmeseclassic.com

www.burmeseclassic.com



များ ပေးသနားတော်မူပြီးလျှင် ၎င်းတို့နှင့်အတူပါလာသော ရဟန်းတော် ၂၅ ပါး၊ သာမဏေ ၃၃ ပါးတို့ကိုလည်း ဇေတဝန်ဆောင်တော်သို့ပင့်၍ သပိတ်၊ သင်္ကန်းနှင့် ဆွမ်းများ လှူဒါန်းတော်မူခြင်းဖြင့် ရှမ်းအမျိုးသားများအား သွေးသားချင်းကဲ့သို့ မနှိမ့်မချ ချစ်ခင်မြတ်နိုးစွာ အရေးအခွင့်များပေးတော်မူလေသည်။

၎င်းနှစ် တပို့တွဲလအတွင်း မင်းတုန်းမင်းတရားကြီးသည် သမီးတော်များကို နားထွင်းမင်္ဂလာပြုလုပ်တော်မူပေးရန် အခါတော်ရောက်လာပြန်သည်။

ဤတစ်ကြိမ် နားထွင်းမင်္ဂလာအခမ်းအနားပြုရမည့် သမီးတော်များမှာ -

အလယ်နန်းမိဖုရား(နောင်ဆင်ဖြူမရှင်)တွင် ဖွားမြင်တော်မူသော သမီးတော်အကြီး သီရိသုရတနာမင်္ဂလာဒေဝီ(စုဖုရားကြီး)နှင့် ညီမတော် သီရိသုပဘာ ရတနာဒေဝီ(စုဖုရားလတ်)တို့အား (မယ်တော် ဆင်ဖြူမရှင် ငယ်စဉ်က နားထွင်းမင်္ဂလာ အခမ်းအနားပုံစံအတိုင်း)စီမံစေရသည်။

မကွေးမိဖုရားတွင် ဖွားမြင်သော သမီးတော် မင်းခင်းမြို့စား သီရိသုရတနာဒေဝီ။

စားပွဲတောင်တိုက်စား မိဖုရားတွင် ဖွားမြင်သည့်သမီးတော် မိုင်းလုံမြို့စားမင်းသမီး သီရိသုရတနာဒေဝီတို့ကို လှိုင်မြို့စား(အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်)ငယ်စဉ်က နားထွင်းမင်္ဂလာအခမ်းအနားအတိုင်း စီမံစေရသည်။

လောင်းရှည်မိဖုရားတွင် ဖွားမြင်သော သမီးတော် (သီပေါမင်းသား၏ အစ်မတော်) မိုးခိုင်းမြို့စား သီရိသုပဘာဝတီ။

ခုနစ်ရွာမိဖုရားတွင် ဖွားမြင်သော သမီးတော် ပန်းတိမ်းမြို့စား သီရိသုပဘာဝတီ။

မြောက်ရွှေရေးဆောင်မိဖုရားတွင် ဖွားမြင်သော ဆင်ရှင်မြို့စား သီရိသုမင်္ဂလာဒေဝီ။

မကျည်းပင်ဆောက်မိဖုရားတွင် ဖွားမြင်သော သမီးတော် မိုင်းညောင်မြို့စား သုသီရိမင်္ဂလာဒေဝီ။

လက်ပံစင်မိဖုရား သမီးတော် တောင်ပြုံးကြီးမြို့စား သုသီရိပဘာဝတီတို့အား သမီးတော်ကြီး ချွန်းတောင်မင်းသမီးနည်း၊ မိုးညှင်းမင်းသမီးနည်း အခမ်းအနားစီမံစေသည်။

အထက်က ကရင်နီနယ်သို့စေလွှတ်ထားသော တပ်တော်ဦးစီးမြို့ဝန် နတ်ရှင်ရွှေးဗိုလ်တပ်သည် အရှေ့ကရင်နီနယ်အကြီးအကဲ စောလဖော်၊ စောမော်ကား၊ စောနတ်တဲ့တို့နှင့်အတူ မြင်ကွန်းမင်းသားရှိရာနေရာ အနောက်ကရင်ကြယ်ဖိုးကြီးနယ်စပ်တံတားသို့ ဝင်ရောက်တိုက်ခိုက်ကြသောအခါတွင် မြင်ကွန်းမင်းသား သူပုန်



www.burmeseclassic.com

www.burmeseclassic.com



တပ်များ ပျက်ပြားထွက်ပြေးကြကြောင်းနှင့် သံတော်ဦးတင်လွှာရောက်လာသည်။

မင်းတရားကြီးက အရှေ့ကရင်အကြီးအကဲ စောလဖော်၊ စောမော်ကား၊ စောနတ်တဲ့တို့ကို တစ်ကိုယ်လျှင် ရွှေစလွယ်တစ်ခုကျနှင့် လွန်းများပုဆိုး၊ ခေါင်းပေါင်း အုပ်၊ သားမွေးအင်္ကျီ၊ သားမွေးစောင်များကို စေလွှတ်ပေးပို့စေရန် ကိုယ်ရံတော် ရွှေခားဗိုလ်မောင်ထိန်းနှင့် မောင်ဆိုင်းတို့အား တပ်တော်ရှိရာသို့ သွားရောက်စေသည်။

နောက်လတွင် ဇင်းမယ်သေနတ်ဗိုလ်နှင့် ဇင်းမယ်လူမျိုးအမှုထမ်း ၄၀၀၊ ဘုန်းတော်ပြည့် သေနတ်စာရေးနှင့် အမှုထမ်း လူ ၃၉၀၊ ကျွန်တော်မျိုး မောင်အောင်သူနှင့် ရဲဘက်မြင်းစီး ၂၅၊ သူကောင်ထမ်း ၁၀၊ မိုင်းမိတ်မြို့စား ရှိုးခမ်းပိုးနှင့် လူ ၁၀၀၊ စုစုပေါင်း လူ ၉၀၀ ကျော်တို့ကို လမိုင်းဝန်ထောက် မင်းကြီးမဟာမင်းလှမင်းခေါင်ရှိရာတပ်သို့ ချီတက်ထမ်းရွက်စေသည်။

သက္ကရာဇ် ၁၂၃၀ ခုနှစ်အရောက်၊ တာသင်္ကြန်တက်သောအခါတွင် ဝန်ထောက်မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်ထင်ကို ကိုယ်ရံတော်အစု အမှုထမ်း နောက်ထပ် လူတစ်ထောင်ကျော်ပေး၍ သိန္နီသို့ချီတက်စေသည်။ တပယင်းမြို့စစ်ကဲနှင့် အမှုထမ်းလူတစ်ထောင်၊ မြေဒူးမြို့စစ်ကဲနှင့် အမှုထမ်း လူ ၅၀၀၊ မိုင်းလုံမြို့အမှုထမ်း လူ ၂၀၀၊ သုံးဆယ်မြို့ အမှုထမ်းလူ ၁၀၀၊ စုစုပေါင်း လူ ၁၈၀၀ ကို သိန္နီစော်ဘွား သီရိဝရဠမဟာဝံသ သုဓမ္မရာဇာသို့ပေးအပ်ပြီးလျှင် ဝန်ထောက်မင်းကြီး မဟာမင်းခေါင်ကျော်ထင်၏ ဆင့်ဆိုရာနာခံ၍ ထမ်းရွက်ချီတက်စေသည်။

ယင်းတို့မှာ ငြိမ်ဝပ်ပိပြားရေး၊ နိုင်ငံသာယာစည်ပင်ရေးကို ရှေ့ရှုစီမံတော်မူခြင်း ဖြစ်လေသည်။

ဆင်ကောင်း၊ မြင်းကောင်းများကိုလည်း ဖြည့်တင်းတော်မူမြဲဖြစ်လေရာ ဤနှစ်ဆန်းစတွင် ရမည်းသင်းမြို့နယ် ကျေးရွာများမှ ဇနက်ပလာဆင်တော်များနှင့် ကျော့ဖမ်းရမိသော အရပ်သုံးတောင်နှစ်မိုက်ရှိ ဒန္တဘင်္ဂဆင်တော်ကိုလည်းကောင်း၊ တကောင်းမြို့ ကျေးကျွဲစားအင်းတောမှ ဇနက်ပလာဆင်တော်များနှင့် ကျော့ဖမ်းရမိသော အိုးသစ်အဆင်းရှိ ဆင်ဖြူတော်မကို ပို့သရောက်ရှိခဲ့ရာ ရွှေမြို့တော်အ နောက်ပခန်းမင်းသမီး၏ဥယျာဉ်တွင် ရပ်နား၍ အမြောက်သံကြား ကြိုယူပြီးလျှင် မြေနန်းတော်ဦးသို့ ဆိုက်ရောက်သောအခါ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့ နှစ်ပါးစုံထွက်တော်မူရှုစားပြီးလျှင် မြေနန်းတော်မြောက်ဘက်ရှိ တန်ဆောင်းတင်းကုပ်သို့ သွင်းထားရသည်။

ထို့ပြင် ငွေတောင်ရွာနေ ရှမ်းဗိုလ်မောင်နုက အဖိုးငွေဒင်္ဂါး ၁၂၀၀ နှင့် ဝယ်ယူဆက်သလာသော ဆင်ဖြူတော်မှာ ဆင်ဖြူတော် ၁၂ မျိုးအဝင် ဆင်ဖြူတော်ဖြစ်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ရတနာကျမ်းဆင့် နောင်မွန်မြို့အုပ်က ဆက်သသော အရပ်လေးတောင်နှစ် မိုက်ရှိ ဆင်တော်မကိုလည်း ဆင်ဖြူတော် ၁၂ မျိုးအဝင် ရတနာသိမ်းဆင်မတော် ဖြစ်ကြောင်း၊ လက္ခဏာဖတ်တို့က လျှောက်တင်ကြသည်။ လယ်ထွန်မင်္ဂလာအချိန် တိုင်ရောက်သောအခါမှာလည်း ထုံးစံအတိုင်း စီမံခင်းကျင်းရပြန်သည်။ ၁၂၃၀ ပြည့်နှစ် လယ်ထွန်မင်္ဂလာသဘင် အခမ်းအနားကို ၁၂၂၈ ခုနှစ်က ကျင်းပသောနည်း စံနစ်အတိုင်း ခင်းကျင်းစေရသည်။

သိန္နီနယ်တစ်ဝိုက် အင်အားများဖြည့်တင်းခြင်းကြောင့် အနောက်ကရင်ကြယ်ဖိုးကြီးနယ်၌ မြင်ကွန်းမင်းသားအရေးအခင်း မသာရှိခဲ့ရာမှတွင် ယခုအခါ မြင်ကွန်းမင်းသားသည် ကရင်နယ်မှရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသွားလေသည်။

မြင်ကွန်းမင်းသားကြီးသည် အနောက်ကရင်ကြယ်ဖိုးကြီးအရပ်မှ ရန်ကုန်မြို့သို့ ပြန်သွားခြင်းသည် အဝင်အထွက် လွတ်လပ်မှုရှိနေခြင်းမှာ ထင်ရှားလေသည်။ ယခင်က ရန်ကုန်တွင် အကျယ်ချုပ်နှင့်ထားပါသည်ဆိုသော စကားနှင့် ရှေ့နောက်မညီရှိလေသည်။

အောက်နိုင်ငံရှိ အင်္ဂလိပ်အစိုးရတို့သည် ရာဇမဟာမိတ်အင်္ဂါနှင့်မညီ မြန်မာဘုရင်မင်း၏ သူပုန်မင်းသားကို လွတ်လပ်စွာ သွားလာနိုင်ခွင့်ပြုထားခြင်းကြောင့် သူပုန်မင်းသားကို အားပေးရာရောက်နေသည်။

သို့ကြောင့် အင်္ဂလိပ်တို့က ဝိနည်းလွတ်အောင် ကြံဆောင်ပြန်လေသည်။ (မြင်ကွန်းမင်းသားသည် ကရင်နီနယ်မှ ရန်ကုန်သို့ပြန်ရောက်လာသဖြင့် ဖမ်းဆီးပြီး ကြည့်မြင်တိုင်အရပ်တွင် ချုပ်ထားပါသည်)ဟု အင်္ဂလိပ်အစိုးရလူ ကာနယ်ဖိုက်ထံမှ အကြောင်းကြားစာ ရောက်လာသည်။ ထိုစာကို တောင်ငူအရေးပိုင်မှတစ်ဆင့် ရမည်းသင်းမြို့ဝန်ကိုပေး၍ ရမည်းသင်းမြို့ဝန်က မင်းတရားကြီးထံလာရောက်ဆက်သခြင်း ဖြစ်လေသည်။

ရန်ကုန်မြို့တွင်ရှိသော မြန်မာဘုရင်၏ ဓါတ်လှေစီးအဆောင်မြဲ မောင်အုပ် သည် မြန်မာဘုရင်ကို ပုန်ကန်ထွက်လာသူ ရာဇဝတ်သားဖြစ်သော မြင်ကွန်းမင်းသား ကို ဝင်ရောက်ဖမ်းဆီးသည်။ ထိုသို့ဖမ်းဆီးသောအခါက မြင်ကွန်းမင်းသားသည် ကာနယ်ဖိုက်စာပါအတိုင်း အချုပ်နှင့်ထားခြင်းမဟုတ်ဘဲ ကြည့်မြင်တိုင် လှော်ကားစုရပ်ရှိမောင်ချက်၊ မောင်ကျော်ဟိုးတို့အိမ်တွင် နေထိုင်လျက်ရှိသည်။

သို့ကြောင့် မြင်ကွန်းမင်းသားကို မောင်ချက်၊ မောင်ကျော်ဟိုးတို့နေအိမ်တွင် ဝင်ရောက်ဖမ်းဆီးပြီး မြင်ကွန်းမင်းသားနောက်လိုက် အရာရှိခေါ်သူ လူလေးဆယ် ကျော်ကိုပါ ဖမ်းဆီးပြီးမှ ထောင်မှာထားခြင်းဖြစ်သည်။ ကျန်သောနောက်လိုက်များကိုလည်း စုံစမ်းဖမ်းဆီးဆဲဖြစ်ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မကြာမီမြင်ကွန်းမင်းသားကို အင်္ဂလိပ်အစိုးရလူတို့က မီးသင်္ဘော နှင့်တင်ဆောင်၍ ကပ္ပလီကျွန်းသို့ ပို့လိုက်ကြောင်း နေပြည်တော်က သိရှိရပြန် လေသည်။ အင်္ဂလိပ်အစိုးရသည် မြင်ကွန်းမင်းသားကို မဟာမိတ်ဖြစ်သော ရတနာ ပုံနေပြည်တော်သို့ မပို့ဘဲ၊ ကပ္ပလီကျွန်းသို့ မီးသင်္ဘောဖြင့် တကူးတတန် ပို့ဆောင် ခြင်းမှာလည်း မြင်ကွန်းမင်းသားကို ကူညီစောင်မနေခြင်း သဘောသက်ရောက်လျက် ရှိနေပြန်ပါသည်။

တစ်နည်းအားဖြင့်လည်း မြင်ကွန်းမင်းသားက မင်းတုန်းမင်း၏ နယ်စပ်ဒေသတို့ တွင် မကြာခဏဝင်ရောက် တိုက်ခိုက်ခြင်း မပြုနိုင်စေရန် ဝေးလံသော ပင်လယ် ရေခြားမြေခြားအရပ်သို့ပို့ထားခြင်း ဖြစ်ကြောင်းနှင့် အာပတ်ဖြေသကဲ့သို့ ရှိစေပြီး လျှင် မြင်ကွန်းမင်းသားဘက်သို့လည်း ခမည်းတော်၏ ရန်အန္တရာယ်မှ ဝေးမည့် တစ်နေရာတွင် ခေတ္တနေထိုင်၍ အင်အားဖြည့်တင်းပြီးမှ ဝင်ရောက်တိုက်ခိုက်လာနိုင် စေရန် အကူအညီပေးမည်ဆိုသော အဓိပ္ပါယ်နှင့် ပရိယာယ်ကြွယ်လိုက်ခြင်းသာ ဖြစ်ပါသည်။

ကရင်နီနယ်က မြင်ကွန်းမင်းသားကြီး ပြန်သွားသောအခါမှာမူ နယ်ပယ်ငြိမ်ဝပ် လျက် ရှိပြီးလျှင် မိုးဗြဲစော်ဘွား၏အမတ် မောင်ထယ်ဦးမောင်နှင့် ကြယ်ဖိုးကလေး အမတ်စစ်ခေါင်း၊ ခွန်လုံစစ်ခေါင်း အကြီးအကဲတို့သည် မင်းတုန်းမင်းတရားကြီး ထံတော်သို့ ဆက်သရန် ဆင်ပေါက်တစ်စီး၊ ဟိုင်းဆင်တစ်စီး၊ ကရင်စောင်ထည်ရေ ၄၀-ကျော်၊ ကရင်ဘောင်းဘီ ၃၀-ကျော်၊ ဖယောင်းခွက်ချိန်တစ်ဆယ် စသော လက်ဆောင်တော်များနှင့် အဖူးအမြော် ရောက်လာလေသည်။

မင်းတရားကြီးကလည်း ၎င်းတို့အား ဇေတဝန်ဆောင်တော်တွင် အဖူးအမြော် အဆက်အသခံတော်မူသည်။ ၎င်းအမတ် စစ်ခေါင်းလူကြီး တစ်ဆယ့်လေးတို့ကို ပိုးသားပုဆိုး၊ ခေါင်းပေါင်းအုပ်စသည်များကို သနားချီးမြှင့်တော်မူလေသည်။

တစ်ဆက်တည်းပင် ညောင်ရွှေစော်ဘွားကလည်း ထူးမြတ်သော ဆင်ဖြူတော်မ ကို လာရောက်ဆက်သပြန်ရာ ထုံးစံအတိုင်း ဆင်ဖြူတော်ကို ကြိုယူမြဲကြိုယူ၍ မြေနန်းတော်သို့ ရောက်သောအခါ ကြည့်ရှုရန်ထွက်တော်မူသည်။ ဆင်ဖြူတော် ဆက်သသူ ညောင်ရွှေစော်ဘွားအားလည်း စော်ဘွားကြီးများနည်းတူ ဗေါင်းဝတ်လုံ၊ အစီးအနင်း၊ အဆောင်အရွက်များကို တိုးမြှင့် ပေးသနားတော်မူလေသည်။

ညောင်ရွှေစော်ဘွားနှင့်အတူ ဆင်ဖြူတော်ဆက်သရာပါလာသော စော်ဘွား၏ ဆွေမျိုး ၁၆-ယောက်၊ အမတ် ၈-ယောက်၊ ကိုယ်ရံတော်ဗိုလ် ၁၃-ယောက်တို့ကိုလည်း ပိုးသားပုဆိုး၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်များ အစေ့အငှ ပေးသနားတော်မူစေသည်။ ၎င်းတို့၏ တပည့်လူငယ် ၁၃-ဦးတို့ကိုလည်း မကျန်မကြွင်းစေရ၊ ရှမ်းဘောင်းဘီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပိုးပဝါရှည်ကြီးများ လူစေ့ပေးသနားတော်မူစေပါသည်။

နိုင်ငံခြားမှ စက်ကိရိယာ ပစ္စည်းများ ဝယ်ယူရေး၌လည်း အလှည့်ကျ ပစ္စည်းများရောက်လာသည်။ ထိုပစ္စည်းကိရိယာတို့မှာ (တပ်ကုမ္ပဏီ)က တင်ပို့ရသည်။ ရွှေဘော်ထိုးစက်၊ ဝန်လေးချိန်စက်၊ ပွတ်စက်၊ ဖောက်စူးစက်၊ သံပြားကြိတ်စက်၊ အာပေးမီးစက် စသည်များကို အဖိုးငွေဒင်္ဂါးတစ်သိန်း ခုနစ်သောင်းဖိုး ဝယ်ယူတော်မူသည်။ မင်းတရားကြီး၏ မြောက်နန်းတော် မိဖုရား(ခင်သဲ)က မဟာမုနိဘုရား ဂန္ဓကုဋီတိုက် မြောက်ဘက်ရှိ အာရုံခံပြာသာဒ်နှင့် စောင်းတန်းဆောက်လုပ်ပြီးစီး သဖြင့် မင်းတရားကြီးနှင့် အသျှင်နန်းမတော် မိဖုရားခေါင်ကြီးပါ မြောက်နန်းတော် မိဖုရား၏ ကုသိုလ်တော်ကို ရေစက်သွန်းချရန် မဟာမုနိဘုရားအနီး ယာယီစံနန်း တော်သို့ ထွက်ကြွတော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် နန်းတက်တော်မူစအချိန်ကစ၍ ဘုရားဟောမုက္ခပါဠ် ပါဠိတော် အဋ္ဌကထာဋီကာနှင့် ပိဋကတ်သုံးပုံများကို ပေတင်တော်မူ၍ ရွှေရေး၊ မှင်ရေး၊ ကညစ်ရေးသုံးမျိုးနှင့် ပိဋကတ် တိုက်တော်၌ ပူဇော်ထားခြင်းအပြင် သာသနာတော် ငါးထောင်ပတ်လုံးတည်ရှိစိမ့်သောငှာ မြန်မာဘုရင်မင်း အဆက် ဆက် မလုပ်ဆောင်ခဲ့ဖူးသော ကျောက်ထက်အက္ခရာ ထုလုပ်စေတော်မူခဲ့သည်။

ရတနာဆယ်ပါး အပါအဝင်ဖြစ်သော သလင်းကျောက်မျိုး ကျောက်ဖြူများကို ချောမောရန် ပြုပြင်၍ ရွှေနန်းတော်အတွင်း တန်ဆောင်းဆောက်လုပ်ပြီးလျှင် တိပိဋကရေ သီလဝိသုဒ္ဓိဖြစ်သော တောင်ဆောင်တော်မိဖုရားဆရာ ဇာဂရာဘိဝံသ တိပိဋကရေမဟာဓမ္မရာဇာဓိရာဇဂုရု။

မြတောင်မြို့စား သေနတ်ဝန်ကြီးဆရာ နရိန္ဒာဘိ သီရိသဒ္ဓမ္မ ဇောတိပါလ တဇမဟာ ဓမ္မရာဇာဓိရာဇဂုရု။ သုမင်္ဂလာသာမိ သီရိပဝရမဏိတဇ မဟာဓမ္မရာဇာ ဓိရာဇာဂုရု စသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်

၁။ အတွင်းဝန် ခန်းပတ်မြို့စားမင်းကြီး မဟာဥဇနာ။

၂။ ယောမြို့စား မင်းကြီးမဟာမင်းလှစည်သူ။

၃။ သံတော်ဆင့် မိုင်းခိုင်းမြို့စား မဟာသီရိ ဇေယျသူ။

၄။ သံတော်ဆင့် နေမျိုးရာဇစည်သူတို့ကို ကြပ်မတ်စေ၍ မှင်ရေး(တမော့) ကျောက်ဖြူထွင်းဆက်သူ လက်တတ်လက်ကောင်းတို့ဖြင့် (၅)နှစ်ကျော် တိုင်တိုင်ရေးသား ထွင်းထု လုပ်ဆောင်စေခဲ့သည်။

၎င်းထွင်းထုရသော ပါဠိတော် အက္ခရာတို့မှာ ဝိနည်းငါးကျမ်း ပါဠိတော်ကျောက်ချပ်ရေ (၁၁ဝ)။ အဘိဓမ္မာ ခုနစ်ကျမ်း ကျောက်ချပ်ရေ (၂ဝ၈)။ သုတ်ကျမ်းပါဠိတော်ကျောက်ချပ်ရေ (၄၁ဝ) တို့ကို ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရား၏ ပထမ



www.burmeseclassic.com

www.burmeseclassic.com



မဟာရံအတွင်း တံတိုင်းပတ်လည်၌ အုတ်ပြာသာဒ်ဂူတည်လုပ်၍ ကျောက်ချပ်ရေ (၄၂)၊ ဒုတိယမဟာရံအတွင်း ဂူပြာသာဒ်တည်လုပ်၍ ကျောက်ချပ်ရေ (၁၆၈)၊ တတိယမဟာရံအတွင်း ဂူပြာသာဒ်တည်လုပ်၍ ကျောက်ချပ်ရေ(၅၁၉)နှင့် ကျောက်စာပိဋကတ်ထုလုပ်လှူဒါန်းခြင်း အကြောင်းအရာရေး သံပိုင်းကျောက်စာဂူ (၁)၊ စုစုပေါင်းကျောက်စာချပ်ရေ(၇၃၀)တို့ကို ဂူပြာသာဒ်တစ်ခုလျှင် ကျောက်စာချပ် (၁)စီသွင်းထား ကိုးကွယ်တော်မူခြင်းအားဖြင့် ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာတင်၍ သာသနာငါးထောင်တည်တံ့စေရန် ရည်သန်လှူဒါန်းတော်မူခြင်းဖြစ်လေသည်။

ထိုနှစ်တွင် တစ်နှစ်ပတ်လုံး သာသနာတော်ရေးဘက်မှ အခါတိုင်းနှစ်များထက် အခွင့်အရေးသာသည်ဟု ဆိုရပေမည်။ ပညာသာမိသီရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော် ဘဝနတ်ထံပြောင်းသည်ဖြစ်၍ ခင်မကန်ဆရာတော်ကိုပူဇော်သည့်နည်းတူ အခမ်းအနားလုပ်ဆောင်၍ ခံကုန်းသင်္ချိုင်းတွင် သင်္ဂြိုဟ်ရခြင်း။

မြောက်နန်းတော်မိဖုရား(ခင်သဲ)က မင်းတရားကြီး၏ ကုသိုလ်တော်ပွားအဖြစ် ရွှေကြက်ယက်ဘုရားအောက်ခြေ ရေကာနှင့်တကွ ပျက်စီးယိုယွင်းသမျှတို့ကို လုပ်ဆောင်ပြင်ဆင်ခြင်းပြု၍ စေတီတော်ကိုလည်း ပြန်လည်ပြင်ဆင်လျက် ပတ္တမြား စေတီ၊ စိန်စေတီ၊ မြစေတီ၊ ရွှေစေတီ၊ ငွေစေတီနှင့် မိဖုရား၏ဥက္ကင်္ဂတော် အဆင်တန်ဆာများကိုပါ ဘုရားတွင် ဌာပနာသွင်းလှူတော်မူသည်။ ကိစ္စပြီးပြီဖြစ်သောကြောင့် မြောက်နန်းတော်မိဖုရား(ခင်သဲ)ရေစက်ချထွက်တော်မူရာ ဧရာဝတီဂေါဝိန်မြစ်ဆိပ်မှ ရွှေကြက်ယက်ဘုရားသို့ သဘော်တော်၊ သမ္ဗာန်တော်၊ ခတ်လှေ၊ လှော်ကားတော်အခင်းအကျင်းနှင့် ထွက်တော်မူလေသည်။ ၎င်းရေစက်ချ အလှူတော်ပွဲ အတွက် ရေစက်သွန်းချဆုတောင်းစာကို နားခံတော်တို့က ထုံးစံအတိုင်းဖတ်ရသည်။

ထိုတပေါင်းလမှာပင် ရတနာပုံရွှေမြို့တော်(တိုက်တော်)ရှိ ရဟန်းသာမဏေများ၊ အမရပူရမြို့(တိုက်တော်)ရှိ ရဟန်းသာမဏေများ၊ နှစ်တိုက်ပေါင်း ရဟန်းတော် ၂၄၃ ပါးနှင့် သာမဏေ ၂၃၉ ပါးတို့ကို ရွှေနန်းတော်ရှိ မြေနန်းတော်သို့ပင့်၍ သင်္ကန်း တိစီဝရိတ်၊ ဟင်းလျာစုံ၊ ဆွမ်းသပိတ်တို့ကို ကပ်လှူခြင်းအလှူကို မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့ကိုယ်တိုင် ထွက်၍ လှူတော်မူသည်။

ယခင် ပြည်ဆရာတော်၏အရိုးအိုးနှင့်အတူ ရွှေဆင်းတု၊ ငွေဆင်းတု၊ ရွှေစေတီ၊ ငွေစေတီများကို ဌာပနာ၍တည်လုပ်သော ဘုရားပြီးစီးသဖြင့် မြောက်နန်းတော် မိဖုရား(ခင်သဲ) (သီရိမဟာရတနာမင်္ဂလာဒေဝီ)ထွက်တော်မူ၍ ရေစက်ချရာ သံဃာတော် ၄၆ ပါးကို ပဒေသာပင် ၄၆ နှင့် မဏ္ဍလာရာမတိုက်၊ စလင်းတိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေဂူတိုက်ရှိ သံဃာတော် ၂၇၀ ကျော်တို့ကိုလည်း တိစီဝရိတ်သင်္ကန်း၊ ဆွမ်းသပိတ်များ ကပ်လှူရာ ဆုတောင်းစာကို နားခံတော်ပျော့ကြီးမျုံးက ဖတ်လျှောက်ရသည်။

မြန်မာပြည်မြောက်ပိုင်းနယ်စပ်၌ ပန်းသေးလူမျိုးတို့ နှောင့်ယှက်မှုကြောင့် ကာကွယ်တွန်းလှန်ခဲ့ရာတွင် ယခုအခါ တရုတ်ပြည် မိုင်းမျည်းမြို့ရှိ ဗိုလ်လျှိုကွန်ဟွန်ထံက အစီရင်ခံစာ ဆက်သလေသည်။

ဗိုလ်လျှိုကွန်ဟွန်စာမှာ ပန်းသေးလူမျိုးတို့ ယခင်လာရောက် နှောင့်ယှက်ထားသော မြို့ကျေးရွာများကို တစ်ဝက်မျှ ပြန်လည်ရရှိပါပြီ၊ ဘုန်းတော်ကြောင့် ကျန်သောမြို့၊ ကျေးရွာများကိုလည်း မကြာမီ ပြန်လည်သိမ်းပိုက်ရရှိပါတော့မည်။ ဆင်းရဲသားကုန်သည်တို့ကလည်း လမ်းခရီးသာယာ၍ ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးစေခြင်းငှာ ဗန်းမော်မြို့က တာပင်ချောင်းအရောက် မင်းမှုထမ်းတို့ကို ဆင့်ဆိုပါမည့်အကြောင်း ဖြစ်လေသည်။

၎င်းနည်းအတိုင်းပင် နေပြည်တော်သို့လာလိုသူ တရုတ်ကုန်သည် ကတ်တာလောရဲ၊ လန်းကုန်လက်၊ နှင်းစင်လျက်၊ ရန့်တာလောရက်တို့ထံက တင်လျှာရောက်သည်။

သို့ကြောင့် နေပြည်တော်လွှတ်တော်ကြီးမှ လမ်းခရီးတိုးတက်၍ သာယာငြိမ်ဝပ်ရှိအောင်၊ ဗန်းမော်မြို့ဝန်ထံသို့ အမိန့်မှာစာ ပေးအပ်ဆင့်ဆိုပေးရလေသည်။ ၎င်းတို့သည် မကြာမီ ရွှေမြို့တော်သို့ရောက်လာ၍ မင်းတရားကြီးထံ လက်ဆောင်တော်ဆက်သ အဖူးအမြော်ဝင်ရပါမည့်အကြောင်း အမိန့်တော်ခံသည်။

မင်းတရားကြီးက ၎င်းတို့အား ဇေတဝန်ဆောင်တော်၌ အတွေ့ခံတော်မူသည်။ ခေါင်းဆောင် တရုတ်ကတ်တာလောရဲတို့ လေးဦးအား လွန်းများပုဆိုး၊ ပိုးပုဆိုး၊ ပိုးပဝါအုပ်၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်၊ စားစရိတ် ဒင်္ဂါး ၁၀၀ စီ၊ ၎င်းတို့၏လူ နောက်ပါလူငယ် ၁၃ ဦးတို့ကိုလည်း ပိုးပုဆိုး၊ ခေါင်းပေါင်းအုပ်နှင့် စားစရိတ်ငွေဒင်္ဂါး ၂၀၀ ဆု သနားတော်မြတ်ခံ၍ ပြန်စေသည်။

ဇီဝိတဒါနအဖြစ် ကုသိုလ်တော်ပြုခြင်းကို နေ့စဉ်ပြုတော်မူသော ကိစ္စတစ်ရပ်ကလည်း ရှိလေသေးသည်။

သက္ကရာဇ် ၁၂၃၁ ခုနှစ်အဝင် တာသင်္ကြန်ကျပြီးသည့်နောက် မင်းတရားကြီးနန်းတက်တော်မူသောနှစ်မှစ၍ ယခု ၁၂၃၁ ခုနှစ်တိုင် နှစ်စဉ်အတာသဘင်၌ လှူဒါန်းမြဲဖြစ်သော အလှူအပြင်၊ တစ်ဆယ့်နှစ်လရာသီသဘင်ပွဲလမ်း အလှူတော်များကိုလည်း လစဉ်မပျက် စီရင်ခင်းကျင်း လှူဒါန်းတော်မူခဲ့သည်။

ရေမြေကို အစိုးရသော ဘုရင်မင်းတို့သာလျှင် လှူဒါန်းနိုင်ခွင့်ရှိသော အသက်ဒါနများကိုလှူဒါန်းနိုင်သဖြင့် နိုင်ငံတော်တစ်ဝန်းရှိ ဆည်၊ ကန်၊ ချောင်း၊ မြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အင်း၊ အိုင် အရပ်ဒေသများကိုပိုင်းခြား၍ အဘယဇီဝိတဒါနအဖြစ် ကမ္ဘည်းကျောက်တိုင် စိုက်ထူမှတ်သားလှူဒါန်းစေသည်။

ထို့ပြင် ၁၂၂၇ ခုနှစ်မှစ၍ ယခုအထိ သေဆဲဘေးရောက်မည့် သတ္တဝါတို့ကို ငွေဒင်္ဂါးပြားတန်ဖိုးပေးလျက် ကြက်၊ ဝက်၊ ဆိတ် စသည်တို့ကို နေ့စဉ်ဝယ်ယူ လွှတ်ပေးရသော စရိတ်ငွေတော်တို့ပင် တစ်နှစ်တစ်နှစ်၏ အလှူတော်ငွေမှာ ၃၆၆၈ဝိ။ သုံးသောင်းခြောက်ထောင်ခြောက်ရာရှစ်ဆယ်ဖြစ်လေသည်။

ထို့ပြင် ရွှေနန်းတက်သည့်နှစ်မှစ၍ ၁၂၃၁ ခုနှစ်တိုင် တစ်နှစ်လျှင် တစ်ဆယ့်နှစ်လ၊ ဝတ်ပြုလှူတော်မူခဲ့သော ကုသိုလ်တော်တို့ကို တောင်စမုတ်သို့ထွက်တော်မူ၍ ရေစက်သွန်းချ လှူတော်မူသောအလှူခံနှင့် အလှူတော်ဦးရေတို့မှာ

မြတ်စွာဘုရားပေါင်း ၂၀၈၉၀၊ ရဟန္တာပေါင်း ၈၆၄၀၀၊ သမုတိရဟန်းပေါင်း ၁၆၂၁၉၄၀၊ သာမဏေပေါင်း ၈၃၂၇၀၂၊ သူတော်သီလသည်၊ နောက်ပါတပည့်များပါ ၃၇၇၃၈၉၊ စုစုပေါင်း အလှူခံဦးရေ ၂၉၄၀၃၂၁ ဖြစ်ပြီးလျှင် လှူဒါန်းသော ဆန်တော်များ တင်းပေါင်း ၂၁၈၇၀၊ တိရစ္ဆာန်များကို ကျွေးမွေးသော စပါးတင်းရေ ၃၆၀၊ ဆွမ်းဟင်းလျာ အလှူခံတို့အား ဝယ်ခြမ်းလှူဒါန်းငွေ ၈၆၂၃၆၀ သုံးမူး၊ သက်နှင်းကြီး ၄၂၆၀၊ ဧကသီ ၆၂၉၅၊ သင်္ကလပ် ဝါခြုံထည် ၂၅၄၊ ကြေးသန့်သက် ၅၉၊ ကြေးရေစစ် ၃၀၉၊ မျက်မှန် ၃၀၃၊ ပိတ်အုပ်မျိုးစုံ ၂၄၉၃၀၊ ကျောက်ဖယောင်းတိုင် သေတ္တာ ၇၉ နှင့် လူပုဂ္ဂိုလ် နွမ်းပါးသူများအတွက် အသေးစိတ် နှစ်စဉ်လှူဒါန်းရသော အရေအတွက်တို့မှာ ချည်ကတ္တီပါမျိုးစုံ ၉ အုပ်၊ သရက်ထည်အုပ် ၂၃၊ ချည်ကတ္တီပါရောင်စုံအုပ် ၃၉၊ မာသရဘက်အုပ်ရေ ၂၉၄၊ ပိုးပဝါထည်ရေ ၆၆၊ ဖဲပုဆိုး ၅၊ ချည်ပုဆိုး ၃၄၊ ပုဇွန်ထုပ်ခေါင်းပေါင်းအုပ် ၉၉၊ ဘိလပ်ကောဇော ၅၆၊ မှန်အိမ်လုံးရေ ၅၆၊ အပ်ချည်လုံးရေ ၁၃၉၂၄၊ ဦးထုပ်ရေ ၁၆၈၊ ငွေယက်ပြား အရှည်အတောင် ၂၀၀၊ ပိတ်အင်္ကျီ ၁၀၀၊ ပိုးပသိမ်ပုဝါအုပ်ရေ ၂၆၊ စလေစောင် ၄၅၊ ရှန်နီအုပ် ၃၀၊ ဖယောင်းတိုင်ရေ ၂၂၀၀၊ ဂွမ်းပွအင်္ကျီ ၄၄၊ ခြင်ရုံ ၂၊ သင်္ကလပ်ကန့်လန့်ကာ ၁၀၊ သင်္ဘောချည်ပုဆိုး အင်္ကျီနက် ပြင်သစ်ပဝါအုပ် များဖြစ်၍ ရဟန်းများအတွက် တစ်ပင်လျှင် ဒင်္ဂါးအဖိုး ၅၀၀ တန် ပဒေသာပင်များ နှင့် ဆွမ်းစားကျောင်းဂူပြာသာဒ်၊ ကုဋီ၊ ရေကန်၊ ရေတွင်းများ လှူတော်မူသည်။

သက္ကရာဇ် ၁၂၃၂-ခုနှစ်သို့တိုင် ရောက်သောအခါမှာလည်း အထက်နည်း အလှူတော်များ လှူဒါန်းတော်မူပြီးလျှင် ရတနာပုံမြို့ မြောက်မျက်နှာက ရွှေတချောင်းနှင့် မဟာနန္ဒာကန်တော်အရောက် တူးဖေါက်ထားခဲ့သော ရေသွားမြောင်း တိမ်ကောနေခြင်းကို စို့လေးဆယ်ဒိုင်းဝန် ပုဂံမြို့ဆိုင်ရာ မဟာမင်းလှသင်္ခယာကို စရိတ်ငွေတော် ထပ်မံပေးအပ် ပြုပြင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်သလင်းလအတွင်းတွင် အမရပူရ ဒုတိယမြို့တည် ရွှေဘိုမင်းတရား (မင်းတုန်းမင်း ခမည်းတော်)၏ မိဖုရားခေါင်ကြီးဖြစ်သူ မယ်တော်မိဖုရားခေါင်ကြီး နတ်ရွာစံသည်။ ထိုမိဖုရားကြီးကား ပုဂံမင်းနှင့် မိဖုရားခေါင်ကြီး စကြာဒေဝီ(မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး)တို့၏ မယ်တော်ဖြစ်ရာ မင်းတုန်းမင်းတရားကြီးကလည်း မယ်တော်ရင်းနှင့်မခြား ချစ်ခင်ရိုသေစွာ ပြုစုကိုးကွယ်ခဲ့လေသည်။

မင်းတုန်းမင်းတရားကြီးသည် နောင်တော် ပုဂံမင်းကို ပုန်ကန်ခဲ့ရလင့်ကစား မယ်တော်မိဖုရားကြီး(ယောက္ခမတော်)နှင့် သမီးတော်မိဖုရားကြီး(စကြာဒေဝီ)တို့အား အစဉ်ထာဝရ ချစ်ခင်လေးစားတော် မူခဲ့သူဖြစ်လေသည်။

ထို့ကြောင့် သင်္ဂြိုဟ်ရာ၌ အခမ်းအနားကြီးကျယ်စွာ ပြုတော်မူစေသည်။ အခမ်းအနားနှင့် မသာတော် ကျင်းပရာတွင် ဘေးတော်အမရပူရ မြို့တည်နန်းတည် ဘိုးဘုရား(ပဒုံမင်း)၏ မိဖုရားခေါင်ကြီးကို သင်္ဂြိုဟ်သော အခမ်းအနားအတိုင်း စီမံစေသည်။ အလောင်းတော်ကိုလည်း လွှတ်တော်မြောက်ဘက်တွင် သင်္ဂြိုဟ်ရလေသည်။

၁၂၃၃-ခုနှစ်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေသားကျောက်မျက် နဝရတ်တို့ဖြင့် စီခြယ်အပ်သော ရွှေထီးတော်ကြီးကိုလည်း တင်လှူတော်မူလေသည်။

ထီးတော်ကြီးကို စိတ်တော်တိုင်းကျ လုပ်ဆောင်နေစဉ်အချိန်ကပင် ရန်ကုန်မြို့ရှိ အင်္ဂလိပ်အစိုးရများနှင့် စကားကမ်းလှမ်းထားခြင်း ပြုရလေသည်။ အထက်မြန်မာနိုင်ငံ မြန်မာအစိုးရမင်းများထံမှ လူပေါင်းအမြောက်အမြား လာရောက်နိုင်ရန် အခြေအနေမပေးသော်လည်း အင်္ဂလိပ်အစိုးရက အခွင့်အရေးအကူအညီများ တတ်နိုင်သမျှပေးခဲ့ရသည်။ ထီးတော်ကြီးဒါယကာအဖြစ် ခံယူပါရန်လည်း ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာမြန်မာလူကြီးလူကောင်း ပုဂ္ဂိုလ်တစ်စုက မင်းတုန်းဘုရင်မင်းအား တောင်းပန်လျှောက်စာ တင်သွင်းကြသည်။

အင်္ဂလိပ်အစိုးရက သူပိုင်နယ်တွင်ရှိသော မြန်မာလူမျိုးများနှင့် မင်းတုန်းမင်းတရားကြီးတို့ အဆက်အသွယ် အကူးအသန်းပြုခြင်းကို မလိုလားကြသော်လည်း ဘာသာရေးကိစ္စကြီးဖြစ်သောကြောင့် ထီးတော်တင်လှူခွင့်မပြုလျှင် မသင့်လျော် သဖြင့် လိုက်လျောရခြင်းသာ ဖြစ်လေသည်။

ထီးတော်ကြီး လုပ်ဆောင်ပြီးစီးသောအခါသည် ၁၂၃၃-ခုနှစ် သီတင်းကျွတ်လဆန်း ၄-ရက် တနင်္လာနေ့ဖြစ်၍ မင်းတုန်းမင်းတရားသည် ကိုယ်တိုင်ထွက်တော်မူပြီး ဗိုလ်ရှုသဘင်ညီလာခံ၌ ပခန်းကြီး မြို့စားဝန်ကြီး၊ လောင်းရှည်မြို့စားဝန်ကြီး၊ အတွင်းဝန်ယောမြို့စား၊ ဝက်မစွတ်မြို့စားမင်း၊ ဝန်ထောက်ကင်းဝန် စသော မှူးတော်



www.burmeseclassic.com

www.burmeseclassic.com



မတ်တော်ကြီးများခြံရံ၍ ရွှေသားကျောက်မျက်ရတနာ တို့ဖြင့်ပြီးသော ထီးတော်ကြီးကို ရှုကြည့်တော်မူလေသည်။

ထို့သို့ ထီးတော်ကိုကြည့်ရှုတော်မူပြီးနောက် ပုဏ္ဏားတော်တစ်ကျိပ်နှစ်ပါးတို့က ထီးတော်ကြီးအား ဘိသေကမင်္ဂလာ အခါတော်ကြားစေပြီးလျှင် ရွှေကရားကို လက်တော်နှင့်ကိုင်စွဲ၍ မင်းတရားကြီးက ရေစက်သွန်းချလှူဒါန်းတော်မူလေသည်။

ထို့နောက် ပုပ္ပားဝန်ထောက် မဟာမင်းကျော်မင်းထင်ကို ကြပ်မတ်ကြီးမှူးလုပ်ဆောင်ရန်နှင့် လွှတ်တော်စာရေးကြီး မင်းလှသီရိကျော်သူ၊ အသုံးစာရေး နေမျိုးသူရိန်၊ ရွှေတိုက်စိုးမင်းတင်ရာဇာ၊ သံတော်ဆင့် သင်္ဘောတော်စီး နေမျိုးရာဇသီရိ မွမ်းမံခြယ်လှယ်ခြင်းကို ကျွမ်းကျင်လိမ္မာသော လက်မြောက်ပန်းတိမ်တော်၊ ပန်းတဉ်းတော်၊ ပန်းပုတော် ခေါင်းဆောင်အကြီးအကဲတို့ပါ သီတင်းကျွတ်လဆန်း ၅ ရက်၊ အင်္ဂါနေ့နံနက်တွင် ရွှေနန်းတော်မှ အနောက် ဧရာဝတီသင်္ဘောဆိပ်သို့ အသံကြားအမြောက်ပစ်ဖောက်၍ ချီပင့်စေသည်။ သင်္ဘောဆိပ်သို့ ထီးတော်ပင့်အခမ်းအနား ရောက်ရှိလာသောအခါ ရေနန်းစကြာသင်္ဘောတော်ထက်သို့ ပင့်တင်ပြီးလျှင် တစ်ချက်တီးကျော်အချိန်၌ မြစ်ကြောင်းအတိုင်း စုန်ဆင်းပင့်ယူ ဆောင်ကြဉ်းစေသည်။ သို့ဆောင်ကြဉ်းရာ၌ အတီးမျိုးစုံ၊ အကမျိုးစုံ၊ သဘင်တူရိယာအမျိုးမျိုး တီးမှုတ်ကခုန်လိုက်ပါစေသည်။

ထီးတော်သည် တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့ တစ်ချက်တီးအချိန် ရန်ကုန်မြို့အနောက်မျက်နှာ ရန်ဘုံခွင်းသင်္ဘောဆိပ်သို့ ဆိုက်ရောက်လေသည်။

ထိုအခါ အင်္ဂလိပ်အစိုးရတို့၏ ခန့်ထားသူကောင်းပြုသော အရေးပိုင် ဝန်ရှင်တော် ပဲခူးမင်းကြီးဒါန်ကင်း ရန်ကုန်အရေးပိုင်တို့က အမှာတော်စာပေးပြီးဖြစ်သည့်အတိုင်း အသီးသီး ကြပ်မတ်ကြိုဆိုကြသည်။

ထီးတော်ကြီး ခေတ္တထားရန်အတွက် မြန်မာတို့ထုံးစံများ နားလည်ကျွမ်းကျင်သူ စမော်ကော်ဝန်ထောက်ကို အစိုးရစရိတ်နှင့် ကြည့်ရှုကြပ်မတ်ပြီး တန်ဆောင်းဆောက်လုပ်ထားစေသည်။

ရွှေတိဂုံဘုရား ကုန်းတော်ပေါ်တွင်လည်း ရန်ကုန်မြို့ ကျောက်တံတားရပ်နေ မဖွားက ရွှေသား ကျောက်မျက်နဝရတ်ထီးတော်ကြီးထားရန် ထီးတော်ရုံ ပြာသာဒ်ဆောက်လုပ်ထားသောနေရာတွင် ပင့်ယူထားပြီးနောက် ထီးတော်နှင့်စပ်လျဉ်း၍ အသေးစိတ် ထပ်မံပြုလုပ်ဆောင်ရွက်ပြင်ဆင်ရန်ရှိသည်တို့ကို မင်းတရားကြီးထံ အမိန့်တော်ခံခဲ့ပြီးအတိုင်း ပြုပြင်မွမ်းမံကြရသည်။

ရတနာပုံနေပြည်တော်မှ လုပ်ဆောင်ခဲ့သော ဇင်းထီးတော်ကြီးသည် ထီးတော်



www.burmeseclassic.com

www.burmeseclassic.com



ပထမဘုံဆင့်က သတ္တမဘုံဆင့်တိုင်အောင် စီခြယ်လုပ်ဆောင်ခဲ့သည့် ရွှေသားအချိန် ၁၀၀ ကျပ်၊ ထီးတော် ပထမဘုံမှ သတ္တမဘုံ ငှက်မြတ်နားတိုင် စီခြယ်သော ကျောက်မျက်ရတနာမျိုးစုံ၊ ကြီးငယ်လုံးရေပေါင်း အချိန် ၃၆၃၁၆ သုံးမူးတစ်ပဲ။ ထီးတော် သံချက်လက်ချ ရွှေဆိုင်းရေ ၄၁၆ ဆိုင်း သုံးကျပ်ငါးမူးတစ်ပဲ။ စေတီတော် ပန်းတင် ဖိနပ်တော်က အထက်ခရားသီးအရောက် စတုရန်းတောင်ကွက်ပေါင်း ၂၇၆၈၄ တောင်၊ စတုရန်း တစ်တောင်လျှင် ရွှေမျက်ပါး တစ်ဆိုင်းကျ။ သွပ်၊ ကြေး၊ ငွေစင်၊ ဆည်းလည်းမှစ၍ ထီးတော်အတွက် သက်သက်ကုန်ကျငွေ ၆၈၅၉၆၇ ကျပ် တစ်ပဲ။ (ရှေးခေတ်ဈေးနှုန်း)လှူဒါန်းတော်မူလေသည်။

မင်းတုန်းမင်းတရားကြီး၏ဘေးတော် ဆင်ဖြူရှင်မင်းတရားကြီး လှူတင်တော်မူခဲ့သော ထီးတော်ဟောင်းက ပျက်စီးကျန်ရှိရစ်သော ရွှေ၊ ငွေ၊ မိုးကြိုးနှင့် ကျောက်မျက်ရတနာစုံ ကြေး၊ သွပ်၊ ဆည်းလည်းများပါ တန်ဖိုးငွေ ၁၂၆၃၈၆ ကျပ် ခြောက်မူး (ယခင်ဈေးနှုန်း) အောက်မြို့ကျေးရွာနေ ရဟန်းရှင်လူတို့က ပါဝင်လှူဒါန်းကြသော ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး၊ သွပ် အထည်မျိုးများ အဖိုးတန်ကုန် ဝင်ငွေပေါင်း ၉၂၈၀၉ ကျပ် သုံးမူးတစ်ပဲ(ယခင်ဈေးနှုန်း)ဖြစ်၍ အားလုံး စုစုပေါင်းသော် ၂၁၉၁၉၅ ကျပ် ဖြစ်လေသည်။ ထီးတော်တင်ပွဲသည် ၁၂၃၃ ခု၊ နတ်တော်လပြည့် ကျော် ၉ ရက်နေ့၌ ပြီးဆုံးအောင်မြင်ခဲ့လေသည်။

မင်းတုန်းမင်းတရားကြီးနှင့် ပြည်တည်ထောင်ဖက်ဖြစ်သော မိဖုရားခေါင်ကြီးတို့သည် ပိဋကတ်တော်သုံးပုံများကို ကမ္ဘာချဉ်းအောင်တည်ရှိစိမ့်ငှာ အထက်က ဖော်ပြခဲ့ဖူးသည့်အတိုင်း စကျင်တောင်(ပတ္တမြားတောင်)မှထွက်ရှိသော ရတနာကျောက်သလင်းများတွင် ပိဋကတ်တော်သုံးပုံတို့ကို ကျောက်ဆစ်ပညာကျော်များနှင့် ထွင်းထုစေခဲ့သည်မှာ တိပိဋကတ်တော်ကို အာဂုံဆောင်နိုင်သော ဆရာတော်များနှင့် ပိဋကတ်စာပေကျွမ်းကျင်သော ပိဋကတ်တော်အုပ် မိုင်းခိုင်းအတွင်းဝန်မင်းစသော မှူးတော်မတ်တော်များအား ပုဒ်ပါဋ်အက္ခရာ ကျနမှန်ကန်စွာရှိစေရန် အကြိမ်ကြိမ် တည်းဖြတ်ထုလုပ်စေခြင်း ဖြစ်သည်။

ယင်းသို့ ကျောက်ထက်အက္ခရာတင်ခဲ့စေသော အချိန်ကာလ ၅ နှစ်ကျော်ကြာရှိ၍ ပြီးပြေအောင်မြင်သောအခါ ရတနာပုံနေပြည်တော် ခုနစ်ဌာနအပါအဝင်ဖြစ်သော ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရား၏ မဟာရံတံတိုင်းသုံးထပ်အတွင်း၌ ဂူပြာသာဒ်တစ်ခုလျှင် ကျောက်တစ်ချပ်၊ အုတ်ဂူပြာသာဒ်ပေါင်း ၇၃၀ တည်လုပ်သွင်းထား ကိုးကွယ်စေသည်။

နိုင်ငံတော်အတွင်း ရှိသမျှသံဃာတော်တို့မှာ သာသနာတော်၏ အညစ်အကြေးဖြစ်စေသော အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်း၊ သီလဝိသုဒ္ဓိဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



စင်ကြယ်သော ရဟန်းသံဃာတော်တို့ကို အလွန်အကြူးချီးမြှောက်တော်မူခြင်း၊ ၁၂၁၅ ခုနှစ် နန်းတက်သည်မှစ၍ ယခု သက္ကရာဇ် ၁၂၃၃ ခုနှစ်တိုင် ၁၉ နှစ်ပတ် လုံး မြေနန်းတော်၊ သုဓမ္မာဇရပ်တော်၊ ပဋ္ဌာန်းဇရပ်တော်များတွင် နှစ်စဉ်မပျက် ပထမ ပြန်ဆိုပွဲ ကျင်းပလှူဒါန်းတော်မူခြင်း စသော ဘုရားသာသနာတော်မြတ်ကို ပဉ္စမသင်္ဂါယနာ တင်တော်မူခြင်းဖြင့်လည်း ကြီးကျယ်စွာသော ကုသိုလ်တော် အဆောက်အအုံတို့ဖြင့် မွှမ်းထုံတော်မူလျက် ရှိတော်မူခဲ့ပေသည်။

သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင်မူကား ကဆုန်လဆန်း ၁၂ ရက်နေ့၌ ထူးကဲစွာ မိုးကြီးရွာသွန်း၍ မိုးကြိုးများပစ်ချရာ နန်းမြို့အပြင်ဘက်တွင် သားအဖသုံးဦး သေဆုံး၍ နန်းတွင်းတောင်ဒဝယ်တန်း၌ လူတစ်ယောက် သေဆုံးရသည်။ ဤသို့ မိုးကြီး စွာရွာခြင်းဖြင့် ရာသီဥတုဖောက်ပြန်သဖြင့် မင်းတုန်းမင်းတရားကြီး၏ အိမ်တော်ပါ မြောက်နန်းမိဖုရား(ခင်သဲ)မှာ အဖျားရောဂါဝေဒနာတော် ကပ်ရောက်လာလေသည်။

မင်းတုန်းမင်းတရားကြီး၏ အိမ်တော်ပါ မြောက်နန်းမိဖုရားကြီး ခင်သဲသည် ကဆုန်လဆန်း ၁၂ ရက်နေ့က မိုးကြီးစွာရွာသွန်းသော ရာသီဥတုဒဏ်ကြောင့် အပြင်းအထန် အဖျားရောဂါကပ်ရောက်ခဲ့ရာ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် နတ်ပြည်စံတော်မူခဲ့ရလေသည်။

မင်းတုန်းမင်းတရားကြီးလည်း အထူးကြေကွဲတော်မူသည်။ မြောက်နန်းမိဖုရား ကြီး သုသီရိမဟာရတနာမင်္ဂလာဒေဝီ(ခင်သဲ)၏ အလောင်းတော်ကို နန်းမြို့တော်အ တွင်း အနောက်မြောက်အရပ်၌ အုတ်ဂူပြာသာဒ်သွင်း၍ သင်္ဂြိုဟ်တော်မူသည်။ မသာတော် အခမ်းအနားကိုလည်း (ဘေးတော်)အမရပူရမြို့နန်းတည် ဘိုးတော်ဘု ရား၏ မြောက်နန်းမိဖုရားကြီးကို သင်္ဂြိုဟ်သော မင်းခမ်းမင်းနားမျိုးနှင့် ကျင်းပ သင်္ဂြိုဟ်တော်မူသည်။

မင်းတရားကြီးသည် ခေတ်မီစက်ရုံတော်ကြီးများကို အထူးအာရုံပြုတော်မူမြဲ အတိုင်း နယုန်လအတွင်း၌ ဒင်္ဂါးလုပ်သောစက်ရုံတော်၊ အထည်မျိုးစုံရက်လုပ်သော ရက်ကန်းစက်ရုံတော်များ၊ ဆန်ကြိတ်စက်ရုံတော်များ၊ လှံဓားအမျိုးမျိုး၊ ဗုံးဆံ အမြောက်ဆံ၊ ကျည်ဆံအမျိုးမျိုးများသွန်းလုပ်သော စက်ရုံတော်၊ သစ်ပျဉ်တော်များ တိုက်ခွဲသော လွှစက်ရုံတော်၊ သကြားချက်လုပ်သောစက်ရုံတော်၊ မဲနယ်ချက်လုပ် သောစက်ရုံတော်၊ ဝါဂွမ်းစက်ရုံတော်၊ ချည်ငင်စက်ရုံတော်၊ အုတ်စက်ရုံတော် စသော စက်ရုံအမျိုး ပေါင်း ၅၀ ကျော်တို့တွင် အမှုထမ်းလုပ်ဆောင်စေသော လူမျိုးများနှင့် အလုပ်ဝန်၊ ပညာဝန်တို့ကို လစဉ် လစာတော်ငွေများပေးရန်ကိုလည်းကောင်း၊ ၎င်းအလုပ်ရုံ စက်ရုံများနှင့်စပ်လျဉ်း၍ ဆင့်ဆိုစီမံရန်ကိစ္စများကို အလုပ်ရုံတော်ဌာန အကြီးအကဲများဖြစ်သော ဝန်ကြီးအတွင်းဝန်၊ ဝန်ထောက်၊ စာရေးကြီး၊ သံတော်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



တို့အပေါ်တွင် ကြီးကြပ်အုပ်ချုပ်စေရန် သားတော် မက္ခရာမင်းသား သတိုးသုဓမ္မမဟာရာဇာကို အပ်နှင်းအုပ်ချုပ်စေသည်။

၁၂၃၅ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးက အလွန်တရာ ချစ်မြတ်နိုးတော်မူလှ၍(ဘိုးတော်ချစ်)အမည်တွင်ခဲ့သော မြေးတော်ကလေးကို ဖွားသန့်စင်လေသည်။ ၎င်းဘိုးတော်ချစ် မင်းသားကလေး၏အမည်တော်နှင့် မယ်တော်တို့မှာ မင်းတုန်းမင်းတရားကြီး၏သားတော် ကျပင်းမင်းသားနှင့် သမီးတော် ကွပ်ရွာမြို့စားမင်းသမီးတို့ဖြစ်သည်။ ကျပင်းမင်းသား၏မယ်တော်မှာ မင်းတုန်းမင်းတရားကြီး၏ မိဖုရားတစ်ပါးဖြစ်သော လင်ပန်းတိုက်စားဖြစ်၍ ကွပ်ရွာမင်းသမီးမှာ တမာကုန်း မိဖုရား၏ သမီးတော်ဖြစ်သည်။ ဖတူမိကွဲ မောင်လည်းနှမလည်း စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးတော်မူသည်။

၁၂၃၆ ခုနှစ်၊ နယုန်လတွင် မင်းတုန်းမင်းတရားကြီးသည် မိဖုရားခေါင်ကြီးနှင့်အတူ မင်းမြှောက်တန်ဆာငါးပါး ဆင်တော်မူလျက် မိဖုရား၊ မောင်းမမိဿံ၊ အခြွေအရံများ ခြံရံလျက် နမန္တာဘက်၊ ဓာတ်ဘက်၊ ဆင်မြင်းရထား၊ ခြေလျင်သူရဲ၊ စစ်အင်္ဂါလေးပါးခင်းကျင်းပြီးလျှင် ကရဝိက်ဖောင်တော်ဖြင့် ကျုံးတော်အတွင်း ရေကြောင်းလကျ်ာရစ်ထွက်စံတော်မူသည်။ မျုံးတော်မတ်တော် အပေါင်းတို့ကိုလည်း ဘွဲ့အသစ်တိုးတက်လဲလှယ်ပေးသနား ချီးမြှင့်တော်မူသည်။

ဝါဆိုလသို့ရောက်လျှင် သားတော်များဖြစ်ကြသော ခေါ်သန္တိမင်းသား၊ ဝန်းသိုမင်းသား၊ သာဂရမင်းသား၊ မိုးလှိုင်မင်းသား၊ သီပေါမင်းသားတို့ကို သာမဏေအဖြစ်ချီးမြှင့်၍ တံဆိပ်တော်ရ ဆရာတော်သံဃာတော် ၆၃ ပါးတို့အား ပစ္စည်းစုံပဒေသာပင် ၆၃ ပင်တို့ကို လှူဒါန်းတော်မူသည်။ သားတော် သာမဏေတို့ကို မာလာလင်္ကာရသီရိဓဇမဟာရာဇဂုရု တံဆိပ်တော်ရ တောင်တော်ဆရာတော်ဘုရားထံ အပ်နှံတော်မူပြီးလျှင် ရွှေနန်းတော်အတွင်း လွှတ်တော်၏ရှေ့တွင် ကျောင်းတော်ဆောက်လုပ်လှူဒါန်းတော်မူလေသည်။

၁၂၂၈ ခုနှစ်က မြင်ကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသား၊ ပတိမ်းမင်းသားတို့ ပုန်ကန်ထကြွမှု အရေးအခင်းပြီးဆုံး ငြိမ်းအေးခဲ့ပြီးနောက်တွင် သားတော် သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသား၊ မက္ခရာမင်းသားမှစ၍ အရွယ်တော်ရောက်သော သားတော်များထံသို့ အခြားသူတို့ အဝင်အထွက်မရှိစေနှင့်ဟူ၍ အမိန့်တော်ထုတ်ပြန်ပြီး၊ သားတော်များစေခိုင်းရန် အဆောင်တော်အမှုထမ်းတို့ကို အလှည့်ကျဝင်ထွက်ခစားထမ်းရွက်စေခဲ့သည်။

သို့ရာတွင် သားတော် မက္ခရာမင်းသား သတိုးသုဓမ္မမဟာရာဇာထံသို့ အမြင့်မြို့အုပ်မောင်ကြီးဆိုသူ ဝင်ထွက်ခစားကြောင်း၊ မက္ခရာမင်းသားကလည်း ခစားလာသူ



www.burmeseclassic.com

www.burmeseclassic.com



အမြင့်မြို့အုပ် မောင်ကြီးအား ထည်မျိုးအုပ်မျိုး၊ ဆုလာဘ်များ ပေးသနားတော်မူလိုက်သည်။

မြို့အုပ်မောင်ကြီးသည် မက္ခရာမင်းသားကြီးက ပေးသနားလိုက်သော ဆုလာဘ်များရရှိသောအခါ အားရဝမ်းသာနှင့် သူ၏ယောက္ခမဖြစ်သူ အလုံမြို့ဝန် အမြင့်ငါးမြို့ဝန်မင်းကြီး မဟာသမိန်ဘေကို လျှောက်ထားမိလေရာ အမြင့်ငါးမြို့ဝန်မင်းသည် မင်းတရားကြီးဘုရား တားမြစ်ထားသောအမိန့်တော်ကို သူ၏သားမက်က ကျူးလွန်သောကြောင့် သားမက်ဖြစ်၍ ဆိတ်ဆိတ်နေပါက မိမိပါ အမိန့်တော်ကို ကျူးလွန်ရာကျချိမ့်မည်ဟု စိုးရိမ်လေသည်။

သို့ကြောင့် မက္ခရာမင်းသား ပေးသနားလိုက်သော ဆုတော်လာဘ်တော်ထည်မျိုးအုပ်မျိုးတို့ကို ရှေ့တော်သွင်း၍ အမိန့်တော်ခံသည်။ ထိုအခါ မောင်ကြီးကို မြို့အုပ်အရာမှနုတ်၍ မိုးကောင်းမြို့ အကျဉ်းထောင်သို့ ပို့ထားတော်မူလိုက်သည်။ အမြင့် ငါးမြို့ဝန်ကိုမူ ကျေးဇူးသစ္စာကို စောင့်သိရိုသေသူဖြစ်၍မင်းကြီးမဟာသက်တော်ရှည်ရာထူးကို တိုးမြှင့်ပေးသနားတော်မူလေသည်။ သားတော် မက္ခရာမင်းသားကိုမူ ၁၂၂၈ ခု၊ အရေးတော်ပုံတွင် သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့သော သားကောင်းဖြစ်၍ အပြစ်မှ ချမ်းသာပေးတော်မူလေသည်။

၁၂၃၆ ခုနှစ်၊ တပို့တွဲလအတွင်းတွင် မြန်မာနိုင်ငံတော် အပါအဝင်ဖြစ်သော ကရင်နီနယ်ရှိ ကရင်လူမျိုးတို့ကိုတိုက်ခိုက်ပြီး ကရင်အမျိုးသား မိန်းမ၊ ယောကျ်ားတို့ကိုဖမ်းယူ၍ ကျွန်အဖြစ်စေစားကြောင်း၊ ကချင် ခန္တီးဓော်ဘွားသည် အင်္ဂလိပ်အစိုးရ၏ အလံအောက်ခိုဝင်ကြောင်းနှင့် စကားအရှုပ်အထွေးများ ဖြစ်ပေါ်လာသည့်အတွက်ကြောင့် နိုင်ငံခြားဝန်ထောက် (မင်းကြီး မဟာမင်းလှဇေယျသူ)ကို သံကြီးခန့်၍ အိန္ဒိယဘုရင်ခံတို့ထံသို့ ကရင်နီနယ်ပယ်မှ ကချင်တိုက်ခိုက်မှုစကားကိုပြောဆိုရန် ရာဇသံစေလွှတ်တော်မူလေသည်။

သက္ကရာဇ် ၁၂၃၇ ခုနှစ်၊ နယုန်လတွင် သီပေါမင်းသားသည် သာမဏေဘဝ တစ်နှစ်အတွင်း၌ပင်လျှင် ပထမပြန်ဆိုနိုင်သော အရည်အချင်းရှိကြောင်း လျှောက်တင်သိရှိတော်မူသဖြင့် သားတော် သီပေါမင်းသားအား ပထမပြန်ဆိုခွင့်ပြုတော်မူသည်။

ပထမပြန်ဆိုရာတွင် သုဓမ္မာဇရပ်တော်တွင် အခြားတစ်ပါးသော ရှင်သာမဏေအပေါင်းတို့နှင့်အတူ ကျင်းပမြဲဖြစ်သော နယုန်လစာပြန်ပွဲတွင် ဆင်နွှဲရမည်ဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် နှစ်စဉ် နယုန်လကျရောက်တိုင်း ၁၂ ရာသီပွဲတော်ကြီး အပါအဝင် နယုန်လစာတော်ပြန်ပွဲမှာ အထူးစည်ကား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်မြဖြစ်လေရာ၊ ယခုနှစ်တွင်မူ သားတော် သီပေါမြို့စားမင်းသား ပါဝင်ပြန်ဆိုမည်ဖြစ်သောကြောင့် အခါတိုင်းနှစ်များထက် ပိုမိုကြီးကျယ်ခမ်းနား သိုက်မြိုက်မည်ဟု နန်းတွင်းသူနန်းတွင်းသားများနှင့် ရဟန်းရှင်လူ ပြည်သူလူထုက စိတ်ဝင်စားလျက်ရှိကြလေသည်။

သားတော် ငါးပါးတို့ကို တစ်ပြိုင်နက် ရှင်သာမဏေပြုတော်မူခဲ့ရာတွင် သားတော် သီပေါမင်းသားသည် ထူးချွန်စွာ ပထမပြန်ဆိုနိုင်မည်ဟု သိရှိတော်မူသော မင်းတုန်းမင်းတရားကြီးသည် သာသနာတော်၏ ဒါယကာဖြစ်တော်မူသည်နှင့်အညီ နှစ်ထောင်းအားရတော်မူလေသည်။

သို့ကြောင့် သားတော် သီပေါမင်းသားကို ပထမပြန်ဆိုပွဲတွင် အထူးချီးမြှင့်ဂုဏ်ပြုတော်မူခဲ့လေသည်။

ပထမပြန်ဆိုပွဲကို သုဓမ္မာဇရပ်တော်၌ ကျင်းပပြန်ဆိုရမည်ဖြစ်သည်။ မင်းတရားကြီး၏ အမိန့်တော်အရ သီပေါမင်းသားအား ခေတ္တလူဝတ်လဲလှယ်၍ ကျောင်းတော်မှ သုဓမ္မာဇရပ်သို့ ရထား၊ ဆင်မြင်း၊ တပ်ဝင်း အခမ်းအနားများ၊ အဆောင်အရွက်များနှင့် မင်းညီမင်းသား၊ ဆွေတော်မျိုးတော်များ ခြံရံစေပြီးလျှင် စည်တော်စုံ တီးရွှမ်း၍ သုဓမ္မာဇရပ်တော်သို့ ထွက်တော်မူစေသည်။

သီပေါမင်းသားသည် သုဓမ္မာဇရပ်သို့ရောက်လျှင် တိပိဋကဓရ တံဆိပ်တော်ရ ဆရာတော်သံဃာအများ အမှူးရှိသော ရဟန်းပရိသတ်၊ လူပရိသတ်တို့နှင့်တကွ နေရာတော် နေမင်းသားကြီးများ၊ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်ကြီးများ အလယ်တွင်ထိုင်တော်မူ၍ တစ်နေ့လျှင် နှစ်ကြိမ်မြောက် ရက်ပေါင်းသုံးဆယ်တိုင်တိုင် ရဲရင့်တည်ငြိမ်စွာနှင့် ပထမပြန်ဆိုတော်မူလေသည်။

ပထမပြန်ဆိုရသောစာများကို ကောင်းစွာပြန်ဆိုပြီးလျှင် တံဆိပ်တော်ရ ဆရာတော် မထေရ်ကျော်ကြီးများ မေးမြန်းအပ်သော သရုပ်အဓိပ္ပာယ်၊ ပုစ္ဆာအမျိုးမျိုး တို့ကိုလည်း ကောင်းမွန်တိကျစွာ ဖြေဆိုတော်မူနိုင်သဖြင့် ရဟန်းရှင်လူ ပရိသတ် တို့မှာ သီပေါမင်းသားအား အံ့ဩချီးမွမ်းကြလေသည်။ မင်းတုန်းမင်းတရားကြီးမှာ သားတော်ကို အားရနှစ်သက်တော်မူရပြန်လေသည်။

သီပေါမင်းသားပြန်ဆိုသော စာများမှာ သဒ္ဒါရှစ်စောင် ပါဌ်အနက်ရုပ်၊ သဂြိုဟ် ကိုးပိုင်း၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်ပါဌ်အနက်၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ငါးကျမ်း ပါဌ်အနက် အရကောက်များကို ပြန်ဆိုတော်မူခြင်းဖြစ်သည်။

သီပေါမင်းသား စာတော်ပြန်ရန် သုဓမ္မာဇရပ်သို့ ဝင်တော်မူသောအခါလည်း ပြင်စည်မင်းသားကြီး၏ သားတော် မင်းရဲသင်္ခယာ ကောလင်းမင်းသားကြီး၏ သားတော် မင်းရဲသီဟကျော်၊ ပြည်မင်းသား မင်းရဲ သီရိရာဇကျော်၊ ပခန်းမင်းသား



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲမင်းထင်တို့က ဖောင်းနားတောင်း ဝတ်လုံဆင်ယင်၍ အလှည့်ကျ ရှေ့တော်က ပန်းကလပ်ကို ကိုင်ခင်းကြရလေသည်။

ထို့အပြင် လှိုင်းတက်မြို့စားမင်းသား သီရိသုဓမ္မာရာဇာ၊ စိန်တုန်းလှေအုပ်မင်းသား သီရိမဟာဓမ္မရာဇာ၊ ပွဲတိုင်းကျော် လှေအုပ်မင်းသား သုသီရိမဟာဓမ္မရာဇာ၊ ဆွေတော်အုပ်မင်းသား သီရိသုမဟာဓမ္မရာဇာ၊ ကောလင်းမင်းသား သီရိသုမဟာဓမ္မရာဇာ၊ ရက်ကန်းတော်အုပ်မင်းသား သုသီရိမဟာဓမ္မရာဇာတို့က အလှည့်ကျ ဖောင်းနားတောင်းဝတ်လုံဆင်ယင်၍ တွဲမကြရလေသည်။

မင်းတုန်းမင်းတရားကြီးသည် သားတော် သီပေါမင်းသားအား ဤမျှ ချီးမြှင့်မြှောက်စားတော်မူလေရာ သီပေါမင်းသား၏ အရှိန်အဝါသည် ရှေးငယ်စဉ်ကထက် ထွန်းလင်း တောက်ပ၍လာခဲ့လေသည်။ ဤပထမစာတော်ပြန်ပွဲသည် ပထမနှစ်တွင်စတင်ခဲ့ပြီး နောက်နှစ် သုံးကြိမ်တိတိ ဆက်လက်ဖြေဆိုနိုင်ရန် ရှင်သာမဏေ အဝတ်ကို ဆက်လက်ဝတ်ဆင်ခဲ့ပြန်လေသည်။

မင်းတုန်းမင်းသည် နယုန်လ စာတော်ပြန်ပွဲအခမ်းအနားများ ပြီးခဲ့သည့်နောက် ကျန်သော သားတော်၊ သမီးတော်၊ တူတော်၊ တူမတော်၊ မြေးတော်များကို နားတော်ထွင်းမင်္ဂလာသဘင်တစ်ရပ် ပြုတော်မူရပြန်သည်။

ယင်း နားထွင်းမင်္ဂလာမှာ အလယ်နန်းတော်မိဖုရားက ဖွားမြင်သော သမီးတော် သီရိသုသိင်္ဂါရတနာဒေဝီ၊ ပြင်စည်မင်းသမီး သုပဘာဝတီ၊ ပြောင်းပြာမင်းသမီး သီရိသုရုဇာဝတီ၊ မိုးညှင်းမင်းသမီး သီရိကဥ္စနာဝတီ၊ ကျောက်ရစ်မင်းသမီး သီရိနန္ဒာဝတီ၊ နတ်မောက်မင်းသမီး သီရိဟေမာဝတီ၊ မတ္တရာမင်းသမီး သီရိသင်္ခါဝတီ၊ ယင်းခဲမင်းသမီး သီရိသုစိတ္တာဝတီ၊ မြို့ကြီးမင်းသမီး သီရိသုဝဏ္ဏဝတီ၊ ဟင်္ဂမော်မင်းသမီး သီရိသုသာမာဝတီတို့နှင့် မြေးတော်များဖြစ်ကြကုန်သော ငရနဲမင်းသမီး မယ်ဦးဇွန်း၊ မယ်နွယ်မြ၊ မယ်နွယ်ချစ်၊ မယ်နွယ်ဦးတို့ကိုလည်းကောင်း၊

နတ်ရွာစံ အိမ်ရှေ့ကနောင်မင်းကြီး၏ သမီးတော်များဖြစ်ကြသော မင်းသမီး ပေါင်း ၁၄ ပါးတို့ကိုလည်းကောင်း၊

၎င်းပြင် မန်သာကြီးရွာစား သီရိသုကလျာ(မြောက်နန်းမိဖုရား ခင်သဲ၏တူမ) ကိုလည်းကောင်း၊ အိမ်ရှေ့မင်းသားတော် ပင်းယမင်းသား သတိုးမင်းရဲကျော်ထင်၊ တောင်ညိုမင်းသား သတိုးမင်းရဲကျော်၊ ကောလင်းမင်းသား သတိုးမင်းရဲကျော်ခေါင်၊ မြင်စိုင်းမင်းသား သတိုးမင်းရဲရန်နိုင်၊ အိမ်ရှေ့မင်းမြေးတော် မိုင်းပျည်းမင်းသား သတိုးမင်းရဲသီဟသူ၊ မြေးတော် မောင်ကြိုင်သင်း၊ မောင်နွယ်စ၊ မောင်နွယ်ဘူး၊ မောင်နွယ်မြစ်တို့ကို အဆောင်အရွက် အခမ်းအနားကြီးစွာနှင့် နားထွင်းမင်္ဂလာ သဘင်ပြုတော်မူပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမင်္ဂလာသဘင် ကျင်းပတော်မူသောနေ့တွင် ဖြဟ္မစိုရ်တရား ပွားများတော်မူလျက် ရွှေမြို့တော်၌ သားကြီးငါးကြီး မပေါ်ပေါက်စေရ။ ကြွေးမြီတင်ရှိသူ ကုန်ဖိုးဖြတ်စာ တောင်းခံမှုမရှိစေရ။ အချုပ်အနှောင် အဖမ်းအဆီး၊ တရားစကား အပြောအဆိုမရှိစေရ။ ထောင်တန်း အကျဉ်းအမြောင်းခံနေရသူတို့ကိုလည်း အမှုအပြစ်အလေးအပေါ့ကို ကြည့်ရှုချင့်ချိန်၍ အဘယဒါန လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် လောကတ္တစရိယအကျိုးကို ရည်ရွယ်တော်မူ၍ ရွှေတချောင်းအနောက်ဘက်ရှိ နေရာများတွင် အိမ်ခြေလူနေ စည်ပင်ဖြစ်ထွန်း ပွားများစေလိုသည်က တစ်ကြောင်း၊ နန်းမြို့တော်နှင့် ဧရာဝတီမြစ်ကမ်းခြေနှင့် သီးခြားရှိစေရန် မျှော်ထောက်ပြီးလျှင် အပြင်မြို့ရိုးကြီးကို ၁၂၃၇ ခုနှစ်အတွင်း မျုးတော်၊ မတ်တော်၊ မြို့စား၊ ရွာစားတို့ကို စရိတ်ငွေတော် ပေးအပ်တော်မူ၍ မြို့ရိုးထု ဆယ်တာ၊ ထိပ်ခြောက်တာ၊ အမြင့်သံတောင်တစ်ဆယ် တည်လုပ်စေပြီးလျှင် လေးမျက်နှာတံခါးတည်ထားလုပ်ဆောင်စေသည်။ စုစုပေါင်းတံခါး ငါးဆယ်ခုနစ်ရပ်ရှိ တံခါးအမည်ပေါင်း ၅၇ မျိုး သမုတ်ထားသည်။

၎င်းပြင် မြို့ရိုးတံခါးတို့၏အမည်များမှာ သူဖဲ၊ သာစုံ၊ သညာ၊ သိန်းစံ၊ သာစည်၊ အောင်ငြိမ်း၊ ဦးတည်၊ အောင်တင်၊ အောင်ထွန်း၊ အောင်နန်း၊ ဦးနှိမ်၊ ဥဒါန်း၊ ဦးတိုက်၊ လွတ်ကျွန်း၊ လှိုင်ကူ၊ လှိုင်ကျွန်း၊ လှိုင်ကျော်၊ မြို့ဦး၊ မြောင်းဦး၊ မာရ်အောင်၊ လှိုင်သာ၊ လေသောက်လေသာ၊ သီဝံ၊ လှိုင်သင်း၊ လှိုင်ကြူ၊ ရဲထွတ်၊ ရဲတပ်၊ ရဲတင်၊ ရန်ပျို၊ ရဲထင်၊ စံရာ၊ စက်ရိပ်၊ ရေကြည်၊ ပိုက်ကျုံး၊ ရေစုံ၊ စည်ရှည်၊ ဂေါဝန်၊ တာရိန်၊ ပန်းဆက်၊ စံရှား၊ ဘောင်ရှည်၊ မြရိပ်၊ မြန်အောင်၊ ထုံးရှည်၊ ရန်နှင်၊ ရန်နိုင်၊ ရန်နှိပ်၊ ရန်နှိမ့်၊ ကဲမိုး၊ ကဲမြင့်၊ ကောင်းမြိုက်၊ ကျော်မျို၊ ကောင်းလှိုင်၊ ခွန်ယူ၊ ကျိုင်လှိုင်း။ စသောအမည်နာမများအဖြစ် အချို့အမည်များမှာ ယနေ့ခေတ်တိုင် သုံးစွဲလျက်ရှိနေသေးသည်။

၁၂၃၈-ခုနှစ် ကဆုန်လဆန်း ၃-ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးသည် မိဖုရားခေါင်ကြီး (စကြာဒေဝီ)အား ကျိုင်းခန်းမြို့ကို အသုံးကံကျွေးခံထပ်မံ ပေးဖွဲ့တော်မူလေသည်။

နယုန်လဆန်း ၁-ရက်နေ့၌ တောင်ရွှေရေးဆောင် မိဖုရား သီရိသုဓမ္မာဒေဝီ ကံကုန်တော်မူသောကြောင့် ၁၂၃၃-ခုနှစ်က မြောက်ဆောင်တော်မိဖုရား မဟာဒေဝီ ကံကုန်ရာတွင် သင်္ဂြိုဟ်သည့်နည်းအတိုင်း လုပ်ဆောင်စီမံစေ၍ သင်္ဂြိုဟ်တော်မူလေသည်။

၎င်းလတွင် မင်းညီမင်းသား၊ မျုးတော်၊ မတ်တော် စုရေးစုကိုင်၊ သူဌေးသူကြွယ်တို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် စော်ဘွားမြို့စား၊ အဝေးမြို့ စစ်ကဲအရာရှိတို့က နှစ်စဉ်ဆက်သမြဲ ဝါဝင်ရှိခိုး ကန်တော့ လက်ဆောင်တော်များကို ကန်တော့ခံတော်မူသည်။

ယခင်နှစ်များအတိုင်း သုဓမ္မာစာတော်ပြန်ပွဲတိုင်ရောက်ရာ နှစ်တိုင်းထက် ကြီးကျယ်ခမ်းနားစွာကျင်းပပြီးလျှင် သားတော် သီပေါမင်းသား၏ ဒုတိယနှစ် စာတော်ပြန်ပွဲကို ချီးမြှင့်တော်မူလေသည်။

သားတော် သီပေါမင်းသား သုသီရိမဟာဓမ္မရာဇာသည် သုဓမ္မာဇရပ်တော်ကို ထွက်၍ ပထမလတ် ဖြေတော်မူသည်၊ ပထမလတ်အဖြစ်ဖြေရာတွင် သဒ္ဒါရှစ်စောင် ပါဠိအနက် ရုပ်၊ ဆန်းကျမ်းပါဠိအနက်၊ အလင်္ကာပါဠိအနက်၊ အဘိဓာန်ပါဠိအနက်၊ မာတိကာ ပါဠိအနက်အရကောက်၊ ဓါတုကထာပါဠိအနက်အရကောက်၊ ယမိုက် ဆယ်ကျမ်း ပါဠိအနက်အရကောက်များကို ပြန်ဆိုတော်မူရလေသည်။

တော်သလင်းလဆန်းတွင် မိဖုရားနှင့် သမီးတော်များကို ထီးမိုးယာဉ်ခံအဖြစ် မြို့ရွာများ ထပ်ဖြည့်ပေးသနားတော်မူပြန်ရာ . . .

လက်ဝဲတော်ပါ သုစိတ္တရဂါမရွာကို အလယ်နန်းတော် မိဖုရား သီရိပဝရတိ လောက မဟာရတနာဒေဝီအား ထီးမိုးယာဉ်ခံ သနားတော်မူသည်။

မဏ္ဍလာဘူမိရွာကို သမီးတော် သုသီရိရတနာမင်္ဂလာဒေဝီသို့ ထီးမိုးယာဉ်ခံ သနားတော်မူသည်။ တောင်ပြုံးကြီး စီရင်စု အဘယဂါမရွာတိုက် ထီးလှိုင်ရွာများကို သမီးတော် သုသီရိပဘာရတနာဒေဝီသို့ ထီးမိုးယာဉ်ခံသနားတော်မူသည်။

လက်ဝဲတော်ရွာ ဘေးမဲ့ရွာကို သမီးတော်သီရိသုသိင်္ဂါရတနာဒေဝီသို့ ထီးမိုးယာဉ်ခံသနားတော်မူသည်။

နေရဥ္စယရွာကို သမီးတော် သီရိသုမြတ်စွာရတနာဒေဝီသို့ ထီးမိုးယာဉ်ခံသနား တော်မူသည်။

တောင်ပြုံးကြီး စီရင်စု ရတနာဂါမရွာကို သမီးတော်မိုင်းလုံမင်းသမီး သုသီရိ ရတနာဒေဝီသို့ ထီးမိုးယာဉ်ခံပေးသနားတော်မူသည်။

မင်းတုန်းမင်းတရားကြီး၏ တောင်နန်းဒေဝီ မဟေသီမိဖုရားခေါင်ကြီး စကြာ ဒေဝီသည် ၁၂၃၈-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက် တနင်္ဂနွေနေ့တွင် နတ်ရွာစံတော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် တိုင်းပြည်တည်ထောင်ဖက် နန်းစံဖက်ဖြစ်သော မိဖုရားခေါင်ကြီး နတ်ပြည်စံတော်မူသဖြင့် နှလုံးကြေကွဲတော်မူလှသည်။ အဂ္ဂ မဟေသီအခေါင် တောင်နန်းမတော်ကြီး၏ အလောင်းတော်ကိုစကြာဝတေးမန္ဒာတ် မင်းတို့၏ မိဖုရားခေါင်ကြီးကို သဂြိုဟ်သော နည်းထုံးစံအခမ်းအနားအတိုင်း ခမ်းနား ကြီးကျယ်စွာ ကျင်းပပြီးလျှင် မင်းတရားကြီးကိုယ်တော်တိုင် ကြပ်မတ်၍ မင်းညီ



www.burmeseclassic.com

www.burmeseclassic.com



မင်းသား၊ မှူးတော်မတ်တော်၊ ကတော်မယား၊ အပျိုတော်၊ အချီတော်၊ အရာတော်တို့နှင့် ချီတက်တော်မူပြီးလျှင် ရွှေနန်းတော်၏အရှေ့မြောက်ဥယျာဉ်တော်အတွင်း အုတ်ဂူပြာသာဒ်နှင့် သဂြိုဟ်တော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် ယင်းမိဖုရားခေါင်ကြီး၏ အလောင်းတော်ဂူပြာသာဒ်ထားရှိရာ မြောက်ဥယျာဉ်တော်အတွင်း၌ ယာယီစံအိမ်တော်ပြုလုပ်၍ သုံးလမြောက်အချိန်တိုင်ရှိအောင် စံနေတော်မူသည်။ ထိုစံနန်းဆောင်မှာပင် ဗိုလ်ရှုညီလာသဘင်ခံတော်မူသည်။

ထို့ပြင်မိဖုရားခေါင်ကြီး၏ ရုပ်ပုံတော်ကို ရွှေချိန် ၅-ပိဿာခွဲကျော်နှင့် ထုလုပ်စေပြီးလျှင် နန်းမတော်ဆောင်ကြီးတွင် ရွှေပြာသာဒ်နှင့်ထားတော်မူသည်။ ၎င်းရွှေရုပ်ထုကို မှန်နန်းအပျိုတော်ကြီးများက မိဖုရားခေါင်ကြီး ရှိစဉ်ကအတိုင်း ခစားဝတ်ပြုကြစေသည်။ အခမ်းအနားများကို သက်တော်ထင်ရှားရှိစဉ် အခါကကဲ့သို့ ကျင်းပထားရလေသည်။ မင်းတုန်းမင်းတရားကြီးသည် မြတ်နိုးလှစွာသော တောင်နန်းမ တော်မိဖုရားခေါင်ကြီး၏နေရာတွင် မည်သည့်မိဖုရားကိုမျှ အစားထိုး၍ တင်မြှောက်သူကောင်းပြုတော် မမူလိုတော့ပေ။ လွန်ခဲ့သော၄-နှစ်လောက်က ၁၂၃၄ ခုနှစ်က အိမ်တော်ပါ မြတ်နိုးလှစွာသော မြောက်နန်းမိဖုရား(ခင်သဲ) ကံတော်ကုန်ခဲ့၍ ကြေကွဲတော်မူခဲ့ရာမှ ယခုအခါ တောင်နန်းမိဖုရားခေါင်ကြီး နတ်ရွာစံတော်မူရပြန်သည်တွင်ပို၍ပင် ကြေကွဲတော်မူခဲ့ရပြန်သည်။

အကယ်၍သာ မြောက်နန်းမိဖုရား ခင်သဲရှိခဲ့ပါလျှင် တောင်နန်းမတော်မိဖုရားခေါင်ကြီး နေရာမှာ တိုးမြှင့်မြှောက်စားတော် မူမိကောင်း မူမိလေမည်။ ယခုဆိုလျှင် ခင်သဲကလည်း ကွယ်လွန်ရှာပြီ ဖြစ်သောကြောင့်၊ အခြားတစ်ပါးသော မိဖုရားများမှ တစ်ဦးတစ်ယောက်ကို မြှောက်စားချီးမြှင့်တော်မူချင်သော ဆန္ဒနည်းပါးတော်မူလေသည်။

သို့ရာတွင် အများသောမိဖုရားထဲမှ ထူးထူးခြားခြားထိုက်တန်သော မိဖုရားတစ်ပါး ထင်ရှားရှိနေပါသေးသည်။ ထိုသူကား အခြားမဟုတ်ပေ။ အလယ်နန်းမတော်မိဖုရား (နောင်ဆင်ဖြူမရှင်) ဖြစ်လေသည်။ မြောက်နန်းမိဖုရားခင်သဲမရှိလျှင် အလယ်နန်းမိဖုရားသာလျှင် နန်းမတော်ကြီးရာထူးကို ထိုက်တန်ဆုံးဖြစ် သည်။ အလယ်နန်းမိဖုရားသည် ဘကြီးတော်မင်းတရားကြီးနှင့် နန်းမတော်ကြီး (မယ်နု) တို့၏ သမီးတော် ရွှေနန်းထက်ဖွားရွှေလင်ပန်းနှင့် အချင်းဆေးခံရသူ ထီးဖြူ အောက်တွင် သစ်နက်ရည်ခံ၍ ဖွားမြင်ခဲ့သော ထူးခြားသူဖြစ်လေသည်။

သို့ကြောင့် တောင်နန်းမတော်ကြီး ရာထူးနှင့် ထိုက်တန်ဆုံးဖြစ်နေလေသည်။ (တောင်နန်းမတော်) ဆိုသော ဘွဲ့အမည်သည် ဘုရင်၏မိဖုရားခေါင်ကြီး တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်းကိုသာ ခေါ်ဝေါ်သုံးစွဲရသော အမည်ထူး အမည်မြတ်ဖြစ်သည်။

တောင်နန်းမတော်ကလွဲလျှင် မြောက်နန်းမိဖုရား၊ အနောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရားဟု သုံးပါးရှိသည်တွင် (နန်းမတော်)ဟူ၍ မခေါ်ရပါ။ ဥပမာ- မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရား၊ အနောက် နန်း မိဖုရားဟူ၍သာ ခေါ်ရရိုး အစဉ်အလာရှိပါသည်။ (အနောက်နန်းမတော်) ဟူ၍ (နန်းမ) ကိုထည့်မခေါ်ရသော ရွှေဘုံနိဒါန်း ထုံးတမ်းစဉ်လာရှိပါသည်။

ထို့ကြောင့် ထိုအချိန်က (နန်းမတော်) ဘွဲ့နှင့်ထိုက်ထိုက်တန်တန် တိုးမိနေသော အလယ်နန်း မိဖုရားသည် နတ်ရွာစံမိဖုရားခေါင်ကြီး၏ နေရာသို့ရရန် အနီးစပ်ဆုံး ဖြစ်ခဲ့သည်နှင့်အညီ မိဖုရားကြီး ကိုယ်တိုင်ကလည်း နန်းမတော်ကြီးဖြစ်ရမည်ဟု မိမိကိုယ်ကိုမိမိ ယုံကြည်လျက်ရှိခဲ့လေသည်။ သို့သော်အလယ်နန်းတော်မိဖုရားခများ ကံအကျိုးမပေးရှာဘိအလား မလိုလားဖွယ်ရာအကြောင်းရပ်များ ပေါ်ပေါက်ခဲ့ရပါသည်။

ဦးရေ ငါးဆယ်ကျော် အရေအတွက်ရှိသော မင်းတုန်းမင်းတရားကြီး၏ မိဖုရားများစွာတို့က အလယ်နန်းမိဖုရားအပေါ်တွင် အယုံအကြည်ကင်းကွာ ခဲ့ကြလေ သည်။ မင်းတုန်းမင်းသည် ထိုက်တန်သူအဖြစ် အလယ်နန်းမိဖုရားကို မြင်တော်မူ ပြီးသားဖြစ်သည်။ သို့သော် ဆုံးဖြတ်ပိုင်းခြားခြင်းမရှိခဲ့သေးချေ။

ကျန်မိဖုရားကြီး၊ မိဖုရားလတ်၊ မိဖုရားငယ်များနှင့် ကိုယ်လုပ်တော်ကြီးတို့ကပါ အားလုံးစုပေါင်း ညီညာစွာပင် အလယ်နန်း မိဖုရားအား မိဖုရားခေါင် တောင်နန်းမတော်ကြီးနေရာကို ပေးအပ်ခြင်းမပြုပါရန် ငိုယိုတောင်းပန်ကြလေသည်။ သူတို့၏ အကြောင်းပြချက်ကလည်း ခိုင်လုံပေသည်။ နတ်ရွာစံမိဖုရားခေါင် တောင်နန်းမတော်ကြီး (စကြာဒေဝီ)သည် သူတို့အပေါ်တွင် ကြင်နာချစ်ခင်ကြည်ဖြူစွာ ညီမရင်းချာများကဲ့သို့ ကရုဏာမေတ္တာတရား ရှေ့ထား၍ အုပ်ချုပ်တော်မူခဲ့သောကြောင့် သူတို့အားလုံးက ချစ်ခင်ရိုသေစွာ ကြည်ညိုခဲ့ကြရပါသည်။

ယခုအလယ်နန်းမိဖုရားမှာ ဤကဲ့သို့ဆက်ဆံအုပ်ချုပ်မည့်သူမဟုတ်ပါ။ စိတ်ထားတော်ကလည်း ခက်ထန်ထက်မြက်လှပါသည်။ သူ၏မယ်တော် (နန်းမတော် မယ်နု)ကဲ့သို့ တစ်ဖက်လူတို့ကို အနိုင်ကျင့်ခဲ့ပါလျှင် ကျန်မိဖုရားများမှာ တစ်နေ့ တခြား ရေနည်းငါးကဲ့သို့ ဒုက္ခများစွာ ရောက်ရပါလိမ့်မည် စသောအကြောင်းပြ မှုတို့ကြောင့် မူလက စိတ်တော်ခပ်လေးလေးရှိခဲ့သော မင်းတရားကြီးမှာ ပို၍ စိတ်ဓာတ်ကျဆင်းတော် မူသွားခဲ့ရပြန်ပါသည်။

(အင်း . . မသဲအူ့ . . မသဲအူ) ဟူ၍ပင် နှုတ်တော်မှ အသံထွက်၍ မင်းတရားကြီး ညည်းညူတော်မူခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မသဲအူ . . ဆိုသည်မှာ မယ်တော်(နန်းမတော်မယ်နု)က တစ်ဦးတည်းသော သမီးတော်ဖြစ်သောကြောင့် မိမိ၏အူအသည်းတမျှ ချစ်မြတ်နိုးတော်မူလွန်းလှ၍ ချစ်စနိုးခေါ်ဝေါ်ခဲ့သော ငယ်နာမည်ဖြစ်ပါသည်။

မင်းတုန်းမင်းတရားကြီးကလည်း တစ်ခါတရံ ဤအမည်(မသဲအူ)ကို ဆက်လက်ခေါ်တော်မူတတ်သည်။ အလယ်နန်းမိဖုရား (မသဲအူ)သည် မိခင်မိဖုရားကြီး (မယ်နု)၏ စိတ်ဓါတ်မျိုးစေ့ကလေးတော့ ပါသင့်သလောက် ပါခဲ့သူဖြစ်ကြောင်း သိရှိတော်မူပြီးဖြစ်ခဲ့သည်။

ထိုခေတ်ထိုအချိန်ကလည်း (နန်းမတော်မယ်နု)၏ထက်မြက်လှသော လှုပ်ရှားမှုဒဏ်များကို မင်းမျိုးမင်းနွယ် တစ်စုတို့မှရှုမလှခံခဲ့ရပုံတွေမှာ အငွေ့အသက်မပြေ သေး၊ ပူပူနွေးနွေးပဲရှိနေသေးသည်။ ထို့ကြောင့်ပင် ဟင်းခနဲသက်ပြင်းချပြီး အကြောက်ကြီးကြောက်ခဲ့ကြသူတွေ ရှိကြပေသည်။

မယ်တော်မှ ကူးယှက်ခါ သမီးတော်စုဖုရားကြီး မသဲအူကိုပါ လန့်ခဲ့ကြရသည်။ မသဲအူ၏ မူလစိတ်ဓာတ်ကိုလည်း ဘုရင်မင်းမြတ်က သိရှိပြီးဖြစ်သည်။ အစဦးအချိန်ကပင် အလယ်နန်းမိဖုရား၏အလိုကို ညွတ်ယိုင်မည့်အရိပ်လက္ခဏာ မပြခဲ့ဘဲ၊ သတိကြီးစွာထားခဲ့လေရာ၊ အလယ်နန်းမိဖုရားကလည်း နည်းပရိယာယ်အမျိုးမျိုးနှင့် သူ၏တန်ခိုးသတ္တိကိုပြရန် ကြိုးစားမှုရှိသည်။ သို့သော် အချို့တစ်ဝက်မျှပင် အောင်မြင်မှု မရခဲ့ရှာပေ။

မင်းတုန်းမင်းတရားကြီးမှာ ပညာသတိရှိသော ဘုရင်တစ်ပါးဖြစ်သည့်အားလျော်စွာ အလယ်နန်းမိဖုရား၏ ထက်မြက်သော စိတ်ထားကို လိမ္မာပါးနပ်စွာ ထိန်းချုပ်ထားနိုင်ခဲ့သဖြင့် အစွမ်းသတ္တိရှိသမျှ ထုတ်မပြရစေကာမူ ငြူစူခြင်း၊ ဝမ်းနည်းခြင်း၊ စကားထိုးခြင်းစသော မ,တို့၏ အလေ့အကျင့်ကိုပင် ဖွင့်ပြခွင့် မရှိရှာပေ။

သို့တစေ စိတ်မကျေနပ်မှု အမှတ်အသားများက သူ၏နှလုံးသားတွင် စွဲထင်လျက် ရှိခဲ့လေသည်။ ယခုကိစ္စ၌ အလယ်နန်းမိဖုရားသည် မိမိမှာ ထိုက်တန်သော နေရာကို ရခဲ့ရတော့မည်ဟု မြေကြီးလက်ခတ်ကိန်းသေ ချမှတ်ထားပြီးဖြစ်သည်။

ထို့ကြောင့် မည်သည့်နေ့ရက်တွင် နန်းမတော်ကြီး၏ အဆောင်တော်တွင် ပြောင်းရွှေ့စံနေရန် အမိန့်တော်ကျလာမည်ကိုသာ တမ်းတမျှော်မှန်းကာ နေတော်မူရှာလေသည်။

အလယ်နန်းမိဖုရား၏ အထင်နှင့်အမြင်မှာ တစ်စတစ်စနှင့် အလှမ်းကွာ၍ လာလေသည်။

(နန်းမတော်ဆောင်ကြီး)တွင် စကြာဒေဝီမိဖုရားခေါင်ကြီး ရှိစဉ်ကအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှန်နန်းအပျိုတော်ကြီးများက ရွှေပြာသာဒ်နှင့်ထားသော ရွှေသားရုပ်ပုံတော်ကို ခစား ဝိုင်းရံလျက် နေ့စဉ်မပျက် ထမ်းရွက်နေကြရသည်။ တခမ်းတနားမိဖုရားကြီး ရှိစဉ်က အတိုင်း တည်ငြိမ်လျက်ရှိမြဲ ရှိနေသည်။

ထို့ပြင်မင်းတုန်းမင်းတရားကြီးသည် မိမိဆံတော်ကို စကြာဒေဝီမိဖုရားကြီးကိုယ် တိုင် နေ့စဉ်ဆံတော်ရှင်း၍ပေးနေကျဖြစ်ရာ၊ မိဖုရားခေါင်ကြီး နတ်ရွာစံသည့်အချိန် ကစ၍ ဆံတော်ကို မည်သူ၏ အကိုင်အရှင်းကိုမျှ ခံတော်မမူတော့ဘဲ ဦးခေါင်းတော် ကို ပိုးပဝါဖြူ(ဘွဲ့ဖြူ)နှင်သာ ရစ်ပတ်ထားတော်မူလိုက်သည်။

အလယ်နန်းမိဖုရားဖြစ်စေ၊ အခြားမိဖုရားတစ်ပါးပါးကဖြစ်စေ ဆံတော်ရှင်းတာ ဝန်ကို ဆက်ခံရလျှင် နန်းမတော်ရာထူးကို အလိုလိုလက်ဝယ်ပိုင်ပိုင် ရနိုင်တော့မည် ကဲ့သို့ဖြစ်ရာ၊ မင်းတရားကြီးသည် လိမ္မာပါးနပ်စွာနှင့် မိမိ၏ဆံတော်ကို ဘွဲ့ဖြူနှင့် အပြီးအငြိမ်း ရစ်ပတ်ထားလိုက်ခြင်းဖြင့် ဆံတော်ရှင်းကိစ္စအတွက် မည်သူမျှ မျှော်လင့်ချက်မထားလိုသော အရိပ်အခြည်ကို ပြထားလိုက်လေ၏။

ငါ၏ဆံတော်ကို မိဖုရားခေါင်ကြီး အစ်မကလွဲ၍ မည်သူမျှမကိုင်စေရ ဟု မိန့် တော်မူကာမျှ မကသေးပေ(မိဖုရားတွေထဲက မိဖုရားခေါင်ကြီးဖြစ်လိုသည်ဟု ပြောသူ ဟာ ငါ၏ရန်သူတော်ဖြစ်သည်)ဟူ၍ပင် ယတိပြတ် မိန့်တော်မူလိုက်ခြင်းကြောင့် မျှော်လင့်ချက်ကိုယ်စီရှိကြသော ဆောင်ရ၊ နန်းရမိဖုရားများသာမက အခွင့်အရေး အနီးစပ်ဆုံးဖြစ်သော အလယ်နန်းမိဖုရား(မသဲအူ)ပါ မျှော်လင့်ချက်ကြီးပြိုလဲ ပျက်စီး သွားရှာကြရလေတော့သည်။

တောင်ဆောင်တော်၊ မြောက်ဆောင်တော်၊ တောင်ရွှေရေးဆောင်၊ မြောက်ရွှေ ရေးဆောင် စသော မိဖုရားများထက် အခံရခက်နေသူမှာ အလယ်နန်းတော်မိဖုရား (မသဲအူ)ဖြစ်လေသည်။

မိဖုရားခေါင်ကြီးရာထူးကို တိုက်ရိုက်ပင်ကိုသဘောအတိုင်းရရှိရန် သေချာနေ လျက်ရှိရာမှ ဤသို့ ယတိပြတ်အမိန့်တော်မြွက်ကို ကြားသိရသောအချိန်မှာ ထူးထူး ကဲကဲစိတ်မကျေမနပ် ဖြစ်ရလေသည်။ မည်သို့သော အမျှော်ပယောဂများကြောင့် ယင်းသို့ ယတိပြတ်ဖြစ်လာရသည်ကို စုံစမ်းရှာဖွေသောအခါ အခြားတစ်ပါးသော မိဖုရားမောင်းမတို့က မိမိအပေါ်တွင် မလိုလားကြောင်း မင်းတုန်းမင်းတရားကြီးအား ငိုယိုလျှောက်တင် ကန့်ကွက်ကြသော အကြောင်းရင်းဇစ်မြစ်ကို တစ်ထစ်ချ ကြားသိ တော်မူလေသည်။

အလယ်နန်းတော်မိဖုရားသည် အာဃာတကို ဖွင့်ဟမိန့်ကြားရန် မဖြစ်နိုင်စေ ကာမူ ထိုပြုမူကြသူ မိဖုရားမောင်းမ ကိုယ်လုပ်တော်များကို အမည်နာမနှင့်တကွ အတေးအမှတ်ပြု၍ ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ပါးသော မိဖုရားများသည် မိမိအားနတ်ရွာစံ မိဖုရားကြီး(စကြာဒေဝီ) ကဲ့သို့ ချစ်ခင်ကြည်ညိုမှု မထားကြသည်ကိုလည်း ဤကိစ္စတွင် ပြတ်ပြတ်သားသား နားလည်သဘောပေါက်သွားတော်မူသည်။ 'နေသေးသပ ချုံထဲက ဂျိုသွေးသပ တသသ' ဆိုသော စကားပုံသည် ဤအဖြစ်အပျက်နှင့် စပ်လျဉ်း၍ အလယ်နန်း မိဖုရားကြီး(မသဲအူ)အဖို့ တစ်နေ့သောအခါ အလျဉ်းသင့်လျှင် သင့်လို အသုံးချ မည်ကဲ့သို့ရှိလေသည်။

မင်းတုန်းမင်းတရားကြီးသည် အလယ်နန်းမိဖုရားကြီးအပေါ်တွင် အခြားမိဖုရား မောင်းမတို့ လျှောက်တင်ကန့်ကွက်မှုတစ်ခုတည်းနှင့် အယူအဆ သည်းထန်တော်မူ ခဲ့ခြင်းကား မဟုတ်ပါပေ။ ပုဂ္ဂိုလ်စွဲအကဲခတ်မှုကလည်း နဂိုမူလကတည်းက ရင့်သန် မှုရှိပြီးဖြစ်ခဲ့သည်။

ကွယ်လွန်သူ မြောက်နန်းမိဖုရားကြီး ခင်သဲသည် အိမ်တော်ပါ မိဖုရားကြင်ဦး သူဖြစ်လျက် မိဖုရားခေါင် တောင်နန်းမတော်အဖြစ် မချီးမြှင့်နိုင်ခဲ့ပေ။ ခင်သဲမှာ မဟာမျိုးမဟာနွယ် မဟုတ်သည်ကြောင့် နန်းမတော်ဘွဲ့မခံယူနိုင်ရှာပေ။

စကြာဒေဝီမိဖုရားခေါင်ကြီးကား မင်းတုန်းမင်းတရားကြီးနှင့် ဖတူမိကွဲ မောင်နှ မတော်သည်။ ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ သမီးတော်ကြီးဖြစ်ရုံမက ပင်တိုင်စံမင်းသမီးကြီးအဖြစ် သူကောင်းပြုခံရသည်။

ပင်တိုင်စံ မင်းသမီးတို့မည်သည် နောက်တက်လာသောဘုရင်၏ မိဖုရားခေါင် တောင်နန်းမတော်ကြီးဖြစ်ရမည့် ရွှေနန်းထုံးစံကလည်းရှိသည်။ စကြာဒေဝီသည် ပင်တိုင်စံမင်းသမီးကြီးအဖြစ်နှင့် သိက္ခာသမာဓိနှင့်တကွ ကိုယ်ကျင့်တရားပြည့်ဝ လိမ္မာသူ၊ သူတော်ကောင်း စိတ်ထားရှိသူ၊ လူကြီးအင်္ဂါနှင့် ညီညွတ်သူဖြစ်သည်။

ထို့ပြင်မက စာပေကျမ်းဂန် တတ်ကျွမ်းပြည့်စုံလျက် ပညာရှိမင်းသမီးကြီး လက္ခဏာနှင့်ပြည့်ဝသည်။ လောကုတ္တရာ စာပေပိဋကတ် အရာတွင်သာမက လောကီပညာရပ်များဖြစ်သော ရာဇဝင်၊ မဟာဝင်၊ ဆေးကျမ်း၊ ဓါတ်ကျမ်း၊ ဗေဒင် ကျမ်းများကိုလည်း ပြွမ်းတည်းတတ်မြောက်သူ၊ ထိုကျမ်းဂန်တို့ကို ပါဠိသင်္သကရိုက် ဘင်္ဂါလီ-နာဂလီ စသော ဘာသာရပ်များမှ မြန်မာလိုပြန်ဆိုနိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်သူဖြစ်ရာ ခမည်းတော်ရွှေဘိုမင်းတရားကြီးကပင် အစစ အရာရာ အရေးအခွင့်ကြုံတိုင်း သမီးတော်ကြီး(စကြာဒေဝီအား) လက်ရုံးတစ်ဆူ အဖြစ် အားထားတိုင်ပင် ဆွေးနွေးတော်မူခြင်း ခံခဲ့ရသူဖြစ်သည်။

သို့ကြောင့် အခြားတစ်ပါးသောမိဖုရားသာမက အလယ်နန်းမိဖုရားကြီး ကိုယ်တိုင်ကလည်း အစ်မတော်ရင်းပမာ ကြည်ညိုသဒ္ဒါပွားခဲ့သူဖြစ်သည်။ စင်စစ် အားဖြင့် (စကြာဒေဝီ)မိဖုရားကြီးသည် အလယ်နန်းမိဖုရားကြီး၏ အသက်သခင်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်ဖြစ်ခဲ့ဖူးသည်ဆိုလျှင်လည်း မမှားပေ။

အကြောင်းမူကား ရွှေဘိုမင်းလက်ထက် နန်းတော်မယ်နုကို သုတ်သင်ခါနီးဆဲဆဲ၌ တစ်ဦးတည်းသော သမီးတော်စုဖုရားကလေး(မသဲအူ)မှာ မိခင်ဖြစ်သူ နန်းမတော်မယ်နုအနီးတွင် တွယ်ရာမဲ့ဖြစ်နေရှာသည်။ ရာဇဝတ်ကောင် မိခင်နှင့်အတူ ကျူပင်ခုတ်ကျူငုတ်မကျန် သုတ်သင်ပယ်ရှင်းပစ်ရသော မိခင်သွားရာလမ်းကို လိုက်ပါရမည်ဖြစ်ရာ ငယ်ရွယ်ရှာသူ(မသဲအူ) မှာလည်း မိခင်ကို ဖက်တွယ်လျက် အာဏာပါးကွက်သားတို့အပါးဝယ် ယောင်လယ်လယ်ဖြစ်နေရှာသည်။

ထုံးစံအတိုင်း သုသာန်သို့ထုတ်ယူရန် ရွှေနန်းတော်ကြီးကို ကန်တော့ချိန်တွင် ရွှေဘိုမင်းတရားကြီး၏ သမီးတော်ကြီး စကြာဒေဝီစုဖုရားကြီး ထွက်တော်မူလာခိုက်နှင့် ကြုံကြိုက်နေသည်။

အခြေအနေကိုမြင်တော်မူသော စကြာဒေဝီစုဖုရားကြီးသည် နန်းမတော်မယ်နုကို သူ့အပြစ်နှင့်သူဖြစ်၍ ကယ်တင်တော်မမူနိုင်ငြားသော်လည်း သနားစဖွယ်မျက်နှာငယ်နှင့် မိခင်ကို ဖက်တွယ်ထားရှာသော စုဖုရားကလေး(မသဲအူ)ကို တွေ့မြင်တော်မူသောအခါ ကရုဏာကြီးစွာဖြင့်

'ဒီမသိတတ်သေးတဲ့ကလေးငယ်ကလေးကိုတော့ အပြစ်မပေးကြပါနှင့်ကွယ်' ဟူ၍ မိန့်တော်မူပြီး မသဲအူအား အာဏာသားများလက်မှ စုဖုရားကြီးက ဆွဲယူကယ်ဆယ်ထားတော်မူလိုက်ပြီး၊ သူ၏အဆောင်တော်သို့ခေါ်ယူသွားကာ ဝမ်းကွဲညီမငယ်ကလေး မသဲအူအား မွေးမြူမြောက်စားထားလိုက်ခြင်းကြောင့် အသက်မသေ ကျန်ရှိခဲ့လေသည်။

ရွှေဘိုမင်းတရားကြီးသည် သမီးတော်ကြီးစကြာဒေဝီအား မင်းပြစ်မင်းဒဏ်များမှ နုတ်ယူနိုင်ခွင့် ပေးထားခဲ့သည်တစ်ကြောင်း၊ မသိနားမလည် ငယ်ရွယ်သူကလေးဖြစ်သည်တစ်ကြောင်းတို့ကြောင့် ရွှေဘိုမင်းတရားကြီးကလည်း သမီးတော်ကြီး၏ ကယ်တင်မှုကို လျစ်လျူရှုတော်မူခဲ့ခြင်းဖြင့် စုဖုရားကလေးမသဲအူမှာ သက်ဆိုးရှည်ခဲ့သူ ဖြစ်ပါသည်။

ဤကျေးဇူး အထောက်အထားများကြောင့်လည်း မသဲအူက အစ်မတော်ကြီးအား ကြည်ညိုချစ်ခင်စွာရှိခဲ့သည်။ မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းတော်မိဖုရားကြီးဖြစ်လာသည့် အချိန်တိုင်အောင်လည်း အစ်မတော်စကြာဒေဝီ မိဖုရားခေါင်ကြီးအား သဒ္ဓါကြည်ညို ရိုသေလေးစားစွာနေခဲ့သူဖြစ်သည်။

အစ်မတော် စကြာဒေဝီမိဖုရားခေါင်ကြီး နတ်ရွာစံတော်မူပြီးသောအခါမူကား တောင်ညာစံအဂ္ဂမဟေသီ ဖြစ်ထိုက်သူမှာ အလယ်နန်းတော်မိဖုရား(မသဲအူ)မှလွဲ၍ အခြားတစ်ပါးမိဖုရားများဆက်ခံနိုင်ရန် အရည်အသွေးမရှိသကဲ့သို့ ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဆိုအပ်ခဲ့ပြီးသော(စိတ်ခက်ထန်မှု)ကလေးများကြောင့် မင်းတုန်းမင်းတရားကြီးနှင့်တကွ နန်းတော်တွင်းက ပုဂ္ဂိုလ်များက အခွင့်အရေးပေးရန် ကိစ္စကိုနှေးနှေးလေးလေးပြုခဲ့ကြရသည်။

တောင်နန်းမတော်ဆောင်ကြီးတွင် မိဖုရားကြီး(စကြာဒေဝီ)၏ အဆောင်အယောင် အခမ်းအနား များကိုလည်း သက်တော်ထင်ရှားရှိစဉ်အခါကကဲ့သို့ ကိုယ်စားရွှေရုပ်ထုပွားကို ပြာသာဒ်နှင့်ထား၍ ခစားထမ်းရွက်လျက် ရှိကြရုံမျှမက၊ ပညာရှိမိဖုရားကြီးဖြစ်သော(စကြာဒေဝီ)၏ စာတော်များကလည်း အမြောက်အမြား ကျန်ရှိခဲ့သေးသည်။

ထိုစာတော်များမှာ ပေ, ပုရပိုဒ်အစားစားဖြင့် ရေးသားထားသော လောကုတ္တရာစာပေကျမ်းဂန်များနှင့် လောကီကျမ်းများ မဟာဝင်၊ ရာဇဝင်နှင့် ပျို့ကဗျာ၊ လင်္ကာ၊ ချေင်း၊ မော်ကွန်းစသောစာများမှာ အမျိုးအမည်ပေါင်း ၁၂၅၀ ကျော်မျှ ကျန်ရှိခဲ့သည်။ ၎င်းစာတော်များကိုပင် မင်းတုန်းမင်းတရားကြီးက အမြတ်တနိုး ပြုပြင်သိမ်းဆည်းရန် အမိန့်တော်ချမှတ်ခဲ့လေသည်။

ထိုအမိန့်တော်မှာ ၁၂၄၀ ခုနှစ် တပေါင်းလဆန်း ၃ ရက်နေ့ ချမှတ်လေသည်။

မိဖုရားခေါင်ကြီး၏ (စာတော်)များကို ဇေတဝန်ဆောင်သို့ ရွှေ့ယူပြီးလျှင် အတွင်းဝန်ရေနံချောင်း မြို့စားမင်းအမှုးရှိသော မှုးတော်မတ်တော်တို့အား အုပ်စုဖွဲ့၍ စာတော်များကို စာရင်းကောက်စေရမည်။ ကောင်းမွန်လတ်ဆတ်သော စာတော်များကို စာချင်းတူရာ အနံ့ အလျားချင်း တူရာတို့ကို ရွှေမျဉ်းအသစ်ကိုင်စေ၊ ဟောင်းနွမ်း ဆွေးမြေ့နေသော စာတော်များကိုလည်း ပေ, ပုရပိုဒ် တို့ဖြင့် အသစ်ကူးယူရေးသား၍ ရွှေမျဉ်းကိုင်လုပ်စေ၊ ပြီးလျှင် စာတော်များကို ရွှေနန်းမဆောင်၌ ပိဋကတ်တိုက်သီးခြားပြုလုပ်ထားရမည်ဟူ၍ ဖြစ်လေသည်။

မင်းတုန်းမင်းတရားကြီးသည် နတ်ရွာစံ မိဖုရားခေါင်ကြီးအား ဤမျှ လေးစားတော်မူလျက်ရှိရာ၊ ဆံတော်ကို အရှင်းအကိုင်ခံတော်မမူသောကိစ္စနှင့် မိဖုရားခေါင်လုပ်လိုသူသည် ငါ၏ရန်သူတော်ဟူ၍ မိန့်တော်မူထားခြင်းမျိုးဖြင့်လည်း ကာဆီးဟန့်တားခြင်း ပြုထားလျက်ရှိသဖြင့် စိတ်ထားတော် ထက်မြက်လှသော အလယ်နန်းတော် မိဖုရားကြီးမှာ နာသာခံခက်နှင့် အတွင်းကြိတ်အမျက်သိုလျက် ရှိနေလေသည်။

သို့ရာတွင် အချိန်များမကြာမီတွင် မင်းတုန်းဘုရင်မင်းမြတ်က အလယ်နန်းမိဖုရားအား အခွင့်အရေးတစ်ရပ် အထူးသနားတော်မူခြင်းဖြင့် စိတ်တော်ပြေငြိမ်းအောင် ပြုတော်မူလိုက်ရလေသည်။

မင်းတုန်းမင်းတရားကြီးက မိဖုရားခေါင် တောင်နန်းမတော်ရာထူးကို ထိုက်တန်လျက်နှင့် နှင်းအပ်မှုမပြုနိုင်သောအကြောင်းများကြောင့် နှောင့်နှေးနေခြင်းကို



www.burmeseclassic.com

အလိုမကျနိုင်ရှိနေသူ အလယ်နန်းမိဖုရားလည်း စိတ်ကျေနပ်စေ၊ အခြားတစ်ပါး သော ကန့်ကွက်သူမိဖုရားတို့လည်း စိတ်ချမ်းသာစေသဘောမျိုးနှင့် ထိုနှစ်ထဲမှာပင် (ဆင်ဖြူမရှင်)ဟူသောဘွဲ့ကို အလယ်နန်းမိဖုရားအား ပေးသနားတော်မူလိုက် သည်။

တောင်နန်းမတော် ဆောင်ကြီးတွင် စံနေခွင့်မပေးသော်လည်း မိဖုရားခေါင်ကြီး တစ်ပါး၏ အခွင့်အရေးမျိုးကို တိုးမြှင့်ပေးသနားလေသည်။ မည်သည့်ဘုရင်လက်ထက်ကမျှ မိဖုရားများကို ချီးမြှင့်ပေးသနားခြင်း မခံခဲ့ရဖူးသော(ဆင်ဖြူမရှင်)ဟူသော ဘွဲ့ထူးကို ခံယူရစေသည်။

ယင်းသို့ သနားတော်မူသော ဆင်ဖြူတော်မမှာ ဒူရကတိုင်းခေါ် ထားဝယ်မြို့မှ လာရောက်ဆက်သသော ဆင်ဖြူတော်မ ဖြစ်လေသည်။ ဆင်ဖြူတော်မကို ချီးမြှင့် သောအခါတွင်လည်း အလယ်နန်းမိဖုရားကြီး၏ ဆင်ဖြူမရှင်ခံယူထိုက်သော အရည် အသွေး ဂုဏ်ကျေးဇူးကို အမိန့်တော်၌ အတိအလင်း ထည့်သွင်းဖော်ပြ ရေးသားစေ ရသည်။ ၁၂၃၉-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့က အမိန့်တော်တွင် ဤသို့ပါရှိလေသည်။

'သီရိပဝရတိလောကမဟာရတနာဒေဝီ' မိဖုရားခေါင်ကြီးသည် ရတနာပူရ စတုတ္ထမြို့တည်နန်းတည် (ဘကြီးတော်) မင်းတုန်းမင်းကြီး၏ မိဖုရားခေါင်ကြီးတွင် မြင်သောသမီးတော်စစ်ဖြစ်၍၊ ရွှေနန်းမဆောင်တော်ထက် မနောဟရထီးဖြူ အုပ်မိုး လျက် ဖွားမြင်ခြင်း၊ သစ်နက်ရည်ခံခြင်း၊ ကြာချပ်တစ်ထောင်ရှိသော ရွှေသားပတ္တ မြား သုံးရစ်စီ မနောလင်ပန်းဖြင့် အချင်းသန့်စင်ခြင်း၊ မင်းခမ်းစုံကျင်းပလျက် မဟာ ဥကင်တော်သဖွင့်တော်မူခြင်း စသည်ဖြင့် ဇမ္ဗူဒိပ်ခွင်-မြေပြင်အနှံ့၊ ထူးမြတ်သော ရာဇိဒ္ဓိ-ရာဇာနုဘာဝတို့ကို ထွန်းတောက်ပစေလျက် ဖွားမြင်သော မြတ်သောနေနတ် နွယ်မြစ်၊ သာကီယစစ်ဖြစ်၍ တစ်ကြောင်း၊ မိန်းမမြတ်တို့၏ လက္ခဏာ ခြောက်ဆယ့် လေးပါးတို့နှင့် မချွတ်မယွင်း ပြည့်စုံလျက်၊ သူမတူတန်၊ ကဲလွန်ထူးမြတ်သော ဂုဏ်ထူးဝိသေသရှိသည် တစ်ကြောင်း၊ ကပ်ဦးမဟာသမတမင်းမှ ဆင်းသက်ခဲ့သော ဥက္ကာမုက္ခသကျ သာကီဝင်မင်းတို့နှင့် တဝေးမပြား မျိုးနွယ်စဉ်ဆက်မပျက် မယွင်းစေ ရ၊ စောင့်ရှောက်မြဲ ရာဇတန္တိ ပဝေဏီထုံးတမ်းနှင့် အကြောင်းညီစေလျက်၊ မြတ်သော ပြည်ထောင်ဖက် မိဖုရားကြီးအဖြစ်ကို ဆောက်နှင်းတော်မူသည်။ ဒူရကတိုင်း ထားဝယ်မြို့က ဆက်သသော သီရိမဟာသုဘတ္တာ ရတနာဆင်ဖြူတော်မကို သနား တော်မူသည်။

စသဖြင့် အမွှန်းတင်ချီးမြှင့်ရေးသား မြှောက်စားတော်မူလိုက်ခြင်းဖြင့် အလယ် နန်း မိဖုရားသည် ထိုချိန်မှစ၍ (ဆင်ဖြူမရှင်)မိဖုရားကြီးဟု ခေါ်တွင်ခဲ့ရလေသည်။

မိဖုရားခေါင်ကြီး၏ အခွင့်အရေးနှင့် ဆင်ဖြူမကို ရရှိသော်လည်း နန်းမတော်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးတွင် စံနေနိုင်ခွင့်ကိုတော့ မရရှိခဲ့ပေ။ ယင်းကိုပင် အလယ်နန်းမိဖုရားဆင်ဖြူမရှင်သည် လုံးဝကြေနပ်တင်းတိမ်မှု ရှိခဲ့သည်မဟုတ်သေး။ ပေးသနားချီးမြှင့်သော မင်းတုန်းဘုရင်မြင်းမြတ်ကမူ အပူတစ်ရပ်တော့ အေးသွားပေပြီဟူ၍ ယုံကြည်တော်မူသွားပုံ ရှိလေသည်။

မင်းတုန်းမင်းတရားကြီးသည် အလျှုရေစက်လက်တော်နှင့်မကွာ ရှိတော်မူခဲ့သည့်အားလျော်စွာ တန်ဆောင်မုန်းလပြည့်ကျော် ၁ဝ-ရက်နေ့တွင် ရွှေမြို့တော်အရှေ့ပြင်ရှိ မဟာအတုလဝိဇယာမတိုက်၌ မဟာအတုလဝေယံ ကျောင်းတော်ကြီးဆောက်လုပ်ရာ ပြီးပြေပြီ ဖြစ်သောကြောင့် ကဆုန်လတွင် ကြည့်ရှုတော်မူရန် ကိုယ်တိုင်ထွက်တော်မူသည်။ ၎င်းကျောင်းတော်ကြီးသို့ ပိဋကတ်တော်များပေးပို့ရန်အခမ်းအနားကိုလည်း ရေကြောင်းမှ တပ်ဝင်းခင်းကျင်းပို့သရန် စီမံတော်မူသည်။

သို့ကြောင့် သမ္မာန်တော်၊ လှေတော်မှစ၍ ရေတပ်တော်အခင်းအကျင်း အခမ်းအနားများကို မြို့တော်၏ အရှေ့ကျုံးထိပ် စံနန်းတော်သို့ ကိုယ်တော်တိုင် ထွက်စံကြည့်ရှု စစ်ဆေးတော်မူသည်။

ပရိယတ္တိသာသနာတော် ထွန်းလင်းတောက်ပစေခြင်းငှာလည်း နှစ်စဉ်မပျက်စာပြန်ဆိုပွဲတော်ကြီး ကျင်းပခဲ့မြဲအတိုင်း ယခုနှစ်နယုန်လတွင် စာတော်ပြန်ပွဲကြီးခြိမ့်ခြိမ့်သဲအောင် ကျင်းပရန်အခါတိုင် ရောက်လာခဲ့လေသည်။

နယုန်လဆန်း (၁)ရက်နေ့ကစ၍ ဝါဆိုလဆန်း (၈)ရက်နေ့တိုင် သုဓမ္မာဇရပ်တော်များတွင် ဝဲယာလေးငှာနခွဲဝေ၍ ပထမပြန်စာမေးပွဲကို ကျင်းပပြန်ဆိုစေသည်။

သီပေါမင်းအပါအဝင် စာတော်ပြန်ဆိုသူများမှာ ပထမကြီး၊ ပထမလတ်၊ ပထမငယ် စုစုပေါင်း (၁၁၇)ပါးဖြစ်လေသည်။

သီပေါမင်းသားသည် ယင်းစာပြန်ပွဲတော်တွင် ပါဝင်ဖြေဆိုခြင်းမှာ သုံးကြိမ်မြောက် (ပထမကြီး)ကို ဖြေဆိုခြင်းဖြစ်ရာ၊ (ပထမငယ်နှင့်ပထမလတ်)ဖြေဆိုခဲ့စဉ်ကထက်မက၊ သဒ္ဒါကြီးရှစ်စောင် ပါဌ်အနက်၊ ရုပ်၊ ဆန်းပါဌ်အနက်၊ အလင်္ကာပါဌ်အနက်၊ မာတိကာပါဌ်အနက်၊ အရကောက်၊ ဓါတုကထာပါဌ်အနက် အရကောက်များနှင့် ပဋ္ဌာန်းကုသလဟိတ် စသည်တို့ပါဖြေဆိုရန် ရှိသမျှပြီးဆုံးအောင် နေ့စဉ်ရက်ဆက် ဖြေဆိုတော်မူရာ ဆုံးခန်းတိုင်ရောက်ခဲ့သည်။

ပထမပြန်အောင်ပန်းများကို ဆွတ်လှမ်းနိုင်သော သားတော်သီပေါမင်းသားအားမင်းတုန်းမင်းတရားကြီးက အလွန်တစ်ရာနှစ်သက်အားရတော်မူလေသည်။ သာသနာတော်ကြီးကို အထူးပြုစုတော်မူသော မင်းတစ်ပါးဖြစ်သည့် အားလျော်စွာ၊ သုဓမ္မာဇရပ်တော်သို့ နေ့စဉ်ထွက်တော်မူပြီးလျှင် ကုသိုလ်တော်ပွားများ ကြည်ညိုတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



သုဓမ္မာဇရပ်စာပြန်ပွဲသို့ ရောက်လာသမျှသော ရဟန်းပရိသတ်၊ လူပရိသတ် အယုတ်အလတ်အမြတ်မရွေး၊ လျှာဒါန်းကျွေးမွေး၊ ပေးကမ်းစွန့်ကြဲတော်မူခြင်း၊ မိဖုရား သားတော် သမီးတော်တို့က လျှာဒါန်းသော ဆွမ်းသင်္ကန်းကွမ်းဆေး အချိုအချဉ် အလှူဝတ္ထုပစ္စည်းမျိုးတို့ကိုလည်း ရေစက်သွန်းချ အမျှပေးဝေတော်မူလျက်ရှိသည်။

ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သုံးနှစ်တိတိ ပထမပြန်အောင်ပန်းကို ဆွတ်လှမ်းအောင်မြင်တော်မူသော သားတော်သီပေါမင်း သားအား အားရနှစ်သက်တော်မူသည့် အားလျော်စွာ ယခုနောက်ဆုံးအကြိမ် စာပြန် ပွဲတော်အပြီး၌ နှုတ်တော်မှ အထူးမြွက်ကြား ချီးကျူးတော်မူပြီးလျှင် အဆောင်အ ယောင် အခမ်းအနားနှင့်တကွ ဆုတော်လာဘ်တော်များ မြောက်မြားစွာ ချီးမြှင့်သူ ကောင်းပြုတော်မူရုံမျှမက ရှေးအခါကကဲ့သို့ သာမန် မင်းညီမင်းသားအဖြစ်နှင့် ကျောင်းတော်၌ ပညာသင်များ ဆက်လက်သင်ကြားစေခွင့်ပြုတော်မမူတော့ဘဲ အပြီး အပြိမ်း လူဝတ်လဲလှယ်တော်မူစေပြီးလျှင် မင်းသားလတ်တို့၏ အစီးအနင်း အဆောင်အယောင်ကို ချီးမြှင့်သူကောင်းပြုတော်မူလိုက်လေသည်။

သီပေါမင်းသားအတွက် စံအိမ်တော်ကိုလည်း ရွှေလှုတ်တော်ကြီး၏ မြောက် ဘက်၌ သီးသန့်စံအိမ်တော် ဆောက်လုပ်ပေးသနားတော်မူကာ ကိုယ်ရံတော်သား အခြွေအရံ လူပျိုတော်များနှင့် ပျော်ရွှင်ချမ်းသာစွာ စံနေစေသည်။

ယင်းသို့မင်းသားယဲဘဝမှ မင်းသားလတ်ဘဝသို့ ဂုဏ်သရေဆင့်၍ အမြင့်သို့ ရောက်လာသောအခါ သီပေါမင်းသား၏ သတင်းဂုဏ်ရောင် ဝင်းပြောင်ထွန်းလင်း လာသည်နှင့်မခြား အခြွေအရံ လက်ဆွဲ လူပျိုတော်သားများလည်း အထူးများပြား တိုးတက်လာလေသည်။

မင်းတရားကြီး မြှောက်စားပေးသနားတော် မူသောခြွေအရံများအပြင် မိမိတို့ သဘောအလျှောက် သီပေါမင်းသားထံသို့ လာရောက်ခယမ်း ထမ်းရွက်သူ အခြွေအရံ များသည်လည်း တစ်စတစ်စတိုးတက်များပြားလာလေသည်။

ယင်းသည့်လူပျိုတော် လက်စွဲတော်သားများ အနက်မှ(မောင်မောင်ဖေ)ဆိုသူမှာ သီပေါမင်းသားသာမဏေမပြုမီ အပြင်ကျောင်း(အင်္ဂလိပ်သာသနာပြုကျောင်း)တွင် စာသင်နေစဉ်ကပင် စာသင်တော်ဖက် အပေါင်းအဖြစ်နေ့စဉ်ကျောင်းသို့ လိုက်ပါခဲ့သူ ဖြစ်လေသည်။ ၎င်း(မောင်မောင်ဖေ)သည် နန်းတွင်းအဆက်အနွယ်တစ်ဦးပင်ဖြစ် သည်။ မောင်မောင်ဖေ၏ အဆက်အနွယ်ကား ဘိုးတော်ဘုရား၏ သားတော်တစ်ပါး ဖြစ်သူ ရွှေကူမင်းသား၏ မြေးဖြစ်ရာ အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရား ကြီး၏ မြစ်တော်တစ်ဦးဖြစ်လေသည်။

မောင်မောင်ဖေသည် မစ္စတာမတ်၏ အင်္ဂလိပ်ကျောင်းသို့ သီပေါမင်းသား၏



www.burmeseclassic.com

www.burmeseclassic.com



စာသင်ဖော်အဖြစ် အမြဲပါခဲ့ရသည်။ သီပေါမင်းသား ရှင်သာမဏေအဖြစ်နှင့် ရွှေကျောင်းတော်တွင် စာသင်ချိန်မှာလည်း သီပေါမင်းသားနှင့်အတူ ရှိနေခဲ့သူဖြစ်သည်။

သီပေါမင်းသား အထွတ်အမြတ်သို့ ရောက်သောအခါတွင် မောင်မောင်ဖေကို စီးတော်မြင်းဝန်၊ ရွှေတိုက်စိုး၊ တောင်သမန်လယ်စား ဘုရင့်စာဆိုတော်အရာနှင့် ခန့်ထားသူကောင်းပြုခြင်းခံရသည်။ ထိုအချိန်က ရတနာပုံနေပြည်တော်တွင် စာပေကဗျာရေးသားရာ၌ ကျော်ကြားသော ဆရာဖေဆိုသူတစ်ဦးလည်း ရှိခဲ့သေးသည်။ မောင်မောင်ဖေကလည်း စာပေကဗျာများ ရေးသားထင်ရှားလာသောအခါ အမည်ချင်းရောထွေးယှက်တင်ရှိ၍ အသက်အနည်းငယ်ကြီးသူ ဆရာဖေကို သူနေသော အရပ်အစွဲပြု၍ အချုပ်တန်း ဆရာဖေဟူ၍ ခေါ်ဝေါ်ကြပြီးလျှင် မောင်မောင်ဖေကိုမူ အသက်ငယ်သူဖြစ်၍ ကိုဖေငယ်ဟူ၍လည်းကောင်း၊ တောင်သမန်လယ်စားဟူ၍လည်းကောင်း ခွဲခြားမှတ်သား ခေါ်ဝေါ်ခဲ့ကြလေသည်။

(မောင်မောင်ဖေ)ကိုဖေငယ်နှင့် ခင်မင်ကျွမ်းဝင်ခဲ့သူ မောင်မောင်တုတ်ကလည်း ကိုဖေငယ်နှင့် စပ်နွယ်၍ ရွှေကျောင်းတော်၌ ကိုရင်ဝတ်၍ စာသင်နေဆဲဖြစ်သော သီပေါမင်းသားထံသို့ ဝင်ထွက်ခစားခဲ့သူ ဖြစ်လေသည်။

၎င်းမောင်မောင်တုတ်နှင့် စပ်သွယ်၍ မောင်မောင်တုတ်၏ ညီအရင်းအချာဖြစ်သော မောင်မောင်ပြောင်းကလည်း အခါမပြတ် ပါလာခစားထမ်းရွက်တတ်လေသည်။

မောင်မောင်တုတ်နှင့် မောင်မောင်ပြောင်းတို့ ညီအစ်ကိုသည်လည်း မျိုးသားမတ်သားများပင်ဖြစ်ကြသည်။ သူတို့ညီနောင်၏ ဖခင်သည် ရေနံချောင်းမင်းကြီးဟောင်း (ကွယ်လွန်)ဖြစ်လေသည်။ မောင်မောင်တုတ်မှာနောင်အခါ ရနောင်မြို့ကို စားရ၍ (ရနောင်မောင်မောင်တုတ်)ဟူ၍ ထင်ရှားလာသူဖြစ်၍ ၎င်း၏ညီ မောင်မောင်ပြောင်းမှာလည်း ပင်းသာမြို့ကိုစားရသောကြောင့် ပင်းသာမင်းသား မောင်မောင်ပြောင်းဟူ၍ ထင်ရှားပြီး၊ သီပေါဘုရင်မင်းမြတ်၏ လူယုံတော် လက်သုံးတော်ကြီးများဖြစ်လာပြီး မင်းသားကြီးများ၏ အဆောင်အယောင်များကိုပါ ချီးမြှင့်သူကောင်းပြုခြင်းခံရသူများ ဖြစ်လာကြလေသည်။

မင်းတုန်းမင်းတရားကြီးသည် ရွှေနန်းတက်တော်မူသည့်နှစ်မှစ၍ ၁၂-ရာသီအလှူတော်များနှင့်တကွ နိက္ခပါဒ်အလှူတော်ဝတ်တို့ကို မယွင်းမချွတ်ပြုတော်မူခဲ့ ရာမှ ယခုနှစ်အဖို့ ကျောင်းတော်ကြီး ရေစက်ချပွဲများ၊ ပရိယတ္တိစာတော်ပြန်ပွဲများ ဆင်နွှဲတော်မူခဲ့ရာ၌ ၁၂၄၀-ခုနှစ် သက္ကရာဇ်ပိုင်းသို့ ရောက်ရှိခဲ့ရာ သက်တော်ကြီး ရင့်တော်မူလာသည်တစ်ကြောင်း၊ ကိုယ်တော်ညှိုးနွမ်း ပင်ပန်းစပြုတော်မူလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မူလကလည်း သတိပညာရှိလှသော ဘုရင်တစ်ပါးဖြစ်သည့်အားလျော်စွာ သမားတော်ကြီးများနှင့် မပြတ်နှီးနှောတော်မူခြင်း၊ စားတော်ဝန်ကြီး ဦးခဲကလည်း ပွဲတော်စာများကို သင့်မြတ်ကောင်းနိုးရာရာတို့ကိုသာ ရွေးချယ်ပြုပြင် ဆက်သလျက် ရှိခဲ့မြဲ ဖြစ်လေသည်။

သို့ရာတွင် ထိုနှစ်ဝါခေါင်လတွင် မင်းတုန်းဘုရင်မင်းတရားကြီးသည် ကျန်းမာရေး အထူးချို့ယွင်းတော်မူလေသည်။ အားအင်ကုန်ခမ်းနွမ်းလျတော်မူကာ သလွန်တော်ပေါ်မှာ လဲလျောင်းစံနေတော်မူချိန်က များလာသည်။

မှန်နန်းတော်အလယ် ဘမရာသန ပလ္လင်တော်တည်ရှိရာ အဆောင်တော်သည် မင်းတုန်းမင်းတရားကြီး စံနေတော်မူမြဲ အဆောင်တော်ဖြစ်ရာ ကျန်းမာတော်မမူစဉ် အခိုက်အတန့်ဖြစ်၍ ဆိတ်ငြိမ်လျက် ရှိလေသည်။

နန်းတော်သူ နန်းတော်သား၊ မိဖုရား၊ မောင်းမမိဿံ အပေါင်းတို့မှာ မင်းတရားကြီး၏ ရောဂါတော်အရိပ်အခြည်ကို သိလိုကြသဖြင့် ဆေးတော်ဆက်သော သမားတော်ကြီးများကိုလည်းကောင်း၊ အပါးတော်၌ အမြဲမပြတ် နေ့ညမလပ် ခစားပြုစုနေသော စားတော်ဝန်ဦးခဲနှင့် သံတော်ဆင့်ဦးလတ်(နောင်ဝတ်မစွတ်မြို့စား ဝန်ထောက်မင်း)တို့အားလည်းကောင်း ကိုးစားသောမျက်နှာနှင့် ဝိုင်းအုံမေးမြန်း စုံစမ်းခြင်းအမှုကို ပြုရရှာကြသည်။

ထိုနန်းတွင်းရှိ နန်းရဆောင်ရ မိဖုရားကြီးများတို့တွင် ဆင်ဖြူမရှင် အလယ်နန်းမိဖုရားသည် မိဖုရားခေါင်ကြီး၏ အခွင့်အရေးကိုရ၍ မင်းတုန်းမင်းတရားကြီးမှ လွဲလျှင် ရွှေနန်းတော်ကြီးတစ်ဝန်းလုံးက သြဇာတော်ညောင်းကြရသည်။

သို့ကြောင့် ဘုရင်မင်းမြတ် မမာတော်မူရာကိစ္စတွင်လည်း ဆင်ဖြူမရှင်မိဖုရားကြီးကသာ ဦးဆောင်၍ သမားတော်ကြီးများ၊ အတွင်းဝန်ကြီးများနှင့် ညှိနှိုင်းဆွေးနွေးလျက် တစ်ဆေးမထည့် တစ်ဆေးထည့်၍ ပြုစုခွင့်ရှိသမျှ မလစ်လပ်ရလေအောင် ပြုစုကုသလျက်ရှိနေချိန်ဖြစ်ရာ လွှတ်တော်ဝန်ကြီးမင်းများ၊ အတွင်းဝန်မင်းများကလည်း မမာတော်မူသောကိစ္စမှတစ်ပါး အခြားအကြောင်းအရာ ကိစ္စရပ်များအတွက်ကိုလည်း ဆင်ဖြူမရှင်မိဖုရားကြီးနှင့်သာ အလေးအနက်တိုင်ပင်ဆွေးနွေးရန် ချဉ်းကပ်ရောက် ရှိလာကြရလေသည်။

ဘမရာသနနန်းမ မှန်နန်းဆောင်တော်ကြီးနှင့် ဗေါင်းတော်ဆောင်အကူးရှိ မှန်နန်းမနုဆောင်တော်သည် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် လွှတ်တော်ဝန်ကြီးများ၊ အတွင်းဝန်များနှင့် အရေးကြီးသောစကားများကို တီးတိုးတိုင်ပင်လေ့ရှိကြရာ ထိုအနီးအပါးသို့ အခေါ်တော်မရှိဘဲ မည်သူမျှ ချဉ်းကပ်ဝံ့သူမရှိ၊ ကြောက်ရွံ့စွာ မျက်နှာရိပ်မျက်နှာကဲကိုခတ်ရင်း အဝေးမှခစားကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအဖြစ်အပျက်ကို အကြောင်းပြုလျက် နန်းတွင်းသူ နန်းတွင်းသားများက တီးတိုးလေသံနှင့် အတိတ်တဘောင်ဆန်ဆန် ရွတ်ဆိုလေ့ရှိကြသည်။

လှေတော်ပွဲကမသဲအူ

ခေါင်းပေါင်းဖြူနှင့်

ထွေးလားလုံးလား။

နန်းတွင်းသူ နန်းတွင်းသားအချင်းချင်း တွေ့ကြလျှင် စိတ်ချင်းညီကြကာ ယင်းသည့် တဘောင်သီချင်းကို တီးတိုးဆိုကြသည်။

ဆင်ဖြူမရှင်မိဖုရား၏ ငယ်နာမည်မှာ မသဲအူဖြစ်သည်၊ ခေါင်းပေါင်းဖြူ ပေါင်းရသူများကား ခေါင်းပေါင်းဖြူဖဲ့လုံးပေါင်းရသော လွှတ်တော်ဝန်ကြီးများ၊ အတွင်းဝန်များဖြစ်ကြသည်။ မှန်နန်းမနုဆောင်တွင် ၎င်းတို့တီးတိုးတိုင်ပင်၍ နေ့စဉ် တီးတိုးဆွေးနွေးနေခြင်းကို ဖေါ်ညွှန်းသော တဘောင်သီချင်းပင်ဖြစ်လေသည်။

မင်းတုန်းမင်း တရားကြီးကား သလွန်တော်ပေါ်တွင်သာ စံနေတော်မူလျက် ဆေးဝါးကုသမှုကို ခံယူတော်မူနေဆဲဖြစ်သည်။

ဝါခေါင်လဆန်း ၁၂-ရက် နေ့တွင်ကား မကျန်းမမာတော်မူနေသော မင်းတုန်းမင်းတရားကြီး အမိန့်တော်နှင့် ရွှေနန်းတော်ကြီးရှိ နန်းဦးဘုရားတွင် သစ္စာတော်ပေးစေသည်။ သစ္စာတော်ပေးခံရသူများကား မှူးကြီးမတ်ရာသေနာပတိများဖြစ်ကြသည်။

ရွှေနန်းတော်ဦးတွင် ဝန်ကြီး၊ အတွင်းဝန်၊ မှူးကြီးမတ်ရာ သေနာပတိတို့အားလုံး စုဝေးရောက်လာစေလျက် သစ္စာတော်ပြန်တမ်းကို နားခံတော်နေမျိုးမင်းထင်စည်သူက ဖတ်လျှောက်ပြန်တမ်းပေး၍ သစ္စာတော်သောက်ခံစေသည်။ သစ္စာပေး ပြန်တမ်းမှာ နှစ်စဉ်ပြုလုပ်နေကျ နန်းစဉ်ထုံးစံဖြစ်သော်လည်း ယခုအကြိမ်တွင်မူ ထူးခြားချက် တစ်ခုပါလာလေသည်။

'နန်းစဉ်ထုံးစံ သစ္စာတော်ခံပြန်တမ်းတွင်. . .

ငါ့ကိုသာအရှင်ဟုမှတ်၊ ဟုသာပါမြဲ ယခုငါမှတစ်ပါး ငါညွှန်ပြသူကိုသာ အရှင်မှတ်'

ဟူသော စကားတစ်ခွန်းကို ထပ်ဖြည့်ထည့်သွင်းထားသည်ကို တွေ့ကြရလေသည်။

ဤတွင် မင်းတုန်းမင်းတရားကြီးက မည်သည့်သားတော်များကို ညွှန်ပြခြင်းပြုလေမည်နည်းဟု အသီးသီးထင်မြင်ရာ တွေးတောခြင်းပြုနေကြသည်။

မင်းတုန်းမင်းတရားကြီးသည် သားတော် မြင်ကွန်းမင်းသား လက်နက်ဖြင့် ညီတော်အိမ်ရှေ့မင်းကြီး နတ်ရွာစံသွားရရှာသည့် နောက်ပိုင်းတွင် ထီးနန်းဆက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရှိသော အိမ်ရှေ့မင်းရာထူးကို မည်သည့်သားတော် တူတော်တို့ကိုမျှ ပေးဆောင်ခြင်းမပြုဘဲ ဆိုင်းငံ့ထားခဲ့လေသည်။

မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသား၊ သုံးဆယ်မင်းသား၊ ညောင်အုပ်မင်းသား စသော သားတော်ကြီးများနှင့် သားတော်များ အများအပြားရှိခဲ့ရာ မည်သူ့ကိုမျှ ရုတ်တရက် ညွှန်ပြခြင်းမပြုနိုင်ခြင်းမှာ မိဖုရားခေါင်ကြီးတွင် သားတော်၊ သမီးတော် မမြင်ခဲ့ခြင်း၊ အခြားမိဖုရားများက ဖွားမြင်သော ရွယ်တူဂုဏ်တူ သားတော်အကြီးတွေ အပြိုင်အဆိုင်ရှိနေရာတွင် တစ်ဦးဦးကို ထူးထူးခြားခြား အိမ်ရှေ့မင်းအဖြစ် ထားလိုက်ပါက ကျန်သားတော်ကြီးများ စိတ်ဝမ်းနည်းမှု ဖြစ်ပွားမည်ကိုလည်း လိုလားတော်မမူသောကြောင့် ဖြစ်လေသည်။ သားတော်ကြီးများကလည်း မိမိတို့၏ မျှော်လင့်ချက်ကိုယ်စီဖြင့် ရှိနေခဲ့ကြသူများဖြစ်သည်။

ယခု မမာတော်မူမှ ဤသစ္စာတော်ပေးချက်အရ လှုပ်လှုပ်ရွရွဖြစ်လာကြသည့် သားတော်ကြီးတွေ၏ မိခင်မိဖုရားများမှာလည်း အိမ်ရှေ့အရာကို သူ၏သားတော် ရလိမ့်နိုးနိုး ငါ၏သားတော်ရလိမ့်နိုးနိုး မျှော်ကိုးမိကြသည်။

ဤမျှမကသေး မင်းသားကြီးများ၏ ခြွေရံသင်းပင်းတပည့် ကျေးကျွန်ရင်းချာတို့ကလည်း ငါတို့သခင်ကောင်းစားလျှင် ငါတို့လည်းကောင်းစားရချိမ့်မည်ဟု အလီလီသော မျှော်လင့်ချက်ဇောကြီးတွေ အသီးသီးဝင်နေကြသည်။

သို့ကြောင့် မင်းတုန်းမင်းတရားကြီးက ငါမှတစ်ပါး ငါညွှန်ပြသူကို အရှင်မှတ်ရမည်ဟူသော သစ္စာတော်ပေးအမိန့်တော်သံ၏ လှိုင်းဂယက်သည် ရတနာပုံနေပြည်တော် တစ်ဝန်းလုံးနှင့်တကွ ရွှေနန်းတော်ကြီးတစ်ခုလုံးတွင် တစ်ဝုန်းဝုန်းရိုက်ခတ်လှုပ်ရှားလျက်ရှိနေကြတော့သည်။

မင်းတရားကြီး၏ ကျန်းမာရေး ဝေဒနာတော်သက်သာ ပျောက်ကင်းရေးကိုလည်း အရေးတကြီး ရင်တမမနှင့် မျှော်လင့်တောင့်တလျက် ဆုတောင်းဆုယူပြုသူပြု ဗေဒင်ယတြာနှင့် ကျန်းမာရန် ချွတ်လွှဲလုပ်ဆောင်ကာ ဆေးဝါးခါတ်စာများကိုလည်း ကြိုးစားရှာဖွေ ဆက်သလျက် ရှိနေကြလေသည်။

သို့သော် ဘရာသန မှန်နန်းဆောင်တော်ကြီး အတွင်းသို့ကား မည်သူမျှ ထိုးဖေါက်ဝင်ရောက် မေးမြန်းစုံစမ်းနိုင်ခွင့် မရကြပေ။

နန်းရမိဖုရားကြီးများ၊ ဆောင်ရမိဖုရားကြီးများက နာမကျန်းဖြစ်တော်မူလျက်ရှိသော မင်းတရားကြီးအပါးတော်ဝယ် အမြဲလာရောက် ပြုစုယုယလိုကြပါလျက် အဆောင်တော်ထဲသို့ အဝင်ရခက်ခဲကာ အကြိမ်များစွာလာသည်တိုင် တစ်ခါတစ်ရံသာ ခေတ္တဝင်ရောက်ခွင့်ရကြသဖြင့် ဆင်ဖြူမရှင်မိဖုရားကြီး သြဇာလွှမ်းမိုးထားမှုကို မကျေမနပ် ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက်ကလည်း မင်းတရားကြီးက ရောဂါဝေဒနာတော် ခံစားနေရချိန်တွင် ဆိတ်ငြိမ်စွာနေတော်မူလိုသည်။ သမားတော်ကြီးများနှင့် ဆင်ဖြူမရှင်မိဖုရားကြီး တစ်ပါးသာလျှင် အပါးတော်မှာရှိစေရမည် စသဖြင့်တားမြစ်ပြီးလျှင် အဆောင်တော်တံခါးဝတွင်လည်း အစောင့်အရှောက် ကြပ်တည်းစွာချထားလေသည်။

မင်းတုန်းမင်းတရားကြီး၏ ဝေဒနာတော် အခြေအနေကလည်း နေ့ရက်အတန်ကြာလာသည့်တိုင်အောင် ထူးခြားသက်သာလာသည် မရှိသေးပေ။ သက်တော်ခြောက်ဆယ်ကျော် အားအင်ကုန်ခမ်း နွမ်းလျနေရာတွင် ဖြစ်လာသောရောဂါကလည်း ဝမ်းနှင့်ပတ်သက်ဆက်နွယ်ကာ ဝမ်းကိုက်ရောဂါအထိ တစ်စတစ်စငြိတွယ်ကပ်ရောက်လျက်ရှိသည်။

သို့ကြောင့် သလွန်တော်ပေါ်မှ ထတော်မမူနိုင်သေး၊ ဆေးတော်၊ ရေတော်ဆက်သရုံမျှပင် ဆင်ဖြူမရှင်မိဖုရားကြီးက တွဲထူဖေးမ, ပေးနေရသောအခြေအနေတွင် ရှိနေလေသည်။

ဤသို့လျှင် နေ့ရက်ရှည်ကြာ ဝေဒနာတော်သက်သာမှု မရှိလှသောအခါ လွှတ်တော်ဝန်ကြီးများနှင့် ဆင်ဖြူမရှင်မိဖုရားကြီးတို့ စုဝေးမိတိုင်း နောင်ရေးအတွက် ပူပင်သောက မအေးနိုင်အောင်ရှိလာကြသည်။

မင်းတရားကြီးသည် ဝါခေါင်လကစ၍ မမာတော်မူခဲ့သည်မှာ တော်သလင်းလပြည့်ကျော်တိုင် သက်သာပျောက်ကင်းခြင်းမရှိသဖြင့် တော်သလင်းလပြည့်ကျော်တစ်ရက်နေ့တွင် စည်းဝေးတိုင်ပင်နေကျဖြစ်သော မှန်နန်းစနေဆောင်၌ မှူးတော်မတ်တော်ကြီးများနှင့် ဆင်ဖြူမရှင်မိဖုရားကြီးတို့ စည်းဝေးတိုင်ပင်ကြပြန်လေသည်။

ဘဝရှင်မင်းတရားကြီးတွင် စွဲကပ်သောဝေဒနာတော်သည် တစ်နေ့တခြားကြီးမားရင့်မာ တိုးတက်လာသည် ဖြစ်သောကြောင့် တိုင်းပြည်နိုင်ငံ၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူနိုင်မည် မဟုတ်သဖြင့် တိုင်းရေးပြည်မှုကို ကူညီဆောင်ရွက်စေရန်၊ အိမ်ရှေ့နန်းလောင်း နန်းလျာအဖြစ် အထူးလိုအပ်လာပြီဖြစ်သည်။

သို့ကြောင့် အိမ်ရှေ့နန်းလျာဖြစ်ထိုက်သူ သားတော်တစ်ပါးပါးကို အမြန်ရွေးချယ်မြှောက်တင်ရန် မင်းတရားကြီးဘုရားထံ အမိန့်တော်ခံယူရန် ဆုံးဖြတ်ကြလေသည်။

သို့သော် ယင်းကိစ္စသည် လွယ်ကူခြင်းမရှိလှပေ။ မင်းတရားကြီးကိုယ်တော်တိုင်ကလည်း ဝေဒနာတော်သည်းချိန်ဖြစ်၍ လျှောက်တင်လျှင် စိတ်တော်ထိခိုက်မည်။ ၎င်းပြင် မည်သည့်သားတော်ကိုမျှ ရည်စူးရွယ်မှန်းတော်မူခဲ့ခြင်း မရှိသေးသောကြောင့် အမိန့်တော်မခံဘဲနှင့်လည်း ဤကိစ္စကို မှူးတော်မတ်တော်ကြီးတို့ အလိုကျစီမံဝံ့ကြခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စည်းဝေးရာ ဓနုဆောင်၌ ဆင်ဖြူမရှင်မိဖုရားကြီး အမှူးရှိသော လွှတ်တော်ဝန်ကြီးများမှာ အချိန်အခါအားလျော်စွာ ပွင့်လင်းစွာတိုင်ပင်ကြရလေတော့သည်။

ဆင်ဖြူမရှင် မိဖုရားကြီး ခေါင်းဆောင်သော အထူးလျှို့ဝှက် တိုင်ပင်ဆွေးနွေးပွဲ၌ ပါဝင်သူဝန်ကြီး, အတွင်းဝန်များမှာ တိုင်တားမင်းကြီး၊ ကင်းဝန်မင်းကြီး၊ ရွှေပြည်မင်းကြီး၊ ရေနံချောင်းမင်းကြီး ၄-ပါးနှင့် ဂုဏ်ဝန်ကြီးလေးပါး၏ သဘောတူရာ လွှတ်တော်ဝန်ကြီး အတွင်းဝန်မှူးမတ်များ ဖြစ်ကြသည်။

ဆင်ဖြူမရှင်မိဖုရားကြီးက ရွှေနန်းရှင်ဘုရား၏ ဝေဒနာတော်သည် အပရိကနှင့် သက်သာတော်မူလာမည် ထင်ခဲ့သော်လည်း အထင်နှင့်အမြင် မှန်းခြေမပေါက်နိုင်တော့ကြောင်း စတင်ဆွေးနွေးလိုက်သည်။

ကင်းဝန်မင်းကြီးဦးကောင်းက ဘဝရှင်ဘုရားမှာ သက်တော်ကလည်းရင့် ဝေဒနာတော်ကနင့်နေပြီဖြစ်၍ မျှော်လင့်ချက်နည်းခဲ့ရကြောင်း စကားအဖြေထွက်လာသည်။

ရွှေပြည်ဝန်ကြီး ဦးဖိုးလှိုင်က ဝါခေါင်လက မမာတော်မူသည်မှာ ယခုတော်သလင်းလပြည့်ကျော် ၁-ရက်အထိ တစ်ဆေးမကောင်း တစ်ဆေးပြောင်းလျက် သမားတော်အပေါင်းက ကြိုးကြိုးပမ်းပမ်း လက်စွမ်းကုန် ဆေးတော်များ ဆက်လျက်ဖြစ်၍ ကံကောင်းထောက်မလျှင် ပျောက်ကင်းကျန်းမာတော်မူလာစရာ အကြောင်းရှိပါကြောင်းနှင့် ဖြေသိမ့်လျှောက်တင်လေသည်။

တိုင်တားမင်းကြီး ဦးဖိုးကလည်း လောကီဗေဒင် ကိန်းခန်းအရ၊ ဇီဝိတဒါန၊ ယတြာ၊ ဓါတ်ရိုက် စသော ဘုရားကု သမားကုများနှင့်တကွ ဆောင်ရ နန်းရမိဖုရားမောင်းမမကျန် မိမိတို့မှူးမတ်များနှင့်အတူ ကိုယ်စားလှယ်တော် လျှုဒါန်းဆုတောင်းကုသိုလ်ပြုနေကြလျက်ပင်ဖြစ်သည်။

သို့ရာတွင် သင်္ခါရသဘောကိုလည်း စိတ်စောသင့်ကြောင်း၊ အနိစ္စသဘောတရားအတိုင်း ဖြစ်ကြပျက်ကြရမှာကို ပူဆွေးသောကရောက်နေကြရုံနှင့် ပြီးနိုင်မည်မဟုတ်ပါ။ မင်းကြီးတို့နှင့်မိမိမှာပါ ပြည်ကြီးပခုံး ပြည်ကြီးလက်ရုံးဆိုသော ပုဂ္ဂိုလ်များဖြစ်နေကြသည်ကိုလည်း သတိထားပြီး တိုင်းသားပြည်သူတို့ကို ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ဝတ္တရားများ ရှိနေသေးကြောင်း စတင်လမ်းခင်း မိန့်ကြားလေသည်။

ကင်းဝန်မင်းကြီးက ဆင်ဖြူမရှင်မိဖုရား မိန့်ကြားတော်မူသည့်အတိုင်း တိုင်းပြည်အေးချမ်းသာယာအောင် ထိန်းသိမ်းရမည့် တာဝန်ဝတ္တရားကြီးမှာ ကျွန်ုပ်တို့တတွေ၏ ဦးခေါင်းပေါ် သို့ မကြာမတင် ကျရောက်လာတော့မည်ဖြစ်ပါသည်ဟူ၍ ထောက်ခံလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူမရှင်မိဖုရားက ဆက်လက်၍ မိန့်ကြားသည်မှာ ထီးနန်းထုံးစံအတိုင်း ခမည်းတော်နတ်ရွာစံလျှင် သားတော်အိမ်ရှေ့စံက ထီးမွေနန်းမွေကို ဆက်ခံကြရမြဲ ထုံးတမ်းစဉ်လာ ရှိခဲ့သော်လည်း ယခုရွှေနန်းရှင်ဘုရားမှာ ညီတော်အိမ်ရှေ့မင်း မြင်ကွန်းစားလက်ချက်ဖြင့် ကံတော်ကုန်ပြီးကတည်းက ယနေ့တိုင်အောင် အိမ်ရှေ့ အရိုက်အရာ ပေးအပ်ခန့်ထားခြင်း မရှိသေးသဖြင့် ကျွန်ုပ်တို့မှာ အခက်အခဲကြီးတစ် ခုကို ရှေးဦးစွာ ရင်ဆိုင်ကြရတော့မည်ဖြစ်ကြောင်း အမိန့်ရှိလေသည်။

ရွှေပြည်ဝန်ကြီးက စကားဆက်၍ သည်အတိုင်းသာ ဘဝရှင်ဘုရား နတ်ရွာစံ သွားခဲ့ပါလျှင် မတင်မကျဖြစ်နေသော ထီးမွေနန်းမွေကို သားတော်တွေက လက်ရုံး အားကိုးဖြင့် စစ်ထိုးပြီး အချင်းချင်း လုနေမည်ဆိုပါက တစ်နိုင်ငံလုံးစစ်တလင်းဖြစ် ကုန်မည်ထင်ကြောင်း၊ အိမ်ရှေ့အရိုက်အရာ နှင်းအပ်တော်မူပါဟူ၍ မင်းတရားကြီး ထံ အမိန့်တော်ခံရမည်ကလည်း မမာတော်မူစဉ် အခိုက်အတန့်မှာ မသင့်လျော်နိုင် အောင်ရှိကြောင်းနှင့် ဆွေးနွေးပြန်သည်။

ကင်းဝန်မင်းကြီးကလည်း မပြောမပြီး မတီးမမြည်ဆိုသော စကားအရ မမာတော်မူစဉ် တဇွတ်ထိုး လျှောက်တင်ရန်လည်း ခက်ခဲပေသည်။ ရွှေနှုတ်တော်က မည်သည့်သားတော်ကို အိမ်ရှေ့နှင်းရန် ရည်ညွှန်းတော် မူသည်ဟု မိန့်တော်မူပါက ကျွန်ုပ်၏ အလုပ်တာဝန်ရှိသမျှ ဆက်လက်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေး လေသည်။

ထိုအချိန်၌ ဆင်ဖြူမရှင် မိဖုရားကြီးက ပြတ်ပြတ်သားသား မိန့်တော်မူလေ သည်။

မင်းကြီးတို့သည် ယခုကဲ့သို့ ခက်ခဲမှုကို ညည်းညူနေကြ၍ ကိစ္စပြီးနိုင်မည် မဟုတ်ကြောင်း၊ အရေးကြုံလာသောအခါ ရဲရဲရင့်ရင့်ပြတ်ပြတ်တောက်တောက် ဆောင်ရွက်ရန်ကိုသာ စဉ်းစားသင့်ကြောင်း၊ ရွှေနန်းရှင်ဘုရား သည်အတိုင်းသာ မျက်နှာလွှဲသွားပါက မြန်မာနိုင်ငံတော်တစ်ဝန်းလုံး မီးဟုန်းဟုန်းတောက်ပြီး စစ်တ လင်းကြီးအဖြစ်နှင့် ကျန်ရစ်ရတော့မည်။

သို့မဟုတ် ဤမီးကို မလောင်မီ မိမိနှင့်ဝန်ကြီးမင်းတို့က ကြိုတင်တားဆီးနိုင်မှ သာလျှင် တိုင်းပြည်နိုင်ငံ အေးချမ်းသာယာရာရချေမည်။ ကျွန်ုပ်တို့မှာ တိုင်းသူ ပြည်သားအတွက်သာလျှင် ငဲ့ကွက်ညှာတာခြင်း ပြုကြရပေလိမ့်မည်။

တိုင်တားမင်းကြီး ဦးဖိုးကလည်း ဟုတ်ပေသည်၊ ဆင်ဖြူမရှင်ဖုရား မိန့်တော်မူ သည့်အတိုင်း၊ မီးကို မလောင်မီကြိုတင် တားဆီးရန်ကိစ္စက အရေးကြီးကြောင်း၊ သို့ကြောင့် ဘဝရှင်မင်းတရားကြီး သက်တော်ထင်ရှားရှိစဉ်တွင် အိမ်ရှေ့အရာဆက် ခံထိုက်သူ မင်းသားကြီးတစ်ပါးကို အလျှင်အမြန်ရွေးချယ်၍ အိမ်ရှေ့နှင်းကြမှ

www.burmeseclassic.com



သင့်လျော်မည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးလေသည်။

ကင်းဝန်မင်းကြီးက ဘဝရှင်ဘုရား မကျန်းမာတော်မူခိုက်တွင် အိမ်ရှေ့နှင်းရမည့်သားတော်ကို ညွှန်ကြားတော်မူဆိုသော စကားကို လျှောက်ထားသံတော်ဦးတင်ရမည်ကို အလျင်စဉ်းစားသင့်ကြောင်း ဆွေးနွေးသည်။

ဤတွင် ဆင်ဖြူမရှင် မိဖုရားကြီးက ပို၍ပြတ်သားသော အမိန့်စကားတစ်ရပ်ကို ဖွင့်ဆိုတော်မူပြန်သည်။

ယခုလောက် အချိန်နှောင်းနေပြီဖြစ်၍ ဝေဒနာတော်ခံစားနေရရှာသူ မင်းတရားကြီးအား လျှောက်ထားပန်ကြားနေ၍ မဖြစ်တော့ဘူး။ ကျွန်မတို့ မင်းကြီးတို့ကသာ သင့်လျော်မည့် မင်းသားတစ်ပါးပါးကိုရွေးချယ်လျက် အိမ်ရှေ့ဆောင်နှင်းလိုက်ကြပါစို့။

ဤတွင် ရွှေပြည်မင်းကြီးဦးဖိုးလှိုင်က ခေါင်ဖုရားမိန့်တော်မူချက် ကောင်းမွန်သင့်မြတ်လှပါကြောင်း၊ သို့ရာတွင် လွယ်မလိုနှင့် ခက်ခဲနေပါကြောင်း၊ အကယ်၍ မင်းသားတစ်ပါးပါးကို ရွေးချယ်ရရှိသည်တိုင် ကျန်သောမင်းသားများက မကျေမနပ်ဖြစ်လျက် ပွက်ပွက်ဆူကြပြန်ပါဦးမည်ထင်ကြောင်းပါဟု လျှောက်တင်သည်။

ဆင်ဖြူမရှင် မိဖုရားကြီးက ကြိုတင်စဉ်းစားတော်မူပြီးသူ ဖြစ်သည့်အားလျော်စွာ-

သူတို့ရုတ်တရက်ထပြီး မဆူကြ၊ မပွက်ကြအောင် ကျွန်မအကြံရသည်ကိုလည်း နားထောင်ကြပါ၊ သည်သားတော် တူတော်များကို ခမည်းတော်ဘုရားအမိန့်နှင့် ဝေဒနာတော်ပြုစုရန် အကြောင်းပြခေါ်ပြီးလျှင် အဆောင်တော်တွင်း သူတို့စုရုံးမိသောအခါမှာ အမှတ်မထင် ချက်တဖြုတ် စစ်တပ်နှင့် ဝိုင်းဖမ်းဆီးပြီး၊ ခေတ္တအကျယ်ချုပ်သဘော ချုပ်ထားလိုက်ပါက လောင်တော့မည့်ဆဲဆဲ မီးတောက်များကို စုစည်းထိန်းသိမ်းကာကွယ်ထားလိုက်ပါက သင့်တင့်လျောက်ပတ်ပေလိမ့်မည်။ သည့်နောက်မှ ရွှေနန်းရှင်ဘုရား နှစ်သက်တော်မူရာ သားတော်ကိုဖြစ်စေ ကျွန်မတို့ မင်းကြီးတို့ သဘောကျ စိတ်တိုင်းကျ ရွေးချယ်သော သားတော်တစ်ပါးပါးကိုဖြစ်စေ အိမ်ရှေ့အရာအပ်နှင်းလိုက်ခြင်းဖြင့် အခက်အခဲကို ပြေလည်ချောမောသွားမည်ဖြစ်ကြောင်း ညွှန်ကြားလေသည်။

ကင်းဝန်မင်းကြီးက ဆန်စဉ်ရာ ကျည်ပွေ့မလိုက်ရဘဲ ဆူပူမည့်သူတွေကို တစ်စုတရုံးတည်း ဦးမိအောင် ဖမ်းဆီး၍ခေတ္တခဏ အကျယ်ချုပ်ချထားတဲ့နည်းမှာ အခိုက်အတန့်အခြေအနေအရ နိုင်ငံတော်၏ကိုယ်စား လွှတ်တော်ဝန်ကြီးများ၏ အာဏာကို အရေးပေါ် အသုံးပြုရန် သင့်လျော်ပါကြောင်း။ သို့ရာတွင် နောင်အေးချမ်းသည့်အချိန်အခါမှာ သူတို့၏ရန်လက်စ မသိမ်းပါက ငြိမ်းချမ်းရေးရဦးမည် မထင်ကြောင်းနှင့် အကြောင်းပြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူမရှင်မိဖုရားကြီးက သည်အခါမျိုးမှာလည်း အရောက်အရောက် ဖြစ်စေရမည်။ ယခုလောလောဆယ် ရင်ဆိုင်ရမည့်အရေးကို ရှေးဦးစွာ ပြီးစီးအောင်ဆောင်ရွက်ရမည်။ နောင်အခါ ဖြစ်မည့်ကိစ္စကို အချိန်အခါကဆုံးဖြတ်လိမ့်မည်ဟု ခတ်ပြတ်ပြတ် မိန့်တော်မူလိုက်သည်။

တိုင်တားမင်းကြီးက မိဖုရားကြီး၏အကြံကို သဘောကျသူဖြစ်သည်။ သို့ကြောင့်-

ဤအကြံပေးတော်မူချက်အတိုင်း ဦးအောင်မလုပ်နိုင်လျှင် အရေးခက်ကြမည်၊ မင်းသားကြီးတွေကလည်း များလှသဖြင့် ရှေးဦးစွာ ၎င်းတို့အား ငြိမ်ဝပ်အောင်ပြုလုပ်ထားမှ သင့်မည်ဖြစ်ကြောင်း ထောက်ခံသောအခါ ကင်းဝန်မင်းကြီးက အားတက်လိုက်လျောလာပြီးလျှင် ယခုအရေးကြီးနေချိန်မှာ ဤအကြံထက် သင့်လျော်သောအကြံအစည်မရှိသလောက် ဖြစ်နေပါသည်။ နောင်ကိုလည်း ဤမင်းသားတွေထဲမှ အသင့်တော်ဆုံးမင်းသားတစ်ပါးကို စိတ်တိုင်းကျရွေးပြီး ထီးမွေနန်းမွေ ဆက်ခံစေရမည့် စေတနာဖြစ်ပါကြောင်း။

ရွှေပြည်ဝန်ကြီးကလည်း ဤနည်း ဤပုံစံပင် ယခုအချိန်မီ အသုံးပြုရန်ရှိတော့ကြောင်းနှင့် ထောက်ခံမှုပြုလေသည်။

ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ဝန်ကြီးများ ညှိနှိုင်းဆုံးဖြတ်မှုကိစ္စ ရုပ်လုံးဖေါ်ရန်သာ ကျန်တော့သည်။ သို့ကြောင့် ဆင်ဖြူမရှင်မိဖုရားကြီးက ဆုံးဖြတ်ချက်ကို လက်စသိမ်းသည့်အနေဖြင့်-

ကွန်မပေးတဲ့ နိဿရည်းဟာ ယခုလိုကြပ်တည်း ကျဉ်းမြောင်းနေသော အချိန်ပိုင်းအတွင်းမှာ အသုံးပြုသင့်ဆုံးဖြစ်ကြောင်း၊ သည်ထက်နားအေးမည့် နည်းလမ်းကိုလည်း ရွေးချယ်စဉ်းစားနေရန် အချိန်မရှိ၊ ယခုအခါ အပ်ဖျားပေါ်တွင် မုန်ညင်းစေ့တင်နေသော အခြေအနေမျိုးဖြစ်ကြောင်း မိန့်တော်မူသည်။

တိုင်တားမင်းကြီးက ဆင်ဖြူမရှင်ဖုရား မိန့်တော်မူချက်အတိုင်း ဘဝရှင်မင်းတရားကြီးဘုရား ဝေဒနာတော်က တစ်နေ့တခြား လုံးပါးပါးခဲ့ပြီ။ သည်တော့ ပြုရန်ကိစ္စနောက်မကျစေသင့်။ ယခုပင်လျှင် အချို့သောမင်းသားကြီးများက အကြံအစည်များပြုနေကြမည်ထင်ကြောင်း ထောက်ခံသဖြင့် မိဖုရားကြီးက နောက်ဆုံး ဆုံးဖြတ်အမိန့်မှတ်သောအနေဖြင့်. . .

'မင်းကြီးတို့ ပြုသင့်သည့်ကိစ္စကို လက်နှေးမနေကြစေချင်း ဆိုင်းဆိုင်းငံ့ငံ့နှင့်ထပ်မံစဉ်းစားနေသေးလျှင် မင်းသားတွေအများအပြားကို ခြုံငုံမိအောင် ဖမ်းဆီးနိုင်ရန် ခက်ချိမ့်မည်'ဟု နိဂုံးချုပ်မိန့်ကြားပြီးလျှင် စည်းဝေးမှုရုပ်သိမ်းလိုက်လေသည်။

ထိုအချိန်အခါကား အရေးကြီးနေချိန်၊ မင်းရေးမင်းခွင့် ပရိယာယ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အနည်းနည်းအဖုံဖုံ၊ အရောင်အသွေးပြောင်းလျက်ရှိလေသည်။ လုပ်ရေးကိုင်ရေး လွယ်ကူစေရန် နိုင်ငံတော်တစ်ဝန်းလုံးကို စီမံခန့်ခွဲနိုင်သည့် အာဏာပိုင်များဖြစ်ကြသော လွှတ်တော်ဝန်ကြီးများနှင့် ဌာနအသီးသီးဆိုင်ရာ အတွင်းဝန်ကြီးများသည် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ဆွေးနွေးတိုင်ပင်ဆုံးဖြတ်လျက် အရေးပေါ်စီမံချက် အမိန့်တစ်ရပ်ကို နံနက်မိုးသောက် အလင်းရောက်သည်နှင့်တစ်ပြိုင်နက် ထုတ်ပြန်နိုင်စေရန် လျှို့ဝှက်စီစဉ်လိုက်ကြပြီး မင်းမှုထမ်းအသီးသီးတို့ကိုလည်း ဖိဖိစီးစီး၊ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် ကြပ်တည်းစွာ အမိန့်ချမှတ်လိုက်ကြလေသည်။

ထို့ကြောင့် နောက်တစ်နေ့တွင် မင်းမှုထမ်းများစွာတို့သည် အစုအငမ်းခွဲကာ ကွက်စိပ်ရိုက်လျက် အိမ်တော်အသီးသီးတွင် စံနေကြသော မင်းတုန်းမင်းတရားကြီး၏ သားတော်များထံမှောက်သို့ တစ်ပြိုင်တည်း ဝင်ရောက်အုပ်စီးမိကြလေသည်။

မင်းတုန်းမင်းတရားကြီး မမာတော်မူသဖြင့် အိမ်တော်အသီးသီးတွင် စံနေကြသော သားတော်ကြီးများနှင့်တကွ သမီးတော်သားတော် အကြီးအငယ်အရွယ်အလတ်အပေါင်းတို့မှာ စိတ်ပူပင်ညှိုးငယ် အားနည်းစွာနှင့် ခမည်းတော်ကျန်းမာစေကြောင်း ဆုတောင်းဆုယူပြုနေကြသည်။ လူကိုယ်တိုင်သွားရောက်မေးမြန်း ခစားပြုစုကြရန် ကြိုးပမ်းလျက် ရှိနေကြသည်။

ထိုအခိုက်အတန့်မှာပင် ရွှေနန်းတော်ကြီးမှ အခေါ်တော်ဝန်အသီးသီးတို့သည် မင်းသားများစံအိမ်တော်သို့ တစ်ပြိုင်နက်တည်း ဆိုက်ရောက်လာကြလေသည်။

'ခမည်းတော်ဘုရားက ဝေဒနာတော်သက်သာလာရန် သားတော်များကို တွေ့မြင်တော်မူလိုသဖြင့် ရှေ့တော်ဝင်ရန်အခေါ်တော် စေလွှတ်ကြောင်းပါဘုရား'

ဟူသော အမိန့်တော်ကို တင်လျှောက်ကြသောအခါ သားတော်များကလည်း အပါးတော်ဝင်ရောက်ပြုစုလိုကြရာ အခွင့်အရေး နောက်ပါ အနည်းငယ်သာခေါ်၍ အခေါ်တော်ဝန်များနှင့်အတူ လွယ်လင့်တကူလိုက်ပါလာကြလေသည်။

ခေါ်ယူရန်လာကြသူများမှာ မင်းမှုထမ်းတို့နှင့် ခေါင်းဆောင်သံတော်ဆင့်များဖြစ်ကြ၍ ရိုသေဦးညွှတ်ခါ ခေါ်ယူခြင်းကြောင့်လည်း တစ်စုံတရာသံသယမဝင်ဘဲ ခမည်းတော်၏ အမိန့်တော်ကိုနာခံ၍ လိုက်ပါလာခဲ့ကြခြင်းဖြစ်လေသည်။

ယင်းကြောင့် နံနက်နေဝန်းတက်ချိန် သာသာကပင် သားတော်ကြီးများသည် တစ်ဦးပြီးတစ်ဦး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော နန်းဆောင်တော်ကြီးသို့ ဦးခိုက်ရောက်ရှိလာကြလေသည်။ မင်းမှုထမ်း အရာရှိအချို့က ကြိုဆိုလျက်ရှိရာမှ. . .

'ခမည်းတော်ဘုရား စက်ပျော်တော်မူနေသဖြင့် သားတော်များ၏အဆောင်တော်မှဖြတ်ပြီး မှန်နန်းဆောင်ကြီးအတွင်းသို့ တစ်ပါးချင်းတစ်ပါးချင်း အသာအယာဝင်တော်မူကြပါဘုရား'



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တီးတိုးဆီးကြို လျှောက်တင်ကြသဖြင့် မင်းသားများသည် ဖြည်းညင်းစွာ ဝင်တော်မူကြရလေသည်။ အတွင်းသို့ရောက်လာသော မင်းသားများကား

သားတော်မက္ခရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီးခေါ် သန္တိမင်းသား၊ ငရန် မင်းသား၊ မိုင်းရင်းမင်းသား၊ ပင်လယ်မင်းသား၊ ရနောင်မင်းသား၊ မိုင်းတုန်မင်းသား၊ ရွှေဂူမင်းသား၊ တောင်ညိုမင်းသား၊ မိုးလှိုင်မင်းသား၊ ကသာမင်းသား၊ သီပေါမင်းသား၊ သာဂရမင်းသား၊ ဝန်းသိုမင်းသား၊ မိုင်းပျဉ်းမင်းသား၊ အိမ်ရှေ့မင်း၏သားတော် ထန်းတပင်မင်းသား၊ မလွန်မင်းသားတို့ဖြစ်ကြပါသည်။

မင်းသားများသည် မိမိတို့အိမ်တော်ပါ ကျေးကျွန်အခြွေအရံများကို ရွှေနန်းတော် အောက်တွင်ထားခဲ့ရပြီး တစ်ကိုယ်တော်ချင်း ရွှေနန်းတော်ဆောင်ကြီးသို့ ရောက်ခဲ့ရ သဖြင့် တိတ်ဆိတ်မှုကို သံသယဝင်မိသော်လည်း မမာတော်မူခိုက် အိပ်စက်တော်မူ ချိန်ဖြစ်၍ တိတ်ဆိတ်စွာရှိနေခြင်းဖြစ်သည်ဟု ယူဆကာ အိပ်ဖန်တော်အစောင့်တပ် သားများ ညွှန်ပြရာ အဆောင်တော်အတွင်းသို့ တန်းတန်းမတ်မတ်ဝင်ရောက်ခဲ့ကြပြီး ခမည်းတော် မြတ်ဘုရားအား ဖူးမြော်ရန်စောင့်စားလျက် ရှိနေကြလေသည်။

သို့ရာတွင် အဆောင်တော်တွင်းသို့ရောက်၍ သားတော်များစုံညီသဖြင့် မှန်နန်း ဆောင်တော်သို့ဝင်ရမည့် အဆောင်တံခါးကြီးမှာ ပိတ်ထားရာမှပွင့်၍မလာ၊ လာလမ်း သို့ပြန်ထွက်ရန် အဆောင်တံခါးမှာလည်း ခိုင်မာစွာပိတ်ဆို့ထားလိုက်သည်ကို တွေ့ရ လေသည်။ ထိုမျှမက ပြောင်လက်သော ဓားသွားလှံသွားများက ဖွေးဖွေးလက်လက် ပေါ်လာကြသည်ကိုမြင်ရသောအခါ မင်းသားများမှာ အံ့သြထိတ်လန့်သွားကြရ တော့သည်။

ထိပ်ချမှ ဓားပြမှန်းသိကြပြီဆိုသော ပုံကဲ့သို့ဖြစ်နေလေသည်။ မက္ခရာမင်းသား ကြီးသည် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ကာ

'ငါတို့ညီအစ်ကိုတစ်စု ရန်သူ့ထောင်ချောက် ဝင်မိပါပကော၊ ဒါဘယ်သူ့ အကြံလဲ'

သို့သော်အဖြေမရနိုင်သေးမီ ညီတော်သုံးဆယ်မင်းသားကြီးကလည်း-

'ခမည်းတော်အမိန့်ဆို၍ လိုက်ခဲ့ရသည်။ ငါတော့အစကတည်းက တယ်ပြီးမ သင်္ကာလှဘူး' ဟု ရေရွတ်တော်မူလိုက်သည်။ ကျန်သောညီတော်မင်းသားများက လည်း-

'ခမည်းတော်ကဖြင့် ဘယ်နည်းနှင့်မျှ ဤသို့ရက်စက်တော်မူမည်မဟုတ်၊ မသမာ သူတစ်ဦးဦး၏အကြံသာလျှင် ဖြစ်မည်ထင်ကြောင်း'

အချင်းချင်း အံတကြိတ်ကြိတ်နှင့် ပြောဆိုနေကြလေသည်။

ရွှေနန်းတော်ကြီးတစ်ခုလုံးသည် အတွင်းအပြင် အစောင့်အနေ လက်နက်စွဲစစ်



www.burmeseclassic.com

www.burmeseclassic.com



မှုထမ်းများကို အထပ်ထပ်ချထားလျက် အဝင်အထွက်ရှေးကထက် ကြပ်တည်းထားလိုက်လေသည်။

ထိုအချိန်၌ မှန်နန်းဓနုဆောင်တွင် နိုင်ငံတော်အလုံးကို သိမ်းကြုံးစီမံပိုင်ခွင့်ရှိသော လွှတ်တော်ဝန်ကြီးများ, မင်းကြီးများ, အတွင်းဝန်ထောက်များသည် အရေးတကြီး ဆွေးနွေးညှိနှိုင်းလျက်ရှိနေကြသည်။

မှန်နန်းတော်ဆောင်၏ တစ်ဖက်သောအဆောင်ကြီးအတွင်းမှာ လက်နက်စွဲအစောင့်အနေများနှင့် လုံခြုံစွာပိတ်ဆို့ဖမ်းဆီးထားခြင်း ခံနေရသော သားတော်များရှိနေသည်။

မှန်နန်းဆောင်တော်ကြီး၏ အတွင်း၌မူကား ရွှေသလွန်တော်ပေါ်တွင် မမာတော်မူလျက်ရှိသော မင်းတုန်းမင်းတရားကြီးသည် ဖိစီးကပ်ရောက်လျက်ရှိသော ဝေဒနာတော်ဖြင့်မှိန်း၍ ငြိမ်သက်စွာ စံနေတော်မူလျက်ရှိသည်။

သလွန်တော်အပါး၌၊ သမားတော်ကြီးများ၊ အနှိပ်တော်များနှင့် ဆင်ဖြူမရှင်မိဖုရားတို့က ယုယုယယပြုစုလျက် ဆေးတော်များအလှည့်ကျ ဆက်၍နေရလေသည်။

အဆောင်တော်အတွင်းသို့ကား ဆင်ဖြူမရှင်မိဖုရားကြီး၏ အမိန့်မရပါက မည်သူမျှဝင်ရောက်ခြင်းမပြုရန် အိပ်ဖန်တော်အမှုထမ်းများက လက်နက်ဓားလှံများထမ်း၍ စောင့်ရှောက်ကြရလေသည်။

ရွှေနန်းတော်ကြီး၏အနောက်ပိုင်းရှိ မိဖုရားများ၊ သမီးတော်များစံနေရာအဆောင်များတွင်ကား မိဖုရားများ၊ သမီးတော်များသည် ဘဝရှင်မင်းတရားကြီး ကျန်းမာတော်မူရေးကိုရှေ့ရှုလျက် မျက်ရည်မစဲဖြစ်နေကြရသည့်အတွင်း ရုတ်တရက်ချက်ချင်း နန်းတော်ကြီးတစ်ခုလုံး အစောင့်အရှောက်တွေ၊ လက်နက်ဓားလှံတွေ တဖွေးဖွေး ဖုံးလွှမ်းလာသောအခါ ထိတ်ထိတ်ပျာပျာဖြင့် တစ်ဦးကိုတစ်ဦးမေးမြန်းစုံစမ်းကာ မှန်နန်းဆောင်တော်သို့လည်း ရုတ်တရက်ကူးသန်းသွားလာမှု မပြုဝံ့ကြသေးဘဲ ငြိမ်သက်စွာအကဲ ခတ်နေကြရလေသည်။

ထိုနေ့သည် မင်းသားကြီးများကို ဖမ်းဆီးထားမိပြီးနောက် အရေးပေါ်အစည်းအဝေးပြုရပြန်သည်။ ထိုအစည်းအဝေးသည်လည်း ဆင်ဖြူမရှင်မိဖုရားကြီးဦးဆောင်၍ ကင်းဝန်မင်းကြီး၊ ခမ်းပတ်မင်းကြီး၊ တိုင်တားမင်းကြီး၊ ရွှေပြည်မင်းကြီး၊ ရေနံချောင်းမင်းကြီး စသည်တို့ အထပ်ထပ်အလယ်လယ် ဆွေးနွေးလျက်ရှိကြရသည်။

ဆွေးနွေးရသောကိစ္စအနက် ဖမ်းဆီးပြီးသားတော်များတွင် သားတော်ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့ မပါလာသောအရေးနှင့် ဖမ်းမိပြီးဖြစ်သောမင်းသားများကို ယခုထက်လုံခြုံမည့်နေရာတွင် ခေတ္တထိန်းသိမ်းထားရန်ကိစ္စများကို အပူတပြင်းညှိနှိုင်းကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညောင်ရမ်းမင်းသားနှင့်ညောင်အုပ်မင်းသားတို့ လွတ်မြောက်သွားရခြင်းမှာ ၎င်းတို့၏မယ်တော် ဒုတိယမြောက်ရွှေရေးဆောင်မိဖုရားသည် နန်းတွင်းရှုပ်ထွေးနေမှု ဆင်ဖြူမရှင်နှင့်ဝန်ကြီးများ လျှို့ဝှက်တီးတိုးတိုင်ပင်မှုများကို အရိပ်အခြည်အားဖြင့် သင်္ကာမကင်းဖြစ်မိသောကြောင့် သားတော်များကိုလူစေလွှတ် သတိပေးထားလိုက်ရာ နောက်တစ်နေ့မနက် အခေါ်တော်ဝန်များလာချိန်၌ အဝတ်အစားလဲလှယ်ဦးမည် အိမ်ရှေ့ကခေတ္တစောင့်ကြပါဆို၍ အိမ်တော်နောက်ဖေးလှေကားမှ တိတ်တဆိတ် ဆင်းသွားထွက်ပြေးပြီးလျှင် အင်္ဂလိပ်သံရုံးသို့ သွားရောက်ခိုဝင်ပုန်းအောင်းနေကြခြင်း ဖြစ်လေသည်။

ထိုနေ့အစည်းအဝေးတွင် ယင်းညောင်ရမ်းမင်းသားညီနောင် လွတ်မြောက်သွားသည်ကို ပထမဦးစွာ စတင်ဆွေးနွေးကြသည်ဖြစ်ရာ ဆင်ဖြူမရှင်မိဖုရားကြီးက

'ညောင်ရမ်းမင်းသားနှင့်ညောင်အုပ်မင်းသား ညီနောင်တို့ စေလွှတ်ခေါ်တော်မူသောလူများနှင့် မလိုက်ပါဘဲ အင်္ဂလိပ်သံတဲသို့ ထွက်ပြေးနိုင်ကြသည်မှာ အမှုထမ်းများ၏ ပေါ့လျော့မှုကြောင့်ပေလော'ဟု စစ်ဆေးဆွေးနွေးလေရာ ရွှေပြည်မင်းကြီးက-

'အမှုထမ်းများ ပေါ့လျော့မှုမဟုတ်ကြောင်း စစ်ဆေးပြီးပါကြောင်း၊ ညောင်ရမ်းမင်းသားညီနောင်သည် ခေါ်တော်မူသောအမိန့်ကိုနားထောင်ပြီးမှ အကြိုတော်လာသူ သံတော်ဆင့်နှင့်စစ်မှုထမ်းတို့အား အပြင်မှခေတ္တစောင့်ဆိုင်းပါ၊ ရွှေနန်းတော်ဝင်ရန် အဆောင်တော်တွင်းဝင်၍ ပုဆိုးများလဲပါဦးမည်ဆိုကာ စောင့်နေသောစစ်သားများ မရိပ်မိမ ညီနောင်နှစ်ပါးအိမ်နောက်ဖေးလှေကားမှဆင်းပြီး အင်္ဂလိပ်သံအရာရှိဝင်းထဲသို့ ခိုဝင်သွားကြောင်းစစ်မေးသိရှိရပါကြောင်း' လျှောက်တင်သည်။

ထိုအခါ တိုင်းတားမင်းကြီးက မခံမရပ်နိုင်ဖြစ်ကာ 'သည်လိုဆိုလျှင် ချက်ချင်းလိုက်ဖမ်းပါက မိရမည်'ဟု ဆိုသည်။ ခမ်းပတ်မင်းကမူ-

'စစ်မှုထမ်းတို့ လိုက်ဖမ်းသည်သာမက  အင်္ဂလိပ်သံအရာရှိကို မင်းသားနှစ်ပါးအားထုတ်ပေးရန် တောင်းဆိုကြပါသေးသည်။ သံအရာရှိက သူတို့ကိုအားကိုး၍ ခိုဝင်လာသူများဖြစ်၍ မပေးနိုင်ကြောင်း။ မင်းသားများသဘောအတိုင်း လိုက်လိုက လိုက်နိုင်ကြောင်း တင်းတင်းမာမာပင်ပြန်ကြားပါသည်'

ယင်းအဖြေကြောင့် တိုင်တားမင်းကြီးမှာ ပို၍မခံမရပ်နိုင်ဖြစ်ပြီးလျှင်-

'အင်္ဂလိပ်သံဟာ သံပီပီမနေ၊ သူတစ်ပါးနိုင်ငံမှ အတွင်းရေးမှာ ပါဝင်စွက်ဖက်ခြင်းပြုရန်မသင့်၊ ဤမြေမှာ အင်္ဂလိပ်ပိုင်မြေမဟုတ်၊ မြန်မာမြေဖြစ်ရာ သူတို့ဤသို့ ရှုပ်ရှုပ်ရှက်ရှက်လုပ်လာလျှင် မြန်မာရဲ့ပိုင်နက်မှ ဦးခေါင်းမပါဘဲ ပြန်သွားရအောင် ပြုလုပ်သင့်သည်' ဟု အဆိုပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နောက်စဉ်းစားဆင်ခြင်တတ်သူ ကင်းဝန်မင်းကြီးက မူကား-

'ယင်းသို့ ဒေါသရှေ့ထားလျှင် မှားယွင်းမည်ဖြစ်ကြောင်း၊ ယခုအခါ အင်္ဂလိပ် အစိုးရက လက်နက်အင်အားအဆမတန်သာလွန်နေသဖြင့် ကျွန်ုပ်တို့ကအလိမ္မာနှင့် ပေါင်းသင်းဆက်ဆံနေရသော အခိုက်အတန့်ဖြစ်သည်ကို သတိပြုသင့်ကြောင်း' သတိပေးဆွေးနွေးလေသည်။

သို့သော်တိုင်တားမင်းကြီးမှာ စိတ်ခက်ထန်သူဖြစ်၍ မကျေမချမ်းနှင့် တောက် ပြင်းပြင်းတစ်ချက်ခတ်ပြီးလျှင်-

မိမိတို့မှာ အရေးဆိုလျှင် လက်နက်နှင့်ချည်း အခြောက်အလှန့်ခံရပြီးဖြစ် ကြောင်း ညည်းတွားရာမှဆက်လက်၍ ဤမင်းသားနှစ်ပါးမှာ အခြားသောမင်းသား များကဲ့သို့ ခမည်းတော်ခေါ်မူသည်ကို စိတ်ချလက်ချလိုက်မလာ၊ မင်းအမှုထမ်းများကို တစ်ပတ်ရိုက်လျက် အိမ်နောက်ဘက်မှဆင်းသွားနိုင်ခြင်းမှာ စဉ်းစားဖွယ်ရာဖြစ် ကြောင်း၊ ကျွန်ုပ်တို့အထဲမှ မနေ့ညက ကျွန်ုပ်တို့လျှို့ဝှက်စီစဉ်သော အကြံအစည်ကို တစ်ဦးတစ်ယောက်က သစ္စာဖေါက်ပေါက်ကြားခြင်းကြောင့် ညောင်ရမ်းညီနောင်က ကြိုတင်သိရှိပြီး ထွက်ပြေးနိုင်ခြင်းသာဖြစ်ရမည်။

ဟုဆိုလျှင် ရွှေပြည်ဝန်ကြီး ဦးဖိုးလှိုင်ကလည်း ယခုအချိန်မှာ အသားထဲက လောက်ထွက်ရန်အချိန် မဟုတ်ကြောင်းပြောလျှင် ကင်းဝန်မင်းကြီးကလည်း 'ကျွန်ုပ် တို့တစ်ဦးတစ်ယောက်မျှ ညကအိမ်သို့မပြန်ကြရ၊ ရွှေနန်းတော်မှာပင်မိုးအလင်းရှိနေ ကြသည် မဟုတ်ပါလား' ဟု မိန့်ဆိုရာ ဆွေးနွေးမှုလိုရင်းသို့ရောက်မလာနိုင်၍ ဆင်ဖြူမရှင်မိဖုရားကြီးက-

'လွန်ပြီးသောအရေးကို ပြန်လှန်ဆွေးနွေးနေခြင်းဖြင့် အချိန်ကုန်မခံသင့်ကြောင်း၊ ညောင်ရမ်းညီနောင်သည် ကျွန်ုပ်တို့အစီအမံကို ကြိုတင်ရိပ်မိ၍ ထွက်ပြေးနိုင်ခြင်းမှာ တစ်စုံတစ်ဦးက လျှို့ဝှက်သတင်းပို့၍သာဖြစ်ကြောင်း။ သို့အတွက် ကျွန်ုပ်တို့က ထီးနန်းဆက်ခံရန် မင်းသားရွေးချယ်သောအခါ ဤညောင်ရမ်းညီနောင်အား စာရင်းမ ပါစေရန် ချန်လှပ်ထားသင့်ကြောင်း' အမိန့်ရှိလေသည်။

ထိုအမိန့်ရှိချက်ကို တိုင်တားမင်းကြီးက အလေးအနက်ထောက်ခံသောအားဖြင့်-

'ကျွန်ုပ်တို့က မျှတစွာသဘောထားရင်းဖြင့် မင်းသားမှန်သမျှအားလုံး ဖမ်းဆီးအ ကျယ်ချုပ်စခန်းပို့၍ပြီးမှ စိတ်ချလက်ချ ထီးနန်းဆက်သရန် ရွေးချယ်ကြမည်ဟူ၍ ရည်ရွယ်သည်။ စေတနာကောင်းဖြင့် စီမံခြင်းကို သူတို့ညီနောင်က အထင်လွဲပြီး လူမျိုးခြားကို အားကိုးသွားခြင်းကို ကင်းဝန်မင်းကြီးက ကန့်ကွက်နေရန်မဟုတ် ကြောင်း' ငြင်းချက်ထုတ်လေသည်။ ဤတွင် ဆင်ဖြူမရှင်မိဖုရားက အုပ်ထိန်းရပြန် သည်။ ထို့ကြောင့်တိုင်တားမင်းကြီးအား-



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသောအချိန်မှာ တစ်ယောက်တစ်ပြန် အကြံဉာဏ်ပေးရင်းက အငြင်းပွား ရန်အစွန်းအစများ ပေါ်လာရန်မသင့်၍ ဆင်ခြင်သင့်ကြောင်း။ သို့ဖြစ်၍ ညောင်ရမ်းညီနောင်အား မပစ်ပယ်ပါ၊ နောင်ခါ ကျွန်ုပ်တို့ ရွေးချယ်မည့်မင်းသားများ စာရင်း၌ ထည့်သွင်းလိုက်မည်။ ယခုလောလောဆယ် အရေးကြီးသော မင်းသားများ အား ဤအဆောင်ထဲ၌ ယခုအတိုင်းထား၍မဖြစ်၊ သည်နေရာထက် လုံခြုံရသော ကြေးတိုက်တော်(မင်းဆွေမင်းမျိုးများချုပ်ထားရာ အချုပ်စခန်း)သို့ ညတွင်းချင်း အစောင့်အရှောက်လုံလောက်စွာနှင့် ပို့၍ထားမှစိတ်ချရမည်ဖြစ်ကြောင်း အကြံပေး လိုက်သည်။

ခမ်းပတ်မင်းကြီးက မှန်ပါသည် ကိစ္စမပြီးမီ လုံခြုံစိတ်ချရသော ကြေးတိုက်တော် တွင်ထားရန် အထူးသင့်လှပါကြောင်းထောက်ခံ၍-

ကင်းဝန်မင်းကြီးက မင်းသားများကြေးတိုက်တော်သို့ ရွှေ့ပြောင်းရန်ကိစ္စကို ယနေ့ညအပြီးဆောင်ရွက်စေမည် ဖြစ်ပါကြောင်းတာဝန်ယူလိုက်လေသည်။

ရွှေပြည်ဝန်ကြီးကလည်း ရွှေနန်းတော်အတွင်းရှိ လက်နက်ကိုင်အစောင့်အနေ များကို တိုးတက်ချထားမှသာ လုံခြုံပါမည်၊ လျှို့ဝှက်သော အမှုကိစ္စများ ဆောင်ရွက် ရာတွင် နောက်ထပ်ပေါက်ကြားမှု မရှိစေရန် ကျွန်ုပ်တို့ဩဇာညောင်းသော ကိုယ့်သွေး ကိုယ့်သားများကို အထူးခေါ်ယူ၍ ခ,စားစေမှ လုံခြုံစိတ်ချရမည်ဖြစ်ကြောင်း သတိ ပေးလေသည်။

တိုင်တားမင်းကြီးက ဆက်လက်၍ ဖမ်းဆီးထားသောမင်းသားများသာမက စိတ်ချရမည်မထင်သော ၎င်းတို့၏အဆက်အနွယ်များကိုလည်း သတိပြု၍ကြည့်ရှု ရန် အထောက်တော်များထပ်မံခန့်ထားသင့်ကြောင်း၊ သို့မဟုတ်ပါက အရေးထဲထပ်မံ အရေးသစ်ပေါ်လာလျှင် အဖြေအရှင်းခက်ခဲမည်ထင်ကြောင်း၊ ထပ်ဆင့်သတိပေး သည်။

ဆင်ဖြူမရှင်မိဖုရားက ဤကိစ္စများကို ရွှေပြည်မင်းကြီး ခမ်းပတ်မင်းကြီးနှင့် ကင်းဝန်မင်းကြီးတို့အား တာဝန်လွှဲကြောင်း၊ သို့ကြောင့် အမိန့်ထုတ်ပြန်ရန် ဗြဲတိုက် တော်သို့ သွားကြစေလိုကြောင်း၊ ၎င်းကိစ္စပြီးစီးမှ မင်းကြီးတို့က ကျွန်ုပ်နှင့်ထပ်မံဆွေး နွေး၍ အိမ်ရှေ့နှင်းထမ်းအမိန့်တော်ကြီးကို ရေးသားစေမည်။ တိုင်တားမင်းကြီး ဦးဖိုးက ကျွန်ုပ်နှင့်အတူ ရွှေနန်းရှင်ဘုရားအပါးတော်သို့ ခစားရန်လိုက်ခဲ့ရမည်။ ဝေဒနာတော်သက်သာခိုက်ဖြစ်လျှင် အမိန့်တော်ခံသင့်က နှစ်သက်ရာသားတော် တစ်ပါးပါးကို ညွှန်ကြားတော်မူရန် ထုတ်ဖော်လျှောက်တင်ထားကြမည်ဟု မိန့်တော်မူ ကာ စည်းဝေးပွဲမှ လူစုခွဲလိုက်ကြလေသည်။

ခနုဆောင်မှထိုသို့လူစုခွဲပြီးနောက် ကင်းဝန်မင်းကြီး၊ ခမ်းပတ်မင်းကြီးနှင့်ရွှေပြည်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးတို့သည် ဖမ်းဆီးထားသောမင်းသားများအား ပြောင်းရွှေ့ရန်ကိစ္စအတွက် အိပ်ဖန်တော်စောင့်နှင့် လက်နက်ကိုင်လက်သုံးတော်အမှုထမ်းများ ထပ်မံဖြည့်တင်းရန်အလို့ငှာ အတွင်းကျသောလူယုံတော်သွေးသားများကို အမိန့်ချထားခေါ်ယူပြီး စီမံခန့်ခွဲလျက်ရှိကြလေသည်။

ဤအချိန်တွင် သီပေါမင်းသား၏ လူပျိုတော် မောင်မောင်တုတ်(နောင်အခါရ နောင်မြို့စားလက်သုံးတော်)မှာ နောက်ထပ်ဖြည့်တင်းသော လူယုံတော်အမှုထမ်းများတွင် တစ်ယောက်အပါအဝင်ဖြစ်လာလေသည်။

ယင်းမောင်မောင်တုတ်သည် ဒိုင်းဝန်မင်းကြီး၏ဖခင်ဖြစ်သူ ခမ်းပတ်မင်းကြီး ဦးရွှေမောင်နှင့် မျက်နှာတန်းမှန်းခဲ့ဖူးသူဖြစ်ရုံမက တိုင်တားမင်းကြီး၊ ကင်းဝန်မင်း ကြီး၊ ရွှေပြည်မင်းကြီးတို့ကိုလည်း မှူးသားမတ်မြေးဖြစ်၍ သိကျွမ်းထားပြီးဖြစ်သည် တစ်ကြောင်း၊ မောင်မောင်တုတ်ကိုယ်တိုင်ကလည်း နန်းတော်အတွင်းသို့ ဥပါယ်တံမျဉ်ဖြင့် ရောက်အောင်ဝင်ကာ သီပေါမင်းသားအတွက် တစေ့တစောင်းမှ သတင်းရရှိအောင် ချောင်းမြောင်းစုံစမ်းနေစဉ် အတွင်းဝန်ကြီးမင်းများနှင့် အဆင်သင့်တွေ့ရှိသွားခြင်းဖြစ်လေသည်။

မောင်မောင်တုတ်က သားတော်များ ဖမ်းဆီးထားရာတွင် မိမိအရှင်သခင်ဖြစ်သော သီပေါမင်းသားပါ ပါရှိနေသည့်အတွက် စိတ်မအေးနိုင်ရှိနေသဖြင့်ခမ်းပတ်မင်းကြီးအား အကျိုးအကြောင်းလျှောက်ထားစုံစမ်းရာတွင် ယခုကဲ့သို့ သားတော်များဖမ်းဆီးထားခြင်းမှာ အိမ်ရှေ့အရိုက်အရာလွှဲအပ်ရန် ရွေးချယ်နေသော အခိုက်အတန့်တွင် ပုန်ကန်ဆူပူမှုများမရှိဘဲ အေးချမ်းစေလို၍ ခေတ္တခဏ ထိန်းသိမ်းဖမ်းဆီးထားခြင်းဖြစ်ကြောင်းကြားသိရ၍ မိမိသခင်သီပေါမင်းသားအတွက် စိတ်သက်သာရာရသွားသည်တိုင်အောင် နောင်ဖြစ်လတ္တံ့သော အရေးတကြီးကိစ္စရပ်များကို ရှေးဦးစွာ ကြားသိလိုသောသူဖြစ်၍ အမှုတော်ထမ်းရင်း နားနှင့် မျက်စိကို အစွမ်းကုန်ဖွင့်ကြည့်ထားသူဖြစ်လေသည်။

ကံကောင်းထောက်မ၍လည်း ယာယီလက်သုံးတော်အဖြစ် နီးကပ်စွာအမှုထမ်းနေရပြီး မှန်နန်းခနဲဆောင်တွင် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ဝန်ကြီးတို့ကယုံကြည်စိတ်ချလျက် အနီးကပ်ခစား ထမ်းရွက်ခွင့်ရရှိလေသည်။

မောင်မောင်တုတ်သည် အလွန်ပါးနပ်ချက်ချာသူဖြစ်သည့်အားလျော်စွာ အမှုတော်ထမ်းရင်းမှ မျက်စိနှင့်နားကို အားလပ်ခွင့်မပေးဘဲ အကဲခတ်သတင်းနားထောင်လျက်ရှိသည်။

ဆင်ဖြူမရှင်မိဖုရားသည် တိုင်တားမင်းကြီးနှင့် နှစ်ဦးချင်း မိမိသဘောနှစ်သက်ရာ မင်းသားတစ်ပါးကို အရိပ်အမြွက် ကြိုတင်အသိပေးထားခဲ့လေသည်။ ဆင်ဖြူမ



www.burmeseclassic.com

www.burmeseclassic.com



ရှင် မိဖုရားနှစ်သက်သဘောကျသော မင်းသားမှာသီပေါမင်းသားဖြစ်သည်။ သီပေါ မင်းသားကလေးနှင့် မိမိ၏သမီးတော်အလတ် စုဖုရားလတ်(မြတောင်မြို့စား)နှင့် ချစ်ခင်ရည်ငံဆက်သွယ်ရှိနေခြင်းကိုလည်း မူလကပင် ရိပ်စားမိခဲ့သူဖြစ်သည်။

သီပေါမင်းသား၏ စာပေကျမ်းဂန် အရည်အချင်းနှင့်တကွ စိတ်ထားနူးညံ့ သိမ်မွေ့သူဖြစ်ကြောင်းလည်း သိရှိပြီးဖြစ်ရာ နောင်ခါ မိမိလိုရာပုံသွင်း၍ရမည့် ဘုရင်တစ်ပါးဖြစ်လာနိုင်သဖြင့် ကင်းဝန်မင်းကြီး၊ ရွှေပြည်မင်းကြီးတို့ကလည်း၊ သဘောနှစ်ခြိုက်ကြမည်သာဖြစ်ကြောင်း ကြိုတင်သိရှိတော်မူထားသူ ဖြစ်လေသည်။

သို့အတွက် ရွေးချယ်ရေးကိစ္စကို ယနေ့ညစည်းဝေးပွဲ၌ အပြီးအပြတ်ဆုံးဖြတ် ချက်ချရန် အသင့်ပြင်ဆင်ထားလျက် ရှိနေလေသည်။

ထိုနေ့နေ့လယ်မှ ညနေပိုင်းအထိမှာ ရွှေနန်းတော်ဆောင်ကြီးတစ်ခုအတွင်းမှ ဖမ်းဆီးထားသောမင်းသားများကို အစောင့်အကြပ်စားလှံ့ သေနတ်များ ဝိုင်းရံကာ ကြေးတိုက်အချုပ်ခန်းကြီးသို့ ပို့ကြရသည်။ ၎င်းမင်းသားတို့၏ ရင်းနှီးသူအချို့ကိုပါ ထပ်မံဖမ်းဆီးပြီး အချုပ်ထဲသို့ပို့ကြသည်။

အချို့မင်းသားတို့၏ သားသမီးအဆွေအမျိုး အဆက်အနွယ်များမှာလည်း မိမိ တို့အားထပ်မံဖမ်းဆီးခံရမည် စိုးရိမ်သဖြင့် အလျင်အမြန်ရုပ်ဖျောက်ထွက်ပြေးကာ နီးစပ်ရာကျေးရွာ ရပ်ကွက်များတွင် ပုန်းလျှိုးနေပြီး တစ်စတစ်စ တစ်ရပ်တစ်ကျေး သို့ပြေးသူပြေး၍ ရွှေမြို့တော်ကြီးနှင့်ဝေးသည်ထက်ဝေးရာ အောက်မြို့ ကျေးရွာတို့သို့ လှေငယ်တက်စင်းတို့ဖြင့် နေ့ချင်းညချင်းထွက်ပြေးကြသူတွေလည်း အများအပြား ဖြစ်လေသည်။

ဖမ်းထားသူမင်းသားများကို ကြေးတိုက်တော်သို့ ပြောင်းရွှေ့ချည်နှောင်ထား၍ ပြီးသော ညဦးချိန်တွင်မူကား အိမ်ရှေ့မင်းသားရွေးချယ်ရတော့မည်ဖြစ်သော အရေး ပေါ် အစည်းအဝေးတစ်ရပ်ကို မှန်နန်းခနဲဆောင်တွင်ကျင်းပလေရာ ဆင်ဖြူမရှင်မိဖု ရားကြီးဦးဆောင်လျက် မိဖုရားကြီးအနီးတွင် ကင်းဝန်မင်းကြီး၊ ရွှေပြည်မင်းကြီး၊ ခမ်းပတ်မင်းကြီး၊ တိုင်တားမင်းကြီး၊ လောင်းရှည်မင်းကြီး၊ တောင်ခွင်မင်းကြီး၊ ရွှေတိုက် အတွင်းဝန်၊ လှေသင်းအတွင်းဝန်၊ ကျောက်မြောင်းအတွင်းဝန်၊ မြို့သစ်အတွင်းဝန်၊ မိုင်းခိုင်းအတွင်းဝန်များ စုံညီစွာထိုင်လျက်ရှိနေကြလေသည်။

ဆင်ဖြူမရှင်မိဖုရားကစတင်၍ ရွှေနန်းရှင်ဘုရားတော့ အင်မတန်မောတော်မူ နေကြောင်း၊ ဘယ်အမိန့်တော်မျိုးကိုမှ နှုတ်တော်ကမိန့်ဟမြွက်ကြားတော်မူနိုင်တော့ မည်မဟုတ်ကြောင်း၊ သို့ဖြစ်သောကြောင့် ယနေ့အရေးတကြီး အပြီးအပြတ်အိမ်ရှေ့ ပေးရန် လူရွေးရမည့်ကိစ္စကို ကျွန်ုပ်နှင့်မင်းကြီးများတို့ကသာ တိုင်ပင်ရွေးချယ် ဆုံးဖြတ်ရတော့မည်ဖြစ်ကြောင်း စတင်မိန့်ကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်တားမင်းကြီးက အရှင်မိဖုရားမိန့်တော်မူသောအတိုင်း မှန်ပေသည်။ အချိန်လည်းမရှိသည့်အတူ ကိစ္စမြန်မြန်ပြီးစီးရန် အမြန်ဆွေးနွေးဆုံးဖြတ်သင့်ကြောင်း ထောက်ခံသည်။

မိဖုရားကြီးက ရှိသမျှမင်းသားအများထဲမှာ မည်သည့်မင်းသားကို အိမ်ရှေ့နှင်းအပ်ရန်သင့်သည်ထင်ကြောင်း မင်းကြီးတို့စိတ်တွင်ရှိသမျှ ထုတ်ဖော်တင်ပြကြရန် အဆိုပြုလေသည်။

ကင်းဝန်မင်းကြီးကမူ-

အကယ်၍ မင်းသားတစ်ပါးပါးကို ကျွန်ုပ်တို့က ရွေးချယ်ပြီးသောအခါ၌ မည်သူ၏အမိန့်နှင့် အိမ်ရှေ့နှင်းလျှင်သင့်တော်သည် ဆိုသည်ကိုလည်း မင်းကြီးတို့က စဉ်းစားကြစေလိုကြောင်း ပြောဆိုအကြံဉာဏ်ပေးလေသည်။

မိဖုရားကြီးက အိမ်ရှေ့လွှဲအပ်ရမည့် မင်းသားကိုသာ ကြိုက်သလိုရွေးကြပါဦး၊ လွှတ်တော်ကအိမ်ရှေ့မမြှောက်ရပါ၊ ရွှေနန်းရှင်ဘုရား အမိန့်တော်နှင့်သာ အိမ်ရှေ့အရိုက်အရာ လွှဲအပ်ကြရန်ဖြစ်ပါသည်။

တိုင်တားမင်းကြီးက စိတ်မြန်လက်မြန်နှင့်ပြောပြန်သည်။ အရေးတော်ပေါ်လျှင်သင့်လျော်သလို စီမံကြရတော့မည်ဖြစ်၍ ဝန်မင်းတို့အထွေအထူးပြောကြားနေခြင်း ဆိုင်းငံ့လျက် မိမိနှစ်သက်ရာမင်းသားများအမည်ကို တင်ပြဆွေးနွေးကြပါတော့

ဟူ၍ စကားဖြတ်လိုက်လေသည်။

ဤတွင်ကင်းဝန်မင်းကြီးက စတင်၍၊ ရွေးလျှင်သားတော်ကြီးတွေထဲက ရွေးထိုက်ပါတယ်။ သားတော်ကြီးများဆိုလျှင်လည်း မက္ခရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီးနှင့်ညောင်ရမ်းမင်းသားကြီး။

ရွှေပြည်ဝန်ကြီးက သားတော်ကြီးလေးငါးပါး ရှိနေပြန်သဖြင့် မည်သို့ပြုရမည်မသိ၊ ကံဆိုး, ကံကောင်း မဲချရွေးသော နည်းဖြင့်ပြုရလျှင်ဖြင့်

တိုင်တားမင်းကြီးက ကြားဖြတ်ဝင်၍

သည်မင်းသားကြီးတွေမှာ အစွမ်းသတ္တိကိုယ်စီရှိကြပါသည်။ စိတ်တော်တွေကလည်းထက်မြက်ပါသည်၊ အရည်အချင်းလည်းပြည့်စုံကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ဝန်ကြီးများအပေါ်၌ ဘဝရှင်မင်းတရားကြီးဘုရားကဲ့သို့ တိုင်တိုင်ပင်ပင် ဆွေးနွေးခြင်းပြုတော်မူမည်မဟုတ်၊ မင်းစိတ်မင်းမာန်ပြင်းထန်၍ ငါတကောကောကြမည် အမှန်ဖြစ်ကြောင်းနှင့် အဆိုပြုပြင်လေသည်။

တောင်ခွင်မင်းကြီးက တိုင်တားမင်းကြီးပြောကြားချက်ကို လက်ခံစဉ်းစားပြန်သည်။ သို့သော် သက်ဝါနုနယ်သောမင်းသားကိုလည်း သူ၏ထင်မြင်ချက်ကိုပြောပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ဝါနုနယ်သော မင်းသားငယ်၊ မင်းသားလတ်တွေထဲမှာဖြင့် နိုင်ငံတော်ကြီးကို အုပ်စီးစိုးမိုးနိုင်မည့်အရည်အချင်း ထူးချွန်သူမတွေ့နိုင်။ တွေ့သည်တိုင်အောင် လည်း နောင်တော်မင်းသားတွေကသာလျှင် အခွင့်အရေးရရှိနိုင်စရာရှိပါသည်ဟု ထင်မြင်ချက်တစ်ခုတင်ပြပြန်လေသည်။

ထိုတင်ပြချက်ကို ခမ်းပတ်မင်းကြီးက ထောက်ခံသောအနေဖြင့် ဟုတ်ပါသည်၊ မင်းသားများကို ကြီးစဉ်ငယ်လိုက်သာလျှင် စဉ်းစားကြစေချင်ပါသည်။ သားတော်ကြီးတွေကို ပစ်ပယ်ပြီးထား၍ ဖြစ်နိုင်မည်မဟုတ်ကြောင်း ပြောဆိုလေရာ၊

ကင်းဝန်မင်းကြီးက အိမ်ရှေ့နှင်းရမည့်ကိစ္စမှာ အကြောင်းအမျိုးမျိုးကြောင့် ဘဝရှင်မင်းတရားကြီး ကိုယ်တော်တိုင်ပင် အဆုံးအဖြတ်ခက်ခဲတော်မူလာခဲ့တဲ့ကိစ္စကြီးတစ်ရပ်ဖြစ်ခဲ့သဖြင့် ကျုပ်ကိုဝန်မင်းတို့တစ်တွေက တစ်နေ့တည်းနှင့် ဆုံးဖြတ်၍ ဖြစ်နိုင်ကြမည်မဟုတ်ပါ။

သို့ရာတွင် အရေးတော်ပုံကြီးက နီးကပ်နေပေပြီ၊ တာရှည်ဆွေးနွေးပြီးအငြင်းပွားနေ၍ မဖြစ်ကြတော့ဘူး။ ဒီကိစ္စကို တုံးတိုက်တိုက်၊ ကမ်းတိုက်တိုက်၊ မျက်စိမှိတ်ပြီး သားတော်တစ်ပါးပါးကို ရွေးကောက်ကြပါဟု စကားပြောကိုပိတ်၍ လက်တွေ့အလုပ်ကို အလောသုံးဆယ်လုပ်ကြရန် အကြံပေးလေသည်။

ဤတွင် တိုင်တားမင်းကြီးက ကင်းဝန်မင်းကြီး၏ အဆိုပြုချက်ကိုအထောက်အကူပြု၍-

ကိုင်း. . . ကိုင်း ခင်ဗျားတို့ ကျုပ်တို့ရတ်တရက်မဝေခွဲနိုင်၊ မဆုံးဖြတ်နိုင်လျှင် အရှင်ဆင်ဖြူမရှင်မိဖုရား၏ အလိုတော်ကို လျှောက်တင်ကြည့်ကြစမ်းပါဦးတော့လားဟု ထပ်ဆင့်အကြံပေးလေသည်။

ကင်းဝန်မင်းကြီးကလည်း ဟုတ်ပါပေသည်။ အရှင်နန်းမတော် ဆင်ဖြူမရှင်မိဖုရားအလိုတော်သင့်ရာကိုလည်း ညွှန်ပြတော်မူပါမှ။ ကျွန်တော်မျိုးတို့ မှူးတော်မတ်တော်ကြီးများက ညှိနှိုင်းစဉ်းစားဆုံးဖြတ်ရန် လွယ်ကူကြပါလိမ့်မည်ဟူ၍ လျှောက်တင်သောအခါ အခြားသောဝန်ကြီးများကလည်း အလားတူစောင့်မျှော်နေကြခြင်းဖြင့် တိတ်ဆိတ်စွာနားစွင့်လျက်ရှိကြလေသည်။

ဆင်ဖြူမရှင်မိဖုရားကြီးက ကျွန်မစိတ်တိုင်းကျဖြစ်တဲ့ သားတော်တစ်ပါးကိုတော့ မြင်၍ထားပေသည်။ သို့ရာတွင် မင်းကြီးတို့အထင်အမြင်ကိုလည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖေါ်ကြလျှင် ပို၍ကောင်းလိမ့်မည်ဟုအမိန့်ရှိလျှင် ကင်းဝန်မင်းကြီးဦးဆောင်သောဝန်ကြီးများက-

'မိန့်တော်မူပြီးသည့်အခါမှ အကြောင်းအကျိုးကို ဝေဖန်နိုင်ကြပါမည်ဘုရား'ဟု တညီတည်းထွက်ဆိုကြလေသည်။ ထိုအခါ ဆင်ဖြူမရှင်မိဖုရားကြီးက မိမိ၏အလို



www.burmeseclassic.com

www.burmeseclassic.com



တော်ကို အတိအလင်းထုတ်ဖော်လိုက်လေသည်။

ကျွန်မစိတ်ကြိုက်ကိုပြောရလျှင်၊ စိတ်သဘောလည်းနူးညံ့သည်။ ကျွန်မတို့ မင်းကြီးတို့နှင့်လည်း တိုင်တိုင်ပင်ပင်စိတ်ဆန္ဒတူ သဘောတူဖြစ်နိုင်မည့် သီပေါမင်းသားကလေးကို သဘောကျတော်မူလေသည်။

ဤသို့ ဆင်ဖြူမရှင်မိဖုရားကြီး မိန့်ကြားချက်ကို ကြားသိရသောအခါ၊ ကင်းဝန်မင်းကြီး၊ ရွှေပြည်မင်းကြီးနှင့်တကွသော ဝန်ကြီးမင်းများမှာ ရုတ်တရက်အံ့အားသင့်ကြလေသည်။ ထိုနောက် ကင်းဝန်မင်းကြီးကဦးဆောင်၍

သီပေါမင်းသားကလေးမှာ စိတ်တော်နူးညံ့သိမ်မွေ့သူဖြစ်ပါပေသည်။ စာပေကျမ်းဂန်များလည်း ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သူလည်းဖြစ်ပါသည်။ သို့ရာတွင်သက်တော်က နှစ်ဆယ်သာရှိသေး၍ ငယ်ရွယ်တော်မူလွန်းလှပါသည်ဘုရား

ဟု ဝေဖန်သောအခါ ရွှေပြည်ဝန်ကြီးကလည်း 'နောင်တော်ကြီးများရှိလျက်ကျော်လွန်၍ သီပေါမင်းသားကလေးကို ထီးနန်းအရိုက်အရာလွှဲလိုက်ပါလျှင် အရွယ်တော်ကငယ်သေးလှသဖြင့် နိုင်ငံရပ်ခြားတိုင်းတစ်ပါးတို့က ရိုသေလေးစားခြင်းမရှိမည်ကိုလည်း စိုးရိမ်စရာပါဘုရား

ဟု ဝေဖန်မှုကိုထောက်ခံသောအခါ ကင်းဝန်မင်းကြီးကပင်လျှင် ထပ်ဆင့်၍-

ရွှေပြည်ဝန်ကြီးမင်းတင်ပြချက်ကလည်း မှန်လှပါသည်ဗျား၊ ယခုအခါမှာ အင်္ဂလိပ်ကကျပ်တို့ရဲ့ အရိပ်အခြည်ကိုကြည့်နေပါသည်။ ဘဝရှင်မင်းတရားကြီး ဘုရားရွှေလက်ထက်တော်မှာ အနိုင်မကျင့်သာ၍ ညာတာနေသလောက် နောက် တစ်ဆက်ရွှေနန်းတက်သောအခါရောက်လျှင် နိုင်ငံတော်ကို အတင်းဝင်လုတော့ မည် အမှန်ပင်။ သည်တော့ ဘုန်းလက်ရုံးနှင့် တန်ခိုးသတ္တိရှိသူ မက္ခရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီး၊ ညောင်ရမ်းမင်းသားကြီးတို့လို သတ္တိဗလအားကိုးလောက်သော မင်းသားကြီးမျိုးကို ရွေးချယ်ဆက်ခံစေမှ သင့်လျော်လိမ့်မည်ဟု သဘောရရှိပါသည်။

ဆင်ဖြူမရှင်မိဖုရားကြီးက ထပ်မံမိန့်ကြားရာတွင် သည်ကိစ္စကိုတော့ ကြိုတင်ပူပန်စရာမဟုတ်သေးပါဘူး ဦးကောင်းရယ်။ တကယ်တမ်းဆိုလျှင် စစ်တိုက်သည့်နေရာတွင် ရှင်ဘုရင်ကိုယ်တိုင် စီးချင်းထိုးဝင်တိုက်ရသောခေတ်မှ မဟုတ်တော့တာပဲ။ ထို့ကြောင့် အသက်ကြီးခြင်း၊ အသက်ငယ်ခြင်း၊ သတ္တိဗလရှိခြင်း၊ မရှိခြင်းဟာ အရေးမဟုတ်ပါဘူး။ အရေးကြီးတာက လက်နက်အင်အား၊ လူအင်အားကောင်းဖို့နှင့် စီမံကွပ်ကဲသူ ကြိုးကိုင်သူတွေကသာ အချုပ်အခြာဖြစ်ရမည်သာပါ။ သည့်အတွက် သီပေါမင်းသားကို နန်းမွေဆက်ခံသူ အိမ်ရှေ့အရာထားပြီးနောက် နိုင်ငံတော်အုပ်ချုပ်မှုကိုကျွမ်းကျင်ပြီး ပုဂ္ဂိုလ်များဖြစ်သည့် ဦးကောင်းတို့၊ ဦးဖိုးလှိုင်တို့ ဦးဖိုးတို့ စတဲ့ မင်းကြီးတို့က သင့်တော်သလို အုပ်စိုးစီမံသွားကြတာပ ဟု တိတိလင်းလင်း အမိန့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာ ကင်းဝန်မင်းကြီးမှာ ဘဝင်မကျနိုင်သေးသော ကြောင့်-

အမိန့်တော်ရှိသည့်အတိုင်း သီပေါမင်းသားကို နန်းလျာထားပြီး လွှတ်တော်ကြီးက အနောက်တိုင်း ပါလီမန်စနစ်နှင့် ကြိုးကိုင်သွားမည်ဆိုလျှင် ကျွန်တော်မျိုးကနှစ်သက်လှပါသည်။ ဖြစ်နိုင်စရာရှိပါကြောင်း၊ သို့ရာတွင် ကျန်သောသားတော်ကြီး၊ သားတော်လတ်များက အဘယ်နည်းနှင့်မျှ ကျေနပ်မှုရှိကြမည်မဟုတ်သဖြင့် ချင့်ချိန်တော်မူစရာ ကိစ္စတစ်ရပ်ရှိလာပြန်ပါသည် ဘုရား

ဟု လျှောက်တင်သောအခါ ဆင်ဖြူမရှင်မိဖုရားသည် မိမိ၏အလိုတော်ကို ရှေ့သို့သာတိုး၍ ဆန္ဒပြုလျက် ဆက်လက်အမိန့်ရှိပြန်သည်။

သည်ကိစ္စကလည်း လွယ်ကူပါသည်။ မကျေနပ်ချင်သောမင်းသားတွေ အားလုံးဟာ ယခုအခါ ကျွန်မတို့လက်ထဲမှာရောက်နေသည် မဟုတ်ပါလား။ သူတို့ကို စိတ်ချလောက်သောအချိန်အခါရောက်မှသာ အကျယ်ချုပ်အဖြစ်ကလွှတ်လိုက်လျှင် ပြီးစီးနိုင်ပါသည်။

ကင်းဝန်မင်းကြီးသည် ရွှေပြည်မင်းကြီးမျက်နှာကို လှမ်းကြည့်ကာ မိဖုရားကြီးကို ဆက်လက်တင်လျှောက်ပြန်သည်။

သည်လိုဆိုလျှင် သားတော်တွေချင်းအတူတူကို တရားမဲ့ပြုကျင့်ရာများရောက်နေမှာကိုလည်း. . .

ကင်းဝန်မင်းကြီး စကားမဆုံးခင် တစ်ချိန်လုံးငြိမ်သက်စွာ နားထောင်နေသော တိုင်တားမင်းကြီးကဝင်၍ ဟန့်လိုက်ပြီးနောက်-

ကဲကဲ. . . အချိန်မရှိဘူး စကားမဆုံးအောင်ရှည်နေကြလျှင် အချိန်မီကိစ္စပြီးပြတ်မှုမရှိအောင် လုပ်နေတာနှင့်တူနေပြီ။ သည်တော့ သီပေါမင်းသားကို အိမ်ရှေ့နှင်းမှာသဘောမတူတဲ့လူ ဦးခေါင်းထားခဲ့ ကိုယ်ချည်းပြန်ကြ

ဟု ထ၍ကြိမ်းဝါးလိုက်တော့သည်။ တိုင်တားမင်းကြီးနောက်ပါး၌လည်း ဓားလှံလက်နက်ကိုင် ကိုယ်ရံတော်များ နီးကပ်စွာရှိနေလေသည်။ သို့ကြောင့် နည်းလမ်းရှိသလောက် ဆွေးနွေးခြင်းအမှုကို ပြုလုပ်နေသော ကင်းဝန်မင်းကြီး၊ ရွှေပြည်မင်းကြီး၊ ရေနံချောင်းမင်းကြီး စသော ဝန်ကြီးမင်းများမှာ မတတ်သာတော့ချေ။

အခြေအနေတင်းမာမှုနှင့် ဆင်ဖြူမရှင်မိဖုရားကြီး၏ အလိုတော်ကျ တိုင်တားမင်းကြီးက ဇာတိမာန်ပြလိုက်သောအခါ-

သည်လိုဖြင့် ကိစ္စပြီးပြတ်လေအောင် ဆင်ဖြူမရှင်ဘုရား သင့်လျော်သည်ထင်သလိုသာ စီစဉ်တော်မူပါတော့ဘုရား

ဟူ၍ အလျှော့ပေးကာ လိုက်လျောကြရရှာသဖြင့် အိမ်ရှေ့ရွေးချယ်ပွဲကိစ္စပြီးဆုံးခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကင်းဝန်မင်းကြီးသည် အနောက်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့ပြီး ပုဂ္ဂိုလ်ကြီးဖြစ်သည့်အတိုင်း ပါလီမန်စနစ်ဖြင့် လွှတ်တော်ကကြီးကိုင်အုပ်ချုပ်မှုကို နှစ်သက်လိုလားသူမှန်သော်လည်း သားတော်ကြီးများကို သံယောဇဉ်ရှိနေသူဖြစ်၍ ဤကိစ္စကို ဘဝင်မကျနိုင်ပေ။

သို့သော် ဆင်ဖြူမရှင်မိဖုရားကြီး၏ အလိုတော်ကိုဆန့်ကျင်မှုမပြုသင့်သော အခြေအနေသို့ကျရောက်နေသည်။ အိမ်ရှေ့နန်းတမ်း ထုတ်ပြန်ရမည့်အရေးက လည်း အချိန်ဆိုင်းငံ့၍မဖြစ် အရေးပေါ်အလျင်အမြန်ဆုံး ထုတ်ပြန်ကျေညာရတော့ မည်ဖြစ်လေသည်။

ယင်းကြောင့် မှူးတော်မတ်တော် ဝန်ကြီးမင်းများသည် ဆင်ဖြူမရှင်မိဖုရားကြီး ဦးဆောင်၍ အိမ်ရှေ့နန်းတမ်းကိစ္စကို အသေးစိပ်ဆွေးနွေးကြရသည်။

အိမ်ရှေ့ခန့်အပ်သောအမိန့်တော်မှာ မင်းတုန်းမင်းတရားကြီး၏ အမိန့်တော်နှင့် ထုတ်ပြန်ကျေညာရပေလိမ့်မည်။ မမာတော်မူ၍ သလွန်တော်ပေါ်၌ ယွဲ့ယွဲ့မှိုစ်နေတော်မူရသော မင်းတရားကြီးထံသို့ အမိန့်တော်ခံရမည်မှာ သည်ကိစ္စအတွက်စိတ်တော်မချမ်းသာ၍ ရောဂါတော်အခြေအနေ ဆိုးလာလိမ့်မည်ကိုလည်း တစ်နည်းစိုးရိမ်ကြောင့်ကြရှိနေကြသည်။ ကိစ္စကအလျင်စလိုပြုမှလည်း အရာရောက်မည်။

ဆင်ဖြူမရှင်မိဖုရားကြီးနှင့် တိုင်တားမင်းကြီး၊ ကင်းဝန်မင်းကြီးတို့က ဖြစ်သည့်နည်းနှင့် ကိစ္စပြီးစီးစေရန် စီမံခန့်ခွဲခြင်းကြောင့် နောက်တစ်နေ့တွင် အိမ်ရှေ့နန်းတမ်း အမိန့်တော်ကြီး ထွက်ပေါ်လာခဲ့လေတော့သည်။

အိမ်ရှေ့နန်းတမ်းအမိန့်တော်ကြီးသည် ၁၂၄၀ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်နေ့တွင် ထုတ်ပြန်ထွက်ပေါ်လာခဲ့သည်။

## အိမ်ရှေ့နန်းအမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် လက်နက်စကြာသခင်၊ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး အမိန့်တော်ရှိသည်။

ရှေးရှေးသောမင်းကောင်းမင်းမြတ်တို့သည် သာသနာတော်သုံးပါး စည်ပင်ပြန့်ပွား ထွန်းကားစေကြောင်း၊ တိုင်းပြည်နိုင်ငံအစီးအပွား များပြားတိုးတက်စေကြောင်းများကို ဆောင်ရွက်စေခြင်းငှာ ရိုက်ရာတော်ခံ နန်းရံအစစ်ဖြစ်သော သားတော်မြတ်ကို အိမ်ရှေ့နန်းတော်မူမြဲ ဖြစ်သည်နှင့်အညီ၊ ငါအရှင်ဧကရာဇ်မင်းမြတ်သည် အပရိဟာနိယ စသော ရာဇဓမ္မကျင့်ဝတ်တရားအပေါင်းတို့ကို မြဲမြံစွာကျင့်ဆောင်တော်မူလျက်၊ ရတနာပုံ မဟာရာဇဌာနီ ရွှေပြည်တော်ကြီးကို လက်မွန်အစ တည်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းတော်မူ၍၊ မြတ်စွာဘုရား သာသနာတော်အထူးဖြင့် စည်ပင်ထွန်းလင်းစေခြင်းငှာ ငါးကြိမ်မြောက်ဖြစ်သော ပဉ္စမသင်္ဂါယနာသဘင် ဆင်ယင်တော်မူပြီးလျှင် သာသနာတော်မြတ်အစီးအပွား၊ ကိုယ်တော်မြတ်အကျိုးစီးပွား သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်စီးပွား၊ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ အကျိုးစီးပွားများစေလိုကြောင်းကို တရားနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။ သားတော်သီပေါမြို့စားမင်းသား သုသီရိမဟာဓမ္မရာဇာသည် ကပ်ဦးမဟာသမတဥက္ကာမုက္ခသကျသာကီဝင်မင်းတို့မှ အစဉ်မပျတ်ဆင်းသက်ခဲ့သော ကုန်းဘောင်နန်းရိုးနေမျိုးစစ်နွယ် ဖြစ်ခြင်း၊ ပိဋကပ်သုံးပုံတို့ကို ချောက်ချားစေလျက်၊ သုံးကြိမ်မြောက်ပထမပြန်ဆိုနိုင်ခြင်း၊ သုံးကြိမ်မြောက်မြတ်စွာဘုရား သာသနာတော်ကို ထမ်းဆောင်နိုင်ခြင်း၊ လောကဓမ္မလိမ္မာကျွေပြွန်သဖြင့် နောင်အခါငါနှင့်ထပ်တူ တိုင်းပြည်နိုင်ငံကို အုပ်စိုးနိုင်မည့် နှလုံးလက်ရုံး၊ ဘုန်းပညာလက္ခဏာနှင့် ဂုဏ်ထူးဝိသေသရှိသော သားတော်မြတ်ဖြစ်သည်နှင့်အညီ၊ သာသနာတော်ရေး၊ တိုင်းပြည်မှုများကို ညီညာဆောင်ရွက်စေခြင်းငှာ အိမ်ရှေ့မင်းတို့၏ တင့်တယ်စမ့်ယ်ခြင်း၊ အလုံးအရင်း ဆင်မြင်းဗိုလ်ပါအပေါင်းတို့ ခြံရံလျက်အိမ်ရှေ့ဥပရာဇာအဖြစ်သို့ ဆောင်နှင်းတော်မူပြန်သည်။

အိမ်ရှေ့မင်းတို့ အခမ်းအနားဝန် ဝင်း-မှူး-အတွင်းဝန်မှစ၍ သင်းစုပင်းစုဘွဲ့ပေးရန် စာရင်းကိုလည်းသွင်းစေ။

ထိုအိမ်ရှေ့နှင်းတမ်း အမိန့်တော်ကြီးသည် တစ်နိုင်ငံလုံးသို့လည်းကောင်း၊ တစ်နန်းတော်လုံးသို့လည်းကောင်း၊ ဆွေတော်မျိုးတော်အားလုံးသို့လည်းကောင်း ထူးထူးခြားခြား အံ့အားသင့်သွားကြရလေသည်။

သားတော်ကြီးတွေအသီးသီးတို့ကြားမှ မင်းသားငယ်တစ်ပါးက ထူးထူးခြားခြား ကံကောင်း၍သွားခြင်းကို အတွင်းရေးကိစ္စများမသိသူ အပေါင်းတိုမှာ အံ့အားသင့်ကြလျက် တစ်ဦးကိုတစ်ဦးလက်တို့မေးမြန်းရင်း သတင်းများဖလှယ်၍နေကြလေသည်။

အတွင်းကျသူများကလည်းကောင်း၊ မင်းသားကြီးများနှင့် ဆက်သွယ်မကင်းသူများသည်လည်းကောင်း၊ သီပေါမင်းသားအားအိမ်ရှေ့နှင်းလို၍ နောင်တော်မင်းသားကြီးများကို အလျင်စလို ထိန်းသိမ်းထားလိုက်ခြင်း ဖြစ်ကြောင်း နားလည်ကြလေပြီ။

ဤကိစ္စသည် မင်းတုန်းမင်းတရားကြီးက ချမှတ်တော်မူသော အမိန့်တော်မှ ဟုတ်ပါလေစဟု သင်္ကာရန့်မကင်းသူတွေကလည်း အများအပြားပင်ရှိနေသည်။ သားတော်ကြီးများ၏ မိခင် မိဖုရားများကမူ ဤကိစ္စသည် မည်သည့်နည်းနှင့်မျှ ဘဝရှင်မင်းတရားကြီး၏ အမိန့်တော်အစစ်မဟုတ်နိုင်၊ ဘဝရှင်မင်းတရားကြီးသည် သားတော်ကြီးများအပေါ်၌ ယင်းသို့တရားမဲ့ ဥပေက္ခာပြုတော်မူမည်မဟုတ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဤအမိန့်သည် အမိန့်တော်အတုအယောင်သာလျှင် ဖြစ်ရမည်ဟု ပုံသေကားချ တွက်ဆကာ အချင်းချင်းခေါင်းချင်းဆိုင်လျက် ရှေ့မည်သို့ဆက်ရမည်ဟု တိုင်ပင်ဆွေးနွေးလျက်ရှိကြလေသည်။

သီပေါမင်းသား၏ မယ်တော်လောင်းရှည် မိဖုရားသည်လည်းကောင်း၊ သီပေါမင်းသား၏ အစ်မတော် ပခန်းကြီးစုဖုရားသည်လည်းကောင်း၊ ညီမတော် မိတ္တီလာစုဖုရားသည်လည်းကောင်း၊ ထိုအမိန့်တော်ကို အံ့အားသင့်ရာမှ ထူးထူးခြားခြား ကံအကျိုးပေးလာပုံကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြရပြီးလျှင်၊ သီပေါမင်းသားနှင့် သုံးနှစ်ကျော်အချိန်ကြာမြင့်လာသည်တိုင်အောင် မေတ္တာရည်ငံနေကြသူ မြတောင်စုဖုရား(ဆင်ဖြူမရှင်မိဖုရား၏သမီးတော်အလတ်)နှင့် ၎င်း၏ရင်းနှီးသူ အပျိုတော်တစ်စုမှာလည်း ဝမ်းမြောက်ခြင်းကြီးမက ဝမ်းမြောက်ကြည်နူး၍ နေကြရလေသည်။

တစ်ဖက်မှဝမ်းမြောက်နေကြသလောက် တစ်ဖက်မှအပူမီးတောက်နေသူတို့ကား ကြေးတိုက်တော်အတွင်းမှ ဖမ်းဆီးထားခြင်းခံနေရသော သားတော်ကြီးများ၏မိခင်ဖြစ်ကြသည့် ရွှေနန်းတော်အနောက်ပိုင်းရှိ အဆောင်ဆောင်အခန်းခန်းက ဆောင်ရနန်းရမိဖုရားများဖြစ်ကြလေသည်။

ကြေးတိုက်တော်တွင် ဖမ်းဆီးထိန်းသိမ်းထားခြင်း ခံနေရသော မက္ခရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီး အမှူးရှိသောမင်းသားများသည်၊ ခမည်းတော်မင်းတရားကြီးက သီပေါမင်းသားယ်အား အိမ်ရှေ့အပ်နှင်းတော်မူကြောင်းကို သတင်းကြားလိုက်ရသောအခါ ဆွေ့ဆွေ့ခုန်မျှ ဒေါမနဿဖြစ်တော်မူကြရလေ၏။ သီပေါမင်းသားကို အိမ်ရှေ့ဆောင်နှင်းခြင်းမှာလည်း မည်သည့်နည်းနှင့်မျှ ခမည်းတော်ဘုရား၏ အမိန့်တော်အစစ်အမှန်မဖြစ်နိုင်ကြောင်း၊ ခမည်းတော်ဘုရား၏အလိုတော်၊ ဆန္ဒတော်မဟုတ်နိုင်ကြောင်း သိရှိကြသည်။

သို့ကြောင့်ပင် ခမည်းတော်ဘုရားကိုယ်တော်နှင့် အသက်တော်တည်မြဲလျက်မှ ရှိတော်မူပါလေစဟု စိုးရိမ်ကြောင့်ကြ ဖြစ်ရှာကြရလေသည်။

ယင်းအိမ်ရှေ့နှင်းတမ်း ထုတ်ပြန်ပြီးသည်နှင့် တစ်ပြိုင်တည်းပင် ကြေးတိုက်တွင်းရှိမင်းသားများအား အချုပ်နှင့်ထားရုံတွင်မက ခြေကျဉ်းရိုက်စွဲထားခြင်းခံရသည့် အပြင် အပြင်အပ၌ ကျန်ရှိရစ်သူသားတော်၊ တူတော် မြေးတော် မင်းသားငယ်များ ကိုပါ ထပ်မံဖမ်းဆီး ချုပ်နှောင်ပြီး ထောင်တွင်းသို့ သွင်းယူလာကြသည်ကို တွေ့ရှိရသောအခါ ၎င်းတို့ထံမှ ကြားသိရသောသတင်းအရ ခမည်းတော်မင်းတရားကြီး နတ်ရွာစံပြီဆိုသောသတင်း မပါလာဘဲ၊ မမာတော်မူနေဆဲဟုသာ သိခွင့်ရရှိကြပါသည်။

ရွှေနန်းတော်တစ်ဝန်းလုံးတွင် လက်နက်ကိုင်အစောင့်အနေတို့ဖြင့် ဖုံးလွှမ်းလာ



www.burmeseclassic.com

www.burmeseclassic.com



သောအချိန်ကစ၍ မင်းသားများကို ဖမ်းဆီးခြင်းခံရသည်အထိ အကြောင်းတစ်စုံ တရာ ထူးခြားတော့မည်ဟု ကြောက်ရွံ့ပြိမ်သက်စွာ နားစွင့်လျက်ရှိသော နန်းရ၊ ဆောင်ရမိဖုရားကြီးများနှင့်တကွ အခြားသောမိဖုရားအပေါင်းတို့မှာ သီပေါမင်းသား အား မင်းတရားကြီးဘုရားအမိန့်တော်နှင့် အိမ်ရှေ့နှင်းအပ်လိုက်သောအကြောင်းကို ကြားသိရသည်နှင့်တစ်ပြိုင်နက် ဆင်ဖြူမရှင်မိဖုရားကြီး၏ လက်ချက်သာဟု အတတ်သိကာ မခံမရပ်နိုင်အောင် ဖြစ်လာကြလေသည်။

ဆင်ဖြူမရှင်မိဖုရားသည် မင်းတရားကြီး အသည်းအသန်မမာတော်မူချိန် အတွင်း၌ လွှတ်တော်ဝန်ကြီးများကို စည်းရုံးလျက် အချက်ပိုင်ပိုင် စီရင်လိုက်ကြောင်း နားလည်ကြရလေသည်။

ငါတို့၏သားတော်ကြီးများကို လက်ဦးအောင် ဖမ်းဆီးချုပ်နှောင်ထားပြီးမှ သူ၏ သမီးနှင့်ရည်ငံနေသော သီပေါမင်းကိုသာ အိမ်ရှေ့နှင်းခြင်းသည် တစ်ဖက်သတ်မတ ရားပြုမူလိုက်ခြင်း ဖြစ်သောကြောင့် ဒေါသအမျက် ချောင်းချောင်းထွက်ခါ ဤအဖြစ် အပျက်ကို အသက်စွန့်၍ သွားရောက်လျှောက်တင်မည်ဟု ဆုံးဖြတ်ကြသည်။

အချို့စိတ်နုံးညံ့၍ သားတော်သမီးတော်မထွန်းကားသော မိဖုရားများကမူ မင်းတရားကြီး အဆောင်တော်တွင် အစောင့်အရှောက်များ ကြပ်တည်းစွာကာရံထား ခြင်းကြောင့် တဖွတ်ထိုးမသွားသင့်ကြောင်း အကြံပေးကြသောအခါ မိမိတို့မှာဆယ် ကျိုးဆယ်လ လွယ်၍မွေးထားရသူများဖြစ်ပါသည်။ သတ်လို့ပစ်ချင်လည်းပစ်ကြ ပါစေ၊ အတင်းပင်သွား၍ သံတော်ဦးတင်ကြမည်ဆိုကာ လင်ပန်းတိုက်စား မိဖုရား၊ သက်ပန်း မိဖုရား၊ ခုနစ်ရွာ မိဖုရား၊ မြောက်ရွှေရေးဆောင် မိဖုရားတို့သည် မှန်နန်း တော်ဆောင်ရှိရာသို့ ဗျာပါကြီးစွာဖြင့် ထွက်တော်မူလာကြလေသည်။

အနောက်ဆောင်နှင့် မှန်နန်းတော်ဆောင်အကြားတွင် အစောင့်အနေချထား သော လက်နက်ကိုင် အမှုတော်ထမ်းတို့သည် ထဘီပဝါနှင့်ဆံကေသာတို့ကို မသိမ်း နိုင်မျှ အပူမီးခ, လာကြသော မိဖုရားကြီးများအား တားဆီးပိတ်ပင်ရန်မဝံ့ရဲကြသော ကြောင့် သွားလိုရာသို့လမ်းရှဲ၍ ပေးလိုက်ကြရာ မှန်နန်းဆောင်တော်တံခါးဝသို့ ရုတ်တရက်ရောက်လာကြလေသည်။

မှန်နန်းဆောင်တော်ကြီးသည် မင်းတရားကြီး မမာတော်မူသော အဆောင်တော် ဖြစ်သောကြောင့် စိတ်မချမ်းမြေ့ဖွယ်ကိစ္စများနှင့် နားပူနားဆာမရှိစေခြင်းငှာ ဆင်ဖြူမရှင်မိဖုရားကြီး အမိန့်တော်ဖြင့် အဆောင်တွင်းသို့ မည်သူမျှမဝင်နိုင်ရန် အစောင့်အရှောက်များကို တံခါးဝ၌ အထပ်ထပ်တိုးတက်ချထားရုံမက အဆောင် တော်အတွင်းက တံခါးကျည်းရှင်ကို ခိုင်လုံစွာ မင်းတုပ်ချပိတ်ဆို့ထားပြီးလျှင် သမား တော်ကြီးနှစ်ဦး၊ အနှိပ်တော် ဘလဲ့ဘရွာစားအလှည့်ကျဝင်၍ အနှိပ်တော်ဆက်ခြင်း၊

www.burmeseclassic.com



ဆေးတော်ဆက်ခြင်းများ ပြုရပြီးလျှင် သလွန်တော်အပါးတွင် စားတော်ဝန်ဦးခဲနှင့် သံတော်ဆင့်ဦးလတ်(ဝက်မစွတ်ဝန်ထောက်မင်း)နှစ်ဦးသာ သလွန်တော် အနီးကပ်ထိုင်၍ ကြပ်မတ်၍ပွေ့ပိုက်စောင့်ရှောက်ကာ ရေကြည်တော်၊ ရေနွေးတော်များ ဆက်သမှုများ ပြုနေကြရလေသည်။

သံတော်ဆင့် ဦးလတ်နှင့်စားတော်ဝန်ဦးခဲတို့အား မင်းတရားကြီးဘုရားသည် မမာတော်မူစဉ်အချိန်ကစ၍ အပါးတော်တွင်ကပ်၍ နေ့ ည မပြတ်အမှုတော်ထမ်းရန် ခေါ်ယူထားတော်မူသည်ဖြစ်ရာ ထိုနေ့အဖို့မှာလည်း ဝေဒနာတော်သည်း၍ မှိန်းတော်မူနေသော အခိုက်အတန့်မှာသာလျှင် ငြိမ်သက်စွာစံတော်မူ၍ အနည်းငယ်ကြည်လင်လာသည်နှင့် အသံတော်ယဲ့ယဲ့ဖြင့်-

'မောင်ခဲ. . . ငါ့အနားဘယ်သူများရှိသတုံး'

ဟု မေးတော်မူသည်။ ဦးခဲကလည်း

'သမားတော်များက မောတော်မူမည်စိုးသဖြင့် မည်သူမှအပါးတော်မှာ မခစားစေရကြောင်းပါဘုရား'

'ပြောစရာမေးစရာ ရှိသလောက် မေးချင်ပြောချင်ပါဘိတယ်။ နေ့တိုင်းနေ့တိုင်း ဒီလိုနေရတော့မှာလား ဟဲ့'

'မှန်လှပါ၊ မောတော်မူပါမည်ဘုရား'

'ကိစ္စမရှိပါဘူး၊ မောင်ကောင်းတို့ မောင်ဖိုးလှိုင်တို့တတွေ ခေါ်လိုက်စမ်းပါဘိ'

'ရွှေလွှတ်တော်ကြီးမှာ အလုပ်များနေကြပါသည် ဘုရား'

'မောင်ရွှေမောင်တို့၊ မောင်ကံလေးတို့၊ မောင်လှဘူးတို့လည်းမရှိဘူးလား'

'မရှိကြောင်းပါဘုရား'

'ဒီလူတွေငါ့ကို တမင်ရှောင်များနေကြရော့ သလား။ သွားစမ်း သွားစမ်း မောင်ခဲ၊ သူတို့အားလုံးငါ့ရှေ့ခေါ်ခဲ့၊ မောင်လတ်ကငါ့အနားမှာစောင့်နေရစ်'

'မသွားဝံ့ကြောင်းပါဘုရား'

'သယ်. . . ငါရှင်ဘုရင်ပဲ၊ ငါ့အာဏာထက် ဘယ်သူ့အာဏာက ထက်နေလို့ မသွားဝံ့ရပြန်သတုံး'

'မှန်လှပါ၊ အရှင့်အာဏာတော်က ဒီအဆောင်ထဲမှာသာရှိကြောင်းပါဘုရား'

'မြတ်စွာဘုရား. . .၊ ငါ့ကို လူမမာဆိုပြီး မထီလေးစား ပြုကြပြီလား. . . ငါမသေသေးပါဘူးဟဲ့'

'မဝံ့ကြောင်းပါဘုရား'

စားတော်ဝန်ကြီးဦးခဲသည် ကြိတ်မနိုင်ခဲမရဖြစ်လှသဖြင့် သံတော်ဆင့်ဦးလတ်ကို မျက်ရိပ်မျက်ခြည်ပြကာ ဖွတ်တိုး၍ တင်လျှောက်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်အတန့်မှာပင် မှန်နန်းဆောင်တော်အပြင်ဘက်၌ ရောက်ရှိနေကြ သော မိဖုရားများသည် လက်နက်ကိုင် အစောင့်အနေများနှင့် အတိုက်အခံစကားဆို လျက်ရှိနေသည်။

အစောင့်များကို တံခါးဖွင့်ပေးရန်ပြောကြသည်။ အစောင့်များက 'ဝေဒနာတော် တိုးမည်စိုး၍ မည်သူမျှမဝင်ရပါ၊ သမားတော်ကြီးများပင်လျှင် ဆေးတော်ဆက်ချိန်ကျမှ ဝင်ခွင့်ရကြောင်းပါဘုရား' ဟု ရိုသေစွာ လျှောက်တင်ကြသည်။ မိဖုရားကြီးများက ပို၍စိတ်ထွက်လာကြသဖြင့် လင်ပန်းမိဖုရားက စတင်၍-

'ဆေးဆရာမဝင်ရပေမင့် ငါတို့မိဖုရားကို မတားနှင့်'

ဟုအာဏာနှင့်ဆိုသည်၊ အစောင့်များက-

'သည်းခံတော်မူပါဘုရား၊ ကျွန်တော်မျိုးများက အထက်အမိန့်အရ လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား'

ဟု ပြန်လည် တင်လျှောက်သည်တွင် ခုနစ်ရွာတိုက်စားမိဖုရားက-

'င့ါတို့လင်ကို ငါတို့ဝင်ကြည့်မှာကို နင်တို့အထက်အမိန့်နဲ့ဘာဆိုင်သတုံး'

ဟု မိန့်တော်မူစဉ် မြောက်ရွှေရေးဆောင်မိဖုရားက ရှေ့ဆုံးသို့တိုးတက်လာပြီး

'ကိုယ့်လင်မမာသည်ကို ဝင်လို့မှမကြည့်ရတော့ဘူးလား။ ဖယ်ပေးကြ ငါတို့ဘာသာ ငါတို့ဝင်မယ်'

ဟု ပြောကာ တံခါးဝသို့ ရပ်လာသည်၊ အစောင့်များကလည်း သည်းခံတော်မူပါဘုရားဟု ထပ်မံအသနားခံသည်။ သက်ပန်းမိဖုရားက 'သည်ဟာသည်းခံနိုင်တဲ့ကိစ္စမျိုးမဟုတ်ဘူးဟဲ့' ဟု ပြောကာ တံခါးသို့တိုးကပ်လာပြန်သည်။ အစောင့်များလည်း မတတ်သာသဖြင့်-

'ဆင်ဖြူမရှင်မိဖုရား၏ အမိန့်ကိုခံယူပြီးတဲ့အခါ သဘောရှိဝင်တော်မူကြပါဘုရား'

ဤအခါမိဖုရားများသည် ပိုမို၍ စိတ်တော်မထိန်းနိုင် မသိမ်းနိုင်ရှိလာကြသဖြင့်

'ငါတို့လင်မမာနေရာ ငါတို့သွားမည် အရေးထဲမှာ ဘယ်သူ့အမိန့်ခံရဦးမှာတုံးဟဲ့'

ဟု ပြောကာ အစောင့်များကို အတင်းတွန်းဖယ်ပြီး ကျည်းရှင်တံခါးသို့ စုရုံးတိုးတက်ကာ ပိတ်ထားသောအဆောင်တော် တံခါးရွက်များကို လက်များနှင့် ထုနှက်လျက် အဖွင့်ခိုင်းနေကြသောအခါ လက်နက်ကိုင်အစောင့်အမှုထမ်းများလည်း ဘဝရှင်မင်းတရားကြီး၏ မိဖုရားကြီးများဖြစ်ကြသောကြောင့် ဆွဲဖယ်မပစ်ဝံ့ကြသဖြင့် အကြောင်သားငေး၍ ကြည့်နေကြရလေတော့၏။

အပြင်မှ ဆူညံသံများ၊ တံခါးရွက်ကို ထုနှက်ရိုက်ပုတ်သံများကြောင့် သလွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ပေါ်တွင် မေးစက်လျက်ရှိသော မင်းတရားကြီးသည် ရုတ်တရက်မျက်လွှာတော်ကိုဖွင့်၍ ရှုစားတော်မူကာ အပါးရှိ စားတော်ဝန်ဦးခဲအား-

'မောင်ခဲ. . တံခါးဖွင့်လိုက်ပါ၊ သမားတော်ကြီးများ ဝင်ရောက်လိုပြီထင်ပါရဲ့'

ဟု မိန့်တော်မူသောကြောင့် စားတော်ဝန်ဦးခဲသည် 'တင်ပ့ါဘုရား' ဟု ဆိုကာထ၍ တံခါးမင်းတုပ်ကို ဖွင့်ပေးလိုက်သည်။

တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက် မိဖုရားများသည် ဦးဆံဖားလျားနှင့် ခြေတော်ရင်းသို့ပြေးလာကြပြီး မင်းတရားကြီး၏ အရိပ်အကဲကိုကြည့်ကြသည်။ ရောဂါတော် အတော်သက်သာနေသည်ကို မြင်ရသောကြောင့် အားတက်သွားကြလေသည်။ မင်းတရားကြီးကစတင်၍

'အလို. . မိမိတို့ဘာများ ဖြစ်လာကြသလဲ'

ဟု ခပ်သဲ့သဲ့လေသံနှင့် မေးမြန်းတော်မူလိုက်သည်တွင် မိဖုရားကြီးများမှာ ချုပ်တည်းအောင့်အည်းခြင်းငှာ မစွမ်းနိုင်ရှာကြတော့သဖြင့်-

'ကယ်တော်မူပါဘုရား၊ ဖျာ့ကျွန်မတို့သားတွေ ဒုက္ခရောက်လို့ နေကြပါပြီဘုရား'

ဟု ငိုရှိုက်ရင်းလျှောက်တင်လိုက်ကြသောအခါ-

'တင်ကြစမ်းပါဦး၊ ဘယ်လိုဒုက္ခမျိုးဖြစ်နေကြသလဲ မိမိတို့ရဲ့'

ဟု မင်းတရားကြီးက ထပ်ဆင့်မေးတော်မူသည်။

'ဖျာ့ကျွန်မတို့သားတော်များကို အိမ်ရှေ့မင်းနှင်းမှူးတော်မတ်တော်တို့က ခြေကျဉ်းရိုက်စွဲ၍ အကျဉ်းချုပ်ချထားသဖြင့် ကယ်တော်မူပါဦးဘုရား'

ဟု သံပြိုင်ညီညာ လျှောက်တင်ကြသောအခါ မင်းတရားကြီးသည် ခေတ္တစဉ်းစားတော်မူပြီး

'အိမ်ရှေ့မင်းက. . . အိမ်ရှေ့မင်း'

ဟူ၍ နားတော်မရှင်းသည့်အလား နှုတ်တော်မှ ရေရွတ်ကာ အမိန့်တော်မဆက်ဘဲ ရပ်ဆိုင်းနေတော်မူ၍ သက်ပန်းမိဖုရားက-

'မှန်လှပါဘုရား၊ သားတော်သီပေါမင်းသား အိမ်ရှေ့မင်းနှင်း မှူးတော် မတ်တော်များက ဖျာ့ကျွန်မတို့သားကြီးများကို ဖမ်းဆီးချုပ်နှောင်ထားပါပြီဘုရား'

ဟု ထပ်မံလျှောက်တင်လိုက်သောအခါ၌ မင်းတရားကြီးသည် မမာနေရာမှ သက်ပြင်းရှူတော်မူလိုက်ပြီးလျှင်-

'ဟင်. . . ငါမသေသေးဘဲနှင့်ပင် သည်လိုဖြစ်ကုန်ကြပြီလား၊ ကိုင်းကိုင်း မှူးတော်မတ်တော်ကြီးတွေကို ငါ့ရှေ့တော်သို့ခေါ်ကြစမ်းပါဟဲ့'

ယင်းသို့အမိန့်တော်ရှိရာ မည်သူမျှသွား၍ မခေါ်ဝံ့ဘဲရှိနေကြပြန်လေသည်။

ထိုသို့ မှန်နန်းဆောင်တော်ကြီးထဲတွင် ဖြစ်ပျက်နေစဉ်၊ ဓနုဆောင်၌ ဝန်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဆွေးနွေးတိုင်ပင်နေသော ဆင်ဖြူမရှင်မိဖုရားကြီးရှိရာသို့ အမှုတော်ထမ်းအချို့ အရေးတကြီးရောက်လာပြီးလျှင် မင်းတရားကြီးအပါးတော်သို့ မိဖုရားများဖွတ် အတင်းအဓမ္မဝင်ရောက်သွားကြကြောင်း သတင်းပို့လာသောကြောင့်-

'ဟော. . . ဟိုမိန်းမတွေရှုပ်လို့ ကုန်ကြပြီ၊ အပါးတော်ကို ကျွန်မတို့အားလုံးသွားကြမှ တော်လိမ့်မည်'

ဟု ဆင်ဖြူမရှင်မိဖုရားကြီးက အမိန့်တော်ရှိသဖြင့် ဝန်ကြီးများပါ အရေးတကြီးသွားရောက်ကြရလေသည်။ ၎င်းတို့အပါးတော်၌ ခစားမိကြသောအခါ၊ မင်းတရားကြီးဘုရားသည် သားတော်ကြီးများအတွက် စိတ်ဆောင်လျက်ရှိသောကြောင့်၊ ခါတိုင်းကဲ့သို့ ညှိုးညှိုးခွေခွေ စံနေတော်မမူဘဲ၊ အုံးဝန်းတော်ကိုမှီကာ မတ်မတ်ထိုင်တော်မူလိုက်ပြီးလျှင် အသင့်ရောက်ရှိလာသူ ဝန်ကြီးများကို လှမ်း၍ရှုစားတော်မူကာ-

'ငါမမာတော်မူရုံမျှ ရှိသေးလျက် ရက်စက်ကြေကွဲမှုတွေ ဖြစ်ကုန်ကြပြီလား။ မောင်ကောင်းတို့ ဘယ်လိုစီမံထားကြသည်လဲ'

ဟု အမေးတော်ရှိသောအခါ ကင်းဝန်မင်းကြီးဦးကောင်းက-

'အရှင်မမာတော်မူချိန် အတွင်း၌ တိုင်းနိုင်ငံ အေးချမ်းသာယာမှုကို အရှင့်ကိုယ်တော်အစား ရွှေလွှတ်တော်ကြီးမှ ကျွန်တော်မျိုးတို့က တာဝန်ကြီးလေးစွာ ထမ်းဆောင်နေရကြောင်းပါဘုရား။ ကာလံဒေသံအင်္ဂါဆိုသည့်အတိုင်း ကြက်ဥအရောင်တိမ်တောင်သဖွယ် မင်းရေးကျယ်လှသဖြင့် နိုင်ငံတော်အရေးအေးချမ်းသာယာမှုကို အဓိကထားလျက် ရတ်တရက် ရန်လက်စငြိမ်းအောင် အခိုက်အလှည့်သင့်သလို ခေတ္တခဏကြံဆောင်ရခြင်း ဖြစ်ပါကြောင်းဘုရား'

ဟု လျှောက်တင်ပြီး ရွှေပြည်ဝန်ကြီးကလည်း-

'လောလောဆယ် နိုင်ငံဝန်ထမ်းနေရသော ကျွန်တော်မျိုးများအတွက် မှုခင်းကိစ္စမှန်သမျှဆောင်ရွက်ရန် လွယ်ကူမှုရမည် ဖြစ်သည်တစ်ကြောင်း။ အရွယ်တော်ပင်ငယ်သော်လည်း လောကီလောကုတ္တရာ လိမ္မာကျွမ်းကျင်ဘုန်းကံရှင် ဖြစ်တော်မူသောသားတော်သီပေါမင်းသားကို အိမ်ရှေ့နန်းလျာ ဆောင်နှင်းပြီးကြောင်းပါဘုရား'

ဟု လျှောက်ထားပြီး တိုင်တားမင်းကြီးကလည်း-

'အားလုံးပင် အရှင်၏ သားတော်များချည်းသာဖြစ်၍ မည်သူ့ကိုမျှ သာစေနာစေဟု သဘောမထားကြသော်လည်း၊ ရောက်လာမယ့်အရေးတော်နှင့် သင့်လျော်လျောက်ပတ်ပြီးပြတ်အောင် ဆွေးနွေးညှိနှိုင်း ကြံဆောင်လိုက်ရခြင်းဖြစ်ကြောင်းပါဘုရား'

ဟူ၍ ဝင်ရောက်လျှောက်တင်သည်။ ထိုအချိန်တွင် ဆင်ဖြူမရှင်မိဖုရားကြီးကလည်း အခြားမိဖုရားများဘက်သို့လှည့်၍-



www.burmeseclassic.com

www.burmeseclassic.com



'ညီမတော် မိမိတို့ကလည်း သားတော်များ အရေးကိစ္စဖြစ်၍ ပူပင်တော်မူကြပေမှာပ၊ သို့ပေမင့် သားတော်တွေကများလေတော့ ရုတ်တရက်မကျေမနပ်ဖြစ်ပြီး ဆူပူသောင်းကျန်းမှုတွေ ပေါ်ပေါက်လာလျှင် ရွှေနန်းရှင်ဘုရားမမာတော်မူနေစဉ်မှာ မကြံသာမဖန်သာနှင့် အားလုံးဂယောက်ဂယက် ဖြစ်ကုန်ကြမှာစိုးရိမ်ကြလို့ ခေတ္တခဏ ထိန်းသိမ်းထားရခြင်းသာ ဖြစ်ပါတယ်။ ဒီလောက်လည်း မပူကြပါနှင့် ညီမတော်တို့' ဟု ဖျောင်းဖျပြောဆိုလေရာ-

မင်းတုန်းမင်းတရားကြီး ဘုရားသည် ၎င်းတို့ အခြေအတင် လျှောက်ကြသော စကားများကို ကြားသိတော်မူလေလျှင် စိတ်တော်လျှော့၍-

'အင်း. . . ငါကလည်း မကျန်းမာတဲ့အခိုက် ဖြစ်နေလို့ သူတို့သင့်တော်သလို စီမံကြသည်ဟာ ပြီးပါစေတော့ သို့ပေမင့် ငါ၏သားတော်ကြီးများ စိတ်ဝမ်းမနည်းကြရလေအောင် ငါသူကောင်းပြုတော်မူမည်။ မင်းကြီးများကအမိန့်တော်ကိုနာခံကြရမည်'

ဟု အမိန့်တော်ရှိသောအခါ ဝန်ကြီးမှူးကြီး တို့ကလည်း စိတ်အားထက်သန်စွာနှင့်-

'ဗျာဒိတ်တော်မြတ်အတိုင်းပါဘုရား'

ဟု ဆို၍ ရွှေနန်းထုံးစံအတိုင်း အမိန့်တော်ကို ရေးမှတ်ရန် အမှာတော်ရေးသံတော်ဆင့်များ၊ နားခံတော်များကို အမြန်ခေါ်ယူလျက် ရှေ့တော်ထက်ဝယ် ခစားနေကြရစေသည်။

မင်းတုန်းမင်းတရားကြီးသည် ပထမအမိန့်တော် တစ်ရပ်ကိုထုတ်ပြန်တော်မူသည်။ ၎င်းအမိန့်တော်မှာ-

'ယခုအခိုက်အတန့် ကြေးတိုက်တော်တွင် ဖမ်းဆီးချုပ်ထားသော သားတော်၊ တူတော်၊ မြေးတော်များကို ယနေ့လုံးဝလွှတ်ပစ်ရမည်'

ဟူ၍ ဖြစ်ပါသည်။ ထိုပထမ အမိန့်တော် ပြီးသောအခါ ဒုတိယ၊ တတိယစသဖြင့် အမိန့်တော်သုံးရပ် ဆက်ခါဆက်ခါ မိန့်ဆိုထုတ်ပြန်တော်မူလိုက်လေသည်။

ဒုတိယအမိန့်တော်မှာ သားတော်သုံးဆယ် မင်းသားကြီးအား အထက်ချင်းတွင်း ခရိုင်သို့ ဘုရင်ခံခန့်အပ်တော်မူသည်။ သားတော် မက္ခရာမင်းသားကြီးအား တောင်တွင်းကြီး ခရိုင်သို့ ဘုရင်ခံ ခန့်အပ်တော်မူပြီးလျှင် သားတော်ညောင်ရမ်းမင်းသားကြီးအား အောက်မြစ်စဉ်ခရိုင် ဘုရင်ခံခန့်အပ်တော်မူလေသည်။

တတိယအမိန့်တော်မှာ ယခုဘုရင်ခံခန့်အပ်ထားသော သားတော်ကြီးများအား စရိတ်ငွေတော် မြောက်မြားစွာ ထုတ်ပေးပြီး ခန့်အပ်ရာမြို့ရွာအသီးသီးသို့ မင်းသားများ ချီတက်သွားရာတွင် ၎င်းတို့နှင့်နီးစပ်ရာ ညီတော်၊ နှမတော်၊ ကြင်ယာတော်၊



www.burmeseclassic.com

www.burmeseclassic.com



မြောက်သားတော်များနှင့်တကွ အခြွေအရံ၊ ကျေးကျွန်သင်းပင်းတို့ပါ လိုသလောက် ခေါ်ယူ၍ ယနေ့နေ့ချင်းညချင်း ချီတက်သွားရန် အမိန့်တော်မြတ်ချမှတ်တော်မူလိုက်လေသည်။

မှူးတော် မတ်တော်ကြီးများလည်း အမိန့်တော်ကို ဦးထိပ်ရွက်လျက် အဆောင်တော်အပြင်သို့ ထွက်ခဲ့ကြရာ၊ မိဖုရားများလည်း သားတော်များ အကျဉ်းမှ လွတ်မြောက်သည့်အတွက် ဝမ်းမြောက်ဝမ်းသာနှင့် မိမိတို့အဆောင်ရှိရာသို့ ပြန်လာခဲ့ကြလေသည်။

ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ဝန်ကြီးများလည်း မှန်နန်းစနုဆောင်တော်တွင် ပြန်လည်စုရုံးကာ ခေါင်းချင်းရိုက်မျှ ဆွေးနွေးတိုင်ပင်ကြပြန်လေသည်။

ဆင်ဖြူမရှင်မိဖုရားကြီးက ဝန်ကြီးများအား 'အမိန့်တော်အတိုင်း ကြေးတိုက်တော်ကမင်းသားများကို ဘုရင်ခံခန့်အပ်တော်မူသော အမိန့်တော်ကို ပြန်ပါစေ'ဟု အမိန့်တော်ရှိရာ ကင်းဝန်မင်းကြီးက . .

ဘုရင်ခံခန့်အပ်သောအမိန့်ကို ပြန်ပြီးလျှင် မင်းသားများကို အချုပ်အနှောင်မှ လွှတ်ရပါလိမ့်မည်ဘုရား ဟု စိုးရိမ်မကင်းသံနှင့် တင်လျှောက်သောအခါ ဆင်ဖြူမရှင်မိဖုရားကြီးက အေးဆေးစွာနှင့်ပင် -

'ဟုတ်ပါသည်၊ သူတို့ကို အချုပ်အနှောင်ကလွှတ်၍ အမိန့်တော်အတိုင်း စရိတ်ငွေတော်တွေလည်း အမြောက်အမြား ထုတ်ပေးရပါလိမ့်မည်။ နေ့ချင်းညချင်း ခရီးထွက်ရမည်ဖြစ်၍ သူတို့၏မြောက်သား ကြင်ယာတော်များ၊ ညီတော်၊ နှမတော်များ၊ ကျေးတော်ကျွန်တော်မျိုးများကိုလည်း ခေါ်လိုရာခေါ်နိုင်ရန် မယ်တော် မိဖုရားများကိုလည်း နှုတ်ဆက်ကန်တော့ရန် အတွင်းဝန်မင်းတို့က အမြန်ဆုံးစီမံ ဆော်ဩ၍ ပေးလိုက်ကြပါ။ အင်္ဂလိပ်သံတဲက အောက်မြစ်စဉ် ဘုရင်ခံလောင်း ညောင်ရမ်းမင်းသားကိုပါ သွားရောက်ခေါ်ယူ အကြောင်းကြားပါ။ လာသည် မလာသည်မှာ သူ၏သဘောပေပ' ဟူ၍ မိန့်တော်မူသောအခါ ဝန်ကြီးမင်းကြီးများသည် ဆင်ဖြူမရှင်မိဖုရား၏ ထူးခြားသောအမိန့်တော်ကို မစဉ်းစားတတ်အောင် ရှိကြသဖြင့် ခတ်မဆိတ်ငြိမ်သက်လျှင် ရှိကြလေသည်။ တိုင်တားမင်းကြီးမှာမူ မမျိုသိပ်နိုင်အောင် ရှိလာသောကြောင့်

'ဘဝရှင် မင်းတရားကြီးဘုရား သလွန်တော်ပေါ်မှ ချမှတ်တော်မူလိုက်သော အမိန့်တော်အတိုင်းသာဆိုလျှင် ဒီဘုရင်ခံ မင်းသားကြီးသုံးပါးက ကျွန်တော်မျိုးတို့ နေပြည်တော်ကြီးကို သည်အတိုင်း အဝေးက အလှကြည့်နေမည်ထင်ပါသလား ဘုရား'

ဟု နှုတ်ပေါ့လျှာသွက်နှင့် ကန့်ကွက်လျှောက်တင်လိုက်သောအခါ၊ ဆင်ဖြူမရှင်



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးက တည်ငြိမ်စွာ ပြုံးတော်မူလိုက်ပြီး . .

'ဘဝရှင် မင်းတရားကြီး၏ အမိန့်တော်အတိုင်း ဆောင်ရွက်ရဖို့က ဘဝရှင် မင်းတရားကြီးထံမှ ကျေးဇူးသစ္စာတော် ခံထားခဲ့ကြတဲ့မင်းကြီးတို့ရဲ့ တာဝန်ပင် မဟုတ်ပါလား၊ ကျန်သည့်လုပ်ရေးကြံရေးကိစ္စအရပ်ရပ်ကို ဆက်လက်လုပ်ကိုင်ရန် လွှတ်တော်ကြီးက နောက်ထပ်၍ အမိန့်သတ်မှတ်ပြီး အင်အားကြီးမားတဲ့ လက်နက် ကိုင် စစ်သည်တော်များကို အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အခါကာလ အလျှောက် ဆောင်ရွက်ကြရန် လျှို့ဝှက်စီမံထားရလိမ့်မည်။ သည့်အတွက်လဲ အခက်အခဲမရှိရလေအောင် အကျဉ်းချခံမင်းသားများကိုကြေးတိုက်တော်က ထုတ်ယူ၍ မြောက်ဥယျာဉ်တော်အတွင်းမှာ သူတို့သားမယား၊ အခြွေအရံ၊ ကျေးကျွန် များနှင့် တွေ့ဆုံပေးရလိမ့်မည်။

သူတို့၏ မယ်တော်များကိုလည်း ခရီးထွက်မည့်သားတော်များကို နှုတ်ခွန်းဆက် သကြရန် မြောက်ဥယျာဉ်တော်မှာပင် ကျယ်ကျယ်ဝန်းဝန်း တွေ့ဆုံတော်မူကြပါစေ။

သည်တော့မှ သူတို့နောက်လိုက်နောက်ပါ အလုံးအရင်း အဆက်အသွယ်ရှိသမျှ တို့ကို တစ်စုတည်း တရုံးတည်းကျွန်မတို့ လက်ဝယ်ရောက်ရှိနိုင်ကြမည်မဟုတ်ပါ လား။ သည်ထောင်ချောက်ထက်ပို၍ကောင်းတဲ့ အစီအစဉ်ရှိပါဦးမည်လား'

ဤတွင်မှ တိုင်တားမင်းကြီးနှင့်တကွ စိတ်ဒွိဟဖြစ်နေကြသော မှူးတော် မတ်တော်ကြီးများသည် ဆင်ဖြူမရှင်မိဖုရားကြီး၏ အကြံဉာဏ်ကို ရိပ်စားမိကြလေ သဖြင့် စီမံခန့်ခွဲခွင့်ရှိသမျှ အမိန့်ချမှတ်ရန် တီးတိုးလေသံဖြင့် ထပ်မံဆွေးနွေးတိုင်ပင် ကြပြန်လေသည်။

မင်းတုန်းမင်းတရားကြီးသည် မကျန်းမာတော်မူရာကပင် သားတော်များ၏ အရှုပ်အထွေးပြဿနာကြီးကို သလွန်တော်ပေါ်မှနေ၍ ဖြေရှင်းပေးတော်မူရပြီး စိတ်တော်ကိုလည်း လျှော့ချတော်မူလိုက်သည့်နောက် ရောဂါဝေဒနာတော်မှာ တိုးတက်ဖိစီးမြဲ တိုးတက်ဖိစီးတော်မူလာလေသည်။

ဆင်ဖြူမရှင် မိဖုရားကြီးသည် ဤတစ်ကြိမ်တွင်မူ မင်းတရားကြီး စံနေတော်မူ သော မှန်နန်းဆောင်တော်အတွင်းသို့ အခြားမိဖုရားများ၊ သမီးတော်များ၊ မှူးမတ် တော်တို့ အဝင်အထွက်မရှိစေရဘဲ ကြပ်တည်းစွာ တားမြစ်ပိတ်ပင်ထားလိုက်သည်။

ဆင်ဖြူမရှင်မိဖုရားကြီး ကိုယ်တိုင်လည်း မင်းတရားကြီး၏ သလွန်တော်အနီး၌ သာ ကိုယ်ဖိရင်ဖိ ပြုစုလျက်ရှိလေသည်။

ထိုအချိန်၌ အပြင်မထွက်ရဘဲ အဆောင်တော်အတွင်းသို့ ရောက်ရှိနေသူများ ကား သားတော် မထွန်းကားသူမိဖုရားများ ဖြစ်ကြသော တောင်ဆောင်တော် မိဖုရား၊ စိန်တုံးမိဖုရား၊ လက်ပန်စဉ်မိဖုရား၊ သရစိမ်း မိဖုရား၊ လဲချားမိဖုရား၊ သနစစ်မိဖုရား၊



www.burmeseclassic.com

www.burmeseclassic.com



အနိုပ်တော် ဘလဲ့ဘရွာစား သီဟိုဠ်သားဆေးသမား သာရာလင်္ကာရနှင့် ယခင်ရှိနေမြေစားတော်ဝန် ဦးခဲနှင့် သံတော်ဆင့် ဦးလတ်တို့သာဖြစ်၍ ၎င်းတို့သည်ပင် အပြင်မှ အဆက်အသွယ် ကင်းပြတ်လျက်ရှိသောကြောင့် မည်သည့်အကြောင်းကိစ္စမျိုးကိုမျှ မကြားမသိ ရှိနိုင်ကြလေသည်။

ကြေးတိုက်တော်အတွင်းမှ မင်းသားများသည် အကျဉ်းမှလွတ်၍ ဘုရင်ခံ ခန့်အပ်လွှာဖြစ်သော ခမည်းတော်ဘုရားကြီး၏ အမိန့်တော်မြတ်ကို နာခံရသော အချိန်အခါတွင် ဝမ်းမြောက်ဝမ်းသာ မြောက်ဥယျာဉ်တော်အတွင်းသို့ ရောက်ရှိလာကြလေသည်။

၎င်းတို့ကို ဖမ်းဆီးခံရချိန်ကစ၍ ပူသောကမအေးရှာကြသော မယ်တော်များ၊ ကြင်ယာမြောက်သားတော်များ၊ ညီတော်၊ နှမတော်များ၊ ခြွေရံ၊ ကျေးကျွန်များနှင့် မြောက်ဥယျာဉ်တော်ထဲမှာ အားရဝမ်းသာ နှုတ်ခွန်းဆက်စကား ပြောကြားလျက် ခရီးထွက်ရာတွင် လိုက်လိုသူမလိုက်လိုသူတို့ကို ဆိုင်ရာဆိုင်ရာ မေးမြန်းဆွေးနွေးခြင်း ပြုနေကြသည်။

ထိုသို့ဆွေးနွေးရာ၌ မက္ခရာမင်းသားကြီးနှင့် သုံးဆယ်မင်းသားကြီးနှစ်ပါးက ဦးဆောင်ဆွေးနွေးခြင်းပြုသည်။ ညောင်ရမ်းမင်းသားကြီးကား အောက်မြစ်စဉ်ဘုရင်ခံခန့်အပ်ခံရသည်ကိုကြားသိသော်လည်း မြောက်ဥယျာဉ်တော်ထဲသို့ ရောက်လာခြင်းမရှိခဲ့ပေ။

မင်းသားကြီးနှစ်ပါးက မယ်တော်များနှင့် ဆွေးနွေးရာ၌ ၎င်းတို့၏မယ်တော်များကိုပါ အတူလိုက်ပါရန် တောင်းပန်ကြရာ မယ်တော်များက မင်းတရားကြီး မမာတော်မူနေဆဲ ခွဲခွာထွက်သွားရန် မဖြစ်နိုင်သဖြင့် သားတော်များချည်းသာ သွားကြရန် ကျန်ညီတော်၊ နှမတော်၊ ကြင်ယာတော်၊ သားတော်၊ သမီးတော်များ တစ်စုတရုံးကျေးကျွန် သင်းပင်းများနှင့်အတူ သွားကြရန် အမိန့်တော်ရှိသည်။

ညီတော်၊ နှမတော်တို့ကလည်း မောင်တော်ကြီးများနှင့်အတူ လိုက်ပါမည်။ မသမာသူတို့ လွှမ်းမိုးကြီးစိုးနေမည်ဖြစ်သော နေပြည်တော်ကြီးတွင် မနေချင်ကြပါကြောင်း တောင်းပန်ခယပြောဆိုနေကြလေသည်။

ထိုအချိန်တွင် ဓားဖွေးဖွေး လှံပြောင်ပြောင်နှင့် များမြောင်လှသော စစ်သည်တော်သားများသည် မြောက်ဥယျာဉ်တော်၏ အတွင်းအရပ်ရှစ်မျက်နှာမှ ဘွားခနဲပေါ်ပေါက်ပြီး မင်းသားများအုပ်စုအား ဝိုင်းရံထားလိုက်ကြသဖြင့် သားမယ်တော်တစ်စုတို့မှာ ရုတ်ချည်းအထိတ်တလန့် ဖြစ်သွားကြရပြန်လေသည်။

လွှတ်တော်ကြီးက အမိန့်တော်ဖြင့် မိဖုရား၊ မင်းသား၊ မင်းသမီးများနှင့်တကွ ခြွေရံသင်းပင်း အားလုံးတို့ကို ပြန်လည်ဖမ်းဆီးကြောင်း သိရှိရသောအခါ မခုခံနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



မပြေးနိုင်၊ မလှုပ်ရှားနိုင်နှင့် ကြံရာမရ ဖြစ်ကြရသည်။

အချို့မင်းသားကြီးများ၏ ကျေးကျွန်တပည့်တပန်း အခြွေအရံတို့မှာ မခံမရပ်နိုင်ဖြစ်လှသောကြောင့် စည်းလုံးမိသမျှ အင်အားစု၍ ခုခံထွက်ပြေးမည် အကြံပြုကြသော်လည်း မင်းသမီးကလေးများနှင့် မိဖုရားများရှိနေကြသောကြောင့်။ အကြမ်းဖက်ပါက မိမိတို့ဘက်ကသာလျှင် အထိနာတော့မည်ဖြစ်ကြောင်း သိရှိသဖြင့် မနိုင်သည့်အတူ မာန်လျှော့၍ နောက်တစ်ကြော့ ထပ်မံဖမ်းဆီးချုပ်နှောင်ခြင်းကို အစုလိုက်အုပ်လိုက် ခံလိုက်ကြရပြန်လေသည်။

ဤဒုတိယအကြိမ် ဖမ်းဆီးခြင်းခံရသူများမှာ မင်းသားများ၏ မယ်တော်မိဖုရားများ၊ ညီတော်၊ နှမတော်များ၊ ကြင်ယာမြောက်သားတော်များ၊ ၎င်းတို့၏ ကျေးကျွန်အခြွေအရံ များသာမက မင်းသားများနှင့် လာရောက်ဆက်သွယ်တွေ့ဆုံကြသူ ဆွေမျိုးမကင်းကြသူများ ဖြစ်ကြသော သုံးဆယ်မင်းသားကြီး၏ မယ်တော်၏မောင်၊ ဗန်းမော်အတွင်းဝန် ဦးဘိုး၊ ရနောင်မင်းသား၏ ဦးရီးတော် ရေနံ့သာမြို့စား မင်းသားဦးရေမောင်၊ တပယ်မြို့စားမင်းသား မောင်မောင်ဘ၊ မြင်းစုကြီးဝန်ဦးတက်တူ၊ ရန်ကုန်ဝန် ဦးအုပ်တို့နှင့်တကွ အလားတူ ပုဂ္ဂိုလ်အမြောက်အမြားကို လက်တံရှည်သမျှ လှမ်းဆွဲဖမ်းဆီးပြီး အကျဉ်းချထားလေသည်။

အင်္ဂလိပ်သံတဲ၌ ခိုဝင်ရောက်ရှိသော ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသား ညီနောင်တို့ကိုလည်း ဘုရင်ခံ ခန့်အပ်လွှာ အမိန့်တော်နှင့်တကွ မှူးမတ်များသွားရောက်ခေါ်ယူသည့်တိုင်အောင် မလိုက်လာကြသောကြောင့် လက်လျှော့လိုက်ကြရလေသည်။

ကြေးတိုက်တော်အတွင်းသို့ ဒုတိယအကြိမ်ရောက်ရှိလာကြသော မင်းသားများမှာ ယခုအကြိမ်တွင် မယ်တော်များ၊ ကြင်ယာမြောက်သားတော်များ၊ ညီတော်၊ နှမတော်များနှင့် သားတော်သမီးတော်များသာမက အခြွေအရံများပါ တစ်စုတရုံးတည်းမြုံးမိသော ငါးအုပ်ကဲ့သို့ ချုပ်နှောင်ဖမ်းဆီးထားခြင်း ခံရပြန်လေသည်။

ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသော အုပ်စုထဲ၌ အချို့မင်းသားများ၏ ကြင်ယာမြောက်သားတော်များမှာ မျက်နှာသန့်စင်ပြီးစ သွေးနုသားနုအချိန်ဖြစ်သော မီးတွင်းရက်ဖြစ်လျှက်နှင့်ပင် ဖမ်းဆီးရာ၌ ရောနှောပါဝင်လာရာ ကြေးတိုက်တွင်းရောက်မှ အချင်းချင်းဝိုင်းဝန်းပြုစု၍ နေကြလေသည်။

ကြေးတိုက်တော်မှာ အလွန်တရာလုံခြုံခိုင်ခန့်လှသောကြောင့်လည်း လွတ်မြောက်ထွက်ပြေးနိုင်မည့် နည်းလမ်းမရှိသလောက် ဖြစ်နေသည်။

ကြေးတိုက်အကျဉ်းထောင်ဆိုသည်မှာ ဘုရင့်သွေးသားများဖြစ်ကြသော နန်းတွင်းမှ ရာဇဝတ်သင့်သူ ရာဇဝတ်သားများအတွက် သီးသန့်ဆောက်လုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော အဆောက်အဦကြီးတစ်ခုဖြစ်သည်။ အပြင်မှ သစ်တပ်မြို့ရိုးသဖွယ် ကာရံထားသည်။ ထိုအကာအရံ လူတစ်ဖက်စာမျှတုတ်သော ကျွန်းသားတိုင်ရှည်ကြီးများကို ထိပ်ဘက်မှ အချွန်ပြုလျက် တိုင်တစ်ခုနှင့်တစ်ခုထိကပ်ကာ မြေတွင်စိုက်ထောင် ကာရံထားသော သစ်တပ်မြို့သဖွယ်ရှိသည်။ အတွင်းဘက်တွင် အုတ်အင်္ဂတေ အကာတစ်ထပ်နှင့်အင်္ဂတေကြမ်းခင်းပြုထားသည်။ အမိုးမှာလယ်ပေါ်စကြာ နှစ်ထပ်မိုးဖြင့် ခိုင်ခန့်စွာဆောက်လုပ်ထားသည်။ အပြင်၌ အစောင့်အနေများ အထပ်ထပ်ဝိုင်းရံထားလေသည်။

ထိုအုတ်ခံအုတ်ကာကြေးတိုက် အဆောက်အဦကြီးအတွင်းတွင် ပြွတ်သိပ်ပြွတ်ခဲ ဖမ်းဆီးထည့်သွင်းထားခြင်းခံရသော မင်းသားမင်းသမီးများအနက်မှ စိတ်ငယ်နုနယ်သူ မိန်းမသားများမှာ လွတ်မြောက်ရေးကို တွေးတောမျှော်လင့်ရင်း တငိုငိုတရှိုက်ရှိုက်ရှိုက်ကြရပြီးလျှင် အချို့ထက်မြက်သော မင်းသားကြီးများမှာမူ ရာဇက္ကန္ဓေမပျက်ရှိသော်လည်း အချို့မင်းသားလတ်များကမူ ယခုလိုဆင်းရဲကြပ်တည်းစွာ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံရသည်ထက် မြန်မြန်ထက်ထက်သေရသည်က ကောင်းသေးသည်ဟု အတွေးပေါက်ကာ သီပေါမင်းသားနှင့်လောင်းရှည် မိဖုရားတို့၏ ငယ်ကျိုးငယ်နာကို ထုတ်ဖော်၍ ဟစ်အော်ဆဲဆိုကာ တောက်တခတ်ခတ်နှင့် စကြံလျှောက်လျက်ရှိကြသည်။

သုံးဆယ်မင်းသားကြီးကား အခြားသော မင်းညီမင်းသားများကဲ့သို့ရေရွတ်မြည်တမ်းခြင်းမရှိ။ မိမိ၏လက်ရုံးရည်စွမ်းအားကို ယုံကြည်ကိုးစားတော်မူသည်နှင့် အညီ မြင့်မားလှသောသစ်တိုင် အကာအရံကြီး အနီးတွင်စကြံလျှောက်လျက် လေးလေးနက်နက် ဆင်ခြင်တော်မူနေသည်။

ဝေဒနာတော် ကပ်ရောက်လျက်ရှိသော ခမည်းတော် မင်းတရားကြီး၏ စေတနာတော်ကို တွေးမိသည်။ မှူးတော်မတ်တော်ကြီးများနှင့် ဆင်ဖြူမရှင်မိဖုရား ကြီးတို့က လွှတ်တော်ကြီးကို ကြိုးကိုင်ပြု၍ နေသည်ကိုလည်းကောင်း၊ ပျော့ပျောင်း နူးညံ့မလှုပ်တတ်သည့် ညီငယ်သီပေါမင်းသားက မိမိတို့အား ဖမ်းဆီးချုပ်နှောင်ထား ပြီးမှ အိမ်ရှေ့ဥပရာဇာလုပ်နေသည်ကိုငင်း၊ မခံမရပ်နိုင်အောင်ရှိလှသဖြင့် ၎င်းတို့၏ မတရားမှုမှန်သမျှကို မိမိ၏လက်ရုံးအားကိုး၍ တွန်းလှန်ဖြိုဖျက်ရန် သန္နိဋ္ဌာန်ချလိုက်ပြီးလျှင် ဤအချုပ်ခန်းမှလွတ်မြောက်ရန် ရှေးဦးစွာရုန်းထွက်မည်ဟု ပိုင်းဖြတ်တော်မူလိုက်လေသည်။ သို့ကြောင့် သုံးဆယ်မင်းသားကြီးသည် မိမိ၏လက်ရုံးရည်နှင့် သတ္တိဗလကို ယုံစားတော်မူကာ မြင့်မား၍ အဖျားချွန်ထက်သော သစ်တိုင်အကာအရံကြီးကို ပထမရှေးဦးစွာ ခုန်လွှားလိုက်သောအခါ လွယ်ကူသက်သာစွာနှင့်ပင် သစ်တပ် အပြင်သို့ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤသို့လွယ်ကူစွာ အပြင်ရောက် လွတ်မြောက်ခဲ့သောအခါ မိမိတစ်ကိုယ်ကောင်းအတွက် အလွတ်မရုန်းနိုင်ဘဲ ကြေးတိုက်ထဲတွင် ကျန်ရစ်သောနောင်တော် ညီတော်များကိုငဲ့ညှာလျက် အတွင်းဘက်သို့ ပြန်၍ခုန်ကျော် ဝင်ရောက်ခဲ့ပြီးလျှင် ညီတော်များအား တစ်ပါးပြီးတစ်ပါးသယ်ယူဦးမည်ဟု အကြံပြုလျက်ရှေးဦးစွာ ညီတော်တစ်ပါးကိုထမ်းကာ သစ်တိုင်၏အပြင်ဘက်သို့ တစ်ဖန်ပြန်၍ခုန်ထွက်လိုက်လေသည်။

ယင်းသို့ ညီတော်ကိုထမ်း၍ လှမ်းခုန်ထွက်လိုက်သောအခါ လူမှာပေါ့ပါးစွာလွတ်မြောက်သွားသော်လည်း ရုတ်တရက် ခါးတောင်းကျိုက်ပြေးလျက် ပုဆိုးအိတ်ထောင့်စတစ်ဖက်သည် ချွန်ထားသော သစ်တိုင်ဖျားနှင့်သွား၍ ငြိတွယ်နေသောကြောင့် တစ်ဖက်မြေပေါ်သို့ မကျနိုင်တော့ဘဲ လေထဲတွင်တန်းလန်းဆွဲထားသည့်အသွင် မတင်မကျဖြစ်နေလေသည်။

ကံမကောင်းရှာ၍ ထိုအချိန်အခိုက်အတန့်ကလေးမှာပင် သစ်တပ်အပြင်မှကင်းလှည့်လာသော အစောင့်အနေတို့နှင့် ပက်ပင်းသွား၍တိုးမိနေလေသည်။ သို့ကြောင့် ပြန်လည်ဖမ်းဆီးခြင်းခံလိုက်ရရှာပြန်သည်။

ဤတွင်လည်း သစ်တပ် ပတ်ဝန်းကျင်တွင် အစောင့်အနေများ ရှေးကထက်တိုး၍ချထားခြင်း၊ မင်းသားများကို ခြေကျဉ်းရိုက်စွဲခြင်းများကို ထပ်မံခံကြရပြန်တော့သည်ဖြစ်ရာ လွတ်မြောက်ရေးသည် ရှေးအခါကထက် ပိုမိုပြီးမျှော်လင့်တောင့်တချက်ကင်းကွာသွားကြရလေသည်။

ဒုတိယအကြိမ်မြောက် ကြေးတိုက်တော်အတွင်းသို့ ရောက်ရှိဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေကြရသော သားတော်သမီးတော်များနှင့် ၎င်းတို့၏မယ်တော်မိဖုရားများမှာ တစ်နေ့တခြား စိတ်ငယ်ကြောက်ရွံ့လျက်ရှိကြပြီး ကယ်တင်မည့် ပုဂ္ဂိုလ်များကို စောင့်ရင်း ရတနာသုံးပါးကိုသာ အာရုံပြု၍ နေကြရရှာလေသည်။

ယခင် တစ်ကြိမ်ကကဲ့သို့မင်းတရားကြီး ဘုရား၏ ရွှေနားတော်ပေါက်ကြား အောင်လျှောက်ထားသံတော်ဦးတင်ပေးမည့် မိဖုရားများမှာ ၎င်းတို့ကိုယ်တိုင်ပင်ကြေးတိုက်တော်ထဲသို့ ရောက်ရှိနေကြလေပြီ။ အချို့အပြင်အိမ်တော်တွင် ကျန်ရစ်သော မင်းသားကြီးများ၏ ကြင်ယာမြောက်သားတော်၊ ကိုယ်လုပ်တော်များ၊ သားတော်၊ သမီးတော်များမှာလည်း အထောက်တော်များနှင့် လိုက်လံဖမ်းဆီးနေကြသောသူများ၏ ဘေးအန္တရာယ်မှကင်းဝေးရာ အောက်ပြည်အောက်ရွာသို့ ရှပ်ဖျောက်ထွက်ပြေးကြရရှာသောကြောင့်အပြင်မှနေ၍ ကူညီဖေးမမည့်သူ လုံးဝကင်းဝေးနေကြရပြန်လေသည်။

၁၂၄၀-ခုတော်သလင်းလပြည့်ကျော် ၈-ရက်နေ့တွင်မင်းသားကြီးများကို ပထမ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ် ဖမ်းဆီးသည်။ နောက်တစ်နေ့၌ သီပေါမင်းသားကို အိမ်ရှေ့နှင်းတမ်း အမိန့်တော်ထုတ်ပြန်သည်။ သီတင်းတစ်ပတ်အတွင်းမှာ မိဖုရားများက အတင်းဝင်ရောက်သံတော်ဦးတင်သဖြင့် မင်းတုန်းမင်းတရားကြီး အမိန့်တော်နှင့် အကျဉ်းမှလွတ်၍ဘုရင်ခံ ခန့်အပ်ခြင်းခံရသည်။ နောက်တစ်နေ့ မြောက်ဥယျာဉ်တော်အတွင်း၌ စုရုံးနေကြစဉ် အားလုံးကို တစ်ဖန်ပြန်လည်ဖမ်းဆီးချုပ်နှောင် အကျဉ်းထောင်သို့ သွင်းထားခြင်းခံရသည်။

ခမည်းတော် မင်းတရားကြီး ကျန်းမာတော်မူလာလျှင် လွတ်မြောက်ရန် လမ်းစရှိသည်။ အကယ်၍သာ ခမည်းတော်၏ဝေဒနာမှလွတ်မြောက်ခြင်း မရှိပါက မိမိတို့အကျဉ်းသားမိသားစုတော်များအဖို့ မျှော်လင့်ချက်မရှိတော့ကြောင်း တွေးမိကြသည်။

သို့သော် သီပေါမင်း အိမ်ရှေ့မင်းဆက်ခံ၍၁၂-ရက်မြောက်နေ့ဖြစ်သော ၁၂၄၀-ခု သီတင်းကျွတ်လဆန်း ၆-ရက်နေ့တွင်မူ ကြေးတိုက်တော်အတွင်းက မင်းသား၊ မင်းသမီးများသည် ကြားနေကျဖြစ်သော ပဟိုရ်စည်သံ ခေတ်စည်သံများကို မကြားရတော့သဖြင့် ဘဝရှင်ခမည်းတော်မင်းတရားကြီး လူ့ပြည်ငြီး၍ နတ်ထီးစံတော်ရာပြီဖြစ်ကြောင်း သိရှိသွားကြပြီး မိမိတို့အဖို့ ရွှေတောင်ကြီးပြို၍ ခိုကိုးရာမရှိတော့ကြောင်း သိရှိနားလည်ကာ တစ်ပြိုင်နက်တည်း သည်းအူလှိုက်မျှ ငိုကြွေးနေကြရှာလေသည်။

ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် လွန်ခဲ့သောရက်ကစ၍ ရောဂါတော်တိုးခဲ့သည်မှအစ သက်သာတော်မူခွင့် မရတော့ဘဲ ၁၂၄၀-ခုနှစ်သီတင်းကျွတ်လဆန်း ၆-ရက် အင်္ဂါနေ့ ၂-ချက်တီးကျော်အချိန်တွင် နတ်ရွာစံတော်မူလေသည်။

ဆင်ဖြူမရှင် မိဖုရားကြီးသည်လည်းကောင်း၊ မှူးမတ်တို့လည်းကောင်း၊ မင်းတရားကြီးရောဂါတော် သက်သာကျန်းမာလာတော်မူသောအခါ မိမိတို့ကအမိန့်တော်ကိုလွန်ဆန်ပြီး ဘုရင်ခံမင်းသားကြီးများကို ဖမ်းဆီးချုပ်နှောင်ထားသောအမှုကိစ္စများ ကြားသိတော် မူပါက ကြီးလေးသောပြစ်မှုကြီးဖြစ်၍ မတွေးဝံ့အောင်ရှိပြီး စိုးရိမ်းခြင်းကြီးစွာ ဖြစ်ခဲ့ရပါသော်လည်း မင်းတရားကြီး ဝေဒနာတော်ဒဏ်ဖြင့်နတ်ရွာစံတော်မူသွားသောအခါမှ သက်ပြင်းချဝံ့ရှာကြလေသည်။

ဆင်ဖြူမရှင် မိဖုရားကြီးသည်လည်း အဆောင်တော်ထဲကမထွက်ဘဲ အစဉ်အမြဲမင်းတရားကြီးအနားကပ်ကာ ကိုယ်ဖိရင်ဖိပြုစုနေရင်းမှ သူ၏လက်ပေါ်တွင် နတ်ရွာကြွလှမ်းတော်မူရသောအခါ တန့်ဆည်ဖြေသိမ့်ရတော့လျက် ရှေ့အဖို့ ဆက်လက်၍တိုင်းပြည်နိုင်ငံအရေးကို အေးချမ်းသာယာရှိလာစေရန် ရွှေနန်းထုံးစံအတိုင်း ပြုလုပ်စီမံဖွယ်ရာရှိသည်အတိုင်း ဝန်ကြီးများနှင့်အတူ စီမံခန့်ခွဲတော်မူရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ရွာစံတော်မူသောအခါ မင်းတရားကြီး၏ အရင်နတ်ရွာစံခဲ့ပြီးဖြစ်သော အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဖြစ်သူ စကြာဒေဝီမိဖုရားခေါင်ကြီးတွင် သားတော်သမီးတော်ထွန်းကားခြင်း မရှိသော်လည်း ဒုတိယမြောက် မိဖုရားခေါင်ကြီး ဆင်ဖြူမရှင် မိဖုရားကြီးနှင့်တကွ ဆောင်ရနန်းရမိဖုရားပေါင်း ၄၉-ပါးမှ သားတော်ကြီးငယ်ပေါင်း ၅၄-ပါး၊ သမီးတော်ပေါင်း ၆၀၊ မြေးတော်ယောကျ်ားပေါင်း ၃၈၊ မြေးတော်မိန်းမပေါင်း ၄၅မျှရှိရာ အရွယ်ရောက်ပြီး မောင်အကြီးမရှိသူ သမီးတော်အချို့နှင့် ကလေးအရွယ်မျှသာရှိသေးသော သားတော်ကလေး၊ သမီးတော်ကလေး အချို့သာလျှင် နန်းတော်ပေါ်၌ ညှိုးငယ်စွာကျန်ရစ်ခဲ့လေသည်။

သားတော်ကြီး၊ သမီးတော်ကြီး၊ မြေးတော်ကြီးများမှာ ကြေးတိုက်တော်အကျဉ်းထောင်အတွင်း ရောက်ရှိနေကြပြီးလျှင် အပြင်အိမ်တော်များတွင် ကျန်ရှိသေးသော သမီးတော်များ၊ မြေးတော်များမှာ နယ်ပယ်ရပ်ခြားသို့ ရုပ်ဖျောက်ထွက်ပြေး၍ အသက်ဘေးမှလွတ်အောင် တိမ်းရှောင်နေကြရလေသည်။

သို့ကြောင့် ၎င်းတို့မှာ မင်းတုန်းမင်းတရားကြီး၏ ရုပ်အလောင်းတော်ကို ဖူးမြော်ခြင်းငှာ၊ ရတနာပုံနေပြည်တော်ကြီး၏ အနီးအပါးသို့ပင် မကပ်လာဝံ့ကြရှာပေ။ ရွှေမြို့တော်အနီးအပါး၌ ပုန်းကွယ်နေသူအချို့မှာလည်း ခမည်းတော်ဘုရားမရှိတော့လျှင် ရောက်လေရာအောက်ပြည်အောက်ရွာသို့ ထွက်သွားကာ တစ်ဝမ်းတစ်ခါးအတွက် ရုပ်ဖျောက် လုပ်ကိုင်စားသောက်တော့မည်ဟု နှလုံးပြုကာ နေပြည်တော်ကြီးနှင့် ဝေးနိုင်သမျှဝေးသော အရပ်သို့ပြေးကပ်ခိုဝင်ကြရရှာလေသည်။

ရွှေနန်းစဉ်လာထုံးစံအရ ဘုရင်မင်းတရားကြီး နတ်ပြည်စံတော်မူသည်နှင့် တစ်ပြိုင်နက် ပဟိုရ်စည်ခေတ်စည်တို့ အချိန်မှန်တီးမြည်ခြင်းမှ ရပ်ဆိုင်းထားရလေရာ သာယာပျော်ရွှင်ဖွယ်ရာကောင်းသော ရတနာပုံနေပြည်တော်ကြီးတစ်ဝန်းလုံး ဗဟိုရ်စည်သံပျောက်၍ ချောက်ကပ်ဆိပ်သုဉ်းလျက် ရှိလေသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် တိုင်းသူပြည်သားများမှာလည်း ဘုရင်မင်းမြတ်ကြီး နတ်ရွာစံရှာသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်ကြရုံမျှမက နောင်ခါနောင်ရေး ရှုပ်ထွေးလာမည့် နန်းတွင်းကိစ္စအဝဝတို့ကို မျှော်ဆတွေးတော၍ စိတ်မောလျက်ရှိကြရလေသည်။

ရွှေနန်းတော်ပေါ်ရှိ မှန်နန်းဆောင်တော်ကြီးအတွင်းရှိ မင်းတရားကြီး၏ အလောင်းတော်အနီးတွင်ကား ဖမ်းဆီးရာမပါသော သားတော်မထွန်းကားသူ မိဖုရား, မောင်းမ, ကိုယ်လုပ်တော်တို့၏ တသ, ငိုကြွေးသံများက ဆူညံလျက်ရှိနေကြလေ သည်။

သီရိပဝရဝိဇယာနန္တယသပဏ္ဍိတမဟာဓမ္မရာဇာ ဘွဲ့တံဆိပ်တော်ခံယူတော်မူသော ပဉ္စမသင်္ဂါယနာတင်ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် မြန်မာသက္ကရာဇ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၁၁၇၆-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄-ရက်၊ အင်္ဂါနေ့ နေ့နှစ်ချက်တီးကျော်အချိန် ဖွားတော်မူသည်၊ အနောက်တိုင်း ခရစ်နှစ်အရ ၁၈၁၄-နှစ်၌ ဖွားတော်မူသည်။

ခမည်းတော်ကား သာယာဝတီမင်းခေါ် ရွှေဘိုမင်းတရားကြီးဖြစ်၍ မယ်တော်မှာ တောင်ဆောင်တော်မိဖုရား၊ ကျောက်မော်မြို့စားမိဖုရား သီရိသုစန္ဒာ မလ္လာမဟေဖြစ်လေသည်။ မင်းတုန်းမင်းတရား သက်တော် ၃၈-နှစ်နှင့် ၉-လ၊ သက္ကရာဇ် ၁၂၁၄-ခုနှစ်၊ တပေါင်းလဆန်း ၁၁-ရက် ကြာသပတေးနေ့တွင် အမရပူရ ထီးနန်းကိုသိမ်းမြန်းအောင်မြင်၍ မင်းဖြစ်တော်မူသည်။


မင်းတုန်းမင်းတရားကြီး၏ ထီးနန်းသက်များမှာ ရတနာသိယ်-ရွှေဘိုတွင် ၉-လနှင့် ၁၀-ရက်၊ အမရပူရရွှေနန်းတော်တွင် ၃-နှစ်နှင့် ၇-လ ၂၂ရက်၊ မန္တလေး ရတနာပုံနေပြည်တော်တွင် ၂၁-နှစ်နှင့် ၂-လ ၄ရက်၊ စုစုပေါင်းအိမ်နိမ့် ၃၈-နှစ်နှင့် ၉-လ၊ နန်းသက် ၂၅-နှစ်နှင့် ၇-လ ၆-ရက်၊ သက်တော် ၆၄-နှစ်နှင့် ၄-လ၊ ၆-ရက်တွင် နတ်ရွာစံတော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် ရတနာပုံ မြို့နန်းတည်ပြီးလျှင် ဘာသာသာသနာတော်ပြု မင်းကောင်းမင်းမြတ် တစ်ပါးဖြစ်၍ ထူးခြားစွာသော ပဉ္စမသင်္ဂါယနာ ပွဲကြီးကိုလည်းအောင်မြင်စွာ ဆင်နွှဲတော်မူခဲ့လေသည်။ အလှူတော်များကား စုစုပေါင်း ၂၂ကုဋေ ၆သန်းမျှ တန်ဖိုးရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com